မန္တလေးသိမ်ိုးအကျဉ်း

ပကိဏ္ဏကကဏ္ဍ

မန္တလေးမြို့ ပြောက်ပြင်

မဟာဓမ္မိကာရာမသာသနာဝင်၊ ရမည်းသင်းတိုက်သာသနာဝင်

ထရံကာတိုက်သာသနာဝင်

မင်းခင်းတိုက်သာသနာဝင်၊ မြတောင်တိုက်သာသနာဝင် တို့ဖြင့်

တန်ဆာဆင်အပ်သော

# မန္တလေးသာသနာဝင်
## (တေဝီသတိမတွဲ)

ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်

အဂ္ဂမဟာပဏ္ဍိတ

# အရှင်ကောသလ

(ဓမ္မာစရိယ၊ ဂဏဝါစက)

B.A ဝိဇ္ဇာဂုဏ်ထူး၊ သီရိလင်္ကာ

( ပြုစုရေးသားသည်။ )

သာသနာ - ၂၅၅၈ ကောဇာ - ၁၃၇၆ ခရစ် - ၂၀၁၄

အတွဲအမှတ်စဉ် (၂၃)

[illegible]

[illegible]

# ဆုတောင်းပတ္ထနာ

-----ooo-----

ဤသည့်ပုည၊ ကုသလကြောင့်၊ လောဘ,ဒေါသ၊
မောဟကင်းကွာ၊ သံသရာဝယ်၊ ကျင်ပါရဘိ၊ ပညာရှိနှင့်၊
ယှဉ်ဗိုလ်ပေါင်းသင်း၊ ဉာဏ်မဲ့ကင်း၍၊ ပြည့်တင်းလှူဖွယ်၊
လှူဝဉ်ဝယ်လည်း၊ သုံးသွယ်ဝေတနာ၊ ပြောင့်ညီညာသည်၊
ဒေဟာအထွတ်တိုင်ဝေသော် .....။

(မင်းကွန်း တိပိဋက ဆရာတော်ဘုရားကြီး)

ပယာကတ၊ ကုသလကို၊ များလှဝေနှ၊
ရကြဝေ၊ ပေးဝေအမျှသာ။

များသတ္တဝါ၊ ဝေနေယျာလည်း၊ ရောဂါခပင်း၊
ကင်းလွတ်ရှင်း၊ ငြိမ်းခြင်းရောက်ဝေပါ။

ကောင်းကြံဟူသမျှ၊ ပြည့်စုံကြလျှက်၊ သက္ကာယရန်၊
ပယ်သတ်ဉာဏ်၊ မြန်မြန်လင်းဝေပါ။

ဗိုဒ္ဓိသတ်နည်း၊ တရားကြီးလည်း၊ ငြိုးငြိုးထိန်ဝါ၊
မှောင်ပယ်ခွါ၊ မြန်စွာလင်းဝေပါ။

မြန်စွာထွန်းပ၊ သက္ကာယကို၊ ပယ်ချဖြိုး၍၊
ရိယာဇာတ်တွင်း၊ ရောက်တုံ့လျှင်း၊ လင်းဝေသာသနာ။

(အဂ္ဂမဟာပဏ္ဍိတ မဟာဗောဓိဆရာတော်ဘုရားကြီး သုံးခွမြို့)

မန္တလေးမြို့ သမိုင်းအကျဉ်း

ပကိဏ္ဏကကဏ္ဍ

မန္တလေးမြို့ မြောက်ပြင်

မဟာဓမ္မိကာရာမသာသနာဝင်

ရမည်းသင်းတိုက်သာသနာဝင်

ထရံကာတိုက်သာသနာဝင်၊ မင်းခင်းတိုက်သာသနာဝင်

မြတောင်တိုက်သာသနာဝင်တို့ဖြင့်

တန်ဆာဆင်အပ်သော

# မန္တလေးသာသနာဝင်

# (တေဝီသတိမတွဲ)

ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်

အဂ္ဂမဟာပဏ္ဍိတ

**အရှင်ကေလာသ**

(ဓမ္မာစရိယ၊ ဂဏဝါစက)

B.A ဝိဇ္ဇာဂုဏ်ထူး၊ သီရိလင်္ကာ

ပြုစုရေးသားသည်။

မန္တလေးသာသနာဝင် နှင့် အခြားကျမ်းပေါင်းများစွာတို့ကို
ရေးသားပြုစုတော်မူသော



ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်
အဂ္ဂမဟာပဏ္ဍိတ

# အရှင်ကေလာသ

(ဓမ္မာစရိယ၊ ဂဏဝါစက)

B.A ဝိဇ္ဇာဂုဏ်ထူး၊ သီရိလင်္ကာ

# မန္တလေးသာသနာဝင်
## တေဝိသတိမတွဲ

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ကျမ်းဦးမှတ်ဖွယ် | (က)-(ဂ) |
| | ဗုဒ္ဓပဏာမစသည် | ၁-၆ |
| ၃။ | ပကိဏ္ဏကကဏ္ဍ | ၇ |
| | ❖ မန္တလေးသမိုင်းအကျဉ်း | ၇ |
| | ❖ မန္တလေးမြို့တော်ကြီးတည်ခြင်း | ၈ |
| | ❖ မင်းသားကြီးဂုဏ်ပုဒ်များ | ၁၁ |
| | ❖ သီပေါမင်းနန်းတက်ခြင်း | ၁၂ |
| | ❖ ပဥ္စမသံဂါယနာတင်နိဒါန်းနှင့် ကျောက်စာမော်ကွန်း | ၁၃ |
| | ❖ ပဥ္စမသံဂါယနာတင် သေလက္ခရနိဒါန်း | ၁၃ |
| | ❖ လောကမာရဇိန်တံတိုင်းအတွင်း ကျောင်းရေ ပိဋကတ်သုံးပုံနိဂုံး ကျောက်စာတော် | ၁၅ |
| | ❖ ပဥ္စမသံဂါယနာတင်မင်းတုန်းမင်းတရားကြီးလက်ထက် ထုတ်ပြန်အပ်သော ဓမ္မဝိနယပြန်တမ်း | ၂၇ |
| | ❖ ဓမ္မဝိနယပြန်တမ်းနှင့် ဖြစ်ပေါ်လာရခြင်း၏အကြောင်း | ၂၉ |
| | ❖ ခွေးတိရစ္ဆာန်သည် သာသနာတော်မြတ်ကို မဖျက်ဆီးနိုင် | ၃၁ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ❖ မိထွေးတော်ဂေါတမီအား ဟောကြားအပ်သော ဝိနည်းအကျဉ်းချုပ် | ၄၅ |
| | ❖ လူဝိနည်းသင်ခြင်းကြောင့် အပြစ်မရှိ | ၄၆ |
| | ❖ သာသနာပြု ရာဇအမိန့်တော် | ၅၀ |
| | ❖ သာသနာပြုဆရာတော်ဝိနိစ္ဆယ | ၅၆ |
| | ❖ ကွမ်းစားခြင်း, ဆေးလိပ်သောက်ခြင်းနှင့် ဝိကာလဘောဇန | ၆၁ |
| | ❖ အလင်္ကာပုဂ္ဂိုလ်ကို လျှာဒါန်းခြင်းသည် လူသားစားဘီလူးမကို မိဖုရားထားသည်နှင့်တူ၏ | ၇၀ |
| | ❖ အလင်္ကာမမှတ်မိမြုပ်၍ လင်္ကာမမှုကို ထင်ရှားကြစေလော့ | ၇၁ |
| | ❖ ဝိဝါဒအမှုကိုပြုကြသူများသည် မြတ်စွာဘုရားကို အားမနာရာရောက်ကြပေသည် | ၇၂ |
| | ❖ သုဓမ္မာဆရာတော်တို့ ပထမဆင့်ချက် ရဟန်းတော်များလိုက်နာရန် | ၇၇ |
| | ❖ သုဓမ္မဆရာတော်ရှစ်ပါးစာ | ၈၀ |
| | ❖ မြေထဲဂိုဏ်းအုပ်စာ | ၈၃ |
| | ❖ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရန် ကိစ္စပါရှိသည့် အုတ်ဖိုဆရာတော်ဘုရားကြီး၏ သန္ဒေသကထာ | ၈၆ |
| | ❖ သီပေါမင်း၏ စာတော်ပြန်အခမ်းအနား | ၁၀၃ |
| | ❖ စန္ဒိမာဘိဝံသသိရီသဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရဆရာတော် အရှင်စန္ဒိမာလင်္ကာရ | ၁၀၄ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ❖ သဒ္ဓမ္မဝံသာဘိသိရီဓဇမဟာဓမ္မရာဇာဓိရာဇဂုရုနှင့် သူရိယဝံသာဘိသိရိပဝရာလင်္ကာရဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဂုရု-ဟူသော ရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်နှစ်ထပ်ရ သဲအင်းသာသနာပိုင် ဆရာတော်ဘုရားကြီး အရှင်သူရိယ | ၁၂၂ |
| | ❖ အဂ္ဂဓမ္မာလင်္ကာရကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရဆရာတော်အဂ္ဂဓမ္မာလင်္ကာရ | ၁၃၁ |
| ၄။ | မဟာဝိမ္မိကာရာမသာသနာဝင် | ၁၃၇ |
| | ❖ သမိုင်းအကျဉ်း | ၁၃၈ |
| | ❖ ရွှေကျင်နိကာယသမုဋ္ဌာပက ဇာဂရာဘိဓဇသဒ္ဓမ္မဝံသဓမ္မသေနာပတိ အတုလာဓိပတိသိရီပဝရမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ရွှေကျင်ဆရာတော်ဘုရားကြီး အရှင်ဇာဂရမဟာထေရ် | ၁၃၉ |
| | ❖ ကလျာဏာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်ကလျာဏ | ၂၆၂ |
| | ❖ ဆရာတော်အရှင်အရိယဝံသ | ၂၆၃ |
| | ❖ ဆရာတော်အရှင်ကောသလ္လ | ၂၆၆ |
| | ❖ ဆရာတော်အရှင်သူရိယ | ၂၆၆ |
| | ❖ ဘွဲ့တံဆိပ်တော် ၃-ထပ်ရ တောင်တော်သာသနာပိုင် ဆရာတော်အရှင်မာလာ | ၂၆၃ |
| | ❖ ပုသိမ်မန်းကျောင်း ဆရာတော်အရှင်ဥက္ကံသ | ၃၁၇ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ❖ | သုဇာတာဘိဝံသာဓိပတိသိရိပဝရ<br>မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ<br>ဆရာတော် အရှင်သုဇာတ | ၃၁၈ |
| ❖ | နန္ဒမာလာဘိဝံသမဟာဓမ္မရာဇာဓိရာဇဂုရု<br>ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်နန္ဒမာလာ | ၃၂၃ |
| ❖ | ရာမညတိုင်း ဒွါရဂိုဏ်း ဒုတိယသံဃရာဇာ<br>လက်ပံတန်းမဟာဗောဓိဝန်ဆရာတော် အရှင်မေဓာ | ၃၂၄ |
| ❖ | သီလာစာရဝံသမဟာဓမ္မရာဇာဓိရာဇဂုရု<br>ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်သီလာစာရ | ၃၂၇ |
| ❖ | ဇယန္တဝံသမဟာဓမ္မရာဇာဓိရာဇဂုရု<br>ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်ဇယန္တ | ၃၂၉ |
| ❖ | ဆရာတော် အရှင်သောမ | ၃၃၀ |
| ❖ | ဉာဏဝံသာဘိဝံသမဟာဓမ္မရာဇာဓိရာဇဂုရုနှင့်<br>ဉာဏဝံသာဘိဝံသအတုလာဓိပတိသိရီပဝရ<br>မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်<br>၂-ထပ်ရ ဆရာတော်အရှင်ဉာဏဝံသ | ၃၉၁ |
| ❖ | ပါတိမောက္ခဝိနိစ္ဆယကျမ်းပြု<br>မုတ်ကျွန်းပန်းတနော် ဆိပ်ကြီးဆရာတော် | ၃၉၄ |
| ❖ | ပညာလင်္ကာရသိရီဝံသမဟာဓမ္မရာဇာဓိရာဇဂုရုနှင့်<br>ပညာသာမိဝံသမဟာဓမ္မရာဇာဓိရာဇဂုရု<br>အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ<br>ဆရာတော်၊အရှင်ပညာ | ၃၉၇ |
| ❖ | လေးတန်းဆရာတော်အရှင်အာစာရ | ၄၀၀ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ∴ | ဂိုဏ်းချုပ် ပတောက်ကျောင်းတောရဆရာတော် | ၄၀၂ |
| ∴ | အာစာရာရမ္ဘသိဒ္ဓိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်အာစာရ | ၄၀၄ |
| ∴ | ကဝိန္ဒာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်နှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်ကဝိန္ဒ (မောက်ကြီးဆရာတော်) | ၄၀၇ |
| ∴ | ဉာဏာဘိလင်္ကာရကဝိဓဇမဟာဓမ္မရာဇဂုရု ဉာဏာဘိဓဇသိဒ္ဓိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရဆရာတော် အရှင်ဉာဏ | ၄၁၇ |
| ∴ | ဗိုလ်ကုန်းဆရာတော် အရှင်ဉာဏဝံသ | ၄၃၀ |
| ∴ | သာသနာလင်္ကာရသဒ္ဓမ္မာဘိဝံသကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်သာသန | ၄၄၈ |
| ∴ | ကျောက်အိုင်ဆရာတော် | ၄၅၂ |
| ∴ | ဝိမလာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်ဝိမလ | ၄၅၄ |
| ∴ | လှတောဆရာတော် အရှင်ရာဇိန္ဒ | ၄၆၀ |
| ∴ | ရွှေကျင်နိကာယဥက္ကဋ္ဌ မဟာနိယကာယဓမ္မသေနာပတိ ဆရာတော်အရှင်တိဿ | ၄၆၅ |
| ∴ | ရွှေကျင်နိကာယဥက္ကဋ္ဌ မဟာနာယကဆရာတော် အရှင်ဥတ္တမသာရ | ၄၆၇ |

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ⁘ ငကင်း ဆရာတော်ကြီး | ၄၇၈ |
| | ⁘ ဝိသုဒ္ဓါစာရကဝိဓဇမဟာဓမ္မရာဇဂုရု ဝိသုဒ္ဓါစာရကဝိဓဇာဓိပတိသိရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ၃-ထပ်ရ ဆရာတော်အရှင်ဝိသုဒ္ဓါစာရ | ၄၈၀ |
| | ⁘ ရွှေကျင်နိကာယဉက္ကဋ္ဌ မဟာနိကာယဓမ္မသေနာပတိဆရာတော်အရှင်ဇနိန္ဒ | ၄၈၆ |
| | ⁘ ဝဋ္ဋဘေဒနီယတရားစာစသည့်ကျမ်းပြု နဲ့ကြိုးဆရာတော် အရှင်ဇိန | ၄၈၉ |
| | ⁘ ဂန္ဓမာဘိသိရိကဝိဓဇမဟာဓမ္မရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်ဂန္ဓမာ | ၄၉၄ |
| | ⁘ မဏ္ဍရာတောရဆရာတော် အရှင်သုမန | ၄၉၇ |
| | ⁘ ဘီလူးကျွန်းဂိုဏ်းအုပ် ဆရာတော်အရှင်အာစာရ | ၄၉၈ |
| | ⁘ ဆရာတော်အရှင်ဝရ | ၄၉၈ |
| | ⁘ ဆရာတော်အရှင်ဇဝန | ၄၉၈ |
| | ⁘ ဆရာတော်အရှင်မာလာ | ၄၉၈ |
| | ⁘ ဆရာတော်အရှင်ရေဝတ | ၄၉၉ |
| | ⁘ ဆရာတော်အရှင်ဥဇ္ဇယ | ၄၉၉ |
| | ⁘ ဆရာတော်အရှင်အာစိဏ္ဏ | ၄၉၉ |
| | ⁘ ဆရာတော်အရှင်သုမင်္ဂလ | ၄၉၉ |
| | ⁘ ဆရာတော်အရှင်သိရိ | ၅၀၀ |

အကြောင်းအရာ စာမျက်နှာ

✣ ဆရာတော်အရှင်ယသ ၅၀၀
✣ ဆရာတော်အရှင်တိက္ခ ၅၀၀
✣ ဆရာတော်အရှင်ဇိနု ၅၀၀
✣ ဆရာတော်အရှင်ဝိနယ ၅၀၀
✣ ဆရာတော်အရှင်ပဒုမ ၅၀၁
✣ ဆရာတော်အရှင်ဇောတ ၅၀၁
✣ ဆရာတော်အရှင်ဥက္ကံသ ၅၀၁
✣ ဆရာတော်အရှင်ဉာဏဝံသ ၅၀၁
✣ ဆရာတော်အရှင်ကုန္တ ၅၀၁
✣ ပဋ္ဌမတချဆရာတော်အရှင်ခန္တိ ၅၀၂
✣ ဆရာတော်အရှင်ဇဝနဗုဒ္ဓိ ၅၀၂
✣ မဟာဓမ္မိကာရာမတိုက် သံယာဦးရေစသည် ၅၀၂
✣ ရွှေကျင်ဆရာတော်လက်ထက်က နေထိုင်ရေး ၅၀၃
✣ ဥပဒေသကဏ္ဍ
ရွှေကျင်ဂိုဏ်းကျင့်ထုံးကြီး ရွှေကျင်ဂိုဏ်းဥပဒေ ၅၀၅
✣ ဂိဟိစာရိတ္တကျင့်ခန်း ၅၂၃
✣ ကျောင်းသားကျင့်ဝတ်ဆယ်ပါး ၅၃၄
✣ သင်္ဂါယနာတင်ပုံ ၅၃၅
✣ သက္ကရာဇ် ၁၂၃၈-ခု တန်ခူးလပြည့်ကျော်
၈-ရက်နေ့ သံယာတော်တစုတို့က
လျှောက်တောင်းပန်သည့်စာ ၅၅၁

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ∴ | သက္ကရာဇ် ၁၂၃၈-ခု တန်ခူးလပြည့်ကျော် ၈-ရက်နေ့ ဒါယကာတစုတို့က လျှောက်တောင်းပန်သည့်စာ | ၅၅၂ |
| ∴ | ဓမ္မောသဓဒီပနီစာတမ်း | ၅၅၃ |
| ∴ | ရွှေကျင်ဆရာတော် ပထမစကား အကျဉ်းအားဖြင့် ဩဝါဒပေးထားချက် | ၅၆၇ |
| ∴ | ဓမ္မောသဓဒီပနီစာတမ်း နိဂုံး | ၅၉၆ |
| ∴ | သပ္ပုရိသူပနိဿယအမြွက် ဥယျောဇဉ် | ၅၉၈ |
| ∴ | ဓမ္မဝိနယစာတမ်း | ၆၀၁ |
| ∴ | ရွှေကျင်တိုက်သံဃာတို့ကို ဆုံးမသော နိဿယောဝါဒ | ၆၀၁ |
| ∴ | အာမခံပုဂ္ဂိုလ်ကျင့်ရာသော ဥပဒေ | ၆၀၃ |
| ∴ | အာမခံအပ်သည့်ပုဂ္ဂိုလ်ကျင့်ရာသော ဥပဒေ | ၆၀၄ |
| ∴ | အဝတ်အရုံ၌ကျင့်ရာသော ဥပဒေ | ၆၀၅ |
| ∴ | ဆွမ်းစားကျောင်း၌ပြုကျင့်ရာသော ဥပဒေ | ၆၀၆ |
| ∴ | ဘုရားဝတ်တက်ရာကျောင်း၌ ပြုကျင့်ရာသောဥပဒေ | ၆၀၇ |
| ∴ | ညဉ့်အခါ စာပြန်ရာသိမ်တန်ဆောင်း၌ ပြုကျင့်ရာသော ဥပဒေ | ၆၀၉ |
| ∴ | ဥပုသ်ပြုရာသိမ်တန်ဆောင်း၌ ကျင့်ရာသောဥပဒေ | ၆၁၀ |
| ∴ | နဝကမ္မပြုလုပ်ရာ၌ ကျင့်ရာသော ဥပဒေ | ၆၁၁ |
| ∴ | ရေခပ်ရေချိုးသွားရာ၌ ပြုကျင့်ရာသော ဥပဒေ | ၆၁၂ |
| ∴ | မြို့တွင်းရွာတွင်းသို့ဝင်ရာ၌ ကျင့်ရာသော ဥပဒေ | ၆၁၃ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ❖ ဇာတိနေရင်းရပ်ရွာသို့ အခိုက်အတန့် ပြန်လိုသောပုဂ္ဂိုလ်တို့ ပြုကျင့်ရသော ဥပဒေ | ၆၁၄ |
| | ❖ ပရိဝါသ်,မာနတ်ဆောက်တည်ရာ၌ ပြုကျင့်ရသော ဥပဒေ | ၆၁၅ |
| | ❖ အထက်ဆရာမထေရ်ကြီး ပြုကျင့်ရသော ဥပဒေ | ၆၁၆ |
| | ❖ ဆရာမထေရ်ကြီးနှင့် သံဃာသဘောတူ တိုက်အုပ်, တိုက်ကြပ်အရာ လွှဲအပ်ထားသော ပုဂ္ဂိုလ်ကြီးတို့ ပြုကျင့်ရသော ဥပဒေ | ၆၁၉ |
| | ❖ တိုက်သားသံဃာငယ်ဦးပဉ္စင်းတို့ ကျင့်ရသော ဥပဒေ | ၆၂၁ |
| | ❖ ကျောင်းနေပုဂ္ဂိုလ်တို့ ကျင့်ရသော ဥပဒေ | ၆၂၄ |
| | ❖ သူနာရဟန်းတို့၌ ပြုကျင့်ရသော ဥပဒေ | ၆၂၅ |
| | ❖ အာဂန္တုရဟန်းတို့၌ ပြုရသော ဥပဒေ | ၆၂၆ |
| | ❖ ပဋိပတ္တိအရာ၌ ပြုကျင့်ရသော ဥပဒေ | ၆၂၇ |
| | ❖ စွမ်းအားလျော်စွာ အားထုတ်ရသော သမထဝိပဿနာနည်း | ၆၂၈ |
| | ❖ စာရိတ္တအဆုံးအမ | ၆၃၁ |
| | ❖ ဝါရိတ္တအဆုံးအမ | ၆၃၄ |
| | ❖ သူသတ် ဩဝါဒမေတ္တာစာ | ၆၃၇ |
| | ❖ မဟာဓမ္မိကာရာမသာသနာဝင် အပြီးသတ်ခြင်း | ၆၄၂ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅။ | ရမည်းသင်းတိုက်သာသနာဝင် | ၆၄၃ |
| | ❖ သမိုင်းအကျဉ်း | ၆၄၃ |
| | ❖ ဝါယာမဝေသီရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရဆရာတော် အရှင်ဝါယာမ | ၆၄၃ |
| | ❖ ဆရာတော်အရှင်ဝါသဝ | ၆၄၄ |
| | ❖ ဆရာတော်အရှင်သာဂရ | ၆၄၅ |
| | ❖ ဆရာတော်အရှင်သုတ | ၆၄၅ |
| | ❖ ဆရာတော်အရှင်ပဏ္ဍိတ | ၆၄၆ |
| | ❖ သံဃာဦးရေစသည် | ၆၄၆ |
| ၆။ | ထရံကာတိုက်သာသနာဝင် | ၆၄၇ |
| | ❖ သမိုင်းအကျဉ်း | ၆၄၇ |
| | ❖ ဣန္ဒကာဘိဝေသီရိပဝရမဟာဓမ္မရာဇဂုရု ဘွဲ့တံဆိပ်တော် ၂-ထပ်နှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရဆရာတော် အရှင်ဣန္ဒက | ၆၄၇ |
| | ❖ ဆရာတော်အရှင်အရိယဝံသ | ၆၅၉ |
| | ❖ ဆရာတော်အရှင်ဂုဏဝါ | ၆၅၉ |
| | ❖ ဆရာတော်အရှင်ခေမိန္ဒ | ၆၅၉ |
| | ❖ ဆရာတော်အရှင်သုမင်္ဂလ | ၆၅၉ |
| | ❖ ထရံကာတိုက်ထွက် ခင်မွန်ဆရာတော်ဘုရားကြီး အရှင်တိဿ | ၆၇၀ |
| | ❖ ရွှေကျင်နိကာယဓမ္မသေနာပတိ ဒုတိယဝိသုဒ္ဓါရုံ ဒိပဲရင်းဆရာတော်ဆရာတော် အရှင်ဉာဏဝရ | ၆၇၃ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | ❖ သံယာဦးရေ စသည် များပြား | ၆၇၇ |
| ၇။ | **မင်းခင်းသာသနာဝင်** | ၆၇၈ |
| | ❖ သမိုင်းအကျဉ်း | ၆၇၈ |
| | ❖ ဝိမလာစာရာဘိဝံသမဟာဝဏ္ဏရာဇာဓိရာဇဂုရုနှင့် ဝိမလာစာရဝံသမဟာဝဏ္ဏရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရဆရာတော် အရှင်ဝိမလ | ၆၇၉ |
| | ❖ ဆရာတော်အရှင်ဝိစာရိန္ဒမဟာထေရ် | ၆၉၀ |
| | ❖ ဆရာတော်အရှင်ကြန္ဒ | ၆၉၄ |
| | ❖ ဆရာတော်အရှင်စန္ဒိမာ | ၆၉၄ |
| | ❖ ဆရာတော်အရှင်ကြန္ဒက | ၆၉၄ |
| | ❖ သံယာဦးရေ စသည် | ၆၉၅ |
| ၈။ | **မြတောင်သာသနာဝင်** | ၆၉၆ |
| | ❖ သမိုင်းအကျဉ်း | ၆၉၆ |
| | ❖ ဆရာတော်အရှင်အာလောက | ၆၉၇ |
| | ❖ ဆရာတော်အရှင်နေမိန္ဒ | ၆၉၈ |
| | ❖ ဆရာတော်အရှင်ကြန္ဒက | ၆၉၈ |
| | ❖ ဆရာတော်အရှင်ဝိသုဒ္ဓ | ၆၉၈ |
| | ❖ သံယာဦးရေ စသည် | ၆၉၈ |
| | ❖ မန္တလေးသာသနာဝင် တေဇိသတိမတွဲကျမ်းကြီး အပြီးသတ်ခြင်း | ၇၀၀ |

••• ♦ •••

မန္တလေးသာသနာ၀င်

တေ၀ိသတိမတွဲ

ကျမ်းစာအုပ် ဓမ္မဒါနအလှူရှင်များ

---

၁။ ထိုင်ဝမ်နိုင်ငံမှ (ဓမ္မဝံသကျောင်းသစ်ဆရာတော် ဘဒ္ဒန္တကုသလ အရှင်စင်တောက် (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာကမ္မဋ္ဌာနာစရိယ) နှင့် ထိုင်ဝမ်နိုင်ငံ၊ လင်ဂျူးတောင်အလှူရှင် မိသားစုများ။

၂။ ဆရာတော် အရှင်ဥတ္တမ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) နှင့် တပည့် - စာသင်သား ရဟန်း/သာမဏေများ၊ မဟာဝိသုတာရုံတိုက်သစ်၊ စဉ့်ကူမြို့ ပုဂံညောင်ဦးမြို့နယ်မှ ဓမ္မဒါန ကျမ်းစာအုပ်အလှူတော်ငွေ (ကျပ် - ၆၀၀၀၀၀)

၃။ ဆရာတော် အရှင်ကုမာရ (မဟာကမ္မဋ္ဌာနာစရိယ) အောင်တော်မူ မဟာစည် သာသနာ့ရိပ်သာ နှင့် တပည့်များ၊ ကျောက်ပန်းတောင်းမြို့ မန္တလေးတိုင်းဒေသကြီး၊ ဓမ္မဒါန ကျမ်းစာအုပ်အလှူတော်ငွေ (ကျပ် - ၆၀၀၀၀၀)

တို့တို့ လှူဒါန်းငွေဆော်ကြပါသည်။

■ ■ ■

ဘဒ္ဒန္တကုမာရ
အဂ္ဂမဟာပဏ္ဍိတ
ပထမနာယကဆရာတော်
မဟာသိမ်တော်ကြီးပရိယတ္တိစာသင်တိုက်
အမှတ်-၅၅၀၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-ပ၉ ၅၀ ၄၅၉၅၆ ၊ ၀၁-၃၇၀၉၆၁

ရက်စွဲ

သို့/

ညွှန်ကြားရေးမှူးချုပ်
သာသနာရေးဦးစီးဌာန
သာသနာရေးဝန်ကြီးဌာန
နေပြည်တော်

အကြောင်းအရာ။ ။ သုတေသနလုပ်လိုသော ပုဂ္ဂိုလ်များအတွက် မန္တလေးသာသနာဝင်ကျမ်းစာ (အတွဲ- - - ၂၁၊ ၂၂၊ ၂၃၊ ၂၄၊ ၂၅)များ ရိုက်နှိပ်ထုတ်ဝေခွင့်ပြုရန်ကိစ္စ။

၁။ သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်တာဝန်များကို ထမ်းဆောင်ခဲ့ကြသော ဆရာကြီးဦးလှမောင် (နိုင်ငံတော်ကောင်စီဝင်)နှင့် ဦးကြည်ညွှန့်(ဒု-ဝန်ကြီး၊သာသနာရေးဝန်ကြီးဌာန)တို့၏ လျှောက်ထားချက်အရ ဘုန်းကြီး၏ အနန္တကျေးဇူးရှင် ဆရာတော်အရှင်ကေလာသ (အဂ္ဂမဟာပဏ္ဍိတ၊ ဘီအေ ဂုဏ်ထူး) မထေရ်မြတ်က ရေးသားပြုစု၍ မန္တလေးသာသနာဝင် (ပဌမတွဲ မှ ပဉ္စဝီသတိမတွဲအထိ) ၂၅-တွဲကို ရေးသားပြုစု၍ တစ်တွဲလျှင် လက်နှိပ်စက်စာမူ ငါးမူစီကို ဦးကြည်ညွှန့် (ညွှန်ကြားရေးမှူးချုပ်)အား ပေးအပ်ခဲ့ပါသည်။

၂။ ယင်းစာမူများအနက် ပဌမတွဲမှ ပဉ္စမတွဲအထိသာ (ငါးတွဲကို) သာသနာရေးဦးစီးဌာနက ရိုက်နှိပ်ဖြန့်ဝေခဲ့ပါသည်။

၃။ ဘုန်းကြီးသည် ဆရာတော်၏ စာမူများဖြစ်သော-
(က) ပင်းယသာသနာဝင်ကျမ်း၊
(ခ) ဝိမုတ္တိမဂ္ဂ (သီဟိုဠ်မူမှ မြန်မာပါဠိစာမူ)
(ဂ) အဘိဓာန်နိဒါန်းစာမူတို့ကို ကွန်ပျူတာစာစီ၍ တစ်အုပ်လျှင် (၅၀၀)စီ ရိုက်နှိပ်လှူဒါန်းပူဇော်ခဲ့ပါသည်။
(ဃ) ပုဂံသာသာဝင်
(င) အင်းဝသာသနာဝင်၊
(စ) အမရပူရသာသနာဝင်ကျမ်းစာတို့ကို သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်က ရိုက်နှိပ်ဖြန့်ဝေလျက်ရှိပါသည်။

၄။ ဆရာတော်၏ စာကြည့်တိုက်မှ မန္တလေးသာသနာဝင် (၂၁-မှ၂၅)အထိ လက်နှိပ်စက်စာမူကြမ်းများကို တာဝန်ရှိဆရာတော်များက ပေးလိုက်သဖြင့် လက်ခံရရှိခဲ့ပါသည်၊

## (ပ) သာသနာရေးဦးစီးဌာနသို့ ခွင့်တောင်းစာ

၄။ ယင်းအလုပ်ကြမ်းများကို ကွန်ပျူတာစာစီ၍ သင့်လျော်သည့်အခါ သုတေသီများ [illegible] (၁၀)အုပ်ခန့် ရှိမည့် [illegible] သုတေသီများနှင့် [illegible] အလုပ်ကြမ်းများကို [illegible]

ရက်စွဲ ၊ ၁၃၇၄-ခုနှစ် သီတင်းကျွတ်လပြည့်ကျော် (၉)ရက်
၂၀၁၂-ခုနှစ် နိုဝင်ဘာလ (၈)ရက် ကြာသပတေးနေ့

[illegible]



မိမိ၏ အနန္တကျေးဇူးရှင်
ဆရာသခင် ထေရ်အရှင်မြတ်၏
ကျေးဇူးဂုဏ်ကို အာရုံပြုရည်မှန်းလျက်
အမျိုးဘာသာ သာသနာအကျိုး
သယ်ပိုးဆောင်ရွက်လိုသော
စေတနာ သဒ္ဓါတရားသက်သက်ဖြင့်သာ
ဤ ကျမ်းစာအုပ်ကို လက်နှိပ်စက်မူမှ
(ကွန်ပျူတာစီ)ပုံနှိပ်မှုသို့ ပုံနှိပ်ထုတ်ဝေ၍
ဓမ္မဒါနပြု လှူဒါန်းခြင်းဖြစ်ပါသည်။

အရှင်ကုမာရ
အဂ္ဂမဟာပဏ္ဍိတ

ရက်စွဲ။ ။၁၃၇၆-ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့၊
၂၀၁၄-ခုနှစ်၊ အောက်တိုဘာ(၈)ရက်၊ ဗုဒ္ဓဟူးနေ့၊

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန

စာအမှတ်၊ ၀၁ / ၇- စာမူစိစစ်/ သသန(စာမေးပွဲ)
ရက်စွဲ ၊ ၂၀၁၂ - ခုနှစ် ၊ နိုဝင်ဘာလ ၁၆ ရက်

ဆက်ကပ်ပါရန်

ဆရာတော်ဘဒ္ဒန္တကုမာရ
(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)
သိမ်တော်ကြီးပရိယတ္တိစာသင်တိုက်
အမှတ်၅၅၀၊ မဟာဗန္ဓုလလမ်း
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့

အကြောင်းအရာ။ ပုံနှိပ်ခြင်းမပြုရသေးသည့် မန္တလေးသာသနာဝင်ကျမ်းများ ပုံနှိပ်ခွင့်ပြုရန် မေတ္တာရပ်ခံလာခြင်းကိစ္စပါဘုရား

၁။ ပခုက္ကူမြို့၊ မဟာဝိသုတာရာမကျောင်းတိုက်၊ ကျမ်းပြုဆရာတော်ဘဒ္ဒန္တကေလာသ (အဂ္ဂမဟာပဏ္ဍိတ၊ ဘီအေဂုဏ်ထူး) ရေးသားပြုစုခဲ့သည့် ပုံနှိပ်ကျန်ရှိနေသော မန္တလေးသာသနာဝင်ကျမ်း (အတွဲ-၁၉ မှ ၂၅ထိ) လက်နှိပ်စက်စာမူများကို ကျမ်းပြုဆရာတော်၏ စာကြည့်တိုက်မှ ရရှိထားသဖြင့် သာသနာရေးဦးစီးဌာနမှ ရိုက်နှိပ်ရန် အစီအစဉ်မရှိသေးပါက စောင်ရေ(၃၀၀)စီပုံနှိပ်၍ ဓမ္မဒါန လှူဒါန်းလိုပါကြောင်း မေတ္တာရပ်ခံစာကို လက်ခံရရှိပါသည်ဘုရား။

၂။ ဆရာတော်ပြုစုသော ကျမ်းစာများသည် သုတေသီပုဂ္ဂိုလ်များအတွက် အကျိုးများ၍ ရှားပါးသော ကျမ်းစာများဖြစ်ပါသဖြင့် ဆရာတော်၏ဆန္ဒအတိုင်း ပညာပါရမီ ကုသိုလ်ဒါနပြုနိုင်ပါကြောင်းနှင့် ပုံနှိပ်ပြီးကျမ်းစာများကိုလည်း သာသနာရေးဝန်ကြီးဌာန လက်အောက်ရှိ စာကြည့်တိုက်များသို့ လှူဒါန်းနိုင်ပါရန် ရိုသေစွာလျှောက်ထားအပ်ပါသည်ဘုရား။

(မိုးဇော်ရွှေ)
ညွှန်ကြားရေးမှူးချုပ်

မိတ္တူကို
- ညွှန်ကြားရေးမှူး၊စာမေးပွဲဌာနခွဲ၊ သာသနာရေးဦးစီးဌာန
  (ဆရာတော်၏ မန္တလေးသာသနာဝင်အမှတ်-၆မှ ၁၈ထိစာမူများ ကျမ်းပြုဌာနခွဲ၌ ရှိ/မရှိ စိစစ်တင်ပြပေးရန်)
- လက်ခံစာတွဲ
- မျှောစာတွဲ

Win 7,D:\Myanmar-3\ppw (z).doc(21)

ဆရာပြုရာ
ဤကျမ်းစာ
သာသနာ့အတွက် ဖြစ်ပါသည်။

တန်ဖိုးသိသိ
တန်ဖိုးရှိ
ကဝိရှင်လူ ယူကြမည်။

ဆရာ့ကျေးဇူး
ဂုဏ်အထူး
အထူးသိ၍ ဆပ်ပါသည်။

## မန္တလေးသာသနာဝင် တေဝီသတိမတွဲ ဖြစ်ပေါ်လာပုံ

မိမိ၏ အနန္တကျေးဇူးရှင်ဖြစ်တော်မူသော ဆရာတော် အရှင်ကေလာသ (ဓမ္မာစရိယ, ဂဏဝါစက၊ B.A.ဂုဏ်ထူး သီရိလင်္ကာ, အဂ္ဂမဟာပဏ္ဍိတ) မဟာထေရ်သည် ဝီရိယဓာတ် လွန်ကဲတော်မူလှပါသည်။ နေ့စဉ် ဓာတွတ္ထသင်္ဂဟ, အဘိဓာနပ္ပဒီပိကာ, ဓမ္မပဒ, အပါဒါန်အစရှိသော အာဂုမ်နှုတ်တက်အရ ကျက်ထားသော ကျမ်းစာများကို ပြန်လှန်အလွတ်ရွတ်ဆိုခြင်း အစရှိသော စာကျက်စာပြန် လုပ်ငန်းတို့ကိုလည်း ပရိစယ အာသေဝနသတ္တိဖြစ်အောင် အားထုတ်တော်မူပါသည်။ နိကာယ်ပိဋကတ်တော်တို့ကို ချပို့ရန် အတွက် ပြင်ဆင်ခြင်းလုပ်ငန်း၊ ကျမ်းစာပြုစုရေးသားမှုလုပ်ငန်းတို့ဖြင့်သာ လူ့ဘဝ၏အချိန်ကို တန်ဖိုးရှိရှိ အသုံးချနိုင်သော ပုဂ္ဂိုလ်မြတ်ဖြစ်ပါသည်။

၁၃၇၃-ခုနှစ်၊ ဝါဆိုပြီးချိန်၌ နောင်တော်အရင်းပမာဖြစ်သော ဝိမုတ္တိတောင်ဆရာတော် အရှင်ဇောတိကထေရ်၏ ကျန်းမာရေးကိစ္စကို ကြည့်ရှုရန်နှင့် မဟာဝံသပါဠိ(သီဟိုဠ်မူ)စာအုပ်ကို ခေတ္တငှါးရမ်းလိုမှု အစရှိသောကိစ္စဖြင့် ပခုက္ကူသို့ သွားရောက်ခဲ့ပါသည်။ မဟာဝံသပါဠိစာအုပ်လည်း အရှင်ပညာသီဟ (ဂဏဝါစက)ထေရ်၏ ကူညီရှာဖွေပေးမှုကြောင့် ရရှိခဲ့ပါသည်။ အရှင်ပညာဇောတ (တိုက်အုပ်ဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ)နှင့် အရှင်ပညာသီဟ (ဂဏဝါစက၊ တိပိဋကာလင်္ကာရ)ထေရ်များက ကျေးဇူးတော်ရှင် ဆရာတော်ဘုရား၏ မန္တလေး သာသနာဝင် (တိုက်ပရိုက်တာစာမူကြမ်း)များကို ရှာဖွေစုဆောင်းထားကြပြီး မပျောက်မပျက်စေရန် တပါတည်းယူသွားဖို့ လျှောက်ထားကြသဖြင့် မိမိလည်း စာအုပ်များကို ကတ္တူပုံးဖြင့် ထည့်၍ယူခဲ့ပါသည်။ တပည့်-အရှင်တေဇောဘာသ (ဓမ္မာစရိယ၊ M.A. )က ကွန်ပျူတာစာစီပေးပါမည်ဟု လျှောက်ထားသဖြင့် တွေ့ရှိ သည့်စာမူများကို ကောက်ယူပြီးပေးလိုက်ပါသည်။ ကွန်ပျူတာစာစီမူများကို ရရှိလာသည့်အခါမှ မန္တလေးသာသနာဝင်၊ စတုဝီသတိမတွဲ ဖြစ်နေသည်ကို သိရပါသည်။

ထိုအချိန်မှစ၍ ကတ္တူပုံးထဲကစာမူများကို တစ်တွဲစီထုတ်၍ စိစစ်ကြည့်သည့်အခါ ဧကဝီသတိမတွဲ-မှ ပဥ္စဝီသတိမတွဲအထိ စာအုပ် ၅-အုပ်စာ ဖြစ်နေကြောင်း သိရှိရပါသည်။ ကွန်ပျူတာစာစီလုပ်ငန်း အတော်အသင့် ပြီးစီးနေ

သဖြင့် ပြီးစီးသည့်ကျမ်းစာမှစ၍ စာအုပ်အဖြစ် ရိုက်နှိပ်ရန် ဆုံးဖြတ်ရပါတော့သည်။ သို့ဖြင့် -

- ၂၀၁၃-ခုနှစ်၊ ဇူလိုင်လတွင် မန္တလေးသာသနာဝင် အတွဲ-၂၄ (စတုဝီသတိမတွဲ)ကျမ်းကို ပဌမအကြိမ်အဖြစ်လည်းကောင်း၊
- ၂၀၁၃-ခုနှစ်၊ စက်တင်ဘာလတွင် မန္တလေးသာသနာဝင် အတွဲ-၂၁ (ဧကဝီသတိမတွဲ)ကျမ်းကို ဒုတိယအကြိမ်အဖြစ်လည်းကောင်း၊
- ၂၀၁၃-ခုနှစ်၊ ဒီဇင်ဘာလတွင် မန္တလေးသာသနာဝင် အတွဲ-၂၂ (ဒွါဝီသတိမတွဲ)ကျမ်းကို တတိယအကြိမ်အဖြစ်လည်းကောင်း၊
- မန္တလေးသာသနာဝင် အတွဲ-၂၅ (ပဉ္စဝီသတိမတွဲ)ကျမ်းကို ၂၀၁၄-ခုနှစ်၊ မေလတွင် စတုတ္ထအကြိမ်အဖြစ်လည်းကောင်း ထုတ်ဝေလျှုဒါန်းနိုင်ခဲ့ပြီဖြစ်ပါသည်။
- မန္တလေးသာသနာဝင် အတွဲ-၂၃ (တေဝီသတိမတွဲ)ကျမ်းကို ၂၀၁၄-ခုနှစ်၊ စက်တင်ဘာလတွင် ပဉ္စမအကြိမ်အဖြစ်လည်းကောင်း ထုတ်ဝေ လျှုဒါန်းနိုင်ခဲ့ပြီ ဖြစ်ပါသည်။

မန္တလေးသာသနာဝင်ကျမ်းစာ ပဌမတွဲမှ ပဉ္စဝီသတိမတွဲအထိ ကျမ်းစာများကို သာသနာရေးဦးစီးဌာနသို့ ဆရာတော် သက်တော်ထင်ရှားရှိစဉ်က ပေးအပ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းကျမ်းစာများအနက် ပဌမတွဲမှ ပဉ္စမတွဲအထိ စာအုပ်အဖြစ် သာသနာရေးဦးစီးဌာနက ရိုက်နှိပ်ထုတ်ဝေပြီးဟု သိရပါသည်။ ကျန်အတွဲများ ယခုအချိန်အထိ ထုတ်ဝေသည်ကို မတွေ့ရသေးပါ။

ထို့ကြောင့် မန္တလေးသာသနာဝင် (စာမူကြမ်း) ၅-တွဲကို သုတေသီတို့အတွက် ရိုက်နှိပ်လျှုဒါန်းခွင့်ပြုပါရန် (နိုဝင်ဘာ ၈-ရက်၊ ၂၀၁၂ )နေ့စွဲပါစာဖြင့် ညွှန်ကြားရေးမှူးချုပ်၊ သာသနာရေးဦးစီးဌာနသို့ တင်ပြခွင့်တောင်းခံခဲ့ပါသည်။ (နိုဝင်ဘာ ၁၆-ရက်၊ ၂၀၁၂ )နေ့စွဲပါစာဖြင့် ညွှန်ကြားရေးမှူးချုပ်၊ သာသနာရေးဦးစီးဌာနက ခွင့်ပြုခဲ့ပါသည်။ စာမူများသည် ဆရာတော်ဘုရား ပြန်လည် စိစစ်ခြင်းမရှိသေးသော လက်နှိပ်စက်စာမူများဖြစ်ပါသည်။ သို့ဖြစ်၍ လက်နှိပ်စက်စာမူများကို မိမိသင့်သလို ပြန်လည်စီစစ်၍ စာအုပ်အဖြစ် ရိုက်နှိပ်လျှုဒါန်းခြင်း ဖြစ်ပါသည်။

ပြန်လည်စီစစ်ရန်ကိစ္စမှာ - မိမိမကျွမ်းကျင်သော လုပ်ငန်းဖြစ်နေ၍ မစိစစ်နိုင်တော့ပါ၊ သုတေသီများ လိုအပ်သလို အသုံးပြုနိုင်ရန် ရိုက်နှိပ်လျှုဒါန်း

ခြင်း ဖြစ်ပါသည်။ သို့အတွက် လိုအပ်ချက်များ၊ မှားယွင်းချက်များ အသင့်အတင့် ပါရှိနေသည်ကို ပြင်ဆင်၍ အသုံးပြုတော်မူပါရန် မေတ္တာရပ်ခံအပ်ပါသည်။

မိမိသည် ဆရာသခင် အနန္တကျေးဇူးရှင်၏ ဗုဒ္ဓသာသနာ့သမိုင်း မှတ်တိုင်များအဖြစ် စိုက်ထူခဲ့သော ကျမ်းစာတို့ကို အနန္တကျေးဇူးဂုဏ်တော်များကို တတ်နိုင်သမျှ ပူဇော်လိုသဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ထို "မန္တလေးသာသနာဝင် တေဝိဇ္ဇသတိမတွဲ ကျမ်းစာအုပ်" ထွက်ပေါ်လာရေးအတွက် 'မောင်မြင့်နိုင်' က စိတ်ရှည်ရှည်ဖြင့် ကွန်ပျူတာစာစီပေးပြီး လက်နှိပ်စက်မူကြမ်း တို့မှတစ်ဆင့် ကွန်ပျူတာစာမူဖြစ်အောင် ဆောင်ရွက်ပေးကြပါသည်။ ကွန်ပျူ တာစာစီ၍ အချောမူများဖြစ်အောင် ဆရာ့တပည့် (မြစ်ကျိုး)က ပြန်လည်ပြင်ဆင် မွမ်းမံပေးပါသည်။

တပည့်ဖြစ်သူ- ဒေါက်တာအရှင်ဥက္ကဋ္ဌ (ဆရာ့တပည့်-မြစ်ကျိုး)နှင့် အရှင်နန္ဒသီရိ (ရွှေမြေ-နန္ဒ)တို့က ကျမ်းစာအုပ်ပုံစံဖြစ်အောင် အဖက်ဖက်က ပံ့ပိုးဆောင်ရွက်ပေးကြပါသည်၊ စေတနာရှင်များက ထက်ထက်သန်သန်ဖြင့် လှူဒါန်းထောက်ပံ့ကြပါသည်။ ပုံနှိပ်တိုက်, စာအုပ်ချုပ် လုပ်အားရှင်များကလည်း ပံ့ပိုးကူညီကြပါသည်။ ဤအကြောင်းတရားပေါင်းများစွာ၏ ကျေးဇူးပြုမှုကြောင့် ကျမ်းစာအုပ်အဖြစ် စတုတ္ထအကြိမ် ပေါ်ထွက်လာသော "မန္တလေးသာသနာဝင်၊ တေဝိဇ္ဇသတိမတွဲ" မိမိ၏ အနန္တကျေးဇူးရှင်၏ သာသနာပြုလုပ်ငန်းကို သုတေသီတို့လက်သို့ အရောက် ပို့ဆောင်ပေးလိုက်ပါသည်။ ကျေးဇူးတင်ထိုက်သူ ပုဂ္ဂိုလ်အားလုံးတို့ကိုလည်း ကျေးဇူးတင် ဝမ်းမြောက်ဝမ်းသာစွာဖြင့် မှတ်တမ်းတင်အပ်ပါသည်။

**သုစေနာနံ ပသာဒါယ၊ သုစေနသ ဝိရုဠှိယာ။**
**သုစေနာနံ ကမ္မံ ကတွာ၊ ပဏ္ဍိတာ သုစနာ သဒါ။**

**အရှင်ကုမာရ**
**(အဂ္ဂမဟာပဏ္ဍိတ)**
**ဒုတိယပါမောက္ခချုပ်ဆရာတော်**
**နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)**
**၁၉-၉-၂၀၁၃၊ ကြာသပတေးနေ့။**

# မန္တလေးသာသနာဝင်
# တေဝီသတိမတွဲကျမ်း
# ကျမ်းဦးမှတ်ဖွယ်

---✱✱✱---

မိမိသည် မန္တလေးသာသနာဝင် ဒွါဝီသတိမတွဲကျမ်းကြီး ရေးသားပြုစုအပြီးတွင် ဆိုင်ရာကျမ်းဂန်မှတ်တမ်းမှတ်ရာ များမြောက်စွာတို့ကို ကြည့်ရှုချဉ်းနင်းလေ့လာ၍ ဤမည်သော မန္တလေးသာသနာဝင် တေဝီသတိမတွဲကျမ်းကြီးကိုလည်း ဆက်လက်ရေးသားပြုစုပါသည်။ ဤမန္တလေးသာသနာဝင် တေဝီသတိမတွဲကျမ်းကြီး၌-

(၁) မန္တလေးမြို့သမိုင်းအကျဉ်း

(၂) ပကိဏ္ဏကကဏ္ဍ

(၃) မဟာဓမ္မိကာရာမသာသနာဝင်

(၄) ရမည်းသင်းတိုက်သာသနာဝင်

(၅) ထရံကာတိုက်သာသနာဝင်

(၆) မင်းခင်းတိုက်သာသနာဝင်

(၇) မြတောင်သာသနာဝင်- တို့ပါရှိလေသည်။ ထိုတွင်-

(၁) မန္တလေးမြို့သမိုင်းအကျဉ်း၌ မန္တလေးမြို့သမိုင်းအကျဉ်း နှင့် မင်း ၂-ပါးအကြောင်း အမြွက်ပါရှိသည်။

(၂) ပကိဏ္ဏကကဏ္ဍ၌ ပဥ္စမသံဂါယနာတင်နိဒါန်းနှင့် ကျောက်စာမော်ကွန်း, ပဥ္စမသံဂါယနာတင် မင်းတုန်းမင်းတရားကြီး လက်ထက် ထုတ်ပြန်အပ်သော ဓမ္မဝိနယပြန်တမ်း, သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရန် ကိစ္စပါရှိသည့် အုတ်ဖိုဆရာတော်ဘုရားကြီး၏ သန္ဒေသကထာ, သီပေါမင်းတရား စာတော်ပြန်အခမ်းအနား, ရွှေကျင်ဆရာတော်ဘုရားကြီး၏ ကျေးဇူးရှင်ဆရာတော်ဘုရားကြီးသုံးပါး အဖြစ်တော်စဉ်တို့ ပါရှိလေသည်။

(၃) မဟာဓမ္မိကာရာမသာသနာဝင်၌ မန္တလေးမြို့ မြောက်ပြင် မဟာဓမ္မိကာရာမကျောင်းတိုက်ကြီးသမိုင်း, ရွှေကျင်နိကာယသမုဋ္ဌာပက ရွှေကျင်ဆရာတော်ဘုရားကြီး အရှင်ဇာဂရမဟာထေရ် အဖြစ်တော်စဉ်နှင့် မဟာဓမ္မိကာရာမတိုက် နာယကစဉ်ဆက် ဆရာတော်များ၏ အဖြစ်တော်စဉ်နှင့် သာသနာပြုပုံ, မဟာဓမ္မိကာရာမတိုက် စာချဆရာတော်များ မဟာဓမ္မိကာရာမတိုက်ထွက် သာသနာပြုဆရာတော်များ စသည်တို့၏ အဖြစ်တော်စဉ်များ ဥပဒေသကဏ္ဍ ရွှေကျင်ဂိုဏ်းကျင့်ထုံးကြီး ရွှေကျင်ဂိုဏ်းဥပဒေစသည်တို့ ပါရှိလေသည်။

(၄) ရမည်းသင်းတိုက်သာသနာဝင်၌ ရမည်းသင်းတိုက်သမိုင်းအကျဉ်း, ရမည်းသင်းတိုက်ကို စတင်အုပ်ချုပ်သာသနာပြုတော်မူခဲ့သော ဝါယာမဓဇသိရီပဝရမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်ဝါယာမ-စသည်တို့၏ အဖြစ်တော်စဉ်တို့ပါရှိရာ ကြည်ညိုဖွယ်, သံဝေဂဖြစ်ဖွယ်ကောင်းလှပါသည်။

(၅) ထရံကာတိုက်သာသနာဝင်၌ ထရံကာတိုက်သမိုင်းအကျဉ်းနှင့် ထရံကာတိုက်နာယကဆရာတော် ကုန္ဒကာဘိဓဇသိရီပဝရမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော် ၂-ထပ်ရနှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရဆရာတော် အရှင်ကုန္ဒကစသည်တို့၏ အတ္ထုပ္ပတ္တိစသည်တို့ပါရှိရာ ဖတ်ချင်ဖွယ်ရာ ကြည့်ရှုချင်ဖွယ်ကောင်းလှသည်။

(၆) မင်းခင်းတိုက်သာသနာဝင်၌ မင်းခင်းတိုက်သမိုင်းအကျဉ်း မင်းခင်းတိုက်နာယကဆရာတော် ဝိမလာစာရာဘိဓဇမဟာဓမ္မရာဇာဓိရာဇဂုရုနှင့် ဝိမလာစာရဓဇမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော် ၂-ထပ်ရဆရာတော် အရှင်ဝိမလအဖြစ်တော်စဉ်နှင့် ဋီကာကျော်ဂဏ္ဌိသစ်ကျမ်း စသည့်ကျမ်းပြုဆရာတော် အရှင်ဝိစာရိန္ဒမဟာထေရ်အဖြစ်တော်စဉ်စသည်တို့ ပါရှိလေသည်။

(၇) မြတောင်သာသနာဝင်၌ မန္တလေးမြို့ မြောက်ပြင် ရွှေကျင်ငါးတိုက်အပါအဝင် မြတောင်တိုက်သမိုင်းအကျဉ်း, မြတောင်တိုက်ပဌမဆရာတော်ဘုရားကြီး "အာလောကာဘိဝရသာသနရက္ခ

မဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘုရားကြီး အရှင် အာလောက မဟာထေရ်၏ အတ္ထုပ္ပတ္တိအကျဉ်းနှင့် နောက်ဆက်ဆရာ တော်များ၏ အဖြစ်တော်စဉ် အကျဉ်းချုပ်စသည် ပါရှိလေသည်။

## ရွှေကျင်ဆရာတော်ဘုရားကြီး၏ သာသနာပြုနည်းပြကျမ်းစာ

ဤမန္တလေးသာသနာဝင် တေဝိသတိမတ္တဲကျမ်းကြီးသည် ရွှေကျင်နိကာယသမုဒ္ဒာပက ရွှေကျင်ဆရာတော်ဘုရားကြီး၏ ပရိယတ်, ပဋိပတ်သာသနာတော် ၂-ရပ်ပြုပုံ, ပြုနည်းကို ပြောနေသည့် သာ- သနာ့သမိုင်းကျမ်းစာကောင်းကြီး ဖြစ်လေရာ လက်မလွှတ်တန်းဖတ်ရှု လေ့လာနည်းယူရန် သင့်လျော်လှပေသည်။

## သာသနာပြုပုဂ္ဂိုလ်ကောင်းဖြစ်ရန် ဆန္ဒပြုခြင်း

အို မန္တလေးသာသနာဝင် စာတော်ဖတ်တို့. . . သင်စာတော် ဖတ်တို့သည် ဤမန္တလေးသာသနာဝင် တေဝိသတိမတ္တဲကျမ်းကြီးကို လည်း သေချာစေ့ငုဖတ်ရှုလေ့လာ၍ ရွှေကျင်ဆရာတော်ဘုရားကြီး စသည့် သာသနာပြု သူတော်ကောင်းပုဂ္ဂိုလ်ကြီးတို့၏ ဆုံးမနည်းညွှန် ချက်ကို လိုက်နာအတုယူကြကာ သာသနာပြုပုဂ္ဂိုလ်ကောင်းတို့ ဖြစ်ကြ ပါစေဟု ဆန္ဒပြုပါသတည်း။

**ဗုဒ္ဓမြတ်စွာ သာသနာ ရောင်ဝါနေသို့ ထွန်းစေသော်။**

**အရှင်ကောဏ္ဍည**
ဓမ္မာစရိယ, ဂဏဝါစက, B.A (ဂုဏ်ထူး)
သာသနဇောတိပါလကျောင်း
မဟာဝိသုတာရာမတိုက်
ပခုက္ကူမြို့။

# မန္တလေးသာသနာဝင်
# (တေဝိသတိမတွဲ)

နမော တဿ
ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

---✱✱✱---

## ဗုဒ္ဓပ္ပဏာမ

**သာသနံ ပဌပေတွာန၊ စိရံ ဣဒံ သုမာပယိ။**
**ဝန္ဒာမိ သိရသာ တမ္ပိ၊ ဂန္ထကိစ္စေ သုသံယုတော။**

ယော ဘဂဝါ= ဘုန်းတော်သရဖူ ဆောင်းတော်မူသည့် အောင်သူဥက္ကဋ္ဌ အကြင်ဘုရားမြတ်စွာသည်။ သာသနံ-သာသန-ဝံသံ= သာသနာတော် အနွယ်အဆက်ကို။ ပဌပေတွာန= ကရုဏာရှေးရှု တည်ထားဖြစ်စေတော်မူပြီး၍။ ဣဒံ= ဤသဒ္ဓမ္မသုံးဖြာ သာသနာတော် ကို။ စိရံ= မြင့်ရှည်မြားမြောင် နှစ်ငါးထောင်တည် ကာလကြာရှည် အောင်။ သုမာပယိ= ဝေနေများစွာ သတ္တဝါအား သံသာနှောင်ညွတ် လွတ်ရန်ရည်ရော် ဖန်ဆင်းတော်မူခဲ့လေပြီ။ တမ္ပိ ဘဂဝန္တံ= ဘုန်းတော်သရဖူ ဆောင်းတော်မူသည့် အောင်သူဥက္ကဋ္ဌ ထိုမြတ်စွာဘုရားကိုလည်း။ ဝါ= ထိုသဒ္ဓမ္မသုံးဖြာ သာသနာကို ကာလကြာရှည် တည်ထောင်ဖန်ဆင်း တရားမင်းထွတ်ထား ထိုမြတ်စွာ ဘုရားကိုလည်း။ ဂန္ထကိစ္စေ= ကျမ်းပြုစာချ ကိစ္စလုပ်ငန်း အဝဝ၌။ သုသံယုတော= ပညာသံဝတ္တနိက ရှေးကမ္မ ကြောင့် မကွာနေ့ည ယှဉ်ခွင့် (ပြုခွင့်)ကို ရရှိပါသော။ အဟံ= အရှင် ကေလာသ ခေါ်ဝေါ်ကြသား နှစ်ပါးနာမ်ရုပ် အကျွန်ုပ်သည်။ သိရသာ=

ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ ဝန္ဒာမိ= ရိုသေမြတ်နိုး ရှိခိုးပါ၏။ ဝါ= သဒ္ဒါအစွမ်း ပညာလွှမ်းလျက် ချီးမွမ်းပါ၏။

[ မိမိသည် မန္တလေးသာသနာ၀င် တေဝိသတိမတွဲကျမ်းကြီးကို ရေးသားပြုစုရာ၌ အန္တရာယ်ကင်းပျောက် ကျမ်းပြီးမြောက်ခြင်းကို လွန်စွာအလိုရှိပါသည်။ သို့ဖြစ်၍ အသချေ်-ယျ အနန္တဂုဏ်တော်များသခင် ဘုရားရှင်ကို ရှေးဦးစွာရှိခိုးပါသည်။ ယင်းသို့ မြတ်စွာဘုရားအား ရှိခိုးပူဇော်ရသဖြင့် ဗုဒ္ဓါရမ္မဏပီတိတွေဖြစ်ပြီး ကာယခွန်အား, ဉာဏ်စွမ်းအားများ တိုးပွားပြီး ဤမန္တလေးသာသနာ၀င် တေဝိသတိမတွဲကျမ်း ကြီး အောင်လံစိုက်ဆောက် ပြီးမြောက်အောင်မြင်လိမ့်မည် ဟု ယုံကြည်ပါသည်။ ]

■ ■ ■

## ဓမ္မပ္ပဏာမ

ဗုဒ္ဓေါပိ ဗုဒ္ဓဘာဝံ ဘာဝေတွာ စေဝ၊ သစ္ဆိကတွာ ဝ နိရုန္တရံ။
ယံ ဓမ္မံ အဘိဝန္ဒါမိ၊ ဗုဒ္ဓတ္တံ သမုပါဂတော။

ဗုဒ္ဓေါပိ= အသင်္ချေအနန္တ နိုင်းဆမမြင် ဂုဏ်တော်များသခင် ဘုရားရှင်သည်သော်မှလည်း။ ယံ ဓမ္မံ= အကြင်မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်ထင်ပေါ် တရားတော်ကို။ နိရန္တရံ= အစဉ်မပြတ် ကြားမလပ်အောင်။ ဘာဝေတွာ စေဝ= ဖြစ်စေပွားစေတော်မူပြီး၍ လည်းကောင်း။ သစ္ဆိကတွာ= ကိုယ်ထိလက်ရောက် မျက်မှောက်ပြု တော်မူပြီး၍လည်းကောင်း။ ဗုဒ္ဓတ္တံ= ဘုရားသဗ္ဗညု၏အဖြစ်သို့။ ဝါ= ဘုရားသဗ္ဗညု၏ ဖြစ်ကြောင်းဖြစ်ရာ အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတ ဉာဏ်တော်သို့။ သမုပါဂတော= ကိလေသာစက် သုံးထောင်ဝက်ဟူ ရန်သူအလုံး ချေမှုန်းဖျက်ဖျောက် ရောက်တော်မူခဲ့လေပြီ။ တံ ဓမ္မံ အပိ= ထိုမဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်ထင်ပေါ် တရားတော် မြတ်ကိုလည်း။ အဘိဝန္ဒါမိ= ဘယလာဘ စသည်အပြစ် မညစ်မလူး အထူးအားဖြင့် ရှိခိုးပါ၏။

[ မိမိသည် တရားရတနာကိုလည်း "ဗုဒ္ဓေါပိ ဘာဝေတွာ စေဝ" အစရှိသောဂါထာဖြင့် ရှိခိုးပါသည်၊ ယင်းသို့ တရား တော်ကို ရှိခိုးရသဖြင့်လည်း အာယု ဝဏ္ဏ သုခ ဗလ ပဋိဘာန အကျိုးတွေ ပြည့်လျှမ်းပြီး မန္တလေးသာသနာ့ဝင် တောဝိ- သတိမတွဲကျမ်းကြီး ဆုံးခန်းတိုင်မြောက် အပြီးရောက်လိမ့် မည်ဟု ယုံကြည်ပါသည်။ ]

■ ■ ■

## သံယပွဏာမ

ဩရသာနံ မုနိန္ဒဿ၊ မာရသေန ဝိဃာတိနံ၊
ပုတ္တာနံ အရိယသံဃံပိ၊ ဂဏံ ဝန္ဒာမိ အာဒရံ၊

မုနိန္ဒဿ• အဂ္ဂါရိက စသည်အပြား မုနိများ၏ ဦးဖျားပရမေသုံးလူ့ဆွေဖြစ်တော်မူသော မြတ်စွာဘုရား၏။ ဩရသာနံ• တရားရင်နှစ် သားတော်စစ်ဖြစ်တော်မူကြကုန်သော။ မာရသေနဝိဃာတိနံ• မာရ်နတ် မာရ်နတ်၏ကိလေသာစစ်တပ်အားလုံးကို ချေမှုန်းဖျောက်ဖျက်တော်မူကြကုန်သော၊ ပုတ္တာနံ• သားတော်တို့၏။ ဂဏံ• သင်္ခါတွက်စစ် ရှစ်သောင်းအပေါင်းဖြစ်တော်မူသော။ အရိယ-သံဃံအပိ• အရိယာသံဃာတော်မြတ် အပေါင်းကိုလည်း။ အာဒရံ• လေးမြတ်ကြည်ညို ရိုသေလှစွာ။ ဝန္ဒာမိ• ဝမ်းမြောက်ရွှင်လန်း ချီးမွမ်းပါ၏။ ဝါ• ရှိခိုးပါ၏။

[ "ဩရသာနံ မုနိန္ဒဿ" အစရှိသောဂါထာဖြင့်လည်း အရိယာသံဃာတော်မြတ်အပေါင်းကိုလည်း ရှိခိုးပါသည်။ ယင်းသို့ အရိယာသံဃာတော်မြတ် အပေါင်းကိုလည်း နှစ်ထောင်းရိုကျိုး ရှိခိုးရသဖြင့် ကိုယ်တွင်းကိုယ်ပ အန္တရာယ်တွေ ကင်းရှင်းပြီး ဤမန္တလေးသာသနာ့ဝင် တေဝိသတိမတွဲကျမ်းဂန်ကြီးလည်း အောင်လံစိုက်ဆောက် ပြီးမြောက်လိမ့်မည် ဟု ယုံကြည်ပါသည်။ ]

■ ■ ■

# အာစရိယပ္ပဏာမ

နမာမိ ထေရသေဋ္ဌေပိ၊ တိပေဋကဝိသာရဒေ။
သီလာဒိဂုဏသံယုတ္တေ၊ ထေရေသု နိန္နမာနသော။

ထေရေသု= ကျေးဇူးတောင်ညို ကဲပိုတုံလတ် မထေရ်မြတ်တို့၌။ နိန္နမာနသော= ညွတ်ယိမ်းကိုင်းရှိုင်းသော စိတ်ရှိသော။ အဟံ= အရှင်ကေလာသ ခေါ်ဝေါ်ကြသား နှစ်ပါးနာမ်ရုပ် အကျွန်ုပ်သည်။ တိပေဋကဝိသာရဒေ= ပိဋကတ်သုံးပုံ ပါဠိ အဋ္ဌကထာ ဋီကာခန်းခန်း ကျမ်းဂန်အရပ်ရပ်တို့၌ ရွံ့ရှားခြင်းကင်းတော်မူကြကုန်သော။ သီလာဒိ-ဂုဏသံယုတ္တေ= သီလသမာဓိပညာဂုဏ်တို့၌ ယှဉ်တော်မူကြကုန် သော။ ထေရသေဋ္ဌေပိ= ဆရာတော်အရှင်နန္ဒိယ, ဆရာတော်အရှင် ဥက္ကံသာဘိဝံသဟူသော မဟာထေရ်မြတ်တို့ကိုလည်း။ နမာမိ= ရိုသေ မြတ်နိုး ရှိခိုးပါ၏။

[ မိမိအား ပခုက္ကူစာချနည်း၌ ကျွမ်းကျင်အောင် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် တိုက်အုပ်ဆရာတော် အရှင်နန္ဒိယ သည် စာဆိုစေ၍ ချီးမြှောက်တော်မူခဲ့လေသည်။ မန္တလေး စာချနည်း၌ တတ်သိနားလည်အောင် မန္တလေးမြို့တောင်ပြင် ဒက္ခိဏာရာမဘုရားကြီးတိုက် အမရပူရကျောင်းဆရာတော် နိုင်ငံတော်သံဃမဟာနာယက အရှင်ဥက္ကံသာဘိဝံသသည် စာဆိုစေ၍ ချီးမြှောက်တော်မူခဲ့သည်။ ထိုဆရာတော် အရှင် သူမြတ်နှစ်ပါးတို့အားလည်း ရိုသေမြတ်နိုး ရှိခိုးဦးချပါသည်။]

## အဘိယာစကနှင့် ပဋိညာဉ်

ကရိဿာမိ သုသမ္ပုဏ္ဏံ၊ ဝံသံ သဗ္ဗင်္ဂသောဘနံ။
ယာစိတော ဒီဃဒဿီဟိ၊ မဟာသယေဟိ သာဓုဟိ။

ဒီဃဒဿီဟိ= အရှည်မြော်မြင် သမိုင်းဝါသနာရှင်ဖြစ်ကြကုန်သော။ မဟာသယေဟိ= မြင့်မြတ်သော အလိုအဇ္ဈာသယရှိကြကုန်သော။ သာဓုဟိ= သူ့ကျိုးကိုယ်ကျိုး ဤနှစ်မျိုးကို သည်ပိုးမပြတ် ပြီးစေတတ်ကုန်သော နိုင်ငံတော်ကောင်စီဝင် ဦးလှမောင်, သာသနာ ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြည်ညွှန့်တို့သည်။ ယာစိတော= ရိုသေလေးမြတ် တောင်းပန်အပ်သည်ဖြစ်၍။ သုသမ္ပုဏ္ဏံ= မယုတ်ကုံလုံ ပြည့်စုံသော။ သဗ္ဗင်္ဂသောဘနံ= အားလုံးသော သာသနာဝင် အခန်းအတိုင်း အစိတ်အပိုင်းတိုင်းတို့၌ တင့်တယ်သော။ ဝံသံ= မန္တလေး သာသနဝံသံ= မန္တလေးသာသနာဝင် တေဝိသတိမတွဲကျမ်းကို။ ကရိဿာမိ= ဂန္ထဓူရကိစ္စလပ်လျား ချိန်အကြား၌ ရေးသားပြုပြင် စီရင်ပေအံ့။

[ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် သာသနာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်, နောင်တွင် ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဝင်, နိုင်ငံတော်ကောင်စီ ဝင်, နိုင်ငံတော်ကောင်စီဝင်(အငြိမ်းစား),နိုင်ငံဂုဏ်ရည် ပထမဆင့်ရသူအဖြစ်စသည်ဖြင့် ထင်ရှားသော M.A M.S. B.L-ဒါယကာကြီး ဦးလှမောင်နှင့် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်, နောက်တွင် ပြည်ထဲရေးနှင့်သာသနာ-ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်ညွှန့် (ဗိုလ်မှူးကြည်ညွှန့်)တို့သည် မိမိအား မန္တလေး သာသနာဝင်ကျမ်း ကြီးများ ပြည့်စုံအောင် ရေးသားချီးမြှင့်ပါရန် အကြိမ်ကြိမ် တောင်းပန်လျှောက်ထားကြသည်။ သို့နှင့် မိမိသည် မန္တလေး သာသနာဝင် တေဝိသတိမတွဲကျမ်းကြီးကိုလည်း ရေးသားပြုစီရင်မည်ဟူလို။]

ပဌမ, အဘိယာစက, ပဋိညာဉ်ပြီး၏။

# ပက်ိဏ္ဏကကဏ္ဍ

## မန္တလေးသမိုင်းအကျဉ်း

မန္တလေးမြို့တော်သည် သာယာလှသည်၊ တင့်တယ်လှသည်၊ မန္တလေးမြို့တော်၌ သိန်းပေါင်းများစွာအိမ်ခြေ, သန်းနှင့်ချီအရေအတွက်ရှိသော လူတို့နှင့် ပြည့်နှက်နေသည်။ တရုပ်, ကုလား, မြန်မာ, ရှမ်းစသည့် လူမျိုးတွေလည်း စုံလှသည်။ အသပြာငွေကြေးရှိလျှင် ဘာပစ္စည်းမဆို လိုရာရသည့်မြို့လည်း ဖြစ်သည်။

မဟာမြတ်မုနိ, အိမ်တော်ရာ, သကျသီဟ, မန္တလေးတောင်စသည့် လှေလာစရာ ဖူးမြော်စရာ ကုသိုလ်ပုညပြုစရာ စေတီပုထိုးအမျိုးမျိုးတို့မှာလည်း တန်ခိုးတေဇော်ကြီးတော်မူလှသည်။

မန္တလေးမြို့၌ အဘယာရာမတိုက်, ဒက္ခိဏာရာမဘုရားကြီးတိုက်, ရွှေရေးဆောင်တိုက်, ဝိသုဒ္ဓါရုံတိုက်, မစိုးရိမ်တိုက်ဟောင်း/တိုက်သစ်, စကုတိုက်, ခင်မကန်တိုက်, မိုးကောင်းတိုက်စသည့် ကျောင်းတိုက်ကြီးများသည်လည်း ဘုရားရှင်လက်ထက် ဇေတဝန်, ဝေဠုဝန်စသည့် ကျောင်းတိုက်ကြီးများ၊ သီဟိုဠ်ကျွန်း (သီရိလင်္ကာနိုင်ငံ) မှ မဟာဝိဟာရကျောင်းတိုက်စသည့် ကျောင်းများနှင့် စံပြုထိုက်သည့် ရဟန်းသာမဏေများအား လောကုတ္တရာဆိုင်ရာ ဂန္ထဓုရအဝဝတို့ကို သင်ပေးရာကျောင်းတိုက်ကြီးများမှာလည်း ရာနှင့်ချီ၍ တည်ရှိလေ သည်။

မင်းတုန်းမင်း, သီပေါမင်းဓမ္မရာဇ် မင်းနှစ်ပါး စိုးစံတော်မူခဲ့သည့် နန်းတော်ဟောင်းကြီးကိုလည်း မျက်တွေ့ထင်ထင် တွေ့မြင်နိုင်လေသည်။

လောကီဖက်ဆိုင်ရာ အတတ်ပညာအမျိုးစုံ သင်ပြပေးသည့် တက္ကသိုလ်, ကောလိပ်, အင်စီတီကျူစသည့် ဝိဇ္ဇာလယများလည်း များစွာရှိသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံ၌နေသူ ရှင်လူတိုင်းလိုလို မန္တလေးသို့ အနည်းဆုံး တခါတခေါက် အရောက်သွားလေ့ရှိကြသည်။

## မန္တလေးမြို့တော်ကြီးတည်ခြင်း

"မင်းတုန်းညီလှ ဇယဒ္ဓ ဧကေဆဗ္ဗိယူ"ဟူသည်နှင့်အညီ မင်းတုန်းမင်းသားသည် သက္ကရာဇ် ၁၂၁၄-ခုနှစ်တွင် နောင်တော် ပုဂံမင်းကို နန်းချ၍ အမရပူရမြို့တော်၌ နန်းစိုက်၍ မြန်မာနိုင်ငံကို စိုးအုပ်မင်းပြုတော်မူခဲ့လေသည်။ မင်းတုန်းမင်းသားသည် အမရပူရ မြို့ဟောင်း၌ နန်းစိုက်ပြီး သက်ဆုံးတိုင်စံတော်မူရန် ငြီးငွေ့ခဲ့လေသည်။ သို့ဖြစ်၍ မန္တလေးတောင်အနီး မြို့သစ်တည်ထောင်စံနေရန် အတန်တန် ရဟန်းရှင်လူတို့အား လျှောက်ထားမြွက်ကြားတော်မူခဲ့ လေသည်။

သို့ရာတွင် အမရပူရမြို့တော်ရှိ ရဟန်းပညာရှင်, လူပညာ ရှင်များစွာတို့က မြို့သစ်တည်ရလျှင် ဒုက္ခတွေအလွန်များလှသဖြင့် သက္ကရာဇ် ၁၂၁၅-ခုနှစ်၊ တော်သလင်းလဆန်း (၉)ရက်နေ့တွင် မစိုးရိမ်တိုက်၌ စည်းဝေး၍ "အမရပူရက ဘယ်မှမပြောင်းရ"ဟု ဆုံးဖြတ်ကြကာ နတ်တော်လဆန်း (၁၁)ရက်နေ့တွင် အမရပူရက မပြောင်းသင့်ကြောင်း စာရေးသွင်းလေသည်။

မင်းအလိုလိုက်သည့် ရဟန်းတော်များ, လူပုဂ္ဂိုလ်များ တချို့ ကမူ မင်းတရားကြီး အလိုဆန္ဒအတိုင်း ပြောင်းရွှေ့သင့်ကြောင်း စာသွင်းကြ, သံတော်ဦးတင်ကြသည်။ သက္ကရာဇ် ၁၂၁၈-ခုနှစ်၊ တန် ဆောင်မုန်းလဆန်း (၃)ရက်နေ့တွင် မြို့သစ်တည်မည့်နေရာကို သွား ရောက်ကြည့်ရှုကြလေသည်။ တန်ဆောင်မုန်းလဆန်း (၄)ရက်နေ့တွင် ရှေးစာဟောင်းများနှင့်ညှိပြီး မြို့သစ်စီရင်ခြင်း စီရင်ဖွယ်စာတန်းပြုစု ရေးသားပြီး သွင်းစေမိန့်တော်ထွက်လာလေသည်။ ပြာသိုလ်လပြည့် ကျော် (၄)ရက်နေ့တွင် မန္တလေးမြို့တော်သစ် တည်စေအမိန့်တော် ထွက်လာလေသည်။ မင်းတုန်းမင်း စိတ်မြန်ကိုယ်မြန် ကြာလျှင် မတည်ဖြစ်မည်စိုး၍ မြန်မြန်ဆန်ဆန် အမိန့်တော်ထုတ်ခြင်းဖြစ်လေ သည်။

သက္ကရာဇ် ၁၂၁၈-ခုနှစ်၊ တပို့တွဲလဆန်း ၈-ရက်နေ့တွင် မြို့သစ်နေရာ၌ တောခုတ် ပရိတ်ရွတ် မြေသန့်စေတော်မူခဲ့လေသည်။ တပို့တွဲလဆန်း ၉-ရက်နေ့မှစ၍ မန္တလေးမြို့တော်သစ်နေရာ ပတ်ဝန်းကျင်တစ်ခုလုံး နှစ်လအတွင်း ဆည်ဖို့ ကန်ပြင် မြေညှိစသည့်လုပ်ငန်းကို အပြီးပြုလုပ်စေတော်မူခဲ့လေသည်။

တပို့တွဲလပြည့်ကျော် ၅-ရက်နေ့တွင် ရွှေမြို့တော်နေရာ နန်းတော်ကို အခါတော်နှင့် နေ့ကျော်သားတို့ စ၍ မြေပြင်ဆင် ညီညွတ်အောင် ပြုလုပ်တော်မူသည်။

သက္ကရာဇ် ၁၂၁၈-ခုနှစ် တပေါင်းလဆန်း ၁၂-ရက်နေ့တွင် နန်းတော်ရာကို ရွှေထွန်, ငွေထွန်များဖြင့် ထွန်စေတော်မူလေသည်။ တပေါင်းလပြည့်ကျော် ၅-ရက်နေ့တွင် နန်းမြို့ရာတွင် အနောက်မြောက်ထောင့်၌ ယာယီစံနန်းတော်ကို စတင်ဆောက်လုပ်စေတော်မူခဲ့လေသည်။

သက္ကရာဇ် ၁၂၁၉-ခုနှစ် ဝါဆိုလဆန်း ၁၂-ရက်နေ့တွင် မြို့သစ်အလုပ်အဆောင်များကို မင်းတရားကြီးကိုယ်တိုင် ကြီးကြပ်ရန် ရည်ရွယ်တော်မူ၍ ယာယီနန်းပြောင်းစံတော်မူခဲ့လေသည်။ ဝါခေါင်လဆန်း ၄-ရက်နေ့တွင် နန်းတော်ရာပတ်လည်တွင် သစ်တပ်စတင်ပြုလုပ်တော်မူခဲ့လေသည်။ ဝါခေါင်လဆန်း ၆-ရက်နေ့တွင် မြို့သစ်အလုပ်ဆောင်များကို မင်းတရားကြီးထွက်တော်မူ၍ ရှုစားတော်မူခဲ့လေသည်။ ဝါခေါင်လပြည့်ကျော် ၃-ရက်နေ့တွင် နန်းတော်အတွက် သစ်စတင်ခုတ်တော်မူခဲ့လေသည်။

သက္ကရာဇ် ၁၂၁၉-ခုနှစ် တော်သလင်းလပြည့်ကျော် ၂-ရက်နေ့တွင် စွယ်တော်စင်, ပဟိုရ်စင်တို့ကို စတင်ပြုလုပ်တော်မူခဲ့လေသည်။ တန်ဆောင်မုန်းလပြည့်ကျော် ၆-ရက်နေ့တွင် နန်းတော်သစ်များ စတင်၍ ခွဲလေသည်။ နတ်တော်လဆန်း ၈-ရက်နေ့တွင် သစ်များခွဲရန် လွှတ်ကြသည်။ နတ်တော်လဆန်း ၁၂-ရက်နေ့တွင် နန်းမြို့တော်ပန္နက်ချ အုတ်များ စတင်ပြုလုပ်ကြလေသည်။ ပြာသိုလပြည့်ကျော် ၄-ရက်နေ့တွင် ပန္နက်အုတ်မြစ်ချသည်။

မှန်နန်းတော်ဆောင်ကြီးအတွက် သစ်များ ငင်ရလေသည်။ ပြာသိုလဆန်း ၇-ရက်နေ့တွင် နန်းတော်အပြောက်အမွမ်း စတင် ထုလုပ်ကြလေသည်။ ပြာသိုလဆန်း ၁၁-ရက်နေ့တွင် အုတ်နံရံ အုတ်ပြား စတင်လုပ်ရသည်။ ပြာသိုလဆန်း ၁၄-ရက်နေ့တွင် နန်းတော်မှာ အသုံးပြုရန် သံများ စချွန်ကြရသည်။ ပြာသိုလပြည့်ကျော် ၂-ရက်နေ့တွင် နန်းတော်သစ်များ ဆေးကြောရလေသည်။ ပြာသို လပြည့်ကျော် ၆-ရက်နေ့တွင် နန်းတော်သစ်များ ရွှေကြရသည်။ ၁၂၁၉-ခုနှစ် ပြာသိုလပြည့်ကျော် ၇-ရက်နေ့တွင် အမရပူရနန်းတော် ဟောင်းက မင်းရုပ်ထုတွေ ပြောင်းရွှေ့ယူဆောင်ကြလေသည်။ တပို့တွဲ လပြည့်ကျော် ၁-ရက်နေ့တွင် နန်းတော်ငြမ်းတိုင် ပန္နက်ချလေသည်။ တပေါင်းလပြည့်ကျော် ၆-ရက်နေ့တွင် ဆောင်ပုံစံ တင်လေသည်။ ၁၂၁၉-ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၁၃-ရက်နေ့တွင် နန်းတော်ဒူရင်တွေမှာ ကပ်ရန် ပရိတ်တော်ရွှေပြားမှာ ရေးရလေသည်။

၁၂၂၀-ပြည့်နှစ် ကဆုန်လဆန်း ၇-ရက်နေ့တွင် ပြာသာဒ်တော်ကြီး ထီးတင်လေသည်။ ဒူရင်, ကြေးကွေ, အမွှမ်းအပြောက်တင်, နန်းမြင့်ပန်းခုံ, တံခါးခုံ, မြို့ရိုး အုတ်မြစ်ချကြလေသည်။ ကဆုန်လဆန်း ၉-ရက်နေ့တွင် ကျောက်သေတ္တာနှင့် အင်းများ မြှုပ်နှံကြလေသည်။ ၁၂၂၀-ပြည့်နှစ် ကဆုန်လပြည့်ကျော် ၁၁-ရက်နေ့တွင် နန်းတော်ပြာသာဒ်ကြီး မိုးကြိုးပစ်လေသည်။ ပလ္လင်တော်ကိုးရပ်ကိုလည်း တပ်ဆင်ကြလေသည်။ ၁၂၂၀-ပြည့်နှစ် ဒုတိယဝါဆိုလဆန်း ၆-ရက် နေ့တွင် နန်းမြို့တော်ကို လေးကျွန်းအောင်မြေ, နန်းတော်ကို မြနန်းစံကျော် သမုတ်ပြီးလျှင် နန်းသိမ်းတော်မူခဲ့လေသည်။ ပဟိုရ်စည်တော်နှင့် ဇာတ်စည်တော်ကိုလည်း စတင်တီးစေတော်မူလေသည်။

သက္ကရာဇ် ၁၂၂၁-ခုနှစ် တန်ခူးလပြည့်ကျော် ၁၀-ရက်နေ့တွင် မန္တလေးမြို့တော်ကြီး တည်စေအမိန့်တော် ထုတ်ပြန်တော်မူလေသည်။ ကဆုန်လဆန်း ၁၄-ရက်နေ့တွင် မြို့တော်ရာဌာန အုတ်မြစ်ချရန် ကျင်းများတူးကြ၊ မြို့လေးထောင့်၌ ဆီအိုးကြီးများ မြှုပ်ကြလေသည်။ ၁၂၂၁- ခုနှစ် ကဆုန်လပြည့်ကျော် ၆-ရက်နေ့တွင် မြို့တော်

ခုနစ်ဌာန အုတ်မြစ်ချ၊ နန်းမြို့တော်တံခါးတော် ၁၂-ရပ်၌ ပြအိုး ပြာသာဒ်တိုင်ထူ တံခါးအမည်နှင့် မော်ကွန်းတိုင်စိုက်ထူတော်မူခဲ့လေသည်။

ဤသို့စသည်ဖြင့် ပဥ္စမသံဂါယနာတင် မင်းတုန်းမင်းသားကြီးသည် မန္တလေးမြို့တော်ကြီးကို အုံမခန်းအောင်တည်ဆောက်ပြီး စံတော်မူကာ အမျိုးဘာသာ သာသနာ တိုးတက်စည်ကားအောင် လုပ်ဆောင်တော်မူခဲ့လေသည်။ ပဥ္စမသံဂါယနာတင် မင်းတုန်းမင်းသားကြီးသည် တိုင်းပြည်, သာသနာ နှစ်ဖြာလုံး ပြုစုဆဲဖြစ်စဉ် သက္ကရာဇ် ၁၂၄၀-ပြည့်နှစ် သီတင်းကျွတ်လဆန်း ၆-ရက်နေ့တွင် နတ်ရွာစံတော်မူခဲ့လေသည်။

## မင်းသားကြီး ဂုဏ်ပုဒ်များ

မင်းတုန်းမင်းသားကြီးကား ရတနာသုံးပါးကို လွန်စွာရိုသေသည်။ သနားတတ်သည်၊ သစ္စာရှိသည်၊ စိတ်နှလုံးတော် ဖြောင့်သည်၊ သဘောအားဖြင့် ပြည့်ဝတော်မူသည်။ အမြော်အမြင်အရာတွင် ပညာကြီးမားသည်။ ပြည်သူတို့အကျိုးကို ထာဝစဉ်ကြည့်တော်မူသည်။ ရက်စက်ကြမ်းကြုတ်မှုကို မလိုလား။ မိမိက ဗုဒ္ဓဘာသာဝင်ဖြစ်သော်လည်း ပညာသင်ကြားရေးကို လိုလား၍ ခရစ်ယာန်ဆရာမှတ်ကျောင်းကို ချီးမြှင့်အားပေးတော်မူသည်။

မင်းတုန်းရာဇာ သုဘူပါလော၊ ပသန္နော ရတနတ္တယေ။
သစ္စကာရီ ဥဇုကာရီ၊ ဒီဃဒဿီ သုမီဟိ ဝေ။

*** ♦ ***

## သီပေါမင်းနန်းတက်ခြင်း

ပဥ္စမသံဂါယနာတင် မင်းတုန်းမင်းသားကြီး နတ်ရွာစံသဖြင့် သားတော်သီပေါမင်း နန်းတက်လေသည်။ သီပေါမင်းနန်းတက်စတွင် အင်္ဂလိပ်တို့နှင့် မဟာမိတ်ဖြစ်၍ သာကြည်စွာဆက်ဆံမည့်လက္ခဏာ ရှိသော်လည်း မကြာမီပင် အင်္ဂလိပ်အစိုးရတို့နှင့် မတင့်မသင့်ဖြစ်လာခဲ့လေသည်။ ယင်းသို့ မသင့်မတင့်ဖြစ်လာကာ သက္ကရာဇ် ၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈-ရက်နေ့တွင် အင်္ဂလိပ်တို့သည် မင်းနှင့်တကွ တစ်မြို့လုံးကိုရ၍ သီပေါမင်းနှင့် မိဖုရားကို ပဋမတွင် မဒရပ်သို့ ဆောင်ယူ၍ နောက်တွင် ဘုံဘေနယ် ရတနာဂီရိတွင် ထားလေသည်။ သက္ကရာဇ် ၁၂၇၈-ခုနှစ် နတ်တော်လပြည့်ကျော် ၉-ရက်နေ့တွင် သီပေါမင်းနတ်ရွာစံခဲ့လေသည်။ ၁၂၈၇-ခုနှစ် နတ်-တော်လဆန်း ၁၀-ရက်နေ့တွင် မိဖုရားကြီး စုဖုရားလတ် ရန်ကုန်မြို့ စံအိမ်တော်တွင် နတ်ရွာစံခဲ့လေသည်။ [၁]

## သံဝေဂယူရန်

ဟာ သံယောဂါ ဝိယောဂန္တာ၊ ဟာ အနိစ္စာဝ သင်္ခတာ။

သံယောဂါ= ဆရာတပည့် မိဖနှင့်သား အစထား၍ များလှဖုံဖုံ လောကတိုက်ဘုံဝယ် ကြုံကြိုက်စပ်နွှဲ ယှဉ်တွဲပေါင်းဆုံခြင်းဟူသမျှတို့သည်။ ဟာ ဝိယောဂန္တာ= ဩော်- ကွေကွင်းကွဲကွာခြင်းလျှင် အထူးဂိုကုန်ဖွတကား။ သင်္ခတာ= ကံ, စိတ်, ဥ, ဟာ ကြောင်းလေးဖြာတို့ပေါင်းကာပြုပြင် စီရင်အပ်သမျှ သင်္ခါရတရားတို့သည်။ ဟာ အနိစ္စာဝ= ဩော်- အရှည်အစွဲ မမြဲကုန်သည်သာတကား။ ။

---

၁။ မန္တလေးသာသနာဝင် အတွဲ ၈။ ပြဲတော်သာသာသနာဝင် ကြည့်။

## ပဋ္ဌမသံဂါယနာတင်နိဒါန်းနှင့် ကျောက်စာမော်ကွန်း

သက္ကရာဇ် ၁၂၉၀-ပြည့်နှစ်က မော်လမြိုင်မြို့ ထားဝယ်စုရပ် အငြိမ်းစား ကျောက်စာဝန်ထောက်မင်း ဦးမောင်မောင် စီရင်လုပ်ဆောင်သည့် ကျောက်စာစာအုပ်ကြီးများတွင် ပါရှိသည့် ပဋ္ဌမသံဂါယနာတင် သေလက္ခရနိဒါန်း (ပဋ္ဌမသံဂါယနာတင်နိဒါန်း)နှင့် ယင်းစာအုပ်ကြီး ပဥ္စမအုပ် စာမျက်နှာ ၁၇-မှ ၂၂-အထိ ပါရှိသော သေလက္ခရပဋ္ဌမသံဂါယနာတင် ကျောက်စာတော်မော်ကွန်းကိုလည်း သာသနာ့သမိုင်း သုတေသီတို့ အလွယ်တကူ လေ့လာနိုင်ရန် ဖော်ပြအပ်ပါသည်။

## ပဋ္ဌမသံဂါယနာတင် သေလက္ခရနိဒါန်း

ရတနာပုံနေပြည်တော်ကြီးကို လက်မွန်မဆွ ပဥ္စမဘန်ဆင်းတည်ထောင်တော်မူခဲ့သော ပဋ္ဌမသံဂါယနာတင် ဆဒ္ဒန်သခင် ဘဝရှင်မင်းတရားကြီးသည် သက္ကရာဇ် ၁၂၁၄-ခုနှစ် တပေါင်းလဆန်း ၁၁-ရက် ကြာသပတေးနေ့ စန်းလဂ်နက္ခတ်ကောင်း အချိန်တွင် ထီးနန်းစည်းစိမ်၏ အထွတ်အထိပ်သို့ ရောက်တော်မူသည်နှင့်တပြိုင်နက် ရှေးရှေးသော ရာဇဂြိုဟ်မင်း, ဝေသာလီမင်း, ပါဋလိပုတ်မင်း, သီဟိုဠ်မင်းတို့သည် သက်တော်ရှစ်ဆယ် ဝါတော် ၄၅-ဝါ ကာလပတ်လုံး ဟောကြားတော်မူခဲ့သော ဘုရားရှင်ကိုယ်တော်မြတ်၏ ဓမ္မက္ခန္ဓာရှစ်သောင်းလေးထောင်တို့ကို တစ်လုံးတစ်ပါဒ သဝေပုဒ်မှစ၍ သာသနာ ငါးထောင် စေ့ကုန်အောင် တည်ထွန်းသမျှကာလပတ်လုံး ချွတ်ယွင်းတိမ်းပါး မပျက်ပြားစေခြင်းအကျိုးငှာ သံဂါယနာကို တင်တော်မူခဲ့သော ရှေးမင်းတို့၏ ထုံးအစဉ်ကို နှလုံး၌ ဆင်ယင်ပြီးလျှင် ပဋ္ဌမသံဂါယနာကို တင်အံ့ဟု နှလုံးစိတ်ဝမ်း ရွှင်လန်းတော်မူပြီးခါ သဒ္ဓါဟုန်ပီတိ ဝွမ်းဆီထိသကဲ့သို့ အဓိမုတ္တိဆန္ဒဖြင့် တက်ကြွတော်မူပြီးသော

ပဥ္စမသံဂါယနာတင် ဘဝရှင် မင်းတုန်းမင်းတရားကြီးသည် ဝရဇိန် လက်နက် မိုးကြိုးစက်သို့ ထက်မြက်ထွင်းဖောက် မုန်သောက်မာတင် ပြောင်ဆင်ပမာ တိက္ခဂမ္ဘီရာ မေရုသေလာသို့ စူးရှနက်နဲ ဖောက်ခွဲ စိတ်ဖြာ ဉာဏ်ဝဇိရာဟု လက်အောက်မကျန် နှံ့စပ်ကြေပြောတော်မူလှ သော ပိဋကတ္တယဆေက ပိဋကတ္တယကောသလ္လ ပိဋကတ္တယပါရဂူ ဝိဓူပါမောက္ခ ဗဟုသုတဂန္ထန္တရ စုံလင်သဖြင့် စွယ်စုံအသျှင်ဟု နေလ အသွင်ကဲ့သို့ ဂုဏ်အင်္ဂါတို့ဖြင့် ထင်ရှားကျော်ကြားတော်မူကုန်ပြီး၍ သီလက္ခန္ဓ သမာဓိက္ခန္ဓ ပညာက္ခန္ဓတို့ဖြင့် လောက်ငှပြည့်စုံခြင်းကြောင့် ဇမ္ဗူမဆန့် ဘဝဂ်ထိနှံ့အောင် ပျံ့ကျယ်တောက်ပွားကုန်ပြီးသော ဘုရားကြီးဆရာတော်, သစ်ဆိမ့်ဆရာတော်, ပြည်ဆရာတော်, စံကျောင်းဆရာတော်, စလင်းဆရာတော်, မကုဋာရာမဆရာတော် အစရှိကုန်သော ဆရာတော်ကြီးများတို့ကို မြေနန်းဥကင်သို့ ပင့် ဆောင်တော်မူပြီးလျှင် ဘုရားတပည့်တော်သည် သာသနာ့ဒါယကာ မဟာဓမ္မရာဇ်မင်းမြတ်အဖြစ်သို့ ရောက်တော်မူသည့်အတိုင်း သုံးတိုက်လုံးမှန်ကူ သယမ္ဘူဉာဏ်ဌ ဝိသုဓ်နတ်၏ နှုတ်ခပတ်အလာ ဓမ္မက္ခန္ဓာတို့ကို ကျနသေချာ သေလက္ခရာဖြင့် သံဂါယနာတင်လို ကြောင်းဖြင့် ဦးခေါင်းညွတ်သ လျှောက်တောင်းပန်ခရာတွင် ထိုအခါ ဆရာတော်ဘုရားကြီးတို့၏ စိတ်နှလုံးဝယ် ရွှင်ပြုံးပီတိ ပျံ့အီဖရဏာ ရေတွေ့သောကြာသို့ ဝမ်းမြောက်စွာဇောပွားပြီးလျှင် ဆင်ပြောင်ကြီး အလားကဲ့သို့ ကြွားကြွားမြင့်မြင့် ဗျတ္တိဂုဏ်ဆင့်၍ အမုန်ရင့်စွာ အာမခံကြပြီးသောအခါတွင် သာသနဒါယကာ မဟာဓမ္မရာဇ်မင်းတရား မင်းစစ်ကြီးသည် မြို့တော်ဝန်းလျှား ဆရာတော်ဘုရားကြီးများ ကို စိစစ်ရွေးချယ်၍ ဘုရားကြီးဆရာတော်ကို အမျူးထား၍ မင်းကြီး ဦးဖားနှင့်တကွ ခန့်ထားတော်မူပြီးမှ မြို့ပြင်မြို့ပ သတ္တိဗလ ဗျတ္တိ ဝိသာရဒဂုဏ် လုံးစုံမြောက်များ ကျောက်သံပတ္တမြားကဲ့သို့ ထင်ရှား ကျော်ကြားကုန်သော ရဟန်းပညာရှိ လူပညာရှိတို့ကို သိမ်းကြုံးသွတ် သွင်းပြီးလျှင် ပဥ္စမသံဂါယနာကို စလင်းသားကျောက်ထက်ပြင်တွင် တင်တော်မူသော ပါဠိတော်မြတ် နှုတ်ခပတ်ဓမ္မက္ခန္ဓာသည် ရှည်ကြာ

တည်ရစ် ငါးထောင်ခေတ်တိုင်တိုင် မယိမ်းမယိုင် တောင်မဏ္ဍိုင်သို့ ကြံ့ခိုင်မြဲမြဲ သင်အံပြီးခါ ဘာဝနာနှင့် ပညာဖောက်ထွင်း သာသနာ ရောင်လင်း၍ အာသဝေါကင်းကြစေကုန်သတည်း။ ။

## မဟာလောကမာရဇိန်တံတိုင်းအတွင်း ကျောက်ရေး ပိဋက ၃-ပုံ နိဂုံး ကျောက်စာတော်

ကတွာန ဒုက္ကရံ ကမ္မံ၊
ယော ပတ္တော ဗောဓိ'နုတ္တရံ။
လောကော တဿ ပါဒဒွန္ဒံ၊
သဒေဝကော နမဿတိ။

ယော ဗုဒ္ဓေါ= အကြင်ဥ ယျငါးဖြာ လေးသစ္စာကို ဆရာ မရှိ သိတော်မူ၍ နတ်လူများစွာ သတ္တဝါအပေါင်းကို သိစေတော်မူ တတ်သော သဗ္ဗညုရှင်တော်ဘုရားသည်။ ဒုက္ကရံ= သမ္မာဆန္ဒ လုံ့လ ပညာ သဒ္ဓါတရား အားမကြီးသူ လူသာမန်တို့ ပြုနိုင်ခဲသော။ ကမ္မံ= သုံးလီစရိယ စာဂငါးခု မြတ်ကောင်းမှုကို။ ကတွာန= သဒ္ဓါ လုလု ပြုတော်မူခြင်းကြောင့်။ အနုတ္တရံ= မိမိထက်လွန် မြတ်သောဓမ္မ မရှိထသော။ ဗောဓိံ= သဗ္ဗညုတဉာဏ် အရဟတ္တမဂ်ဉာဏ်သို့။ ပတ္တော= ရောက်တော်မူ၏။ တဿ ဗုဒ္ဓဿ= ထိုဥ ယျငါးဖြာ လေးသစ္စာကို ဆရာမကူ သိတော်မူ၍ နတ်လူများစွာ သတ္တဝါ အပေါင်းကို သိစေတော်မူတတ်သော သဗ္ဗညုတရှင်တော်ဘုရား၏။ ပါဒဒွန္ဒံ= တရာ့ရှစ်ကွက် စက်လက္ခဏာဖြင့်မှတ်အပ်သော ခြေတော် အစုံကို။ သဒေဝကော= သမုတိနတ် ဥပပတ္တိနတ်နှင့်တကွသော။ လောကော= သတ္တဝါအပေါင်းသည်။ နမဿတိ= ဦးခိုက်၏။

သက္ကော ဝိယ ဒေဝါလယေ၊
အယံ နောခ မဟီတလေ။
ဓမ္မဥ္စ ရသတ္တုဋ္ဌယာ-
ဒိဂုဏောဟိ ပဘာသတိ။

နော= ငါတို့၏။ အယံ မဟာဓမ္မရာဇာ= ဤပဥ္စမသံဂါယနာတင် ဘဝရှင် မင်းတရားကြီးသည်။ ဒေဝါလယေ= တာဝတိံသာနတ်ပြည်၌။ သက္ကော ဝိယ= သိကြားမင်းကဲ့သို့။ ဣခ မဟီတလေ= ဤဇမ္ဗူသောင်းခွင် မြေအပြင်၌။ ဓမ္မဥ္စ ရသတ္တုဋ္ဌယာဒိဂုဏောဟိ= တရားဆယ်ပါး ကျင့်တော်မူခြင်း ရန်အောင်ခြင်းစသော ဂုဏ်တို့ဖြင့်။ ပဘာသတိ= ထွန်းတောက်ပတော်မူ၏။

သိလာယံ ဓမ္မလေခဿ၊
တိက္ခသဒ္ဓေန သာသနေ။
သိဒ္ဓဿ ဒီပကန္တေန၊
ကဿံ ပါသာဏလေခိတံ။

သာသနေ= သဗ္ဗညုရှင်တော်ဘုရား သာသနာတော်၌။ တိက္ခသဒ္ဓေန= ထက်သန်သော သဒ္ဓါပသန္နရှိတော်မူသော။ တေန မဟာဓမ္မရာဇေန= ထိုပဥ္စမသံဂါယနာတင် ဘဝရှင် မင်းတရားကြီးဘုရားသည်။ သိလာယံ= သလင်းကျောက်ဖျာ၌။ ဓမ္မလေခဿ= ရေးထုတော်မူစေအပ်သော ပိဋကတ်ကျောက်စာတော်၏။ သိဒ္ဓဿ= အပြီးတိုင်ရောက်သည်ကို။ ဒီပကံ= ပြတတ်သော။ ပါသာဏလေခိတံ= ကျောက်စာသံပိုင်းကို။ ကဿံ ကရိဿာမိ= ရေးထုပေအံ့။

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ကာဠာဝကဂင်္ဂေယျဟု ဝံသမျိုးပြား ဆင်ဆယ်ပါးမှ ပွားများပတ်ရစ် နွယ်မျိုးဖြစ်၍ ရှစ်ရပ်ဒိသာ ခန်းဝါပိတ်ဆို့ သံမြို့ဆယ်ထပ် ခံနှင့်ရပ်လည်း ရွပ်ရွပ်ပျက်ကြေ ရေမကြည်ရ မုဟုတ္တဖြင့် ခဏပိုင်ပိုင် တိုက်လှည်းနိုင်သော အသိန်းမကသော ဆင်ရတနာမျိုးတို့၏ အရှင်တမူလည်း ဖြစ်ထသော။

ဝလာဟက သိန္ဓဝဟု သိန္ဓုမြစ်နား မွေးဘွားနွယ်စ မိုးဝကောင်းကင် စိုင်းနှင်ပျံတက် ကြာတောချက်ဝယ် တရွက်ကြာချပ်ကြွင်းလပ်မရှိ ကြည်းတိတိသို့ ထိကာနင်းသွား လက်ဝါးပြန့်ပြန့် ဖြန့်ကာဝန်းလျှက် ထိုအထက်ဝယ် လေးဘက်စုံပြိုင် ရပ်စွမ်းနိုင်သော ကြံ့ခိုင်ကြီးမား ခွန်အားတန်ခိုး မျိုးရိုးဆက်မှန် စိတ်ထက်မြန်၍ ရန်အသချေ တွက်ရေဖြိုးထပ် သူကတပ်ကို ရွပ်ရွပ်နှိပ်နင်း တစ်စီးချင်းဖြင့် တောက်ထွင်းလွယ်ကူ နှုန်းတူမမျှ ဇာနေယျစစ် ဘုန်းကျိုးလှစ်သော အထူးထူးသော မြင်းရတနာတို့၏ အရှင်တမူလည်း ဖြစ်ထသော။

မုတ္တာမုတ္တ အမုတ္တနှင့် သိကြားလက်ချိန် ဝရဇိန်ကဲ့သို့ အရှိန်အဝါ တေဇာလျှံလက် နှစ်ဘက်သုံးဘက် လေးဘက်အသွားဘွားဘွားမိုးယံ မီးလျှံလျှပ်ရောင် တောတောင်သမုဒ္ဒရာ စက္ကဝါချင့်ထောက်ရည်တိုင်းရောက်သော အထူးထူးသော လက်နက်ရိန္ဒမာစကြာမျိုးတို့၏ အရှင်တမူလည်း ဖြစ်ထသော။

ပတ္တမြားတွင်း ရွှေတွင်းငွေတွင်း ပယင်းကျောက်စိမ်း ရှိမ်းရှိမ်းရောင်ညီ မဏိပဗ္ဗတ ဝေပုလ္လနှင့် မည်ရထွက်ဘွဲ့ ငါးဆယ့်ခြောက်ဌာန် အမွန်ရတနာ တည်ရာပြဌာန်း အခန်းခန်းတို့မှ ထူးဆန်းလျှံလူ အဖြူအဝါ သိင်္ဂါခြည်ရောင် မိုးခေါင်တက်ပျံ ပိုးပရံစစ် နန္ဒင်းနှစ်သွေး ရွှေရေးငွေရေး စွေးစွေးနီရင့် မိုးစွေပွင့်လို ကြာညိုပွင့်စ ပမာဏသို့ တရာ့ငါးဆယ့်ခြောက်သွယ် ပကတိကြိုးပေါင်းညီသော မဏိစန္ဒာရတနာမျက်ပျံ ဝင်းလျှံကျောက်ပေါင်း ရစ်သောင်းမက လေးထောင်

ရသော အနဂ္ဃမြတ်စွာ ရတနာမျိုးတို့၏ အရှင်တမူလည်း ဖြစ်ထသော။

ဆင်စီးမြင်းစီး ရထားစီးနှင့် သင်းသီးတကွဲ သူရဲထူးလည်း လှံရှင်အဲမောင်း ကာတောင်းဒိုင်းလွှား လေးမြားမီးပေါက် အမြောက်စိန်ပြောင်း သောင်းသောင်းထိတ်ထိတ် မြေပြင်ပိတ်၍ အတိတ်ရှေးက ဝိဒေဟာဝယ် ဖျဖျညီညာ မင်းတရာတို့ ဗိုလ်ပါညီညီ ခေါ်ဘာဏီစစ် တဆယ့်ရှစ်ဖြင့် ပတ်ရစ်ကြွေးကြော် ရဲလတ်သော်လျှင် မဟော်ပဏ္ဍိ မှန်းတိုင်းသိသား ပါရမီရှင်ဉာဏ်အမြင်ဖြင့် ကြာတင်မလင့် မှန်းလိုက်လွင့်က မဖင့်မခို မွေးတိုင်းကိုယ်နှင့် ယွင်းယိုကြေပျောက် ပျက်စီးရောက်သို့ ရွှေမှောက်ဘုန်းတက် ရှင်မှူထွက်က သက်မမှတ်ခြင် အဆောတလျင် ဘမ်းငင်ရုတ်ရုတ် ဦးလည်နှုတ်အံ့ သုတ်သုတ်လျှင် မြန် ရဲစွမ်းအန်နှင့် ရန်အမည်မည် အတည်တည်ကို ရေကြည် မနောက် ကြွင်းမဲ့ဖျောက်နိုင်သော အသိန်းမကသော ဗိုလ်မှူးတပ်ကဲး သူရဲတကာတို့၏ အရှင်တမူလည်း ဖြစ်ထသော။

မင်္ဂလာရိပ်မြုံ ရွှေဘုံလျှံပတ် ပြာသာဒ်သွန်းသွန်းတင့်တယ် အံ့ဘွယ်မဆိတ် ကရဝိတ်မည်ခေါ် ရွှေဘောင်တော်နှင့် ရွှေလှော် စွေးစွေး ရောင်လျှံပေးသား လက်ရွေးမင်္ဂလာ ဂင်္ဂါဇေယျ စသည် တကွဲး တိုး၊ ကျွဲ၊ မိကျောင်း ဥဒေါင်း၊ဟသ်ာ သာရကာက သာရ ဗိမာန် လျှင်ထန်လက်တု သုံးလုပူဇော် ရေပေါ်ကြွားကြွား မင်းတရား စက်လက်မြန်ပြိုင်တု သုံးလုတောက်ပ ဒွါလောင်းစသား ဖြင်မျှ ညီးညီး ရွှေရဉ်စီးလျှက် အံ့ခြီးထင်ပေါ် လှော်ကားတော်နှင့်တကွ စိန်ပန်းစိန်တုံး မြကုံးမင်းစံ ဝင်းလျှံရောင်ပြေး ရန်ဝေးရန်နင်းစသော လှေတော်၊ မြနန်းစကြာ စကြာယဉ်မွန် ဒေါင်းယဉ်ပျံ ရေနန်းစကြာ စကြာယဉ်ပျံ မြနန်းယဉ်သာ ရေနန်းယဉ်သာ စသောသဘော်၊ သမ္ဘန် ကတ္တူလွန်းကြင် လှေပုံရင်တို့ဖြင့် ရေပြင်စံပျော် ထွက်ရှုမျှော်က ရှေးသော်နရပတိ ဘုန်းရှိမင်းဖျား မြင်းမိုရ်သွားနှင့် ခမ်းနားဗိုလ်ပါ ညီမောစွာလိမ့် ကြေညာအောက်ထက် ရဲမက်ထပ်တူ သုံးယူဇနာ

ဘယ်ညာမဆိတ် မြစ်လုံးပိတ်မျှသော ဘောင်တော် လှေတော် လှော်ကားတော် သင်္ဘောတော်တို့၏ အရှင်တမူလည်း ဖြစ်ထသော။

ကကုသန် ကောဏာဂုမ် ကဿပ ဂေါတမဘုရားရှင်တို့၏ သန့်သက်တော် တောင်ဝှေးတော် ဒုကုဋ်တော် ဆံတော် ဌပနာ ရသော ရာမညတိုင်း ဥက္ကလာပ မြို့ရန်ကုန်အရပ်ရပ်ဝယ် သိင်္ဂုတ္တရ တောင်ထိပ်၌ အရပ်သံတောင် တရာ့ရှစ်ဆယ် ခြောက်တောင် တစ်မိုက် လေးသစ်ရှိသော စေတီတော်တွင် ဘေးလောင်းတော် ဘိုးတော်တို့ တင်ထားသော ထီးတော် အချက်အလက်ပျက်ပြား ယွင်းယိုလျက်ရှိ သည်ကို သာသနာတော် ငါးထောင်ပတ်လုံး မဆုံးမချင်း ထွန်းလင်း တောက်ပစေလိုသော သမာဆန္ဒ ဥဿာဟာသတ္တိ ရဲရဲညီ သည်ဖြစ်၍ စေတီတော်အလုံးကိုလည်း ရွှေအတိမွမ်းမံပြီးလျှင် ရှိရင်း ထီးတော် ထက်တိုး၍ အဘိုးအနဂ္ဃထိုက်သောစိန်, အဘိုးအနဂ္ဃထိုက်သောမြ, အဘိုးအနဂ္ဃထိုက်သော ပတ္တမြားနဝရတ်ကိုးပါးတို့ဖြင့် ချယ် လယ်စီမံ၍ ရွှေသားဆည်းလည်း မိုးကြိုးဆည်းလည်း ငွေဆည်းလည်း စသော များစွာသော ရတနာတို့ဖြင့် ပြည့်စုံစေလျက် ရွှေသားအတိ ဖြစ်သော ထီးအချင်းကိုးတောင်နှစ်မိုက် အရပ်တော်နှစ်ဆယ်ငါးတောင် ရှိသော ရွှေထီးတော်ကြီးကိုလည်း ဇမ္ဗူအလုံး ညွတ်ရုံးကြေငြာ မင်္ဂလာကောင်း ကြီး အောင်စည်တီး၍ ရွှေထီးအသစ် ထပ်ဆင့်တင်လှူတော်မူသည် လည်း ဖြစ်ထသော။

သဗ္ဗညုတဘုရား ပရိနိဗ္ဗာန်စံယူတော်မူသည်နောက် လေးလ ခြောက်ဝယ် ရာဇဂြိုဟ်ပြည်၌ ပဌမသံဂါယနာတင်သော အဇာ- တသတ်မင်း, ဝေသာလီပြည်၌ ဒုတိယသံဂါယနာတင်သော ကာလာ သောကမင်း, ပါဋလိပုတ်ပြည်၌ တတိယသံဂါယနာတင်သော သီရိ ဓမ္မာသောကမင်း, သီဟိုဠ်ကျွန်း၌ စတုတ္ထသံဂါယနာတင်သော ဝဋ္ဋဂါမဏိ မင်းကောင်းမင်းမြတ်တို့ကဲ့သို့ ဇမ္ဗူဒိပ အပရန္တတိုင်းမ ဥသျှောင် ရန် ပေါင်းအောင်သော ရတနာပုံရွှေပြည်ကြီး၌ ပဉ္စမသံဂါယနာ တင်တော် မူမည် ကြံရည်တော်မူလျှင် သာသနာတော်စောင့် သမ္မာဒေဝ နတ် ကောင်း နတ်မြတ်အပေါင်းတို့သည် နှိုးဆော်တိုက်တွန်းအပ်သည်

ဖြစ်၍ သာသနာပြု သုဓမ္မာဆရာတော် ရှစ်ပါးအား လျှောက်ထား ပြီးလျှင် တိပိဋကဓရ သိက္ခာကာမ သီလဝိသုဒ္ဓိဖြစ်သော တံဆိပ်တော် ရ,မရ သံဃာတော်နှစ်ထောင့်လေးရာကျော်တို့သည် ရွှေနန်းပြာသာဒ် တော်ကြီး သီဟာသနရာဇပလ္လင်ရှေ့တွင် ဝိနည်းပိဋကတ်တော်ကို အဦးထား၍ သက္ကရာဇ် ၁၂၃၃-ခုနှစ် တန်ခူးလပြည့်ကျော် ၁၁-ရက်၊ နှစ်ဆန်း ၁-ရက် စနေနေ့ကစပြီးလျှင် အစဉ်သဖြင့်ပေါင်း၍ ပြန်ဆိုသရဇ္ဈာယ်တော်မူကြရာ ၎င်းနှစ် တော်သလင်းလပြည့်ကျော် ၁၄-ရက် အင်္ဂါနေ့ ခြောက်လနှင့် ပြီးစီး၍ ပဥ္စမသံဂါယနာတင်တော် မူခြင်းနှင့် ပြည့်စုံတော်မူသည်လည်း ဖြစ်ထသော။

ထိုတွင်အထူး ကျေးဇူးအာနိသံသ နာတိသင်္ခေပ ပြလသော် ကား သက္ကရာဇ် ငါးရာလေးဆယ်တွင် ပုဂံ နရပတိစည်သူမင်းကြီး၏ သမီးတော် ကျောင်းတော်သည်နှင့် အလောင်းစည်သူမင်းကြီး၏ မြစ်တော် အနန္တသူရိယကို စုံဘက်ရာတွင် သားတော်မင်းသိဒ္ဓိကာက စ၍ ဘဲကြီးရတနာ ဘဲငယ်ရတနာ လမ္ဘူရန္တသူ ပေါက်မြိုင်မင်း ပုလဲမြေနံ စောဒိကာဟူသော နေနတ်နွယ်ရိုးဖြစ်သော ပုဂံမင်းနွယ်က ရတနာပူရမြို့၌ မင်းပြုတော်မူသော ရတနာစေတီဒါယကာ မိုးညှင်း မင်းတရား ဝပါနေ်ရထာ မြောက်ဘက်နေ်ရထာ အသင်္ခယာမင်း နေဝမ်း မင်းရဲထွေး မင်းကြီးရွှေ မင်းဘိုးခင် မင်းစစ်နိုင် သီရိမဟာ ဓမ္မရာဇာ စည်ခဲ့ဖြာ၍ ရတနာသိယ် ပြည်မအုပ်မိုး တည်ထောင်စိုး သော ဘေးလောင်းတော် အလောင်းတော်မင်းတရားကြီး၏ သားတော် အမရပူရ ပဥ္စမမြို့တည် အောင်မြေလောကကျောက်စေတီ သ, သံ, ပု, က တံဆိပ်ခတ်နှိပ်သော စေတီတော်ကြီး၏ဒါယကာ ဆဒ္ဒန် ဆင်မင်းသခင် မင်းတရားကြီး၏ မပြားနွယ်ရစ် မြစ်တော်ချစ်တမူလည်း ဖြစ်ထသော။

ကျွန်းရံခုနစ်ရာကျော်ရှိသော ဓညဝတီ ဒွါရဝတီ ရမ္မာဝတီ မေဃဝတီမည်သော ရခိုင်ပြည်ကို တပွင့်ပန်းနှယ် အလွယ်တကူ သိမ်းရုံးယူသဖြင့် လက်နက်နိုင်ငံဖြစ်စေခြင်း၊ ထိုအခါ သဗ္ဗညုဘုရား ဖြစ်တော်မူ၍ ငါးဝါမြောက်၌ ဓညဝတီပြည်သို့ ဒေသစာရီကြွရောက်

ပကိဋ္ဋကက[illegible]တော်ထွန်း[illegible]ဦးစိုးမြ
[illegible]ရွာဈေး၊ ရန်ကုန်၊

တော်မူခါ စန္ဒသူရိယမင်းလက်ထက် ပဥ္စလောဟာကြေးကို ကိုယ်တော် ထုသွင်းလုပ်သည် မအောင်နိုင် သဗ္ဗညုဘုရားရှင် ရင်ငွေ့တော်ကို ယူ၍ သွန်းလုပ်မှ အောင်မြင်တော်မူသော မဟာမုနိရုပ်ရှင်တော်ကို လူနတ်ပြဟ္မာ သတ္တဝါအပေါင်းတို့ ပူဇော်ကိုးကွယ်ရအောင် ပင့်ဆောင် နိုင်သော ဘုန်းပညာလက္ခဏာအပေါင်းနှင့် ပြည့်စုံတော်မူသော သီရိ မဟာဓမ္မာဘိဇယသီဟသူရ တံဆိပ်နာမံခံသော ရွှေဂူကြီးဘုရား သာယာရွှေဂူကြီးဘုရား ချမ်းသာကြီးဘုရားဒါယကာ မဟာဥပရာဇ် မြေးတော်ချစ်တမူလည်း ဖြစ်ထသော။

ရတနာပူရ စတုတ္ထမြို့တည် ဇာနည်ဧကရာဇ် လောကာ- ဓိပတိဖြစ်တော်မူသော သိရီတြိဘဝနာဒိတျာပဝရပဏ္ဍိတမဟာဓမ္မ- ရာဇာဓိရာဇာ တံဆိပ်နာမံ ခံတော်မူသော အတွင်းပတ္တမြား အပကား ငွေမြုတေဝင်းဝှန် လဗိမာန်ကို ရန်အသူရိန် အရှိန်မို့သမ်း ဘမ်း၍ လွတ်ရာ ထိုအခါ၌ စကြာဝဠာမိုးမြေ ရိုက်ကြိုးစေလျက် ကျက်သရေ မျှို့ယူ တည်တော်မူသော မဟာဝိဇယရံသီ စေတီတော်ဒါယကာ ဘကြီးတော်မင်းတရားကြီးဘုရား၏ တူရင်းတော်မြတ် သမုတိဥက္ကဌ် နာထနတ်တမူလည်း ဖြစ်ထသော။

အမရပူရ ဒုတိယရွှေပြည် ထောင်တည်စိုးချုပ် ဘုန်းကျိုးအုပ် ၍ ထုပ္ပတ္တိတော် ထင်ပေါ်မှတ်သား ဘုန်းတော်အားကို ပိုင်းခြားပိုင် ပိုင် မခြီးနိုင်သော ပါရမီပုညာ ဒဗ္ဗသမ္ဘာရ ကုသလကြောင့် ဝေးကြီး မြေတာ ဟံသာဝတီဒေသ သိင်္ဂုတ္တရတိဂုမ္ဘဝယ် ဘုရားဆံမြတ် မွေ တော်ဓာတ်ကို လေးမြတ်ကော်ရော် ရှိပူဇော်ဟု ရှေးသော်မင်းခေါင် ဒွတ္တပေါင်နှင့် မြန်အောင်ကျော်သောင်း အလောင်းစည်သူ ထိန့်ဆူ မြေပေါ် အနော်ရထာ ရာဇာစောထီး ဘေးလောင်းကြီးတို့ သင်းသီး ချွေရွေ များပိုလ်ခြေနှင့် ကြည်းရေထိတ်ထိတ် ရေမြေပိတ်မျှ မဆိတ် မည် ထွက်စံရှုမျှော် ရှိပူဇော်သို့ ဘုန်းတော်ဂုဏ်တော် ထင်ပေါ်မြတေ ကျက်သရေကို လူပြည်တသွန် သိစိမ့်ညွှန်လျက် ဟေဝန်သမုဒ္ဒရာ မင်္ဂလာမြေခံ မင်းဝံတောင်ညွှန့် ရှည်ဘွယ်ကွန့်သော အညွှန့်သုံးထွေ ဖျားရေရစ်ခြုံ ရွှေတိဂုံကို ရွှေပုံရံပတ် ငယ်ဘော်နတ်က သတ်မှတ်

ခန့်ရှယ် ချစ်ဘွယ်မညီး သားသမီးတော် မျိုးတော်ရံကာ ဗိုလ်ညီလာ ဖြင့် ရတနာဆုကြီး ရည်ပြီးအောင်မြေ ဇမ္ဗူသပြေရောက်ရာ ဇမ္ဗူဒီပါ ထွက်ဪကာ် တမွတ်ဆောက်သဖြင့် သိရီပဝရဒိတျာလောကာဓိပတိ ဝိဇယမဟာဓမ္မရာဇာဓိရာဇာ တံဆိပ်နာမံ ခံတော်မူသော လောက မဏ္ဍိစူဠာ စေတီတော်ဒါယကာ မင်းခေါင်မင်းဖျား မင်းတရား၏ သားတော်မြတ်စစ် ရင်တော်နှစ်တမူလည်း ဖြစ်တော်မူထသော။

ဤသို့လျှင် ဘောဂဗလ ဗာဟုဗလ အတိမစ္စဗလ အမစ္စ ဗလ ပညာဗလ-ဟူသော အားငါးပါး၊ အတ္တညုတ ဓမ္မညုတ မတ္တ ညုတ ကာလညုတ ပရိသညုတ-ဟူသော အမြင်တော်ငါးပါး၊ ပတိ ရူပစက် ပုဗ္ဗေ စ ကတပုညတာစက် အတ္တသမာပဏိဓိစက် သပ္ပုရိ သူပနိဿယစက်-ဟူသော စက်လေးပါး၊ ဂတိသမ္ပတ္တိ ဥပဓိသမ္ပတ္တိ ကာလသမ္ပတ္တိ ပယောဂသမ္ပတ္တိ-ဟူသော သမ္ပတ္တိလေးပါးတို့ဖြင့် ယွင်း ချွတ်မရှိ ပကတိပြည့်စုံတော်မူ၍ မဟာသုဒဿန မဃဒေဝနေမိကုလ ပဝရစောထိး ဘေးလောင်းတော်ကြီးတို့၏ အရိုက်အရာ ဇမ္ဗူဒီပါ စက္ကဝါဝိုက်ချုပ် တိုက်တအုပ်ကို သိရီပဝရ ဝိဇယာနန္တ ယသပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာ တံဆိပ်နာမံ ခံတော်မူပြီး သိရီပဝရမဟာ ရာဇိန္ဒာဓိပတိ ရတနာဒေဝီ တံဆိပ်နာမံ ခံတော်မူသော မြတ်သော တောင်ဖုရားခေါင်ကြီးနှင့်တကွ ရာဇာဘိသေက မုဒ္ဓါဘိသေက ခံတော် မူ၍ ရတနာပုံရွှေပြည်တော်ကြီးကို လက်မွန်အစ ပဌမတည်ထောင် စိုးစံတော်မူသော ပဥ္စမသံဂါယနာတင်အသျှင် ဘဝရှင်မင်းတရားကြီး ဘုရားသည်။ လူအဖြစ်ဝယ် နှစ်ဆစ်သိန်းသောင်း အပေါင်းသချာ ရှည်မြင့်ကြာလည်း တခါတရံ ဆက်ဆံမှတ်ထင် အိပ်မက်တွင်မှ မမြင်ရသော ဒေဝရိပ်ငြိမ် နတ်စည်းစိမ်သို့သော စည်းစိမ်တော်၌ မူးယစ်စုံမက် နှစ်သက်မြတ်နိုးခြင်းမရှိ "အဋ္ဌသံဝေဂဝတ္ထူနိ နာမ ဇာတိဇရာဗျာဓိမရဏာနိ စတ္တာရိ အပါယဒုက္ခံ ပဥ္စမံ အတီတေ ဝဋ္ဋမူလကံ ဒုက္ခံ အနာဂတေ ဝဋ္ဋမူလကံ ဒုက္ခံ ပစ္စုပ္ပန္နေ အာဟာရ- ပရိယေဋ္ဌိမူလကံ ဒုက္ခန္တိ"ဟူသော သံဝေဂဝတ္ထု အင်ရှစ်ခုကို ဂရုကတ လုံ့လစွမ်းအင် သိမြင်တော်မူသည့်အတိုင်း မင်းတို့သိက္ခာ ရာဇဓမ်သင်္ဂဟ

အပရိဟာနိယစသော တရားအပေါင်းတို့ကို မချွတ်မယွင်း ကျင့်ဆောင်တော်မူလျက် ပိဋကတ်သုံးပုံမှလာသော ဒါနနှစ်ဆယ်တို့တွင် ဝိနည်းပိဋကတ်တော်လာ ဆွမ်း သင်္ကန်း ကျောင်း ဆေး-ဟူသော အလှူလေးပါး၊ သုတ္တန်ပိဋကတ်တော်လာ ဆွမ်း အဖျော် အိပ်ယာ နေရာစသော ဒါနဝတ္ထုဆယ်ပါး၊ အဘိဓမ္မာပိဋကတ်တော်လာ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံ-ဟူသော ဒါနခြောက်ပါးအားဖြင့် ဒါနနှစ်ဆယ်တို့ကို တနေ့တရက် ဆက်လက်မပြတ် နိစ္စပတ်အားဖြင့် လှူဒါန်းတော်မူခြင်းကို စျာန်အဘိညာသမာပတ္တိရှိသည့်အရိယာ ရဟန္တာတို့မှတပါး အခြားသောပုထုဇဉ် ပညာရှိတို့သည် ပုထိုးစေတီ သရီမွေပုံ စည်းခုံအပေါင်း ရွှေကျောင်းရွှေသိမ် ဓမ္မအိမ်ဆင့်ထပ် တန်ဆောင်းစရပ် လျှပ်လျှပ်ဝင်းဝင်း ရေတွင်းရေကန် ဗိမာန်ထူးဆန်း ရဟန်းနှင့်ကျောင်း သုံးကောင်းသမ္ဘာဒါန ဒါတဗ္ဗအစု ကောင်းမှုအပေါင်းတို့ကို အသောင်းအသိန်း အကိန်းသချေ် တွက်ရေမှုချ ဤသည်မျှဟု မပြနိုင်ရာ ဥပမာကား မဟာမေဒနီ ပထဝီဟု အမှုန့်ပြုသည် အစုသာမျှ ပမာဏလျှင် ဖြစ်သတည်း။

ဤသို့ပြုတော်မူသော ကောင်းမှုတော်နှင့် ပိဋကတ်တော် ကညစ်မင်သေး ရွှေရေးအက္ခရာ နည်းသုံးဖြာတို့ဖြင့် ပိဋကတ်တော် ၉-စုံ ရေးသားကိုးကွယ်ရှိသည်ကို တလုံးလဲလဲ မဟာကုသလ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်တော်ဖြင့် ဆင်ခြင်တော်မူလျှင် ပိဋကတ်တော်ဆိုသည့်အရာသည် ကမ္ဘာတိုင်း အခါခပ်သိမ်းရှိသည်မဟုတ်၊ ဂေါတမဘုရားအလောင်းတော် ပညာဓိကဘုရားတို့ ဖြည့်ကျင့်စဉ် လေးသချေ်နှင့် ကမ္ဘာတစ်သိန်းအတွင်း ဆဲ့တစ်ကမ္ဘာသာ ဘုရားပွင့်၍ ဘုရားပေါင်း နှစ်ကျိပ်ရှစ်ဆူသာ ရရှိချေသည်။ ထိုဘုရားရှင်တို့ အသက်တော်ရှိစဉ် ပရိနိဗ္ဗာန်စံယူပြီးနောက် ပိုင်းခြားထားတော်မူခဲ့သော အဆုံးအမတော် နှစ်တွင်၍သာ ရှိချေသည်။ ဤသို့ ဝဋ္ဋဒုက္ခအပေါင်းမှ ထုတ်၍ လူနတ်နိဗ္ဗာန် သုံးတန်သောချမ်းသာကို မချွတ်မလွဲ ပေးစွမ်းနိုင်သည့် ထိုသို့ရခဲလှသော ပိဋကတ်တော်ကို တကမ္ဘာပတ်လုံး တည်စေတော်မူလိုသော သမ္မာဆန္ဒတော်နှင့် ထောက်ထားတော်မူ၍

ဤကမ္ဘာတွင် ကဿပဘုရားရှင် လက်ထက်တော်က တိရစ္ဆာန်ဝက်တို့ တူးခဲ့သောလိုဏ်သည် တကပ်ကျော်၍ ဂေါတမဘုရားရှင် ထိုလိုဏ်တွင် ကိန်းဝပ်တော်မူကြောင်း ကျမ်းဂန်လာရှိသည်။ ပိဋကတ်တော်ကို ကျောက်၌ ရေးထုတော်မူမည် ကြံရည်တော်မူ၍ ရွေးချယ်လျှင် စူဠဝါပါဠိတော်တွင် မုတ္တာ= ပုလဲ၊ မဏိ= ပတ္တမြား၊ ဝေဠုရိယ= ကျောက်မျက်ရွဲ၊ သင်္ခါ= ခရုသင်း၊ သီလာ= ကျောက်သလင်း၊ ပဝါဠ= သန္တာ၊ ရဇတံ= ငွေ၊ ဇာတရူပံ= ရွှေ၊ လောဟိတင်္ဂါ= ပတ္တမြားနီ၊ မသာရဂလ္လံ= ပတ္တမြားပြောက်-ဟူ၍ ရတနာဆယ်ပါးကို ဟောတော်မူသည်။ ဥဒါန်းအဋ္ဌကထာတွင်လည်း ဝဇိရော, မဟာနီလော, ဣန္ဒနီလော, မဟာရင်္ဂေါ, ဝေဠုရိယော, ပဒုမရာဂေါ, ဖုဿရာဂေါ, ကရက္ကဝါနော, ပုလောကော, ဝိမလော, လောဟိတင်္ဂေါ, ဖလိကော, ပဝါဠော, ဇောတိရသော, ဂေါမုတ္တကော, ဂေါမေဒကော, သောဂန္ဓိကော, မုတ္တာ သင်္ခေါ, အဥ္စနမူလော, ရဇာဝဋ္ဋော, အမတသုတော, ပံယကော, ဗြဟာမဏိစာတိ စတုဝီသတိမဏိ နာမ။

ဝဇိရော= စိန်။ မဟာနီလော= မြသိုကြီး။ ဣန္ဒနီလော= ဣန္ဒနီလာ။ မဟာရင်္ဂေါ= မဟာရင်ပတ္တမြား။ ဝေဠုရိယော= ဝင် သဝဏ်။ ပဒုမရာဂေါ= ပဒုမာအဆင်းရှိသော ပတ္တမြား။ ဖုဿရာဂေါ= သခွားဆေစ်အဆင်းရှိသော ပတ္တမြား။ ဝါ= ဥဿဘယား။ ကရက္ကဝါနော= ကရက္ကဝန်မည်သော ပတ္တမြား။ ပုလောကော= ပုလောက ပတ္တမြား။ ဝိမလော= အညစ်အကြေးကင်းသော ပတ္တမြား။ လောဟိတင်္ဂေါ= ပတ္တမြားနီ။ ဖလိကော= ဖလ်။ ပဝါဠော= သန္တာ။ ဇောတိရသော= ဇောတိရသ်။ ဂေါမုတ္တကော= ဂေါမုတ်။ ဂေါမေဒကော= ဂေါမြိဒ်။ သောဂန္ဓိကော= ကြာသိမ်အဆင်းရှိသော ပတ္တမြား။ မုတ္တာ= ပုလဲ။ သင်္ခေါ= ခရုသင်း။ အဥ္စနမူလော= မျက်စဉ်းကျောက်။ ရဇာဝဋ္ဋော= အရောင်တလျှပ်လျှပ်လည်သော ပတ္တမြား။ အမတံသုတော= အမြိုက်သုတ်။ ပံယကော= ပယင်း။ ဗြဟာမဏိ= ကြီးသော ပတ္တမြား။ ဣတိဣမေ စတုဝီသတိ= ဤနှစ်ဆယ့်လေးပါးတို့သည်။ မဏိနာမ= ပတ္တမြားမည်ကုန်၏။

ဟူ၍ မျက်မဏိကျောက် နှစ်ဆယ့်လေးပါးလာသည်ကို ထိုကျောက်သလင်းသည် အကြီးအကျယ် ချောမောပြေပြစ်သည်။ အထူးထူးသော တိုင်းကြီးပြည်ကြီးတို့၌ မထင်မရှိ၊ ဤနိုင်ငံတော်တွင်သာ မြင့်မိုရ်စကြာဝဠာနှင့် တပြိုင်တည်းပေါ်ထွန်းသော ကျောက်သလင်း ပတ္တမြားအတိပြီးသော သကျင်တောင်တော်တွင် ရှိသည်။ ရှေးရှေးသော မင်းတို့ ဘုရားဂူကျောင်း၌ ကျောက်စာထိုးမှတ် လှူဒါန်းသော ကျောက်သည် ပါသာဏကျောက်မျိုးဖြစ်၍ အရှည်မတည်။ အထက်ရွှယ်ရည်တော်မူတိုင်း တည်အောင် သလင်းကျောက်ဖြင့် ထုလုပ်ရေးသား ကိုးကွယ်တော်မူမည်ရည်၍။ (ပုပ္ပါးစောရဟန်းဖြိုကြွင်း သက္ကရာဇ် ငါးရာကျော်) သီဟိုဠ်ကျွန်း ဝဋ္ဋဂါမဏိမင်းလက်ထက် ရဟန္တာအရှင်မြတ်တို့ ပေထက်အက္ခရာတင်သည်ကို ယခုတိုင် ပိဋကတ်တော်ကို ကျောက်ဖြင့် ရေးသားထုလုပ်သည်မရှိ။ ငါအသျှင် ဇကရာဇ်မင်းမြတ် ကုသိုလ်တော်ပွား ရေးသားကိုးကွယ်ရမည်ကို နတ်တို့သိ၍ တည်ထားလေယောင်ဟု အလွန်ဝမ်းမြောက်တော်မူ သဖြင့် အထက်ပိဋကတ်တော်ကို သုဓ်သင်တည်းဖြတ်သော တိပိဋက ဓရ သီလဝိသုဒ္ဓိ ဒက္ခိဏေယျနွယ်စဉ် ဓမ္မဓရ ဓမ္မရုစိ ရှန်းရှန်းညီသော ဇာဂရာဘိဝံသတိပိဋကဓရမဟာဓမ္မရာဇာဓိရာဇဂုရု၊ သုမင်္လ သာမိသိရိပဝရမဏိဇမဟာဓမ္မရာဇာဓိရာဇဂုရု၊ နရိန္ဒာဘိသိရိသဒ္ဓမ္မ- ဇောတိပါလဇမဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရသော ဆရာ တော်သုံးပါးတို့ ပုဒ်၊ ပါဠ်၊ အက္ခရာ ကျောက်စာအရေးအသား မချွတ်မယွင်းစေရအောင် သန့်ရှင်းပြင်ဆင် ပြီးပြေသည်ကို အတွင်းဝန် ခန်းပတ်မြို့စားမင်းကြီး သိရိမဟာဉဇနာ၊ ယောမြို့စားမင်းကြီး မင်းလှ မဟာစည်သူ၊ ခင်မမင်းဝန် မိုင်းခိုင်းမြို့စား မဟာသိရိဇေယျသူ၊ အသုံးစာရေး နေမျိုးသိရိကျော်သူတို့ကို မှူးကြီးကြပ်မစေ၍-

| | | | |
|---|---|---|---|
| * | ဝိနည်းငါးကျမ်းပါဠိတော် | ကျောက်ချပ်ရေ | ၁၁၁၊ |
| * | အဘိဓမ္မာခုနစ်ကျမ်းပါဠိတော် | ။ | ၂၀၈၊ |
| * | နိကာယ်ငါးကျမ်းသုတ်ပါဠိတော် | ။ | ၄၁၀၊ |
| | ပေါင်းကျောက်ချပ်ရေ | | ၇၂၉၊ |

ထုလုပ်ရေးသားရှိသည်ကို မြို့တော်၊ ကျုံးတော်၊ ပိဋကတ်တိုက်တော်၊ သုဓမ္မာဇရပ်တော်ဟူသော ခုနစ်ဌာနအဝင် မဟာလောကမာရဇိန် စေတီတော်-

* ပဌမမဟာရံအတွင်း ဂူပြာသာဒ်လုံးရေ ၄၂၊
* ဒုတိယမဟာရံအတွင်း ။ ၁၆၈၊
* တတိယမဟာရံအတွင်း ။ ၅၁၉၊

တို့၌ အစဉ်အတိုင်း ပိဋကတ်တော်ကျောက်စာတို့ကို သွင်းထားစိုက်ထူ ကိုးကွယ်တော်မူသော အဘူတပုဗ္ဗ အစ္ဆရိယ အဟောဝတဖြစ်သော ချီးမွမ်းအံ့အဲ၍ မကုန်နိုင်သော ကျောက်စေတီတော် (၇၂၉) တို့ကို ကမ္ဘာ့ဉာဏ်မြေ မကြေမခြင်း ဌာဝရအမွန် ရှည်စွာတည်စေစိမ့်ငှာ ဤကျောက်စာသံပိုင်းကို ထိုးစေရသတည်း။

မင်္ဂလာဗဟို လေးရောင်စိုသား မြင်းမိုရ်လကျာ စက္ကဝါတပိုင်း မြမြှိုင်းသည် မြန့်တိုင်းထွတ်ထိပ် တမ္ဗဒိပ်ထက် ဂိရိဗ္ဗဇ နဂရသို့ ထွန်းပဆယ်ဖြာ ရတနာလျှင် ထပ်ခါဖြိုးဝေ မိုးနှယ်စွေ၍ ကျက်သရေပွားရာ ထင်ရှားစွာတိ ရတနာပုံ ရိပ်မြုံရွှေပြည် တောင်ဦးတည်သား ဇာနည်ဓမ္မရာဇ် ဘုန်းသစ်တက်ပွား တို့ဘုရားလျှင် ငါးပါးထင်ပေါ် အမြင်တော်ဖြင့် သုံးဘော်လူနတ် ဟောခဲ့မှတ်သည် ပိဋကတ်သုံးဆူ ပန်းမဥ္ဇူလျှင် နတ်လူပြဟ္မာ သတ္တဝါအား ဝန္ဒာကြိုင်ရှန်း မြိုက်ရည်မွှန်းလျက် ကုန်ကျွန်းကမ္ဘာ မြင့်ကြာအဟို တည်စေလို၍ ကြည်ညိုပတ္ထနာ နန်းစဉ်စာကို နာရကာရောင်ချက် ရွှေပြားထက်ဝယ် ရွှေအက္ခရာ ဆင်တန်းဆာဖြင့် မဟာမင်းလှသကြီး ရွှေခွန်းခံသား နက်တံကဝိ မတ်ပဏ္ဍိလျှင် ကြားသိဟုတ်တိုင်း ခြီးဝဲ့လှိုင်းသည် သံပိုင်းရွှေစာမော်ကွန်းတည်း။ ။

*** ♦ ***

## ပဥ္စမသံဂါယနာတင် မင်းတုန်းမင်းတရားကြီးလက်ထက် ထုတ်ပြန်အပ်သော ဓမ္မဝိနယပြန်တမ်း

ရတနာပုံ မန္တလေးမြို့တည်နန်းတည် ပဥ္စမသံဂါယနာတင် မင်းတုန်းမင်းတရားကြီးလက်ထက် သက္ကရာဇ် ၁၂၁၆-ခုနှစ် တန်ခူး လဆန်း ၂-ရက်နေ့တွင် ရန်ကုန်မြို့မှ လဇ္ဇီ, အလဇ္ဇီဓမ္မနှင့်စပ်၍ ငြင်းခုံမှုဖြစ်သဖြင့် အဆုံးအဖြတ်ခံယူလာကြရာ သက္ကရာဇ် ၁၂၁၇-ခုနှစ်က ထုတ်ပြန်တော်မူသည့် အမိန့်တော်တွင် လာရှိသည့် လဇ္ဇီဓမ္မ, အလဇ္ဇီဓမ္မတို့ကို မှတ်သား၍ ယင်းပြန်တမ်းအမိန့်တိုင်း ကျင့်ကြံလိုပါကြောင်း သုဓမ္မာဆရာတော်များထံ ကျိုက်ကလို့ ရဟန်းရှင်လူ, သွေးဆေးကန် ရဟန်းရှင်လူ နှစ်ဦးသားတို့ ဝန်ခံကြသဖြင့် နိုင်ငံတော်အတွင်း ထုတ်ပြန်သည့် အမိန့်တော်ကို ၎င်းတို့အား အပ်နှင်းစေတော်မူလေသည်၊ ၎င်းအမိန့်တော်နှင့် ရဟန်းတော်များ လိုက်နာရန် သုဓမ္မာဆရာတော်တို့ ပဌမဆင့်ချက် မြေထဲဂိုဏ်းအုပ်၏ စာတို့ကိုပါ ဓမ္မဝိနယပြန်တမ်းအဖြစ်ဖြင့် ဖြန့်ဝေခဲ့ရာ သာသနာသန့်ရှင်းတည်တံ့ ပြန့်ပွားရေးကို အားသွန်ခွန်စိုက် ဆောင်ရွက်နေသော ယခုခေတ်တွင်လည်း လွန်စွာလိုအပ်သဖြင့် ဤမန္တလေးသာသနာဝင်ကျမ်း တေဝီသတိမတွဲ၌ တခန်းဖွင့်ကာ ဖော်ပြအပ်ပါသည်။

### ဤဓမ္မဝိနယပြန်တမ်း၌ ပါဝင်သည့် အကြောင်းအရာအချို့

၁။ မင်းတုန်းမင်းတရားကြီး၏ သာသနာတော်အဓွန့်ရှည် တည်တံ့ရေးအတွက် သာသနာရေးအမိန့်တော်ပြန် တမ်း။

၂။ အလဇ္ဇီပပျောက်ရေး။

၃။ လဇ္ဇီသီလဝန္တမမ္မဝါဒီပုဂ္ဂိုလ်များ စည်ပင်ပြန့်ပွားရေး။

၄။ အလဇ္ဇီပုဂ္ဂိုလ်တို့ကား ပညာနည်းလှသောသူတို့ကိုသာ ရှာ၍ ပေါင်းကြသည်။

၅။ ပညာနည်းသောသူတို့သည်လည်း အလဇ္ဇီပုဂ္ဂိုလ်ကိုသာ ပို၍ ချီးမြှင့်ထောက်ပံ့ကြသည်။

၆။ အလဇ္ဇီဒုဿီလဗာလဖြစ်သော ရှင် ရဟန်းတို့ကို လှူဒါန်းပူဇော်ခြင်းသည် အပြစ်ရှိ, မရှိ၊ ကုသိုလ်ရ, မရ၊ သာသနာဖျက် ပွဲကျောင်းအလဇ္ဇီဒုဿီလ အဓမ္မ ဝါဒီဗာလဖြစ်သော သူတို့ကို ပုဂ္ဂလိကပစ္စည်းလေးပါး တို့ဖြင့် ပူဇော်လှူဒါန်းခြင်းသည် နိဗ္ဗာန်ရောက်ကြောင်း ဖြစ်, မဖြစ်။

၇။ သံဃာမဟုတ်သော ဦးပြည်းသင်္ကန်းဝတ်ကာမျှနှင့် အလဇ္ဇီကို လှူခြင်းဖြင့် သာသနာကို ဖျက်ဆီးရာ ရောက်, မရောက်။

၈။ အလဇ္ဇီပုဂ္ဂိုလ်ကို သံဃာမှတ်၍ လှူခြင်းသည် ရွှေစစ် မဟုတ်သော ခပ်ပြာကို ဝယ်မှားသူကဲ့သို့ ဖြစ်ခြေ သည်။

၉။ အလဇ္ဇီပုဂ္ဂိုလ်ကို လှူဒါန်းချီးမြှင့်ခြင်းကြောင့် အကျိုးရ များသည်ဖြစ်စေ, နည်းသည်ဖြစ်စေ မည်သည့်နည်း နှင့်မျှ အားပေးချီးမြှောက်ခြင်း မပြုအပ်။

၁၀။ သာသနာတော်ကို ချီးမြှောက်လို၍ အလဇ္ဇီပုဂ္ဂိုလ်အား လှူဒါန်းသော် လူသားစားကြူးသော ဘီလူးမကို မိဖုရားအရာ၌ ချီးမြှောက်သကဲ့သို့သာ ဖြစ်ပေသည်။

၁၁။ ဂိုဏ်းအုပ် ဂိုဏ်းထောက်တို့ လိုက်နာရန် သုဓမ္မာ ဆရာတော်ဘုရားကြီးများ၏ စာတမ်းများပါဝင်ပါသည်။

## ဓမ္မဝိနယပြန်တမ်းနှင့် ဖြစ်ပေါ်လာရခြင်း၏အကြောင်း

နမော တဿ
ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ရေမြေအသျှင် ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများသျှင် လက်နက်စကြာသခင် အရှင်ဘဝရှင်မင်းတရားကြီးဘုရားသည် သာသနာတော်မြတ်ကို အလွန်သက်ဝင်ကြည်ညိုသည်ဖြစ်၍ ဇာတိကုလပုတ္တ အာစာရကုလပုတ္တဖြစ်ကုန်သော အမျိုးသားတို့အား သာသနာတော်မြတ်ကို ကိုယ်တော်ကဲ့သို့ သက်ဝင်ကြည်ညိုအောင် တရားဓမ္မဖြင့် ပြသပြောဟောတော်မူခြင်း။

သာသနာတော်ထမ်း ရဟန်းသံဃာတော်မြတ်တို့အားလည်း ပစ္စည်းလေးပါးတို့ဖြင့် ချီးမြှောက်ထောက်ပံ့တော်မူ၍ သိက္ခာပုဒ်တော်ကို မတိမ်းမယိမ်း ထိန်းသိမ်းစောင့်ရှောက်အောင် နှိုးဆော်တိုက်တွန်းတော်မူခြင်း, သမဂ္ဂသမောဒါနဖြစ်အောင် ဆောင်ရွက်အားထုတ်တော်မူသည်။

သို့အားထုတ်တော်မူသည်အတွင်း ရာမညရဋ္ဌတိုင်း အဝင်အပါ ဟံသာဝတီ, ရန်ကုန်မြို့ ကြည့်မြင်တိုင်ရွာက ဝိဝါဒါဓိကရုဏ်း ဖြစ်ကြ၍ အဆုံးအဖြတ် အယူတော်ခံ ရတနာပုံနေပြည်တော်ကြီးသို့ ဆန်တက်လာရောက်ကြောင်းကို ကြားသိတော်မူလျှင် အလွန် သဒ္ဓါဗလဝ ပီတိသောမနဿဖြစ်တော်မူသည်ဖြစ်၍ ၁၂၂၆-ခု၊ တပေါင်းလဆန်း ၁၅-ရက်၊ စနေနေ့ တစ်ချက်တီးကျော်အချိန်တွင် ကြည့်မြင်တိုင်နေ ဆရာလေင်းနှင့်တကွ ကိုးယောက်သောလူ, ၎င်းနေ ငထိုက်နှင့်တကွ ကိုးယောက်သောလူ၊ ၎င်းလူနှစ်ဦးသားတို့ကို မြောကြီးရွာစားမင်း မင်းလှခံတပ်ကို စေလွှတ်တော်မူ၍ ရွှေနန်းတော်တွင်းသို့ ခေါ်သွင်း၍ ရှေ့တော်အစုံအညီရောက်ကြလျှင် မှူးပုံ မတ်ပုံတို့၏ အလယ်၌ ကိုယ်တော်တရားဓမ္မ ဩဝါဒဖြင့် ပြသဆုံးမတော်မူသည်

ကား ဝိဝါဒါဓိကရုဏ်း ဒွိဟာမကင်း မသန့်မရှင်းကြသဖြင့် ထိုဝိဝါဒါ ဓိကရဏာ၌ ဒွိဟာကင်းရှင်း အလင်းအမှန်ကို အလိုရှိကြ၍ ငါမင်းမြတ်၏ ရှေ့တော်မှောက်သို့ ရောက်ကြရာ ငါအမိန့်တော်ရှိမည် ဘေးတော်ဘုရား ဘိုးတော်ဘုရား ခမည်းတော်ဘုရား နောင်တော်ဘုရား လက်ထက် သာသနာတော်မြတ် တိမ်မြုပ်ကွက်ပျောက်ခြင်း၏ အကြောင်း မကောင်းသော အလဇ္ဇီမမွတို့ကိုသာ ပြုကျင့်ကြိုက်နှစ် သက်သူသာ များကြကုန်သည်၊ ငါကေရာဇ်မင်းမြတ်၏ ရွှေလက်ထက် တော်၌ ထိုကဲ့သို့မဟုတ် မြတ်စွာဘုရားသခင်တို့သည် စက်ဆုပ်ရွံရှာ တော်မူအပ်ကုန်သော အလဇ္ဇီမမွ အလဇ္ဇီအမူအရာ အလဇ္ဇီအကျင့် တို့ကို ပြုကျင့်ကြိုက်နှစ်သက်ကုန်သော အလဇ္ဇီရဟန်းတို့ကို ဖယ်ရှား တိမ်မြုပ်စေ၍ မြတ်စွာဘုရားသခင်တို့သည် ကြိုက်နှစ်သက်တော်မူ ကုန်သော နှစ်ရာ့နှစ်ဆယ်ခုနစ်ပါးသော သိက္ခာပုဒ်တို့ကို မယိုမယွင်း မတိမ်းမယိမ်းရအောင် ကျင့်ဆောင်တော်မူကြကုန်သော အရှင်ကောင်း အရှင်မွန် လဇ္ဇီသီလဝန္တ ဓမ္မဝါဒီပုဂ္ဂိုလ်တို့ စည်ပင်ပြန့်ပွားမှ သာ-သနာတော်အရှည်တည် ထွန်းချိမ့်မည်ကို မြင်တော်မူ၍ ရှေးရှေးသော ဘဝအထူးက ဆည်းပူးအပ်သော ပါရမီပုညသမ္ဘာရ အဆောက်အအုံနှင့် ပြည့်စုံတော်မူသော ပရိယတ္တိဝိသာရဒ ဂဏာစရိယ ဂဏ-ပါမောက္ခ-စသော ရဟန်းသံဃာတော်တို့၏ ဦးခိုင်တမွတ် အမြင့် အမြတ် ဆည်းကပ်မှီခိုရာ မဟာသယ်ရာဇ်ဖြစ်တော်မူသော သာသနာပိုင်ဆရာတော်ဘုရားကြီးသည် ပဏ္ဍိတပရိယတ္တိမေဓာဝီ လဇ္ဇီကုက္ကုစ္စက သိက္ခာကာမဖြစ်ကုန်သော ရဟန်းကောင်းရဟန်းမြတ်တို့၏ ခိုမှီးရာ ပညာဝေယျတ္တိက ပရိယတ္တိဝိသာရဒဖြစ်တော်မူကုန်သော သာသနာပြုဆရာတော် ရှစ်ပါးတို့နှင့် တိုင်ပင်တော်မူ၍ ပါဠိ အဋ္ဌကထာ ဋီကာလာတိုင်း အဆုံးအဖြတ် အမိန့်ထုတ်ပြန်တော်မူမည်။

သို့ထုတ်ပြန်တော်မူသော အမိန့်တော်ကို မှန်ကန်စွာလိုက်နာ ကြပါမည်လောဟု ၎င်းဝိဝါဒါဓိကရုဏ်းဖြစ်သူ လူနှစ်ဦးသားတို့ကို မေးဆေးတော်မူလျှင် မယိမ်းမယိုင် ကျောက်စာတိုင်ကဲ့သို့ ခိုင်ခံ့တည်

ကြည်စွာ လိုက်နာနိုင်ပါကြောင်းကို ဇင်းနှစ်ဦးသားတို့က တညီတညွတ်တည်း ရှိခိုးသံတော်ဦးတင်ကြလျှင် အမိန့်တော် ထုတ်ပြန်တော်မူသည်ကား-

## ခွေးတိရစ္ဆာန်သည် သာသနာတော်မြတ်ကို မဖျက်ဆီးနိုင်

အဇာတသတ်မင်း, ကာလာသောကမင်း, ဓမ္မာသောကမင်း စသော သာသနာတော်မြတ်ကို သုတ်သင်ရှင်းလင်းတော်မူကုန်သော မင်းခေါင်မင်းဖျား မင်းတရားတို့သည် ဥဒ္ဓမ္မဥဗ္ဗိနယ အလဇ္ဇီဓမ္မ အလဇ္ဇီနုဂ္ဂဟတို့ကို ပယ်ရှားဖျောက်ဖျက်တော်မူ၍ ဓမ္မဝိနယလဇ္ဇီဓမ္မ လဇ္ဇီနုဂ္ဂဟတို့ကိုသာ ပွားများအောင် ပြုစုတော်မူကြကုန်သည်။ နှစ်ရာနှစ်ဆယ်ခုနစ်ပါးသော သိက္ခာပုဒ်တို့တွင် တပါးပါး၌ အဘိုးမည်မျှထိုက်သနည်းဟု ဇင်းလူနှစ်ဦးသားတို့ကို မေးတော်မူလျှင် မတင်ဝံ့၍ ဆိတ်ဆိတ်နေကြသည်တွင် လေးသချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး ဖြည့်ဆည်းတော်မူအပ်သော ပါရမီတော်ကြောင့် ရအပ်သော သဗ္ဗညုတဉာဏ်တော်ဖြင့် ဟောပြောပြသ ဆုံးမကံမြစ်တော်မူအပ်သော သိက္ခာပုဒ်တော်ဖြစ်၍ သိက္ခာပုဒ်တစ်ပါးပါး၌ လေးသချေနှင့်ကမ္ဘာတစ်သိန်း အဘိုးထိုက်ပါသည်၊ သို့အဘိုးထိုက်လှစွာသော သိက္ခာပုဒ်တော်တို့ကို လွန်ကျူးကျော်နင်း၍ ပြုကျင့်ကုန်သော အလဇ္ဇီပုဂ္ဂိုလ်တို့သည် အပါယ်သို့ လားကြရမည်၊ ထိုအလဇ္ဇီပုဂ္ဂိုလ်တို့အား ပစ္စည်းဖြင့် အားပေးအားမြှောက် ထောက်ပံ့သူတို့လည်း အပါယ်သို့ လားကြရမည်၊ သဒ္ဓါတရားပွားများ၍ သာသနာတော်မြတ်ကို ကြည်ညိုသောသူနှင့် သဒ္ဓါတရားနည်းပါး၍ သာသနာတော်မြတ်ကို မကြည်ညိုသောသူတို့တွင် အဘယ်ကများသနည်း မေးတော်မူပြန်၍ ဆိတ်ဆိတ်နေကြပြန်လျှင် သဒ္ဓါတရားပွားများသော သာသနာတော်မြတ်ကို ကြည်ညိုသောသူကား အလွန်နည်းပါး၍ သဒ္ဓါတရားနည်းပေသော သာ-သနာတော်မြတ်ကို မကြည်ညိုသောသူကား အလွန်ပေါ်များသည်၊

သူတော်မဟုတ် ယုတ်မာသောအကျင့်ရှိသော အလဇ္ဇီပုဂ္ဂိုလ်တို့ကား သဒ္ဓါဒုဗ္ဗလပညာနည်းလှသော သူကိုသာ ရှာ၍ပေါင်းသည်၊ သဒ္ဓါဒုဗ္ဗလပညာနည်းလှသော သူတို့ကလည်း အလဇ္ဇီပုဂ္ဂိုလ်တို့ကိုသာ ချီးမြှောက်ထောက်ပံ့ခြင်းကို ပြုကြကုန်သည်။

ခွေးတိရစ္ဆာန်သည် သာသနာတော်မြတ်ကို မဖျက်ဆီးနိုင်၊ ထိုသို့ မဖျက်ဆီးနိုင်သော ခွေးသည် အဝီစိသို့ မကျရ၊ လူသည် သာသနာတော်မြတ်ကို ဖျက်ဆီးနိုင်သည်၊ ထိုသို့ ဖျက်ဆီးနိုင်သော လူသည် အဝီစိသို့ ကျရသည်၊ မောင်မင်းတို့သည် သာသနာတော်မြတ်ကို ဖျက်ဆီးကုန်သော အလဇ္ဇီပုဂ္ဂိုလ်တို့ကို ချီးမြှောက်ထောက်ပံ့ခြင်းကို မပြုကြကုန်လင့်၊ အဝီစိငရဲကြီးသို့ ကျဆင်းရမည်ကို ကြောက်ကြကုန်၊ ယုန်စကားကို လိုက်မှားမိ၍ သားများခပင်း ရေဝယ်ဆင်း၍ ပျက်စီးခြင်းသို့ ရောက်ကြရမည်ကို ကယ်ဆယ်တော်မူသော ဉာဏ်အမြင်နှင့်ပြည့်စုံသော ခြင်္သေ့မင်းကဲ့သို့ ပါဠိ အဋ္ဌကထာ ဋီကာလာတိုင်း အမှန်အကန် ပြသဆုံးမတော်မူသော ငါမင်းမြတ်၏အမိန့်တော်ကို မခွန်းလုံး တကြောင်းတည်းသုံးသဖြင့် အမှန်အကန်ယုံကြည်ကြသဖြင့် နာခံမှတ်သားခြင်းတို့ကို ဖြစ်စေနိုင်ကြပါမည်လော၊ ငါသာဓုခေါ်တော်မူသည်ဟု ၎င်းလူနှစ်ဦးသားတို့ကို မေးတော်မူလျှင် ယုံကြည်စွာ သာဓုခေါ်တော်မူပါ၊ ဖြောင့်ဖြောင့်မတ်မတ် လိုက်နာယုံကြည်ပါမည်ဟု ၎င်းနှစ်ဦးသားတို့လည်း နှလုံးသန့်နှင့် ဝန်ခံသံတော်ဦးတင်ကြလျှင် သာဓုဟု သုံးကြိမ်တိုင်အောင် ခေါ်တော်မူသည်၊ ကျောင်းဒကာတို့သည် ယခုနေရပ် နေရာ ရန်ကုန်မြို့ ကြည့်မြင်တိုင်အရပ်က ရတနာပုံနေပြည်တော်ကြီးသို့ ဆန်တက်လာကြ၍ ငါမင်းမြတ်၏ ရှေ့တော်မှောက်သို့ ခိုခရောက်ပေါက်ကြရခြင်းသည် လူမှုလူရာ တစုံတခုသော လောကီအစု အမှုရပ်များကြောင့် မဟုတ်ကြပေ၊ သာသနာတော် ထွန်းပေါ်တောက်ပခြင်း၏ အကြောင်းဖြစ်သော ဝိဝါဒါဓိကရုဏ်းကြောင့် ရောက်ကြရပေသည်၊ သူတော်ကောင်းချည်း ဖြစ်ကြပေသည်၊ သူတော်ကောင်းဖြစ်ကြကုန်သောကြောင့် ကျောင်းဒကာတို့ ရှေးသရောခါ မိမိရေဘူး၌ပါသော မိမိရေကို မသောက်မူ၍ သူတထူး

ဘူး၌ပါသော သူတပါးရေကို တိတ်တဆိတ်ခိုးယူ၍ သောက်မိသော သူသည် မိမိပြုကျင့်မိသော အကုသလဒုစ္စရိတဓမ္မကို သံဝေဂရသဖြင့် ဘာဝနာတရား ပွားများသဖြင့် မကြာမြင့်မီ ပစ္စေကဗုဒ္ဓါဘုရားအဖြစ်သို့ ရောက်သကဲ့သို့ ကျောင်းဒကာတို့၌ ထိုဝိဝါဒါဓိကရုဏ်းကို စွဲ၍ဖြစ်သော ဒေါသအမျက်ကို မထွက်မပွားကြစေပဲ ချုပ်တည်းသိမ်းဆည်းကြသဖြင့် ငါမင်းမြတ်၏ နန်းယင်ပြင် မျှုးပုံမတ်ပုံတို့၏အလယ် ရွှေစက်တော်စုံကို ခိုလှုံခရောက်သည်မှ စ၍ တသက်ပတ်လုံး မေတ္တာဗလဝ မေတ္တာသိနေဟ မေတ္တာပဗန္ဓကိုသာ ဖြစ်ကြစေသဖြင့် ညီရင်းအစ်ကိုရင်းကဲ့သို့ ချစ်ကြည်လေးမြတ်ခြင်း ဖြစ်စေကြရမည်၊ နေရပ်နေရာ သားမယား ဆွေမျိုးပေါက်ဖော်တို့၏ထံသို့ ရောက်ကာလ လည်း ငါပြောပြသ ဆုံးမတော်မူသည့်အတိုင်း ပြသဆုံးမကြလေ၊ ကျောင်းဒကာတို့၏ ဆရာများကိုလည်း ၎င်းအတိုင်း ရှေ့တော်တွင် အမိန့်တော်ကို သုံးကြိမ်တိုင်အောင် သစ္စာပန်နက်၍ ဦးထိပ်ထက် ရွက်ဆင်ခဲ့ကြရပါသည်ဟု လျှောက်ထားကြလေ၊ နောင်ကျောင်းဒကာတို့ ကိုးကွယ်ရင်းဆရာများက သာသနာပိုင်ဆရာတော်ဘုရားကြီး သာသနာပြုဆရာတော်ရှစ်ပါးတို့နှင့် တိုင်ပင်၍ ထုတ်ပြန်တော်မူသော ငါမင်းမြတ်၏ ဓမ္မဝိနယအမိန့်တော်မှတပါး ဝါဒကွဲပြား၍ ဟောပြောကြပြန်လျှင် အမိန့်တော်ကို သွေလှန်သော ကျောင်းဒကာတို့ ဆရာများ၏ ဝါဒသို့ လိုက်ကြဦးမည်လောဟု တင်းတင်းကြပ်ကြပ် ထပ်မံ၍ မေးတော်မူပြန်လျှင် ထုတ်ပြန်တော်မူသော ဓမ္မဝိနယအမိန့်တော် ပြန်တမ်းမှတပါး တခြားကွဲပြားသော ဝါဒသို့ မလိုက်နိုင်ကြပါပြီဟု မြဲမြန်လှစွာသော သစ္စာအဓိဋ္ဌာန်ဝန်ခံချက်ကို ဝိဝါဒါဓိကရုဏ်ဖြစ်ရသူ လူနှစ်ဦးသားတို့ မထွေးမယှက် ဆက်သွင်းသံတော်ဦးတင်ကြရသည်။

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ရေမြေအသျှင် ဆဒ္ဒန်ဆင်မင်းသခင် မြင်းပျံဆင်ဖြူများရှင် လက်နက်စကြာသခင် ဘဝရှင်သာသနာပြု မဟာဓမ္မရာဇ်မင်းတရားကြီးသည် ဘိုးလောင်း တော်, ဘေးလောင်းတော်, အဇာတသတ်မင်း, ကာလာသောကမင်း, သီရိဓမ္မာသောကမင်း အစရှိသော မင်းခေါင်မင်းဖျားမင်းတရားကြီး

ကဲ့သို့ သာသနာတော်မြတ်ကို အလွန်ကြည်ညို နှစ်သက်မြတ်နိုးတော်မူသည်ဖြစ်၍ ဇာတိကုလပုတ္တဖြစ်ကုန်သော အမျိုးကောင်းသားတို့အား သာသနာတော်မြတ်ကို ကိုယ်တော်မြတ်ကဲ့သို့ သက်ဝင်ကြည်ညို မြတ်နိုးစေသဖြင့် သဒ္ဓါတရားဖြစ်ပွားအောင် ပစ္စယာနုဂ္ဂဟဓမ္မာနုဂ္ဂဟ အနုသာသနဩဝါဒဓမ္မဖြင့် ဆုံးမပဲ့ပြင် သွန်သင်ပြောဟောတော်မူခြင်း။

ရွှေမြို့တော် လေးပြင်လေးရပ်သော ဌာနမှစ၍ နိုင်ငံတော်အတွင်း သီတင်းသုံးနေကြကုန်သော အရညဝါသီ ဗဟုဿုတဂန္ထဓုရ လဇ္ဇီပေသလသိက္ခာကာမဝိနယကုက္ကုစ္စကရှိသော သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ် အထူးဝိသေသနှင့် ပြည့်စုံတော်မူသော သာသနာတော်အမှုထမ်း ရဟန်းမွန်ရဟန်းကောင်း သင်္ဃာတော်မြတ်တို့အား နိဗ္ဗာန်ကိုသာ ရည်သန်စိတ်ရှိသည်ဖြစ်၍ ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါးတို့ဖြင့် မပင်မပန်း မညှိုးနွမ်းစေရ ချီးမြှောက်ထောက်ပံ့ ပေးကမ်းမစ လှူဒါန်းပူဇော်တော်မူလျက် ဝိနည်းသိက္ခာပုဒ်တော်တို့ကိုလည်း မတိမ်းမယိမ်းထိန်းသိမ်းစောင့်ရှောက်စေလျက် လဇ္ဇီပေသလသိက္ခာကာမ သီလဝန် ဂုဏဝန်အဖြစ်သို့ရောက်အောင် နှိုးဆော်တိုက်တွန်း ချီးမြှောက်တော်မူခြင်း။

ပစ္စည်းလေးပါးတို့ဖြင့် လှူဒါန်းပူဇော် ချီးမြှောက်ထောက်ပံ့၍ ကိုးကွယ်ဆည်းကပ်ကြကုန်သော ဒါယကာ, ဒါယိကာမတို့အားလည်း လူနတ်နိဗ္ဗာန် သုံးတန်သောချမ်းသာကို ရရာရကြောင်း လမ်းကောင်းအမှန် ဖြစ်စေခြင်းအကျိုးငှာ သုံးပါးသော သရဏဂုဏ်နှင့်တကွ ငါးပါးသီလ ရှစ်ပါးသီလ ဆယ်ပါးသီလတို့ကို တစ်လလျှင် လေးသီတင်း ရှစ်သီတင်း ကိုယ်တော်ကဲ့သို့အတူ စောင့်ထိန်းစေခြင်း။

ဒုစရိုက်ဆယ်ပါးကို ပွားများစေ၍ တရားဓမ္မဩဝါဒဖြင့် ဆုံးမပဲ့ပြင် သွန်သင်တော်မူလျက် သာသနာတော်မြတ်ကို ပြုစုချီးမြှောက်ထောက်ပံ့တော်မူသည်အတွင်း ရာမည ဟံသာဝတီ ရန်ကုန်မြို့ကြည့်မြင်တိုင် အင်းစိန် စဥ့်ကူ အောက်မြို့ကျေးရွာ၌ အချို့သော ရဟန်းရှင်လူတို့သည် ဝိနည်းတရားကို လူတို့သည် မသင်အပ်၊

မသင်ကောင်း၊ မကြည့်ရှုအပ်၊ ငရဲကြီးသည်၊ အပြစ်ရှိသည်ဟု ဝိဝါဒ ပြောဆိုခြင်း။

ရဟန်းတို့လည်း ရှင်သာမဏေတို့အား ဝိနည်းတရားကို သင်ကြားပြသ ပြောဟောခြင်းကို မပြုအပ်ဟု အယူဝါဒရှိခြင်း။

အချို့သော ရဟန်းရှင်လူတို့ကလည်း ဝိနည်းတရားကို လူတို့သည် သင်ကြားလေ့ကျက် ကြည့်ရှုမှတ်သားအပ်၏၊ အပြစ်မရှိ ကုသိုလ်ရ၏ဟု အယူဝါဒရှိခြင်း။

ရဟန်းတို့ကလည်း ရှင်သာမဏေတို့အား ပဒသောဓမ္မကို လွတ်စေ၍ ချပို့ခြင်း၊ ပညတ်သိက္ခာပုဒ်လွတ်အောင် ဝိနည်းတရားကို ချပြသင်ကြား ပြောဟောအပ်၏ဟု အပြစ်မရှိ၊ ကုသိုလ်ရ၏ဟု အယူဝါဒရှိခြင်း။

အလဇ္ဇီဒုဿီလဗာလဖြစ်သော ရှင်ရဟန်းတို့ကို ဒိဋ္ဌာနုဂတိ ပဂ္ဂဟ အသင်းအပင်းပြု၍ ပစ္စည်းလေးပါးတို့ဖြင့် လှူဒါန်းပူဇော် ချီးမြှောက်ထောက်ပင့် မှီဝဲဆည်းကပ် ကိုးကွယ်သော်လည်း စေတနာ ရှိက ကုသိုလ်ရ၏ဟု အယူဝါဒရှိခြင်း။

မိစ္ဆာဒိဋ္ဌိ သာသနာပျက် ပွဲကျောင်းအလဇ္ဇီဒုဿီလ အဓမ္မဝါဒီ ဗာလဖြစ်သော ရှင်ရဟန်းတို့ကို အလိုတူအလိုပါ ဒိဋ္ဌာနုဂတိပဂ္ဂဟ အသင်းအပင်းပြုလျက် သံဃာကို မရည်မှတ်နိုင်ပဲနှင့် ပုဂ္ဂလိကပြု၍ ပစ္စည်းလေးပါးတို့ဖြင့် လှူဒါန်းပူဇော် ချီးမြှောက်ထောက်ပင့် ပေးကမ်း မ-စ၍ မှီဝဲဆည်းကပ်ကိုးကွယ်ကြကုန်သော သူတို့အား လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ရ၏ဟု ဘုရားဟောတော်မူသော သုတ္တန် ဝိနည်း အဘိဓမ္မာကျမ်းဂန်တို့၌ မတွေ့ဘူးပါဟု အယူဝါဒရှိခြင်း။

ဤသို့ ဝါဒနှစ်ပါး ကွဲပြားသဖြင့် ဝိဝါဒါဓိကရုဏ်းဖြစ်ကြ၍ သုဓမ္မာသဘင်၌ သာသနာပြုဆရာတော်များထံ အဆုံးအဖြတ် အယူတော်ခံယူ ရတနာပုံရွှေမြို့တော်ကြီးသို့ ဆန်တက်လာရောက် ကြောင်းကို ကြားသိတော်မူလျှင် အလွန်ဝမ်းမြောက်တော်မူသည်ဖြစ်၍ ဝိဝါဒါဓိကရုဏ်ဖြစ်ကြသူ လူရှင်ရဟန်းနှစ်ဦးသားတို့ကို မဟာဒဏ်ဝန် မဟာဒဏ်စာရေး သံတော်ဆင့် ပိဋကတ်တော်ပြင် အရာရှိတို့ကို

စေလွှတ်ပင့်ခေါ်စေပြီးလျှင် သုဓမ္မာသဘင်၏အနီး ကျောင်းတော်၌ ပင့်ဖိတ်ထား၍ ဆွမ်းခဲဖွယ်ဘောဇဉ် ဆေးကွမ်းအစရှိသော ပစ္စည်းအစုံတို့ဖြင့် ဆင်းရဲငြိုငြင် ပင်ပန်းခြင်းမရှိစေရ၊ လှူဒါန်းပူဇော်ချီးမြှောက်ထောက်ပင့်တော်မူသည်။

၁၂၃၆-ခု၊ တပေါင်းလပြည့်နေ့ နေ့နှစ်ချက်တီးကျော်အချိန်တွင် ဝိဝါဒဖြစ်သူ လူနှစ်ဦးသားတို့ကို မြောကြီးရွာစား မင်းလှမင်းထင်ကို စေလွှတ်တော်မူ၍ စံနန်းတော်တွင် ရှေ့တော်သို့ လူနှစ်ဦးသားတို့ အစုံအညီရောက်ကြလျှင် ဝိနယဓမ္မကျမ်းဂန်နှင့်အညီ အလဇ္ဇီဒုဿီလဟာလကျင့်သော ရှင်ရဟန်းတို့ကို လှူဒါန်းပူဇော်ချီးမြှောက်ထောက်ပင့်မှီဝဲဆည်းကပ် ကိုးကွယ်ကြကုန်သော သူတို့အား အကျိုးမရှိ၊ အပါယ်ဘုံ၌ကျ၍ အပြစ်ကြီးစွာရှိကြောင်းကို များစွာသော တရားစကားဝတ္ထုသက်သေတို့ဖြင့် ဟောပြောဆုံးမပြီးမှ သာသနာပိုင်ဆရာတော်သာသနာပြုဆရာတော်ရှစ်ပါးတို့ကို ပင့်ခေါ်လျှောက်ထားတိုင်ပင်၍ ဝိနယဓမ္မ ပါဠိတော် အဋ္ဌကထာ ဋီကာကျမ်းဂန်နှင့်အညီ အဆုံးအဖြတ် ဝိနိစ္ဆယဩဝါဒ အနုသာသနဓမ္မဖြစ်သော အမိန့်တော်ပြန်တမ်းကြီးကို ထုတ်ဆင့်ပြန်ပေးစေမည် သက်ဝင်ယုံကြည်စွာ လိုက်နာခံယူ၍ ကျင့်သုံးဆောက်တည်ကြလေဟု ဆုံးမတော်မူလျှင် အမိန့်တော်မြတ်ကို ဦးထိပ်ထက်ဆင်ရွက်၍ နေရင်းတည်းကျောင်းသို့ ပြန်နေကြရသည်။

၁၂၃၆-ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈-ရက်နေ့ နေ့နှစ်ချက်တီးကျော်အချိန်သို့ ရောက်လျှင် သုဓမ္မာသဘင်တွင် လူအရာရှိပညာရှိရဟန်းသံဃာတော်မြတ်တို့နှင့် အစုံအညီ သာသနာပြု ဆရာတော်ရှစ်ပါးထံ ဝိဝါဒါဓိကရုဏ်းဖြစ်သူ ရှင်လူရဟန်း နှစ်ဦးသားတို့ကို အဆုံးအဖြတ် အယူတော်ခံကြစေ အမိန့်တော်မြတ်ရှိ၍ မဟာဒဏ်ဝန်မဟာဒဏ်စာရေးတို့ကို စေလွှတ်၍ ပင့်ဖိတ်ခေါ်၍ သာသနာပြုဆရာတော်ရှစ်ပါးတို့ထံ မျက်နှာစုံညီ ရောက်ကြသည့် ကာလ မိမိတို့၏အယူဝါဒကို အသီးအသီးလျှောက်ထားရာ သာသနာပြု ဆရာတော်တို့က စစ်ဆေးမေးမြန်းသည်ကား-

လူတို့သည် ဝိနည်းတရားကို မသင်အပ် မသင်ကောင်း မကြည့်အပ်ဟု ခင်ကြီးတို့ဆိုသည်နှင့်အညီ အကိုးအကား ပါဠိ ပုဒ်ပါဠိ ကျမ်းဂန်တင်ပြ၍ ဆိုပါဟု သွေးဆေးကန်ဦးသဒ္ဓမ္မ, ရှင်အရိယ, ရှင်မာလာတို့ကို သာသနာပြုဆရာတော် ဦးသုဇာတက မေးစစ်တော်မူလျှင် "တိသော သာမဏေရော ဝိနယပိဋကံ ဌပေတွာ သဗ္ဗံ ဗုဒ္ဓဝစနံ ဥဂ္ဂဏှိ"ဟု ဗားကရားတိုက်နေ ရှင်အရိယ, ရှင်မာလာတို့က လျှောက်ဆိုလျှင် ဘယ်ကျမ်းနည်းဟု မေးသော် သမန္တပါသာဒိက ပါရာဇိကဏ်အဋ္ဌကထာ ဂဏ္ဌိ၌ တွေ့ပါသည်ဟု လျှောက်၏။ အနက်ပေးပါးဟု အမိန့်ရှိလျှင် "တိသော= သုံးယောက်ကုန်သော။ သာမဏေရော= သာမဏေတို့သည်။ ဝိနယပိဋကံ= ဝိနည်းပိဋကတ်ကို။ ဌပေတွာ= ထား၍။ သဗ္ဗံ ဗုဒ္ဓဝစနံ= အလုံးစုံသော သုတ္တန် အဘိဓမ္မာ မြတ်စွာဘုရားစကားတော်ကို။ ဥဂ္ဂဏှိ= သင်၏။"ဟု ဆိုလျှင် ခင်ကြီးတို့ ပါရာဇိကဏ်ကျမ်းကို သင်ဘူးသလောဟု မေးလျှင် တဆိတ်တပေါက် သင်ဘူးပါ၏ဟု ဆိုလျှင် ခင်ကြီးတို့ စိတ်ထင်ရာ ပေးသော အနက်လော၊ နိဿယအနက်လော၊ ဆရာချသော အနက်လော မေးသော် သွေးဆေးကန်ဆရာချသော အနက်ဖြစ်ပါသည်ဟု ရှင်အရိယ လျှောက်သည်၊ တိသော-အရကို ကောက်ပါဆိုလျှင် ရှင်မဟာမောဂ္ဂလိပုတ္တတိဿ, ရှင်နာဂသိန်, ရှင်ဗုဒ္ဓဃောသ သုံးပါးဖြစ်ပါသည်ဆိုက ခင်ကြီးတို့စာချုပ်၌ လူတို့သည် ဝိနည်းကို မသင်အပ် မသင်ကောင်းဆို၍ အကိုးအကား ကျမ်းဂန်ပါဠိကို မေးလျှင် ရှင်တို့ကို ကိုး၍ ဖြေသည်ဟု အပြစ်တင်ရာတွင် လူကို မဆိုထားဘိဦး ရှင်သာမဏေပင် ဝိနည်းတရားကို မသင်အပ် မသင်ကောင်းသော ကြောင့် ရှင်မဟာမောဂ္ဂလိပုတ္တတိဿ, ရှင်နာဂသိန်, ရှင်ဗုဒ္ဓဃောသ တို့ ဆရာရဟန္တာများပင် မသင်မချဆိုက ခင်ကြီးတို့ မသင်အပ် မသင်ကောင်းကြောင်းကို ကျမ်းတွေ့လို့ဆိုသလော ဆရာစဉ်ဆက် ယူသလောဟု မေးလျှင် ကျမ်းမတွေ့ပါ၊ သွေးဆေးကန်ဆရာတော် အစဉ်အဆက် ရှင်သာမဏေတို့အား ဝိနည်းကို မပြောမဟောပါ၊ ရှင်အရိယက လျှောက်လျှင် ခင်ကြီးတို့သည် ရှင်သာမဏေပြုသော

အခါ သရဏဂုဏ်ပေးခြင်း, ဆယ်ပါးသီလခံခြင်း, လိင်ဆယ်ပါး, ဒဏ်ဆယ်ပါး, သေခိယ, ခန္ဓကဝတ်များကို မသင်မကြားကြဘူးလား မေးလျှင် သင်ကြားပါ၏ဘုရားဆိုက သုဓမ္မာဆရာတော်တို့ ကြားကြ စေ၊ တိုင်တည်၍ ဟုတ်ပါစ၊ ခင်ကြီး မှန်ပါစ၊ ခင်ကြီးဟု သုံးကြိမ် တိုင်အောင် မေးသော် ဟုတ်မှန်ပါကြောင်းကို လျှောက်လျှင် သုဓမ္မာ ဆရာတော်တို့က ခင်ကြီးစကားနှင့် ခင်ကြီးတို့ မညီ၊ မိမိတို့ ပို့ချသော ဝိနည်းတရားကိုပင် ဝိနည်းမှန်း မသိ၊ ခင်ကြီးတို့ပေးသော အနက်တပါး သဒ္ဒါတခြားတိသောဟူသောသဒ္ဒါသည် ပုလ္လိင်ဂမန ဝါစကဟော သဒ္ဒါဖြစ်လျက် ကတ္တိလိင်သချာဝါစကဟော ဗဟုဝုစ် ဝိသေသန ဝိသေသျစပ်၍ သုံးယောက်သော သာမဏေဟု အနက် မြန်မာပြန်ခြင်းသည် အလွဲလွဲအချွတ်ချွတ် မှားယွင်းခြင်းကြီး မှားခဲ့ပြီ တကား၊ နမော တဿ ပါရာဇိကဏ်အဋ္ဌကထာ အစကပင် အမှားမှား အယွင်းယွင်း အယူဝါဒလွဲခဲ့သည်ဖြစ်၍ ခင်ကြီးတို့အကျင့် အယူဝါဒ ဟုတ်မှန်ရာသော အကြောင်းမရှိပြီ။ အလျှင်းမသင့်ဟု ပယ်တော်မူ၍ ဆရာစဉ် ဆရာဆက်နှင့်တကွ ခင်ကြီးတို့သည် ငါတို့ အညာက သာသနာပိုင်ဆရာတော်ဘုရား အမိန့်တော်, သာသနာပြု ဆရာတော်ရှစ်ပါး အမိန့်တော် စစ်ကိုင်းဂိုဏ်းအုပ် ဂိုဏ်းထောက်တို့ ဆင့်စာကထာ ခုနစ်ပါး၊ ရတနာသိယ်ဂိုဏ်းအုပ် ဂိုဏ်းထောက်တို့ ဆင့်စာ သလုံးဆရာတော်ရေးသော ပဗ္ဗာဇနိယကံပြုနည်း ကုလ-ဒူသကဝိနိစ္ဆယ ပြည်ဆရာတော်ရေးသော အကပ္ပိယအဆုံးအဖြတ် အလဇ္ဇီအဆုံးအဖြတ်။ [မင်းကျောင်း၏ ဝိနယဓမ္မအမိန့်တော်ပြန်တမ်း] ဓမ္မပူဇာ စာတော်များကို ဦးကေတု ရေးကူးမှတ်သား၍ လဇ္ဇီပေသလ သူတော်ကောင်းဖြစ်သော ရဟန်းရှင်လူတို့ကို ဟောပြောဆုံးမ ရေးကူး စေသည်ကိုပင် ခင်ကြီးတို့သည် မနာလို၍ မိမိတို့ အပြစ်ကို လူ သိမည်စိုးသောကြောင့်-

ကောဝေ ဥပနာဟ မက္ခ ပလာသ မာယာ သာဌေယျ သာရမ္ဘ ထမ္ဘ ပရဝမ္ဘန အတ္တုက္ကံသန ပါပ ဣဿာ မစ္ဆေရယုတ်မာ သော အလိုရမ္မက်ဆိုးဖြင့် စဉ်းလဲချူချာကောက်ကျစ် ကတ္တရိကတ္တရာ

ပြု၍ စူဠဂဏ္ဌိဂမ္ဘီရစာငယ်များနှင့် မှောက်မှားအောင်ပြောဟောသော ရှင်ကေတုဟု အမိန့်တော်ရောင် အတုပြုလုပ်၍ ဦးကေတုကို ပုတ်ခတ်ပြစ်မှား ပြောဆိုကြကုန်သည်ဟု ဥဇ္ဈာပန ခိယျန ဝိပါစန ဂရဟိတကဲ့ရဲ့ပြစ်တင် များစွာသောစကားတို့ဖြင့် ဆိုတော်မူကြကုန် သည်။ ခင်ကြီးတို့ အလဇ္ဇီဒုဿီလ ရဟန်းတို့ကို လှူဒါန်းပူဇော်၍ အကျိုးရ၏ဟု ဆိုသော် ကျမ်းဂန်ပါဠိကိုးကား၍ ဆိုပါ၊ အမိန့်ရှိလျှင် ကျမ်းဂန်ကိုးကား၍ မဆိုနိုင်ပါ၊ အလဇ္ဇီကို သံဃာမှတ်၍ လှူလျှင် အကျိုးရ၏ဟု ပြောပါသည်။ ရှင်အရိယ လျှောက်ဆိုသောကြောင့် ကျိုက်ကလို့ ဦးကေတုက သုဓမ္မာဆရာတော် အရှင်ဘုရားတို့ ပညာ-ရှင်ဖြစ်ကြပါသည်၊ ဆင်ခြင်တော်မူကြပါ၊ အဖြူကို အဖြူခြင်း အယူသဘောတူက အညာသုဓမ္မာသဘင်သို့ မရောက်နိုင်ကြပါ ဆိုလျှင် ရှင်အရိယ ရှင်မာလာတို့၏ ကထာကို သုဓမ္မာဆရာတော်တို့က မေးလျှင် ကျိုက်ကလို့ဆရာတော်က အလဇ္ဇီကို သဃ်ာရည်မှတ်၍ လှူသော် ကုသိုလ်ရ၏ဟု ဟောသောကြောင့် တပည့်တော်တို့လည်း ကုသိုလ်ရ၏ဟု ခွေအောင်ကလျှောက်လျှင် ဤကဲ့သို့ အစကပြောလျှင် ဝိဝါဒမရှိပြီ၊ လဇ္ဇီ အလဇ္ဇီ သိ မသိ မဆို၊ နိဗ္ဗာန်သို့သာ ရည်မှတ်ပြု၍ သံဃိကမြောက်အောင် ရှင်သာရိပုတ္တရာ ရှင်မောဂ္ဂလာန်အစရှိသော ပရမတ္ထအရိယာသံဃာတော်မြတ်တို့အား ဧကန်မုချမှတ်၍ သဒ္ဓါပြဋ္ဌာန်းသောစိတ်ဖြင့် လှူဒါန်းပူဇော်ကိုးကွယ်ကြ၊ ကုသိုလ်ရ၏၊ ဒါယကာတို့။ ထို့ကြောင့် "သံဃေ စိတ္တိကာရံ ကာတုံ သက္ကောန္တဿ ခီဏာသဝေ ဒိန္နဒါနတော ဥဒ္ဒိသိတ္ဝာ ဂဟိတေ ဒုဿီလပုဂ္ဂလေ ဒိန္နံ မဟပ္ဖလတရမေဝ"ဟူ၍ ဒက္ခိဏာဝိဘင်္ဂသုတ် အဋ္ဌကထာလာသောကြောင့် ကုသိုလ်ရ၏ဟု ငါပြောဟောသည့် အတိုင်း ညီကြလျှင် အယူဝါဒမကွဲ ဝိဝါဒါဓိကရဏ်းမဖြစ် သုဓမ္မာ သဘင် ဆရာတော်တို့ထံ မရောက်နိုင်ရာ၊ ယခုမှ ဝါကား၍ မပြော ကြနှင့်၊ တိတ်တိတ်နေကြ ဆိုလျှင် သာသနာပြုမတ္တရာဆရာတော် ဦးသုဇာတက ဦးကေတုတို့က ဝိနည်းတရားကို အဘယ်သို့ ပြော သနည်းဟု မေးလျှင် လူတို့သည် ဝိနည်းတရားကို သင်ကြား လေ့ကျက်ကြည့်ရှု မှတ်သား

အပ်၏ဟု ပြောပေသည်ဆိုလျှင် ဝတ္ထု သက်သေတင်ပြပါဆိုသောကြောင့် “ဓမ္မပဒအဋ္ဌကထာ၌ ခုဇ္ဇုတ္တရာ အစရှိသော မိန်းမတို့သည် မြတ်စွာဘုရားလက်ထက်က ပိဋကတ် သုံးပုံကို ဝိနည်းနှင့်တကွ သင်ကြားလေ့ကျက် ဆောင်ရွက်မှတ်သား ပါသည်၊ ဆတ္တပါဏိအစရှိသော ဒါယကာယောကျ်ားတို့သည် မြတ်စွာ ဘုရားလက်ထက်တော်က ပိဋကတ်သုံးပုံကို ဝိနည်းနှင့်တကွ သင်ကြား လေ့ကျက် ဆောင်ရွက်မှတ်သားပါသည်၊ ခုဒ္ဒကပါဌ အဋ္ဌကထာ၌ ကတမေဒီအမည်ရှိသော မိစ္ဆာဒိဋ္ဌိပုဏ္ဏားသည် ရဟန်းသံဃာတော်ကို ပြစ်မှားမိ၍ နောက်မှ ပေ၌ရေးသော ဝိနည်းတရားကို ကြည့်ရှုမှတ်သားမိမှ မိစ္ဆာဒိဋ္ဌိအယူကို စွန့်၍ ရတနာသုံးပါး၌ ကြည်ညိုပါသည်၊ သူငယ်ဖြစ်စဉ်ကပင် ဝိနယော စ သုသိက္ခိတော-ဟု မင်္ဂလသုတ်ကို ဆရာတို့ ချသောကြောင့် လူတို့ ဝိနည်းတရားကို သင်အပ်၏”ဟု အယူရှိသည်ဟု ဆိုလျှင် ဝိနည်းအဘယ်နှစ်ပါး ရှိသနည်းဟု သုဓမ္မာဆရာတော် ဦးသုဇာတက မေးလျှင် အာဂါရဝိနည်း, အနာဂါရဝိနည်း ဟူ၍ နှစ်ပါးရှိပါသည်ဖြေက အာဂါရဝိနည်းကို သင်ကောင်း၍ အနာဂါရဝိနည်းကို မသင်ကောင်းဟု ဆိုသလောဟု မေးမြန်းသော် အာဂါရဝိနည်းကို သင်ကောင်း၍ အနာဂါရဝိနည်းကို မသင်ကောင်း၊ အနာဂါရဝိနည်းကို သင်ကောင်း၍ အာဂါရဝိနည်းကို မသင်ကောင်း ဟု ပါဠိ အဋ္ဌကထာ ဋီကာ ဂဏ္ဌိ မတွေ့ဘူးပါ။

ထို့ကြောင့် “အဂါရ အနာဂါရ ဝိနည်းနှစ်ပါးစလုံးကိုပင် ခပ်သိမ်းသော လူ နတ် ရဟန်း သာမဏေတို့သည် သင်ကြားလေ့ကျက် ဆောင်ရွက်ကြည့်ရှု မှတ်သားအပ်၏”ဟု အယူရှိပါသည်၊ ဤအရာ၌ သုတ္တန်ဒေသနာတော်၌လာသော အရာမျှသာ ဖြစ်ပါသည်၊ ဝိနည်းဒေသနာတော်၌ ရှင်သာမဏေတို့နှင့် တရားကို ပုဒ်ပြိုင်သင်လျှင် ပါစိတ်အာပတ်သင့်၏ဟု ဆိုငြားသော်လည်း ပဒသောဓမ္မလွတ်အောင် လူသာမဏေတို့အား ဝိနည်းနှင့်တကွ ပိဋကတ်သုံးပုံကို တနှစ်လုံး တသက်လုံးပင် သင်ချသော်လည်း အာပတ်မသင့်ပါ၊ မိန်းမတို့ကို ငါးပုဒ်, ခြောက်ပုဒ်ထက်အလွန်ရှိသော တရားကို ဟော

လျှင် ပါစိတ်အာပါတ်သင့်၏ဟု ဆိုငြားသော်လည်း ယောက်ျားတစ်ယောက် အတူပါက ဝိနည်းနှင့်တကွ ပိဋကတ်သုံးပုံလုံးကို တနှစ်လုံး တသက်လုံး ပြောဟောသော်လည်း အာပတ်မသင့်ပါ၊ ဒုဋ္ဌုလ္လအာပတ်ကို ရှင်သာမဏေတို့အား ပြောဟောလျှင် ပါစိတ်အာပတ်သင့်၏ဟု ဆိုငြားသော်လည်း အာပတ် ပုဂ္ဂိုလ် ဝတ္ထုကို သုံးသပ်၍ပြောမှ သင့်ပါမည်၊ မသုံးသပ်ပဲ သက်သက်ဝိနည်းကို တနှစ်လုံး တသက်လုံး ပင် ပြောဟောသော်လည်း အာပတ်မသင့်ပါ၊ ထို့ကြောင့် ဆရာစဉ်ဆက် ယခုထက်တိုင် ရှင်မပြုမှီ ရှေးအဖို့ကပင် သရဏဂုံသုံးပါးကို ဉာတောဝိသုဒ္ဓိ ပြီးသအောင် သင်ကြားခြင်း, ဆယ်ပါးသီလခံခြင်း, ပစ္စဝေက္ခဏာပါဠိ အနက်တို့ကို သင်ကြားခြင်း, ရှင်ပြုပြီးမှသော်လည်းကောင်း, မပြုမီသော်လည်းကောင်း လိင်ဆယ်ပါး ဒဏ်ဆယ်ပါး သေခိယ ခန္ဓကဝတ် ဒွေအသီတိဝတ္တ ဝိနည်းတရားတို့ကို သင်ကြားလေ့ကျက် ဆောင်ရွက်ကြည့်ရှု မှတ်သားပါစေသည်။ ဒါယကာ ဒါယိကာမတို့အားလည်း သရဏဂုံခွဲ သရဏာဒိဝိနိစ္ဆယသုတ္တန် ဝိနည်းအဘိဓမ္မာနှင့် အကျွမ်းဝင်သောသူတို့နှင့် လျော်သော ဓမ္မဝိနယတို့ကို သင်ကြားလေ့ကျက် ဆောင်ရွက်ကြည့်ရှု မှတ်သားပါစေသည်။ ဝိနည်းတရားကို သာမဏေတို့ သင်ကြားလေ့ကျက် ကြည့်ရှုမှတ်သားခြင်း ရဟန်းတို့က ပို့ချခြင်းပြုသော် သင်သူချသူ နှစ်ဦးလုံး အပြစ်ရှိသည်၊ မအပ်ဟု ပါဠိ အဋ္ဌကထာ ဋီကာကျမ်းဂန်၌ တင်ပြထုတ်ဖော်၍ ဆိုပါစေလျှင် မည်ကဲ့သို့မျှမဆို တိတ်တိတ်နေတော်မူကြကုန်သည်။ သာသနာပိုင်ဆရာတော်တို့က အလဇ္ဇီကိုလှူသော် အကျိုးမရဟု အဘယ်သို့ ပြောသနည်း မေးလျှင် မိစ္ဆာဒိဋ္ဌိသာသနာဖျက် ပွဲကျောင်း အလဇ္ဇီဒုဿီလ အဓမ္မဝါဒီအာပတ္တိဗဟုလ အဘိဏှာပတ္တိက ဗာလဖြစ်ကုန်သော ရှင်ရဟန်းမိုက်တို့ကို ပဂ္ဂဟအသင်းအပင်းပြု၍ ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါးတို့ဖြင့် လှူဒါန်းပူဇော် ချီးမြှောက်ထောက်ပံ့ ပေးကမ်းမ-စ၍ ထိုသူတို့၏စကားကို လိုက်နာခံယူလျက် ပေါင်းဖော်ယှဉ်တွဲ မှီဝဲဆည်းကပ် ကိုးကွယ်ကြကုန်သော ဒါယကာ ဒါယိကာမ တပည့်သားမြေး အလုပ်အကျွေးတို့အား လူ

နတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ရ၏ဟု သဗ္ဗညုမြတ်စွာဘုရား ဟောကြားတော်မူအပ်သော သုတ္တန် ဝိနည်း အဘိဓမ္မာကျမ်းဂန်တို့၌ ဆရာမတွေ့ဘူးပါ ပြောဟောပေ၏ဟု ဖြေဆိုလျှင် သာသနာပိုင် ဆရာတော်ဘုရားကြီးတပည့် သာသနာပြုတံဆိပ်တော်ရ ဆရာတော် တစ်ပါးက ဤစကားကို အဘယ်သူမှ ဖျက်ဆီးပယ်ဖျက်ခြင်းငှာ မတတ်နိုင်ရာဟု မိန့်တော်မူသည်။

သင်္ဃာသာသနာပြုတံဆိပ်တော်ရ ဆရာတော်က. . . ခင်ကြီး တို့ သွေးဆေးကန်ဆရာသည် အမိန့်တော်ယောင် အတုပြုလုပ်သည့် စာများနှင့် ဂိုဏ်းသံယာကို ဆင့်ဆို၍ ဦးကေတုကို ပုတ်ခတ်ပြောဆို ကြသည်။ ဦးကေတုကလည်း လက်ဝါးကြီးနှင့် ထမင်းကို ဆုပ်၍ သားငယ်ကို ခွန့်ဘိသကဲ့သို့ အာဏာစက် ဓမ္မစက်မရှိသော အရပ် ၌ အလဇ္ဇီဓမ္မကို ပြောဟောမိ၍ ပုတ်ခတ်လေသည်။

ရုပ်သေး အထုအလုပ်ကောင်းသော်လည်း ကြိုးဆွဲမကောင်း၍ ပွဲပျက်သည် ဆိုသကဲ့သို့ ရှမ်းလေးကျွန်းဆရာတော်ရှိကာလ မင်းဇေ ရာဇ်က ဝိနည်း ပါဠိတော် အဋ္ဌကထာ ဋီကာနှင့်အညီ အလဇ္ဇီဓမ္မကို ရေး၍ သွင်းတော်မူပါ တောင်းသောကြောင့် ရှမ်းလေးကျွန်းဆရာ တော် တင်သွင်းသော အလဇ္ဇီဓမ္မကို မှန်စီဆောင်၌ သာသနာပိုင် ဆရာတော်ကြီး ခင်မကန်ဆရာတော်, ဘုံကျော်ဆရာတော်, ဗားကရာ ဆရာတော်, ပြည်ဆရာတော်ဦးစန္ဒိမာ, ထီးလင်းဆရာတော် ငါတို့ သာသနာပြုဆရာတော် ရှစ်ပါးနှင့် မျက်နှာစုံညီရှေ့တွင် မင်းဇေကရာဇ် က ဝိနည်းပါဠိတော် အဋ္ဌကထာ ဋီကာ ဘုရားဟောကျမ်းဂန်များနှင့် ညီပါ၏လော မေးသောကြောင့် သာသနာပိုင်ဆရာတော်ဘုရားကြီးနှင့် တကွ ဆရာတော်တို့က ဘုရားဟောတော်မူသော ဝိနည်းပါဠိတော် အဋ္ဌကထာ ဋီကာ ကျမ်းဂန်များနှင့် ညီညွတ်ဟုတ်မှန်ကြောင်းကို အမိန့်တော်ရှိကြသည်နှင့်အညီ မင်းဇေကရာဇ် ထုတ်ဆင့်တော်မူသော ဘုရားဟော ဝိနယဓမ္မဖြစ်သည်။

ကျွန်ုပ်လည်း ပါဠိတော် အဋ္ဌကထာ ဋီကာနှင့်အညီ ကထာ ခုနစ်ပါးကို ရေး၍ ဂိုဏ်းသံယာကို ဆင့်ပါသည်။ ခင်ကြီးတို့သည်

ဦးကေတုကိုပင် ဆိုချင်ခြေားသော်လည်း ငါတို့မျက်နှာ ဘုရားမျက်နှာတော်ကို ထောက်ထားဆင်ခြင်သင့်ပါသည်။ ခင်ကြီးတို့သည် အလဇ္ဇီဓမ္မ အလဇ္ဇီပဂ္ဂဟ အလဇ္ဇီအမှုအရာများကို ပြုကျင့်ကြ၍ မနာလိုသောကြောင့် ဦးကေတုကို ပုတ်ခတ်စွပ်စွဲ ဆဲရေးပြောဆိုကြသည်။ "ငန်းသန္တိပါတ် အပြင်းဘမ်းသော ငန်းရူးကို ဆေးတိုက်မိ၍ ငန်းရူးက သမားကို ဆဲသည်" ဆိုဘိသကဲ့သို့ ဦးကေတုကို ဆဲရေးပြောဆိုကြလေသည်။

ခါတ်တော်ကို ပေပေါ်မှာတင်၍ ထုသော်လည်း ခါတ်တော်စစ်မို့ မကွဲနိုင်ဆိုဘိသကဲ့သို့ ဦးကေတုမို့ ခံနိုင်ပေသည်။ ခင်ကြီးတို့သည် ဦးကေတုကို ပုတ်ခတ်စွပ်စွဲ ဆဲရေးပြောဆို ပြစ်မှားကြသည်ဟု သုဓမ္မာဆရာတော်တို့ များစွာ ကဲ့ရဲ့ပြစ်တင်တော်မူကြသည်။ မှတ်မိတိုင်း မရေးပါ၊ အနည်ငယ်မျှ ရေးလိုက်ပါသည်။ အသီးသီးမှတ်မိသရွေ့ ရေးသားကြသောကြောင့် တစ်ယောက်နှင့်တစ်ယောက် မတူကွဲပြားကြပါလိမ့်မည်။ ဥပမာပုံပြင် ဝိနယဓမ္မ တရားစကားအကျဉ်းအကျယ်အလတ် အများအနည်း မတူကြ၊ သဘောအဓိပ္ပါယတ္ထသာ တူကြပါလိမ့်မည်။ အနည်းငယ်မျှသာ ရေးလိုက်ပါသည်။

၁၂၂၆-ခု၊ တပေါင်းလပြည့်ကျော် ၁၀-ရက်နေ့ သင်္ဂဇာဆရာတော်ဘုရားက ကျောင်းသို့ ခေါ်တော်မူ၍ တရားဓမ္မပြသဆုံးမတော်မူသည်ကား- "**ကရုဏာသီတလဟဒယံ ပညာပဇ္ဇောတ-ဝိဟတမောဟတမံ**"ဟူသော ဂါထာကို ရွတ်ဆိုတော်မူ၍ အလွန်ချမ်းအေးသော မဟာကရုဏာတော်ဖြင့် တိုက်တွန်းနှိုးဆော်အပ်သော ရွှေနှလုံးတော်မြတ် ရှိတော်မူသော ပညာတန်ဆောင် ဆီမီးရောင်ဖြင့် ပယ်ဖျောက်အပ်ပြီးသော မောဟတည်းဟူသော အမိုက်တိုက်ရှိတော်မူသော မြတ်စွာဘုရားသခင်အား ဝေရဉ္စပုဏ္ဏားသည် "**ဝေနယိကော ဘဝံ ဂေါတမော**"အစရှိသော ဆဲရေးခြင်းဆယ်ပါးတို့ဖြင့် စွပ်စွဲဆဲရေးခြင်းကိုပြုသော်လည်း မဟာကရုဏာတော်ဖြင့် ဖုံးလွှမ်းအပ်သော အလွန်ချမ်းအေးသော ရွှေနှလုံးတော်မြတ်ရှိသည်ဖြစ်၍ အမျက်ဒေါသကို ဖြစ်စေတော်မမူပဲ သံသရာဝဋ်မှ ကျွတ်လွတ်ထွက်မြောက်ခြင်းကို

အလွန်အလိုရှိတော်မူသည်ဖြစ်၍ ထိုသို့သော စွပ်စွဲဆဲရေးခြင်း စင်လျက် သည်းခံတော်မူသဖြင့်-

"အဇ္ဇတဂ္ဂေ ပါဏုပေတံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
အဇ္ဇတဂ္ဂေ ပါဏုပေတံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
အဇ္ဇတဂ္ဂေ ပါဏုပေတံ သံဃံ သရဏံ ဂစ္ဆာမိ"

ဟု ရတနာသုံးပါး၌ အလွန်သက်ဝင်ယုံကြည်ခြင်းဟု ဆိုအပ်သော သဒ္ဓါတရားကို ပွားများစေတော်မူသဖြင့် သရဏဂုံ၌ တည်အောင် ရွက်ဆောင်ဖြားယောင်းချေချွတ်တော်မူသော မြတ်စွာ ဘုရားသခင်၏ နည်းနာနယ ဥပဒေသပေးတော်မူသည်ကို ထောက်ထားတော်မူကြ၍ မြတ်စွာဘုရားသခင်အား အလွန်ရိုသေလေးစားခြင်းကို ဖြစ်စေတော် မူကြ၍ အရှင်ဘုရားတို့သည် ရဟန်း ရှင် လူဒါယကာ ဒါယိကာမ တို့အား တရားစကားကို ဟောပြောခြင်းကြောင့် ဟောပြောခြင်းကို အစွဲပြု၍ တစုံတယောက်သောသူသည် စွပ်စွဲဆဲရေးခြင်းကို ပြုငြား သော်လည်း ထိုသူတို့အား အမျက်မထွက်ခြင်း ဖြစ်စေတော်မမူကြ ကုန်လင့်။

ထိုသို့ အမျက်ထွက်ခြင်းသည် ဘုရားအစရှိသော သူတော် ကောင်းတို့၏ အလေ့အကျက်မဟုတ်ချေတကားဟု အလွန်ယုတ်မာ ယုတ်ညံ့ဆိုးသွမ်းပြစ်မှားခြင်းကို ဖြစ်စေတတ်သော မိမိကိုယ်တွင်း၌ ရှိသော ဒေါသတရားကို မထွက်မပွားရအောင် ဆီးတားဆို့ပိတ်တော် မူကြပါဟု သင်္ဃာဆရာတော်က အဓိကရဏ်းဖြစ်ရင်း ပုဂ္ဂိုလ်အရှင် မြတ်တို့အား ဆုံးမကံမြစ်တော်မူသည်။

မိထွေးတော်ဂေါတမီသည် မြတ်စွာဘုရားသခင်အား ကိုယ် တော်မြတ်ဘုရားသည် အထူးထူးသောအမှု အထူးထူးသောလွန်ကျူး ခြင်းတို့ကို စွဲ၍ အထူးထူးသောသိက္ခာပုဒ်တရားကို ပညတ်တော်မူရ ပေသည်၊ ထိုပညတ်တော်မူအပ်သော သိက္ခာပုဒ်တော်တို့သည် များပြားကျယ်ဝန်းလှသည်ဖြစ်၍ မမှတ်မသားတည့်နိုင်ပါ၊ အကျဉ်း အားဖြင့် နာခံမှတ်သားခြင်းကို အလိုရှိသော သတ္တဝါတို့သည် နာခံ

မှတ်သားလွယ်အောင် အကျဉ်းဟောပြောပြသ ဆုံးမတော်မူပါဟု လျှောက်ထားတောင်းပန်သောကာလ မြတ်စွာဘုရားသခင်သည် မိထွေးတော်ဂေါတမီအား ဟောကြားတော်မူသည်မှာ-

## မိထွေးတော်ဂေါတမီအား ဟောကြားတော်မူသော ဝိနည်းအကျဉ်းချုပ်

မိထွေးတော်- အကြင်ကိုယ်အမူအရာ နှုတ်အမူအရာသည် မိမိလည်း မနှစ်သက်၊ သူတပါးတို့၏ နှစ်သက်ခြင်းကိုလည်း မဖြစ်စေတတ်၊ ထိုအမူအရာတို့ကို မပြုအပ်၊ အကြင်ကိုယ်အမူအရာ နှုတ်အမူအရာတို့သည် ကိုယ်လည်းမနှစ်သက်၊ သူတပါးတို့၏ နှစ်သက်ခြင်းကိုလည်း မဖြစ်စေတတ်၊ ထိုအမူအရာတို့ကို မပြုအပ်၊ အကြင်ကိုယ်အမူအရာ နှုတ်အမူအရာတို့သည် ကိုယ်လည်း နှစ်သက်စုံမက်၏၊ သူတပါးတို့၏ နှစ်သက်စုံမက်ခြင်းကိုလည်း ဖြစ်စေတတ်၏၊ ထိုအမူအရာတို့ကို ပြုအပ်, ကျင့်အပ်, လျှောက်ပတ်၏ဟု မိထွေးတော်ဂေါတမီအား ပြသဆုံးမတော်မူအပ်သော နည်းတော်ကိုထောက်၍ သာကီဝံသဘုရားအနွယ် ဘုရားတပည့်ဖြစ်ကုန်သော သီလဝန္တ သမဏမည်သော အမည်ကို ရလိုခံလိုသော ပုဂ္ဂိုလ်တို့သည် သမဏလက္ခဏာ, သမဏအင်္ဂါ, သမဏအမူအရာ, သမဏအမည်ကို ခံထိုက်အောင် သမဏသာရုပ္ပမဖြစ်သော ရဟန်းတို့၏လက္ခဏာ, ရဟန်းတို့၏အင်္ဂါ, အသွင်, အမူအရာ, အကျင့်, အလေ့အကျက် မဟုတ်သော ဒုကတမကောင်းသောသွားခြင်း, မကောင်းသောဝတ်ရုံခြင်း, မကောင်းသောကြွေ, ပြောခြင်း, ဆိုခြင်း, စားခြင်း, မကောင်းသော ကြံခြင်းစသော ရွံရှာစက်ဆုပ်အပ်သော ကိုယ်အမူအရာ နှုတ်အမူအရာတို့ကို ပယ်ရှား၍ နှစ်သက်စုံမက်မြတ်နိုးအပ်သော သဒ္ဓါတရားကို ဖြစ်ပွားစေတတ်သော သူတပါးတို့ ကြည်ညိုဖွယ်ဖြစ်စေတတ်သော ရဟန်းတို့၏ အဝတ်အရုံစသော ကောင်းသောကိုယ်အမူအရာ နှုတ်အမူအရာတို့နှင့် ပြည့်စုံအောင် ကြံဆောင်တော်မူကြပါဟု

တရားဓမ္မကို ပြသတော်မူသည်။ သမဏသည်- ပထမသမဏ၊ ဒုတိယသမဏ၊ တတိယသမဏ၊ စတုတ္ထသမဏဟူ၍ သမဏအပြား လေးပါး ရှိပါသည်။ ထိုလေးပါးတို့တွင် သောတာပန်ပုဂ္ဂိုလ်သည် ပထမသမဏ၊ သကဒါဂါမ်ပုဂ္ဂိုလ်သည် ဒုတိယသမဏ၊ အနာဂါမ် ပုဂ္ဂိုလ်သည် တတိယသမဏ၊ ရဟန္တာပုဂ္ဂိုလ်သည် စတုတ္ထသမဏဟူ၍ သမဏအစစ်ကား လေးပါးအပြားရှိသည်၊ ယခု ထင်ရှားရှိတော်မူကြ ကုန်သော လဇ္ဇီပေသလသိက္ခာကာမဖြစ်၍ သီလဝန်၊ ဂုဏဝန်ဖြစ်ကုန် သော ရဟန်းကောင်းရဟန်းမြတ်တို့မှပင်သော်လည်း ထိုသမဏအစစ် လေးပါးတို့နှင့် ဝတ်ခြင်း၊ ရုံခြင်း၊ စားခြင်း၊ သွားခြင်း၊ အသွင်အပြင် အမူအရာ နှစ်ရာ့နှစ်ဆယ်ခုနစ်ပါးသော သိက္ခာပုဒ်တော်တို့ကို မယို မယွင်းရအောင် ကျင့်ဆောင်နိုင်ကြပါမှ သမဏယောင် ရဟန်းယောင် ရှင်ယောင်မျှသာ ဖြစ်ချေသည်ဟု အမိန့်ရှိတော်မူသည်။

## လူ ဝိနည်းသင်ခြင်းကြောင့် အပြစ်မရှိ

ဎင်းနောက် ရာဂစရိုက်ပြောသောပုဂ္ဂိုလ်အား အသုဘ ကမ္မဋ္ဌာန်းသည် လျောက်ပတ်၏။ ဒေါသစရိုက်ပြောသောပုဂ္ဂိုလ်အား မေတ္တာကမ္မဋ္ဌာန်းသည် လျောက်ပတ်၏ဟု စရိုက်အားလျော်စွာ ပြသ ဆုံးမတော်မူသည်။ ထိုသို့ စရိုက်ပြောသောပုဂ္ဂိုလ်အားလျော်စွာ ဟော တော်မူသော်လည်း ရာဂစရိုက်ပြောသောပုဂ္ဂိုလ်အား မေတ္တာကမ္မဋ္ဌာန်း ကို ပြောဟောခြင်း၊ ဒေါသစရိုက်ပြောသောပုဂ္ဂိုလ်အား အသုဘ ကမ္မဋ္ဌာန်းကို ပြောဟောခြင်းသည် ဟောသောပုဂ္ဂိုလ် နာသောပုဂ္ဂိုလ် အား အပြစ်မရှိပြီ၊ နာသောပုဂ္ဂိုလ်၌ တရားမသက်မဝင်သည်သာ ဖြစ်သကဲ့သို့ ထို့အတူ လူတို့ကျင့်အပ်သော အာဂါရဝိနည်း ရဟန်း တို့ကျင့်အပ်သော အနာဂါရဝိနည်း နှစ်ပါးလုံးကိုပင် သူတို့ နာခံ မှတ်သား သင်ကြားလေ့ကျက်ခြင်းကို ပြုခြင်းသည် အပြစ်မရှိမှတ်လေ ဟု သင်္ဂဇာဆရာတော် မိန့်တော်မူသည်။

ဒါနသည် အကျိုးဖလမျှကိုသာ ရသောဒါန, အကျိုးဖလမျှကိုမှ မရသောဒါန, အကျိုးဖလမရသည့်အပြင် အလှူခံ အလှူပေးနှစ်ပါးလုံး သာသနာဖျက်ဖြစ်၍ အဝီစိငရဲသို့ သွားကြရသောဒါန ဟူ၍ သုံးပါးအပြားရှိသည်၊ ထိုသုံးပါးတို့တွင် နှစ်ရာ့နှစ်ဆယ်ခုနစ်ပါး သောသိက္ခာပုဒ်တော်တို့ကို မယိုမယွင်းရအောင် ကျင့်ဆောင်ပေး သောသီလဝန္တပုဂ္ဂိုလ်ပင်ဖြစ်သော်လည်း အလှူပေးဒါယကာတို့က သီလလည်းမစင်ကြယ်၊ တဏှာပေမဟုဆိုအပ်သော သားဆရာ မြေးဆရာ ကျောင်းနေဆရာဟု မှတ်ခြင်းလည်းမကင်း၊ ထိုပုဂ္ဂိုလ်၌ အရိယာပုဂ္ဂိုလ်တို့၏ အသွင်အပြင်အလေ့အကျက် အကျင့်နှင့်တူသော စက္ခုပသာဒဖြင့် မြင်၍ မနေဘဲ့ဒွါရသို့ သက်၍ သိအပ်သောဝတ်ခြင်း, ရုံခြင်း, စားခြင်း, သွားခြင်း, အကျင့်သီလသိက္ခာ အာစာရတို့ကို အာရုံပြု၍ အာရမ္မဏိကစေတနာ သဒ္ဓါတရားနှင့် ပြည့်စုံစေ၍ လှူဒါန်းသောဒါနသည် တဏှာပေမနှင့် မသန့်ရှင်းသောဒါနဖြစ်သောကြောင့် အနည်းငယ်မျှသော အကျိုးဖလကိုရသော ဒါနမှတ်ရမည်။ လောကူပမာဆိုသည်ရှိသော် သားငယ်သေဆုံးသော အမိသည် အရပ်တပါးသို့ သွားသောကာလ မိမိသားငယ်နှင့်တူသော သူငယ်ကိုတွေ့မြင်လျှင် သေဆုံးလေပြီးသော သားငယ်ကို ထင်မြင်အောက်မေ့သဖြင့် ထိုသူငယ်ကို ချစ်ခြင်း, ကြင်နာခြင်းဖြစ်သကဲ့သို့ သီလဝန္တပုဂ္ဂိုလ်တို့၌ အရိယာတို့နှင့်တူသော အကျင့်သိက္ခာ အသွင်အပြင်တို့ကို စက္ခုဒွါရဖြင့် မြင်လျှင် မနောဒွါရသို့သက်၍ သဒ္ဓါတရားဖြစ်သည်ကို ယူ။ အလှူခံပုဂ္ဂိုလ်က အလဇ္ဇီလည်းဖြစ်စေ အလှူပေးကလည်း မိစ္ဆာဘဆက်ပင် မဟာဂီရိနတ်ကို ကိုးကွယ်သကဲ့သို့ မိမိတို့အစဉ်အဆက် ကိုးကွယ်ရင်းဖြစ်၍ အမှတ်မဲ့လှူဒါန်းသည် လည်းဖြစ်စေ ထိုဒါနသည် အနည်းငယ်သော အကျိုးဖလကိုမျှ မရသောဒါနမှတ်ရမည်။ အလှူခံပုဂ္ဂိုလ်က အလဇ္ဇီဒုဿီလဖြစ်စေ အလှူပေးဒါယကာကလည်း ထိုအလဇ္ဇီဒုဿီလပုဂ္ဂိုလ်၏ အမူအရာဟုဆိုအပ်သော ဆေးကုခြင်း, ဗေဒင်ဟောခြင်း, အစေအပါးခံခြင်း, သစ်သီးပေးခြင်း, ပန်းပေးခြင်းစသော အမူအရာအလေ့အကျင့်တို့ကို

ကြိုက်နှစ်သက်၍ လှူဒါန်းခြင်းသည် သာသနာတော်ကို ဖျက်ဆီးလိုသော စေတနာပင်မပါသော်လည်း ဧကန်သာသနာဖျက်ဖြစ်သော အလဇ္ဇီတို့ အပြောအဟော အလေ့အကျင့် အမူအရာ ဒိဋ္ဌာနုဂတိသို့ အစဉ်လိုက်မှားခြင်းကြောင့် အလှူခံပုဂ္ဂိုလ် အလှူပေးဒါယကာ နှစ်ဦးလုံးပင် သာသနာဖျက်ဖြစ်သောကြောင့် ဒကာ, ဆရာ အထက်, အောက် အဝီစိငရဲကြီး၌ ခံရမည်ဟု ဆုံးမတော်မူသည်။ တရပ်တကျေး အဝေးကလာသော အလဇ္ဇီပုဂ္ဂိုလ်အား ရဟန်းသံဃာဟုမှတ်၍ လှူရာ၌ ဓာတ်တော်စစ်မဟုတ်သော ကျောက်စရစ်ခဲကို ဓာတ်တော်မှတ်၍ ရှိခိုးကိုးကွယ်သော သူကဲ့သို့လည်းကောင်း, ဓာတ်တော်ကို လူဖော်၍ သွားသော ဓာတ်တော်မရှိသော စေတီအိမ်ပျက်ကို ရှိခိုးသောသူကဲ့သို့လည်းကောင်း မှတ်ရမည်။ အဘယ့်ကြောင့်ဟူမူကား ဦးပြည်းကာ သင်္ကန်းဝတ်ကာမျှဖြစ်သော အကာသာရှိ၍ ကောင်းကျိုးချမ်းသာကို ပေးတတ်သော အနှစ်သာရဟုဆိုအပ်သော အကျင့်သိက္ခာကား ထိုအလဇ္ဇီပုဂ္ဂိုလ်သန္တာန်၌ အလျှင်မရှိ၊ မကောင်းကျိုးကိုသာ ဖြစ်စေတတ်သော ရွံရှာစက်ဆုပ်အပ်သော အလဇ္ဇီတို့ အမူအရာသာလျှင် ထိုပုဂ္ဂိုလ်၏သန္တာန်၌ ကိန်းဝပ်သောကြောင့် အကျိုးမရ မှတ်ရမည်ဟု ဆုံးမတော်မူသည်။ ၎င်း၏ အကိုးအကား သက်သေသာဓကဖြစ်သော ပါဠိကား-

အလဇ္ဇီန မုဏ္ဍကေန သမဏော၊
အဗ္ဗတော အလိကံ ဘဏံ။
ဣစ္ဆာလောဘသမာပန္နော၊
သမဏော ကိံ ဘဝိဿတိ။

မုဏ္ဍကေန= ဦးပြည်းရိပ်၍ သပိတ်နှင့်ဆွမ်းခံကာမျှဖြင့်။ သမဏော= ရဟန်းမည်သည်။ န= မဟုတ်သေး။ အဗ္ဗတော= စကျွန်ခြွေစသည်တို့ကို မစောင့်စည်းသည်ဖြစ်၍ သီလအကျင့် ဓုတင် အကျင့်မှကင်းသော။ အလိကံ= ချော်ချော်ချွတ်ချွတ် အပြစ်မလွတ် သောစကားကို။ ဘဏံ-ဘဏမန္တော= ပြောဆိုသည်ဖြစ်၍။ ဣစ္ဆာ

လောဘသမာပန္နော= ကြီးစွာသော အလိုရမ္မက်နှင့်ပြည့်စုံသော အလဇ္ဇီပုဂ္ဂိုလ်သည်။ သမဏော ကိံ ဘဝိဿတိ= ရဟန်းအဘယ်မှာ ဖြစ်နိုင်ပါအံ့နည်း။

ထို့ကြောင့် ဦးပြည်းရိတ်၍ သပိတ်နှင့်ဆွမ်းခံကာမျှသာဖြစ်၍ သမဏမဟုတ်သော စကျွန်ခြေစသည်တို့ကို မစောင့်စည်းသည်ဖြစ်၍ သီလအကျင့် ဓုတင်အကျင့်မှ ကင်းသော ကြီးစွာသော အလိုရမ္မက်နှင့်ပြည့်စုံသော အလဇ္ဇီပုဂ္ဂိုလ်သည် ရဟန်းအဘယ် ဖြစ်နိုင်ပါအံ့နည်း။ ထိုသို့ အလဇ္ဇီပုဂ္ဂိုလ် ရဟန်းမဟုတ်သောကြောင့် ရဟန်းသံဃာဟု မှတ်ခြင်းသည် အကျိုးမရှိ။ အနံ့မရှိသော ပေါက်ပန်းကို နမ်းသောသူကဲ့သို့ မှတ်လေ။

"သံဃေ စိတ္တိကာရံ ကာတုံ သက္ကောန္တဿ ခီဏာသဝေ ဒိန္နဒါနတော သံဃတော ဥဒ္ဒိသိတွာ ဂဟိတော ဒုဿီလဿ ဒိန္နံ မဟပ္ဖလံ"ဟူ၍ ဟောတော်မူရာ သံဃာတော်ဟု အရိုအသေအလေးအမြတ်ပြုခြင်းငှာ တတ်နိုင်သောသူအား သံဃာတော်မှ ရည်ညွှန်း၍ ရအပ်သော ရဟန်းတို့၏ အကျင့်သီလသိက္ခာ အလျင်းမရှိသော သာသနာတော် ကွယ်ပျောက်သောအခါ မယားသားမွေးခြင်း, လယ်လုပ်ခြင်းနှင့်ပြည့်စုံသော သံဃာမှ ရည်ညွှန်း၍ရအပ်သော ကာသာဝကဏ္ဍ သင်္ကန်းကို လည်ပင်းရောက်ကာမျှဖြစ်သော ဒုဿီလအလဇ္ဇီကို သံဃာဟုမှတ်၍ လှူဒါန်းခြင်းသည် ရဟန္တာပုဂ္ဂိုလ်အား လှူဒါန်းသည်ထက် အကျိုးရ၏ဟု ဟောတော်မူခြင်းသည် ရွှေမရှိ၍ ခပ်ပြာကို အထွတ်အမြတ်လုပ်၍ သုံးသောကာလကဲ့သို့ ဟောသည် မှတ်ရမည်။ ထိုကာလမှာမူကား သာသနာတော်သုံးပါး ထွန်းပတုံးကာလသာ သာသနာတော်၏အတွင်းဖြစ်၍ ရွှေစစ်နှင့်တူသော သီလဝန္တပုဂ္ဂိုလ်တို့ ထင်ရှားရှိလျက် ယခု သာသနာတော်အတွင်း၌ ဖြစ်ကုန်သော အလဇ္ဇီပုဂ္ဂိုလ်တို့အား သံဃာမှတ်၍ လှူဒါန်းခြင်းသည် ရွှေစစ်မဟုတ်သော ခပ်ပြာကို ဝယ်မှားသောသူကဲ့သို့ မှတ်ကြရမည်ဟု ဆုံးမတော်မူသည်။

*** ♦ ***

နမော တဿ
ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## သာသနာပြု ရာဇအမိန့်တော်

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ရေမြေအရှင် ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများရှင် လက်နက်စကြာသခင်အရှင် ဘဝရှင်မင်းတရား အမိန့်တော်ရှိသည် ငါဇကေရာဇ်မင်းမြတ်သည် ကိုယ်ကျိုးကိုယ်စီးပွားကိုငဲ့၍ မင်းအဖြစ်ကို ယူတော်မူသည်မဟုတ်၊ ဘေးလောင်းတော်အဇာတသတ်မင်း, ကာလာသောကမင်း, သီရိဓမ္မာသောကမင်းစသော သာသနာပြုမင်းတို့ကဲ့သို့ ရှေးရှေးသော ကိုယ်တော်၏အဖြစ်၌ မပြတ်လေ့ကျင့် ဆောင်တော်မူခဲ့ဘူးသော သမ္မာဆန္ဒတော်ရင်းရှိသဖြင့် သာသနာတော်ကို ချီးမြှင့်ပြုစုတော်မူလိုသည်နှင့်အညီ ကျင့်ဆောင်နိုင်ခဲလှသော ရာဇဓမ္မအပေါင်းတို့ကို မတိမ်းမယိမ်း မလစ်မဟင်းစေရ ကျင့်ဆောင်တော်မူ၍ မြတ်သော တရားတို့၌ တည်တော်မူလျက် မျိုးတော်မတ်တော် အမှုထမ်းအရာထမ်းတို့ကိုလည်း အလောင်းတော်မဟော်သဓာ, ဝိဓူရ, နန္ဒသေန အစရှိသော မျိုးကောင်းမတ်ကောင်းတို့ကဲ့သို့ ရာဇဓမ္မလောက အကြောင်းသုံးပါးကို တည်စေခြင်း မိဖုရားမင်းညီမင်းသားတို့မှ စ၍ တိုင်းသူပြည်သားတို့ကိုလည်း ဒါန, သီလစသော သူတော်ကောင်းတရားတို့၌ တည်စေခြင်း, ရဟန်းတော်တို့ကိုလည်း ပါတိမောက်ပြခြင်း, ဥဘတောဝိဘင်းဆောင်ခြင်းစသော သာသနာတော်မြတ်၏ မူလဘူတတရား ထင်ရှားရှိလျက် မေ့မေ့လျော့လျော့ ပြုကြသောကြောင့် ယိုယွင်းတိမ်မြုပ်ရှိသည်ကို ဝိနည်းပညတ်တော်နှင့်ညီအောင် အားထုတ်ရွတ်ဆောင်စေခြင်း, အနုဂ္ဂဟနှစ်ပါးဖြင့် သာသနာတော်ကို အလွန်အကြူးချီးမြှင့်တော်မူခြင်းစသော သာသနာတော်စည်ပင်အံ့သည်ကို ရည်ရွယ်တော်မူလျက် သာသနာနုဂ္ဂဟဓမ္မရာဇာ

ဖြစ်တော်မူသော မြတ်သောမင်းအဖြစ်ကို ယူတော်မူသည်၊ သာသနာတော်၏တည်ရာသည် ဝိနည်းတရား ထင်ရှားရှိသည့်အတိုင်း ရဟန်းတော်တို့ ကောင်းမွန်အောင်မကျင့်ဆောင်က သာသနာတော်ညှိုးနွမ်းသည်၊ တရားတော်ကို မကျင့်ဆောင်သော တစ်ယောက်သောအလဇ္ဇီသည် အလဇ္ဇီတစ်ထောင်ကို ဖြစ်စေ၍ သာသနာတော်ကို ဖျက်ဆီးနိုင်သည်၊ သာသနာတော် ညှိုးနွမ်းပျက်စီးကြောင်းဖြစ်သော အလဇ္ဇီတို့ အမူအရာအကျင့်ဟုဆိုအပ်သော ရွှေ ငွေ မာသက ကဟာပဏ ဟူသော လေးပါးသော နိဿဂ္ဂိယဝတ္ထု၊ ပုလဲ, ပတ္တမြား, ကျောက်မျက်ရွဲ, ခရုသင်း, ကျောက်သလင်း, သန္တာ, ပတ္တမြားနီ, ပတ္တမြားပြောက်, စပါးမျိုးခုနစ်ပါး, ကျွန်မိန်းမ, ကျွန်ယောကျ်ား, ကျွဲ, နွား, ခွေး, ဝက်, ကြက်, ငှက်, လယ်ယာ, ပန်း, သစ်သီး, အရာမ်စသော ဒုက္ကဋ်ဝတ္ထုတို့ကို ရှာမှီးခြင်း, အနီး၌ထားသည်ကို သာယာခြင်း, သိုမှီးသိမ်းဆည်းခြင်းဟူသော အလဇ္ဇီမှု၊ နိဿဂ္ဂိယအချင်းချင်း လဲလှယ်ရောင်းဝယ်ခြင်း, အနိဿဂ္ဂိယဝတ္ထုဖြင့် ဒုက္ကဋ်ဝတ္ထုကို ရောင်းဝယ်လဲလှယ်ခြင်း, နိဿဂ္ဂိယဝတ္ထုဖြင့် ဒုက္ကဋ်ဝတ္ထုကို ရောင်းဝယ် လဲလှယ်ခြင်း, အနိဿဂ္ဂိယဖြင့် ဆွမ်းဆန် ဖျင်စသော ကပ္ပိယဝတ္ထု ကို လဲလှယ်ရောင်းဝယ်ခြင်း, ဒုက္ကဋ်ဝတ္ထုအချင်းချင်း လဲလှယ်ရောင်း ဝယ်ခြင်း, ထိုဒုက္ကဋ်ဝတ္ထုဖြင့် နိဿဂ္ဂိယဝတ္ထု ကပ္ပိယဝတ္ထုတို့ကို လဲလှယ်ရောင်းဝယ်ခြင်းတည်းဟူသော အလဇ္ဇီမှု။ ရဟန်းတို့ ပရိက္ခ-ရာကို ရောင်းချ၍ရသော ရွှေငွေစသော နိဿဂ္ဂိယဝတ္ထုတို့ကို ကိုင်ခြင်း, ခံခြင်းတည်းဟူသော အလဇ္ဇီမှု။ ရဟန်းတို့ ကပ္ပိယ ပရိက္ခရာဖြင့် ခဝါသည်စသော လူတို့ထံ ကွမ်းအစ်, ထုံးဘူး, ကန့်ကူ ပရိပိုက်စသော ကပ္ပိယဝတ္ထုကို မအပ်သောဝေါဟာရဖြင့် လဲလှယ် ရောင်းဝယ်ခြင်းစသော အလဇ္ဇီမှု။ ပန်းပေးခြင်း, သစ်သီးပေးခြင်း, ကသယ်မှုန့်ပေးခြင်း, မြေညက်ပေးခြင်း, ဒန်ပူပေးခြင်း, ဝါးပေးခြင်း, ဆေးပေးခြင်း, သလုံးမြင်းခေါင်းဖြင့် ဒါယကာတို့ အစေအပါးခံခြင်း ဤရှစ်ပါးသော ကုလဒူသကတို့ကို ပြုခြင်းဟူသော အနေသနတို့၌ အကျုံးဝင်သော လူတို့ကို ထမင်းကျွေးခြင်း, မုန့်ပေးခြင်း, ကွမ်းဆေးတည်ခြင်း, နေရာ

ခင်း၍ အရိုအသေပြုခြင်း, ဗေဒင်ဟောခြင်း, ဆေး ကုခြင်းစသော အလဇ္ဇီဓမ္မ၊ အသက်မွေးခြင်းဟူသောအကြောင်းကြောင့် ပညတ်တော်မူအပ်သော ခြောက်ပါးသောသိက္ခာပုဒ်တော်ကို လွန်ကျူးခြင်း, အံ့ဩဖွယ်ဖြစ်စေ၍ လာဘ်ကို ရှာမှီးခြင်း, ပစ္စည်းရခြင်း အကြောင်းကို ပြောဆို၍ လာဘ်ကိုရှာမှီးခြင်း, ရအပ်ပြီးသော အနည်းငယ်သော လာဘ်ကို ပေးသဖြင့် မရသေးသော များစွာသောလာဘ်တို့ကို တောင့်တရှာမှီးခြင်း, သဘောယုတ်မာသော အစွမ်းဖြင့်ဖြစ်သော မိစ္ဆာဇီ၀ဟူသော အလဇ္ဇီဓမ္မ၊ ဆင်စီး မြင်းစီး ရထားစီးစသော မဂ်ဖိုလ်တို့မှ ဖီလာဖြစ်သော တိရစ္ဆာန်ဝိဇ္ဇာအတတ်၌ အကျုံးဝင်သော ပြဒါးကို သေစေအောင်ပြုခြင်း, ပြဒါးကို ပြာချခြင်း, ခဲစေခြင်းတို့ကို ဆိုသော တိရစ္ဆာနဝိဇ္ဇာ လောကာယတကျမ်းကို ရဟန်းတို့ သင်လည်း မသင်အပ်၊ သူတပါးတို့ကိုလည်း မပြောအပ်၊ ပြုလည်း မပြုအပ်၊ ကြေးငွေမပါ၊ သစ်ရွက်သစ်မြစ်စသော ဆေးတို့ဖြင့်သာ ပြဒါးကို သေစေခြင်း, ပြာချခြင်း, ခဲခြင်းစသော အတတ်တို့ကို မလေ့ကျက်အပ်၊ သူတပါးတို့ကို မပြအပ်၊ လုပ်လည်း မလုပ်အပ်၊ လေ့ကျက်ပြသော ရဟန်းတို့သည် ခွံ့တိုင်းခွံ့တိုင်း ပယောဂတိုင်းပယောဂတိုင်း ဒုက္ကဋ်အာပတ်သင့်ခြင်းဟူသော အလဇ္ဇီဓမ္မ၊ ငွေနှင့်ကြေးကို စပ်၍ စပ်တူလုပ်သူတို့သည် လုပ်ဆောင်ရန်ငွေကို ခံကတည်းကပင် နိဿဂ္ဂိယပါစိတ်အာပတ် သင့်သည်၊ ခဲကြေးနီကိုစပ်၍ သုံးသောအခါ ခိုးခြင်းနှစ်ဆယ့်ငါးပါးတွင် ထေယျာ၀ဟာရ၌ အကျုံးဝင်သော ကူဋကဟာပဏ၀ဟာရဖြင့် ဆုံးဖြတ်အပ်သည်၊ ကြေးနီငါးကျပ်ကို ငွေမွှေးတင်၍ သုံးဆောင်ကြလျှင် ပါရာဇိကဖြင့် ဆုံးဖြတ်သည်ဟု ကျမ်းဂန်လာသည်ကို ပြုကျင့်လွန်ကျူးခြင်းဟူသော အလဇ္ဇီဓမ္မ၊ ထိုးကွင်း လက်ဖွဲ့ ခါးလှဲ့အင်းအိုင် ဓားပြီးလှံပြီးစသော အတတ်မျိုးတို့သည် မဂ်ဖိုလ်ဖီလာ တိရစ္ဆာနကျမ်း၌ အကျုံးဝင်သောကြောင့် ရဟန်းတို့ မကျင့်အပ်သည်ကို ပြုကျင့်လွန်ကျူးခြင်းတည်းဟူသော အလဇ္ဇီဓမ္မ၊ ထိုအလဇ္ဇီဓမ္မအတတ်ကို မှီ၍ရသော ပစ္စည်းတို့ကိုလည်း ရဟန်းတို့ မသုံးဆောင်ထိုက်ပဲ သုံးဆောင်ခြင်းဟူသော အလဇ္ဇီဓမ္မ၊ အနာမရှိပဲ ရထားပေါင်းချုပ် လှည်း

ထမ်းစင် သံလျှင်းစသော လှည်းတို့ကို ရဟန်းတို့ မစီးအပ်သည်ဖြစ်လျက် စီးခြင်းတည်းဟူသော အလဇ္ဇီဓမ္မ၊ ခြေကွဲခြင်း၊ အသားစွန်းထွက်ခြင်း၊ အလွန်ကြမ်းခြင်းဟူသော အကြောင်းမရှိပဲ ဖိနပ်စီး၍ ရွာတွင်းသို့ မဝင်အပ်လျက် ဝင်ခြင်း ဟူသော အလဇ္ဇီဓမ္မ၊ အလုံးစုံဖြူသော ဖိနပ်၊ လူတို့အသုံးအဆောင် နှင့်တူသော သမဏသာရုပ္ပမဖြစ်သော နီသောအသည်းကြိုး၊ မည်း သော အသည်းကြိုးတပ်သော ဖိနပ်တို့ကို ရဟန်းတို့ အချင်းခပ်သိမ်း မစီးအပ်သည်ကို စီးခြင်းဟူသော အလဇ္ဇီဓမ္မ၊ ပြောက်ကြားသော သဘော်ကော်ဇော တရုပ်ကော်ဇောတို့သည် တရားဟောပလ္လင်ဆွမ်းစားဇရပ် အိမ်၌ လူတို့ခင်းသည်ကို ကြဉ်၍ ဘုမ္မတ္ထရဏပြုလျက် ကပ္ပိယအခင်းဖြင့် မခင်းပဲ အိပ်ခြင်း၊ ထိုင်ခြင်းငှာ မအပ်အထိုက်သည်ကို လွန်ကျူးခြင်း၊ ကျော်နင်းခြင်းဟူသော အလဇ္ဇီဓမ္မ၊ ဂါမခေတ်အရံတွင် တောအရပ်၌ မအပ်သော ထီးဆောင်းခြင်းတည်းဟူသော အလဇ္ဇီဓမ္မ၊ ခွင့်ပြုတော်မူအပ်သော ထီးကို ရောဂါမရှိပဲ သမ္မုတိမရပဲ ဂါမာဂါမခေတ္တတို့၌ ဆောင်းခြင်းဟူသော အလဇ္ဇီဓမ္မ၊ ကခြင်း၊ တီးမှုတ်ခြင်းနှင့်စပ်သော ဆိုင်း၊ ကချေသည်ရုပ်စုံ၊ ဇာတ်စုံ၊ ပုံရှည်စသော အလုံးစုံသော သဘင်မျိုးတို့ကို ပယောဂဖြင့် မယှဉ်စေအပ်၊ မိမိပယောဂမဟုတ်သော ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်းတို့ကိုလည်း ကြည့်ရှုနားထောင်ခြင်းတို့ကို မပြုအပ်၊ ရာဂစသော ကိလေသာဖြစ်ကြောင်းဖြစ်သော ကုသိုလ်အဖို့တို့ကို ဖျက်ဆီးတတ်သော သာသနာတော်၏ ဆူးငြောင့်သဖွယ်ဖြစ်သော သဘင်ကျင်းပခြင်း အစရှိသည်တို့ကို ပြောဟောနာခံခြင်း၊ လက်ခုပ်တီးမှုတ်ခြင်း၊ စီပုတ်တီးခြင်း၊ အိုးစည်တီးခြင်း၊ ကချေသည်တို့ကို ကစေခြင်း၊ သံချောင်းကစားခြင်း၊ အရိုးဆေးကစားခြင်း၊ ဝါးထောင်ကစားခြင်း၊ ဖဲရိုက် အံခတ် စစ်ဘုရင် ဆင်တိုက် မြင်းတိုက် ကျွဲတိုက် နွားတိုက် ဆိတ်တိုက် သိုးတိုက် ကြက်တိုက် ခါတိုက် ကြည်းသားရိုက် ဒုတ်ပေါက် လက်ဝှေ့သတ် ကစားခြင်း၊ စစ်ထိုးခြင်း၊ ဗိုလ်ရေတွက်ခြင်း၊ ဆင်မြင်းရထားခြေသည်တို့ကို ကြည့်ရှုခြင်း၊ မီးဖြူ မီးဝါစသော ဆီမီးမျိုးစုံ၊ မီးပဒုံးစသော

ရှူးမီးမျိုးစုံ, မီးအိမ်ပုံ, ဒုံးရှို့, ပျောက်ခွဲစသော အလုံးစုံသောအမှု တို့သည် ဝိသုကဖြစ်၍ ရဟန်းတို့အား မအပ်သောအမှုကို ကျူးလွန် ကျော်နင်း ပြုလုပ်စီရင် ကြည့်ရှုနားထောင်ခြင်းဟူသော အလဇ္ဇီဓမ္မ၊ မြစ်နား ရဟန်းတို့လည်း လှော်လှေပြုပြင်၍ ကစားလိုသောစိတ်ဖြင့် ထိုမှဤမှ မသွားမလာအပ်သည်ကို သွားလာခြင်းဟူသော အလဇ္ဇီဓမ္မ၊ ယာဝဇီဝကဖြစ်သော ထိုနေ့ အကပ်ခံသော ကွမ်း, ဆေးတို့ကို နေလွဲသောအခါ အနာတည်းဟူသော အကြောင်းမရှိပဲ သုံးဆောင် ခြင်း၌ အကပ်ခံခြင်း၌ပင် မျိုတိုင်းမျိုတိုင်းလည်းကောင်း, ဝိကာလ ဘောဇနသိက္ခာပုဒ်၏ အန္တရာဘတ်ဖြင့် ဒုက္ကဋ်အာပတ် သင့်သည်၊ ထုံးကွမ်းဖတ် ဆေးဖတ် ကွမ်းသီးဖတ် မကင်းသော ခံတွင်းဖြင့် ဆွမ်းစသော အာမိသကို စားသောအခါ မျိုတိုင်းမျိုတိုင်း သန္နိဓိ ပါစိတ်အာပတ် သင့်သည်၊ ဆွမ်းစားပြီးသော် အာမိသမကင်းသော ခံတွင်းဖြင့် ဆေးတို့ကို သုံးဆောင်သောအခါတို့၌လည်း မျိုတိုင်း မျိုတိုင်း သန္နိဓိပါစိတ်အာပတ် သင့်သည်၊ နေလွဲသောအခါ ယမန်နေ့ က အကပ်ခံပြီးသော ကွမ်းဆေးကို အနာတည်းဟူသော အကြောင်း မရှိပဲ သုံးဆောင်ခြင်း၌ အကပ်ခံခြင်းတို့၌ ဝိကာလဘောဇနသိက္ခာ ပုဒ် နှစ်ပါးဖြင့် ဒုက္ကဋ်အာပတ် နှစ်ချက်စီ သင့်သည်၊ ယမန်နေ့က အကပ်ခံသော ကွမ်းဆေးတို့ကို အကြောင်းမရှိပဲ အချင်းခပ်သိမ်း မသုံးဆောင်အပ်၊ ထိုနေ့က အကပ်ခံသော ကွမ်းဆေးတို့ကို အကြောင်းမရှိပဲ၊ နေလွဲသောအခါ အကြောင်းမရှိပဲ မသုံးဆောင်အပ် သည်ကို သုံးဆောင်ခြင်းဟူသော အလဇ္ဇီဓမ္မ၊ ဦးခေါင်းပူ, ကုတ်ဟီး, ချောင်းဆိုးနာ, ထိပ်ကပ်နာဟူသော အကြောင်းမရှိပဲ အခိုးတံဆေးလိပ် တို့ကို မသောက်ရအပ်၊ ယမန်နေ့က အကပ်ခံသော အခိုးတံ ဆေးလိပ်, ထိုနေ့ အကပ်ခံသော အခိုးတံဆေးလိပ်တို့ကို သောက်သော ရဟန်း ကွမ်းဆေးတို့၌ ဆိုအပ်ခဲ့ပြီးသည့်အတိုင်း အာပတ် သင့်သည်ကို မရှောင်မကြဉ်ပဲ ပြုကျင့်ကျူးလွန်ခြင်းဟူသော အလဇ္ဇီဓမ္မ၊ ထင်ရှားရှိသော ရဟန်းကို မပန်ကြားမူ၍ ရှောင်တခင်ပြုအပ်သော ကိစ္စမရှိပဲ နေလွဲအခါ ရွာတွင်းသို့ မဝင်အပ်သည်ကို ဝင်ခြင်းဟူသော အလဇ္ဇီဓမ္မ။

ယင်းသို့စသော အလဇ္ဇီအဖြစ်ကိုပြုတတ်သော သိက္ခာပုဒ် တို့ကို လေးစားမမူ၊ မြတ်စွာဘုရား ရွှေမျက်နှာတော်ကို မထောက် မကြောက်၊ တသက်လျှာမျှ လာဘ်ပူဇော်ကို ငဲ့၍ ရဟန်းကောင်းတို့ အသွင်အပြင် အဝတ်ကား မြတ်သောအရဟတ္တဓဇ၊ အကျင့်ကား မြတ်စွာဘုရား သာသနာတော်၏ ဆူးငြောင့်တံကျင်သဖွယ်ကဲ့သို့ ယုတ်မာလှသော အကျင့်ဖြစ်၍ သာသနာတော်ကို ဖျက်ဆီးတတ်သော အလဇ္ဇီပုဂ္ဂိုလ်တို့ကို အားပေးအားမြှောက် ပူဇော်လှူဒါန်းသူတို့လည်း အလဇ္ဇီနှင့်ပေါင်းဖက်၍ သာသနာတော်ကို ဖျက်ဆီးသည်မည်လေသောကြောင့်-

အမိန့်တော်တွင်ပါရှိသည့် အလဇ္ဇီဓမ္မကို လွန်ကျူး ကျော်နင်း၍ ကျင့်သော အလဇ္ဇီပုဂ္ဂိုလ်တို့ကို ရွှေမြို့တော် မှစ၍ နိုင်ငံတော်အတွင်း အရပ်, မြို့, ကျေးရွာနေလူတို့ကို မကိုးကွယ် မလှူဒါန်းကြစေနှင့်၊ မြို့ရှင် ရွာရှင်တို့က မြို့နေ ရွာနေ လူတို့ကို နိုင်နင်းအောင် တားမြစ်စေ၊ ကိုးကွယ်ရင်း ဖြစ်၍ ကိုးကွယ်လှူဒါန်းလိုလျှင် အလဇ္ဇီဓမ္မကို စွန့်စေ၍ အပြစ်အားလျော်သော ဝိနည်းကံဖြင့် ကုစားစေပြီးမှ ကိုး-ကွယ်လှူဒါန်းမြဲ လှူဒါန်းစေ၊ အလဇ္ဇီပုဂ္ဂိုလ်မှန်း သိလျက်နှင့် အမိန့်တော်ကို မတည်၊ ကိုးကွယ်လှူဒါန်း အားပေးအား မြှောက်ပြု၍ သာသနာတော်ကို ဖျက်ဆီးသူတို့ကို အများ ကြောက်ရွံ့၍ သာသနာတော်၏ ဘေးရန်ကင်းငြိမ်းအောင် တင်းတင်းကြပ်ကြပ် ဝန်တို့က စီရင်၊ ထီးရုံ နန်းရုံ စော်ဘွား မြို့ဝန် မြို့သူကြီးတို့ကို စေ့နှံ့အောင် ပြန်ဆိုမှာထားစေ။

သက္ကရာဇ် ၁၂၁၇-ခု၊ တပို့တွဲလဆန်း ၁၀-ရက်နေ့။
နာခံတော်မင်း မင်းထင်ရာဇာသီဟသူပြန် အမိန့်တော်။

*** ♦ ***

နမော တဿ
ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## သာသနာပြုဆရာတော် ဝိနိစ္ဆယ

ဇိနသာသနံ နိမ္မလံ စိရံ လောကေ တိဋ္ဌတု။
ဗုဇ္ဈတု ဂံဥပ္ပလံ အံသုနာဝ သာဓု။
သမ္ဗုဒ္ဓဿ တေဇေန ဓမ္မကထဿု။
(တာဝိယဂါထာ၊ သာဝိတ္တိဆန်းမျိုး၊ အာသီသပတ္ထနာဂါထာ။)

ဇိနသာသနံ= အစိန္တေယျ သုံးလူ့ထွတ်ထား မြတ်စွာဘုရား၏ သာသနာတော်သည်။ နိမ္မလံ= အညစ်အကြေးမှ ကင်းဝေးစင်ကြယ်လျက်။ စိရံ= မြင့်ရှည်စွာ ကာလပတ်လုံး။ လောကေ= လူအပေါင်း၌။ တိဋ္ဌတု= တည်စေသတည်း။ ပဏ္ဍိတာနံ= ပညာရှိသူ လူအပေါင်းတို့၏။ ဂံ ဥပ္ပလံ= ပညာတည်းဟူသော ကုမုဒ္ဒရာကြာသည်။ ဝေ= စင်စစ်။ အံသုနာဝ= ဒေသနာတော်တည်းဟူသော နေရောင်ဖြင့်သာလျှင်။ ဗုဇ္ဈတု= ငုံအာရင့်၍ ပွင့်စေသတည်း။ သမ္ဗုဒ္ဓဿ= မြတ်စွာဘုရားသခင်၏။ တေဇေန= တန်ခိုးတော်အစွမ်း အာနုဘော်ကြောင့်။ ဓမ္မကထာ= သဘောတရားအတိုင်း မဖောက်မပြန် မှန်ကန်သော စကားအစဉ်သည်။ အဿု= မချွတ်စင်စစ် ဖြစ်စေသတည်း။

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော သာသနဒါယကာ မဟာဓမ္မရာဇာ တရားမင်းမြတ်သည် ရှေးဘေးလောင်းတော် သီရိဓမ္မာသောကမင်း, ဒေဝါနံပိယတိဿမင်းတို့ကဲ့သို့ အစိန္တေယျလောကထွတ်ထား ဘုရားသခင်သာသနာတော်၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း သဒ္ဓါတရားရှိတော်မူသည်ဖြစ်၍ သာသနာတော်၌ မသင့်မတင့် မညီမညွတ် အချင်းချင်း တစ်ဦးနှင့်တစ်ဦး နှုတ်ကျူးလက်လွန် တစ်ယောက်နှင့်တစ်ယောက် အကြောက်အကန် နိုင်လိုအားတက် ကလဟဝိဝါဒ ငြင်းခုံကြ၍ ခိုက်ရန်ဖြစ်ပွားကြသည်များကို ကြားသိ

တွေ့မြင်တော်မူလျှင် ဓမ္မသံဝေဂ သဟောတ္တပ္ပဉာဏ်ဖြင့် အဖန်တလဲလဲ နှလုံးတော်ထိတ်လန့်တော်မူသဖြင့် စေ့စပ်တော်မူလိုသော နှလုံးတော်မြတ်ရင်း ရှိသည်နှင့်အညီ ဓမ္မာဘိယာစနကို မဆွရှေးရိုးဦးကိုင်မဏ္ဍိုင်ဗဟိုရ်ရကဲ့သို့ပြု၍ ယခုအခါ ပါဠိ အဋ္ဌကထာ ဋီကာကျမ်းဂန်တို့နှင့် နှိုင်းယှဉ်ဆင်ခြင်၍ ထင်မြင်သော သဘောအလျောက် အဂတိလေးပါးသို့ မလားမကပ် မြတ်စွာဘုရားအား သုံးကြိမ်တိုင်တိုင်သတိသံဝေပုလ္လ ပညာဝေပုလ္လတရားကို တိုးပွားစေတတ်သော ပဏာမသုံးပါးတို့ဖြင့် အောင်မြို့မင်္ဂလာဖြင့် ပတ္တနာရင်းပင် မိမိဉာဏ်အားထင်မြင်နိုင်ပါသမျှ ကောက်ယူဆုံးဖြတ်ပေအံ့။

ပညာရှိသုခမိန်တို့သည် မြတ်စွာဘုရားအားလည်းကောင်း, ငါတို့မင်းခေါင်မင်းဖျား မင်းတရားကြီးအားလည်းကောင်း ယုံကြည်လေးမြတ်ကြသည်ဖြစ်၍ ဆရာတော်တို့၏ မေတ္တာကို ခံယူပြီးလျှင်ကင်္ခါ မစ္ဆေရ ဒေါသ မာနအစရှိသော ကိလေသာအညစ်အကြေးမှ ကင်းဝေးစေလျက် ယခုပြဆိုလတ့်သော ဓမ္မကထာကို တန်ဆာဆင်ခြင်း၌ အလေးပြုကုန်သော လုလင်ပျို့ရွယ်သူငယ်တို့အား မဏိကုဏ္ဍလာ ပတ္တမြားနားဒေါင်း တန်ဆာဆင်သကဲ့သို့ နားမှာ ဆင်ယင်ကြစေကုန်သတည်း။ ထိုစကား မှန်၏။ သုရာစုတ္တ သေသောက်ကြူးတို့သည် သေဗူးကို လွယ်၍ တရားနာရာ ဓမ္မသဘင်သို့ ဝင်လာငြားသော်လည်း သူတပါးတို့ ကဲ့ရဲ့စဖွယ်သာဖြစ်၍ အရာမဟုတ်သကဲ့သို့ ယခုပြဆိုလတ့်သော တရားစကားကို မှတ်သားနာယူခြင်း၌လည်း ကင်္ခါ မစ္ဆေရ ဒေါသ မာနအစရှိသော ကိလေသာသေဗူးဖြင့် မသင့်မလျော် မတော်မစပ်လေသည်သာတည်း။

ထို့ကြောင့် ပညာရှိသူတော်ကောင်းအပေါင်းတို့သည် ရှေးကပုထုဇ္ဇန်တို့၏ ဂတိအားဖြင့် မှားယွင်းမိသော်လည်း သတိသံဝေဂတရားကို ဖြစ်စေသဖြင့် ကိလေသာအညစ်အကြေးမှ ကင်းဝေးစေလျက် တရားတော်ကို နာယူကုန်ရာသည်၊ သမားဟူးရားတို့ ဆေးဝါးပယောဂဖြင့် ကုသပါလျက် ချမ်းသာခွင့်ကို မရလျှင် အနာလွန်သောဂိလာနပုဂ္ဂိုလ်ဟူ၍ ဆိုအပ်သကဲ့သို့ ဤဓမ္မကထာ တရားစကားကို

ကြားနာရလျက် ဣဿာ မစ္ဆေရ ဒေါသ မာနအစရှိသော ရောဂါမှ သက်သာရာ မရလျှင် ကိလေသာအနာလွန်ပြီဟု ခေါ်ဆိုခြင်းငှာ ထိုက်ရာ၏၊ သည်ကိုရည်၍ ရှေးသူတော်ကောင်းတို့လည်း "ပညာရှိလျက် သတိဖြစ်ခဲသည်။ မြော်မြင်ဘိလျက် အသိဖြစ်ခဲသည်"ဟု ပြောစမှတ်ပြုကြကုန်၏။

## ယခုအခါ
## ဓမ္မဝိနိစ္ဆယကို ပြရာအခွင့် သင့်လျော်ပြီဖြစ်၍ ပြဆိုအပ်သတည်း

ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော အစိန္တေယျ အပ္ပမေယျ သေဋ္ဌဇေဋ္ဌ အနန္တဂုဏ်တော် ကျေးဇူးတော်အပေါင်းတို့ဖြင့် ကောင်းကင်မေရု မြေအထုနှင့် လေးခုအဏ္ဏဝါ သမုဒ္ဒရာကဲ့သို့ ကြီးကျယ်မြင့်မြတ်သော လူနတ်တို့ဆရာ မြတ်စွာဘုရားသခင်သည် ဒီပင်္ကရာမြတ်စွာဘုရား ခြေတော်ရင်းမှ နိယတဗျာဒိတ်ဟူသော မဥ္ဇူ-သကပန်းကို ပန်ဆင်တော်မူပြီးမှ ကမ္ဘာတစ်သိန်းအလွန်ရှိသော လေးသင်္ချေကာလတို့ပတ်လုံး သူတထူးတို့သည် စူးစူးရားရားပြုနိုင်မည် မဆိုဘိဦး၊ ငါလျှင်ယခု ပြုကျင့်မည်ဟု ကြံစည်ရုံမျှပင်သော်လည်း အလွန်ခဲယဉ်းလှစွာသော ပါရမီဆယ်ပါး အပြားသုံးဆယ်တို့ကို ဖြည့်ကျင့်တော်မူ၍ ရတော်မူအပ်သော ပိဋကတ်သုံးပုံသည် နာနာနယ နိပုဏ ဂမ္ဘီရ-ဟူသော အဋ္ဌကထာပါဠိနှင့်အညီ အထူးထူးကုန်သော နည်းတို့ဖြင့် အလွန်သိမ်မွေ့နက်နဲ ခက်ခဲလေရကား အပ္ပသုတ မန္ဒ-ပညာဖြင့် မြင်မြင်ဝါးဝါး ဟုတ်ဟုတ်ငြားငြား သူနှယ်ငါနှယ် လူပြိန်းတို့အား မဟာသမုဒ္ဒရာ၌ ယုန်သူငယ်သည် ထောက်လှမ်းရာကို မရနိုင်သကဲ့သို့ အလဗ္ဘနေယျ ပတိဋ္ဌာနဖြစ်သည်။ အလဗ္ဘနေယျ ပတိဋ္ဌာနဖြစ်သော မြတ်စွာဘုရားသခင်၏ သာသနာတော်၌ တစုံတခုသော အနက်သဘော၌ အချင်းချင်းငြင်းခုံကြ၍ ဝိဝါဒကွဲပြားကြလျှင် ကိုးကွယ်ရာမှ ဘေးဖြစ်သည် ဆိုဘိသကဲ့သို့ နိယျာနိက သာသနာတော်ကို အမှီပြု၍ အကုသိုလ်တရား ပွားများကုန်ရာသည်။

အဘိုးအနဂ္ဃဖြစ်သော ကာသိတိုင်းဖြစ်သော ကောဇ္ဇမွေရာဇ် ပုဆိုးကို အဘိုးမထိုက်တန်သော မျောက်ယုတ်သည် ဆုတ်ဖြတ်ဖျက် ဆီးလေဘိသကဲ့သို့ ဤရွေ့ဤမျှ အဘိုးထိုက်တန်၏ဟု ပြဆိုခြင်းငှာ မတတ်စကောင်းသော အစိန္တေယျ အပ္ပမေယျ ဂုဏသာမိ မုနိပုင်္ဂဝ လောကသေဋ္ဌနင်း တရားမင်းမြတ်၏ သာသနာတော်ကို အဘိုးမထိုက် တန်သော ငါတို့တတွေ ဝေနေယျတို့၏ အတွက်ကြောင့် ပျက်စီး သင့်သည်မဟုတ်၊ ကလဟဝိဝါဒကို အလွန်အလိုတော် မရှိလှသော ကြောင့် တဝါလုံးလုံး ပလလဲတောဝယ် နေတော်မူသော အစိန္တေယျ သုံးလူ့ထွတ်ထား မြတ်စွာဘုရား၏ သာသနာတော်ဝယ် ကျေးဇူးတော် ကြီးမြတ်တော်မူလှသော ကျေးဇူးရှင်၏ကျေးဇူးကို မဆပ်နိုင်လျှင် ရှိစေ ဦး၊ နှစ်သက်တော်မမူသော ကလဟဝိဝါဒအမှုကို ပြုသင့်ကြတော့ သည်မဟုတ်။

ယင်းသို့ဖြစ်၍ တစုံတခုသော အနက်သဘောကိုစွဲ၍ နိုင်လို အားတက် ငြင်းခုံခြင်းကို မပြုပဲ ပညာရှိသူခမိန်တို့ အဆုံးအမ၌ တည်လျက် သမ္မာပဋိပဒါသို့ သက်၍ မင်္ဂဖိုလ်နိဗ္ဗာန်ရောက်ကြောင်း ကောင်းမှုအထူးကိုသာ ဆည်းပူးကုန်ရာသည်။ ယခု ရာမညတိုင်း ဟံသာဝတီမြို့ ကျေးရွာများ၌ ရဟန်းရှင်လူအပေါင်းတို့အား အချင်း ချင်း မညီမညွတ် ကွဲပြားကြသည့်အမှုကို အာဂုံယုတ္တိ ပါဠိ အဋ္ဌ- ကထာ ဋီကာ အနု မဓု လက်သန်း ဂန္ထန္တရတို့နှင့် ထောက်လှမ်း ဆင်ခြင်သော် လူသာမဏေတို့အား ဝိနည်းတရားကို ပို့ချခြင်းငှာ အပ်, မအပ်၊ သင်ကြားခြင်းငှာအပ်, မအပ်၊ နှစ်ရပ်နှစ်ပါး ကွဲပြားကြ သည်မှာ သမန္တပါသာဒိကမည်သော ဝိနည်းအဋ္ဌကထာ ဗာဟိရ နိဒါန်း၌-

တိဿော သာမဏေရော ဟုတွာ ဥပေတွာ ဝိနယပိဋကံ သဗ္ဗံ ဗုဒ္ဓဝစနံ ဥဂ္ဂဏှိ သဒ္ဓိံ အဋ္ဌကထာယ၊ ဥပသမ္ပန္နကာလေ ပန အဝဿိကောဝ သမာနော တိပိဋကဓရော အဟောသိ။

ဟူ၍ လာသည်ကို ထောက်သဖြင့် လူသာမဏေတို့အား ဝိနည်းတရားကို မပို့ချအပ်, မသင်ကြားအပ်ဟူ၍ မယူသာ။ ထိုစကား မှန်၏။ မောဂ္ဂလိပုတ္တတိဿမထေရ်သည် သာမဏေဖြစ်၍ ဝိနည်း ပညတ်ကို သင်ကြားခြင်းငှာ အရာမဟုတ်သေးသည်ဖြစ်သောကြောင့် ဝိနည်းပိဋကတ်ကို ချန်ထား၍ သုတ္တန် အဘိဓမ္မာပိဋကတ်တို့ကို သာလျှင် သင်ကြားကြောင်းကို ဆိုသည်၊ သင်ကြားလျှင် အပြစ်ရှိသည်ဟု မဆို။ အကယ်၍ ပို့ချသင်ကြားလျှင် အပြစ်ရှိသည်ဖြစ်အံ့။ ပါဏာတိပါတစသည်တို့ကဲ့သို့ လောကဝဇ္ဇအပြစ်သော်လည်း ဖြစ်ရာသည်။ လောကဝဇ္ဇ အပြစ်ဖြစ်ကလည်း ပို့ချသင်ကြားသောလူတို့အားလည်း အပါယ်လားကြောင်း မကောင်းမှုဖြစ်ရာသည်။ မြတ်စွာဘုရားသခင် တရားတော်ကို သင်ကြား၍ အပါယ်လားကြောင်း မကောင်းမှုဖြစ်၏ဟူသော အနက်သည် ရောက်ရာသည်။ အကယ်၍ ပဒသောဓမ္မ, ဘူတဂါမစသည်ကဲ့သို့ ပဏ္ဏတ္တိဝဇ္ဇဖြစ်လျှင် အာပတ်သို့တင်၍ ပညတ်တော်မူသောသိက္ခာပုဒ် အသီးအခြားရှိရာသည်။ သိက္ခာပုဒ်သီးခြားမရှိလျှင် နေစေဦး၊ အဋ္ဌကထာ ဋီကာဆရာတို့သည် အနုလောမအားဖြင့် သွတ်သွင်းသောအရာလည်း မထင်။ သာရတ္ထဒီပနီ ဝိမတိဝိနောဒနီဋီကာများ၌လည်း လူသာမဏေတို့အား ဝိနည်းတရားကို သင်ကြားခြင်းငှာ မလျော်သောကြောင့်သာလျှင် မောဂ္ဂလိပုတ္တတိဿသာမဏေသည် ဝိနည်းပိဋကတ်ကို ချန်ထား သင်ကြားလေသည်ဟူ၍ လာသည်။ မည်သည့်သိက္ခာပုဒ်ကို သွတ်သွင်း၍ မည်သည့်အာပတ်သင့်သည်ဟူ၍ မလာ။ ဥပမာအားဖြင့် ဆိုသည်ရှိသော် နားမဖောက်မထွင်းသေးသော သူငယ်အား နားဒွောင်းတန်ဆာဖြင့် အကျိုးမရှိသောကြောင့် ရ၍ မယူပဲသော်လည်း ရှိရာ၏။ သူတပါးတို့အား ပေးကမ်းဝေငှ ပြုသခြင်းငှာလည်းကောင်း, နောင်နားဖောက်ထွင်းသောအခါ ဆင်ယင်ခြင်းငှာလည်းကောင်း ရ၍ ယူသော်လည်း ယူရာ၏။ ထို့အတူ သာမဏေတို့အား ဝိနည်းပိဋကတ် အရာမဟုတ်သေး၍ မတင်ပဲချန်ထားသော်လည်း ချန်ထားရာ၏။ သူတပါးတို့အား ဟောပြောခြင်းငှာလည်းကောင်း, နောင်ရဟန်းပြုသောအခါ ကျင့်

ဆောက်တည်ရန် သင်ကြားသော်လည်း အပြစ်မတင်သည်သာ မှတ်အပ်၏။ ထိုမှတပါးလည်း-

"သဗ္ဗမေဿ ကပ္ပိယာကပ္ပိယံ အာစိက္ခိတဗ္ဗံ အဘိသမာစာရိကေသု ဝိနေတဗ္ဗော"ဟူသော မဟာဝါပဗ္ဗဇ္ဇခန္ဓက အဋ္ဌကထာ။

"အဘိသမာစာရိကေသု ဝိနေတဗ္ဗောတိ ဣမိနာ သေခိယဝတ္တက္ခန္ဓကဝတ္တေသု အညေသု စ သုက္ကဝိဿဋ္ဌိအာဒိလောကဝဇ္ဇသိက္ခာပဒေသု သာမဏေရေဟိ ဝတ္တိတဗ္ဗံ။ တတ္ထ အဝတ္တမာနော အလဇ္ဇီ ဒဏ္ဍကမ္မာရဟော စ ဟောတီတိ ဒဿေတိ"ဟူ၍ ဋီကာများ၌ သာမဏေတို့အား သင်ကြားပြသအပ်သော ကပ္ပိယအကပ္ပိယ လောကဝဇ္ဇသုက္ကဝိဿဋ္ဌိအစရှိသော သိက္ခာပုဒ်၊ သေခိယခန္ဓကဝတ်များ၌လည်း ဝိနည်းတရားပင် ဖြစ်သည်။ ထို့ကြောင့် လူသာမဏေတို့အား ဝိနည်းတရား သင်ကြားပို့ချရာ၌ တစုံတရာအပြစ် မထင်သည်သာတည်း။ ဤကား လူသာမဏေတို့အား ဝိနည်းပိဋကတ်ကို ပို့ချသင်ကြားရာ၌ အပြစ်ရှိ, မရှိသည်ကို ဆုံးဖြတ်ရာ ပဉ္စမဝိနိစ္ဆယတည်း။ ။

## ကွမ်းစားခြင်း ဆေးသောက်ခြင်းနှင့် ဝိကာလဘောဇန

ဥပုသ်သီလဆောက်တည်ကုန်သော လူတို့အား အကြောင်းရှိသဖြင့် နေလွဲသောအခါ ကွမ်းစားခြင်း, ဆေးသောက်ခြင်းအမှုကို ပြုရာ၌ ဝိကာလဘောဇနသိက္ခာပုဒ် ပျက်, မပျက်အားဖြင့် အယူဝါဒကွဲပြားကြသည်မှာ ဝိကာလဘောဇနသိက္ခာပုဒ်၌ နေလွဲသောအခါ အကြောင်းရှိသည် မရှိသည်ဖြစ်စေ ခဲဘွယ်ဘောဇဉ် ခါဒနိယဘောဇနိယ ဆွမ်းအစရှိသော အာဟာရ ယာဝကာလိကကို မသုံးဆောင်အပ်၊ သုံးဆောင်ချေသော် ရဟန်းတို့အား ပါစိတ်အာပတ် သင့်၏။ သာမဏေတို့အား ဒဏ်ထိုက်၏။ ဥပုသ်ဆောက်တည်ကုန် သောသူတို့အား ဥပေါသထသီလ ပျက်၏။ ယာမကာလိက

သတ္တာဟကာလိက ယာဝဇီဝကတို့ကို ပိပါသ, ဂေလညအကြောင်း မရှိပဲ နေလွဲသောအခါ အာဟာရအလို့ငှာ သုံးဆောင်မိသည်ဖြစ်အံ့၊ ရဟန်းတို့အား ဒုက္ကဋ်အာပတ် သင့်၏။ သာမဏေအား ဒဏ်ထိုက်၏။ ဥပေါသထသီလကို ဆောက်တည်ကုန်သော လူတို့အား သီလ ညစ်နွမ်း၏။ ရဟန်း သာမဏေတို့၏ ဝိကာလဘောဇနနှင့် ဥပုသ်သီလကို ဆောက်တည်ကုန်သော လူတို့၏ ဝိကာလဘောဇနကို မထူးမခြား မကွဲမပြား အဋ္ဌကထာ ဋီကာများ၌ ဖွင့်ပြခြင်းကြောင့် ဥပုသ်သီလကို ဆောက်တည်ကုန်သော လူတို့၏ ဝိကာလဘောဇန ၌သာ ယာမကာလိက သတ္တာဟကာလိက ယာဝဇီဝကတို့ကို သွတ်သွင်း၍ မယူရာ။

ထို့ကြောင့် ပြောပလောက်အောင် အကြောင်းရှိ၍ ယာမကာလိက သတ္တာဟကာလိက ယာဝဇီဝကတို့ကို သုံးဆောင်မိလျှင် ဝိကာလဘောဇနမဖြစ်သော်လည်း အကြင်ငါ့အား ထိုက်လျောက်သော အကြောင်းရှိ, မရှိကို အလွန်လျှင် လူတို့ ဆုံးဖြတ်နိုင်ခဲသည်။ တခါတရံ တတ်အားသမျှ ဥပုသ်သီလဆောက်တည်ကုန်သော လူ တို့အား အကြောင်းရှိလေဟန် အမြွက်ထောင်၍ ကတ်ကတ် သတ်သတ် နေလွဲသောအခါ ယာဝဇီဝကပင်ဆိုသော်လည်း ကွမ်းစား ခြင်းအမှုကို ပြုခြင်းငှာ မလျော်သည်သာတည်း။

ဥပုသ်သီလကို မဆောက်တည်သော နေ့များ၌ စားလိုရာ စားရလျက် မရမက စားကြဦးမည်ဖြစ်လျှင် အဘယ်နံရောအခါမှ တဏှာကုန်ခမ်း၍ ငြိမ်းချမ်းရာနိဗ္ဗာန်သို့ ရောက်နိုင်တော့မည်မသိ၊ ထို့ကြောင့်ရကား အဟုတ်အဟတ် ပြောပလောက်အောင် အကြောင်း မရှိပဲ နေလွဲသောအခါ ကွမ်းစား၍ ဝိကာလဘောဇနမဖြစ်သော်လည်း ညစ်နွမ်းခြင်း ဥပက္ကိလိဋ္ဌဒေါသမှ မကင်းမလွတ်သောကြောင့်လည်း ကောင်း, ကာလအရှည်အကြာ အသက်ထက်ဆုံး ဥပေါသထသီလ ကို ဆောက်တည်နိုင်ကြပါသည် မဟုတ်၊ တတ်အားသမျှ တခါတရံမှ ဆောက်တည်နိုင်ကြသော အရာတွင် တဏှာရမ္မက်ကို လက်ခံသိမ်း ပိုက်ခြင်းငှာ မသင့်မလျော်သည်ဖြစ်သောကြောင့်လည်းကောင်း ဥပုသ်

ဆောက်တည်သောအခါ ပြောပလောက်အောင် အကြောင်းမရှိပဲ နေလွဲ ကွမ်းစားအမှုပြု၍ မလျော်လေသည်သာ ဖြစ်၏။

ဥပုသ်ဆောက်တည်ကုန်သော လူတို့အား ဆေးသောက်ခြင်း အမှု၌ အပ်, မအပ်ကို ဆင်ခြင်သော် ရှင်ပိလိန္ဒဝစ္ဆမထေရ်၏ ဦးခေါင်း ခဲသော ရောဂါကို အကြောင်းပြု၍ ရဟန်းတို့အား ဂေလည အကြောင်းရှိလျှင် အခိုးတံသောက်ခြင်းကို ခွင့်ပြုလေရကား ဆေး သောက်ခြင်းကြောင့် ဝိကာလဘောဇနသိက္ခာပုဒ် ပျက်၏ဟု မယူသာ၊ တနေ့တရက်မျှ သောက်သဖြင့် အခိုးအညစ်အကြေးတို့သည် ဆေးဒန်းမြင်းသီလာ အစိုင်အခဲကဲ့သို့ဖြစ်၍ တံတွေးမျိုသောအခါ ရေသောက်သောအခါ ရေမျိုသောအခါ ရေမျိုတဖက်သို့ မကျ မရောက်တန်ရာ၊ အကယ်၍ ကျရောက်သည်ဖြစ်အံ့၊ အကြောင်းမရှိပဲ နေလွဲသောအခါ ကွမ်းစားရာ၌ကဲ့သို့ ဥပက္ကိလိဋ္ဌဒေါသ မကင်းမလွတ် ရာ၊ ယင်းသို့ဖြစ်၍ အလွန်စင်ကြယ်ခြင်းကို အလိုရှိကုန်သော ဒါယကာ ဒါယိကာမတို့သည် တဏှာကင်း၍ သန့်ရှင်းစင်ကြယ်စေ ခြင်းငှာ အခိုးတံသောက်ခြင်းအမှုကိုလည်း မပြုခြင်းသည်သာလျှင် သင့်တင့်လျောက်ပတ်၏။

ဤကား ဥပုသ်ဆောက်တည်ကုန်သော လူတို့အား နေလွဲ သောအခါ ကွမ်းစားခြင်း, ဆေးသောက်ခြင်းအမှုကို ပြုရာ၌ ဝိကာလ ဘောဇနဖြစ်, မဖြစ်ကို စီစစ်သော အဆုံးအဖြတ်ပေတည်း။

အလဇ္ဇီပုဂ္ဂိုလ်တို့အား အလဇ္ဇီမှန်း မသိ၊ မရွေး။ သံဃာ တော်ကို ရည်မှတ်၍ လှူဒါန်းရာ၌ အကျိုးရှိ, မရှိ၊ အလဇ္ဇီမှန်း သိလျက် အလဇ္ဇီပဂ္ဂဟအမှုကို ပြု၍ လှူဒါန်းရာ၌ အကျိုးရှိ, မရှိများ ကို ဆင်ခြင်သော် "သစေ ပန လဇ္ဇီ အလဇ္ဇိံ ပဂ္ဂဏှာတိ၊ အနု- မောဒနာယ အဇ္ဈေသတိ ဓမ္မကထာယ အဇ္ဈေသတိ။ ကုသလေသု ဥပထမ္ဘေတိ ဣတရောပိ အမှာကံ အာစရိယောပိ ဤဒိသော စ ဤဒိသော စာတိ တဿ ပရိသတိ ဝဏ္ဏံ ဘာသတိ အယံ သာသနာနံ ဩသက္ကာပေတိ အန္တရဓာပေတီတိ ဝေဒိတဗ္ဗော"ဟူသော အဋ္ဌကထာ။ "ဣမိနာ စ အလဇ္ဇိနော ဝဏ္ဏာဘဏနာယ ဝါ လာဘံ ပဋိစ္စ

အာမိသဂရုကတာယ ဝါ ဂေဟာသိတပေမေန ဝါ တံ အလဇ္ဇိံ ပဂ္ဂဏှန္တော လဇ္ဇီ သာသနံ အန္တရဓာပေတိ နာမာတိ ဒဿေတိ၊ ဇဝံ ဂဟဋ္ဌာဒီသု ဥပထမ္ဘိတော အလဇ္ဇီ ဗလံ လဘိတွာ ပေသလေ အဘိဘဝိတွာ န စိရဿေဝ ဥဒ္ဓမ္မံ ဥဗ္ဗိနယံ ကရောတီတိ" ဟူ၍ ရူပိယသိက္ခာပုဒ်အဖွင့် ဝိမတိဝိနောဒနီဋီကာများ၌ ရဟန်းတို့အားလည်းကောင်း, လူတို့အားလည်းကောင်း, ဂုဏ်ကျေးဇူးကို ချီးမွမ်းစေလို၍လည်းကောင်း, လာဘ်သပ္ပကာကို လိုက်၍လည်း ကောင်း, တဏှာပေမ မေတ္တာပေမအားဖြင့် စုံမက်မြတ်နိုး၍လည်း ကောင်း အလဇ္ဇီပုဂ္ဂိုလ်ကို လျှုဒါန်းပေးကမ်းသည်ရှိသော် ထိုအလဇ္ဇီ ပုဂ္ဂိုလ်ကို ချီးမြှောက်သဖြင့် သာသနာတော်ကို ဆုတ်ယုတ်စေသည် မည်၏။

အချီးအမြှောက် အထောက်အပံ့ကိုရသော အလဇ္ဇီပုဂ္ဂိုလ် သည် အင်အားမျှတင်း၍ လဇ္ဇီပေသလသိက္ခာကာမပုဂ္ဂိုလ်တို့ကို လွှမ်းမိုးနှိပ်စက်၍ မကြာမြင့်မီသာလျှင် သာသနာတော်၌ ဓမ္မကို အဓမ္မ၊ ဝိနယကို အဝိနယဖြစ်အောင် ပြုစွမ်းနိုင်ကုန်၏ဟူ၍လည်းကောင်း, အဋ္ဌကထာများ၌ အလဇ္ဇီတစ်ယောက်သည် တစ်ထောင်သောအလဇ္ဇီကို နေချင်းညချင်းဖြစ်စေ, လူဖြစ်စေ အလဇ္ဇီကို ချီးမြှောက်သော ပုဂ္ဂိုလ်သည် ကိုယ်တိုင်ကိုယ်ကြပ် သာသနာတော်ကို မဖျက်ဆီးနိုင် လေရကား အငှားအရမ်း အဘိုးအခပေး၍ ဖျက်ဆီးသည်မည်၏။

အကယ်၍ အလဇ္ဇီကို ချီးမြှောက်သောပုဂ္ဂိုလ်က ငါ၏ ပစ္စည်းကို သုံးဆောင်၍ အင်းအားဗလမျှတင်းနိုင်သဖြင့် သာသနာ တော်ကို ဖျက်ဆီးနိုင်သောဟု ရည်ရွယ်၍ လှူဒါန်းပူဇော်သည်ဖြစ်အံ့၊ ပါဏာတိပါတ အဒိန္နာဒါန်စသော အကုသိုလ်ဓမ္မတို့၌ စေခိုင်းသူ လွန်ကျူးသူ နှစ်ဦးတို့အား သဟတ္ထိကပယောဂအားဖြင့် ပါဏာတိပါတ်ချင်း, အဒိန္နဒါန်ချင်း မကွဲမပြားသကဲ့သို့ အလဇ္ဇီပုဂ္ဂိုလ်, ထို အလဇ္ဇီပုဂ္ဂိုလ်ကိုချီးမြှောက်သော အလဇ္ဇီပုဂ္ဂိုလ်တို့အား သာသနာတော် ကို ဖျက်ဆီးခြင်း သာသနဒူသနကံအားဖြင့် မကွဲပြားလေသည်သာ တည်း။

အစိန္တေယျ သုံးလူ့ထွတ်ထား ဘုရားသခင်သည်လည်း-

"ငါ၏ချစ်သား ရဟန်းများတို့-ငါဘုရားသာသနာတော်ကို ပထဝီ တေဇော ဝါယော အာပေါ မဟာဘုတ်လေးပါး ချောက်ချားပျက်စီးနိုင်သည်မဟုတ်၊ စင်စစ်သော်ကား သံကို သံ၌တည်သော သံ၏အညစ်အကြေး ဖျက်ဆီးသကဲ့သို့ ငါဘုရားသာသနာတော်ကို ငါဘုရားသာသနာတော်၌နေ ကုန်သော အလဇ္ဇီရဟန်း, သာမဏေတို့သည်သာလျှင် ဖျက်ဆီးကုန်လတ့်"ဟု ဟောကြားတော်မူချေသည်။

နိယျာနိကသာသနာတော်ကိုလည်း ပရမီသွာ မဟာပိန္နဲ သိကြား ပြဟ္မာ စကြာမန္ဒာတ်မင်းတို့ ဖန်ဆင်း၍ တည်စေနိုင်သည် မဟုတ်၊ စင်စစ်သော်ကား ရာဇာတိရာဇိန္ဒ ဒေဝါတိဒေဝိန္ဒ ပြဟ္မာတိ ပြဟ္မိန္ဒ မင်းတကာမင်းမြတ် နတ်တကာတို့၏ကိုးကွယ်ရာ ပြဟ္မာ အပေါင်းတို့၏ ဦးခေါင်းညွှတ်ကျိုး မြတ်နိုးရာတမူဖြစ်၍ တိလောကဂ္ဂ-နရာသဘမြော်က်တော်မူသော အစိန္တေယျ ဘုရားသခင်သာလျှင် နိယျာနိက သာသနာတော်ကို တည်စေနိုင်သည်၊ ဘုရားသခင်မှ တည်စေနိုင်၏ဟု ဆိုသော်လည်း အားပါးမထုတ်၊ ဟုတ်ဟုတ်ငြားငြား အတော်အသင့် ဝီရိယဖြင့် တည်စေနိုင်သည်မဟုတ်၊ စင်စစ်သော်ကား လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းကာလပတ်လုံး ကိုယ်တော်၏အသက် ကို သမန်းမြက်ခြောက် သစ်ရွက်လောက်မျှ အောက်မေ့ငဲ့ကွက်တော် မမူပဲ ပါရမီဆယ်ပါး အပြားသုံးဆယ်တို့ကို ဖြည့်စွမ်းတော်မူ၍ ထူးကဲ သော လွန်သော ဉာဏ် ဝီရိယ သမ္မာဆန္ဒဖြင့် နေ့ညမယုတ် အားထုတ်တော်မူ၍ ဘုန်းတော် ကံတော် ဉာဏ်တော်ရှင် သဗ္ဗညု မြတ်စွာဘုရား၏ ကြီးမားမြင့်မြတ်လှစွာသော လုံ့လဝီရိယဖြင့် ထား တော်မူခဲ့သော နိယျာနိကသာသနာတော်ဝယ် ဘုန်းပါရမီနည်းပါး၍ တနေ့တရက် တနံနက်မျှ အသက်ဇီဝိတိန္ဒြေ ခြေလက်နားနှာခေါင်း စသော အင်္ဂါကြီးငယ်ကို မစွန့်ရက်နိုင်၊ လုံ့လဝီရိယနည်းပါးသော

ငါတို့တတွေ ဝေနေယျတို့အတွက်ကြောင့် မပျက်စီးသင့်ပလေဟု နှလုံးပိုက်၍ သာသနာတော်၏ အစီးအပွားကို အလိုရှိကုန်သော အမျိုးသားတို့သည် အလဇ္ဇီအမှု အလဇ္ဇီပဂ္ဂဟအမှုတို့ကို မပြုမကျင့်ပဲ ဥဇုပ္ပဋိပန္နသမ္မပဋိပဒါ၌သာ တည်နေစေကုန်ရာသည်။

"အသတိယာ ဝိဟိတံ ဝတ္တာဒိနာ ဟတ္ထေန ဂဟေတွာ ဣဒံ ဒေမီတိ ဒိန္နံ တဒါ ပရိစာဂမော ဟောတိ" အစရှိသဖြင့် ဋီကာများ၌ ဒါနအရာဝယ် ပရိစာဂလက္ခဏာပဌာန်အားဖြင့် ပြဆိုရကား ပရိစာဂမျှဖြင့် ဒါနဟု သင့်ငြားသော်လည်း ယခင်ပြဆိုအပ်ခဲ့ ပြီးသော ဋီကာများနှင့်အညီ ရဟန်းတို့အားလည်းကောင်း, လူတို့ အားလည်းကောင်း, ဂုဏ်ကျေးဇူးကို ချီးမွမ်းလို၍လည်းကောင်း, လာဘ်ပူဇော်သက္ကာရကို လို၍လည်းကောင်း, တဏှာပေမ မေတ္တာ ပေမ အစွမ်းအားဖြင့် စုံမက်မြတ်နိုး၍လည်းကောင်း, အလဇ္ဇီပုဂ္ဂိုလ် တို့အား လှူဒါန်းပေးကမ်းရာ၌ ဒုဿီလပုဂ္ဂိုလ်တို့အား လှူဒါန်းခြင်း ကြောင့် အကျိုးနည်းပါရာသည်။ လဇ္ဇီပေသလသိက္ခာကာမပုဂ္ဂိုလ် တို့အား လှူဒါန်းပါမှ အကျိုးကြီးမြတ်ရာသည်။ ထို့ကြောင့် မြတ်စွာ ဘုရားသခင်သည် "သီလဝတော ခေါ မဟာရာဇ ဒိန္နံ မဟပ္ဖလံ ဟောတိ"ဟူ၍ ဟောတော်မူသည်။

အကယ်၍ သာသနာတော်ကို ဖျက်ဆီးအံ့ဟု သိလျက် စုံမက်မြတ်နိုးသဖြင့် အလဇ္ဇီပုဂ္ဂိုလ်တို့အား လှူဒါန်းသည်ဖြစ်အံ့၊ လှူဒါန်းသောဒါနနှင့် အလဇ္ဇီပဂ္ဂဟအကုသိုလ်သည် အင်အားမမျှ အဆမတန် အကျိုးအပြစ်မမျှ ရှိရာသည်။ ဥပမာအားဖြင့် ဆိုသည် ရှိသော် ရဲရဲငြိသော သံတွေခဲ၌ တချင်ရွှေမျှလောက်သော တင်လဲ ပေါက် တင်လဲစက်သည် ချိုသောအရသာပင် ဖြစ်လင့်ကစား လျှာ ဖျားဖြင့် သုံးသပ်၍ လျက်ခြင်းငှာ မခံရာသကဲ့သို့ အင်အားချင်းမမျှ အဆမတန် ဖြစ်ရာသည်။ အကယ်၍ သက်သက်သာသနာတော်ကို ဖျက်ဆီးစိမ့်သောငှာ အယောနိသောမနသိကာရဖြင့် ပေးကမ်းသည် ဖြစ်အံ့၊ ပေးကမ်းကာမျှဖြင့် ဒါနဟူသော ဝေါဟာရဖြစ်၍ အကုသိုလ် တရား အစုသာ ထင်၏။

“ဘဂဝတောပိ အတ္တနော သာသနေ သီလဝတောယေဝ ပစ္စယာ အနုညာတာ။ န ဒုဿီလဿ ဒါယကာနမ္ပိ၊ သီလဝတော ယေဝ ပရိစာဂေါ န ဒုဿီလဿ၊ အတ္တနော ပကာရာနံ မဟပ္ဖလံ ဘာဝပစ္စာသီသနတော”ဟူ၍ သမန္တပါသာဒိက ဝိနည်းအဋ္ဌကထာများ၌ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်၏ သာသနာတော်မြတ်၌ သီလဝန္တပုဂ္ဂိုလ်အားသာလျှင် ပစ္စည်းလေးပါးကို ခွင့်ပြုတော်မူ၏။ ဒုဿီလပုဂ္ဂိုလ်အား ခွင့်မပြုတော်မမူကြောင်းကို ပြဆိုတော်မူသည်။ ထို့ကြောင့်ရကား မြတ်စွာဘုရားသခင်၏ သာသနာတော်ကို စုံမက် မြတ်နိုးကုန်သော ပညာရှိသူတော်ကောင်းအပေါင်းတို့သည် “ဝိစေယျ ဒေတိ”ဟူသော ဒေသနာတော်နှင့်အညီ အလှူခံပုဂ္ဂိုလ် အလှူဝတ္ထုကို ရွေးချယ်စိစစ်၍ ပေးလှူကုန်ရာသည်။ ထို့ကြောင့် မနောရထ ပူရဏီမည်သော အင်္ဂုတ္တရနိကာယ်အဋ္ဌကထာ၌ “ဝိစေယျ ဒေတီတိ ဣမဿ ဒိန္နံ မဟပ္ဖလံ ဘဝိဿတိ ဣမဿ န မဟပ္ဖလံတိ ဧဝံ ပဋိဂ္ဂါဟကံ ဝါ ပဏီတာပဏီတဝသေန ဒါနံ ဝါ ဝိစိနိတွာ ဒေတိ”ဟူ၍ မိန့်၏။

ဝိစေယျ ဒေတီတိ= ဝိစေယျ ဒေတိ-ဟူသည်ကား။ ဣမဿ ဤအလဇ္ဇီပုဂ္ဂိုလ်အား။ ဒိန္နံ= ပေးလှူခြင်းသည်။ မဟပ္ဖလံ= အကျိုးကြီးမြတ်သည်။ ဘဝိဿတိ= ဖြစ်လတ့်။ ဣမဿ= ဤအလဇ္ဇီပုဂ္ဂိုလ်အား။ ဒိန္နံ= ပေးလှူခြင်းသည်။ န မဟပ္ဖလံ= အကျိုးနည်းပါးသည်။ ဘဝိဿတိ= ဖြစ်လတ့်။ ဣတိ ဧဝံ= ဤသို့။ ပဋိဂ္ဂါဟကံ ဝါ= အလှူခံပုဂ္ဂိုလ်ကိုလည်းကောင်း။ ပဏီတာပဏီတဝသေန= ကောင်း, မကောင်း၏အစွမ်းအားဖြင့်။ ဒါနံ ဝါ= အလှူဝတ္ထုကိုလည်းကောင်း။ ဝိစိနိတွာ= စီစစ်ဆင်ခြင်၍။ ဒေတိ= ပေးလှူ၏။ ဤသို့လျှင် ရွေးခြယ်စီစစ်၍ ပေးလှူသင့်ကြောင်းကို ပြဆိုသည်။

သာရတ္ထပကာသနီမည်သော သံယုတ္တနိကာယ်အဋ္ဌကထာ၌လည်း အလှူဝတ္ထုကို ရွေးခြယ်စီစစ်ခြင်း ဒက္ခိဏာဝိစိနန အလဇ္ဇီပုဂ္ဂိုလ်တို့အား မလှူဒါန်းပဲ လဇ္ဇီပုဂ္ဂိုလ်တို့အားသာလျှင် လှူဒါန်း သဖြင့် အလှူခံပုဂ္ဂိုလ်ကို ရွေးခြယ်စီစစ်ခြင်း, ဒက္ခိဏေယျဝိစိနန

အားဖြင့် နှစ်ပါးကုန်သော ရွေးခြယ်စီစစ်ခြင်းတို့ဖြင့် ရွေးခြယ်စီစစ်၍ လဇ္ဇီပေသလသိက္ခာကာမ သီလဝန္တပုဂ္ဂိုလ်တို့အားသာလျှင် ပေးလှူ သင့်ကြောင်းကို ဆိုသည်။

အလှူဒါနမည်သည်ကား အလှူပေးပုဂ္ဂိုလ်အားဖြင့် စင်ကြယ်သည်လည်း ရှိ၏။ အလှူခံပုဂ္ဂိုလ်အားဖြင့် စင်ကြယ်သည်လည်း ရှိ၏။ အလှူပေး အလှူခံပုဂ္ဂိုလ်နှစ်ပါး မစင်ကြယ်သည်လည်း ရှိ၏။ မဇ္ဈိမနိကာယ် အင်္ဂုတ္တရနိကာယ်ကျမ်းတို့၌ ဟောကြားတော်မူသည်။

အလှူခံပုဂ္ဂိုလ်အားဖြင့် မစင်ကြယ်လျက် အလှူပေးပုဂ္ဂိုလ်အားဖြင့် စင်ကြယ်ရာ၌ နှစ်သိန်းလေးသောင်းအထုရှိသော မဟာပထဝီမြေကြီးကို တုန်လှုပ်စေ၍ ဝေဿန္တရာမင်းကြီးသည် သားတော်တို့ကို ဇူဇကာမည်သော ဒုဿီလပုဏ္ဏားအား လှူဒါန်းတော်မူသည်ကို ပုံစံထုတ်၍ ပပဉ္စသူဒနီမည်သော မဇ္ဈိမနိကာယ် အဋ္ဌကထာ, မနောရထပူရဏီမည်သော အင်္ဂုတ္တရနိကာယ် အဋ္ဌကထာများ၌ ပြတော်မူသည်။

အလှူပေးပုဂ္ဂိုလ်အားဖြင့် မစင်ကြယ်လျက် အလှူခံပုဂ္ဂိုလ်အားဖြင့် စင်ကြယ်ရာ၌ သီဟိုဠ်ကျွန်း ကလျာဏီမြစ်ဝ၌ နေလေ့ရှိသော တံငါသည်ယောကျ်ား၏ ဒီဃသောမမထေရ်အား သုံးကြိမ်တိုင်တိုင် ဆွမ်းကို လှူဒါန်း၍ သေရာညောင်စောင်း၌ လျောင်းစက်အိပ်နေသောအခါ အရှင်ဒီဃသောမမထေရ်အား လှူဒါန်းသောဆွမ်းသည် ငါ့အား ကယ်ဆယ်စောင်မပေ၏ဟု ပြောဆိုမြည်တမ်းကြောင်းကို ထုတ်ဆောင်၍ ပြတော်မူသည်။

အလှူပေး အလှူခံပုဂ္ဂိုလ်နှစ်ပါးအားဖြင့် စင်ကြယ်ရာ၌ ပသေနဒီကောသလမင်း အစရှိသည်တို့၏ မြတ်စွာဘုရားအား လှူဒါန်းသော အသဒိသဒါနကို ထုတ်ဆောင်ပြတော်မူသည်။ အလှူပေး အလှူခံပုဂ္ဂိုလ်နှစ်ပါးအားဖြင့် မစင်ကြယ်ရာ၌ သီဟိုဠ်ကျွန်း ဝဓုမာနအရပ်တွင် နေသော အိမ်ကျွန်မုဆိုး၏ သေလွန်၍ တမလွန်ဘဝ ပြောင်းသွားသော မိမိဆွေမျိုးများကို အကြောင်းပြု၍ တဦးသော အလဇ္ဇီဒုဿီလရဟန်းအားသာလျှင် သုံးကြိမ်တိုင်တိုင် ပေးလှူသည်

ရှိသော် သုံးကြိမ်မြောက်၌ သေလွန်၍ တမလွန်ဘဝပြောင်းသွားသော ပြိတ္တာက လူမဟုတ်သော ဒုဿီလရဟန်းသည် ငါ့ကို လှုယက်၏ဟု ကြွေးကြော်မြည်တမ်းကြောင်းကို ဝင်းအဋ္ဌကထာများ၌ ပြဆိုသည်။

ဤအရာ၌ ပထမဒက္ခိဏာဝိသုဒ္ဓိဝယ် အလှူခံပုဂ္ဂိုလ် မစင်ကြယ်လျက် အလှူပေးပုဂ္ဂိုလ် စင်ကြယ်သောကြောင့် ဝေဿန္တရာမင်းကြီးအား မွန်မြတ်သော ဒါနပါရမီမြောက်လေသည်။ စင်ကြယ်သောသူ အပေါင်းတို့ထက် သူမတူတန်ထူးကဲ၍ စင်ကြယ်လျက် သမ္မာမုံရင့် ပွင့်လုနီးသော ဗောဓိသတ္တပုဂ္ဂလဝိသေသဖြစ်သည်လည်း တကြောင်း, ဇူဇကာပုဏ္ဏားသည် ဆိုးရွားညစ်ငြမ်း၍ ကြမ်းတမ်းသော ဒုဿီလပင်ဖြစ်သော်လည်း သာသနာတော်ကို ဖျက်ဆီးတတ်သော အလဇ္ဇီရဟန်းမဟုတ်သည်လည်းတကြောင်း ဤအကြောင်းများကြောင့် ဧကတောဘာဂအားဖြင့် စင်ကြယ်လေသည်။ ထို့ကြောင့် ယခုအခါ မိမိကပင် စင်ကြယ်လျက် မစင်ကြယ်သော ရဟန်းအား လှူဒါန်းမိသည်လည်း ရှိရာ၏။ မိမိက မစင်ကြယ်ပဲ မစင်ကြယ်သော ရဟန်းအား လှူဒါန်းမိသည်လည်း ရှိရာ၏။ ထို့ကြောင့် ဤလောက၌ မိမိမှ စင်ကြယ်မည်ကို ဧကန်မုချ ဆုံးဖြတ်ခြင်းငှာ ခဲယဉ်းလေရကား စီစစ်ရွေးခြယ်၍ စင်ကြယ်သော ရဟန်းအားသာလျှင် လှူဒါန်းကုန်ရာသည်။

ယင်းသို့ လှူဒါန်းမှ မိမိက စင်ကြယ်လျှင် ဥဘတောသုဒ္ဓိ, မိမိက မစင်ကြယ်လျှင် ဧကတောသုဒ္ဓိအဖြစ်သို့ ရောက်ရာသည်။ အလှူပေး အလှူခံပုဂ္ဂိုလ်နှစ်ပါးအားဖြင့် မစင်ကြယ်ရာဝယ် အဋ္ဌကထာဆရာမြတ်တို့ ပြတော်မူအပ်သော ဝမ္မာနမှုဆိုးကဲ့သို့ အကျိုးမပြီး မပြည့်စုံပဲ ရှိရာသည်။

## အလဇ္ဇီပုဂ္ဂိုလ်ကို လှူဒါန်းခြင်းသည် လူသားစားဘီလူးမကို မိဖုရားထားသည်နှင့်တူ၏

သာသနာတော်ကို ချီးမြှောက်လို၍ အလဇ္ဇီပုဂ္ဂိုလ်အား လှူဒါန်းသည်ရှိသော် လူသားစားကြူး ဘီလူးမကို မိဖုရားအရာ၌ တင်ထားချီးမြှောက်မိသော တက္ကသိုလ်မင်းကဲ့သို့ ချီးမြှောက်ခြင်း ကြောင့် သာသနာတော်ညှိုးနွမ်းခြင်းသို့ ရောက်ရာသည်။ အလဇ္ဇီ ပုဂ္ဂိုလ်ကို အလဇ္ဇီပုဂ္ဂိုလ်မှန်း မသိ၊ မရွေးမခြယ် သံဃာတော်ဟု ရည်မှတ်၍ လှူဒါန်းရာ၌ကား အဋ္ဌကထာများ၌ ပြဆိုအပ်သော ပရသမုဒ္ဒဝါသီ တစ်ဦးသော ကျောင်းဒါယကာသူကြွယ်သည် သံဃိက ဒါနကို ပြုအံ့ဟု သံဃာမှရည်ညွှန်း၍ တစ်ဦးသောရဟန်းကို တောင်း လျှင် တစ်ဦးသော ဒုဿီလရဟန်းကို ရ၍ သီတင်းသုံးနေရာအရပ် ကို သုတ်သင်စေ၍ နေရာကို ခင်းပြီးလျှင် အထက်၌ ဗိတာန်ကြက် ၍ ပန်းပေါက်ပေါက် အခိုးအထုံဖြင့် ပူဇော်၍ ခြေကို ဆေးကာ ဆီဖြင့် ဆုပ်နယ်၍ မြတ်စွာဘုရားကဲ့သို့ သံဃာတော်၌ ရှိသေအပ် သော အခြင်းအရာဖြင့် လှူဖွယ်ဝတ္ထုတို့ကို လှူဒါန်း၏။

ထိုအလဇ္ဇီဒုဿီလရဟန်းသည် နေမွန်းယိမ်းသောအခါ ကျောင်းတလင်းကို သုတ်သင်ရအောင် ပေါက်တူးငှားရမ်းမည်ဟု ထို သူကြွယ်၏ အိမ်တံခါးသို့ လာသည်ရှိသော် သူကြွယ်က ထိုင်လျက် သာလျှင် ခြေဖြင့် ပေါက်တူးကို ကော်၍ ယူလော့ဟု ပေးလိုက်၏။ ထိုအခါ ထိုသူကြွယ်ကို တပါးကုန်သော သူတို့က အရှင်သူကြွယ် သင်သည် နံနက်စောစောက အကြောင်းမတန် အတိုင်းထက်အလွန် ကြည်ကြည်ညိုညို အရိုအသေပြု၍ လှူဒါန်း၏။ ယခုကား အနီးအပါး သို့ မချဉ်းကပ်၊ အကြောင်းအသို့ရှိသနည်းဟု မေးကြသဖြင့် နံနက် အခါ သံဃာတော်ကို ရည်မှတ်၍ အကျိုးကြီးမြတ်စိမ့်သောငှာ အရို အသေပြု၍ လှူဒါန်းပူဇော်သည်ဟု ပြောဆိုသော ထိုသူကြွယ်၏ဝတ္ထု ကို ထောက်၍ အကျိုးနည်းသည် မရှိသည်ဟု မဆိုသာ၊ အလဇ္ဇီ မှန်းသိလျက် အလဇ္ဇီပဂ္ဂဟအမှုပြု၍ သာသနာတော်ကို ဖျက်ဆီးစိမ့်

သောငှာ လှူဒါန်းပေးကမ်းရာ၌ ဝမှုမာနမှုဆိုးကဲ့သို့ အကျိုးမနက်ပဲ ဖြစ်ရာသည်။ အကျိုးမနက်ရုံသာမက အလဇ္ဇီပဂ္ဂဟပြု၍ သာသနာတော်ကို ပျက်စီးအောင်ပြုသော အကုသိုလ်တရား ကြီးမားစွာ ရောက်ရာသည်။

ထို့ကြောင့်ရကား သာသနာတော်ကို ဖျက်ဆီးတတ်သော အလဇ္ဇီပုဂ္ဂိုလ်အား လှူဒါန်းပေးကမ်း၍ အကျိုးရှိသည်ဖြစ်စေ, မရှိသည်ဖြစ်စေ, အကျိုးများသည်ဖြစ်စေ, အကျိုးနည်းသည်ဖြစ်စေ သာသနာတော်၏ အကျိုးစီးပွားဆုတ်ယုတ်၍ မိမိအားလည်းကောင်း, အလဇ္ဇီပုဂ္ဂိုလ်အားလည်းကောင်း အပါယ်လေးပါးလားကြောင်း မကောင်းမှုဖြစ်ပွားရာသည်ကို ချင့်၍ အလဇ္ဇီပဂ္ဂဟအမှုကို မပြုသင့်၊ ဧကန်မုချ မှတ်ရာသည်။

## အလဇ္ဇီဓမ္မတိမ်မြုပ်၍ လဇ္ဇီဓမ္မကို ထင်ရှားကြစေသော

သာသနာတော်၌ ဒါယကာတို့သည် ဝိနည်းပညတ်တော်၌ မသိမမြင်သည်ဖြစ်၍ ဤကဲ့သို့ ပြုကျင့်နေထိုင်ကြကုန်သော ရဟန်းသာမဏေတို့သည် လဇ္ဇီမည်ကုန်၏။ ဤကဲ့သို့ ပြုကျင့်နေထိုင်ကြကုန်သော ရဟန်း သာမဏေတို့သည် အလဇ္ဇီတို့မည်ကုန်၏။ ဤကဲ့သို့ လဇ္ဇီ အလဇ္ဇီနှစ်ပါးတို့ကို ပိုင်းခြားဝေဖန်၍ မှန်ကန်စွာ သိနိုင်ခဲသည်။

ယခုဆောင်နှင်းပေးကမ်းလိုက်သည့် ပြန်တမ်းအမိန့်တော်ကို အကြိမ်ကြိမ်အဖန်ဖန် စေ့ငုကြည့်ရှုသုံးသပ်၍ မဂ်ဖိုလ်နိဗ္ဗာန်ကို အလိုရှိကုန်သော သူတော်ကောင်းအပေါင်းတို့သည် အကျိုးစီးပွား များမြတ်ကြီးကျယ်အောင် လဇ္ဇီပေသလသိက္ခာကာမကို အလိုရှိကုန်သော ပုဂ္ဂိုလ်မွန်ပုဂ္ဂိုလ်မြတ်တို့အားသာလျှင် ချီးမြှင့်ပေးကမ်းလှူဒါန်းပူဇော်ရာကုန်၏။ ပြန်တမ်းအမိန့်တော်ဟူသည်လည်း သာသနာ့ဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်၏ အလိုတော်နှင့်အညီ ဝိနည်းဓမ္မခန်

ဖြောင့်မှန်သည့်အတိုင်း မတိမ်းမယိမ်းစေရ၊ ဆရာတော်အစုံအညီ လဇ္ဇီ အလဇ္ဇီတို့၏လက္ခဏာကို ထင်စွာသိစေလျက် သာသနာတော် ၌ အလဇ္ဇီဓမ္မတိမ်မြုပ်၍ လဇ္ဇီဓမ္မဖြစ်ထွန်းစိမ့်သောငှာ အာဏာစက် ဓမ္မစက်နှစ်ပါးကိုပြလျက် ဆုံးမသောအရာဖြစ်သည်။ ဤကား အလဇ္ဇီ ပုဂ္ဂိုလ်ကို လျှဒါန်း၍ အကျိုးရှိ, မရှိ စီစစ်ကောက်ယူသော တတိယ အဆုံးအဖြတ်တည်း။

## ဝိဝါဒအမှုကို ပြုကြသူများသည် မြတ်စွာဘုရားကို အားမနာရာ ရောက်ကြပေသည်

အစိန္တေယျ လောကထွတ်ထား ဘုရားသခင်သည် ကိုယ် တော်မြတ်၏ အတွက်အတာဖြစ်လျှင် ဒီပင်္ကရာမြတ်စွာဘုရား ခြေ တော်ရင်းက ကိစ္စအပြည့်အစုံ ကုံလုံလောက်ပေလျက် ဝေနေယျ သတ္တဝါတို့ သူငါကြောင့် ကမ္ဘာတစ်သိန်းအလွန်ရှိသော လေးသင်္ချေ တို့ပတ်လုံး ကိုယ်တော်မြတ်၏ ပင်ပန်းအံ့သည်ကို ငဲ့ကွက်တော်မမူပဲ အဇ္ဈာကာသကောင်းကင်ဝဝယ် နက္ခတ်တာရာကြယ်အပေါင်းကို ရှုံး စေလျက် မျက်လုံးတော်ကို လှူတော်မူဘူးလေပြီ၊ ရှစ်သောင်းလေး ထောင် အစောက်နက်သော သမုဒ္ဒရာရေတစုနှင့်တူအောင် အသွေး တော်ကို လှူဘူးလေပြီ၊ ရှစ်သောင်းလေးထောင် နှစ်ပြန်ဆောင်သော မြင့်မိုရ်တောင်နှင့်အမျှ မကသာလွန်အောင် ဥဿျှောင်တော်နှင့်တကွ ဦးခေါင်းတော်ကို လှူတော်မူဘူးလေပြီ၊ ဤမျှလောက် ဝေနေယျ သတ္တဝါအပေါင်းတို့၏ ကောင်းကြီးချမ်းသာကို အလိုတော်မြတ်ရှိ၏ဟု သိကြလျက်နှင့် သက်သက်အလိုတော်မရှိသော ဝိဝါဒအမှုကို ပြုကြ သည်ရှိသော် ကျေးဇူးတော်ကြီးမားလှသော မြတ်စွာဘုရားကို အား မနာရာ ရောက်ချေသည်။ ငါတို့တတွေသည် အစိန္တေယျသုံးလူ့ထွတ် ထား မြတ်စွာဘုရားသခင်၌ ကရုဏာတော်စား သနားတုံ့သနားအပ် ကုန်လျက် အလွန်အလိုမရှိသော ဝိဝါဒအမှုကို ပြုမိကြသဖြင့် မြတ်စွာ

ဘုရားသခင်၏ ကျေးဇူးတော်ကို မြော်ခေါ်မြင်သိ တွေးမိကြသဖြင့် စား၍မမြိန် အိပ်မပျော်ပင်ပန်း ညှိုးခွေ၍ နေစရာအကြောင်းရှိကုန်သည်။

ဤလောက၌ လောင်းတမ်းပြုခြင်းငှာလည်း ဖဲ, ကြွေအံ, ဆယ့်ငါး, ကြက်တိုက်, ငှက်တိုက်အစရှိသော အမှုကို ပြုလေ့ရှိကုန်သော မသူတော်တို့၏အမူအရာသာ ဖြစ်သည်။ မသူတော် သုရာမုတ္တတို့၏ အမူအရာကို သာသနာတော်၌ သွတ်သွင်း၍ လောင်းတမ်းပြုကြခြင်းသည်လည်း အလျဉ်းမလျော် တကိုယ်လုံးကို အိုင်းအမာစွဲကပ်၍ မရပ်မတည်နိုင်ရှိသောသူမှာ ပွေးနာထပ်၍ ကပ်ရောက်ပြန်သကဲ့သို့ အလွန်အလိုတော်မရှိလှသော ဝိဝါဒအမှုကို ပြုမိကြ၍ရှိရာတွင် တဖန်ထပ်၍ လောင်းတမ်းပြုမှုပြန်လျှင် အတိုင်းထက်အလွန်မြတ်စွာဘုရားသခင် ကျေးဇူးတော်ကို တိမ်မြုပ်ရာရောက်ချေသည်။

"ဥပမာအားဖြင့်"ဆိုသော် အလွန်ယုတ်မာလှစွာသော မြေခွေး၏ အမွေးအရေကို ကေသရာဇာခြင်္သေ့မင်း၏ အထက်၌ ဖြန့်ခင်းတင်လွှားဘိသကဲ့သို့ သုရာမုတ္တတို့ အမူအရာကို သာသနာတော်၌ တင်ထားသည်ဟု ဆိုရန်ရှိ၏။ ဂဏ်ဝါဒီဠုက သဲလုံးနှင့်အမျှ ပွင့်တော်မူပြီးကုန်သော ဘုရားအဆူဆူချွတ်၍မျှ အကျွတ်တရားကို မရခဲ့ကြ။ ဘုရားအဆူဆူ လက်မခံ၍ ကြွင်းကျန်ကြလျက် ဤမျှလောက်သံသရာဝဋ် တဏှာ, မာန, ဒိဋ္ဌိတရားကြောင့် မျောပါး၍လာကြသည်ကို သတိမပြု ယခုတဖန် သာသနာတော်၌ တဏှာ မာန ဒိဋ္ဌိတို့၏ အစွမ်းအားဖြင့် တစ်ဦးနှင့်တစ်ဦး နှုတ်ကြူးလက်လွန်၊ တစ်ယောက်နှင့်တစ်ယောက် အကျောက်အကန် ခိုက်ရန်ဖြစ်ပွားကြ၍ ကလဟဝိဝါဒမှုကို ပြုကြမည်ဖြစ်လျှင် အဘယ်ကမ္ဘာဝယ် အဘယ်ဘုရားလက်ထက် အဘယ်ဒေသနာဖြင့် အကျွတ်တရားရလေဦးမည်ဟု တင်စားရန် မရှိသကဲ့သို့ ဖြစ်၏။

ယခု ဟံသာဝတီမြို့ ကျေးရွာနေ ရဟန်းရှင်လူအပေါင်း တို့အား မသင့်မတင့်သဖြင့် ဖြစ်ပွားကြသောအဖြစ်သည် ကလဟ ဝိဝါဒအမှုသည် အလျင်အမြန် ပြေပျောက်စဲငြိမ်းခဲ့အံ့၊ ပညာရှိသူတော်ကောင်း လက္ခဏာ

သို့ သက်ကုန်ရာ၏။ အကြိတ်အခဲ အမြဲတည်သောအားဖြင့် မပြေမပျောက် မစဲ မငြိမ်းနိုင်သည်ဖြစ်အံ့၊ ပညာရှိ သူတော်ကောင်းလက္ခဏာသို့ မသက်မဝင်နိုင်ပဲ ရှိရာသည်။

ထို့ကြောင့် မြတ်စွာဘုရားသခင်သည် "သစေပိ သန္တော ဝိဝဒန္တိ ခိပ္ပံ သန္ဓိယေ ပုန ဗာလာ ပတ္တာဝ ဘိဇ္ဇန္တိ၊ န တေ သမထမနဇ္ဈဂူ" ဟူ၍ ဟောတော်မူသည်။ သန္တော= သူတော်ကောင်း တို့သည်။ သစေပိ ဝိဝဒန္တိ= အကယ်၍ အကြောင်းအခွင့်မသင့်သော အားဖြင့် အချင်းချင်း ငြင်းခုံကြသည်ဖြစ်ကုန်အံ့။ ပုန= တဖန်။ ခိပ္ပံ= လျင်စွာ။ သန္ဓိယေ= စေ့စပ်နိုင်ကုန်၏။ ဗာလာ= လူမလိမ္မာ တို့မှာမူကား။ သစေပိ ဝိဝဒန္တိ= အကယ်၍ အကြောင်းအခွင့် မသင့်သောအားဖြင့် အချင်းချင်း ငြင်းခုံကြသည်ဖြစ်အံ့။ ပတ္တာဝ= မြေအိုး, မြေအင်, မြေခွက်တို့ကဲ့သို့။ ဘိဇ္ဇန္တိ= နှစ်ဖြာကွဲပျက်၍ နောက်အဆက်မရ ရှိတတ်ကုန်၏။ တေ= လူမလိမ္မာ တို့သည်။ သမထံ= ခိုက်ရန်စဲငြိမ်းခြင်းသို့။ အနဇ္ဈဂူ= မရောက်နိုင်ကုန်။

ဤဒေသနာတော်မြတ်ကို အသင့်နှလုံးသွင်း၍ ငြင်းခုံခြင်း ဝိဝါဒကို ပယ်ဖျောက်ကြလျက် သူတော်ကောင်းတရားကိုသာ အားထုတ်ကြကုန်ရာသည်။ ဤအရာ၌-

ဧတဒ္ဒံ သုတွာန ဝိညူသု၊ ကရိဿတိ ဝိဝါဒကံ။
ကော နာမ ပုဂ္ဂလော လောကေ၊ သမ္ဗုဒ္ဓပဋိကုဋ္ဌိတံ။

ဝိဝါဒံ ယော ကရေ လောကေ၊ ဒေါသမာနာဒိမူလကံ။
သော ကေန ပဏ္ဍိတော ပေါသော၊ ဝိဝါဒဗဟုလော ဘဝေ။

ဟူသောဂါထာကို သိအပ်၏။

ဧတဒ္ဒံ= ဤသို့ ဆိုအပ်ခဲ့ပြီးသော အကြောင်းအရာစကားများကို။ သုတွာန= ကြားရလျက်။ သမ္ဗုဒ္ဓပဋိကုဋ္ဌိတံ= မြတ်စွာဘုရားသည် စက်ဆုပ်တော်မူအပ်သော။ ဝိဝါဒကံ= ငြင်းခုံခြင်းအမှုကို။ ဝိညူသု= ပညာရှိသော။ ကော နာမ ပုဂ္ဂလော= အဘယ်မည်သောပုဂ္ဂိုလ်သည်။ ကရိဿတိ= ပြုပြင်နိုင်တော့အံ့နည်း။ လောကေ= လောက၌။ ယော=

အကြင်သူသည်။ ဒေါသမာနာဒိမူလကံ= ဒေါသ မာနအစရှိသော တရားလျှင် အကြောင်းရှိသော။ ဝိဝါဒံ= ငြင်းခုံခြင်းကို။ ကရေ= ပြု၏။ ဝိဝါဒဗဟုလော= ငြင်းခုံခြင်း ခိုက်ရန်များသော။ သော ပေါသော= ထိုသူသည်။ ကေန= အဘယ်အကြောင်းကြောင့်။ ပဏ္ဍိတော= ပညာရှိမည်သည်။ ဘဝေ= ဖြစ်ရအံ့နည်း။

ဤမျှလောက်သော စကားအစဉ်ဖြင့် ဘုန်းတော်အလွန်ကြီး မြတ်တော်မူလှသော သာသနာ့ဒါယကာမင်းမြတ်သည် မြတ်စွာဘုရား သာသနာတော်၌ တစုံတရာ မိစ္ဆာဝါဒ ကလဟဝိဝါဒစကားကို ကြား သိတော်မူလျှင် ဓမ္မသံဝေဂဖြင့် တုံလှုပ်ချောက်ချားသော နှလုံးတော် ရှိသဖြင့် တိုက်တွန်းတော်မူသည်ဖြစ်၍ မိမိဉာဏ်အထင်အမြင် သက် ဝင်နိုင်ပါသမျှ ပထမဝိဝါဒ၌ လူသာမဏေတို့အား ဝိနည်းတရား တို့ကို သင်ကြားခြင်း၌ အပြစ်မရှိ၊ အပြစ်မရှိသော်လည်း မစပ်မဆိုင် သည်ဖြစ်၍ မလျော်။ ဣဿာပကတဖြစ်၍ တပါးကုန်သော ရဟန်း တို့ကို စွပ်စွဲပြောဆိုစေခြင်းငှာ လူသာမဏေတို့အား ဝိနည်းတရားကို ပြောကြားရာ၌ ပေတဝတ္ထုလာသော ဂူထခါဒကပြိတ္တာတို့ကဲ့သို့ အပြစ် မကင်း မလွတ်ပဲရှိရာသည်။

ဒုတိယဝိဝါဒ၌ ဥပုသ်သီလ ဆောက်တည်ကုန်သောသူတို့ အား အကြောင်းရှိ၍ နေလွဲသောအခါ ကွမ်းစား, ဆေးသောက်ကို ပြုမိရာ၌ ဝိကာလသိက္ခာပုဒ် မပျက်၊ မပျက်သော်လည်း အကြောင်း သာမန်ဖြင့် အမြွက်ထောင်၍ ပြုမိချေက စောင့်ထိန်းအပ်သော ဥပေါသထသီလ ညစ်နွမ်းရာသည်။

တတိယဝိဝါဒ၌ အလဇ္ဇီပုဂ္ဂိုလ်အား အလဇ္ဇီမှန်းသိလျက် အလဇ္ဇီပဂ္ဂဟအမှုကို ပြုလိုသဖြင့် ပေးကမ်းလှူဒါန်းရာ၌ အပြစ်မလွတ်၊ အလဇ္ဇီပုဂ္ဂိုလ်အား မသိမရွေးခြယ်ပဲ သံဃာတော်ကို ရည်မှတ်၍ သူနိုင်သည်၊ ငါနိုင်သည်၊ သူရှုံးသည်၊ ငါရှုံးသည်ဟူ၍ နှလုံးမသွင်း ထားပဲ သံသရာဝဋ်မှ ထွက်မြောက်ရာထွက်မြောက်ကြောင်း သူတော် ကောင်းတရားကို အားထုတ်၍ နေထိုင်ကုန်ရာသည်။

ဘောန္တော= အိုသူတော်ကောင်းအပေါင်းတို့။ မေတ္တာ-စိတ္တေန= မေတ္တာစိတ်ဖြင့်။ ဖရိတွာ= ပြန့်နှံ့စေ၍။ ကထိတံ= ပြဆိုအပ်သော။ ဣမံ ဝိနိစ္ဆယံ= ဤအဆုံးအဖြတ်ကို။ သာဓုကံ= ကောင်းစွာ။ ပဋိဂ္ဂဏှန္တု= ခံယူကြစေကုန်ရာသတည်း။ ဓမ္မရာဇဿ= ငါတို့ မင်းခေါင်မင်းဖျား မင်းတရားကြီး၏။ မေတ္တပုပ္ဖဂန္ဓော= မေတ္တာတော် တည်းဟူသော မဉ္ဇူသကပန်းဝတ်ရနံ့သည်။ ဝါယတု= ထုံသင်းနံ့နံ့ တပျံ့ပျံ့ တအေးအေး ဂုဏ်ပေါင်းထွေး၍ မွှေးကြိုင်လေရကား။ အယံ ဝိဝါဒေါ= ဤတစ်ယောက်နှင့်တစ်ယောက် အကျောက်အကန် ခိုက်ရန်ဖြစ်ပွား၍ အချင်းချင်း ငြင်းခုံခြင်းသည်။ ဝူပသမတု= ပြတ်ကင်းစဲငြိမ်းကြစေသတည်း။

သက္ကရာဇ် ၁၂၁၆-ခု၊ တန်ခူးလဆန်း ၂-ရက်နေ့တွင် ရန်ကုန်မြို့မှ လဇ္ဇီ အလဇ္ဇီဓမ္မနှင့်စပ်၍ ဝိဝါဒဖြစ်ပွားကြသဖြင့် အဆုံးအဖြတ် အယူခံလာကြရာ ၁၂၁၇-ခုနှစ်က ထုတ်ပြန်တော်မူသည့် အမိန့်တော်ဝယ် လာရှိသည့် လဇ္ဇီဓမ္မ, အလဇ္ဇီဓမ္မတို့ကို စိစစ်မှတ်သား၍ ၎င်းပြန်တမ်းအမိန့်တော်အတိုင်း ကျင့်ကြံနေထိုင်လိုပါကြောင်းနှင့် သုဓမ္မာဆရာတော်တို့ထံ ကျိုက်ကလို့ ရဟန်းရှင်လူ, သွေးဆေးကန် ရဟန်းရှင်လူ နှစ်ဦးသားတို့က ဝန်ခံကြသောကြောင့် နိုင်ငံတော်အတွင်း ထုတ်ပြန်တော်မူသည့် အမိန့်တော်ကို ကြည့်ရှုမှတ်သားရန် ထည့်အပ်ပေးကမ်းလိုက်သည်။ တပေါင်းလကွယ်နေ့ အမိန့်တော်ရင်းကို နာပြီး၍ အဆုံးအဖြတ်ကို ပေးအပ်လိုက်သည်။

*** ♦ ***

## သုဓမ္မာဆရာတော်တို့ ပထမဆင့်ချက် ရဟန်းတော်များ လိုက်နာကြရန်

ရွှေမြို့တော်ပတ်လည် လေးပြင်လေးရပ်ရှိ တိုက်အုပ်တိုက်ချုပ်တို့ သာသနာ့ဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်သည် သဗ္ဗညု ဘုရားသခင် သာသနာတော်မြတ်ကို ဘေးလောင်းတော် သီရိဓမ္မာ သောကမင်း၏ ကြည်ညိုခြင်းကဲ့သို့ မရက်မစက် ကိုယ်သက်မဆို အလွန်ကြည်ညိုတော်မူသည်နှင့်အညီ သာသနာတော်အစွန့်ရှည်စွာ တည်ခြင်း, အရင်းမူလဘူတဖြစ်သော ဝိနည်းတရားတော်မြတ်ကို ဒဠှီကမ္မ တည်တန့်မြဲမြံခိုင်ခံ့အောင် ဝိဘင်္ဂရေစသည်ကို ဝါစုဂ္ဂတန္တတ်ရ ရွက်ဆောင်စေလျက် တိုက်တွန်းနှိုးဆော် ချီးပင့်တော်မူစေခြင်း, ဝိနည်းသိက္ခာပုဒ်တော်နှင့်အညီ ထိန်းသိမ်းစောင့်ရှောက်နေထိုင်သည့် အရည ဝါသီ ဂါမဝါသီ လဇ္ဇီသူတော်ကောင်းတို့ကိုလည်း ကိုယ်စိတ်မညှောင်းစေရ ကျောင်း သင်္ကန်း ဆွမ်း ဆေးစသော ပစ္စည်းလေးပါးတို့ဖြင့် ချီးပင့်တော်မူ၍ မနုဋ္ဌာရသဒ္ဓါဝေပုလ္လဖြစ်တော်မူသည်ကို-

ရေမြေသေ၌နင်း ပြည့်ရှင်မင်းနှင့်တကွ ပြည်သူသတ္တဝါများကို သဒ္ဓါတရား ပျက်ပြားဆုတ်ယုတ်အောင် သိက္ခာပုဒ်တော်လာရှိသည်ကို မမြော်မထောက် ဝဇ္ဇီတိုင်းသား ရဟန်းများတို့ အကျင့်ကဲ့သို့ အလိုအလျောက် သိက္ခာပုဒ်တော်ကို ကျော်နင်းလွန်ကျူးပြီးလျှင် မြို့တွင်းမြို့ပြင် ရပ်စုကွက်စု ဈေးဆိုင်ကမ်းနားများသို့ သွားလာလှည့်ပတ်၍ မအပ်သော ကူးသန်းလှည့်လည် ရောင်းဝယ်ခြင်းတို့ဖြင့် ပြုကျင့်လွန်ကျူးခြင်း, မအပ်သော ကာယဝိညတ် ဝစီဝိညတ်စသည်ဖြင့် တောင်းခံခြင်း, ရှာမှီးခြင်း သလုံးမြင်းခေါင်းဖြင့် ဆွမ်းဂေါစရဂါမ် ရှာမှီး၍ ဖိတ်ကြရာ သေခိယသိက္ခာပုဒ်တော်လာရှိသည်ကို မမြော်က် မထောက် အလိုအလျောက် ဝတ်ရုံသွားပြီးလျှင် သာမဏာသာရုပ္ပမရှိ ဆွမ်းပန်းလှူသူ ပြည်သူလူအများတို့ သဒ္ဓါတရားပျက်ပြား ဆုတ်ယုတ်အောင် ဟိရီဩတ္တပ္ပတရားကို မစောင့်ပဲလျက် ခွက်စွဲကိုင်သော သူတောင်းစားကဲ့သို့ တိုးဝှေ့ခြင်းနှင့် အတင်းခံယူခြင်း, သမဏာသာရုပ္ပ

မရှိ လူတို့ကဲ့သို့ သပိတ်ပခုံးထက် တစောင်းယူသွားခြင်း, ကန္နားဖြင်း မဏ္ဍပ် စရပ်ဈေးဆိုင် ခုတင်စည်ရှည် အိမ်ခလောက်ဆွဲ ကင်းတဲ ကွမ်းတဲ တံခါးတဲစသည်တို့၌ ခြေလက်တွဲလွဲ လက်အာယောဂပတ် ဖွဲ့ဆွဲလျက် ဖရိုဖရဲ ကြောက်မက်သရဲဖြစ်သော အကျိုးမရှိ မဂ်ဖိုလ်မှ ဖီဆန်ရာ တိရစ္ဆာန်စောရကထာ စကားများကို အချင်းချင်း ပြော ကြားနေထိုင်ခြင်း, မြို့တွင်းမြို့ပြင် ရပ်စုကွက်စုများထင် တရားတွေ့ မြင်ကြားသိလျှင် လူတို့ကဲ့သို့ ဝန်းဝိုင်းကြည့်ရှုနေထိုင်ခြင်း, အပင့် အဖိတ် အလျှောက်အထားမရှိပဲလျက် နန်းတော် အိမ်တော် မှူးအိမ် မတ်အိမ် အရပ်အကွက်များသို့ ဝင်ထွက်သွားလာပြီးလျှင် အနာမာသ နိဿဂ္ဂိယပစ္စည်းများကို တောင်းခံရှာမှီးခြင်း, ဒါယကာတို့လှူဒါန်းသည့် သဒ္ဓါဒေယျဝတ္ထုတို့ကို ဒုပ္ပရိဘောဂဖြင့် သုံးဆောင်ခြင်း, စရပ်တန် ဆောင်း ဘုရားကျောင်းကန် မဏ္ဍပ်ကန္နားစသည်တို့၌ တရားဓမ္မ ဟောပြောကြရာ ဝိရာဂဓမ္မဟုဆိုအပ်သော ရာဂ၏ကင်းရာကင်း ကြောင်းဖြစ်အောင် မဟောပြောပဲ အာသဝေါမကင်းသောသူတို့၏ စိတ်ညစ်ညူးနောက်ကျုခြင်းကို ဖြစ်စေတတ်သော သရာဂတရား ပွား များအောင် မြတ်စွာဘုရားတရားတော်ကို သံရှည်သံလွှင် ပြုပြင်ဆွဲငင် ပြီးလျှင် သဘင်သည်တို့ကဲ့သို့ လေးလုံးစပ် သံပေါက်စပ်စသည်တို့ကို စပ်ဆိုဟောပြောခြင်း, ဘုရားစရပ် သုသာန်စရပ်စသည်တို့၌ အပင့် အဖိတ် အလျှောက်အထားမရှိပဲလျက် ပွဲစားပွဲထိုင်သို့ အလေ့အကျက် ကဲ့သို့ လက်ဆောင်ထား၍ စောင့်ရှောက်အလှူခံယူခြင်း, ရေမြေ သေဌ်နင်း ပြည့်ရှင်မင်း အလိုတော်မရှိ၊ ဆုံးမမြစ်တားသည်၊ အမဲ ပံသုကူများကို ကောက်ယူစားသောက်ခြင်း, ဘုရားစောင်းတန်း စရပ် စသည်များ၌ လူတို့အလေ့ သဘင် သံလွှင် ပလွေ မိကျောင်း စောင်း ပတ္တလားစသော တီးမှုတ်ကမျိုးအမှု ရပ်ကွက်စုများတွင် ပြော ဟောနေထိုင် ဗေဒင်ဆိုင်များကို ဝန်းဝိုင်းကြည့်ရှုနေထိုင်ခြင်း, ရွှေမြို့ တော်မြောက်ပြင် စက်ယန္တရားလုပ်ဆောင်ရာ ရပ်ကွက်များသို့ သွား လာကြည့်ရှုခြင်း, ရေမြေသေဌ်နင်း ပြည့်ရှင်မင်း မှူးမတ်စသည်တို့နှင့် ဆန့်ကျင်ဖက် ဆန့်ငြားထိပါးခိုက်တိုက်ရာ ခိုက်တိုက်ကြောင်းဖြစ်သော

စကားများကို ပြောကြားနေထိုင်ခြင်း, ရွှေမြို့တော်အနောက်ပြင် မြစ်ဆိပ်ကမ်းတွင် ရဟန်းသံဃာတော်နှင့် မသင့်မလျော် သိကြားမြင်သူလူများ သဒ္ဓါတရား ပျက်ပြားဆုတ်ယုတ်ရာ အကြောင်းဖြစ်၍ လူငယ်သူငယ် အလေ့အကျင့်ကဲ့သို့ ရေဒွဲ မြူးတူးပျော်ပါး လှေတက်ကစားခြင်းစသော အရပ်ရပ်ဆင့်ဆိုသည်များကို တပည့်ပရိသတ်တို့အား နိုင်နင်းအောင် မြစ်တားဆုံးမဩဝါဒပေးပြီးလျှင် သူတော်ကောင်းတို့၏ အမူအရာဖြစ်သော "အပသန္နာနံ ပသာဒါယ ပသန္နာနံ ဘိယျော-ဘာဝါယ" အာဏာတော်လာရှိသည်ကို နှလုံးထား၍ ကိုယ်နှုတ်နှလုံးသုံးပါးတို့ကို ထိန်းသိမ်းစောင့်ရှောက်ကြပြီးလျှင် ပရိယတ် ပဋိပတ်တို့ကို မောဃခဏဖြင့် ကာလကို မလွန်စေရ၊ ဝီရိယဥဿာဟဖြင့် အားထုတ်နေထိုင်ကြရမည်။

သို့အရပ်ရပ်ဆင့်ဆိုသည်များကို မတည် ကျူးလွန်ကျင့်ကြံနေထိုင်သည်များကို တွေ့မြင်ကြားသိ၍ ဖမ်းဆီးမိလျှင် ဖမ်းမိသူနှင့် တကွ တိုက်ရှင်တာရှင်တို့ကို အပြစ်အလျောက် စီရင်မည်။

သာသနာပြုဆရာတော်ရှစ်ပါး ဆင့်ဆိုတော်မူသော အမိန့်တော်။ ။

*** ♦ ***

## သုဓမ္မာဆရာတော် ရှစ်ပါးစာ

ရွှေမြို့တော် လေးပြင်လေးရပ် တိုက်တာအချို့ ရဟန်းသာမဏေတို့သည် မြတ်စွာဘုရားသိက္ခာပုဒ်တော်နှင့် မလျော်မသင့် သွားလာနေထိုင်ကြသဖြင့် သာသနာ့ဒါယကာ မဟာဓမ္မရာဇ်မင်းမြတ်တရားနှင့်တကွ တိုင်းသူပြည်သားလူအများတို့ သဒ္ဓါတရားတိုးပွားခြင်းမရှိသဖြင့် မြတ်စွာဘုရားသာသနာတော်သည် ကြီးပွားခိုင်ခံ့ခြင်းမရှိအားနည်းရသော အကြောင်းရှိသည်။ ရွှေမြို့တော် လေးပြင်လေးရပ် တိုက်တာသင်္ဃာတို့ကို ဝိနည်းတရားကျမ်းဂန်နှင့်အညီ လိမ်လည်တိမ်းစောင်းခြင်းမရှိ၊ အညီအညွတ် ပရိယတ်ပဋိပတ်တရားကို အားထုတ်၍ နေထိုင်ကြရအောင် သုဓမ္မာဆရာတော်တို့က စေ့ငှအောင်ဆင့် ကျေးဇူးရှင် သာသနာပြုဆရာတော်ဘုရားကြီး အမိန့်တော်မြတ်ကို ဦးထိပ်ထက် ဆင်ရွက်ကြရသည် ဖြစ်သည်။ မြတ်စွာဘုရားသာသနာတော်သည်လည်း ရဟန်းသာမဏေတို့၏ ဂန္ထဓုရ ဝိပဿနာဓုရ နှစ်ပါးနှင့်စပ်၍ ဖြစ်သည်။ ရဟန်းသာမဏေတို့သည်လည်း သာသနာတော်ကို အမှီပြု၍ ကြီးပွားနေထိုင်ကြသဖြင့် အချင်းချင်း အညမညနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုကြသည်။

မြတ်စွာဘုရား သာသနာသုံးပါးတွင်လည်း ပရိယတ္တိသာသနာတော်ဟူသော ဆည်ကန်ရိုးလုံခြုံမှ ပဋိပတ္တိသာသနာတော် ရေတည်နေဖြစ်ထွန်းနိုင်ရာသည်။ ပဋိပတ္တိသာသနာတော်ဟူသော ရေတည်နေဖြစ်ထွန်းမှလည်း ပဋိဝေဓသာသနာတော်ဟူသော ကြာမျိုးငါးပါး သည် အတိုင်းထက်အလွန် စည်ပင်ပေါက်ရောက်ဖြစ်ထွန်းရာသည်။ သာသနာတော်ဟူသည်လည်း ရေမြေသေဋ္ဌနင်းမင်းကို အမှီပြု၍ စည်ပင်ဖြစ်ထွန်းတည်နေသည်။

သာသနာ့ဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်လည်း ရှေးဘေးလောင်းတော် သီရိဓမ္မာသောကမင်း ဒေဝါနံပိယတိဿမင်းတို့ကဲ့သို့ သာသနာတော်၌ မတုံမလှုပ်သက်ဝင်ယုံကြည်ခြင်း သဒ္ဓါတရားရှိသည် ဖြစ်၏။ ဤကဲ့သို့ မင်းကောင်းမင်းမြတ်ကို အမှီရသဖြင့်

ရဟန်းသာမဏေတို့သည် အလှနှစ်ဖက် ရွှေချည်ယက်သော ထုံး ဥပဒေကဲ့သို့ မြတ်စွာဘုရားသခင်၏သာသနာတော် သာသနာ့ဒါယကာ မဟာဓမ္မရာဇ်မင်းတရား မင်းမြတ်သည် သဒ္ဓါတရားနှစ်ပါး၌ စောင့်ရှောက်ခြင်းကိစ္စကို တပြိုင်နက်ပြီးစေလျက် မြတ်စွာဘုရားသခင် အလိုတော် သာသနာ့ဒါယကာ မဟာဓမ္မရာဇ်တရားမင်းမြတ်၏ သဒ္ဓါ တရားဖောက်ပြန်ကြောင်း မကောင်းသောအမှုအရာကို မပြုမကျင့် မြီးမှင်ဆံတစ်ချောင်းအတွက်ကြောင့် အသက်ကိုမငဲ့ စောင့်ထိန်းသော စာမရီသား၏ထုံးစံ အသက်ကိုမငဲ့မရှု အဥသားငယ်ကို စောင့်ထိန်း သော ကိကီငှက်မ၏ ထုံးစံများကို ရှေ့သွားဥပဒေပြု၍ ပါဏိကတ သံဝရပါတိမောက္ခသီလနှင့်ပြည့်စုံမှ မြတ်စွာဘုရားသာသနာတော်သည် မဇ္ဈန္တိကအခါ တိမ်လွှာမီးခိုးနှင့် မိုးသီးမြူရာဟုဟူသော ရန်သူအညစ် အကြေးတို့မှ ကင်းဝေးတောက်ထွန်းသော နေဝန်းကဲ့သို့ နိရာကုလ ဗလဝတရဖြစ်၍ စည်ပင်ထွန်းလင်းရာသည်။

ရဟန်းသာမဏေတို့သည် လေးကျွန်းသေဌ်နင်း စကြာမင်း၏ သားရင်းရတနာ သည်းခြာအစစ်ဖြစ်လျက် စဏ္ဍာလပက္ကုသလူမျိုး၏ အမှုအရာ ဘင်ကျုံးပန်းစွန့်အမှုကို မပြုမကျင့်ရာသကဲ့သို့ လောက သုံးပါး၌ တိလောကဂ္ဂတိလောကရတနာ စကြာမင်းထက် စကြာမင်း မြတ် ဖြစ်တော်မူသော အစိန္တေယျ သုံးလူ့ထွတ်ထား ဘုရားသခင်၏ ဩရသစစ်ဖြစ်လျက် ဘုရားအလိုတော်နှင့်မလျော် ရွာသူရွာသားတို့ကဲ့သို့ တိုးဝှေ့လုယက်၍ ဒါယကာတို့ဆွမ်းကို ခံယူခြင်း, လောဘ နိုင်ငံသို့လိုက်၍ လောလုပ္ပတဏှာဖြင့် အထပ်ထပ်အလည်လည် အပြန်ပြန်အလှန်လှန် တကာတို့ဆွမ်းကို ခံယူခြင်း, အကြောင်းမဲ့ နေလွဲကွမ်းစား ဆေးသောက်၊ အကြောင်းမဲ့ ရွာဝင် ဖိနပ်စီး ထီး ဆောင်း ထင်ရှားရှိသော ရဟန်းကို မပန်မကြားပဲ နေလွဲသောအခါ ရွာတွင်းမြို့တွင်းသို့ ဝင်ခြင်း, သင်္ကန်းမရုံပဲ ရွာထဲသို့ ဝင်ခြင်း, ဖုန်းတောင်းယာစကာတို့ကဲ့သို့ ဈေးပြင်ကန္နား တိုးဝှေ့၍ အလှူခံခြင်း, ဩက္ခိတ္တစက္ခုသိက္ခာပုဒ်တော်ကို မငဲ့ တောင်ကြည့်မြောက်ကြည့် ကာယလောလ ဝစီလောလဖြင့် မြို့တွင်းရွာတွင်း သွားလာနေထိုင်

ခြင်း, တုတ်လုံ့တံ ထားလက်နက်စွဲကိုင်၍ အချင်းချင်းအားလည်း ကောင်း, ဒါယကာအားလည်းကောင်း ရိုက်နှက်ပုတ်ခတ်ခြင်း, သေ သောက်ကြူးသူ သုရာစုတ္တတို့ကဲ့သို့ နင်-ဟယ်စသော ဖရုသဝါစာ တို့ဖြင့် မကြားကောင်း မနာသာအောင် ဆဲရေးခြင်း, ပါပိစ္ဆက္ကသာ-ပကတသဘောအားဖြင့် လောဘကိုင်၍ ဒါယကာတို့ကို ချော့မော့ ဖျားယောင်းခြင်း, သစ်သီးပေးခြင်း, ပန်းပေးခြင်း, ဆေးကုခြင်း, ဗေဒင် ဟောခြင်းစသော အကပ္ပိယအမှုများကို တိုက်အုပ်တာအုပ်တို့က တိုက်ရှင်တာရှင်ပုဂ္ဂိုလ်တို့နှင့်တကွ ပရိသတ်တို့အား မပြုမူစေရ၊ လုံခြုံစွာ စောင့်ရှောက်ထိန်းသိမ်းကြရမည်။ လုံခြုံစွာ မစောင့်မထိန်း ကြ၍ နောင်တွေ့မြင်ကြားသိ ပေါ်ရှိခဲ့လျှင် အပြစ်ထိုက်ရာ စီရင် ရမည်။

စောင့်ထိန်းအပ်သောသီလကို မစောင့်ထိန်းရာ၌လည်း နွား အပေါင်းကို မသိသော နွားကျောင်းသားသည် နွားကို စောင့်ထိန်း ခြင်း၌ ခဲယဉ်းရာသကဲ့သို့ သိက္ခာပုဒ်တော်၏ အနက်သဘောကို မသိပဲ သီလကို လုံခြုံစွာ စောင့်ထိန်းနိုင်မည်မဟုတ်။ ရဟန်းတို့မှာ ဒွေမာတိကာကို နှုတ်တက်ရအောင် ဆောင်ရွက်စေ၍ သာမဏေတို့ မှာလည်း လိင်ဒဏ် သေခိယပစ္စဝေက္ခဏာပါဠိ အနက်များကို ဝါစုဂ္ဂတ နှုတ်တက်ရအောင် ဆောင်ရွက်စေ၍ နေ့တိုင်း ဝတ်တက် အစည်းအဝေးတွင် ရွတ်ဘတ်သရဇ္ဈာယ်စေရမည်။ နောင် ရသင့် လောက်သော အချိန်ကာလသို့ ရောက်၍ ထောက်လှမ်းစုံစမ်းလျှင် ရသင့်ရစွမ်းနိုင်သော ဉာဏ်စွမ်းသတ္တိရှိလျက် အားပါးမထုတ် နိ- ရုဿာဟ ကြောင့်ကြမဲ့နေ၍ မရရှိခဲ့လျှင် ဆရာဖြစ်သူနှင့်တကွ မရမသိသူတို့ကို အပြစ်ထိုက်ရာ စီရင်ဆုံးမမည်။ ဆင့်ဆိုချက်အရ ရသင့်လောက်သော အချိန်ကာလသို့ရောက်လျှင် အရအမိ လေ့လာ ဆောင်ရွက်ကြရမည်။

တိုက်အုပ်တာအုပ်ပုဂ္ဂိုလ်တို့လည်း ပရိယတ္တိမွေ့ကို နေ့ည မပြတ်ပို့ချ၍ တပည့်ပရိသတ်တို့အား လိမ္မာယဉ်ကျေးအောင် ဆုံးမ ကြရမည်။ စာပေမသင်မအံ အပေါင်းအဖော်နှင့် မွေ့လျော်၍သာ

နေခြင်း, သင်္ဂဇိကာရာမ တဏှာစကား ပြောဟောနေခြင်း, ဘဿာ ရာမ တဏှာဖြင့် နေ့ရက်ကိုကုန်စေသော ရဟန်းသာမဏေတို့ကို လက်ခံသိမ်းထား မရှိစေနှင့်၊ ပရိယတ် ပဋိပတ်ကို အားထုတ်၍ အဟုတ်အဟတ်နေထိုင်သော သူကိုသာ လက်ခံထိန်းထား မွေးမြူကြရမည်။ (သုဓမ္မာဆရာတော် ရှစ်ပါးစာ)။

*** ♦ ***

## မြေထဲဂိုဏ်းအုပ်စာ

မြေထဲမြို့သူကြီး မြို့စာရေး ကျေးရွာသူကြီး ခေါင်းအကြီးတို့ အရပ်ရပ်မြို့ကျေးရွာများမှာ သာသနာတော်မြတ် သန့်ရှင်စင်ကြယ် သည်ဖြစ်၍ အတိုင်းထက်အလွန် စည်ပင်ထွန်းလင်းခြင်း ဆင်းရဲသား ကျွန်တော်မျိုးတို့ ငြိမ်ဝပ်သာယာ စည်ပင်ဖြစ်ထွန်းခြင်းများကို အလိုရှိ တော်မူသည့်အတိုင်း သာသနာတော်ရေး မြို့ရေး ရွာမှု အခွန်တော် ဘဏ္ဍာတော်များနှင့် စပ်သည်ကို မဟုတ်မမှန်မရှိစေရ။ ပစ္စုပ္ပန် သံသရာ အကျိုးနှစ်ပါးကို မြော်ထောက်၍ တရားနှင့်အညီ ဆင့်ဆို အုပ်ထိန်း ကောက်ခံစေသည်ဟု နိုင်ငံတော်လေးမျက်နှာ အကောက် ဝန် အခွန်ဝန် လေးယောက်ခန့်ထား၍ ဆင့်ဆိုကောက်ခံစေသည် ဖြစ်သည်။ သာသနာတော်ဆိုသည့်အရာလည်း မြတ်စွာဘုရားတည်း ဟူသော နေမင်းသည် လောကသုံးပါးတည်းဟူသော ကောင်းကင်ပြင် သို့ တက်လေ၍ သူတော်ကောင်းတရားတည်းဟူသော ရောင်ခြည် တော်အပေါင်းကို ဆောင်လျက် သာသနာတော်ထမ်း ရဟန်းသင်္ဃာ တည်းဟူသော ရွှေဟင်္သာငှက်အပေါင်းတို့၏ ပျော်မြူးရာ သာသနာ တည်းဟူသော ရေကန်ကြီးအလယ်၌ ဝေနေယျသတ္တဝါအပေါင်းတည်း ဟူသော ပဒုမ္မာကြာအပေါင်းကို ကောင်းစွာပွင့်စေသဖြင့် လူသုံးပါး တို့၏ အကျိုးငှာ ပြဋ္ဌာန်းပိုင်းခြားတော်မူခဲ့ပေသော သာသနာတော်

မြတ် ဖြစ်သည်ကို ထောက်၍ ကေသရာဇာခြင်္သေ့မင်းအသားကို အခြားသတ္တဝါတို့ မစား၊ မသုံးဆောင်နိုင်၊ ကိုယ်တွင်း၌တည်သော ပိုးတို့သာ စားသုံးနိုင်သကဲ့သို့ သာသနာတော်ယုတ်လျော့ ညှိုးနွမ်းအောင် အခြားပုဂ္ဂိုလ်တို့ မဖျက်ဆီးနိုင်၊ သာသနာတော်တွင်း သာသနာတော်ထမ်း ရဟန်းအလဇ္ဇီပုဂ္ဂိုလ်အား အနေသန, အယုတ္တပရိယေသန, ကုလဒူသက, ကာယဝိက္ကယ, ပညတ္တိဝီတိက္ကမစသော အလဇ္ဇီပုဂ္ဂိုလ်တို့၏တံထွာ အလေ့အလာအမူအကျင့်များကို လေးစားပြုသဖြင့် ဖျက်ဆီးနိုင်ရာသည်။

သို့ဖြစ်၍ စီရင်စု မြို့ကျေးရွာနယ်အတွင်း သီတင်းသုံးနေသည့် ရဟန်းသံဃာတို့မှာ အထက်ထုတ်ပြန်တော်မူသည့် အမိန့်တော်မြတ် အရင်းအရ ဥယျာဉ် လယ်ယာ လှည်း လှေ ကျွဲ နွားမွေးမြူခြင်း, ကြေး ငွေခံယူခြင်း, သစ်သီးပေးခြင်း, ပန်းပေးခြင်း, ဒါယကာတို့ အစေအပါးကိုခံခြင်းစသော အလဇ္ဇီဒုဿီလ ပါပဓမ္မများနှင့် နေလွဲကွမ်းစား ဆေးဝါးသောက်မှု, အကြောင်းမရှိပဲ ရွာတွင်းသို့ ဖိနပ်စီးထီးဆောင်း၍ ဝင်သည့်အမှု, ရောင်းဝယ်ဖောက်ကား စီးပွားပြုလုပ်ခြင်း, ဗေဒင်ဟောမှု, ဆေးဝါးကုမှုမှုစ၍ မြတ်စွာဘုရား စက်ဆုတ်တော်မူသော မဂ် ဖိုလ် နိဗ္ဗာန်၏ ဖီလာယုတ်မာသော အမူအကျင့်များကို မပြုမကျင့် မကျူးမလွန်အပ်သော တရားဖြစ်သည့်အတိုင်း မြို့သူကြီး, စာရေး, ကျေးရွာအစီရင်သူကြီး, ခေါင်းကြီးတို့ကို မေးမြန်းထောက်လှမ်း၍ ပြုကျင့်ကျူးလွန်သည့် ရဟန်းတို့ကို ကြားသိတွေ့မြင်လျှင် ဆိုင်ရာဂိုဏ်းအုပ်ဂိုဏ်းထောက်တို့ထံ လျှောက်ထား၍ မြို့ ကျေးရွာ ရဟန်းရှင်လူတို့က အသိအကြား အတေကိစ္စဖြစ်၍ မကုစားကောင်းလျှင် မကုစားကောင်းသည့်အလျောက် ဆုံးဖြတ်စီရင်စေရမည်။ သတေကိစ္စဖြစ်၍ ကုစားကောင်းသည့်အရာဖြစ်လျှင်လည်း ဒေသ-နာကံ ဝုဋ္ဌာနကံစသော ဝိနည်းကံတို့ဖြင့် ထိုက်သည်အားလျော်စွာ ထင်ထင်ရှားရှား ပရိသတ်အလယ်၌ အပြစ်ကို ဝန်ခံစေပြီးလျှင် သီလဝန္တလဇ္ဇီပေသလအဖြစ်သို့ ရောက်အောင် ကုသစေရမည်။ ကျူးလွန်သည့်ပုဂ္ဂိုလ်သည် ဆုံးမသည်ကို မနာမယူသည်ဖြစ်စေ, ဂိုဏ်းအုပ်

ဂိုဏ်းထောက်တို့ထံ လျှောက်ထားသည်ကို အပြစ်ရှိသည့်အတိုင်း ထင်ရှားအောင် စီရင်၍ဖြစ်စေ မပြီးမပြတ်မရှင်းမလင်းရှိလျှင် အမှုသည်ရဟန်းနှင့် မေးချက်ထွက်ချက် ကျူးလွန်ပြုကျင့်သည့်အမှုကြောင့် အထင်အရှား တင်စာလျှောက်စာများကို ရေးခြားလိမ္မာသူသို့ ပေးအပ်၍ ရွှေဘဝါးအောက် တင်ပို့လျှောက်ထားရမည်။

သာသနာတော်ရေး သာသနာတော်မှုနှင့် စပ်ဆိုင်သည်များကိုလည်း စီရင်စုနယ်မြေအတွင်း မသန့်မရှင်း မတော်မတည့်မရှိစေရ။ မပြတ်စုံစမ်းထောက်လှမ်း၍ မြို့ကျေးရွာတွင် ပြီးပြတ်သင့်သည့်အမှုဖြစ်လျှင်လည်း ပြီးပြတ်အောင် စီရင်ရမည်။ ရွှေနားတော်ကြားတင်လျှောက်သည့်အမှုဖြစ်လျှင်လည်း ဝတ္တုပုဂ္ဂိုလ်မှန်းသိလျက် အကြီးအအုပ်တို့ထံ မတိုင်မကြား၊ ဂိုဏ်းအုပ်ဂိုဏ်းထောက်ဆရာတော်တို့ထံ မလျှောက်မထား အားပေးအားမြှောက် လုပ်ကျွေးပြုစုကိုးကွယ်သည့် ကျေးရွာနေလူတို့လည်း သာသနာတော်ကို ဖျက်ဆီးသူဖြစ်သည်။ မြို့ဝန်အကြီးအအုပ်တို့က ရမိအောင်ဖမ်းဆီး၍ ကြပ်ကြပ်တည်းတည်း စီရင်ရမည်။

ဆင့်ဆိုသည့်အတိုင်းမတည်သော ရဟန်းပုဂ္ဂိုလ်တို့ အလဇ္ဇီဒုဿီလပါပသမာစာရအယုတ္တာပရိယေသန အယုတ္တာပရိမေဏ ကုလဒူသကအနေသန ပညတ္တိဝီတိက္ကမဖြစ်သော အမှုအကြောင်းတို့ကို ပြုကျင့် လွန်ကျူးသည့်ပုဂ္ဂိုလ်တို့ကို သိလျက် အကြီးအအုပ်တို့က ဂိုဏ်းအုပ်, ဂိုဏ်းထောက်တို့ထံ မလျှောက်မထား အားပေးအားမြှောက်ပြု၍ ကျေးရွာနေလူတို့ လျှုဒါန်းကိုးကွယ်ကြောင်းများကို ကြားသိရလျှင် မြို့ဝန်, စစ်ကဲအရာရှိ, မြို့သူကြီး, မြို့စာရေး, ကျေးရွာအစီအရင်သူကြီးခေါင်းကြီးတို့ကို အပြစ်ထိုက်ရာ စီရင်မည်။

(သာသနာပိုင်ဆရာတော်ဘုရားကြီး အမိန့်တော်မြတ်ကို ဦးထိပ်ထက်ဆင်၍ရက်ရသည်နှင့်အညီ ဂိုဏ်းသံဃာကိုဆင့်သည့် မြေထဲဂိုဏ်းအုပ်စာ။)

**ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု။**

**ဓမ္မဝိနယအမိန့်တော်ပြန်တမ်း ဤတွင်ပြီးပြီ။**

## သာသနာတော်
## သန့်ရှင်းတည်တံ့ပြန့်ပွားရန်ကိစ္စပါရှိသည့်
## အုတ်ဖိုဆရာတော်ဘုရားကြီး၏
## သန္ဒေသကထာ

သက္ကရာဇ် ၁၂၃၃-ခုနှစ်တွင် ကျေးဇူးရှင် သာရဝေါဃိုးဖြူကုန်းတောရနေ ဒွါရနိကာယသမုဋ္ဌာပက အုတ်ဖိုဆရာတော်ဘုရားကြီး ဥက္ကံဝံသမာလာသည် ရတနာပုံ မန္တလေးမြို့ နန်းမတော်ဝန် ပိဋကတ်တော်အုပ်မင်း ဦးရန်ထံ ဘုရားမြတ်စွာသာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး သမိုင်းကြောင်းများစွာပါရှိသော သန္ဒေသကထာ မေတ္တာစာတမ်းကို ပေးပို့ခဲ့လေသည်။ ယင်းစာတမ်းကိုလည်း ဤ၌ ဖော်ပြအပ်ပါသည်။

ဇယတု။ ။ကာလာဝက ဂဝေ်ယျနှင့် ပဏ္ဍရတမှ စသည် တရိုး ဆင်ဆယ်မျိုးတွင် မိုးစွန်အဇ္ဇာ စက်ရာဖြန့်သွား နေရထား နောက် ပင့်မြှောက်သုန်သုန် လေအဟုန်နှင့် တိမ်မှုံယှက်သန်း လျှပ်စစ်ပန်းသို့ စွမ်းပကားရှိသော ဆဒ္ဒန်ဇာနိန် နာဂိန်အရှင်။

မဟာနာဂတိုင်း ကျိုင်းရုံးပြည်ကြီး ဟရိဘုဥ္စတိုင်း ကျိုင်းသေဥ်ပြည်ကြီး ခေမာဝရတိုင်း ကျိုင်းတုံစသော ယွန်းပြည်ဂုံပြည်ကြီး သိဒ္ဓုရဋ္ဌတိုင်း တိုင်းလမားပြည်ကြီး ဝိဒေဟတိုင်း တိုင်းမားပြည်ကြီး ကမ္ဗောဇတိုင်း မိုးနဲညောင်ရွှေစသော ရှရနပြည်ကြီး ထီးရုံနန်းရုံနှင့်တကွ သုနာပရန် တမ္ဗဒီပဟူသော မဟာရဋ္ဌတိုင်းကြီး အချက်အချာ မြတ်စွာဗျာဒိတ် သိုက်နိမိတ်လာ အခါရောက်သည်နှင့်အညီ မဟီပံသု မြေထုဥသျှောင် တောင်မန္တလေးညွန့် မြရောင်ခွန့်မှာ ရွှံ့ကြောက်ခမန်း ကြက်သီးဖြန်းတည့်အောင် ကြင့်နှုန်းသီရိန် ဘူမဟိန်ဝယ် ပြဟ္မိန္ဒြေ

ဒေဝိသာရတို့ ဖန်ပြသောဟန် ကမ္ဗဇိဒ် ဝိပါကဇိဒ် ဣဒ္ဓိအမျိုး တန်ခိုးဆော်ဖန်၍ အောင်ရန်သဘင် ယင်တော်မူရာ ခုနစ်ဖြာရဇ္ဇင် လေးအင်အစာ အင်္ဂါအစုံ မန္တလေးစက်ခုံ ရတနာပုံရွှေပြည်တော်ကြီး အရှင်။

စကြာပတ္တမြား သားကြီးသေဌေး ဇာနေယျမြင်းပျံ ဆဒ္ဒန် ဆင်ဖြူ မြောက်ကျွန်းသူဟူသော ရတနာခုနစ်ပါးကို ပိုင်ကားစိုးရ လေးဒီပခရိုင် နိုင်ငံတော်အလုံးကို ဆုံးမနိုပ်နင်းသော လေးကျွန်းသနင်း မင်း၏ပမာ ဒိဗ္ဗစမ္မ ဘဝတရိုး အစိုးရတော်မူသော ဘဝရှင်ထီးဆောင်း မင်းအပေါင်းတို့၏သခင် ရေမြေရှင်ဧကရာဇ် တရားမင်းမြတ်သည်။

နှုန်းဖက်မစာ မဟာသမ္မတ ခတ္တိယရာဇာ အာဒိစ္စသယမ္ဘူ ရာဇူနွယ်ရှိန် အသမ္ဘိန်အစ ပထမစမ္မရာဇ် ဖြစ်ထွန်းပေါ်လာသောပမာ။

ပိယဒါသ အသောကနှင့် ဓမ္မာသောကမည်ခံ နာမံတော်တြိ သောင်းမြေထိကျော်ရှိန်သော ဧကရိန်သည် အသမ္ဘိန်ရိုးမှန် ဘိသိက် တော်ခံတည့်လျှင် နဘံတရိုး မိုးအောက်ပံသု မြေထုလှိုက်ဆူအောင် တစ်ယူဇနာတိုင်တိုင် အာဏာတော်ကွန့်လှိုင်လျက် ခရိုင်ကျွန်းအလုံးကို ဘုန်းတေဇာမိုး အစိုးရတော်မူသောပမာ။

သပြေဇာနု ရွှေခရုဖြင့် ဇေယျတုမင်္ဂလာ ဩဘာနိမိတ် ဘိသိက်တော်အဆုံး၌ ကျွန်းလုံးကြော်ငြာလျက် အာဒိစ္စဝံသအစစ် မင်းဧကရာဇ်ဖြစ်တော်မူလျှင်-

တံ သဗ္ဗဗလာနံ ပညာဗလံ သေဋ္ဌန္တိ စ အဂ္ဂန္တိ စ ဝုစ္စတိ၊ ကိံ ကရဏာ? တေန ဟိ ဗလေန ဥပတ္ထဒ္ဓေါ ပဏ္ဍိတော၊ အတ္ထံ ဝိန္ဒတိ ဝဒိံ ပါပုဏာတိ-ဟူ၍ စတ္တာလီသနိပါတ် တေသကုဏဇာတ် အဋ္ဌကထာပါဠိ၌အရ ကာယ, ဘောဂ အမစ္စနှင့် အဘိဇစ္စ ပညာဗလ ဟူသော မင်းတို့၏ ခွန်အားပေါင်းငါးပါးတွင် ထူးခြားလှစွာ ပညာ ဗလ ဗျတ္တရင့်သန် သမ္မာဉာဏ်ကြောင့် အဘိဓာန်မည်ဆန်း ကျမ်းက အလာ ပဘာဝဥဿာဟ မန္တနဟူသော မင်းတို့တန်ခိုး သတ္တိမျိုး သုံးပါးနှင့် ပြည့်စုံတော်မူခြင်း။

ယင်း၌အလာ ဘေဒါ ဒဏ္ဍ သာမ ဒါန-ဟူသော ရာဇဥပါယ် ရန်အောင်လွယ်မှု ကြောင်းလေးခုနှင့် ပြည့်စုံတော်မူခြင်း။

ကေနိပါတ် တယောဓမ္မ ဇာတ်၌အလာ ဒက္ခိယ သူရိယ ပညာဟူသော ရန်ဘေးကင်းမှု ကြောင်းသုံးခုနှင့် ပြည့်စုံတော်မူခြင်း။

ယခင်နိပါတ် ဝါနရိန္ဒဇာတ်အလာ သစ္စာဓမ္မ ဝီရိယနှင့် စာဂဟူသည် ရန်သူအောင်မှု ကြောင်းလေးခုနှင့် ပြည့်စုံတော်မူခြင်း။

ပဉ္စကနိပါတ် တစသာရဇာတ်အလာ ဇပ္ပန အနုပ္ပဒါန ပဝေဏီ သုဘာသိတ မန္တနဟူသော ရန်သူပယ်မှု ကြောင်းငါးခုနှင့် ပြည့်စုံတော်မူခြင်း။

ဧကနိပါတ် အတ္ထဒွါရ ဇာတ်အလာ အာရောဂျသီလ ဗုဒ္ဓါနုမတ သုတဓမ္မာနုပတ္တိ အလီနတာ-ဟူသော အကျိုးစီးပွားများရန် အမှု ကြောင်းခြောက်ခုနှင့် ပြည့်စုံတော်မူခြင်း။

အင်္ဂုတ္တရပဉ္စကနိပါတ်အလာ အတ္ထပညာ ဓမ္မပညာ ကာလပညာ မတ္တပညာ ပရိသပညာဟူသော ပညာတရား ဉာဏ်ငါးပါးနှင့် ပြည့်စုံတော်မူခြင်း။

သဂါထာဝဂ္ဂ ကောသလသံယုတ် အဋ္ဌကထာအရ သဿမေဓ ပုရိသမေဓ သမ္မာပါသ ဝါဇပေယျ-ဟူသော သင်္ဂဟတရားလေးပါး အင်္ဂုတ္တရ စတုက္ကနိပါတ်အလာ ဒါန ပိယဝါစာ အတ္ထစရိယာ သမာနတ္တတာဟူသော သင်္ဂဟတရားလေးပါး သုတ်မဟာဝါ ကျမ်းပါဠိအလာ အပရိဟာနိယတရားခုနစ်ပါး၊ အင်္ဂုတ္တရဆက္ကနိပါတ် ကျမ်းမြတ်အလာ အပရိဟာနိယတရားခြောက်ပါး၊ အင်္ဂုတ္တရသတ္တကနိပါတ် ပါဠိမြတ်အလာ အပရိဟာနိယတရားခုနစ်ပါး၊ အသီတိနိပါတ် မဟာဟံသဇတ်အလာ ရာဇဓမ်ဆယ်ပါး မင်းကျင့်တရားဟူသမျှ ရာဇဓမ္မဂုဏ် ပြည့်စုံတော်မူသည်ဖြစ်၍။

မနစ်မဆုတ် ဥဿာဟတရား ကြီးမားတော်မူသည်နှင့်အညီ သုံးလီအရ အတ္တ, ပရ သာသနဓမ္မဟူသော ဟိတတရားကို ပွားစေတော်မူလိုရကား။

ဟိမဝန္တ ဘိက္ခဝေ ပဗ္ဗတရာဇံ ဥပနိဿာယ မဟာသာလာ တီဟိ ဝဍ္ဎီဟိ ဝဍ္ဎန္တိ-ဟူ၍ တိကအင်္ဂုတ် ကျမ်းထုတ်ပါဠိ သာမုက္ကံသိတ ဒေသနာလာဟန် ဟိမဝန္တာတောင်မင်းကို မှီတင်းပေါက်ရောက် ဖြစ်မြောက်များစွာ မဟာသာလဟူပြီး သစ်ပင်ကြီးတို့သည် ရွက်သီးဖူးညွန့် ဖြိုးကွန့်စည်ကားသည်တတန် အခွံအပွေး စုဝေးပွားများသည်တသွယ် တကယ်စင်စစ် အနှစ်အသား ကြီးမားသည်တဖုံ သုံးပါးဂုဏ်ကြောင့် ဘုံပဟဝန်တွင်း ရဂုံခင်းမှာ ထင်ရှားခြင်းဖြစ်နေသည့်အနေ။

ဧကရာဇ်တရားမင်းမြတ်ကို မှီကပ်ခစား မျှူးမတ်များနှင့် တိုင်းကားပြည်သူ ရှင်လူအပေါင်းကို ကောင်းသောသီလသဒ္ဓါ ပညာအစုံ သုံးပါးဂုဏ်ကို ထုံစေတော်မူ၍ ဇမ္ဗူမြေမဆန့် ဂုဏ်ရနံ့သတင်း ကျော်စောခြင်းကို ဖြစ်စေတော်မူသည်။

သာသနမမ္ဗ ဟိတဖြစ်ဟန် ရှာကြံတော်မူရာမှာ မြတ်စွာ မုနိန် မာရဇိန်သည် သိရိန္ဒြ အမတရိပ်မြုံ စံလှူတော်မူသည့်နောက် လေးလမြောက်တွင် ပဌမသင်္ဂါယနာတင် ရှင်မဟာကဿပ စသည် ထင်ရှား တပါးယုတ်ငါးရာ ရဟန္တာထေရ် သံဃာအပေါင်းကို ကောင်းစွာအားပေး၍ အသွေးတူအရည်တူ အယူဖောက်ပြန် ပုဂ္ဂိုလ်ဒုမ်ကု ကသမ္ဗုတို့နှင့်တကွ ဝုမ္မပဗ္ဗဇိတ ဒုဿီလဇာတ် ရှင်သုဘဒ်ကို နှိပ်စေတတ်သော အဇာတသတ်မင်းမြတ်၏ပမာ။

နှစ်တရာဝန် လွန်မြောက်သောအခါ ပြည်ဝေသာလီ ဝဇ္ဇီတိုင်းရိုး စိုးရအာဏာ ကာလာသောက နရိန္ဒသည် ထေရမြတ်စွာ အာနန္ဒာ၏ တပည့်ရင်းချာ သဒ္ဓိဝိဟာရိက ရှင်မဟာယသအမျူး ထူးမြတ်လှစွာ ရဟန္တာခုနစ်ရာအပေါင်းကို ကောင်းစွာမသွေ ချီးမြောက်လေ၍ ရွှေငွေအလှူ ခံယူသိမ်းဆည်း သိမ္မီးအပ်၏ဟူသော အယူဝါဒ စသည်ဆယ်ပါး မတရားအမှု ပြုကျင့်စုံပေါင်း တသောင်းအညီ ဝေသာလီဝါသီ ဝဇ္ဇီတိုင်းသား အလဇ္ဇီဒုဿီလရဟန်းများကို ပယ်ရှား နှိပ်နင်းလေသည့်ပမာ။

နှစ်ရာ့သုံးဆယ် ငါးနှစ်ကယ်တွင် တတိယသင်္ဂါယနာတင် အရှင်မဟာမောဂ္ဂလိပုတ္တ တိဿမျှုးဆောင် ရှင်တထောင်ကို ကောင်းအောင်ချီးမြှင့်၍ ယခင်ကအယူလွဲ စွဲငြိသောမိစ္ဆာဝါဒီ မဟာသဃီက အာစရိယကုလ နိကာယဂိုဏ်း အနွယ်ပေါင်း ခြောက်သောင်းမျှဘိက္ခုဒုဿီလဟူသမျှကို လူ့ဘာဝဝတ်စားဖြင့် ဖယ်ရှားနှိပ်နင်းသော ဓမ္မာသောကမင်းမြတ်၏ပမာ။

နှစ်သာသနာ ငါးဆယ်ဖြာနှင့် ခုနှစ်ရာသုံး အခါဆုံး၌ ဘုန်းအာဏာရှိ ဝေါဟာရိက တိဿမင်းမြတ်သည် ရပ်သီဟိုဠ်နေ ဝေတုလျဝါဒ တူမျှစွဲငြိ မိစ္ဆာဉာဏ်ရှိသော အဘယဂိရိဝါသီ အလဇ္ဇီတလွှား ရဟန်းများကို မတရားဝါဒ ဝေတုလျအယူမှ ဖြူစင်လွတ်ရှင်းအောင် နှိပ်နင်းပယ်ခွာ၍ သာသနာရောင် ပြောင်ပြောင်ကြီးထွန်းစေသောပမာ။

ခုနစ်ရာကိုးဆယ် စွန်းကယ်နှစ်ဖြာ သာသနာနှစ်အခါတွင် ယခင်ဝါသီ အလဇ္ဇီကျန်း ရဟန်းခြောက်ကျိပ်ကို နှိပ်စေခြင်းငှာ သမုဒ္ဒရာဝှမ်း တဖက်ကမ်းသို့ ပို့လှမ်းကာနှင်ထုတ်၍ သမ္ဗုဒ္ဓအာဏာစက် ရောင်ပြိုးပြက်ထွက်စေသော ဂေါဌာဘယမင်းမြတ်၏ပမာ။

ထောင့်ခုနစ်ရာ့ရှစ် နှစ်သာသနာ ငါးရာနှစ်ဆယ့်ခြောက်နှစ် သက္ကရာဇ်အလို ကျွန်းသီဟိုဠ်၌ ထိုနိကာယ ဂိုဏ်းမှဆက်သွယ် အနွယ်တန္တိ ဇေတဝနဝါသီ အဘယဂီရိဝါသီ နှစ်လီဂိုဏ်းသား မိစ္ဆာဝါဒီရဟန်းများကို ပယ်ရှားနှိပ်နင်း၍ ယင်းမူလမှန်စွာ မဟာဝိဟာရဝါသီဂိုဏ်းသား အရှင်များကိုသာ ညွှတ်တွားချီးမြှောက် ထောက်ပံ့လေသော သိရိသင်္ဃဗောဓိပရက္ကမဗာဟုမင်းမြတ်၏ပမာ။

လေးရာသုံးဆယ့်လေးနှစ် ခေတ်သာသနာ လွန်ရောက်ခါတွင် ရာမညရှင် တိုင်းမြတ်ဌာနီ ဟံသာဝတီ ပုရိသနင်း တိဿမည်သော မင်းသည် ဆင်းတုရုပ်ပွား ကိုယ်တော်စားဟု တည်ထားပြုလုပ် သူသေရုပ်ကို တုပ်ကွရိုကျိုး ကိုးကွယ်သသူ ပဇာမူအံ့ ပုက္ခာနွမ်းညှိုး ဗျာပါတိုး၍ တန်ခိုးမကြီးရာချေဟု သွေလှန်သဘော မိစ္ဆာဇောဖြင့် ပြော

သောသော့သွမ်း ဒွန်းစဏ္ဍားမှု တီဟူတံရိုး အမျိုးဖြစ်ဆန်း ရဟန်း ဒုဿီလ အဗ္ဗုတဥပဒ္ဒဝ ကာလကဘိက္ခုတို့ကို ဖမ်းယူနှိပ်နင်း၍ သာသနာတော်မြတ် ဂုဏ်သတင်းကို ပွင့်လင်းစေသောပမာ။

ထောင်ခြောက်ရာတစ် နှစ်သာသနာ ရာလေးဆူဖြစ် ဆယ့်ကိုးနှစ်ဂေါစာတွင် အရိမဒ္ဒနာ ပြည်ပေါက္ကာမှာ အနုရုဒ္ဓါဒေဝမည် သော အနော်ရထာမင်းစောသည် အနာသဝေါမှန် ရှင်အရဟန်ကို တောင်းပန်ချီးမြှောက်၍ သုံးကျိပ်လောက်ရှင်ကြီး သမထီးဝါသီတို့နှင့် တကွ နုသိဿပေါင်း ခြောက်သောင်းလောက်ဒုဿီကို လူပိပီအဆုံးချသုံးသောအားဖြင့် ပယ်ရှားနှိပ်နင်းလေသောပမာ။

ရှစ်ရာလေးဆယ့်တစ် သက္ကရာဇ်ဂေါစာတွင် ရာမညရင်္ဂ တိုင်းဖြတ်စိုးချုပ် ပုဏ္ဏရာဇမည်သော ဓမ္မစေတီမင်းမြတ်သည် ရင်္ဂသိန်းယိုင်ဠလာ ကမ္မဝါစာအရေးကြောင့် ထွေးတောပသင် မိစ္ဆာညဥ်မှ စင်ကြယ်လွတ်ကြောင်း ရဟန်းပေါင်းကို ကောင်းမြတ်လှစွာ သီဟဠ-သိက္ခာကိုပေး၍ ကြေးပစ္ဆာလွတ်ကင်းအောင် ဆောင်နှင်းထောက်ပင့် ချီးမြှင့်လေသောပမာ။

ဒွါဒသနိပါတ် မဟာကဏှဇာတ်အရ ကဿပမြတ်စွာ သာ-သနာတော်အတိတ်က စိတ်နှင့်ကိုယ်ကို အလိုရှိတိုင်းကျင့် မသင့် မလျော် မသူတော်ပါပ ဒုဿီလဘိက္ခုတို့နှင့်အတူ ကြည်ဖြူဝပ်တွား လူအများတို့ တရားအခိုက် လိုက်စားကြသောအခါ သူဇာပတိ မြင် မြော်သိ၍ ပကတိရုပ်ဟန် ပယ်ချန်ခွာပြီး မုဆိုးကြီးအသွင် နတ်လုလင် မာတလိက ခွေးနက်ကြီးပုံဆင်၍ ပြည်ရှင်ပြဟ္မဒတ် မင်းမြတ်သို့ကပ် ပြီးလျှင် မင်းကြီးကုသ သုဘောဂနှင့် ပုဏ္ဏကတိုကအရေး အောင်သံကြီးပေးသကဲ့သို့ သောင်းမြေလုံးရွံ့ဇးအောင် ဟစ်ကြွေးကျယ်လောင် ဘောင်ဘောင်ကြီးဟောင်စေ၍ မင်းခေါင်ပြဟ္မဒတ် ရင်္ဂကာသိက ဗာရာဏပြည်အလုံးကို ဆုံးမနှပ်နင်းသဖြင့် သာသနာတော်မြတ်အရင်းကို ပွင့်လင်းစေသောပမာ။

ရာဇာဓိရာဇ သာသနဒါယကာ တရားမင်းမြတ်သည်လည်း ဩကပ္ပန ပသာဒဟု ပြသည်ပါဠိ ကျမ်းနေတ္တိလာ သဒ္ဓါနှစ်ပါး ပွားများပိုမို ဥဒဟိုဖြင့် အင်္ဂုတ္တိုရ်ပါဠိ ကျမ်းရှိဟောရင်း ဆီးနှင်းမြူတိမ် သူရိန်မိုးခိုး မှောင်မျိုးငါးတန် ဘေးဘျန်းရန်ကြောင့် စန္ဒြာလဝန်း မထွန်းပလေသကဲ့သို့ ကဲ့ရဲ့ထိုက်သူ အဗ္ဗုတ မဟာစောရနှင့် တူသော ဘိက္ခု ဥပဒ္ဒဝ ဘေးဘယနှင့် တူသောဘိက္ခု ကျူကျူသန်းခေါင် တိမ်တောင်ဝှန်းယှက် ခဲနက်တောအုပ် စာတုဒ်ကာလ ပက္ခဟူဘိ နေတ္တိဋီကာ ကျမ်းလာအပြီး မိုက်ကြီးစတု အင်လေးခုနှင့် ရှုအပ်တူမှ ကာလကဘိက္ခု ဒြပ်တူသကပ်တွဲ ကျင့်လွဲဒုဿီ အလဇ္ဇီဘိက္ခု တို့ကြောင့် ဖြူစင်ရောင်ဝါ သာသနာလဝန်း မထွန်းလတ်ချေသကား ဟု တရားရှေးရှု မြင်မြော်တော်မူ၍ စူဠဝါပါဠိ ဟောဘိအမှန် ပဗ္ဗဇနီယ ကံမူလနတ်ဆေးဖြင့် ယခင်ကညစ်ကြေး ရန်အလေးကို ဆေးကြောနှိပ်နင်းလျှင်-

ယခင်ဓမ္မကံ နတ်ဆေးကို ရန်ဘေးကြီးထင်မှတ်၍ မရပ် မဆိုင်း တိုင်းရာမည ဒေသရပ်ဝေး အောက်ရပ်ကျေးသို့ ပြေးပုန်း လာကြ ရောက်မဆွပင် ယင်းဒေသအတွင်း သီတင်းသုံးအာဝါသိက သမဏဘိက္ခုတို့နှင့်အတူ အယူမကွဲ မလွဲအကျင့် သင့်တင့်အောင် ပြုမူလျက်-

ရွှေ ငွေ ဓူရစ္ဆ အင်္ဂယံ၊
ကွဲ့ နွား သဘင် စ အရက်တန်။
ကုလဒူသစ္စ ရောင်း ဝယ်ပြန်၊
သေသံ ဓူရစ္ဆ လပ်မကျန်။
ကျမ်းဂန် ဓူရ နှစ်ဝကိုကား၊
ဖီလာ ဖယ်ထားဘိ ဝါ မတာ။

ဂါထာဂီတိ လာရှိမသွေ ရွှေငွေဓူရ စသည်ရှစ်ပါး ဓူရများ ကိုသာ ကြီးပွားစည်ကားအောင် ကြံဆောင်အားထုတ်၍ နောက်နှစ်ပုဒ်

ခူရကို တခဏမျှ အာရုံမမူ တကာလူတို့အကြိုက် လိုက်စားရောနှော လျက် ပယောပါန ယာဂုပါန ဤနှစ်ဝကို ဝိကာလရောက် သောက် အပ်လေကြောင်း။

ကျမ်းဟောင်းမှန်စွာ မဟာနိဒ္ဒေသ ဟောပြဖော်ထုတ် ပါန ပုဒ်၏ အတ္ထုဒ္ဓါရ သရုပ်မျှကို ဌာနတ္ထအယောင် အမိပ္ပါယ်ကိုယူဆောင် လျက် စာစောင်ငယ်တစ်ခု ပြုလုပ်ဖန်တီး၍ သဘောမကြီးသူ ရှင် လူရဟန်းတို့အား ကမ်းလှမ်းသည်တပုံ နာကြုံမွတ်ဆာ သုံးဖြာပစ်စဲ မရှိဘဲပင် နေလွဲအခါ နောက်ကာလိကသုံးကို ဘုဥ်းပေးလိုတိုင်း ဘုဥ်းပေးအပ်ကြောင်း။

ကျောင်းသို့ရောက်လာ တကာဟူသမျှအား လာဘကိုမပြေး ကုသိုလ်စိတ်အရေးဖြင့် ကျွေးမွေးအပ်ကြောင်း မပေးမလှမ်း ယောင် ကမ်းကမ်းနေ ရဟန်းတွေသာ ဟောပေအာပတ် မလွတ်တတ်ကြောင်း။

အပေါင်းတကာ ကောင်းအာသာဖြင့် အနာမာသဟူ ရွှေ ငွေအလှူကို ခံယူအပ်ကြောင်း။

မည်သည့်ကောင်းမှု ပြုကြလေရာ ဒီပါဇမ္ဗူ ကျွန်းသူဓလေ့ ပြကတေ့မပျက် သွန်းရေခွက်တွင် ထည့်စွက်ရွှေငွေ ရေနှင့်တကွ ရေစက်ချမှု ကုသလတရား လွန်စွာပွားလေကြောင်း။

ကောင်းမြတ်ထင်ရှား ဝိနည်းတရားကို လူများနှင့်တကွ သမထတို့မဟောအပ်ကြောင်း။

ယတ္ထ ခေါ မဟာရာဇ စိတ္တံ ပသီဒတိ-သံယုတ်ကျမ်းပါဠိ လာအရှိကို သဘောထိအောင် ဉာဏ်မပြောင်ဘဲ ပါဠိယောင်ဆာယာ ဖြင့် ယထာသဘာဝ အဝိပရိတအမှန်ကို မိစ္ဆာဉာဏ်ကွန့်ချီ၍ အလဇ္ဇီ ဒုဿီလဒြပ် သကတ်ဟူတုံ့ သူ၏ဂုဏ်ကို ယုံကြည်၍သာ ပေးလှူပါ လျှင် မဟာကုသလ ရလေသည့်အကြောင်း-

ရွှေငွေမာသက စသည်ဆင့်ပွား ဝတ္ထုများကို သိမ်းထားသိုမှီး လျက် ဝိနည်းကံဒေသနာမှု အာပတ်ကိုကုလျှင် တခုမလပ် အာပတ်မှ ထလေကြောင်း။

အချို့သသူ ဘိက္ခုတို့ကား အယူခြားနား တပါးဘာသာ ဆရာပါတလီတို့နှင့် စိတ်ရှိတိုင်းလိုက်ရော လောကကိုရှေးရှု၍ သယမ္ဘူနတ် ဘုရားမြတ်၏ သာသနာဆောင် နှစ်ငါးထောင်မဟုတ် တဝက်ယုတ်လေကြောင်း။

မကောင်းဝါဒ အဂတိဂမန လေးပါပစရိုက် အာမိသလိုက်စား၍ ကြိုက်သူအားလျော်စွာ ပေါက္ကာရာမ တမ္ဗဒီပတိုင်းကြီးမှာ ရှင်သမထီးတို့ကဲ့သို့ ကျမ်းသီးမှတ်စု ပါဠိတုပါဠိယောင် ထုတ်ဆောင်ပြုပြင် စီရင်ရေးသား လက်ကားကြီးပြုလျက် ဂိုဏ်းစုလည်းအကွဲကွဲ တနဲဖြစ်ဆန်း တပုံဖမ်း၍ ပျော်မြန်းခါအထွေထွေ နေကြသည်အရာမှာ။

စာနာရန်အမှုကို ပုံစံဖြင့်ရှုသော် ဒုတိယသံဂါယနာတင် ရှင်မဟာကဿပတို့အရေး ဓမ္မစက်အာဏာစက်တို့ ပေးသောကြောင့် ပြေးထွက်ပုန်းအောင်း လုံးစုံပေါင်းသော် တသောင်းအညီ ဝေသာလီ ဝါသီ ဝဇ္ဇီတိုင်းသား ယခင်ကရဟန်းများသည် တိုင်းခြားအသီး ပါဋလိပုတ်ပြည်ကြီးသို့တဖန် ရောက်ပြန်သောအခါ ရှင်မဟာယသ ထေရမြတ်စွာ ရဟန္တာတို့ ဒုတိယသံဂါယနာ တင်လာသည်နည်း တရိုးတည်းစုသူတို့က တုပြန်၍ သုဓမ္မကို ဒုဓမ္မဖြစ်အင် သင်္ဂါယနာတင်သည်ဟု စီရင်ဟုတ်ဟတ် ဂိုဏ်သကတ်ကြောင့် ရအပ်သညာ မဟာသင်္ဃိက နိကာယဂိုဏ်း တိုင်းလုံးထင်ရှား သီးခြား၍တပက္ခ ဒုတိယနှစ်တရာအတွင်း ယင်းကတမူ အယူသဘော အဟောမတူ ခြားနားမှု၍ ဂေါကုလိကဂိုဏ်း ဧကဗျောဟာရိကဂိုဏ်း မည်ရကျော်လှိုင်း ဂိုဏ်းနှစ်ဌာန စသည်တကြောင်း ဂိုဏ်းပေါင်းတဆယ့်ရှစ် ဖြစ်လေသကဲ့သို့ တိုင်းမြေဌာန ရာမည၌လည်း ဂဏအသီးသီး သာသနာတော်မြတ် ဘေးရန်ကြီးကို ဖိစီးလျက်နေသည်အခါ။

တကာတော်သံတော်ဆင့်က ချီးမြင့်သည့်မေတ္တာစခန်း စာတမ်းနှင့်တကွ ကမ္ဗဝါရှေ့ရေး ဒွေးအရစာစောင်သည် ထောင်နှစ်ရာသုံး ဆယ်အဆုံးမှာ သုံးနှစ်ကကျူး လေးနှစ်ကူးတွင် မြစ်ဦးသီတာ အဏ္ဏဝါဘုံ လေဟုန်မသဲ့ လှိုင်းမတွဲ့နှင့် ဖွဲ့နွဲ့သံညှင်း လှေခင်းငြိမ့်စံ

နတ်အပြန်ဟု ကန်ရာသီဆန်း ကိုးရက်ခန်းဝယ် သိမ်ခန်းဥပစာ ကျောင်းဝိဟာသို့ ရောက်လျှင်။

ဝန်ထောက်ကျောင်းတကာ သည်းလျာအဖော် မင်းကတော် နှင့်တကွ များလှထောင်သောင်း လူအပေါင်းတို့အလယ် လျှာဘွယ် ကိုအံ့မခန်း စာတမ်းကိုဖတ်ပြန်လျှင် ဝေဿန်ဇာတ်အဟော တော မြိုင်တိုက်ဝက်ဘာမှာ မတ်ဗိုလ်ပါများ မင်းခြောက်ပါးတို့ မျက်ဝါး ငွေ့ငွေ့ ဖူးမြင်တွေ့၍ ဗျာရှေ့လောလော သေငယ်ဇောဖြင့် မိန်းမော သည့်အခါ ရှောက်ရှာရည်ခွဲ ပုလဲပွင့်မှုံစီစီ ပေါက္ခရမိုးသာတီ နတ် ရည်စင်မိုး သွန်းဖြိုးဖျန်းလာသကဲ့သို့ ဗျာသွေ့မသန်း စိတ်ဝမ်းကြည်နူး သောတဦးဖြင့် အခါခါပင် ဖူးမြင်သည့်အရာ။

စာတမ်းမေတ္တာ အလင်္ကာဂုဏ် ပြည့်စုံသည်၏အဖြစ် သည် သနစ်ကြောင့် ဇကေရာဇ်မင်းမြတ်၏ စက်တော်ဌာန်ပါး ခစားနိယာမ ရာဇဝလ္လဘ ရှိကြတလွှား မှူးမတ်များတွင် အခြားမရှာ ဤသူသာလျှင် ပညာရှိတပါး ဖြစ်သကားဟု နှုတ်ဖျားမင်္ဂလာ ချီးသာကျူးရင့် ချီးမြှင့် ကြသည်အသွယ်သွယ်။

ရာဇနီတိ ကျမ်းရှိနက်ကျယ် ခြောက်သွယ်အင်္ဂါ ညီညာသင့် တင့် လျော်အခွင့်ကြောင့် သံတော်ဆင့်ဌာန် ချီးမြှောက်တော်ခံရ သကားဟု အများလူဗိုလ် ရင့်ဆိုကျူးကြော် ချီဝေါ်ကြသည့်အခါခါ။

မေတ္တာစာတမ်း ကမ္ဗဝါခဏ်းကို ရှင်လန်းကြည်ဖြူ လျှာလိုက် သည့်အရာသည် ဘူမိပါလ နရသနင်း မင်းဇကေရာဇ်၏ ခေတ်ဂုဏ် တော်မျိုး ဘုန်းတန်ခိုးကို မိုးအောက်တခွင် မြေအပြင်မှာ ထင်ရှား စေလင့် ချီးမြှင့်သည့်အရာပင် မန္တလာစက်ခုံ ရတနာပုံ ရွှေဘုံတော် ကြီးအရှင် အသျှင်မင်းမြတ်၏ ဥက္ကဋ္ဌမနော သဒ္ဓါဇောဖြင့် ရှင်မော တော်မူရာ သာသနာနုဂ္ဂဟသို့ နုဝတ္တက မည်သည့်အရာပင် စာရိတ် နှစ်ပါး ခြင်းရာများကြောင့် ဘုရားဒါယကာရင်း ကောသလမင်းသည် ခပင်းဒါန အသဒိသဟု မိမိအလှူကို ကြည်ဖြူရွှင်ပ နုမောဒကြောင့် ဇုဏှာမည်မှတ် ရာထမ်းမတ်ကို မြင့်မြတ်ချမ်းငြိမ် မင်းစည်းစိမ်ဖြင့် စံမှိန်မြိန်ရှက် ခုနစ်ရက်တိုင်တိုင် အပိုင်သနား မြှောက်စားတော်မူ

သကဲ့သို့ ရည်တူပုံခင်း သံတော်ဆင့်မင်း၏ ခြင်းရာသနစ် သဘော စစ်ကို ကေရာဇ်မင်းမြတ် ဉာဏ်တော်နှင့်စပ်ပေမူ သူမတူတန် ဌာနန် အထူးဖြင့် မြောက်ကျူးထိုက်ပေသကားဟု အားရအင်ပြေ ချီးမွမ်းလေ့ အဖုံဖုံ။

စုံလင်ညီညာ အလင်္ကာဖြင့် မေတ္တာစာတမ်း ယင်းနိဒါန်းတွင် ရှင်လန်းချီငေါ် ပူဇော်စရာ သည်သာတပါး မှန်သကားဟု စိတ်ထား မနော ကြိမ်ကြိမ်စောရလေကြောင်း ကောင်းစွာနစ်နော၍ ထောမနာ ချက် စကားနက်ကို ဉာဏ်**နားဖြင့်**ရွက်မိသူ လူပရောဟိတ် ပဏ္ဍိတ် အပေါင်းတို့က ကောင်းပေ**၏မှန်**ပေ၏ သုတမယိ စိန္တာမယိ နေတ္တိ မည်ဆန်း ကျမ်းပါဠိလာ ဉာပကအာရုံ စုံဉာဏ်နှစ်ပါး ပညာအားဖြင့် စကားအမှု၌ ညစ်ကျုမရှိ ပညာရှိမှန်သောကြောင့် ကာလဒေသ ဌာနသုံးတန် လွတ်မကျန်ဘဲ မှန်ကန်ဆုံးဖြတ်၍ ကြည်ညိုတတ်သော ဩကပ္ပနသဒ္ဓါလက္ခဏာ မိစ္ဆာမြူနောက် ရောနှောက်မသမ်း ရှင်လန်း သောပသာဒသဒ္ဓါလက္ခဏာ ယင်းနှစ်ဖြာဖြင့် အရာဌာန ကျနစွာ ကြည်ညိုပေတတ် သဒ္ဓါဖြစ်ဟန်ကို "အဗ္ဘုတံ ဝတ ဘော၊ အစ္ဆရိယံ ဝတ ဘော" အံ့ဩထိုက်မည်ပင်။

ဗလဝသဒ္ဓေါ ဟိ မန္ဒပညော မုဒ္ဓပ္ပသန္နော ဟောတိ၊ အဝတ္ထုသ္မိံ ပသီဒတိ သမ္မောအဋ္ဌကထာ လာမရှိကို မိမိကြီးတည့်တည့် ကြီး ဉာဏ်မျက်စိကြည့်ပြီးလျှင် ပညာနည်းသူ လူမှာမူကား ကြည်ဖြူ သဒ္ဓါ ရှိပါကတည်း ဉာဏ်အနည်းကြောင့် မိုက်ကြီးသဒ္ဓါ ဝိမောက္ခာ ဖြင့် သဒ္ဓါအစစ် အနှစ်ကိုခုန်ကျော်၍ လျှပ်ပေါ်လော်လည် အလဇ္ဇီ ဒုဿီလ ပါပညစ်ကြုပ် အရာမဟုတ်ကို အရာလုပ်၍ စုပ်စုပ်ခမ်းခမ်း မြုပ်မြုပ်တန်းအောင် ကမ်းမရှိကြည်ညိုတတ်၏ သို့ ပိဋကတ်တော် အုပ်မင်း သံတော်ဆင့်မည့်သူမှာ ထိုတူမဟူရ ယင်းမူလဉာဏ်နှစ်ပါး ကြီးမားသည့်ဂုဏ်အင်ကြောင့် ယခင်သဒ္ဓါစစ် ဖြစ်ပေသောဟု ထော မနာကြသည် အဖန်ဖန်။

သယမ္ဘူရှင်စော မိန့်ဟောသည်အရ ဓမ္မပဒပါဠိအဋ္ဌကထာ ကျမ်းအလာမှာ မလ္လိကာဒေဝီ မဟေသီမြတ် စောမယ်နတ်၏ ရှေး

ဇာတ်အခါ ကြမ္မာညှိုးပိန် သိမ်ငယ်သော ဓမ္မဒိန္နမိဖုရားသည် တရား တပါး မင်းအများတို့ ပျက်ပြားစေမှု ကြမ္မာပြုသော အရေးပုံတွင် စုံလင်ဟောအပ် တရားမြတ်ကို နတ်ရက္ခစိုးက မညှိုးမနွမ်း ငါးဆုပ် ပန်းဖြင့် ကမ်းလှမ်းထောက်ပင့် ချီးမြှင့်ပူဇော်၍ မျှော်လင့်သေဘေး အပူရေးမှ ဧးစေသကဲ့သို့ ဒုကနိပါတ် ဂုတ္တိလဇာတ်အရှိ တပည့် မှုသိကက ငါတလုံးဖြင့် ငါမထင် ငါသာလျှင်ငါတပဲ မာန်ရဲကြီးထ၍ ဂုတ္တိလစောင်းဆရာနှင့် မျက်နှာချင်းဆိုင် သူနိုင်ငါနိုင် စောင်းပြိုင် အရေးတွင် သိကြားမင်းညာဏ်ပေး၍ ဘုရားလျာဂုတ္တိလအရေး ပုံလှ သကဲ့သို့ နှံ့နဲ့ဆေးနွေး ညစ်မထေးဘဲ ရွှေရေးကမ္ဗဝါ မေတ္တာစာတမ်း ကမ်းလိုက်သည့်အနေကြောင့် ဒေသရာမဥ် တိုင်းတခွင်မှာ ယခင် ပစ္စတ် ရန်ဥပဒ်တို့ မညှင်းသတ်နိုင်ကြောင်း ကောင်းမြတ်ရှင်လူ ဟူသမျှတို့၏ ဗလခွန်အား စည်ကားရန်အကြောင်း အပေါင်းဘေး ဒဏ် ရန်မန်ပေါင်းပါး၍ ဘုရားသာသနာ ရောင်ဝါငြိမ့်လေး ဧးရမည် အခြေဟု ထွေလာများစွာ သာသနပဂ္ဂဟ ဗုဒ္ဓပဂ္ဂဟ ဖြစ်ကြသသူ လူတို့စိတ်ဝမ်း ပီတိဖျန်းလျက် ယော်ယမ်းမြော်ခေါ်၍ သံတော်ဆင့် ပိဋကတ်တော်အုပ်မင်းအား ကောင်းခြင်းကြီးပေးကြသည် မဆိတ်ည်း။

မှန်ကန်မပျက် အနက်သဒ္ဒါ အလင်္ကာဂုဏ် စုံလင်ထူးဆန်း ယင်းမေတ္တာစာတမ်းကို ကူးလှမ်းကြသည်အစုံစုံ ရာမညတိုင်းဘုံမှာ ဆန်စုန်အောက်ထက် စာစောင်ချင်းယှက်မိမည် ပြည်ရာဇဗြိုဟ် နဂိုရ် သနင်း ဗိမ္ဗိသာမင်းမြတ်က သနှင်းသောမေ့ပဏ္ဏာကာရတွင် သမ္မာ သမ္ဗုဒ္ဓ ဂုဏ်ပဒကို ကြားနာရခဲ မဖြစ်ဘူးမြဲ ဖြစ်သည်သနစ်ကြောင့် မျောနစ်လေအောင် ယူဆောင်ဖရဏာ ဩဇာအမွှ ကိုယ်လုံးစုသော ပုက္ကုသာတိမင်း ပုံအခင်းသို့ သည်းတွင်းဧးငြိမ့် နှစ်သိမ့်မိန့်မောကြ သည်အဖြာဖြာ။

ပဗ္ဗာဇနီယ ကံမူလကို ဒေါသကြီးစွန်းညို၍ မချိမဆန့် မတန့်မနား ပြေးလွှားရောက်လာ များစွာသောရဟန်း ရောပြွမ်းလျက် အရပ်ရပ် ငါးကျပ်စား ခြောက်ကျပ်စား ဆင့်ပွား၍အစားစား လရိက္ခာ စား မင်းဆရာများဟု စကားချီးပင့် ကိုယ်နှင့်ကိုယ်ကို ကိုယ်ပင်ကိုယ်

ဝင့်လျက် နောက်ဆင့်သော ကုဟကရဟန်းများလည်း အထပ်ထပ် အောက်ရပ်သို့ရောက်ပြီးလျှင် အသီးသီးအဝဝ အောက်ရပ်က ရဟန်း စုနှင့် ရောရှ၍သောင်းပြောင်း ယခင်ကနည်းဟောင်းဖြင့် မကောင်း တရောင်း သာသနာပျက်ကြောင်းကို အများများ မင်းနှစ်ပါး ဘုရား ရှင်တို့ ဂုဏ်ကျက်သရေများ နွမ်းပါးရန်အစုစု တုပန္နုန်းချိန် လိင် အသွင်တူ ဌာန်မူမကင်း သီတင်းသုံးဘော် သူတော်ကောင်းတို့၏ ဂုဏ်သတင်းလည်း ကင်းပရန်အမှုမှု ယခင်ကစူရ ဒုကိုသာအထွေထွေ ဗာလေဗာဇာ မာယေမာယာ ပြုကျင့်သွားလာလျက် နေကြသည်တာ ကို တကာသံတော်ဆင့် ပိဋကတ်တော်အုပ်မင်း ဉာဏ်အလင်းရှိ ဧကန္တိသိမည်ကဲ့သို့ဖြစ်၍သာ မဆုတ်မနစ် ဤမေတ္တာစာတမ်းကို ကမ်းလှမ်းလိုက်သည်ဖြစ်မည်။

ဆောက်တည်ဟုတ်ဟတ် ယင်းသကတ်ကြောင့် ကပ်လျှ ရောက်လာ ယင်းမေတ္တာစာတမ်းကို ရွှင်လန်းစွာနူတ်မြွက်၍ သာသန ပဂ္ဂဟ မေတ္တာစာတမ်းဟု ဂုဏနာမ်နိဒါန်းဖြင့် တင်မော်ကွန်းပြုကြ သည့်ခြင်းရာ ယင်းမေတ္တာစာတမ်းအလို ဆရာတော်ကိုလည်း ကျန်း ခန့်သာယာကြောင်းများကို ကြားသိချင်လှသည်ဖြစ်ပါ၍ စာပေရေး လျက် ပေးမှာတော်မူစေချင်ပါသည်ဟု အာသီသပတ္ထနာပါရှိသည်နှင့် အညီ။

သီဟဠဒီပ မာဂဓအလို ကျွန်းသီဟိုဠ်၌ ထိုထိုဇနပုဒ် ပတ် ချုပ်တိုင်းကား ပျက်ပြားကြေမွအောင် ဥဿာဟဆောင်သော ဗြာဟ္မဏတိဿ စောရဘေးကြီး ဖျက်ဆီးကြိမ်လာ၍ ပြည်ရွာတိုင်း ကား ရှားပါးငတ်မွတ်ကြလျှင် ရမိရရာကို ရှာကြံသက်မွေးလျက် ပြေးပုန်းရှောင်လွဲ တောမြိုင်ထဲမှာ မြဲစွဲကာလ မြင့်ကြာကြအခါ စူဠ သီဝမည်သော မထေရ်မြတ်သည် သရီရဓာတ် ကိန်းဝပ်တော်မူရာ မဟာစေတီတော်ကြီးကို ကပ်မှီးမျှော်မှိန်းလျက် တစိန်းစိန်းရှုလေလျှင် စေတီပြင်အလုံး ကြက်ဆူပင်ပေါက်ဖုံးလျက် စေတီလုံးအပေါ်မှာ မှော်သေးမှော်ညှင်း ချုံခပင်းတို့ ချင်းချင်းယှက်အုပ် စေတီရုပ်မထင် ကြုံလေရဖြစ်အင်ကို မြင်သောခဏ လာဘဂ္ဂသို့ရောက်သော စေတီ

တော်ကြီးသည် ယခုကိုယ်တည်းသာ ကိုးစားရာမဲ့ ဖြစ်လေခဲ့သကား ဟု မမွှသံဝေဇဏီး စိတ်မချမ်းသာလေသကဲ့သို့။

ရာမညဒေသ ရဌဌာနလုံး အသုံးအစား ကွဲပြားအကျင့် လိုခွင့်ရှိရာ သူငါအကုန် တဖုံစီဖြစ်ကြသဖြင့် ယခင်ကဘေးရန်ကြီး ဖိစီးဖုံးလွှမ်း၍ ညစ်နွမ်းသောဖြစ်အင်ကိုမြင်လျှင် စင်ကြယ်သန့်ရှင်း ဘေးကင်းသော သာသနာတော်မြတ် တရားဓာတ်၏ဌာန ရာမည ဒေသမှာ ယခုကာလအခါ ကိုးစားရာမဲ့ ဖြစ်လေခဲ့သလားဟု တရား သံဝေ ဖြစ်ထွေကိုဆင်ခြင်၍ အင်အားနှင့်အညီ ပဝေဏီတန္တိဖိုးစဉ်း အလျဉ်းမပြတ်စေခြင်းငှာ သာသနပဂ္ဂဟ ဖြစ်ကြအံ့ရှေးရှု ဆည်းကပ် သူ ရှင်လူတို့အား ကြည်ဖြူလှစွာ ကရုဏာဖြင့် သာသနာထွန်းလင်း ကြောင်း ကောင်းမြတ်သောတရားကို သင်ကြားဟောပြော၍ မြေ တကြောလှစ် နဂါးရစ်တောင်စဉ်လွှဲ ယမ်းပြဲမည်သော ရာမာဝတီမြို့ သား မာန်အောင်မည်သော မေဃဝတီမြို့သား ရဟန်းများကို ဘုရား သာသနာ တည်ပါစေခြင်းငှာ မိမိတို့နေရာ မြို့ရွာသို့တဖန် ပြန်စေ ပြီးလျှင် ရှင်ကြီးလူကြီး သီးခြားမမူ တူမျှသာယာလျက် ပဗ္ဗာဇနိယ ကံမှုလနတ်ဆေးဖြင့် ရန်ဘေးကိုဝေးစေလျက် ညစ်ကြေးကင်းကြောင်း သိက္ခာသစ်ထပ်လောင်း၍ ကောင်းစေသည်ကား ကျောင်းမည်လေး ဆယ်ကျော် ရဟန်းတော်မှာကား အများရှိသည်ပင် ရာမညဒေသ တိုင်းဌာနမှာလည်း သာသနာပဂ္ဂဟဖြစ်သူ ရှင်လူကြိုးကြား တိုင်းကား အနှံ့ ပြန့်ပွားလျက်မကင်း။

ယင်းသို့တိုးပွား စည်ကားရန်သဘော ဟောပြောအပ်နည်းနာ ကို သုနာပရန် တမ္ဗဒီပတိုင်း ရတနာပုံနေပြည်တော်များက ဘုရားဖူး ဘုရားဖူးဟု ကျူးကြော်မြည်ဆိုလျက် ဂုရုလိုလို ဆရာတော်လိုလို အလိုကို ဗတ်ခင်း၍ စုန်ဆင်းလာကြ ရဟန်းတို့ကလည်း ဒွါရသော အလဇ္ဇီသော ဝိနည်းသော ဟောပြောသည့်သူများမှာ သဒ္ဓါတရား နည်းပါးမည်အမှု သံဃသုဋ္ဌု သံဃဖာသု ဖြစ်မှုလည်းမဟုတ်ပါဟု သာသနာဆုတ်ကြောင်း မကောင်းစကား ပြောကြား၍သွားလျှင် အများရှင်လူ ပညာနည်းသူတို့က မှတ်ယူကိုးကား အားရှိ၍ တကြွကြွ မာန်ထ၍မချိ တစိတစောင်း

သာသနာပျက်ကြောင်း မကောင်းစကား ပြောကြားလျက်ရှိပြန်လျှင် သံဃသုဠ္လ သံဃဖာသု နှစ်ခုဖြစ်ဟန်၌ ဒုမ္မင်္ကုနံ နိဂ္ဂဟာယ ပါဠိကိုပြ၍ နိဂ္ဂဟပြုပြန်က ဉာဏ်မလင်းသူ ရှင်လူတသင်း နှုတ်ခံတွင်းမှဲ့ သတင်းနွဲ့ရှိသည်ပင် ယင်းသို့များစွာ သုနာပရန် တမ္ဗဒီပဝါသီ ရာမညဝါသီ နှစ်လီတိုင်းသား ရဟန်းများ ရောယှက်၍ သာသနာပျက်ကြောင်း မကောင်းစကားကို ကြားရခြင်း လျှင် ပြင်းပြသောဘေးဘျမ်းဟု ကိုယ်စိတ်မချမ်းသည့် တလမ်းမျှ ရှိချေသည်။

ဤမှတခန်း ဘေးဘျမ်းနှင့်ဒဏ် ကံနှင့်ဒေါသ ရောဂနှင့်ဥပဒ် အရပ်ရပ်အနိဋ္ဌာရုံ မကြုံရှင်းသန့်လျက် ကျန်းခန့်သာယာကြောင်း ပရပ္ပဝါဒ နိမဒနဂုဏ် ထုံအပ်သောဒွါရကထာကို မှတ်သိလိုပါကြောင်း တောင်းပန်မျှော်လင့် အခွင့်နှင့်အလျော် ဣသျှံတော်စတ္တုတွင်း မူရင်း မခြား ရေးသား၍ပေးလိုက်ကြောင်း။

ရပ်ဝေးဒေသ ကွာလွန်းလှသော်လည်း နှစ်ထောင့်တရာ့ဆဲ့ နှစ်ပါး မြောက်ပွားသချာ မေတ္တာရေကောင်းဖြင့် သွန်းလောင်းတော်မူစေချင်သည့်အကြောင်းကို လျှောက်ပါသည်ဟူ၍ စာတမ်း မေတ္တာပါရှိသည်နှင့်အညီ။ ဂီဟိ ဘိက္ခဝေ မင်္ဂလိကာ အနုဇာနာမိ ဘိက္ခဝေ ဂိဟီနံ ဇီဝထ ဘန္တေတိ ဝုစ္စမာနေန စိရံဇီဝါတိ ဝတ္တုံ-ဟူ၍ ဒုက နိပါတ် ဘဂ္ဂဇာတ် ဝိနည်းပိဋကတ် ကျမ်းမြတ်တို့အလာ ဇီဝပဋိဇီဝ ကို အနုညာတပြုသည်နှင့်လျော်စွာ။

ပဋိသမ္ဘိဒါ သညာပြန့်ဖြူး ကျမ်းအထူးဖြင့် ရင့်ကျူးတော်မူအပ် နှစ်ရပ်သောမေတ္တာ အထဝါထူးခြား သုံးပါးသောမေတ္တာ တထာတနဲ တပဲသောမေတ္တာ သညာစတု ရှုအပ်သောမေတ္တာ သတ္တာ သတ္တ ယင်းနှစ်ဝကို အနှင့်မက္ခရာ နှစ်ဖြာပဋိသိမ် နှိပ်အပ်အစဉ် ယှဉ်အပ်ရှစ်ပါး ကြပတေ့အားဖြင့် ဟောကြားအလို မေတ္တာဖိုမေတ္တာမ ထိုမှတခြား မြောက်ဆင့်ပွားသော် ငါးရာ့နှစ်ဆယ် ရှစ်သွယ်သော မေတ္တာ ခြောက်ဖြာတသွန် အလွန်ပညတ် သဟာယ်မေတ္တာ စတ္တာ လီသ ဆသတာဓိ ဒွါသဟာယ်တြိန်း ကိန်းရမေတ္တာ ဝါတနည်းဆောင်

ငါးထောင်နှစ်ရာ့ရှစ်ဆယ် စွန်းကယ်သောမေတ္တာ သုံးရာကိုးဆယ် ခြောက်သွယ်သောမေတ္တာ ခြောက်ဖြာအစ ပညာသနှင့် သဟာဿပုဒ် ထုတ်အပ်သောမေတ္တာ ကိုးရာရှစ်ဆယ် စွန်းကယ်သဟာဿ် မှတ်အပ်သော မေတ္တာအညီ အသီတိနား နှစ်ရာပွား၍ ငါးသဟာသ်ဆို ဗိုလ်ဣန်ကမေတ္တာနှစ်လီ ဆဝီနဝု ခြောက်ခုရာဟူ ထောင်မူသုံးရပ် ရအပ်သောမေတ္တာရေး ဒွေးနှင့်နဝု သုံးခုရာလွန် ခုနစ်ထောင်လောက် ဖြစ်မြောက်သောမေတ္တာကို ကိုးရာကိုးဆယ်ခြောက် တနည်းမြောက်သောမေတ္တာ ဧကောသဟာသ် စွန်းလတ်ရှစ်ဆယ် ဆန်းကြွယ်သော မေတ္တာ ခုနစ်ရာကယ် ခုနစ်ဆယ်စု နှစ်ခုစွန်းဆောင် နှစ်ထောင်သော မေတ္တာ ငါးရာခြောက်ဆယ် ထောင်ဝယ်ခုနစ်စုံ ဝေါဘုံကမေတ္တာစု စတုဒွေးဒွေး စတုရေးနှင့် ဧးလှသောမေတ္တာမြွတ် အဌနှင့်စတု စတု နှင့်အဌ နောတတ္တမေတ္တာပြု ခြောက်ခုအပြား ကိုးဆယ်ပွား၍ ရာကား သုံးခု တနည်းရှုသောမေတ္တာ ခြောက်မှာတသွယ် ဆယ်မှာပဥ္စ သဟာဿကော် ချစ်အပ်သောမေတ္တာ တရာခြောက်ဆယ် ရှစ်သွယ် ဥဿျောင် ထောင်မှာသုံးထပ် သွန်းအပ်သောမေတ္တာ ရှစ်မှာစတု စတုစတုအဌ ဖောဥက္ကဌမဂ်မေတ္တာ ငါးရာသီကိန်းဂဏန်း ထိန်းသော် ခြောက်သိန်းရှစ်သောင်း ဆင့်လောင်းခြောက်ထောင် စွန်းဆောင်ကိုးဆယ် လေးပါးကယ်၍ သွတ်လှယ်မပြတ် ထုံအပ်သောမေတ္တာပေါင်း တကြောင်းဝိသုဒ် မဂ်ပုဒ်အလာ တရာ့ဆယ်နှစ် နှစ်ထောင်ဖြစ်သော မေတ္တာ ကရဏီယသုတ် ပုဒ်ဌအပါ ငါးရာနှစ်ဆယ် ရှစ်သွယ်မေတ္တာ ရာခုနစ်ဆင့် လေးပွင့်သောမေတ္တာပန်း ကျမ်းဝိနည်းဆောင် တထောင်နှင့်ရှစ် မလစ်သာမဟင်းသာ အခါခါအထပ်ထပ် ပို့အပ်သောမေတ္တာပုံ အနာဝရဏာဉာဏ်တော်၏အာရုံ ဆုံးမကုန်သော မေတ္တာဟောရိုးအမျိုးမျိုးတွင် ကွန့်ဖြိုးနီလာ ဂီဝါရောရှ ကမန္တလု တန္တုစံနှိုင်း ဉာဏ်ကရိုဏ်းဖြင့် လှိုင်း၍ဩဒိသ် ဝိသိဌတရ တမပစ္စည်း ဟောနည်းလွန်စွာ ဂုဏ်မဟာဖြင့် အာဘာဿရ ဘုံမှရွာဖြိုး ဖိုး၏ပမာ နောတတ္တမေတ္တာကို ထောင်နှစ်ရာဆယ် စွန်းကယ်တနှစ် သက္ကရာဇ်ကပင် မဟာန္တဂူစေတီရှင်၏ မြောက်ခွင်အကြိုက် စပါးတောတိုက်ဝယ် ယာ-

ပိုထ်မျှစဉ် တရံမြင်တွေ့ ထိုသနေ့က စ၍မေတ္တာ ဒယာမကင်း ရှိအရင်း၌ ထပ်နှင်းသိုက်မြိုက် သွန်းလောင်းလိုက်ပါသည်။

သမိုက်စုံပေါင်း အကြောင်းကြောင့်နှင့်တကွ သွန်းလောင်း ဒယာ ယင်းမေတ္တာကို မဟာသီရိဇေယျသူ ဟူသည့်ဘွဲ့ခံ ရနာ့မံနှင့် သမ္မဒါန်နက် လှိုင်ဖြိုဖ်ပိုင်းဟု မိုင်းခိုင်းမြို့စား ပိဋကတ်တော်အုပ်မင်း သံတော်ဆင့်ဒါယကာမှာ ကေသရာမေဒ၏ အာဓာရနိုင်းစံ မဟာ ဉာဏ်ရွှေ့ပြေးတော့ ချမ်းဧးစေလိမ့်မည်။

ဒွါရဝံသိကသံဃဿ၊ ထေရသေဋ္ဌော သုဗုဒ္ဓိမာ။
ပေသယိ သန္တိကံ ဦးရန်-ပေဋကာစေရဿ ဣဒံ။

*** ♦ ***

## သီပေါမင်းသား၏ စာတော်ပြန်အခမ်းအနား

ရတနာပုံ ဒုတိယနန်းစံ သီပေါမင်းသည် မင်းသားဘဝဖြင့် သက္ကရာဇ် ၁၂၃၇-ခုနှစ် နယုန်လဆန်း ၁၂-ရက်နေ့မှစ၍ နယုန်လပြည့်ကျော် ၅-ရက်နေ့အထိ စာတော်ပြန်ဌာနဝယ်-

၁။ ကစ္စည်းသဒ္ဒါကြီး ပါဠိ အနက်။

၂။ ပဏ္ဏာမဂါထာသံဝဏ္ဏနာ ၆-ပါး။

၃။ အဘိဓာနပ္ပဒီပိကာ (= အဘိဓာန်) ပါဠိ အနက်။

၄။ ဝုတ္တောဒယ (= ဆန်း) ပါဠိ အနက်။

၅။ သုဗောဓာလင်္ကာရ (= အလင်္ကာ) ပါဠိ အနက်။

၆။ ကစ္စာယနသာရ ပါဠိ အနက်။

၇။ သဒ္ဒတ္ထဘေဒစိန္တာ ပါဠိ အနက်တို့ကို အာဂုံ နှုတ်တက် ပြန်ဆိုစေသည်။

သက္ကရာဇ် ၁၂၃၇-ခုနှစ် ဝါဆိုလဆန်း ၂-ရက်နေ့မှစ၍ ၈-ရက်နေ့အထိ အဘိဓမ္မတ္ထသင်္ဂဟကျမ်းကို ပါဠိ အနက်ပြန်ဆိုစေ လျက် ပရက္ကမဆရာတော် မေးမြန်းသည့် သရုပ် သဘောအဓိပ္ပါယ်များကို ရေးသားဖြေဆိုခြင်းနှင့် မာတိကာ ဓာတုကထာပါဠိ အနက် အရကောက်၊ မူလယမိုက်စသော ယမိုက် ၁၀-ကျမ်းတို့၏ ပါဠိ အနက် အရကောက် များကို နှုတ်ဖြင့် ပြန်ဆိုစေလျက် နက်နဲသော အဓိပ္ပါယ်များကိုလည်း ရေးသားဖြေဆိုစေသည်။[၁]

---

၁။ ပဉ္စမသံဂါယနာတင် ဘဝရှင်မင်းတုန်းမင်းတရားကြီး၏ စာတော်မူ ပရပိုက်။ သားတော်သီပေါမင်းသား၏ နေ့ဝါ ညဝါစာပြန်ဆိုခြင်းနှင့် ရေးသားဖြေဆိုအပ်သော စာတော်ပြန်အခမ်းအနားမှ ကောက်နှုတ် ချက်။

မန္တလေးသာသနာဝင် တေဝိသတိမတွဲသည် ရွှေကျင်ငါးတိုက် သာသနာဝင်ဖြစ်ရာ ယင်းရွှေကျင်ငါးတိုက်ကို စတင်တည်ထောင်သူ ရွှေကျင်ဆရာတော်ဘုရားကြီး အရှင်ဇာဂရ၏ အနွယ်အဆက်ကိုပြဆို ရာ သာသနာဝင်ကျမ်း ဖြစ်လေသည်။ သို့ဖြစ်၍ ဤ၌ ရွှေကျင် ဆရာတော်ဘုရားကြီး၏ ကျေးဇူးရှင်ဆရာတော်ဘုရားကြီးများဖြစ်ကြ သော-

၁။ သီးလုံးဆရာတော်ဘုရားကြီး အရှင်စန္ဒိမာ၊

၂။ သဲအင်းသာသနာပိုင်ဆရာတော်ဘုရားကြီး အရှင်သူရိယ၊

၃။ သင်္ဂဇာဆရာတော်ဘုရားကြီး အရှင်အဂ္ဂဓမ္မာလင်္ကာရ-

ဟူသော ဆရာတော်ဘုရားကြီး သုံးပါးတို့၏ အဖြစ်တော်စဉ်ကို ဖော်ပြအပ်ပါသည်။

**စန္ဒိမာဘိဝံသသိရီသဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရဆရာတော် အရှင်စန္ဒိမာလင်္ကာရ ဖွားမြင်တော်မူခြင်း**

သီးလုံးဆရာတော်ဘုရားကြီးသည် သက္ကရာဇ် ၁၁၄၈-ခုနှစ်၌ ရွှန်းရွှန်းတက်ရွာ၌ ဖွားမြင်တော်မူခဲ့လေသည်။ ရွှေဘိုမြို့နယ် သီးလုံးရွာ ၌ သီတင်းသုံးသဖြင့် သီးလုံးဆရာတော်ဟု ကျော်ဇောထင်ရှားခဲ့လေ သည်။ ဆရာတော်လောင်းလျာသည် သာသနာတော်၌ ပရိယတ်, ပဋိပတ်နှစ်ရပ်ဓူရတို့ကို စွမ်းစွမ်းတမံ ထမ်းဆောင်နိုင်လောက်အောင် ရုပ်ရည်ရူပကာယ သတ္တိဗလ စွမ်းထာမနှင့်ပြည့်စုံသည့် ဇာတိကုလ ပုတ္တ, အာစာရကုလပုတ္တ ဖြစ်တော်မူသည်။

## ရှင် ရဟန်းပြု သာသနာ့ဝန်ထမ်းဆောင်ခြင်း

အရွယ်ရောက်သော် ရှင် ရဟန်းပြု သာသနာ့ဝန်ထမ်းဆောင်တော်မူခဲ့လေသည်။ ဘွဲ့တော် အရှင်စန္ဒိမာလင်္ကာရ ဖြစ်လေသည်။ မူလပဌမဆရာရင်းမှာ ဒုတိယ နမောဆရာတော် ဖြစ်တော်မူသည်။ စာပေအချို့၌ နမောဆရာတော်ဟုလည်း သာမညရေးသားခဲ့ကြသည်။

## သီးလုံးရွာအနီး ကျောင်းတိုက်ကြီး၌ သီတင်းသုံး စာပေချပို့ခြင်း

စာပေသင်ကြားတတ်မြောက်သဖြင့် ရွှေဘိုမြို့ အနောက်မြောက်ယွန်း တည်ထွန်းသာသနာ သီးလုံးရွာကြီး၏အနီး သီးလုံး မင်းကြီး မဟာမင်းလှ မင်းခေါင် တည်ထောင်ဆောက်လှူအပ်သော လေးထပ်ကျောင်းကြီးနှင့် သီးလုံးမင်းကြီး၏အစ်ကို ကြည်ညိုဝမ်းမြောက်ဆောက်လှူအပ်သော လေးထပ်ကျောင်းကြီးတို့ကို အလှူခံသီတင်းသုံးတော်မူ၍ ထိုကျောင်းတိုက်ကြီးများနှင့် အရံကျောင်းများ၌ သီတင်းသုံးတော်မူကြသော တပည့်တပန်း ရဟန်း, သာမဏေစာသင်သားတို့ကို စာပေချပို့ သာသနာပြုတော်မူခဲ့လေသည်။

## ဒုတိယ နမောဆရာတော် ပျံလွန်တော်မူခြင်း

သက္ကရာဇ် ၁၁၈၁-ခုနှစ်တွင် အမရပူရမြို့တော်၌ နောင်တော်ကြီးမင်း နန်းတက်မူသည်။ ထိုမင်းလက်ထက်တွင် ဒုတိယ နမောဆရာတော် ပျံလွန်တော်မူသဖြင့် ဒီပဲယင်းသာသနာဆက် ပြတ်လေသည်။ ထိုအခါ ဒုတိယနမောဆရာတော်၏တပည့် သီးလုံး (သလုံး)ဆရာတော် အရှင်စန္ဒိမာ ဆက်လက်သာသနာပြုတော်မူခဲ့လေသည်။

## ရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော် အလှူခံရရှိခြင်း

သက္ကရာဇ် ၁၁၉၉-ခုနှစ်တွင် ညီတော်သာယာဝတီမင်း နန်းတက်တော်မူခဲ့လေသည်။ ရွှေဘိုမင်းဟုလည်း တွင်သည်။ သီးလုံး (သလုံး)ဆရာတော်သည် ယင်းသာယာဝတီ (ရွှေဘို)မင်း၏ ဂိုဏ်းသီးဂိုဏ်းခြားအဖြစ် ဂဏဝိမုတ်ပေး၍ ကိုးကွယ်ခြင်းခံရသည့်ပြင် "စန္ဒိမာဘိဝံသသိရီသဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကိုလည်း အလှူခံရရှိတော်မူခဲ့လေသည်။

## မင်းတုန်းမင်း၏ ရတနာဘုံစံကျောင်း အလှူခံရခြင်း

ပဥ္စမသံဂါယနာတင် မင်းတုန်းမင်းတရား မင်းဖြစ်သောအခါ မန္တလေးမြို့တော်သို့ ပင့်ရာ ဆရာတော်အရှင်စန္ဒိမာသည် ကြွတော်မမူချေ။ ဆရာတော်သည် သီးလုံးရွာ၌ မင်းတုန်းမင်းတရား ဆောက်လုပ်လှူဒါန်းသည့် ရတနာဘုံစံကျောင်းတော်ကြီးကို အလှူခံတော်မူရလေသည်။

## မိတ်ဆွေကောင်း အရှင်ခေမာက တရားအားထုတ်ရန် တိုက်တွန်းသတိပေးခြင်း

သလုံး (သီးလုံး)ဆရာတော်နှင့် ဆရာတူတပည့် ကလျာဏမိတ္တ မိတ်ဆွေစစ်မိတ်ဆွေကောင်းဖြစ်သော အရှင်ခေမာသည် စာပေကျမ်းဂန် ကျွမ်းကျင်တတ်မြောက်အောင် သင်ကြားပြီးနောက် တောရကျောင်း၌ အမြဲထာဝရ သီတင်းသုံး၍ ရဟန်းတရားကို မဟုဿာဟဖွဲ့လုံ့လဖြင့် အားထုတ်တော်မူခဲ့လေသည်။ သလုံး (သီးလုံး)ဆရာတော်ထံ မကြာခဏ ကြွလာတရားဆွေးနွေးတော်မူလေ့ရှိသည်။ သီးလုံးဆရာတော်အား တောထွက်တရားအားထုတ်ရန်ကိုလည်း မကြာခဏ

တိုက်တွန်းတော်မူလေ့ရှိသည်။ အရှင်ခေမာ တိုက်တွန်းသဖြင့် သလုံးဆရာတော် တောရဆောက်တည်ဖြစ်လေသည်။

အရှင်ခေမာသည် ကင်းတောရကျောင်းမှ သလုံးဆရာတော်ထံ နေ့ချင်းပြန် တစ်လ ၂-ကြိမ် ၃-ကြိမ်ကြွလာ၍ တရားစကားဟောကြားဆွေးနွေးလေ့ရှိရာ တနေ့တွင် အခြေအတင်ဆွေးနွေးပြီးနောက် အရှင်ခေမာပြန်ကြွသောအခါ သလုံးဆရာတော် အရှင်စန္ဒိမာသည် မိမိကိုယ်တိုင် ကျောင်းမှ နှစ်ခေါ်လောက်အရောက် လိုက်ပို့မြဲဖြစ်သည့်အတိုင်း ထိုနေ့၌လည်း လိုက်ပို့တော်မူသည်။ ပို့မြဲနေရာသို့ရောက်လေလျှင် အရှင်ခေမာက "သလုံးဆရာတော်. . . ကောင်းမြတ်သော လုံ့လသတိဖြင့် သာသနာတော်မှာ နေရစ်ပေတော့"ဟု ပြောကြားနှုတ်ဆက်၍ သက်န်းကို ခါယောင်ပြုလိုက်ရာ အရှင်ခေမာသည် ထန်းနှစ်ဖျားခန့်အထက် ကောင်းကင်သို့ ရောက်သွားပြီးလျှင် ကောင်းကင်၌ရပ်ကာ "သီးလုံးဆရာတော် နေရစ်ပေတော့"ဆို၍ ကောင်းကင်ကပင် ကြွတော်မူလေသည်။ စင်စစ်တမူကား သီးလုံးဆရာတော်အား တရားအားထုတ်ဖြစ်အောင် တိုက်တွန်းသတိပေးခြင်း ဖြစ်လေသည်။ အရှင်ခေမာကား ကလျာဏမိတ္တ စစ်မှန်လှပါပေသည်။

ကလျာဏမိတ္တော သော အာသိ၊ ကလျာဏော နိယောဇယိ။
ခေမာထေရော ခေမပ္ပတ္တော၊ ထေရံ သီးလုံး တပေါဓနံ။

## သီးလုံးဆရာတော် ပို၍ တရားအားထုတ်ခြင်း

သီးလုံးဆရာတော်သည် ကောင်းကင်သို့ မော်ကြည့်စင်ပင်ကျောင်းက သာမဏေတပါး ရောက်လာမှ သတိရ၍ "ငါတို့များ သီးလုံးသီးလုံးနှင့် ဘာသုံးမှ မကျဘူး၊ ကိုခေမာတို့များ သာသနာတော်နှင့် ကြုံတွေ့ရကျိုး နပ်ပါပေသည်"ဟု မြွက်ဆိုတော်မူကာ ကျောင်းသို့ ပြန်ကြွတော်မူခဲ့လေသည်။ နံနက်လင်းလျှင်လင်းခြင်း အရှင်ခေမာ ပျံလွန်တော်မူပြီဟု သီးလုံးဆရာတော်ထံ ပုဂ္ဂိုလ်တစုံတယောက် လာရောက်လျှောက်ထားလေသည်။ သီးလုံးဆရာတော်

ကိုယ်တိုင်ကြွ၍ ၇-ရက်အတွင်း ပြီးစီးအောင် စီမံသင်္ဂြိုဟ်တော်မူခဲ့လေသည်။ သီးလုံးဆရာတော်ကမူ အရှင်ခေမာ ပရိနိဗ္ဗာန်စံသွားသည် ယူဆသော ဟူ၏။ ထို့နောက် သီးလုံးဆရာတော်သည် ဈေးကထက်ပို၍ တရားအားထုတ်တော်မူသည်ဟု ယူဆဖွယ်ရှိသည် ဟူ၏။

## သီးလုံးဆရာတော်လည်း ပုဂ္ဂိုလ်ထူးဖြစ်ဖွယ်ရှိခြင်း

သီးလုံးဆရာတော်သည်လည်း သာသနာတော်၌ ထူးခြားသည့်ပုဂ္ဂိုလ် (ပုဂ္ဂိုလ်ထူး)ဖြစ်ဖွယ် ရှိသည်။ သီးလုံးဆရာတော်၏ ပရိယတ်, ပဋိပတ်အခြေအနေကို သိလိုသဖြင့် ပဥ္စမသံဂါယနာတင် မင်းတုန်းမင်းတရားကြီးသည် ဆရာတော်များကို လျှောက်ထားရာ ဆရာတော်များက သင်္ဂဇာဆရာတော်ကို တိုက်တွန်းစေလွှတ်သဖြင့် သင်္ဂဇာဆရာတော်သည် ထိုစဉ်က သီးလုံးဆရာတော်သီတင်းသုံးရာ ခက်သင်ရွာ တောရကျောင်းသို့ ကြွတော်မူလေသည်။

သင်္ဂဇာဆရာတော် ရောက်သွားသော နံနက်ခင်းအချိန်တွင် သီးလုံးဆရာတော် ဒန်ပူသပ်နေသော ဟူ၏။ ဒန်ပူသပ်လျက်ပင် သင်္ဂဇာဆရာတော်၏ မေးမြန်းချက်တို့ကို ဖြေဆိုတော်မူလေသည်။ ပြီးလျှင် သင်္ဂဇာဆရာတော်က ပြန်မည်ဟု ဝတ်ပြုလျှင် "သင်္ဂဇာ. . . ခက်သင်ရွာက ဆွမ်းစားပင့်ထားသည် ဆွမ်းစားလိုက်ပြီးမှ ပြန်လေ"ဟု မိန့်ဆိုတော်မူလေသည်။

သင်္ဂဇာ. . . ယခု ဘာနှင့်ကူးလာခဲ့သနည်း?ဟုမေးရာ လှေနှင့် ကူးလာပါသည်-ဟု သင်္ဂဇာက ပြောရာ လှေနှင့်ပဲ သွားနှင့်လေဟု ဆိုသဖြင့် သင်္ဂဇာဆရာတော်သည် လှေဖြင့် ခက်သင်ရွာဘက်သို့ ကူးသွားခဲ့လေသည်။ သင်္ဂဇာဆရာတော် မရောက်မီ သီးလုံးဆရာတော်သည် ခက်သင်ရွာ လှေဆိပ်၌ သက်န်းရုံတော်မူနေတော့သည် ဟူ၏။ ခက်သင်ရွာနှင့် တောရကျောင်းသည် ထိုစဉ်က ရေခြားလျက်ရှိသည်။ ယနေ့တိုင် ထိုတောရကျောင်း၌ သံဃာအဆက်မပြတ်နေသော ဟူ၏။ ခက်သင်ရွာကား ကျောက်မြောင်းမြို့အောက် ရော

ဝတီမြစ်ကမ်း၌ တည်သည်ဟု သိရ၏။ ယင်းဖြစ်ရပ်ကို ထောက်၍ သီးလုံးဆရာတော်ကြီးသည် ဘုရားမြတ်စွာ သာသနာတော်၌ ပုဂ္ဂိုလ်ထူးဖြစ်ကြောင်း သိရှိနိုင်လေသည်။

## ဘုန်းကြွယ်မြတ်စွာ သာသနာအားတက်ဖွယ်

အရွယ်ကြီးရင့်ပြီဖြစ်သော သီးလုံးဆရာတော်ဘုရားကြီးသည် နွေရာသီညဥ့်အခါ တောရကျောင်းနှင့် မနီးလှသော ရေကန်၌ ရေသုံးသပ်တော်မူသည်ကို ရေချိုးသွားသော ကပ္ပိယသူတော်တွေ့မြင် သဖြင့် ဆရာတော် ဘယ်လိုကြွလာတော်မူနည်း?ဟု ကြံဆင်ချင်စဉ် ဆရာတော်ကြီး ရေသုံးသပ်ပြီး ပြန်ကြွခါနီးတွင် "သူတော် ငါအသက်ထင်ရှားရှိစဉ် မည်သူ့ကိုမျှ မပြောလေနှင့်"ဟုဆိုကာ ကောင်းကင်ခရီးဖြင့် ကျောင်းသို့ ပြန်ကြွတော်မူသည်-ဟု ဆရာတော်ပျံလွန်တော်မူပြီးနောက်မှ လူသူတော်က ပြောသည်ဟု ပျံ့နှံ့ခဲ့လေသည်။

ဆရာတော်အရှင်ခေမာနှင့် သီးလုံးဆရာတော်အရှင်စန္ဒိမာတို့ အဘိညာဉ်ရပုဂ္ဂိုလ်များ ဖြစ်တော်မူသည်ကို သိကြရသဖြင့် တရားအားထုတ်သော ရဟန်းရှင်လူယောဂီတို့ အားတက်ဖွယ်ဖြစ်ပါပေသတည်း။

ရှိမ်းမကားမြို့ သိမ်သမုတ်ပွဲတစ်ခုတွင် ဆရာတော်များတောင်းပန်သဖြင့် သီးလုံးဆရာတော်သည် အနာဂါမိဖိုလ်တိုင်အောင် ဝိပဿနာရှုပုံ, ဉာဏ်ဖြစ်ပုံ, မဂ်ဖိုလ်ဆိုက်ရောက်ပုံ, ဖလသမာပတ်ဆိုက်ရောက်ပုံတို့ကိုပါ ဟောသည်ဟု ဆိုကြလေသည်။

## ကျမ်းဂန်များစွာ ပြုစုတော်မူခြင်း

သီးလုံးဆရာတော်ဘုရားကြီးသည်-

၁။ အဒိန္နဒါန်ပါဒအဆုံးအဖြတ်၊

၂။ ရွှေငွေကိုစွန့်ရသော အဆုံးအဖြတ်၊

၃။ ဒီဃာသနအဆုံးအဖြတ်၊
၄။ နိဿယမုစ္စကအဆုံးအဖြတ်၊
၅။ အဒိန္နဒါန်အဆုံးအဖြတ်၊
၆။ သတ္တာဟကရဏီယအဆုံးအဖြတ်၊
၇။ ပဝါရဏာနေ့၌ ဝါပန်၍သွားရာသောအဆုံးအဖြတ်၊
၈။ သုက္ကဓာတုအကြောင်း၊
၉။ ဒွိသန္တကအဆုံးအဖြတ်၊
၁၀။ သက်န်းသုံးထည် ထားရသောအကြောင်း၊
၁၁။ ရုပ်တုတော်ရေစက်ချ၊
၁၂။ စာ, စာတိုက်ရေစက်ချ၊
၁၃။ သံဃိကကျောင်းရေစက်ချ၊
၁၄။ ပုဂ္ဂလိကကျောင်းရေစက်ချ၊
၁၅။ ဂါဟမုတ္တအဆုံးအဖြတ်၊
၁၆။ တလားရေစက်ချ၊
၁၇။ ရထားပြာသာဒ်ရေစက်ချ၊
၁၈။ ပဗ္ဗာဇနီယအဆုံးအဖြတ်၊
၁၉။ ဘိန္နတိ ဆင္ခေသိစသည် အဆုံးအဖြတ်၊
၂၀။ ခုရနိက္ခေပအဆုံးအဖြတ်၊
၂၁။ ဘဏ္ဍာဒေယျအဆုံးအဖြတ်၊
၂၂။ ခိလသက်မနစသည်အဆုံးအဖြတ်၊
၂၃။ ဝိဿာသဂ္ဂါဟအဆုံးအဖြတ်၊
၂၄။ တာဝကာလိကအဆုံးအဖြတ်၊
၂၅။ ဝုတ္တဝါဒကအဆုံးအဖြတ်၊

၂၆။ အမ္ဗပါလကဝတ္ထုစသည်အဆုံးအဖြတ်၊

၂၇။ သြဒနဘာဇနီယဝတ္ထုစသည်အဆုံးအဖြတ်၊

၂၈။ တရားတွေ့ခြင်းအဆုံးအဖြတ်၊

၂၉။ အမိဋ္ဌာန်အဆုံးအဖြတ်၊

၃၀။ ဝဿံဝုဋ္ဌအဆုံးအဖြတ်၊

၃၁။ ပဏ္ဏာုက်အဆုံးအဖြတ်၊

၃၂။ ပရိမဏ္ဍလသိက္ခာပုဒ်အဆုံးအဖြတ်၊

၃၃။ ကံလေးပါးအဆုံးအဖြတ်၊

၃၄။ ပဗ္ဗဇ္ဇအဆုံးအဖြတ်၊

၃၅။ သံဝါသသုံးပါးအဆုံးအဖြတ်၊

၃၆။ ကတိကဝတ်ပြုနည်း၊

၃၇။ ဥတ္တိဒုတိယ, ဥတ္တိစတုတ္ထကံပြည့်စုံခြင်းစသည်တို့ ပါရှိသော-

၁။ ဝိနည်းဖြတ်ထုံးကျမ်း၊

[ယင်း ဝိနည်းဖြတ်ထုံးကျမ်း ၁၂၈၉-ခုနှစ် ရန်ကုန်မြို့ ပြည်ကြီးမဏ္ဍိုင်ပိဋကတ်ပုံနှိပ်တိုက် ရိုက်ရှိုင်ဆိုက်ဖြင့် ၁၆၆-မျက်နှာရှိသည်။ ကျမ်း၏အဆုံး၌ "ဣတိ စန္ဒိမာထေရေန ဥဒ္ဓ-ရိတော ဝိနယဆေဒနီနာမကော'ယံ ဂန္ထော ပရိနိဋ္ဌိတော"-ဟု ပါရှိလေသည်။]

၂။ သေနာသနပဋိဂ္ဂဟာဝိနိစ္ဆယ။

[ယင်း ဝိနိစ္ဆယကို သက္ကရာဇ် ၁၁၉၈-ခုနှစ် ဝါဆိုလဆန်း ၉-ရက်နေ့တွင် စဉ့်ကူးမြို့နယ် တောင်အင်းရွာကျောင်းနေ အရှင်နန္ဒမာလာ

လျှောက်ထားသဖြင့် ဆုံးဖြတ်ရေးသားတော်မူသည်။]

၃။ သေနာသနပဋိဂ္ဂဟဝိနိစ္ဆယ (တမျိုး)။

[ယင်း ဝိနိစ္ဆယကို ကသာမြို့ ဂိုဏ်းအုပ်ဆရာတော် အရှင်ဥက္ကံသမာလာ လျှောက်သဖြင့် ဆုံးဖြတ်ရေးသားတော်မူသည်။ ]

၄။ အပလောကကမ္မဝိနိစ္ဆယ။

[အရှင်ဇယန္တမည်သော ရဟန်းတော်တစ်ပါး လျှောက်ထားသဖြင့် ဆုံးဖြတ်ရေးသားတော်မူသည်။]

၅။ ပုစ္ဆာဆယ့်လေးရပ်အဖြေ။

[သက္ကရာဇ် ၁၂၁၃-ခုနှစ် တပို့တွဲလဆန်း ၅-ရက်နေ့တွင် သဘော်အင်းရွာကျောင်းနေ အရှင်ကေတုမာလာနှင့် တောကျောင်းနေ အရှင်ဝိမလာစာရတို့က လျှောက်ထားသဖြင့် ဖြေဆိုရေးသားတော်မူသည်။]

၆။ ဂမ္ဘီရတ္ထဒေသနာကျမ်း-စသည်တို့ ဖြစ်ကုန်၏။

ဂမ္ဘီရတ္ထဒေသနာကျမ်းမှာ-

ပဌမပိုင်း, ဒုတိယပိုင်း, တတိယပိုင်း, စတုတ္ထပိုင်းဟု လေးပိုင်းပါရှိရာ-

ပဌမပိုင်း၌- ဓမ္မဒါနတရား, အပုတ္တကသဌေးတရား, သံဃိကကျောင်းလှူတရား, သီလ၏အကျိုးအပြစ်တရား, ဂါမဏိရွာသူကြီး တရား, ဒါနအပြားကိုပြသောတရား, ဒါနအပြားကိုပြသောတရား တစ်မျိုး, ဘတ္တဂ္ဂဝတ်ထက် သာရဏီယဝတ်က သာလွန်ကြောင်းတရား, ဆီမီးလှူတရား, သူတော်ကောင်းဥစ္စာခုနစ်ပါးတရား, သီလတရား,

သီလတရားတစ်မျိုး, သီလကို စင်ကြယ်စွာ ဆောက်တည်အပ်ကြောင်း တရား, ပုဂ္ဂိုလ်လေးပါးအခွဲတရား, ပဋ္ဌင်းခံရှင်ပြုတရား, မဟာနာမ်မင်း အား ဟောသောတရား, မဟာနာမ်မင်းအား ဒုတိယဟောသောတရား, ဂုဏ်တော်၏အကျိုး ကြီးမြတ်ကြောင်းတရား, ဒီဃာဝုသီတင်းသည်ဝတ္ထု တရား, နန္ဒိယသာကီဝင်မင်းသားဝတ္ထုတရား, ကာဠပက္ခနှင့် သုက္ကပက္ခ တရား, အနာထပိဏ်သူဌေးအားဟောသောတရား, ဒုစရိုက်ဆယ်ပါး ကို ရှောင်ကြဉ်အပ်ကြောင်းတရားတို့ ပါရှိလေသည်။

ဒုတိယပိုင်း၌- ဇာဏုသောဏိဝတ္ထုတရား, နိဗ္ဗုရဝတ္ထုမမွ ဆယ်ပါးတရား, တောင့်တ၍မရသော အကြောင်းငါးပါးတရား, ဓမ္မော သမူပမဒေသနာတရား, ပဋ္ဌနိဝရဏဒေသနာတရား, ပဋ္ဌမစ္ဆရိယ ဒေသနာတရား, ဆအဇ္ဈာသယဒေသနာတရား, ဗြာဟ္မဏပုစ္ဆာဒေသနာ တရား, ဝေးခြင်းလေးပါးတရား, ပဉ္စောပမဒေသနာတရား, ရာဓထေရ ပုစ္ဆာဒေသနာတရား, ခန္ဓာဒီနဝဒေသနာတရား, ဖေဏပိဏ္ဍူပမာဒိနယ ဒေသနာတရား, ခန္ဓာငါးပါးသည် မိမိဥစ္စာမဟုတ်ကြောင်းတရား, သမထဝိပဿနာဘာဝနာနှစ်ပါးတရား, မရဏဿတိကမ္မဋ္ဌာန်းတရား, ဝဓကောပမာဒိနယတရား, ဗဟုဒုက္ခသာဓာရဏတရား, အသုဘ ဆယ်ပါးတရား, အနမတဂ္ဂဒေသနာတရား-တို့ ပါရှိလေသည်။

တတိယပိုင်း၌- ပဉ္စက္ခန္ဓာ၏ ဥပါဒ် ဌီ ဘင်တရား, အနိစ္စ သညာကို ပွားများရခြင်း၏ အကျိုးတရား, သတ္တဝါသည်မြဲ၏ မမြဲ စသည်ဖြင့် မိစ္ဆာအယူဖြစ်ခြင်းအကြောင်းရင်းတရား, လေးလံစွာသော ခန္ဓာဝန်တရား, မပျက်မစီးတည်သော ခန္ဓာငါးပါးမရှိခြင်းတရား, ဗီဇ မျိုးစေ့ငါးပါးတရား, လောကကို မကြံအပ်ကြောင်းတရား, ခန္ဓာငါးပါး၌ ဝိပဿနာရှုနည်းတရား, သစ္စာလေးပါးတရားကို ထိုးထွင်း၍ သိနိုင် ခဲခြင်းတရား, သစ္စာလေးပါးတရားကို မသိခြင်းကြောင့် သံသရာ၌ ကြဉ်လည်ရကြောင်းတရား, သစ္စာလေးပါးတရားကို ခွဲခြမ်း၍ပြခြင်း တရား, သပ္ပုရိသူပနိဿယကို အမှီပြု၍ မဂ္ဂင်တရားဖြစ်ပွားခြင်း အကြောင်းတရား, ဗောဇ္ဈင်ခုနစ်ပါးကို ခွဲခြမ်းဝေဘန်၍ပြခြင်းတရား, ဗောဇ္ဈင်ကိုပွားများ၍ နိဗ္ဗာန်ရောက်ကြောင်းတရား, အတွင်းအပ၌

မြွေးယှက်တတ်သော တဏှာကို မည်သူဖြေနိုင်ကြောင်းတရား, သံယောဇဉ်ကို ဝေဘန်၍ပြခြင်းတရား, အလုံးစုံသောကုသိုလ်တရားတို့သည် သစ္စာလေးပါး၌ ပေါင်းခြင်းသို့ ရောက်ခြင်းတရား, မကောင်းသော အင်္ဂါတစ်ဆယ့်နှစ်ပါးနှင့်ပြည့်စုံသော ရဟန်းသည် မကြီးပွားနိုင်ကြောင်းတရားတို့ ပါရှိလေသည်။

စတုတ္ထပိုင်း၌- တရားကို ဆောက်တည်၍ ကျင့်ခြင်းတရားလေးပါး အကြားအမြင်မရှိသူသည် မကောင်းကျိုးတရား ပွားများခြင်းတရား, ကာမဂုဏ်ငါးပါးတို့၏ အပြစ်ကိုပြသောတရား, ခန္ဓာကိုယ်သည် တောင်ပို့နှင့်တူကြောင်းတရား, သတ္တဝါတို့ကို ဂင်္ဂါမြစ်၌မျောသော သစ်တုံးနှင့်ဥပမာပြု၍ ဟောခြင်းတရား, သဒ္ဓါအစရှိသောတရားတို့ကို လယ်လုပ်ခြင်းဥပမာဖြင့် ဟောတော်မူခြင်းတရား, သမ္မာဒိဋ္ဌိစသော တရားတို့ကို ယာဉ်နှင့်ဥပမာပြု၍ ဟောတော်မူခြင်းတရား, သညာခုနစ်ပါးတို့ကို ဝေဖန်၍ အကျယ်ပြခြင်းတရား, ကာယဂတာသတိကမ္မဋ္ဌာန်းကို စီးဖြန်းရန် အကျယ်ပြခြင်းတရား, ကာယဂတာသတိကမ္မဋ္ဌာန်းကို စီးဖြန်းခြင်းအကျိုးကို ပြခြင်းတရား, အရှင်ကုမာရကဿပ ပါယာသိရာဇညမင်း၏ မိစ္ဆာအယူကို ပယ်ဖျောက်သော တရား, ဗုဒ္ဓုပ္ပါဒနဝမခဏကို ရခဲခြင်းတရား, ပဋိစ္စသမုပ္ပါဒ်တရားတို့ ပါရှိလေသည်။

ကျမ်း၏အစ၌ ဂန္ထာရမ္ဘတစုံတရာ မပါမရှိပဲ ကျမ်း၏အဆုံး၌ "တိဏ္ဏံ မဟာရဋ္ဌာနံ= တိုင်းကြီးသုံးတိုင်းတို့တွင်။ တမ္ဗဒီပရဋ္ဌေ= တမ္ဗဒီပတိုင်း၌။ ဒီပဲရင်းက္ခစ္စာဘိဓာနဿ= ဒီပဲရင်းအမည်ရှိသော။ နဂရဿ= မြို့၏။ ဤသာနုနိဿိတေ= စဉ်းငယ်အရှေ့တောင်ယွန်းထသော။ ဒက္ခိဏဒိသာဘာဂေ= တောင်အရပ်မျက်နှာအဖို့ဖြစ်သော။ သာတိရေကယောဇနိကေ= အလွန်နှင့်တကွ တယူဇနာခရီးကွာဝေးသော။ ဌာနေ= အရပ်၌။ ထန်းတပင်က္ကတိသမ္မတေ= ထန်းတပင်ဟူသော အမည်ရှိသော။ ဂါမေ= ရွာ၌။ ဝသန္တော= သီတင်းသုံးနေသော။ ဝိစာရိန္ဒနာမကော= ဝိစာရိန္ဒအမည်ရှိသော။ ယော ထေရော= အကြင်မထေရ်သည်။ အတ္ထိ= ရှိ၏။

ဝိနယာစာရယုတ္တော= ဝိနည်းအကျင့်နှင့်လည်းယှဉ်၏။ နိ-ဝါတဝုတ္တိဂုတ္တာဒ္ဓါရော= နှိမ့်ချသောအသက်မွေးခြင်း, ဆုံးမချုပ်တည်းစောင့်စည်းအပ်သော ဣန္ဒြေလည်းရှိ၏။ ကတညူ= သူတပါးတို့၏ကျေးဇူးကိုလည်း သိတတ်၏။ သန္တမိတ္တာဗဟုလော= သူတော်ကောင်းတည်းဟူသော အဆွေခင်ပွန်းလည်း များ၏။ သန္တမာမကော= သူတော်ကောင်းတို့ကိုလည်း မြတ်နိုးတတ်၏။ သန္တဘာဝပတ္ထိတော= သူတော်ကောင်း၏အဖြစ်ကိုလည်း လွန်စွာတောင့်တလေ့ရှိ၏။ ဗုဒ္ဓ-မာမကော= ဘုရားကိုလည်း မြတ်နိုး၏။ ဓမ္မမာမကော= တရားကိုလည်း မြတ်နိုး၏။ သံဃမာမကော= သံဃာကိုလည်း မြတ်နိုး၏။ သမန္တဂါမေ= ထက်ဝန်းကျင်သော ရွာ၌။ ဥပါသကာနံ= ဒါယကာဒါယိကာမတို့အား။ ဓမ္မေန= တရားသဖြင့်။ သင်္ဂဏှိတော= သင်္ဂြိုဟ်ထောက်ပင့်ချီးမြှင့်တတ်၏။

သော ထေရော= ထိုမထေရ်သည်။ ဂမ္ဘီရတ္ထဒီပကံ= နတ်နဲသော အနက်အဓိပ္ပါယ်ကို ပြရာပြကြောင်းဖြစ်သော။ ဓမ္မဒေသနာ-တန္တိံ= တရားဒေသနာအစဉ်ကို။ အာရဗ္ဘတ္ထာယ= ရေးသားချီးမြှင့်အားထုတ်စိမ့်သောငှာ။ စန္ဒိမာလင်္ကာရနာမကံ= စန္ဒိမာလင်္ကာရအမည်ရှိသော။ မံ= ငါ့ကို။ သက္ကစ္စံ= ရိုသေစွာ။ အဘိယာစိတော= တောင်းပန်ပြီ။ တသ္မာ အဘိယာစိတတ္တာ= ထိုသို့ တောင်းပန်လေသောကြောင့်။ မာပိတဿ= အလောင်းမင်းတရားကြီးသည် ဖန်ဆင်းအပ်သော။ ရတနာသိခပုရဿ= ရတနာမျိုးအပေါင်းတို့၏ ခညောင်းဝပ်စင်း အခွန်တော်သွင်းရာဖြစ်သည်၏အဖြစ်ကြောင့် ရတနာသိခအမည်ရှိသော ကုန်းဘောင်ရွှေပြည်တော်ကြီး၏။ ဤသာနုနိဿိတေ= စဉ်းငယ် အနောက်မြောက်သို့ ယွန်းထသော။ ပစ္ဆိမဒိသာဘာဂေ= အနောက်မျက်နှာအရပ်ဖြစ်သော။ အမှုယောဇနိကေ= ယူဇနာခွဲခရီးကွာသော။ မဟာတဠာကပေါက္ခရဏီခေတ္တဝတ္ထုသမ္ပန္နေ= များစွာသော တဘက်ဆည်ကန် လေးထောင့်ကန် လယ်ယာတို့နှင့်ပြည့်စုံထသော။ သတိဏကဒ္ဒေါဒကေ= ပြည့်စုံသော မြက်ထင်းရေလည်းရှိထသော။ နာနာဒုမဂဏာကိဏ္ဏေ= အထူးထူးသော သစ်ပင်မျိုးတို့နှင့်လည်း ပြွမ်း

ထသော။ ဌာနေ= အရပ်၌။ ငှိတဿ= တည်သော။ သီးလုံးက္ကတိ-သမ္ဗတဿ= သီးလုံးအမည်ရှိသော။ ဂါမဿ= ရွာ၏။ ပုရတ္ထိမဒိသာ-ဘာဂေ= အရှေ့မျက်နှာအဖို့၌။ ငှိတဿ= တည်သော။ နာနာစူဠ-စေတိယပါသာဒပရိ၀ါရဿ= အထူးထူးသော စေတီငယ်အထူးထူး သော ပြာသာဒ်တန်ဆောင်းတို့ဖြင့် ခြံရံအပ်သော။ ပတ္ထနာပုဏ္ဏထူပ-၀ရဿ= ဆုတောင်းပြည့်စေတီတော်မြတ်၏။ အာသန္နေ= အနီးဖြစ် သော။ သီတစ္ဆာယူဒကသမ္ပန္နေ= ချမ်းအေးသော အရိပ်ရေနှင့်လည်း ပြည့်စုံထသော။ သုဘူမိဘာဂေ= ကောင်းသောမြေအဘို့လည်းရှိထ သော။ ဌာနေ= အရပ်၌။ စာရိတ္တသောဘဏ၀ိပုလကုလ၀တ္တနေန= အမျိုး၏အကျင့်ဖြင့် တင့်တယ်သောအမျိုး၌ ဖြစ်ခြင်းရှိထသော။ သဒ္ဓါတိ၀ုဒ္ဓပရိသုဒ္ဓဂုဏောဒယေန= သဒ္ဓါဖြင့် အလွန်ပွားသော သီလ စသောဂုဏ်တို့ဖြင့် ဖြစ်ခြင်းရှိထသော။ တရုဏယောဗ္ဗနေန= နုနယ် ပျိုမျစ်သော အဆင်းအရွယ်နှင့်လည်း ပြည့်စုံထသော။ ရတနတ္တယ ပသန္နေန= ရတနာသုံးပါးတို့၏ဂုဏ်၌ ကြည်ညိုခြင်းလည်းရှိထသော။ ကဥ္စနသိက္ကနာမေန= ရွှေဆိုင်းအမည်ရှိသော။ ဥပါသကေန= ဒါယကာ သည်။ ကာရိတေ= ပြုလုပ်ထသော။ သုသမ္ဗဠ္ဌခဒိရသာရထမ္ဘသမုဿိ တေ= ချောမွေ့ပြေပြစ်သော ရှားတိုင်တို့ဖြင့် စိုက်ဆောက်အပ်သော။ မနောရမ္မေ= နှလုံးမွေ့လျော်ဖွယ်ရှိသော။ စက်မေ= စကြံကျောင်း၌။ ၀သန္တေန= နေသဖြင့်။ မယာ= ငါသည်။ ဂမ္ဘီရတ္ထနာမကော= ဂမ္ဘီ ရတ္ထအမည်ရှိသော။ ယော ဂန္ထော= အကြင်ကျမ်းကို။ ရစိတော= စီရင်အပ်ပြီ။

သော ဂန္ထော= ထိုကျမ်းသည်။ သက္ကရာဇေ= ကောဇာ သက္ကရာဇ်သည်။ ဇိဓျကယေ= ၁၁၉၈ (တစ်ထောင့်တစ်ရာကိုးဆယ် ရှစ်)ခုသည်။ သမ္ပတ္တေ= ရောက်လတ်သော်။ နိဋ္ဌာနံ= ပြီးဆုံးခြင်းသို့။ ပတ္တော= ရောက်ပြီ။ တဿ ပုညဿ= ထိုကျမ်းကို စီရင်ရသော ကောင်းမှု၏။ အာနုဘာ၀ေန= အစွမ်းအာနုဘော်ကြောင့်။ သဗ္ဗ သတ္တာ= အလုံးစုံသော သတ္တ၀ါတို့သည်။ သ၀မ္မေ= မိမိတို့ကျင့်အပ် သော သူတော်ကောင်းတရား၌။ အဘိရတာ= အလွန်မွေ့လျော်ကုန်

သည်။ ဟောန္တု= ဖြစ်ကြပါစေကုန်သတည်း။ ရာဇာ= မင်းသည်။ မေခနီ= မြေ၌နေသော လူအပေါင်းကို။ အတ္တနော= မိမိ၏။ ဩရသံ= ရင်၌ဖြစ်သော။ ပုတ္တံ ဣဝ= သားသမီးကဲ့သို့။ ဓမ္မေန= တရားသဖြင့်။ ရက္ခတု= စောင့်ရှောက်ပါစေသတည်း။ ဒေဝေါ= မိုး သည်။ ကာလေ= ရွာသင့်သောအခါ၌။ သမ္မာ= ကောင်းစွာ။ ဝဿတု= ရွာပါစေသတည်း။

ဂန္ထကာရေန= ကျမ်းကိုပြုရသော။ ပုညေန= ကောင်းမှု ကြောင့်။ သဒ္ဓမ္မေ= သူတော်ကောင်းတရား၌။ အဘိရမေယျံ= အလွန်မွေ့လျော်လို၏။ လောကဓမ္မေဟိ= လောကဓံတရားရှစ်ပါးတို့နှင့်။ ဖုဋ္ဌော= တွေ့ထိအပ်သည်ရှိသော်။ သောရစ္စဟဒယေန= မွေ့လျော်ကြည်လင်သော စိတ်ဖြင့်။ သဟေယျံ= သည်းခံနိုင်လို၏။ သဗ္ဗတ္ထ= အလုံးစုံသော သတ္တဝါသင်္ခါရတို့၌။ နန္ဒိံ= တပ်စွန်းခြင်းတဏှာကို။ န ကရေယျံ= မပြုရလို။ ဒသဟိ ဝိပဿနာဉာဏေဟိ= ဆယ်ပါးသော ဝိပဿနာဉာဏ်တို့နှင့်။ သဒါ= အခါခပ်သိမ်း။ သမ္ပန္နော= ပြည့်စုံသည်။ ဘဝေယျံ= ဖြစ်ရလို၏။ ဓမ္မာနုဓမ္မပဋိပတ္တိံ= မဂ်ဖိုလ်နိဗ္ဗာန်နှင့် လျော်ကန်ထိုက်တန်သော အကျင့်ကို။ ယုဥ္ဇေယျံ= အားထုတ်နိုင်လို၏။ ယုတ္တပယုတ္တော= အားထုတ်အပ်သော ဓမ္မာနုဓမ္မပဋိပတ်ကို အားထုတ်ရာ၌။ ကေနစိ= တစုံတခုသော အကြောင်းကြောင့်။ အနန္တရာယိကော= အန္တရာယ်မရှိသည်ဖြစ်၍။ ခိပ္ပံ= ဆောလျှင်စွာ။ ဝိသေသံ= တရားထူးကို။ ဂစ္ဆေယျံ= ယူနိုင်လို၏- ဟူသော ပါဠိတချက် အနက်တချက် စကားရပ်ဖြင့် ကျမ်းပြုရန်တောင်းပန်သူ အဘိယာစက, ကျမ်းပြုသူ, ရတနသိခရွှေဘိုမြို့ကြီး၏ဂုဏ်, ကျမ်းပြုသူ၏ နေရပ်ဌာန, ကျမ်းပြီးနှစ်, တောင့်တချက်, ဆုတောင်းတို့ကို ဖော်ပြ၍ နိဂုံးအုပ်တော်မူခဲ့လေသည်။

ယင်းကျမ်းကြီးကို သက္ကရာဇ် ၁၂၉၃-ခုနှစ်က ရန်ကုန်မြို့ ကဝိမျက်မှန်စာပုံနှိပ်တိုက် မအေးမေက ၄-တွဲခွဲ၍ ပုံနှိပ်ထုတ်ဝေခဲ့ရာ ဒိမိုင်းဆိုက်ဖြင့် စာမျက်နှာ ၁၄၀၀-ခန့်စီ ရှိလေသည်။ တဖန် ၁၃၄၆-ခုနှစ်တွင် မန္တလေးမြို့ ပဒေသာပိဋကတ်ပုံနှိပ်တိုက်က တစ်တွဲတည်း

ဖြင့် ပုံနှိပ်ထုတ်ဝေခဲ့ရာ ရှိင်ဆိုက်ဖြင့် စာမျက်နှာ ၅၀၀-ကျော် ရှိလေသည်။ ကဝိမျက်မှန်ပုံနှိပ်တိုက်ရိုက် စာအုပ်နိဒါန်း၌-

*ဘဝတုသဗ္ဗမင်္ဂလံ။* ။ခပ်သိမ်းကုန်သော သမ္မာသမ္ဗုဒ္ဓအတုလခေါင်ဖျား ရှင်တော်မြတ်ဘုရားတို့ လေးပါးသစ္စာ မုံအာချပ်ဆင့် ပွင့်တော်မူရာ မဟာမဏ္ဍိမ အောင်ဌာနမှ ဖြန့်ကြွစကြာ ပြောင်းခဲ့ခွာ၍ မြန်မာတို့ခမ်းဝါ ဧရာဝတီ နဒီကမ်းထိပ် ချမ်းရိပ်အေးကြည် တကောင်းပြည်ကို ထောင်တည်ဘန်ဆန်း စံမြန်းစိုးမိုးတော်မူသော သကျသာကီဝင် ထွန်းတင်သမ္ဘာ ကံရာဇာကြီး ကံရာဇာငယ် မင်းနှစ်သွယ်မှ ဆက်သွယ်ညွှန့်ညှောက် မင်းသားငယ်တစ်ယောက်သည် တောချောက်မြိုင်ဖျား လှည့်ပတ်သွားရာတွင် ဘုရားကိုးဆူ ရွှေဂူကိုးလုံး တွက်ကျုံးမခန်း ပယ်ကိုးသန်းနှင့် တင့်မြန်းပျော်ခင်း ဒီပဲရင်းမြို့နယ် အံ့ဘွယ်မဆုံး လက်ယက်ကုန်း၌ နာတိဒူရ အရညဝါသီ တောမှီရိပ်အောင်း ကျောင်းနေမထေရ်မြတ်ထံသို့ရောက် တတ်မြောက်ပညာဖြစ်စိမ့်ငှာဟု ကရုဏာဇော သက်ကျလျော၍ နမော ဗုဒ္ဓါယ သိဒ္ဓံကို နှုတ်သံရွရွ သင်ပို့ချ၏။ ကာလဖြင့်ကြာ ပညာတတ်ပွား ထိုမင်းသားသည် ပြန်သွားတုံလည် တကောင်းပြည်သို့ ရောက်သည်ကာလ ရာဇာဘူပတိ သိရီသမ္ပတ် မင်းဖြစ်လတ်သော် ပတ်ပတ်နစ်နော နမောဗုဒ္ဓါ သင်ရာဌာန သတိရသည်ဖြစ်ရကား ကြည်ဆွမနော သဒ္ဓါဇောဖြင့် နမောစေတီတဌာန ဗုဒ္ဓစေတီတဆူ တည်တော်မူသည်ကစ၍ အရညဝါသီ ခိုမှီပျော်အောင်း ကျောင်းလည်းနမော သဘောမြတ်ကြည် ကျောင်းနေထေရ်လည်း ပွားစည်ပြန့်ပြော နမောဆရာတော် ဟိုးဟိုးကျော်၏ ထိုရော်အစ တည်ထွန်းပလျက် အာစရိယ ပရံပရာ ဆက်ကာဆက်ကာ ထွန်းခဲ့ရာတွင် ရတနာသိခ ပဋမမြို့တည် နန်းတည် အောင်စည်ရိုက်ခြောင်း အလောင်းမင်းတရားကြီး၏ သား ကြီးသြရသ အမရပူရ ပထမမြို့တည်နန်းတည် ရန်နှည်ပယ်ချိုး ဘိုးတော်ကြီးဘုရားလက်ထက်တော်ကစ၍ မြေးတော်မှန်နန်းရှင် ညီတော် ရွှေဘိုမင်းလက်ထက်တိုင်တိုင် နိုင်ငံဝန်းကျင် မြေပြင်အလုံး ပတ်ကုံးနှံ့ဘိကိတ္တိသဒ္ဒ ကျော်ပေါက်ပြသော ပရိယတ္တိ သတ္တိဗလ

ဗျတ္တိမန္တ သိက္ခာကာမ သီလဝန္တ အစစ်ဖြစ်တော်မူသော နမောဆရာတော်ဘုရားကြီး၏ တောင်မီးပမာ နေဝါလရောင် ထွန်းလင်းပြောင်သို့ တန်ဆောင်ပညာ ခဲရာခဲဆစ် ဆစ်မျက်အဖု တခုမကျန် ဝေဖန်ခွဲခြမ်း နည်းလမ်းဥပဒေ ဆွတ်ယူချွေတတ်သော အမွေခံတပည့်ကြီး အစစ်လည်းဖြစ်ပေသော။

ရတနာသိခ ရန်စနှင်းဖြို ရွှေဘိုမြို့၏ အနောက်မြောက်ယွန်း တည်ထွန်းသာသနာ သလုံးရွာ (သီးလုံးရွာ)၏အနီး သလုံး(သီးလုံး)မင်းကြီး မဟာမင်းလှမင်းခေါင် တည်ထောင်ဆောက်လှူအပ်သော လေးထပ်ကျောင်းကြီး ၎င်းမင်းကြီးအကို ကြည်ညိုဝမ်းမြောက် ဆောက်လှူအပ်သော လေးထပ်ကျောင်းကြီး ဝိုက်ဆီးပတ်ခြံ ကျောင်းရံအများ၌ ပျော်ပါးခြိမ်းအုန်း ပျားပိတုန်းတို့ ရှုန်းရှုန်းပျံဝဲ သဲသဲဆူလှယ် ပန်းဝတ်သယ်သို့ ပေါရယ်သယ်ာ ပညာဝတ်ရည် စုတ်ချွေသည်နှင့် တမည်ကျင့်ဝတ် ပဋိပတ်နိဿရည်းလက်ဆုပ် သရုပ်ဥပဒေ ပြပေးတတ်စွာ ပရိယတ္တိအရာ နက်စွာစူးယှ ဂမ္ဘီရဉာဏ်က တိက္ခပညာ သိက္ခာကာမ အာစာရအရိယာ သမာဓိမာန် သီလဝန်ဟု အမွန်အမြတ် ထုတ်ခပ်ဇမ္ဗူ ကျွက်ကျွက်ဆူမျှ နှံ့ကြူမြောက်ချီး ကောင်းချီးတွန်ကြွေး ကြွင်းနဝင်း သတင်းမွှေးသည်လည်းဖြစ်ထသော။

ဤသို့ဂုဏ်ထူး ကျေးဇူးထဲနှစ် ရဲရဲလှစ်သော သလုံး(သီးလုံး) ဆရာတော်ဘုရားကြီးသည် မန္တလေးမြို့ ရတနာပုံ ပဉ္စမသံဂါယနာတင် မင်းတရားကြီးလက်ထက် ၁၂၂၂-ခုနှစ်၌ အသစ်တဘန် ပြန်လွန်ပြောင်းကြွ ဘဝတသွန် မလွန်မီကာလ ရှေးမဆွကပင် သာသနာ့ရိပ်ခို များပုဂ္ဂိုလ်တို့ ကုသိုလ်ဓမ္မ ဒါနသီလ စသည်များစွာ အရာရာ၌ လိမ်မာတတ်သိ မှတ်မိစေငှာ ကျမ်းလာပိုင်ပိုင် အခိုင်အမာ ဆိုင်ရာဆိုင်ရာ ပဒေသာသို့ ချွေကာဆွတ်ချူ ယူနိုင်ကြစေ ထွေထွေ စီးဖြာ ကရုဏာစက်မွန် ထက်သန်လှုံ့ဆော်အပ်သည်ဖြစ်ရကား ဓမ္မသာရ ဖော်ပြနှစ်ဆီ ဂမ္ဘီရတ္ထဒေသနာ ကျမ်းရွှေစာကို ပညာရှေ့သွား အရင်းထား၍ ရေးသားစီရင်တော်မူသည်ကို တိုင်းပြည်မြို့ရွာ ရပ်တကာ၌ ချမ်းသာမြော်မှန်း လူရဟန်းတို့ မပန်းလွယ်ကူ သုံးယူကြည့်ရှု

ကြစေခြင်းကို အရင်းသဘောထား၍ စည်ကားပြောယုန် ရန်ကုန်မြို့ ကြီး တသီးတခန်း လမ်း ၂၅၊ တရားသံချို ဉာဏ်နဂိုရ်နှင့် စာဆိုတန် ပဋိဘာန် ကဝိမျက်မှန်ပုံနှိပ်တိုက်က သိုက်မြိုက်သေချာ အက္ခရာဝဋ္ဋ ပြင်ဆင်ညှိ၍ သတိမကွာ ပုံနှိပ်စာအုပ် ပြုလုပ်ပါသည် သာဓုဇန သဒ္ဓမ္မဘွေရှာ သူတော်စွာတို့ ဘတ်နာကြည့်ရှု သဒ္ဓါထုဖြင့် ကောင်းမှု တိုးပွား အကျိုးများကြသည် ဖြစ်ပါစေသော်-ဟူ၍ ပုံနှိပ်ထုတ်ဝေသူ များက ရေးသားခဲ့ကြကုန်၏။

## စွယ်စုံပုဂ္ဂိုလ်ကျော်

သီးလုံးဆရာတော်ဘုရားကြီးသည် ဘုရားမြတ်စွာသာသနာ တော်၌ ရနိုင်ခဲလှသော ပရိယတ်, ပဋိပတ်စွယ်စုံ ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်တော်မူပါပေသည်။

## စုတိကမ္မဇရုပ် ချုပ်ငြိမ်းတော်မူခြင်း

ယင်းသို့ အဖက်ဖက်မှပြည့်စုံသော ဒုတိယနမောဆရာတော် ဘုရားကြီး၏တပည့် ရွှေကျင်နိကာယသမုဋ္ဌာပက ဆရာတော်ဘုရားကြီး အရှင်ဇာဂရ၏ ဆရာရင်းတပါးဖြစ်တော်မူသော သီးလုံးဆရာတော် ဘုရားကြီး အရှင်စန္ဒိမာလင်္ကာရသည် သက္ကရာဇ် ၁၂၂၂-ခုနှစ် သက်တော် ၇၅-နှစ်ခန့်တွင် စုတိကမ္မဇရုပ် ချုပ်ငြိမ်းတော်မူခဲ့လေ သည်။

## သံဝေဂယူရန်

ကာမံ ပတန္တု မဟိယာ ခလု ဝဿဓာရာ၊
ဝိဇ္ဇုလ္လတာ ဝိတတမေဃမုခါ ပမုတ္တာ။
ဧဝံ နရာ မရဏဘီမပပါတမဇ္ဈေ၊
ကာမံ ပတန္တု န ဟိ ကောစိ ဘဝေသု နိစ္စော။[၁]

ဝိဇ္ဇုလ္လတာ= လျှပ်စစ်လျှပ်ပန်းနွယ်ရှိသော။ ဝိတတမေဃ-မုခါ= ပြန့်သောမိုးတိမ်တိုက်ဝမှ။ ပမုတ္တာ= လွတ်ကုန်သော။ ဝဿ-ဓာရာ= ရွာချစွေသွန်းဖြိုးမိုးရေအယဉ်တို့သည်။ မဟိယာ= မြေကြီး ပေါ်၌။ ကာမံ ပတန္တု ယထာ= ဧကန်မုချ ကျကုန်သကဲ့သို့။ ဧဝံ= ဤအတူ။ ခလု= စင်စစ်။ နရာ= ပုဂ္ဂိုလ်သတ္တဝါတို့သည်။ မရဏ-ဘီမပပါတမဇ္ဈေ= စုတိပြတ်ကြွေ သေလွန်ခြင်းတည်းဟူသော ကမ်းပါး ပြတ်လယ်၌။ ကာမံ ပတန္တု= စင်စစ်မုချကျကုန်၏။ ဘဝေသု= ဘဝ တို့၌။ ကောစိ နိစ္စော= မြဲသူတစုံတယောက်သည်။ န ဟိ အတ္ထိ= မုချပုံသေ မရှိပါချေ။

*** ◆ ***

---

၁။ တေလကဋာဟဂါထာကျမ်း။ ၁၃-ဂါထာ။

## သဒ္ဓမ္မဝံသာဘိသိရီဇေမဟာဓမ္မရာဇာဓိရာဇဂုရုနှင့် သူရိယဝံသာဘိသိရီပဝရာလင်္ကာရ ဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု–ဟူသော ရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော် နှစ်ထပ်ရ သဲအင်းသာသနာပိုင်ဆရာတော်ဘုရားကြီး

## အရှင်သူရိယ

သဲအင်းသာသနာပိုင်ဆရာတော်ဘုရားကြီး အရှင်သူရိယ သည် ရွှေကျင်ဆရာတော်ဘုရားကြီး၏ ဆရာတစ်ပါးဖြစ်တော်မူသည်။ ယင်းဆရာတော်ဘုရားကြီး၏ အဖြစ်တော်စဉ်ကို ရွှေကျင်ငါးတိုက်သာသနာဝင်, ရွှေကျင်နိကာယ သမုဋ္ဌာပက ရွှေကျင်ဆရာတော်ဘုရားကြီး၏ အဖြစ်တော်စဉ်ကို မဖတ်မီ ရှေးဦးစွာဖတ်ရှုကြည့်ရှုရန် အကျဉ်းဖော်ပြအပ်ပါသည်။

### ဖွားမြင်တော်မူခြင်း

ပခန်းကြီးမြို့နယ် သဲအင်းရွာ၌ အဖ-ဦးအောင်စံ, အမိ-ဒေါ်ရှင်တို့မှ သက္ကရာဇ် ၁၁၂၅-ခုနှစ် နတ်တော်လဆန်း ၇-ရက်နေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။ ငယ်မည် ဦးကြောင်ဖြစ်သည်။

### သာမဏေဝတ် ပညာသင်ကြားခြင်း

အရွယ်ရောက်သော် သာမဏေဝတ်၍ သာသနာ့ဝန်ထမ်းဆောင်တော်မူခဲ့လေသည်။ သာမဏေဘွဲ့တော် ရှင်သူရိယဖြစ်လေ သည်။ ၎င်းနောက် ရွှေညွန့်လမ်းပြ ကလျာဏမိတ္တသီတင်းသုံးဖော် များနှင့်ပေါင်းဆုံမိကာ အင်းဝမြို့ ဘုံကျော်တိုက် စရစ်ဆရာတော်, မိုးထိတိုက်ထန်းတပင်ဆရာတော်တို့ထံတွင် ပိဋကတ်အခြေခံကျမ်းစာ များနှင့်တကွပိဋကတ် ပါဠိ အဋ္ဌကထာ ဋီကာများနှင့် အခြားဂန္ထန္တရ

အဝဝကို မဟာသာဟဋ္ဌလုံ့လဖြင့် သင်ယူတော်မူခဲ့လေသည်။ ၎င်းနောက် "တိပိဋကာလင်္ကာရသိရီဇေမဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ပဌမဗားကရာသာသနာပိုင်ဆရာတော် အရှင်ဓမ္မာဘိနန္ဒထံ အချောသတ် ကျမ်းဂန်အရပ်ရပ်ကို သင်ယူတော်မူခဲ့လေသည်။

## ရဟန်းပြု သာသနာ့ဝန်ထမ်းဆောင်ခြင်း

သက်တော် ၂၅ (နှစ်ဆယ့်ငါး)နှစ်တွင် ဥပသမ္ပဒဇာတ်မြင့်မြတ်သောရဟန်းပဋ္ဌင်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။ သက်တော် ၅-နှစ်လွန်မှ ရဟန်းပြုရာ ရဟန်းဖြစ်ပြီး ပညာစုံပညာတတ် ပြီးဖြစ်လေသည်။ ထိုစဉ်က အင်းဝမြို့တွင် သဲအင်းဦးသူရိယ, သဲအင်းကိုယ်တော်, သဲအင်းပဋ္ဌင်းကျော်-ဟူ၍ ကျော်စောပျံ့နှံ့ခဲ့လေသည်။

## သဲအင်းရွာ စာသင်တိုက်ဖွင့် စာပေချပို့ သာသနာပြုခြင်း

အင်းဝမြို့တော်မှ ပညာသင်ကြားခဲ့သဖြင့် ပညာစုံပြီး ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သည့် ပခန်းကြီးမြို့အနီး သဲအင်းရွာသို့ ပြန်လည်ကြွရောက်ကာ သဲအင်းရွာ၌ စာသင်တိုက်ဖွင့်လှစ် စာပေချပို့ရာ စာသင်သားရဟန်းသာမဏေများစွာတို့ ရောက်ရှိပညာသင်ကြားကြကုန်၏။

## ရတနာပူရအင်းဝရွှေမြို့တော်ကြွခြင်း သဲအင်းတိုက်အလှူခံရခြင်း ရာဇာဓိရာဇဂုရု တံဆိပ်တော်အလှူခံရခြင်း

သက္ကရာဇ် ၁၁၈၁-ခုနှစ် ဘကြီးတော်မင်းတရားလက်ထက်တွင် ပင့်လျှောက်ချက်အရ ပခန်းကြီးမြို့အနီး သဲအင်းရွာစာသင်တိုက်

ကို တပည့်ကြီးများအား အပ်နှံထားခဲ့ကာ ရတနာပူရ အင်းဝမြို့တော်သို့ ကြွ၍ သာသနာပြုတော်မူခဲ့လေသည်။ အိမ်ရှေ့မင်းသား သာယာဝတီမင်း၏ ကိုးကွယ်ခြင်းကို ခံတော်မူရလေသည်။ ရတနာပူရအင်းဝမြို့တော် အနောက်သဲအင်းကျောင်းတိုက်ကို အလှူခံ၍ စာပေချပို့ သာသနာပြုတော်မူခဲ့လေသည်။ ၁၁၈၂-ခုနှစ်တွင် "သဒ္ဓမ္မဝံသာဘိသိရိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကိုလည်း အလှူခံရရှိတော်မူခဲ့လေသည်။

## အမရပူရသဲအင်းတိုက် အလှူခံခြင်း သာသနာပိုင်ဖြစ်ခြင်း

"ရွှေဘိုညီနော နဝကော ဇကောစံနဝ"ဟူသည်နှင့်အညီ ရတနာပူရ စတုတ္ထမြို့တည်မင်းကြီးနောက် သက္ကရာဇ် ၁၁၉၉-ခုနှစ်တွင် ရွှေဘိုမင်း နန်းတက်လေသည်။ ထိုအခါ သဲအင်းဆရာတော် အရှင်သူရိယသည် အမရပူရမြို့တော်၌ သဲအင်းတိုက်ကို အလှူခံ၍ စာပေချပို့ သာသနာပြုတော်မူခဲ့လေသည်။ ၎င်းပြင် သူရိယဝံသာဘိ-သိရိပဝရာလင်္ကာရဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်နှင့်တကွ သာသနာပိုင်အရာ အပ်နှင်းခြင်းကို ခံတော်မူရလေသည်။

## စာပြောသဲအင်း

သာသနာတော်၌ "စာတတ်ငခုံ၊ စာကုန် မကျည်းတော၊ စာပြော သဲအင်း"ဟူသော စကားသည် ထိုခေတ်ကစ၍ ယခုတိုင် ပြန့်ပွားလျက်ရှိသည်။ ထိုလင်္ကာ၏အဓိပ္ပါယ်ကား- ခုဒ္ဒကပါဌဋ္ဌကထာသစ်ပါဌ်, စရိယာပိဋကအဋ္ဌကထာနိဿယ, ဗုဒ္ဓဝံသအဋ္ဌကထာနိဿယစသည့် ကျမ်းဂန်များစွာတို့ကို ပြုစီရင်တော်မူခဲ့သော "အာဒိစ္စဝံသာဘိဓဇမဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ငခုံဆရာတော်

အရှင်အာဒိစ္စဝံသသည် စာပေအရအမိများ စာပေတတ်မြောက်လှသည်ဟူ၏။ ၁၁၇၇-ခုနှစ်ဖွား ၁၂၀၉-ခုနှစ်ပျံလွန် "သိရိဂုဏာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ အင်းဝရွှေမြို့တော်ကြီး အတွင်း အနောက်တောင်ထောင့် မန်းကျည်းတောဆရာတော် အရှင်ဂုဏာလင်္ကာရသည် ပါဠိတော် အဋ္ဌကထာ ဋီကာတို့ကို ထစ်ငေါ့ခြင်းနည်းပါးစွာဖြင့် တစ်ကျမ်းပြီးတစ်ကျမ်း လျှင်မြန်စွာ ချပို့သင်ပြပေးရာ ပိဋကတ်တတ်လွယ်ပြီးလွယ် ကုန်လွယ်သဖြင့် 'စာကုန် မန်ကျည်းတော'ဟု ထင်ရှားလေသည်။ သဲအင်းသာသနာပိုင်ဆရာတော်ဘုရားကြီးကား အထွက်အတက် နေတ္တိကောက် ဉာဏ်ကောက် ဝါကျခွဲ ပုဒ်စိတ်ထွက်စသည်ဖြင့် ဝေဝေဆာဆာ စာပြောကောင်းလှသဖြင့် 'စာပြော သဲအင်း'ဟု တွင်လေသည်။

## သဲအင်းဆက် မန္တလေး စာပြောနည်း

ယခုတိုင် ခေတ်စားနေသော မန္တလေးစာပြောနည်းသည် သဲအင်းသာသနာပိုင် ဆရာတော်ကြီးမှ ဆင်းသက်လာသည့် စာပြောနည်း ဖြစ်လေသည်။

## သာသနာပိုင်တို့၏ဆရာ

ဆရာတော်သည်-

၁။ ပညာဇောတာဘိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်၊

၂။ ပညာဇောတာဘိသိရီပဝရာလင်္ကာရဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်၊

၃။ ပညာဇောတာဘိသိရီပဝရာလင်္ကာရဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်၊

၄။ ပညာဇောတာဘိသိရီသဒ္ဓမ္မပါလအရိယဝံသဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်၊

၅။ ပညာဇောတဓမ္မသိရီကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော် ၅-ထပ်ရ ဒုတိယဗားကရာသာသနာပိုင်ဆရာတော် အရှင်ပညာဇောတ။

၁။ ဥေ ယျဓမ္မာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်၊

၂။ ဥေ ယျဓမ္မာဘိဝံသသိရီပဝရာလင်္ကာရဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်၊

၃။ ဥေ ယျဓမ္မာဘိမုနိဝရဉာဏကိတ္တိသိရီဓဇဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်အားဖြင့် ဘွဲ့တံဆိပ်တော် ၃-ထပ်ရ သာသနာပိုင်ဒုတိယမောင်းထောင်ဆရာတော် အရှင်ဥေ ယျဓမ္မ။

* ဇာဂရာဘိဓဇသဒ္ဓမ္မဝံသဓမ္မသေနာပတိအတုလာဓိပတိသိရီပဝရမဟာဓမ္မရာဇာဓိရာဇဂုရု ရွှေကျင်နိကာယသမုဿာပက ရွှေကျင်နိကာယသာသနာပိုင်ဆရာတော်ဘုရားကြီး အရှင်ဇာဂရ-

တို့အား ပရိယတ္တိကျမ်းဂန်အရပ်ရပ်ကို သင်ပေးတော်မူခဲ့ရကားငင်းသာသနာ ပိုင်ဆရာတော်တို့၏လည်း ဆရာဖြစ်တော်မူသည်။ ၎င်းပြင်-

* "ပညာသာမိကဝိသာရဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဘုံကျော်ဆရာတော် အရှင်ပညာသာမိ။

* မဏိဇောတသဒ္ဓမ္မာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု-စသော ဘွဲ့တံဆိပ် တော် ၃-ထပ်ရ ခင်မကန်ဆရာတော် အရှင်မဏိဇောတ။

* မေဓာဘိဝံသသဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရု-စသည့် ဘွဲ့တံဆိပ်တော် ၃-ထပ်ရ ပြည် (မဏ္ဍလာရာမ)ဆရာတော်ဘုရားကြီး အရှင်မေဓိယဓဇ (အရှင်မေဓာ)။

* "သုဒဿနဝရဓမ္မသာမိမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်, သုဒဿနဓဇအတုလာဓိပတိသိရီပဝရမဟာဓမ္မရာဇာဓိရာဇဂုရု-ဘွဲ့တံဆိပ်တော်ဟူသော ဘွဲ့တံဆိပ်တော် ၂-ထပ်ရ ဒုတိယစံကျောင်းဆရာတော် အရှင်သုဒဿန-

စသည့်ထေရ်ကျော်မဟတ် ပုဂ္ဂိုလ်မြတ်တို့၏ဆရာလည်း ဖြစ်တော်မူသည်။

## ကျမ်းဂန်များ ပြုစုခြင်း

ဆရာတော်သည် ကျမ်းဂန်များစွာတို့ကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။ ၎င်းတို့မှာ-

၁။ ပဋ္ဌာန်းသုံးချက်စု၊

၂။ ပဋ္ဌာန်းပစ္စည်းပြိုင်၊

၃။ ပဋ္ဌာန်းရာသီစု၊

၄။ ယမိုက်အရကောက်ကျမ်း၊

၅။ ပဋ္ဌာန်းအရကောက်ကျမ်း၊

၆။ ဝီထိလက်ရိုးကျမ်း၊

၇။ ဉာသ်ကောက်ကျမ်း-စသည်တို့ ဖြစ်ကုန်၏။

## စာပြောကောင်း အဘိဓမ္မာထူးခြားစွာနိုင်နင်း

သဲအင်းသာသနာပိုင်ဆရာတော်ဘုရားကြီး အရှင်သူရိယာ-ဘိဝံသသည် အံ့ဩလောက်အောင် စာပြောကောင်းလှသောပုဂ္ဂိုလ် ဖြစ်ပြီး အံ့ချီးလောက်အောင် အဘိဓမ္မာ၌ ထူးခြားစွာနိုင်နင်းသော မထေရ်မြတ်ဖြစ်ကြောင်း ပဋ္ဌာန်းသုံးချက်စု, ပစ္စည်းပြိုင်, ရာသီစုတို့က ပြောနေသည်။

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ယင်းသို့ သာသနာတွင် ထူးချွန်သည့် သဲအင်းသာသနာပိုင် ဆရာတော်ဘုရားကြီး အရှင်သူရိယာဘိဝံသသည် သက်တော် ၇၆-နှစ်ရှိရာ သက္ကရာဇ် ၁၂၀၁-ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၃-ရက်နေ့ တချက်တီးကျော် ၂-နာရီခန့်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။ ဆရာတော်ဘုရားကြီး ပျံလွန်တော်မူခါနီးဖြစ်သည့် ၁၂၀၁-ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၀-ရက်နေ့ ညဥ့် ၁-ချက်တီးကျော် ၂-နာရီခန့် အချိန်တွင် သောကြာကြယ် လ-ကို ချင်းလေသည်။

## ကျောင်းတော်ဆင်း နိဗ္ဗာန်ကျောင်းတက်သဘင် ကျင်းပပူဇော်ခြင်း

၁၂၀၁-ခုနှစ် ပြာသိုလ်လပြည့်ကျော် ၉-ရက်နေ့တွင် သဲအင်းသာသနာပိုင်ဆရာတော်ဘုရားကြီး၏ အလောင်းတော်ကို ပျံလွန်တော်မူရာ ကျောင်းတော်ကြီးမှ အဆင်သင့်ပြုလုပ်စီမံထားသည့် နိဗ္ဗာန်ကျောင်းပြာသာဒ်သို့ အစီအစဥ်ပွဲသဘင်စုံ ကျင်းပပြုလုပ်ပူဇော်၍ နိဗ္ဗာန်ကျောင်းပြာသာဒ်တက်သဘင် ကျင်းပခဲ့လေသည်။ မင်္ဂလာစည်တော်, မောင်းတော်, သူရဲကြီးအလံ, ရဲတံခွန်အလံ, ဝင်းလေးမျက်နှာမှစ၍ ဝင်းအလံများကိုလည်း မဖြန့်မကျင်း အမြောက်သံလဲမပေးစေပဲ ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်ရွှေဘိုမင်းတရားကြီး, မိဖုရားခေါင်ကြီး, သမီးတော်, မင်းမိဖုရားအပေါင်းတို့နှင့် ရှေ့သုံးတပ်, နောက်သုံးတပ် ခင်းကျင်းပြီး ထွက်တော်မူလေသည်။

## အရှုံးမြေကျ ကြပ်မသင်္ဂြိုဟ်ခြင်း

၁၂၀၁-ခုနှစ် တပို့တွဲလပြည့်ကျော် ၁-ရက်နေ့တွင် ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင်ရွှေဘိုမင်းတရားကြီးသည် မင်းအိုကျောင်းတိုက်

အရှေ့စံနန်းတော်သို့ ထွက်စံတော်မူပြီးလျှင် ပွဲသဘင်စုံခံတော်မူ၍ အမရပူရ, အင်းဝ, စစ်ကိုင်းရှိရဟန်းသံဃာတော်တို့နှင့်တကွ မင်းညီမင်းသား မင်းမိဖုရားမှူးတော်မတ်တော် ရွှေမြို့တော်ရပ်စုရပ်ကွက်များက အသီးအသီးလုပ်ဆောင်ပြီးပြေသည့် ရထားပြာသာဒ်ဆူရေ ၁၈၅-ခု၊ ထမ်းပြာသာဒ်ဆူရေ ၄၉၃-ခုတို့ကို တပို့တွဲလပြည့်ကျော် ၇-ရက်နေ့တိုင် အသီးအသီး အသကအသက ပွဲသဘင်များနှင့် ရှေ့တော်သို့ သွင်းပြစေပြီးလျှင် သဲအင်းသာသနာပိုင် ဆရာတော်ဘုရားကြီး၏ အလောင်းတော်ကို ရထားပြာသာဒ်အစေ့အင အလှည့်ကျတင်စေပြီးလျှင် တပို့တွဲလပြည့်ကျော် ၈-ရက်နေ့၌ သံလျင်းတွင် ထီးဖြူခြံရံစေပြီးလျှင် လောင်တိုက်သို့ ပွဲသဘင်စုံနှင့် ပို့ရလေသည်။ မင်းညီမင်းသား မှူးတော်မတ်တော်တို့လည်း အလောင်းတော်ကို အရိုးတော်မြေကျ ကြပ်မသင်္ဂြိုဟ်ကြကုန်၏။ မင်းတရားကြီးသည် ယင်းသည့်နေ့တွင် အကျဉ်းသားတို့ကို ဘေးမဲ့ချမ်းသာပေးတော်မူခဲ့လေသည်။

## သံဝေဂယူရန်

ဝေလာတဋ္ဋေ ပဋ္ဋာတရောရုတရဂ်မာလာ၊
နာသံ ဝဇန္တိ သတတံ သလိလာသယဿ။
နာသံ တထာ သမုပယန္တိ နရမရာနံ၊
ပါဏာနိ ဒါရုဏာတရေ မရဏောဒမိမှိ။[၁]

သလိလာသယဿ= ရေ၏တည်ရာ မဟာသမုဒ္ဒရာပင်လယ်၏။ ဝါ= နက်ပြောကျယ်စွာ မဟာသမုဒ္ဒရာပင်လယ်၏။ ပဋ္ဋာတရောရုတရင်္ဂမာလာ= လွန်လျှင်ထင်ရှားကြီးမားသော လှိုင်းတံပိုးအစဉ် တို့သည်။ ဝေလာတဋ္ဋေ= ကမ်း၏အနီးအနားဟူသော ကမ်းပါးပြတ်၌။ သတတံ= အမြဲမပြတ်။ နာသံ= ပျက်စီးခြင်းသို့။ ဝဇန္တိယထာ= ပုံသေမဖောက်ရောက်ကုန်သကဲ့သို့။ တထာ= ထို့အတူ။ နရမရာနံ=

---

၁။ တေလကဋ္ဋာဟဂါထာကျမ်း။ ၁၄-ဂါထာ။

လူနတ်ပြဟ္မာတို့၏။ ပါဏာနိ= အသက်တို့သည်။ ဝါ= အသက် သမုတ် နာမ်နှင့်ရုပ်တို့သည်။ ဒါရုဏာတရေ= အထူးသဖြင့်ကြမ်းကြုတ် သော။ ဝါ= လွန်စွာကြမ်းကြုတ်သော။ မရဏောဒဓိမှိ= စုတိပြတ်ကြွေ သေလွန်ခြင်းတည်းဟူသော သမုဒ္ဒရာ၌။ နာသံ= ပျက်စီးခြင်းသို့။ သမုပယန္တိ= စင်စစ်မသွေ ကပ်ရောက်ကြရလေကုန်၏။

*** ♦ ***

## အဂ္ဂမဟာလင်္ကာရကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်အဂ္ဂမဟာလင်္ကာရ

"အဂ္ဂမဟာလင်္ကာရကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ သင်္ဂဇာဆရာတော်ဘုရားကြီး အရှင်အဂ္ဂမဟာလင်္ကာရသည်လည်း ရွှေကျင်ဆရာတော်ဘုရားကြီး၏ ကျေးဇူးရှင်ဆရာတော်တပါး ဖြစ်တော်မူသည်။ ရွှေကျင်ဆရာတော်ဘုရားကြီး၏ အဖြစ်တော်စဉ် အနွယ်အဆက်ကို မဖတ်မိ ကြိုတင်ဖတ်ရှုကြည့်ညိုရန် အကျဉ်းချုပ်ဖော်ပြအပ်ပါသည်။

### ဖွားမြင် ရှင် ရဟန်းပြုခြင်း

တလုပ်မြို့ကျေးလက် ပေါက်ချောင်းရွာတွင် သက္ကရာဇ် ၁၁၇၇-ခုနှစ် နယုန်လဆန်း ၁၄-ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်ရောက်သော် ရှင် ရဟန်းပြု သာသနာ့ဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူခဲ့လေသည်။

### ပညာသင်ကြားခြင်း

ဆရာတော်သည် သီးလုံးဆရာတော်, ထီးလင်းဆရာတော်, သဲအင်းသာသနာပိုင်ဆရာတော် စသည်တို့ထံတွင် ကျမ်းဂန်များမြောက်စွာတို့ကို ပါရဂူပေါက် တတ်မြောက်အောင် သင်ယူတော်မူခဲ့လေသည်။

### ထိုထိုဒေသ၌ သီတင်းသုံးတော်မူခြင်း

ပုဇွန်ချောင်းရွာ၌ သစ်တောစာရေး ဆောက်လုပ်လှူဒါန်း သည့်ကျောင်းတွင် ၂-ဝါ, ရှားစောင်းတောရ၌ ၂-ဝါ, ရှိမ်းမကား

သရက်ချောင်းတောရ၌ ၁-ဝါ သီတင်းသုံးတော်မူခဲ့လေသည်။ လင်းလွန်းပင်တောရစသည်၌လည်း သီတင်းသုံး၍ ပဋိပတ်အလုပ် ကြိုးကုပ်တော်မူခဲ့လေသည်။ ၎င်းနောက် မိမိ၏ဇာတိ ပေါက်ချောင်း ရွာ၌ သီတင်းသုံး၍ သံဃာတော် ၄ဝ-ကျော်ခန့်တို့ကို စာပေချပို့ ပရိယတ္တိသာသနာ ချီးမြှောက်တော်မူခဲ့လေသည်။

## စစ်ကိုင်း အင်းဝ၌ သီတင်းသုံးသာသနာပြုခြင်း

စစ်ကိုင်းတောင်ရိုး ကောဏ္ဍညချောင်, လောကမှန်ကင်း ချောင်တို့၌လည်း ၁-ဝါစီ သီတင်းသုံး သာသနာပြုတော်မူခဲ့ပြီး အင်းဝ မြို့ နမောကျောင်း၌လည်း သီတင်းသုံးတော်မူခဲ့လေသည်။

## မန္တလေးမြို့၌ သီတင်းသုံးခြင်း ရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော် အလှူခံရခြင်း

၎င်းနောက်တွင် ပဉ္စမသံဂါယနာတင် မင်းတုန်းမင်းတရားကြီး ပင့်လျှောက်သဖြင့် မန္တလေးမြို့သို့ ကြွရောက်တော်မူ၍ မန္တလေးမြို့ အရှေ့ပြင် စိန်တုန်းတိုက်, အနောက်ပြင် သင်္ဂဇာတိုက်တို့ကို အလှူခံ ၍ သီတင်းသုံးတော်မူခဲ့လေသည်။ မင်းတုန်းမင်းတရား ဆက်ကပ် လှူဒါန်းသည့် "အဂ္ဂမဟာလင်္ကာရကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု"ဘွဲ့ တံဆိပ်တော်ကိုလည်း အလှူခံရရှိတော်မူခဲ့လေသည်။ ၎င်းပြင် သုဓမ္မာ ဝင် ဆရာတော်လည်း ဖြစ်တော်မူခဲ့လေသည်။

## အနယ်နယ်အစို့စို့ အမြို့မြို့အရွာရွာ သီတင်းသုံး သာသနာပြုခြင်း

ဆရာတော်သည် မြန်မာနိုင်ငံဒေသအနှံ့အပြားသို့လည်း ကြွရောက်တော်မူ၍ တရားဓမ္မဟောပြော သာသနာပြုတော်မူခဲ့လေ သည်။ လှိုင်းတက်, သာဂရ, ရမည်းသင်း, စစ်ကိုင်းတောင်ရိုး ကြက်

ထောင့်တောရ၊ အလုံစီရင်စုဇလုပ်ရွာ၊ မြင်းခြံမြို့ စမ်းကျကျောင်း၊ ရန်ကုန်မြို့ မဟာဓမ္မဒီပိကာရာမတိုက်၊ ကွမ်းခြံကုန်းမြို့၊ မရမ်းရွာ စသည်တို့၌လည်း သီတင်းသုံးသာသနာပြုတော်မူခဲ့လေသည်။

## ကျမ်းဂန်များ ရေးသားပြုစုတော်မူခြင်း

ကျမ်းဂန်များစွာတို့ကိုလည်း ပြုစီရင်တော်မူခဲ့သည်။ ၎င်း တို့မှာ-

၁။ ဓာတုကထာဒီပကပါဠိ၊

၂။ ဓာတုကထာဒီပကပါဠိနိဿယ၊

၃။ ဓမ္မပဒပါဠိတော်နိဿယသစ်၊

၄။ သိင်္ဂါလောဝါဒဆုံးမစာ၊

၅။ ဝိမတိဝိနောဒနီဋီကာနိဿယ၊

၆။ စတုရာရက္ခကျမ်း၊

၇။ ကာယပစ္စဝေက္ခဏာကျမ်း၊

၈။ ဥပါသကောဝါဒစာကိုယ်၊

၉။ ဥပါသကောဝါဒဋီကာ၊

၁၀။ စကားပုံအမျိုးမျိုး-စသည်တို့ ဖြစ်ကုန်၏။

## အိန္ဒိယနိုင်ငံကြွ ညောင်အုပ်မင်းသားအား တရားဟောခြင်း

သက္ကရာဇ် ၁၂၄၆-ခုနှစ်တွင် အိန္ဒိယနိုင်ငံ ကာလကတ္တား မြို့သို့ ကြွတော်မူ၍ ညောင်အုပ်မင်းသားအိမ်တော်၌ ၁-ဝါသီတင်းသုံး ၍ တရားဓမ္မ ဟောပြောပြသတော်မူခဲ့လေသည်။

## ဘာဝနတ်ထံပျံလွန်တော်မူခြင်း

စာပေကျမ်းဂန်ချပို့ခြင်း, ကျမ်းဂန်ပြုစုခြင်း, တရားဓမ္မဟောပြခြင်းစသည်ဖြင့် သာသနာပြုတော်မူခဲ့သော ကျေးဇူးရှင်သင်္ဂဇာဆရာတော်ဘုရားကြီးသည် ၁၂၄၈-ခုနှစ် ဝါခေါင်လဆန်း ၁၀-ရက်နေ့တွင် မော်လမြိုင်မြို့၌ ဘာဝနတ်ထံပျံလွန်တော်မူခဲ့လေသည်။ ဆရာတော်၏အလောင်းတော်ကို ခမ်းနားစွာ မီးသင်္ဂြိုဟ်ပူဇော်၍ အရိုးဓာတ်တို့ကို မော်လမြိုင်မြို့ ကျိုက်သန်လန်စေတီတော်အနီးတွင် စေတီတည်၍ဥပနာ ကိုးကွယ်ခဲ့ကြကုန်၏။[၁]

## သံဝေဂယူရန်

ရုဒ္ဒေါပိ သော ရထဝရဿဂဇာဓိပေဟိ၊
ယောဓေဟိ ဝါပိ သဗလေဟိ သာယုဓေဟိ။

လောကံ ဝိဝဠ္ဍိယ သဒါ မရဏောသဘော ယော၊
ကာမံ နိဟန္တိ ဘုဝနတ္တယံ သာလိသဏ္ဍံ။ [၂]

သော မရဏောသဘော= ထိုယုတ်မာစင်းစင်း သေမင်းတည်းဟူသော နွားယုတ်နွားကြမ်းကြီးသည်။ ရထဝရဿဂဇာဓိပေဟိ= မြတ်သောရထား မြင်း ဆင် စစ်သေနင်တို့ကို အစိုးရကုန်သော။ သဗလေဟိ= ဗိုလ်ပါစစ်သည်နှင့်တကွ ဖြစ်ကုန်သော။ သာယုဓေဟိ= လက်နက်နှင့်တကွဖြစ်ကုန်သော။ ဝါ= လက်နက်ရှိကုန်သော။ ဝါ= လက်နက်စွဲကိုင်ကုန်သော။ ယောဓေဟိ ဝါပိ= သူရဲသူခက်ကြီးတို့သည်လည်း။ ရုဒ္ဒေါအပိ= ပိတ်ဆို့တားမြစ်အပ်လျက်လည်း။

---

၁။ စစ်ကိုင်းသာသနာဝင်။ ၁၈၆။ မန္တလေးသာသနာဝင်။ ၁၃။ သင်္ဂဇာသာသနာဝင်။ မန္တလေးသာသနာဝင်။ ၂၅။ ဝဇိရာရာမသာသနာဝင်တို့လည်း ကြည့်။

၂။ တေလကဋာဟဂါထာကျမ်း။ ၁၅-ဂါထာ။

လောကံ= လောကမှီတင်း သတ္တဝါခပင်းကို။ ဝိဝဋ္ဋယ= လှည့်ပတ်၍။ ဘုဝနတ္တယံ= လောကသုံးခွင် ဘုံအပြင်တည်းဟူသော။ သာလိသဏ္ဌံ= သလေးစပါးခင်းကို။ ဝါ= သလေးစပါးတောကို။ သဒါ= အခါခပ်သိမ်း အမြဲနိစ္စထာဝရ။ ကာမံ= စင်စစ်။ ဝါ= အလိုရှိတိုင်း။ နိဟန္တိ= အမြဲ ထာဝရ နေ့ညမပြတ် ဖျက်ဆီး၏။

## ပကိဏ္ဏကကဏ္ဍ ပြီး၏။

*** ♦ ***

# မဟာဓမ္မိကာရာမ
# သာသနာဝင်

မဟာဓမ္မိကာရာမကျောင်းတိုက်ကြီးသည် သာသနာတွင် ထင်ရှားသော ကျောင်းတိုက်ဖြစ်လေသည်။ ယင်းကျောင်းတိုက်ကြီး သည် ရွှေကျင်တိုက်မ အဖြစ်လည်း ထင်ရှားသည်။ အထူးအားဖြင့် ရွှေကျင်ဂိုဏ်းကြီး စတင်ပေါ်ရာ ဌာနမွန်ဖြစ်သဖြင့် ရွှေကျင်သာသနာ့ သမိုင်းတွင် ပိုမိုထင်ရှားခဲ့လေသည်။ ပထမရွှေကျင်ဆရာတော်ဘုရား ကြီး စတင်သီတင်းသုံးခဲ့ရာဖြစ်သဖြင့် ရွှေကျင်တိုက်မဟူ၍လည်း ခေါ် ဝေါ်ကြကုန်၏။

ယင်းမဟာဓမ္မိကာရာမကျောင်းတိုက်ကြီးသည် မန္တလေးတောင် မြောက်ဖက်၌ တည်ရှိလေသည်။ မန္တလေးတောင် မြောက်ဖက်စောင်း တန်းခြေရင်း အနောက်ဖက်တွင် ကပ်၍ တည်ရှိပေသည်။ ကျောင်း တိုက်အတွင်း ကျောင်းအဆောက်အအုံပေါင်း ၆-ခုမျှ ရှိလေသည်။ ပထမရွှေကျင်ဆရာတော်ဘုရားကြီး သမုတ်ခဲ့သော သိမ်တစ်လုံးလည်း တည်ရှိလေသည်။ ကျောင်းတိုက်ဦး၌ ရွှေကျင်ဆရာတော်ဘုရားကြီး၏ အရိုးအိုးစေတီ, ကလေး သုံးဂိုဏ်းချုပ်ဆရာတော်ဘုရား၏ အရိုးအိုး စေတီ, ပထမပတ္တမြားဆရာတော်ဘုရားကြီး၏ အရိုးအိုးစေတီတို့လည်း တည်ရှိကုန်၏။ မင်းတုန်းမင်းတရားကြီး၏ ကောင်းမှုတော်ကျောင်းကြီး လည်း တည်ရှိ၏။ ၎င်းကျောင်းကြီးကား ဟောင်းနွမ်းအိုမင်းလှပြီ ဖြစ်၏။ ယင်းမင်းတုန်းမင်းတရား၏ ကျောင်းတော်ကြီးကား လှေကား တောင်ဖက် ၃-စင်း၊ မြောက်ဖက် ၃-စင်း၊ အရှေ့ဖက်ထိပ်က ၁-စင်း၊ ပေါင်း လှေကား ၇-စင်းတပ် ဖြစ်၏။ စနု, မာရဘင်, ဆောင်မ, ဘောဂတို့နှင့်ပြည့်စုံသော ကျောင်းကြီးဖြစ်၏။ ယင်းကျောင်း ကြီးမှာ တိုင်ပေါင်း ၂၆၂-တိုင်ရှိ၍ အဆောက်အအုံ အချို့အပါအဝင် ဆောက်လုပ်စဉ်က ကုန်ကျငွေမှာ ၂၂၂၃၅၅-ကျပ် ကုန်ကျလေ၏။ ရွှေကျင်ဆရာတော်ဘုရားကြီး၏ စံကျောင်းတော် တိုင်အရေအတွက် နှင့် ကုန်ကျငွေကို-

* ရွှေကျင်တိုက်မ တိုင်ပေါင်းပြ မှတ်ကြဒ္ဒိသောဒ္ဒါ။
* ပြည်ပန်းညို ချိုချိုခတ် ရွှေကျင်တိုက်မ ငွေကုန်မှတ်။

ဟူသော သံပေါက်ဖြင့် မင်းကွန်းငွေတောင်တောရ အဂ္ဂမဟာပဏ္ဍိတ ပထမပတ္တမြားဆရာတော်ကြီး အရှင်ဇာဂရမဟာထေရ် စပ်ဆိုတော်မူခဲ့လေသည်။

## သမိုင်းအကျဉ်း

ပဥ္စမသံဂါယနာတင် ဘဝရှင်မင်းတရားကြီးသည် သက္ကရာဇ် ၁၂၂၁-ခုနှစ်တွင် ရတနာပုံ မန္တလေးနန်းမြို့တော်သစ်ကို တည်ထောင်တော်မူ၍ လောက, သာသနာနှစ်ဖြာသောအကျိုးကို သည်ပိုးရွက်ဆောင်တော်မူခဲ့လေသည်။ ယင်းသို့ မြို့တော်သစ်၌ စံတော်မူစဉ် မိမိကြည်ညိုရင်းစွဲဖြစ်သော ရွှေကျင်ဆရာတော် အရှင်ဇာဂရကိုလည်း နန်းမြို့တော်၌ သီတင်းသုံးစေတော်မူ၍ သာသနာပြုစုလိုသောဆန္ဒရှိတော်မူသဖြင့် ရွှေကျင်ဆရာတော် ၁၉-ဝါရရှိရာ သက္ကရာဇ် ၁၂၂၃-ခုနှစ်တွင် မန္တလေးနန်းမြို့တော်သို့ ပင့်ဆောင်တော်မူ၍ မန္တလေး တောင်မြောက်ဖက် ရမည်းသင်းတိုက်, ထရံကာတိုက်, မင်းခင်း တိုက်, မြတောင်တိုက်ဟူသော အရံလေးတိုက်နှင့်တကွ စနု ဆောင်မဘောဂတို့ဖြင့် လှပတင့်တယ်စွာ ဆောက်လုပ်အပ်သော ကျောင်းကြီးဖြင့် တန်ဆာဆင်အပ်သော မဟာဓမ္မိကာရာမမည်သော ကျောင်းတိုက်ကြီးကို-

ဣမံ ဘန္တေ မဟာထေရ၊ ဝိသာလံ သာသနာရဟံ။
နာနာကာရေဟိ သမ္ပန္နံ၊ အာရာမံ သမ္ပဋိစ္ဆထ။

ဆရာတော်အရှင်မြတ်ဘုရား. . . ကျယ်ဝန်းလှစွာသော ဘုရားမြတ်စွာ သာသနာပြုရန်အတွက် လျော်လျောက်ပတ် ကောင်းမြတ်ထိုက်တန် သင့်လျော်သောကျောင်းတိုက် အင်္ဂါလက္ခဏာအလုံးစုံတို့နှင့်ပြည့်စုံသော ဤဓမ္မိကာရာမကျောင်းတိုက်ကို အလှူခံတော်မူပါဟု

မြွက်ဆို၍ လှူဒါန်းခဲ့လေသည်။ ဖော်ပြပါ ဓမ္မိကာရာမကျောင်းတိုက်သည် သာသနာသမိုင်းတွင် ထင်ရှားခဲ့လေသည်။

*** ♦ ***

## ရွှေကျင်နိကာယသမ္ဗုဒ္ဓာပက
## ဇာဂရာဘိဓေယသဒ္ဓမ္မဝံသဓမ္မသေနာပတိ
## အတုလသာဓိပတိသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု
## ရွှေကျင်ဆရာတော်ဘုရားကြီး
## အရှင်ဇာဂရမဟာထေရ်

ရွှေကျင်ဆရာတော်ဘုရားကြီးသည် ရွှေဘိုမြို့တောင်ဖက် လှတောကြီးငါးရွာအဝင် ရွှေကျင်အမည်ရှိသော ရွာ၌ အဖ-ဦးမောင်၊ အမိ-ဒေါ်မိတို့မှ သာသနာသက္ကရာဇ် ၂၃၆၆-ခုနှစ် ကောဇာသက္ကရာဇ် ၁၁၈၄-ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၁၂-ရက်နေ့ည မြန်မာနာရီ ၃-ချက်တီးကျော် ၁၃-ရက် အင်္ဂါနေ့အဝင်တွင် မိဂသီနက္ခတ်နှင့် ယှဉ်ကာ မင်္ဂလာအချိန် သုဒ္ဓဒိန် ၉၄-ရက် စမ်းလင်္ဂပြိဿ၊ ဗုဒ္ဓနဝင်းစီးလျက် ဖွားမြင်တော်မူခဲ့လေသည်။

### ရွှေကျင်ဆရာတော် ငယ်နာမည် မောင်သန့်

မိဖတို့နှင့် ဆွေမျိုးဉာတိတို့က ဆရာတော်လောင်းလျာ၏ အမည်ကို သန့်ရှင်းစင်ကြယ်သော ရုပ်လက္ခဏာကို အကြောင်းပဝတ္တိ နိမိတ်ပြု၍ မောင်သန့်ဟူ၍ မှည့်ခေါ်ကြကုန်၏။

မောင်သန့်ကြတိ မနုညမ္ပိ၊ ကိတ္တေသုံ အဘိဓာနကံ။
ဘာဝမ္ပိ တေ စ သန္ဓာယ၊ မာတာပိတာဒိ ဉာတယော။

မောင်သန့်ကို ဖွားမြင်ချိန်၌ မိဿရာသီတွင်စနေ, ပြိဿရာသီတွင်လဂ်, စန်း, ကြာသပတေး, သောကြာ, ကရကဋ်ရာသီတွင် တနင်္ဂနွေ, ဗုဒ္ဓဟူး, ကန်ရာသီတွင်အင်္ဂါ, ကုမ်ရာသီတွင် ရာဟုဂြိုဟ်တို့ အသီးအသီးတည်ရှိနေဆဲဖြစ်ကုန်၏။ စဉ်နက္ခတ်လေးလုံး, ပါဒ်သုည, ရှစ်ဗီဇနာ ဖြစ်လေသည်။

ဇာဂရိယကျမ်း၌ ရွှေကျင်ဆရာတော်ဘုရားကြီး၏ ဂြိုဟ်နေဟန်ကို အောက်ပါတေးထပ်ဖြင့် ရေးစပ်ဖော်ပြခဲ့လေသည်။

* ရေနာဂိန် မိဿမှာ၊
နိစ်အရရပ်ခံ။
တိတျဆဒ္ဒန်ငယ်၊
ကြဋ္ဌမှန်ပျော်မြန်း။
ဘုံပြိဿ ကွက်ရောက်ရာမှာ၊
လဂ်သောကြာ ကြွက်မင်းနှင့်စန်း။
ရှည်အသက် အာယုပိုအောင်၊
ပါကုသိုလ် ထုံဖျန်း။
ရာဟုဂြိုဟ် ကုမ်နန်းမို့၊
စုံစမ်းတော့ သေအချာ။
ရန်ပြိုကာ ကံခိုဆင်း၊
နံ့ဂြိုဟ်မင်း စွမ်းခြသေ့်ပါ။
လေးနက္ခတ် ပါဒ်သုညာမှာ၊
အင်္ဂကြုံလာ ဗီဇနာ့ငယ်နှင့်။
ညီအမျှ စဉ်ဟုခေါ်၊
ထွန်းဘို့တေဇော်။
တိုင်းလုံးကျော် ဆရာတော်ကို၊
ဗေဒင်အာဘော် ကုန်ဟောပါတော့လေး။ ။

## ကျောင်းနေပညာသင် ရှင်သာမဏေဝတ်

ရွှေကျင်ဆရာတော်လောင်းလျာ မောင်သန့်သည် သက်တော် ၇-နှစ်သားအရွယ်တွင် ရွှေကျင်ရွာ မဟာဗောဓိကျောင်းဆရာတော် လူအမည် ဦးဘိုးရွှန်းခေါ် အရှင်ဝရပုဒ္ဓိထံတွင် မိဖတို့အပ်နှံသဖြင့် စာပေသင်ကြားတော်မူခဲ့လေသည်။ ၁၄-နှစ်သားအရွယ်တွင် ရှင်သာမဏေဝတ်၍ သာသနာ့ဝန်ထမ်းဆောင်တော်မူခဲ့လေသည်။ သာမဏေဘွဲ့တော်မှာ ရှင်ဇာဂရဖြစ်လေသည်။

## ပညာသင်ကြားခြင်း

ဆရာတော်လောင်းလျာသည် ရွှေဘိုမြို့ ဝက်ဘာကျောင်းဆရာတော်ထံ၌လည်း ပညာသင်ကြားတော်မူခဲ့လေသည်။

## သီးလုံးဆရာတော်ထံ ပညာသင်ကြားခြင်း

သီးလုံးဆရာတော်ဘုရားကြီးသည် သာသနာ၌ လွန်စွာကျော်ကြား၏။ ပဋိပတ်အကျင့်မြတ်ကို ကျင့်ကြံအားထုတ်ရာ၌ စံထားထိုက်သောပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။ ၎င်းဆရာတော်သည် ရွှန်းရွှန်းတက်ရွာ၌ သက္ကရာဇ် ၁၁၄၈-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်ရောက်သော် ရှင်သာမဏေဝတ် သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ ရွှေဘိုမြို့ အနောက်မြောက်ယွန်း သီးလုံးရွာအနီး သီးလုံးမင်းကြီး မဟာမင်းလှမင်းခေါင် ဆောက်လုပ်လှူဒါန်းအပ်သော လေးထပ်ကျောင်းကြီး၌ သီတင်းသုံး၍ ပရိယတ် ပဋိပတ်နှစ်ရပ်သော ဓုရကို ပွားများအားထုတ်တော်မူ၍ မှီခိုရောက်ရှိလာသော တပည့်တပန်းတို့အားလည်း ပရိယတ်, ပဋိပတ်နှစ်ရပ်သောနည်းတို့ကို ချပို့နည်းပေးတော်မူခဲ့လေသည်။ ဆရာတော်သည်-

၁။ ဝိနည်းဖြတ်ထုံး၊

၂။ ဂမ္ဘီရတ္ထဒေသနာ ပထမပိုင်း၊

၃။ ဂမ္ဘီရတ္ထဒေသနာ ဒုတိယပိုင်း၊

၄။ ဂမ္ဘီရတ္ထဒေသနာ တတိယပိုင်း၊

၅။ ဂမ္ဘီရတ္ထဒေသနာ စတုတ္ထပိုင်း၊

စသည့်ကျမ်းဂန်တို့ကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။ ရွှေဘိုမင်းတရား၏ "စန္ဒိမာဘိဝံသသိရီသဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရု"ဟူသောဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းကို ခံယူတော်မူရလေသည်။ သက်တော် ၇၄-နှစ်ရှိရာ သက္ကရာဇ် ၁၂၂၂-ခုနှစ်တွင် ပျံလွန်တော်မူခဲ့လေသည်။ ဆရာတော်လောင်းလျာသည် ဖော်ပြပါ သီးလုံးဆရာတော်ဘုရားကြီးထံ၌လည်း သက်တော် ၁၈-နှစ်သားအရွယ်မှစ၍ ရောက်ရှိ၍ ပရိယတ်, ပဋိပတ်ကို သင်ယူလေ့လာဆည်းပူးတော်မူခဲ့လေသည်။

## ရဟန်းဘဝ ဒုလ္လဘသို့ရောက်ခြင်း ဆက်လက်ပညာသင်ကြားခြင်း

သက်တော် ၂၀-တွင် မူလဆရာရင်း မဟာဗောဓိကျောင်းဆရာတော် အရှင်ဝရဗုဒ္ဓိကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဘဝဒုလ္လဘသို့ရောက်ရှိတော်မူခဲ့လေသည်။ ရဟန်းဖြစ်ပြီးနောက် အမရပူရနန်းမြို့တော်သို့ ကြွရောက်တော်မူ၍ သဲအင်းသာသနာပိုင် "သူရိယာဝံသာဘိသိရိပဝရာလင်္ကာရဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ အရှင်သူရိယအစရှိသော ကျမ်းဂန်တတ်ဆရာတော်များထံ ရဟန်းသိက္ခာ ၈-ဝါရသည်တိုင်အောင် ပါဠိ အဋ္ဌကထာ ဋီကာများကို သင်ယူတော်မူခဲ့လေသည်။ "အဂ္ဂဓမ္မာလင်္ကာရကဝိဓဇမဟာဓမ္မရာဇာဓိ-ရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ သင်္ဂဇာဆရာတော်ဘုရားကြီး အရှင်အဂ္ဂဓမ္မထံ၌လည်း ကျမ်းစာများကို သင်ကြားတော်မူခဲ့လေသည်။ သဲအင်း

တိုက်၌ သီတင်းသုံးစဉ် သဲအင်းဆရာတော်ကြီး၏ စေခိုင်းချက်အရ ဝိနိစ္ဆယအချို့ကို ရေးသားဆုံးဖြတ်တော်မူခဲ့လေသည်။

## စာပေချပို့ခြင်း

စာပေသင်ကြား တတ်မြောက်တော်မူပြီးနောက် မန်ကျည်းစင်, ခေါ်တော, ရှိမ်းမကားအစရှိသော ရွာတို့၌ တပည့်တပန်း ရဟန်းသာမဏေတို့အား စာပေချပို့ကာ သီတင်းသုံးတော်မူခဲ့လေ သည်။

## သက္ကတကျမ်းများကို လေ့လာခြင်း

ဆရာတော်လောင်းလျာသည် မန်ကျည်းစင်ရွာ၌ စာပေချပို့တော်မူစဉ် စစ်ကိုင်းမြို့ ထူပါရုံကျောင်းတိုက်၌ သက္ကတစာပေများကို ချပို့တော်မူသော အရှင်ဥက္ကံသဝံသမာလာ (နောက်ဒွါရနိကာယ သာသနာပိုင်) ဆရာတော်ထံသို့လည်း ကြွရောက်ချဉ်းကပ်ကာ တစ်ဝါ တွင်း သီတင်းသုံး၍ သက္ကတကျမ်းစာများကို လေ့လာတော်မူခဲ့လေ သည်။

## မင်းတုန်းမင်းနှင့် စတင်သိကျွမ်းခဲ့ခြင်း

ဆရာတော်သည် ရဟန်းသိက္ခာ ၁၄-ဝါအရ မင်းတုန်းမင်း တရား မင်းအဖြစ်မရောက်မီ မင်္ဂလာအိမ်တော်မှ ထွက်ကြွတော်မူစဉ် တွေ့ဆုံလိုက်ရသည်။ မင်းတုန်းမင်းသားသည် ဆရာတော်အား ကြည်ညိုခြင်းဖြစ်ရာ 'ငါမင်းဖြစ်လျှင် ဆရာတော်ကို ကိုးကွယ်ဆည်း ကပ်ပြီး သာသနာစည်ပင်အောင် ပြုအံ့'ဟု စိတ်ကူးနှလုံးသွင်းရှိဟန် တူပေသည်။ ဆရာတော်လောင်းလျာ အမရပူရ သဲအင်းတိုက်၌ သီတင်းသုံးစဉ် အာပတ္တာဓိကရုဏ်းတစ်ရပ် ဆုံးဖြတ်ပေးရန် စောဒက ပုဂ္ဂိုလ်က တောင်းပန်လျှောက်ထားသဖြင့် ယင်းအမှုကို ဆုံးဖြတ်နိုင်ရန်

အိမ်ရှေ့မင်းသားဖြစ်သော မင်းတုန်းမင်းမင်းသား၏ အိပ်ယာခန်းမဆောင်သို့ ကြွတော်မူ၍ ရှင်းလင်းပြောပြရာ အိမ်ရှေ့မင်းသားက "ဤပုဂ္ဂိုလ်သည် သာသနာရေးနှင့်စပ်လျှင် ယထာဓမ္မလမ်းမှန်ကျကျ ဆောင်ရွက်ခြင်းငှာ စွမ်းနိုင်လိမ့်မည်"ဟု အသိအမှတ်ပြုလိုက်ဘူးသည် ဟု သိရ၏။ [၁]

## မန္တလေးသို့ကြွ ကျောင်းတိုက်များ အလှူခံခြင်း

ဆရာတော်အရှင်ဇာဂရသည် မင်းတုန်းမင်းတရား မင်းအဖြစ်သို့ ရောက်၍ မန္တလေးနန်းမြို့တော်သစ် တည်ထောင်ချိန်တွင် ရွှေဘိုခရိုင် ရှိမ်းမကားရွာ၌ တပည့်တပန်းရဟန်းသာမဏေတို့အား စာပေပို့ချတော်မူကာ ဘုရားမြတ်စွာသာသနာတော် တာဝန်ကို ထမ်းဆောင်တော်မူလျက် ရှိလေသည်။ မင်းတုန်းမင်းတရားကြီးသည်-

ပဓာနဖလဘာဝေန၊ ပတ္ထိတံ ရဇ္ဇသာဓနေ။
သတ္ထုသာသနံ သံဝုဍ္ဎိ၊ ကတ္တုကာမော ကတာဒရော။

ဟူသည်နှင့်အညီ မင်းအဖြစ်ကို ရယူရာ၌ ပဓာနအကျိုး၏အဖြစ်ဖြင့် ဘုရားမြတ်စွာသာသနာ တိုးတက်စည်ပင်ရေးကို ပြုလုပ်တော်မူလို သဖြင့် နန်းမြို့တော်ကို တည်ထောင်၍ မန္တလေးမြို့တော်၌ ပြောင်းရွှေ့ နန်းစံစဉ် ၁၂၂၂ (၁၂၂၃)ခုနှစ်တွင် သိက္ခာတော် ၁၉-ဝါရရှိတော်မူ သော ရွှေကျင်ဆရာတော်ကို တပည့်တပန်းသံဃာများနှင့်တကွ ရှိမ်း မကားရွာမှ မန္တလေးရတနာပုံ နန်းမြို့တော်သို့ ပင့်ဆောင်၍ မန္တလေး တောင်မြောက်မျက်နှာအရပ်၌ အရံကျောင်းတိုက် လေးတိုက်နှင့်တကွ "မဟာဓမ္မိကာရာမ"ကဗျည်းတပ်ကာ ရွှေကျင်တိုက်မကြီးကို တည်ထောင်ဆောက်လုပ် လှူဒါန်းတော်မူခဲ့လေသည်။

---

၁။ ရွှေကျင်နိကာယသာသနာဝင်။ ၈၆။

## ရွှေကျင် ၅-တိုက်

ဖော်ပြပါ ကျောင်းတိုက် ၅-တိုက်ဟု တွင်လေသည်။ ၎င်းတို့ကား-

၁။ မြတောင်တိုက်၊

၂။ မင်းခင်းတိုက်၊

၃။ မဟာဓမ္မိကာရာမတိုက်၊

၄။ ထရံကာတိုက် (မှိုင်းလုံးကြီးတိုက်)၊

၅။ ရမည်းသင်းတိုက်၊

တို့ ဖြစ်ကုန်၏။ ယင်းရွှေကျင်ငါးတိုက်မှာ အရှေ့အနောက် တန်းလျက်ရှိရာ မဟာဓမ္မိကာရာမတိုက်မှာ အလယ်ဗဟို၌ တည်ရှိလေ သည်။

## သာသနာပြုရန် အပ်နှင်းခြင်း

မင်းတုန်းမင်းတရားသည် ရွှေကျင်ဆရာတော်ဘုရားကို လွန်စွာမှ လေးမြတ်ကြည်ညိုပါသဖြင့် သက္ကရာဇ် ၁၂၃၀-ပြည့်နှစ်တွင် အလုံမြို့၊ ဒီပဲယင်းမြို့၊ ဗန်းကျီမြို့၊ တလုပ်မြို့၊ ရတနာသိယ်မြို့၊ ကလေးမြို့၊ ရာဇဂြိုဟ်မြို့အစရှိသော မြို့တို့၌ သာသနာပြုရန် အပ်နှင်းခဲ့လေသည်။ ရွှေကျင်ဆရာတော်ဘုရားသည် ဖော်ပြပါမြို့များ၌ ဂိုဏ်းချုပ်၊ ဂိုဏ်းအုပ်၊ ဂိုဏ်းထောက်၊ အကြီးအကဲခန့်ထား၍ များစွာသော ဂိုဏ်းသံဃာတို့အား ဩဝါဒပေးခြင်း၊ နည်းလမ်းညွှန်ပြခြင်း၊ ကူညီစောင်မခြင်းစသည်တို့ဖြင့် သာသနာပြုတော်မူခဲ့လေသည်။

**အနေကေသု ပဒေသေသု၊ ရွှေကျင်သမဏာပုင်ဝေါ။**
**လောကဂ္ဂစက္ကဝုဒ္ဓိယာ၊ ဝါယာမံနေကဓာ အကာ။**

## မင်းတရားက သားတော်များအပ်နှင်း

မင်းတရားသည် ၁၂၃၄-ခုနှစ်တွင် အလားအလာရှိမည်ထင်သော သားတော်တို့ကို ဗုဒ္ဓစာပေသင်ကြားပေးရန် ရွှေကျင်ဆရာတော်ဘုရားထံ အပ်နှံတော်မူလေသည်။ ၎င်းနှစ်တွင် နန်းမြို့တော်တွင်း၌ နန်းဦးကျောင်းဆောက်လုပ်ပြီးလျှင် ကျောင်းတော်၌ အမြဲသီတင်းသုံး၍ မင်းသားငယ်များကို စာပေသင်ကြားချပို့ပေးမည့် ကျောင်းဘုန်းကြီး တပါး တောင်းလေသည်။ ထိုအခါ ရွှေကျင်ဆရာတော်သည် တောင်တော်ဆရာတော်နှင့် ပုသိမ်ဆရာတော်ကို ပေးတော်မူလေ သည်။ တောင်တော်ဆရာတော်ကား ရွှေကျင်ဆရာတော်ထက် နှစ်အနည်းငယ်ကြီးသော်လည်း ရွှေကျင်ဆရာတော်၏ သီလ သမာဓိ ပညာဂုဏ်တို့ကို လေးမြတ်သဖြင့် ရွှေကျင်တိုက်မ၌ ရောက်ရှိ၍ ပညာသင်ကြားခဲ့ဖူးခြင်း ဖြစ်လေသည်။

တောင်တော်ဆရာတော်နှင့် ပုသိမ်ဆရာတော်တို့သည် မိုးလှိုင်မင်းသား, တောင်ညိုမင်းသား, ရွှေဂူမင်းသား, သာဂရမင်းသား, သီပေါမင်းသားတို့ကို ရှင်သာမဏေဝတ်ဖြင့် စာပေသင်ကြားပို့ချတော်မူကြရလေသည်။ တစ်ဝါဆိုပြီးသောအခါ ပုသိမ်ဆရာတော်ပြန်ကြွ သဖြင့် တောင်တော်ဆရာတော်တစ်ပါးတည်းသာ နန်းဦးကျောင်း၌ အမြဲသီတင်းသုံးတော်မူ၍ စာပေသင်ကြား ပို့ချပေးတော်မူလေသည်။

## သာသနာပြုတော်မူခြင်း

ရှမ်းကလေးကျွန်းဆရာတော် အရှင်နန္ဒသည်လည်း သီလဝန္တ သိက္ခာကာမရှိသောဆရာတော် ဖြစ်တော်မူသည်။ ရွှေကျင်ဆရာတော်သည် ဖော်ပြပါ ရှမ်းကလေးကျွန်းဆရာတော်နှင့်အတူ ပဗ္ဗာဇနီယကံပြုသင့်ပြုထိုက်သော ရဟန်းတို့ကို ပဗ္ဗာဇနီယကံပြုတော်မူ၍ သာသနာပြုတော်မူခဲ့လေသည်။ မန္တလေးမြို့၌လည်း ၁၂၃၃-ခုနှစ် တပေါင်းလဆန်း ၁၃-ရက်နေ့၌ မိမိအားလျှုဒါန်းသော အရှေ့ပြင် မဟာဝိသုဒ္ဓါ

ရာမတိုက်စသော ၁၂-ရပ်သော တိုက်တော်တို့ကိုလည်း တပည့်ကြီးများအား လွှဲအပ်ချီးမြှင့်တော်မူ၍ သာသနာပြုတော်မူခဲ့လေသည်။

## တောရကျောင်း၌ ကိန်းအောင်းမွေ့လျော်ခြင်း

ဆရာတော်ဘုရားကြီးသည် ကိန္နရာတောင်, ရေတံခွန်တောင်, ငစဥ့်ကိုတောရ, ကုက္ကိုချောင်တောရတို့ကို ထွက်ကြွတော်မူ၍ ဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းပွားများတော်မူခဲ့လေသည်။ ၁၂၃၈-ခုနှစ်၌ မလွန်မြို့ မင်းလှရွာ အရှေ့တောင် မြစ်တဖက် ဝါးရုံချောင် နွားလန်တောရကျောင်း၌ ဝါကပ်တော်မူ၍ ဝိပဿနာဓုရကို ကြိုးပမ်းတော်မူခဲ့လေသည်။

## သီဟိုဠ်ကျွန်းသို့ ကြွတော်မူခြင်း

၁၂၄၀-ပြည့်နှစ် သီဟိုဠ်ကျွန်းသို့ ကြွရောက်ဝါကပ်တော်မူ၍ ဘုရားမြတ်စွာစွယ်တော်ကို ဖူးမြော်တော်မူခဲ့လေသည်။ ၎င်းပြင် ကိုလံဘိုမြို့အနီးရှိ ကလျာဏီစေတီတော်, အနုရာဓမြို့ရှိ သံဃမိတ္တာဗောဓိပင်, ထူပါရာမစေတီ, မဟာစေတီ, မရိစဝဋ္ဋိစေတီ, စေတိယတောင်ရှိ စေတီပုထိုးများ စသည်တို့ကို ဖူးမြော်တော်မူခဲ့သည့်ပြင် သီဟိုဠ်ရဟန်းတော်များနှင့် သာသနာရေးကိစ္စများ ဆွေးနွေးခြင်း, ဒကာဒကာမတို့အား တရားဓမ္မဟောပြောခြင်း စသည်တို့ကိုလည်း ပြုတော်မူခဲ့လေသည်။

## ပဥ္စမသံဂါယနာတင် မင်းတရားကြီး နတ်ရွာစံခြင်း

ရွှေကျင်ဆရာတော်ဘုရားကြီး သီဟိုဠ်ကျွန်း (သီရိလင်္ကာ)၌ ဝါကပ်တော်မူစဉ် သက္ကရာဇ် ၁၂၄၀-ပြည့်နှစ် သီတင်းကျွတ်လဆန်း ၆-ရက် အင်္ဂါနေ့တွင် ပဥ္စမသံဂါယနာတင် ဘဝရှင်မင်းတုန်းမင်း

တရားကြီး နတ်ရွာစံတော်မူသည်။ မိဖုရားခေါင်းကြီးကား သက္ကရာဇ် ၁၂၃၈-ခုနှစ်ကပင် နတ်ရွာစံခဲ့လေသည်။ ၁၂၄၀-ပြည့်နှစ် ဝါခေါင်လ၌ မင်းတရားကြီး ကျန်းမာတော်မမူသဖြင့် မှူးမတ်တို့အား နန်းစဉ်ပေးမြဲ သစ္စာတော်ပြန်တမ်းတွင် "ငါ့ကိုသာ အရှင်မှတ်၊ ငါမှတပါး ငါညွှန်ပြသသည်ကိုသာ အရှင်မှတ်"ဟူသော စကားခွန်းကို ထည့်သွင်း၍ ရွှေနန်းတော်ကြီး နန်းဦးဘုရားရှေ့တော်တွင် ဝါခေါင်လဆန်း ၁၂-ရက်နေ့ နာခံတော်နေမျိုးမင်းစည်သူကို သစ္စာတော်ပြန်တမ်း ဖတ်လျှောက်စေ၍ သစ္စာတော်ပေးသည်။ တော်သလင်းလတွင် မှူးတော်မတ်တော်တို့ တိုင်ပင်၍ သီပေါမြို့စားမင်းသားကို မင်းအဖြစ်သို့ တင်မြှောက်အပ်နှင်းကြသည်။ မင်းတရားကြီးသည်လည်း ရောဂါတိုးတက်ကာ သီတင်းကျွတ်လဆန်း ၆-ရက် အင်္ဂါနေ့တွင် နတ်ရွာစံတော်မူခဲ့လေသည်။

## သီပေါမင်းပင့်လျှောက်သဖြင့် နေပြည်တော်ကြွ သီတင်းသုံးခြင်း

ပဉ္စမသံဂါယနာတင် မင်းတုန်းမင်းတရားကြီး နတ်ရွာစံတော်မူပြီးနောက် သားတော်အိမ်ရှေ့မင်း သီပေါမြို့စား မင်းသားသုသီရိမဟာဓမ္မရာဇာသည် သက္ကရာဇ် ၁၂၄၀-ပြည့်နှစ် သီတင်းကျွတ်လဆန်း ၁၃-ရက်နေ့တွင် ခမည်းတော်၏အရိုက်အရာ ရွှေထီးရွှေနန်းကို သိမ်းပိုက်စိုးစံတော်မူခဲ့လေသည်။ ခမည်းတော်ဘုရား၏ အလယ်နန်းမိဖုရားတွင်မြင်သော သမီးတော် မြတောင်မြို့စားကို အဂ္ဂမဟေသီမိဖုရားကြီး အရာမြှောက်စားတော်မူသည်။ ရွှေကျင်ဆရာတော်ဘုရားကြီးသည် သီပေါမင်းသား ပင့်လျှောက်သဖြင့် ၁၂၄၃-ခုနှစ်တွင် ရတနာပုံနေပြည်တော်သို့ ကြွရောက်သီတင်းသုံးတော်မူခဲ့လေသည်။

## သံဃဦးကိုင် သာသနာပိုင်တံဆိပ်ဖြင့် ၉-ဌာန သာသနာပြု လွှဲအပ်ခြင်း

သီပေါမင်းတရားသည် သက္ကရာဇ် ၁၂၄၃-ခုနှစ်တွင် သာသနာမှူး သာသနာရေးရာနှင့် ပတ်သက်၍ အုပ်ချုပ်စီမံရန် ရွှေကျင်ဆရာတော်ဘုရားကြီးအား "ဇာဂရာဘိဓဇသဒ္ဓမ္မဝံသဓမ္မသေနာပတိ အတုလာဓိပတိသိရီပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်း၍ သာသနာပြုအပ်တော်မူခဲ့လေသည်။ တောင်တော်ဆရာတော် အရှင်မာလာအားလည်း "မာလာလင်္ကာရသာသနဓဇ ဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော် ဆက်ကပ်၍ သာသနာပြုအပ်တော်မူခဲ့လေသည်။

## သာသနာပိုင်မြှောက်သည့်စာတမ်း

သာသနာပြု သာသနာပိုင်မြှောက်သည့်စာတမ်းကို အောက်ပါအတိုင်း ဖတ်ရှုရာ၏။

သာသနာရေး သာသနာမှူးဆိုသည့်အရာသည် ရဟန်း ရှင်လူ ပြည်သူသတ္တဝါအပေါင်းတို့ နတ်ရွာလမ်းကြောင်း ကောင်းမြတ်သော လောကီလောကုတ္တရာ အကျိုးစီးပွား များပြားပြည့်စုံရန်ဖြစ်၍ သာသနာပြု တိုင်းပြုပြည်ပြုသော မင်းကောင်းမင်းမြတ်တို့ အထူးသဖြင့် အားထုတ်ဆောင်ရွက်မြဲဖြစ်သည်။ [၁]

ငါအသျှင် ဧကရာဇ်မင်းမြတ်သည်လည်း ရွှေထီးရွှေနန်း တိုင်းပြည်နိုင်ငံအလုံးကို တရားသဖြင့် သိမ်းကြုံးစိုးအုပ်တော်မူသည် ကစ၍ သာသနာ တိုင်းပြည်ပွားစည်တိုးတက်အောင် ဆောင်ရွက်ရန် နှစ်ပါးတွင် မြင့်မြတ်ကဲလွန်သော လောကီလောကုတ္တရာတရား အကျိုး စီးပွားကို ပြီးစေခြင်းငှာ ခမည်းတော်ပဉ္စမသံဂါယနာတင် မင်းတရားကြီးဘုရားလက်

---

၁။ မန္တလေးသာသနာဝင်။ ၁၊ ၁၃၇-ကြည့်။

ထက် သာသနာပြု သုဓမ္မာဝင်အပ်တော်မူသည့်အတိုင်း တံဆိပ်တော်ရ ဆရာတော်ကြီး ၁၂-ပါးကို သာသနာပြု သုဓမ္မာဝင် အပ်တော်မူသည်။

သို့ ချီးမြှင့်ပြုစုပြီးနောက်လည်း ကြောင့်ကြမဲ့ လျစ်လျူမဖြစ်စေမူ၍ သာသနာတော်ရေး သာသနာမှုများကို သုဓမ္မာဝင်ဆရာတော်တို့နှင့် ညှိနှိုင်းတိုင်ပင်ဆွေးနွေးတော်မူရာ သာသနာတော်မြတ် အတိုင်းထက်အလွန် စည်ပင်ပြန့်ပွားရန် အကြောင်းဖြစ်က သင့်မြတ်ရာရာ ချီးမြှင့်ပြုသင့်တော်မူသင့်ကြောင်းနှင့် သုဓမ္မာဝင်ဆရာတော်တို့က အခွင့်ပြုကြ၍ ရှိသော်လည်း သာသနာတော်ရေး သာသနာတော်မှု ဖြစ်၍ နှိုင်းချိန်ဆေးလေးစွာ ပြုသင့်သည့်အတိုင်း ဆောဆောလျှင်လျှင် ပြုပြင်တော်မမူပဲ သီရိဓမ္မာသောကစသော ရှေးသာသနာပြုမင်းကောင်းမင်းမြတ်တို့တံထွာ ရာဇာဘိသေက, မုဒ္ဓါဘိသေက မဟာသဘင် ယင်တော်မူပြီးမှ သာသနာတော်ရေး သာသနာတော်မှုကို အထူးချီးမြှင့်တော်မူမည် ရည်သန်ငံ့လင့်တော်မူသည်နှင့်အညီ-

မင်းသာမန်တို့ ခံဝံ့ခဲသော ရာဇာဘိသေကမုဒ္ဓါဘိသိက်သွန်း၍ ပြီးပြေသည်ရှိသော် သာသနာတော်ရေး, သာသနာတော်မှု ပြုစုချီးမြှင့်တော်မူရန်များကို သုဓမ္မာဝင်ဆရာတော်တို့ ခွင့်ပြုရင်းရှိသည့်အတိုင်း သာသနာတော်မြတ်ကို ဓမ္မစက်ဖြင့် ကောင်းစွာအားထုတ်ဆောင်ရွက်ရန် လဇ္ဇီပေသလ သိက္ခာကာမ ဝိနယဆေက နိစ္ဆယညူ နိစ္ဆယကောသလ္လ သီလဝိသုဒ္ဓိဂုဏ်ထူးရှိသော "ဇာဂရာဘိဝံသကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်တော်ရ ရွှေကျင်ဆရာတော်, "မာလာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်တော်ရ တောင်တော်ဆရာတော်မြတ် နှစ်ပါးကို သာသနာပြုအပ်တော်မူသည်။

ရွှေပြည်တော်မှစ၍ နိုင်ငံတော်အတွင်း သီတင်းသုံးနေသည့် ရဟန်းသံဃာတော်တို့တွင် ဝိနည်းဓမ္မကံကြောင်းအလျှောက် ဆုံးဖြတ်စီရင်ရန် ရှိသည်များကို သာသနာပြုဆရာတော် ၂-ပါးက ဆုံးဖြတ်စီရင်စေ၊ အမိန့်တော်ပြန်တမ်းကိုလည်း သုဓမ္မာတော်တွင် ပြန်ဆိုမြဲပြန်ဆိုစေ။

၁၂၄၃-ခုနှစ် ကဆုန်လပြည့်ကျော် ၁၁-ရက်နေ့ နံနက် ညီလာခံဆောင်တော်ရှေ့ စနုဆောင်တွင် အမိန့်တော်။

အတွင်းဝန်မင်းမြို့စားမင်း, အတွင်းဝန်တိုင်းတာမြို့စားမင်း, အတွင်းဝန်ပေါက်မြိုင်မြို့စားမင်း, အတွင်းဝန်မြို့သစ်မြို့စားမင်း, အတွင်းဝန် လှေသင်းဝန်စလေမြို့စားမင်းတို့ ရှေ့သံတော်ဆင့်အဝေးကျိဝန် မဟာမင်းခေါင် ရာဇမှတ်နာခံတော်ကြီး ဦးပျားပြန်။ [၁]

## ရွှေကျင်ဆရာတော်ဘုရားကြီး တာဝန်ယူအုပ်ချုပ်သည့် ၉–ဌာန

ရွှေကျင်ဆရာတော်ဘုရားကြီး တာဝန်ယူအုပ်ချုပ်ရသော ၉-ဌာနကား အောက်ပါအတိုင်း ဖြစ်လေသည်။

### ပဌမဌာန

အာလောကာဘိဓဇအတုလာဓိပတိသိရီပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု စသည့်ဘွဲ့တံဆိပ်တော် ၃-ထပ်ရ မြတောင်ဆရာတော်ဘုရားကြီး အရှင်အာလောကကို မြောက်လားသော် မတ္တရာစဉ့်ကူးမြို့, တောင်လားသော် မြစ်ငယ်, အရှေ့လားသော် တောင်ခြေ, အနောက်လားသော် ဧရာဝတီအထိ ရွှေမြို့တော်မြတောင်တိုက်ကနေ၍ သာသနာပြုတော်မူစေသည်။ မြတောင်ဟူသည် ရွှေကျင်ငါးတိုက်အပါ အဝင် မြောက်ပြင်မြတောင်တိုက် ဖြစ်သည်။ မြတောင်ဆရာတော် အရှင်အာလောကသည် နောက်မှ သီပေါမင်း မိဖုရားတို့က ဆောက် လုပ်လှူဒါန်းသော အနောက်ပြင် မြတောင်တိုက်သို့ ပြောင်းရွှေ့ သီတင်းသုံးတော်မူသည်။ [၂]

---

၁။ ရွှေကျင်နိကာယသာသနာဝင်၊ ၉၅-၆။

၂။ မန္တလေးသာသနာဝင်၊ ၈။ မြတောင်သာသနာဝင်ကြည့်။

## ဒုတိယဌာန

"ဝိစာရာလင်္ကာရဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်ဝိစာရကို အင်း၀ ပျင်စည် ကနား မြို့သာ ဖောင်ကျင်း လယ်တွင်း ၉-ခရိုင် အရှေ့ကို ရှေ့ပြည်ရန်အောင် အနောက်တောင်သာ ညောင်အုပ် နွားထိုးကြီး လှိုင်းတက် သာဂရ မြို့နယ်များ၌ ကျောက်ဆည်မြို့ ဇော်ဂျီမြစ်ဆိပ်သာသနာပြုကျောင်း ကနေ၍ သာသနာပြုတော်မူသည်။

## တတိယဌာန

"ဝါယာမဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်ဝါယာမကို ညောင်ရမ်း ယင်းတော် ရနောင် ထရံ ကာမြို့ဝတီး ငှက်သိုက်အစရှိသော ရမည်းသင်းငါးမြို့နှင့် ပျဉ်းမနား မြို့နယ်များတို့၌ ရမည်းသင်းမြို့ကျောင်းကနေ၍ သာသနာပြုစေတော် မူသည်။

## စတုတ္ထဌာန

"ဝိသုဒ္ဓါစာရာဘိဓဇာဓိပတိသိရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီး အရှင်ဝိသုဒ္ဓ ကို ပန်းတလည်း မိတ္ထီလာ ပင်း နတ်မောက် ကျောက်ပန်းတောင်း တောင်တွင်းကြီးမြို့နယ်များ၌ အရှေ့တောင် မဟာမေဃဝန်ကျောင်း တော်ကနေ၍ သာသနာပြုစေတော်မူသည်။ မဟာဝိသုဒ္ဓါရာမဆရာ တော်ဘုရားကြီးသည် ဝါဆိုမိ ရတနာပုံမြို့တော်သို့ ပြန်ကြွလာတော် မူ၍ "သောဘနာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ သာဘန်းဆရာတော် အရှင်သောဘနအား လွှဲအပ်တော်မူခဲ့လေသည်။

## ပဉ္စမဌာန

မင်းလှဆရာတော် အရှင်သုန္ဒရကို ဧရာဝတီမြစ်အရှေ့ဖက်ကမ်း တရုတ်မြို့ မြင်းခြံမြို့ ပုပ္ပား စလေ ပုဂံ ပခန်းငယ် ကြေးမြင်ရေနံချောင်း ဝက်မစွတ် မြစ်ကွေ့ မြင်ကွန်း ပတ္တနဂိုရ် တောင်ခွင်မြေထဲ ဆင်ပေါင်ဝဲမြို့များနှင့် အနောက်ဖက်ကမ်း ပခန်းကြီးတောင်လက် စလင်း လယ်ကိုင်း စကု မလွန် မင်းတုန်း မဖဲ စေတုတ္တရာလောင်းရှည်စသော မြို့နယ်များ၌ မင်းလှကျောင်းကနေ၍ သာသနာပြုစေတော်မူသည်။

## ဆဋ္ဌဌာန

ပုံတောင်ပုံညာဆရာတော် အရှင်သုဝဏ္ဏနှင့် အရာတော်ဆရာတော် အရှင်သောမကို ချင်းတွင်းမြစ်အနောက်ဖက်ကမ်း ပခန်းကြီးမြောက်လယ် ယော ဆော ဗန့်ကျီ ကန္နီ မင်းကင်း ကလေးသောင်သွယ် မြစ်အရှေ့ဖက်ကမ်း အနိမ့်အမြင့် အလုံ ကနဲ ကဒူးခမ်းပ မိုင်းကိုင် ဖိုင်းဂနိုင်းအစရှိသော မြစ်စဉ်ဝဲယာမြို့များ၌ အလုံသာသနာပြုကျောင်းကနေ၍ သာသနာပြုစေတော်မူသည်။

## သတ္တမဌာန

"ဣန္ဒာဘိဓဇသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ထရံကာဆရာတော် အရှင်ဣန္ဒကကို စစ်ကိုင်း ရွှေဘိုကျောက်မြောင်း ငရနဲခေါ် သာနီ (-ခေါ် သန္နီ) ထန်းတပင်အစရှိသော ပဉ္စာလငါးမြို့ ဒီပဲယင်းမြို့များကို ရွှေဘိုကျောင်းတော်ကနေ၍ သာသနာပြုစေတော်မူသည်။

## အင္ဂမဌာန

"ဇယန္တာဘိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ခေါ်တောဆရာတော် အရှင်ဇယန္တကို အထက်ဧရာဝတီမြစ် အနောက် ဖက်ကမ်းမလယ် ချွန်းတောင် ထီးချိုင့် ကသာ မိုးကောင်း မိုးညှင်း မြစ်ကြီးနား အရှေ့ဖက်ကမ်း စမ္ပာနဂိုရ် ကြံညှပ် တကောင်း မြတောင် ယင်းခဲ ရွှေဂူ စာဝတီး ကောင်းတုံ ဗန်းမော်အစရှိသော မြို့နယ်များ၌ ဗန်းမော်မြို့ ရွှေကျင်ကျောင်းတော်ကနေ၍ သာသနာပြုစေတော်မူ သည်။

## နဝမဌာန

နဝမဌာနမှာ ရှမ်းပြည်တောင်ပိုင်း မြောက်ပိုင်း ဖြစ်သည်။ အကြောင်းမညီညွတ်သဖြင့် တပြိုင်နက် သာသနာပြုမလွှတ်နိုင်သေး ချေ။

## ပင်ပန်းစွာ ခြေလျှင်ကြွ သာသနာပြုခဲ့ကြခြင်း

ဖော်ပြပါ ရှစ်ဌာနတို့ကို သာသနာပြုကြွတော်မူကြသော ခေါင်းဆောင်ဆရာတော်ကြီးများမှာ တဌာန တဌာန၌ စာချပုဂ္ဂိုလ် နှစ်ပါးစီနှင့်တကွ နောက်သံဃာ ၁၅-ပါးစီ, စာရေးကြီးတစ်ယောက်, စာရေးငယ်နှစ်ယောက်, ဆွမ်းချက်ကပ္ပိယနှစ်ယောက်စီဖြင့် အသီးအသီး မိမိတို့နယ်ပယ်ဆိုင်ရာ မြို့များသို့ မြစ်ကြောင်းဖြစ်လျှင် လှေ သင်္ဘော ဖြင့် ကုန်းကြောင်းဖြစ်လျှင် လှည်းပေါ်တွင် အထုပ်အပိုးတင်၍ ပင်ပန်းစွာ ခြေလျှင်ကြွတော်မူကြသည်။

ဇိနသာသနစက္ကဿ၊ ဝုဒ္ဓိယာ ကတနိစ္ဆယာ။
တဟိံ တဟိံ အဂစ္ဆိံသု၊ ထေရာ သာသနဘာရဓာ။

## ကြွကြပုံ သာသနာပြုကြပုံ
## အစီအစဉ်

သက္ကရာဇ် ၁၂၄၃-ခုနှစ် ကဆုန်လပြည့်ကျော် ၅-ရက်နေ့တွင် နံနက်ဆွမ်းကို တိုင်းတာတိုက်ဝယ် တိုင်းတာဝန်က ဆက်ကပ်၍ နေ့ဆွမ်းကို အိမ်တော်ရာဘုရားမှာ အနောက်ပြင် ဆောင်မှူး[၁] အစရှိသော အရာရှိများက ကပ်လှူကြသည်။ အောက်အကြောကြွမည့် ဆရာတော်များသည် စကြာရေမွန်သင်္ဘောသို့ကြွ၍ ညကျိန်းစက်တော်မူကြရသည်။ အထက်အညာသို့ ကြွမည့်ဆရာတော်များသည် ဗန်းမော်ဆန်မည့်သင်္ဘောသို့ ကြွတော်မူ၍ ညကျိန်းတော်မူကြရသည်။ ၆-ရက်နေ့နံနက်တွင် သင်္ဘောများထွက်ကြသည်။ ဗန်းမော်ဆန်သော သင်္ဘောမှ သာသနာပြုဆရာတော်များသည် ရောက်ရာအရပ်ဒေသ တို့၌ ရွှေကျင်ဆရာတော်ဘုရားကြီး၏ အမိန့်တော်အာဏာတော် ဆင့်စာများကို ဖတ်ကြားဆုံးမကာ ဩဝါဒပေးတော်မူကြလျက် ဗန်းမော်သို့ အရောက်ကြွတော်မူကြသည်။

အောက်သို့စုန်သော စကြာရေမွန်သင်္ဘောမှာ စစ်ကိုင်းမြို့၌ တနေ့တညဉ့်ရပ်နားလျက် သာသနာပြုဆရာတော်များ အမိန့်တော် ဖတ်ကြား ဩဝါဒများပေးတော်မူရသည်။ (၇)အမှတ် သာသနာပြုဌာန သာသနာပြုထရံကာဆရာတော်တို့သည် စစ်ကိုင်းမြို့၌ ဆင်းတော်မူကြ၍ ရွှေဘိုသို့ ကုန်းလမ်းခရီးဖြင့် ကြွတော်မူကြသည်။ (၇)ရက်နေ့နံနက် အင်းဝမြို့၌ သင်္ဘောဆိုက်ကပ်ပြီးလျှင် ဩဝါဒပေးတော်မူကြကာ (၂)အမှတ်သာသနာပြုဌာန သာသနာပြုဆရာတော် အရှင်ဝိစာရ၊ (၃)အမှတ်သာသနာပြုဌာန သာသနာပြုဆရာတော် အရှင်ဝါယာမတို့သည် အင်းဝဆိပ်ကမ်းမှာ သက်ဆင်း၍ ဆိုင်ရာမြို့နယ်များသို့ ကုန်းလမ်းခရီးဖြင့် ကြွတော်မူကြလေသည်။

---

၁။ အနောက်ပြင် အဆောင်မှူးဟူရာ၌ အနောက်ပြင်ကို စောင့်ရှောက်ရန် ခန့်အပ်ထားသည့် လူတစ်ထောင်တို့၏ အကြီးအမှူးဟူ၏။ ထိုစဉ်က ၄-ပြင်လုံး ဤကဲ့သို့ခန့်ထားသည်ဟူ၏။

စကြာရေမွန်သဘော်သည် အင်းဝမှ ဆက်လက်စုံဆင်းခဲ့ရာ ၈-ရက်နေ့ မြင်းခြံသို့ရောက်၍ ၉-ရက်နေ့တွင် အမိန့်တော်ဖတ်ကြား တော်မူကြသည်။ ယင်းသည့် ၉-ရက်နေ့၌ပင် ကွမ်းရွာအရောက်စုံ၍ ၁၀-ရက်နေ့တွင် ရွှေတန့်တစ်ဘုရားအနီး၌ အမိန့်တော်ကို ဖတ်ကြား တော်မူကြသည်။ (၆)အမှတ်သာသနာပြုဌာန သာသနာပြုဆရာတော် အရှင်သုဝဏ္ဏ, အရှင်သောမတို့သည် ချင်းတွင်းမြစ်ညာသို့ လှေဖြင့် ဆန်တက်၍ ကြွတော်မူကြကုန်၏။ ၎င်းနောက် ပုဂံတဌာန, စလေ တဌာန, ရေနံချောင်းတဌာန, မင်းဘူးတဌာန, မြစ်ကွေ့တဌာန, မင်းလှဆိတ်ငြိမ်ကျောင်းတဌာန ဤ ၆-ဌာနတို့၌ ရွှေကျင်ဆရာတော် ဘုရားကြီး၏ အမိန့်တော်အာဏာ ဆင့်စာများကို ဖတ်ကြား၍ ဆုံးမ ဩဝါဒပေးကြပြီးလျှင် (၅)အမှတ်သာသနာပြုဌာန သာသနာပြုဆရာ တော် အရှင်သုနန္ဒနှင့်တကွ (၄)အမှတ်သာသနာပြုဌာန မဟာဝိသုဒ္ဓါ ရာမဆရာတော်တို့သည် တပည့်ပရိသတ်ခြံရံလျက် မင်းလှအရှေ့ မြစ်တဖက် မြင်ကွန်းနယ် တိုင်ပြောက်ရွာသို့ကူးပြီးလျှင် စိုက်ကျ ရော်တော သစ်ရာခေါက် ကျောက်အိုင် ဝက်ချမ်းကန် ကုက္ကိုခွ နားချောင်းကျ ကန်ရေအစရှိသော လမ်းရှိရွာများ၌ နံနက်ဆွမ်း နေ့ ဆွမ်းဘုဉ်းပေးကြပြီးလျှင် ညဥ့်ကျိန်းစက်တော်မူကြကာ နားနားနေနေ ကြွတော်မူရာ ခရီးပေါင်း တစ်သောင်းခြောက်တိုင် ရောက်တော်မူကြ ကုန်၏။ ၁၂၄၃-ခုနှစ် နယုန်လဆန်း ၁၄-ရက်နေ့တွင် တောင်တွင်း ကြီးမြို့တော် မျက်နှာအရှေ့တံခါး ရွှေပွင့်လှဘုရားအနီး၌ မင်းဧကရာဇ် အမိန့်တော်ဖြင့် အခွန်ဝန် တောင်တွင်းကြီးဦးမောင်မောင်, သစ်တော ဝန်ကြီးဦးလူကြီး အစရှိသော အရာရှိများ ဆောက်လုပ်ထားနှင့်သော သာသနာပြု မေဃဝန်ကျောင်းတော်သို့ နေ့ဆွမ်းမီ ဆိုက်ရောက်တော် မူကြကုန်၏။

## ခမ်းနားသိုက်မြိုက်စွာ ကြိုဆိုကြခြင်း

သာသနာပြုဌာနတိုင်းတို့၌ လွှတ်တော်ကဆင့်ဆိုပြီးဖြစ်၍ သာသနာပြုကျောင်းတော်၌ သက်ဆိုင်ရာ ရဟန်းရှင်လူပုဂ္ဂိုလ်များ အဆင်သင့်ရှိနှင့်ကြလေသည်။ အမိန့်တော်အာဏာသြဝါဒစာများကို ဖတ်ကြားဆင့်ဆိုမည့်နေ့တို့၌လည်း ဆင့်ဆိုပြီးဖြစ်၍ မဏ္ဍပ်ကန္နားနှင့် တကွ ဆွမ်းကွမ်းစသည်တို့ အဆင်သင့်ပြည့်စုံလျက်ရှိ၏။ မြို့တိုင်းရှိ မြို့ခံပုဂ္ဂိုလ်များသည် သာသနာပြုဆရာတော်များနှင့်တကွ ပါဝင်ကြ၍ တံခွန်, ကုက္ကား, မုလေးပွား, အလံစသည်တို့ဖြင့် ခမ်းနားသိုက်မြိုက်စွာ ကြိုဆိုကြကုန်၏။

## မဟာဝိသုဒ္ဓါရာမဆရာတော်ကြီးပြန်ကြွခြင်း

တောင်တွင်းကြီးမြို့ ပြုလုပ်ဖွယ်ကိစ္စပြီးစီးလျှင် ပန်းတလည်မြို့ အနောက်ဖက် ညောင်ပင်ရွာ ဆရာတော်အရှင်သိရီ, အရှေ့ဖက် သာဘန်းဆရာတော် အရှင်ဝိမလ ဤနှစ်ပါးတို့ကို ပင်း နတ်မောက် ကျောက်ပန်းတောင်း သုံးမြို့တဌာန, မိတ္ထိလာတဌာန, မလှိုင်တဌာန, ငှင်းဌာနတို့၌ အမိန့်တော်များ ဖတ်ကြားဆင့်ဆိုကြရန် စေလွှတ်၍ "သောဘနာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ သာဘန်းဆရာတော် အရှင်သောဘနကို (၄)အမှတ်ဌာန၌ အကြီးအချုပ်အဖြစ် သံဃာအခြံအရံနှင့်တကွ တောင်တွင်းကြီးသာသနာပြုကျောင်း၌ နေရာချထား၍ မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီး သည် သံဃာတော်အချို့နှင့်အတူ စကြာရေမွှန်သင်္ဘောဖြင့် ရွှေမြို့ တော်သို့ ပြန်ကြွတော်မူလေသည်။

## မြန်မာနိုင်ငံအထက်ပိုင်း ရွှေကျင်ဂိုဏ်း

ရွှေကျင်ဆရာတော် အရှင်ဇာဂရသည် ပုဂံမင်းလက်ထက် အမရပူရမြို့တော်သို့ စာသင်ကြွတော်မူစဉ် အမရပူရမြို့ ရဟန်း

သာမဏေတို့ ကျင့်ကြံနေထိုင်ပုံများ သိခဲ့ရပြီး ပညာသင်ကြားခြင်းကိစ္စပြီးသဖြင့် သက္ကရာဇ် ၁၂၁၃-ခုနှစ်လောက်တွင် ဇာတိချက်ကြွေမွေးရပ်မြေဖြစ်သည့် ရွှေဘိုမြို့နယ် ရွှေကျင်ရွာသို့ ပြန်ကြွတော်မူရာ စစ်ကိုင်းမြို့ ရွာထောင်ရွာအနီး တောလမ်းခရီးအကြားတွင် မင်းတုန်းမင်းသား, မင်းတပ်မင်းသားတို့နှင့် တွေ့ဆုံမိကြလေ၏။ ထိုအခါ မင်းတုန်းမင်းသားက "အရှင်ဘုရား. . . အရှင်ဘုရား. . . အရှင်ဘုရားသည် ရွှေဘိုမှ အောင်မြေနင်းပြီးလျှင် မြို့တော်သို့ ပြန်ကြွသာသနာပြုတော်မူပါ"ဟု လျှောက်လေသည်။ ထိုအခါ ရွှေကျင်ဆရာတော်က "အိုမင်းသား. . . မင်းကောင်းမင်းမြတ် သာသနာတော်စောင့် သမ္မုတိမင်းများ ပေါ်ပေါက်လာလျှင် ကောင်းမည်ဟု ထင်ယူခဲ့ပေသည်"ဟု ပြန်လည်မိန့်ကြားတော်မူခဲ့လေသည်။

## မန္တလေးနေပြည်တော်သို့ ကြွတော်မူခြင်း

မင်းသားများသည် ဆရာတော် နေရပ်လိပ်စာအပြည့်အစုံ မေးလျှောက်မှတ်သားပြီး လမ်းခွဲကာ ရွှေဘိုသို့ ဆက်လက်သွားကြသည်။ မင်းတုန်းမင်းသားသည် ရွှေဘိုမှအပြန် နောင်တော်ပုဂံမင်းကို နန်းချပြီး ရာဇာဘိသိက်ခံယူမင်းပြု၍ ညီတော်မင်းတပ်(ကနောင်)မင်းသားကို အိမ်ရှေ့မင်းအရာ အပ်နှင်းတော်မူလေသည်။

မင်းတုန်းမင်းသားသည် သက္ကရာဇ် ၁၂၂၀-ခုနှစ်တွင် ရတနာပုံမန္တလေးမြို့တော်ကြီး တည်ထောင်ပြီးစီး၍ ပြောင်းရွှေ့စံနေ သော် ရွှေကျင်ဆရာတော်ထံ အမတ်များစေလွှတ်၍ ရွှေမြို့တော်သစ် သို့ ကြွရောက်သီတင်းသုံး သာသနာပြုတော်မူပါရန် ပင့်လျှောက်စေလေသည်။ ဆရာတော်သည် ငြင်းပယ်တော်မူလေသည်။ သို့ဖြစ်၍ မင်းတုန်းမင်းတရားသည် ရွှေကျင်ဆရာတော်၏ မယ်တော်ခမည်းတော်တို့ကို ရှေ့တော်သို့ ခေါ်စေ၍ သားဖြစ်သူရွှေကျင်ဆရာတော်ကို နေပြည်တော်သို့ ကြွရောက်သီတင်းသုံးရန် ပင့်ဆောင်ပေးရန် မိန့်ကြားစေခိုင်းသဖြင့် မန္တလေးမြို့တော်သစ်သို့ ကြွရောက်တော်မူခဲ့လေသည်။

ထိုအခါ မင်းတရားသည် ဆရာတော်ကြိုက်နှစ်သက်သည့် မန္တလေး တောင် မြောက်ဖက်နေရာ၌ မဟာဓမ္မိကာရာမတိုက်နှင့်တကွ ရွှေကျောင်း ငါးတိုက်ကို တည်၍ လှူဒါန်းတော်မူခဲ့လေသည်။ ဤသို့စသည်ဖြင့် မန္တလေးမှစ၍ မြန်မာနိုင်ငံအထက်ပိုင်း၌ ရွှေကျင်နိကာယ စတင်ထွန်း ပေါ်ခဲ့လေသည်။

## မြန်မာနိုင်ငံအောက်ပိုင်း ရွှေကျင်ပျံ့နှံ့ခြင်း

အောက်ရပ်ဌာနီမှ ပုဂံတောင်ဆရာတော် အရှင်ကေလာသ နှင့် ပဲခူးဟံသာဝတီဆရာတော် ဦးသီလတို့သည် မန္တလေးမြို့တော်သို့ ကြွရောက်တော်မူ၍ ရွှေကျင်ဆရာတော်ဘုရားကြီးထံ ရောက်ရှိ၍ ရွှေကျင်ဆရာတော်ဘုရားကြီးကို ဖူးမြော်ရလေလျှင် လွန်စွာနှစ်သက် အားရမ်း ရွှင်လန်းဝမ်းမြောက်တော်မူကြလေသည်။ ရွှေကျင်ဆရာတော် ဘုရားကြီးအနီး၌ နိဿယည်း, ဩဝါဒအရပ်ရပ်ကို ခံယူမှတ်သားကြ ပြီးလျှင် နေရင်းဌာနသို့ ပြန်ကြွတော်မူလေသည်။

ပဲခူးဟံသာဝတီသို့ရောက်လျှင် ဘုန်းတော်ကြီးဦးသီလ၏ ငယ်ဆရာများဖြစ်ကြသော ဆရာတော်ဦးပုံ, ဦးရှမ်းကြီးစသော ဆရာ တော်များအား အကျိုးအကြောင်းလျှောက်ထားလေရာ ဘုန်းကြီးဦးပုံနှင့် ဦးရှမ်းကြီးတို့သည် မိမိတို့နေရင်းကျောင်းများနှင့် ရွာကိုပါ စွန့်၍ တောရဆောက်တည်တော်မူကြသည်။ ထိုအခါမှစ၍ ဘုန်းတော်ကြီး ဦးသီလကို အကြောင်းပြု၍ အောက်မြန်မာနိုင်ငံတော်၌ အရညဝါသီ ရွှေကျင်ဂိုဏ်းဟူ၍ ပေါ်ထွန်းလာလေသည်။ [၁]

---

၁။ တောရဂိုဏ်းနှင့်စပ်၍ သိမှတ်ဖွယ်အကျယ် ကလျာဏီသာသနာဝင် လည်းကြည့်။

## သီဟိုဠ်၊ ယိုးဒယားနိုင်ငံများ၌ ပျံ့နှံ့ခြင်း

နောက်တွင် ရဟန်းတော်အရှင်သီရိဓမ္မစသည်တို့၏ ကြိုးပမ်းမှုကြောင့် သီဟိုဠ်နိုင်ငံ (သီရိလင်္ကာနိုင်ငံ)၌လည်းကောင်း, ယိုးဒယားဘန်ကောက်မြို့၌ ဝပ်ပလုပ်ကျောင်းဆရာတော် စသူတို့၏ ကြိုးပမ်းမှုကြောင့် ယိုးဒယားနိုင်ငံ၌လည်းကောင်း ရွှေကျင်ဂိုဏ်းသည် ပျံ့နှံ့ခဲ့လေသည်။

## ရွှေကျင်ဂိုဏ်းနှင့် တောရဂိုဏ်း

ရွှေကျင်ဆရာတော်ဘုရားကြီးသည် မန္တလေးမြို့မှ သက္ကရာဇ် ၁၂၅၅-ခုနှစ်တွင် နောက်ပါသံဃာများနှင့် ပဲခူးမြို့သို့ ကြွရောက်တော်မူလာ၏။ ထိုအခါတွင် ပဲခူးတောရသံဃာများနှင့် တွေ့ဆုံနှီးနှော ဆွေးနွေး၍ အစေ့အစပ်ဖြစ်လေသည်။ ပဲခူး ရွှေကျင် ဝမ်းပေတော ကျိုက်ထို သထုံ မော်လမြိုင်အစရှိသော မြို့နယ်တို့၌ ပျံ့နှံ့လျက်ရှိသော အောက်မြန်မာနိုင်ငံ တောရဂိုဏ်းသည်လည်းကောင်း, အထက်မြန်မာနိုင်ငံ ရွှေကျင်ဂိုဏ်းသည်လည်းကောင်း ရည်ရွယ်ချက်ဆန္ဒချင်း တူညီကြသည်။

## ပဥ္စမသံဂါယနာတင် မင်းတုန်းမင်းတရားကြီးက များစွာကြည်ညိုခြင်း

ပဥ္စမသံဂါယနာတင် မင်းတုန်းမင်းတရားကြီးသည် ရွှေကျင်ဆရာတော်အား များစွာကြည်ညိုခဲ့လေသည်။ ရွှေကျင်ဆရာတော်သည် မင်းတုန်းမင်းတရားအား သင့်တင့်လျောက်ပတ် ကောင်းမြတ်သော အဆုံးအမဩဝါဒကို မင်းတရားနှင့်တွေ့ကြုံတိုင်း မိန့်ကြားလေ့ရှိသဖြင့် များစွာကြည်ညိုခြင်း ဖြစ်လေသည်။ သို့နှင့် မင်းတုန်းမင်းတရားသည် ရွှေကျင်ဆရာတော်အား သာသနာပိုင်မြှောက်လိုသည်။ သို့ရာတွင် အကြောင်းအမျိုးမျိုးကြောင့် ဆန္ဒမပြည့်ခဲ့ပါချေ။ အခြားဆန္ဒမပြည့်

သော အရာတခုလည်း ရှိသေးသည်။ အိမ်တော်ပါ မိဖုရားကို အဘိသိက်ခံ အဂ္ဂမဟေသီမိဖုရားခေါင်ကြီး မမြှောက်ရခြင်းဖြစ်သည်။

## ရွှေကျင်ဂိုဏ်း သီးခြားပေါ်လာခြင်း

ရွှေကျင်ဆရာတော်ဘုရားကြီး အရှင်ဇာဂရမဟာထေရ်ဦးစီး ရှေ့ဆောင် ဩဝါဒအနုသာသနီပေး၍ စောင့်ရှောက်သော ရွှေကျင်ဂိုဏ်း, ရွှေကျင်နိကာယဟု သီးခြားထင်ရှား ပေါ်ပေါက်လာခဲ့သည်မှာလည်း ပဉ္စမသံဂါယနာတင် မင်းတုန်းမင်းတရားကြောင့် ဖြစ်လေ သည်။ ရွှေကျင်ဆရာတော်ဘုရားကြီး မန္တလေးမြို့တော်သို့ ကြွရောက်သီတင်းသုံးတော်မူစဉ် ၁၂၂၃-ခုနှစ်လောက်က "ဥေယျဓမ္မာဘိမုနိဝရဉာဏကိတ္တိသိရိဓဇမဟာသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ သာသနာပိုင်ဆရာတော်ဘုရားကြီး အရှင်ဥေယျထံ ၃-ကြိမ်တိုင် အကန်တော့ကြွတော်မူသည်။ သာသနာပိုင်ဆရာတော်သည် ၃-ကြိမ်လုံး စကားမပြောပဲ နေတော်မူသဖြင့် ၃-ကြိမ်လုံးတိုင်ပင်နှီးနှော စကားပြောခွင့်မရပဲ ပြန်ခဲ့ရသဖြင့် နောက်တဖန် သာသနာပိုင်ဆရာတော်ထံ သွားရောက်ချဉ်းကပ်ရန် အာလယပြတ်တော်မူခဲ့လေသည်။

နောက်တွင် ကိစ္စတခုကြောင့် အမိန့်အာဏာဖြင့် ဆင့်ခေါ်လေသည်။ ရွှေကျင်ဆရာတော်ကား မကြွတော့ချေ။ ဆင့်ခေါ်မရ သဖြင့် မဟာဒါန်ဝန်များနှင့် အတင်းအကြပ်ခေါ်မည်ပြုသည်ကို သိ တော်မူ၍ တောသို့ ပြန်နေတော့မည့်အကြောင်း မင်းတရားကြီးထံ ကြွ၍ အကြောင်းပြောကြားရာ မင်းတရားကြီးက မကြွရန် သဘောတော်အတိုင်း ချမ်းသာစွာ မြို့တော်၌ပင် သီတင်းသုံးတော်မူရန် လျှောက်ထားပြီး ရွှေကျင်ဆရာတော်အပေါ်၌ သာသနာပိုင်ဆရာတော်နှင့် သုဓမ္မာက အဆင့်အခေါ်မရှိပါစေနှင့်ဟု အမိန့်ထုတ်လျှောက်ထားပြီးလျှင် ရွှေကျင်ဆရာတော်ကို သုဓမ္မာဂိုဏ်းမှကင်းလွတ်သော ဂဏဝိမုတ်ရွှေကျင်ဂိုဏ်းအဖြစ် သီးသန့်ဖြစ်စေသည်ဟူ၏။

## ရွှေကျင်ဂိုဏ်းဝင်သံဃာ တထောင်ကျော်အား မင်းတရားနှစ်ပါး ထာဝစဉ်ဆွမ်းကပ်လှူဒါန်းခဲ့ခြင်း

ရွှေကျင်ဆရာတော်ဘုရားကြီး၏ အဆုံးအမဩဝါဒကို ကြိုက်နှစ်သက်သဖြင့် ဆရာတော်ဘုရားကြီးထံ လာရောက်တပည့်ခံသည့် ရဟန်းသာမဏေပေါင်း ၁၀၀၀ (တစ်ထောင်)ခန့်ရှိလေသည်။ မဟာမမွိကာရာမရွှေကျင်တိုက်မ၌ သုံးရာကျော်, အရံလေးတိုက်၌ နှစ်ရာကျော်စီ ရှိလေရာ သံဃာတော်တစ်ထောင်ခန့်ရှိသော ဟူ၏။ ထိုတစ်ထောင်ကျော်သော သံဃာတော်အရှင်မြတ်များကို ဆွမ်းမခံစေမူ၍ မင်းတုန်းမင်းတရား, သီပေါမင်းတရား နှစ်ပါးလက်ထက်လုံး၌ပင် မင်းတရားနှစ်ဦးက ဆွမ်းတော်ချက် ကပ္ပိယကာရကများကို အခကြေးငွေစွန့်ပေးထောက်မကာ ချက်ပြုတ်ဆက်ကပ်စေကြသဖြင့် ရွှေကျင်သံဃာများ ဆွမ်းကိစ္စအတွက် ကြောင့်ကြစိုက်တော်မမူရချေ။

## သံဃာတော်များကို ဥပဒေဖြင့် စနစ်တကျအုပ်ချုပ်ခြင်း

ရွှေကျင်ဆရာတော်ဘုရားကြီးသည် နံနက်ဆွမ်းမခံရပဲ သီတင်းသုံးတော်မူကြသည့် တပည့်သံဃာတစ်ထောင်ကျော်တို့ကို ပရိယတ်, ပဋိပတ်မှုရနှစ်ရပ်၌ အချိန်ပြည့် ကြိုးပမ်းအားထုတ်စေတော်မူခဲ့လေသည်။ ရွှေကျင်ဂိုဏ်း ကျင့်ထုံးကြီးဟူသော ဥပဒေကို ရေးသားတော်မူ၍ ဂိုဏ်းသံဃာတော်ကို ကျစ်ကျစ်လစ်လစ် သိပ်သိပ်သည်းသည်းဖြစ်အောင် ဆောင်ရွက်တော်မူခဲ့လေသည်။ ယင်းရွှေကျင်ဂိုဏ်းကျင့်ထုံးကြီးဟူသော ဥပဒေ၌-

၁။ ရွှေကျင်ဂိုဏ်းဥပဒေ၊

၂။ ဂိဟိစာရိတ္တကျင့်ခန်း၊

၃။ ကျောင်းသားကျင့်ဝတ်၊

၄။ သင်္ဂါယနာတင်ပုံ၊

၅။ ဓမ္မောသဓဒီပနီစာတမ်း၊

၆။ ဓမ္မဝိနယစာတမ်း၊

၇။ ပထမောဝါဒ၊

၈။ ဒုတိယောဝါဒ၊

၉။ သူသတ်ဩဝါဒမေတ္တာစာ၊

၁၀။ သစ္စာလေးပါးဖွဲ့နည်း-

အားဖြင့် အစိတ်အပိုင်းဆယ်မျိုး ပါရှိလေသည်။ ဤမဟာဓမ္မိကာရာမ သာသနာဝင် ဥပဒေသကဏ္ဍကြည့်။ ယင်းဥပဒေသကဏ္ဍ၌ ရွှေကျင်ဆရာတော်ဘုရားကြီးနှင့် မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီးတို့ စီရင်အပ်သော ရွှေကျင်ဂိုဏ်းကျင့်ထုံးကြီးကို ဖော်ပြထားပါသည်။ [၁]

## ရွှေကျင်ဆရာတော်နှင့် အုတ်ဖိုဆရာတော်တို့ သမုတ်သောသိမ်

ရွှေကျင်ဆရာတော် . . . အထက်မြို့တော်ရှိ ဆရာတော်တို့သည် ကုလားမင်းပေးသော မြေသည် ဝိသုံဂါမမဖြစ်ဟု အယူရှိတော်မူကြသည်။ မင်းဆရာဖြစ်သော ရွှေကျင်ဆရာတော်ကိုယ်တိုင် ကုလားမင်းပေးအပ်သော ဝိသုံဂါမမြေ၌ သိမာသမူဟနကံ, သိမာသမ္ဗုတိကံများကို ရွက်ဆောင်မူခဲ့လျှင် ထိုအယူဝါဒ မကြာမီ ကွယ်ပျောက်ဖွယ်ရှိသည်။ ထိုကြောင့် ဆရာတော် . . . သံဃာတော်နှင့်တကွ သိမ်နုတ်တော်မူပြီးလျှင် ရွှေကျင်ဆရာတော်, အုတ်ဖိုဆရာတော်ကြီး နှစ်ပါးတို့ ရှေ့ဆောင်တော်မူ၍ ဟသ်ာတမြို့၌ သပြေပင်ကျောင်းတိုက်သိမ်ကို သမုတ်တော်မူကြသည်။ [၂]

---

၁။ မူလရွှေကျင်ကျင့်ထုံးမှ ဆယ်ပိုင်း၊ နောက်ထပ် မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး ဖြည့်စွက်စီရင်ရာ ၁၄-ပိုင်း ဖြစ်လေသည်။

၂။ ရွှေကျင်နိကာယသာသနာဝင်အကျဉ်း။ ၁၂၀။

## မင်းတရားအလိုကိုပင်မလိုက် ကျင့်တော်မူခြင်း

ရွှေကျင်ဆရာတော်ဘုရားကြီးသည် မင်းတရား၏အလိုကိုပင် လိုက်တော်မမူပဲ ဝိနည်းအတိုင်းသာ ကျင့်တော်မူလေ့ရှိသည်။ တနေ့ သ၌ ပဉ္စမသံဂါယနာတင် မင်းတုန်းမင်းတရားသည် အမတ်တစ် ယောက်ကို စေလွှတ်တော်မူ၍ ရွှေကျင်ဆရာတော်ဘုရားကြီးကို နန်း တော်သို့ ဆွမ်းအလှူခံကြွရန် ပင့်စေလေသည်။

အမတ်သည် ရွှေကျင်တိုက်သို့သွား၍ ရွှေကျင်ဆရာတော် ဘုရားကြီးထံ ရောက်လေရာ ရွှေကျင်ဆရာတော်ဘုရားကြီး သက်နှန်း ရုံနေသည်ကို တွေ့ရလေသည်။ ထိုအခါ အမတ်သည် "ဆရာတော် ဘုရား. . . ဒကာတော် ရေမြေ့ရှင်က နန်းတော်သို့ကြွရောက် ဆွမ်း အလှူခံတော်မူရန် ပင့်လျှောက်ပါကြောင်း"ဟု လျှောက်ထားလေ၏။

ဆရာတော်သည် မည်သို့မျှ ပြန်လည်မိန့်ကြားတော်မမူပဲ သင်္ကန်းရုံပြီး သပိတ်ကိုလွယ်တော်မူကာ ကျောင်းပေါ်မှ သက်ဆင်း ကြွသွားတော်မူသဖြင့် အမတ်သည် ဆရာတော်ဘုရားကြီး၏ နောက်မှ လိုက်ပြီး အခြေအနေကိုကြည့်ရာ မန္တလေးတောင်မြောက်ဖက် ဆင်းရဲ နွမ်းပါးသော အဘိုးအို အမယ်အိုတို့တဲသို့ ဆွမ်းဘုဉ်းပေးကြွတော်မူ သည်ကို သိရလေသည်။ ရွှေကျင်ဆရာတော်ဘုရားကြီးကိုလည်း နန်း တော်သို့ကြွရန် ထပ်မံမပင့်ဝံ့ပါချေ။ မင်းတရားကြီးကိုလည်း သံတော် ဦးမတင်ဝံ့နှင့် အချိန်ကြာမြင့်မှ နန်းတော်သို့ ရောက်လေရာ မင်း တရားကြီးက ရွှေကျင်ဆရာတော် ကြွလာပြီလား-ဟု မေးမြန်းမှ မြင်ခဲ့သည့်အတိုင်း တင်လျှောက်လေရာ မင်းတရားကြီးသည် လွန်စွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်တော်မူသည်ဟူ၏။

ဆရာတော်နှယ် ငါ့မျက်နှာကို မထောက်၊ ဘုရားမြတ်စွာ ရွှေမျက်နှာတော်ကို ထောက်တော်မူသည်၊ တော်လိုက်လေချင်းဟူသော အဓိပ္ပါယ်ပါရှိသော စကားကို မြွက်ကြားတော်မူသည်ဟူ၏။

## ဂါရဝ နိဝါတဂုဏ်နှင့် ပြည့်စုံတော်မူခြင်း

မန္တလေးမြို့ တောင်ပြင် ဒက္ခိဏာရာမတိုက် "ဇာဂရာဘိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု၊ ဇာဂရာဘိဓဇသိရိပဝရာလင်္ကာရမဟာဓမ္မ ရာဇာဓိရာဇဂုရု၊ ဇာဂရာဘိဝံသတိပိဋကဓရမဟာဓမ္မရာဇာဓိရာဇဂုရု" ဟူသော ဘွဲ့တံဆိပ်တော် ၃-ထပ်ရ ဆရာတော်ဘုရားကြီး အရှင် ဇာဂရသည် တခါ သုဓမ္မာတရားသဘင်မှအပြန် ခြေညောင်းလက်ဆန့် သဘောဖြင့် ရွှေကျင်တိုက်သို့ ကြွရောက်တော်မူလာလေသည်။ ဆရာ တော်ဘုရားကြီး ကျောင်းတိုက်အတွင်းသို့ ရောက်တော်မူလေလျှင် ရွှေကျင်တိုက်နေ သူငယ်ကလေးများသည် လက်အုပ်ချီမိုးရှိခိုးကြကာ အရိုအသေပြု ထိုင်နေကြကုန်၏။ မင်းတို့ဆရာတော် ဘယ်ကျောင်းမှာ နေသလဲ-ဟု မေးမြန်းရာ သူငယ်ကလေးများက လက်အုပ်ချီမိုးကာ "ဤကျောင်းမှာပင် သီတင်းသုံးပါသည်"ဟု လျှောက်ထားကြလေသည်။

ထိုအခါ ရွှေကျင်ဆရာတော်ဘုရား မြင်တော်မူသဖြင့် လှေ ကားမှဆင်း၍ ခရီးဦးကြိုဆိုကာ ဒက္ခိဏာရာမဆရာတော်ဘုရား အရှင် ဇာဂရအား မြင့်မြတ်သော ထေရာသနနေရာသို့ ပင့်ဆောင်၍ တုပ်ဝပ်ရိုကျိုး ရှိခိုးလျက် နိမ့်ရာမှနေ၍ ရိုသေလေးစားစွာ ဒက္ခိဏာ ရာမဆရာတော်ဘုရားကြီး ဆရာတော်အရှင်ဇာဂရာဘိဝံသဆရာတော် မိန့်ကြားသည့်စကားများကို နာခံတော်မူခဲ့လေသည်။ ဒက္ခိဏာရာမ ဘုရားကြီးအရှင်ဇာဂရာဘိဝံသသည်လည်း အတန်ကြာ ဓမ္မပဋိသန္ထာရ ပြုပြီး ပြန်ကြွတော်မူလေသည်။ ရွှေကျင်ဆရာတော်ဘုရားကြီးသည် ကျောင်းတိုက်အရံအပြင်ကျအောင် လိုက်ပို့တော်မူလေသည်။

## ဒက္ခိဏာရာမဆရာတော် ရွှေကျင်ဆရာတော်အား ချီးကျူးခြင်း

ဒက္ခိဏာရာမဆရာတော်ဘုရားကြီး အရှင်ဇာဂရာဘိဝံသ သည် ကျောင်းတိုက်သို့ ရောက်သောအခါ ငါတို့များအား ရွှေကျင် တိုက်ကို စောစောကတော့ အထင်သေးမိတယ်၊ အခု အထင်မသေးကြနှင့်၊

မောင်ပဋ္ဌင်းတို့။ သူတော်ငယ်ကလေးတွေ ယဉ်ကျေးကြသည်။ ရွှေကျင်ဆရာတော် ကိုယ်တိုင်ကလဲ ဒို့ကို လေးစားသည်မှာ သာ-မဏေကလေးသဖွယ် ဖြစ်သည်စသည်ဖြင့် ချီးကျူးစကား မြွက်ကြား တော်မူသောဟူ၏။

## ကျောင်းသားငယ် သူတော်ငယ်များ ဆုံးမခြင်း

ဆရာတော်သည် ရောက်ရှိလာသော သူငယ်များအား အလစ်ပေးတော်မမူပဲ ဆုံးမကံမြစ်တော်မူလေ့ရှိသည်။

* စားဖွယ်သီးမျိုး တစ်ကြိမ်ခိုး ထမ်းပိုးဒဏ်သုံးဆယ်ပါဘုရား။
* နှစ်ကြိမ်ခြောက်ဆယ် သုံးကြိမ်ဝယ် ကျောင်းမယ်မနေရပါဘုရား။
* ကစားမျိုးလိုက် ကျောင်းသားမိုက် ကျောင်း၌မနေရပါဘုရား။

စသည်ဖြင့် ကရားရေလွှတ် ရွတ်လိုက်တိုင်းရအောင် ကျက်စေ၍ ဆုံးမတော်မူခဲ့လေသည်။ ၎င်းပြင်-

၁။ စကားပြောကျယ် အရယ်ကျယ် အခေါ်ကျယ် အချေကျယ် အသမ်းကျယ် ကျယ်လေးပါးကို ပယ်ရမည်။

၂။ စကားများ အရယ်များ အအိပ်များ အစားများ နဝကမ္မများ ပစ္စည်းများ ရှင်ငယ်သူငယ်တို့နှင့် ရောနှောများ အလည်အပတ်များ များရှစ်ပါးကို ပယ်ရမည်။

၃။ အစားကြမ်း အအိပ်ကြမ်း အသွားကြမ်း အလာကြမ်း အရယ် ကြမ်း စိတ်ကြမ်း ကိုယ်ကြမ်း နှုတ်ကြမ်း အဆုံးအမကြမ်း ကြမ်း ကိုးပါးကို ပယ်ရမည်။

စသည်ဖြင့် ဆုံးမတော်မူလေသည်။

## ထိတ်ထိတ်ကြဲ စာတတ်ပေမည်ဟု သင်္ဃဇာဆရာတော်ဘုရားကြီးက မိန့်ကြားခြင်း

ရွှေကျင်ဆရာတော်ဘုရားကြီးသည် ငယ်စဉ်က အမရပူရ နေပြည်တော်၌ ရဟန်းရှစ်ဝါ, ကိုးဝါတိုင်ရုံသာ စာသင်စာလိုက်တော်မူပြီးနောက် တောရကျောင်းများသို့ ထွက်၍ ပဋိပတ်ကို အားထုတ်ယင်း မကင်းရာမကင်းကြောင်း တပည့်များကို စာပေချပို့တော်မူခဲ့လေသည်။ သို့ဖြစ်၍ "အဂ္ဂဓမ္မာလင်္ကာရကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ သင်္ဃဇာဆရာတော်ဘုရားကြီး အရှင်အဂ္ဂဓမ္မ မဟာထေရ်က "ကိုရွှေကျင် တောထွက်စောသွားပေလို့ သို့မဟုတ်က ထိတ်ထိတ်ကြဲ စာတတ်ပေမည်"ဟု မိန့်မြွက်တော်မူဘူးလေသည်။

## ရဟန်းတော် ၃-ပါးကို ကယ်တော်မူခြင်း

ရွှေကျင်ဆရာတော်ဘုရားကြီးသည် မိမိတပည့်တပန်းပရိသတ်အပေါ်၌ မေတ္တာ ကရုဏာ ရှိတော်မူသည်မဟုတ်၊ အခြားပုဂ္ဂိုလ်များအပေါ်၌လည်း မေတ္တာကရုဏာ သက်တော်မူသည်။

အခါတပါးတွင် ထန်းပင်ရင်းတိုက်နေ ကသာစားမင်းသားကလေး၏ အင်္ကျီကို အခြားသူတစ်ယောက် ဝတ်သွားလေရာ ထိုအင်္ကျီအတွက်နှင့် ပတ်သက်၍ မလိုသူ ပုန်ကန်လုပ်ကြံလိမ့်မည်ဟု ဂုံးချောပြောဆိုသဖြင့် ထန်းပင်ရင်းတိုက်သား ဦးဓမ္မသာမိအစရှိသော ရဟန်းတော် ၃-ပါးကို ကြံရာပါဟု ဖမ်းဆီးကာ နက်ဖြန်နံနက် ၁၀-နာရီအချိန်တွင် ကွပ်မျက်ရန် အမိန့်ချပြီး ချုပ်ထားသောဟူ၏။

ထိုအခါ မတ္တရာဆရာတော်, မင်းတဲဆရာတော်, မဏ္ဍလာရာမဆရာတော်တို့သည် ကြံရာမရဖြစ်ကာ မောင်ရွှေကျင်ထံ သွားကြပါဦးဟု အကြံပေးသဖြင့် ဘုန်းတော်ကြီးဦးမဥ္ဇူသည် ရွှေကျင်ဆရာတော်ဘုရားကြီး၏တူ ကိုရင်ရာဇကို ခေါ်၍ အချုပ်နှင့်ထားသော ရဟန်း ၃-ပါးကို ပြပြီးလျှင် ရွှေကျင်ဆရာတော် သီတင်းသုံးတော်မူ သောတောကျောင်းသို့ သွားကြရာ ည၌ ၁၀-နာရီလောက်မှာရောက်၍

ရွှေကျင်ဆရာတော်ဘုရားကြီး သိတင်းသုံးတော်မူသော တောကျောင်းတံခါးကို ခေါက်လျှင် ဘယ်သူတုန်းဟု မေးတော်မူ၏။ ဘုရားတပည့်တော် ရာဝေပါဘုရား၊ ဒကာမကြီး ဘာဖြစ်သလဲဟု ဆရာတော်ကြီးကမေးရာ ဒကာမကြီး ဘာမှမဖြစ်ပါဘုရား၊ သို့ဖြစ်လျှက် ဘာကိစ္စရှိတုန်း၊ အခြားအရေးကြီးသော ကိစ္စရှိ၍ လာပါ ကြောင်း လျှောက်ထားမှ တံခါးဖွင့်တော်မူသည်။

ထိုအခါ ဘုန်းတော်ကြီး ဦးမဥ္ဇူက ကသာစားမင်းသား အကြံကိစ္စနှင့်ပတ်သက်ပြီး ရဟန်း ၃-ပါးကို ကြံရာပါဆိုကာ ဖမ်းဆီး ချုပ်နှောင်ထားပါသည်။ နက်ဖြန်နံနက် ၁၀-နာရီအချိန်တွင် ကွပ်မျက်ပါလိမ့်မည်၊ ဆရာတော်ဘုရား ကယ်တော်မူပါမည့်အကြောင်း လျှောက်ထား၏။

ယင်းသို့ လျှောက်ထားသောစကားကို ကြားသောအခါ "အင်း. . . ကိုယ်ကျိုးနဲလို့ ကိုယ်ကျိုးနဲလို့ ဖြစ်မှဖြစ်ရပလေ၊ သာသနာ့ဒကာ, သာသနာ့ဒကာနံသံဃာတွေ သတ်ပစ်ရင်တော့ ရာဇ၀င်ရိုင်းတော့မည်"ဟု ညည်းညူတော်မူကာ ကိုယ်တော်တို့က တပည့်တော်ကို ချည်း အားမကိုးကြနှင့် ကူညီဖို့ဆရာတော်များ ရှာကြဦး၊ ကိုင်း. . . မိုးချုပ်လှပြီ အချိန်မရဘူး၊ ပြန်ကြပေတော့ နက်ဖြန်မနက် ကြွလာခဲ့မည်"ဟု မိန့်တော်မူလိုက်လေ၏။

နောက်တနေ့ နံနက်၅ ခပ်စောစောပင် ရွှေကျင်ဆရာတော်သည် သုဓမ္မာစရပ်သို့ ရောက်နေတော်မူနှင့်၏။ ၎င်းနောက် မတ္တရာဆရာတော်, မင်းတဲဆရာတော်, မဏ္ဍလာရာမဆရာတော်တို့ အသီးအသီး ကြွရောက်တော်မူလာကြသဖြင့် ထိုဆရာတော်များနှင့်အတူ ဆွမ်းဘုဉ်းပေးတော်မူပြီး ဖော်ပြပါ ဆရာတော်များနှင့်အတူ နန်းတော်သို့ ကြွတော်မူလေသည်။ နန်းတော်သို့ရောက်သောအခါ ရွှေကျင်ဆရာတော်ဘုရားကြီးက-

မင်းတရားကြီးအား ရဟန်းတွေကို ရာဇ၀တ်ပြစ်မှုဖြင့် သတ်မည်ဟု ကြားသိရသည်မှာ မှန်ပါသလောဟု မေးမြန်းတော်မူရာ ဒကာတော် မသိပါဟု လျှောက်ထား၍ မိန်းမစိုး လေူကလေးကို

မင်းတရားကြီး မေးတော်မူရသည်၊ ဟုတ်မှန်ကြောင်း တင်လျှောက်သည်တွင်မှ မင်းတရားကြီး အမှန်ဖြစ်ကြောင်း သိရလေသည်။

ရွှေကျင်ဆရာတော်ဘုရားကြီးသည် မင်းတရားကြီးကို မြည်တွင်ဆုံးမတော်မူလေသည်။ မင်းတရားကြီးလည်း ဩဝါဒစကားတော်ကို ရိုသေလေးမြတ်စွာ နာကြားပြီးနောက် ချုပ်နှောင်ထားသောရဟန်းတော် ၃-ပါးကို လွှတ်စေအမိန့် ထုတ်ပြန်တော်မူလေသည်။ ရွှေကျင်ဆရာတော်ဘုရားကြီးသည် ထိုရဟန်းတော် ၃-ပါးကို ကိုယ်တိုင်ခေါ်ဆောင်တော်မူခဲ့လေသည်။ သင့်တော်သော ဩဝါဒများကို လည်းပေးတော်မူလေသည်။

**ဧဝံ ရွှေကျင်မဟာထေရော၊ ဒယာသီတလမာနသော။**
**မရဏာ သော ပမောစေသိ၊ တိဏ္ဏန္နံ ယတီနံ တဒါ။**

## သံဃာ ၃၀–ကယ်မတော်မူခြင်း

ပဥ္စမသံဂါယနာတင် မင်းတရားကြီးလက်ထက်၌ပင်လျှင် မန္တလေးမြို့ အိမ်တော်ရာဘုရားပွဲ၌ သံဃာတော်အချို့တို့ ပွဲကြည့်ယင်းခိုက်ရန်ဒေါသ အဓိကရုဏ်းဖြစ်ကြရာ မြို့တော်ဝန်နှင့် ထောင်မှူးစသည်တို့သည် အကောင်းအဆိုးမခွဲခြားနိုင်ကြပဲ သံဃာ ၃၀-ခန့်ကို ဖမ်းဆီးတုတ်နှောင်ကြကာ လှေဖောင်တွင်တင်၍ ရက် ၄၀-ခန့် ချုပ်နှောင်ထားလေ၏။ ထိုအတောအတွင်း ရွှေကျင်ဆရာတော်ဘုရားကြီးသည် မင်းကွန်းငွေတောင်တောရကျောင်းမှ မြို့တော်သို့ လှေဖြင့်ကြွတော်မူလာသည်ကို အချုပ်ခံရသော သံဃာတော်တို့ မြင်ကြသဖြင့် "ဆရာတော်ဘုရား တပည့်တော်တို့ကို ကယ်တော်မူပါဘုရား"ဟု သံပြိုင်ဟစ်အော်ကြကုန်၏။

ရွှေကျင်ဆရာတော်ဘုရားကြီးသည် ကြားတော်မူသဖြင့် အတူပါလာသော ကပ္ပိယအား အကြောင်းကို မေးမြန်းလေရာ သိတော်မူသဖြင့် "ဖြစ်မှဖြစ်ရပလေ၊ ကိုယ်ကျိုးနဲ့လို့"ဟု နှုတ်မြွက်တော်မူကာ မြို့ဖက်သို့ရောက်လျှင် သက်န်းရုံတော်မူ၍ နန်းတော်သို့ တောက်

လျှောက်ကြွတော်မူ၏။ ယင်းသို့ ကြွတော်မူစဉ် နန်းတော်တံခါးစောင့်က တားသေးသတတ်၊ ငါ့ကို မတားနဲ့၊ မင်းလုပ်လို့မပြီး၊ ငါလုပ်မှပြီးမှာဖြစ်၍ အရေးကြီးသည်၊ ဝင်ခွင့်ပြု”ဟု ပြောပြောဆိုဆို နန်းတော်တွင်းသို့ ဝင်ကြွတော်မူခဲ့လေသည်။

မင်းတရားကြီးသည် ဝမ်းမြောက်ဝမ်းသာရှိတော်မူလှ၍ နေရာခင်းစေကာ သီတင်းသုံးတော်မူပါဘုရားဟု လျှောက်ထားသော်လည်း ထိုင်တော်မမူ၊ ဘာကို အလိုရှိတော်မူပါသလဲဟု လျှောက်ထားလေလျှင် “ဒကာတော်ရေမြေ့ရှင်သည် သာသနာ့ဒကာ သာသနာပြုမင်းပြုလုပ်နေပါလျက် သံဃာတော်များကို ရေလယ်၌ အချုပ်ထားသည်မှာ တော်ရော့လား၊ ကောင်းရော့လား” အပြစ်တင်တော်မူ၍ ယခုချက်ချင်း သံဃာတော်များကို လွှတ်ပေးရန် မိန့်တော်မူလေသည်။ လွှတ်ပါမည်ဘုရားဟု လျှောက်ထားသော်လည်း ထိုင်တော်မမူသေး၊ အချုပ်ခံသော သံဃာတော်များကို ကန်တော့ရဦးမည်ဟု ဆက်၍ မိန့်တော်မူလေသည်။ ကန်တော့ပါမည်ဟု လျှောက်ထားသော်လည်း ထိုင်တော်မမူသေး၊ “ကန်တော့ဆိုသော်လည်း သင်္ကန်း၊ ထီး၊ ဖိနပ်စသည်ဖြင့် ရိုသေလေးမြတ်စွာ ကန်တော့ရမည်”ဟု မိန့်တော်မူရာ သင်္ကန်း၊ ထီး၊ ဖိနပ်စသည်ဖြင့် ဆရာတော် အလိုတော်ကျအတိုင်း ကန်တော့ပါမည်ဟု ကတိပြုလျှောက်ထားမှသာ ထိုင်၍ သီတင်းသုံးတော်မူပြီးလျှင် ရွှေကျင်တိုက်သို့ ကြွတော်မူလေသည်။

**ဇဝံ ရွှေကျင်မဟာထေရော၊ ကရုဏာသတ္တမာနသော။**
**မရဏာ သော ပမောစေသိ၊ ယတိနံ မန္တလေးပုရေ။**

## ရွှေစက်တော်ဘုရား အဖူးကြွတော်မူခြင်း

ဆရာတော်ဘုရားကြီးသည် မင်းဘူးခရိုင် နမ္မဒါမြစ်ကမ်းအနီးရှိ ဘုရားမြတ်စွာ ခြေတော်ရာကို ဖူးမြင်လိုသော ဆန္ဒတော်ပြင်းပြသဖြင့် ပဥ္စမသံဂါယနာတင် ဘဝရှင်မင်းတရားကြီးထံ အကြောင်းကြားတော်မူလေသည်။ ထိုအခါ မင်းတရားကြီးက သဘော်ဖြင့် သက်သာ

ချောင်ချိ၍ ခမ်းနားတင့်တယ်စွာ ပို့ပါမည့်အကြောင်း ပြန်ကြား လျှောက်ထားလေသည်။ ရွှေကျင်ဆရာတော်ဘုရားကြီးသည် သဘော နှင့် ခမ်းခမ်းနားနား မကြွလိုကြောင်း ခရီးလမ်းတွင်လည်း အကြို အဆိုပြုရန် ဆင့်ဆိုမှုကိုလည်း အလိုမရှိကြောင်း စက်တော်ရာ၌ တည်းခိုရန်နေရာ ပြုလုပ်ပေးဖို့အတွက် စကုမြို့ဝန်ထံသို့ မှာကြား ပေးစေလိုကြောင်း ဆိုက်ကပ်ဝင်ထွက်လိုရာ မြို့ရွာဆိပ်ကမ်းတို့၌ ဆိုက်ကပ်ဝင်ထွက်လွယ်ကူရန် လှေဖြင့်သာကြွလိုကြောင်း မင်းတရား ကြီးအား မိန့်ကြားတော်မူလေသည်။ မင်းတရားကြီးသည်လည်း များ စွာသောပိတ်အုပ်, ဖယောင်းတိုင်, ရွှေပေါက်ပေါက်, ငွေပေါက်ပေါက်, ပုံနှိပ်ကမ္မဝါများအပြင် ဆွမ်းဆန်စသည်ရိက္ခာများကိုလည်း အပြည့်အစုံ ပေးပို့လှူဒါန်းလေသည်။ ဆရာတော်ကြီးအလိုအတိုင်း လှေကြီးနှစ်စင်း, လှေငယ်တစ်စင်း၊ ပေါင်းလှေ ၃-စင်း စီမံခင်းကျင်းပြီးလျှင် လှေကြီး တစင်း၌ ရွှေကျင်ဆရာတော်ဘုရားကြီး, တပည့်ကြီးနှစ်ပါး, ရဟန်း ငယ် ၂-ပါး, သာမဏေ ၁-ပါး, ကပ္ပိယ ၂-ယောက်, ကျောင်းသား ဖိုးသူတော်ငယ် ၂-ယောက်, လှေသား ၃-ယောက် လိုက်ပါစီးနင်း ကြ၏။ အခြားလှေကြီးတစ်စင်း၌ တိုက်အုပ်, တိုက်ကြပ်, စာချ, စာသင်သား သံဃာတော်များဖြင့် သံဃာတော်နှစ်ကျိပ်ကျော်နှင့် လှေသား ၃-ယောက် လိုက်ပါကြကုန်၏။

လှေငယ်တစ်စင်း၌ ရွှေကျင်ဆရာတော်ဘုရားကြီး၏ ခမည်း တော်, မယ်တော်၊ ခမည်းတော်မယ်တော်တို့ကို ပြုစုလုပ်ကျွေးမည့် သူများနှင့်တကွ လှေသား ၃-ယောက် လိုက်ပါကြကုန်၏။

## လမ်းစဉ်တလျှောက် ဘုရားဖူးလှူဒါန်း၍ကြွခဲ့

ဤသို့ အသီးသီးစီစဉ်ပြီးမှ သက္ကရာဇ် ၁၂၂၉-ခုနှစ်၊ တပို့တွဲ လပြည့်ကျော် ၁-ရက်နေ့ မြို့တော်မှ စုံထွက်တော်မူခဲ့သည်။ လမ်းခရီး တလျှောက် ရွှေတန့်တစ်, သီဟိုဠ်ရှင်, ရွှေစည်းခုံ, အာနန္ဒာ, မြသလွန် အစရှိသည့် ထင်ရှားသော တန်ခိုးကြီးဘုရားရှိရာ ကွမ်းရွာ, ပခုက္ကူ,

ညောင်ဦး, ပုဂံ, မကွေးစသည့်မြို့များ၌ ဆိုက်ကပ်၍ ညဥ့်ကျိန်းစက်တော်မူ၍ ဘုရားပုထိုးများ ဆွမ်းတော်ကြီးကပ်လှူခြင်း, ပန်းတော်, ရေချမ်းတော်ကပ်လှူခြင်း, မီးပူဇော်ခြင်းတို့ကို ပြုတော်မူခဲ့လေသည်။ လှေဆိုက်ကပ်ရာ ဆိပ်ကမ်းအနီးရှိ ကျောင်းတိုက်များတို့သို့ ကြွတော်မူ၍ ဖယောင်းတိုင်သေတ္တာ, ကမ္ဗဝါစသည်တို့ကိုလည်း သင့်သလို လှူဒါန်းတော်မူလေသည်။

## မင်းဘူးမြို့ စကုမြို့တို့သို့ ရောက်ခြင်း

နားနားနေနေ သက်တောင့်သက်သာ ကြွတော်မူရာ ၇-ရက်ခန့် အကြာတွင် မင်းဘူးဆိပ်ကမ်းသို့ ဆိုက်ကပ်ရောက်တော်မူ လေသည်။ မင်းဘူးဆိပ်ကမ်း၌ နှစ်ရက်နားနေကာ ရွှေစက်တော်အား လှူဒါန်းရန် မျက်နှာကြက်, မီးအိမ်, မီးရှူးပဒေသာ, ထီး, တံခွန်, ကုက္ကား, မလေးပွား, ကြက်လျှာတို့ကို ပြုလုပ်ယင်း စောင့်နေစဉ် စကုမြို့ဝန်ကြီး ကြိုဆိုရန် ရောက်ရှိလာလေသည်။ စကုမြို့ဝန်နှင့်အတူ ဆက်လက်ကြွတော်မူရာ စကုမြို့ရောက်၍ တစ်ညတာမျှ တည်းခို သီတင်းသုံးတော်မူပြီးလျှင် ရွှေစက်တော်သို့ ဆက်လက်၍ မီးရှူးမီးစာ တို့ကို ကိုင်၍ ပူဇော်ကြကာ ကြွတော်မူကြကုန်၏။ စကုမြို့မှ စက်တော်ရာအရောက် တစ်ညတာအိပ်ကြသည်ဟု သိရ၏။ နောက် တနေ့ ရွှေစက်တော်သို့ ရောက်ကြလေသည်။ ရွှေစက်တော်၌ ၇-ရက်တိုင်တိုင် အားရကျေနပ်အောင် ပါဒစေတီတော်ကို ဖူးမျှော်ကြ ကုန်၏။ ပါဒစေတီတော်အား ဆွမ်းတော်, ရေချမ်းတော်, ပန်းတော်, မီးတော်တို့ဖြင့်လည်းကောင်း, တံခွန်, ကုက္ကား, မလေးပွားစသည် တို့ဖြင့်လည်းကောင်း အားပါးတရ ဆရာတော်ကြီးနှင့်တကွ သံဃာတော်တို့သည် ပူဇော်တော်မူကြကုန်၏။

## အပြန်လှုပ်ငန်းရပ် ကုသိုလ်များ

ဘုရားမြတ်စွာခြေတော်ရာကို အားပါးတရ ကြည်ညိုဖူးမျှော် ပူဇော်တော်မူပြီး ပရိသတ်နှင့်တကွ ပြန်ကြွတော်မူခဲ့လေသည်။ ယင်းသို့ ပြန်ကြွလာစဉ် လှေဆိုက်ရာဆိပ်ကမ်း သဲသောင်ပြင်၌ စက်တော်ရာ ပုံကို သဲခုံပေါ်၌ တင်ထားပြီးလျှင် အားလုံးဝတ်တက် ရှိခိုးပူဇော်ကြ ရကုန်၏။ ရွှေကျောင်ဆရာတော်ဘုရားကြီးသည် လှေဆိုက်ကပ်ရာမှ ခဲနှစ်ကျအတွင်း၌ ပေါင်းကိုင်းစိုက်အုပ်၍ သားရေအခင်းတစ်ချပ်, ရေဗူးတစ်လုံးဖြင့်သာ သီတင်းသုံးတော်မူသည်။ သံဃာတော်များကို လည်း နေ့စဉ် ဝတ်တက်ဝတ်ကပ် မပြတ်ပြုစေတော်မူသည်သာမက ကိုယ်တိုင် လည်း ဝတ်တက်ဝတ်ကပ် ပြုတော်မူသည်။ ရံဖန်ရံခါ တရားဓမ္မကိုလည်း ဟောပြတော်မူခဲ့လေသည်။ ရွှေစက်တော် ဂုဏ်တော်ဘွဲ့များကိုလည်း ဂါထာဗန္ဓဖွဲ့စီတော်မူ၍ တပည့်တပန်းတို့အား ချပို့ပေးတော်မူလေသည်။

ဧကဒါ ရွှေကျောင်ထေရော ဟိ၊ ပါဒက်ဒဿနံ ဂတော။
သိရိမတော မုနိန္ဒဿ၊ လောကဂ္ဂဿ ယသဿိနော။

တဒါ ထေရော အနန္တာနိ၊ ပုညာနိ သဥ္စိနီ သုဓိ။
နိဇသိဿေပိ ဝါစေသိ၊ ဂုဏဂါထာပိနေကဓာ။

## မြို့တော်၌ ကြာရှည်စွာ သာသနာပြုခဲ့ခြင်း

ဆရာတော်ဘုရားကြီးသည် မန္တလေးမြို့ မဟာဝမ္မိကာရာမ ရွှေကျောင်တိုက်ကြီး၌ စာပေချပို့တော်မူခြင်း, တရားဓမ္မဟောပြခြင်း, ဩဝါဒပေးခြင်း စသည်ဖြင့်လည်းကောင်း, အလဇ္ဇီပုဂ္ဂိုလ်တို့ကို နှိပ်နင်း ခြင်းဖြင့်လည်းကောင်း, အရပ်ရပ်မှ မေးအပ်သော သာသနာရေးရာနှင့် စပ်သည့်ပြဿနာ အရပ်ရပ်ကို ဖြေဆိုခြင်းဖြင့်လည်းကောင်း ကြာမြင့် စွာ သီတင်းသုံးတော်မူ၍ သာသနာပြုတော်မူခဲ့လေသည်။ ရံဖန်ရံခါ တခြားဒေသများ၌လည်း သီတင်းသုံးတော်မူခဲ့လေသည်။

## မင်းကွန်းငွေတောင်တောရသို့

သက်တော် ၆၄-နှစ်ရှိရာ သက္ကရာဇ် ၁၂၄၆-ခုနှစ်တွင် မင်းကွန်းငွေတောင်တောရကျောင်းသို့ ကြွတော်မူ၍ ဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းပွားများတော်မူခဲ့လေသည်။ မင်းကွန်းငွေတောင်တောရ၌ သီတင်းသုံးတော်မူစဉ် ပဲခူးစသည့် အောက်ရပ်ဌာနီသို့လည်း ကြွရောက်တော်မူ၍ သာသနာပြုတော်မူခဲ့လေသည်။

မင်းကွန်းဝှယပဒေသမှိ၊ ငွေတောင်တိအဘိပါကဋေ။
အာယတနေ ဝသန္တောပိ၊ သုစုရံ အဘိယုဥ္ဇိသော။

## သင်္ဂဇာဆရာတော်နှင့် ရွှေကျင်ဆရာတော်

သင်္ဂဇာဆရာတော်ဘုရားကြီး အရှင်အဂ္ဂဓမ္မနှင့် ရွှေကျင်ဆရာတော်တို့သည် လွန်စွာခင်မင်ရင်းနှီးကြကုန်၏။ သင်္ဂဇာဆရာတော်သည် သီးလုံးဆရာတော်၏တပည့် ဖြစ်၏။ ရွှေကျင်ဆရာတော်သည်လည်း သီးလုံးဆရာတော်၏ တပည့်ပင်ဖြစ်ရာ ဆရာတူတပည့်ဖြစ်ရာ မွေးချင်းအရင်းပမာ ရင်းနှီးချစ်ခင်ကြကုန်၏။ တနည်းဆိုရပါမူ သင်္ဂဇာဆရာတော်သည် ရွှေကျင်ဆရာတော်ထက် အသက်သိက္ခာကြီးရင့်ရာ ရွှေကျင်ဆရာတော်အား ညီရင်းပမာ ချစ်ခင်၏။ ရွှေကျင်ဆရာတော်ကလည်း သင်္ဂဇာဆရာတော်အား အစ်ကိုရင်းပမာ ချစ်ခင်လေးမြတ်လေသည်။ တနည်းအားဖြင့်လည်း ဆရာတပည့်ဖြစ်၍ ခင်မင်လေးစားကြသည်။

တခါတွင် သင်္ဂဇာဆရာတော်သည် ရွှေကျင်ဆရာတော်ထံ အောက်ပါသန္ဒေသကထာကို ပေးတော်မူ၍ မေတ္တာသက်ဝင်ချစ်ခင်လေးမြတ်ကြောင်း ပြတော်မူလေသည်။

## သင်္ဂဇာဆရာတော်ဘုရားကြီးက
## ရွှေကျင်ဆရာတော်ထံ
## ပေးပို့သည့် သဝဏ်လွှာ

(၁) န တေန ဇာဂရော နာမ၊ ယေန သုပ္ပတိဤဒိသံ။
ဇာဂရန္တော အနိဒ္ဒါယ၊ ဇာဂရောတိ ပဝုစ္စတိ။

(၂) န သုတ္တော ဇာဂရော နာမ၊ ဇာဂရောန္တောဝ ဇာဂရော။
သယဉ္စ ဇာဂရော ဟောတု၊ ပရေ စ ဇာဂရေ ကုရု။

(၃) ကဒါဟံ နန္ဒ ပဿာမိ၊ အာရညံ ပံသုကူလိကံ။
အညာတုဉ္ဆေန ယာပေန္တံ၊ ကာမေသု အနပေက္ခိနံ။

(၁) ယော= အကြင်ဇာဂရတွင်ခေါ် မြို့တော်ခိုမှီး ငါ၏ တပည့်ကြီးသည်။ ယေန= အကြင်မင်းနေပြည်ကြီး မြို့ကိုမှီး၍ အချည်းနှီးသာ ဘာဝနာကမ္မဋ္ဌာန်း မကြိုးပမ်းပဲ နေအားသဲသဖြင့်။ သုပ္ပတိ= သူဌေးသူကြွယ် ကုန်သည်မကြွင်း မင်းကိုမလပ် မျှုးမတ်မဆို လူလို ကိုလိုက် လူ့ကြိုက်ကိုပြော လူနှင့်ရော၍ မေ့လျော့လျက် မမွေ့မွေ့ အိပ်တတ်၏။ တေန= ထိုသို့အိပ်နေခြင်းဖြင့်။ ဤဒိသံ-ဤဒိသော= ဤသို့ အသက်မွေးဝမ်းကျောင်း ကောင်းနိုးရာရာ ရသာဆိမ့်ချို အောကောင်စို၍ မြို့ကိုခိုမှီး မောဟစီး၍ အချည်းနှီးအိပ်နေသော သူကို။ ဇာဂရော နာမ= သညာနွတ္ထ ဇာဂရဟု နိုးကြားသောသူဟူ၍။ န ဝုစ္စတိ= ပညာရှိသူ ခပ်သိမ်းလူတို့ မခေါ်ဆိုလောက်။ အနိဒ္ဒါယ= မြို့ကိုမခို ရွာကိုမမှီး မြိုင်တောကြီး၌ လေးပိုက်ရိယာ ဘာဝနာပျော်မွေ့ မအိပ်လေ့ရှိခြင်းဖြင့်။ ဇာဂရန္တော= မှောင်ဝိဇ္ဇာသည်းလှစွာသော အိပ်ပျော်ခြင်းမှ နိုးသောသူကိုသာလျှင်။ ဇာဂရောတိ= နွတ္ထသညာ ဘွဲ့မည်သာသည့် ယတိဇာဂရဟူ၍။ ပဝုစ္စတိ= ရဟန်းသူတော် လူသူတော်တို့ ခေါ်သမုတ်လောက်ပေ၏။

(၂) သုတ္တော= ရာဂဌာနံ ဝမ်းရေးစုံသည့် ကာမဂုဏ်သီး မိုက်ပင်ကြီး၌ မိုက်သီးစားကြ လူ့ဗာလတို့တံထွာ အဝိဇ္ဇာဟူ ထူလှ သည့်မှောင်တွင်း ဂါမဝါသီဟူသော အိပ်ပျော်ခြင်းဖြင့် အိပ်ကြူးသော သူသည်။ ဇာဂရော နာမ= သညာန္တွတ္တ ဇာဂရဟူ နိုးကြားသောသူ မည်သည်။ နု= မဖြစ်နိုင်သေး။ သယဥ္စ= မိမိသည်လည်း။ ဇာဂရော= ကြက်ဦးတွန်ဆော် တညဥ့်ကျော်၍ ပကတိသော အိပ်ပျော်ခြင်းမှ နိုးသည်မူလည်း။ ဟောတု= ဖြစ်စေ။ ပရေ စ= တပည့်တပန်း ရဟန်း သာမဏေ ရံခြွေခြွေဟူ သူတပါးတို့ကိုမူလည်း။ ဇာဂရေ= နံနက် မိုးသောက် အချိန်ရောက်၍ ဒေါက်ဒေါက်ဒိုးဒိုး ခေါင်းလောင်း ထိုးလျက် နိုးစေသည်တို့ကိုမူလည်း။ ကုရု= တိုက်တွန်းနှိုးဆော် ပြုတော်မူသည် လည်း။ ဟောတု= ဖြစ်စေ။ ဇာဂရောန္တော၀= မင်းနေ ပြည်ကြီး မြို့ကိုမမှီးပဲ မြိုင်တောထဲ၌ အမြဲခိုနေ နိဗ္ဗာန်စေလျက် ကျွတ်ကျွတ် နိုးကြားသော သူသည်သာလျှင်။ ဇာဂရော နာမ= နွတ္တသညာ ဘွဲ့မည် သာသည့် ဇာဂရမည်သည်သာလျှင်ကတည်း။ ဝါ= မည်နိုင်ပါသည်။

(၃) အာရညကံ= တော၌ပျော်မွေ့ အာရညကင် ဓုတင်ကို ဆောင်လေ့ရှိထသော။ ပံသုကူလိကံ= မြေမှုန့်လိမ်းကျံ ဖောက်ပြန် နီလွင် ပံသုကူဓုတင်ကို ဆောင်လေ့ရှိထသော။ အညာတကေ= မျိုး မည်ဂုဏ်တင် မထင်မရှား မျိုးနှစ်ပါး၌။ ဥဍ္ဍေန= သပိတ်ကိုလက်စွဲ ဦးပြည်းတို့ထုံးစံ ဆွမ်းခံရှာမှီးခြင်းဖြင့်။ ယာပေန္တံ= နှစ်သက်အားရ မျှတလေ့ရှိထသော။ ကာမေသု= ငါးဖြာအာရုံ ကာမဂုဏ်တို့၌။ အနေပေက္ခိနံ= လွန်စွာမမက် ငဲ့ကွက်ခြင်းမရှိထသော။ နန္ဒ= ဒီပကတ္တ ပြသည်အရ နန္ဒတွင်မည် သင်မထေရ်ကို။ ကဒါ= ဘယ်နံရောအခါ မှ။ အဟံ= ဟိတသုခံ ကျိုးနှစ်တန်ကို တောင့်တလေ့ရှိသော ငါသည်။ ပဿာမိ= ရှုမြင်ရပါအံ့နည်း။

ဖော်ပြပါ ဆုံးမစာသဘောပါသည့် သဝဏ်လွှာကို ရရှိသော အခါ ရွှေကျင်ဆရာတော်သည်လည်း အောက်ဖော်ပြပါသဝဏ်လွှာကို သင်္ဂဇာဆရာတော်ဘုရားကြီးထံ ပေးပို့တော်မူခဲ့လေသည်။

## ရွှေကျင်ဆရာတော်က သင်္ဂဇာဆရာတော်ထံ ဆက်ကပ်အပ်သော သဝဏ်လွှာ

(၁) န တေန အဂ္ဂကော နာမ၊ အဂတေ ယေန ဤဒိသံ။
အနဂ္ဂေနုဇုဝန္တော၀၊ အဂ္ဂေါ်က္ကတိ ပဝုစ္စတိ။

(၂) အနဂ္ဂေါ န အဂ္ဂေါ နာမ၊ အညာယေ၀ စ အဂ္ဂကော။
သယဥ္စ အဂ္ဂိကော ဟောတု၊ အညေ စ အဂ္ဂိကေ ကုရု။

(၃) တဒါ တွံ နန္ဒံ ပဿာမိ၊ အာရညံ ပံသုကူလိကံ။
ယဒါ နန္ဒော တယော မာသေ၊ ဝဍ္ဍတေတိက္ကမေဝနေ။

(၁) ယော= အကြွင်အဂ္ဂတွင်ခေါ် မထေရ်ကျော်သည်။ ဝါ= အကြွင်မြို့ကိုမခို ရွာကိုမမှီး မြိုင်တောကြီး၌ လေးပိုထ်ရိယာ နေတတ်စွာသည့် ငါတို့ဆရာ မဟာထေရ်ကြီးသည်။ ယေန= အကြွင် ဘာဝနာကမ္မဋ္ဌာန်း မကြိုးပမ်းပဲ နေအားသဲခြင်းဖြင့်။ ဝါ= တောနေ ပုဂ္ဂိုလ်တို့၏တံထွာ ဘာဝနာမမွေ့ ကမ္မာရာမေ့မှု လေပွေနောက် စိတ်ရောက်ကိုယ်ကျင့် စိတ်လွင့်ကိုယ်ပါ လမ်းမဟုတ်ရာကိုသာ ပြေး သွားတတ်သော သဘောတရားဖြင့်။ အဂတေ= မြိုင်ညိုရစ်သန်း တောစခန်းဝယ် ပင်ပန်းရသည်လောက် ရွယ်တိုင်းမပေါက် ကြံတိုင်း မမြောက်ပဲ ကောက်တကျစ်နေရလေ၏။ တေန= ထိုသို့သော နေရ ခြင်းဖြင့်။ ဤဒိသံ-ဤဒိသော= ဤသို့ မြိုင်ညိုရပ် ခိုမှီးလှူ၍ အမုန် ယစ်သောက် တောဆင်ပေါက်အသွင် တဏှာဝင်ဖျက် သဒ္ဓါပျက်၍ အဝါကြီးနှင့်အဝက်တင်း ဘာဝနာလွတ်ကင်း ယောကာယောင်ကာ ခန်းဆောင်တွင်းမှာ စားကာအိပ်ကာ ကိုယ်ကိုစင်း၍ တဖျင်းဖျင်းနေ သောသူကို။ အဂ္ဂကော နာမ= တောနေပုဂ္ဂိုလ်တို့တံထွာ အာရည ဝါသီ ပုဂ္ဂိုလ်တို့အလျောက် အရဟတ္တဖိုလ်တိုင်ရောက်အောင် အဂ္ဂ မည်လောက်သူဟူ၍လည်းကောင်း။ န ဝုစ္စတိ= ခပ်သိမ်းသူတောမြို့ ကြီးပျော်သည့် တပည့်တော်တို့ မခေါ်ဆိုလောက်ပါသေး။ အနဂ္ဂေန= အရညဝါသူ ခပ်သိမ်းလူတို့ ထုံးစံကိုလေသမာရ်ကို ပယ်လှန်နှိမ်လှဲ

ဘာဝနာစွဲသော မကောက်ကျစ်သောစိတ်ဖြင့်။ ဥဇုဝန္တော၀= အာလ-သိယ ကမ္မာရာမ စသည်မနှောင့် ရန်မမှောင့်ပဲ ဖြောင့်မတ်တန်းတန်း တမင်္ဂတဖိုလ်လှမ်းသည့်သူကိုသာလျှင်။ အဂ္ဂေါ ဣတိ= တောနေပုဂ္ဂိုလ်တို့အလျောက် ရွယ်တိုင်းပင်ပေါက် ကြံတိုင်းပင်မြောက်သည့် အဂ္ဂဆိုစလောက်သောသူဟူ၍။ ပဝုစ္စတိ= ခပ်သိမ်းသူတော် တပည့်ကျော် တို့ မြို့ကြီးကမျှော် လည်ကိုမော်၍ ကြံတိုင်းပေါက် အရဟတ္တဖိုလ်တိုင်မြောက်သဖြင့် အဂ္ဂမခေါ်လောက်သောသူသည်။

(၂) န အဂ္ဂေါ နာမ= နွတ္ထသညာ ဘွဲ့မည်သာသည့် ဆရာမထေရ် အဂ္ဂမမည်သင့်ပါသေး။ သယဉ္စ= မိမိသည်မူလည်း။ အဂ္ဂိ-ကော= မြို့ကြီးကိုခွာ ရွာနှင့်ဝေးဝေး တောသံပေးသည့် မြစ်တွေးမြစ်လျှောင်း ဥဒေါင်းတွံသံ ညိုးညိုးညံနှင့် မြိုင်ယံစခန်း မြတ်ရာလှမ်းပေသည်မူလည်း။ ဟောတု= ဖြစ်စေ။ အညေ စ= နောက်လိုက်ခြွေရံတပြေတရှာ လာကြသည်ဟူ တပါးသူတို့ကိုမူလည်း။ အဂ္ဂိကေ= လူမနီးသည့် တောကြီးဟေဝန် မြတ်ရာချွန်၍ အမွန်ရှေရှေ သက်လုံးကြွေအောင် နေစေသည်တို့ကို။ ကုရုဝါ= တိုက်တွန်းနှိုးဆော် ပြုတော်မူသည်လည်း။ ဟောတု= ဖြစ်စေ။ အညာယေ၀= အရဟတ္တဖိုလ်တိုင်ရောက် ရွယ်တိုင်းပေါက်၍ ကြံတိုင်းမြောက်မှသာလျှင်။ အဂ္ဂ-ကော= သညာနွတ္ထ ဘွဲ့မည်ရသည့် အဂ္ဂတွင်ခေါ် မထေရ်ကျော်ဟူ၍။ ဝုစ္စတိ= သူတော်တသင်း တူရာလျှင်းသည့် မင်းနေပြည်ကြီးခိုမှီးရွှင်ပျော် တပည့်ကျော်တို့ ခေါ်ဆိုသမုတ်လောက်ပါ၏။ ဝါ= ခေါ်ဆိုသမုတ်လောက်ပေမည်။

(၃) ယဒါ= အကြင်အခါ၌။ နန္ဒော= ဒီပကတ္ထ ပြသည့်အရနန္ဒသမုတ် အကျွန်ုပ်သည်။ တယော မာသေ= ဖုဿအန္တ ယင်းသုံးလကို။ အတိက္ကမေ= ဥတုရာသီ စုံညီလျောက်ပတ် လွန်လတ်ခဲ့သော်။ ဝါ= လွန်လတ်သောအခါမှ။ ဝနေ= အာရညကင် ဓုတင်ရရာ တောဝိဟာ၌။ ဝဋ္ဋတေ= မရှည်မကြာ လျှင်စွာပေ့ါပေ့ါ နေပါတော့အံ့။ တဒါ= ထိုသို့သောအခါ၌။ အာရည်= တောမှာပျော်မွေ့ အာရညကင်

ဓုတင်ကို ဆောင်လေ့ရှိထသော။ ပံသုကူလိကံ= မြေမှုန့်လိမ်းကျံ ဖောက်ပြန်နီလွင် ပံသုကူဓုတင်ကိုဆောင်သော။ နန္ဒံ= ဒီပကတ္ထ ပြသည့် အရ နန္ဒသမုတ် အကျွန်ုပ်ကို။ တွံ= ဟိတသုခ ကျိုးနှစ်ဝကို တောင့်တ လှသော အရှင်ဘုရားသည်။ ပဿာမိ= ရှုမြင်တော်မူပါလော့။[၁]

## ဘခင်ကိုပင် သံသယရှိခြင်း

ရွှေကျင်ဆရာတော်ဘုရားကြီးသည် မိမိ၏ဘခင်အရင်းကိုပင် အဖရင်းမှ ဟုတ်ပါလေ့ရဲ့လားဟု သံသယရှိတော်မူခဲ့လေသည်။ အဖ ရင်းမဟုတ်ခဲ့လျှင် ပဝါရိတဒကာလည်း မဟုတ်ပါက ဆွမ်းစသည် ပစ္စည်းလေးပါး တောင်းခံခြင်းငှာ မအပ်ပေ၊ မအပ်ပဲတောင်းမိချေက မိစ္ဆာဇီဝဖြစ်ရာ၏ဟု သံသယဖြစ်၍ သွယ်ဝိုက်ကာ အဖရင်းဟုတ် မဟုတ် ဖခင်ဒကာကြီးအား မေးတော်မူခဲ့လေသည်။

ထိုအခါ ဖခင်ဒကာကြီးက မောင်ပဥ္စင်းကဲ့သို့ ရှာရှာဖွေဖွေ ကတ်ကတ်သတ်သတ် သံသယကုက္ကုစ္စရှိသင့်သည်အရာ၌ ရှေးရှေး ပညာရှိ သူတော်ကောင်းများ သံသယကြီးမားစွာ ရှိတော်မူကြ၏။ သံသယကုက္ကုစ္စ မရှိလောက်ရာမှာပင် သတိသမ္ပဇဉ်နှင့်ယှဉ်တော်မူ ကြ၏။ ဘုရားမြတ်စွာ၏ လက်ျာတော်ရံ အရှင်သာရိပုတ္တရာမထေရ် မြတ်ကြီး သည် မိမိကို ကြည်ညိုလေးမြတ်သော နတ်ပူးဝင်ပြောသော ကြောင့် ရရှိသည့်နို့ဂဏာကို အာဇီဝပါရိသုဒ္ဓိသီလ ညစ်ထေးမည့် အရေး တွေး မိတော်မူသဖြင့်-

ယဒိပိ မေ အန္တဂုဏံ၊ နိက္ခမိတွာ ဗဟိ စရေ။
- နေဝ ဘိန္ဒေယျ မာဇီဝံ၊ စဇမာနောပိ ဇီဝိတံ။

ငါ့ရဲ့အူသိမ်များ အပြင်ထွက်၍ လှည့်လည်လျက်နေကြကုန် သဖြင့် အသက်ဇီဝိန်ကို စွန့်ရစေကာမူ သူတော်သူမြတ်တို့ ကဲ့ရဲ့

---

၁။ ရွှေကျင်နိကာယသာသနာဝင်အကျယ်ကျမ်း။ ၂၁၀၊ ၂၁၄။

အပ်သော အာဇီဝပါရိသုဒ္ဓိသီလကိုကား ငါမဖျက်တော့ချေဟု ဥဒါန်း ကျူးတော်မူ၍ ရရှိသောနို့ဂဏာကို စွန့်ပစ်သွန်းလောင်းဘူးလေသည်။ စွန့်ပစ်သွန်းလောင်းသည်နှင့်တပြိုင်နက် အရှင်သာရိပုတ္တရာ၏ လေနာ ရောဂါလည်း ပျောက်ကင်းလေတော့သည်။

ဒကားကြီး- ဤနို့ဂဏာသည် အမှန်ဆိုရလျှင် အရှင်နှစ်ပါး လုံး၏ ပယောဂမပါရှိပဲ နတ်၏ပယောဂကြောင့်သာ ဖြစ်ပါ၏။ အရှင် နှစ်ပါး၏ စကားကိုလည်း နတ်သိစေလို ကြားစေလိုသော နှလုံးသွင်း လည်း မရှိပါချေ။ ကြားသည်ကိုလည်း သိတော်မမူကြ။ ပူးဝင်၍ ပြောသည်ကိုလည်း သိတော်မမူကြပဲ အရှင်နှစ်ပါးအတွက် သန့်ရှင်း အပ်စပ်သော ပစ္စည်းပင် ဖြစ်၏။ သို့ရာတွင် သံသယရှိသင့်, ရှိထိုက် ရာ၌ သံသယရှိတော်မူကြ၍ သာသနာစဉ်ဆက် ရဟန်းတော်များ သည် ကိစ္စကို အမြွက်ယူကြကာ မတရားကျင့်သုံး၍ မိစ္ဆာဇီဝမဖြစ် ပါစေနှင့်၊ ပညာရှိသူတော်ကောင်းများ ကဲ့ရဲ့ဖွယ် မဖြစ်ပါစေနှင့်ဟု အသက်ကို မငဲ့ညာ မထောက်ထားပဲ စွန့်ပစ်တော်မူခြင်းဖြစ်လေ သည်။

## ဂဠုန်မကြောက် ငှက်မငယ်ကို ကြောက်သူ

အဖဒကာကြီး. . . စိုးရိမ်သင့်ရာ၌ စိုးရိမ်တတ်ကြသည်ကို ပြောပြဦးမည်၊ သဘောကျအောင် နားထောင်ပါ။ လွန်လေပြီးရာ ရှေးအခါက ရုက္ခစိုးနတ်တစ်ဦးသည် သမုဒ္ဒရာအနီး သစ်ပင်ကို ဗိမာန်ပြု၍ နေလေ၏။ တနေ့သောအခါ ဂဠုန်တစ်ကောင်သည် နဂါးတစ်ကောင်ကို သုတ်ချီ၍ ထိုသစ်ပင်ကြီး၌ နားနေလျက် နဂါး၏ ဦးနှောက်အဆီအနှစ်ကို ဝစွာစားသောက်ပြီးနောက် နဂါးကိုယ်ကောင် ကို သမုဒ္ဒရာအတွင်းသို့ အဟုန်ပြင်းစွာ ပစ်ချလိုက်လေသည်။ ဂဠုန် နားသောအခါ နဂါးကို သမုဒ္ဒရာတွင်း ပစ်ချသောအခါတို့၌ သစ်ပင် ကြီးသည် သွက်သွက်ခါမျှ တုန်လှုပ်သွားလေတော့သည်။ သို့ရာတွင် ရုက္ခစိုးနတ်သည် စိုးရိမ်ကြောက်ရွံ့ခြင်းမရှိပဲ ဣန္ဒြေမပျက် နေသတတ်။

ထိုအခိုက် အရပ်တစ်ပါးမှ ငှက်တစ်ကောင် လာရောက်နားသည်ကို မြင်သော ရုက္ခစိုးသည် များစွာကြောက်လန့်တုန်လှုပ်ခြင်း ဖြစ်လေသည်။ ထိုအခြင်းအရာကို ဂဠုန်မြင်သဖြင့် ရုက္ခစိုးနတ်မင်း သင်သည် ကျွန်ုပ်ကြောင့် ဤသစ်ပင်ကို ပြိုလဲလှုမတတ် ယိမ်းယိုင်လှုပ်ရှားသော အခါက စိုးရိမ်ကြောက်ရွံ့ခြင်းမရှိပဲ ယခု ငှက်ငယ်မကလေး လာရောက်နားနေမှ အဘယ့်ကြောင့် ကြောက်ရွံ့စိုးရိမ်ခြင်း ဖြစ်ပါသနည်းဟု မေးရာ ဂဠုန်မင်း သင့်ကြောင့် သစ်ပင်တုန်လှုပ်ခြင်းသည် တုန်လှုပ်ရုံမျှသာ ရှိပါသည်။ နောင်အနာဂတ်ဘေးအန္တရာယ် အထူးမရှိသောကြောင့် မစိုးရိမ်ပါ။ ငှက်ငယ်မသည် အကယ်၍ အခြားက ညောင်သီးကို စားပြီး ဤသစ်ပင်၌ ငှက်ချေးစွန့်ပစ်ခဲ့၍ ညောင်ပင်တို့ ဓမ္မတာသဘောအတိုင်း ကြီးပွားလာလျှင် ဤသစ်ပင်ကိုမျိုသဖြင့် ဤသစ်ပင်ပျက်စီးပါက အကျွန်ုပ်၏ဗိမာန်ပါ ပျက်စီး၍ ကျွန်ုပ်ခိုကိုးရာမဲ့ဖြစ်ကာ သေရမည့်ဘေးကို တွေးတောသံသယရှိသဖြင့် ထိတ်လန့်ကြောက်ရွံ့ရခြင်း ဖြစ်ပါသည်"ဟု ပြောကြားသောဟူ၏။

ထိုအခါ ဂဠုန်မင်းက အသင်ရုက္ခစိုးနတ်မင်း ယင်းသို့ဖြစ်လျှင် စိုးရိမ်ပူပန်မရှိလင့်ဟု ပြောဆိုကာ ငှက်မကို ချောက်လှန့်၍ အခြားသို့ ပျံစေသည်ဟု ဇာတ်တော်၌လာပေသည်။

ဒကာကြီး. . . ဤသို့လျှင် စိုးရိမ်ကြောင့်ကြ သံသယရှိသင့်ရာ၌ ရှေးရှေးပညာရှိသူတော်ကောင်းတို့သည် သံသယရှိကြပေသည်ဟု ပြောဟောသဖြင့် ဖခင်ဒကာကြီးသည် ဖခင်စစ်ဖြစ်ပါသော်လည်း သားဘုန်းကြီး သံသယကင်းစိမ့်သောငှာ ဝမ်းမြောက်ဝမ်းသာစွာ ပဝါရိတဒကာအဖြစ်ဖြင့် ထပ်မံဖိတ်ကြား လျှောက်ထားလေသည်။ ဆရာတော်ကြီးကား သို့ကလောက် ဝိနယဂရုကဖြစ်တော်မူပါပေသတည်း။

**ရွှေကျင်မဟာစရိယောဟိ၊ ဝိနယေ ဂရုကော သုဓီ။**
**ဝိနယေ ဂရုကတ္တာနံ၊ မုခမတ္တနိဒဿနံ။**

## မင်းလှရွာ၌ ဝါကပ်ခြင်း

ဆရာတော်ဘုရားကြီးသည် သီဟိုဠ်ကျွန်းမှ ၁၂၄၀-ပြည့်နှစ် တွင် ပြန်ကြွတော်မူ၍ မင်းလှရွာ တောရကျောင်း၌ ဝါကပ်တော်မူ သည်။ ဆရာတော်ကြီး၏ သာသနာပြုရေးကိစ္စ၌ များစွာအကူအညီ ပေးလေ့ရှိသော ပဉ္စမသံဂါယနာတင် ဘဝရှင်မင်းတရားကြီးမှာ ဆရာ တော်ကြီး သီဟိုဠ်သီတင်းသုံးစဉ် ၁၂၄၀-ပြည့်နှစ် သီတင်းကျွတ် လဆန်း ၆-ရက်နေ့တွင် နတ်ရွာစံတော်မူခဲ့လေသည်။ မင်းတရားကြီး မှာ နတ်ရွာစံခါနီး ရွှေကျင်ဆရာတော်၏ တရားတော်ကို နားကြားခွင့် မရရှာခဲ့ပေ။

## ကျမ်းဂန်များရေးသားပြုစုတော်မူခြင်း

ရွှေကျင်ဆရာတော်ဘုရားကြီးသည် ကျမ်းဂန်များစွာတို့ကို လည်း ပြုစီရင်တော်မူခဲ့လေသည်။ ၎င်းတို့မှာ-

၁။ နေတ္တိလီနတ္ထသင်္ဂဟဝဏ္ဏနာ၊

၂။ နေတ္တိဟာရဝိဘာဝိနီ၊

၃။ ရူပဘေဒဒီပနီ၊

၄။ နိဿယင်္ဂဝိနိစ္ဆယ၊

၅။ ဂဏဘေဒဒီပနီ၊

၆။ သီမာလင်္ကာရဝိနိစ္ဆယ၊

၇။ ဒသဓမ္မသုတ္တာလင်္ကာရအဋ္ဌကထာ၊

၈။ သီလဝိသောဓနီ၊

၉။ သာသနဝိသောဓနီ၊

၁၀။ ပဋိစ္စသမုပ္ပာဒဒီပနီ၊

၁၁။ ဗောဇ္ဈင်္ဂဒီပနီ၊

၁၂။ ဝဏ္ဏနာဒီပနီ၊
၁၃။ ဝိနယဂရုကဒီပနီ၊
၁၄။ ဓမ္မာသဓဒီပနီ၊
၁၅။ ဩဝါဒလင်္ကာရကထာ၊
၁၆။ ဓမ္မခတ္တိယောဝါဒ၊
၁၇။ ကေဝဋ္ဋောဝါဒ၊
၁၈။ သီဟဋ္ဌောဝါဒသန္ဒေသကထာ၊
၁၉။ သန္ဒေသကထာ၊
၂၀။ လင်္ကာသာသနဝိသုဒ္ဓိကထာ၊
၂၁။ ယွာဋ္ဌိကာ၊
၂၂။ ဝိနယမဓု၊
၂၃။ မဟာသိဿကောဝါဒပါဠိ၊
၂၄။ မဟာသိဿကောဝါဒနိဿယ၊
၂၅။ စူဠသိဿကောဝါဒကျမ်း၊
၂၆။ ဂမ္ဘီရာဂမ္ဘီရမဟာနိဗ္ဗုတဒီပနီ၊
၂၇။ ဝိစိတြဝဏ္ဏနာကျမ်း၊
၂၈။ သမာသဂဏ္ဌိ၊
၂၉။ ဒါရုက္ခန္ဓသုတ်နိဿယ၊
၃၀။ အင္ဂိကကမ္မဋ္ဌာနဒီပနီ၊
၃၁။ သဒ္ဒမေဒဒီပနီ၊
၃၂။ ပဋ္ဌာန်းပစ္စည်းအနက်အဓိပ္ပါယ်၊
၃၃။ ရွှေကျင်နိယံ၊
၃၄။ ကုမ္ဘီယောဝါဒကထာ၊

၃၅။ ဒါဌာဓာတုပူဇအဘိယာစကကထာ။

၃၆။ သာသနာစင်ကြယ်ရေးသြဝါဒတော်၊

၃၇။ စူဠသိဿကောဝါဒကထာ-စသည်တို့ ဖြစ်ကုန်၏။

ရွှေကျင်ဆရာတော်ဘုရားကြီး၏ ဖော်ပြပါကျမ်းများအနက်မှ ကျမ်းစာတချို့တို့၏ အကြောင်းအရာများကို အကျဉ်းချုံး၍ သုတေသီတို့အတွက် ဖော်ပြအပ်ပါသည်။

## ဒသဓမ္မသုတ္တာလင်္ကာရဝဏ္ဏနာ

ဒသဓမ္မသုတ္တာလင်္ကာရကျမ်းမှာ ပါဠိဘာသာဖြင့် ဖွင့်ဆိုရေးသားအပ်သော ကျမ်းကောင်းကျမ်းမွန် ဖြစ်လေသည်။ ကျမ်းဦး၌-

ဒသပုရံ ဒသဇာနံ၊ ဒသဝန္တော ဒသဗလေဟိ သမ္ပန္နော။
ဒသဓမ္မလင်္ကိတံ သုတ္တံ၊ ယော ဒေသေသိ ယံ ဓိတြံ။

တံ နတွာ ဓိတြတ္တာယံ၊ ဝိဇ္ဇာဝယဥ္စ သောတုနံ။
သန္တာနံ ဓီမတံ သဒ္ဓါ၊ ဇနယံ ဝဏ္ဏနံ ကဿံ။

တစ္ဆေတံ နာနာနယဝရေဟိ၊ နာနာဝိဓေဟိ လင်္ကြတွာ။
သံဝဏ္ဏနယမာနတ္တာ၊ ဟေဿတိ တန္နာမိကာ သော။

ဟူသော ဂါထာများဖြင့် ပဏာမ, ပဋိညာဉ်, ပယောဇဉ်စသည်တို့ကို ဖော်ပြတော်မူခဲ့လေသည်။ ကျမ်း၏အဆုံး၌-

"အာယသ္မတာ ဇာဂရတ္ထေရေနာယံ ဘာသိတဒသဓမ္မသုတ္တာလင်္ကာရဝဏ္ဏနာ၊ ယေနစာယသ္မတာ ဇာဂရတ္ထေရေန သီလဝိသောဓနီနာမိကာ, ဂဏာဘေဒဒီပနီနာမိကာ, ရူပဘေဒဝိဘာဝနီနာမိကာ, ဗောဓ္ဈင်္ဂဒီပနီနာမိကာ, အဋ္ဌကကမ္မဋ္ဌာနဒီပနီနာမိကာ, နိဿယင်္ဂဝိနိစ္ဆယနာမိကာ, သီဟဠသိမာသင်္ကရဝိဝါဒစ္ဆေဒနီနာမိကာ, နေတ္တိလီနတ္ထသင်္ဂဟဝဏ္ဏနာနာမိကာ, ဝဋ္ဋနာဒီပနီနာမိကာတိစွေဝမာဒိကာ

ခုဒ္ဒကဂန္ထဇာတာ ကထာ။ တေနေဝါယံ ကတာ ဒသဓမ္မသုတ္တာ-
လင်္ကာရဝဏ္ဏနာ”ဟူသော စကားရပ်ဖြင့် နိဂုံးအုပ်တော်မူခဲ့လေသည်။

မူလရှိပြီးဖြစ်သော ဒသဓမ္မသုတ္တသံဝဏ္ဏနာမှာ ကျဉ်း၍ ကျယ်ကျယ်ဝင့်ဝင့် ရေးသားခဲ့ကြောင်းလည်း ဖော်ပြတော်မူခဲ့လေ သည်။ ယင်းကျမ်းကို ၁၂၃၅-ခုနှစ် သီတင်းကျွတ်လဆန်း ၃-ရက် နေ့ ရွှေနန်းတော် မြောက်ဥယျာဉ်တော်အတွင်း စာပုံနှိပ်တိုက် စက်ရုံ တော်၌ စတင်ပုံနှိပ်ခဲ့သည်။

## သီလဝိသောဓနီ

သီလဝိသောဓနီကျမ်းကို ၁၂၄၆-ခုနှစ် ကဆုန်လဆုတ် ၄-ရက်နေ့ ၃-ချက်တီးကျော်တွင် အပြီးသတ် ရေးသားစီရင်တော်မူခဲ့ လေသည်။

သာသနာ့ဝန်ထမ်း ရဟန်းတော်များ သီလမပျောက်မကြွေး ရန်, သီလကို ချစ်ခင်မြတ်နိုးရန်, သီလစင်ကြယ်အောင် ပြုလုပ်ရန် စသည်တို့ကို ရည်သန်ရေးသားတော်မူခြင်း ဖြစ်လေသည်။

“သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ” အဘိယာစကပြုတော်မူကြကုန်သည်နှင့်အညီ သံသရာဝဋ်မှ လွတ်လို ကြကုန်သည်ဖြစ်၍ ရဟန်းပြုတော်မူကြကုန်သော ပုဂ္ဂိုလ်သခင်အရှင် မြတ်တို့သည် အလွန်ကြည်နူးလှစွာသော သဒ္ဓါမေတ္တာစိတ်ဖြင့် ကျွန်ုပ် လျှောက်ဆို ရေးသားလတ့်သော ရှင်တော်ဘုရား၏ ရွှေနှုတ်တော်မြတ် ဓမ္မစက်ကို ပညာတည်းဟူသောနား ရွှေခွက်ဖြင့် မှတ်သားလေ့ကျက် ဆောင်ရွက်ကြည့်ရှုတော်မူကြပါစေကုန်သတည်း”ဟူ၍ ကျမ်းဦးစကား ဖော်ပြရေးသားတော်မူခဲ့လေသည်။

ဤသီလဝိသောဓနီကျမ်း၌ ရဟန်းတော်များ စီဝရပရိဘောဂ, သန္နိဓိသိက္ခာပုဒ်, ကုလဒူသကသိက္ခာပုဒ်အရာတို့၌ ချွတ်ချော်တိန်းပါး မိတတ်သဖြင့် မချွတ်ချော်နိုင်ရန် ရည်သန်တော်မူ၍ စီဝရပရိဘောဂ ဝိနိစ္ဆယ, သန္နိဓိဝိနိစ္ဆယ, ကုလဒူသကဝိနိစ္ဆယတို့ကို အကျဉ်းအားဖြင့် ရှင်းလင်းဖော်ပြတော်မူခဲ့လေသည်။

## အနုသာသနိဂါထာများ

ဣင်းပြင် သီလဝိသောဓနီကျမ်းငယ်၌ သာသနာ့ဝန်ထမ်းများ စိတ်ဝင်စားမှတ်သားဖွယ်, လိုက်နာဖွယ်ကောင်းလှသော အနုသာသနီဂါထာများကိုလည်း ရေးသားတော်မူခဲ့လေသည်။ အမြွက်မျှဖော်ပြရသော်-

ယဒါ သုဏာတိ သဒ္ဓမ္မံ၊ ပါပဓမ္မံ ဝိသဇ္ဇတိ။
သမာစရတိ သဒ္ဓမ္မံ၊ သဒ္ဒဟန္တဿ ဘိက္ခုနော။

သုဝေါ ဝဒတိ ဝါစမ္ပိ၊ မနုဿေဟိ သုသိက္ခိတော။
မက္ကဋောပိ စ နစ္စန္တော၊ ကောစာဒန္တော မဟာမုနိ။

ကဏှသပ္ပေါ ယရေယော၀၊ အဒန္တော စေပိ ပေါသိတော။
အဒန္တဿ အလဇ္ဇိဿ၊ သာသနေပိ စ တံ သမော။

သစေ သုဏေယျ သော သတ္တော၊ မုနိသေဋ္ဌဿ သဒ္ဓမ္မံ။
မဏ္ဍုကောပိ သုခံ လဒ္ဓေ၊ သကျပုတ္တော န လဒ္ဓေတိ။

စသည်တို့ ဖြစ်ကုန်၏။ အကျယ်သိလိုသူများ ယင်းသီလဝိသောဓနီကျမ်းကို ကြည့်ရှုရာ၏။

## ဝဋ္ဋနာဒီပနီကျမ်း

ရွှေကျင်ဆရာတော်ဘုရားကြီးသည် ရာဂဝဋ္ဋနာ, သောကဝဋ္ဋနာ, ပဟာသဝဋ္ဋနာ-စသော ဝဋ္ဋနာ ၃၆-ပါးတို့ကို အကျယ်ဝေဖန်၍ ရေးသားတော်မူခဲ့လေသည်။

“မာယူပမဉ္စ ဝိညာဏံ”ဟူသော ပါဠိတော်နှင့်အညီ မသူတော်တရားကို သူတော်တရားယောင်ယောင် ဝိညာဏက္ခန္ဓာလည့်ဆောင်၍ နိဗ္ဗာန်လမ်းကြောင်းမကျ ဥမ္မဂ္ဂဟုဆိုအပ်သော အပါယ်လမ်းကို နိဗ္ဗာန်လမ်း ထင်မှားကြကုန်သဖြင့် ကျားကိုကြောက်၍ ပြေးသည်တွင် ကျားရှိရာကို ပြေးဝင်မိသည့် သူကန်းဥပမာအဖြစ် ရှိကြပါစေခြင်းငှာ

"အဋ္ဌကထာနေတ္တိ"ကျမ်းညွှိ၍ သိသာခြားနားရေးသားအပ်လတ့်သော ဝဠနာဒီပနီ သညီမည်မှန်း ဤသည့်ကျမ်းကို ညွှန်လမ်းသဒ္ဒါ နောင်လာနောက်သား အမျိုးသားတို့ မှတ်သားလေ့ကျက် ဆောင်ရွက်ကြည့်ရှုတော်မူကြစေကုန်သတည်း"ဟူသော စကားရပ်ဖြင့် ရည်ရွယ်တော်မူချက်နှင့် ကျမ်း၏မှီရာကို ဆရာတော်သည် ကိုယ်တိုင်ဖော်ပြတော်မူခဲ့လေသည်။

ဆရာတော်ဘုရားကြီးသည် ဝဠနာဒီပနီကျမ်း၏အဆုံး၌ နေတ္တိကျမ်းလာ ကျယ်ဝန်းလှစွာသော မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာ သံဝေဂ ဝီမံသ-စသည့် တရားကောင်းဖြစ်ရာ ရာဂ သောက ပဟာသ မုရနိက္ခတ္တ စိတ္တသန္တာပ အသဒ္ဓိယစသည့် တရား ဆိုးများဖြားယောင်းပုံများကို သင်္ဂဟဂါထာ ၁၀-ဂါထာဖြင့် စီကုံးရေးသားတော်မူခဲ့လေသည်။ ယင်းသို့ဖြစ်ကြောင်း-

**ဒသမတ္တာဟိ ဂါထာဟိ၊ ဆတ္တိံသဝဠနာ မယာ။**
**နေတ္တိယာ သံဝဏ္ဏနာယ၊ သင်္ဂယှ အာဂတာ ကတာ။**

ဟူသော ဂါထာဖြင့် ဖော်ပြတော်မူခဲ့သည်။

## သီဟဠဒွီပဝါဒသန္ဒေသကထာ

ဆရာတော်ဘုရားကြီးသည် မန္တလေးတောင် မြောက်ဖက်ရှိ မဟာဓမ္မိကာရာမတိုက်၌ သီတင်းသုံးတော်မူစဉ် သီဟိုဠ်ကျွန်း ရာမညဂိုဏ်းမှ ရာမညဂိုဏ်းတည်ဆရာတော် အရှင်ဣန္ဒာသဘ [၁]၏တပည့်ရဟန်းများဖြစ်ကြသော အရှင်ဓမ္မကုသလနှင့် အရှင်ဉာဏိန္ဒတို့ ရောက်ရှိလာကြကာ ဆရာတော်ဘုရားကြီးထံ နည်းနာနိဿယယူကြကုန်၏။ ဩဝါဒရလိုပါကြောင်းလည်း လျှောက်ထားကြကုန်၏။ ဆရာတော်ဘုရားကြီးသည် ဖော်ပြပါ သီဟိုဠ်ရဟန်းတော်တို့ပေါ် ကရုဏာ

---

၁။ အရှင်ဣန္ဒာသဘနှင့်စပ်၍ မှတ်သားဖွယ် မန္တလေးသာသနာဝင်။ ၁၂၄။ မဟာဝိသုတာရာမတိုက်တော် သာသနာဝင်ကြည့်။

သက်တော်မူသဖြင့် ဖော်ပြပါ သီဟဋ္ဌောဝါဒသန္ဒေသကထာကို ရေးသားချီးမြှင့်တော်မူခဲ့လေသည်။ ၎င်းမှာ သန္ဒေသဟုဆိုသော်လည်း ကရောင်း ၁၆-ချိုး စာမျက်နှာ ၅၀-ခန့်ရှိ အဖိုးတန်ပါဠိစာကောင်း စာမွန် ဖြစ်၏။ သန္ဒေသ၏အဆုံး၌-

"အယံ ပန သန္ဒေသကထာ သီဟဋ္ဌောဝါဒနာမိကာ ဘဂဝတော သမ္မာသမ္ဗုဒ္ဓဿ ပရိနိဗ္ဗာနတော ပဉ္စာယ စတုဝဿသတာမိကဒွိသဟဿဝဿမုပရိသတ္တရသေမေ ဝဿေ ကတ္တိကမာသဿ ကာဠပက္ခေ ပါဋိပဒဒိဝသတော ပဋ္ဌမိယံ ရဝိဝါရေ ဇမ္ဗုဒီပေ မြန်မာရဋ္ဌေ ရတနာပုဥ္ဇနဂရေ မန္တလာစလပဗ္ဗတေ ဥတ္တရဒိသာဘာဂေ ပဗ္ဗတဂုဟာယံ ဝသန္တေန အာယသ္မတာ ဇာဂရတ္ထေရေန ကထိတာတိ အဘိသင္ခတ္ဆ္ၘ ယထာဝုတ္တသန္ဒေသကထာသခ်ါတံ ခမ္မကထံ ဒေသေတာရံ ပုဂ္ဂလမာရဗ္ဘ ပသန္နမိတ္တန္တာ သာခဝေါ"တိ-ဟူသော စကားဖြင့် ကာလဒေသကို ဖော်ပြ၍ နိဂုံးအုပ်တော်မူခဲ့လေသည်။

## ခမ္မောသဓဒီပနီစာတမ်း

ခမ္မောသဓဒီပနီစာတမ်းမှာ သက္ကရာဇ် ၁၂၃၈-ခုနှစ်က ရေးသားစီရင်တော်မူ၍ ယင်းသည့် ၁၂၃၈-ခုနှစ် တန်ခူးလဆုတ် ၈-ရက်နေ့တွင် ရန်ကုန် ရွှေတိဂုံစေတီအရှေ့ဖက် ခြေတော်ရင်းရှိ ကျောင်းတော်ရာကျောင်းတိုက်အတွင်း အထောင်မက များစွာသော ရဟန်းရှင်လူအစည်းအဝေးကြီး၌ မလွန်မင်းသား ဆရာအကြီးတော် ဦးသံမှိုကို ဖတ်စေတော်မူကာ ချီးမြှင့်တော်မူသည်။ ယင်းစာတမ်းကို ရာမညတိုင်း ဟံသာဝတီနယ်ရှိ ရဟန်းရှင်လူတို့အကျိုးငှာ ရေးသားချီးမြှင့်တော်မူခြင်း ဖြစ်သည်။ ယင်းသို့ ရေးသားချီးမြှင့်တော်မူခြင်းမှာ ရန်ကုန်မြို့ ကြည့်မြင်တိုင် ရှင်ဇနိန္ဒာဘိ, ရှင်ကိတ္တိ, ရှင်မာလာ, သရက်တောရှင်ဂုဏာ, အရှေ့တောရရှင်ရေဝတ, ရွှေဂုံတိုင် ရှင်ဇယန္တ, ကြားတောရ ရှင်ဉာဏ, ရှင်သာဂရ, ဗားကရာရှင်သူရိယ, သွေးဆေးကန် ရှင်မေဓာ, ပုဇွန်တောင် ရှင်ဝရ, မြေနီကုန်း ရှင်ပညာဝံသ-

စသည့်ရဟန်းတော်များက သာဝဇ္ဇ အနဝဇ္ဇ, ဒုဋ္ဌုလ္လ အဒုဋ္ဌုလ္လ, ဂရုက လဟုက-အစရှိသော အပြစ်ကြီးအပြစ်ငယ်တို့ကို ဖော်ထုတ်ပြသမည့်ပုဂ္ဂိုလ်ကင်းမဲ့က မတင့်တယ်နိုင်ပါသောကြောင့် တပည့်ဒကာဒကာမတို့ သဒ္ဓါ,ပညာမျှတကာဖြင့် နိဗ္ဗာန်ခရီး နီးစေခြင်းငှာ အဆုံးအမပေးတော်မူပါရန် လျှောက်ထားကြသောကြောင့်လည်းကောင်း, ရန်ကုန်မြို့ဒကာ အခွန်ဝန်ဦးရွှေစိုး, သိမ်ကြီးဒကာ ဦးဘော, ကျောင်းဒကာ ဦးဘိုးညွှင်း, ကျောင်းဒကာ ဦးဘိုးကြီး စသည်တို့က အလဇ္ဇီဒုဿီလပုဂ္ဂိုလ်တို့ အလျှုခံပုဂ္ဂိုလ်တစ်ကိုယ်လေးတွင် ပါဝင်သင့် မပါဝင်သင့် အယူကွဲပြားနေပါသဖြင့် အဆုံးအဖြတ်ပေးတော်မူပါရန် လျှောက်ထားကြသောကြောင့်လည်းကောင်း ရေးသားစီရင်တော်မူခြင်းဖြစ်လေသည်။ ၎င်းစာတမ်း ဂိုဏ်းဂဏမရွေး ရှင်ရဟန်းလူပုဂ္ဂိုလ်များကြည့်ရှုလေ့လာသင့်သည့် အနှစ်သာရပြည့်ဝလှသည့် စာတမ်းဖြစ်လေသည်။[၁]

## လဇ္ဇီသာသနဝိသုဒ္ဓိကာ

ဆရာတော်ဘုရားကြီးသည် သီဟိုဠ်ကျွန်း (သီရိလင်္ကာ)မှ စွယ်တော်ကို ဖူးမျှော်၍ ပြန်ကြွတော်မူခဲ့ပြီး ရန်ကုန်မြို့ ကျောင်းတော်ရာ ရွှေကျင်တိုက်၌ သီတင်းသုံးတော်မူစဉ် သီဟိုဠ်ကျွန်းရှိ ရှင်ရဟန်းတို့နှင့် ဒကာဒကာမတို့အတွက် လဇ္ဇီသာသနဝိသုဒ္ဓိကထာကို ပါဠိဘာသာဖြင့် ရေးသားပုံနှိပ်စေတော်မူ၍ သီဟိုဠ်သို့ ပို့စေတော်မူခဲ့လေသည်။ အရှင်မဟိန္ဒထေရ် စတင်ခဲ့သော ဘုရားမြတ်စွာသာသနာတော်သည် မူလပင်လုံးကျွတ်ပွင့်ခဲ့သော်လည်း ညှိုးမှိန်သောအခါတော်တော်များများ ကြုံခဲ့၏။ ရွှေကျင်ဆရာတော်ကြီး ရောက်ရှိစဉ် ဝိနယဂရုကနည်းပါးသည့် သာသနာတော်ထမ်းများကို တွေ့ရှိခဲ့ပေ သည်။ ယင်းသို့ဖြစ်၍ ဤလဇ္ဇီသာသနဝိသုဒ္ဓိကထာကျမ်းကို ရေးသားတော်မူ

---

၁။ ရွှေကျင်ဂိုဏ်းကျင့်ထုံးကြီး။ ၃၈-၇၆-ကြည့်။

ခြင်းဖြစ်လေသည်။ ပါဠိစာသွား ကောင်းမွန်လှပေသည်။ ၎င်းလင်္ကာ သာသနဝိသုဒ္ဓိကထာမှာ ဒီမိုင်းဆိုက် စာမျက်နှာ ၁၅၁, ကရောင်း ၁၆-ချိုး ၁၃၄၁-ခုနှစ် သာသနာရေးဦးစီးဌာနပုံနှိပ်တိုက် ရိုက် ၂၆၇-မျက်နှာရှိလေသည်။ ဆရာတော်ဘုရားကြီးသည် ကျမ်းဦး၌-

နတွာန ဘိက္ခုနမဘိန္နနိကာယိကာနံ၊
ကတ္တာရမာဒရမနာထသုနာထဗုဒ္ဓံ။
လင်္ကာယမေတ္ထ မုနယော ဗဟုဝဂ္ဂိကာ ယေ၊
နာနာနိကာယသုဝိဘိန္နဝိဘိန္နပတ္တာ။

စေတောခိလာ စ မိထု တေ ဂရဟံ ကရောန္တာ၊
တေသာနုကမ္ပမနသော စ သမဂ္ဂဘာဝံ။
လင်္ကာယသာသနဝိသုဒ္ဓိမဘိစ္ဆမာနော၊
ကဿာမိ သာသနဝိသုဒ္ဓိဘိဓာနကာဟံ။

ဝုဍ္ဎေတ္ထ ဝန္ဒိယိတရေ သမဘိဏှသော နော၊
ကာရုညစိတ္တမုပဋ္ဌာ ဝိယ သုဒ္ဓိစိတ္တော။
ဓမ္မစက္ကထဥ္စ ကထယံ ဝိဝိဓံ ဝိဝါဒံ၊
ဓမ္မေန စေဝ ဝိနယေန စ နိစ္ဆယန္တော။

ဟူသော ၃-ဂါထာဖြင့် ဗုဒ္ဓပဏာမနှင့် အသီးအသီးဂိုဏ်းဂဏပက္ခ ကွဲပြားကြ, အချင်းချင်း အမနာပပြောကြသည့် ရဟန်းတို့အား ကရုဏာသက်ပါသဖြင့် သီဟိုဠ်သာသနာစင်ကြယ်ရေးကို အလိုရှိပါ သဖြင့် လင်္ကာသာသနဝိသုဒ္ဓိကထာကို ရေးသားမည်ဖြစ်ကြောင်း စသည်ဖြင့် ဖော်ပြတော်မူခဲ့လေသည်။

## မဟာသိဿကောဝါဒပါဌ်နှင့်
## မဟာသိဿကောဝါဒနိဿယ

ရွှေကျင်ဆရာတော်ဘုရားကြီးသည် မြတ်စွာဘုရားသာသနာတော်၏ ထွန်းလင်းတောက်ပခြင်း, တပည့်တပန်းကို အလင်္ကာ, သဒ္ဒါ, တောဒည်း နည်းမျိုးစုံရစေလိုခြင်း, အလဇ္ဇီဒုဿီလမဖြစ်ကြပဲ လဇ္ဇီသုသီလပုဂ္ဂိုလ်မွန်တို့ ဖြစ်စေလိုခြင်း စသည်တို့နှင့်တကွ အရဟတ္တဖိုလ်တိုင်အောင်သော အကျိုးထူးများ ရစေလိုခြင်းအကျိုးတို့ကို ရည်ရွယ်မျှော်ကိုးတော်မူ၍ မဟာသိဿကောဝါဒနိဿယကို ရေးသားစီရင်တော်မူခဲ့လေသည်။ မဟာသိဿကောဝါဒပါဌ်၌-

၁။ ကာမာဒီနဝကထာ

၂။ သီလသံဝရကထာ

၃။ ပဏ္ဍိတုပသေဝနကထာ

၄။ ဗာလာနုပသေဝနကထာ

၅။ ခန္တီသံဝရကထာ

၆။ ပကိဏ္ဏကကထာ

ဟူသော ကထာ ၆-ပါးတို့ဖြင့် တန်ဆာဆင်၍ ရေးသားတော်မူခဲ့လေသည်။ ဆရာတော်သည်-

အတုလော အတုလံ ဒေဝန္တော၊ ဝေါဝဒါနံ ဝိဝေါဝဒေါ။
ဝေါဝါဒကံ မံ သိဿာနံ၊ သဒ္ဓေါ ဝဒတု တံ တုလော။

ပဝရော ပဝရံ ဒေဝန္တော၊ နာယကာနံ ဝိနာယကော။
နိနာယကံ မံ သိဿာနံ၊ သဒါ ဝိနေတု သံဝရော။

အဘယော အဘယံ ဒေဝန္တော၊ အဘယာနံ သုပါလကော။
သုပါလမံ မံ သိဿာနံ၊ သဒါ ပါလေတု တံ ဘယော။

ဟူသော ၃-ဂါထာဖြင့် အာသီသပုဗ္ဗက ဂန္ထာရမ္ဘပြု၍ ကျမ်းစာကို စီရင်တော်မူခဲ့လေသည်။ မဟာသိဿကောဝါဒပါဠ်၌ ဂါထာပေါင်း ၄၄၉-ဂါထာ ပါရှိလေသည်။ သက်ဆိုင်ရာ စုဏ္ဏိယပါဠိတော်များနှင့် အဋ္ဌကထာ, ဋီကာကိုးကားများကိုလည်း တွေ့ရှိရလေသည်။ ဆရာတော်ဘုရားကြီးသည် စာအရေးအသား ကျွမ်းကျင်တော်မူသည်။ စာပေကိုလည်း နိုင်နင်းလေသည်။ ပါဠိ, အဋ္ဌကထာ, ဋီကာစသည့် ကျမ်းများစွာလည်း နှံ့စပ်၏။ စိတ်ကူးဉာဏ်လည်း ကောင်းမွန်တော်မူ၏။

ပညဝါပိ စ စေ ဘိက္ခု၊ သီလဝန္တော၀ သောဘရေ။
သာရဝန္တာပိ စေ ရုက္ခာ၊ ဖလဝန္တာ၀ အဌ္ဌရေ။

ဟူသောဂါထာ၌ ဘုန်းကြီးများ သီလရှိမှ တင့်တယ်ကုန်၏။ သစ်ပင်များ အနှစ်ရှိကုန်လင့်ကစား အသီးရှိမှ တန်ဘိုးရှိကုန်၏စသည့် စိတ်ကူးဉာဏ်ဖြင့် ပမာပမေဖွဲ့၍ ရေးသားချက်များကို ဤကျမ်း၌ များစွာတွေ့ရလေသည်။ ပညာရှိလုပ်လိုသူ, သီလဝန္တသိက္ခာကာမ လုပ်လိုသူ, တိုက်တာတည်ထောင် စာသင်တိုက်ပြုလုပ်လိုသော အရှင်မြတ်တို့ ဂိုဏ်းဦးစီးလုပ်တော်မူကြသည့် ထေရ်ကျော်မဟာတ်တို့ ဤကျမ်းကို ဖတ်ရှုသင့်လေသည်။ မဟာသိဿကောဝါဒကျမ်း အဆုံး၌-

“ဣတိ ကာမာဒီနဝကထာ, သီလသံဝရကထာ, ပဏ္ဍိတုပသေဝနကထာ, ဗာလာမုပသေဝနကထာ, ခန္တိသံဝရကထာ, ပကိဏ္ဏကကထာဝသေန ဆဟိ ကထာဟိ ပဋိမဏ္ဍိတော မဟာသိဿကောဝါဒဂန္ထော သုနိဋ္ဌိတော။

ယထာယံ ဂန္ထော အနန္တညာယေန သုနိဋ္ဌိတော၊ တထာ ယေ တေ မမ သက်ပ္ပါ လောကိယလောကုတ္တရသံယုတ္တာ အတ္ထ-သဥ္စိတာ သဗ္ဗေ တေ သီဃံ ပရိပူရေန္တု”တိ ကောဇာသက္ကေ ဂမ္ဘ-ခဂ္ဂေ ပတ္တေ ကတ္တိကမာသကေ သုမ္ဘပက္ခေ ဆဋ္ဌဒိနေ အနန္တရာယေန သုနိဋ္ဌိတော။ ယေနာယံ ဂန္ထော သုကတော တေနေဝ အာစရိယေန ဒသမမ္ဗာလင်္ကာရဂန္ထော နိဿဂ်ဝိနိစ္ဆယဂန္ထော လင်္ကာသာသနဝိသုဒ္ဓိ-

ဂန္ထော အဋ္ဌကထမ္ဘဋ္ဌာနုဂန္ထော ကိစ္စာဒယော အနေကေ ခုဒ္ဒကဂန္ထာ သုကတာ”တိ-ဟူသော စကားရပ်ဖြင့် ကျမ်း၏ပရိမာဏ, တောင့်တချက်, ကျမ်းပြီးချိန်, မိမိပြုစုသော ကျမ်းများကို ဖော်ပြ၍ နိဂုံးအုပ်တော်မူခဲ့လေသည်။ မဟာသီသကောဝါဒ နိဿယကိုလည်း ကိုယ်တိုင်ပြုစုတော်မူခဲ့သည်။ နည်းမျိုးစုံဖြင့် အနက်မြန်မာပြန်ဆိုထားသည်ကို တွေ့ရ၏။ ယင်းနိဿယကျမ်းမှာ ၁၂၅၄-ခုနှစ် ဝါဆိုလ တွင် ပြီးဆုံးခဲ့လေသည်။

## စူဠသီသကောဝါဒကျမ်း

ဆရာတော်ဘုရားကြီးသည် နွားလံတောင်တောရကျောင်း၌ သီတင်းသုံးတော်မူစဉ် မန္တလေးတောင် မြောက်ဖက်ရှိ မဟာဓမ္မိကာရာမရွှေကျင်တိုက်မရှိ သံဃာတော်နှင့် မြတောင်, မင်းခင်း, ထရံကာ, ရမည်းသင်းစသည့် ကျောင်းတိုက်များရှိ သံဃာတော်များ ကျင့်ကြံနေထိုင်လိုက်နာကြရန် ရေးသားပေးပို့တော်မူသည့် “စူဠသီသကောဝါဒလက်ာရဓမ္မကထာ” ဖြစ်လေသည်။ ယင်းစူဠသီသကောဝါဒကျမ်းငယ်ကို-

သမ္ဗုဒ္ဓေါ မေ သီသေ ဌာတု၊ ဓမ္မော သံဃော အနုတ္တရော။
ဣစ္ဆိတော မေ သီသံ ယာတု၊ သံကထာယာနုဘာဝတော။

ဟု ပဏာမပြုတော်မူ၍ စတင်ရေးသားတော်မူခဲ့လေသည်။

ယင်းစူဠသီသကောဝါဒကထာကျမ်း၌ ကထာပေါင်း ၁၅-ခု ပါရှိလေသည်။ ၎င်းတို့မှာ-

၁။ ဝိယေဟိ ဝိပ္ပယောဂသောကသလ္လဝိဓမနကထာ၊

၂။ သံဝရသီလကထာ၊

၃။ ဘဿာရာမတာဒိပဟာနကထာ၊

၄။ ခန္တီသံဝရကထာ၊

၅။ သပြေဟ္မစာရီသုဂါရဝကထာ၊
၆။ သပြေဟ္မစာရီသုမေတ္တာပုဗ္ဗင်္ဂမမေတ္တာဝိဟာရကရဏကထာ၊
၇။ သေဝိတဗ္ဗမိတ္တအင်္ဂကထာ၊
၈။ သပြေဟ္မစာရီသုပဋိသန္ထာရေ ဂါရဝတာကထာ၊
၉။ ဝတ္တာနုဝတ္တပူရဏကထာ၊
၁၀။ သပြေဟ္မစာရီနံ သောဝစ္စတာကထာ၊
၁၁။ နာယကအင်္ဂကထာ၊
၁၂။ လာဘသက္ကာရသိလောကဿာဒနိဂ္ဂဟကထာ၊
၁၃။ ကာမာနံ အာဒီနဝဒဿနကထာ၊
၁၄။ အပ္ပမာဒဝိဟာရကထာ၊
၁၅။ သဗ္ဗသင်္ဂါဟိကသင်္ခေပကထာ၊

တို့ ဖြစ်ကုန်၏။ ယင်း ၁၅-ပါးသော ကထာတို့၌ ဘုရားဟောပါဠိတော် စကားများကို တိုက်ရိုက်ထုတ်ပြ၍လည်းကောင်း, ပါဠိတော် အဋ္ဌကထာလာအဓိပ္ပါယ်တို့ကို သိမ်းယူချဉ်းချုံး၍လည်းကောင်း ဂါထာ ရေးစီကုံးရေးသားတော်မူ၍ ဩဝါဒပေးတော်မူခဲ့လေသည်။ ဤကျမ်း လာ ဂါထာများမှာ သုတေသီများ, သာသနာ့ဝန်ထမ်းများ မှတ်သား ဖွယ် ကောင်းလှပေသည်။

သာဝဇ္ဇေ ပဋိသေဝန္တော၊ အနဝဇ္ဇေ နိယောဇကော။
ဘုသော စရတိ ဝိသောနံ၊ အတ္တံ အာစရိယော တတော။

အတ္တလောကေန သိဿာနံ၊ မေတ္တောဒကေန သိဉ္စတိ။
တေဟိ ဝါ တေန သိဉ္စိတ္တော၊ ဂုရု ဝုစ္စတိ သော တတော။

ဟိမဝန္တော မဟာသာလေ၊ မဟာမေဃော ဝ သဒ္ဒမ္မော။
သော တေဟိ သာသနေ သန္တော၊ ဝမေန္တော သံဝရာဒိကေ။

ပါတိမောက္ခံ ဝိသောဓေန္တော၊ အပ္ပေ၀ ဇီဝိတံ ဇဟေ။
ပညတ္တံ လောကနာထေန၊ န ဘိန္ဒေ သီလသံဝရံ။

သကုန္တော၀ ကိကီ အဏ္ဍံ၊ ဝါဠဓိ၀ စာမရီ မိဂေါ။
စဇန္တော ဇီဝိတံ ကာယံ၊ သံဝရံ သံဝရေ မုနိ။

ဘုတ္တသုနာ နဝေ မဇ္ဇေ၊ ဒဏ္ဍာဂါဟံ ပလာယနံ။
ဘုသော သုနာ၀ ဘုဒ္ဒန္တိ၊ ဒေါသော ဒေါသံ သုဒုဿတိ။

ရဟောဝါဒံ န ဘာသေယျ၊ န သမ္မုခါ ခိဏံ ဘဏေ။
အတရမာနော၀ ဘဏေယျ၊ တရမာနော စ နော ဘဏေ။

ဘဋ္ဌော ဘဋ္ဌေန ဘတ္တာရံ၊ သာမိကံ နာရိရူပတော။
သီသော ဝတ္တေန အာစေရံ၊ အတ္တမ္ပိ တောသနံ ဇနေ။

ဂိဝါဂါဟေန အဿဂ္ဂံ၊ နာဝံ ဖိယေန သုဋ္ဌုနာ။
ဝတ္တာဝတ္တေန အာစေရံ၊ သမံ ဝတ္တုံ နုဝတ္တယေ။

ခမာဇာဂရိယုဋ္ဌာနံ၊ သံဝိဘာဂေါ ဒယိက္ခနာ။
နာယကဿ ဆဋ္ဌင်္ဂါနိ၊ တေဟော၀ နာယကော ဘဝိ။

ဘောဇနံ ပူတိဂိဇ္ဈာနံ၊ သာလိ ဟံသာနမုတ္တမံ။
ကာမာ ခနာနိ ဂါမ္မာနံ၊ နေက္ခမ္မံ ဘိက္ခုနံ ဝရံ။

နာဂေါ ကာယဿ နေတ္တမ္ပိ၊ အဿာဒံ ဆိဇ္ဇနံ သဒါ။
မက္ခိကာဏ္ဍံ သုပ္ပူရေန္တော၊ အန္ဓဂေါ၀ ဝိနဿတိ။ [၁]

ဓသည့်ဂါထာတို့မှာ နှုတ်ရဆောင်၍ ဂါထာလာအတိုင်း လိုက်နာပြု ကျင့်ဖွယ် ကောင်းလှကုန်၏။

---

၁။ ၎င်းဂါထာတို့၏ အနက်အဓိပ္ပါယ်များကို စူဠသီဿကောဝါဒမှ ယူကြပါရန်။ သုတေသီများ သဲလွန်စရရုံ ဖော်ပြခြင်းဖြစ်ပါသည်။

## ဂမ္ဘီရာဂမ္ဘီရမဟာနိဗ္ဗုတဒီပနီကျမ်း

ဆရာတော်ဘုရားကြီးသည် ပါဠိ အဋ္ဌကထာ ဋီကာ ဂန္ထန္တရ ကျမ်းပေါင်း ၉၀-ကျော်ကို မွှေနှောက်၍ ကြည့်ရှုတော်မူ၍ နိဗ္ဗာန်သည် သဘာဝအားဖြင့် ထင်ရှားရှိပုံ, ထင်ရှားရှိသောနိဗ္ဗာန်၌ ချမ်းသာရှိပုံ, ၎င်းချမ်းသာကို နိဗ္ဗာန်ရသူတို့ ရရှိပုံ စသည်တို့ကို ပြောင်မြောက်သော စကားလုံး, ဂါထာဗန္ဓအဝဝတို့ဖြင့်လည်း တန်ဆာဆင်၍ "ဂမ္ဘီရာဂမ္ဘီရမဟာနိဗ္ဗုတဒီပနီ"မည်သော ကျမ်းကြီးကိုလည်း ရေးသားတော်မူခဲ့လေသည်။ ယင်းကျမ်းကိုလည်း ၁၂၅၅-ခုနှစ် ဝါခေါင်လဆန်း ၁၁-ရက်နေ့အပြီး မန္တလေးမြို့ မန္တလေးတိုင်း သတင်းစာပုံနှိပ်တိုက်၌ ရိုက်နှိပ်ခဲ့လေသည်။ ရန်ကုန် ဇမ္ဗူမိတ်ဆွေပုံနှိပ်တိုက်၌လည်း ခရစ်သက္ကရာဇ် ၁၉၃၄-ခုနှစ် ကောဇာသက္ကရာဇ် ၁၂၉၅-ခုနှစ်လောက်က ရိုက်နှိပ်ခဲ့သေးသည်။ တဖန် ဗုဒ္ဓသာသနာ့အဖွဲ့ ပုံနှိပ်တိုက်တွင် ၁၃၂၆-ခုနှစ်က ရိုက်နှိပ်ထုတ်ဝေရာ ခမ်းနားလှပသည့်ကျမ်းစာကြီး ဖြစ်လေသည်။ ကမ္ဘာအေးရိုက် ရှိုင်ဆိုက်စာမျက်နှာ ၃၆၉-မျက်နှာ ရှိလေသည်။ ဆရာတော်ဘုရားကြီးသည် ကျမ်းဦး၌-

နမတ္ထု မေ ဂမ္ဘီရာဂမ္ဘီရဉာဏာယ၊<br>
ပူဇတ္ထု မေ ဂမ္ဘီရာဂမ္ဘီရဓမ္မာယ။<br>
ဇယတ္ထု မေ အန္တရာယာယာယ၊<br>
ပူရတ္ထု မေ ကင်္ခိတာကင်္ခိတာယ။

ဟူသောဂါထာဖြင့် အာသီသပုဗ္ဗက ဂန္ထာရမ္ဘပြုတော်မူခဲ့လေသည်။ ကျမ်း၏အဆုံး၌လည်း-

အဘူတအဘူတဋ္ဌာနံ၊ အာကာရံ ဒုဗ္ဗိနိစ္ဆယံ။<br>
ဝိနိစ္ဆယံ သုကရောန္တော၊ ကရောန္တော အနုဝဏ္ဏယံ။

မစ္စုနာ ဗာဟတော လောကော၊ ယတ္ထဋ္ဌိတော န ဗာဟတော။<br>
အကတံ သီဃံ အာယာမ၊ သုက္ခေနေတေန တံ မယံ။

စသော ဂါထာ ၂၀-ဖြင့် နိဗ္ဗာန်နှင့် နိဗ္ဗုတပုဂ္ဂိုလ်တို့၏ သဘော ခြင်းရာဖြစ်ပုံနေပုံ အလုံးစုံဟူသော ဆုံးဖြတ်နိုင်ခဲသောအရာကို ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း ဤကောင်းမှုကြောင့် သေမင်း၏မညှင်းဆဲနိုင်ရာ နိဗ္ဗာန်သာခေါင်သို့ လျှင်မြန်စွာ ရောက်ရလိုကြောင်း စသည်ဖြင့် ဆုတောင်းတော်မူကာ နိဂုံးအုပ်တော်မူခဲ့လေသည်။

## ဝိစိတြဝန္ဒနာကျမ်း

ဝိစိတြဝန္ဒနာကျမ်းကို ဘုရားရှင်ဂုဏ်တော်အနန္တကို အဘိ ဓာန်, သဒ္ဒါ, အလင်္ကာတော ဒည်း နည်းစုံ ချယ်၍ ဆန်းကြယ်စွာ ရေးသားစီရင်တော်မူခဲ့လေ ႔ည်။ ယင်းသို့ နည်းမျိုးစုံဖြင့် ဆန်းကြယ်စွာ ရေးသားစီရင်အပ်သည်အလျောက် "ဝိစိတြဝန္ဒနာ"ဟု မည်နာမကို မှည့်ခေါ်တော်မူခဲ့လေသည်။ ယင်းကျမ်းရေးသား၍ ပြီးဆုံးရာကာလမှာ ၁၂၄၅-ခုနှစ် တပို့တွဲလဆုတ် ၁၁-ရက်နေ့က ဖြစ်လေသည်။ ဝိစိတြဝန္ဒနာကျမ်း၏ အစဆုံးဂါထာနှင့် အနက်မှာ-

"ပညဝံ ပညဝါ ဗုဒ္ဓါ၊ သုတဝံ သုတဝါ'တုလ။
ဘဂဝံ ဘဂဝါ ဘောန္တံ၊ ဘောန္တံ ဝန္ဒာမိ ဘောန္တဂုံ။

သုတဝံ သုတဝါ= သုတရှိသူ နတ်လူအပေါင်းတို့ထက် အထူးသုတရှိတော်မူထသော။ ပညဝံ ပညဝါ= ပညာရှိသူ နတ်လူအပေါင်းတို့ထက် အထူးပညာရှိတော်မူထသော။ ဘဂဝံ ဘဂဝါ= ဘုန်းရှိသူ နတ်လူအပေါင်းတို့ထက် အထူးဘုန်းရှိတော်မူထသော။ အတုလ= တုဘက်လွတ်ကင်း သုံးလူ့မင်းလည်းဖြစ်တော်မူထသော။ ဗုဒ္ဓ= သဗ္ဗညုမြတ်စွာဘုရား။ ဘောန္တံ ဘဝန္တံ= ဆုံးသောဘဝရှိသည်ကို။ ဘာဝေန္တံ= ဖြစ်စေတော်မူတတ်ထသော။ ဘောန္တဂုံ ဘဝန္တဂုံ= ဘဝဆုံးရာ နိဗ္ဗုတာသို့ ရှေးဦးစွာ ရောက်တော်မူပြီးထသော။ ဘောန္တံ= ကိုယ်တော်သခင် ဘုရားရှင်ကို။ ဝန္ဒာမိ= ရိုသေမြတ်နိုး ဦးနှိမ်ကြိုး၍ ရှိခိုးပါ၏" ဖြစ်လေသည်။

ယင်းသို့ဆန်းပြား နှစ်လိုကြည်ညိုဖွယ်ကောင်းလှသော ဝိစိတြ ဝန္ထနာကို ရန်ကုန်မြို့ ပါဠိဆရာ အင်္ဂလိပ်လူမျိုး မစ္စတာဂျောဂရေး ဖတ်ရှုရ၍ လွန်စွာမှ နှစ်ထောင်းအားရ သဘောကျသဖြင့် အင်္ဂလိပ် ဘာသာပြန်ဆို၍ ဓမ္မဒါနပြုခဲ့ရာ ကမ္ဘာကသိသောစာအုပ် ဖြစ်လေ တော့သည်။

## အင္ဂိကကမ္မဋ္ဌာနဒီပနီ

အင္ဂိကကမ္မဋ္ဌာနဒီပနီကျမ်းမှာ အင္ဂိကကမ္မဋ္ဌာန်းကျမ်းဟု ထင် ရှားရသည်။ စင်စစ်တမူကား ဤကျမ်းသည် ဝိသုဒ္ဓိမဂ္ဂဒီပနီမည်သော အမတပါန ရှုဖွယ်ကျမ်းကြီး၏ အခန်းတစ်ခန်းတွင် ပါဝင်သော ဝါရတစ်ရပ်မျှ ဖြစ်လေသည်။ ယင်းဝိသုဒ္ဓိမဂ္ဂဒီပနီမည်သော အာနာ- ပါနရှုဖွယ်ကျမ်း၌-

၁။ စတုဘာဏဝါရကထာ၊

၂။ ပရိကထနကထာ၊

၃။ အနုမောဒနကထာ၊

၄။ နာမရူပပရိစ္ဆေဒကထာ၊

၅။ ကမ္မာကမ္မဝိနိစ္ဆယကထာ၊

၆။ ကမ္မဋ္ဌာနုဂ္ဂဟကထာ

အားဖြင့် ၆-ခန်းပါရှိသည်ဟူ၏။ ယင်းအခန်းများအနက် နောက်ဆုံး အခန်းဖြစ်သော ကမ္မဋ္ဌာနာနုဂ္ဂဟကထာ၌ "အင္ဂိကကမ္မဋ္ဌာနဝါရ, အန္တ ကမ္မဋ္ဌာနဝါရ, မတ္တလုင်္ဂကမ္မဋ္ဌာနဝါရ"ဟူ၍ ဝါရ ၃-ဝါရ ရှိလေသည်။ ဤအင္ဂိကကမ္မဋ္ဌာန်းကျမ်းသည် အရိုးစုကမ္မဋ္ဌာန်းကို ဖွင့်ဆိုသော အင္ဂိကကမ္မဋ္ဌာနဝါရ ဖြစ်သည်။ သို့ဖြစ်၍-

ဤသို့လျှင် ဝိသုဒ္ဓိမဂ္ဂဒီပနီမည်သော အမတပါနရှုမှတ်ဖွယ် ကျမ်း ကမ္မဋ္ဌာနာနုဂ္ဂဟဝါရ၌ သမထနည်း, ဝိပဿနာနည်းနှစ်ပါး

တို့ဖြင့် အရဟတ္တဖိုလ် နိဗ္ဗာန်တိုင်ရောက်ပြအပ်သော အဋ္ဌိကကမ္မဋ္ဌာန ဝါရကား ဤတွင်ရွေ့ပြီး အပြီးသတ်လတ်ပြီ"ဟု ဤကျမ်းစာ၏အဆုံး ၁၅၈-နှာ နိဂုံးအုပ်ခဲ့လေသည်။

ထိုသို့ ကျမ်းကြီးတစ်ကျမ်း၏ အခန်းအခန်းတွင် ပါဝင်သော ဝါရတခုသာဖြစ်သော်လည်း အရိုးစုကမ္မဋ္ဌာန်း သမထနည်း, ဝိပဿနာ နည်းနှစ်ပါးတို့ဖြင့် အရဟတ္တဖိုလ် နိဗ္ဗာန်တိုင်အောင် အကျယ်ဖွင့်ဆို သော ဝါရဖြစ်သဖြင့် ကျမ်းတစ်ကျမ်းစာ ရှိလေသည်။ သို့ဖြစ်၍ ကျမ်းပြုဆရာတော် ရွှေကျင်ဆရာတော်ဘုရားကြီးကိုယ်တိုင်က "ဇာ-ဂရာဘိဓာနယတိနာ စိတော ကမ္မဋ္ဌာနုဂ္ဂဟာဂန္ထောယံ"ဟု အမည် တပ်၍ အသုံးပြုခဲ့လေသည်။ ဆရာတော်ဘုရားကြီးသည် အဖော်မမှီး တပါးတည်းကျင့်လိုသူ မထေရ်မြတ်တို့၏ တောင်းပန်ခြင်းကြောင့် အဋ္ဌိကကမ္မဋ္ဌာန်းအပါအဝင်ဖြစ်သော ဝိသုဒ္ဓိမဂ္ဂဒီပနီမည်သော အမတပါနရှုဖွယ်ကျမ်းကို ပြုစီရင်တော်မူခဲ့လေသည်။

## အဋ္ဌိကကမ္မဋ္ဌာန်းကို ရွေးချယ်ခြင်း

ဆရာတော်ဘုရားကြီးသည် တစ်ပါးတည်း သီတင်းသုံးကာ လွတ်လွတ်လပ်လပ်ကျင့်ကြံလိုကြသော ယောဂီပုဂ္ဂိုလ်အရှင်မြတ်များ အတွက် အရဟတ္တဖိုလ်ပေါက် ကမ္မဋ္ဌာန်းကို ရည်ညွှန်းပြရန် ဆရာ တော်သည် သက္ကာယဒိဋ္ဌိ၏တည်ရာ စွဲလမ်းရာ ဤကိုယ်ခန္ဓာ အသုဘ စု၌ ဟုတ်မှန်သည့်အတိုင်း မြင်စေနိုင်သော ဒွတ္တိံသကာယ-ဂတာသတိ ကမ္မဋ္ဌာန်းကို ရွေးချယ်တော်မူခဲ့လေသည်။

ဒွတ္တိံသကာယဂတာသတိကမ္မဋ္ဌာန်းသည် အခြားကမ္မဋ္ဌာန်း များထက် ပုဂ္ဂိုလ်ခပ်သိမ်းတို့အား သင့်လျော်သည်ဟု ဆရာတော် သည် ယူဆတော်မူခဲ့လေသည်။ ထို့ပြင် ဆရာတော်၏ ဓမ္မာစရိယ ဖြစ်တော် မူသော သီးလုံးဆရာတော်ဘုရားကြီးကိုယ်တိုင် ငယ်စဉ်က စ၍ လက်ကိုင်ပြုခဲ့သဖြင့် အာစရိယလဒ္ဓေါပဒေသ နည်းကောင်းရပြီး ဖြစ်သော ကမ္မဋ္ဌာန်းလည်း ဖြစ်ပေသည်။ ထို့ကြောင့် ဤဝိသုဒ္ဓိမဂ္ဂဒီပနီမည်သော

အမတပါနရှုဖွယ်ကျမ်း၏ ကမ္မဋ္ဌာနာနုဂ္ဂဟကထာ၌သာ မက နိဂ္ဂဟော ဝါဒစာတမ်း, ဥပါသကောဝါဒရှုဖွယ်ကျမ်း, နိဿယက်ဝိနိစ္ဆယပါဠိကျမ်း စသည်တို့၌လည်း ဒွတ္တိံသကာယဂတာသတိကမ္မဋ္ဌာန်းကိုပင် ရေးသား တော်မူခဲ့လေသည်။

ထို ဒွတ္တိံသကာယဂတာသတိကမ္မဋ္ဌာန်း၌လည်း ကေသ-ကောဋ္ဌာသမှစ၍ ကောဋ္ဌာသအားလုံးတို့၌ အကျယ်ဆင်ခြင်ပုံကို အသိပညာနုန့်သူတို့ မှတ်ရန်ခက်ခဲမည်ဖြစ်သောကြောင့်လည်းကောင်း, သုံးဆယ့်နှစ်ပါးသော ကောဋ္ဌာသပြည့်စုံအောင် ပွားများနိုင်မှ အပ္ပနာ ဈာန်သို့ ရောက်သည်မဟုတ်၊ ကောဋ္ဌာသတစ်ခုခု ပွားများလျှင်ပင် အပ္ပနာဈာန်သို့ ရောက်နိုင်သောကြောင့်လည်းကောင်း ပုဂ္ဂိုလ်တိုင်းမှာ ထင်လွယ်မည့် အဋ္ဌိကကောဋ္ဌာသ, အန္တကောဋ္ဌာသ, မတ္ထလုင်-ကောဋ္ဌာသတို့ကိုသာ ဝိသုဒ္ဓိမဂ္ဂဒီပနီမည်သော အမတပါနရှုဖွယ်ကျမ်း ၏ ကမ္မဋ္ဌာနာနုဂ္ဂဟကထာ၌ ဥပလက္ခဏာနည်းဖြင့် ဖွင့်ဆိုတော်မူခဲ့ လေသည်။

## အရိုးစုကမ္မဋ္ဌာန်း၌ အလေ့အလာများခြင်း

ရွှေကျင်ဆရာတော်ဘုရားကြီးသည် အရိုးစုကမ္မဋ္ဌာန်း၌ အလေ့အလာများခြင်း၏အကြောင်းကို ကျောက်ဆည်မြို့ ရွှေ-သာလျောင်းတောင် မြောက်ဖက်ကူကြီးတိုက်အနီး တရားစာရေးကြီး ကျောင်း၌ သီတင်းသုံးတော်မူသောဆရာတော် အရှင်စန္ဒိမာက ဆက္က ပဥ္စာကျမ်း၌ ၁၇-ဝါရ အရွယ်က ရွှေကျင်ဆရာတော်ဘုရားကြီး၏ ကျောက်ကူအတွင်း၌ တွေ့မြင်ခဲ့ရသော အရိုးစုကြီးအကြောင်းကို ရေး သားခဲ့သည်ဟူ၏။

"သင်္ဘောသား ကုလားလူမျိုးတို့သည် လူရိုက်၍သေသော တရုတ်ကြီး၏အလောင်းကို ခေါင်းစာကျင်း၌ထည့်၍ အသေကောင် တစ်ကောင်လုံးကို မျိုသွားနိုင်သော ငါးကြီးလိပ်ကြီးတို့ မရောက်ရာ ချောင်းငယ် မြောင်းငယ်၌ မြှုပ်၍ထားသဖြင့် ငါးလိပ်စသော ရေပိုး

ရေမွှားတို့သည် အသားအသွေးအရေအကြောတို့ကို ကိုက်ခဲစားသောက်ကြလျက် အရိုးချည်ကျန်သည်ရှိသော် ထိုအရိုးတို့ကို ခေါင်းနှင့်တကွ ဆယ်ယူပြီးလျှင် အနံ့အစော်မရှိရအောင် ဆားပက်၍ နေလှမ်းပြီးမှ အနံ့ဒစော်ကုန်သည့်ကာလ လက်ဖျား, ခြေဖျား, သွားတို့ကိုမျှ မပျောက်မပျက်ရအောင် နန်းချည်ဖြင့် သေချာမြဲမြံစွာခတ်၍ မင်းတုန်းမင်းတရားအား ဆက်သလေ၏။ ထိုအခါ မင်းတုန်းမင်းတရားကြီးသည် မဟာဓမ္မိကာရာမရွှေကျောင်တိုက် ရွှေကျောင်ဆရာတော်ထံ ပို့သလှူဒါန်းလေသည်။

ထိုနန်းချည်ဖြင့်ခတ်၍ ထားသော လူရိုးကြီးကို ကိုယ်တော်မြတ် သီတင်းသုံးတော်မူသော ကျောက်ဂူအတွင်း သွင်းထားပြီးလျှင် အလိုရှိတိုင်း နေ့နေ့ညည နိစ္စထာဝရ ကြည့်ရှုစီးဖြန်းတော်မူခဲ့လေသည်။ ဆရာတော်သည် ရှေးဦးစွာ သမထဘာဝနာပွားများ၍ ကိုယ်ကောင်ပုပ်၌ အရိုးစုအမှတ်သညာ၌ တည်၍ သတ္တဝါစသောအမှတ်ကို ရှုသော်သာလျှင် ဝိပဿနာစေ့စပ်ထင်လွယ်သည်ဟု ဆုံးဖြတ်တော်မူခဲ့လေသည်။

အဋ္ဌိကကမ္မဋ္ဌာန်းကျမ်းကို ပါဠိတော် အဋ္ဌကထာ ဋီကာနည်း အာစရိယလဒ္ဓေါပဒေသနည်းတို့မှ ရအပ်သော သုတမယဉာဏ်, စိန္တာမယဉာဏ်, ဘာဝနာမယဉာဏ်သက်သည့်အတိုင်း သမထလမ်း, ဝိပဿနာလမ်းတို့ကို ဖြောင့်တန်းစွာပြလျက် အရဟတ္တဖိုလ်တိုင်ရောက်အောင် ပဋိပတ္တိကျင့်စဉ် ဘာဝနာကျင့်စဉ်ကိုသာ ပဓာနပြု၍ ပြပေအံ့"ဟူသော ပဋိညာဉ်အတိုင်း ပြုဆိုရေးသားစီရင်တော်မူခဲ့လေသည်။ ကျမ်း၏အဆုံး၌-

၁။ ဇာဂရာဘိဓာနယတိနာ စိတော၊
ကမ္မဋ္ဌာနုဂ္ဂဟာဂန္ထော‌ယံ။
နိဋ္ဌံ ပတ္တော အနန္တရာယော၊
မမ ပုညံ အာသဝက္ခယာဝဟံ။

၂။ သံသာရေ ဒိဋ္ဌဘယာနာယံ၊
ဂန္ထော ဘဝိဿတေ လေဏော။
သန္တော မာနေန္တု တတော အယံ၊
အမတောဂဓံ မမတပါနေတံ။

၃။ ယထာ ခေါ သုနိဋ္ဌိတော အယံ၊
အနန္တရာယော ခေမိနော တထာ။
သဗ္ဗေ သတ္တာ ဘဝန္တု မေ၊
ရာဇာ ရက္ခတု သဗ္ဗတံ ဂရုံ။

(၁) ဇာဂရာဘိဓာနယတိနာ= ဇာဂရအမည်ရှိသော ရဟန်းသည်။ စိတော= ရေးသားပြုပြင် စီရင်စုထားအပ်သော။ အယံ ကမ္မဋ္ဌာနနုဂ္ဂဟဂန္ထော= ကမ္မဋ္ဌာနာနုဂ္ဂဟမည်သော ဤကျမ်းသည်။ အနန္တယာယော= အန္တရာယ်ကင်းသည်ဖြစ်၍။ နိဋ္ဌံ= အဋ္ဌိကကမ္မဋ္ဌာန်းစာစခန်းပြီးဆုံးခြင်းသို့။ ပတ္တော= ရောက်လတ်ပြီ။ မမ= ငါ၏။ ပုညံ= သမထလမ်း ဝိပဿနာလမ်းကို ဖြောင့်တန်းစွာပြလျက် နိဗ္ဗာန်တိုင်ရောက် ကမ္မဋ္ဌာန်းနည်းကို ရေးသားပြုပြင် စီရင်ရသောကောင်းမှုသည်။ အာသဝက္ခယာဝဟံ= အာသဝေါဟူ ရန်သူလွတ်မြောက် နိဗ္ဗာန်ရောက်အောင် ရွက်ဆောင်နိုင်သည်။ ဘဝတု= ဖြစ်ပါစေသတည်း။

(၂) အယံ ဂန္ထော= ဤကျမ်းသည်။ သံသာရေ= သံသရာ၌။ ဒိဋ္ဌဘယာနံ= မြင်အပ်ပြီးသော ဘေးရှိကုန်သော အရှင်မြတ်တို့၏။ လေဏော= ကိုးကွယ်ပုန်းအောင်းရာ စာမူသည်။ ဘဝိဿတေ-ဘဝိဿဧ= ဖြစ်လတ့်သလျှင်ကတည်း။ တတော= ထို့ကြောင့်။ အမတောဂဓံ= အမြိုက်နိဗ္ဗာန်သို့ ရောက်စေတတ်သော။ ဧတံ အမတပါနံ= ဤအမတပါန ရှုဖွယ်ကျမ်းကို။ သန္တော= သူတော်မွန်သူတော် အရှင်မြတ်တို့သည်။ မာနေန္တု= မြတ်နိုးနှစ်သက် စုံမက်ကြည့်ရှုတော်မူပါစေကုန်သတည်း။

(၃) အယံ ဂန္ထော= ဤအမတပါန ရှုဖွယ်ကျမ်းသည်။ အနန္တရာယော= အန္တရာယ်မရှိသည်ဖြစ်၍။ ခေါ= စင်စစ်။ သုနိဋ္ဌိတော ယထာ= ကောင်းစွာပြီးအောင်မြင်သကဲ့သို့။ တထာ= ထို့အတူ။ သဗ္ဗေ= ခပ်သိမ်းကုန်သော။ ဣမေ သတ္တာ= ဤသတ္တဝါတို့သည်။ ခေမိနော= ကိုယ်တွင်းကိုယ်ပ ဘေးရန်မယှဉ် ကင်းစင်ကုန်သည်။ ဘဝန္တု= ဖြစ်ကြပါစေကုန်သတည်း။ ရာဇာ= ငါတို့သာသနာ့ဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်သည်။ သဗ္ဗတံ= မိမိဥစ္စာဖြစ်သော ဆယ်ပါးသောရာဇဓမ္မ ကျင့်ဝတ်တရားကို။ ဂရုံ= အရိုအသေ။ ရက္ခတု= ကောင်းစွာစောင့်ရှောက်နိုင်ပါစေသတည်း။

ဟူသော ၃-ဂါထာပါဌ်နိဿယဖြင့် နိဂုံးအုပ်တော်မူခဲ့လေသည်။ ယင်းအဋ္ဌကကမ္မဋ္ဌာန်းကျမ်းကို ၁၃၄၀-ခုနှစ်က သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်က ရိုက်နှိပ်ခဲ့ရာ ဒီမိုင်းဆိုက်စာမျက်နှာ ၁၆၀-ရှိလေသည်။

## သဒ္ဒမေဒနီကျမ်း

ရွှေကျင်ဆရာတော်ဘုရားကြီးသည် သဒ္ဒမေဒနီကျမ်းကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။ ယင်းကျမ်းမှာ မှတ်စုသဖွယ် ကျမ်းငယ်ဖြစ်လေသည်။ ပဏာမ, နိဂုံးစသည် မပါမရှိပါချေ။ ဤကျမ်း၏ အရကောက်ကောက်ပုံ, ထွက်, တက်, ကျမ်းရိုး ၅-ချက်, ဝစနဆက္က, ဝိကပ်, သမုစ္စည်း, သမ္ပိဏ္ဍနအထူး စသည်တို့ ပါရှိ၏။ ကျမ်းစာ စလျှင်စချင်း-

"ပဥ္စန္နံ ပူရဏော ပဥ္စမော၊ ပဥ္စန္နံ ပူရဏံ ပဥ္စမံ၊ ပဥ္စန္နံ ပူရဏီ ပဥ္စမီ"စသည်ဖြင့် ဝစနတ္ထပြု။ ပူရဏတဒ္ဓိတ် ပဥ္စပုဒ်, မပစ္စည်း, ပဥ္စပုဒ်၏အရကား ငါးဟူသော အရေအတွက်သင်္ချာဂုဏ်သည် မုချ, ထိုသင်္ချာဂုဏ်၏ ယောကျ်ားစသော ဂုဏောသင်္ချေယျဒြဗ်နှင့် ဂုဏ် ဂုဏောအဖြစ်ဖြင့် စပ်ခြင်းသည် ဌာနူပစာရတ္ထအားဖြင့် ရ၏။ မပစ္စည်း၏အရကား ထိုမုချ ဌာနူပစာရတ္ထတို့ဖြင့် မှတ်အပ်သော ယောကျ်ား စသော ငါးခုသင်္ချာ၏ပြည့်ကြောင်း ဒြဗ်ရ၏။ "ဌာနိမှိ ဥပစာရော

ဌာနူပစာရော”ဟူသော ဝစနတ္ထနှင့်အညီ ယောက်ျားဒြဗ်စသောဌာန၏ ပဋ္ဌမဟူသောအမည်ကို ဌာနီဖြစ်သော သမ္ဗန်၌တင်စား၍ ထိုဌာနီ ဖြစ်သောသမ္ဗန်ကို ပဋ္ဌမဟုခေါ်ဝေါ်ခြင်းသည် ဤအရာ၌ ဌာနူပစာရ မည်၏ဟုမှတ်”စသည်ဖြင့် အရကောက်ပုံကို ဖော်ပြတော်မူခဲ့လေသည်။

ကျမ်း၏အဆုံး၌ “ဇာဂရာဘိဓေယသဒ္ဓမ္မဝံသသိရိပဝရဓမ္မသေနာ ပတိမဟာဓမ္မရာဇာဓိရာဇဂုရု”ဟူသော အမည်တော်ရှိသော ရွှေကျင် ဆရာတော်ဘုရားကြီး ရေးသားဆုံးဖြတ်စီရင်အပ်သော သဒ္ဒမေဒနီ ကျမ်း ပြီး၏သာ ပါရှိသည်။ ၎င်းကျမ်းကို မန္တလေးမြို့ မန္တလေးတိုင်း သတင်းစာပုံနှိပ်တိုက်တွင် ၁၂၆၂-ခုနှစ် တော်သလင်းလတွင် ပုံနှိပ် ထုတ်ဝေခဲ့လေသည်။

## ပဌာန်းပစ္စည်း အနက် အဓိပ္ပါယ်

ရွှေကျင်ဆရာတော်ဘုရားကြီးသည် “ပဌာန်းပစ္စည်းအနက် အဓိပ္ပါယ်ကျမ်းငယ်”ကိုလည်း ကျမ်းကြီးကျမ်းမ မသင်ကြားနိုင်သော အမျိုးသား အမျိုးသမီးများတို့အတွက် ပြုစီရင်တော်မူခဲ့လေသည်။ ကျမ်းဦး၌-

“သဒါ ပါလေတု မံ ဇိနော”။

ဇိနော= ငါးမာရ်အောင်နိုင် မာရဇိန်ရှင် ဘုရားသခင်သည်။ မံ= စတုဝိသ ပစ္စယ၏ မှိရာအတ္ထ နိဿယကို ရေးသားပြုပြင် စီရင်သော အကျွန်ုပ်ကို။ သဒါ= အခါခပ်သိမ်း။ ပါလေတု= ကျမ်းပြီးခြင်း၏အကြောင်း အပေါင်းအန္တရာယ် ငြိတွယ်မနှောင့် စောင့် ရှောက်တော်မူပါစေသတည်း-ဟူသော အာသီသပုဗ္ဗက ဂန္ထာရမ္ဘစကား ဖော်ပြ၍ စီရင်တော်မူခဲ့လေသည်။ ယင်းကျမ်းကိုလည်း ၁၂၈၅-ခုနှစ်က ရန်ကုန်မြို့ ကဝိမျက်မှန်ပုံနှိပ်တိုက်က ရိုက်နှိပ်ထုတ်ဝေခဲ့ရာ ဒိမိုင်းဆိုက်ဖြင့် ၁၇-မျက်နှာ ရှိလေသည်။

ပဌာနပစ္စယတ္ထဥ္စ၊ ပဌာနမှိ သုကောဝိဒေါ။
ရစယိ ထေရကုဥ္စရော၊ ရွှေကျင်နိကာယပုင်္ဂဝေါ။

## ရွှေကျင်နိယံ

ဆရာတော်ဘုရားကြီးသည် စာချ, စာသင် ရဟန်းရှင်တို့ နှုတ်တွင်အလွယ်တကူ ဆောင်ယူကြရန် ရည်သန်တော်မူ၍ ကစ္စည်းသဒ္ဒါကြီး, ရူပသိဒ္ဓိ, ဉာသ, ဗာလာဝတာရစသော သဒ္ဒါကျမ်းများကို ကြည့်ရှု၍ နိယံသံပေါက်များကိုလည်း ရေးသားစီရင်တော်မူခဲ့လေ သည်။ ယင်းနိယံကို "ရွှေကျင်နိယံ"ဟု အမည်တပ်တော်မူခဲ့ကြလေ သည်။ ရွှေကျင်ဆရာတော်ရေးသည့်အတွက် ရွှေကျင်နိယံဟု အမည်တပ်ခြင်းသည် ဆီလျော်လှပေသည်။ ရွှေကျင်နိယံ၌ နိယံပုဒ်ပေါင်း ၁၅၅-ပုဒ် ပါရှိလေသည်။ ကျမ်းဦး၌-

၁။ ဗုဒ္ဓံ ဓမ္မံ သောအဟံ သံယံနမာမိ။

၂။ တိရတနံ ပဏာမံ ဘယံနဿတိ။

၃။ သံပေါက်နိယံ သောအဟံ လိခံကရောမိ။

၄။ ပျိုမြစ်နုနယ် စာသင်ငယ် ဉာဏ်ဝယ်ထိုးထွင်းသိ။

၅။ နောက်သားနောင်လာ မျိုးလေးဖြာ သေချာမြဲသတိ။

၆။ ဤနည်းသိမူ ကျွန်းဇမ္ဗူ ပြိုင်သူဘက်မရှိ။

၇။ ပုဂ္ဂိုလ်တစ်ယောက် တံခွန်ဆောက် ထွန်းတောက်ကျော်သတ္တိ။

စသည့် သံပေါက်ကဗျာ ၇-ပုဒ်တို့ဖြင့် ရတနတ္တယပဏာမ, ပဏာမပယောဇဉ်, ပဋိညာဉ်, ပကရဏပယောဇဉ်တို့ကို ပြတော်မူ၍ စီရင်ရေးသားတော်မူခဲ့လေသည်။

ယင်းရွှေကျင်နိယံသည် စာချစာသင်တို့ ကျက်မှတ်ရန် လွန်စွာသင့်လျော်သည်။ ၎င်းပြင် ဆရာတော်ဘုရားကြီး၏ ပရိယတ္တိလုပ်ငန်းကို မည်မျှစူးစိုက်၍, မည်မျှစွမ်းရည်သတ္တိရှိကြောင်းကိုလည်း သိနိုင်သည်။ သို့ဖြစ်၍ ဤ၌ ပြည့်စုံစွာ ဖော်ပြအပ်ပါသည်။

၁။ သူများအပါး ကိုယ်ကသွား မှတ်သားသမ္ပိဏ္ဍနတည်း။
(ယ၀ကာရာ စသုတ်၌ စ-သဒ္ဒါကိုယူ။)
၂။ ကိုယ်ချည်းမပျော် သူ့ကိုခေါ် မိန့်သော်သမုစ္စည်း။
(နော စ ဒ္ဒါဒိတော နမှိ-သုတ်၌ စ-သဒ္ဒါကိုယူ။)
၃။ သန္နိဋ္ဌာပနာ နိ၀တ္တာပနာ ထိုနှစ်ဖြာ မှတ်ရာဧ၀တ္ထ။
၄။ မြဲစေ-နစ်စေ ကျိုးနှစ်ထွေ ကွဲလေသဘာ၀။
၅။ ဣကာရန္တ ဥကာရန္တ လိင်သုံး၀ အယောရသ-သုတ်။
၆။ အယောရသာ စီရင်ရာ နောင်လာမှတ်ကုန်ကြ။
၇။ ဧကေ၀စ်ခုနစ်ဖြာ ယောနှစ်ဖြာ သုံးဖြာလိင်ဌာန။
၈။ ဣတ္ထိ,ပုမာ လိင်နှစ်ဖြာ ကြဉ်ပါ သိ၀စန။
၉။ အနုကဍ္ဎန ဟူတုံက ရှေ့ကသုတ်ကိုဆွဲ။
၁၀။ နောက်သုတ်များကို မသွားစေလို သ၀န်တို၍ သူ့ကိုတဘန် ဆွဲငင်ပြန် မှတ်ရန်အနုကဍ္ဎနတည်း။
၁၁။ အနက်သဒ္ဒါ ညီသောခါ သညာအန္ဝတ္ထ။
၁၂။ အနက်သဒ္ဒါ မတံပါ သညာရုဠှီချ။
၁၃။ တေ ဣတ္ထိချာပေါ် ပယောဂေါ် မှတ်လောသာဧက။
၁၄။ ချေခြင်း,လာခြင်း စီရင်ခြင်း စွဲရင်းကာရိယ။
၁၅။ ဒီဃ,ရဿ ဟူသမျှ ယခင်နည်းသာပ။
၁၆။ ကံနှင့် ကတ္တား စသည်များစွာ ၌-ပေးရာ မှတ်ပါ၀ိသယ။
၁၇။ ပစ္စည်း,၀ိဘတ် ထိုနှစ်ရပ် စွဲမှတ်၀ိသယီ။
၁၈။ အမည်သညာ ဟူခါခါ သညာနိဒ္ဒေသော။
၁၉။ ၎င်းတည်ရာ ဒြဗ်မှာ မှတ်ပါသညီနိဒ္ဒေသော။
၂၀။ သညီဟူက ရှေ့နေကျ သညာဟူက နောက်ကချ မှတ်ကြ တသက်လုံး။
၂၁။ ပဋိသေဓ ဟူသမျှ န-မြစ်စမြဲတည်း။
၂၂။ ပဋိသေဓတေဗ္ဗ ပဋိသေဓန ကွဲထပုဒ်နှစ်ဖြာ။
၂၃။ မြစ်အပ်,မြစ်တတ် ထိုနှစ်ရပ် စွဲမှတ်သဘာ၀ါ။
(ယထာက္ကမ-ယူ။)
၂၄။ *တနည်းကား-* ကာရီ,ကာရိယ ဟူသမျှ ကွဲထပုဒ်နှစ်ဖြာ။
၂၅။ ပြု၍မဆုံး ပြင်ဆင်တုံး စွဲသုံးကာရီသာ။
၂၆။ ဒီဃ,ရဿ အာဂမနှင့် လောပ,အာဒေသ ပြီးစီးက စွဲထ ကာရိယာ။

၂၇။ သညာ,သညီ ထိုနှစ်လီ အညီမှတ်ကုန်ပါ။
၂၈။ ဈ,လ,သညာ စသည်မှာ သညာနိဒ္ဒေသော။
၂၉။ အမည်တည်ရာ ဒြပ်မှာ ထုတ်ပါသညီနိဒ္ဒေသော။
၃၀။ သဒ္ဒပဒတ္ထက အတ္ထပဒတ္ထက ထိုနှစ်ဝ ကွဲထသဒ္ဒါသာ။
၃၁။ အနုကရဏ အနုကရဏီယ ထိုနှစ်ဝ ကွဲထသဒ္ဒါသာ။
၃၂။ အထူးပြုတတ် အထူးပြုအပ် ထိုနှစ်ရပ် စွဲမှတ်သဘာဝါ။
၃၃။ သုံးလူ့မျက်ဖြော် စိန္တေယျော် ဟောဖော်အနုကရဏီယာ။
၃၄။ ကစ္စည်းဆရာ မိန့်သည်မှာ မှတ်ပါအနုကရဏ။
၃၅။ ပကတိ,ဝိကတိ နှစ်ပါးရှိက ပကတိမှာ အကြောင်းသာတည်း နောက်မှာဝိကတိ အကျိုးရှိ သိလေမြဲအဟုတ်။
၃၆။ ပကတိ,ဝိကတိ နှစ်ပါးရှိက ပကတိကို လိုက်စမြဲ။
၃၇။ ဝါစကော ပကတိသဉ်္ဇာ ဂဏာတိ ပါဌ်ပါဠိ မှတ်ဘိသို့မလွဲ။ (ဝါစကော ယောဂ္ဂ ဟောတ်-အစရှိသော ကြိယာပုဒ်သည် ပကတိသဉ်္ဇာ ပကတိကဏ္ဍ္ဌား၏ ဧကဝုစ်, ဗဟုဝုစ်သဉ်္ဇာကို "ဂဏာတိ= ယူ၏"ပြယုဂ်ကား တေ ပေါ် ဟောဂ္ဂ-အစရှိသည် တည်း။)
၃၈။ သိ, ဩ, ယော, အာ ပုလ္လိင်သာ မြစ္စာဉာဏ်ဖြင့်ရှု။
၃၉။ ပစ္စည်းဤ, အာ ဣတ္ထိချာ နောင်လာနှလုံးပြု။
၄၀။ သိ, အံ, ယော, နိ နပုံးသိ မှတ်ဘိသောတု မျိုးတစု။
၄၁။ သိနှင့် သွာ ယောနိ, နာ ငါးဖြာ အာ, အပြု။
၄၂။ သိနှင့် သ, ယော သုံးပါးနှော မှတ်လော ဩ-အပြု။
၄၃။ သိနှင့် သွိ, ယော သုံးပါးနှော မှတ်လော ဣ-ဧအပြု။
၄၄။ ဤဌ္ဌအမှာ သိဝစနာ ပြုပါသူတခု။
၄၅။ ဝိဘတ်ကာရီယာ လျှင်းမပါ ပယ်ခွာဦးနှင့် ဥ။
၄၆။ အ, အာ, ဤ ဣ, ဧ, ဩ ကာရိယော မှတ်လောဤခြောက်ခု။
၄၇။ တို့သည်ကား တတ် တို့ကို အပ် နှစ်ရပ်မယ် အနက်တည်း။
၄၈။ သည်မှုကားတတ် ကိုမှာ အပ် နှစ်ရပ်အဟံ အနက်တည်း။
၄၉။ သခတော ဂဿေ ဝါ ဝါသဒ္ဒါဝိဝါဒ ပအက္ခရာ နစ်တုံပါ ဆရာ နျာသ။
၅၀။ ဂအမည်မရ သိဝစန ဆည်းထနိဒ္ဒေသ။
၅၁။ ဝနပ္ပဂုမ္ဗေ ပယောဂေ ထုတ်လေသာကေ။

၅၂။ တလုံးသရ နှောင်းတုံက သရအများ ကြေသည်သာ။
၅၃။ ရူပသိဒ္ဓိ အမိန့်ရှိ သိလေ ဂသော၀ါ။
၅၄။ တလုံးသရ နှောင်းတုံက သရတလုံးကြေသည်သာ။
၅၅။ ဆရာရှာသ မိန့်ခွန်းဟ ၎င်းဂသော၀ါ။
၅၆။ ဩနှင့်အ, အာ ဤသုံးဖြာ ပဌမာသိ၀စန လိင်္ဂတ္တ။
၅၇။ အာလပနာ သိ၀စနာ အ, အာ, ဣ, ဤ ဧ-ပြုရ၏။
၅၈။ ဣ,ဥ၀ဏ္ဏာ ပုဒ်နောက်မှာ ချေပါသိ၀ိဘတ်။
၅၉။ အာကာရန္တ အာလပနာ ထိုနောက်မှာ ပြုရာ ဧ-ဟုမှတ်။
(တတော တတော စသဒ္ဒေန၊ တာသေကာ၀စနာဒိကံ။
ပဌမာဒိသည် သာဓေတိ။ အာစရိယနျာသကာရကော။ ။
တတော တတော= ထိုတတော စ ၀ိဘတ္တိယော-ဟူသောသုတ်၌။ စသဒ္ဒေန= ဖြင့်။ တာသံ ၀ိဘတ္တီနံ= တို့၏။ ဧက၀စနာဒိကံ= အမည်ကိုလည်းကောင်း။ ပဌမာဒိသည်= ကိုလည်း ကောင်း။ အာစရိယနျာသကာရကော= ညာသ်ဆရာသည်။ သာဓေတိ= ၏။
အာဂမော ပစ္စယောစာပိ၊ ၀ိသယီတိ ပ၀ုစ္စတိ။
တေသံ အာဂမနဋ္ဌာနံ၊ ၀ိသယောတိ ပ၀ုစ္စတိ။ ။
အာဂမော စ= အာဂုံကိုလည်းကောင်း။ ပစ္စယော စ= ကိုလည်းကောင်း။ ၀ိသယီတိ= ဟူ၍။ ပ၀ုစ္စတိ= ၏။ တေသံ= ထိုအာဂုံ, ပစ္စည်းတို့၏။ အာဂမနဋ္ဌာနံ= လာရာသက်ရာအရပ်ကို။ ၀ိသယောတိ= ဟူ၍။ ပ၀ုစ္စတိ= ၏။
အပ်-ပေးလျှင် ၀ုတ္တကံ၊ အ၀ုတ္တကတ္တား။
တပ်-ပေးလျှင် ၀ုတ္တကတ္တား၊ အ၀ုတ္တကံ။
အ၀ုတ္တကတ္တားမှာ တတိယာ။ ၀ုတ္တကံမှာ ဒုတိယာ။)
၆၀။ ၀ုတ္တကတ္တား ၀ုတ္တကံမှာ ပဌမာ ကံမှာ၀ုတ္တ ရှိလက အ၀ုတ္တကတ္တားသာ။
၆၁။ ကတ္တား၀ုတ္တ ရှိလက အ၀ုတ္တကံနေစေ။
၆၂။ ကာရိုက်ကံကား ခေတ်ကတ္တား မပြား၀ုတ္တ,အ၀ုတ္တ။
၆၃။ ဗာလ၀တာ ညာသ်ဆရာ မှတ်ပါခေတ်ကတ္တား။
၆၄။ ရူပသိဒ္ဓိ သဒ္ဒနီတိ အမိန့်ရှိ သိလေကာရိုက်ကံ။
၆၅။ တေပုရိသေန ပြယုဂ်မျှ ကွဲထ၀ိ၀ါဒါ။

၆၆။ သဒ္ဒအတ္ထ ထိုနှစ်ဝ ကွဲထလိင်နှစ်ဖြာ။
၆၇။ ၎င်းနှစ်ပါး တပါးပါး သုံးပါးပြားသည်သာ။
၆၈။ ဣတ္ထိပုမ ပုံသက မှတ်ကြသရှုပါ။
၆၉။ သကတ်ဒဗ္ဗ လိင်္ဂသျှာ ကရကာ ငါးဖြာလိင်္ဂတ္ထ။
၇၀။ ၎င်းငါးတွင် ရှေ့လေးခွင် သက်ရှင်ပဋ္ဌမာ။
၇၁။ သန့်ရှင်းသန့်စွာ ယင်းသုံးဖြာ ဉာဉ်ဆရာ၏အလိုတည်း။
၇၂။ မုတ်ဆိတ်ကြင်စွယ် အသွယ်သွယ် မှတ်ဖွယ်ကေစိအလိုတည်း။
၇၃။ ကြီးငယ်လက်ခြေ အထွေထွေ မှတ်လေဗုဒ္ဓဃောသအလိုတည်း။
၇၄။ အတ္ထလိင်မှာ ပေါင်းသုံးဖြာ ဆရာသူတို့တွေ့သတည်း။
၇၅။ သဒ္ဒလိင်ကား နည်းမပြား အများသူတို့တချက်တည်း။
၇၆။ အတ္ထမတ္တာ ဝိသေသာ နှစ်ဖြာလိင်္ဂတ္ထ။
၇၇။ အတ္ထမတ္တာ တွင်၍သာ ပဌမာသက်ကုန်ကြ။
၇၈။ အားဖြင့်,သဖြင့်,ဖြင့် သုံးချက်ဆင့် သက်နာဝိဘတ်ရှင့်။
၇၉။ အားဖြင့်,သဖြင့် ထိုနှစ်ဆင့် မှတ်လင့်ဝိသေသန။
၈၀။ ကြိယာကို ပြီးစေချင်းအတူတူ ဘယ်သူကတ္တားမည်သနည်း။
၈၁။ ပြီးစေခြင်းပင် တူကထဲ သူကလွန်ကဲကဲ။
၈၂။ ဘာဝဝါစ္စ ရှေ့ရှိက နောက်ကသမွန်နေ။
၈၃။ ရှေ့သဘောမှ မရှေ့က အစလအပါဒါန်။
၈၄။ ကာရိုက်ပစ္စည်း သက်ရာလည်း သုံးနည်းသုံးတန်မှတ်ရာသော။
၈၅။ ၎င်းသုံးနည်း သက်ကတည်း ရှေ့ပစ္စည်းကိုချေရသော။
(သုတ်ကြီးဖြင့် ချေလေ။)
၈၆။ ဣ-အက္ခရာ တိဏိပါ သုံးဖြာနိဒ္ဒေသ။
၈၇။ ဂတိ, ဂမိဿာ ဂဏိဿာ သုံးဖြာပယောဂ။
၈၈။ ဓာတ်,နာမ်,ကြိယာ ဂုဏ်နှင့်ပါ လေးဖြာနိဒ္ဒါရဏာဟေတုတည်း။
၈၉။ နိဒ္ဒါရဏ နိဒ္ဒါရဏီယ နိဒ္ဒါရဏာဟေတု ပေါင်းသုံးခု ရှုလေကဏှာတဲ့။
၉၀။ အထပ်ပင် ဖြစ်ကတဲ သဘောသူကကဲ။
၉၁။ အနာဒရိယ အနာဒရိယဝန္တ အနာဒရက အနာဒရကဝန္တ ပေါင်းလေးဝ တကွရှိစမြဲ။
၉၂။ နှစ်ပါးကြိယာ ပြိုင်သောခါ ရှေ့ကြိယာ အနာဒရိယ။
နောက်ကြိယာ အနာဒရက ထုတ်ကြကယ်မလွဲ။

၉၃။ အနာဒရိယ၏တည်ရာ ဒြဗ်မှာ မှတ်ပါအနာဒရကဝန္တစွဲ။
၉၄။ အနာဒရကတည်ရာ ဒြဗ်မှာ မှတ်ပါအနာဒရကဝန္တစွဲ။
၉၅။ အနာဒရိယ အနာဒရက ထိုနှစ်ဝ သက်ကြဆဋ္ဌီ,သတ္တမီ။
၉၆။ ကတ္တားနှင့်ကံ အပါဒါန် သမ္ပဒါန် အာဓာရ။
၉၇။ နိဒ္ဓါရဏာ နာဒရာ သက်ရာဆဋ္ဌီချ။
၉၈။ ပတိဘူ, ပသုတော ကုသလော,သက္ခိ သဒ္ဒါရှိ သက်ဘိဆဋ္ဌီသာ။
၉၉။ ကရိုဏ်းနှင့်ကံ ဩကာသံ တတန်နိမိတ္တံ။
၁၀၀။ လက္ခဏာနှင့် ကာလသမ္ဗန် အပါဒါန် စွဲရန်အနာဒရ။
၁၀၁။ နိဒ္ဓါရဏာ ပေါင်းယှဉ်ဖြာ သက်ရာသတ္တမ။
၁၀၂။ သတ္တမပင် ဆိုကတဲ သတ္တမီမကွဲ။
၁၀၃။ ယု ဏွု တု ဤသုံးခု ယှဉ်မှုဆဋ္ဌီကံ။
၁၀၄။ ပူရတ္ထပြီ ယှဉ်စပ်မီ ဆဋ္ဌီကရိုဏ်းခံ။
၁၀၅။ ဘောဟောကြိယာ နောက်မှာတခြား ရှိတုံငြား ကတ္တားဆဋ္ဌီမှန်။
၁၀၆။ ဩဒနဿ ပစန့် ဩဒနဿ ပါကော တဿ ဝတ္တာရော ပယောဂေါ မှတ်လောရှေးနိယံ။
၁၀၇။ သပ္ပိဿ ပူရေတွာ ပြယုဂ်မှာ မှတ်ရာလယ်နိယံ။
၁၀၈။ ပါဒဿ ဥက္ခိပန့် နောက်နိယံ ကြံလေမြဲမြံ။
၁၀၉။ လက္ခဏာဝန္တ လက္ခဏ လက္ချဝန္တ လက္ချ ဤလေးဝ တကွရှိစမြဲ။
၁၁၀။ နှစ်ပါးကြိယာ ပြိုင်သောခါ ရှေးကြိယာလက္ခဏ နောက်ကြိယာ လက္ချ။ ရှေ့ကြိယာ၏ ဝိဘတ်တူကံ,ကတ္တားသည် လက္ခဏာဝန္တ၊ နောက်ကြိယာ၏ ပဌမာကံ,ကတ္တားသည် လက္ချဝန္တ တကွထုတ်စမြဲ။
၁၁၁။ မှတ်ကြောင်းလက္ခဏ မှတ်အပ်လက္ချ ထိုနှစ်ဝ ကွဲထထူး သည်သာ။
၁၁၂။ သဒ္ဒအတ္ထ သဒ္ဒတ္ထ သုံးဝသမာသာ။
၁၁၃။ အနက်မစပ် သဒ္ဒါစပ် မှတ်လော့သဒ္ဒသမာသာ။
၁၁၄။ အသဒ္ဓဘောဇိ အလဝဏလောဇိ အစန္ဒမုလ္လောကိကာနိ အသူရိယပဿာနိ ရှိတုံဘိ စွဲသိပယောဂါ။
၁၁၅။ သဒ္ဒါမစပ် အနက်စပ် စွဲမှတ်အတ္ထသမာသာ။
၁၁၆။ ဝိဘတ်လည်းကြေ အနက်ပြေ မှတ်လေသဒ္ဒတ္ထာ။
၁၁၇။ မဟိရှုဟ စန္ဒရကန္တ နည်းနှစ်ဝ ခပ်ကြပကတိသာ။

၁၁၈။ သစ်ပင်ပေါက်ခါ သစ်ရိပ်ပါ ပျောက်ရာသူတနည်း။
၁၁၉။ ကျောက်ကြောင့်ပေါ်လာ ရေဖြစ်ရာတွင် ကျောက်ပင်ကွယ် ပျောက် ရေမပျောက် ထည့်လှောက်ဤတနည်း။
၁၂၀။ ပကတိခပ်ရာ နည်းနှစ်ဖြာ မှတ်ပါထုံးတနည်း။
(နတ္ထိ ဗျယံ ဧတေသန္တိ အဗျယာ။ ။ ဧတေသံ= ထိုဥပသာရ ပုဒ်, နိပါတ်ပုဒ်တို့အား။ ဗျယံ= လိင်သုံးပါး ဝိဘတ်ခုနစ်သွယ် တို့ကြောင့် ပုရိသော ပုရိသာအစရှိသည်ဖြင့် နာမ်ပုဒ်များ၌ ရုပ်အထူးဖြစ်၍ ဖောက်ပြန်ပျက်စီးသကဲ့သို့ ရုပ်အထူးဖြစ်၍ ဖောက်ပြန်ပျက်စီးခြင်းသည်။ နတ္ထိ= မရှိ။ ဣတိ တသ္မာ= ကြောင့်။ တေ= တို့သည်။ အဗျယာ= ကုန်၏။)
၁၂၁။ ဣန္ဒခီလာ ဥပမာ မှတ်ပါအဗျယ။
၁၂၂။ ဝိဘတ်ခုနစ်သွယ် လိင်သုံးသွယ် တကယ်နှောင်းမလား။
၁၂၃။ ပျက်ပါဘူးဗျာ မောင်ဥပါ သေသာနိပါတ။
၁၂၄။ နိပါတ်,ဥပသာ သက်သက်မှာ မှတ်ပါအဗျယ။
၁၂၅။ နာမ်ပုဒ်ချည်းသာ သက်သက်မှာ ယူပါဗျယ မြဲနိစ္စ။
၁၂၆။ ၎င်းနှစ်ရပ် ပေါင်းယှဉ်စပ် စွဲမှတ်အဗျယီဘာဝါ။
၁၂၇။ အနဗျယမ္ပိ အဗျယံ ဝိယ ဘဝတီတိ အဗျယီဘာဝေါ ဝိဂ္ဂဟော မှတ်လောသဘာဝ။
(ယော သမာသော= အကြင်သမာသ်သည်။ အနဗျယမ္ပိ= အဗျယပင်မဟုတ်သော်လည်း။ ဝါ= ဗျယပင်ဖြစ်သော်လည်း။ အဗျယံ ဝိယ= အဗျယမည်သော ဥပသာရပုဒ် နိပါတ်ပုဒ်ကဲ့သို့။ ဘဝတိ= ၏။ ဣတိ တသ္မာ= ကြောင့်။ သော သမာသော= သည်။ အဗျယီဘာဝေါ= မည်၏။)
(*တနည်းကား။* ။ယော သမာသော= သည်။ အနဗျယမ္ပိ= မပျက်စကောင်းသော်လည်း။ အဗျယံ ဝိယ= ပျက်စကောင်း သကဲ့သို့။ ဘဝတိ= ၏။ ဣတိ တသ္မာ= ကြောင့်။ သော သမာသော= သည်။ အဗျယီဘာဝေါ= မည်၏။)
၁၂၈။ ပဌမာ,ဒုတိယာ နှောင်းသောခါ ရံခါသူမပြောင်း။
၁၂၉။ တတိယာမှ စ၍ဝိဘတ် နှောင်းတုံလတ် ဝိဘတ်ပျက်စကောင်း။
၁၃၀။ အဗျယီဘာဝ သမာသာ နောင်လာမှတ်တုံရှောင်း။

(အဗျယီဘာဝေါ-ဟူသော ပြယုဂ်၌ ယီ-ဝယ် စီပစ္စည်းဟုမှတ်။ အဘူတဗ္ဘာဝေ ဘူကရာသသံယောဂေ စီဝိကာရာ-ဟူသော သုတ်ဖြင့် သက်။ ဘူကရာသသံယောဂေ= ဘူဓာတ်, ကရဓာတ်, အသဓာတ်တို့နှင့် ယှဉ်သည်ရှိသော်။ အဘူတဗ္ဘာဝေ= မဟုတ် မမှန်သည်ကို ဟုတ်မှန်သကဲ့သို့ဆိုရာ၌။ ဝိကာရာ= ဖောက်ပြန် သောအနက်ရှိသော သဒ္ဒါနောင်မှ။ စီ= စီပစ္စည်းသည်။ ဝါ= စအနုဗန်ရှိသော ဤပစ္စည်းသည်။ ဟောတိ= ၏။ ပါဏီကတ သံဝရံ, ကဗဋီကာရော-စသော ပုဒ်တို့၌ကဲ့သို့တည်း။)

၁၃၁။ ဝါကျမရ အနက်ရ နိစ္စသမာသာ။

၁၃၂။ ဝိဘတ်ဝါကျ နှစ်ခုရ မှတ်ကြအနိစ္စာ။

၁၃၃။ အဗျယီဘာဝ ဟူတုံက နိစ္စသမာသာ။

၁၃၄။ ခွဲ၍မရ ပေါင်းယှဉ်ကြ မြဲစွသဘာဝါ။

(နတ္ထိ နိစ္စသမာသမှိ၊ ဝိဂ္ဂဟော ဝိဂ္ဂဟောတိ စေ။
အညပဒေန ကာတဗ္ဗော၊ ကာရသဒ္ဒေါ န ကတ္တရိ။
နိစ္စသမာသမှိ= ကုမ္ဘကာရော-ဟူသော နိစ္စသမာသ်၌။ ဝိဂ္ဂဟော= သည်။ နတ္ထိ= မရှိ။ ဝိဂ္ဂဟော= ကို။ စေ ဣစ္ဆိတဗ္ဗော= အကယ်၍အလိုရှိသည်ဖြစ်အံ့။ အညပဒေန= ဖြင့်။ ကာတဗ္ဗော= ၏။ ကာရသဒ္ဒေါ= ကာရသဒ္ဒါသက်သက်သည်။ ကတ္တရိ= ပြုတတ်သောအိုးထိန်းသည်၌။ န ဟောတိ= မဖြစ်။
ကာရောတိဟိ ပစ္စေကပဒံ နတ္ထိ၊ သမာသေယေဝ ကုမ္ဘကာ-ရောတိပဒံ ဘဝတိ။ ၎င်း ဒီပနီ။
ဟိ သစ္စံ= မှန်၏။ ကာရောတိပစ္စေကပဒံ= ကာရောဟူသော ပုဒ်သီးသည်။ နတ္ထိ= မရှိ။ သမာသေယေဝ= သမာသ်၌သာလျှင်။ ကုမ္ဘကာရောတိပဒံ= သည်။ ဘဝတိ= ၏။)

၁၃၅။ ကာရသဒ္ဒါ သူ့ချည်းသာ ရံတခါမှသူမရှိ။

၁၃၆။ ကုမ္ဘနှင့်သာ တွဲလျက်ပါ မြဲစွာသူဖြစ်၏။

၁၃၇။ ထို့ကြောင့်နိစ္စ ဆိုကုန်ကြ မောင်လှမှတ်ကုန်ဘိ။

၁၃၈။ ကမ္မဇရုပ် စိတ္တဇရုပ် အတန်တန် မှတ်ရန်နိစ္စပင်။

(ကမ္မေန ဇာတံ ကမ္မဇံ။ စိတ္တေန ဇာတံ စိတ္တဇံ-ဟု ပြု။
ကမ္မေန= ကံကြောင့်။ ဇာတံ= တည်း။ ကမ္မဇံ= သည်။
စိတ္တေန= ကြောင့်။ ဇာတံ= တည်း။ စိတ္တဇံ= သည်။

ဤပြယုဂ်၌လည်း ဇသဒ္ဒါလည်း သက်သက်မဖြစ်။ ကမ္ဗဇ-ဟူသောပုဒ်တို့နှင့်သာ အမြဲပေါင်း၍ ကမ္ဗဇ, စိတ္တဇဟု ဖြစ်၏။ ထို့ကြောင့် "ကမ္ဗေန ဇံ ကမ္ဗဇံ"ဟု ဝိဂြိုဟ်မပြုမူ၍ တပါးက ဇာတသဒ္ဒါတခုကို ယူ၍ ဇ-၏အနက်ကို ဖွင့်၍ပြခြင်းငှာ "ကမ္ဗေန ဇာတံ ကမ္ဗဇံ"ဟု ပြုရသတည်း။)

၁၃၉။ ဒွေ စ ဒွေ စ ဒွန္ဒာ ဒွေဒွေသဒ္ဒါ ဆိုလိုငါ လက်ာတစ်လစ် မပြေပြစ်။

၁၄၀။ သုတ်ကြီးဖြင့်သာ စီရင်ခါ သဒ္ဒါပြေပြစ် ဒွန္ဒာဖြစ်။

၁၄၁။ ဒွန္ဒာ ဝိယာတိ ဒွန္ဒော ဝိဂ္ဂဟော မှတ်လောကျမ်းထွက်စစ်။

*အဓိပ္ပါယ်ကား။* ။ဒွေ စ ဒွေ စ ဒွန္ဒာ-ဟူသော ပြယုဂ်ဝယ် ဒွေ ဒွေသဒ္ဒါကို သုတ်ကြီးဖြင့် စီရင်၍ ဒွန္ဒာ-ဟု ပြုသည်။ ထို့ကြောင့် ဒွန္ဒာပင်ဖြစ်သော်လည်း ဒွေ ဒွေဟု ရွတ်သကဲ့သို့ မှတ်ရမည်။

ဤဒွန္ဒသဒ္ဒါ၌ ရှေ့ဒွေ၏အရလည်း နှစ်ကောင်စသောအနက်ကို ရသည်ဖြစ်၍ ရှေ့ဒွေ၏အနက်လည်းတခြား၊ နောက်ဒွေ၏ အနက်လည်းတခြား ဖြစ်သကဲ့သို့ တပါးသောအရာ၌လည်း ရှေ့ပုဒ်အနက်လည်းတခြား၊ နောက်ပုဒ်အနက်လည်းတပါး ဖြစ်သောသမာသ်ဟူသမျှသည် ဒွန္ဒသဒ္ဒါပင် မုချမဟုတ်သော်လည်း ဒွန္ဒသဒ္ဒါနှင့် နှစ်ပုဒ်ခြင်းတူသောကြောင့် သဒိသူပစာ အားဖြင့် ဒွန်သမာသ်မည်၏ဟူလို။

အချို့သောပုဂ္ဂိုလ်တို့သည် လှေနှစ်စင်းသည် အချင်းချင်း မစပ် မဟတ်နိုင်သကဲ့သို့ နှစ်စင်းသောလှေနှင့်တူစွာ အနက်နှစ်ခု ရစကောင်းသောကြောင့် ဒွန်သမာသ်မည်၏ဟူ၍ ဆိုကြကုန်၏။ ထိုစကားသည် မသင့်။ အဘယ့်ကြောင့်နည်းဟူမူကား ထိုဆရာမြတ်တို့ ဆိုသောစကားအတိုင်း မှန်ချေသည်ရှိသော် ဒွေသမာသ်ဟူ၍လည်းကောင်း၊ ဒွေသဒ္ဒါတစ်ခုဖြင့်သာ အမည်သညာဖြစ်ရာ၏။ ဒွေသဒ္ဒါနှစ်ခုဖြင့်ပြီးသော ဒွန်သမာသ်ဟူသော အမည်သညာ မဖြစ်ရာ။ ဖြစ်လည်း ဖြစ်ခဲ့၏။ ထို့ကြောင့် မသင့်။ ဤစကျသောတ-စသော သမာသ်ကို ဒွန်သမာသ်ဟု ခေါ်ဝေါ်ခြင်းသည် ဥပလက္ခဏာနည်းမျှသာ ဖြစ်သည်မည်၏။ ကေသ

သမာသ်စသည်၊ ဆဝိမ်သစသည် ခေါ်ဝေါ်မှုလည်း ခေါ်ဝေါ်ကောင်းသေး၏။ အဘယ့်ကြောင့်နည်းဟူမူကား တခုခုကို အမှတ်ပြု၍ ထိုပုံအားလျော်စွာ အမည်သညာပြုခြင်းသည်သာ လျှင် ပမာဏဖြစ်သောကြောင့်တည်း။ ယင်းသို့သော်လည်း ကစ္စည်းဆရာ သူကဦး၍ ဣဒါနိမှာ ငါတို့ ထူး၍မှည့်ခြင်းငှာ မတတ်စကောင်း။ )

၁၄၂။ ဧကတ္တိဘာဝေါ သူ့သဘော မှတ်လောသမာသ်လက္ခဏာ။

၁၄၃။ စက္ခုသောတ စသည်မှာ ပုဒ်ဒွန်အရာ ယင်းလက္ခဏာဘယ်နှယ်ပြု။

၁၄၄။ မခက်ခဲပါ ဒွန်အရာ နှောင်လာဤသို့ရှု။

၁၄၅။ မျက်စိနှင့်နား ထိုနှစ်ပါး ဟောကြားတခုခု။

၁၄၆။ ပဓာနအပဓာန ဧကတ္တ ဟောရနက်တခု။

၁၄၇။ ထို့ကြောင့်ရကား ဧကတ္တာ နှောက်လာစ-လုံးရှု။

***အဓိပ္ပါယ်ကား။*** ။ "သမာသဿ ဧကတ္တိဘာဝလက္ခဏံ"ဟူသည်နှင့်အညီ သမာသ်၏သဘောလက္ခဏာသည် နှစ်ပုဒ်ပင်ဖြစ်သော်လည်း အနက်တပါးတည်းသာ ဖြစ်ရသောကြောင့် စက္ခုသောတ အစရှိသောပုဒ်၌ နားမျက်စိတည်းဟူသော အနက်နှစ်ပါး ရကောင်းသောကြောင့် ဧကတ္တိဘော မဖြစ်နိုင်ရာ။ ဧကတ္တိဘော မဖြစ်က သမာသ်မမည်ခဲ့ရာ ဟူငြားအံ့။ စက္ခုသဒ္ဒါ နားမျက်စိ ဟော၊ သောတသဒ္ဒါလည်း နားမျက်စိဟောဖြစ်၍ နားမျက်စိ တည်းဟူသော အနက်ရှိသောကြောင့် ဧကတ္တိဘော ဖြစ်၏။

၁၄၈။ အယုတ်အမြတ် ထိုနှစ်ရပ် အမြတ်ရှေ့နေမြဲ။

၁၄၉။ မျက်လှည့်ကစား သရများ နောက်ပါးရှေ့နေမြဲ။

၁၅၀။ သရကြီးပွား မြတ်တုံငြား ထင်ရှားရှေ့နေမြဲ။

၁၅၁။ သရကြီးမြတ် ဖြစ်တုံလတ် စွဲမှတ်ရှေ့နေမြဲ။

၁၅၂။ သရများငယ် ယုတ်တုံဝယ် နောက်ဆွယ်ရှေ့နေမြဲ။

၁၅၃။ အက္ခရာများ နောက်ကထား စကားပြေပြစ် တစ်လစ်မရှိ ဆိုဖွယ်ရှိ မှတ်ဘိမောင်တို့ ဒွန်ဝယ်တည်း။

♦♦♦

## ဣန္ဒြိယောဝါဒကထာစာတမ်း

ရွှေကျင်ဆရာတော်ဘုရားကြီးသည် သက္ကရာဇ် ၁၂၅၄-ခုနှစ် တပေါင်းလပြည့်ကျော် ၅-ရက်နေ့တွင် မင်းကွန်းငွေတောင်တောရမှ ရန်ကုန်မြို့ရှိ ပါဠိဥပါသကပဏ္ဍိတထံ "ဣန္ဒြိယောဝါဒကထာစာတမ်း" ကို ရေးသားပေးပို့စေတော်မူခဲ့လေသည်။ ယင်း ဣန္ဒြိယောဝါဒကထာ စာတမ်းကို-

> ရန်ကုန်မှိ ပါဠိဥပါသကကုလပုတ္တော၊
> ဘာသန္တရေ ဋ္ဌိတဇနာနသဇာတိနံ ယော။
> ဗုဒ္ဓသ ဒေဝနရပူဇိတနေကဝဏ္ဏံ၊
> အာဝေဏိကဂ္ဂုဏဝရာဒိအနေကဇာတံ။

ဟူသောဂါထာပါဌ်, ဂါထာပါဌ်နိဿယဖြင့် စတင်စီရင်တော်မူခဲ့လေ သည်။ ကထာစာတမ်း၏အဆုံး၌-

> "နိဋ္ဌိတော ဣန္ဒြိယောဝါဒေါ၊ ဣမိနာ ပုညကမ္မတော။
> ဣန္ဒြိယာနံ ပူရတ္တာယ၊ ဣန္ဒြိယောဟံ ဘဝေ သဒါ။

ဣန္ဒြိယောဝါဒေါ= ဣန္ဒြိယတိုင်းသား ဘာသာလူမျိုးတို့အား သနားသမှု ဆုံးမခြင်းကို ပြုအပ်သော။ ဣန္ဒြိယောဝါဒေါ= ဣန္ဒြိယော ဝါဒကျမ်းသည်။ နိဋ္ဌိတော= နှစ်ဆယ့်ခုနစ်ဂါထာ ဤခါအပြီးသတ် လတ်ပြီ။ ပုညကမ္မတော= အတ္တုက္ကံသန ပရဝမ္ဘန မလမတင် ဖြူစင်စွာ ပြုအပ်သော။ ဣမိနာ ပုညကမ္မတော= ဤဘာသန္တရလူမျိုးတို့အား တရားရေအေး တိုက်ကျွေးဆုံးမရသော ကောင်းမှုကြောင့်။ ဣန္ဒြိယာနံ= လောကုတ္တရာဣန္ဒြေငါးဖြာတို့၏။ ပူရတ္တာယ= ယခုဘဝ နောင်ဘဝခါ ပြည့်ပါခြင်းအကျိုးငှာ။ အဟံ= ငါသည်။ သဒါ= အခါမပြတ်။ ဣန္ဒြိ- ယော= ပုဗ္ဗဘာဂ သတိပဋ္ဌာန် ဣန္ဒြေငါးတန်ရှိသည်။ ဘဝေ-ဘဝေယျံ= ဖြစ်ရပါစေသော်"ဟူသော တစ်ဂါထာပါဌ်နိဿယဖြင့် ကြောင်းကျိုးဖော်ပြ နိဂုံးအုပ်တော်မူခဲ့လေသည်။

ယင်း"ဣန္ဒြိယောဝါဒကထာစာတမ်း"သည် ၁၂၈၅-ခုနှစ် ရန်ကုန်မြို့ ကဝိမျက်မှန်ပုံနှိပ်တိုက်ရိုက် ဒီမိုင်းဆိုက် ၁၂-မျက်နှာသာရှိသည့် ကျမ်းငယ်ဖြစ်လေသည်။

ဣန္ဒြိယောဝါဒကထာ စ၊ ကထာသု ပဋ္ဌနာ ဟိ ဝေ။
ဧွေကျောင်မဟာစရိယေန၊ ရစိတာ သာဓုမာနိတာ။

## ဒါဌာဓာတုပူဇာဘိယာစနသန္ဒေသကထာ

သက္ကရာဇ် ၁၂၃၉-ခုနှစ် သီဟိုဠ်ကျွန်း (သီရိလင်္ကာ)သို့ စွယ်တော်ဖူးကြွစဉ်က မြန်မာနိုင်ငံမှ သီဟိုဠ်ကျွန်းသို့ စွယ်တော်ဖူးလာကြသည့် ရဟန်းရှင်လူတို့အား မေတ္တာရှေ့သွား ကရုဏာထား၍ စွယ်တော်မြတ်ကို အားရပါးရ ၂-ရက် ၃-ရက်စသည် ဖူးမြော်ခွင့်ပြုစေလိုကြောင်း တောင်းပန်သည့်စာတမ်း "ဒါဌာဓာတုပူဇာဘိယာစနသန္ဒေသကထာ"ကိုလည်း သီဟိုဠ်ကျွန်း ကန္ဒီမြို့ စွယ်တော်တိုက်ကို စောင့်ရှောက်သည့် ဆရာတော်များထံသို့ ပေးပို့တော်မူခဲ့လေသည်။ ၎င်း "ဒါဌာဓာတုပူဇာဘိယာစနသန္ဒေသကထာ"ကိုလည်း မြန်မာပြန်နှင့်တကွ ဤ၌ ဖော်ပြအပ်ပါသည်။

## ဒါဌာဓာတုပူဇာဘိယာစနသန္ဒေသကထာပါဠိ

ကေနာယံ ကတာတိ စေ-

ယော ပနာယသ္မာဇာဂရတ္ထေရော ဘဂဝတော သာသနေ ဒွါဝီသတျာဓိကစတုသတုတ္တရဒွိသဟဿဝဿံ မာဃမာသံ သမ္ပတ္တေ လင်္ကာဒီပံ ဂန္တွာ ဂါလုနဂရံ ပတွာ တတော ပဉ္စာယ ယာဝ သေခဏ္ဍနဂရာ အာဂတာဂတေ ဘိက္ခူ စေဝ ဂဟဋ္ဌေ စ ယထာ-နုရူပံ ဓမ္မံ ဒေသေတွာ ဩဝဒိတွာ ဩဝဒိတွာ သဏိကံ သဏိကံ ဂစ္ဆန္တော အနုက္ကမေန ဒါဌာဓာတုဝရဿ နိဒ္ဒဟိတဌာနဘူတံ သေခဏ္ဍနဂရံ ပတွာ တတ္ထ ဥပရူပရိကဋ္ဌုကံ ကတွာ ဌပိတေဟိ

သတ္တဟိ သုဝဏ္ဏမယစေတိယသင်္ခါတေဟိ သုဝဏ္ဏကရဏ္ဍေဟိ သုဂုတ္တံ ကတွာ နိဒ္ဒဟိတံ ဤသံ လောဟိတဝဏ္ဏေန စေဝ ဩဒါတဝဏ္ဏေန စ သုဝဏ္ဏဝဏ္ဏေန စာတိ တီဟိဝဏ္ဏေဟိ အတိသောဘိတံ ပါသာဒိကံ အစ္ဆရိယံ ဧတံ ဒါဌာဓာတုဝရံ ပူဇေတုကာမော ဒါဌာဓာတုမန္ဒိရေ ဂေါပကာနံ ဒွိန္နံ မဟာထေရာနဉ္စေဝ ပဓာနအမစ္စဿ စာတိ တိဏ္ဏံ ပုဂ္ဂလာနံ ဒါဌာဓာတုဝရဿ ပူဇနတ္ထာယ အဘိယာစိတွာ တေဟိ အညမညံ သံမန္တယိတွာ သမဂ္ဂေဟိ သမ္မောဒမာနေဟိ ယထာဝုတ္တသုဝဏ္ဏကရဏ္ဍတော ဝိဝရိတွာ သုဒဿိတံ တံ ဒါဌာဓာတုဝရံ အဋ္ဌဟိ မဟဂ္ဃေဟိ သုန္ဒရတရေဟိ သောဘနေဟိ ပါသာဒိကေဟိ သေတဆတ္တဝရေဟိ စေဝ ဆဟိ မဟာဝိတာနေဟိ စ အညေဟိပိ အနေကေဟိ ဓဇပဋာကာဒီဟိ ပတိမဏ္ဍိတံ ဒသ မာနိကတဏ္ဍုလဝရေဟိ ပစ္စိတဘတ္တခါဒနီယဘောဇနီယေဟိ သုသံဝိဒဟိတံ မဟာပိဏ္ဍဒါနံ ကတွာ အနေကသတေဟိ ပဇ္ဇလိတေဟိ ပဒီပဒဏ္ဍေဟိ စ သုဂန္ဓေဟိ ပုပ္ဖေဟိ စ ပူဇေတွာ အနပ္ပကာနိ ပုညာနိ ပသဝေတွာ တတော သေခဏ္ဍနဂရတော ပစ္စာဂန္တွာ အန္တရာမဂ္ဂေ တသ္မိံ တသ္မိံ နဂရေ စေဝ ဂါမနိဂမေ စ တေသု တေသု ဌာနေသု အာဂတာဂတေ ဘိက္ခူ စေဝ ဂဟဋ္ဌေ စ အနုရူပံ ဓမ္မံ ဒေသေတွာ ဩဝဒိတွာ သဏိကံ သဏိကံ စရန္တော အနုက္ကမေန ဝါလုကာတိတ္ထဂါမံ ပတွာ တတ္ထ ဧကေန ရာဇပက္ခအမစ္စေန သုမာပိတနာဠိကေရဝနေန သုသောဘိတေ မနောရမ္မေ ပဗ္ဗတေ တေနာမစ္စေန သုကတဝိဟာရေ ဝသံ ဝသန္တော တတ္ထ အာဂတာဂတေ ဘိက္ခူ စေဝ ဂဟဋ္ဌေ စ အနုရူပံ ဓမ္မံ ဒေသေတွာ ဩဝဒိတွာ လင်္ကာဒီပိကေ စေဝ ဇမ္ဗုဒီပိကေ စ အတ္တနော အန္တေဝါသိကေ ဘိက္ခူ ဂန္ထံ ဝါစေတွာ ဘိန္နဝိဘိန္နနိကာယိကာနံ လင်္ကာဒီပိကာနံ ဘိက္ခူနံ သာမဂ္ဂီဘာဝါယ စေဝ လင်္ကာသာသနဿသု ဇောတာပနတ္ထာယ စ ဥဿာဟံ ဇနေသိ၊ တေန ကတာယန္တိ ဒဋ္ဌဗ္ဗံ။

## အဘိယာစနာကာရော

ယံ ပနေတ္ထ ဝုတ္တံ “ဒါဌာဓာတုဝရဿ ပူဇနတ္ထာယ အဘိယာစိတွာ”တိ၊ ဧတ္ထ ပနာယံ အဘိယာစနာကာရော-

ရောစေမိ ဒါနိ မဟကံ မမ မေကကိစ္စံ၊
လင်္ကာယမိဓေသုဝိသေသသုပုညကာနံ။
ဒါဌာမုနိန္ဒဝရဓာတုသုပါလကာနံ၊
တိဏ္ဏံ အမစ္စသပဓာနမဟာယတီနံ။

အာရောစယာမိ ဝေါ အာယသ္မန္တာ လင်္ကာဒီပိကာ သုကတပုညာ ဒါဌာဓာတုဝရပါလကာ အဟံ ပန ဘန္တေ ဇမ္ဗုဒီပေ “ရွှေကျင်အာစရိယော”တိ ဇာတိဌာနနာမေန ပါကဋော “ဇာဂရော”တိ စ ဂရူဟိ အဝှါယိတော ပုဗ္ဗေ မြမ္မရဋ္ဌေ ရတနာပုဏ္ဏနဂရေ “မန္တလေး”ဣစ္စာဘိဓာနပဗ္ဗတေ ပဗ္ဗတဂုဟာယ ရညော အာစရိယော ဟုတွာ ဗဟူနံ အန္တေဝါသိကာနံ ဓမ္မံ ဒေသေတွာ ဩဝဒိတွာ ယထာဗလံ ယထာသတ္တိဂဏံ ဝါစေတွာ ဝသန္တော အမှိ။

တတော ပနာဟံ ဧတိဿံ ရာဇဋ္ဌာနိယံ တမှာ ဂါမဝါသာ အဋ္ဋီယန္တော ဟရာယန္တော ဇိဂုစ္ဆန္တော တံ ဂါမဝါသံ ပဟာယ ရာဇဋ္ဌာနိယာ နာတိဒူရေ ဧကယောဇနမတ္တေ ဝါ ဒွိယောဇနမတ္တေ ဝါ ပဒေသေ အဂါမကေ အရညေ အရညဝါသံ ဝသန္တောယေဝ ဒွေသံဝစ္ဆရာနိ အတိက္ကမိတွာ ဒါနိ ဧတာယ ရာဇဋ္ဌာနိယာ အတိဒူရေ သတ္တရသယောဇနန္တရပဒေသေ “မင်းလှ”ဣစ္စာဘိဓာနဂေါစရဂါမေ “နွားလံတောင်”ဣစ္စာဘိဓာနပဗ္ဗတေ မဇ္ဈူသကဝိဟာရေ ဒွီဟိ ဝါ တီဟိ ဝါ တတော ဝါ အဓိကေဟိ နိဿိတကေဟိ သဒ္ဓိံ ဝသန္တောပိ ဒွေသံဝစ္ဆရာနိ အတိက္ကန္တောမှိ။

ယဒါ စ ပနာဟံ ဘန္တေ ရာဇဓာနိယံ ဂါမာဝါသံ ပဟာယ အရညဝါသေန အဝသိံ၊ တတောယေဝ ပဋ္ဌာယ ဣမသ္မိံ လင်္ကာဒီပေ သမ္မာသမ္ဗုဒ္ဓဒါဌာဓာတုဝရဿာဘိပူဇနတ္ထာယ ပတ္ထယန္တော

ပုနပ္ပုနံ စိန္တေန္တော ဝိစိန္တေန္တော ဣဓာဂမနာယ ဥဿာဟံ ကရောန္တောပိ ကာရဏာဝိကလော ဟုတွာ ယထိစ္ဆိတံ အသမ္ပာဒေန္တော ဒါနိ စတ္တာရိ-သံဝစ္ဆရာနိ အတိက္ကန္တောမှိ။

ဧဝံ ပန မေ ဒါဌာဓာတုဝရဿာဘိပူဇနတ္ထာယ ကာရဏံ ဂဝေသေန္တဿာပိ ဩကာသံ အလဘန္တဿ ဒါဌာဓာတုဝရံ ပုနပ္ပုနံ သမနုဿရန္တဿ အဘိပတ္ထယန္တဿ ကဒါစိ ကတ္ထစိ အဿူနိပိ ပဝတ္တန္တိ။

ဧဝံ ပနာဟံ ဒါဌာဓာတုဝရံ အဘိပ္ပသန္နော "ကုဒါဿု နာမ သမ္မာသမ္ဗုဒ္ဓဒါဌာဓာတုဝရံ သာမံ ဒိသွာ ပူဇေယျ"န္တိ စိန္တေန္တော ဝိစိန္တေန္တော ကာရဏံ ဂဝေသေန္တော ကဒါစိပိ အနိခိတ္တဓုရော ဟုတွာ ကာရဏဝေကလ္လဝသေန ဧတ္တကံ ကာလံ ဧတ္တကံ စိရံ အတိက္ကန္တော ဟောမိ။

ဣဒါနိ ပနာဟံ ဘန္တေ ဝိသေသေန ဗလဝတာ ဥဿာ-ဟေန ဒါဌာဓာတုဝရဿာဘိပူဇနတ္ထာယ အာရဘန္တော အနိဝတ္တိတ-ဓမ္မော အနောက္ကမနသင်္ကပ္ပေါ ဟုတွာ မဟာရညော သန္တိကံ ပုနပ္ပုနံ အာရောစိတုံပိ မမ ဣဓာဂမနေ အနိစ္ဆန္တံ သောကာပန္နံ တံ ရာဇာနံ ပုန အနာရောစေတွာ သဗ္ဗေပိ မမ ဣဓာဂမနေ ဝိသေ-သေန သောကာပန္နေ အဿူနိ ပဝတ္တေတွာ ပုနပ္ပုနံ နိဝါရေန္တေ ဉာတကေ ဝါ ဥပဋ္ဌာကေ ဒါယကေ ဝါ အနေကေပိ အန္တေဝါသိက-သဒ္ဓိဝိဟာရိကဘူတေ ဒဟရေ ဝါ ထေရာနုထေရေ ဝါ ပုန အဇာနာပေတွာ ရတ္တိယံယေဝ တမှာ အရညဝိဟာရာ နိက္ခမိတွာ အာဂတော အန္တရာမဂ္ဂေ ဟံသာဝတီနဂရေ အဍ္ဎမာသမတ္တံ နိဝသိတွာ ဂမနကိစ္စတ္ထာယ တတ္ထ ပဝါရိတေ ကပ္ပိယကာရကေ သမာဒပေတွာ ယထိစ္ဆိတံ ကာရဏံ သမ္ပာဒေန္တော အင်္ဂိနာဝါယံ အဘိရုဟိတွာ အတ္တနော ကာယဿ နိစ္စံ ဂေလညံ အဂဏေတွာ ကာယေ စ ဇီဝိတေ စ အနပေက္ခမာနော ဝါလမစ္ဆသုံသုမာရာဒျာနေကနာဝိက-ဇနာတိသမ္ဗာဓဒုက္ခေ နာဘိပီဠိတော ကာယိကဒုက္ခေန စေဝ စေတောဒုက္ခေန စ အဘိဏှာဘိဘူတော ဟုတွာ မဇ္ဈေ သမုဒ္ဒံ

ပါရိမတီရံ အပဿန္တော ဝီသတိဒိဝသာနိ ရတ္တိံဒိဝမုတ္တရိတွာ နာဝါ-
ဘိရူဟနဒိဝသတော ပဋ္ဌာယ ပဉ္စဝီသတိမေယေဝ ဒိဝသေ စတူဟိ
ပဏ္ဏာသမဏေဟိ စေဝ ပဉ္စဟိ စ ကပ္ပိယကာရကေဟိ သဒ္ဓိံ တုမှာကံ
လင်္ကာဒီပံ ဂါလုနဂရံ သမ္ပတ္တောမှိ။

သမ္ပတွာ စ ပန အသ္မိံယေဝ ဂါလုနဂရေ ဧကသ္မိံ
ဥယျာနပ္ပဒေသေ သတ္တာဟမတ္တံ နိဝသိတွာ အဒ္ဓါနဂမနဒုက္ခံ ဝါ
ဂေလညံ ဝါ ထောကံ ဝူပသမေတွာ သီဃတရမေဝ တုမှာကံ
သေခဏ္ဏသေလနဂရေ သမ္မာ နိဒ္ဒိဟိတဿ ဒါဌာဓာတုဝရဿ
ပူဇနတ္ထာယ အာဂန္တုံ ကုစ္ဆန္တောပိ ပတ္တယန္တောပိ အန္တရမဂ္ဂေ တေသု
တေသု ဂါမေသု စေဝ နဂရေသု စ နိဝသန္တေဟိ လင်္ကာဒီပိကေဟိ
ဂဟဋ္ဌေဟိ စေဝ ပဗ္ဗဇိတေဟိ စ ဓမ္မံ သောတုကာမေဟိ ဩဝါဒံ
ပဋိဂ္ဂဟေတုကာမေဟိ စ ပုနပ္ပုနံ အဘိယာစိတော ပလိဗောဓိတော
ဟုတွာ တေသံ ပုဂ္ဂလာနံ အနုကမ္ပာယ စေဝ သာသနဿ ဇောတာ-
ပနတ္ထာယ စ ယထာဗလံ ယထာသတ္တိ ဓမ္မံ ဒေသေတွာ ဩဝဒိတွာ
သဏိကံ သဏိကံ အာဂတော ကောလမ္ဗနဂရံ သမ္ပတ္တော ဟုတွာ
တုမှာကံ သေခဏ္ဏသေလနဂရေ ဘဒ္ဒန္တေဟိ အာရက္ခိတဿ သမ္မာ-
သမ္ဗုဒ္ဓဒါဌာဓာတုဝရဿာဘိပူဇနတ္ထာယ တံ ဒါဌာဓာတုဝရာရဟံ
ဝိစိတြမဟဂ္ဃနာနာဆတ္တဓဇပဋ္ဋကာဒျာနေကပူဇာသက္ကာရသမ္ဘာရံ ပဝါ-
ရိတေဟိ ဥပဋ္ဌာကကုလေဟိ ပဋိယာဒါပေန္တော အသ္မိံယေဝ
ကောလမ္ဗနဂရေ ဧကဿ အမစ္စုပါသကဿ သုညာဂါရေ မနော-
ရမ္မေ ဥယျာနေ သဗ္ဗသမ္ပိ အာဂတာဂတာနံ မဟာဇနာနံ ကာရုညံ
ပဋိစ္စ ဓမ္မံ ဒေသေတွာ ဩဝဒိတွာ နိဝသန္တော သတ္တဋ္ဌာဟံ အတိက္ကာ-
မေတွာ တတော နိက္ခမိတွာ အဂ္ဂိရထေနာဂတော ဒါနိ ဘဒ္ဒန္တာနံ
နိဝါသနဋ္ဌာနဘူတံ သေခဏ္ဏသေလနဂရံ သမ္ပတ္တောမှိ။

သုဏာထ ဝေါ ဘန္တေ ဒါဌာဓာတုဝရပါလကာ၊ တုမှေ ပန
ဘန္တေ ဒါဌာဓာတုဝရပါလကာ ဝိသေသေန မဟာပုညာ မဟေ-
သေတွာ။ ယတြဟိ နာမ တုမှေ အညေဟိ ဇမ္ဗုဒီပေ စေဝ လင်္ကာဒီပေ
စ ယေဟိစိ ဇနေဟိ ယာဝဇီဝံ ဧကဝါရမတ္တမ္ပိ သာမံ ပဿိတွာ

ပဿိတွာ သမ္မာ ဂဟေတွာ ပူဇနတ္ထာယ ဒုလ္လဘဋ္ဌာနဘူတဿ သမ္မာသမ္ဗုဒ္ဓဒါဌာဓာတုဝရဿ ဒိနေ ဒိနေ နာနာဝိဓေဟိ ပူဇာသက္ကာရေဟိ ပူဇနတ္ထာယ စေဝ ပုနပ္ပုနံ အနေကဝါရံ သာမံ ပဿိတွာ သမ္မာ ဂဟေတွာ သီသေ ပတိဋ္ဌာပေတွာ ဝန္ဒနတ္ထာယ စ ဩကာသံ လဘိဿထ။

မယံ ပန ဘန္တေ ဇမ္ဗုဒီပိကာ ဒါနိ ဣဓာဂတော အပ္ပပုညာ အပ္ပေသက္ခာ။ ယတြဟိ နာမ မယံ တုမှေဟိ ဒါဌာဓာတုဝရပါလကေဟိ မဟာပုညေဟိ ပုနပ္ပုနံ အနေကဝါရံ သာမံ ပဿိတွာ သမ္မာ ဂဟေတွာ သီသေ ပတိဋ္ဌာပေတွာ အဘိဝန္ဒိယဿ မာနိ-တဿတာပိ ဒါဌာဓာတုဝရဿ တထာ သာမံ ပဿိတွာ သမ္မာ ဂဟေတွာ သီသေ ပတိဋ္ဌာပေတွာ ပူဇိတုံ စေဝ ဝန္ဒိတုံ စ ဧက-ဝါရမတ္တမ္ပိ ယာဝဇ္ဇတ္တနာ ဩကာသံ န လဘိဿာမ။

တထာ ဟိ ပန မယံ ဘန္တေ အာယာစာမ သံယာစာမ အဘိယာစာမ တုမှာကံ မဟာပုညာနံ မဟေသက္ခာနံ ဒါဌာဓာတုဝရပါလကာနံ ကတိပယဒိသဝမတ္တံ သမ္မာသမ္ဗုဒ္ဓဒါဌာဓာတုဝရဿ သာမံ ပဿိတွာ သမ္မာ ဂဟေတွာ ဟတ္ထတလေ စေဝ မတ္ထကေ စ သုပတိဋ္ဌာပေတွာ သုဂန္ဓောဒကေဟိ နှာပေတွာ ဓောဝိတွာ ဝိစိတြေဟိ သေတဆတ္တဝိတာနဓဇပဋ္ဋာကာဒီဟိ စေဝ သုပဏီတ-သုဝိဘတ္တာတိ မာနိတပိဏ္ဍပါတခါဒနီယဘောဇနီယေဟိ စ ပူဇ-နတ္ထာယ ဩကာသံ လဒ္ဓုံ။

သာဓု ဘန္တေ အာယာစာမ. . . ယထာ အမှာကံ သတ္ထုနော အတျစ္ဆရိယာနေကဂုဏဓရေယထိစ္ဆိတပဝရပ္ဖလပ္ပဒါနဒါဌာဓာတုဝရော အနေကရံသိပဇ္ဇောတသူရိယဝိမာနတော သူရိယဒေဝပုတ္တော ဝိယ စေဝ စန္ဒဝိမာနတော စန္ဒဒေဝပုတ္တော ဝိယ သုဝဏ္ဏရဇတာဒျာနေကမဟဂ္ဃနာနာရတနဝိစိတြပဇ္ဇောတပဘာဿရာနေကဇနမနုညဇနကာစ္စန္တပဝရဓာတုကရဏ္ဍတော မုဟုတ္တမတ္တံ သမုဋ္ဌာယ ဇီဝိမာနကသမ္မာသမ္ဗုဒ္ဓေါ ဝိယ ဩဒါတရံသိယော ဣတောစိတော ဝိဿဇ္ဇေတွာ ထောကံ ဒေသစာရိံ စရန္တော အမှာကံ မုဒ္ဓနိ သုပတိဋ္ဌဟိတွာ

သုဂန္ဓေဟိ ဂန္ဓောဒကေဟိ နှာယိတွာ သဗ္ဗညုဗုဒ္ဓလီလာယ လီလာ-ယန္တော ပရိသမဇ္ဈေ အတ္တနော ဩဒါတရံသိယော သုသောဘန္တော မဟာဇနေ ဧကကောလာဟလံ သာဓုကာရံ ပဝတ္တေန္တော ပသာဒေတိ တောသာပေတိ၊ တထာ သမ္မာ ကရေယျာထ တုမှေ တထာယေဝါ-နုသဋ္ဌေယျာထ တုမှေ ဒါဌာဓာတုဝရပါလကာ မဟာပုညာ မဟေ-သက္ခာ အမှာကံ အပ္ပပုညာနံ အပ္ပေသက္ခာနံ ဇမ္ဗုဒီပါဂတာနံ အနုကမ္ပံ ဥပါဒါယ။

ဧဝ ပန ဘန္တေ သစေ ယထာ မယံ ဒါနိ တုမှာကံ အဘိယာစနံ ကရောမ၊ တထာ တုမှေ ကရေယျာထ အနုဇာနေယျာထ အမှာကံ အပ္ပပုညာနံ ဇမ္ဗုဒီပိကာနံ အနုကမ္ပာယ။

ဧဝဉ္စ ပန သတိ တုမှာကံ တေသု တေသု ဘဝေသု ဝိသေသေန သဂ္ဂတ္ထာယ စေဝ မဂ္ဂတ္ထာယ စ ဘာဂီ ဘဝိဿတိ။

မယမ္ပိ စ ဇမ္ဗုဒီပိကာ တုမှာကံ အမှေသု ဗဟုပ္ပကာရာနံ ဧတာဒိသံ ဗဟုပ္ပကာရံ ပုနပ္ပုနံ သမနုဿရိတွာ အဘိပ္ပမောဒိတွာ ယာဝဇီဝမ္ပိ ကတညူကတဝေဒိနော ဘဝိဿာမ။

ယာဝဇီဝမ္ပိ ဘဒ္ဒန္တာနံ အမှေသု ကတူပကာရံ အပ္ပ-မုဿေတွာ ဘဒ္ဒန္တာနံ ယထိစ္ဆိတေသု သာသနပဋိသံယုတ္တေသု ကိစ္စာ-နုကိစ္စေသုပိ ယထာဗလံ ယထာသတ္တိ ဥဿာဟံ ကရိဿာမ တုမှာကံ လင်္ကာဒီပေ စေဝ အမှာကံ ဇမ္ဗုဒီပေ စာတိ။

## ဂဏ္ဌိပဒတ္ထဝဏ္ဏနာ

အမစ္စသပဓာနမဟာယတီနန္တိ သံဝိဇ္ဇတိ ပဓာနံ ပဓာန-ဂုဏော ယေသန္တေတိ သပဓာနာ၊ သပဓာနာ စ တေ မဟာယတယော စာတိ တထာ၊ အမစ္စော စ သပဓာနမဟာယတယော စေတိ တထာ။ အထ ဝါ သံဝိဇ္ဇတိ ပဓာနံ ယဿ သောတိ သပဓာနော၊ သပဓာနော စ သော အမစ္စော စာတိ တထာ၊ အမစ္စသပဓာနော စ မဟာယတယော စာတိ တထာ။ အထ ဝါ သပဓာနာ စ တေ

အမစ္စမဟာယတယော စာတိ တထာ။ အထ ဝါ ပဓာနအမစ္စေန သဟ ယေ ဝတ္တန္တိတိ တထာ၊ တေ စေ တေ မဟာယတယော စာတိ တထာ တေသန္တိ ဝိဂ္ဂဟော။

## နိဂမနံ

အယံ ပန ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ပရိနိဗ္ဗာနတော ပဉ္စာယ စတုသတာဓိကဒွိသဟဿာနမုပရိဒ္ဒါဝီသတိ-မေ သံဝစ္ဆရေ ဝေသာခမာသေ ဇုဏှပက္ခေ အဋ္ဌမုပေါသထဒိဝသေ ဇမ္ဗုဒီပါဂတေန ရွှေကျင်အာစရိယေန လင်္ကာဒီပေ နိဝသန္တာနံ ဒါဌာ-ဓာတုပါလကာနံ သဟ ပဓာနအမစ္စေန ပဓာနမဟာထေရာနံ သန္တိကံ ဒါဌာဓာတုပူဇနာဘိယာစနသန္ဒေသကထာ။

ဒါဌာဓာတုပူဇနာဘိယာစနသန္ဒေသကထာ
နိဋ္ဌိတာ။

♦♦♦

## ဒါဌာဓာတုပူဇနာဘိယာစနသန္ဒေသကထာ
## မြန်မာပြန်

ဤသန္ဒေသကထာကို အဘယ်ပုဂ္ဂိုလ် ပြုစီရင်သနည်းဟူမူ-

အရှင်ဇာဂရထေရ်သည် ဘုရားရှင်သာသနာတော် ၂၄၂၂-ခုနှစ် တပို့တွဲလသို့ ရောက်သောအခါ သီရိလင်္ကာသို့ကြွ၍ ဂါလုမြို့သို့ ဆိုက်ရောက်ပါသည်။ ထိုဂါလုမြို့မှ စ၍ သေခဏ္ဍသေလမြို့တိုင်အောင် (မိမိထံ) လာတိုင်းလာတိုင်းသော ရဟန်းရှင်လူတို့ကို ထိုက်သည့်အားလျော်စွာ တရားဓမ္မ ဟောပြောဆုံးမပြီး ဖြေးဖြေးသက်သာကြွလျက် အစဉ်အားဖြင့် စွယ်တော်ဓာတ်ကိန်းဝပ်ရာ (ဌာပနာရာ) သေခဏ္ဍသေလမြို့သို့ ရောက်ပါသည်။ ထိုမြို့ဝယ် အထက်အထက်၌ သင်တိုင်းစွပ်ထားသည့် ရွှေစေတီဟူသော ရွှေကြုတ် ၇-ဆူတို့ဖြင့် လုံခြုံအောင်ဌာပနာထားသည့် စဉ်းငယ်နီသော အဆင်း, ဖြူသောအဆင်း, ရွှေအဆင်းဟူသော အဆင်း ၃-မျိုးတို့ဖြင့် တင့်တယ်သပ္ပါယ်၍ ကြည်ညိုဖွယ် အံ့ဩဖွယ်ကောင်းသည့် ထိုစွယ်တော်ဓာတ်ကို ပူဇော်လို၍ စွယ်တော်ဓာတ်ကိန်းဝပ်ရာ ဓာတ်တော်တိုက်၌ စောင့်ရှောက်နေသော မဟာထေရ် ၂-ပါး၊ ပဓာနအမတ်တယောက်အားဖြင့် ၃-ယောက်သောပုဂ္ဂိုလ်တို့အား စွယ်တော်ဓာတ်ကို ပူဇော်ရန် ပန်ကြားပါသည်။ အဆိုပါပုဂ္ဂိုလ် ၃-ယောက်တို့သည် အချင်းချင်း ဆွေးနွေးတိုင်ပင်ကြပြီး အညီအညွတ် ဝမ်းမြောက်ဝမ်းသာ ပြောဆိုခဲ့ပြီး ရွှေကြုတ်မှ ဖွင့်ထုတ်ပင့်ဆောင်၍ ကောင်းစွာပြုအပ်သော စွယ်တော်ဓာတ်ကို အဖိုးများစွာထိုက်၍ အလွန်ကောင်းမြတ်သော တင့်တင့်တယ်တယ် ကြည်ညိုဖွယ်ရှိသည့် ထီးဖြူတော် ၈-လက်၊ မျက်နှာကြက်တော်ကြီး ၆-ခု၊ တံခွန် ကုက္ကားများစွာတို့ဖြင့် တန်းဆာဆင်အပ်သော ဆန် ၁၀-တင်း၊ ဆွမ်း ခဲဘွယ်ဘောဇဉ်တို့ဖြင့် ခင်းကျင်းစီမံအပ်သည့် ဆွမ်းတော်ကြီးအလှူကို ပြုလုပ်ကာ အရာမကများစွာသော ဆီမီး၊ ဆီမီးတိုင် (ဖယောင်းတိုင်) ပန်းနံ့သာတို့ဖြင့် ပူဇော်ကာ များစွာသောကောင်းမှုတို့ကို ပွားစေခဲ့ပါပြီ။ ထိုသေခဏ္ဍ

သေလမြို့မှ ပြန်ကြွ၍ လမ်းခရီးအကြား ထိုထိုမြို့ရွာနိဂုံး ထိုထိုအရပ်တို့၌ လာလာသမျှသော ရဟန်းရှင်လူတို့ကို သင့်လျော်သောတရားဓမ္မ ဟောပြဆုံးမပြီး ဖြေးဖြေးသက်သက်သာသာ ကြွသွားကာ အစဉ်အတိုင်း ဝါလုကာတိတ္ထရွာသို့ ရောက်ပါသည်။ ထိုရွာအနီး ရာဇ-ပက္ခအမတ် စိုက်ပျိုးတည်ထောင်ထားသော အုန်းတောဖြင့် နှလုံးမွေ့လျော်ဖွယ် အလွန်တင့်တယ်သော တောင်၌ ထိုရာဇပက္ခအမတ်ဆောက်လုပ်အပ်သော ကျောင်းဝယ် ဝါကပ်လျက် လာလာသမျှရဟန်းရှင်လူတို့ကို သင့်လျော်သောတရားဓမ္မ ဟောပြဆုံးမ၍ သီရိ-လင်္ကာကျွန်းသားနှင့် ဇမ္ဗူဒိပ်ကျွန်းသား မိမိတပည့်ရဟန်းတို့ကို ကျမ်းဂန်ပို့ချပါသည်။ အသီးသီးကွဲပြားသော နိကာယဝင် သီရိလင်္ကာကျွန်းသား ရဟန်းတော်များ ညီညွတ်ခြင်းငှာလည်းကောင်း၊ သီရိ-လင်္ကာသာသနာ ကောင်းစွာထွန်းလင်းတောက်ပစေခြင်းငှာလည်း ကောင်းအားထုတ်ခဲ့ပါပြီ။ ထိုအရှင်ဇာဂရထေရ်သည် ဤပန်ကြား လွှာသန္ဒေသကထကို ပြုစီရင်ခဲ့ပြီဟု မှတ်ရပါမည်။

## ပန်ကြားပုံ

"စွယ်တော်ဓာတ်ကို ပူဇော်ရန် ပန်ကြား၍"ဟူသော ဆိုခဲ့ပြီး စကားရပ်၌ ဤဆိုလတ္တံ့သည်ကား ပန်ကြားပုံအခြင်းအရာတည်း။

ဤသီရိလင်္ကာ၌ (နေကြ၍) အလွန်ထူးကဲမြင့်မြတ်သည့် ကောင်းမှုရှင်ဖြစ်ကြသော ဘုရားရှင်စွယ်တော်ဓာတ်ကို ကောင်းစွာစောင့်ရှောက်နေကြသည့် ပဓာနအမတ်၊ မဟာထေရ် ၂-ပါး၊ ဤပုဂ္ဂိုလ် ၃-ဦးတို့အား အကျွန်ုပ် (ငါမထေရ်)၏ ကြီးမြတ်သော အမှုကိစ္စတခုကို ယခုပြောကြားသိစေပါသည်။ စွယ်တော်ဓာတ် စောင့်ကြပ်နေကြသော ကောင်းမှုရှင် သီရိလင်္ကာကျွန်းသား အရှင်မြတ်တို့ဘုရား။

အရှင်မြတ်တို့အား လျှောက်ထားသိစေပါသည်။ ဇမ္ဗူဒိပ်ကျွန်း (မြန်မာပြည်၌) "ရွှေကျင်ဆရာတော်"ဟူ၍ မွေးရပ်နာမည်ဖြင့် ကျော်

စောထင်ရှားပြီး "ဇာဂရ"ဟူ၍ ဆရာမြတ်တို့ မှည့်ခေါ်အပ်သော အမည်ရှိသည့် ဘုရားတပည့်တော်သည် ရှေးအခါက မြန်မာနိုင်ငံ ရတနာပုံ၏ နေပြည်တော်အနီး မန္တလေးတောင်၌ တောင်ဂူအတွင်း မင်းဆရာဖြစ်၍ တပည့်တပန်းများစွာတို့အား တရားဓမ္မဟောပြဆုံးမ ပြီး အစွမ်းသတ္တိရှိသမျှ ဂိုဏ်းသံဃာအား စာပေပို့ချကာ နေထိုင်ခဲ့ပါ သည်။

ထိုသို့ နေပြီးနောက် ရတနာပုံနေပြည်တော်၌ မြို့ရွာနေဂါမ ဝါသီအဖြစ်မှ ငြီးငွေ့ရွံရှာ ရှက်နိုးလှပါ၍ ဂါမဝါသီအဖြစ်ကို စွန့်ပယ် ကာ မင်းနေပြည်တော်မှ အလွန်မဝေးသော တစ်ယူဇနာနှစ်ယူဇနာ ရှိသော တောအရပ်၌ တောနေ "အရညဝါသီ"အဖြစ်ဖြင့် ၂-နှစ်မျှ အချိန်ကို ကုန်လွန်စေခဲ့ပါသည်။ ယခုအခါ ရတနာပုံမင်းနေပြည်တော် မှ ၁၇-ယူဇနာဝေးကွာသည့်အရပ်၌ "မင်းလှ"အမည်ရှိ ဆွမ်းခံရွာ (ဂေါစရဂါမ်)အနီး ("နွားလံတောင်"အမည်ရှိ တောင်၌ "မဥ္ဇူသက" မည်သော ကျောင်းဝယ် ၂-ပါး, ၃-ပါး (ရံခါ) ထို့ထက်များသော တပည့်တို့နှင့်အတူ နေထိုင်လျက် ၂-နှစ်တာမျှအချိန် ကုန်စေခဲ့ပါ သည်။

ရတနာပုံမင်းနေပြည်တော်၌ ဂါမဝါသီအဖြစ်ဖြင့် စွန့်ပယ်၍ အရညဝါသီအဖြစ်ဖြင့် နေထိုင်ခဲ့သည်မှစပြီး ဤသီရိလင်္ကာရှိ ဘုရား ရှင် စွယ်တော်ဓာတ်ကို ပူဇော်ရန် တောင့်တလျက် အဖန်ဖန်ကြံစည် စဉ်းစားကာ ဤသီရိလင်္ကာသို့ လာရန် ကြိုးစားအားထုတ်ပါသည်။ သို့ပါသော်လည်း အကြောင်းချို့တဲ့၍ အလိုဆန္ဒမပြည့်ဝပဲ ၄-နှစ် တာမျှ အချိန်ကို လွန်မြောက်ခဲ့ရပါသည်။

ဤသို့ စွယ်တော်ဓာတ်ကို ပူဇော်ရန်အကြောင်း ရှာကြံပါ သော်လည်း အခွင့်မရနိုင်၍ စွယ်တော်ဓာတ်ကို အဖန်ဖန်အောက်မေ့ (မှန်းဆ)တမ်းတလျက် တရံတခါ အချို့နေရာ၌ မျက်ရည်များပင် ယိုထွက်ခဲ့ပါသည်။ ဤသို့ စွယ်တော်ဓာတ်ကို အလွန်ကြည်ညိုသော ဘုရားတပည့်တော်သည် "အဘယ်အခါ ဘုရားရှင်၏ စွယ်တော်ဓာတ် ကို ကိုယ်တိုင်ဖူးမြင်ရပါမည်နည်း" ကြံစည်စဉ်းစားလျက် အကြောင်း

ရှာကာ တခါတရံ (မသွားတော့ပါဘူးဟု) ဝန်မချပဲ အကြောင်းချို့တဲ့မှုကြောင့်သာ ဤမျှလောက် ရှည်ကြာလေးမြင့် အချိန်ဖင့်ခဲ့ရခြင်း ဖြစ်ပါသည်။

ယခုအခါ တပည့်တော်သည် အထူးအားကောင်းသော လုံ့လဖြင့် စွယ်တော်ဓာတ်ကို ပူဇော်ရန် အားထုတ်လျက် မဆုတ်မနစ် ကြံစည်စိတ်ကူးပြီး မင်းတရားထံ အဖန်ဖန်ပြောကြားပါသော်လည်း ဤသီရိလင်္ကာသို့ မသွားစေလို၍ စိုးရိမ်ကြောင့်ကြဖြစ်နေသည့် မင်းတရားကြီးကို နောက်ထပ်မပြောကြားတော့ပါ။ တပည့်တော် ဤသီရိလင်္ကာသို့ လာခြင်းကြောင့် (၌) အထူးစိုးရိမ်ကြောင့်ကြရှိ၍ မျက်ရည်စက်လက်ထွက်စေကာ အဖန်ဖန်တားမြစ်ကြသော ဆွေမျိုးသားချင်း အလုပ်အကျွေးဒါယကာတို့နှင့် များစွာသော တပည့်တပန်း ရဟန်းငယ် ထေရ်ငယ်ထေရ်ကြီးတို့ကို အသိမပေးပဲ ညဉ့်အချိန်မှာပင် ထိုတောကျောင်းမှ ထွက်လာပြီး လမ်းခရီးအကြား ဟံသာဝတီ (ရန်ကုန်)မြို့၌ ၁၅-ရက်မျှ နားနေပါသည်။

သွားရန်ကိစ္စအတွက် ထိုဟံသာဝတီမြို့မှ ဖိတ်မန်ကြသော ပဝါရိတကပ္ပိယကာရကတို့ကို စီမံ၍ အလိုရှိအပ်သောအကြောင်းကို ပြည့်စုံစေလျက် မီးသင်္ဘောကို တက်စီးပြီး မိမိကိုယ်၌ အမြဲနာကျင်နေသည့် (လေနာ)ရောဂါကို မရေတွက်မူ၍ ကိုယ်နှင့်အသက် မငဲ့ကွက်ပဲ ကြမ်းတမ်းသော ငါး,မိချောင်း-စသည့် ဘေးတို့ဖြင့် ရောပြွမ်းနေသော လှိုင်းကြီးဝဲကြီးများရှိ၍ ကြောက်မက်ဖွယ်ကောင်းသည့် သမုဒ္ဒရာ (ပင်လယ်)ကြီးကို ကူးခဲ့ပါသည်။ ယင်းသို့ ကူးနေစဉ် မိစ္ဆာဒိဋ္ဌိလူမျိုးစသော များစွာသောသင်္ဘောသား ခရီးသွားတို့ဖြင့် အလွန်ကျဉ်းကျပ်မှု ဆင်းရဲဒုက္ခ နှိပ်စက်ခံရ၍ ကိုယ်ဆင်းရဲ, စိတ်ဆင်းရဲ အမြဲဖြစ်ကာ သမုဒ္ဒရာအလယ်၌ တဖက်ကမ်းကို မမြင်ရပဲ ရက်ပေါင်း ၂၀-ပတ်လုံး နေ့စဉ်မပြတ် ကူးခပ်နေပါသည်။ သင်္ဘောပေါ်သို့ တက်ချိန်မှစ၍ ၂၅-ရက်မြောက်သောနေ့ကျမှ နောက်ပါရဟန်း ၄-ပါး၊ ကပ္ပိယကာရက ၅-ယောက်တို့နှင့် တကွအတူ အရှင်ဘုရားတို့ သီရိလင်္ကာကျွန်း ဂါလုမြို့သို့ ရောက်ခဲ့ပါသည်။

ဆိုက်ရောက်ပြီးနောက် ထိုဂါလုမြို့ တခုသောဥယျာဉ်ခြံ၌ ၇-ရက်မျှ နားနေ၍ ခရီးပမ်းမှုကြောင့်ဖြစ်သည့် ဆင်းရဲပင်ပန်းမှုနှင့် (လေနာ)ရောဂါကို အတန်ငယ်ငြိမ်းအေး (သက်သာ) စေခဲ့ပါသည်။ ထို့နောက် လျှင်မြန်စွာ အရှင်ဘုရားတို့၏ သေခဏ္ဍသေလမြို့၌ ကောင်းစွာဌာပနာထားအပ်သော စွယ်တော်ဓာတ်ကို ပူဇော်ရန်လာလို ပါသော်လည်း လမ်းခရီးအကြား ထိုထိုမြို့ရွာတို့၌နေကြသည့် သီရိ-လင်္ကာကျွန်းသား တရားနာလို ဩဝါဒခံလိုသော လူရှင်ရဟန်းတို့က အဖန်ဖန်တားမြစ်တောင်းပန်ကြ၍ ထိုပုဂ္ဂိုလ်တို့အား သနားကြင်နာမှု ကြောင့်လည်းကောင်း၊ သာသနာတော်ထွန်းလင်းစေလိုသောကြောင့် လည်းကောင်း အစွမ်းသတ္တိရှိသမျှ တရားဓမ္မဟောပြဆုံးမပြီး ဖြေးဖြေး သက်သာလာ၍ ကောလမ္ဗ (ကိုလမ္ဗို) မြို့သို့ ဆိုက်ရောက်ခဲ့ပါသည်။

အရှင်ဘုရားတို့၏ သေခဏ္ဍသေလမြို့၌ အရှင်ဘုရားတို့ စောင့်ရှောက်ကိုးကွယ်ထားသော ဘုရားရှင်စွယ်တော်ဓာတ်ကို ပူဇော်ရန် ထိုစွယ်တော်ဓာတ်နှင့် ထိုက်တန်သော ဆန်းကြယ်၍ အဖိုးများစွာ ထိုက်တန်သည့် အမျိုးမျိုးသော ထီးတံခွန်ကုက္ကား အစရှိသည့် များစွာ သော ပူဇော်ဖွယ်ဝတ္ထုတို့ကို ဖိတ်မန်ထားသူ "ပဝါရိတ" ဒါယကာ တို့အား စီမံဆောင်ရွက်စေ၍ ထိုကောလမ္ဗမြို့မှာပင် တစ်ယောက် သော ဥပါသကာအမတ်၏ ဆိတ်ငြိမ်၍ မွေ့လျော်ဖွယ်ကောင်းသည့် ဥယျာဉ်ခြံ၌ လာလာသမျှ လူအများတို့အား သနားကြင်နာမှုကို အစွဲပြု၍ တရားဓမ္မ ဟောပြဆုံးမကာ ၇-ရက်, ၈-ရက်မျှ ကြာခဲ့ပါ သည်။ ထိုကောလမ္ဗမြို့မှ ထွက်၍ မီးရထားဖြင့် လာခဲ့ရာ ယခု အရှင်ဘုရားတို့ သီတင်းသုံးနေထိုင်ရာ သေခဏ္ဍသေလမြို့သို့ ရောက် ခဲ့ပါသည်။

စွယ်တော်ဓာတ် စောင့်ကြပ်တော်မူကြသော အရှင်မြတ်တို့ ဘုရား၊ တပည့်တော်၏စကားကို နားဆင်တော်မူကြပါကုန်။ ဇမ္ဗူဒိပ်ကျွန်း သီရိလင်္ကာကျွန်းတို့၌ နေထိုင်ကြသည့် အချို့သောလူတို့ အသက်ထက်ဆုံး တကြိမ်တခါမျှ ကိုယ်တိုင်ဖူးမြင်၍ ပင့်ဆောင်ပူဇော် ရန် ရနိုင်ခဲသော ဘုရားရှင့်စွယ်တော်ဓာတ်တို့ကို အရှင်မြတ်တို့သည်

နေ့စဉ်နေ့တိုင်း အမျိုးမျိုးသော ပူဇော်ဖွယ်တို့ဖြင့် ပူဇော်ခြင်းငှာလည်းကောင်း၊ ကြိမ်ဖန်များစွာ ကိုယ်တိုင်ဖူးမြင်ပြီး ပင့်ဆောင်၍ ဦးခေါင်းထက်၌ တည်စေကာ ရှိခိုးခြင်းငှာလည်းကောင်း အခွင့်ရကြပါသည်။ ထို့ကြောင့် စွယ်တော်ဓာတ်ကို စောင့်ကြပ်တော်မူကြသည့် အရှင်မြတ်တို့သည် အထူးဘုန်းကံကြီးမားတော်မူကြပါပေသည်။

တပည့်တော်တို့သည်ကား စွယ်တော်ဓာတ် စောင့်ကြပ်နေကြသည့် ဘုန်းကံကြီးမားသော အရှင်ဘုရားတို့ ကြိမ်ဖန်များစွာ ကိုယ်တိုင်ဖူးမြင်၍ ပင့်ဆောင်ပြီး ဦးခေါင်းထက်၌ထားကာ ရှိခိုးပူဇော်အပ်သော စွယ်တော်ဓာတ်ကို အရှင်ဘုရားတို့ကဲ့သို့ ကိုယ်တိုင်ဖူးမြင်၍ ပင့်ဆောင်ပြီး ဦးခေါင်းထက်၌ထားကာ ရှိခိုးပူဇော်ခြင်းငှာ ယနေ့တိုင်အောင် တကြိမ်တခါမျှ အခွင့်မရကြသေးပါ။ ထို့ကြောင့် ယခုအခါ ဤသီရိလင်္ကာသို့ ရောက်လာကြသော ဇမ္ဗူဒိပ်ကျွန်းသား တပည့်တော်များသည် ဘုန်းကံနည်းပါးကြပါသည်ဘုရား။

ထို့ကြောင့် ၂-ရက်,၃-ရက်မျှ ဘုရားရှင်စွယ်တော်ဓာတ်ကို ကိုယ်တိုင်ဖူးမြင်၍ ပင့်ဆောင်ပြီး လက်ဖဝါးအပြင်၌လည်းကောင်း၊ ဦးခေါင်းထက်၌လည်းကောင်း တည်စေကာ နံ့သာရေတို့ဖြင့် သွန်းလောင်းသပ္ပါယ်၍ ဆန်းကြယ်လှသည့် ထီးဖြူဗိတာန် တံခွန်ကုက္ကားစသည်တို့ဖြင့်လည်းကောင်း ကောင်းစွာ စီမံပြုလုပ်ထားသဖြင့် အလွန်နှစ်သက်မြတ်နိုးဖွယ်ကောင်းသည့် မွန်မြတ်လှစွာသော ဆွမ်းခဲဖွယ်ဘောဇဉ်တို့ဖြင့်လည်းကောင်း ပူဇော်ခွင့်ကို ရခြင်းငှာ စွယ်တော်ဓာတ်စောင့်ကြပ်တော်မူကြသည့် ဘုန်းကံကြီးမားသော အရှင်ဘုရားတို့အား တပည့်တော်များ ရိုသေစွာ ပန်ကြားလျှောက်ထားပါသည်ဘုရား။

ဘုရားတပည့်တော် ရိုသေစွာ ပန်ကြားလျှောက်ထားပါသည် အရှင်မြတ်တို့ဘုရား။ တပည့်တော်များ ဆရာသခင် ဘုရားရှင်၏ အလွန်အံ့ဩဖွယ်ကောင်းသည့် များစွာသောဂုဏ်တို့ကို ဆောင်သော အလိုရှိအပ် ကောင်းမြတ်သောအကျိုးကို ပေးတော်မူတတ်သည့် စွယ်တော်ဓာတ်သည် ရောင်ခြည်အထောင် ထွန်းလင်းပြောင်သည့် နေဗိမာန်မှ နေနတ်သားကဲ့သို့လည်းကောင်း၊ လဗိမာန်မှ လနတ်သား

ကဲ့သို့လည်းကောင်း ရွှေငွေစသည့် များစွာသော အဖိုးတန်ရတနာ အမျိုးမျိုးတို့ဖြင့် ဆန်းကြယ်ထွန်းလင်း ပြောင်းဝင်းနေပါသည်။ ထို စွယ်တော်ဓာတ်သည် များစွာသောလူတို့၏ နှစ်သက်ခြင်းကို ဖြစ်စေ နိုင်သည့် အလွန်ကောင်းမြတ်သော ဓာတ်တော်ကြုတ်မှ တမုဟုတ် (တခဏ)မျှ ကြွတော်မူ၍ သက်တော်ထင်ရှား မြတ်စွာဘုရားကဲ့သို့ ဖြူသောရောင်ခြည်တော်တို့ကို ဝန်းကျင်ပတ်လည် လွှတ်တော်မူကာ အတန်ငယ် ဒေသစာရီကြွချီတော်မူလျက် တပည့်တော်တို့၏ ထိပ် ထက်၌ ကိန်းဝပ်တည်နေ စံပါယ်တော်မူစေလိုပါသည်။ ထို့နောက် နံ့သာရေတို့ဖြင့် သွန်းဖျန်းသပ္ပါယ်ကာ သဗ္ဗညုဘုရားရှင်၏ စံပယ် ခြင်းဖြင့် စံပယ်တော်တော်မူ၍ ပရိသတ်အလယ်၌ ဖြူသောရောင် ခြည်တော်ဖြင့် တင့်တယ်တော်မူကာ များစွာသောလူတို့ကို အုတ်- အုတ်ကျက်ကျက် တခဲနက်ကောင်းချီးပြုစေလျက် အကြည်ညိုခံတော်မူ စေလိုပါသည်။ ယင်းသို့ အကြည်ညိုခံတော်မူအောင် စွယ်တော်ဓာတ် စောင့်ကြပ်တော်မူကြသော ဘုန်းကံကြီးမားသူ အရှင်မြတ်တို့က ဘုန်းကံနည်းပါးသော ဇမ္ဗူဒိပ်ကျွန်းသား တပည့်တော်များအား သနား သောအားဖြင့် ပြုလုပ်စီမံတော်မူကြပါကုန်။

အရှင်မြတ်တို့အား တပည့်တော် ပန်ကြားလျှောက်ထားခဲ့ သည့်အတိုင်း ဘုန်းကံနည်းပါးသူ ဇမ္ဗူဒိပ်ကျွန်းသား တပည့်တော်များ အား သနားစောင့်ရှောက် ချီးမြှောက်သောအားဖြင့် ခွင့်ပြုဆောင် ရွက်တော်မူကြပါကုန်။ ဤသို့ ခွင့်ပြုတော်မူကြပါလျှင် အရှင်မြတ် တို့အား ထိုထိုဘုံဘဝတို့၌ အထူးအားဖြင့် နတ်ရွာမဂ်ဖိုလ်အကျိုးငှာ အဖို့ဘာဂ ရရှိကြပါလိမ့်မည်။ ဇမ္ဗူဒိပ်ကျွန်းသား တပည့်တော်များက လည်း မိမိတို့အပေါ် များစွာကျေးဇူးပြုကြသည့် အရှင်မြတ်တို့၏ များစွာသောကျေးဇူးတော်ကို အဖန်ဖန်အောက်မေ့ဝမ်းမြောက်ကာ အသက်ထက်ဆုံး ကျေးဇူးသိတတ်သူများ ဖြစ်ကြပါလိမ့်မည်။ အရှင် မြတ်တို့က တပည့်တော်များအပေါ် ပြုဘူးသောကျေးဇူးတော်ကို အသက်ထက်ဆုံး မမေ့မပျောက်စေပဲ အရှင်မြတ်တို့ လိုလားအပ်သော သာသနာတော်နှင့်စပ်သည့် အမှုကြီးငယ်တို့ကို အရှင်မြတ်

တို့၏ သီရိလင်္ကာကျွန်း၌လည်းကောင်း၊ တပည့်တော်များ၏ ဇမ္ဗူဒိပ်ကျွန်း၌လည်းကောင်း အစွမ်းသတ္တိရှိသမျှ အားထုတ်ဆောင်ရွက်ကြပါမည်ဘုရား။

ဤသည်ကား ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူသည်မှစ၍ နှစ်ပေါင်း ၂၄၂၂-ခုနှစ်မြောက် ကဆုန်လဆန်း ၈-ရက် ဥပုသ်နေ့၌ ဇမ္ဗူဒိပ်ကျွန်းမှ ကြွလာသော "ရွှေကျင်ဆရာတော်"က သီရိလင်္ကာ၌ စွယ်တော်ဓာတ်စောင့်ကြပ်နေသည့် ပဓာနအမတ်နှင့်တကွ ပဓာန မဟာထေရ်တို့ထံ စွယ်တော်ဓာတ်ပူဇော်ရန် ပို့အပ်သော ပန်ကြားလွှာ သန္ဒေသကထာတည်း။ [၁]

♦♦♦

---

၁။ အရှင်အဂ္ဂညာဏာဘိဝံသ၏ လင်္ကာသာသနာဝိသုဒ္ဓိကထာ မြန်မာပြန်ကြည့်။

## သာသနာစင်ကြယ်ရေး ဩဝါဒတော်

သာသနာစင်ကြယ်ရေး ဩဝါဒတော်၌-

၁။ ပထမောဝါဒကထာ၊

၂။ ဒုတိယောဝါဒကထာ-အားဖြင့် ၂-ပိုင်းပါရှိသည်။

ဤဩဝါဒတော်သည် သာသနာပြုဆရာကောင်း, ဒကာကောင်းဖြစ်ရန် ညွှန်ပြနေသည်။ အလွန်လည်း တွေ့ခဲကြုံခဲသည့် ဩဝါဒတော်ဖြစ်သည်။ သို့ဖြစ်ရာ ဤ၌ ပြည့်စုံစွာ ဖော်ပြအပ်ပါသည်။

### ပထမောဝါဒကထာ

ဆရာ ဩဝါဒစကား တရားရေအေးတိုက်ကျွေးလိုက်သည် ရှိမူကားရွာ ဒါယကာကြီးငယ်တစုတို့. . . ယခု တပည့်တပန်း ရဟန်းသံဃာတို့အား ဆရာ ဩဝါဒပေးထားလိုက်သည့်အတိုင်း မိမိတို့ ဆရာများ အထူးနေရာကျအောင် ဒါယကာတို့တွက်တာ အားထုတ်သင့်သောအရာများကို အားထုတ်၍ မိမိတို့ကျေးရွာ၌ သာသနာတော် အထူးစင်ကြယ်ထွန်းလင်းအောင် ရွက်ဆောင် အားထုတ်ကြရမည့်အကြောင်း။

သာသနာတော် အတိမ်အနက် ဆိုးကောင်းယုတ်မြတ်ပုဂ္ဂိုလ်များကိုလည်း အထူးသိနိုင်ကြအောင် ယခုဆရာပေးထားလိုက်သည့် ဩဝါဒစာတွင်ပါရှိသော ဝိနည်းအရာ အထက်နတ်ရွာစံ မင်းတရားကြီး ၁၂၁၇-ခုနှစ် ဆရာတော်ဘုရားကြီးများနှင့် တိုင်ပင်လျှောက်ထား ထုတ်ပြန်အပ်သော အမိန့်တော်ပြန်တမ်းကြီးတွင် ပါဝင်သော အလဇ္ဇီ ပါပဓမ္မအရာများကိုလည်း အတန်အရာ လူတို့ကြားဘူးနားဝ ရှိကြအောင် အထူးကြည့်ရှုမှတ်သားကြစရာ လွန်စွာကောင်းလှတော့သည့် အကြောင်း။

ကိုးကွယ်သင့် မကိုးကွယ်သင့် ဆိုးကောင်းယုတ်မြတ် မသိတတ် အမှတ်မဲ့ ကျောင်းကန်ဆောက်လုပ်ကိုးကွယ်ကြရာ အလဇ္ဇီမသူတော်များကို ကိုးကွယ်မိသည့်အခါ ထိုမိမိဆရာပုဂ္ဂိုလ်တို့က လဇ္ဇီသူတော်ကောင်းတို့၏ အပြစ်အာဒီနဝကို ပြောကြားနာခံရသဖြင့် မိမိတို့မှာ သူတော်ကောင်း ရဟန်းကောင်းတို့ကို မကိုးကွယ်ရရုံမျှမက ထိုလဇ္ဇီသူတော်ကောင်းတို့အား ကဲ့ရဲ့ပြစ်မှား အပါယ်လားကြရမည့်အရာ လွန်စွာပေါ်များကြောင်း ဘုရားရှင်လက်ထက်တော်အခါက မိစ္ဆာဒိဋ္ဌိများကို ကိုးကွယ်မှား၍ မိမိတို့ဆရာ ပုရာဏကဿပစသော မိစ္ဆာဒိဋ္ဌိတို့ထံမှ ဘုရားရှင်အပြစ်ကို အခါခါကြားနာရသည့်အတွက် ၎င်းဒကာတို့မှာ ဘုရားရှင်ကို မကိုးကွယ်ရရုံမျှမက ဘုရားရှင်ကို ပြစ်မှား၍ အပါယ်လားကြသူတို့ပင် အလွန်ပေါ်များကြသည်ကို ထောက်ထားသဖြင့် ယခုအခါ ရဟန်းသာမန်တို့လက်ထက်မှာ မဆိုသာ လွန်စွာသတိထားကြရမည့်အကြောင်း။

ရာမညတိုင်း အောက်ပြည်အောက်ရွာတို့၌ စူဠမဟာဂဏ်နှင့် ဒွါရကဲ့ပြားကြရာ မလိမ္မာသော ဒကာအပေါင်းတို့ ဘုန်းကြီးကောင်းများကို ပြစ်မှားကဲ့ရဲ့ အရွဲ့တစောင်းပြုသဖြင့် မှားခြင်းကြီးမှား၍ နေကြသည့်အရာများလည်း ဤကဲ့သို့ ဆိုးကောင်းယုတ်မြတ် မသိတတ်ရှာကြ၍သာ ဖြစ်ရှာကြသည့်အကြောင်း။ ယင်းကဲ့သို့ မမှားကြရအောင် အထူးသတိဆောင်ကြရမည့်အကြောင်း။

လယ်ကောင်းလယ်ညံ့ကို သိ၍ စပါးလုပ်မိမှသာ စပါးလုပ်ကျိုး နပ်သကဲ့သို့ ကိုးကွယ်သင့်မကိုးကွယ်သင့် ဆိုးကောင်းယုတ်မြတ် ပုဂ္ဂိုလ်တို့ကို သိတတ်မှ မိမိတို့ ကျောင်းကန်ဆောက်လုပ်၍ ဘုန်းကြီးကိုးတွယ်ကျိုး နပ်နိုင်မည်။ ယင်းသို့ မသိတတ် အမှတ်မဲ့ အလဇ္ဇီဒုမ္မင်္ကုပုဂ္ဂိုလ်များကို ကျောင်းဆောက်ကိုးကွယ်မိသည့်အတွက် ဘုရားရှင်၏ လက်ထက်တော်အခါ မိမိဆရာ၏စကားကို နာယူမှားသဖြင့် သူတော်ကောင်းရဟန်းများတို့ကို ကဲ့ရဲ့ပြစ်မှား၍ သေသည်မှအခြားမဲ့၌ ယင်းမိမိကျောင်းတိုက်ရှိ ဝစ္စကုဋီအိမ် မစင်တွင်းထဲ၌ ဆရာဒကာနှစ်ဦးစလုံး ပြိတ္တာကြီးဖြစ်၍ အနှစ်များစွာ ပြိတ္တာဒုက္ခကို ခံနေကြရ

ကြောင်းနှင့် ပေတာဝတ္ထုပါဠိတော်တွင် လာသည့်အတိုင်း မဖြစ်ကြရအောင် သာသနာတော် အတိမ်အနက် အဆိုးအကောင်းယုတ်မြတ်ကို သိအောင်ပြုသဖြင့် မိမိတို့အကျိုး သာသနာတော်အကျိုး နှစ်ပါးပြီးစေခြင်းငှာ ယောနိသောမနသိကာရ တရားများကို ကောင်းကောင်းကြီးနှလုံးထား၍ အလဇ္ဇီဒုမ္မင်္ကုပုဂ္ဂိုလ်တို့ကို အားပေးအားမြှောက်မပြုမိကြရအောင် ကြံဆောင်အားထုတ်နိုင်ကြလျှင် ယခုကဲ့သို့ အထက်မမြို့ရာဇာ သာသနာပြုမင်း ဦးစီးကင်း၍နေသော်လည်း သာသနာပြုမင်းရှိသကဲ့သို့ပင် သာသနာတော် စင်ကြယ်ထိန်ဝင်း ထွန်းလင်းတောက်ပစရာ ရှိသေးသည့်အကြောင်း။

ဒါယကာတို့ ရှိမူကားရှာတွင် ဆရာရှေးက သာသနာပြုဘုရား၏ အထူးထွန်းလင်းဘူးသည့်အတိုင်း ယခုလည်း အထူးထွန်းလင်းသဖြင့် ဘုန်းကြီးကိုးကွယ်လှူဒါန်းရသော ဒါယကာတို့အား အကျိုးထူးဖြစ်ပွားကြရအောင် ကြံဆောင်အားထုတ်ကြစေချင်းကြောင်း။

ယခုအခါ ပြည့်ရှင်မင်းကင်း၍ နေသည့်အတွင်း ခိုးသားဒမြတွေ အလွန်နှိမ်နင်းတိုက်ဖျက်ခွင့် ရသကဲ့သို့ သာသနာပြု ပြည့်ရှင်မင်းကင်းသည့်အခိုက် အလဇ္ဇီဒုမ္မင်္ကုပုဂ္ဂိုလ်တို့ သာလွန်စွာ အခွင့်ရသည်ဖြစ်၍ ဆိတ်တစ်ကောင်ကို ကျားတစ်ထောင်ကြောက်ရသည့် ကောသလမင်းကြီးအိပ်မက်ခန်း ဆိုက်သဖြင့် လဇ္ဇီသူတော်ကောင်းမှန်သမျှ အလွန်အားနည်းသည်ဖြစ်၍ အလဇ္ဇီပုဂ္ဂိုလ်တို့ သာလွန်စွာအားရှိသဖြင့် "တစ္ဆေကို လူကပူး ခွေးရူးကတုတ်ဆောင်"ဆိုသကဲ့သို့ ထိုလဇ္ဇီရဟန်းကောင်းတို့ပင် အလဇ္ဇီဒုမ္မင်္ကု အစိုးရဂိုဏ်းအုပ်ဂိုဏ်း ထောက်ပြုလုပ်ကြသူတို့၏ ဆင့်ဆိုဆုံးမနှိပ်နင်းသည်များကို ခံနေ ကြရသည်ဖြစ်၍ သာသနာတော် အလွန်အားနည်း၍နေသည့် အပေါ် တွင် သာသနာတော် အတိမ်အနက် အဆိုးအကောင်းယုတ်မြတ် မသိတတ်ကြသူ လူဒါယကာ လူဆင်းရဲ လူမွဲ လူရတတ် အထက်မျူးမတ်အစိုးရမင်းတို့ပါ ယင်းသို့သော အလဇ္ဇီဒုမ္မင်္ကုပုဂ္ဂိုလ်တို့ကို လွန်စွာချီးမြှောက် ကျောင်းဆောက်ကိုးကွယ်၍ နေကြရုံမျှမက အချို့အရပ်များ၌ များသောအားဖြင့် လဇ္ဇီသူတော်ကောင်းများကိုပင် ပြစ်-

တင်ကဲ့ရဲ့ ချိုးဖဲ့နှိပ်နင်း ပြုပြန်ကြသည့်အတွက်ကြောင့် "မြွေကိုက်သည့်အပေါ်တွင် စုံးနတ်ပယောဂ ဝင်စွက်ပြန်သည်"ဆိုသကဲ့သို့ နေသဖြင့် သာသနာတော်အရေးအရာတွင် လွန်စွာအကြံခက်၍ နေသောကြောင့် အလုံးစုံအရပ်ရပ် သာသနာတော်တွက်တာကို ဆရာမတတ်နိုင်သော်လည်း ရှေးနတ်ရှာစံ မင်းတရားကြီးလက်ထက် လဲကြားဗိုလ်မင်းများနှင့်တကွ သာသနာတော်ပြုဘူး၍ အထူးထွန်းလင်း ဘုရားဒါယကာတို့ ရှိမူကားရှာတွင် သာသနာတော်ဖြစ်ထွန်းရန် ရှိသရွေ့ ဖြစ်ထွန်းစေဦးတော့-ဟု အထူးနှလုံးပြုသဖြင့် ဒါယကာတို့အား အထူးကွက်မှတ်ပိုင်းခြား တရားရေအေး တိုက်ကျွေးလိုက်ကြောင်း။

ယခုပေးထားလိုက်သော အရပ်ရပ်ဩဝါဒစာများကိုလည်း တောင်တောရကြီးသံဃာ, သရက်ချောင်း ဘုန်းပွင့်တိုက်သံဃာများ စည်းဝေးဘတ်ရွတ်ကြရာ ကျောင်းဒါယကာတို့နှင့်တကွ ရှာလုံးကျွတ်သွားလာနာခံကြစေချင်ကြောင်းများနှင့် ကရုဏာရေ့ထား တရားရေအေး တိုက်ကျွေးလိုက်သည် ရှိမူကားရှာနေ ဆရာကို ယုံကြည်ကိုးစားရင်းရှိကြသူ ဦးဖြူ ဦးနက်-မဆို ထိုထိုဒါယကာကြီးငယ်တစုတို့။

*(၁၂၅၄-ခုနှစ်၊ နယုန်လပြည့်ကျော် ၈-ရက် သောကြာနေ့ တွင် မင်းကွန်း ငွေတောင်တောရ ရွှေကျင်ဆရာတော်ဘုရားကြီး ပထမောဝါဒစာတမ်း။)*

## ဒုတိယောဝါဒကထာ

ဆရာ ဒုတိယောဝါဒ ဓမ္မရေအေး တိုက်ကျွေးအပ်သည် ရှိမူကားရှာ ဒါယကာကြီးငယ်တစုတို့။

ယခင် ဆရာပေးထားဆုံးမအပ်သည့် ပထမောဝါဒစာတွင် သာသနာတော်ဖြစ်ဟန် အတိမ်အနက် ဆိုးကောင်းယုတ်မြတ်ကို ဂဟဋ္ဌဖြစ်သူ လူတို့လည်း အတန်အရာသိနိုင်ကြမှ ကျောင်းကန်ဆောက်လုပ် ဘုန်းကြီးကိုးကွယ်လှူဒါန်းကျိုး အထူးရှိကြမည်ဟူသော အချက်ဝယ် သာသနာအတိမ်အနက် ဆိုးကောင်းယုတ်မြတ်ကို

အဘယ်သို့ သိအပ်သနည်းဟူသော် ဘုရားဝိနည်းတော်နှင့် မလျော် မညီ အလဇ္ဇီပြုကျင့်သည့် ပုဂ္ဂိုလ်ဟူသမျှသည်ပင် ပုဂ္ဂိုလ်ဆိုးချည်းပင် တည်း။

ယင်း ဝိနည်းတော်ဟူသည်လည်း "အဋ္ဌဟိ ဝတ္ထူဟိ ကုလာနိ ဒူသေတိ ပုပ္ဖေန ဝါ ဖလေန ဝါ" အစရှိသော ပါရာဇိ ကဏ် ပါဠိတော်မြွတ်အတိုင်း ရဟန်းတို့မှာ ဒါယကာတို့အား ငှက်ပျော သစ်သီးပေးခြင်း, ထမင်းကျွေးခြင်း စသည်တို့ကို ပြုကျင့် မိက ထိုရဟန်းသည် ထိုဒါယကာတို့ကို မှိုင်းမချိုးမြှောက်သည် မမည်၊ စင်စစ်မူကား ဖျက်ဆီးသည်သာ မည်လေတော့သည်။

ယင်း ကုလဒူသနအမှုဖြင့် ထိုရဟန်းအား ထိုရပ်ထိုရွာ ထို နေရာကျောင်းတိုက်မှ ပဗ္ဗာဇနီယဝိနည်းကံဖြင့် နှင်ထုတ်ကြရမည်ဟု ဘုရားရှင်ပညတ်တော်မူရသည်။

ရဟန်းတို့မှာ ဒါယကာတို့အား သစ်သီးပေးခြင်း, ပန်းပေး ခြင်း စသည်တို့ဖြင့် ကုလဒူသနအမှုကို ပြုကျင့်သည့်အခါ လာဘ်ကို မငဲ့မတောင့်ဘဲ အမှတ်မဲ့ပေးသည်ဖြစ်အံ့ ကုလဒူသနဒုက္ကဋ်အာပတ် တချက်, သဒ္ဓါဒေယျဝိနိပါတဒုက္ကဋ်အာပတ်တချက်, လာဘ်ကို တောင့် တပြန်သည်ဖြစ်အံ့ အနေသနမိစ္ဆာဇီဝအာပတ်တချက်အားဖြင့် ရှေးဦး စွာ အာပတ် ၂-ချက်, ၃-ချက် သင့်သည်။

ထို့နောင် ဒါယကာတို့ ပစ္စည်းဝတ္ထုကို အလှူခံ၍ သုံး ဆောင်သည့်အခါ ဆွမ်းစားရာဝယ် ဆွမ်းလုပ်တိုင်း ဆွမ်းလုပ်တိုင်း သင်္ကန်းကိုင်ရာ သင်္ကန်းကိုပြင်၍ ဝတ်တိုင်း ရုံတိုင်း ကျောင်းပေါ်သို့ တက်တိုင်း ဝင်တိုင်း နေထိုင်သွားလာတိုင်း ဒုက္ကဋ်အာပတ်တွေ အသချေ်ယျမက အခါခါအထပ်ထပ် သင့်၍ နေသဖြင့် ထိုပုဂ္ဂိုလ် ထိုရဟန်းမှာ မိစ္ဆာဇီဝဆေးကုနည်းဖြင့် မကုသရွေ့, ထိုအမှုကို မရှောင် ကြဉ်သရွေ့ ကာလပတ်လုံး ထိုအလဇ္ဇီအမှုမှ မထမြောက်နိုင် ဖြစ်လေ တော့၏။

နေလွဲအခါ ဆေးဝါးကွမ်းစား ပြုမိသူတို့မှာ ပြောပလောက်သော အနာရောဂါရှိ၍ စားသောက်သည်မှတပါး စားတိုင်း စားတိုင်း ဆေးရည်ကွမ်းရည် လည်မျိုတဘက်သို့ ဝင်တိုင်း ဝိကာလဘောဇန သိက္ခာပုဒ် ဒုက္ကဋ်ဝါရဖြင့် ဒုက္ကဋ်အာပတ်သင့်သည်။ ထိုပုဂ္ဂိုလ် ထိုအမှုမှ ရှောင်ကြဉ်ပါတော့မည်ဟု အာယတိံသံဝရ မရှိသရွေ့ ကာလပတ်လုံး ထိုကွမ်းစားဆေးဝါးမှု အလဇ္ဇီအဖြစ်မှ မထနိုင်။

ရဟန်းတို့မှာ ပြောပလောက်သော အနာအကြောင်းမရှိဘဲလျက် မြို့တွင်းရွာတွင်းတို့၌ ဘိနပ်စီး၍ မသွားကောင်း၊ သွားလျှင် ဘဝါးလှမ်းတိုင်း လှမ်းတိုင်း ဒုက္ကဋ်အာပတ်သင့်သည်။ ထိုအမှုကို ထိုပုဂ္ဂိုလ် နောင်ရှောင်ပါတော့မည်ဟု အာယတိံ သံဝရ မရှိသရွေ့ ကာလပတ်လုံး ထိုဘိနပ်စီးခြင်း အလဇ္ဇီအမှုမှ မထနိုင်။

မအပ်သော ဆိုးရည်ရှိသော နနွင်းဆိုး, ပေါက်ပွင့်ဆိုး, ပိုးပိတ်နီ သက္ကလပ်သင်္ကန်း မဟာလှေကားပန်းထက်မက အရောင်အဆင်းရှိသော ဖဲကတ္တီပါသင်္ကန်းတို့ကို ဝတ်ရုံမိသည်ဖြစ်အံ့ ဝတ်ရုံတိုင်း ဝတ်ရုံတိုင်း ထိုသင်္ကန်းကို ပြင်ဆင်၍ ဝတ်တိုင်းရုံတိုင်း ဒုက္ကဋ်အာပတ် များစွာသင့်သည်။ ထိုအမှုကို ထိုပုဂ္ဂိုလ် မရှောင်ကြဉ်သရွေ့ ကာလပတ်လုံး ထိုသင်္ကန်းရုံ အလဇ္ဇီအမှုမှ အချင်းခပ်သိမ်း မထနိုင်။

ရဟန်းတို့မှာ ဆွမ်း သင်္ကန်း ပရိက္ခရာများကို မဘိတ်မကြားသော အပဝါရိတဒါယကာ အဆွေမတော်ရာ ဒါယကာလူတို့အား ဝိညတ်အားဖြင့် တိုက်ရိုက်မတောင်းကောင်းရုံမျှမက ကျောင်း၌ ဆွမ်းရှားသည်၊ သင်္ကန်းနွမ်းပါသည်ဟူ၍ ဒါယကာတို့ရှေ့ ပရိယာယ်သြဘာနိမိတ်ကိုမှ မပြုကောင်း။ ယင်းသို့ ပြုလျှင်ပြုခြင်း အနေသန ဒုက္ကဋ်အာပတ်သင့်သည်။ ထိုဆွမ်း သင်္ကန်းတို့ကို သုံးဆောင်သည့်အခါ ဆွမ်းစားစဉ် လုပ်တိုင်းလုပ်တိုင်း အာပတ်သင့်သည်။ ထိုအမှုကို ထိုပုဂ္ဂိုလ် မရှောင်ကြဉ်သရွေ့ ကာလပတ်လုံး ထိုအလဇ္ဇီအမှုမှ မထမြောက်နိုင်၊ ထာဝရ (အမြဲတမ်း) အလဇ္ဇီကြီးဖြစ်၍ နေလေတော့၏။

မိမိထံ ရှင်ပြုလာသမျှ ပဉ္စင်းခံလာသမျှပုဂ္ဂိုလ်တို့လည်း ယေဘုယျအားဖြင့် မိမိကဲ့သို့ အလဇ္ဇီချည်း ဖြစ်ကြလေတော့၏။

အထက် အစိုးရပုဂ္ဂိုလ်တို့ကပင် အလဇ္ဇီဖြစ်အံ့၊ ထိုပုဂ္ဂိုလ်တို့ထံ မျက်နှာလိုလား သွားလာဆည်းကပ် စားသောက်သုံးဆောင် လက်ဆောင်ပေးလှူ အရာခံယူကြသူ ပုဂ္ဂိုလ်ဟူသမျှ အရာအထောင်မက အလဇ္ဇီချည်းသာ ဖြစ်ကြရလေ၏။

ၚင်း အစိုးရပုဂ္ဂိုလ်တို့ထံ ကြေးငွေလက်ဆောင်ထိုး၍ ဂိုဏ်းအုပ် ဂိုဏ်းထောက် အရာခံကြပြီးခါ ၎င်းဂိုဏ်းအုပ် ဂိုဏ်းထောက်ပြု၍ လဇ္ဇီရဟန်းကောင်းတို့ကိုပင် ချိုးဖဲ့နှိပ်နင်း ဆင့်ဆိုခေါ်ချေ ငွေလက်ဆောင်စား၍ တရားမဟုတ်စီရင်ကြသဖြင့် အလွန်အပြစ်ကြီးစွာ မဟာသာဝဇ္ဇ မဟာအလဇ္ဇီ ဗိုလ်ချုပ်ကြီးတိုင်အောင် ဖြစ်ကြလေသည်။

ဤသို့ အလဇ္ဇီဗိုလ်ချုပ်ပြု၍ လဇ္ဇီရဟန်းကောင်းတို့ကို ဆင့်ဆိုခေါ်ချေ အဓမ္မအဝိနယကို အခါခါပြု၍ သာသနာတော်ကို ဖျက်ဆီးနေထိုင်ကြသော အလဇ္ဇီဗိုလ်ချုပ် မဟာအလဇ္ဇီပုဂ္ဂိုလ်တို့အား အလဇ္ဇီပုဂ္ဂိုလ်မှန်း အထင်အရှားအများသိကြလျက် သိလောက်လျက် မသိ မောဟာဂတိ သိပါလျက်လည်း လောကမျက်နှာ ဆန္ဒာဂတိ လိုက်သဖြင့် အမြဲကျောင်းဆောက်ကိုးကွယ် အားပေးအားမြှောက်ပြုမိကြသူ လှူဒါယကာတို့မှာလည်း သာသနာတော်ပျက်စီးကြောင်းကို ပြုမိသည့်အတွက် အလဇ္ဇီပဂ္ဂဟ ဒါယကာဗာလဖြစ်သဖြင့် မုဆိုးအားပေး မုဆိုးခွေးအလား မှားခြင်းကြီးမှား၍ နေကြသူသာ အလွန်ပေါများလျက်ရှိကြောင်း။

ယင်းသို့ ဆရာဗာလ ဒကာဗာလတို့ကို စွဲ၍ ယခုအခါ ဘုရားသာသနာတော် အလွန်ပျက်စီး အကျိုးကြီးနဲ၍နေသည့်အခိုက်တွင် အထက်နတ်ရွာစံ မင်းတရားကြီးလက်ထက် သာသနာပြုဘုန်းကြီးရာ ဆရာ၏တရားစကားများကို အခါခါကြားနာဘူးသောသူ ရှိမူကားကျေးရွာဒကာလိမ္မာတို့လည်း အများနည်းတူ မိုးခါးရေသောက် မမှောက်မှားကြရအောင် အထူးသတိဆောင်အပ်ကြသည်အကြောင်း။

သည်မှတပါး ကုသိုလ်ကိုလိုလား၍ အလှူဒါနပြုလုပ်ကြရာ ရုပ်သေးဇာတ်ပွဲသဘင်တို့နှင့်တကွ ပြုမိကြလျှင် အဆိပ်နှင့်ရောသော

ဘောဇဥ်, မစင်နှင့်ရောသော ဝက်သားကဲ့သို့ "ကုသိုလ်တပဲ, ငရဲတခွဲ" နေတတ်ကြသည်ဖြစ်၍ ယင်းသို့လည်းမမှားကြရအောင် သတိအထူး ဆောင်အပ်လှသည်အကြောင်း။

မိမိတို့ အလှူပေးသည့်အတွက် ကြက် ဝက် တိရစ္ဆာန် အများ မသေရအောင်လည်း အထူးသတိဆောင်အပ်သည်အကြောင်း။

ဥပုသ်သီလ စောင့်ထိန်းကြသည့်အခါ၌လည်း အနာမဲ့ နေလွဲ ကွမ်းစား ဆေးဝါး ဆေးသောက်၊ အကြောင်းမဲ့ အဖျော်ရည်သောက် အမှုတို့ကို ပြုမိသည့်အတွက် မိမိတို့ တရံတခါ စောင့်ရှောက်ရသည့် သီလ ညှိုးနွမ်းပျက်စီး မရှိကြရအောင် အထူးသတိဆောင်အပ်လှ ကြောင်း။

ယင်းသို့ ဥပုသ်စောင့်သုံးကြသည့်အခါ မဂ်ဖိုလ်မှဖီလာဖြစ် သော တိရစ္ဆာကထာ ထမင်းစကား ဟင်းစကား စစ်မက်စကား စသော တရားအလွတ်စကားများကို မပြောကြားမိစေရ၊ ဒေါသ မာန မာန် စောင်ချ၍ အရိယဥပုသ်ကောင်းကောင်းကြီးမြောက်အောင် အထူး သတိဆောင်အပ်ကြကြောင်း။

ယင်းသို့ စောင့်အပ်သော ဥပုသ်သီလအကျိုးကိုလည်း လူ နတ်စည်းစိမ် ဒုက္ခအိမ်ကို မတောင့်တ၊ နိဗ္ဗာန်ချမ်းသာကိုသာ လွန်စွာ တောင့်တ၍ စောင့်မိကြအောင် သတိအထူးဆောင်ကြရမည့် အကြောင်း များနှင့် ဆရာ တရားရေအေး တိုက်ကျွေးလိုက်သည် ရှိမူကား ကျေးရှာ ဒါယကာကြီးငယ်တစုတို့ ။ ။

## ကုလဒူသနဝိနိစ္ဆယအကျဉ်း

ဆိုအပ်ခဲ့ပြီးသော ကုလဒူသနအရာဝယ် "အပစ္စာသိသန္တေ- နာပိ ဒါတုံ န ဝဋ္ဋတိ သဒ္ဓါဒေယျဝိနိပါတတ္တာ၊ ပစ္စာသာယ ပန ကုလဒူသနံပိ ဟောတိ"ဟု လာဘ်ကိုငဲ့၍ပေးမှ ကုလဒူသနဖြစ်သည့် အခြင်းအရာအားဖြင့် ဝိမတိဝိနောဒနီဋီကာ လာသော်လည်း ၎င်း အတိုင်း ပါဠိ အဋ္ဌကထာ တေရသကဏ္ဍဋီကာ ဝဇီရဗုဒ္ဓိဋီကာကြီး

တို့၌ မလာ၊ "သစေ ပန ကုလသင်္ဂဟတ္ထာယ ဒေတိ၊ ကုလဒူသန-ဒုက္ကဋံ" စသည်ဖြင့် သာမညသာလာသောကြောင့် လာဘ်ကိုမငဲ့သော်လည်း ဒါယကာတို့ သဒ္ဓါတရားပျက်စီးကြောင်း ဖြစ်တော့သည်ဖြစ်၍ ကုလဒူသနအာပတ်သင့်ကြောင်းနှင့် ငါတို့ကျေးဇူးရှင် မြောက်ဘက်သလုံးဆရာတော် နတ်ရွာစံ မင်းတရားကြီးဆရာ သာသနာပြု ရှမ်း-ကလေးကျွန်းဆရာတော်တို့ မိန့်ဆိုဆုံးဖြတ်အပ်သည့်အတိုင်း လာဘ်ကိုမငဲ့ မတောင့်တသော်လည်း ကုလဒူသနဒုက္ကဋ်အာပတ် သင့်တော့သည်။

ယင်းသို့ ကုလဒူသနဖြစ်လျှင်လည်း "ဣမေဟိ ပန အဋ္ဌဟိ ကုလဒူသနကမ္မေဟိ ဥပ္ပန္နပစ္စယာ ပဉ္စန္နမ္ပိ သဟဓမ္မိကာနံ န ကပ္ပန္တိ" ဟူသော ပါရာဇိကကဏ္ဍအဋ္ဌကထာပါဠိအတိုင်း ထိုဒါယကာတို့က မိမိအား သစ်သီးပေးဘူးခြင်း၊ ထမင်းကျွေးဘူးခြင်းကြောင့် လှူသည်မှန်လျှင် ရဟန်းက ပေးစဉ်အခါ ဤသို့ ပေးလှူပါစေ-ဟု စိတ်မရှိပဲ ပေးစေကာ ထိုပုဂ္ဂိုလ်အား ထိုဒါယကာတို့ပစ္စည်းကို သုံးဆောင်ခြင်းငှာ မအပ်သည်သာ ဧကန်မှတ်ကြကုန်၏။

လာဘ်ကိုတောင့်တ၍ ပေးသော် မိစ္ဆာဇီဝအနေသနဒုက္ကဋ်အာပတ်သင့်သည်၊ လာဘ်ကိုမငဲ့ပဲ ပေးလျှင် မိစ္ဆာဇီဝအနေသနဒုက္ကဋ်လွတ်သည်။ ဤသို့ ပေးစဉ်အခါ မိစ္ဆာဇီဝဒုက္ကဋ်သင့်/မသင့်သာ ထူးကွဲသည်။ နောင်ထိုဒါယကာတို့ ပစ္စည်းကို သုံးဆောင်၍ အကပ္ပိယပရိဘုဉ္ဇနပိနယဒုက္ကဋ်သင့်ရာ၌ကား ပေးစဉ်အခါတုံးက လာဘ်ကိုငဲ့ မငဲ့ အထူးမရှိ၊ အာပတ်သင့်သည်ချည်း အတူတူသာတည်း-ဟု သိကြ ကုန်။

ယင်းသို့သော ကုလဒူသနအနေသနပစ္စည်းတို့မှာ အဘယ်သို့သော အခြင်းအရာအားဖြင့် ကပ္ပိယဖြစ်နိုင်ပါအံ့နည်း-ဟူသော ကုလဒူသနအနေသနပစ္စည်းမှန်က တစုံတခုသောအခြင်းအရာအားဖြင့် အပ်အောင်ပြုခြင်းငှာ မတတ်ကောင်း၊ ရွှေငွေအနာမာသနိဿဂ္ဂိယဝတ္ထုဖြင့် ရသော မဟာအကပ္ပိယသပိတ်ကြီးကဲ့သို့သာ ဖြစ်လေတော့၏။ "ယထာ စာယံ ဧတေသ န ဝဋ္ဋတိ၊ တထာ ကုလဒူသန-

ကမ္မေန ၀ါ ကုဟနာဒီဟိ ၀ါ ဥပ္ပန္နပစ္စယာ နေ၀ တာသ န အညာသ ၀ဋ္ဋန္တိ ရူပိယသံ၀ေါဟာရာဒိပစ္စယာသဒိသာ ဟောန္တိ"ဟူသော အဋ္ဌကထာသာဓကတည်း။

ယင်းသို့သော် ကုလဒူသနအနေသနပစ္စည်းများကို လူတို့ အား အနပေက္ခစွန့်ပစ်၍ နောင်တဖန် ပြန်ရပြန်လျှင် မအပ်ပါပြီ လောဟူသော် "သော ဟိ စောရေဟိ အစ္ဆိန္နောပိ ပုန လဒ္ဓေါ ဇာနန္တဿ ကဿစိပိ န ၀ဋ္ဋတိ"ဟူသော ၀ိမတိဋီကာပါဌ်ကို ထောက် သဖြင့် ထိုစွန့်ယင်းရဟန်းက "ငါစွန့်လိုက်သည့်ပစ္စည်းတည်း"ဟု သိ၍ ရှိလျှင်ပင် မအပ်၊ မသိသော်ကား အပ်၏။ တပါးရဟန်းတို့အားလည်း ဤနည်းသာတည်းဟု သိကြကုန်။

ထိုကုလဒူသနပြုမိသော ပုဂ္ဂိုလ်တို့မှာ ပဗ္ဗာဇနီယကံကြီး ဧကန်ပြုရတော့မည်လော-ဟူငြားအံ့ "အာယတိံ သံ၀ေရ ဌာတုကာမဿ ကတံ တဇ္ဇနိယာဒိကမ္မံ အဓမ္မကမ္မံ နာမ၊ အဒန္တဒမနတ္ထံ ဟိ ကမ္မနိမိတ္တန္တိ ၀ုတ္တံ"ဟူသော ၀ိမတိဋီကာပါဌ်။

"ယေ တုမှာကံ ၀စနံ ကရောန္တိ၊ တေ အနုသာသိတဗ္ဗာ၊ ယေ တုမှာကံ ၀စနံ ကရောန္တိ၊ တေ ပဗ္ဗာဇေတဗ္ဗာ"ဟူသော ဓမ္မပဒအဋ္ဌကထာပါဌ်များကို မြင်သဖြင့် နောင်ဤကဲ့သို့ မပြုပါဟု အာယတိံသံ၀ရရှိသော ပုဂ္ဂိုလ်အား ကံမပြုထိုက်မှတ်ကြကုန်။

ထိုကုလဒူသနပြုဘူးရာ ဒါယကာတို့က ပစ္စည်းအသစ်လှူလာရာ အဘယ်သို့သော အခြင်းအရာအားဖြင့် အပ်နိုင်အံ့နည်း ဟူသော် "ကသ္မာ ပန န ဂဏှာထာတိ ပုဋ္ဌေ တေန ဧ၀ံ ပုဗ္ဗေ မယာ ကတတ္တာတိ ၀ုတ္တေ၊ န တေန ကရဏေန ဒေမ၊ ဣဒါနိ သီလ၀န္တတာယ ဒေမာတိ ၀ုတ္တေ ၀ဋ္ဋတိ"ဟု အဋ္ဌကထာလာတိုင်း ထိုဒါယကာတို့ ပစ္စည်းလှူလာရာ အလှူမခံ ပယ်လှန်အပ်၏။ ယင်းသို့ ပယ်လှန်သည့်အခါ အဘယ့်ကြောင့်ပါနည်း-ဟု မေးသော် ဒါယကာတို့အား သစ်သီးပေးခြင်းစသော အမှုကို ငါပြုဘူးသောကြောင့် ဒကာတို့အလှူကို မခံထိုက်၍ မခံသည်ဟု ပြောကြားအပ်၏။ ယင်းသို့ ပြောကြားသည့်အခါတွင် ဤသို့သော အကြောင်းများကြောင့်

လျှုသည်မဟုတ်ပါ၊ အရှင်ဘုရား သီလတော်ကို ယုံကြည်၍ လျှုဒါန်းပါသည်ဟု ထိုဒါယကာတို့ လျှောက်ထားပါလျှင် ထိုလျှောက်ထား သောအခါမှစ၍ ထိုဒါယကာတို့ ပစ္စည်းကို အလျှုခံအပ် သုံးဆောင်အပ်တော့သည် မှတ်ကြကုန်။

ဤကား ပညာရှိသူ လူပဏ္ဍိတ ရဟန်းပဏ္ဍိတတို့ မှတ်ကြရန် ကုလဒူသနဝိနိစ္ဆယအကျဉ်းတည်း။

*(၁၂၅၄-ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄-ရက်နေ့ ရှိမ့ူကားရွာ ဒါယကာတို့အား ဆုံးမအပ်သည့် ဒုတိယသြဝါဒစာတမ်း။)*

သာသနသောဓနော ဝါဒ-ကထာ ထေရေန ကထိတာ။
ယတီနံ မနုဿာနဉ္စ၊ သုဟိတာယ သုခါယ စ။

## စူဠဒွိသဿကောဝါဒကထာ

ရွှေကျင်ဆရာတော်ဘုရားကြီးသည် "စူဠဒွိသဿကောဝါဒ" ဆုံးမစာကို စီရင်တော်မူ၍ ယင်းဆုံးမစာများဖြင့်လည်း တပည့်ငယ်တို့ကို ယဉ်ကျေးအောင် သာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်မြတ်အဖြစ်သို့ ရောက်စေတော်မူခဲ့လေသည်။ သာသနာပြုရဟန်းတော်များ အတုယူဖွယ်ရာ ဖြစ်သည်။ ကြည့်ရှုလေ့လာကာ မိမိတို့ကိုယ်တိုင်လည်း လိုက်နာကာ တပည့်တို့ကို အဆုံးအမပေး သာသနာပြုရာ၏။

၁။ ရစ်မသည် ဥအတွက် အသေခံသည်။

၂။ စာမရီသားကောင်သည် အမြီးအတွက် အသေခံသည်။

၃။ ရဟန်းသည် သီလအတွက် အသေခံသည်။

၄။ ရဟန်းများဆုံမိလျှင် တရားစကား ပြောကြသည်၊ မပြောလျှင် ဆိတ်ဆိတ်နေကြသည်။

၅။ သစ်ပင်အားနည်းလျှင် လေမုန်တိုင်း တိုက်လှည်းသည်။

၆။ ရဟန်း သမာဓိနည်းလျှင် ကိလေသာမုန်တိုင်း တိုက်လှည်းသည်။

၇။ စိတ်သည် တောမျောက်ကဲ့သို့ လောလီ၏။
အလို မလိုက်ရာ။

၈။ ကာလကို လူမစားလျှင် လူကို ကာလစားသည်။

၉။ သည်းခံခြင်းလက်နက်ဆောင်လျှင် ဒေါသမီး မလောင်။

၁၀။ တုတ်လက်နက်ဆောင်လျှင် ခွေးဟောင်သည်။

၁၁။ ဦးခေါင်းပြောင်ရိပ်ခြင်းသည် မာနကိုလည်း ရိတ်သည်မည်၏။

၁၂။ ဦးချိုကျိုးသောနွား မာနလည်းကျိုးသည်။

၁၃။ ငါသာငါ့ပြင် ငါမမြင်ဟု ဒုရင်တဆူ ပြုမိမူ ထိုသူသူ့အောက် နေ့ချင်းရောက်လိမ့်။

၁၄။ မြွေဆိုး ပါးပြင်းထောင်လျှင် လူရိုက်ခံရသည်။

၁၅။ ရန်မထောင်မှ ရန်အောင်သည်။
ရန်ထောင်လျှင် ရန်လှောင်မိတတ်သည်။

၁၆။ ရန်မလိုမှ ရန်ပြိုသည်။ ရန်လို ရန်ပိုတတ်သည်။

၁၇။ သလေးနှံ အဆံမရှိခင် ထောင်သည်။ အဆံပြည့်လျှင် အောက်သို့ ညွတ်သည်။

၁၈။ ဂါရဝကင်းသူ ဂုဏ်သတင်းမပြူ နွားစာငုတ်တိုနှင့် တူသည်။

၁၉။ ရဟန္တာသည် သိက္ခာကြီးသူ ပုထုဇဉ်ကိုသော်လည်း ပြားပြားဝပ် ရှိခိုးသည်။

၂၀။ သိက္ခာငယ်သူကို ရှိမခိုးသော်လည်း အရိုအသေပြုသည်။

၂၁။ သူတပါးလှေကို ဖာနိုင်လျက် မိမိလှေကို မဖာနိုင်လျှင် နစ်တတ်သည်။

၂၂။ ရွှေဥဒေါင်းငှက် အကကောင်းသော်လည်း စအိုပေါ်၍ အဆိုအမြည်ခံရသည်။

၂၃။ မျက်ကွယ်တစောင်း မဆိုနှင့်။
မျက်မှောက် မရှုတ်ချနှင့်။ အပြစ်တင် မစောနှင့်။

၂၄။ ရေကန်၌ မှော်ကိုဖယ်၍ သောက်ရေခပ်ရသည်။

၂၅။ မသူတော်၌ အပြစ်ကိုဖယ်၍ ဂုဏ်ကို ရှာရသည်။

၂၆။ ဒုက္ခသည်ကို မကယ်နိုင်လျှင် မတွယ်နှင့်၊ ကိုယ်လွတ်ရှောင်ရသည်။

၂၇။ မသူတော်ကို မဟောနိုင်လျှင် မတွယ်နှင့်၊ ကိုယ်လွတ်ရှောင်ရသည်။

၂၈။ တုံးတံတားလျှောက်စဉ် အရပ်တပါးမကြည့်နှင့်၊ ချောက်ထဲသို့ ကျလိမ့်မည်။

၂၉။ သံသရာတံတားလျှောက်စဉ် သူတပါးအပြစ် မကြည့်နှင့်၊ သံသရာချောက်သို့ ကျလိမ့်မည်။

၃၀။ သူတပါး၏အပြစ်ကို မိမိနှလုံးအိမ်၌ ကြာကြာမစိမ်နှင့်။

၃၁။ ပြာသာဒ်သည် သံမယ်နအဖွဲ့ကောင်းမှ ခိုင်သည်။

၃၂။ ဖောင်သည် ကြိမ်ကြိုးအဖွဲ့ကောင်းမှ ခိုင်သည်။

၃၃။ အပေါင်းအသင်းသည် မေတ္တာအဖွဲ့ကောင်းမှ ခိုင်သည်။

၃၄။ ဝေသာလီညီညွတ်၍ အဇာတသတ် မဖျက်နိုင်၊
ဝေဿကာရကုန်းတိုက်မှ ဖျက်နိုင်သည်။

၃၅။ ထောင်တန် တဆယ်၊ ရာတန် တဆယ်၊ ဝယ်သူကရှား ဘယ်မင်းဘုရား စျေးဆိုင်နည်း။

၃၆။ တရားပွဲကား လူကျဲကျဲ၊ ရပ်ရွာပျော်ပွဲ တသဲသဲ။

၃၇။ သာသနာပြင်ပ ဆရာသည် တဘ၀အတွက် လောကီပညာကို အခယူ၍ သင်ပေးသည်။

၃၈။ သာသနာ့တွင်း ဆရာသည် ဘဝများစွာအတွက် ပိဋကတ်ပညာကို ဆွမ်းသက်နိုးပေး၍ သင်ပေးသည်။

၃၉။ ရိုသေစွာ ခစားလျှင် မင်းခစားပင်သော်လည်း မင်းကို နိုင်သည်။

၄၀။ အဆင်းလှလျှင် အိမ်သူဇနီးပင်သော်လည်း လင်ကို နိုင်သည်။

၄၁။ ကျင့်ဝတ်မချွတ်လျှင် တပည့်ပင်သော်လည်း ဆရာကို နိုင်သည်။

၄၂။ မြင်းကိုနိုင်လို ဇက်ကိုဆွဲ၊ လှေကိုနိုင်လို တက်ကိုခွဲ၊ ဆရာကိုနိုင်လို ကျင့်ဝတ်ရိုသေမြဲ။

၄၃။ ဆုံးမချင်သူ သဲလုံးအမျှ များပါစေဟု ရှင်ရာဟုလာ နှလုံးသွင်းသည်။

၄၄။ သာမဏေငယ် ဆုံးမသော်လည်း နားထောင်မည်ဟု ရှင်သာရိပုတ္တရာ နှလုံးသွင်းသည်။

၄၅။ အပြစ်ပြဆုံးမသူကို ရွှေအိုးပေးသူဟု ဆည်းကပ်ရမည်။

၄၆။ ပန်းပဲဆရာ အထုမခံသော သံတုံး လက်နက်အဖြစ်သို့ မရောက်။

၄၇။ ကျောက်ဆစ်ဆရာ အဖြတ်မခံသော ကျောက်တုံး အရုပ် အဖြစ်သို့ မရောက်။

၄၈။ ဆရာကောင်း အဆုံးအမမခံသော တပည့် သူတော် ကောင်း မဖြစ်။

၄၉။ အဆီခဲ သဲရှပ်ရှပ်၊ ပစ်ရမှာလည်း ခက်၊ စားရမှာလည်း ခက်။

၅၀။ ရေနက်သို့ ပြေးဝင်သောငါး ကျီးငှက်စာမဖြစ်။

၅၁။ အဆုံးအမသို့ ပြေးဝင်သောတပည့် မာနတ်အစာမဖြစ်။

၅၂။ ရှေ့ဆောင်နွားလား လမ်းကောက်သွား နောက်နွားကျားစာဖြစ်။

၅၃။ ခင်ကြီး ကျပ်ခိုးစင်တက်လျှင် ရှင်ငယ်တွေ ကျောင်းခေါင်တက်လိမ့်မည်။

၅၄။ နွားကျောင်းသားသည် နွားကို ခြင်မကိုက်အောင် မီးခိုးတိုက်သည်။

၅၅။ ဆရာသည် တပည့်တို့ ကိလေသာမကိုက်အောင် တရားမီးခိုးတိုက်သည်။

၅၆။ လာဘ်သာယာလျှင် မင်္ဂမျိုးစေ့ပျက်၍ အပ်ဝင် ပုဆိန်ထွက်သည်နှင့် တူ၏။

၅၇။ သည်းခြေရှုးသည် လူတို့စွန့်သော မစင်ကိုပင် စုံမက်သည်။

၅၈။ သံသရာရှုးသည် အရိယာတို့စွန့်သော လာဘ်ကိုပင် သော်လည်း စုံမက်သည်။

၅၉။ မြေခွေးသည် ခြင်္သေ့စားကြွင်းဖြင့် မာန်တက်သည်။

၆၀။ ပုထုဇဉ်သည် အရိယာတို့စားကြွင်းဖြင့် မာန်တက်သည်။

၆၁။ ဖားငယ်သည် ဆောင့်ကြောင့်ထိုင်လျှင် ခြင်္သေ့မာန်တက်လျက် ကျီးချီသောအခါ "ပိယတ်ပိယတ်"ဟု မြည်သည်။

၆၂။ ပုထုဇဉ်သည် လာဘ်ပေါလျှင် သူဌေးမာန်တက်လျက် ဖျားနာသောအခါ တအင်အင် ညည်းညူသည်။

၆၃။ ပိုးထိုးကောင်ဖြစ်လျက် ဆင်ပြောင်ကို စစ်ပြိုင်သည်။

၆၄။ ပုတ်သင်ဖြစ်လျက် ဝိဒေဟရာဇ်မင်းကို ဖက်ပြိုင်သည်။

၆၅။ ဂုဏ်နိမ့်သူဖြစ်လျက် ဂုဏ်မြင့်သူကို ဂုဏ်ပြိုင်သည်။

၆၆။ ရှင်သာရိပုတြာကို ပြုစု၍ ကောကာလိကရဟန်း ပဒုမငရဲ ကျရသည်။

၆၇။ ရဟန္တာကို ဝန်တို၍ လောသကတိဿရဟန်း လာဘ်ရှားသည်။

၆၈။ လာဘ်ဖြင့် ဘုရားကိုပြိုင်၍ ဒေဝဒတ် အဝီစိဆင်းရသည်။

၆၉။ မာနသည် ထွန်တုံးကိုမျိုးထားသော မြွေကဲ့သို့ မညွတ်ကိုင်းနိုင်။

၇၀။ လာဘ်သည် အသက်ကိုခွင်းသော မိုးကြိုးစက်ကွင်းဖြစ်သည်။

၇၁။ ဝါး, ကျူ, ငှက်ပြော အသီးသတ်သည်။

၇၂။ အဿတိုရ်မြင်းမ ကိုယ်ဝန်သတ်သည်။

၇၃။ လာဘ်ရလျှင် "အနိစ္စ, ဒုက္ခ, အနတ္တ"ဟု ကပ္ပိရမည်။

၇၄။ ရဟန်းညံ့ လာဘ်သတ်သည်။

၇၅။ ဆင်ဖြူတော်ရထိုက်သူ ခြည်ဖြူမျှင် တမျှင်ဖြင့် ကျိန်းကျေသည်။

၇၆။ မင်္ဂမျိုးစေ့ရထိုက်သူ လာဘ်ဖြင့် ကျိန်းကျေသည်။

၇၇။ အလမ္ပါယ်ဆရာ ဂါထာမန်းနိုင်မှ မြွေမကိုက်သည်။

၇၈။ လာဘ်ရသူ ပဋိသင်္ခါမန်းနိုင်မှ လာဘ်မကိုက်သည်။

၇၉။ လာဘ်အလေးပြုလျှင် မိစ္ဆာဇီဝဖြစ်သည်။

၈၀။ မိစ္ဆာဇီဝသုံးစားလျှင် ဆေးမမှီ၊ နဂါးနှင့် စပ်သည်။

၈၁။ သမင်လိမ္မာ အစာကိုသာစား၊ သမင်မိုက်ကား ညွတ်ကွင်းမိသည်။

၈၂။ လာဘ်စည်းစိမ်သည် စိတ်ကူးတိုင်း မဖြစ်၊ တောခရိုး၌ အိပ်မက်မက်ကောင်းတုန်း ဆင်နင်းခံရသည်နှင့် တူသည်။

၈၃။ အာရုံတစ်ခုခု စွဲလန်းလျှင် ငါးမျှားချိတ်မျိုသော ငါးနှင့် တူ၏။

၈၄။ သူကန်း မှန်အိမ်ဆောင်လျှင် ညဥ့်အခါ သူကောင်းဝင်၍ မတိုး။

၈၅။ မသူတော် တရားသံပါလျှင် လူလယ်တွင် လူတကာ အပြစ်မမြင်နိုင်။

၈၆။ နွားထိုင်းစောင်းသမား မိမိစောင်းသံ မကြားသော်လည်း တီးခ-ရသည်။

၈၇။ မသူတော်ဓမ္မကထိက မိမိတရားသံကို မကြားသော်လည်း ဟောခ-ရသည်။

၈၈။ တရားဟောတတ်လျက် မကျင့်တတ်လျှင် မျောက်အုံးသီး ရသည်နှင့် တူ၏။

၈၉။ မင်းစည်းစိမ်ကို မင်းသားကသာ စိတ်ကူးသည်၊ ဒွန်း-စဏ္ဍားကား အမှတ်ပင်မရပေ။

၉၀။ ရဟန္တာအဖြစ်ကို သူတော်ကောင်းကသာ စိတ်ကူးသည်၊ မသူတော် သတိပင်မရ။

၉၁။ ကုသိုလ်ရှိ၍ ဆင်ဖြူတော်ရသူ ဉာဏ်မရှိလျှင် မစီးရရုံ မျှသာ ဖြစ်၏။

၉၂။ ကုသိုလ်ရှိ၍ လာဘ်ပေါသူ ဉာဏ်မရှိလျှင် ပြိတ္တာဖြစ် သည်။

၉၃။ ဆင်ဖြူတော် နန်းတော်ရှေ့အိမ်၌ နေသော်လည်း တော၌သာ ပျော်သည်။

၉၄။ ကိုယ်ရှင်ကိုယ်သာ ကိုယ်ဆရာ ကိုယ်သာကောင်းအောင် ပြုရမည်။

၉၅။ ကြာပင်အောက်ကဖား ကြာဝတ်ဆံမစား၊ ရွံ့ကိုသာ စားသည်၊ ပိတုံးကား အဝေးမှလာ၍ ကြာဝတ်ဆံကို စားသည်။

၉၆။ သာသနာတွင်းသား သာသနာ့ဝတ်ဆံ မစားလျှင် ပိတုံး အား ရှက်သင့်၏။

၉၇။ သစ်ပင်ကြီးသည် ခုတ်လှည်းသူကိုသော်လည်း မလှည်း မခြင်း အရိပ်ဖြင့် အေးစေသည်။

၉၈။ နံ့သာတုံးသည် မီးရှို့သူကိုသော်လည်း မကျွမ်းမခြင်း အနံ့ဖြင့် မွှေးစေသည်။

၉၉။ သူတော်ကောင်းသည် ညှင်းဆဲသူကိုသော်လည်း မသေ မခြင်း အကျိုးဆောင်၏။

၁၀၀။ တောမီးသည် သစ်ရွက်ခြောက်ကို လောင်လွယ်၏။ သစ်ရွက်စိုကို မတတ်နိုင်။

၁၀၁။ မသူတော်မီးသည် မေတ္တာခန်းသူကို လောင်လွယ်၏။ မေတ္တာဖျန်းသူကို မတတ်နိုင်။

၁၀၂။ လက်နက်ရှိလျှင် ကျားမကိုက်၊ မရှိလျှင် နွားမပင် ဝှေ့သည်၊ ထို့ကြောင့် လက်နက်အားကိုးကြ။

၁၀၃။ ဒုတ်ဓားကိုင်လျှင် ခွေးဟောင်သည်၊ အစာကျွေးလျှင် အမြီးနှံ့သည်။ ထို့ကြောင့် ဒုတ်ဓားအားမကိုးနှင့်။

၁၀၄။ စိတ်ဆိုး၍ မတော်မလျော်ပြုလျှင် မြင်သူအရှက်မကွဲ၊ ပြုသူသာ အရှက်ရသည်။

၁၀၅။ ဆေးဆရာသည် လူမမာနှင့်ပြိုင်၍ အသက်မထွက် ကောင်း။

၁၀၆။ အကောင်းသည် အရူးနှင့်ပြိုင်၍ ဒေါသမထွက်ကောင်း။

၁၀၇။ သူတော်ကောင်းသည် မသူတော်နှင့်ပြိုင်၍ ဒေါသမထွက် ကောင်း။

၁၀၈။ ကျားကြောက်၍ပြေးစဉ် ခွေးဟောင်သည်ကို အရေး မစိုက်ရ။

၁၀၉။ ငရဲကြောက်၍ သီလစောင့်စဉ် မသူတော်ညှင်းသူကို အရေးမယူရ။

၁၁၀။ ရန်သူကို မီးခဲကိုင်ပစ်လျှင် မိမိလက်ကိုသာ ရှေးဦးစွာ လောင်၏။

၁၁၁။ ရန်သူကို အမျက်ထွက်လျှင် မိမိဂုဏ် ရှေးဦးစွာ ပျက်၏။

၁၁၂။ ရန်သူလာဆဲ၍ ပြန်ဆဲလျှင် မိမိလည်း အရှက်ကွဲ၏။

၁၁၃။ မာရ်နတ်ပစ်လိုက်သော လက်နက်သည် သည်းခံသော ဘုရားရှေ့တော်၌ ပန်းကုံးအသွင်ဖြင့် အဖူးမြော်ဝင်ကြ၏။

၁၁၄။ ဒါနပြုသူကိုမှီ၍ တဆင့်ဒါနပြုလျှင် ဒါနပါရမီပြည့်သည်။

၁၁၅။ မသူတော်ကိုမှီ၍ သည်းခံလျှင် ခန္တီပါရမီပြည့်သည်။

၁၁၆။ ဒါနပြုသူနှင့် ညှင်းဆဲသောမသူတော်ကို အတူမေတ္တာ ပို့ရသည်။

၁၁၇။ သမုဒ္ဒရာရေ မီးကြောင့် မကျွမ်း။
မြင့်မိုရ်တောင် လေကြောင့် မလှုပ်။
ကျောက်ခဲ ရေကြောင့် မကျေ။
သူတော်ကောင်း မသူတော်ကြောင့် မတုန်လှုပ်။

၁၁၈။ မသူတော်အမျက်ကြောင့် သူတော်ကောင်း ဂုဏ်ပျက်မခံ။

၁၁၉။ သူတော်ကောင်း အမျက်ထွက်လျှင် မသူတော် အလို ပြည့်သည်။

၁၂၀။ ရန်သူညှင်းဆဲခြင်းသည် မိမိ၏ရှေးကံ ဥစ္စာပင်တည်း။

၁၂၁။ မိမိကံကြောင့် မိမိဒုက္ခရောက်သည်၊ ဘယ်သူမပြု မိမိမှု။

၁၂၂။ ညဥ့်အခါ သားကို ခွေးထင်၍သတ်သော အဖသည် သား၏ရန်သူလော။

၁၂၃။ သစ်ပင်မှကျသေလျှင် သစ်ပင်သည် သေသူ၏ရန်သူ လော။

၁၂၄။ စကြာမင်း ရှေးကံကြောင့် သားကြီးရတနာအကျိုးဆောင်သည်။

၁၂၅။ ဗိမ္ဗိသာရမင်း၏ ရှေးကံကြောင့် အဇာတသတ် အဖကိုသတ်သည်။

၁၂၆။ ရန်သူအစစ်သိမှ ရန်အေးမည်။

၁၂၇။ ခွေးသည် ပစ်သူကိုမကိုက်ပဲ ခဲကိုကိုက်၍ ရန်မအေး။

၁၂၈။ ခြင်္သေ့သည် ခဲကိုမကိုက်၊ ပစ်သူကိုကိုက်၍ ရန်အေး သည်။

၁၂၉။ မိမိ၏ရှေးကံဆိုးကို ဖယ်၍ ရန်သူအစစ် တခြားမရှာနှင့်။

၁၃၀။ စစ်သူရဲသည် ပြင်ပရန်သူကိုနိုင်သော်လည်း အတွင်းရန်သူကို မနိုင်။

၁၃၁။ အမျက်ထွက်လာသူကို သည်းခံလျှင် နှစ်ဦးလုံးအကျိုး ရှိ၏။

၁၃၂။ အမျက်ထွက်သူကို အမျက်မထွက်သူ အမြဲနိုင်၏။

၁၃၃။ မကောင်းပြောသူကို အကောင်းပြောသူ အမြဲနိုင်၏။

၁၃၄။ စေးနှဲသူကို ပေးကမ်းသူ အမြဲနိုင်၏။

၁၃၅။ မုသားဆိုသူကို အမှန်ပြောသူ အမြဲနိုင်၏။

၁၃၆။ သိကြားလက်နက်ကား မိုးကြိုး။
ယမမင်းလက်နက်ကား မျက်စောင်း။
ဝေဿဝဏ်လက်နက်ကား အစွယ်။
မသူတော်လက်နက်ကား ဒေါသ။
သူတော်ကောင်းလက်နက်ကား ခန္တီ။

၁၃၇။ ဗီလုံးငှက်ယယ်သော်လည်း ကျွဲခြေရာခွက်ကို အမှီရလျှင် ဂဠုန်နှင့်တူ၍ အန္တရာယ်မရှိ။

၁၃၈။ ပုထုဇဉ်သော်လည်း သီလရှိလျှင် အရိယာနှင့်တူ၍ အပါယ်မရောက်။

၁၃၉။ ရေရှိမှ ကြာပွားသည်။ သီလရှိမှ သမာဓိများသည်။

၁၄၀။ ဗဟုသုတရှိလျက် သီလမရှိလျှင် ရေမရှိသောကန်နှင့် တူ၏။

၁၄၁။ ပညာရှိလျက် သီလမရှိလျှင် အသီးမရှိသောသစ်ပင်နှင့် တူ၏။

၁၄၂။ စာပေချပို့နိုင်လျက် သီလမရှိလျှင် အသီးမချိုသော သစ်ပင်နှင့် တူ၏။

၁၄၃။ တရားဟောကောင်းလျက် သီလမရှိလျှင် အနံ့မရှိသော ပန်းနှင့် တူ၏။

၁၄၄။ ကျမ်းဂန်တတ်လျက် သီလမရှိလျှင် အဆိပ်သီးပင်နှင့် တူ၏။

၁၄၅။ ဘုန်းကံကြီးလျက် သီလမရှိလျှင် အနှစ်မရှိသောသစ်ပင် နှင့် တူ၏။

၁၄၆။ သီလရှိမှ ဒါနနှင့်ဘာ၀နာ အကျိုးပေးသည်။

၁၄၇။ ပင်လယ်ကူးလိုလျှင် လှေသင်္ဘောတည်။
နတ်ပြည်တက်လိုလျှင် သီလလှေခါးထောင်။

၁၄၈။ အကုသိုလ်သည် သတ္တ၀ါကို အပါယ်ဆွဲချ၏။
သီလရှိသူကို ဆွဲမချနိုင်။

၁၄၉။ ပင်လယ်ကူးလိုလျှင် သင်္ဘောလုံအောင်ဖာ။
သံသရာကူးလိုလျှင် သီလလုံအောင်ဖာ။

၁၅၀။ လောကီဥစ္စာစောင့်လျှင် တသက် ချမ်းသာ၏။

၁၅၁။ သီလစောင့်လျှင် ဘ၀အဆက်ဆက် ချမ်းသာ၏။

၁၅၂။ ဆီမီးသည် လင်းခိုက် လူလယ် တင့်တယ်၏။
ငြိမ်းလျှင် မှောင်၍ ညှော်နံ့ထွက်၏။

၁၅၃။ သီလသည် စောင့်ထိန်းခိုက် လူ့လယ်တင့်၏။
ပျက်လျှင် မှောင်၍ ညှော်နံ့ထွက်၏။

၁၅၄။ သူတော်ကောင်းနှင့် ပေါင်းသင်းမှ ပစ္စုပ္ပန် သံသရာ မြင့်မြတ်သည်။

၁၅၅။ စဉ့်ကျောက်သည် ရွှေနှင့်ရောချက်လျှင် ရွှေရောင် တောက်သည်။

၁၅၆။ မီးသွေးခဲသည် မီးကျီးခဲရဲရဲနှင့်ရောလျှင် မီးကျီးခဲရဲရဲ ဖြစ်လာသည်။

၁၅၇။ ဝက်သားသော်လည်း ဆီနိုင်နိုင်အချက်ခံရမှ အရသာ ရှိသည်။ အချက်မခံရလျှင် ပုပ်၍ ယင်တရုန်းရုန်း။

၁၅၈။ ပတ္တမြားတွင်းထွက်မှန်သော်လည်း ကျောက်သွေးဆရာ အကာကုန်အောင်သွေးမှ အရောင်တောက်သည်။

၁၅၉။ ကျောက်ဆင်းတုသော်လည်း ကျောက်ဆစ်ဆရာ ထုဆစ် နိုင်မှ အနေကဇာတင်ရသည်။

၁၆၀။ သဒ္ဓါ ပညာ ဗဟုသုတရှိသော်လည်း အဆုံးအမကို နှိမ့်နာစွာခံရမှ အရသာရှိသည်၊ ဂုဏ်ရောင်တောက်သည်၊ အမြတ်နိုးခံရသည်။

၁၆၁။ တောအရပ်၌ မိဘကင်းသောသားသမီး ကျားစာဖြစ်၏။

၁၆၂။ သာသနာ၌ ဩဝါဒကင်းသောရဟန်း မာရ်နတ်စာဖြစ်၏။

၁၆၃။ ပေါက်ဖတ်သည်သော်လည်း မြတ်လေးပန်းကို အမှီရ၍ လူ့ဦးခေါင်းပေါ်၌ တက်ရောက်ရ၏။

၁၆၄။ မြေခွေးသည်သော်လည်း ခြင်္သေ့မင်းကို ခစား၍ ကျား မကိုက်နိုင်။

၁၆၅။ သူကန်းသည်သော်လည်း ခြေသံနားထောင်၍ လိုရာ အရပ် ရောက်သေးသည်။

၁၆၆။ သူတော်ကောင်းခြေမှုန့် ကိုယ်၌ကပ်လျှင် အပါယ်မကျနိုင်။

၁၆၇။ မသူတော်၏ဂုဏ် အလုံးစုံသည် သူတော်၏ဂုဏ်တစိတ်ကို မမှီ။

၁၆၈။ ယုတ်မာသောအလိုရှိလျှင် သူတော်ကောင်းမဟုတ်၊ သူတော်ကောင်းမဟုတ်လျှင် ပညာမရှိ၊ ပညာမရှိလျှင် ဘေးမကင်း၊ ဘေးမကင်းလျှင် မှီခိုစရာမဟုတ်။

၁၆၉။ ပလ္လွားတတ်သူသည် ကျမ်းဂန်တတ်သော်လည်း သူတော်ကောင်းမဟုတ်။

၁၇၀။ မသူတော်သည် ဗဟုသုတများသော်လည်း ပညာရှိမဟုတ်။

၁၇၁။ ပညာမဲ့သူသည် ဘုန်းကံကြီးသော်လည်း ဘေးကင်း အောင်မတတ်နိုင်။

၁၇၂။ ဘေးကင်းအောင် မတတ်နိုင်သူကို ဘေးကင်းလိုသူ မမှီခိုအပ်။

၁၇၃။ မသူတော်အကျင့်သည် အများစိတ်ကို ပျက်စေ၏။ သူတော်ကောင်း၏စိတ်ကို မပျက်စေနိုင်။

၁၇၄။ သူတော်ကောင်း၏အကျင့်သည် အများ၏စိတ်ကို နှစ်သက်စေ၏။ မသူတော်၏စိတ်ကို မနှစ်သက်စေနိုင်။

၁၇၅။ ဘုရားရှင်သည် မြင့်မိုရ်တောင်ကို သမုဒ္ဒရာရေမှ ထုတ်နိုင်၏။ မသူတော်ကို ဒုစရိုက်မှ မထုတ်နိုင်။

၁၇၆။ မြွေဘေးမှ ဆေးဝါးမန္တရားဖြင့် တားနိုင်၏။ မသူတော်မှ ဟန့်တားနိုင်သော ဆေးဝါးမန္တရားမရှိ။

၁၇၇။ ခြင်္သေ့သည် ကျားကို နိုင်၏။ ကိုယ်တွင်းက ခွေးလေးသန်းကို မနိုင်။

၁၇၈။ မသူတော်သည် သူတော်ကောင်းကို နိုင်၏။
ကိုယ်တွင်း အကုသိုလ်ကို မနိုင်။

၁၇၉။ မသူတော်သည် သူ့ခကြိုက်လျက် နတ်ပြည်မတက်။
ဒုက္ခမုန်းလျက် ငရဲဆင်းရ၏။

၁၈၀။ မသူတော်သည် မိမိကို မေတ္တာရှိသော သူတော်ကောင်း
ကို ပြစ်မှားနိုင်၏။

၁၈၁။ သူတော်ကောင်းသည် မိမိအား မေတ္တာပျက်သော မသူ
တော်ကို ချစ်နိုင်၏။

၁၈၂။ မသူတော်ကား လာဘ်ရဖို့ ကြံသည်။ သူတော်ကောင်း
ကား တရားရဖို့ ကြံသည်။

၁၈၃။ သူတော်နှင့် မသူတော်သည် ရှေးကံအကြောင်းလည်း
ဝေးသည်၊ ယခုအကျင့်လည်း ဝေးသည်၊ နောင်လားရာ
ဂတိလည်း ဝေးသည်။

၁၈၄။ မသူတော်သည် အစားကောင်းစားလျက် အိပ်ရာကောင်း
အိပ်လျက် တရားမှ လက်လွတ်သည်။

၁၈၅။ ဘောဇဉ်အရသာ သူနာ မခံစား။ နိဗ္ဗာန်အရသာကို
မသူတော် မခံစား။

၁၈၆။ ဘုရားရှင်သည် မြင့်မိုရ်တောင်ကို ဖဝါးအောက် ရောက်
စေနိုင်၏။ ပုရာဏကဿပကို အနားရောက်အောင်
မတတ်နိုင်။

၁၈၇။ ခြင်္သေ့မင်း ဟောက်သံကိုကြားလျှင် ဘေးကင်းရာသို့
အများပြေးကြ၏။ ခွေးလေးကြမ်းပိုးကား အိပ်ရာမှပင် မနိုး။

၁၈၈။ ဘုရားရှင်၏ တရားသံကိုကြားလျှင် နိဗ္ဗာန်သို့ အများ
ပြေးဝင်ကြ၏။ မသူတော်ကား အိပ်ရာမှပင် မနိုး။

၁၈၉။ ကျောင်းကြီးသည် နွေးသည်ဖြစ်စေ အေးသည်ဖြစ်စေ အဆင်းလှသည်ဖြစ်စေ မလှသည်ဖြစ်စေ ရွှံ့ဖွယ်သာ တည်း။

၁၉၀။ မသူတော်သည် အမျက်ထွက်သည်ဖြစ်စေ မထွက်သည်ဖြစ်စေ စကားလှသည်ဖြစ်စေ မလှသည်ဖြစ်စေ ရွံ့ဖွယ်သာတည်း။

၁၉၁။ မီးခဲသည် ပူသောအခါ လက်လောင်၏။ အေးသော အခါ လက်ကို မဲစေ၏။

၁၉၂။ မသူတော်သည် ဒေါသအခါ ကြောက်စရာ၊ လောဘ အခါ ရွံ့စရာဖြစ်၏။

၁၉၃။ အရှင်မောဂ္ဂလာန်သည် မြေကို အထက်အောက်လှန်နိုင်၏။ မသူတော်၏အကြံကို မလှန်နိုင်။

၁၉၄။ ခွေးရူးကိုက်လျှင် ထိုသူ ရူး၏။ ထိုသူကိုက်လျှင် နောက်လူ ရူး၏။

၁၉၅။ ခွေးရူးသည် လူကောင်းအဆက်ဆက်ကို ရူးစေ၏။

၁၉၆။ မသူတော်သည် သူတော်ကောင်းအဆက်ဆက်ကို ယုတ်မာစေ၏။

၁၉၇။ ကောင်းကင်ကို ဈာန်တန်ခိုးဖြင့် နိုင်၏။
သမုဒ္ဒရာကို လှေသင်္ဘောဖြင့် နိုင်၏။
အမိုက်မှောင်ကို ဆီမီးဖြင့် နိုင်၏။
မသူတော်ကို အဘယ်နည်းဖြင့် နိုင်မည်နည်း။

၁၉၈။ ငရဲကြီးရှစ်ထပ်ကို ကမ္ဘာဖျက်မီး ကျွမ်းစေ၏။
မြေကြီးအထုကို ကမ္ဘာဖျက်ရေ ကျေမွစေ၏။
မြင့်မိုရ်တောင်ကို ကမ္ဘာဖျက်လေ လွင့်စေ၏။
မသူတော်ကို ဘယ်သူဘယ်သို့ ဖြစ်စေနိုင်သနည်း။

၁၉၉။ မသူတော်ဟူသမျှသည် သံသရာ၌ မိဘဆွေမျိုးတော်စပ်ဖူး၏။

၂၀၀။ မသူတော်ကို အမှီပြုလျှင် မသူတော်သာဖြစ်သည်။ ကျား၏သား သမင်မဖြစ်။

၂၀၁။ ပဒုမ္မာကြာရိုးသည် ထက်ပိုင်းပြတ်သော်လည်း အမျှင်မပြတ်။

၂၀၂။ သူတော်ကောင်းသည် အဆက်ပြတ်သော်လည်း မေတ္တာမပြတ်။

၂၀၃။ အဆင်းမှီ၍ အကျင့်ပျက်လျှင် ထိုအဆင်းသည် ရွံဖွယ်သာတည်း။

၂၀၄။ ပညာမှီ၍ မာန်တက်လျှင် ထိုပညာသည် ရွံဖွယ်သာ တည်း။

၂၀၅။ စာတတ်လျက် မိမိကိုယ်ကို မဆုံးမလျှင် ထိုစာသည် ငရဲရိက္ခာတည်း။

၂၀၆။ လာဘ်ပေါလျက် သီတင်းသုံးဖော်ကို မချီးမြှောက်လျှင် ထိုလာဘ်သည် ပြိတ္တာရိက္ခာမျှသာတည်း။

၂၀၇။ စစ်သူရဲသည် မင်းရိက္ခာကိုစား၍ မင်းရန်သူကို နှိမ် သည်။

၂၀၈။ ရဟန်းသည် ဘုရားရိက္ခာကိုစား၍ ကိုယ်တွင်းရန်ကို နှိမ်သည်။

၂၀၉။ လင်းတသည် ကောင်းကင်ပျံလျက် ခွေးကောင်ပုပ်မက်၍ မြေ၌ ညွတ်ကွင်းမိရသည်။

၂၁၀။ ငါးသည် ရေနက်ရာ၌ ကျက်စားလျက် တီမက်၍ ရေတိမ်၌ ငါးမျှားချိတ်မိရသည်။

၂၁၁။ ရဟန်းသည် သာသနာနေလျက် လောဘအာမိသမက်၍ မာရ်နတ်လက်တွင်း၌ ညွတ်ကွင်းမိရသည်။

၂၁၂။ သရက်ပင်ငယ် အသီးကြွယ်လျှင် သစ်ကိုင်းပဲ့တတ်သည်။

၂၁၃။ ရဟန်းငယ် ဂုဏ်ထူးကြွယ်လျှင် သီလကျိုးပဲ့တတ်သည်။
သီလကျိုးမူ သမာဓိဂွ ထောက်ရမည်။

၂၁၄။ အမြဲမရှိသော ဤကိုယ်ဖြင့် မြဲသောနိဗ္ဗာန်ကို မလဲလှယ်နိုင်ပြီလော။
ဤသို့နည်းထုံး တသက်လုံး လက်သုံးပြုနိုင်စေ။

သုစူဠသိဿကောဝါဒ-ကထာ အတိဝသုန္ဒရာ။
ရစိတော ရွှေကျင်နိကာယ-ကာတုနာ ဓမ္မကာမိနာ။

## အဖက်ဖက်နိုင်နင်းခဲ့

ဆရာတော်ဘုရားကြီးသည် အဖက်ဖက်က နိုင်နင်းသည့် ပုဂ္ဂိုလ်မြတ် ဖြစ်လေသည်။ ပိဋကတ်ကျမ်းဂန် သဒ္ဒါ, ဗျာကရုဏ်း, အလင်္ကာကျမ်းဂန်စသည့် ကျမ်းဂန်တို့၌ နိုင်နင်းတော်မူလှပါပေသည်။ ပါဠိဂါထာရေးဟန်, စုဏ္ဏိယအရေးအသားတို့၌လည်း ပြောင်မြောက်လှပေသည်။ ဩဝါဒကထာများကို ဖတ်ရှုလေ့လာခြင်းအားဖြင့်လည်း ဂိုဏ်းဦးစီးကြီး အရာရာ၌ လွန်စွာမှထိုက်တန်သော ပုဂ္ဂိုလ်မြတ်ဖြစ်ကြောင်း သိသာပေသည်။

## ဘွဲ့တံဆိပ်တော် အလှူခံတော်မမူ

၁၂၃၃-ခုနှစ် သီကျွာတော် ၃၀-အရတွင် မင်းတုန်းမင်းတရားကြီးသည် ရှေးဘေးလောင်းတော် သာသနာပြုမင်းတို့ ထုံးတမ်းစဉ်လာအတိုင်း သာသနာပြုဆရာတော်များအား ဘွဲ့တံဆိပ်တော်ကပ်လှူ၍ သာသနာတော်ဆိုင်ရာ အခွင့်အာဏာများကို လွှဲအပ်တော်မူမြဲဖြစ်သည့်အလျောက် ရွှေကျင်ဆရာတော်အား "ဇာဂရာဘိဝံသကဝိဓဇ

မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူလေသည်။ သို့ရာတွင် ဆရာတော်သည် ဘွဲ့တံဆိပ်တော်ကို အလှူခံတော်မမူပါချေ။

တဖန် မာရ်အောင်ရတနာစေတီတော်ဒါယကာ သီပေါမင်းတရားလက်ထက်၌လည်း သီပေါမင်းတရားက ၁၂၄၃-ခုနှစ်၌ မိမိ စိုးပိုင်သော နိုင်ငံတော်အတွင်း သာသနာရေးသာသနာမှုနှင့် ပတ်သက်၍ အုပ်ချုပ်စီမံရန် "ဇာဂရာဘိဓဇသဒ္ဓမ္မဝံသဓမ္မသေနာပတိအတုလာဓိပတိသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု"ဟူသော သာသနာပြုဘွဲ့တံဆိပ်တော်ကိုလည်းကောင်း, တောင်တော်ဆရာတော်အား "မာလာလင်္ကာရဓဇဓမ္မသေနာပတိအတုလာဓိပတိသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု"ဟူသော သာသနာပြုဘွဲ့တံဆိပ်တော်ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းခြင်းကို ခံယူတော်မူရလေသည်။ သို့ရာတွင် ရွှေကျင်ဆရာတော်ဘုရားကြီးသည် ဘွဲ့တံဆိပ်တော် အလှူမခံပါချေ။

## စုတိကမ္မဇရုပ်ချုပ်ကွယ် ပျံလွန်တော်မူခြင်း

ရွှေကျင်ဆရာတော်ဘုရားကြီး၏ သာသနာရေးနှင့်စပ်သွယ် သည့် လုပ်ငန်းတို့ကား များလှကုန်၏။ ဂုဏ်တော်တို့လည်း ဖော်ပြ၍ မကုန်နိုင်ကုန်။ စုံလင်စွာလည်း ဤစာရေးသူသည် ဖော်ပြနိုင်စွမ်း မရှိပါချေ။ ဖော်ပြ၍ မကုန်နိုင်အောင် ဂုဏ်တော်ကျေးဇူးတော်အနန္တတို့၏ တည်ရာဖြစ်တော်မူသော ရွှေကျင်ဆရာတော်ဘုရားကြီးသည် သက်တော် ၇၃-နှစ်၊ သိက္ခာတော် ၅၃-ဝါရရှိရာ သက္ကရာဇ် ၁၂၅၅-ခုနှစ် တပေါင်းလဆုတ် ၇-ရက်၊ ညဦး မြန်မာ ၂-ချက်တီးကျော် လဝန်းပေါ်ချိန်တွင် မင်းကွန်းငွေတောင်တောရ သီတင်းသုံးတော်မူရာ ဂူအတွင်း၌ စုတိကမ္မဇရုပ် ချုပ်တော်မူခဲ့လေသည်။

## သံဝေဂယူရန်

ဇရာယ ပရိမဒ္ဒိတံ ဧတံ၊ မိလာတဆဝိစမ္မနိဿိတံ။
မရဏေန ဘိဇ္ဇတိ ဧတံ၊ မစ္စုဿ ဃသမာမိသံ။ ၁

ဧတံ= ဤခန္ဓာကိုယ်ရုပ် အကောင်ပုပ်သည်။ ဇရာယ= သွားကြိုးဆံဖြူ ငယ်မူယိုယွင်း အိုမင်းရင့်ရော်ခြင်းဟူသော ဇရာတရားဖြင့်။ ပရိမဒ္ဒိတံ= အမြဲမပြတ် နှိပ်စက်အပ်၏။ ဧတံ= ဤခန္ဓာကိုယ်ရုပ် အကောင်ပုပ်သည်။ မိလာတဆဝိစမ္မနိဿိတံ= ဇရာညှင်းပန်း သဖြင့် ညှိုးနွမ်းသောအရေကို မှီနေ၏။ ဧတံ= ဤခန္ဓာကိုယ်ရုပ် အကောင်ပုပ်သည်။ မရဏေန= သေဆုံးရခြင်းကြောင့်။ ဘိဇ္ဇတိ= ပြိုကွဲပျက်စီးရ၏။ မစ္စုဿ= သေမင်း၏။ ဃသမာမိသံ= ဝါးမျိုကိုက်ဝါးစားစရာအာမိသပေတည်း။

## ဈာပနပွဲ စည်ကားခြင်း

ရွှေကျင်ဆရာတော်ဘုရားကြီး၏ အလောင်းတော်ကို ၁၀-လ၊ ၂၁-ရက်ခန့်ထား၍ အပူဇော်ခံကာ ၁၂၅၆-ခုနှစ် တပို့တွဲလဆန်း ၁၄-ရက်နေ့တွင် အန္တိမသာစုကီဠနသဘင် ဆင်ယင်ကျင်းပပြီး မီးသင်္ဂြိုဟ်ပူဇော်ကြကုန်၏။ မင်းကွန်းတောရကျောင်း၌ ဖြစ်လင့်ကစား ရဟန်းရှင်လူပရိသတ် စည်ကားလှ၏။ အထူးသဖြင့် ရဟန်းပရိသတ်ကြီးမှာ လွန်စွာမှ များလှစွာ၏။ အကျော်ဘုန်းကြီးပျံ ၆-ခုတွင် ပါဝင်လေသည်။

---

၁။ သုတ္တနိ၊ ၄။ ၂။ ၁၂၅။

အကျော်ဘုန်းကြီးပျံ ၆-ခုကို-

စံကျောင်းဆင်၊ မြတောင် ကရင်။
ရွှေကျင်ဘုန်းကြီး၊ မီးလောင်တိုက် ခင်မကန်။
လူစည်ဟန် မိုးထား၊ ဥဒည်းဘွား ဝဇီရာ။ ၁

ဟူသော ဆောင်ပုဒ်ဖြင့် အစဉ်အဆက် မှတ်သားခဲ့ကြကုန်၏။

## စေတီ ရုပ်တုတော်များ တည်ထားကိုးကွယ်

မီးသဂြိုဟ်ပြီးနောက် ရွှေကျင်ဆရာတော်ကြီး၏ အရိုးဓာတ်တို့ကို ခွဲဝေယူကြပြီးလျှင် မင်းကွန်းငွေတောင်တောရ၌ အရိုးအိုးစေတီတစ်ဆူ, မန္တလေးမြို့တော် မြောက်ဖက်ရှိ မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မ၌ စေတီတစ်ဆူ တည်ထားပူဇော်ကြကုန်၏။ ရသေ့ကြီး ဦးခန္တီသည်လည်း မန္တလေးတောင် မြောက်ဖက်စောင်းတန်းအဆင်း လက်ဝဲဖက်ဂူအတွင်း၌ ကြေးရုပ်ထုလုပ်၍ ကိုးကွယ်ခဲ့လေသည်။

ထေရဂုဏံ သမုဒ္ဒိဿ၊ ပဋိမံ စေတိယာနိ စ။
အကံသု ပဏ္ဍိတာ သန္တာ၊ ပုညေသု နိန္နမာနသာ။

♦♦♦

---

၁။ ဖော်ပြပါလင်္ကာအမိပ္ပါယ် မန္တလေးသာသနာဝင်။ ၈။
မြတောင်သာသနာဝင်လည်းကြည့်။

## ကလျာဏာလင်္ကာရ
## မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ
## ဆရာတော်အရှင်ကလျာဏ

ဆရာတော်အရှင်ကလျာဏသည် ရွှေကျင်ဆရာတော်ဘုရား ကြီး အရှင်ဇာဂရ မင်းကွန်းဖက် ငွေတောင်တောရ၌ သီတင်းသုံး တော်မူသဖြင့် မဟာဓမ္မိကာရာမရွှေကျင်တိုက်မ၏ နာယကဆရာတော် တာဝန်ကို ထမ်းရွက်ကာ သာသနာပြုတော်မူခဲ့လေသည်။

### ဖွားမြင် ရှင်ရဟန်းပြုခြင်း

ရွှေဘိုခရိုင် ရှိမ်းမကားရွာ၌ သက္ကရာဇ် ၁၂၀၀-ပတ်ဝန်းကျင် လောက်တွင် ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်ရောက်သော် ရှင် ရဟန်းပြု သာသနာ့ဝန်ထမ်းဆောင်တော်မူခဲ့လေသည်။

### ပညာသင်ကြားခြင်း သာသနာပြုခြင်း

ရွှေကျင်ဆရာတော်ဘုရားကြီးထံ ငယ်စဉ်ကရောက်ရှိပညာ သင်ကြားတော်မူခဲ့လေသည်။ ရွှေကျင်ဆရာတော်ဘုရားကြီး ရှိမ်းမကား ရွာမှ မန္တလေးကြွစဉ် အတူပါလာကာ မဟာဓမ္မိကာရာမတိုက်၌ ရွှေကျင်ဆရာတော်ဘုရားကြီးနှင့်အတူ သီတင်းသုံးတော်မူခဲ့လေသည်။ ရွှေကျင်ဆရာတော်ဘုရားကြီးလက်အောက်မှ သာသနာရေးကိစ္စအဝဝ ကို ပြုလုပ်ဆောင်ရွက်တော်မူရလေသည်။ မင်းတရားကြီး ဆက်ကပ် လှူဒါန်းအပ်သော "ကလျာဏာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့ တံဆိပ်တော်ကိုလည်း အလှူခံရရှိတော်မူခဲ့လေသည်။ သက်တော် ၅၄- နှစ်တွင် ဘဝနတ်ထံ ဝင်စံတော်မူခဲ့လေသည်။

ကလျာဏော မဟာထေရော၊ ကလျာဏဗုဒ္ဓသာသနေ။
ကတွာ ကိစ္စံ သကလျာဏံ၊ ဂတော ဒေဝသဟဗျတံ။

## ဆရာတော်အရှင်အရိယဝံသ

ဆရာတော်အရှင်အရိယဝံသသည် မဟာဝမ္ဗိကာရာမတိုက်၏ တတိယမြောက် နာယကဆရာတော် ဖြစ်တော်မူသည်။ ဆရာတော် အရှင်ကလျာဏ ပျံလွန်တော်မူသဖြင့် ထရံကာတိုက်မှ မဟာဝမ္ဗိကာ ရာမတိုက်သို့ ကြွလာ၍ မဟာဝမ္ဗိကာရာမတိုက်၏ နာယကတာဝန် ကို ဆောင်ရွက်တော်မူ၍ သာသနာပြုတော်မူခဲ့လေသည်။ သက်တော် ၆၆-နှစ်တွင် ပျံလွန်တော်မူခဲ့လေသည်။

## သံဝေဂယူရန်

ဥပ္ပဇ္ဇိတွာ = ရုပ်နာမ်နှစ်ပါးတို့၏ ဖြစ်ခြင်းသည်။
ဒုက္ခော = ဆင်းရဲ၏။
အနုပ္ပဇ္ဇိတွာ = ရုပ်နာမ်နှစ်ပါးတို့၏ မဖြစ်ခြင်းသည်။
သုခေါ = ချမ်းသာ၏။

## ကလေးသုံးဂိုဏ်းချုပ် ဆရာတော်အရှင်ဂန္ဓမာ

ကလေး, တိမ်ငြင်း, ရာဇဂြိုဟ်သုံးဂိုဏ်းချုပ်ဆရာတော် အရှင် ဂန္ဓမာသည်လည်း မန္တလေးမြို့ မြောက်ပြင် မဟာဝမ္ဗိကာရာမတိုက် ရွှေကျောင်းဆရာတော်ဘုရားကြီးထံ ရောက်ရှိပညာသင်ကြားတော်မူခဲ့သည့် မထေရ်မြတ် ဖြစ်တော်မူသည်။

## ဖွားမြင် သာမဏေဝတ်ခြင်း

ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ် နယ်ငြိမ်းရွာ [၁] ၌ အဖ ဦးငုံ, အမိ-ဒေါ်ပိုင်တို့မှ သက္ကရာဇ် ၁၂၀၈-ခုနှစ် တပို့တွဲလတွင် ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်ရောက်သော် မိဖတို့ အပ်နှံသဖြင့်

---

၁။ ယင်းရွာကား စဉ့်အိုးများစွာ ထုတ်လုပ်သည့်ရွာ ဖြစ်သည်ဟူ၏။

နွယ်ငြိမ်းရွာဆရာတော် ဦးဘိုးရေးထံ ရောက်ရှိပညာသင်ကြား သာမဏေဝတ် သာသနာ့ဝန်ထမ်းဆောင်တော်မူခဲ့လေသည်။ သာမဏေဘွဲ့ ရှင်ဂန္ဓမာ ဖြစ်လေသည်။

## ရဟန်းဖြစ်ခြင်း
## မဟာဓမ္မိကာရာမတိုက်ရောက်ရှိ ပညာသင်ခြင်း

သာမဏေဝတ်ဖြင့် မန္တလေးမြို့ မြောက်ပြင် မန္တလေးတောင် မြောက်ဖက် မဟာဓမ္မိကာရာမတိုက်သို့ ရောက်ရှိ၍ ပိဋကတ်အခြေခံ ကျမ်းစာများကို သင်ယူတော်မူခဲ့လေသည်။ သက်တော် ၂၀-ပြည့် မြောက်ရာ ၁၂၂၈-ခုနှစ်တွင် ရွှေကျင်ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။ ရဟန်းဘွဲ့ အရှင်ဂန္ဓမာ ဖြစ်လေသည်။ ရဟန်းဖြစ်ပြီးနောက် ဆက်လက်ပညာ သင်ကြားတော်မူခဲ့လေသည်။

## သာသနာပြုရန် အရွေးချယ်ခံရခြင်း

ပဉ္စမသံဂါယနာတင် မင်းတုန်းမင်းကြီး လျှောက်ထားချက် အရ ရွှေကျင်ဆရာတော်ဘုရားကြီးသည် ၁၂၃၀-ပြည့်နှစ်တွင် "ကလျာဏာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ရှိမ်းမကားဆရာတော် အရှင်ကလျာဏအား ကလေး ရာဇဂြိုဟ်စသော မြို့နယ်များသို့ သာသနာပြုစေလွှတ်သောအခါ ရှိမ်းမကားဆရာတော်သည် အသက် ၂၂-ရှိ ၃-ဝါရ အရှင်ဂန္ဓမာကို ရွေးချယ်တော်မူခဲ့လေသည်။

## သာသနာပြုတော်မူခြင်း

ရှိမ်းမကားဆရာတော် အရှင်ကလျာဏသည် ကလေးမြို့ စသော နယ်ပယ်များကို သာသနာပြုစဉ် ၁၂၄၀-ပြည့်နှစ် မင်းတုန်း မင်းကြီး နတ်ရွာစံသဖြင့် မန္တလေးမြို့သို့ ပြန်ကြွတော်မူခဲ့လေသည်။

ထိုအခါ အရှင်ဂန္ဓမာသည် နေရစ်၍ ကလေးစသော မြို့နယ်များ၌ သာသနာပြုတော်မူခဲ့လေသည်။ သက်တော် ၂၂-နှစ်မှ ၆၆-နှစ်အထိ ကလေး, တိမ်ငြင်း, ရာဇဂြိုဟ်နယ်များ၌ သာသနာပြုတော်မူရာ ကျောင်းပေါင်း ၆၀-ကျော်အထိ ပေါ်ထွန်းစည်ကားခဲ့လေသည်။

## မဟာဓမ္မိကာရာမတိုက် စတုတ္ထတိုက်အုပ်ဖြစ်ခြင်း

၁၂၇၂-ခုနှစ်တွင် ရွှေကျင်သာသနာပိုင် မဟာဝိသုဒ္ဓါရာမ ဆရာတော်ကြီး၏ ပင့်လျှောက်ချက်အရ မန္တလေးမြို့ ပြန်ကြွ၍ မန္တလေးမြို့ မြောက်ပြင် မဟာဓမ္မိကာရာမတိုက် ရွှေကျင်တိုက်မကြီး တွင် စတုတ္ထရွှေကျင်တိုက်အုပ် ဆရာတော်ကြီးဖြစ်၍ သီတင်းသုံး သာသနာပြုတော်မူခဲ့လေသည်။

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ယင်းသို့ သီတင်းသုံးသာသနာပြုစဉ် သက်တော် ၇၆-နှစ် ရှိရာ သက္ကရာဇ် ၁၂၈၄-ခုနှစ် နတ်တော်လကွယ်နေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။

## သံဝေဂယူရန်

အနိစ္စာဝတ သင်္ခါရာ၊ အဓုဝါ အနဿာသိကာ။
ယာဝဥ္စိဒံ သင်္ခါရေသု၊ အလမေဝ ဝိမုစ္စိတုံ။

- သင်္ခါရာ= ရုပ်နာမ်ဓမ္မ သင်္ခါရတို့သည်။ အနိစ္စာဝတ= မမြဲ လေကုန်စွတကား။ အဓုဝါ= မခိုင်ခန့်ကုန်။ အနဿာသိကာ= သက် သာရာလည်း ရှာမရပါကုန်။ ယာဝ စ= အလွန်အကဲသာလျှင်။ ဣဒံ သင်္ခါရေသု- ဣဒံ ဣမေဟိ သင်္ခါရေဟိ= ဤသင်္ခါရတို့မှ။ ဝိမုစ္စိတုံ= လွတ်အောင်ကြိုးကုတ် အားထုတ်ခြင်းငှာ။ အလမေဝ= သင့်လျော် လှချေသည်သာ။

## ဆရာတော်အရှင်ကောသလ္လ

ဆရာတော်အရှင်ကောသလ္လသည် ဆရာတော်အရှင်ဂန္ဓမာ ပျံလွန်တော်မူပြီးနောက် မဟာဓမ္မိကာရာမတိုက်၏ နာယကတာဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ မန္တလေးခရိုင် မိုးကြိုးရွာ ဇာတိဖြစ်သည်။ သက်တော် ၇၅-နှစ်တွင် ပျံလွန်တော်မူခဲ့လေသည်။

## ဆရာတော်အရှင်သုမန

ဆရာတော်အရှင်သုမနသည် ဆရာတော်အရှင်ကောသလ္လ ပျံလွန်တော်မူပြီးနောက် မဟာဓမ္မိကာရာမတိုက်၏ နာယကဆရာတော်ဖြစ်၍ သာသနာဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ ရွှေဘိုခရိုင် ဒီပဲယင်းမြို့ ဗောင်းလဲရွာ၌ အဖ-ဦးအောင်ကျော်, အမိ-ဒေါ်ညှာ တို့မှ သက္ကရာဇ် ၁၂၅၀-ပြည့်နှစ် တော်သလင်းလပြည့်ကျော် ၁၀-ရက်နေ့၌ ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်ရောက်သော် ရှင်ရဟန်း ပြု၍ သာသနာ့ဝန်ထမ်းဆောင်တော်မူခဲ့လေသည်။

## မဟာဓမ္မိကာရာမတိုက်သို့

ရဟန်း ၃-ဝါအရတွင် မဟာဓမ္မိကာရာမတိုက်သို့ ရောက်ရှိ၍ ပညာသင်ကြား သီတင်းသုံးတော်မူခဲ့လေသည်။ မန္တလေးမြို့ အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်၌လည်း အဂ္ဂမဟာပဏ္ဍိတ မြောင်းမြဆရာတော်နှင့်အတူ ပညာသင်ကြားတော်မူခဲ့လေသည်။ ဝိသုဒ္ဓါရုံတိုက်၌ ပညာသင်ကြားပြီးနောက် မဟာဓမ္မိကာရာမတိုက်၌ ပြောင်းရွှေ့သီတင်းသုံးတော်မူခဲ့လေသည်။

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

သာသနာ့တာဝန်ကို ထမ်းဆောင်စဉ် သက်တော် ၉၃-နှစ် သိက္ခာတော် ၇၃-ဝါရှိရာ ၁၃၄၂-ခုနှစ် တပို့တွဲလပြည့်ကျော် ၂-

ရက် ၁၁-နာရီ ၁၀-မိနစ်အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။ တပို့တွဲလပြည့်ကျော် ၈-ရက်နေ့ နေ့လယ်တွင် အန္တိမအဂ္ဂိစျာပန ကျင်းပပြုလုပ်ပူဇော်ကြသည်။

## သံဝေဂယူရန်

သင်္ခါရာ န ဟိ သဿတာ= ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့ကား အရှည်အစွဲ မမြဲကုန်စွတကား။ ။

■ ■ ■

## မာလာလင်္ကာရသိရီပဝရမဟာဓမ္မရာဇဂုရု
## ဘွဲ့တံဆိပ်တော်နှင့်
## မာလာလင်္ကာရသာသနဓဇဓမ္မသေနာပတိ
## မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်
## မာလာလင်္ကာရဓဇဓမ္မသေနာပတိအတုလာဓိပတိ
## သိရီပဝရမဟာဓမ္မရာဇာဓိရာဇဂုရု–အားဖြင့်
## ဘွဲ့တံဆိပ်တော် ၃–ထပ်ရ
## တောင်တော်သာသနာပိုင်ဆရာတော်
# အရှင်မာလာ

တောင်တော်သာသနာပိုင်ဆရာတော် အရှင်မာလာသည် ရွှေကျင်ဆရာတော်ဘုရားကြီးထက် သက်တော် ၆-နှစ်ခန့် ကြီးတော်မူသည်။ သို့ရာတွင် အသက်ကြီးသည် ဝါကြီးသည်ကို ပဓာနမပြုပဲ အတတ်ပညာ, အကျင့်ပဋိပတ်ကို များစွာအလိုရှိသဖြင့် မန္တလေးမြို့ မြောက်ပြင် မဟာဝမ္ဗိကာရာမတိုက်သို့ ရောက်ရှိသီတင်းသုံး၍ ရွှေကျင်ဆရာတော်ဘုရားကြီးထံ ပရိယတ်, ပဋိပတ်ကို နည်းခံတော်မူခဲ့လေသည်။

## ဖွားမြင်တော်မူခြင်း

ဆရာတော်သည် ဘုရားမြတ်စွာ သာသနာပြုအံ့သောငှာ မန္တလေးတောင် မြောက်ဖက် သခင်မတောင်တော်အနီးရှိ တောင်တော်ရွာကလေး၌ သက္ကရာဇ် ၁၁၇၈-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်။

## ရှင် ရဟန်းပြု ပညာသင်ခြင်း

အရွယ်ရောက်သော် ကျောင်းနေပညာသင်ကြားပြီး ရှင်သာမဏေဝတ်၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ သက်တော် ၂၀-တွင် ရဟန်းအဖြစ်ရောက်တော်မူခဲ့လေသည်။ ဘွဲ့တော်မှာ အရှင်မာလာ ဖြစ်လေသည်။ ရွှေဘိုမြို့ အနောက်တောင်ယင်းတော်မင်းကျောင်းဆရာတော် ဦးထွန်းသည် တောင်တော်ဆရာတော်၏ ငယ်ဆရာရင်း ဖြစ်သည်။ ဆရာတော်ဦးထွန်းထံမှ သီးလုံးဆရာတော်ဘုရားကြီး အရှင်စန္ဒိမာမဟာထေရ်ထံ ရောက်ရှိ၍လည်း ပညာသင်ကြားတော်မူခဲ့လေသည်။

## ရွှေကျင်ဆရာတော်ဘုရားထံသို့

တောင်တော်ဆရာတော်သည် ရွှေကျင်ဆရာတော်ဘုရားကြီးထက် သက်တော် ၆-နှစ်ခန့် ကြီးရင့်လေသည်။[၁] သို့ရာတွင် ရွှေကျင်ဆရာတော်ကြီးမှာ စာပေအရာ လွန်စွာထူးချွန်စွာတတ်မြောက်သော ပုဂ္ဂိုလ်ကြီးဖြစ်သည့်ပြင် သီလဝန္တသိက္ခာကာမဂုဏ်တို့ဖြင့်လည်း လွှမ်းခြုံကျော်ကြားရကား ရွှေကျင်ဆရာတော်ဘုရားကြီး ရှိမ်းမကား၌ သီတင်းသုံးတော်မူစဉ်ကပင် ချဉ်းကပ်၍ ပညာသင်ကြားခဲ့လေသည်။

---

၁။ ရွှေကျင်ဆရာတော်မှာ သက္ကရာဇ် ၁၁၈၄-ခုနှစ်၊ ပဉ္စမဝါဆိုလပြည့်ကျော် ၁၂-ရက်နေ့တွင် မွေးဖွားခြင်းဖြစ်သည်။

ရင်းနောက်တွင် ဟံလင်းရွာ၌ ကျောင်းထိုင်၍ သာသနာပြုခဲ့လေသည်။ တောင်တော်ဆရာတော်မှာ အရပ်အမောင်းမှာ ပုတိုသဖြင့် ဦးမာလာ ပုတို၊ ဦးမာလာဝုံတို-ဟု ခေါ်ကြလေသည်။

## မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မသို့

အရှင်မာလာသည် မိမိကျောင်းကို ညီဘုန်းတော်ကြီးအား လွှဲအပ်ခဲ့ပြီး ရွှေကျင်တိုက်မသို့ ကြွရောက်ပြီး ရွှေကျင်ဆရာတော် ဘုရားကြီးထံ ချဉ်းကပ်ပြီး၍ နည်းနာနယအဝဝကို လေ့လာဆည်းပူး သင်ယူတော်မူခဲ့လေသည်။

## အိမ်ရှေ့မင်းကျောင်းတိုက်နှင့် တောင်တော်တိုက်သို့

ပဥ္စမသံဂါယနာတင် မင်းတရားကြီး၏ညီတော် "သိရိပဝရ မဟာဓမ္မရာဇာ"အမည်ရှိသော အိမ်ရှေ့မင်းသားသည် ရတနာပုံရွှေမြို့ တော် နန္ဒာကန်တော် အရှေ့မြောက် ရင်ခတ်တောင်၌ ကျောင်းတိုက် တည်ဆောက်၍ သာသနာတော်အား လှူဒါန်းခဲ့လေသည်။ ယင်းသို့ ကျောင်းတိုက်တည်ဆောက်ပြီး ကျောင်းထိုင်ဆရာတော်ရလိုကြောင်း ရွှေကျင်ဆရာတော်ဘုရားကြီးအား လျှောက်ထားရာ ရွှေကျင်ဆရာ တော်ဘုရားကြီးက တောင်တော်ဆရာတော်လျှောင်းလျာ အရှင်မာလာ နှင့်တကွ အရှင်သုမန[၁]တို့အား နေထိုင်ရန် တာဝန်ပေးသဖြင့် တောင်တော်ဆရာတော်သည် အိမ်ရှေ့မင်း၏ကျောင်းတိုက်၌ သီတင်း သုံးတော်မူရလေသည်။

---

၁။ အရှင်သုမနကား အရှင်မာလာ၏ နောင်တော်ဖြစ်ကြောင်း ဆိုကြ သည်။ စက်ရုံဆရာတော်-ဟူ၍လည်း ထင်ရှားသည်။

## နန်းတွင်း၌ သီတင်းသုံးခြင်း

တဖန် ရွှေကျင်ဆရာတော်ဘုရားကြီးထံ သက္ကရာဇ် ၁၂၃၄-ခုနှစ်က ပဥ္စမသံဂါယနာတင် မင်းတုန်းမင်းတရားကြီးက သားတော်များ ပညာသင်ကြားရန် ဘုန်းကြီးတောင်းပြန်သဖြင့် မင်းတရားကြီးနှင့်လည်း ကိုက်ညီ, သားတော်များအား ပညာသင်စွမ်းနိုင်သော တောင်တော်သာသနာပိုင်လောင်းလျာ အရှင်မာလာကိုပင် ပုသိမ်ဆရာတော်အရှင်သုမန, ဟင်္သာတဆရာတော် အရှင်ရေဝတတို့နှင့် တကွ ကြွစေကာ နန်းတော်အတွင်းကျောင်း၌ သီတင်းသုံးစေလေ သည်။ တောင်တော်သာသနာပိုင်ဆရာတော်လောင်းလျာ အရှင်မာလာ သည် မိုးလှိုင်မင်းသား, တောင်ညိုမင်းသား, ရွှေဂူမင်းသား, သာဂရ မင်းသား, သီပေါမင်းသားတို့ကို သာမဏေဝတ် ပညာသင်ကြားပေးရ လေသည်။

အန္တေပုရဝိဟာရေပိ၊ ဝသိတွာ ထေရကုဥ္ဇရော။
ဗဟဝေါ ရာဇပုတ္တေပိ၊ သိက္ခာပေသိ အနေကဓာ။

## ရာဇဂုရုဘွဲ့တံဆိပ်တော်

ပဥ္စမသံဂါယနာတင် မင်းတရားကြီးသည် တောင်တော်ဆရာတော်အား လွန်စွာလေးမြတ်သဖြင့် "မာလာလင်္ကာရသိရိပဝရမဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်ကိုလည်း ကပ်လှူပူဇော်ခဲ့လေသည်။

## ရခိုင်ပြည်သို့ကြွခြင်း

မောင်ထောင်သာသနာပိုင်ဆရာတော်ဘုရားကြီး အရှင်ဥေ ယျသည် သက်တော်ထင်ရှားရှိစဉ် အမိန့်ရှိတိုက်တွန်းတော်မူချက်အရ မြတောင်ဆရာတော်အစရှိသော ဆရာတော် ၂၄-ပါးတို့နှင့်အတူ ရခိုင်ပြည်သို့ သာသနာပြုကြွတော်မူခဲ့လေသည်။

## အရှေ့ပြင်တိုက်တော် အနောက်ပြင်တိုက်တော်တို့၌ သီတင်းသုံးခြင်း

ၶင်းပြင် အရှေ့ပြင် မဟာဝိသုတာရာမတိုက်တော်ကို လွှဲအပ်ပြန်သဖြင့် အရှေ့ပြင် မဟာဝိသုတာရာမတိုက်တော်သို့ ရွှေ့ပြောင်း သီတင်းသုံးတော်မူရသည်။ ၎င်းနောက် တိုင်းတာမင်းကြီးက အနောက်ပြင်တိုက်တော် တည်ဆောက်ပြီး ပင့်တင်သဖြင့် အရှေ့ပြင်တိုက်မှ ပြောင်းရွှေ့၍ အနောက်ပြင်တိုက်တော်၌ သီတင်းသုံးတော်မူရပြန်လေသည်။

ဤသို့ဖြင့် တောင်တော်ဆရာတော်သည် မင်း, အမတ် ဒါယကာတို့၏ သဒ္ဓါတရားကို စောင့်ရှောက်ကာ ဌာနများစွာတို့၌ ကြွရောက်၍ သီတင်းသုံးတော်မူခဲ့လေသည်။ ဆရာတော်၏ သည်းခံမှုဂုဏ်နှင့် စိတ်နှလုံး၏ အေးမြနူးညံ့သော ဂုဏ်တော်တို့မှာ သာသနာပြုပုဂ္ဂိုလ်တို့ အတုယူဖွယ်ကောင်းပေသည်။

ပုညတ္ထိကာန သဒ္ဓံ သော၊ နုရက္ခန္တော မဟာယတိ။
ဝသိနေကဝိဟာရေသု၊ ပူရေတွာ သာသနံ ဝရံ။

## သုဓမ္မာတွင် ပါဝင်ခြင်း

သက္ကရာဇ် ၁၂၄၀-ပြည့်နှစ် သီတင်းကျွတ်လဆန်း ၇-ရက်နေ့ ပဉ္စမသံဂါယနာတင် မင်းတုန်းမင်းတရားကြီး နတ်ရွာစံတော်မူပြီးနောက် သီပေါမင်းနန်းတက်သောအခါ မင်းတုန်းမင်းလက်ထက်က ဖွဲ့စည်းထားသော သုဓမ္မာဆရာတော် ၈-ပါးအနက် ကျန်ရှိသော ၄-ပါးတွင် နောက်ထပ်ဆရာတော် ၈-ပါးထည့်သွင်းသဖြင့် သုဓမ္မာဆရာတော် တစ်ကျိပ်နှစ်ပါး(၁၂-ပါး)ဖြစ်လာ၍ တောင်တော်ဆရာတော် ပါဝင်ခဲ့လေသည်။

သုဓမ္မာ သမိတိယာတိ၊ အဋ္ဌန္နရောပိ သော ဘဝိ။
တောင်တော်ထေရော ထိရသတ္တော၊ ဓီရေသု သဏ္ဌိတော ယတိ။

## သာသနာပိုင်ဖြစ်ပြီ

သီပေါမင်းသား ဖွားမြင်တော်မူစက မင်းသားကလေးအား မင်းဖြစ်အံ့ နိမိတ်ဖတ်, ဗေဒင်ဟောကြားဘူးသော ဗောဓိကုန်းနေ စန္ဒပုဏ္ဏားသည် မင်းတုန်းမင်းသက်တော်ထင်ရှားရှိစဉ်ကပင်-

၁။ သီပေါမင်းအား အိမ်ရှေ့မင်းရာထူးပေးရန်၊

၂။ တောင်တော်ဆရာတော်အား သာသနာပိုင်ခန့်ရန်၊

၃။ မိမိ (စန္ဒပုဏ္ဏား)အား ပုရောဟိတ်ရာထူးပေးရန်၊

လျှောက်ထားတောင်းဆိုခဲ့ဘူးလေသည်။

ယင်းသို့ ဖခင်မင်းတုန်းမင်းတရားကြီးအား သံတော်ဦးတင်ခဲ့ဘူးသောကြောင့် ထပ်လောင်း၍ မင်းဖြစ်သစ်စ သီပေါမင်းအား လျှောက်ထားသံတော်ဦးတင်လေရာ သီပေါမင်းတရားသည် ရွှေကျင်ဆရာတော်ဘုရားကြီးနှင့်တကွ မိမိ၏ဆရာရင်းလည်းဖြစ်, စာပေကျမ်းဂန်၌လည်း ကျွမ်းကျင်, လောကရေးရာ၌လည်း နားလည်သော မိမိ၏ဆရာရင်း တောင်တော်ဆရာတော်ကို သက္ကရာဇ် ၁၂၄၃-ခုနှစ် [၁] တပေါင်းလတွင် သာသနာပိုင်ခန့်အပ်တော်မူခဲ့လေသည်။ ရွှေကျင်ဆရာတော်ဘုရားကြီးအား "ဇာဂရာဘိဇေသဒ္ဓမ္မဝံသမေ္မသေနာပတိအတုလာဓိပတိသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု"ဟူသော ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း, တောင်တော်ဆရာတော်ဘုရားအား "မာလာလင်္ကာရသာသနဓဇဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု" ဟူသော ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း သုဓမ္မာတွင် တံဆိပ်တော်ရဆရာတော်တို့ အစုံအညီလျှုဒါန်းပြီးလျှင် သာသနာပြုအပ်သည့် အမိန့်တော်ပြန်တမ်းကို ဖတ်ကြားစေ၍ သာသနာပြုအပ်နှင်းတော်မူသည်။ သို့ရာတွင် ရွှေကျင်ဆရာတော်ကား သာသနာပြုဘွဲ့တံဆိပ်တော်ကို အလှူမခံပဲ ပယ်မြစ်တော်မူခဲ့လေသည်။

---

၁။ ၁၂၄၆-ခုနှစ်ဟုလည်း တွေ့ရသေးသည်။

ထိုစဉ် သာသနာပိုင်တင်မြှောက်သော စာတမ်းကို ပုရပိုက် မှ ကူးယူ၍ ကူးယူချက်တိုင်း ရွှေကျင်နိကာယသာသနာဝင်၌ ဖော်ပြ ချက်ကို ဤ၌ ကူးယူဖော်ပြအပ်ပါသည်။

## သာသနာပြုအမိန့်တော်

သာသနာရေးသာသနာမှုဆိုသည့်အရာသည် ရဟန်းရှင်လူ ပြည်သူသတ္တဝါတို့ နတ်ရွာလမ်းကြောင်း ကောင်းမြတ်သောလောကီ, လောကုတ္တရာအကျိုးစီးပွား များပြားပြည့်စုံရန်ဖြစ်၍ သာသနာပြု, တိုင်းပြု, ပြည်ပြုဖြစ်သော မင်းကောင်းမင်းမြတ်တို့ အထူးသဖြင့် ဆောင်ရွက်တော်မူမြဲ ဖြစ်သည်။

ငါအရှင်ဧကရာဇ်မင်းမြတ်လည်း ရွှေထီးရွှေနန်း တိုင်းပြည် နိုင်ငံအလုံးကို တရားသဖြင့် သိမ်းကြုံးစိုးအုပ်တော်မူသည်ကစ၍ သာသနာ, တိုင်းပြည်စီးပွားတိုးတက်အောင် ဆောင်ရွက်ရန်နှစ်ပါးတွင် မြင့်မြတ်ကဲလွန်သော လောကီ, လောကုတ္တရာတရား အကျိုးစီးပွားကို ပြီးစေခြင်းငှာ ခမည်းတော် ပဉ္စမသံဂါယနာတင် မင်းတုန်းမင်းတရား ကြီးဘုရားလက်ထက် သာသနာပြုသုဓမ္မာဝင် အပ်တော်မူသည့်အတိုင်း တံဆိပ်တော်ရဆရာတော်ဘုရားကြီး ၁၂-ပါးကို သာသနာပြုသုဓမ္မာဝင် အပ်တော်မူသည်။

ထိုသို့ ချီးမြှင့်ပြီးနောက်လည်း ကြောင့်ကြမဲ့လျစ်လျူမဖြစ်စေမူ၍ သာသနာရေးသာသနာတော်မှုများကို သုဓမ္မာဝင်ဆရာတော် တို့နှင့် ညှိနှိုင်းဆွေးနွေးတော်မူရာ သာသနာတော်မြတ် အတိုင်းထက် အလွန် စည်ပင်ပြန့်ပွားရန် အကြောင်းဖြစ်က သင့်မြတ်ရာရာချီးမြှင့် ပြုသင့်ကြောင်းနှင့် သုဓမ္မာဝင်ဆရာတော်တို့က အခွင့်ပြုကြသည်ရှိ သော်လည်း သာသနာရေး သာသနာတော်မှုဖြစ်၍ နှိုင်းချိန်စစ်ဆေး လေးစားစွာပြုသင့်သည့်အတိုင်း ဆောဆောလျင်လျင် ပြုပြင်တော်မမူ ဦးပဲ သီရိဓမ္မာသောကစသော ရှေးသာသနာပြုမင်းကောင်းမင်းမြတ်တို့ တံထွာ ရာဇာဘိသေက မုဒ္ဒါဘိသေကမင်္ဂလာ မဟာသဘင်ဆင်ယင်

တော်မူပြီးမှ သာသနာတော်ရေး သာသနာတော်မှုကို အထူးချီးမြှင့်တော်မူမည် ရည်သန်ငံ့လင့်တော်မူသည်နှင့်အညီ-

မင်းသာမန်တို့ ခံဝံ့ခဲသော ရာဇာဘိသေက မုဒ္ဓါဘိသေက သွန်းပြီး၍ ပြီးပြေသည်ရှိသော် သာသနာတော်ရေး သာသနာတော်မှု ပြုစုချီးမြှင့်တော်မူရန်ကို သုဓမ္မာဝင်ဆရာတော်တို့ အခွင့်ပြုစီရင်ရှိသည့်အတိုင်း သာသနာတော်မြတ်ကို ဓမ္မစက်ဖြင့် ကောင်းစွာအားထုတ်ဆောင်ရွက်ရန် လဇ္ဇီပေသလ သိက္ခာကာမ ဝိနယဆေက နိစ္ဆယညူ နိစ္ဆယကောသလ္လ သီလဝိသုဒ္ဓိဂုဏ်ထူးရှိသော "ဇာဂရာဘိဝံသ ကဝိဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ရွှေကျင်ဆရာ တော်, "မာလာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ တောင်တော်ဆရာတော် ဆရာတော်မြတ် ၂-ပါးကို သာသနာပြုအပ်တော်မူသည်။

ရွှေပြည်တော်မှစ၍ နိုင်ငံတော်အတွင်း သီတင်းသုံးနေသည့် ရဟန်းသံဃာတော်တို့တွင် ဝိနည်းဓမ္မကံအကြောင်းအလျောက် ဆုံးဖြတ်စီရင်ရန် ရှိသည်များကို သာသနာပြုဆရာတော် ၂-ပါးက ဆုံးဖြတ်စီရင်စေ, အမိန့်တော်ပြန်တမ်းကိုလည်း သုဓမ္မာတော်တွင် ပြန်ဆိုမြဲပြန်ဆိုစေ။

၁၂၄၃-ခုနှစ် ကဆုန်လပြည့်ကျော် ၁၁-ရက်နေ့ နံနက်ညီလာခံဆောင်တော်ရှေ့ စနူဆောင်တွင် အမိန့်တော်-

အတွင်းဝန်မင်း, မြို့စားမင်း, အတွင်းဝန်တိုင်းတာမြို့စားမင်း, အတွင်းဝန်ပေါက်မြိုင်မြို့စားမင်း, အတွင်းဝန်မြို့သစ်မြို့စားမင်း, အတွင်းဝန်လှေသင်းဝန် စလေမြို့စားမင်းတို့ ရှေ့သံတော်ဆင့် အဝေးကျိဝန် မဟာမင်းခေါင်ရာဇမှတ်၊ နာခံတော်ဦးပြားပြန်။

ပုရပိုက်ကူး သက္ကရာဇ် ၁၂၄၃-ခုနှစ် နယုန်လဆန်း ၂-ရက်နေ့တွင် ရေး။

## တောင်တော်ဆရာတော်
## သာသနာပိုင်ဖြစ်သည်ကိုစွဲ၍ ဒွေးချိုးပေါ်လာခဲ့

ယင်းသို့ တောင်တော်ဆရာတော် တန်ခိုးတောက်၍ သာသနာပိုင်ဖြစ်သည်ကို အကြောင်းပြုကာ-

တောင်တော်ရဲ့သာ၊ မာလာကင့်ဖူး။
တပင်ကို နှစ်ပင်ရှက်တယ် ကျေးငှက်ကမြူး။

ဟူသော ဒွေးချိုးသီချင်း ပေါ်လာခဲ့လေသည်။

## ဂုဏ္ဍတ္ထဝိနိစ္ဆယမှတ်တမ်း

ဝိသုဒ္ဓသီလာစာရသိရီပဝရဓမ္မသေနာပတိမဟာသံဃရာဇာ တောင်တွင်းသာသနာပိုင်ဆရာတော်ကြီးကလည်း မိမိ၏ဂုဋ္ဌတ္ထဝိနိစ္ဆယကျမ်း နိဂုံး၌-[၁]

မာရာဇိရတ္နာထူပဿ၊
ဒါယကဿ စ ရာဇိနော။
ကာလေ မာလာဒိနာမိကော။

မာရာဇိရတ္နာထူပဿ= မာရ်အောင်ရတနာ ဘွဲ့မည်သာ၍ ကြေငြာလွှမ်းကျော် စေတီတော်၏။ ဒါယကဿ= လှူဒါန်းကော်ရော် ပူဇော်သော ဒါယကာဖြစ်တော်မူသော။ ရာဇိနော စ= မန္တလေး ရတနာပုံရွှေနန်းကို နှစ်ကြိမ်မြောက် စံမြန်းတည်ထောင်တော်မူသော မင်းတရားကြီး၏။ ကာလေ= လက်ထက်တော်၌။ မာလာဒိနာမိကော= "မာလာလင်္ကာရသာသနဓဇဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်နာမံ အမည်ခံရသော။ သံဃိန္ဒော စ= သာသနာပိုင်ဆရာတော်ကြီးလည်းကောင်း-ဟူ၍ မှတ်တမ်းပြုတော်မူခဲ့လေသည်။

---

၁။ ဂုဋ္ဌတ္ထဝိနိစ္ဆယ။ ဒုတိယ။ ၅၁၈၊ ၅၂၁၊ ၅၂၂။

## ဘွဲ့တံဆိပ်တော် ၃-ထပ်ရရှိခြင်း

တောင်တော်သာသနာပိုင်ဆရာတော်မှာ ဘွဲ့တံဆိပ်တော် ၃-ထပ်ရခြင်းသည် ပဉ္စမသံဂါယနာတင် မင်းတုန်းမင်းတရား ဆက်ကပ်လှူဒါန်းသည့် "မာလာလင်္ကာရသိရိပဝရမဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်, ၁၂၄၃-ခုနှစ်တွင် သီပေါမင်းတရား ဆက်ကပ်လှူဒါန်းသည့် "မာလာလင်္ကာရသာသနဓဇဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်, ၁၂၄၆-ခုနှစ်တွင် သီပေါမင်းတရားပင် ဆက်ကပ်လှူဒါန်းသည့် "မာလာလင်္ကာရဓဇဓမ္မသေနာပတိအတုလာဓိပတိသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" ဟူသော ဘွဲ့တံဆိပ်တော်အားဖြင့် ဘွဲ့တံဆိပ်တော် ၃-ထပ်ရ ဆရာတော်ဖြစ်လေသည်။

## သာသနာပိုင် လုပ်ငန်းများ

တောင်တော်သာသနာပိုင်ဆရာတော်သည် သာသနာပိုင်ဆရာတော်အရာကို ခံယူတော်မူပြီးနောက် သံဃာချင်းဖြစ်ပွားသည့် ဝိနည်းသိက္ခာပုဒ်မှု, အငြင်းပွားမှု-စသည်တို့ကို အဆုံးအဖြတ်ပေးရခြင်း, ဂိုဏ်းထောက်, ဂိုဏ်းအုပ်, ဂိုဏ်းချုပ်ခန့်ထားခြင်း, အခါ အားလျော်စွာ ဥပဒေစည်းကမ်းအမိန့်တော်များ ထုတ်ပြန်ရခြင်း စသည်တို့ကို သက်ဆိုင်ရာထံ တံဆိပ်ရ, မရဆရာတော်များနှင့် တိုင်ပင်၍ ထုတ်ပြန်တော်မူရလေသည်။

ဤနေရာ၌ လိုအပ်သဖြင့် တောင်တော်သာသနာပိုင် ထုတ်ပြန်ခဲ့သော အမိန့်တော်အချို့ကို ထုတ်ပြဦးအံ့။

## သက္ကရာဇ် ၁၂၄၅–ခုနှစ် ရွှေမြို့တော်မှစ၍ နိုင်ငံတော် အတွင်းရှိ တံဆိပ်တော်ရ, မရ တိုက်အုပ်, တိုက်ကြပ်တို့နှင့် ဂိုဏ်းအုပ်, ဂိုဏ်းထောက်တို့ကို ဆင့်ဆိုပေးအပ်ရန် သာသနာပြုဆရာတော်ဘုရားကြီး၏ အမိန့်တော်

၁-အမှတ်။ ။ ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ရေမြေ့ရှင် ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများရှင် အသျှင်ဘဝရှင် မင်းတရားကြီး။

ဆရာတော် အမိန့်ရှိလိုက်သည်။ ရွှေမြို့တော် လေးပြင် တံဆိပ်တော်ရ,မရ တိုက်အုပ်,တိုက်ကြပ်တို့နှင့် ရွှေပြည်တော်မှစ၍ နိုင်ငံတော်အတွင်းရှိ ဂိုဏ်းအုပ်, ဂိုဏ်း ထောက်ပုဂ္ဂိုလ်တို့ ကပ်ဦးအစ မဟာသမ္မတ သကျနွယ်စဉ် အာဒိစ္စနွယ်ဝင်မင်းမျိုး နေရိုးအစစ်ဖြစ်တော်မူသော ငါတို့ သာသနာ့ဒါယကာ မဟာဓမ္မရာဇာ တရားမင်းမြတ်သည် လောကသုံးပါး၌ မင်းဆုံးဓမ္မရာဇ် ဖြစ်တော်မူသော မြတ်စွာဘုရားသာသနာတော်၌ တုန်လှုပ်ခြင်းမရှိသော အစလသဒ္ဓါတော်မြတ်ဖြင့် အလွန်သက်ဝင်ယုံကြည်တော်မူသည်နှင့်အညီ သာသနာတော်သုံးပါးတို့တွင် ပရိယတ္တိ သာသနာတော်တည်း ဟူသော အမြစ်ပင်စည် ဖြစ်ထွန်းကြီးပွားမှ ပဋိပတ္တိသာသနာတော်တည်းဟူသော သီလမုတင် သမထ ဝိပဿနာတည်းဟူသော အပွင့်အသီးဖြစ်ထွန်းရာသည် ပဋိပတ္တိ သာသနာ တော်တည်းဟူသော အသီးအပွင့်ဖြစ်ထွန်းမှလည်း ပဋိဝေဓ သာသနာတော်တည်းဟူသော မဂ်ဉာဏ်, ဖိုလ်ဉာဏ်, နိဗ္ဗာန် ဟူသော အရသာထူးကို ခံစားသုံးဆောင်ရမည်ဖြစ်သည်။

သာသနာတော်၌လည်း အလဇ္ဇီဒုဿီလ ပါပသမာစာရ ပုဂ္ဂိုလ်တို့ ပေါ်ထွန်းကွက်ကြားမရှိ လဇ္ဇီပေသလ သိက္ခာ ကာမ သီလဝန္တ[၁] ပုဂ္ဂိုလ်တို့သာ ပေါ်ထွန်းစည်ကားရှိမှလည်း

---

၁။ လဇ္ဇီပေသလဝန္တ မစ္စတာတော်စိန်ခိုလွှတ်တော်မှတ်တမ်း။

မြတ်စွာဘုရားသာသနာတော်သည် ရောင်ခြည်တထောင် ထွန်းဆောင်သော ဘာဏုရာဇာ စကြာရဝိ လင်းလင်းငြိ သကဲ့သို့ တိုးတက်စည်ကား ပြန့်ပွားခြင်းဟူသော ဝုဍ္ဍိဝေပုလ္လ အဖြစ်သို့ ရောက်သဖြင့် ထွန်းလင်းတောက်ပခြင်းဖြစ်၍ အစွန့်ရှည်စွာ ဖြစ်ထွန်းစည်ကား ပြန့်ပွားခြင်းဖြစ်မည်။ ထိုသို့အစရှိသည်ဖြင့် သာသနာတော် ထွန်းပေါ်တောက်ပခြင်းနှင့် စပ်သည့်အရာများကို ကြံရည်တော်မူပြီးလျှင် ဆရာတော်ကို ရွှေနန်းတော်သို့ ပင့်ဆောင်တော်မူ၍ ပွတ်သစ်စသော ခရုသင်းသည် အလွန်ပင် ဖြူစင်ခြင်းဖြစ်သကဲ့သို့ သာသနာတော်မြတ်သည်လည်း အလွန်ဖြူစင်သန့်ရှင်းသဖြင့် တနေ့တခြား ပြန့်ပွားစည်ပင်ဖြစ်အောင် အားထုတ်တော်မူပါမည့်အကြောင်းနှင့် လျှောက်ထားတော်မူသည် ဖြစ်သည်။

ရွှေမြို့တော်လေးပြင် တံဆိပ်တော်ရ,မရ တိုက်အုပ်တို့နှင့် နိုင်ငံတော်အတွင်းရှိ ဂိုဏ်းအုပ်, ဂိုဏ်းထောက်ပုဂ္ဂိုလ်တို့လည်း သာသနာတော်မြတ်ကြီး၏ စည်ပင်ထွန်းလင်း ပြန့်ပွားခြင်းဖြစ်မည်များကို ညီညာရိုင်းပင်း၍ ပြုသင့်ပြုထိုက်သည့်ပုဂ္ဂိုလ်များ ဖြစ်သည့်အတိုင်း မိမိတို့ အုပ်ထိန်းကြည့်ရှုသည့်တိုက်တာ, ဂိုဏ်းများအတွင်း ခိုမှီးနေထိုင်ကြသည့် ရဟန်းသာမဏေတို့ ဝိနည်းသိက္ခာပုဒ်တော်နှင့်အညီ ကျင့်ဆောင်နေထိုင်စေရန် ယခုပေးအပ်သည့် ကျင့်ဝတ်ဥပဒေကို အပွေါသုတ္တ= ကြောင့်ကြမဲ့မပြုမူ၍ မိမိတို့တိုက်တာ ဂိုဏ်းအတွင်းများမှာ ပြန့်နှံ့အောင် ဆင့်ဆိုပေးအပ်သည့် ဥပဒေတော်အတိုင်း တည်းတည်းကြပ်ကြပ် ဆုံးမသြဝါဒပေး၍ နေထိုင်ကြစေ။ ။

## ရွှေမြို့တော် ၄-ပြင်ရှိ တံဆိပ်တော်ရ, မရ တိုက်အုပ် တိုက်ကြပ် ရဟန်းသံဃာတော်တို့နှင့် ရွှေကြိုးသတ်မှတ် ပိုင်းခြားထားသည့် ပဌမဥာန ဝေပုံပါ မြို့ ရွာ ဂိုဏ်းအုပ် ဂိုဏ်းထောက် ဂိုဏ်းသံဃာတို့ ဝိနည်းသိက္ခာပုဒ်တော်နှင့်အညီ ကျင့်ကြံနေထိုင်စေရန် အမိန့်တော်ရ တံဆိပ်တော်ရဆရာတော် ၇၃-ပါးတို့ သဘောတူညီပြဋ္ဌာန်း ပိုင်းခြားထားကြသည့် ၃၄-ချက် ကျင့်ဝတ်ဥပဒေ¹

၁။ ရွှေမြို့တော် ၄-ပြင်ရှိ တံဆိပ်တော်ရ, မရ တိုက်အုပ်, တိုက်ချုပ်တို့မှာ မြတ်စွာဘုရားသာသနာတော် အရှည်သဖြင့် တည်ထွန်းပြန့်ပွားစေခြင်းငှာ တပည့်ပရိသတ်တို့ကို သာပတ္တိက အနာပတ္တိက-စသော ဝိနည်းအဆုံးအဖြတ်နှင့်တကွ ပြသဆုံးမ လောက်အောင် ဥဘတောဝိဘင်းကို လေ့ကျက်ရမည်။

၂။ တိုက်တွင်းရှိရဟန်းတို့မှာ ဝိနည်းတရားတော်သည်သာ သာသနာတော်အရှည်တည်ထွန်းခြင်း အကြောင်းဖြစ်၍ ဒွေ မာတိကာများကို ဝါစုဂ္ဂတပြုပြီးလျှင် နေ့စဉ်မပြတ် ဝတ်တက် ဝတ်ကပ်ရာတို့၌ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းကို ပြုကြရမည်။

၃။ တိုက်တွင်းရှိသာမဏေတို့မှာ ဆရာဖြစ်သူတိုက်အုပ်, တိုက်ချုပ်တို့က လိင်, ဒဏ်, သေခိယ, စုဒ္ဒသခန္ဓကဝတ်ပါဠိ, အနက်များကို သင်အံလေ့ကျက် ဆောင်ရွက်စေခြင်း, သီလ သိက္ခာပုဒ်၌ ထိန်းသိမ်းစောင့်ရှောက် လိမ္မာယဉ်ကျေးအောင် ဆုံးမခြင်းများကို ပြုစေကြရမည်။

---

၁။ ယင်းဥပဒေများမှာ ၁၂၄၅-ခုနှစ် နယုန်လဆန်း ၁၃-ရက်နေ့က တောင်တော်သာသနာပိုင်အမှူးရှိသော တံဆိပ်တော်ရဆရာတော် ၇၃ (၇၂)ပါးတို့ ထုတ်ဆင့်တော်မူခဲ့ကြသည်။

၄။ မိမိတို့ တိုက်တွင်းရှိ ရဟန်းခံထိုက်သည့် သာမဏေတို့ကို ဥပသမ္ပဒကံသို့ တင်ဆောင်ကြသည့် အရာမှာ အမိဋ္ဌာန်လောက်သည့် သပိတ်သင်္ကန်းတို့ကို ရှေးဦးစွာ ပြည့်စုံစေ၍ ဥပသမ္ပဒလက္ခဏာတို့နှင့် ညီညွတ်အောင်ပြုလုပ်သဖြင့် ဥပသမ္ပဒကံသို့ တင်ဆောင်ပြီးသော် ဝိနည်းသိက္ခာပုဒ်တော်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၌ လိမ္မာယဉ်ကျေးစေခြင်းငှာ ဒွေမာတိကာကို သတ္တိဗျတ္တိအားလျော်စွာ သင်ကြားလေ့ကျက်ဆောင်ရွက်စေ၍ နေ့စဉ်မပြတ် ဝတ်တက်ဝတ်ကပ်များတွင် ရွတ်ဖတ်သရဇ္ဈာယ်ခြင်းကို ပြုစေရမည်။

၅။ မိမိတို့တိုက်တွင်းရှိ တပည့်လူငယ်တို့ကို ရှင်သာမဏေပြုကြသည့်အရာမှာ နိဂ္ဂဟိတန္တ, မကာရန္တ ၂-ပါးတို့တွင် တပါးပါးဖြင့်သာ သရဏဂုံကို ပီပြင်စွာရွတ်နိုင်အောင် သွန်သင်ပြသပြီး၍ ဥဘတောသုဒ္ဓိဖြစ်အောင် ရှင်သာမဏေပြုပြီးလျှင် ပစ္စဝေက္ခဏာ, လိင်, ဒဏ်, သေခိယ, စုဒ္ဒသခန္ဓကဝတ် ပါဠိအနက်များကို သာမဏေတို့ သတ္တိဗျတ္တိအားလျော်စွာ လရက်နှင့် ရမိအောင် ကျက်စေ၍ နေ့စဉ်မပြတ် ဝတ်တက်ဝတ်ကပ်ရာတွင် ရွတ်ဖတ်သရဇ္ဈာယ်ခြင်းကို ပြုစေကြရမည်။

၆။ သံဃာအနည်းအများ အနီးအဝေးကို ထောက်၍ ဥပုသ်ခေါင်းခန့်ထားလျက် ရှိသည့်သံဃာတို့မှာ သံဃာလုံလောက်သည့်အရာဖြစ်လျှင် အညီအညွတ်စည်းဝေးစေ၍ သုတ္တုဒ္ဒေသသံဃဥပုသ်, သံဃာမလောက်လျှင် ပါရိသုဒ္ဓိဥပုသ်တို့ကိုပြု၍ မမ္မသာကစ္ဆာဖြစ်အောင် တရားစကားတို့ကို ဆွေးနွေးမေးမြန်းပြောဆိုကြရမည်။

၇။ တိုက်တွင်းရှိ ရဟန်းသာမဏေတို့မှာ ဆွမ်းစားသောက်သည့်အခါတို့၌ သက္ကစ္စစသောအမူအရာတို့နှင့် ပြည်စုံစွာပြု၍ စားသောက်ခြင်းဖြစ်အောင် ဆရာပြုလုပ်သူတို့က သေခိယ

သိက္ခာပုဒ်တော်နှင့်အညီ သွန်သင်ပြသ အကြိမ်ကြိမ်ဆုံးမကြရမည်။

၈။ မိမိတို့နေရာ တိုက်တွင်းမှာသော်လည်း သင်္ကန်းဝတ် ခြင်း, ရုံခြင်း, သွားခြင်း, လာခြင်းတို့ကို ပြုသည့်အရာတို့၌ လိမ္မာသိမြင်ဝတ်ရုံသွားလာခြင်းရှိအောင် နိဝါသပါရုပနသိက္ခာ ပုဒ်တော်နှင့်အညီ သွန်သင်ပြသ အကြိမ်ကြိမ်ပြောဆိုဆုံးမကြ ရမည်။

၉။ မိမိတို့နေရာ တိုက်တာအာရာမ်မှထွက်၍ မြို့တွင်းရွာတွင်းသို့ ထွက်ဝင်သွားလာသည့်အခါတို့၌လည်း ပရိမဏ္ဍလ သုပ္ပဋိစ္ဆန္နသိက္ခာပုဒ်တော်နှင့်အညီ အဝန်းညီစွာဝတ်ပြီး ခါးပန်းကြိုးဖွဲ့စည်းခြင်း, လည်လက်ကောက်ဝတ်တို့ကို ဖုံးလွှမ်းခြင်း, အဝန်းညီစွာရုံခြင်း, ကမွတ်သီးတပ်၍ အောက်သို့ချသော မျက်လွှာကို ဖြစ်စေပြီးလျှင် သာမဏေသာရုပ္ပပါသာဒိကဖြစ် အောင် ထွက်ဝင်သွားလာခြင်းအမှုတို့ကို ပြုစေကြရမည်။

၁၀။ နံနက်အခါဖြစ်စေ, နေလွဲအခါဖြစ်စေ မြို့တွင်းရွာတွင်းသို့ ဝင်သွားသည့်အခါတို့၌လည်း ဆရာကို ပန်ကြားရာသော အာစရိယဝတ်နှင့်တကွ ဂါမပဝိသနသိက္ခာပုဒ်ရှိသည်အားလျော်စွာ ပြုသင့်ကြသည့်အတိုင်း အဆောတလျင်ပြုအပ်သော အကြောင်းမရှိလျှင် ဥပဇ္ဈာယ်တို့ကို ပန်ကြား၍ ဝင်သွားစေခြင်း, ဆရာဥပဇ္ဈာယ်တို့မရှိလျှင် ထင်ရှားရှိသောရဟန်းတို့ကို ပန်ကြား၍ ဝင်သွားစေခြင်းတို့ကို ပြုစေကြရမည်။

၁၁။ မြို့တွင်းရွာတွင်းသို့ ဝင်သွားနေထိုင်သည့်အခါလည်း ဝတ်ရုံသည့်သင်္ကန်းကို မြှောက်ပင့်၍ သွားလာနေထိုင်ခြင်းမရှိအောင် ဥက္ခိတ္တကာယသိက္ခာပုဒ်တော်နှင့်အညီ ပြောဆိုဆုံးမ ဩဝါဒပေးကြရမည်။

၁၂။ ထီးကို ဆောင်းကြသည့်အရာမှာ စီဝရကုတ္တစသော အကျိုးကို ပြုရန်အခွင့်နှင့်တကွ သည်းခြေနာစသော အကြောင်း မရှိပဲလျက် ထီးကို ဆောင်းမိုး၍သွားလာခြင်းတို့မှ ရှောင်ကြဉ် ခြင်းအမှုတို့ကို ပြုစေကြရမည်။

၁၃။ ဝတ်ရုံသောသင်္ကန်းမှာလည်း မအပ်သောဆိုးရည်ဖြင့် ဆိုး၍ မအပ်သောအရောင်အဆင်းဖြစ်သည်ဟု သိမြင်လျှင် ထိုမအပ်သောဆိုးရည်နှင့်တကွ မအပ်သောအရောင်အဆင်း တို့မှ ပျောက်ကင်းစေခြင်းငှာ ဖွတ်လျှော်ပြီးလျှင် အပ်သော ကပ္ပိယဆိုးရည်ဖြင့် တဖန်ဆိုး၍ ဝတ်ရုံသုံးဆောင်ခြင်းကို ပြုစေ ကြရမည်။

၁၄။ နေ့စဉ်မပြတ် ဝတ်တက်ဝတ်ကပ်ခြင်းတို့ကို ပြုရာ၌ လည်း ရဟန်းတို့မှာ ဒွေမာတိကာပါဠိနှင့်တကွ ဒသမ္မေသုတ်, ပရိတ်တော်, ဂုဏ်တော်များကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်း, သာ-မဏေတို့မှာ ပစ္စဝေက္ခဏာ, လိင်, ဒဏ်, သေခိယ, စုဒ္ဒသ ခန္ဓကဝတ်, ဒွတ္တိံသကာရကမ္မဋ္ဌာန်းများကို ရွတ်ဖတ်သရဇ္ဈာယ် ခြင်းအမှုတို့ကို ပြုစေကြရမည်။

၁၅။ ကပ္ပိယကာရကမရှိပဲ သင်္ကန်း, သပိတ်, ပရိက္ခရာတို့ကို ကိုယ်တိုင်လဲလှယ်ရောင်းဝယ်ခြင်း, ရွှေ, ငွေအနာမာသနိဿဂ္ဂိယ ဒုက္ကဋ် အကပ္ပိယဝတ္ထုတို့ကို ခံယူသုံးဆောင်ခြင်းအမှုတို့ကို မပြုမကျင့်ရအောင် တားမြစ်ပြောဆိုကြရမည်။

၁၆။ ပစ္စည်းလေးပါးကို အကြောင်းပြု၍ ပြည်သူ, ဒါယကာ, ဒါယိကာမတို့ထံ မအပ်မရာသော ဝိညတ်ပရိယာယ် ဩဘာ နိမိတ် ကုဟနလပနသာမန္တဇပ္ပနက္ကရိယာပထသဏ္ဌာပနစသည် တို့ကို ပြုကျင့်ခြင်း, ဗေဒင် ယတြာ ဂါထာမန္တာန် ထိုးကွင်း လက်ဖွဲ့ ခါးလှဲ့အင်းအိုင် ရွှေလုပ်ငွေလုပ်-စသော သာသနာ တော်မှအပ ဗုဒ္ဓပဋိကုဋ္ဌဖြစ်သော ဗာဟိရအတတ်တို့ကို လေ့

ကျက်လုပ်ဆောင်သောအမှု, မဂ်ဖိုလ်မှဖီလာဆရာ ဖီဆန်ကြောင်း ဖြစ်သော တိရစ္ဆာနကထာစသော စကားတို့ကို ပြောဆိုခြင်း အမှုတို့ကို ပြုကျင့်ပြောဆိုခြင်းမရှိရအောင် ဆုံးမတားမြစ်ကြ ရမည်။

၁၇။ လောကီဖြစ်သော လူတို့၏ လေ့ကျက်အပ်သော ရတု, ရကန်, အဲ, အန်, သီချင်း-စသည်တို့ကို ရွတ်ဖတ်ပြောဟော သရဇ္ဈာယ်ခြင်း, ပါဠိ, အဋ္ဌကထာ-စသောစကား ကျမ်းဂန်တို့နှင့် မစပ်မဆိုင်မခိုင်မခန့်သော ဝတ္ထုသက်သေတို့ကို လေ့လာကျက်မှတ်၍ စရပ်တန်ဆောင်း ဂူကျောင်းဘုရား ရပ်ကွက်ရပ်ကြားတို့၌ ပြောဟောခြင်းအမှုတို့ကို မပြုမကျင့်ရအောင် ဆင့်ဆိုတားမြစ်ကြရမည်။

၁၈။ တိုက်တွင်း, ဂိုဏ်းတွင်းရှိ ရဟန်းသာမဏေတို့ကို ဘုရားခွင့်ပြုတော်မူအပ်သော အနုညာတဖြစ်သူတို့မှ တစ်ပါးသောသူတို့အား ပစ္စည်းလေးပါးကို တောင့်တ၍ သစ်သီးပေးခြင်း, ပန်းပေးခြင်း, ဆေးကုခြင်း-စသော ကုလဒူသနရှစ်ပါး, အနေသန ၁၂-ပါးတို့ကိုလည်း မပြုမကျင့်စေမူ၍ ရှောင်ကြဉ်ထိန်းသိမ်းအောင် ပြောဆိုဆုံးမကြရမည်။

၁၉။ အမိ,အဖစသော ဆွေမျိုးဖြစ်သူတို့မှတစ်ပါး အဆွေမတော်သော အညာတိကဖြစ်သူတို့၏ အမှုကိစ္စများသည် ရတနာသုံးပါးနှင့် စပ်သောအမှုမဟုတ်လျှင် မပြုသင့်သော ဂိဟိကမ္မအမှုကိစ္စဖြစ်၍ ထိုအမှုတို့ကို ရဟန်းသံဃာတို့ မပြု မကျင့်ရအောင် တည်းတည်းကြပ်ကြပ် ဆုံးမတားမြစ်ကြရမည်။

၂၀။ ပြည်သူ, ဒါယကာ, ဒါယိကာမတို့ ကုသိုလ်ကောင်းမှုပြုလို၍ သံဃဒါနဆွမ်းလောင်းသည့်အခါများမှာ လှူဒါန်းသူ ဒါယကာ, ဒါယိကာမတို့ သဒ္ဓါတရားဆုတ်ယုတ်ပျက်ပြားခြင်းမှ ကင်းလွတ်၍ သဒ္ဓါတရား တိုးတက်ပွားများခြင်းဖြစ်အောင်

အတိုးအလျှော့မရှိစေရ၊ ရဟန်းတို့၏ အမူအရာအသွင်ဖြင့် ပြည့်စုံစွာ သွားလာခံယူစေခြင်းအမှုတို့ကို ပြုကျင့်ရအောင် သတိပေးသဖြင့် ဆုံးမပြောဆိုကြရမည်။

၂၁။ မိမိတို့ထိန်းသိမ်းသည့် တိုက်တွင်း ဂိုဏ်းတွင်းရှိ ရဟန်းသာမဏေတို့အား အမူအရာမဟုတ် ဘုရားစက်ဆုပ်တော်မူအပ်သော လူတို့ကဲ့သို့ အချင်းချင်းခိုက်ရန်ဖြစ်ပွား၍ တုတ်လက်နက်စွဲကိုင် ရိုက်ခြင်း, ခက်ထန်မောင်းနှင်း နှင်ဟယ် ဆိုခြင်း, လက်သီးလက်ရုံးတမ်းခြင်းအမှုတို့ကို အပြုအကျင့် မရှိရအောင် နိုင်နိုင်နင်းနင်း ဆင့်ဆိုတားမြစ်ကြရမည်။

၂၂။ မိမိတို့မှာ ပြုလုပ်ရန် နဝကမ္မအမှုရှိလျှင် မိမိတို့အဆွေတော်သော ဉာတိကဖြစ်သူနှင့် အလိုရှိလျှင် တောင်းတော်မူပါဟု ဖိတ်မံဘူးသော ပဝါရိတဖြစ်သူတို့မှတပါး မင်းမှူးမတ်တို့နှင့်တကွ ပြည်သူစသော အညာတိကအပဝါရိတဖြစ်သူတို့ထံ သွားလာချဉ်းကပ်၍ ရဟန်းတို့နှင့်မအပ်သော ရွှေငွေအနာမာသနိဿဂ္ဂိယဝတ္ထု၊ ဖျင်ပုဆိုးစသော ကပ္ပိယဝတ္ထု, ပုလဲပတ္တမြားစသော ဒုက္ကဋ်ဝတ္ထုတို့ကို မအပ်သောတောင်းခြင်းဖြင့် အတောင်းအခံမရှိရအောင် ဆရာဖြစ်သူတို့က တည်းတည်းကြပ်ကြပ် ဆင့်ဆိုတားမြစ်ကြရမည်။

၂၃။ အာရာမ်တွင်း အာရာမ်ပြင်ပဖြစ်သော အရပ်ခပ်သိမ်းတို့၌ မိမိထက်သိက္ခာဝါကြီးသော သီတင်းကြီးပုဂ္ဂိုလ်တို့ကို တွေ့မြင်လျှင် ရိုသေစွာရှောင်လွှဲ၍ ခရီးပေးခြင်း-စသော ရိုသေကျိုးနွံကောင်းမွန်သော အခြင်းအရာတို့ကို ပြု၍ သွားလာစေခြင်းအမှုတို့ကို ပြုကျင့်စေရမည်။

၂၄။ ယမန်နေ့က အကပ်ခံအပ်ပြီးသော ကွမ်းဆေးစသည်တို့ကို ယနေ့ အကပ်ခံအပ်သော ယာဝကာလိက, ယာမကာလိက ၂-ပါးတို့နှင့် ရောနှော၍ သုံးဆောင်ကြလျှင် သန္နိဓိ

ဖြစ်ရာသောကြောင့် ထိုသန္နိဓိအဖြစ်မှ လွတ်ကင်းစေခြင်းငှာ သန္နိဓိဖြစ်သင့်သော ကာလိကတို့နှင့် အရောအနှောမရှိစေရ သန့်ရှင်းစင်ကြယ်စွာပြု၍ သုံးဆောင်ကြရမည်။

၂၅။ နေ့ညဥ့်မဆို မြို့တွင်းရွာတွင်းများသို့ လှည့်လည်သွားလာပြီးလျှင် ဝိနည်းသိက္ခာပုဒ်တော်နှင့် မလျော်သူတို့နှင့် ရောနှောပွမ်းတီးလျက် စကားပြောဟောခြင်း စသည်တို့ကိုပြုသဖြင့် နေ့ရက်ကုန်စေခြင်း သင်္ဂဏိကာရာမ, ကမ္မာရာမစသော အကြောင်းတို့ဖြင့် ပေါင်းသင်းဆက်ဆံပျော်မွေ့လိုသည်ဖြစ်၍ တတိုက်မှသည်တတိုက်, တကျောင်းမှသည်တကျောင်းသို့ သွားလာခြင်းအမှုတို့ကို မပြုမကျင့်စေရ၊ မြတ်စွာဘုရားအလိုတော်ရှိအပ်သော ဂန္ထဓူရ, ဝိပဿနာဓူရဌတရား ၂-ပါးတို့ကိုသာ အားထုတ်ကျင့်ကြံနေထိုင်ကြအောင် တိုက်တွင်း, ဂိုဏ်းတွင်းရှိ ရဟန်းသာမဏေတို့ကို ပြောဆိုဆုံးမကြရမည်။

၂၆။ သူတပါးတို့၏ တိုက်တာအာရာမ်သို့ ဝင်သွားမည့်အခါလည်း ဖိနပ်ရုပ်ခြင်း, ထီးရုပ်ခြင်း, သင်္ကန်းကို ညီညွတ်ကောင်းမွန်စွာပြုလျက် လက်ကတော့ထိုးခြင်းစသော အာဂန္တုကပုဂ္ဂိုလ်တို့ ပြုရသောဝတ်နှင့် ပြည့်စုံစွာ ပြုလုပ်ပြီးမှ ဝင်သွားရှိကြအောင် ဆရာ ဆရာဖြစ်သူတို့က သွန်သင်ပြသပြောဟောကြရမည်။

၂၇။ မိမိတို့တိုက်အတွင်း မိမိတို့ကိုယ်နှင့်တကွ တိုက်တွင်းရှိကျောင်းနေပုဂ္ဂိုလ်တို့မှာ ကျွဲနွားတို့နှင့်တကွ သူတပါးတို့ထံမှ - ငှားရမ်းသောကျွဲနွားတို့ကို လှည်းဖြင့်ကသဖြင့် ဂိလာနအကြောင်းကိုကြဉ်လျက် ပျော်ရွှင်မြူးတူးပလွှားလိုသော စိတ်ရှိ သည်ဖြစ်၍ ထိုမှဤမှ သွားလာခြင်းမရှိစေရ၊ ရှောင်ကြဉ်ကြရမည်။

၂၈။ မြစ်ချောင်းကမ်းနား နေထိုင်ကြသော ရဟန်းသာမဏေတို့မှာလည်း မြူးတူးပျော်ပါး ကစားလိုသောစိတ်ဖြင့် မြစ်ရိုး

ချောင်းရိုးများ၌ လှေလောင်းများကို လူတို့ကဲ့သို့ ပလွှားခြင်းကိုပြု၍ လှော်သွား စုံဆန်ကူးသန်းမရှိစေရ၊ ဆရာဖြစ်သူတို့နှင့်တကွ ရှောင်ကြဉ်ထိန်းသိမ်းကြရမည်။

၂၉။ သာသနာတော်၏ ကြောင့်တံကျင်သဖွယ်ဖြစ်၍ ရဟန်းသာမဏေတို့နှင့် မလျော်မလျောက်ပတ်သည့် လှေပွဲ ဆင်ပွဲ, မြင်းပွဲသဘင် ပျော်ရွှင်မြူးတူးပြိုင်ဆိုင်ရာအရပ်သို့ သွားလာကြည့်ရှုနေထိုင်ခြင်း, ဆိုင်းဇာတ်ရုံရုပ်စုံပွဲသဘင်မှစ၍ အရပ်ရပ်ပွဲသဘင်များကို မိမိတို့ ကာယပယောဂ, ဝစီပယောဂပြု၍ အတီး, အမှုတ်, အကြည့်အရှုမရှိ၊ ဟော့ရမ်းသော့သွမ်းသူ လူတို့အလေ့အလာဖြစ်သော ကစားလောင်းစားမှုများကိုလည်း မပြုမလုပ်စေရအောင် တည်းတည်းကြပ်ကြပ်ဆင့်ဆိုတားမြစ်ကြရမည်။

၃၀။ ဒုံးရှို, ပြောက်ခွဲ, မီးပန်း, မီးကျည်, မီးအိမ်ပျံစသည်တို့ကို ပြုလုပ်၍ ရှို့ခြင်း, လွှတ်ခြင်းအမှုတို့သည် ရဟန်းသာမဏေတို့နှင့် မလျောက်ပတ်သော အသာရုပ္ပအမှုဖြစ်၍ ထိုအမှုတို့ကို မပြုမကျင့်စေခြင်းငှာ ရဟန်းသာမဏေတို့ကို တည်းတည်းကြပ်ကြပ်ဆင့်ဆိုကာ တားမြစ်ကြရမည်။

၃၁။ မြို့တွင်းမြို့ပြင်, ရွာတွင်းရွာပြင်တို့၌ ရောင်းဝယ်ဖောက်ကားရာဖြစ်သော ဈေးပြင်ကန္တားရပ်တို့သည် ယောကျ်ားမိန်းမတို့ဖြင့် ရောနှောပွမ်းတီးရာအရပ်ဖြစ်၍ ရဟန်းသာမဏေတို့ သွားလာခြင်းငှာ လျောက်ပတ်သောအရာ မဟုတ်ကြသောကြောင့် ထိုအရပ်သို့ လှည့်လည်သွားလာ ကြည့်ရှုတိုးဝှေ့ခြင်း မရှိရအောင် ရဟန်းသာမဏေတို့ကို တရားလမ်းပြ၍ ဆုံးမ ဩဝါဒပေးကြရမည်။

၃၂။ မင်းကျွန်ဖြစ်သူ၊ သူခိုးဒမြဖြစ်သူ၊ သူပုန်ဖြစ်သူ၊ သူတပါးတို့ ကြွေးမြီတင်ရှိသောသူ၊ အမိအဖတို့ ခွင့်မလွှတ်သောသူတို့သည် ချမ်းသာရာရလိုသည်ဖြစ်၍ ရဟန်းသာမဏေပြုလုပ်ခြင်းငှာ မိမိတို့ထံသို့ ခိုဝင်လျှင် ထိုသူတို့ကို အစိုးရပြုလုပ်၍ ရဟန်းသာမဏေပြုခြင်းမှ ရှောင်ကြဉ်ခြင်း ပြုလုပ်လိုလျှင် ထိုသူတို့ကို အစိုးရသောသူတို့ထံ စေလွှတ်သဖြင့် အနူးအညွတ်တိုင်ကြား ခွင့်ပန်စေ၍ အခွင့်ကိုရမှ ပြုကြရမည်။

၃၃။ ရဟန်းသာမဏေတို့သည် ကျွဲသေ၊ နွားသေများကို တွေ့မြင်ရှိလျှင် ပံသုကူသညာဖြင့် ကောက်ယူခြင်း၌ ဝိနည်းအပြစ်မရှိသော်လည်း လျှပ်ပေါ်လော်လီခြင်းဟူသော လောလုပ္ပတဏှာဖြင့် ဘဏ္ဍနကာရကစသည် မဖြစ်စေခြင်းငှာ အကောက်အယူမရှိ ရှောင်ကြဉ်ကြရမည်။

၃၄။ (က) ပဋိပတ္တိဓမ္မကို ကြိုးစားအားထုတ်သည့် ရဟန်းမှတပါး ပရိယတ္တိဓမ္မကို အားထုတ်သည့်ရဟန်းသာမဏေတို့မှာ ဆရာဖြစ်သူတို့က သင်ကြားကာမတ္တ မဖြစ်စေရ၊ သဒ္ဒနယ၊ အတ္ထနယနှင့်တကွ အနက်အဓိပ္ပါယ်တို့ကို သိမြင်လိမ္မာအောင် ဆောင်ရွက်စေ၍ လျှောက်ပတ်သည့်အခါ၌ ၎င်းသင်ကြားသည့် ကျမ်းဂန်များကို ဓမ္မသာကစ္ဆာဖြစ်အောင် အချင်းချင်းဆွေးနွေး မေးမြန်းစေရမည်။

(ခ) ပဋိပတ္တိဓမ္မကို အားထုတ်ကျင့်ဆောင်လိုသော ရဟန်းသာမဏေတို့ကို ဆရာဖြစ်သူ ကျမ်းဂန်အရာလိမ္မာနားလည်သည့်ပုဂ္ဂိုလ်တို့က သီလဝိသုဒ္ဓိဖြစ်အောင် ပါတိမောက္ခသံဝရသီလပြည့်စုံရာသော ကျင့်ဆောင်အပ်သည့် နည်းသဘောအဓိပ္ပါယ်အယူအဆ ဝါဒများနှင့်တကွ ဣန္ဒြိယသံဝရသီလ၊ အာဇီဝပါရိသုဒ္ဓိသီလ၊ ပစ္စယသန္နိဿိတသီလ ပြည့်စုံရာသော ဩဝါဒဓမ္မကထာ စိတ္တသမာဓိဖြစ်အောင် အားထုတ်ရာသော

နည်းများကို မှတ်သားလေ့လာစေ၍ ယထာဓမ္မ, ယထာဝိနယ ဖြစ်အောင် ပြုသဆုံးမကျင့်ဆောင်စေရမည်။ ၁

တောင်ခွင်သာသနာပိုင်သည် ၁၂၄၆-ခုနှစ်တွင်လည်း ၁၂၄၅-ခုနှစ် ပေးအပ်ဆင့်ဆိုသည့် ၃၄-ချက်ဥပဒေပါအချက်၊ ၎င်း ၃၄-ချက်ဥပဒေပါအချက်များတွင် တိုးတက်ထပ်လောင်း၍ ဆင့်ဆိုရန် အချက်များနှင့် သာသနာတော်ဆုတ်ယုတ်ညှိုးနွမ်းကြောင်းအမှုများကို ပြုလုပ်မရှိစေရန် ရွှေပြည်တော်မှစ၍ နိုင်ငံအတွင်း အောက်ပါအတိုင်း ဆင့်ဆိုတော်မူခဲ့လေသည်။

## ဆင့်ဆိုသည့်အမိန့်တော်

၂-အမှတ်။ ။ ရွှေပြည်တော်မှစ၍ နိုင်ငံတော်အတွင်း သီတင်းသုံး နေထိုင်ကြသည့် ရွှေမြို့တော်လေးပြင်ရှိ ဆရာတော်, တိုက်အုပ်, နိုင်ငံတော်ရှိဂိုဏ်းအုပ်, ဂိုဏ်းထောက်တို့-

ဘုရားသာသနာတော်သည် ပရိယတ္တိဓမ္မပွင့်လင်း ထွန်းတောက်ရှိမှ ပဋိပတ္တိသာသနာဖြစ်သည့် ကျင့်ဝတ်သိက္ခာ ပုဒ်များကို ပြည့်စုံအောင် ကျင့်သုံးစောင့်ရှောက်ခိုင်လုံသဖြင့် နေဝန်းလဝန်းအလား တစ်နေ့တစ်ခြား တိုးပွားထွန်းလင်း တောက်ပလျက် ဆုတ်ယုတ်ပျက်ပြားမရှိ အဓွန့်ရှည်စွာ တည်တံ့ခိုင်ခံ့ကောင်းမွန်ရာသောအကြောင်း ရှိသည့်အတိုင်း သာသနာတော်တွင် ခိုဝင်ထမ်းဆောင်နေထိုင်ကြသော ရဟန်း, သာမဏေတို့ကိုလည်း ကပ္ပိယ, အကပ္ပိယ, သာဝဇ္ဇ, အနာဝဇ္ဇ,

---

၁။ ၃၄-ချက်ဥပဒေ-သာ ဆိုရိုးရှိသော်လည်း ဂဏန်းစဉ်တွင် ၃၅-ချက် ဖြစ်နေသဖြင့် နောက်ဆုံးသဘောတူရာ စာပုဒ် ၂-ခုကို (က) (ခ) ဟု ခွဲခြားဖော်ပြလိုက်ပါသည်။ လွှတ်တော်မှတ်တမ်း အမှာ။ ၎င်း ဥပဒေတို့ကို တောင်ခွင်သာသနာပိုင်ဆရာတော် လက်ထက်တွင် လည်း ကာလ, ဒေသအလိုက် ထုတ်ဆင့်ခဲ့လေသည်။ မန္တလေး သာသနာဝင် အတွဲ (၇) တောင်ခွင်သာသနာဝင်လည်းကြည့်။

သာပတ္တိက, အနာပတ္တိကစသည့်အရာများကို သိကျွမ်းနား လည်ရှိအောင် သင်ကြားလေ့ကျက်ကြည့်ရှုနိုင်းချိန် ၍ ဝိနည်း သဘောလက္ခဏာကို သိမြင်သည့်အတိုင်း စောင့် ရှောက်ကျင့် သုံးမှသာလျှင် ဘုရားရှင်အာဏာတော် ပညတ် ဝိနည်းသိက္ခာ ပုဒ် မပျက်မပြား သီလသိက္ခာ ပြည့်စုံသန့်ရှင်း စင်ကြယ် သာသနာတော် ၃-ပါး စည်ကားဖြစ်ထွန်းတိုးတက် အရှည် တည်တံ့ ခိုင်ခံ့ရာသည်ဖြစ်သည်။

ဝိနည်းသိက္ခာပုဒ် ဘုရားအာဏာတော် ပညတ်တော် မပျက်မပြား သီလသိက္ခာပြည့်စုံ သန့်ရှင်းစင်ကြယ် သာသနာ တော် ၃-ပါး စည်ကားဖြစ်ထွန်းတိုးတက်တည်တံ့ခိုင်ခန့် စေရန် ရွှေပြည်တော်မှစ၍ နိုင်ငံတော်အတွင်း သီတင်းသုံး နေထိုင်ကြ သည့် တိုက်အုပ်ဆရာတော်, တိုက်တွင်းရှိသံဃာ တော်ဂိုဏ်းအုပ်, ဂိုဏ်းထောက်, ဂိုဏ်းတွင်းရှိသံဃာတို့မှာ ၁၂၄၅-ခုနှစ် ဆင့်ဆို ပေးအပ်သည့် စာအုပ်ဥပဒေပါဝင်သည့် ဆင့်ဆိုကျင့်ကြံနေ ထိုင်ရန် အချက်များတွင် ၁၂၄၆-ခုနှစ် တိုးတက်ထည့် လောင်း ဆင့်ဆို ကျင့်ကြံနေထိုင်စေရန် ဥပဒေပါအချက် ဝိနည်းသိက္ခာ ပုဒ်များနှင့် မသင့်မလျော်၊ ရဟန်းတို့မှာ သာရုပ္ပမဖြစ်သည့် သာသနာတော်ဆုတ်ယုတ်ညှိုးနွမ်း ပျက်ပြားကြောင်းဖြစ်သည့် အမှုများကိုသိလျက် အပြုအလုပ်မရှိ သီလသိက္ခာပုဒ် ပြည့်စုံ သန့်ရှင်း စင်ကြယ်ကြောင်းဖြစ်သည့် ကျင့်ဝတ်သီလများကို မိမိတို့က သာသနာတော် ၃-ပါး စည်ကားဖြစ်ထွန်း တိုးတက် အရှည် တည်တံ့ခိုင်ခံ့ရှိအောင် ကျင့်ဆောင်ထိန်းသိမ်းကြ၍ အသီး အသီး မိမိတို့တိုက်တွင်းရှိ သံဃာ, ဂိုဏ်းတွင်းရှိ သံဃာတို့ကို လစ်လပ်ကြွင်းကျန် မရှိစေရ၊ စေ့နှံ့အောင် ဆင့်ဆိုကျင့်ဆောင် ထိန်းသိမ်းကြစေ၊ ဆင့်ဆိုသည့် ၁၂၄၅-ခုနှစ် ဥပဒေပါအချက် ၁၂၄၆-ခုနှစ် ဥပဒေပါအချက်များနှင့် ဘုရားသာသနာတော် ဆုတ်ယုတ်ညှိုးနွမ်း ပျက်ပြားကြောင်းဖြစ်သည့် အမှုများကိုသိလျက်

လွှန်ကြူးပြုလုပ်ရှိကြောင်း ပေါ်ပေါက်ကြားသိလျှင် အပြစ် အလျောက် စီရင်မည်။

## ၁၂၄၅-ခုနှစ် ဆင့်ဆိုပေးအပ်သည့် ဥပဒေစာအုပ်တွင် ပါ၀င်ဆင့်ဆိုကျင့်ကြံနေထိုင်ရန် ဥပဒေ ၃၄-ချက်တွင် အကျုံး၀င်သည့်အချက်များနှင့် ၁၂၄၆-ခုနှစ် ထပ်မံတိုးတက်ဆင့်ဆိုပေးအပ်သည့် ဥပဒေ

၁။ ရွှေမြို့တော်မှစ၍ နိုင်ငံတော်အတွင်း သီတင်းသုံးနေထိုင်ကြသည့် ဆရာတော်, တိုက်နေသံဃာ, ဂိုဏ်းအုပ်, ဂိုဏ်းထောက်, ဂိုဏ်းသံဃာတို့မှာ ဂိလာနအကြောင်းမရှိပဲ အနည်းငယ် ပမာဏမပြုလောက်သည်ကို အမြွက်ထောင်ထား၍ လှည်းယာဉ်, လှည်းရထားကို စီးနင်းသွားလာခြင်းမရှိ ရှောင်ကြဉ်ကြရမည်။

၂။ ရွှေမြို့တော်မှစ၍ နိုင်ငံတော်အတွင်း သီတင်းသုံးနေထိုင်ကြသည့် သံဃာတို့မှာ သက်န်း သပိတ် ပရိက္ခရာအစရှိသော ကပ္ပိယ၀တ္ထုပင်ဖြစ်သော်လည်း ဘုရားစက်ဆုပ်တော်မူအပ်သည့် လယ်ယာ, သစ်သီးအရာမ်, ပန်းအရာမ်စသည် များကို ရဟန်းတို့အား မအပ်မလျော်သော အကပ္ပိယ၀ေါဟာရ ဖြင့် မိမိတို့ထံ ပေါင်နှံခံယူခြင်း, သူတပါးတို့ထံ ပေါင်နှံခြင်း, လူတို့ကဲ့သို့ မကောင်းသဖြင့် လုပ်ဆောင်ချထားခြင်းမရှိ ရှောင်ကြဉ်ကြရမည်။

၃။ နိုင်ငံတော်အတွင်း သီတင်းသုံးနေထိုင်ကြသည့် သံဃာတော်တို့မှာ ကပ္ပိယ၀ေါဟာရဖြင့်ရသော ရွှေ ငွေ အနာမာသ

နိဿဂ္ဂိယဒုက္ကဋ်ဝတ္ထုတို့ကို လိမ္မာကျွမ်းကျင်သော ကပ္ပိယ ကာရကတို့အား ဒုပ္ပဓိစာရမှကင်းလွတ်အောင် စီရင်ပြောကြား၍ သုံးဆောင်ခြင်းကို ပြုကြရမည်။

၄။ နိုင်ငံတော်အတွင်း သီတင်းသုံးနေထိုင်ကြသည့် သံဃာ တော်တို့မှာ ဘုရားစကားဆုတ်တော်မူအပ်သော ရွှေ ငွေ အနာ- မာသနိဿဂ္ဂိယ ဆန် စပါးအစရှိသော အကပ္ပိယပစ္စည်းများကို လူတို့ကဲ့သို့ ကပ္ပိယကာရကတို့ အလိုအလျောက်မပြုပဲ မိမိ တို့၏ မအပ်သောပယောဂဖြင့် ကြွေးမြီအတိုးအပွားပေးချမရှိ ရှောင်ကြဉ်ရမည်။

၅။ နိုင်ငံတော်အတွင်း သီတင်းသုံးနေထိုင်ကြသည့် သံဃာ တော်တို့မှာ မင်္ဂလာ, အမင်္ဂလာအမှုနှင့်စပ်၍ တိုက်တွင်း, တိုက်ပများမှာ ကာယပယောဂ, ဝစီပယောဂမကင်း ကိုယ်တိုင် ကိုယ်ကြပ်အားထုတ်လျက် အတီး, အက, အဆို, အပြော စသော သဘင်နှင့်စပ်သော ပွဲလမ်းများကို အပြုအလုပ်မရှိ ရှောင်ကြဉ်ခြင်း၊ လူတို့အလျောက် ပွဲလမ်းခံသည်များကို သွား လာကြည့်ရှုလျက် တုတ်, ဓားစွဲကိုင်ပြုလုပ်ခြင်း အမှုများကို ရှောင်ကြဉ်ကြရမည်။

၆။ နိုင်ငံတော်အတွင်း သီတင်းသုံးနေထိုင်ကြသည့် သံဃာ တော်တို့မှာ အာပတ်ကြီး, ငယ်နှင့် စပ်လျဉ်းသည့်အမှုဖြစ်စေ, မစပ်လျဉ်းသည့်အမှုဖြစ်စေ, သမ္ဘောဂမဖြစ်, အာပတ်သင့်ခြင်း အကြောင်းမဟုတ်သော ဆွမ်းစဉ်, ဆွမ်းစား, ပရိတ်ရွတ်, အသုဘရှုစသည်တို့၌ ဒါယကာ, ဒါယိကာမတို့ သဒ္ဓါတရား ဆုတ်ယုတ်ပျက်စီးခြင်းအကြောင်း တစ်ဦးနှင့်တစ်ဦး အရှိန် အစော်မဲ့ပြု၍ ကြဉ်ရှောင်ပိတ်ပင်တားမြစ်ခြင်းများသည် သံဃ ဘေဒ, သံဃရာဇီ, သံဃအဓိကရဏဖြစ်ပွားရန် အကြောင်းရှိ သည်ဖြစ်၍ တားမြစ်ပိတ်ပင်ကြဉ်ရှောင်ခြင်း မရှိစေရ၊ အစိုးရ

ဂိုဏ်းအုပ်, ဂိုဏ်းထောက်တို့က နိုင်နင်းအောင် ဆုံးမတားမြစ်ကြရမည်။

၇။ နိုင်ငံတော်အတွင်း သီတင်းသုံးနေထိုင်ကြသည့် သံဃာတော်တို့မှာ ရန်ပျိုးမုန်းထားခြင်း, ငြူစူစောင်းမြောင်းချုပ်ချယ်၍ ဥပုသ်ပဝါရဏာစသော သံဃာ့ကံများကို ကြဉ်ရှောင်တားမြစ်ပိတ်ပင်ခြင်းအမှုများသည် သံဃာကွဲပြားခြင်း၏အကြောင်းဖြစ်သောကြောင့် ကြဉ်ရှောင်သင့်သည့်အရာဟု ထင်မှတ်ခြင်းရှိလျှင်သော်လည်း အထက်အစိုးရတို့ထံ တိုင်တန်းမလျှောက်ထား မရှိမှီ အလိုအလျောက် ကြဉ်ရှောင်တားမြစ်ပိတ်ပင် မရှိစေရ၊ အထက်အစိုးရတို့ထံ တိုင်တန်းလျှောက်ထား အမှုအခင်းကို ထောက်ရှုဆင့်ဆိုခွင့်ပေးသည့်အရာဖြစ်၍ ဆင့်ဆိုခွင့်ပေးရှိမှ ကြဉ်ရှောင်တားမြစ်ကြရမည်။

၈။ နိုင်ငံတော်ရှိ နိဿယည်းမကင်းထိုက်သော ရဟန်းသာမဏေတို့မှာ မိမိတို့ ဥပဇ္ဈာယ်ဆရာ, နိဿယည်းဆရာတို့သည် အတူနေရာကျောင်းတိုက်မှာ တပါးပါးဖဲသွားသော်လည်းကောင်း၊ သေသော်လည်းကောင်း၊ လူထွက်သော်လည်းကောင်း၊ တိတ္ထိဘောင်သို့ ပြေးဝင်သော်လည်းကောင်း မိမိတို့နေရာကျောင်းတိုက်၌ နိဿယည်းပေးသောဆရာရှိလျှင် ထိုဆရာတို့ထံ နိဿယည်းယူ၍ နေကြစေရမည်၊ နိဿယည်းပေးသောပုဂ္ဂိုလ်မရှိလျှင် တိုက်အုပ်တိုက်ချုပ်တို့က မိမိတို့ကိုယ်တိုင်ဖြစ်စေ, နိဿယည်းပေးခြင်းငှာစွမ်းနိုင်သော လဇ္ဇီပေသလသိက္ခာကာမပုဂ္ဂိုလ်ကိုဖြစ်စေ နိဿယည်းယူ၍ နေကြရမည်။

၉။ နိုင်ငံတော်အတွင်း သီတင်းသုံးနေကြသည့် ရဟန်းသာမဏေတို့အား ဓမ္မမဟုတ်သည်ကို ဓမ္မဟူ၍ ပြဆိုဟောပြောခြင်း, ဓမ္မကို ဓမ္မမဟုတ်ဟူ၍ ပြဆိုဟောပြောခြင်းအစရှိသော တစ်ဆယ့်ရှစ်ပါးသော သံဃဘေဒကရဝတ္ထုများကို

ပြဆိုဟောပြောခြင်းသည် သံဃာကွဲပြားခြင်းအကြောင်းဖြစ်သည်၊ တိုက်ချုပ်တိုက်အုပ် ဂိုဏ်းအုပ်ဂိုဏ်းထောက်တို့က မိမိကိုယ်နှင့် တကွ ချုပ်အုပ်ကြည့်ရှုပါ၊ တိုက်တာဂိုဏ်းဝင်ရဟန်း သာမဏေ တို့ကို ပြဆိုဟောပြော မပြုစေရ၊ လွတ်ကင်းအောင် တည်း တည်းကြပ်ကြပ် ဆင့်ဆိုတားမြစ်ကြရမည်။

## ၁၂၄၃-ခုနှစ် ဆင့်ဆိုသည့်အမိန့်တော်

၊-အမှတ်။ ။ နေပြည်တော်မှစ၍ နိုင်ငံတော်အတွင်း သီတင်းသုံး နေထိုင်ကြသည့် ရွှေမြို့တော် ၄-ပြင်ရှိ တံဆိပ်တော်ရ, မရ တိုက်အုပ်, တိုက်ကြပ်တို့နှင့် နိုင်ငံတော်ရှိဂိုဏ်းချုပ်, ဂိုဏ်း အုပ်, ဂိုဏ်းထောက်ပုဂ္ဂိုလ်တို့-

မြတ်စွာဘုရားသာသနာတော်ဆိုသည့်အရာသည် ပရိယတ္တိသာသနာ ဖြစ်ထွန်းစည်ကားတိုးပွားရှိမှ ပဋိပတ္တိ ကျင့်ဝတ်သိက္ခာပုဒ်များကို ကောင်းမွန်ပြည့်စုံအောင် ကျင့် ဆောင်နိုင်ရာသည်။

ပဋိပတ္တိသာသနာတော် ပြည့်စုံပွင့်လင်းကောင်းမွန်ရှိ မှလည်း ပဋိဝေဓဟူသော မဂ်ဖိုလ်တရားတို့နှင့် ပြည့်စုံရာ သည်ဖြစ်သည်၊ ငါတို့ သာသနဒါယကာ မဟာဓမ္မရာဇ တရားမင်းမြတ်သည်လည်း သာသနာပြုမင်းကောင်းမင်းမြတ် ဖြစ်တော်မူသည်နှင့်အညီ သာသနာတော် ၃-ပါး ပွင့်လင်း စည်ကား တိုးတက်ခြင်းများကို လွန်မင်းစွာတောင့်တတော်မူ သော မနောပဏိဓိရှိတော်မူသည်နှင့်အညီ ရှေးရှေးသော သာသနာပြုမင်းကောင်းမင်းမြတ်တို့ကိုကဲ့သို့ သာသနာတော် မြတ်ကို ပစ္စယာနုဂ္ဂဟ, ဓမ္မာနုဂ္ဂဟနှစ်ပါးတို့ဖြင့် ချီးမြှောက် တော်မူ၍ သာသနာတော်၏ စင်ကြယ်သန့်ရှင်း ထွန်းလင်း တောက်ပခြင်း, အရှည်တည်တံ့ခိုင်ခံ့စေခြင်းငှာ သာသနာ တော်ကို ဓမ္မစက်, အာဏာစက်နှစ်ပါးတို့ဖြင့် အားထုတ်

ကြည့်ရှုပါမည့်အကြောင်းနှင့် မပြတ်နှိုးဆော်တောင်းပန်သည့် အရာလည်းရှိသည်ဖြစ်သည်။

သို့ဖြစ်၍ ရွှေမြို့တော် ၄-ပြင်ရှိ တံဆိပ်တော်ရ, မရ, တိုက်အုပ်, တိုက်ကြပ်တို့နှင့် နိုင်ငံတော်ရှိဂိုဏ်းချုပ်, ဂိုဏ်းအုပ်, ဂိုဏ်းထောက်တို့မှာ မိမိတို့ စောင့်ထိန်းကျင့် ဆောင်အားထုတ်ဆင့်ဆိုသည့် ဥပဒေပါအချက်များနှင့် ဝိနည်းသိက္ခာပုဒ်တော်များကို ပြည့်စုံကောင်းမွန်ရှိအောင် စောင့်ထိန်းကျင့်ဆောင်ကြ၍ အုပ်ထိန်းကြည့်ရှုပါ။ တိုက်တွင်းရှိ ရဟန်း, သာမဏေ၊ ဂိုဏ်းတွင်းရှိရဟန်း, သာမဏေတို့ကို ၁၂၄၅-ခုနှစ် တံဆိပ်တော်ရ ဆရာတော်တို့နှင့် စုံညီညှိနှိုင်း ဝိနည်းကျမ်းဂန်များနှင့် သင့်လျော်အောင် စောင့်ထိန်းကျင့် ဆောင်ရန် ပေါက်ပြားချွတ်ယွင်း လွတ်သည့်အရာများကို ပိုင်းခြားပေးအပ်ဆင့်ဆိုသည့် ၃၄-ချက်ဥပဒေ၊ ၁၂၄၆-ခုနှစ် ထပ်မံဆင့်ဆိုပေးအပ်သည့် ၉-ချက်ဥပဒေပါ အချက်များနှင့် ၁၂၄၇-ခုနှစ် ထပ်မံဆင့်ဆိုရန် ဥပဒေအရပ်ရပ် ဆင့်ဆိုရှိသည့် အမိန့်တော်ပါအချက်များကို ရွှေမြို့တော် ၄-ပြင်ရှိ တံဆိပ်တော်ရ, မရ၊ တိုက်အုပ်, တိုက်ကြပ်၊ နိုင်ငံတော်ရှိ ဂိုဏ်းချုပ်, ဂိုဏ်းအုပ်, ဂိုဏ်းထောက်တို့က လစ်လပ်ကြွင်း ကျန် မရှိစေရ။

အထူးအားဖြင့် ထုတ်စောင့်ထိန်းကျင့်ဆောင်ရှိအောင် တည်းတည်းကြပ်ကြပ် နှိုးဆော်ချီးပင့် တားမြစ်ဆင့်ဆိုကြရမည်။

နောင်ဆင့်ဆိုသည်ကို လေးစားမမူ အပေွါသုဏ္ဍ ကြောင့်ကြမဲ့သာ နေထိုင်၍ အုပ်ထိန်းကြည့်ရှုပါ၊ တိုက်တာ ဂိုဏ်းအတွင်းများက တစုံတရာမှုခင်း ဖြစ်ပွားပေါ်ပေါက် ကြားသိရလျှင် ထင်ရှားအောင် အပြစ်စီရမည်။

## ၁၂၄၇-ခုနှစ် ဒုတိယဝါဆိုလဆန်း ၈-ရက်နေ့ သုဓမ္မာစရပ်တော်တွင် တံဆိပ်တော်ရဆရာတော်တို့ စုံညီစွာ ဆင့်ဆိုတော်မူသည့် တောင်တော်သာသနာပိုင်ဆရာတော်ဘုရားကြီး အမိန့်တော်

၁။ သာသနာတော်အတွင်း မှီတင်းနေထိုင်ကြသည့် ရဟန်း သာမဏေတို့မှာ ပရိယတ္တိသာသနာတော် ဖြစ်ထွန်းစည်ကား ရှိ၍ ပဋိပတ္တိ, ပဋိဝေဓ-ဟူသော သာသနာတော် ၂-ပါး ဖြစ်ထွန်းစည်ကားသည်ဖြစ်၍ ပရိယတ္တိသာသနာတော် ဖြစ်ထွန်း စည်ကားတိုးတက်ရှိအောင် တံဆိပ်တော်ရ, မရ၊ တိုက်အုပ်, တိုက်ကြပ်ဆရာဖြစ်သူတို့က အထူးအားထုတ်နှိုးဆော် ချီးပင့် ကျမ်းဂန်ပို့ချ သင်ကြားဆောင်ရွက်ပြုလုပ်ကြစေရမည်။

၂။ သာသနာတော်အတွင်း မှီတင်းနေထိုင်ကြသည့်ရဟန်း သာမဏေတို့မှာ စာပေချပို့ သင်ကြားလေ့ကျက်ဆောင်ရွက် လေ့လာခြင်းမရှိ လှည့်လည်သွားလာနေထိုင်ခြင်းအမှုများသည် သာသနာတော်စည်ပင်ပြန့်ပွားမရှိ၊ ၎င်းရဟန်း, သာမဏေတို့ကို အတုလိုက်စား သာသနာတော်ဆုတ်ယုတ်ရာသော အကြောင်း ရှိသည်ဖြစ်သည်၊ ၎င်းစာပေချပို့ သင်ကြားဆောင်ရွက်ခြင်းမရှိ သည့် ရဟန်း, သာမဏေတို့ကို လက်ခံမွေးထား မရှိစေရ၊ ကြပ်ကြပ်တည်းတည်း ဆင့်ဆိုတားမြစ်ကြရမည်။

၃။ သာသနာတော်အတွင်း ခိုဝင်မှီတင်းနေထိုင်ကြသည့် ရဟန်း, သာမဏေတို့မှာ မြတ်စွာဘုရားတားမြစ်တော်မူအပ် သော လူမှုများနှင့် စပ်လျဉ်းသည့်အမှုများကို ရှေ့ဆောင်ပြုလုပ် ပြောဆိုခြင်း, ဂိုဏ်းအုပ်, ဂိုဏ်းချုပ်, ဂိုဏ်းထောက်တို့ကို အတွင်းတော် လွှတ်တော်များက မေတ္တာစာသွင်းပေးရန်

တံဆိပ်ခတ်စက္ကူ ပေးအပ်လျှောက်ထားရှိသည့် ဝိနည်းသိက္ခာပုဒ်တော်များနှင့် သင့်လျော်သည့်အချက်များပြင် သိက္ခာပုဒ် အကျင့်သီလညှိုးနွမ်းဆန့်ကျင်ခြင်း အကြောင်းဖြစ်သည့်အမှု များနှင့် စပ်လျဉ်း၍ အတွင်းလွှတ်တော် ရုံးတော်များသို့ စာသွင်းပေးပို့ခြင်း အမှုများသည် ရဟန်းတို့နှင့်မလျော်သော အရာဖြစ်သည်၊ မပြုအပ်သော လူမှုကိစ္စများကို ရှေ့ဆောင် ပြုလုပ်ခြင်း၊ သိက္ခာပုဒ်ညှိုးနွမ်းကြောင်းဖြစ်သည့် အကြောင်းများ နှင့် အတွင်းတော် လွှတ်တော် ရုံးတော်များသို့ စာသွင်းပေးပို့ခြင်းများကို အပြုအလုပ် မရှိစေနှင့်၊ တံဆိပ်ရ၊ မရ၊ တိုက်အုပ်၊ တိုက်ကြပ်၊ ဂိုဏ်းချုပ်၊ ဂိုဏ်းအုပ်၊ ဂိုဏ်းထောက်တို့က နိုင်နင်းအောင် တားမြစ်ကြရမည်။

၄။ သာသနာတော်အတွင်း ခိုဝင်နေထိုင်ကြသည့် ရဟန်း သာမဏေတို့မှာ ဘုရားရှင်ပညတ် တားမြစ်တော်မူအပ်သော တုတ် ဓား-စသော လက်နက်မျိုးကို စွဲဆောင်ခြင်း၊ အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်း၊ လူဒါယကာတို့နှင့် အချင်းဖြစ်ပွားခြင်း၊ လူတို့နှင့် အချင်းဖြစ်ပွားရာ ရဟန်း၊ သာမဏေတို့ ဝန်းဝိုင်းခြင်း အမှုများသည် ရဟန်း၊ သာမဏေတို့၌ သာရုပ္ပမဖြစ်၊ လူတို့ သဒ္ဓါတရား ယုတ်လျော့ကဲ့ရဲ့ပြစ်တင်ဖွယ် ရှိသည်ဖြစ်၍ မြစ်ပယ်တော်မူသည့် တုတ် ဓား လက်နက်များ စွဲကိုင်ဆောင်ယူသွားလာခြင်း၊ အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်း၊ လူဒါယကာတို့နှင့် အချင်းချင်းဖြစ်ပွားခြင်း၊ လူတို့နှင့် အချင်းဖြစ်ပွားရာ ရဟန်း၊ သာမဏေတို့ ဝန်းဝိုင်းခြင်းအမှုများကို အပြုအလုပ် မရှိစေနှင့် နိုင်နင်းအောင် ဆင့်ဆိုတားမြစ်ကြရမည်။

၅။ သာသနာတော်အတွင်း ခိုဝင်နေထိုင်ကြသည့် ရဟန်း သာမဏေတို့မှာ ဂိလာနစသော ပြောပလောက်သည့်အကြောင်း မရှိပဲ နေလွဲသောအခါ ကွမ်းစားခြင်း၊ ဆေးဝါးခြင်း၊ အခိုးတံ၊ အခိုးလိပ်သောက်ရှုခြင်း အမှုများသည် သာရုပ္ပမရှိ၊ လူတို့

သဒ္ဒါတရား ဆုတ်ယုတ်ကဲ့ရဲ့ဖြစ်တင်ရာသော အကြောင်းရှိသည် ဖြစ်သည်။ နေလွဲသောကာလ ကွမ်းစားခြင်း၊ ဆေးဝါးခြင်း၊ အခိုးတံ၊ အခိုးလိပ်သောက်ရှူခြင်း အမှုများကို ဂိလာနစသော အကြောင်းကင်းလျက် အပြုအလုပ်မရှိစေနှင့် ကြဉ်ရှောင်ရှိအောင် တားမြစ်ဆင့်ဆိုကြရမည်။

၆။ သာသနာတော်အတွင်း မှီတင်းနေထိုင်ကြသည့် ရဟန်း သာမဏေတို့မှာ ဒါယကာ၊ ဒါယိကာမတို့နှင့် အဆွေခင်ပွန်း ချစ်ကျွမ်းဝင်လိုခြင်းများကို စွဲ၍ သွားခြင်းငှာထိုက်သော အကြောင်းမရှိပဲ လူတို့အိမ်များသို့ ကူးသန်းသွားလာဝင်ထွက် အဆွေခင်ပွန်း ချစ်ကျွမ်းဖွဲ့ခြင်းအမှု၊ ညဉ့်အခါများတွင် အိမ်သို့ သွားလာ ဒါယကာဒါယိကာမတို့နှင့် စကားပြောဆိုခြင်းအမှု၊ ညဉ့်အိပ်နေခြင်းငှာ မထိုက်သောအကြောင်း မရှိပဲ လူတို့အိမ်တွင် ညဉ့်အိပ်နေခြင်းအမှုများသည် ရဟန်းသာမဏေတို့နှင့် မသင့်မလျော်သည့်အရာ ဖြစ်သည်။ ၎င်းအမှုများကို အပြု အလုပ်အကျင့်အကြံမရှိစေရ၊ နိုင်နင်းအောင် ဆင့်ဆိုတားမြစ် ကြရမည်။

၇။ သာသနာတော်တွင်း မှီတင်းနေထိုင်ကြသည့် ရဟန်း သာမဏေတို့မှာ ၁၂၄၅-ခုနှစ်၊ ၁၂၄၆-ခုနှစ်များက တံဆိပ် တော်ရ ဆရာတော်တို့နှင့် စုံညီ ဝိနည်းကျမ်းဂန်များနှင့်ညှိနှိုင်း ဝါရိတ္တသီလ၊ စာရိတ္တသီလ ပေါက်ကြားချွတ်ယွင်း တိမ်းယိမ်း လွတ်သည့်အရာများကို အားထုတ်စောင့်ရှောက်ဖြည့်ကျင့်ရန် သာသနာတော်တိုးတက်ဖြစ်ထွန်း စည်ကားရှိအောင် ဥပဒေ ပညတ်ပိုင်းခြားထားသည်ဖြစ်သည်။ ၁၂၄၅-ခုနှစ်၊ ၁၂၄၆-ခုနှစ် ဥပဒေများနှင့် ၁၂၄၇-ခုနှစ် ထပ်မံထည့်သွင်း ဆင့်ဆို ပိုင်းခြားထားအပ်သည့် ဥပဒေကျင့်ဝတ် သိက္ခာပုဒ်များကို အပွေါ်သုက္က ကြောင့်ကြမဲ့ပြု၍ အနေအထိုင်မရှိစေနှင့်၊ တလ တစ်ကြိမ် ဖတ်ကြားနာခံစေ၍ အပိုင်းအခြားထားအပ်သည့်

ဥပဒေဝိနည်း ပညတ်သိက္ခာပုဒ်များကို အားထုတ်စောင့်ရှောက် နေထိုင်ရှိအောင် တံဆိပ်ရ,မရ တိုက်အုပ်, တိုက်ကြပ်, ဂိုဏ်းချုပ်, ဂိုဏ်းအုပ်, ဂိုဏ်းထောက်တို့က တည်းတည်းကြပ်ကြပ် ကျင့်ဆောင်နိုးဆော် ဆင့်ဆိုတားမြစ်ကြရမည်။

တောင်တော်သာသနာပိုင်ဆရာတော်သည် အခါအား လျော်စွာ ဂိုဏ်းချုပ်, ဂိုဏ်းအုပ်, ဂိုဏ်းထောက်ဆရာတော် အားလည်း အမိန့်ဆင့်ထုတ်တော်မူရလေသည်။

အောက်ပါအမိန့်တော်မှာ ၁၂၄၇-ခုနှစ် ဝါခေါင်လဆန်း ၉-ရက်နေ့က ထုတ်ဆင့်အပ်သော အမိန့်တော်ဖြစ်သည်။

## တောင်တော်သာသနာပိုင် ဆရာတော်ဘုရား၏ ဂိုဏ်းချုပ်, ဂိုဏ်းအုပ်, ဂိုဏ်းထောက်တို့ထံ ပေးသောစာ

ရတနာပုံ, အမရပူရ, ရတနာပူရ, ဇေယျာပူရ ဤ လေးမြို့အောက် ဧရာဝတီမြစ်စဉ်ဝဲယာရှိ ဂိုဏ်းချုပ်, ဂိုဏ်းအုပ်, ဂိုဏ်းထောက်တို့-

အတွင်းဝန်, ရွှေတိုက်ဝန်, ပေါက်မြိုင်မြို့စား, ဈေးခွန်တော်ထမ်းတို့ကို မြစ်စဉ်ဂိုဏ်းချုပ်, ဂိုဏ်းအုပ်, ဂိုဏ်းထောက်တို့က အဓမ္မတားဆီးကြောင်းများနှင့် လျှောက်ထားရှိသည် ဖြစ်သည်၊ ဧရာဝတီမြစ်စဉ်ဝဲယာရှိ ဂိုဏ်းချုပ်, ဂိုဏ်းအုပ်, ဂိုဏ်းထောက်တို့က သာကီဝင်မင်းသား ဘုရားသားတော် ဖြစ်ကြသည်နှင့်အညီ မင်းဧကရာဇ်လျှောက်ထားသည့် တံဆိပ် စက္ကူ ၁၂-ချက်အတိုင်းသာ ဈေးခွန်ထမ်းတို့ကို တရားနှင့် သင့်လျော်အောင် ပြောဆုံးမကြရမည်။

ဈေးခွန်ထမ်းတို့ကို အဓမ္မတားဆီးကြောင်းများနှင့် ကြားသိရလျှင် ရွှေမြို့တော်သို့ ချခေါ်၍ သုဓမ္မာတော်တွင် ထင်ရှားအောင် အပြစ်စီရင်ရမည်။[၁]

## ဝိနည်းစာပြန်ပွဲအကြီးအမှူး

တိုက်အုပ်, တိုက်ကြပ်တို့ ဒွေမာတိကာ ပါဠိအနက်တို့ကို ပြန်ဆိုရာ၌ တောင်တော်သာသနာပိုင်သည် အကြီးအမှူးနာယက တာဝန်ကိုယူ၍ ဆောင်ရွက်တော်မူကြရမြဲ ဖြစ်လေသည်။

သက္ကရာဇ် ၁၂၄၅-ခုနှစ် သီတင်းကျွတ်လဆန်း ၁-ရက်နေ့ တွင် သာသနာရေး, သာသနာမှု ဥပဒေ ၃၄-ချက်ပါ ရွှေမြို့တော် ၄-ပြင် တိုက်အုပ်, တိုက်ကြပ်တို့ ပြန်ဆိုရန် ဒွေမာတိကာပါဠိတော် များကို သုဓမ္မာစရပ်, ပဥ္စာန်းစရပ်တော်ဝဲယာ ခွဲဝေ၍ ၎င်းလေးပြင် တိုက်အုပ်, တိုက်ကြပ်နှစ်ရာတစ်ဆယ့်လေးပါးအနက် အရှေ့ပြင်, အနောက်ပြင် တိုက်အုပ်, တိုက်ကြပ်တစ်ရာ့ငါးပါးကို ဒွေမာတိကာ ပါဠိတော်ကို သာသနာပြု တောင်ခွင်ဆရာတော်နှင့် တံဆိပ်တော်ရ ဆရာတော် ၂၀-ပါးတို့ ကြပ်မပြီးလျှင် ပြန်ဆိုစေခဲ့လေသည်။ ထိုစဉ် ရတနာမာရ်အောင်စေတီဒါယကာ သီပေါဘုရင်သည် စာပြန်သံဃာတော် ၁-ပါးလျှင် ပိတ်အုပ်တစ်အုပ်, ဖယောင်းတိုင်သေတ္တာတစ်ခု ရေစက်သွန်းချ လှူဒါန်းတော်မူလေသည်။[၂]

## သီပေါမင်းနှင့် သာသနာရေးဆွေးနွေး

တောင်တော်သာသနာပိုင်ဆရာတော်ဘုရားသည် သီပေါမင်း တရားနှင့် သာသနာရေးကိစ္စများကို အကြိမ်ကြိမ်ဆွေးနွေးခဲ့လေသည်။

---

၁။ မစ္စတာတော်စိန်ခို၏ လွှတ်တော်မှတ်တမ်းကြည့်၊ သာသနာ-ဗဟုဿုတပ္ပကာသနီ။ ၁၇၆။
၂။ ကုန်းဘောင်ဆက်၊ ၃။ ၆၁၁-ကြည့်။

သာသနာပိုင်ထုတ်ပြန်ခဲ့သော ဥပဒေ ၃၄-ချက်မှာလည်း မင်းတရားနှင့် တိုင်ပင်၍ ထုတ်ပြန်တော်မူခြင်းဖြစ်သည်။

သက္ကရာဇ် ၁၂၄၆-ခုနှစ် နယုန်လဆုတ် ၁၀-ရက်နေ့တွင် ရွှေနန်းတော်ကြီးရှင် နန်းမတော်ဘုရားအဆောင်တော်ယာဖက် ဝဲ-ဆောင်တော်၌ သာသနာပြု တောင်တော်ဆရာတော်အမှူးပြု၍ အောင်မြေရွှေဘုံဆရာတော်, မက္ခရာဆရာတော်, မှန်ကျောင်းဆရာတော်, နန်းဦးဆရာတော်, တိုက်အုပ်ဆရာတော် ဦးဉာဏတို့နှင့်တကွ သီပေါမင်းတရား, ဝန်ကြီး, အတွင်းဝန်ထောက်တို့ အစုံအညီ သာသနာရေးကို ဆွေးနွေးခဲ့သည်၊ ယင်းဆွေးနွေးပွဲ၌ သာသနာတော်စည်ပင်တိုးပွားခြင်းအကြောင်း, သာသနာတော်ထမ်း ရဟန်းမှန်သမျှကို ဝိနည်းပညတ်တော်များကို မကျူးမလွန် ထိန်းသိမ်းကျင့်ဆောင်စေရန် အကြောင်းနှင့် ပတ်သက်၍ သာသနာရေး သာသနာမှုများကို မင်းတရားကိုယ်တိုင်က လျှောက်ထားလေသည်။[၁]

## ပဋ္ဌာန်း, ဥဘတောဝိဘင်းပြန် ပူဇော်ပွဲ သဘာပတိ

သက္ကရာဇ် ၁၂၄၆-ခုနှစ် ဝါဆိုလဆုတ် ၂-ရက်နေ့တွင် ရွှေနန်းတော်ဦး မြေနန်းတော်၌ တံဆိပ်ရဆရာတော်တို့နှင့် ရွှေမြို့တော်လေးပြင်ကျောင်းတိုက်များတွင် သီတင်းသုံးနေသည့် ပဋ္ဌာန်းပါဠိတော်, ဥဘတောဝိဘင်းပါဠိတော်ပြန် ရဟန်းသံဃာတော်တို့ကို နှုတ်ရအာဂုံဆောင်ပြီး ပြန်စာနည်းများအလိုက် သီတင်းသုံးနေစေ၍ အာဂုံနှုတ်ရစာများကို ပြန်ဆိုရန် ထီးဖြူဖွင့်မှန်စီခုံ ထီးဖြူစိုက်မှန်စီခုံ မြင်းခွဲနေရာ ချထားစေ၍ ပြန်ဆိုသည့်ပါဠိတော်များကို မင်းတရားကြီး, မိဖုရားခေါင်ကြီး, ညီမတော်ရမည်းသင်းစုဖုရား သုံးပါးထွက်စံတော် မူ၍ ကောင်းမွန်ရှိသေစွာ နာခံတော်မူပြီးလျှင် စာပြန်အင်္ဂါအနည်း အများအလျောက် အဘိုးနိမ့်မြင့်ရန်

---

၁။ ကုန်းဘောင်ဆက်၊ ၃။ ၆၅၁-ကြည့်။

ထားသည့် သီးမျိုးစုံပဒေသာ ပရိက္ခရာများကို နေ့စဉ်ဆက်ကပ်လှူဒါန်းတော်မူလေသည်။ သီပေါမင်းတရား၏ ယင်းလှူဒါန်းပူဇော်ပွဲတွင် တောင်တော်သာသနာပိုင်ဆရာ တော်သည် သဘာပတိ အကြီးအမှူးတာဝန်ကို ဆောင်ရွက်တော်မူခဲ့ လေသည်။

## မိဖုရားကြီး သက်စေ့ရဟန်းခံပွဲ ချီးမြှောက်

သက္ကရာဇ် ၁၂၄၆-ခုနှစ် ဝါခေါင်လတွင် သီပေါမင်းတရားသည် နန်းမတော်မိဖုရားခေါင်ကြီးနှင့်တကွ ထွက်တော်မူ၍ မိဖုရားကြီးသက်စေ့ ရဟန်းတော်များကို သာသနာတော်တွင်းသို့ ရှင်ရဟန်းအဖြစ် ချီးမြှင့်တော်မူ၍ သံဃာတော်တို့အား လှူဖွယ်တို့ကို လှူဒါန်းလေသည်။ တောင်တော်သာသနာပိုင်ဆရာတော်ဘုရားသည်လည်း ယင်းပွဲတွင်လည်း မင်းမြတ်၏ပင့်လျှောက်ချက်အရ တံဆိပ်တော်ရဆရာတော်များနှင့်အတူ ပါဝင်ချီးမြှောက်တော်မူလေသည်။

ဤသို့ဖြင့် ကိုယ့်တိုင်းကိုယ့်ပြည် ကိုယ့်ဘုရင်ခေတ်တွင် တောင်တော်သာသနာပိုင်ဆရာတော်သည် သံဃာတော်ပေါင်းခြံရံလျက် မင်းပရိသတ်၌ တန်ခိုးကြီးမားတင့်တယ်တော်မူခဲ့လေသည်။

**ဧဝံ တောင်တော်ဝှယော ထေရော၊ ရဋ္ဌေ သရာဇရာဇိတော။**
**ရာဇဆဏမှိ ရရာဇိ၊ သုသံဃပရိဝါရိတော။**

## ဝမ်းနည်းသံဝေဂဖြစ်ရခြင်း

သက္ကရာဇ် ၁၂၄၇-ခုနှစ် တန်ဆောင်မုန်းလဆုတ် ၇-ရက်နေ့တွင် သာသနာ့ဒါယကာ သီပေါမင်းကို အင်္ဂလိပ်တို့ဖမ်းယူကာ အိန္ဒိယနိုင်ငံ ရတနာဂီရိသို့ ပို့ဆောင်သဖြင့် မြန်မာသာသနာပြုဘုရင် ဆုံးရှုံးရခြင်း, မြန်မာပြည် တိုင်းတပါးအောက် ကျရောက်ရခြင်းအတွက် သာသနာပိုင်ဆရာတော်မှာ စိတ်စက်မကြည်မြနိုင်ပဲ သံဝေဂတရားဖြစ်ပွားတော်မူလေသည်။

သီပေါမင်းပါတော်မူစက မန္တလေးရောက်ရှိသော ရုရှားပညာရှင် အိုင်ဗင်ပဗလိုဗစ်မိနယ့်ဖ်က တောင်တော်သာသနာပိုင်နှင့်ပတ်သက်၍ အောက်ပါအတိုင်း ရေးမှတ်ခဲ့လေသည်။

> ၂၄၊ ဇန္နဝါရီ၊ ၁၈၈၆ (၁၂၄၇-ခု၊ ပြာသိုလဆုတ် ၅-ရက်)နေ့က ဦးကာနဲ့ သာသနာပိုင်ဆရာတော်ကြီးကျောင်းသို့ ရောက်ပြန်တယ်။ "မာလာလင်္ကာရသိရီဓဇဓမ္မသေနာပတိအတုလာဓိပတိသိရီပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" ၁ သီတင်းသုံးရာ ကျောင်းပါပဲ၊ ကျောင်းတိုက်ဟာ နန်းတော်နှင့်နီးတယ်၊ ဆရာတော်ဟာ စကြံပေါ်က ကွက်ပျစ်ပေါ်မှာ သီတင်းသုံးနေတယ်။ မှီအုံးတခုကိုမှီပြီး ပုံနှိပ်စာအုပ်ကို ကြည့်နေတယ်။
>
> ဆရာတော်အနားမှာ ရံနေတဲ့ ရဟန်းထည်းက တပါးဟာ ပါဠိလိုပြောတတ်တယ်၊ ပြောပုံတော့ ညံ့တယ်၊ ပြောကြားရတဲ့ စကားအကြောင်းအရာကလဲ အထွေအထူးဝမ်းနည်းတယ်၊ ပြင်သစ်နှင့်ရုရှားကို ချီးမွမ်းတယ်၊ ဒီလိုပြောကြယင်း အင်္ဂလိပ်ကို ရှုတ်ချတယ်၊ ကျောင်းတိုက်ဟာ ထန်းပင်ပေါတဲ့ ဥယျာဉ်ထည်းမှာ ဆောက်ထားတယ်၊ ကျောင်းဝင်းထည်းမှာတော့ သံဃာတော်တော်များများ တွေ့

---

၁။ မူရင်း၌ ချွတ်ယွင်းလျက်ရှိ၏။

ပါတယ်၊ ကျောင်းနေသံဃာတွေပဲ ဖြစ်မယ်၊ အကြီးအအုပ်ရဲ့ ဥာနဖြစ်လို့နှင့် တူပါရဲ့။ ၁

## တောင်တော်သာသနာပိုင်နှင့် တံဆိပ်တော်ရဆရာတော်တို့အား လော့ဒပ်ဖရင် လျှောက်ထားချက်

အထက်မြန်မာနိုင်ငံကို အင်္ဂလိပ်တို့သိမ်းပိုက်ပြီး ၁၂၄၇-ခုနှစ် တပို့တွဲလဆန်း ၉-ရက်နေ့တွင် အိန္ဒိယဘုရင်ခံ လော့ဒပ်ဖရင် သည် မန္တလေးသို့ရောက်ရှိလာပြီး တောင်တော်သာသနာပိုင်ဆရာတော် နှင့်တကွ မြို့ပေါ်ရှိ တံဆိပ်ရဆရာတော်ကြီးများကို တပို့တွဲလဆန်း ၁၂-ရက်နေ့တွင် နန်းတော်သို့ပင့်၍ သာသနာရေးနှင့်ပတ်သက်ပြီး အင်္ဂလိပ်မင်းတို့ ထားရှိသည့်သဘောထားများကို အောက်ပါအတိုင်း တင်ပြလျှောက်ထားလေသည်။

၁။ ဗုဒ္ဓဘာသာ သာသနာတော်ရေးများကို မယုတ် မလျော့ တိုးတက်အောင် ဆရာတော်တို့က ထုံးစံရှိသည့်အတိုင်း ပြုလုပ်မြဲပြုလုပ်သည်ကို အင်္ဂလိပ်အစိုးရမင်းတို့က အလိုဆန္ဒရှိပါသည့်အကြောင်း။

၂။ မြန်မာနိုင်ငံတော်အထက်ပိုင်း, အောက်ပိုင်းရှိ ဗုဒ္ဓဘာသာသာသနာတော်ကိုလည်း အကွဲအပြားမရှိစေရ၊ သာသနာပိုင်ဆရာတော်ကြီးတို့က တလုံးတဝတည်း ကြည့်ရှုပါမည့်အကြောင်း။

၃။ ဗုဒ္ဓဘာသာသာသနာနှင့်စပ်သည့် အကြောင်းအရာများကိုလည်း ဆရာတော်တို့ကို လျှောက်ထားတိုင်ပင်၍ ဆရာတော်တို့က မသင့်မလျော်ဆိုလျှင်

---

၁။ ဒေါက်တာသန်းထွန်း၏ နယ်လှဲ့ရာဇဝင်၊ ၃။ ၃၉၁-၂-ကြည့်။

မပြုမလုပ်ပါ၊ ဆရာတော်တို့က ညီညွတ်သင့်လျော်ပြီ ဆိုမှ လုပ်ပါမည့်အကြောင်း။

၄။ ဗုဒ္ဓဘာသာသာသနာတော်ကိုလည်း အထိ အခိုက် အနှောက် အယှက် မရှိ စေရအောင် နှလုံးထား၍ နွံနာပိပြားမရှိသော လူရှင်ရဟန်းများကိုလည်း သာသနာ့ ဒါယကာပြုလုပ်ကူညီပါမည့်အကြောင်း။

၅။ အချို့နိုင်ငံသူတို့က အင်္ဂလိပ်မင်းတို့ မြန်မာ နိုင်ငံတော်ကို အစိုးရလျှင် ဗုဒ္ဓဘာသာသာသနာတော် ကို ဖျက်ဆီးလိမ့်မည်ပြောဆိုသည်များကို အယုံတရား မရှိပါမည့်အကြောင်း။

၆။ ဘုရင်မင်းမြတ်ပြန်မည်ရှိရာ ဂုဏ်တပို့တွဲလဆန်း ၁၄-ရက်နေ့ နန်းတော်ပေါ်၌ မြန်မာအရာရှိ တံဆိပ် တော်ရ ဆရာတော်တို့နှင့် သာသနာပိုင်ဆရာတော် ဘုရားကြီးတို့ကို ပင့်၍ ရုပ်တုတော်ဆူရေ ၁၇-ဆူများ ကို မျက်မှောက်ပြသ အပျောက်အပျက်မရှိစေရ အပ် ပေးခဲ့ပါသည်။

သို့အကြောင်းများကို ထောက်၍ သာသနာတော်ကို အနှောက်အယှက်မရှိမည်ကို ယုံကြည်သင့်ကြောင်းများနှင့် လျှောက် ထားလေသည်။

ဤသည်မှာ သာသနာတော်နှင့် ပက်သက်၍ အင်္ဂလိပ် အစိုးရတို့ ထားရှိမည့်သဘောထားများ ဖြစ်လေသည်။ အိန္ဒိယဘုရင်ခံ ၏ တင်လျှောက်သော အချက်ကြီး ၆-ချက်ဖြင့် သာသနာရေး, သာသနာမှုဆိုင်ရာကိစ္စများကို အင်္ဂလိပ်အစိုးရတို့က တစုံတရာဝင် ရောက် နှောက်ယှက်မည်မဟုတ်ပဲ သာသနာပိုင်ဆရာတော်က ရှေးက ကဲ့သို့ အုပ်ချုပ်သွားရန် လွှဲအပ်သည့်သဘောပင် ဖြစ်လေသည်။

## ဘုရင်ခံကိုယ်စားလှယ် သာသနာပိုင်ကျောင်းတိုက် တိုက်တော်ရောက်ကာ လျှောက်ထားခြင်း

သက္ကရာဇ် ၁၂၄၇-ခုနှစ် တပို့တွဲလဆန်း ၁၂-ရက်နေ့တွင် အိန္ဒိယဘုရင်ခံ လော့ဒပ်ဖရင်သည် မန္တလေးမြို့တွင် အစည်းအဝေးပြု လုပ်၍ အထက်ဖော်ပြခဲ့သည့်အတိုင်း မြွက်ကြားလျှောက်ထားပြီး နောက် ၁၂၄၇-ခုနှစ် တပေါင်းလဆန်း ၁၂-ရက်နေ့တွင် ဘုရင်ခံ ကိုယ်စားလှယ် တိုင်းပြည်ရေးဆိုင်ရာ အရာရှိကြီးသည် စကားပြန် တစ်ယောက်နှင့်အတူ ဒီပဲရင်းဝန်ထောက်-ဦးမြ လိုက်ပါကာ သာသနာ ပိုင် တောင်တော်ဆရာတော် သီတင်းသုံးရာတိုက်တော်သို့ ရောက် လာပြီး ကျောင်းတော်၏ အလယ်ခန်းမကြီး၌ သာသနာပိုင်ဆရာတော် နှင့် တံဆိပ်တော်ရဆရာတော်တို့ရှေ့တွင် အောက်ပါအတိုင်း လျှောက် ထားလေသည်။

၁။ အရှင်အင်္ဂလိပ်အစိုးရသည် ဗုဒ္ဓဘာသာသာသနာတော်ကို အလွန်မြတ်နိုး ယုံကြည်တော်မူသဖြင့် သာသနာတော်ထွန်းလင်းပြန့်ပွားရန် ဆောင်ရွက်တော်မူသည်။

၂။ ဗုဒ္ဓဘာသာသာသနာတော် ထွန်းလင်းပြန့်ပွားက တိုင်းသူပြည်သားတို့လည်း ဝပြောချမ်းသာရမည် ဖြစ်ရကား ဗုဒ္ဓဘာသာ သာသနာတော်ကို ထမ်းဆောင် ကြကုန်သော ရဟန်းတော်တို့သည် ရဟန်းရှင်လူတို့အား သာသနာပြန့် ပွားရန် ဟောထိုက်သည်။

၃။ အင်္ဂလိပ်အစိုးရက အထက်ပြောဆိုချက်အတိုင်း မြန်မာပြည်ရှိ ရဟန်းတော်တို့ကို တစ်လုံးတစ်စည်းရှိကြစေ ရန် ကြိုးစား အားထုတ်တော်မူမည်။

၄။ အချို့မသမာသူတို့က အရှင့်အင်္ဂလိပ်အစိုးရ သည် ဗုဒ္ဓဘာသာသာသနာတော်ကို ဖျက်ဆီးရန် မြန် မာပြည်ကို သိမ်းယူသည်ဟု သတင်းပြန့်စေခြင်းသည် မဟုတ်မမှန်ခြင်းဖြစ်သည်။

ယခုအခါ အချို့စေတီပုထိုးစသည်တို့ကို စောင့်ရှောက်မည်ဟု ကြေငြာရာ သဘောတူသူ, သဘောမတူသူ, ဂရုမစိုက်သူ-ဟူ၍ ၃-စားကွဲပြားလျက် ရှိလေသည်။ တောကြိုတောင်ကြား လူသူမရှိ မကြည့်ရှုမစောင့်ရှောက်နိုင်သော အဆောက်အအုံတို့ကို အစိုးရက ကြည့်ရှုစောင့်ရှောက်ခြင်းသည် အလွန်ပင် ကျေးဇူးတင်စရာအကြောင်း ဖြစ်ပေသည်၊ မြို့ကြီးပြကြီးတို့၌ စောင့်ရှောက်ကြည့်ရှုမည့်သူတို့ရှိသော အဆောက်အအုံတို့ကိုမူ အစိုးရက ထပ်မံစောင့်ရှောက်ရန်မှာ အများကပင် မလိုပေဟု ထင်ကြ၏။ အစိုးရသည် ဤအချက်ကိုလိုကြောင်း ကောင်းစွာပြလျက် အထူးပင် ကောင်းပေလိမ့်မည်။ [၁]

## တောင်တော်သာသနာပိုင်
## အိန္ဒိယဘုရင်ခံချုပ်ထံ စာရေးခြင်း
## ဘုရင်ခံချုပ်က စာပြန်ခြင်း

သာသနာပိုင်တောင်တော်ဆရာတော်သည် ၁၂၄၇-ခုနှစ် တပို့တွဲလဆန်း ၁၂-ရက်နေ့က နန်းတော်တွင် လျှောက်ထားချက်နှင့် ပတ်သက်၍ တောင်တော်သာသနာပိုင်ဆရာတော်ဘုရားကြီးသည် အိန္ဒိယဘုရင်ခံချုပ် လော့ဒပ်ဖရင်ထံ စာရေးခဲ့လေသည်။ ထိုအခါ အိန္ဒိယဘုရင်ခံ လော့ဒပ်ဖရင်သည် အောက်ပါအတိုင်း သာသနာပိုင်ထံ စာပြန်ခဲ့လေသည်။

---

၁။ ပေါရာဏိကအာရက္ခဒီပနီ။ ၁၀၁။

အိန္ဒိယဘုရင်ခံမင်းမြတ် လျှောက်ထားလိုက်ပါသည်၊ ကျွန်ုပ်မိတ်ဆွေ သာသနာပိုင်ဆရာတော်-

ခရစ်သက္ကရာဇ် ၁၈၈၇-ခု၊ စက်တင်ဘာလ ၉-ရက်နေ့စွဲနှင့် ဆရာတော်ပေးပို့လိုက်သော စာကို ကျွန်ုပ်ရရှိပါကြောင်း။

သာသနာပိုင်ဆရာတော်နှင့် ဆရာတော်တစုတို့ ကျန်းမာရှိကြောင်းကို ကြားသိရ၍ ကျွန်ုပ်ဝမ်းမြောက်ပါ ကြောင်း သာသနာပိုင်ဆရာတော်နှင့် ဆရာတော်တစုတို့ ကျွန်ုပ်ကို မေတ္တာပို့သည်မှာ လွန်စွာကျေးဇူးတင်ပါကြောင်း။

ဧင်းပြင် ဧကရီမဘုရား၏ တိုင်းသူပြည်သားတို့သည် မိမိတို့ ကိုးကွယ်ကြသော ဘာသာသာသနာများ၌ အနှောက်အယှက်မရှိစေရ၊ ထုံးစံအတိုင်း ပြုလုပ်မြဲပြုလုပ်စေလိုကြောင်းကို အင်္ဂလိပ်အစိုးရမင်းတို့က အလိုဆန္ဒရှိပါသည်ဟု ကျွန်ုပ်မြန်မာနိုင်ငံသို့ လာရောက်သည့်ကာလက သာသနာပိုင် ဆရာတော်ကို လျှောက်ထားခဲ့သည့်အတိုင်း ဧကရီမဘုရား၏ တစ်ပါးသောတိုင်းနိုင်ငံအတွင်းရှိ ဗုဒ္ဓဘာသာသာသနာကို အနှောက်အယှက်မရှိစေရ၊ စောင့်ရှောက်၍ အလေးအမြတ်ပြုသကဲ့သို့ မြန်မာနိုင်ငံအတွင်းရှိ ဗုဒ္ဓဘာသာသာသနာကို လည်း အခါခပ်သိမ်း အင်္ဂလိပ်အစိုးရမင်းတို့က အနှောက်အယှက်မရှိစေရ၊ စောင့်ရှောက်၍ အလေးအမြတ် ပြုအပ်သည့်အတိုင်း အလေးအမြတ်ပြုမည်ကို သာသနာပိုင်ဆရာတော်က ယုံကြည်မှတ်ယူပါမည့်အကြောင်း။

စင်းမလားမြို့
၁၈၈၇-ခု၊ အောက်တိုဘာလ ၁၂-ရက်
လော့ဒပ်ဘုရင်မင်းမြတ်လက်မှတ်ပုံ
(အင်္ဂလိပ်ဘာသာနှင့်ပေးစာကို မြန်မာပြန်သောစာမှ)
ကူးယူသည့်လက်ခံ[၁]

---

၁။ ပေါရာဏိကအာရက္ခဒီပနီ။ ၉၉-၁၀၀။

## လစဉ်ဆန်အိပ် ၂၅-လုံး
## အလှူခံရ

တောင်တော်သာသနာပိုင်ဆရာတော်ဘုရားသည် လစဉ် အင်္ဂလိပ်အစိုးရတို့ လှူဒါန်းသော ဆန်အိပ်ကြီး ၂၅-လုံး လှူဒါန်းခြင်းကိုလည်း ခံယူတော်မူရလေသည်။ လှထွေဆရာတော်နှင့် ပခန်းဆရာတော်တို့ကား ဆန်အိပ် ၁၀-လုံးစီ အလှူခံရရှိတော်မူကြသည်ဟူ၏။

## တောင်တော်သာသနာပိုင်ရုံး

သီပေါမင်းလက်ထက်တွင် သုဓမ္မာသည် သာသနာပိုင်ဆရာတော်၏ ရုံးသဖွယ် ဖြစ်သည်။ သာသနာပိုင်ဆရာတော်အမှူးရှိသော သုဓမ္မာဆရာတော်များသည် သာသနာရေး, သာသနာမှုကိစ္စများကို မန္တလေးတောင်ခြေ သုဓမ္မာစရပ်၌ စီရင်ဆုံးဖြတ်တော်မူကြသည်။ အင်္ဂလိပ်အစိုးရလက်ထက်တွင် မန္တလေးမြို့ရိုးအတွင်း စွယ်တော်စင်အရှေ့ဖက်ရှိ ကင်းဝန်မင်းကြီးအိမ်၌ စီရင်ဆုံးဖြတ်တော်မူကြသည်။

## တောင်တော်သာသနာပိုင် ဩဇာကျ
## မေတ္တာစာသွင်း

ဖော်ပြပြီးသည့်အတိုင်း လျှောက်ထားအသိအမှတ်ပြု လှူဒါန်းထောက်ပံ့သော်လည်း တောင်တော်သာသနာပိုင်ဆရာတော်သည် ရှေးကကဲ့သို့ ဩဇာအာဏာမရှိခဲ့ပေ၊ သို့ဖြစ်၍ တောင်တော်သာသနာပိုင်ဆရာတော်နှင့် သုဓမ္မာဆရာတော်များက ဘားဂျက်မင်းကြီးထံ အောက်ပါအတိုင်း မေတ္တာစာ ပေးပို့ခဲ့ရဘူးလေသည်။

## ဘားဂျက်မင်းကြီးထံ ပေးပို့သည့် သာသနာပိုင်၏ မေတ္တာစာ

သာသနာပိုင်ဆရာတော်ဘုရားကြီးနှင့် တံဆိပ်တော်ရ ဆရာတော်များက မေတ္တာရပ်ခံလိုက်သည် ဒကာတော်-

အကြောင်းမှာ ရဟန်း, ရဟန်းချင်း ဖြစ်ပွားသော အမှုကိစ္စ, လူတို့နှင့်ရဟန်း ဖြစ်ပွားသော သာသနာကိစ္စများ၌ သံဃာ့အဆုံးအဖြတ်ကို မကျေနပ်၍ လွှတ်တော်သို့ အယူခံဝင်မည်ဆိုလျှင် မြန်မာဘုရင်များလက်ထက်၌ လွှတ်တော်က ၎င်းသံဃာများ ဆုံးဖြတ်ပြီးကိစ္စကို ဝင်ရောက်စွက်ဖက်နှောက်ရှက်ခြင်း မပြုပဲ ဆုံးဖြတ်ချက်အတိုင်း အတည်ပြုရန်ကိုသာ အားပေးကူညီလေ့ရှိကြောင်း။

မြို့တော်၌ ကျောင်းတိုက်အတွင်းဖြစ်ပွားသော ရဟန်းကိစ္စများကို တိုက်အုပ်, တိုက်ချုပ်တို့က ဆုံးဖြတ်ကြကြောင်း, ၎င်းဆုံးဖြတ်ချက်ကို မကျေနပ်မှု သုဓမ္မာဆရာတော်များထံ အယူခံဝင်နိုင်ကြောင်း၊ သို့ရာတွင် ၎င်းသုဓမ္မာဆရာတော်များ ဆုံးဖြတ်ချက်သည် နောက်ဆုံး ဆုံးဖြတ်ချက်ဖြစ်ကြောင်း။

မြို့တော်မှအပတွင် ရဟန်းကိစ္စပေါ်ပေါက်မူ ဂိုဏ်းချုပ်, ဂိုဏ်းအုပ်, ဂိုဏ်းထောက်တို့က ဆုံးဖြတ်ကြရကြောင်း၊ ၎င်းဆုံးဖြတ်ချက်ကို မကျေနပ်က သုဓမ္မာဆရာတော်များထံ အထက်နည်းအတိုင်း အယူခံနိုင်ကြောင်း။

သုဓမ္မာဆရာတော်များဆုံးဖြတ်ချက် မကျေနပ်ဆို၍ လွှတ်တော်ကို အယူခံဝင်လျှင် လွှတ်တော်က လက်မခံ ပယ်လေ့ရှိကြောင်း၊ သို့အတွက် အင်္ဂလိပ်အစိုးရမင်းများ လက်ထက်၌ ရဟန်းကိစ္စနှင့်စပ်လျဉ်းသော အဆုံးအဖြတ်များကို တရားရုံးတော်များက ဝင်ရောက်စွက်ဖက်မည်ဆိုလျှင် သာသနာညှိုးငယ်ဘို့ရာ များစွာစိုးရိမ်ဖွယ်ရှိကြောင်း။

ဝိနည်းဓမ္မကံများကိုလည်း လူများကျနစွာ သိနားလည်ရန်များ ခဲယဉ်းကြောင်း၊ အင်္ဂလိပ်အစိုးရမင်းများသည် ဗုဒ္ဓဘာသာတရားတော်ကို တတ်အားသမျှ စောင့်ရှောက်ကာကွယ်လိုသော ဆန္ဒအာသီသ ရှိကြသည်ဖြစ်၍ ဆရာတော်များ မေတ္တာရပ်ခံသည့်အတိုင်း ရဟန်းတော်များကိစ္စ နှင့်စပ်လျဉ်း၍ ဆရာတော်များဆုံးဖြတ်သည်ကို တရားရုံးတော်များက လက်မခံ၊ ငြင်းပယ်ရန် မေတ္တာရပ်ခံလိုက်သည် တရားဝန်ကြီးမင်း။

## ဘားဂျက်မင်းကြီး၏ ပြန်ကြားချက်

ဤအမှုတွင် ဘားဂျက်မင်းကြီးက အောက်ပါအတိုင်း မိန့်ဘူးလေသည်။

မြန်မာဘုရင်မင်းများလက်ထက်၌ သာသနာတော်နှင့်တကွ တိုင်းရေးပြည်ရေးကိစ္စများမှာ ဘုရင်ဧကရာဇ်မင်းမြတ်၏ လက်အောက်၌ ဖြစ်၏၊ အင်္ဂလိပ်၌လည်း ထို့အတူဖြစ်၏၊ သို့ရာတွင် အင်္ဂလိပ်မင်းများ အထက်မြန်မာပြည်ကို သိမ်းပိုက်ပြီးနောက် သာသနာသည် မည်ကဲ့သို့ အခွင့်အာဏာရှိသည်မှာ ခဲယဉ်းကြောင်းကို အင်္ဂလိပ်မင်းများ အထက်မြန်မာပြည်ကို သိမ်းပိုက်သည်နှင့် တပြိုင်နက် သာသနာရေးနှင့် တိုင်းရေးပြည်ရေးသည် ရှေ့က အဆက်ပြတ်ပြီဟု ထင်မှတ်ရန်သင့်ကြောင်း၊ သို့ရာတွင် အစိုးရမင်းများက မနှုတ်မသိမ်းထားသော အခွင့်အာဏာများ သာသနာဖက်၌ ရှိသေးသည်ဟု ယူဆရမည်၊ သို့အတွက် အင်္ဂလိပ်မင်းလက်ထက်၌ ပြောင်းလွဲသွားကြောင်း သက်သေမရှိလျှင် သာသနာပိုင်၌လည်းကောင်း၊ သုဓမ္မာဆရာတော်များ၌လည်းကောင်းရှိသော အခွင့်အာဏာများနှင့်တကွ သာသနာနှင့်ဆိုင်သော ပစ္စည်းများသည် မူလအတိုင်းသာ ရှိရမည်၊ အထက်ပါ တောင်းဆိုသောအခွင့်အာဏာများနှင့် နှိုင်းယှဉ်

သော် သာသနာပိုင်နှင့် သုဓမ္မာဆရာတော် တောင်းဆိုသော စကားများသည် များစွာ လျော့ထားကြောင်း။

သို့အတွက် တရားရုံးတော်များက အသိအမှတ်ပြု စရာ မရှိကြောင်း၊ ထိုသာသနာပိုင်နှင့် သုဓမ္မာအဖွဲ့က ၎င်းတို့နှင့်စပ်သော ကိစ္စများကိုသာ ဆောင်ရွက်၍ တရား ဥပဒေနှင့်မဆန့်ကျင်သော ကိစ္စများကို ဆောင်ရွက်လျှင် သာသနာနှင့်ဆိုင်သောကိစ္စများ ဆုံးဖြတ်ရာ၌ မှန်, မမှန်၊ တော်, မတော်ကို တရားရုံးတော်က စစ်ဆေးရန်မလို-ဟု မိန့်ဘူးလေသည်။ ၁

## ရန်ကုန်၌ သီတင်းသုံးခြင်း

သက္ကရာဇ် ၁၂၄၇-ခုနှစ် နေ့ရက်ပိုင်းတွင် ဘုရင်ခံ၏ပင့် လျှောက်ချက်အရ တောင်တော်ဆရာတော်သည် နောက်ပါရဟန်းများ စွာတို့နှင့်တကွ ရန်ကုန်သို့ကြွတော်မူ၍ ရွှေတိဂုံဘုရားအရှေ့ဘက် ဇဟန်း၌ သီတင်းသုံး၍ သာသနာရေးရာများကို ဆွေးနွေးတော်မူခဲ့ လေသည်။

## ပြည် ဟင်္သာတ-စသည်တို့သို့ ကြွခြင်း

သက္ကရာဇ် ၁၂၅၀-ပြည့်နှစ် နွေဦးတွင် နောက်ပါရဟန်းတော် ၁၀-ပါးတို့ဖြင့် အင်္ဂလိပ်အစိုးရ လျှောက်ထားစီစဉ်ပေးချက်အရ ပြည်, ဟင်္သာတ, ညောင်တုန်း, ကျိုက်ပိ, ရန်ကုန်-အစရှိသော မြို့များသို့ လှည့်လည်ကြွရောက်တော်မူ၍ တမြို့တဌာန ၅-ရက်ခန့်စီ သီတင်း သုံးပြီး သာသနာရေးကိစ္စများကို ပြုလုပ်တော်မူလေသည်။

---

၁။ ဗုဒ္ဓဘာသာဓမ္မသတ်ဥပဒေလက်သုံးကျမ်း-ကြည့်။
ရာပြည့်။ ၂၈၀-၂၈၁-တို့၌လည်းကြည့်။

## တောင်ငူ ရမည်းသင်း–စသည် ကြွခြင်း

ပြည်, ဟင်္သာတ, ညောင်တုန်း, ကျိုက်ပိ-စသည်တို့မှ ပြန်ကြွတော်မူပြီး ရန်ကုန်၌ ရက် ၄၀-ခန့် သီတင်းသုံးတော်မူပြီး မန္တလေးသို့ ပြန်အကြွတွင် တောင်ငူ, ရမည်းသင်းမြို့ စသည်တို့၌ ၅-ရက်ခန့်စီ သီတင်းသုံးနေထိုင်တော်မူပြီး ရဟန်းသံဃာများနှင့် ဒကာ, ဒကာမတို့အား တရားဓမ္မဟောပြတော်မူလေသည်။

တေသု တေသု ပဒေသု၊ ဂန္တွာန ထေရကုဥ္စရော။
ဓမ္မေဒကေန တောသေသိ၊ ယတိနရသမာဂမေ။

## သာသနာမှုရေးရာများကို ဆရာတော် ၁၄–ပါးအား လွှဲအပ်ခြင်း

တောင်တော်သာသနာပိုင်ဆရာတော်ဘုရားသည် မိမိကြာရှည်စွာ နေရတော့မည်မဟုတ်ကြောင်း သိရှိတော်မူရကား သက္ကရာဇ် ၁၂၅၆-ခုနှစ် နတ်တော်လဆန်း ၈-ရက်နေ့တွင် ဆရာတော်များ အစုံအညီစည်းဝေးစေ၍ မိမိမရှိသည့်နောက်တွင် ဘုရားမြတ်စွာ သာသနာတော်ကြီး ဆုတ်ယုတ်ပျက်စီးခြင်းမရှိရန် မိမိထင်ရှားရှိစဉ်ကကဲ့သို့ အထက်,အောက် နိုင်ငံနှစ်ရပ်လုံး၌ စောင့်ရှောက်ပြုစုရန် မိမိလွှဲအပ်တော်မူမည်ဟု မိန့်တော်မူ၍ သာသနာတော်၏တာဝန်အဝဝကို ဆောင်ရွက်ရန် စာတမ်းရေးသားလျက် အောက်စာရင်းပါ ဆရာတော် ၁၄-ပါးတို့အား လွှဲအပ်နှင်းတော်မူခဲ့လေသည်။

## လွှဲအပ်ခြင်းခံရသော ဆရာတော်များ

၁။ စာချွန်တော်ရ မြို့ပြင်ကြီးဂိုဏ်းအုပ်ဆရာတော်၊

၂။ 'နာဂိန္ဒာဘိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု' တံဆိပ်တော်ရ မိုးကောင်းမဟာဝေယန်ဘုံကျော်ဆရာတော်၊

၃။ 'ဂုဏာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု' တံဆိပ်တော်ရ အကောက်ဝန်မင်းကျောင်းဆရာတော်၊

၄။ 'ဉာဏဝံသဓဇမဟာဓမ္မရာဇာဓိရာဇဂုရု' တံဆိပ်တော်ရ ရွှေပြည်ဆရာတော်၊

၅။ 'သုမနာစာရဓဇမဟာဓမ္မရာဇာဓိရာဇဂုရု' တံဆိပ်တော်ရ မြို့သာဆရာတော်၊

၆။ 'ပညာသာမိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု' တံဆိပ်တော်ရ ပေါင်းထောင်ကူဆရာတော်၊

၇။ 'ကဝိန္ဒာဘိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု' တံဆိပ်တော်ရ မောက်ကျိုးဆရာတော်၊

၈။ 'ဉာဏာဘိဓဇသိရီပဝရမဟာဓမ္မရာဇာဓိရာဇဂုရု' တံဆိပ်တော်ရ တိုင်းတာတိုက်အုပ်ဆရာတော်၊

၉။ 'ရေဝတာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု' တံဆိပ်တော် ရ ဘေးမဲ့ဆရာတော်၊

၁၀။ 'နန္ဒမဥ္ဇူသာဘိဓဇသိရီပဝရမဟာဓမ္မရာဇာဓိရာဇဂုရု' တံဆိပ်တော်ရ လင်္ကာရာမဆရာတော်၊

၁၁။ အရှေ့တိုက်ဆရာတော် ဦးမုနိန္ဒ၊

၁၂။ ဆင်ဖြူကျွန်းဆရာတော် ဦးနရိန္ဒ၊

၁၃။ မေဃဝတီတိုက် သာသနာပြုဆရာတော် ဦးကလျာဏ၊

၁၄။ မိုးကောင်းတိုက် စာချဆရာတော် ပဌမကျော်ဦးနန္ဒိယ၊

ဖော်ပြပါ တစ်ကျိပ်လေးပါးသော ဆရာတော်တို့သည် သာသနာပြုအဖြစ် လွှဲအပ်ခြင်းခံတော်မူရသည့်အတိုင်း တောင်တော် သာသနာပိုင်ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ်က စ၍ သာသနာတော်ကို ပြုစုစောင့်ရှောက်တော်မူခဲ့ကြလေသည်။

ယင်းသို့ မူလလွှဲအပ်စဉ်က ၁၄-ပါးဖြစ်သော်လည်း "နန္ဒမဇ္ဈိုသာဘိဓဇသိရီပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်တော်ရ လက်ာရာမဆရာတော်ဘုရားကြီး နှုတ်ထွက်၍ အရှေ့တိုက်ဆရာတော် ဦးမုနိန္ဒ ပျံလွန်တော်မူသဖြင့် ၁၂-ပါးသာ ကျန်ရှိခဲ့လေသည်။ ယင်းသို့ ကျန်ရှိသော တစ်ကျိပ်နှစ်ပါးသော ဆရာတော်တို့ကိုစွဲ၍ ထိုဆရာတော်တို့၏ သာသနာပြုဂိုဏ်းကြီးကို "တစ်ကျိပ်နှစ်ပါးဂိုဏ်း"ဟု ခေါ်ဝေါ်သမုတ်ကြလေကုန်သည်။

## ဘဝနတ်ထံ ဝင်စံတော်မူခြင်း

ဤသို့ဖြင့် မာရ်အောင်စေတီဒါယကာ မြန်မာနောက်ဆုံး ဘုရင် သီပေါမင်းလက်ထက်၌ နေတစ်ဆူ လတစ်ပါးအလား ထင်ရှားကျော်ကြားတော်မူသော "မာလာလင်္ကာရသိရီဓဇမဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်နှင့် "မာလာလင်္ကာရသာသနဓဇဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု, မာလာလင်္ကာရဓဇဓမ္မသေနာပတိအတုလာဓိပတိသိရီပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော် ၃-ထပ်ရ သာသနာပိုင် တောင်တော်ဆရာတော်ဘုရားကြီး အရှင်မာလာလင်္ကာရသည် သက်တော် ၇၉-နှစ်ရှိရာ ၁၂၅၇-ခုနှစ် ပြာသိုလတွင် ဘဝနတ်ထံ ဝင်စံတော်မူခဲ့လေသည်။

တောင်တော်ဝှယော မဟာထေရော၊ သံဃရာဇဓုရန္ဓရော။
ဇေ့ဘူနာသီတိ ဝဿေသော၊ ဂတော ဒေဝပုရံ သုဘံ။

## သံဝေဂဆောင်ရန်

ယထာပိ သေလာ ဝိပုလာ၊ နဘံ အာဟစ္စ ပဗ္ဗတာ။
သမန္တာနုပရိယေယျုံ၊ နိပ္ပေါထေန္တာ စတုဒ္ဒိသာ။

ဧဝံ ဇရာ စ မစ္စု စ၊ အဓိဝတ္တန္တိ ပါဏိနေ။
ခတ္တိယေ ဗြာဟ္မဏေ ဝေဿ၊ သုဒ္ဒေ စဏ္ဍာလပုက္ကုသေ။

န ကိဉ္စိ ပရိဝဇ္ဇေတိ၊ သဗ္ဗမေဝါဘိမဒ္ဒတိ။
န တတ္ထ ဟတ္ထီနံ ဘူမိ၊ န ရထာနံ န ပတ္တိယာ။
န စာပိ မန္တယုဒ္ဓေန၊ သက္ကာ ဇေတုံ ဓနေန ဝါ။[၁]

နဘံ အာဟစ္စ= မိုးတိမ်ပေါက်မြောက် ဆိုက်ရောက်လေအောင်။ ဝိပုလာ= ကြီးမားကုန်သော။ သေလာ= ကျောက်အတိပြီးကုန်သော။ ပဗ္ဗတာ= တောင်လေးလုံးတို့သည်။ သမန္တာ= ထက်ဝန်းကျင်မှ။ စတုဒ္ဒိသာ= အရပ်လေးမျက်နှာမှ။ နိပ္ပေါထေန္တာ= သတ္တဝါတို့ကို မှုန့်မှုန့်ညက်ညက်ကြိတ်ချေကုန်လျက်။ အနုပရိယေယျုံ ယထာပိ= လှည့်လည်ကုန်ရာသကဲ့သို့သာလျှင်။ ဧဝံ တထာ= ထို့အတူ။ ဇရာ စ= သွားကြိုးဆံဖြူ ငယ်မူယိုယွင်း အိုမင်းရင့်ရော် မှည့်ပျော်ခြင်းဇရာသည်လည်းကောင်း။ မစ္စု စ= စုတိပြတ်ကြွေ သေလွန်ခြင်းသည်လည်းကောင်း။ ခတ္တိယေ= ရေမြေပိုင်စိုး မင်းမျိုး ဖြစ်သူတို့ကိုလည်းကောင်း။ ဗြာဟ္မဏေ= ပုဏ္ဏားမျိုးဖြစ်သူတို့ကိုလည်းကောင်း။ ဝေဿ= ကုန်သည်မျိုးဖြစ်သူတို့ကိုလည်းကောင်း။ သုဒ္ဒေ= သူဆင်းရဲမျိုးဖြစ်သူတို့ကိုလည်းကောင်း။ စဏ္ဍာလပုက္ကုသေ= ဒွန်း စဏ္ဍား, ပန်းမှိုက်သွန်မျိုးဖြစ်သူတို့ကိုလည်းကောင်း။ ပါဏိနေ= ဖော်ပြထုတ်ဆို ပုဂ္ဂိုလ်သတ္တဝါတို့မှကြွင်းသောလောကမှီတင်း သတ္တဝါခပင်းတို့ကိုလည်းကောင်း။ အဓိဝတ္တန္တိ= လွှမ်းမိုးကြိတ်ဖျက် နှိပ်စက်ညှင်းပန်း သတ်ဖြတ်ကုန်၏။ ကိဉ္စိ= ပုဂ္ဂိုလ်တစ်စုံတစ်ယောက်မျှ။ န ပရိဝဇ္ဇေတိ= မရှောင်ကြဉ်။ သဗ္ဗမေဝ= တစ်ယောက်

---

၁။ သံ၊ ၁။ ၁၀၂။ (ပဗ္ဗတူပမသုတ်)။

မကြွင်း ခပင်းဥဿုံ အလုံးစုံ သော သတ္တဝါကိုသာလျှင်။ အဘိမဒ္ဒတိ= ကြိတ်ချေနှိပ်စက်၏။ တတ္ထ= ထိုသေခြင်းတရား နှိပ်စက်ဖျက်ဆီးရာ၌။ ဟတ္ထိနံ= ဆင်စီးသူရဲတို့၏။ ဘူမိ= အောင်နိုင်ရာသည်။ ဝါ= အောင်နိုင်ရာမြေအရပ်သည်။ န အတ္ထိ= မရှိပါချေ။ ရထာနံ= ရထားစီးသူရဲတို့၏။ ဘူမိ= အောင်နိုင် ရာ မြေအရပ်သည်။ ဝါ= အောင်ရာဇကန် မြေမြတ်မြေမွန်သည်။ န အတ္ထိ= မရှိပါချေ။ ပတ္တိယာ= ခြေသည်သူရဲတပ်သားများ၏။ ဘူမိ= အောင်ရာမြေအရပ်သည်။ န အတ္ထိ= မရှိပါချေ။ မန္တယုဒ္ဓေနပိ= အာထဗ္ဗဏဗေဒင် စီရင်ကာ စစ်ထိုးခြင်းဖြင့်လည်းကောင်း။ ဇေတုံ= အောင်ခြင်းငှာ။ န သက္ကာ= မတတ်နိုင်ပါချေ။ ခနေန ဝါ= ပစ္စည်း ဥစ္စာပေးသဖြင့်လည်း။ ဇေတုံ= အောင်နိုင်ခြင်းငှာ။ န သက္ကာ= မတတ်နိုင်ပါချေ။

## ဈာနပကျင်းပ စေတီတည်ခြင်း

တောင်တော်သာသနာပိုင်ဆရာတော်၏ အလောင်းကို တစ်နှစ်ခန့် ရဟန်းရှင်လူအပူဇော်ခံပြီး ၁၂၅၈-ခုနှစ် တပိုတွဲလတွင် သာမုကီဋ္ဌနသဘင် ကြီးကျယ်ခမ်းနားစွာ ပြုလုပ်ကြပြီးလျှင် အလောင်းတော်ကို မီးသင်္ဂြိုဟ်ပြီး အရိုးဓာတ်များကို ဌာပနာ၍ တိုက်တော်အတွင်း၌ပင် စေတီကြီးတည်ထားကိုးကွယ်ခဲ့ကြကုန်၏။

ဥတုဇထေရဒေဟမ္ဘိ၊ နာနာကာရေဟိ ပူဇယံ။
**အန္တော ကတွာန အဋ္ဌိနိ၊ ကာရေသုံ စေတိယမ္ဘိ စ။**

## ပုသိမ်မန်းကျောင်းဆရာတော် အရှင်ဥက္ကံသ

ပုသိမ်မန်းကျောင်းဆရာတော် အရှင်ဥက္ကံသမဟာထေရ်မြတ်သည်လည်း မဟာဓမ္မိကာရာမရွှေကျင်တိုက်၌ ကြာမြင့်စွာနေထိုင်၍ ရွှေကျင်ဆရာတော်ဘုရားကြီးထံ ပညာရင်နို့သောက်စို့တော်မူခဲ့လေ သည်။ ပုသိမ်ဇာတိ ဖြစ်လေသည်။ မဟာဓမ္မိကာရာမရွှေကျင်တိုက်၌ စာပေချပို့၍လည်း ပရိယတ္တိသာသနာတော်ကို ချီးမြှောက်တော်မူခဲ့လေသည်။

နောက်တွင် ပုသိမ်ဒကာ, ဒကာမတို့ ပင့်လျှောက်သဖြင့် ပြန်ကြွတော်မူကာ မန်းကျောင်းတိုက်ကို အလှူခံ၍ သာသနာပြုတော်မူခဲ့လေသည်။ ဝိနယဂရုက, သိက္ခာကာမဂုဏ်နှင့်ပြည့်စုံသော မဟာထေရ်မြတ် ဖြစ်တော်မူ၏။ သာသနာတော်မြတ်ထွန်းလင်းအောင် ကျင့်ဆောင်ဆဲတွင် ပျံလွန်တော်မူခဲ့လေသည်။

## သံဝေဂယူရန်

ယထာပိ ကုမ္ဘကာရဿ၊ ကတာ မတ္တိကဘာဇနာ။
သဗ္ဗေ ဘေဒနပရိယန္တာ၊ ဧဝံ မစ္စာနဇီဝိတံ။[၁]

ကုမ္ဘကာရဿ= အိုးထိန်းသည်၏။ ဝါ= အိုးထိန်းသည်သည်။ ကတာ= ပြုလုပ်အပ်ကုန်သော။ သဗ္ဗေ= အလုံးစုံကုန်သော။ မတ္တိကဘာဇနာ= မြေညက်အိုးခွက်တို့သည်။ ဘေဒနပရိယန္တာ ယထာပိ= တစ်နေ့နေ့တွင် ကွဲပြဲပျက်ခြင်းလျှင် အဆုံးရှိသကဲ့သို့သာလျှင်။ ဧဝံ တထာ= ထို့အတူ။ မစ္စာနံ= ကြုံလာဖြစ်လာ သတ္တဝါတို့၏။ ဇီဝိတံ= အသက်ဇီဝိန်သည်။ ဘေဒနပရိယန္တံ= ပျက်စီးသေလွန်ခြင်းလျှင် အဆုံးရှိချေ၏။

---

၁။ သုတ္တနိ။ ၃၇၁။

## သုဇာတာဘိဓဇာဓိပတိသိရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်သုဇာတ

မန္တလေးမြို့ အနောက်ပြင် နှင်းဆီခြံရပ် မြောက်ဖျားရှိ စိတြာရာမကျောင်းတိုက်ကြီး၏ မဟာနာယကဆရာတော် အရှင်သုဇာတသည်လည်း မန္တလေးမြို့ မြောက်ပြင် မဟာဝမ္မိကာရာမတိုက်ကြီး၌ သီတင်းသုံး၍ ဂန္ထန္တရအဝဝကို သင်ယူတော်မူခဲ့သည့် မထေရ်မြတ် ဖြစ်တော်မူသည်။

## ဖွားမြင် ရှင် ရဟန်းပြုခြင်း

မြင်းမူမြို့နယ် ဂုံညှင်းဆိပ်ရွာ၌ သက္ကရာဇ် ၁၁၇၇-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့၍ အရွယ်ရောက်သော် သာမဏေတို့ စောင့်ရအမှန် သိက္ခာဆယ်တန်ကို ကိုယ်သန္တာန်ဝယ် တည်စေ၍ သာမဏေဝတ် သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်။ သက်တော် ၂၀-ပြည့် မြောက်သည်တွင် လောကိယသမ္ဗဒါတို့ထက် အထက်တန်းကျသော ရဟန်းအဖြစ်သို့ ရောက်၍ သာသနာ့ဝန်ထမ်းဆောင်တော်မူခဲ့လေ သည်။ ဘွဲ့တော် အရှင်သုဇာတဖြစ်လေသည်။

## ရွှေကျင်ဆရာတော်ဘုရားကြီးထံ ရောက်ရှိ ပညာသင်ကြားခြင်း

အသက်အရွယ်တော် နုနယ်ငယ်လျစဉ်ကစ၍ မန္တလေးမြို့ မြောက်ပြင် မဟာဝမ္မိကာရာမတိုက် ရွှေကျင်ဆရာတော်ဘုရားကြီးထံသို့ ရောက်၍ သင်သင့်သင်ရာကျမ်းစာ အရပ်ရပ်ကို သင်ယူတော်မူခဲ့လေသည်။ ဂုင်းပြင် ပဋိပတ်ဆိုင်ရာ နည်းလမ်းများကိုလည်း သင်ယူတော်မူခဲ့လေသည်။

သန္တိကေ ဇွေကျင်ထေရဿ၊ ထိရဂုဏာဒယောဒိကော။
ဗဟာဝေါ န ယေ သော သိက္ခိ၊ တိက္ခသ တိက္ခညာဏိနော။

## စိတြာရာမတိုက် အလှူခံရခြင်း

သီပေါမင်းနှင့် မိဖုရားခေါင်ကြီးတို့က ကြည်ညိုလေးမြတ် သဖြင့် ယင်းမင်းနှင့် မိဖုရားတို့ တင်လှူသဖြင့် စိတြာရာမတိုက်ကြီး ကို အလှူခံ၍ သာသနာပြုတော်မူခဲ့လေသည်။

## ဒုတိယအမြင့်ဆုံး ဘွဲ့တံဆိပ်တော် အလှူခံရရှိခြင်း

သက္ကရာဇ် ၁၂၄၆-ခုနှစ်တွင် ဆရာတော်သည် သက်တော် ၆၉-နှစ်ရှိလေပြီ၊ ယင်းသည့် ၁၂၄၆-ခုနှစ်တွင်ပင် "သုဇာတာဘိဓဇ မိပတိသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူခဲ့လေသည်။

## ဇာတိရပ်ရွာပြန်ကြွ သီတင်းသုံး ပျံလွန်တော်မူခြင်း

ကျောင်းတိုက်အလှူခံ၍ အတော်ကြာသီတင်းသုံးပြီးလျှင် မတ္တရာမြို့နယ် ထီးတော်မိုးရွာဇာတိ ဆရာတော်အရှင်သုနန္ဒအား ကျောင်းတိုက်ကို လွှဲအပ်ကာ ဇာတိဖြစ်သော မြင်းမူမြို့နယ် ဂုံညင်းဆိပ်ရွာသို့ ပြန်ကြွတော်မူခဲ့လေသည်။ ယင်းသည့် ဂုံညင်းဆိပ်ရွာ၌ပင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။

## သံဝေဂယူရန်

ခတ္တိယာ ဗြာဟ္မဏာ ဝဿာ၊ သုဒ္ဒါ စဏ္ဍာလပုက္ကုသာ။
ဧတေ စညေ စ ဇာတိယာ၊ တေပိ နော အဇရာမရာ။[၁]

ခတ္တိယာ= မင်းမျိုးဖြစ်သူတို့သည်လည်းကောင်း။ ဗြာဟ္မဏာ= ပုဏ္ဏားမျိုးဖြစ်သူတို့သည်လည်းကောင်း။ သုဒ္ဒါ= သူဆင်းရဲမျိုးဖြစ်သူတို့သည်လည်းကောင်း။ စဏ္ဍာလပုက္ကုသာ= ဒွန်းစဏ္ဍားမျိုး, ပန်းမှိုက်သွန်မျိုးဖြစ်သူတို့သည်လည်းကောင်း။ ဧတေ စ= ဖော်ပြထုတ်ဆိုအပ်သော ဤပုဂ္ဂိုလ်သတ္တဝါတို့သည်လည်းကောင်း။ အညေ စ= တပါးသော နတ်, ဗြဟ္မာစသော သတ္တဝါများတို့သည်လည်းကောင်း။ ဝါ= တပါး သော အခြေနှစ်ချောင်း, အခြေလေးချောင်း, အခြေများစွာရှိသော သတ္တဝါတို့သည်လည်းကောင်း။ ဇာတိယာ= ပဋိသန္ဓေအားဖြင့်။ ဝတ္တန္တိ= ဖြစ်ကြကုန်၏။ တေပိ= ဖော်ပြထုတ်ဆို ထိုပုဂ္ဂိုလ်သတ္တဝါ တို့သည်လည်း။ နော အဇရာမရာ= မအိုကြ, မသေကြကုန်သည် မဟုတ်, အိုကြ, သေကြရကုန်သည်သာ။

---

၁။ ဝိမာနဝတ္ထု။ ၈၈။

## သီဟာစာရကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်သီဟ

မန္တလေးမြို့ မန္တလေးတောင်အနောက်ဖက် အနီးတွင်ရှိခဲ့ဘူးသော သောဘိတာရာမတိုက်ဆရာတော် အရှင်သီဟသည်လည်း ရွှေကျင်ဆရာတော်ဘုရားကြီး၏ တပည့်ကြီးဖြစ်လေသည်။

## ဖွားမြင် ရှင် ရဟန်းပြုခြင်း

သက္ကရာဇ် ၁၁၈၀-ပြည့်နှစ် ပတ်ဝန်းကျင်တွင် ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်ရောက်သော် ရှင် ရဟန်းပြု သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်။

## ရွှေကျင်ဆရာတော်ဘုရားကြီးထံ ရောက်ရှိ တပည့်ခံ သင်ယူခြင်း

ငယ်စဉ်ကပင် မဟာဓမ္မိကာရာမတိုက် ရွှေကျင်ဆရာတော်ဘုရားကြီး အရှင်ဇာဂရထံ ပရိယတ်, ပဋိပတ်ကို ကျေနပ်လောက်အောင် နည်းခံတော်မူခဲ့လေသည်။ နောက်တွင် သောဘိတာရာမတိုက် ဆရာတော်အဖြစ် ထင်ရှားခဲ့လေသည်။

## ရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော် အလှူခံရရှိခြင်း

မင်းတရားလှူဒါန်းသည့် "သီဟာစာရကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်။ တပည့်တပန်း ရဟန်း, သာမဏေတို့အား ပရိယတ်, ပဋိပတ်နည်းညွှန် သာသနာပြုစဉ်၌ပင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။

## သံဝေဂယူရန်

ယေ မန္တံ ပရိ၀တ္တေန္တိ၊ ဆဠင်္ဂံ ပြဟ္မစိန္တိတံ။
ဓနေ စဒေ့ စ ဝိဇ္ဇာယ၊ တေပိ နော အဇရာမရာ။[၁]

ယေ= အကြင်ပုဂ္ဂိုလ်တို့သည်။ ဆဠင်္ဂံ= ကပ္ပဗျာကရဏ ထိုမှတလှည့် နိရုတ္တိနှင့် သိလေသိက္ခာ တဖြာဆန္ဒောဝိစိတိ ဇောတိ သတ်ဟူ ခြောက်ရပ်သော အစိတ်အပိုင်းအင်္ဂါရှိသော။ ပြဟ္မစိန္တိတံ= အဋ္ဌကဝိမကစသည်အရပ်ရပ် ရသေ့မြတ်တို့သည် ကြံစည်တီထွင်အပ် သော။ မန္တံ= ဝေဒခေါ်တွင် ဗေဒင်ကို။ ဝိဇ္ဇာယ= အတတ်ပညာဖြင့်။ ပရိ၀တ္တေန္တိ= ရွတ်အံပြန်လှည့်ကြကုန်၏။ ဝါ= ဟောပြောကြကုန်၏။ တေပိ= ဤပုဂ္ဂိုလ်တို့သည်လည်းကောင်း။ အဒေ့ စ= တပါးသော ပုဂ္ဂိုလ်တို့သည်လည်းကောင်း။ နော အဇရာမရာ= မအိုကြ, မသေကြ သည်မဟုတ် အိုကြရ သေကြရသည်သာ။

ဗေဒင်မန္တာန် ကျမ်းဂန်ပေါက်ရောက် တတ်မြောက်ကြသား ပုဂ္ဂိုလ်များနှင့် ခြားသတ္တဝါ များမြောက်စွာလည်း မှန်စွာမုချ သေကုန်ကြ၏။ လောကသင်းကျစ် ဓမ္မရာဇ် မှန်ကူ သယမ္ဘူမြတ် စောနေနတ်လည်း နှစ်ရပ်ရုပ်နာမ် ချုပ်ရာမှန်သည့် နိဗ္ဗာန်ပြည်ခွင် ဝင်စံချုပ်ငြိမ်း လက်စသိမ်း၏။ ဇာတိရှိက ဇရာဓမ္မ မရဏတို့ မုချဧကန် ကြုံရမှန် သည် သံဝေရကြစေကုန်သတည်း။

*** ♦ ***

၁။ ဝိမာနဝတ္ထု။ ၈၈။

## နန္ဒမာလာဘိဝံသမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်နန္ဒမာလာ

မန္တလေးမြို့ မြောက်ပြင် ဘုန်းတော်ကြီးရပ်ကွက် ဝေဠုဝန်ကျောင်းတိုက် ဆရာတော်အရှင်နန္ဒမာလာသည်လည်း ရွှေကျင်ဆရာတော်ဘုရားကြီး၏ တပည့်ဖြစ်လေသည်။

## ဖွားမြင် ရှင် ရဟန်းပြုခြင်း

သက္ကရာဇ် ၁၁၈၆-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်ရောက်သော် ရှင် ရဟန်းပြု သာသနာ့ဝန်ထမ်းဆောင်တော်မူခဲ့လေသည်။ ဘွဲ့တော် အရှင်နန္ဒမာလာဖြစ်လေသည်။

## မဟာဝိမ္ဗိကာရာမတိုက် ရောက်ရှိ ပညာသင်ကြားခြင်း

မန္တလေးမြို့ မြောက်ပြင် မဟာဝိမ္ဗိကာရာမတိုက်သို့ ရောက်၍ ရွှေကျင်ဆရာတော်ဘုရားကြီးထံ ဂန္ထန္တရအဝဝကို သင်ယူတော်မူခဲ့လေသည်။ ၎င်းပြင် ပဋိပတ္တိကျင့်ကြံနည်းများကိုလည်း သင်ယူတော်မူခဲ့လေသည်။

ဝသိတွာ ဝိမ္ဗိကာရာမေ၊ မနုညေ သာဝုနန္ဒနေ။
ဝုရေ သော ပူရယိတွာန၊ သမ္ဗုဒ္ဓသာသနန္ဒရော။

## ဝေဠုဝန်တိုက်တည်ထောင် သာသနာပြု ရာဇာဓိရာဇဂုရုတံဆိပ်တော် အလှူခံရရှိခြင်း

ပဉ္စမသံဂါယနာတင် မင်းတုန်းမင်းတရားကြီးလက်ထက်တွင် မန္တလေးတောင် အရှေ့မြောက်ဖက် သာယာသည့်မြေအရပ်၌ ဝေဠု

ဝန်ကျောင်းတိုက်ကို တည်ထောင်၍ သာသနာပြုတော်မူခဲ့လေသည်။ ၁၂၄၆-ခုနှစ်တွင် သီပေါမင်းတရား ဆက်ကပ်လှူဒါန်းသည့် "နန္ဒ မာလာဘိဓဇရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကိုလည်း အလှူခံရရှိ တော်မူခဲ့လေသည်။

## သာသနာပြုရင်း ပျံလွန်တော်မူခဲ့ခြင်း

ယင်းသို့ သာသနာပြုစဉ် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေ သည်။ သင်္ခါရာ န ဟိ သဿတာ= ရုပ်နာမ်ဓမ္မ သင်္ခါရတို့ကား မမြဲကုန်သည်သာ။

## ရာမညတိုင်း ဒွါရဂိုဏ်း ဒုတိယသံဃရာဇာ
## လက်ပံတန်း မဟာဗောဓိဝန်ဆရာတော်
## အရှင်မေဓာ

လက်ပံတန်းမြို့ မဟာဗောဓိဝန်ဆရာတော် အရှင်မေဓာ သည်လည်း မဟာဓမ္မိကာရာမတိုက်၌ ကြာမြင့်စွာ သီတင်းသုံး၍ ပညာသင်ကြားခဲ့သော မဟာထေရ်ဖြစ်တော်မူသည်။

## ဖွားမြင် ရှင် ရဟန်းပြုခြင်း

လက်ပံတန်းမြို့အနီး မီးလောင်ကုန်းရွာ၌ အဖ-ဦးရွှေပေး, အမိ-ဒေါ်စံရီတို့မှ သက္ကရာဇ် ၁၁၉၀-ပြည့်နှစ် ဝါခေါင်လပြည့်ကျော် ၅-ရက်နေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။ ကျောင်းသားအရွယ်တွင် လက်ပံတန်းမြို့ အရှေ့တူးမြောင်းဆရာတော်ထံ၌ စတင်ပညာသင်ကြား တော်မူခဲ့လေသည်။ ၁၅-နှစ်သားအရွယ်ခန့်တွင် သာမဏေဝတ်ကာ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ သက်တော် ၂၀-တွင် ဦးရွှေလင်း, ဒေါ်ဝဲတို့၏ ပစ္စယာနုဂ္ဂဟဖြင့် တူးမြောင်းရွာ

ဆရာတော်ဘုရားကိုပင် ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။ ဘွဲ့တော် အရှင်မေဓာ ဖြစ်လေသည်။

## ပညာသင်ကြားခြင်း

တူးမြောင်းဆရာတော်ကြီးထံ၌ ရဟန်း ၃-ဝါခန့်အထိ ပိဋကတ်အခြေခံကျမ်းစာများနှင့်တကွ ဂန္ထန္တရအဝဝကို သင်ယူတော်မူခဲ့လေသည်။ ၎င်းနောက် အုတ်ဖိုဆရာတော်ကြီးထံ နှစ်ပေါင်းကြာမြင့်စွာ သီတင်းသုံး ပညာသင်ကြားတော်မူခဲ့လေသည်။ အုတ်ဖိုဆရာတော်ကြီး၏ အမိန့်အရ ကန်ကုန်းကျောင်း၌ အကြီးအကဲဖြစ်၍ သီတင်းသုံးတော်မူခဲ့လေသည်။

## မဟာဓမ္မိကာရာမသို့

ဝါတော် ၂၀-ခန့်တွင် တပည့်ရင်း အရှင်ဝါသဝအား ကန်ကုန်းကျောင်းတိုက်ကို လွှဲအပ်၍ မန္တလေးမြို့သို့ ကြွတော်မူကာ မဟာဓမ္မိကာရာမတိုက် ရွှေကျင်ဆရာတော်ဘုရားကြီးထံ၌ သီတင်း သုံး၍ ဆက်လက်ပညာသင်ကြားတော်မူခဲ့လေသည်။ ဆရာတော် အရှင်မေဓာသည် ရွှေကျင်ဆရာတော်ဘုရားကြီး၏ အမိန့်အရ မန္တလေးအနောက်ပြင် မိုးကောင်းတိုက်၌လည်း အကြီးအကဲဖြစ်၍ သီတင်းသုံးတော်မူခဲ့ဘူးလေသည်။

ယင်းသို့ မိုးကောင်းတိုက်၌ သီတင်းသုံးစဉ် အုတ်ဖိုဆရာတော်ကြီး၏ အမိန့်အရ လက်ပံတန်းသို့ ပြန်ကြွတော်မူကာ ဇာတိရပ်မြေဖြစ်သော မီးလောင်ကုန်းရွာ၌ မဟာဗောဓိကျောင်းတိုက်ကို တည်ထောင်တော်မူ၍ စာပေချပို့တော်မူခဲ့လေသည်။ ၎င်းနောက် လက်ပံတန်းမြို့၌ ဒုတိယဗောဓိဝန်ကျောင်းတိုက်ကို တည်ထောင်၍ သီတင်းသုံးတော်မူခဲ့လေသည်။ ဆရာတော်သည် လက်ပံတန်းမြို့ စက်တောင်တောရကျောင်း၊ မင်းလှမြို့ ကြို့ကုန်းကျောင်းတိုက်တို့၌ လည်း သီတင်းသုံးတော်မူခဲ့ဘူးလေသည်။

## ပျံလွန်တော်မူခြင်းနှင့် ဂုဏ်တော်များ

သက်တော် ၈၄-နှစ်ရှိရာ ၁၂၇၄-ခုနှစ် တန်ဆောင်မုန်းလတွင် ဒုတိယဗောဓိဝန်တိုက်သစ်၌ ပျံလွန်တော်မူခဲ့လေသည်။ ဆရာတော်အရှင်မေဓာကား မျက်နှာကြီးငယ်မလိုက်၊ ပစ္စည်းပစ္စယခင်မင်မှုနည်းပါး၏၊ သာသနာရေးကိစ္စနှင့်စပ်၍ ပြတ်သားစွာ ဆောင်ရွက်လေ့ရှိ၏။ ရာမညတိုင်း ဒွါရဂိုဏ်း ဒုတိယသံဃရာဇာအဖြစ်လည်း ထမ်းဆောင်တော်မူခဲ့သည်။ ဝါနရနိမ္မတ္တနီကျမ်း, ဒွါရဝိနိစ္ဆယကျမ်းစသည်တို့ကိုလည်း ပြုစုခဲ့သည်ဟု သိရ၏။

### သံဝေဂယူရန်

ယမေကရတ္တိံ ပဌမံ၊ ဂဗ္ဘေ ဝသတိ မာဏဝေါ။
အဗ္ဘုဋ္ဌိတောဝ[1] သော ယာတိ၊ သဂစ္ဆံ န နိဝတ္တတိ။ [2]

ယံ-ယော မာဏဝေါ= ကြုံလာဖြစ်လာ အကြင်သတ္တဝါသည်။ ဧကရတ္တိံ= တညဉ့်၌။ ပဌမံ= ရှေးဦးအစ ပဋိသန္ဓေခဏ၌။ ဂဗ္ဘေ= အမိဝမ်း၌။ ဝသတိ= စွဲပိုက်သန္ဓေ တည်နေ၏။ သော မာဏဝေါ= ကြုံလာဖြစ်လာ ထိုသတ္တဝါသည်။ အဗ္ဘုဋ္ဌိတောဝ= တက်လာသော တိမ်တိုက်ကဲ့သို့။ ယာတိ= တသွားတည်း သွားရ၏။ ဂစ္ဆံ= သွားသော။ သ-သော မာဏဝေါ= ကြုံလာဖြစ်လာ ထိုသတ္တဝါသည်။ န နိဝတ္တတိ= တအောင့် တခဏ တဆံချည် တဗိဇနာမျှ မဆုတ်နစ်ပါချေ။

♦♦♦

---

၁။ အဗ္ဘော ဥဋ္ဌိတော ဣဝ-ပုဒ်ဖြတ်။
၂။ ဇာ၊ ၁။ ၃၂၁။

## သီလာစာရဓဇမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်သီလာစာရ

မန္တလေးမြို့ အရှေ့ပြင် မတ္တရာဆရာတော် အရှင်သီလာစာရသည်လည်း မန္တလေးမြို့ မြောက်ပြင် မဟာဝမ္မိကာရာမတိုက်၌ ကြာမြင့်စွာ သီတင်းသုံး၍ ရွှေကျင်ဆရာတော်ဘုရားကြီးထံ ပရိယတ်, ပဋိပတ်နည်း ခံတော်မူခဲ့သည့်မထေရ်မြတ် ဖြစ်တော်မူသည်။

## ဖွားမြင် ရှင် ရဟန်းပြုခြင်း

သက္ကရာဇ် ၁၁၉၂-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်။ သာမဏေအရွယ်တွင် "နှစ်ဆယ့်လေးလုံး စွဲကုံးအက္ခရာ သရဏာဟု ဦးစွာရွတ်ဘိ သာဝိတ္တိဖြင့် သိဒ္ဓိမင်္ဂလာ ပြီးမြောက်စွာသား"ဟူသည်နှင့်အညီ အက္ခရာ ၂၄-လုံးရှိ သိဒ္ဓိမင်္ဂလာ အရိယသာဝိတ္တိ သရဏဂုံဂါထာဖြင့် သာမဏေဝတ်တော်မူ၍ သက်တော် ၂၀-ပြည့်မြောက်သည်တွင် လောကိယသမ္ပဒါတို့ထက် ဆထက်လွန်ကျူး ထူးမြတ်သောရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။ ဘွဲ့တော် အရှင်သီလာစာရ ဖြစ်လေသည်။

## မဟာဝမ္မိကာရာမတိုက်၌ ပညာသင်ကြားခြင်း

မဟာဝမ္မိကာရာမရွှေကျောင်းတိုက်မသို့ ရောက်၍ ရွှေကျင်ဆရာတော်ဘုရားကြီးထံ တပည့်ခံ၍ ပရိယတ်, ပဋိပတ်နည်းနာ အရပ်ရပ်ကို သင်ယူနည်းခံတော်မူခဲ့လေသည်။ နောက်တွင် အရှေ့မတ္တရာတိုက်ဆရာတော်အဖြစ် ထင်ရှားလေသည်။

## ရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော် အလှူခံရရှိခြင်း

သက်တော် ၅၄-နှစ်ရှိရာ သက္ကရာဇ် ၁၂၄၆-ခုနှစ်တွင် မာရ်အောင်ရတနာစေတီတော်ဒါယကာ သီပေါမင်းတရား ဆက်ကပ် လှူဒါန်းသည့် "သီလာစာရဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ် တော်ကို အလှူခံရရှိတော်မူခဲ့လေသည်။

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

အရှေ့မတ္တရာကျောင်းတိုက်၌ ကျေးဇူးရှင်ရွှေကျင်ဆရာတော် ဘုရားကြီး ညွှန်ပြသည့်အတိုင်း သာသနာပြုစဉ် ဇရာဗျာဓိ နှစ်ချက် ငြိသဖြင့် သေမင်း၏ရန်ကို မတော်လှန်မပုန်ကန်နိုင်ပါသဖြင့် ဘဝ နတ်ထံ ပျံလွန်တော်မူခဲ့လေသည်။

## သံဝေဂယူရန်

သဗ္ဗေပိ သရီရဓာရိနော၊ အနုပုဗ္ဗေ န ဇဟန္တိ ဇီဝံ။ [၁]

သရီရဓာရိနော= ခန္ဓာကိုယ်ကို ဆောင်ကုန်သော။ ဝါ= ခန္ဓာဝန်ရရှိကုန်သော။[၂] သဗ္ဗေပိ= ဖြစ်ဖြစ်သမျှ သတ္တဝါအနန္တ တို့သည်လည်း။ အနုပုဗ္ဗေန= အစဉ်အားဖြင့်။ ဇီဝံ= အသက်ဇီဝိန်ကို။ ဇဟန္တိ= မစွန့်ချင်လဲ လွှဲမရပါ စွန့်ကြရကုန်၏။

* လောကဇာတ်ခုံ ကြုံလာသမျှ များလှသချာ သတ္တဝါကား မှန်စွာမုချ သက်ဇီဝကို စွန့်ရစမြဲ မှန်မလွဲသည် ရှောင် လွှဲမရ ပုံသေတည်း။

---

၁။ ဇာ၊ ၁။ ၁၀၁။ ၂။ အဓိပ္ပါယ်နက်။

## ဇယန္တဓဇမဟာဓမ္မရာဇာဓိရာဇဂုရု
## ဘွဲ့တံဆိပ်တော်ရ
## ဆရာတော် အရှင်ဇယန္တ

"ဇယန္တဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ခေါ်တောဆရာတော် အရှင်ဇယန္တသည်လည်း ရွှေကျင်ဆရာတော်ဘုရားကြီး၏ ပရိယတ်, ပဋိပတ်နည်းခံတပည့် ဖြစ်တော်မူသည်။

## ဖွားမြင် ရှင် ရဟန်းပြုခြင်း
## ပညာသင်ခြင်း

ရွှေဘိုတောင်လက် ခေါ်တောရွာ၌ သက္ကရာဇ် ၁၁၉၄-ခုနှစ်ခန့်တွင် ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်ရောက်သော် ရှင်ရဟန်းပြု သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်။ ဘွဲ့တော် အရှင်ဇယန္တ ဖြစ်လေသည်။ မဟာဝမ္ဗိကာရာမတိုက် ရွှေကျင်ဆရာတော်ဘုရားကြီးထံ၌လည်း နည်းခံပညာသင်ခဲ့လေသည်။ အခြားကျမ်းဂန် တတ်ဆရာတော်များထံ၌လည်း ပညာသင်ကြားတော်မူခဲ့လေသည်။

## ရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်
## အလှူခံရရှိခြင်း

၁၂၄၆-ခုနှစ်တွင် သီပေါမင်းတရားသည် ဆရာတော်သံဃာတော်တို့အား အဆင့် ၅-ဆင့်ခွဲ၍ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းရာတွင် ထိုစဉ်က ၅၂-နှစ်ရှိ ခေါ်တောဆရာတော် အရှင်ဇယန္တသည် ပဥ္စမတံဆိပ်တော်ဖြစ်သည့် "ဇယန္တဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်။

## သာသနာ့ဝန်ထမ်းတော်မူရင်း ပျံတော်မူခြင်း

ဆရာတော်အရှင်ဇယန္တသည် သာသနာ့ဝန်ထမ်းဆောင်ယင်း ပြုလုပ်လက်စ ပရိယတ်, ပဋိပတ်ကိစ္စများကို ထားခဲ့ကာ သေမင်းခေါ်ဆောင်ရာ လိုက်ပါပျံလွန်တော်မူခဲ့လေသည်။

သင်္ခါရာဟိ ဝိနာသိနော= ရုပ်နာမ်ဓမ္မသင်္ခါရတို့ကို အမြဲမရှိ ပျက်စီးခြင်းသဘော ရှိကုန်၏။

## ဆရာတော်အရှင်သောမ

ကျိုက်လတ်မြို့ ပစ္ဆိမာရုံတိုက်တော်တည်ဆရာတော် အရှင်သောမသည်လည်း ရွှေကျင်ဆရာတော်ဘုရားကြီး၏ တပည့်ကြီးဖြစ်တော်မူသည်။ မန္တလေးမြို့ မြောက်ပြင် မဟာဓမ္မိကာရာမတိုက်၌ ကြာမြင့်စွာသီတင်းသုံး၍ ရွှေကျင်ဆရာတော်ဘုရားကြီးထံ ပရိယတ်, ပဋိပတ်နည်းခံတော်မူခဲ့သည့်ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။

## ဖွားမြင် ရှင် ရဟန်းပြုခြင်း

အလုံမြို့နယ် အရာတော်ရွာ၌ သက္ကရာဇ် ၁၁၉၉-ခုနှစ်တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်ရောက်သော် ဘုရားဇိနော် သာသနာတော်စက်ရိပ်အောက် ရောက်ရှိခိုလှုံကာ ရှင်ရဟန်းပြု သာသနာ့ဝန်ထမ်းဆောင်တော်မူခဲ့လေသည်။ ငယ်ဆရာရင်း ဥပဇ္ဈာယ်ဆရာတော်မှာ ဝါးတောမရွာဇာတိ ဘီလူးကျွန်းဂိုဏ်းအုပ်ဆရာတော်ဘုရားကြီး အရှင်အာစာရ ဖြစ်လေသည်။

## မဟာဝမ္ဗိကာရာမတိုက် ရောက်ရှိ ပညာသင်ခြင်း

မန္တလေးမြို့ မြောက်ပြင် မဟာဝမ္ဗိကာရာမတိုက် ရွှေကျင်ဆရာတော်ဘုရားကြီးထံ သက်ရွယ်နုနယ် ငယ်စဉ်ကပင် ရောက်ရှိကာ ကြာမြင့်စွာသီတင်းသုံး၍ ဂန္ထဓုရ, ဝါသဓုရ ၂-မျိုးလုံးအတွက် နည်းခံတော်မူခဲ့လေသည်။ ၎င်းပြင် မဟာဗိုလ်ဆရာတော်ဘုရားကြီး အရှင်ပဒုမထံ၌ နည်းခံသင်ကြားတော်မူခဲ့လေသည်။

သန္တိကေ ရွှေကျင်ထေရဿ၊ သောမွမနော သောမောယတိ။
ဂန္ထဓုရဝါသဓုရ-သုနယမ္ဗိ သမုဂ္ဂဏှိ။

## ဒွေမာတိကာ နှုတ်ရဆောင်ခြင်း

ဆရာတော်အရှင်သောမသည် ရဟန်းသိက္ခာ ၁-ဝါရစကပင် ဒွေမာတိကာ နှုတ်ရဆောင်တော်မူ၍ ဝိနည်းနှင့်အညီ ကျင့်ကြံနေထိုင်တော်မူခဲ့လေသည်။

၁၂၂၅-ခုနှစ်တွင် ပဥ္စမသံဂါယနာတင် မင်းတုန်းမင်းတရားကြီး ရှမ်းလေးကျွန်းဆရာတော် အရှင်နန္ဒအား သာသနာကူညီပြုရန် လျှောက်ထားလွှဲအပ်သောအခါ ဥပဇ္ဈာယ် ဝါးတောမဂိုဏ်းအုပ်ဆရာတော် အရှင်အာစာရ၊ ရဲခြင်းဆည်အောက် ဂိုဏ်းထောက်ဆရာတော် အရှင်သီလ၊ အောင်သာဂိုဏ်းထောက်ဆရာတော် အရှင်လက္ခဏတို့က ဒွေမာတိကာရသောပုဂ္ဂိုလ်ထံ မရသောပုဂ္ဂိုလ်တို့က အဆုံးအမခံကြရမည်ဟု အမိန့်ချမှတ်ချက်အရ တဝါရရဟန်းတော် အရှင်သောမသည် ဒွေမာတိကာမရသော သက်ကြီးရဟန်းများအား ဩဝါဒပေးတော်မူခဲ့လေသည်။

## ရခိုင်ပြည်သို့ ကြွတော်မူခြင်း

၁၂၃၃-ခုနှစ်တွင် တောင်တော်ဆရာတော်, မြစေတီဆရာတော်ဘုရားကြီးတို့နှင့်အတူ ဓညဝတီရခိုင်ပြည်သို့ လိုက်ပါ၍ ဆရာတော်ကြီး ၂-ပါး၏ လက်ထောက်ဖြစ်၍ သံဃာတော် ၃-ကျိပ်ကျော်တို့ကို နည်းကောင်းညွှန်ပြ သာသနာပြုတော်မူခဲ့လေသည်။

## ငါးစို့တိုက်၌ သာသနာပြုခြင်း

၁၂၃၅-ခုနှစ်တွင် မင်းတုန်းမင်းတရားက ငါးစို့ကျောင်းတိုက်ကြီးကို လှူဒါန်းစဉ်က ထိုကျောင်းတိုက်၌ သီတင်းသုံး၍ သံဃာတော် ၇၀-ခန့်တို့ကို စာပေချပို့ကွပ်ကဲ သာသနာပြုတော်မူခဲ့လေသည်။

## ပဉ္စမသံဂါယနာတင် မင်းကြီးအား တလ ၄-ကြိမ် တရားဟောခဲ့ခြင်း

ဆရာတော်အရှင်သောမသည် ဂုဏ္ဍင်းဆိပ်၌လည်း တိုက်အုပ်အဖြစ် သီတင်းသုံးတော်မူခဲ့လေသည်။ ထိုစဉ်က စက်ပန်းဆရာတော်ကြီး, ကုန်းဘက်ဆရာတော်ကြီး, ခေါ်တောဆရာတော်ကြီးစသောဆရာတော်ကြီးရှစ်ပါးနှင့်အတူ နန်းတော်သို့ကြွ၍ ပဉ္စမသံဂါယနာတင်မင်းတရားကြီးနှင့် မင်းပရိသတ်အား တရားဓမ္မဟောကြားတော်မူခဲ့လေသည်။

သရာဇိကပရိသာယ၊ သုသောမသမနာမသော။
ဓမ္မကထာယ တောသေသိ၊ ဓမ္မကထာသု ကောဝိဒေါ။

## မုံရွာမြို့ ရွှေစည်းခုံစေတီမြောက်ဘက် သီတင်းသုံးခြင်း

ဝေတောင်တော်ဆရာတော်ဘုရားကြီး, သောဘိတာရာမဆရာတော်ဘုရားကြီး, ရမည်းသင်းဆရာတော်ဘုရားကြီး, ရွှေကျင်တိုက်အုပ်

ဆရာတော်ဘုရားကြီးစသည် ဆရာတော်ကြီးများနှင့်အတူတကွ မိမိ၏ ဇာတိဌာနီ အလုံမြို့သို့ အကြိမ်ကြိမ်ကြွတော်မူကာ သာသနာပြုတော်မူခဲ့သည့်ပြင် မုံရွာမြို့ ရွှေစည်းခုံစေတီတော်ကြီးမြောက်ဖက် ကုလားတို့ ကပ်တဲ နေရာတွင် လေးဆောင်တွဲကျောင်းကြီး ၂-ကျောင်းကို အလှူခံ၍ သံဃာတော် ၂၅-ပါးနှင့်အတူ သီတင်းသုံး သာသနာပြုတော်မူခဲ့လေသည်။

## ရာဇဂုရုတံဆိပ်တော် အလှူမခံ

ရာဇဂုရုတံဆိပ်တော် လှူလိုသဖြင့် နန်းတော်သို့ အရည်အချင်းစစ်ခံ အမေးခံကြွတော်မူရန် သက်ဆိုင်ရာတို့က လျှောက်ရာ ရာဇဂုရုတံဆိပ်တော် အလှူမခံလိုသဖြင့် နန်းတော်သို့ မကြွမလိုက်ပဲ နေတော်မူခဲ့လေသည်။ ရန်ကုန်မြို့ ကျောင်းတော်ရာရွှေကျင်တိုက် ၌လည်း သီတင်းသုံးတော်မူခဲ့လေသည်။

## ပစ္ဆိမာရုံကျောင်းတိုက်ကြီး စတင်တည်ထောင်သူ

ဆရာတော်အရှင်သောမသည် ကျိုက်လတ်မြို့ တိလောက မာရဇိန်ဆင်းတုတော်ကြီး အောင်မြင်ရေးကို အဖက်ဖက်မှ ကြွရောက်အားပေး ဝါယာမစိုက်တော်မူခဲ့သည့်ပြင် ပစ္ဆိမာရုံကျောင်းတိုက်ကြီးကိုလည်း တည်ထောင်တော်မူခဲ့သည့်ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။

## စစ်ကိုင်းတောင်ရိုး၌ သီတင်းသုံးခြင်း

သက္ကရာဇ် ၁၂၇၁-ခုနှစ်တိုင်အောင် စစ်ကိုင်းတောင်ရိုး ကျိုက်လတ်ချောင် သီတင်းသုံးခဲ့ကြောင်း သိရှိရလေသည်။ ဆရာတော်ကား ပဋိပတ်အားသန်သည့်ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။

## ကျမ်းဂန်များပြုစုခြင်း

ကျမ်းဂန်များကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။ ၎င်း တို့မှာ-

၁။ ဝိဘတျတ္ထဋီကာသစ်ကျမ်း

၂။ ပါမောက္ခဒီပနီကျမ်း

၃။ သုဂတိဒီပနီကျမ်း

၄။ ဗောဓိသမ္ဘာရပကာသနီကျမ်း

၅။ သဒ္ဒသာရသံခိပ်ကျမ်း

၆။ ဓမ္မစကူပဒေသစာတမ်း-စသည်တို့ ဖြစ်ကုန်၏။

## ဝိဘတျတ္ထဋီကာသစ်ကျမ်း

ဆရာတော်အရှင်သောမသည် ပါဠိ၊ မြန်မာနှစ်ဘာသာ၌ တတ်မြောက်ကျွမ်းကျင်သည့်ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။ ပါဠိဘာသာ၌ ကျွမ်းကျင်ကြောင်း ဝိဘတျတ္ထဋီကာသစ်ကျမ်းက ပြောနေသကဲ့သို့ ဖြစ်သည်။ ဝိဘတျတ္ထဋီကာသစ်ကျမ်းကို အရှင်ဝိစာရိန္ဒထေရ် တောင်းပန်သဖြင့် ရဟန်းသိက္ခာ ၁၇-ဝါအရ မန္တလေးမြို့ အရှေ့ပြင် ငါးစိုးတိုက်၌ သီတင်းသုံးစဉ်က ပြုစီရင်တော်မူခဲ့လေသည်။ ကျမ်းဦး၌-

ဝဏ္ဏကံ ဝဏ္ဏကံ ဗုဒ္ဓံ၊ ဝိဘဇ္ဇကံ ပဏာမျဟံ။
ဝိမလံ ဝိမလံ ဓမ္မံ၊ သံဃံ သံဃံ နိရင်္ဂဏံ။

အစရှိသော ၁၉-ဂါထာဖြင့် ရတနတ္တယပဏာမစသည် ပြည့်စုံစွာ ဖော်ပြ၍ ဂန္ထာရမ္ဘပြုတော်မူခဲ့လေသည်။ ယင်းဂန္ထာရမ္ဘ ၁၉-ဂါထာတွင်-

မာရေတိ ဧတ္ထ မံ သိရီ၊ ကိမန္ဒလေတိ ပုဂတိ။
ဝါရတ္ထံ ရတနာပုဏ္ဏံ၊ တန္နုဒိသာပုရေ ဌိတော။

ဟူသောဂါထာဖြင့် မန္တလေးကို နဝယ်, ဓအောက်ခြိုက်ဆင့်ရေး၍ ဝိဂြိုဟ်ဆိုပြချက် ပါရှိလေသည်။ ၎င်းပြင်-

ဝုဒ္ဓိ သာသနကာမေန၊ ဝိစာရိန္တေန ထေရေန။
အာယာစိတောပိ သံကဿ၊ ဝိဘတျတ္ထဿ ဋီကာဟံ။

ဟူသော အဘိယာစကပြဂါထာလည်း ပါရှိလေသည်။ ကျမ်း၏အဆုံး၌လည်း-

ရာဇဓာနီ နဂရဿ၊ ရတနာပုဏ္ဏနာမိနော။
ပစ္ဆိမာယ ဒိသာယ ပဥ္စယောဇနပမာဏကံ။

အစရှိသော ၁၈-ဂါထာဖြင့် ပြည့်စုံစွာဖော်ပြ၍ နိဂုံးအုပ်တော်မူခဲ့လေသည်။

ယင်းဝိဘတျတ္ထဋီကာပါဌ်ကို ခရစ်သက္ကရာဇ် ၁၉၂၈-ခုနှစ်က ရန်ကုန်မြို့ သုဓမ္မဝတီပုံနှိပ်တိုက်၌ ရိုက်နှိပ်ခဲ့ရာ ရှိုင်ဆိုက်စာမျက်နှာ ၁၀၃-ရှိလေသည်။

## ပါမောဇ္ဇဒီပနီကျမ်း

ပါမောဇ္ဇဒီပနီနိဂုံး၌ မိမိ၏ဇာတိ အလုံမြို့၏ မန္တလေးအနောက်ဖက် ခြောက်ယူဇနာကွာကြောင်း-

ရာဇဓာနီ နဂရဿ၊ ရတနာပုဏ္ဏနာမိနော။
ပစ္ဆိမာယ ဒိသာယ စ၊ ဆယောဇနာပ္ပမာဏကံ။[၁]

ဟူသော ဂါထာဖြင့် ဖော်ပြတော်မူခဲ့သည်။

---

၁။ ဝိဘတျတ္ထဋီကာနိဂုံး၌ 'ပဥ္စယောဇနပမာဏကံ'ဟုဆိုသည်။ ခန့်မှန်း ရေးသားခြင်းဖြစ်၏။

## သုဂတိဒီပနီကျမ်း

သုဂတိဒီပနီကျမ်းကိုလည်း ပါမောဇ္ဇဒီပနီမရေးမီက ယင်းကျမ်းရေးသားခဲ့သည်ဟု သိရ၏။ ဆရာတော်သည် များစွာအလုပ်လုပ်သည့် ဆရာတော်ဖြစ်သည်။ စိတ်နေစိတ်ထားလည်း မြင့်မြတ်သည့် မဟာဇ္ဈာသယပုဂ္ဂိုလ်ထူး ဖြစ်တော်မူသည်။

## ဗောဓိသမ္ဘာရပကာသနီကျမ်း

ဘုရားအလောင်းတော်မြတ် ဗောဓိသတ်တို့၏ ပါရမီကျင့်ပုံ ကျင့်နည်း ပါရမီအဆောက်အအုံပြ ဗောဓိသမ္ဘာရကျမ်းကိုလည်း မန္တလေးတောင်တော်နေ ရသေ့ကြီးဦးခန္တီ လျှောက်ထားတောင်းပန် သဖြင့် သက်တော် ၈၂-နှစ်၊ သိက္ခာဝါ ၆၃-ဝါရှိရာ ၁၂၈၁-ခုနှစ်က ဘုရားဇိနော်ဂုဏ်တော်နှင့် ဘုရားအလောင်းတော်တို့၏ ဂုဏ်တော်ကို အောက်မေ့ ပူဇော်၍ ရေးသားစီရင်တော်မူခဲ့လေသည်။

## သဒ္ဒသာရသံခိပ်ကျမ်း

စာသင်ပျိုနု အခြေပြုတို့အတွက် သဒ္ဒသာရသံခိပ်ကျမ်း သဒ္ဒါအဆီအနှစ်ကို ချုံး၍ ပြဆိုရာကျမ်းဖြစ်ကြောင်း သိသာလေသည်။ ဆရာတော်ကား စာသင်ငယ်, စာသင်ပျိုတို့အပေါ်၌လည်း ကရုဏာဇော များစွာ စောတော်မူခဲ့လေသည်။

## ဓမ္မဝါစကူပဒေသစာတမ်း

မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီးက တိုက်တွန်းသဖြင့် ဓမ္မဝါစကူပဒေသစာတမ်းကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။ ဤဓမ္မဝါစကူပဒေသစာတမ်းသည် မန္တလေးစာချနည်းသဖွယ် ဖြစ်လေသည်။ တတိယစာချ, ဒုတိယစာချ, ပဌမစာချ, ရာဇဂုရုတံဆိပ်တော်ရဆရာ

တော်များ၏ အင်္ဂါကို ပြဆိုသည့်ကျမ်း ဖြစ်သည်။ စင်စစ်တမူကား စာချနည်း ဥပဒေပင်ဖြစ်သည်။ မန္တလေးစာချနည်းကို သိလိုသူတို့ အလွယ်တကူ သိရှိလေ့လာနိုင်ရန် အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

## ဓမ္မဝါစကုပဒေသစာတမ်း

နမော တဿ
ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## (နိဒါန်း–ပဋိညာဉ်)

မန္တလေးရတနာပုံ ရွှေပြည်နှင့်တကွ အတိုင်းတိုင်း အပြည်ပြည်ကို အစိုးရတော်မူသော ရွှေတွင်း ငွေတွင်း ပုလဲတွင်း ပတ္တမြားတွင်း ကျောက်စိမ်းတွင်းစသော ရတနာတို့၏ပေါ်ထွန်းရာ တဆဲ့ငါးရပ်တို့နှင့်တကွ ဌာနဝိသေသတို့အရှင် လက်နက်စကြာရတနာ ဆင်ဖြူများသခင် ပဉ္စမသံဂါယနာတင်အသျှင် ဘဝရှင် မင်းတုန်းမင်းကြီး ရွှေလက်ထက်တော်တွင် ရှေးရှေးသော အဇာတသတ်မင်း, ဝဋ္ဋဂါမဏိမင်းတို့ကဲ့သို့ သာသနာတော်ကို အလွန်ကြည်ညိုသော မင်းကောင်းမင်းမြတ်ဖြစ်သည်နှင့်အညီ သာသနာတော်မြတ်သည် တနေ့တခြား လွန်ထင်ရှားသဖြင့် တိုးပွားရောင်ဝင်း ထွန်းလင်းစေခြင်းငှာ သာသနသောဓက သံဃရာဇာဖြစ်ထိုက်သောပုဂ္ဂိုလ်, သုဓမ္မာတရားသဘင်ဝင်ထိုက်သောပုဂ္ဂိုလ်, ဂိုဏ်းချုပ်, ဂိုဏ်းထောက်, ဥပုသ်ခေါင်းဖြစ်ထိုက်သောပုဂ္ဂိုလ်များကို ရွေးချယ်စီစစ်ချက် ဂုဏ်ရည်အလျောက် ချီးမြှောက်ထိုက်ရာ ဌာနန္တရများကို အသီးအသီးလွှဲအပ်၍ သေသပ်စွာခန့်ထားပြီးမှ ပရိယတ်သာသနာ လွန်စွာအားရှိမှ ပဋိပတ်သာသနာအားရှိရာသည်၊ ပဋိပတ်သာသနာ အားပြည့်မှ ပဋိဝေဓသာသနာ အားပြည့်

နိုင်ရာသည်ကို သဘောလှလှထားတော်မူသဖြင့် အရင်းဖြစ်သော ပရိယတ်သာသနာတော်ကို အားအင်ပံ့ထောက် ချီးမြှောက်လို၍ တတိယစာပို့အင်္ဂါ, ဒုတိယစာပို့အင်္ဂါ, ပဌမစာပို့အင်္ဂါ, တံဆိပ်ရ ဆရာတော်အင်္ဂါများကို ပိုင်းခြား၍ ၎င်းအင်္ဂါများနှင့်ညီညွတ်မှသာ တတိယ ဒုတိယ ပဌမစာပို့အရာ, တံဆိပ်တော်ရဆရာတော်အရာ နှင့် ခန့်ထားချီးမြှောက် ဆွမ်းဝတ်ထောက်သဖြင့် စွမ်းအားအလျောက် ပံ့ထောက်တော်မူသည့် အခမ်းအနားအရာများကို မကွယ်မပျောက် နောက်နောက်သော သာသနာပြုဆရာ သာသနာပြုမင်းမှစ၍ ခပင်း ဉဿုံ အလုံးစုံသော ပညာရှင်တို့၏ လောက,ဓမ္မ နှစ်ဝဘွယ်ရာ ပမာဏကြီးတခုဖြစ်စေဘို့ အလို့ငှာ ရေးသားစီရင်ပိမ့်သတည်း။

**ဝါစကံ ဝါစကံ ဗုဒ္ဓံ၊ အမလံ အမလံ ဓမ္မံ။**
**သံဃံ သံဃံ စ နတွာဟံ၊ ဂဏာဝါစက သံကဿံ။**

ဤ၌ "ဂဏာဝါစကံ"လိုလျက် ဆန်းကြောင့် နိဂ္ဂဟိတ်ချေ၍ "ဂဏာဝါစက"ဆိုသည်။

အရိယာမဂ်လမ်းဖြင့် နိဗ္ဗာန်သောင်ကမ်းသို့ ကူးသမ်းလိုသော ပုဂ္ဂိုလ်မြတ်တို့သည် ယခုရေးသားစီရင်အပ်လတ့်သော ပညာရှိကဝိ မြှောက်ရာ စာပို့စာသင်ပေကုန်သော ဆရာတော်တို့၏ အင်္ဂါလက္ခဏာကျမ်းကို ကြိုးပမ်းတကုတ် အားပါးထုတ်လျက် မယုတ်စေ့စေ့ မမေ့ဂရု အလေးပြု၍ ကြည့်ရှုနိုင်စေကုန်သတည်း။

## ၁။ တတိယစာပို့အင်္ဂါ ၃-ပါး

ဂဏဝါစကပုဂ္ဂိုလ်တို့တွင်-

၁။ တတိယစာပို့အင်္ဂါ ၃-ပါး၊
၂။ ဒုတိယစာပို့အင်္ဂါ ၄-ပါး၊
၃။ ပဥ္စမစာပို့အင်္ဂါ ၅-ပါး၊
၄။ တံဆိပ်တော်ရဆရာတော်အင်္ဂါ ၅-ပါး၊

ဟူ၍ သီးသန့်ပိုင်းခြားထားလျက်ရှိရာ၌ ရှေးဦးစွာ တတိယစာပို့အင်္ဂါ ၃-ပါးဟူသည်ကား-

**(မေး)** အရှင်အနုရုဒ္ဓါဆရာ "သမ္မာသမ္ဗုဒ္ဓ မတုလံ" စသော ဂါထာကို ဆရာအဘယ်အကျိုးငှာ ဆိုသနည်း။

**(ဖြေ)** ငါ့ရှင် စောဒကဆရာ အဘိဓမ္မာခုနစ်ကျမ်းဝယ် အကျယ်ဟောကြားအပ်ကုန်သော ပရမတ္ထတရား လေးပါးတို့ကို အကျဉ်းအားဖြင့် သိမ်းယူကြောင်း ဖြစ်သော အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းကို ပြုအံ့သော ငှာ ဤ 'သမ္မာသမ္ဗုဒ္ဓ မတုလံ'စသော ဂါထာကို ငါဆရာ ဆိုသတည်း။

အရှင်အနုရုဒ္ဓါဆရာ အဘိဓမ္မာခုနစ်ကျမ်းဝယ် အကျယ် ။ လ။ ငါဆရာ ဆိုသတည်း-ဟု ဆိုတော်မူ၏။ **(ဥပနာ)**။

အကယ်၍ ထိုသို့ဆိုချေသော် ဤ 'သမ္မာသမ္ဗုဒ္ဓ မတုလံ' စသောဂါထာသည်လည်း အဘိဓမ္မာခုနစ်ကျမ်းဝယ် အကျယ် ။လ။ အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း မည်၏။ **(အနုလောမပါပနာ)**။

'တတ္ထ ဝုတ္တာဘိဓမ္မတ္ထာ'စသော စကားသည်သာ အဘိဓမ္မာ ခုနစ်ကျမ်းဝယ် အကျယ် ။လ။ အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း မည်သည် မဟုတ်သေးဟု အနက်သည်ရောက်၏။ **(ပဋိလောမပါပနာ)**။

စင်စစ်မှာမူ 'တတ္ထ ဝုတ္တာဘိဓမ္မတ္ထာ'စသော စကားသည်သာ အဘိဓမ္မာခုနစ်ကျမ်းဝယ် အကျယ် ။လ။ အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း မည်၏။

ဤ 'သမ္မာသမ္ဗုဒ္ဓ မတုလံ'စသော ဂါထာသည်ကား အဘိဓမ္မာခုနစ်ကျမ်းဝယ် အကျယ် ။လ။ အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းမည် သည်မဟုတ်ပါ။ **(ရောပနာ၏ အချေ)**။

ထိုသို့ဖြစ်သောကြောင့် အဘိဓမ္မာခုနစ်ကျမ်းဝယ် အကျယ် ။လ။ အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းကို ပြုအံ့သောငှာ 'တတ္ထ ဝုတ္တာဘိဓမ္မတ္ထာ'စသော စကားကို ငါဆိုသည်ဟူ၍ ဆိုသော်ကား ဆိုသင့်၏။ **(အနုလောမရောပနာ)**။

အဘိဓမ္မာခုနစ်ကျမ်းဝယ် အကျယ် ။လ။ အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းကို ပြုအံ့သောငှာ ဤ 'သမ္မာသမ္ဗုဒ္ဓ မတုလံ'စသော ဂါထာကို ငါဆိုသည်ဟူ၍ကား မဆိုသင့်။ **(ပဋိလောမရောပနာ)**။

ဆိုသင့်သည်ကို မဆို၊ မဆိုသင့်သည်ကို ဆိုချေသည်ရှိသော် ဆရာ၌ ပဋိညာ ပဋိညာတဗ္ဗဆန့်ကျင်သော ပဋိညာတ ပဋိညာတ ကရဏဝိရောဓိဒေါသ ရောက်၏။ **(အလင်္ကာဒေါသ)**။

"၅, အနုပါ၊ ပဋိ, ပါ၊ နု, ဋိ, ရောပနာ"ဟူသော ကျမ်းရိုး ငါးချက်ကိုတင်၍ စောဒနာပုံ။

ငါ့ရှင် စောဒကဆရာ- ဆရာဆိုတိုင်း 'တတ္ထ ဝုတ္တာဘိဓမ္မတ္ထာ'စသော စကားသည်သာ အဘိဓမ္မာခုနစ်ကျမ်းဝယ် အကျယ် ။လ။ အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း မည်ပေ၏။ 'သမ္မာသမ္ဗုဒ္ဓ မတုလံ' စသောဂါထာသည်ကား အဘိဓမ္မာခုနစ်ကျမ်းဝယ် အကျယ် ။လ။ အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း မည်သည်မဟုတ်သေး။

ထိုသို့ဖြစ်သော်လည်း ရှေးရှေးကုန်သော ကျမ်းပြုဆရာတို့၏ ထွက်ရာလက်သုံး ထုံးဥပဒေသသည် ကျမ်းမပြုမီ ရှေးဦးစွာ အန္တရာယ်

ပျောက်ခြင်း, ကျမ်းပြီးခြင်းစသည် အကျိုးရှိသော 'ရတနတ္တယပဏာမ' စသည်ကို ပြုအံ့သောငှာ ဤ 'သမ္မာသမ္ဗုဒ္ဓ မတုလံ'စသော ဂါထာကို ငါဆရာ ဆိုပါသတည်း။

'တတ္ထ ဝုတ္တာဘိဓမ္မတ္ထာ'စသော စကားသည်သာ အဘိဓမ္မာ ခုနစ်ကျမ်းဝယ် အကျယ် ။လ။ အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းမည်သည် မဟုတ်သေး။ ဤ 'သမ္မာသမ္ဗုဒ္ဓ မတုလံ'စသော ဂါထာသည်လည်း အဘိဓမ္မာခုနစ်ကျမ်းဝယ် အကျယ် ။လ။ အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း မည်သေး၏-ဟု ပြခြင်းငှာ ဤ 'သမ္မာသမ္ဗုဒ္ဓ မတုလံ'စသောဂါထာကို ငါဆိုသည်မဟုတ်ပါ။ ထိုသို့ဖြစ်သောကြောင့် ငါ့ရှင်စောဒကဆရာ တင်သော ပဋိညာ ပဋိညာတဗ္ဗဆန့်ကျင်သော ပဋိညာတ ပဋိညာတ ကရဏဝိရောဓိဒေါသ ငါ၌ မရောက်ဟူလို။ (ဖြေ)။

ဤကား ကျမ်းရိုးငါးချက် တင်စွက်မေး, ဖြေပုံတည်း။

၁။ ဥသဘ = ဥသဘန္ဓားလားတွန်သံ။
၂။ ဂန္ဓာရ = ဆိတ်မည်သံ။
၃။ မဇ္ဈိမ = ကြိုးကြာသံ။
၄။ ပဥ္စမ = ခင်ပုတ်ဥဩမည်သံ။
၅။ ဓေဝတ = မြင်းဟီသံ။
၆။ ဆဇ္ဇ = ဥဒေါင်းအော်သံ။
၇။ နိသာဒ = ဆင်မည်သံ။ အသံ (၇)ပါး။

\- * ဝိရုမ်, အဓျ၊ ကိလိဋ္ဌ၊ နေယျ, ဝိရောဓ။
* ပေက္ခ, ဟီန၊ နတ္ထက၊ ပဒ ရှစ်ဒေါသာ။

၁။ ဝိရုဒ္ဓတ္ထန္တရဒေါသ၊ ၂။ အဓျတ္ထဒေါသ၊
၃။ ကိလိဋ္ဌဒေါသ၊ ၄။ ဝိရောဓိဒေါသ၊
၅။ နေယျဒေါသ၊ ၆။ ဝိသေသနာပေက္ခဒေါသ၊

၇။ ဟီနတ္ထကဒေါသ၊ ၈။ အနတ္ထကဒေါသ၊
ဟူ၍ ပဒဒေါသ (၈)ပါးဟူလို။

* ဧကတ်, ဘဂ္ဂ၊ ဗျာ, ဂါမ္မ၊ ဟီန, မစ္ဆုတာ။
* အတိဝုတ္တ၊ အပေတ၊ သဗန္ဓဖရုသာ။

၁။ ဧကတ္ထဒေါသ၊ ၂။ ဘဂ္ဂရီတိဒေါသ၊
၃။ ဗျာကိဏ္ဏဒေါသ၊ ၄။ ဂါမ္မဒေါသ၊
၅။ ယတိဟီနဒေါသ၊ ၆။ ကမစ္ဆုတဒေါသ၊
၇။ အတိဝုတ္တဒေါသ၊ ၈။ အပေတတ္ထဒေါသ၊
၉။ သဗန္ဓဖရုသဒေါသ၊
ပေါင်း ဝါကျဒေါသ ၉-ပါးဟူလို။

* အပက္ကမ၊ ဩစိတျ၊ ဘဂ္ဂ, သသံ, ဂါ။
* ဒုဋ္ဌလက်၊ ဝါကျတ္ထ၊ ခြောက်ဝ ပြစ်ဒေါသာ။

၁။ အပက္ကမဒေါသ၊ ၂။ ဩစိတျဟီနဒေါသ၊
၃။ ဘဂ္ဂရီတိဒေါသ၊ ၄။ သသံသယဒေါသ၊
၅။ ဂါမ္မဒေါသ၊ ၆။ ဒုဋ္ဌာလင်္ကာတိဒေါသ၊
(ဝါကျတ္ထဒေါသ ၆-ပါးဟူလို)။

ဤ သံ ၇-ပါးနှင့်တကွ ပဒဒေါသ, ဝါကျဒေါသ, ဝါကျတ္ထဒေါသတို့ကိုလည်း သိသင့်သိထိုက်၏။

ခပ်သိမ်းသောကျမ်းပြုဆရာတို့၏ ဘွယ်ရာဓမ္မတာလက်ကသုံးငြမ်းနှင့် မှီအုံးထုံးဥပဒေသဘောသည် ကျမ်းကိုအားမထုတ်မီ ရှေးဦးအစ အန္တရာယဝိသောသနစသောအကျိုးရှိသော ရတနတ္တယပဏာမကို ပြုကြဦးမြဲဖြစ်ရာ အရှင်အနုရုဒ္ဓါမထေရ်မြတ်သည်လည်း ကျမ်းပြုဆရာတို့တွင် တစ်ယောက်အပါအဝင်ဖြစ်ရကား ကျမ်းကိုအားမထုတ်မီ ရှေးဦးအစ အန္တရာယဝိသောသနစသော အကျိုးရှိသော ရတနတ္တယ

ပဏာမကို ပြုလိုသည်ဖြစ်၍ 'သမ္ဗာသမ္ဗုဒ္ဓ မတုလံ'စသောဂါထာကို သဒ္ဒါရှင်စိမ့် ပညာလိုမ့်၍ မိန့်သတည်း။

မဟာသမုဒ္ဒရာ ထိုမှာဘက်ကမ်းသို့ ကူးသန်းလိုသော တမုံသူကြီး ပွဲစီးအမှန် ကပ္ပိတန်ယောကျ်ား သင်္ဘောသားလည်း မဟာသမုဒ္ဒရာ ထိုမှာဘက်ကမ်းသို့ မကူးသန်းမီ ဝေရီသောင်းပြောင်း မိကျောင်း, ငါးကြမ်း ငါးမန်း, ငါးဆင်စကုန်သော ဘေးအန္တရာယ်တို့ကို မဟာသမုဒ္ဒရာအလယ်၌ ပယ်ခွာစိမ့်သောငှာ များစွာကုန်သော ဆိတ်ဝက်တို့ကိုတင်၍ ကူးသန်းသည့်ပမာ မဟာသမုဒ္ဒရာသဖွယ် ကြီးကျယ်နက်နဲ ခက်ခဲသောအနက်အဓိပ္ပါယ်ရှိသော အဘိဓမ္မတ္ထသင်္ဂြိုဟ် ခေါ်ဆိုမည်မှန်း လက်သန်းအဋ္ဌကထာကို ပြုလိုသော တမုံသူကြီး ပွဲစီးအမှန် ကပ္ပိတန်တူစွာ အရှင်အနုရုဒ္ဓါမဟာထေရ်မြတ်သည်လည်း ဝေရီသောင်းပြောင်း မိကျောင်း ငါးကြမ်း ငါးမန်း ငါးဆင်သဘွယ် ဖျားနာခြင်းစသော အန္တရာယ်ကို ပယ်ခွာမကပ် ကင်းလွတ်စိမ့်သောငှာ ဆိတ်,ဝက်ပမာ ပဏာမစေတနာကို တင်ဦး၍ ကူးသန်းရောင်းဝယ်လို ရကား 'သမ္ဗာသမ္ဗုဒ္ဓ မတုလံ'စသောဂါထာကို သဒ္ဒါရှင်လန်း ပညာ စွမ်းဖြင့် ဖြောင့်တန်း ညိမ့်ညိမ့် မိန့်အပ်သတည်း။

ဤကျမ်းတက်ကား "ဟင်းလေးအိုး"ကျမ်းတက်မှတ်။ ထိုစကားမှန်၏။ ကျမ်းပြုဆရာ ကျမ်းအမည်ကိုလည်း၍ ပဏာမထားကုန်သော ကျမ်းတို့၌ တက်လေ။ သင့်လျော်၏။

ဝိသေသ ၎င်းဋီကာကိုရှု၍ တက်လေ။ ဆန်းဆန်းကြယ်ကြယ်ကိုလိုမူ ဉာသ်ကျမ်း, နေတ္တိအဋ္ဌကထာ, ၎င်းဋီကာစသည်တို့ကို ရှု။

- ထိုဂါထာ၌ လိုရင်းမှတ်ဖွယ် အဓိပ္ပါယ်ကား- 'အဟံ ဘာသိဿံ' ဟူသည်တည်း။ ထိုပါဠ်၌ အဓိပ္ပါယ်ကာ- 'ငါဆိုအံ့'ဟူလို။

**တနည်း**။ ။ "ခပ်သိမ်းဝါကျ၊ ဟူသမျှ၌၊ ပဓာနကြိယာ ဖြစ်မြဲစွာ"ဟူသည်နှင့်အညီ 'ဘာသိဿံ'ဟူသောပါဠ်ကို မိန့်။ ထိုပါဠ်၏အဓိပ္ပါယ်ကား- 'ဆိုအံ့'ဟူသည်တည်း။

အရှင်အနုရုဒ္ဓါဆရာ 'ဆိုပေအံ့'ဟု ဆရာဆိုတော်မူ၏။ အဘယ်သူသည် ဆိုကောင်းအံ့နည်း။ တပါးသောဆရာ ဆိုကောင်းအံ့သလော။ (သာမညအမေး)။ ဝါ= အဘိဓမ္မတ္ထဋီကာဆရာ မဏိမဉ္ဇူဆရာသည် ဆိုကောင်းအံ့သလော။ (ဝိသေသ-အမေး)။ ၎င်းအမေးလေးချက်ကား ပညတ်မေး, ပညတ်ထွက်ဟုမှတ်။

**တနည်း။** ။ 'ဘာသိဿံ'၌ ဘာသစာတ်၏ကံသည် သာမညဖြစ်ကောင်းအံ့သလော။ ဝါ= ဘာသစာတ်၏ကံကား အဘယ်နည်း။ ယင်းသို့ မေးဘွယ်ရှိ၍ 'အဘိဓမ္မတ္ထသင်္ဂဟံ'ဟူသောပါဌ်ကို မိန့်။

ထိုပါဌ်၏အဓိပ္ပါယ်ကား- ဤ 'အဘိဓမ္မတ္ထသင်္ဂဟံ'ဟူသော ပါဌ်သည် ဘာသစာတ်၏ကံ ဖြစ်ဘိသော်။ (၎င်းကား သဒ္ဒါမေး, သဒ္ဒါထွက် အဖြေမှတ်။ အောက်ပညတ်မေး သုံးချက်၌လည်း လျော်စွာဖြေ)။

**တနည်း။** ။ 'ဘာသိဿ'၌ ဘာသစာတ်၏အရဖြစ်သော သဒ္ဒါ, သတိ, ဝီရိယပြဋ္ဌာန်းသော မဟာကုသိုလ်ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ္တုပ္ပါဒ်သည် အာရမ္ဘကတရား ဖြစ်ခဲ့၏။ ၎င်းအာရမ္ဘကတရားသည် အာရုံနှင့် ကင်းကောင်းအံ့လော။ ဝါ= ၎င်းသည် အကျိုးပစ္စယုပ္ပန် ဖြစ်ဆဲပစ္စည်းအကြောင်းတရားနှင့် ကင်းကောင်းအံ့လော။ ဤသို့ မေးဘွယ်ရှိ၍ 'အဘိဓမ္မတ္ထသင်္ဂဟံ'ဟူသောပါဌ်ကို မိန့်။ ၎င်းပါဌ်သည် မဟာကုသိုလ်ဉာဏသမ္ပယုတ်အသင်္ခါရိကစိတ္တုပ္ပါဒ်၏ အာရုံ, အကြောင်း, ပစ္စည်းတရားဖြစ်ဘိသော်။ (ကံနှင့်ကြိယာ တွေ့လေရာ၌ ယင်းကိုမှီ၍ ဆိုလေ)။

"အဖြေမြင်က၊ အတင်သိလေ၊ မိ၏ကျမ်းရိုးအနေတည်း" ဟူသည်နှင့်အညီ 'အဘိဝါဒိယ'ဟူသော အဖြေမြင်သဖြင့် တစုံတခုသော ပုဗ္ဗကိစ္စကို မပြုပြီလော။ ဤသို့ မေးဘွယ်ရှိ၍။ ဝါ= ထီးတင်ရခြင်းသည် ငြမ်းဆင်ခြင်းပုဗ္ဗကိစ္စနှင့် မကင်းစကောင်း၊ ပုဗ္ဗကိစ္စကား အဘယ်နည်းဟု မေးဘွယ်ရှိ၍ 'အဘိဝါဒိယ'ဟူသောပါဌ်ကို မိန့်။ ၎င်းပါဌ်၏အဓိပ္ပါယ်ကား- 'ရှိခိုး၍ ဆိုပေအံ့'ဟူလို။

အရှင်အနုရုဒ္ဓါဆရာ 'ရှိခိုး၍ ဆိုပေအံ့'ဟု ဆရာဆိုတော်မူ၏။ အဘယ်ကို ရှိခိုးအံ့နည်း။ (သာမည-အမေး)။

စန္ဒီ, ပရမိဿွာ, မဟာပိန္န, ကတဲ-အစရှိကုန်သော နတ်တို့ကို ရှိခိုးအံ့လော။ ဝါ= တုံကိုးတုံအတွင်း ကြောင်းမိဖုရား တခြားတို့ထက် မြောက်ဖက်ရှင်မ ရှင်ဒွေးလှတို့ကိုပင် ရှိခိုးကောင်းအံ့လော။ ဝါ= ခမ်းသိတ်းဝန်းအုံ ဘ-တုန်လွန်ကြော နှောနတ်ကြီးကို ရှိခိုးအံ့လော။ (ဝိသေသ-အမေး)။

ဤသို့ မေးဘွယ်ရှိ၍ 'သမ္မာသမ္ဗုဒ္ဓံ'ဟူသောပါဌ်ကို မိန့်။ ထိုပါဌ်၏အဓိပ္ပါယ်ကား- 'ဘုရားကို ရှိခိုးအံ့'ဟူလို။ (ဤကား ပညတ်အမေး, ပညတ်ထွက်။ သဒ္ဒါထွက်, ပရမတ်ထွက်တို့ကား အောက် "အဘိဓမ္မတ္ထသင်္ဂဟံ ဘာသိဿံ"ပုဒ်တို့နည်းတူ ထွက်၍ ဖြေလေ)။

ဆရာ ဘုရားကိုရှိခိုးသောဟု ဆိုပြီ။ ဆရာရှိခိုးအပ်သော ဘုရားသည် အဘယ်ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံပါသနည်း။ ဂုဏ်ကင်းသောဘုရား ဖြစ်အံ့လော။ ဝါ= စန္ဒီ, ပရမိဿွာ, မဟာပိန္န, ကတဲ-စသော နတ်တို့ကဲ့သို့ ဂုဏ်ကင်းအံ့လော။ ဝါ= ၎င်းနတ်တို့ နှင့် ပဏာမ, ပဏာမိတဗ္ဗအဖြစ်ဖြင့် တူကောင်းအံ့လော။ ဤသို့ မေးဘွယ်ရှိ၍ 'အတုလံ'ဟူသောပါဌ်ကို မိန့်။

ထိုပါဌ်၏အဓိပ္ပါယ်ကား- အတုလဂုဏ်နှင့် ပြည့်စုံသောဘုရား ဖြစ်ဘိသော်။ ဝါ= အတုလဂုဏ်နှင့်ပြည့်စုံ၍ စန္ဒီ, ပရမိဿွာ, မဟာပိန္န, ကတဲ-စကုန်သော နတ်တို့နှင့် ပဏာမ, ပဏာမိတဗ္ဗအဖြစ်ဖြင့် မတူဟူလို။ (အတုလံသဒ္ဒါ အနက်ယောဇနာတိုင်းဖြေမူ ယုတ္တရေ ဖြစ်၏)။

၎င်းဂုဏ်နှင့်သာ ပြည့်ပါသလော-ဟု စောဒနာဘွယ်ရှိ၍ 'သသဒ္ဓမ္မဂဏုတ္တမံ'ဟူသောပါဌ်ကို မိန့်။ ထိုပါဌ်၏အဓိပ္ပါယ်ကား- သသဒ္ဓမ္မဂဏုတ္တမဂုဏ်နှင့် ပြည့်စုံသည်ဖြစ်ဘိသော်။ (ဤကား ဆရာတို့နည်း)။

အရှင်အနုရုဒ္ဓါဆရာ အတုလဂုဏ်နှင့်ပြည့်စုံသော ဘုရားကို ရှိခိုးသောဟု ဆရာဆိုပြီ။ ဘုရားကိုသာ ရှိခိုးကောင်းအံ့လော။ ဝါ=

ဘုရား၌ပြုအပ်သော ပဏာမစေတနာသာ ဆရာလိုအပ်သောအကျိုးကို ပြီးစေနိုင်သလော။ တရား, သံဃာတို့၌ပြုအပ်သော ပဏာမစေတနာကား ဆရာလိုအပ်သောအကျိုးကို မပြီးစေနိုင်သလောဟု စောဒနာဘွယ်ရှိ၍ 'သသဒ္ဓမ္မဂဏုတ္တမံ'ဟူသောပါဌ်ကို မိန့်။

ထိုပါဌ်၏အဓိပ္ပါယ်ကား- တရား, သံဃာကိုလည်း ရှိခိုးအံ့ဟူလို။ ဝါ= တရား, သံဃာတို့၌ပြုအပ်သော ပဏာမစေတနာသည်လည်း ငါ အလိုရှိအပ်သောအကျိုးကို ပြီးစေနိုင်၏ဟူလို။ (ဤကား ဋီကာနည်း)။

ဤသို့ အမြွက်မျှ တက်နည်း, ထွက်နည်းကို လေ့လာပွန်းတီးမှု ကဝိတဆူဖြစ်၍ အကျယ်ကို မခဲယဉ်းလှပြီ။ ဤကား အတက်အထွက် နည်းဥပဒေသတည်း။

သမ္မာသမ္ဗုဒ္ဓံကား ကိုဟူ၍အနက်ပေးသောကြောင့် အဘိဝါဒိယ၌ အဘိပုဗ္ဗဝဒဓာတ်။ တွာပစ္စည်းသည် မဟောအပ်သော အဝုတ္တကံ။ အဘိဝါဒိယကား ထိုကံကိုမဟောသော ကိတ်ကြိယာ ဝါစက။

အတုလံကား ကိုဟူ၍အနက်ပေးသောကြောင့် အဘိဝါဒိယ၌ ဂုဏ်ဝါစက။ အတုလံကား သောဟူ၍အနက်ပေးသောကြောင့် သမ္မာသမ္ဗုဒ္ဓံ၌ တုလျာဓိကရဏဝိသေသန။ သမ္မာသမ္ဗုဒ္ဓံကား တုလျာဓိကရဏဝိသေသျ။

ဤ၌ ဝိသေသနပုဒ်ကို ကြိယာနှင့် ရှေးဦးစွာစပ်ပြီးမှ ဝိသေသျပုဒ်နှင့် စပ်ခြင်းသည် ဒုတိယာဝိဘတ်သက်ရခြင်း အကျိုးရှိ၏။ ဝိသေသျနှင့် ရှေးဦးစွာစပ်မူ "ဝိသေသနေ စ"သုတ်ဖြင့် ဝိသေသနအနက်၌ တတိယာဝိဘတ်သက်၍ 'အတုလေန'ဟု နေရာ၏။ 'အတုလံ'ဟု မနေရာ။ ပမာဆိုမူ မိမိသားကို ဆိတ်အမှတ်ဖြင့် ညဉ့်အခါ၌ သတ်၍ နောက်မှ သားမှန်းသိသော်။ ဆိတ်ဖြစ်မူ တော်လေစွဟု တောင့်တ၍မရသလိုတည်း။ ထို့ကြောင့် မဏိမဉ္ဇူ၌-

"ပဌမံ ကြိယာပဒေန သမ္ဗန္ဓံ ကတွာ ပစ္ဆာ ဝိသေသိတဗ္ဗ-ပဒေဟိ သမ္ဗန္ဓော ကာတဗ္ဗော။ ဧဝဉ္စိ တတော ဥပယောဂဝစနန္တိ" ဟု မိန့်။ ဤကား စာစပ်ပုံနည်းအမြွက်တည်း။

သမ္ဗန္ဓော စ ပဒစ္ဆေဒေါ၊ ပဒတ္ထော ပဒဝိဂ္ဂဟော။
စောဒနာ ပရိဟာရော စ၊ ဆဗ္ဗိဓါ ဂါထာဝဏ္ဏနာ။

ဟူသောဂါထာ လာသည်နှင့်အညီ ၎င်းဂါထာကို သမ္ဗန္ဓသံဝဏ္ဏနာ ။ လ။ ပရိဟာရသံဝဏ္ဏနာဟူ၍ ခြောက်ပါးသောအခြင်းအရာတို့ဖြင့် ဖွင့်အပ်၏။ ထိုခြောက်ပါးတို့တွင်-

**သမ္ဗန္ဓသံဝဏ္ဏနာ**ဟူသော်ကား- စိတ် စေတသိက် ရုပ် နိဗ္ဗာန် ဟုဆိုအပ်သော ပရမတ္ထတရားလေးပါးကို မသိကြသည်ဖြစ်၍ ပဋိပတ္တိနည်း ချွတ်ယွင်းသဖြင့် သံသရာ၌ နစ်မွန်းကုန်သော သတ္တဝါအပေါင်းတို့ကို အာရုံပြု၍ အရှင်အနုရုဒ္ဓါဆရာ၏ ကရုဏာဖြစ်သည်ကား အကြောင်း။

သမ္မာသမ္ဗုဒ္ဓံစသော ဝစီဘေဒသဒ္ဒါကို ဖြစ်စေတတ်သော သဒ္ဓါ သတိ ဝီရိယပြဌာန်းသော စိတ္တုပ္ပါဒ်ဖြစ်သည်ကား အကျိုး။

၎င်းစိတ္တုပ္ပါဒ်ဖြစ်သည်ကား အကြောင်း။

သမ္မာသမ္ဗုဒ္ဓံစသော ဝစီဘေဒဂါထာဖြစ်သည်ကား အကျိုး။

၎င်းဂါထာဖြစ်သည်ကား အကြောင်း။

၎င်းသတ္တဝါအပေါင်းတို့ကို အာရုံပြု၍ အရှင်အနုရုဒ္ဓါဆရာ၏ ကရုဏာလျှင် အကြောင်းရင်းရှိသော ဤသမ္မာသမ္ဗုဒ္ဓ မတုလံ စသော ဝစီဘေဒသဒ္ဒဂါထာဖြစ်သည်ဟု သောတုဇနတို့၏အသိဉာဏ် ဖြစ်သည်ကား အကျိုး။

ဤသို့ အရှင်အနုရုဒ္ဓါဆရာ၏ ဝစီဘေဒသဒ္ဒဂါထာနှင့် သောတုဇနတို့၏အသိဉာဏ်ကို စပ်၍ဖွင့်ခြင်းသည် အဖွင့်ခြောက်ပါးတွင် 'သမ္ဗန္ဓနံ သမ္ဗန္ဓော'ဟူသော ဝစနတ္ထနှင့်အညီ သမ္ဗန္ဓသံဝဏ္ဏနာ ဟူလိုသော်။

**ပဒစိန္တာသံဝဏ္ဏနာ**ဟူသော်ကား- သမ္ဗာသမ္ဗုဒ္ဓန္တိ ဧတံ ပဒံ ။ လ။ အဘိဓမ္မတ္ထသင်္ဂဟန္တိ ဧကံ ပဒံ။ ဝိဘတျန္တပဒဝိဘာဂဝသေန ဆပဒါယံ ဂါထာတိ ဒဋ္ဌဗ္ဗံ သမ္ဗာသမ္ဗုဒ္ဓန္တိ ကမ္မတ္ထနိဒ္ဒေသော။ အတုလန္တိ တဗ္ဗိသေသနနိဒ္ဒေသော ။လ။ အဘိဓမ္မတ္ထသင်္ဂဟန္တိ ကမ္မတ္ထနိဒ္ဒေသော။ နိဒ္ဒေသဝိဘာဂဝသေန၊ အနေကာသု ဂါထာသု ပထျာဝတ္တဂါထာယန္တိ ဒဋ္ဌဗ္ဗာ။

သမ္ဗာသမ္ဗုဒ္ဓန္တိ ဧတံ ပဒံ= သမ္ဗာသမ္ဗုဒ္ဓံ ဟူသော ဤပုဒ်သည်။ ဧကံ= တခုသော။ ပဒံ= ပုဒ်သည်။ ဟောတိ= ဖြစ်၏ ။ လ။ အနေကာသု= များကုန်သော။ ဂါထာသု= ဂါထာတို့တွင်။ အယံ ဂါထာ= ဤသမ္ဗာသမ္ဗုဒ္ဓံစသော ဂါထာကို။ ပထျာဝတ္တဂါထာ တိ= ဟူ၍။ ဒဋ္ဌဗ္ဗာ= ၏။

ဤသို့ ဝေဘန်သောအားဖြင့် ဖွင့်ခြင်းသည် အဖွင့်ခြောက်ပါးတို့တွင် "ပဒဿ စိန္တာ ပဒစိန္တာ"ဟူသော ဝစနတ္ထနှင့်အညီ ပဒစိန္တာသံဝဏ္ဏနာမည်၏ဟူလိုသော်။

**ပဒတ္ထသံဝဏ္ဏနာ**ဟူသော်ကား- အနက်သမ္ဗန်မြဲ။ ဤသို့ ပုဒ်ကို အနက်ပေးသောအားဖြင့် ဖွင့်ခြင်းသည် အဖွင့်ခြောက်ပါးတို့တွင် "ပဒဿ အတ္ထော ပဒတ္ထော"ဟူသော ဝစနတ္ထနှင့်အညီ ပဒတ္ထသံဝဏ္ဏနာ-ဟူလိုသော်။

ပဒဝိဂ္ဂဟကား- သမ္မာ သာမဉ္စ သဗ္ဗဓမ္မေ ဗုဇ္ဈတီတိ သမ္ဗာသမ္ဗုဒ္ဓေါ။ (အနက်သိသာပြီ)။

သမ္ဗာသမ္ဗုဒ္ဓေါကား ကတ္တုသာဓနဝိဂြိုဟ်။ သမ္မာရှေး သံရှေးရှိသော ဗုဓဓာတ်၊ တပစ္စည်း။ ဗုဓဓာတ်၏အရ ကတွတ္တကြိယာကား အလုံးစုံသော ဉေယျဓံတရားငါးပါးတို့ကို သိစွမ်းနိုင်သော သဗ္ဗညုတဉာဏ်တော်သည် မုချ။

ရှေးရှေးကုန်သော ပါရမီဉာဏ် ဝိပဿနာဉာဏ်တို့သည် ဖလူပစာရအားဖြင့် ရ၏။ နောက်နောက်သော ဒေသနာဉာဏ် အာသယာနုသယဉာဏ် ဣန္ဒြိယပရောပရိယတ္တဉာဏ်တို့သည် ကာရဏူပစာရတ္ထအားဖြင့်ရ၏။

တပစ္စည်းအရကား ထိုမုချ ဖလူ ကာရကူဟု သမုတ်အပ် မှတ်အပ်သော အနုတ္တရဝိမောက္ခဂုဏ်တို့ဖြင့် ထုံမွမ်းအပ်သောဘုရား, ဘုရားဟုသမုတ်အပ်သော သတ္တသန္တာနပညတ် ဒြဗ်ဝိသေသရ၏။

**(ဆောင်)** မုချ ဖလူ၊ ကာရကူ၊ လွယ်ကူသိစေမင်း။

ပစ္စုပ္ပန္န၊ မုချ ဖလူ၊ ရှေးရှေးယူ၊ ကာရကူနောက်နောက်သွင်း။

ပစ္စည်း, ပညတ်၊ ဓာတ်, ပရမတ်၊ ဆတ်ဆတ်ကောက်ယူမင်း။

ဤအရကောက်သံပေါက်ကို ရစေ၍ ဖွာဖွာပါအောင်ရွတ် လေ။

ဤသို့ ပုဒ်ကို ဝိဂြိုဟ်ဆိုသောအားဖြင့် ဖွင့်ခြင်းသည် အဖွင့် ခြောက်ပါးတို့တွင် "ပဒဿ ဝိဂ္ဂဟော ပဒဝိဂ္ဂဟော"ဟူသော ဝစနတ္ထ နှင့်အညီ ပဒဝိဂ္ဂဟသံဝဏ္ဏနာဟူလိုသော်။

**စောဒနာသံဝဏ္ဏနာဟူသော်ကား-** အရှင်အနုရုဒ္ဓါဆရာ ဤ 'သမ္မာသမ္ဗုဒ္ဓ မတုလံ'စသောဂါထာကို အဘယ်အကျိုးငှာ ဆရာဆို သနည်း။ အဘိဓမ္မတ္ထသင်္ဂြိုဟ် ခေါ်ဆိုမည်မှန်း လက်သန်းအဋ္ဌကထာ ကျမ်းကို စီရင်အံ့သောငှာ ငါဆရာ ဆိုသတည်း။ ယင်းတို့ကို ပြုစီ ရင်အံ့သောငှာ ဆိုသာဟု ဆရာဆိုတော်မူ၏။ (ဠပနာ)။

အကယ်၍ ထိုသို့ဆိုချေသော် 'တတ္ထ ဝုတ္တာဘိဓမ္မတ္ထာ' စသောစကား သင်္ဂြိုဟ်ကျမ်းမဟုတ်ဟူသောအနက် ရောက်ရာ၏။ ဤသို့ စောဒနာအားဖြင့် ဖွင့်ခြင်းသည် အဖွင့်ခြောက်ပါးတို့တွင် "ပရေသံ ဒေါသံ စောဒေတိ အာရောပေတီတိ စောဒနာ"ဟူသော ဝစနတ္ထနှင့်အညီ စောဒနာသံဝဏ္ဏနာမည်၏ဟူလိုသော်။

ပရိဟာရကား- ဤ 'သမ္မာသမ္ဗုဒ္ဓမတုလံ'စသောဂါထာကို သင်္ဂြိုဟ်ကျမ်းဖြစ်သောကြောင့် ဆိုသည်မဟုတ်၊ ၎င်းသင်္ဂြိုဟ်ကျမ်းကို ပြုစီရင်အံ့သောငှာ အန္တရာယဝိသောသနစသော အကျိုးရှိသော ရတနတ္တယပဏာမကို ပြုလို၍ ဆိုသည်။

ဤသို့ ဖြေသောအားဖြင့် ဖွင့်ခြင်းသည် အဖွင့်ခြောက်ပါး တို့တွင် "ပရေဟိ အာရောပိတဒေါသံ ပရိဟာရေတိ သောဓေတီတိ

ပရိဟာရော"ဟူသော ဝစနတ္ထနှင့်အညီ ပရိဟာရသံဝဏ္ဏနာမည်၏ ဟူလိုသော်။

ဤသို့ အထွက်, အတက် မြိုင်မြိုင်ပြောဆိုနိုင်ခြင်း တပါး, စာစပ်ခြင်းတပါး, သံဝဏ္ဏနာလှည့်နိုင်ခြင်းတပါး။ ၎င်းသုံးပါးနှင့် ပြည့်စုံသော ကြီးငယ်မဆို စာသင်ပျိုတို့သည် တတိယစာပို့ဆရာ ဌာနန္တရသို့ ရောက်ကုန်ဝင်ကုန်၏တည်း။

* ထွက်, တက် စာစပ်၊ ဘွင့်ခြောက်ရပ်၊ စုံအပ်တတိယာ။
* ဆန်သုံးတင်းတန်၊ ပစ္စည်းမှန်၊ ဧကန်ရသင့်ပါ။
* ဧကန်လိုက၊ အင်သုံးဝ၊ နှုတ်က တက်နာနာ။

တတိယစာပို့အင်္ဂါ ၃-ပါး ပြီး၏။

♦♦♦

## ၂။ ဒုတိယစာပို့အင်္ဂါ ၄-ပါး

**(မေး)** အရှင်ဗုဒ္ဓဃောသဆရာ "ဗုဒ္ဓံ ဓမ္မဥ္စ"စသောဂါထာကို အဘယ်အကျိုးရှိ၍ ဆရာဆိုသနည်း။

**(ဖြေ)** ငါ့ရှင် စောဒကဆရာ ကဒ္ဒါဝိတရဏီမည်မှန်း လက်သန်းအဋ္ဌကထာကျမ်းကို ပြုအံ့သောငှာ ငါဆရာဆိုသတည်း။

အရှင်မဟာဗုဒ္ဓဃောသဆရာ ကင်္ခါဝိတရဏီမည်မှန်း လက်သန်းအဋ္ဌကထာကျမ်းကို ပြုအံ့သောငှာဆိုသောဟု ဆရာတော်မူ၏။ (ဌပနာ)။

အကယ်၍ ထိုသို့ဆိုချေသော် ဤ 'ဗုဒ္ဓံ ဓမ္မဥ္စ'စသောဂါထာသည်လည်း ကဒ်ါဝိတရဏီမည်မှန်း လက်သန်းအဋ္ဌကထာကျမ်းမည်၏ဟူသော အနက်ရောက်ရာ၏။ **(အနုလောမပါပနာ)**။

"ပါတိမောက္ခန္တိ အတိမောက္ခံ, အတိပမောက္ခံ"စသော စကားသည်ကား ကဒ်ါဝိတရဏီမည်မှန်း လက်သန်းအဋ္ဌကထာကျမ်းမည်၏ဟူသော အနက်မရောက်ရာ။ **(ပဋိလောမပါပနာ)**။

စင်စစ်တမူကား "ပါတိမောက္ခန္တိ ။ပ။ အတိမောက္ခံ, အတိပမောက္ခံ"စသော စကားသည်သာ ကဒ်ါဝိတရဏီမည်မှန်း လက်သန်းအဋ္ဌကထာကျမ်းမည်၏။

ဤ 'ဗုဒ္ဓံ ဓမ္မဥ္စ'အစရှိသောဂါထာသည် ကဒ်ါဝိတရဏီမည် မှန်း လက်သန်းအဋ္ဌကထာကျမ်းမည်သည် မဟုတ်ပါ။ **(ရောပနာ အဖြေ)**။

ထိုသို့ဖြစ်သောကြောင့် ကဒ်ါဝိတရဏီမည်မှန်း လက်သန်းအဋ္ဌကထာကျမ်းကို ပြုအံ့သောငှာ "ပါတိမောက္ခန္တိ ။ပ။ အတိမောက္ခံ, အတိပမောက္ခံ"စသော စကားကို ငါဆိုသည်ဟူ၍ ဆိုသော်ကား ဆိုတန်ရာ၏။ **(အနုလောမပါပနာ)**။

ကဒ်ါဝိတရဏီမည်မှန်း လက်သန်းအဋ္ဌကထာကျမ်းကို ပြုအံ့သောငှာ ဤ 'ဗုဒ္ဓံ ဓမ္မဥ္စ'အစရှိသော ဂါထာကို ငါဆိုသည်တည်းဟူ၍ကား မဆိုတန်ရာ။ **(ပဋိလောမပါပနာ)**။

ဆိုသင့်သည်ကို ဆရာမဆို၊ မဆိုသင့်သည်ကို ဆရာဆိုချေသော် ပဋိညာ, ပဋိညာတဗ္ဗဆန့်ကျင်သော ပဋိညာတ, ပဋိညာကရဏဝိရောဓိဒေါသ ဆရာ၌ရောက်ရာ၏။ **(အလင်္ကာဒေါသ)**။

ကျမ်းရိုးငါးချက် စောဒနာတင်ပုံ။

ငါ့ရှင် စောဒကဆရာဆိုတိုင်း 'ပါတိမောက္ခန္တိ ။ပ။ အတိမောက္ခံ, အတိပမောက္ခံ'စသော စကားသည်သာ ကဒ်ါဝိတရဏီမည်မှန်း လက်သန်းအဋ္ဌကထာကျမ်းမည်ပေ၏။ ဤ 'ဗုဒ္ဓံ ဓမ္မဥ္စ'စသောဂါထာသည်ကား ၎င်းအဋ္ဌကထာမည်သည် မဟုတ်ပေ၊ ယင်းသို့ဖြစ်

သော်လည်း ရှေးရှေးကုန်သော ကျမ်းပြုဆရာတို့၏ ဆိုဘွယ်ရာ ဓမ္မတာလက်သုံး ငြမ်းနှင့်မှီအုံး ထုံးဥပဒေသည် ကျမ်းကိုအားမထုတ်မီ ရှေးဦးအစ အန္တရာယဝိသောသနစသောအကျိုးကို ပြီးစေနိုင်သော ရတနတ္တယပဏာမကို ပြုဦးမြဲ။

ငါဗုဒ္ဓဃောသဆရာသည်လည်း ကျမ်းပြုဆရာများတို့တွင် တစ်ယောက်အပါအဝင်ဖြစ်ရကား ကျမ်းကိုအားမထုတ်မီ ရှေးဦးအစ အန္တရာယဝိသောသနစသော အကျိုးရှိသော ရတနတ္တယပဏာမကို ပြုလိုသည်ဖြစ်၍ ဤ 'ဗုဒ္ဓံ ဓမ္မဉ္စ သံဃဉ္စ'စသော ဂါထာကို ငါဆရာ ဆိုသတည်း။

"ပါတိမောက္ခန္တိ ။ပ။ အတိမောက္ခံ, အတိပမောက္ခံ"စသော စကားသည်သာ ကျမ်းမည်သည်မဟုတ်သေး။ ဤ 'ဗုဒ္ဓံ ဓမ္မဉ္စ သံဃဉ္စ' အစရှိသောဂါထာသည်လည်း ကျမ်းမည်သေး၏ဟူ၍ ပြခြင်း။ ဤ 'ဗုဒ္ဓံ ဓမ္မဉ္စ သံဃဉ္စ' အစရှိသောဂါထာကိုလည်း ငါဆရာဆိုသည် မဟုတ်ပါ။

ထိုသို့ဖြစ်သောကြောင့် ငါ့ရှင်စောဒကဆရာဆိုတိုင်းသော ပဋိညာ, ပဋိညာတဗ္ဗဆန့်ကျင်သော ပဋိညာတ, ပဋိညာကရဏ ဝိရောဓိဒေါသ ငါ၌မရောက် ဆိုတန်၏ဟူလိုသည်။ (အဖြေ)။

ဤကျမ်းကား ကျမ်းရိုးငါးချက်အဖြေမှ အင်္ဂါတပါး။

ဗုဒ္ဓံ ဝန္ဒိတွာဝါကျ၌ ဗုဒ္ဓံသဒ္ဒါသည် မုချဗျာပါရ၊ လက္ခဏာ ဗျာပါရ၊ ဗျဉ္ဇကဗျာပါရဟူသော ဗျာပါရသုံးပါး။ ဝါစကသဒ္ဒါ, လက္ခဏာ သဒ္ဒါ, ဗျဉ္ဇကသဒ္ဒါဟူသော သဒ္ဒါသုံးပါး။ ဝစ္စတ္ထ, လက္ခဏိယတ္ထ, ဗျင်္ဂျတ္ထဟူသော အတ္ထသုံးပါး။ ၎င်းဗျင်္ဂျနယ ၉-ပါးတို့ ဖြစ်ကုန်၏။ ထိုတွင် ဗုဒ္ဓံသဒ္ဒါသည် စင်စစ်ဟောအပ်သော ယင်းသဒ္ဒါ၏အနက် ဖြစ်သောကြောင့် သဗ္ဗညုတဉာဏ်ဟူသောအနက်သည် ဝစ္စတ္ထမည်၏။

ယင်းဝစ္စတ္ထကိုဟောတတ်သော ဗုဒ္ဓသဒ္ဒါသည် ဝါစကမည်၏။

ယင်းဝစ္စတ္ထကို ဟောစွမ်းနိုင်သော ဗုဒ္ဓသဒ္ဒါ၏ ဝါစကသတ္တိ သည် မုချဗျာပါရမည်၏။

ဘုရားဖြစ်ဟူသော အနက်သည် သဗ္ဗညုတဉာဏ်တည်းဟူသော သကတ်ဖြင့် မှတ်အပ်သောကြောင့် လက္ခဏီယတ္ထမည်၏။

ယင်းလက္ခဏီယတ္ထကို ဟောတတ်သော ဗုဒ္ဓသဒ္ဒါသည် လက္ခဏိကသဒ္ဒါမည်၏။

ယင်းလက္ခဏီယတ္ထကို ဟောစွမ်းနိုင်သော ဗုဒ္ဓသဒ္ဒါသတ္တိ သည် လက္ခဏာဗျာပါရမည်၏။

ဗုဒ္ဓ ဝန္ဒိတွာဟူသော ဝါကျ၏အစွမ်းအားဖြင့် ရအပ်သော ကြည်ညိုခြင်း, ရှိခိုးခြင်းစသော တောင့်တအပ်သောအနက်သည် ယင်း ဗုဒ္ဓ ဝန္ဒိတွာဟူသောဝါကျဖြင့် အထူးမှတ်အပ်သော သိအပ်သော ကြောင့် ဗျင်္ဂျတ္ထမည်၏။

ယင်းဗျင်္ဂျတ္ထကို ဟောတတ်သော ဗုဒ္ဓသဒ္ဒါသည် ဗျဉ္ဇကသဒ္ဒါ မည်၏။

ယင်းဗျင်္ဂျနယ ၉-ပါးတို့ကို ယင်းဗုဒ္ဓသဒ္ဒါ၌ ရအပ်ကုန်၏။ ယင်းဗုဒ္ဓသဒ္ဒါသည် ဒဗ္ဗစသောသဒ္ဒါ ငါးပါးတို့တွင် ဇာတိသဒ္ဒါ၌ ဝင်သင့်၏။ ဘုရားတို့၏ တစ်ဆူသည် တစ်ဆူနှင့် တူသောအခြင်း အရာဟုဆိုအပ်သော သကတ်ရှိသောကြောင့်လည်းကောင်း၊ သိတတ် ၏ဟူသော ဝါကျအနက် ငုတ်သောကြောင့်လည်းကောင်းတည်း။

ထိုစကားကို ချဲ့ဦးအံ့။ ဝိသာဏီအစရှိကုန်သော ဒဗ္ဗသဒ္ဒါ အစရှိကုန်သော သဒ္ဒါ ၄-ပါးတို့ကား ဦးချိုအစရှိကုန်သော ဖြစ်များ လျား ဝါကျအနက် ထင်ရှားရှိကုန်၏။

ဂေါ=နွားဟု သမ္ဗန်ပြု၍ ဂေါ=သွားတတ်သောနွားဟူသော ဝါကျအနက် အတွင်းငုတ်သော ဂေါသဒ္ဒါနှင့်တူရကား ယင်းဗုဒ္ဓသဒ္ဒါ သည်_ ဇာတိသဒ္ဒါ၌ ဝင်၏ဟု မှတ်။

သိထိလ ဓနိတ နိဂ္ဂဟိတ ဝိမုတ္တ သမ္ဗန္ဓ ဝဝတ္ထိတ ဒီဃ ရဿ ဂရု လဟု-ဟူသော ဗျဉ္ဇနဗုဒ္ဓိသဒ္ဒါ ၁၀-ပါးကိုလည်း သိလေဦး။

ထိုတွင် ဒီဃ ရဿ ဂရု-တို့ မထူးသကဲ့သို့ ရှိကုန်၏။ ဒီဃမှာ ကစ္စည်းကျမ်းလာအတိုင်း ငါးလုံးသာ။ ဂရုကား ၄င်းငါးလုံး။ သံယုတ်နှောင်း ပါဒန္တ, နိဂ္ဂဟိတန္တမှီသော ရဿအက္ခရာကိုလည်း

ဂရုမှာ သွင်းသင့်ကြောင်းကို ဆန်းကျမ်းစသည်တို့၌ ဆိုသောကြောင့် ရဿအက္ခရာသုံးလုံးထည့်၍ ဂရုအက္ခရာ ရှစ်လုံးရသောကြောင့် ဂရုအက္ခရာက ဒီဃထက် အရာကျယ်၏။ ရဿ လဟုတို့ကား တူပြီ။

သံယုတ်နိဂ္ဂဟိတ်မနှောင်းပဲ ရဿသုံးလုံးထည့်မှုကား ရဿ ထက် ဂရုခရာခြောက်လုံးဖြစ်သင့်သောကြောင့် လဟုခရာက အရာ ကျယ်သည်ဟု ဆိုသည်။ သင့်အံ့ ထင်၏။

ဤသို့ ဒီဃ ရဿ ဂရု လဟုတို့၏ အထူးကိုလည်း သိလေဦး။ ကြွင်းခြောက်ပါး အထူးကား ထင်ရှားပြီ။

"ပဏ္ဍိတေဟိ ဓာရိယတေ န ဗာလေဟီတိ ဓမ္မော"။

ယော သဘာဝေါ= ကို။ ပဏ္ဍိတေဟိ= တို့သည်။ ဓာရိ- ယတေ= ဆောင်အပ်ကျင့်အပ်၏။ ဗာလေဟိ= တို့သည်။ န ဓာရိ ယတေ= မဆောင်အပ်။ ဣတိ တသ္မာ= ကြောင့်။ သော သဘာ ဝေါ= သည်။ ဓမ္မော= မည်၏။

ဓမ္မောကား ကမ္မသာဓနကိတ်ဝိဂြိုဟ်။ ဓရဓာတ်၊ ရမ္မပစ္စည်း။ ဓရဓာတ်၏အရ ကတ္တုတ္တကြိယာကား ပညာရှိတို့၏ ယောနိသော မနသိကာရသဒ္ဒါ၊ ပညာပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ် အသင်္ခါရိက ဉာဏသမ္ပယုတ်အာရမ္မဏိကတရား မုချရ၏။ ကမ္မတ္တကြိယာကား ကိုးပါးသော လောကုတ္တရာတရားတို့၏ ပကတူပ, အာရမ္မဏူပ နိဿယသတ္တိသည် ဖလူပစာရတ္တအားဖြင့် ရ၏။ ရမ္မပစ္စည်း၏အရ ကား မုချ ဖလူတို့ဖြင့်မှတ်အပ်သော လောကုတ္တရာတရားကိုးပါး ရ၏။ (ဗုဒ္ဓံ ဓမ္မံ သံဃံသဒ္ဒါသုံးပါးတို့ ကတ္တုသဓ်ဝစနတ်အရကောက် ကား ဉာဏ်ကောက်စသည်တို့၌ ထင်ရှားပြီ)။

ဝန္ဒိတွာ၌ ဝန္ဒဓာတ်၏အရ ပဏာမစေတနာသည် ရှိခိုးခြင်း စေတနာကို ပြီးစေတတ်သော ကတ္တုသတ္တိရှိ၍ ယင်းကို ပြီးစေ ကြောင်းဖြစ်သော ကြိယာသာဓကတမသတ္တိသည် ကရိုဏ်းကိုင်သော

ကြောင့် ဝါကျာဝတ္ထိကန္တအားဖြင့် ဝိပ္ပသန္နေနဟု ဝိဘတျံခဲ။ (ဤကား ရှေးဆရာတို့နည်း)။

ဆရာ ဆရာသည် 'ဝိသေသေန ပသီဒတီတိ ဝိပ္ပသန္နံ' ဟူသော ပဋ္ဌမန္တနှင့် သံဝဏ္ဏနာကို ဆရာဆိုတော်မူ၏။ အဋ္ဌကထာ စီရင်အပ်သော သံဝဏ္ဏေတဗ္ဗပုဒ်ကား ဝိပ္ပသန္နေနဟု တတိယန္တနှင့် ရှိခဲ့၏။ သံဝဏ္ဏနာ, သံဝဏ္ဏေတဗ္ဗပုဒ်ကား မညီကြတကား။ ဤသို့ စောဒနာဘွယ်ရှိ၍။ ဝါ= ဆရာမူအပ်သော သံဝဏ္ဏနာပဋ္ဌမန္တနှင့် အဋ္ဌကထာဆိုအပ်သော သံဝဏ္ဏေတဗ္ဗတတိယန္တသည် ကာရိ ကာရိယ ဖြစ်ကောင်းအံ့လောဟု စောဒနာဘွယ်ရှိ၍ "ဝိပ္ပသန္နေန"ဟု ဝိဘတျံခဲ။

အဓိပ္ပါယ်ကား ငါမူအပ်သော သံဝဏ္ဏနာမှာကား ပုဒ်ကို ငဲ့၍ ပဒါဝတ္ထိကန္တအားဖြင့် ပဋ္ဌမန္တ, ပဋ္ဌမာဝိဘတ်နှင့် အဆုံးထားသည်။ အဋ္ဌကထာစီရင်အပ်သော သံဝဏ္ဏေတဗ္ဗကား ဝါကျကိုငဲ့၍ ဝါကျာဝတ္ထိကန္တအားဖြင့် တတိယန္တ တတိယာဝိဘတ်အဆုံးထားသည်။ သံဝဏ္ဏနာ သံဝဏ္ဏေတဗ္ဗညီကြ၏ဟူလို။ ဝါ= ကာရိ ကာရိယမဟုတ်ဟူလို။ (ဤယခုခေတ် ဆရာတို့အလို)။

"ဝန္ဒာမိ အဝန္ဒိတ္တိ ဝါ ဝန္ဒိတွာ"။

ယော အဟံ= သည်။ ဝန္ဒာမိ= ရှိခိုးဆဲ။ ဝါ= ကား။ အဝန္ဒိံ= ရှိခိုးပြီ။ ဣတိ တသ္မာ= ကြောင့်။ ဝန္ဒိတွာ= ၏။

ဝန္ဒိတွာကား ကတ္တုသာဓနကိတ်ဝိဂြိုဟ်။ ဝန္ဒဓာတ်၊ တွာ ပစ္စည်း။ ဝန္ဒဓာတ်၏အရကား သဒ္ဓါ, သတိပြဋ္ဌာန်းသော အသင်္ခါရိက ဉာဏသမ္ပယုတ်ကုသိုလ်စိတ္တုပ္ပါဒ်သည် မုချ။ ရှေးရှေးသော ယောနိ သောမနသိကာရပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်သည် ဖလူပစာရတ္ထ အားဖြင့် ရ၏။ နောက်နောက်သော ပီတိ, ပါမောဇ္ဇပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်သည် ကာရဏူပစာရတ္ထအားဖြင့် ရ၏။ တွာပစ္စည်း၏ အရကား ထိုမုချ ဖလူ ကာရဏူတို့ဖြင့်မှတ်အပ်သော သတိ ဝီရိယ ပညာတို့ဖြင့်ထုံအပ်သော အရှင်ဗုဒ္ဓဃောသ, အရှင်ဗုဒ္ဓဃောသဟု

ဇမ္ဗူဒိပ်ကျွန်းတို့၌ ထင်ပေါ်ကျော်စောသော သတ္တသန္တာနပညတ်။ ခန္ဓာဝိသေသဖြစ် ရ၏။

"အယဉ္စိ ကြိယာပဒေန အသမ္ဘန္ဓေ ပစ္စုန္နကာလိကော၊ သမ္ဗန္ဓေ ပန အတီတကာလိကော"ဟူသော မဏိသာရမဥ္ဇူကိုထောက်၍လည်းကောင်း၊ ဝစ္စဝါစကဋီကာ, ဝိဘတျတ္ထဋီကာသစ်ကိုထောက်၍ လည်းကောင်း ဝန္တိတွာပုဒ်ကို ကဿံစသော နောက်ကြိယာနှင့်မစပ်မိ ပစ္စုပ္ပန်ဟော။ စပ်မူ အတိတ်ဟောဟုမှတ်။ ဝစနတ်ကိုလည်း ၎င်းတို့ကိုမှီး၍ ပစ္စုပ္ပန်ကာလ, အတိတ်ကာလနှင့် ပြုသည်ဟုမှတ်။

ဝစန ဝစနတ္ထ ဝစနဟေတု ဝစနဟေတုဇောတက ဝစနီယ ဝစနီယတ္ထရွေးမူ ဝန္ဒိတွာကား အနက်ကို ဟောတတ်သောကြောင့် ဝစနမည်၏။

ဝန္ဒာမိ အဝန္ဒိတို့ကား ယင်းဝန္ဒိတွာ၏ ပစ္စုပ္ပန် အတိတ်ဟောသောကြောင့် ဝစနတ္ထမည်၏။

ဝန္ဒခာတ်၏အရ ပဏာမစေတနာကား ဝန္ဒိတွာသဒ္ဒါဖြစ်ကြောင်းဖြစ်သောကြောင့် ဝစနဟေတုမည်၏။

ဣတိသဒ္ဒါကား ယင်းပဏာမစေတနာကို ထွန်းပြတတ်သောကြောင့် ဝစနဟေတုဇောတကမည်၏။

အရှင်ဗုဒ္ဓဃောသဖြစ်ကား ဝန္ဒိတွာသဒ္ဒါသည် ဟောအပ်သောကြောင့် ဝစနီယမည်၏။

သံဝဏ္ဏနာစရိယောစသော ပရိဟာရသဒ္ဒါကား ဝန္ဒိတွာသဒ္ဒါသည် ဟောအပ်သော ဤလည်းအနက်တခုပင်တည်းဟု မှတ်အပ်သောကြောင့် ဝစနီယတ္ထမည်၏။

ဤခြောက်ပါးသော ဝစနာကာရကိုလည်း သိလေဦး။ ယင်းနှင့်တကွ ခါတ်ပစ္စည်းအရကောက်ကို သိခြင်းဟူသော လက္ခဏာအင်္ဂါ တစ်ပါး။

(၁) ဘူ, လ, မိ = ဓိတိမာ ။ ။ ဘူ= ဘဂိုဏ်း။ လ= လနတ်သား စောင့်။ မိ= မိဂသိနက္ခတ်နှင့်ယှဉ်မူ။ ဓိတိမာ= တည်ကြည်၏။

(၂) နု, သိ, ဘ = ဒိဃမှတ်။ ။ နု= နဂိုဏ်း။ သိ= သိကြားစောင့်။ ဘ= ဘရဏ္ဏီနက္ခတ်နှင့်ယှဉ်မူ။ ဒိဃမှတ်= အသက်ရှည်တတ်၏။

(၃) ယ, တိံ, သတ်= ပတ်ခြွေရံ ။ ယ= ယဂိုဏ်း။ တိံ= တိမ်နတ်သား စောင့်။ သတ်= သတ္တဘိသျှနက္ခတ် နှင့်ယှဉ်မူ။ ပတ်ခြွေရံ= အခြွေအရံ များအံ့။

(၄) မတ်, ဘုံ, ဇေ = မြေလာဘ်ရ။ မတ်= မဂိုဏ်း။ ဘုံ= ဘုမ္မစိုးနတ် စောင့်။ ဇေ= ဇေဋ္ဌနက္ခတ်နှင့်ယှဉ်မူ။ မြေလာဘ်ရ= လာဘ်လာဘပေါ များတတ်၏။

(၅) ဇ, နေ, ပု = လူ့ဒုက္ခိ ။ ။ ဇ= ဇဂိုဏ်း။ နေ= နေနတ်သား စောင့်။ ပု= ပုဏ္ဏဖုသျှနက္ခတ်နှင့် ယှဉ်မူ။ လူ့ဒုက္ခိ= ဆင်းရဲတတ်၏။

(၆) ရာ, မိ, ကြတ် = ဟိတမဲ့ ။ ရာ= ရဂိုဏ်း။ မိ= မီးနတ်စောင့်။ ကြတ်= ကြတ္တိကာနက္ခတ်နှင့်ယှဉ်မူ။ ဟိတမဲ့= အစီးအပွားမဲ့တတ်၏။

(၇) သု, လိ, သွာ = ရပ်ကွာဘိ ။ သု= သဂိုဏ်း။ လိ= လေနတ်သား စောင့်။ သွာ= သွာတိနက္ခတ်နှင့် ယှဉ်မူ။ ရပ်ကွာဘိ= အရပ်မှကွာ၍ နေရတတ်၏။

(၈) တတ်, အာ, သ = ဖြစ်လတ်ဘေး ဟောရေးမှုချ။

တတ်= တဂိုဏ်း။ အာ= အာကာသ စိုးစောင့်။ သ= သရဝဏီနက္ခတ်နှင့် ယှဉ်မူ။ ဖြစ်လတ်ဘေး= ဘေးများ ဖြစ်တတ်၏။ ဟောရေးမှုချ= ဟော လေမှုချ။

ယင်းရှေ့လေးဂိုဏ်းကား ရဟန်း သာမဏေတို့, မင်းအရာရှိ ဌာနန္တရတို့ ဘွဲ့ရှည်ရာလိုအပ်သောကြောင့် ဣဋ္ဌိတဂိုဏ်းမည်၏။ နောက်လေးဂိုဏ်းကား ပုဂ္ဂိုလ်တို့ မလိုအပ်သောကြောင့် အနိဋ္ဌိတ ဂိုဏ်းမည်၏ဟုမှတ်။ ဤသို့ ဆန်းဋီကာလာတိုင်း ဟောပုံနှင့်တကွ ဂိုဏ်းလက္ခဏာတို့ ကျက်မှတ်ဦး၍။

သမ'မဒ္ဒသမံ ဝုတ္တံ၊ ဝိသမဍ္ဍာ'ပရံ တိဓာ။
သမာ လက္ခဏတော ပါဒါ၊ စတ္တာရော ယဿ တံ သမံ။

စသောဂါထာလာအတိုင်း ဂါယတ္တိဆန်း၌ တဂိုဏ်း, ယဂိုဏ်းနှစ်ဂိုဏ်း တို့ဖြင့် စီရင်ဖွဲ့ကုံး လေးပါးလုံး ဂိုဏ်း, ဂရု, လဟုတူမျှသော တနုမဇ္ဈာဂါထာစသော တတိယပရိစ္ဆေဒ၌ ဂါထာဟူသမျှကို သမ ဂါထာမျိုး။ ဝိသမဖြစ်သော ပဌမပါဒ, တတိယပါဒတို့၌ သသုံးဂိုဏ်း။ လဟု ၁၊ ဂရု ၁၊ သမဖြစ်သော ဒုတိယ, စတုတ္ထပါဒတို့၌ ဘဂိုဏ်း သုံးခု၊ ဂရုနှစ်ခုတို့ဖြင့် သီကုံးဖွဲ့အပ်သော ထက်ဝက်မျှ ဂိုဏ်း ဂရု လဟုတူကြသော ဥပစိတ္တဂါထာစသော စတုတ္ထပရိစ္ဆေဒတို့၌ ဂါထာ ဟူသမျှကို အဒ္ဒသမမျိုး။ တစ်ပါဒလျှင် ရှစ်လုံးရှိသော လေးပါဒလုံး၌ အစတလုံး အဆုံးတလုံးပယ်၍ သုံးလုံးတစ်ဂိုဏ်းပြု၍ တပါဒလျှင် ပဌမ, ဒုတိယနှစ်ဂိုဏ်းစီရ၊ ပဌမဂိုဏ်း၌ သဂိုဏ်း, နဂိုဏ်းကြဉ်၍ ကြွင်းတခုခုနေ၊ ဒုတိယဂိုဏ်း၌ ယဂိုဏ်းနှင့်သာ အမြဲနေရသော ဝတ္တဂါထာ၊ ဒုတိယ, စတုတ္ထပါဒတို့၌ ဒုတိယဂိုဏ်း၌ သဂိုဏ်းပယ်၍ ဇဂိုဏ်းနေလျှင် ပထျာဝတ္တဂါထာစသော ပဉ္စမပရိစ္ဆေဒ၌ ဂါထာဟူသမျှ

ကို ဝိသမမျိုး။ ဤဂါထာမျိုးထူးခြားသည်ကို နာနာသိ၍ ဝုတ္တောဒယ ကျမ်းမှလာသော ပထျာဝတ္တသဘာဝကား-

* *လေးပါဒလုံး စနှင့်ဆုံးကို အသုံးမဲ့ဟန် ပယ်ခဲ့ချန်၍ လေး တန်ပိုဒ်လုံး အစဆုံးတွင် ဂိုဏ်းရှုံးနှစ်လီ သ-နကြဉ်လော့ အစည်သင့်လှ ဝိသမဝယ် အစတည်ထောင် လေးလုံး နောင်ကို သာခေါင်ထူးလည် ယဂိုဏ်းတည်လော့ တမည် ဆိုဘွယ် သမဝယ်လျှင် အလယ်ဂရု ဇ-ဂိုဏ်းပြုဟု ရှေးသူ့ ဆရာ မိန့်ခဲ့မှာသည် ပထျာဝတ္တဂါထာတည်း။*

ဤသို့ ပထျာဝတ္တဂါထာလက္ခဏာလင်္ကာကို နာနာနှုတ်တက် စေဦး၍-

ယတိ သဗ္ဗတ္ထပါဒန္တေ၊ ဝုတ္တာဒ္ဓေ စ ဝိသေသတော။
ပုဗ္ဗာပရာနေကဝဏ္ဏ-ပဒမဇ္ဈေပိ ကတ္ထစိ။

(သာ ပနကို ရှေ့ဂါထာမှလိုက်) သာ ပန ယတိ= ထို ပဒစ္ဆေဒဖြစ်သော နာမ်ပုဒ်၊ အာချာတ်ပုဒ်တို့၏ ပြတ်ခြင်းယတိသည်။ သဗ္ဗတ္ထ= အလုံးစုံသောဂါထာတို့၌။ ပါဒန္တေ= လေးပါးတို့၏ အဆုံး ၌လည်းကောင်း။ ဝိသေသတော= အားဖြင့်။ ဝါ= အမြဲအားဖြင့်။ ဝုတ္တာဒ္ဓေ စ= ဂါထာ၏ထက်ဝက် ဒုတိယ၏အဆုံး၌လည်းကောင်း။ ကတ္ထစိ= အချို့သော။ ပုဗ္ဗာပရာနေကဝဏ္ဏ-ပဒမဇ္ဈေပိ= ရှေးနောက် ဖြစ်သော များသောဝဏ္ဏရှိကုန်သောပုဒ်တို့၏ အလယ်၌လည်းကောင်း။ သိယာ= ဖြစ်ရာ၏။

ယင်းဂါထာလာသည်နှင့် လေးပါဒအဆုံး ယတိပြတ်ခြင်းသာ။ ဒုတိယပါဒနှင့် တတိယပါဒ ယတိပြတ်ခြင်းသာ။ ရှေ့နှစ်လုံး နောက် နှစ်လုံးစသည် အက္ခရာများသော ပုဒ်ဖြစ်လျှင် ယတိပြတ်ခြင်းသာ။ ပေါင်း သုံးဌာနယတိပြတ်ရာသည်ကိုလည်း မှတ်လေဦး။

နောက်ဆုံး ယတိပြတ်ဥဒါဟရဏ်ကား ယင်းဆိုပြီးသော ဂါထာဝယ် နောက်ထက်ဝက်ပင်တည်း။ ဤ၌ 'အနေကဝဏ္ဏပဒ-

မဖွေပိ’ဟု အက္ခရာသုံးဆယ်လုံးရှိသော ပုဒ်တို့တွင် ဝဏ္ဏနှင့်ပဒ အကြား ပုဒ်သေးခတ်ရသည်ဟူလို။

တံ နမေ သိရသာ စာမိ-ကရဝဏ္ဏံ တထာဂတံ။
သကလာပိ ဒိသာ သိဉ္စ-တိဝ သောဏ္ဏရသေဟိ ယော။

ၡင်းပြယုဂ်ဂါထာဝယ် ‘စာမိ၊ ကရဝဏ္ဏံ’ဟု ရှေးနှစ် နောက် လေးခရာတွင် ပုဒ်သေးခတ်ရ၏။ ပြတ်ကောင်း၏။ ‘သိဉ္စတိ’ဟု ၡင်း အာချာတ်ပြတ်တွင် ရှေးနှစ် နောက်ခရာနည်းသောကြောင့် ယတိ မပြတ်ကောင်း။ ပုဒ်သေးမခတ်ကောင်း ပြယုဂ်မှတ်။ သို့ဖြစ်၍ သူ တပါးဖွဲ့သောဂါထာ၊ မိမိဖွဲ့ ရှေးဂါထာ အပရဒ္ဓ, နောက်ဂါထာ ပုဗ္ဗဒ္ဓကဲ့သို့ ယတိဟီနဝါကျဒေါသလွတ်အောင် ဖွဲ့ရာ၏။

ယင်းဂါထာ အပရဒ္ဓ၌ ‘သိဉ္စတိ’စသည်၌ကဲ့သို့ ဖွဲ့က ယတိ ဟီနဝါကျဒေါသ မလွတ်ဟု ဆိုလေ။ “ပဒစ္ဆေဒေါ ယတိ ဘဝေ” သုတ်။ ပဒစ္ဆေဒေါ= ပုဒ်ဖြတ်ခြင်းသည်။ ဝါ= နာမ်ပုဒ်, အာချာတ်ပုဒ် အလယ်၌ ပြတ်ခြင်းသည်။ ယတိ= ယတိမည်သည်။ ဘဝေ= ဖြစ်၏။ ယတိသိစေရန်-

သရော သန္ဓိမှိ ပုဗ္ဗန္တော၊ ဝိယ လောပေ ဝိဘတ္တိယာ။
အညထာတွညထာ တတ္ထ၊ ယာဒေသာဒိ ပရာဒိဝ။

ဝိဘတ္တိယာ= ဝိဘတ်သည်။ လောပေ= ကျေသည်ရှိသော်။ သရော= နောက်သရသည်။ ပုဗ္ဗန္တော ဝိယ= ရှေးပုဒ်၏အဆုံးကဲ့သို့။ ဟောတိ= ဖြစ်၏။ အညထာ တု= ဝိဘတ်ချေ၍ သန္ဓိပြီးသည်ရှိ သော်ကား။ အညထာ= နောက်ပုဒ်၏အစသရကဲ့သို့။ ဟောတိ= ၏။ တတ္ထ= ထိုယတိ၌။ ယာ ဒေသာဒိ= ဣဝဏ်စသည်ကို ယပြုခြင်း စသည်ကား။ ပရာဒိဝ= နော်က်ပုဒ်၏အစသရကဲ့သို့။ ဟောတိ= ၏။

ယင်းဂါထာလာတိုင်း ခရာနည်းသော်လည်း ယတိပြတ် ပုဒ်သေးခတ်လေ။ ကောင်း၏ဟူလို။ ပြယုဂ်ကား-

နမေ တံ သိရသာ သဗ္ဗော-ပမာတီတံ တထာဂတံ။
ယဿ လောကဂ္ဂတံ ပတ္တ-ဿောပမာ န ဟိ ယုဇ္ဇတိ။

မုနိန္ဒံ တံ သဒါ ဝန္ဒာ-မျနန္တမတိမုတ္တမံ။
ယဿ ပညာ စ မေတ္တာ စ၊ နိဿီမာတိ ဝိဇမ္ဘတိ။

နိဿီမာ= အနန္တဖြစ်သော သတ္တဝါအာရုံ ဥေယျမံအာရုံ ရှိခြင်းကြောင့် အဆုံးအပိုင်းအခြားမရှိသည်ဖြစ်၍။ အတိဝိဇမ္ဘတိ= အလွန်တင့်တယ်၏။ (အကြွင်းလွယ်ပြီ)။

ယင်းဂါထာ၌ 'သဗ္ဗော-ပမာတီတံ'၌ 'သဗ္ဗ ဥပမာတီတံ' ဟု ဝါကျ၏ အံဝိဘတ်ချေ၍ သန္ဓိပြီးသော် ဥကာရိယသြသည် သဗ္ဗဟူသော ရှေ့ပုဒ်၏အဆုံးကဲ့သို့ဖြစ်၍ ခရာနည်းသော်လည်း ယတိ မပြတ်၊ ယတိဟီနဝါကျဒေါသ မရောက်။ 'ပတ္တ-ဿောပမာ'၌လည်း 'ပတ္တဿ ဥပမာ'ဟု ဝိဘတ်မချေဘဲ ဥကို သြပြုပြီးသော် ဿ, သြသို့ကပ်၍ သန္ဓိဖြစ်သော်လည်း နောက်ပုဒ်၏အစကဲ့သို့ ယင်း ဒေါသမရောက်။

'ဝန္ဒာ-မျနန္တ'၌လည်း 'ဝန္ဒာမိ အနန္တ'ပုဒ်ဖြတ်၍ မိအစိတ် ဤကို ယပြုပြီးမှ နောက်ပုဒ်၏အစကဲ့သို့ဖြစ်၍ ယင်းဒေါသမရောက်။ သို့ဖြစ်၍ ယင်းသို့သောဂါထာကို ပညာရှိတို့ ဖွဲ့ကြ၏။ ဖွဲ့လေဟူလို။

စာဒိ ပုဗ္ဗပဒန္တာဝ၊ နိစ္စံ ပုဗ္ဗပဒဿိတာ။
ပါဒယော နိစ္စသမ္ဗန္ဓာ၊ ပရာဒိဝ ပရေန တု။

နိစ္စံ= အမြဲ။ ပုဗ္ဗပဒဿိတာ= ရှေ့ပုဒ်ကိုသာ မှီကုန်သော။ စာဒီ= စ-အစရှိကုန်သော နိပါတ်ပုဒ်တို့သည်။ ပုဗ္ဗပဒန္တာဝ= ရှေ့ပုဒ်၏ အစိတ်တို့ကဲ့သို့။ ဟောန္တိ= ဖြစ်ကုန်၏။ ပရေန တု= သီမာ စသော နောက်ပုဒ်နှင့်ကား။ နိစ္စသမ္ဗန္ဓာ= အမြဲစပ်ယှဉ်ကုန်သော။ ပါဒယော= ပ-အစရှိကုန်သော ဥပသာရပုဒ်တို့သည်။ ပရာဒိဝ= သီမာအစရှိသော နောက်ပုဒ်၏အစကဲ့သို့။ ဟောန္တိ= ဖြစ်ကုန်၏။

*အခိပ္ပါယ်ကား* စ, ဝါ-စသော နိပါတ်ဟူသမျှသည် ပါဒ၏ အဆုံးထား။ ပ, ပရာ-စသော ဥပသာရပုဒ်ဟူသမျှသည် ပါဒ၏ အစပုဒ်တို့၏ အစ၌ထားလေဟူလို။

*ပြယုဂ်ကား* ရှေ့ပုဒ်၌ဆိုအပ်ပြီးသော မုနိန္ဒ-စသောဂါထာ ဝယ် 'ပညာ စ မေတ္တာ စ'၌ စနိပါတ်ပုဒ်၊ 'နိဿီမာ'၌ နိဥပသာရ ပုဒ်တို့ကို မှတ်။

မဟာမေတ္တာ မဟာပညာ၊ စ ယတ္ထ ပရမောဒယာ။
ပဏာမာမိ ဇိနံ တမ္ပ၊ ဝရံ ဝရဂုဏာလယံ။

ယတ္ထ ဇိနေ= ၌။ ပရမောဒယာ= အလွန်ပွားကုန်သည်။ ဟောန္တိ= ကုန်၏။

ယင်းဂါထာ၌ စ-အက္ခရာသည် 'ပညာ စ'ဟု နိပါတ်ဖြစ် လျက် 'ယတ္ထ'ဟူသော နောက်ပါဒ၏အစကဲ့သို့ ဖြစ်၏။ 'တမ္ပဝရံ' ဝယ် 'တမ္ပ'၌ ပ-သည် ဥပသာရပုဒ်ဖြစ်လျက် 'တံ'ဟူသော ရှေ့ပုဒ် ၏အဆုံးကဲ့သို့ ဖြစ်၏။ သို့ဖြစ်၍ ပညာရှိတို့သည် မနှစ်သက်ကုန်။ မဖွဲ့ကြကုန်ဟူလို။

မုနိန္ဒ-စသောဂါထာကား ယတိဟီနဝါကျဒေါသလွတ်။

မဟာမေတ္တာ-စသောဂါထာကား ယတိဟီနဝါကျဒေါသ မလွတ်သည်ကိုပြသော ဥဒါဟရဏ်ဂါထာမှတ်။

(ဤသို့ အလင်္ကာဒေါသ အမြွက်မျှနှင့် ဆန်းလက္ခဏာကို နာနာသိခြင်းတပါး)။

ဤသို့ ဆိုအပ်ခဲ့ပြီးသော ကျမ်းရိုးငါးချက် နှုတ်တက်ပိုင်နိုင် ခြင်း၊ ဗျဂ်ိနယကိုးပါး၊ ဒဗ္ဗစသော သဒ္ဒါငါးပါး၊ ဗျဥ္စနဗုဒ္ဓိဆယ်ပါးတို့၌ နားလည်သိမြင်ခြင်း၊ ဓာတ်ပစ္စည်းကို အရကောက်နှင့်တကွ မြိုင်မြိုင် မြင်ခြင်း၊ ဂါထာမဖွဲ့နိုင် ဆန်းလက္ခဏာကိုသာ သိခြင်း၊ ပေါင်း လက္ခဏာလေးပါးနှင့် ပြည့်စုံကုန်သော ပုဂ္ဂိုလ်မြတ်တို့သည် ဒုတိယ စာပို့အရာ ဌာနန္တရသို့ ရောက်ကုန်ဝင်ကုန်၏ဟု မှတ်လေ။

* ကဝိတဆူ၊ ဖြစ်လိုမူ၊ နည်းယူ ဤလေးဖြာ။
* လေးဖြာမချို့၊ ရှိသူတို့၊ စာပို့ ဒုတိယာ။
* လေးတင်းစားအပ်၊ လူတို့လာဘ်၊ ရှစ်ကျပ်ရသင့်ပါ။
* အကျိုးသုံးဝ၊ ရလိုက၊ လုံ့လ ရှိမကြာ။

ဒုတိယစာပို့အင်္ဂါ ၄-ပါး ပြီး၏။

♦♦♦

## ၃။ ပဉ္စမစာပို့အင်္ဂါ ၅–ပါး

ပဉ္စမစာပို့ဆရာတို့၏ လက္ခဏာငါးပါးကို စာသင်ခြေနုသောတုနောင်လာ မျိုးလေးဖြာတို့အား မှတ်သားလွယ်ကူ နည်းယူစိမ့်ငှာ ကရဏာဖြင့် ရေးသားစီရင်ပါဦးအံ့။

ယင်းလက္ခဏာငါးပါးကား ဝါကျသွား, ဝါကျလာနှင့်တကွ ဓာတ်ပစ္စည်း ပုဒ် ပါဌ်တို့ကို ခွဲစေ၍ ဝိဂြိုဟ်ဝစနတ်ကို ဆတ်ဆတ်ပြုနိုင်ခြင်းတပါး။ ဂါထာဖွဲ့တတ်ခြင်းနှင့်တကွ ပဒဒေါသစသောအလင်္ကာနည်းကို သိခြင်းတပါး။ နေတ္တိနည်းကို သိခြင်းတပါး။ ပဋိစ္စသမုပ္ပါဒ်နည်းကို သိခြင်းတပါး။ ပဋ္ဌာန်းနည်းကို သိခြင်းတပါး။ ပေါင်း ငါးပါး။

ထိုငါးပါးသောအင်္ဂါတို့တွင် ဝါကျသွား ဝါကျလာဟူရာ၌ မာတိကာဝါကျ၊ ပဒဘာဇနီဝါကျ၊ ဥဒ္ဒေသဝါကျ၊ နိဒ္ဒေသဝါကျ၊ သခေ်ပဝါကျ၊ ဝိတ္ထာရဝါကျ၊ အန္ဝယဝါကျ၊ ဗျတိရေကဝါကျ၊ ပက္ခန္တရဝါကျ၊ ဝိသေသတ္တဝါကျ၊ ဥပန္ယာသဝါကျ၊ ဝါကျာရမ္ဘဝါကျ၊ ကာရဏာဝါကျ၊ ဖလဝါကျ၊ ဒဠှီယဝါကျ၊ ဒဠှီဝါကျ၊ အတ္ထုဒ္ဓါရဝါကျ၊ အတ္ထုဒ္ဒေသဝါကျ၊ လဒ္ဓဂုဏိကဝါကျ၊ လဒ္ဓဂုဏဝါကျ၊ နိဂမဝါကျ၊ နိဂမနိယဝါကျ ဟူ၍ ဝါကျအပြားများစွာကို မှတ်။

* မာတိကာ ဝါကျ၊ ဥဒ္ဒေသ၊ ခေပ, အနွယာ။

* ပက္ခန်, ချာသ၊ ကာရဏ၊ ငွီယ, အတ္ထုဒ္ဓါ။

* လဒ္ဓဂုဏီယ၊ နိဂမ၊ ဝါကျများပြားစွာ။

ဤသံပေါက်အကျဉ်းကို မှတ်လေဦး။

ထိုတွင် မာတိကာ ဝါကျ၌ မာတိကာဝါကျလိုလျက် အကျယ်ကို သုံးစေ၍ အကျဉ်းကိုချုံးသောအလျောက် သံပေါက်ဖြစ်၍ မာတိကာ ဝါကျ ဆိုသည်မှတ်။ မာတိကာဝါကျဆိုသဖြင့်လည်း ပဒ ဘာဇနီဝါကျကိုလည်း သိလေ။ ယင်းနည်းတူ ဥဒ္ဒေသစသည်ကိုလည်း ချဲ့၍သိ။ "သံခိပိတွာ ဝိတ္ထာရံ ပုနာတိ သောဓေတီတိ သံပေါက်"။ သဒ္ဒါအလျောက် ပုဒ်ကိုကောက်၍ သံပေါက်သဒ္ဒါ ဝိဂြိုဟ်လာကို နာနာမှတ်သင့်၍ မှတ်လေဦး။

ထိုတွင် အမိသည် သားကိုဖြစ်စေသကဲ့သို့ အကျယ်စကား ပဒဘာဇနီများကို ဖြစ်စေတတ်သော အကျဉ်းစကားရပ်သည် "မာတာ ဝိယာတိ မာတိကာ"ဟူသော ဥပမာတဒ္ဓိတ်နှင့် လျော်စွာ မာတိကာ ဝါကျမည်၏။ အကျဉ်းစကား, အကျဉ်းပုဒ်များကို အကျယ်ဝေဘန်ရာ စကားရပ်သည် "သခေ်ပပဒံ ဝိတ္ထာရေန ဘဇတိ ဧတ္တာတိ ပဒ ဘာဇနီ"ဟူသော ကိတန္တသမာသ်နှင့်လျော်စွာ ပဒဘာဇနီဝါကျမည်၏။

ဤအရာဝယ် မှတ်သားလွယ်ရုံ ဥဒါဟရုဏ်ကား "ကတိ ကမ္မိနာ ဝစနတ္တေန ဧကဝိဓမ္မိ သီလဂန္ထဘေဒတော ဒုဝိဓံ ဟောတိ၊ တထာ ဟိ ပါတိမောက္ခသံဝရသံဝုတော ဝိဟာရတိ" အစရှိသည်တည်း။

ဤ၌ "ကတိ ကမ္မိနာ ။လ။ တိ"ဟူသော စကားရပ်သည် သီလဟူသောပုဒ်, ဂန္ထဟူသောပုဒ်တို့၏ တထာ ဟိ-စသည်ဖြင့် အကျယ်စကားတည်း။ ပဒဘာဇနီများကို ဖြစ်စေတတ်သောစကား ဖြစ်၏။ တထာဟိစသည်မှာ 'ဇောတကတ္ထာ ပါတိမောက္ခတ္တိ ဝုစ္စတိ' တိုင်အောင် ယင်းပုဒ်တို့ကို အကျယ်ဝေဘန်ရာဖြစ်သောကြောင့် ပဒ ဘာဇနီဝါကျမည်၏။ ထိုထိုကုန်သော ဂန္ထန္တရတို့၌လည်းကောင်း၊ ဤ မာတိကာအဋ္ဌကထာ၌လည်းကောင်း တွေ့မြင်လေရာ။ ဤသို့စသော

စကားရပ်ကို ဝါကျအရာခေါ်စိမ့်သောငှာ ခေါ်လွယ်စိမ့်သောငှာ သညာတပ်၍ ပညတ်ဝေါဟာ မလိမ္မာသေးကုန်သော စာသင်ပျိုနု အခြေပြုတို့အား ပြောကြားအစဉ် ပြုတော်မူကြလေ။

**တနည်းကား** "ယော ပန ဘိက္ခု ဘိက္ခူနံ သိက္ခာသာဇီဝ-သမာပန္နော"စသော မာတိကာအစဉ်သည်သာ စင်စစ်မာတိကာဝါကျ မည်၏။ "ယော ပနာတိ ယော ယာဒိသော"စသည်ဖြင့် မြတ်စွာ ဘုရားကိုယ်တော်တိုင် ဟောတော်မူအပ်သော ဝိဘင်းပါဠိတော်သည် သာ စင်စစ်ပဒဘာဇနီမည်၏။

(အနုသန္ဓေဆိုမူ) အရှင်မဟာဗုဒ္ဓဃောသဆရာ ပါတိ-မောက္ခန္တိ ပအတိမောက္ခံစသည်ဖြင့် ပဒစ္ဆေဒသံဝဏ္ဏနာကိုလည်း ကောင်း၊ ပါတိမောက္ခသဒ္ဒါ၏အနက်ကိုလည်းကောင်း သံဝဏ္ဏနာပြု တော်မူ၏။ ဤသံဝဏ္ဏနာဝစနတ္ထဖြင့် ပါတိမောက်သည် အတီမျှ ပြားသနည်း၊ အဘေဒ-အပြားမဲ့အံ့လော။ သို့ စောဒနာဖွယ်ရှိသဖြင့် 'ဣတိ ဣမိနာ'စသောပါဌ်ကို မိန့်သတည်း။

ထိုပါဌ်အပေါင်းတို့တွင် လိုရင်းကား 'ဣတိ ဣမိနာ ဝစ-နတ္ထေန ဒုဝိဓံ ဟောတိ'ဟူသည်တည်း။ အဓိပ္ပါယ်ကား ဤသို့ ပါတိမောက္ခန္တိ ပအတိမောက္ခံ သံဝဏ္ဏနာသဒ္ဒါ၏ အနက်အားဖြင့် နှစ်ပါးပြားသည် ဖြစ်ဘိသော်။

အဋ္ဌကထာဆရာ နှစ်ပါးပြားသောဟုဆိုပြီ။ နှစ်ပါးအရ သာမညဖြစ်ကောင်းအံ့လော။ ဝါ= ဒုဝိဓံဟူသော သချာသည် သုံးပါး သော ဦန, အဓိက, သမာနသချာတို့တွင် ဦန, အဓိကသချာဖြစ် ကောင်းအံ့လော။ ဝါ= ဒုဝိဓံဟူသောသချာသည် သချေယျနှင့် ကင်း ကောင်းအံ့လော။ သို့ စောဒနာရှိ၍ သီလဂန္ထစသောပါဌ်ကို မိန့် သတည်း။ (အဓိပ္ပါယ်မှာ လျော်စွာဖြေပါလေ)။

သီလပါတိမောက်, ဂန္ထပါတိမောက်အားဖြင့် နှစ်ပါးပြားသော ဟု ဆိုပြီ။ တပါးသောအဘို့သာ ရှိကောင်းသည်မဟုတ်ပါလော။ သို့ စောဒနာဘွယ်ရှိ၍ ဧကဝိဓမ္ပိပါဌ်ကို မိန့်။

အမိပ္ပါယ်ကား တခုသောအဘို့ရှိသော်လည်း နှစ်ပါးပင်ပြားသည်ဟူလို။ ဤသို့ ထွက်ခြင်းကား ဥဿျောင်ကိုင်, ဆူးပုပ်ရွက်ခူး, မန်ကျည်းရွက်သပ် အထွက်သုံးရပ်တို့တွင် **ဆူးပုပ်ရွက်ခူးသောသူ** တည်း။

ဆူးစူးအံ့သည်ကြောက်၍ လိုရာလိုရာတွင် ခုန်ကျော်၍ ခူးသကဲ့သို့ အစအဆုံးကို လိုရင်းစူးကာပြီးမှ အကြွင်းကို အစိတ်ထွက်ရကား **ဆူးပုပ်ရွက်ခူး**တွင် ဝင်သင့်၏ဟုမှတ်။

ဒုဝိဓံ ဟောတိ-ကို လိုရင်းကိုကောက်၍ ရာဇဝတ်ရောက်သူကို ဦးခေါင်းကို ကိုင်၍ အနိုင်အနင်း ခြေရင်းထိုးခုတ်ဖြတ်သကဲ့သို့ အရင်းတိုင်အောင် ထွက်ရသော **ဥဿျောင်ကိုင်ထွက်နည်း**ကို သိလေ။

မန်ကျည်းရွက်ကို အရင်းမှ အဖျားတိုင်သပ်၍ ခူးသကဲ့သို့ ဣတိမှ ဟောတိကြိယာတိုင်အောင် ထွက်သည်ရှိသော် **မန်ကျည်းရွက်သပ်နည်း**သာ ဤပါဠ်၌ မဖြစ်သင့်၊ မဖြစ်နိုင်ဟုမှတ်၊ သတိရှိ။

**တနည်းလည်း** ပုဗ္ဗာနုသန္ဓေ, ပရာနုသန္ဓေ, စောဒနာတက်ဟူ၍ သုံးချက်သုံးပါးရှိ၏။ "ဧဝံ ဒေါသဝိဘာဂံ ပရိဒ္ဒီပေတွာ၊ ဣဒါနိ ယထာဝုတ္တဒေါသာနံ ပဟာယ ကမမာရဘန္တော ကဒါ စိတ္တာဒိမာဟ" ဤသို့ အလင်္ကာဋီကာတက်သော အနုသန္ဓေကို ရှေးဆိုပြီးသော စကားကို ပရိဒ္ဒီပေတွာဟူသော ပုဗ္ဗကာလကြိယာဖြင့် ပိုင်းခြား၍ ဆိုလတံ့သောစကားရပ်ကို တ္တာဒိမာဟဟု အပရကာလကြိယာဖြစ်တတ်ရာ ရှေးဆိုပြီးသောစကား ပြဋ္ဌာန်းသောကြောင့် ပုဗ္ဗအနုသန္ဓေဟုမှတ်။

"တထာ ဒေါသာပရိဟာရာ-ဝဗောဓော ဒါနိ နီယတေ" ဤသို့ အလင်္ကာတက်သော အနုသန္ဓေကို 'ဒါနိ နီယတေ' ကြိယာ တို့ဖြင့် နောက်ဆိုလတံ့သော စကားရပ်ကို ပြဋ္ဌာန်းသောအားဖြင့် ဆိုသောကြောင့် အပရာနုသန္ဓေဟု မှတ်။

ဣတိ ဣမိနာ-စသောစကားကို ရှေး၌ဆိုအပ်ပြီးသော အနုသန္ဓေပြဋ္ဌာန်းသော ရှေးစကား, နောက်စကား မပါ။ ယင်းကို ပြတတ်သော ပုဗ္ဗကာလ, အပရကာလကြိယာတို့လည်း မပါ။ စောဒနာ

တက်၍သာ ဆိုရသောကြောင့် စောဒနာနုသန္ဓေဟု မှတ်။ ဤအနုသန္ဓေ သုံးမျိုးကို နည်းမှီ၍ ထိုထိုဂန္ထန္တရတို့၌ သိလေ။

ဥဒ္ဒေသဝါကျနှင့် မာတိကာဝါကျ၊ ပဒဘာဇနီဝါကျနှင့် နိဒ္ဒေသ, ပဋိနိဒ္ဒေသတို့ကို တူ၏ဟု မှတ်။

**တနည်းကား** "စိတ္တံ စေတသိကံ ရူပံ နိဗ္ဗာနမီတိ သဗ္ဗထာ"ဟူသော စကားရပ်သည် ပရမတ္ထတရားလေးပါးကို အကျဉ်းပြသောကြောင့် ဥဒ္ဒေသဝါကျမည်၏။

"တတ္ထ စိတ္တံ တာဝ စတုဗ္ဗိဓံ ဟောတိ၊ ကာမာဝစရံ ရူပါဝစရံ အရူပါဝစရံ လောကုတ္တရဉ္စေတိ"စသော စကားရပ်ကား ပရမတ္ထတရားလေးပါးတို့တွင် 'စိတ္တံ'ဟူသောပုဒ်ကို အကျယ်ချဲ့၍ပြရာစကားဖြစ်သောကြောင့် နိဒ္ဒေသဝါကျမည်၏။

"တတ္ထ ကတမံ ကာမာဝစရံ သောမနဿသဟဂတံ"စသောစကားရပ်သည် ယင်းချဲ့ပြီးသော 'ကာမာဝစရံ သောမနဿသဟဂတံ' ဟူသောပုဒ်ကို တဖန်ချဲ့၍ပြရာဖြစ်သောကြောင့် ပဋိနိဒ္ဒေသမည်၏။

"ကာမံ ကာမယမာနဿာတိ ကာမာတိ"စသောစကား၊ "ဥဒ္ဒါနတော ဒွေ ကာမာ ဝတ္ထုကာမော စ ကိလေသကာမော စ" အစရှိသောစကား၊ "ကတမေ ဝတ္ထုကာမာ မနာပိယာ ရူပါ မနာပိယာသဒ္ဒါ မနာပိယာ ဂန္ဓာ"စသောစကား။ ဤမဟာနိဒ္ဒေသလာ စကားရပ်တို့ကိုလည်း အစဉ်အတိုင်း ဥဒ္ဒေသ, နိဒ္ဒေသ, ပဋိနိဒ္ဒေသဝါကျတို့ဟု သိလေ။ သင်္ခေပ, ဝိတ္ထာရဝါကျတို့ကိုလည်း မာတိကာ, ပဒဘာဇနီဝါကျတို့နည်းတူမှတ်။

**တနည်း** သင်္ခေပကား သုဒ္ဓသင်္ခေပ, မာတိကာသင်္ခေပ ဝါကျဟု နှစ်ပါး။ ဝိတ္ထာရလည်း သုဒ္ဓဝိတ္ထာရ, ပကိဏ္ဏကဝိတ္ထာရ နှစ်ပါးစီ ပြားပြန်သတည်း။ ထိုတွင် မာတိကာသက်သက်ဆိုသော အကျဉ်းထားသော စကားရပ်သည် သုဒ္ဓသင်္ခေပဝါကျမည်၏။ ယင်းချဲ့သောစကားရပ်သည် သုဒ္ဓဝိတ္ထာရဝါကျမည်၏။

ဤအရာဝယ် မှတ်သားလွယ်ရုံ သက်သေပုံကား "တေနာပိ ပါရိသုဒ္ဓိ ဒေန္တေန ဆန္ဒောပိ ဒါတဗ္ဗော၊ ကထံ ဒါတဗ္ဗော၊ ဧကော ဘိက္ခုနော ဆန္ဒံ ဒမ္မိ"စသည်တည်း။ ဤ 'တေနာပိ'မှ 'ဒါတဗ္ဗော' တိုင်အောင်သော စကားရပ်သည် မာတိကာစကားမဘက် သက်သက် ဂိလာနရဟန်း, ကိစ္စပသုတရဟန်းတို့၏ ဆန္ဒပေးအပ်သည်ကိုသာ အကျဉ်းဆိုသောကြောင့် သုဒ္ဓသခေ်ပဝါကျမည်၏။ 'ကထံ ဒါတဗ္ဗော' စသည်သည် ယင်းကို ချဲ့ရာစကားဖြစ်သောကြောင့် သုဒ္ဓဝိတ္ထာရဝါကျ မည်၏။ ဝိတ္ထာရကား ကထံပုဒ်, သေယျထာပုဒ်, ယထာကိံပုဒ်, တတ္ထပုဒ်နှင့် ဝိတ္ထာရဝါကျကို ကျမ်းဆရာတို့ ထားမြဲ။ တတ္ထပုဒ်ကား အထားများသည်ဟု မှတ်။ ယင်းကိုရည်၍ နိယာမ်ဆရာတို့လည်း "နောက်ဝါကျ၌၊ တတ္ထချီလျက်၊ စကားတက်မူ၊ မှတ်ယူ ဝိတ္ထာရ"ဟု မိန့်ကြသတည်း။

မာတိကာစကား အကျဉ်းထားသောဝါကျကား မာတိကာ သခေ်ပဝါကျမည်၏။ ယင်းကို ချဲ့ပြသောဝါကျကား ပကိန္နကဝိတ္ထာရ ဝါကျမည်၏။ မာတိကာဝိတ္ထာရဝါကျလည်းမည်သင့်၏။ ဤအရာဝယ် မှတ်လွယ်သိရုံ သက်သေပုံကား "ဗဒ္ဓသီမာ ပန ဂါမသီမာ သတ္တ-ဗ္ဘန္တရသီမာ ဥဒကုက္ခေပသီမာတိ တိဝိဓာ။ တတ္ထ ယာဝတာ ဧကာ ဂါမခေတ္တံ အတ္ထိ"စသည်တည်း။

ဤ 'အဗဒ္ဓသီမာ ပန'စသည်ကား 'ဂါမသီမာ'စသောစကား နှင့် အကျဉ်းထားသောကြောင့် ယင်းမည်၏။ 'တတ္ထ'စသည်ကား ၎င်းကို ချဲ့ပြသောစကားဖြစ်သောကြောင့် ၎င်းမည်၏။

"ယံ အဗဒ္ဓသီမာ လက္ခဏေန နဒီ ဝက္ခာမ၊ သာ နိမိတ္တုု-ပဂါ၊ အညာ န ဝဋ္ဋတိ" ဤသို့စသည်ကား အန္တယ, ဗျတိရေက ဝါကျတည်း။ 'အညာ န ဝဋ္ဋတိ'ကား နိမိတ်အားလျော်သော မြစ်ကို ဆန့်ကျင်သောအားဖြင့် ဆိုသောကြောင့် ၎င်းမည်၏။

ဤဝါကျ၌ ဟိ, စ, ပန-စသော နိပါတ်ရှိလျှင် "ဟိ= ဗျတိရိတ်ကင်းစွ၊ အန္တယကို ဆိုအံ့။ ဟိ= အန္တယကင်းဆိတ်၊ ဗျတိရိတ်ကို ဆိုအံ့" ဤသို့စသည်ဖြင့် အစီရင်တိုင်း မြန်မာပြန်လေ။

နပဋိသေဓရှိသောဝါကျနှင့် ယင်းမဲ့သောဝါကျယှဉ်မှု ပဋိသေဓဝါကျရှေ့မှ နောက်နေသော်လည်း အနွယဗျတိရေကဝါကျဟု မြဲစွာကြပ်ကြပ်မှတ်၍-

* ဝါကျနှစ်ပါး၊ ယှဉ်တွဲငြား၊ နွယကင်းစဉ်ကွာ။
* ဝါကျနှစ်ပါး၊ တွဲယှဉ်ငြား၊ မှတ်သားသဘာဝါ။
* ဗျတိရေက၊ နနှင့်ပြ၊ နွယကင်းစဉ်ကွာ။

ဤနိယံကိုလည်း နှစ်သက်စွာမှတ်လေဦး။ ဥဒါန်းအဋ္ဌကထာ, ယင်းဋီကာဆရာတို့ကား ပဋိသေဓ မပါသည်ဖြစ်စေ, ပါသည်ဖြစ်စေ ရှေ့ဝါကျကို အနွယ၊ နောက်ဝါကျကို ဗျတိရေကဟု မိန့်တော်မူ၏။ အများနှင့်မတူဟု မှတ်။

ယင်းဝါကျသဘောထားကား အဋ္ဌကထာ, ဋီကာတို့၌ များပြားစွာရှိ၏။ အကပ္ပအားဖြင့် ပဋိသေဓကင်း၍ "ဣတရထာ ဟိ, အညထာ ဟိ"စသည်ဖြင့် ဗျတိရေကဝါကျရှိသေးရကား ယင်းတွဲယှဉ်သော ဝါကျကိုလည်း အနွယဖြစ်သင့်၍ အနွယ, ဗျတိရေကဝါကျ အထူးကိုလည်း မှတ်လေဦး။

မာတိကာအစဉ်ထား၍ ယင်းမှ တခုသောအစိတ်စကားကို အကျယ်တက်သော စကားရပ်ကား ဟိ, စ, ပနနိပါတ်ရှိသည်ဖြစ်စေ, ကင်းသည်ဖြစ်စေ ပက္ခန္တရဝါကျမည်၏။

ဤအရာဝယ် သိလွယ်မှတ်ရဲ့ သက်သေပုံကား "ထေယျ-သံဝါသကော ပန တိဝိဓော လိင်္ဂတ္ထေနကော၊ သံဝါသတ္ထေနကော၊ ဥဘယတ္ထေနကောတိ ယော ဒေဝဒတ္တော ဝိယ ပဒုဋ္ဌစိတ္တေန ဝါ ဝဓကစိတ္တေန ဝါ တထာဂတဿ ဇီဝမာနကဿရီရေ ခုဒ္ဒကမက္ခိ-ကာယ ပိဝနမတ္တမ္ပိ လောဟိတံ ဥပ္ပါဒေတိ။ အယံ လောဟိတုပ္ပါ-ဒကော နာမ"စသည်တည်း။

ဤ 'ထေယျသံဝါသကော ပန'စသည်ကား ပဏ္ဍုက်စသော တကျိပ်တယောက်ကုန်သော ပုဂ္ဂိုလ်တို့ကို မာတိကာအကျဉ်းစကား

ထား၍ ယင်းတို့တွင် ပဏ္ဏုက်ပုဂ္ဂိုလ်ကို အကျယ်ပြပြီးမှ အစဉ်ရောက်သော အဘိုတပါးဖြစ်သော ထေနကပုဂ္ဂိုလ်ကို ပနနိပါတ်ပုဒ်နှင့် အားထုတ်သောကြောင့် ပက္ခန္တရဝါကျမည်၏။

"ယော ဒေဝဒတ္တော ဝိယ"စသည်ကား ယင်းနည်း ပနစသော နိပါတ်ကင်းသော ပက္ခန္တရဝါကျမည်၏။ ရှေ့စကား၏ ဥဒါဟရုဏ်ကား မာတိကာစကားပါသောကြောင့် ပက္ခန္တရဝါကျမည်၏ဟု ဆိုသင့်၏။

### * မာတိကာစကား၊ အကျဉ်းထား၍၊ ချဲ့ငြားတခုခု၊ အားထုတ်မှု၊ မည်ပြုပက္ခန္တရာ။

ဤနိယံသစ်ကိုလည်း တစ်တစ်ခွခွ ရလေဦး။

ချဲ့ပြီးသော မာတိကာစကားဖြစ်စေ, အထူးဆိုသင့်သော တခုခုသောစကားဖြစ်စေ အထူးဆိုရာအနက်ရှိသောဝါကျသည် ဝိသေသတ္ထဝါကျမည်၏။ ဤသို့စပ်ဆိုင် လက်ကိုင်လက်ဆုပ် ပြယုဂ်ပုံစံကား

"ဠပေတွာ ပန ဣမံ တိဝိဓံ။ ရာဇဒုတ္ထိက္ခကန္တာရရောဂဝေရိဘယေန ဝါ၊

စီဝရဟရဏတ္ထံ ဝါ လိင်္ဂံ သာဒိယတိဓယော ။ပ။ တာဝ ဧသေ န ဝုစ္စတိ"စသည်တည်း။

ယင်းစကားရပ်နှစ်ဂါထာသည် အစိတ်မာတိကာစကားရပ် တွင် ဥဘာယတ္ထေနကဖြစ်သင့်သည်ကို ဆို၍ ၎င်းမဖြစ်သည်ကို အထူး အားဖြင့် အားထုတ်သောကြောင့် ဝိသေသတ္ထဝါကျမည်၏ဟု မှတ်။

"အယံ တိဝိဓော ထေယျသံဝါသကော ဣဓ အဓိပ္ပေတော" ယင်းအတ္ထုဒ္ဒေသစကားနှင့် စပ်ခါတက်သောကြောင့် ယင်း'ဠပေတွာ ပန'စသော ဝါကျကို ဥပန္ရာသဝါကျဟု ဆိုအပ်သော်လည်း သင့်၏ မှတ်။

မာတိကာစကား မပါ၊ အထူးဆိုသင့်သောပြယုဂ်မှာ သိသာလောက်ပြီ။ ရှာလေတော့။

"ဥပနျာသော ဝုစ္စတိ ဝါကျာရမ္ဘော"ဟု အဋ္ဌသာလိနီ, ဂန္ထာဘရဏ, မဏိမဉ္ဇူဝိနည်းဋီကာစသည်တို့၌ မိန့်ရကား 'ဌပေတွာ ပန'စသော ဝါကျကိုပင် ဥပနျာသ ဝါကျာရမ္ဘနှစ်ပါး၏ ပြယုဂ်ဟုမှတ်။

စကားအလျဉ်းမပြတ်မူ ဥပနျာသ၊ ပြတ်မူ ဝါကျာရမ္ဘဟု မှတ်သင့်၏။ ရှေးဆရာတို့၏ နည်းပင်တည်း။

"မပြတ်စပ်ခါ၊ စုတ်ထုတ်ရာသည်၊ မှတ်ပါ ဥပနျာသပြီ။

ပြတ်ပြီးစင်းစင်း၊ စုတ်ထုတ်လျဉ်းမူ၊ မှတ်ခြင်းဝါကျာရမ္ဘပြီ။" ဟူ၍လည်း နိယာမ်ဆရာတို့ မိန့်ကြ၏။ ထို့ကြောင့် သောတုနောင် လာ မှတ်သားစရာကား "ယာ ပနေသာ ကပ္ပိယဘူမိတိ ဝုတ္တာ" စသည်တည်း။

ယင်းဝါကျကား "ဒုဗ္ဘိက္ခကာလေ ဝါ ။ပ။ ကပ္ပိယဘူမိ" ဟူသော စကားရင်း။ ထို့နောင် "သစေ ပန သုက္ခေ ဇာတဿရေ" စသည်ဖြင့် ဝိသေသတ္ထဝါကျခြား၍ တဖန် ယင်း "ကပ္ပိယဘူမိ"ကို ဆက်၍ အလျဉ်းပြတ်လျက်ဆိုသောကြောင့် ဝါကျာရမ္ဘမည်၏ဟုမှတ်။

ဝါကျတပါး မခြားသော်လည်း အားထုတ်ဆိုငြား စကား အလျဉ်းပြတ်ပြီးမှ ဟိ, စ, ပန-စသော နိပါတ်မပါသော်လည်း ထပ်မံကြိုးကုတ် ထိုစကားကို အားထုတ်လို၍ ဥပနျာသဝါကျကို ဝိသေသတ္ထဝါကျ၌ ဆိုခဲ့တိုင်းကိုလည်းကောင်း၊ ဤဝါကျကိုလည်း ကောင်း မှီ၍ ဥဒါဟရဏ်စသည်ကား သိသာလောက်ပြီ။

"န ဟိ တံ အကတွာ ဥပေါသထံ ကာတုံ ဝဋ္ဋတိ၊ တသ္မာ ထေရေန အာဏတ္တေန အဂိလာနေန ဥပေါသထာဂါရံ သမ္မဇ္ဇိတဗ္ဗံ"စသည်တည်း။

"ကိံ တံ ကတန္တိ ပုစ္ဆိ"ဟူသောဝါကျဖြင့် ထိုကိုးပါးသော ပုဗ္ဗကိစ္စကို မပြုပဲ မအပ်ဟု 'န ဟိ တံ'မှ 'တသ္မာ'တိုင်အောင် အကြောင်းပြသောစကားဖြစ်သောကြောင့် ကာရဏဝါကျမည်၏။

'ထေရေန အာဏတ္တေန'မှ 'ပဒီပေါ ကာတဗ္ဗော'တိုင်အောင် အကျိုးပြစကားဖြစ်သောကြောင့် ဖလဝါကျမည်၏။ ဤ၌ ဟိကို ဟိ

ယသ္မာသမ္ဘာန်။ များသောအားဖြင့် နောက်၌ တသ္မာရှိမူ ကာရကာ ဝါကျဖြစ်၍ ဟိ ယသ္မာဟု မြန်မာပြန်မြဲ။

ဒဠှီဝါကျကား အာဂမဒဠှီ, ယုတ္တိဒဠှီနှစ်ပါး ပြားရကား ယင်းဝါကျနှစ်ပါး ရှိ၏ဟုမှတ်။ ယင်းမြဲစေတတ်, မြဲစေကြောင်း ဒဠှီ ဝါကျနှစ်ပါးရှိသောကြောင့် မြဲစေအပ်, မြဲစေရာဒဠှီဝါကျလည်း နှစ်ပါး ရှိ၏ဟုမှတ်။ ဤသို့ဖြစ်ဟန် ကျမ်းဂန်ဖော်ထုတ် ဆောင်ပြယုဂ်ကား "သဘာဂါပတ္တိယာ သတိ သံဃဋ္ဌ ပတ္တကလ္လံ နာမ န ဟောတိ။ တေန ဝုတ္တံ သဘာဂါပတ္တိယော စ န ဝိဇ္ဇန္တိတိ၊ ဧတာသု ဟိ သဘာဂါပတ္တိသု အဝိဇ္ဇာမာနာသု ဝိသဘာဂါပတ္တိသု ဝိဇ္ဇမာနာသုပိ ပတ္တကလ္လံ ဟောတိယေဝ"စသည်တည်း။

ဤ၌ "သဘာဂါ ။ပ။ န ဟောတိ"ကား ဆိုအပ်ပြီးသော သဘောရှိသောကြောင့် အာဂမဒဠှီယဝါကျမည်၏ဟုမှတ်။ "တေန ဝုတ္တံ ။ပ။ တိ"ကား ဘုရားပါဠိတော်ဟုဆိုအပ်သော အာဂုံကိုဆောင်၍ မြဲစေကြောင်း ဒဠှီဝါကျဖြစ်သောကြောင့် အာဂမဒဠှီဝါကျဖြစ်သည် မည်၏ဟုမှတ်။ "ဧတာသု-မှ ဟောတိယေဝ"တိုင်အောင် ဝါကျကား ပတ္တကလ္လဖြစ်ခြင်း, မဖြစ်ခြင်း၌ ပါဠိတော်ကို မထောက်၊ မိမိသဘော အလျောက် ယုတ္တိရှိလောက်အောင် မြဲစေတတ်, မြဲစေကြောင်းဝါကျ ဖြစ်သောကြောင့် ယုတ္တိဒဠှီဝါကျမည်၏ဟုမှတ်။

ယင်းဒဠှီသည် ရှေး "သဘာဂါပတ္တိယာ သတိ သံဃဋ္ဌ ပတ္တကလ္လံ နာမ န ဟောတိ"ဟူသော အာဂမဒဠှီယဝါကျကိုပင် ထပ်မံ၍ မြဲစေတတ်သော ဒဠှီဝါကျဖြစ်သောကြောင့် လင်နှစ်ယောက် ရှိသော မိန်းမကဲ့သို့ ယင်းသည်ပင် ယုတ္တိဒဠှီဝါကျမည်၏ဟုမှတ်။ ဤသို့ ဒဠှီယဝါကျတခုတည်းကိုပင် ဒဠှီဆင့်ပြန်ရာ 'ဧတာသု ဟိ' ဟူသော ဒဠှီဝါကျကို အနုသန္ဓေဆိုမူ **"မြဲရာမှာ သံပတ်၊ ကြပ်ရာမှာ သပ်ပင်း"**ဟူသကဲ့သို့ ပတ္တကလ္လမဖြစ်ရာကို ဘုရားဒေသနာပါဠိတော် လာဖြင့် သမ္ဘာသေးနု သောတုနောင်လာ မျိုးလေးဖြာတို့အား ခြားနား သိအပ် မြဲစေလတ်၍ ထပ်မံပိပိ ယုတ္တာယုတ္တိဖြစ်သော မိမိစကားဖြင့် မြဲစေလိုပြန်ရကား 'ဧတာသု ဟိ'စသည်ကို မိန့်သတည်း။

ဘုရားပါဠိတော်ဖြင့် မြဲစေလျှင် အာဂမဒဠှီ၊ ရှေးအဋ္ဌကထာ ဆရာတို့၏စကားဖြင့် မြဲစေမှု သာဓကဒဠှီ။ ဤသို့ အထူးကိုလည်း မှတ်လေဦး။

"သော ဒက္ခိဏေယျသံယော သမ္မုတိသံယော စာတိ ဒုဝိဓော ဟောတိ။ ပအတိရေန ပန ဝဋ္ဋတီတိ ဒဿနတ္ထံ ဝုတ္တော။ ဣမသ္မိံ ပနတ္ထေ စတုဝဂ္ဂံ ဥပါဒါယ သဗ္ဗောပိ သမ္မုတိသံယော အဓိပ္ပေတော"စသည်ကား အတ္ထုဒ္ဒါရ, အတ္ထုဒ္ဒေသဝါကျမည်၏။ ထိုစကား မှန်၏။ 'သော ဒက္ခိဏေယျော သံယော'မှ 'ဝုတ္တော' တိုင်အောင်သော စကားသည် ရသင့်သော 'သံယော'၏အရ သံဃာ အပြားဟူသောအနက်ကို ထုတ်၍ပြရာဖြစ်သောကြောင့် အတ္ထုဒ္ဒါရ ဝါကျမည်၏ဟုမှတ်။ 'ဣမသ္မိံ'မှ 'အဓိပ္ပေတော'တိုင်အောင်သောဝါကျ သည် လိုအပ်သောအနက်ကို ညွှန်ပြရာဖြစ်သောကြောင့် အတ္ထုဒ္ဒေသ ဝါကျမည်၏ဟု မှတ်လေ။

"ပန- အနက်ထုတ်ပြ အတ္ထုဒ္ဒါရကို ဆိုဦးအံ့။ ပန- လိုရာညွှန်ပြ အတ္ထုဒ္ဒေသကို ဆိုဦးအံ့" ဤဝါကျတို့၌ ပန-စသည် နိပါတ်ရှိမှု ယင်းတို့ မြန်မာပြန်လေ။

"ဥဘောပိ ဒုက္ကဋံ အာပဇ္ဇန္တီတိ၊ တံ နာနာဝတ္ထုကံ ဟောတိ၊ တသ္မာ အညမညံ ဒေသေတဗ္ဗံ"စသည်တို့၌ 'တံ နာနာဝတ္ထုကံ ဟောတိ'ဝါကျကား ရဟန်းနှစ်ပါး၏ ဒေသနာခံခြင်း၊ ကြားခြင်းကြောင့် အထူးထူးသော ဝတ္ထုကြောင်းရှိသော ဒုက္ကဋ်စသောအာပတ်ဟုဆိုအပ် သော ဂုဏ်တည်ရာ ဂုဏီကိုပြရာဖြစ်သောကြောင့် လဒ္ဓဂုဏိယ ဝါကျမည်၏။

"တသ္မာ အညမညံ ဒေသေတဗ္ဗံ"ဟူသောဝါကျကား ဒုက္ကဋ် အာပတ်စသော ဂုဏီ၏ နာနာဝတ္ထုရှိခြင်းကြောင့် အချင်းချင်း ဒေသနာကြားအပ်၏ဟူသော အကျိုးလဒ္ဓဂုဏ်ကို ပြရာဖြစ်သော ကြောင့် လဒ္ဓဂုဏဝါကျမည်၏ဟုမှတ်။

"ကထံ ဒါတဗ္ဗော၊ ဧကေဿ ဘိက္ခု ဆန္ဒံ ဒမ္မိ၊ ဆန္ဒံ မေ အာရောစေဟီတိ။ အယမတ္ထော ကာယေန ဝါ ဝါစာယ ဝါ

ဥဘယေန ဝါ ဝိညာပေတဗ္ဗော၊ ဧဝံ ဒိန္နော ဟောတိ ဆန္ဒော” စသည်တို့၌ ‘ကထံ ဒါတဗ္ဗော’မှ ‘ဝိညာပေတဗ္ဗော’တိုင်အောင် ဝါကျသည် ဆန္ဒပေးခြင်းအကျယ်စကားကို ဖွင့်ပြရာဖြစ်သောကြောင့် နိဂမနိယဝါကျမည်၏။

‘ဧဝံ ဒိန္နော ဟောတိ ဆန္ဒော’ဟူသောဝါကျသည် ယင်းအကျယ်စကားကို အကျဉ်းချုံး၍ ဖွင့်ပြရာဖြစ်သောကြောင့် နိဂမဝါကျမည်၏ဟုမှတ်။ နိဂုမ်းကား ကျမ်းပြုဆရာတို့သဘော။ ဤကဲ့သို့ ဧဝံသဒ္ဒါနှင့်လည်း ထား။ **ဣစ္စေဝံသဒ္ဒါ, ဣတိသဒ္ဒါ, ဧဝ္မ ကတွာ သဒ္ဒါ, တသ္မာသဒ္ဒါ, ယံသဒ္ဒါ**တို့နှင့်လည်း နိဂုမ်းကို ထားကြသတည်း။

ဧဝံသဒ္ဒါနှင့်ကား အထားများကြသည်ဟူ၍မှတ်။ ဤအရာ ဝယ်သောတုနောင်လာ မှတ်စရာပုံ ဥဒါဟရုဏ်ကား “ဣတိ ဣမာ ဝိပတ္တိသီမာယော အတိက္ကမိတွာ သမ္မတာ”စသည်တည်း။ ယင်းသည် တစ်ဆဲ့တစ်လုံးသော ဝိပတ္တိသိမ်နှင့် သမုတ်အပ်သော အခြင်းအရာကို အကျယ်ပြပြီး၍ ဣတိသဒ္ဒါစသော သဒ္ဒါဖြင့် ယင်းကို နည်းယူစိမ့်သောငှာ အကျဉ်းချုံး၍ ပြီးဆုံးတုပ်တုပ် နိဂုမ်းအုပ်သော စကားဖြစ်သောကြောင့် နိဂမဝါကျမည်၏ဟုမှတ်။

ဤသို့သောအရာ နည်းယူစိမ့်သောငှာ အနုသန္ဓေကို ဆိုပါမူ ယခု ရာဇညချွတ်ခန်း၌ လျှော်ထမ်းတစ်ယောက် သေလောက်နီးပါး ဖိုးကြီးအို သက်ကြားသည် များစွာသောလျှော်တို့ကို လိုသမျှအကြံ နှင့် ဆုတ်ခွာလှန်ဖြဲ၍ နေပူ၌ကြဲပြီးလျှင် ဆွဲကိုင်ကာသိမ်းရုံးလျက် ထုံးဘွဲ့သည်မခြား အကျယ်စကား ဝိတ္ထာရဖြစ်လာကို များစွာဆိုပြီး အဆုံး ကျဉ်းချုံးပြီးလတ် နိဂုမ်းကမွတ် သတ်လိုရကား ‘ဣတိ ဣမာ ကောဒသ’စသောပါဋ္ဌ်တို့ကို မိန့်အပ်သတည်း။

‘ဣစ္စေဝံ’စသောသဒ္ဒါတို့၏ နိဂုမ်းကို “နာသူတို့မုန်းမည် ကြောင့် ပုလဲကုံးပုံ ဥဒါဟရုဏ်ကို အစုံမထွက်လိုက်ပါ” ဂန္ထန္တရ ကျမ်းထိုထိုမှာ ရှာကြလေလော့။ ဤသို့ ဝါကျသွား, ဝါကျလာ ဝါကျတို့ကို ခွဲဝေပိုင်းခြားရာ၏။

"နာမ်,အာ,နိ,ဥ၊ ပုဒ်လေးခု၊ ဝေပြုပုဒ်တွေ့ရာ"ဟူသော သံပေါက်လာသည်နှင့် နာမ်ပုဒ်, အာချာတ်ပုဒ်, နိပါတ်ပုဒ်, ဥပသာရ ပုဒ် ယင်းပုဒ်လေးဖြာတို့ကို ခြားနားသိသာအောင် ပုဒ်ပါဠိတွေ့မြင်ရာ ခွဲခြမ်းစိတ်ဖြာရခြင်း။ ထိုတွင် 'ရညော သဗ္ဗကိစ္စေသု အမာ ဟောန္တိတိ အမစ္စာ'။ ယေ ရာဇဘောဂါ= အကြင်းမင်းအမတ်တို့သည်။ ရညော= ၏။ သဗ္ဗကိစ္စေသု= အလုံးစုံသောကိစ္စတို့၌။ အမာ-သဟ= တကွ။ ဟောန္တိ= ကုန်၏။ ဣတိတသ္မာ= ကြောင့်။ တေ ရာဇဘောဂါ= တို့သည်။ အမစ္စာ= အမတ်မည်ကုန်သည်။ ဟောန္တိ= ကုန်၏။

အမာ ဟောန္တိကား တဒ္ဓိတ်ဝိဂြိုဟ်။ အမစ္စာကား ဟောန္တိ တဒ္ဓိတ်ပုဒ်။ အမပုဒ်၊ စပစ္စည်း။ အမပုဒ်၏အရကား အလုံးစုံသော မင်းတို့၏ကိစ္စတို့၌ ဝေယျာဝစ္စကုသိုလ်စေတနာပြဋ္ဌာန်းသောစိတ္တုပ္ပါဒ် သည် ဖြစ်စေအပ်သော ကာယဝိစာရ, ဝစီဝိစာရနှင့်တကွ ဝိညတ်ဒွေး မူချရ၏။

ယင်းကို ဖြစ်စေတတ်သော ယင်းစိတ္တုပ္ပါဒ်ကား ဖလူပစာ ရတ္ထအားဖြင့် ရ၏။ ကိစ္စကြီးငယ်ကို ရွက်ဆောင်၍ မင်းမှ အချီး အမွမ်းခံရခြင်း၊ မြို့ရွာကို ရခြင်းစသည်တို့၌ ပီတိ ပါမောဇ္ဇပြဋ္ဌာန်း သော နောက်ဖြစ်သောစိတ္တုပ္ပါဒ်သည် ကာရဏူပစာရတ္ထအားဖြင့် ရ၏။ စပစ္စည်းနှင့် ဟောန္တိတဒ္ဓိတ်ပုဒ်အရကား မူချ, ဖလူ, ကာရဏူတို့ဖြင့် မှတ်အပ်သော နှစ်မြို့ဝန်, သုံးမြို့စား, မင်းကြီး, အမတ်ကြီးဟု ထက်အောက်ဝန်းကျင် ထင်ရှားလျက် လူအပေါင်းတို့ အလေးဂရု ခဘွတ်ပြုအပ်သော သတ္တသန္တာန မြို့ဝန်မင်းဒြပ်ဝိသေသရ၏။ (ဤကား တဒ္ဓိတ်နာမပုဒ်)။

ဥဒတိ ပသဝတိ မောဒေတီတိ ဝါ ဥဒတ္တော။

ယော ဥဋ္ဌါဠိဋ္ဌိတညူ= အကြင်ဥဋ္ဌါဠိဋ္ဌိတညူပုဂ္ဂိုလ်သည်။ ဥဒတိ ပသဝတိ= ပွားစေတတ်၏။ ဝါ= တနည်းကား။ ဥဒတိ မောဒေတိ= ဘဝဆုံးရောက် နိဗ္ဗာန်ပေါက်၍ ဝမ်းမြောက်တတ်ဂမ်းမြောက်စေတတ်

၏။ ဣတိ တသ္မာ= ထို့ကြောင့်။ သော ဥဿုါဒ္ဒိုတညူ= သည်။ ဥဒတ္တော= မည်၏။

ဥဒ-ပသဝနမောဒနေသု-ဟု ဓာတွတ္ထဖော်။

ဥဒ္ဒေသဓမ္မံ ဒါတိ အဝဆိန္ဒတိ ဉာဏေနာတိ ဥဒတ္တော။

ယော= သည်။ ဥဒ္ဒေသဓမ္မံ= အကျဉ်းမျှဟောအပ်သော တရားကို။ ဉာဏေန= မဂ်ဉာဏ်ဖြင့်။ ဒါတိ အဝဆိန္ဒတိ= ပိုင်းဖြတ်တတ်၏။ ဝါ= ပိုင်းခြား၍သိတတ်၏။ ဣတိ တသ္မာ= ကြောင့်။ သော= သည်။ ဥဒတ္တော= မည်၏။ ဥပုဗ္ဗ ဒါဓာတ်၊ တပစ္စည်း။ အရကောက် မခဲယဉ်းပြီ။

သဗ္ဗနာမဘာဝံ အနိယမဘာဝံ ဝါ ယာတီတိ ယော။

ယော ဝဏ္ဏော= အကြွင်အဝဂ် ပဋ္ဌမက္ခရာသည်။ သဗ္ဗနာမဘာဝံ= ခပ်သိမ်းသောလိင်သုံးပါးတို့၏ နာမ်အဖြစ်သို့။ ဝါ= ကား။ အနိယမဘာဝံ= မမြဲသောအနက်ရှိသော အနိယမအဖြစ်သို့။ ယာတိ= ရောက်တတ်၏။ ဣတိ တသ္မာ= ကြောင့်။ သော ဝဏ္ဏော= သည်။ ယော= ယမည်၏။

ယောကား ကတ္တုသာဓနေဝိဂြိုဟ်။ ယာဓာတ်၊ အပစ္စည်း။ ယာဓာတ်၏အရကား ယဟူသောဝစီဘေဒသဒ္ဒါ ဥပ္ပါဒ်ရ၏။ အပစ္စည်း အရကား ဥပ္ပါဒဝန္တဖြစ်သော ယဟူသောသဗ္ဗနာမ်ပုဒ် ရ၏။ ယော၌ ပဌမာဝိဘတ် ဧကဝုစ်၏အရကား လိင်္ဂတ္ထအကာရက ဧကဝုစ်သင်္ချာ ရ၏။

သဗ္ဗနာမဘာဝေန အနိယမဘာဝေန ဝါ ယာတိ ပဝတ္တတီတိ ယော။ (မြန်မာလွယ်ပြီ)။

ယာဓာတ်၏အရ ကတ္တုတ္ထကြိယာကား ပဒကောသလ္လဉာဏ် သည် မုချရ၏။ ကမ္မတ္ထကြိယာကား သဗ္ဗနာမ်ပုဒ်, အနိယမပုဒ်ဖြစ်သော ယဟူသော ဝစီဘေဒသဒ္ဒါရ၏။ အာရမ္မဏပစ္စယသတ္တိသည် ဖလူပစာရတ္ထအားဖြင့် ရ၏။ အပစ္စည်းအရကား မုချ, ဖလူ, ကာရဏူ

တို့ဖြင့် မှတ်အပ်သော အနိယမဖြစ်သော ယဟူသော သဗ္ဗနာမ်ပုဒ်ရ၏။

ယာတဗ္ဗော ဉာတဗ္ဗော အနိယမတ္ထော ဧတေနာတိ ဝါ ယော။

ကရဏသာဓန၊ ယာဓာတ်အရ ကတ္တုတ္ထကြိယာကား အနိယမတ္ထကို သိစွမ်းနိုင်သော ဉာဏ်သည် မူချရ၏။ ဧတေနဟူသော ကရဏတ္ထကြိယာအရကား ထိုဉာဏ်အားတပ်သော ယသဒ္ဒါရ၏။ ပကတူပနိဿယသတ္တိသည် ဖလူပစာရ။ (အပစ္စည်းဝိဘတ်ကား ကောက်မြဲ)။

ဝိဂြိုဟ်ပုဒ်နှစ်ပါးတွင် သဗ္ဗနာမဘာဝံ ယာတိဟူသော ဝါကျာဝတ္ထိကန္တ, ဒန္တစ္ဆေဒနနည်းအားဖြင့် ယောဟူသောပဌမန္တနှင့် ဆိုသတည်း။

ကရောတိစသော ကြိယာရှိမူ ကရဓာတ်အရ အာရမ္မဏိက အကျိုး ကြိယာသည် အာရုံအကြောင်းကံကို ငဲ့သောကြောင့် ပဒါဝတ္ထိကန္တ, ဒန္တသောဓနနည်းအားဖြင့် တံ ယံဟု ဝိဘတ်ချဲ့။ အံ ဝိဘတ်အရကား အာရမ္မဏိကသတ္တိတည်းဟူသော ကမ္မကာရက ဧကဝုစ်သင်္ချာရ၏။ ပဒတ္ထငါးပါးတွင် အနိယမသာမညာကာရဘောသည် သကတ် မည်၏။ အနိယမဖြစ်သော တစ်စုံတစ်ခုသောဒြဗ်သည် ဒြဗ်မည်၏။ သန့်ရှင်းသောအခြင်းအရာ အာကာရသည် ပုလ္လိင်မည်၏။ ဒြဗ်၌မှီသော တစ်ခုတည်းအဖြစ်ဟုဆိုအပ်သော အာကာရပညတ်သည် ဧကဝုစ် သင်္ချာမည်၏။ ကြိယာဖြင့်ရောက်အပ်သော ပါပုဏနသတ္တိသည် ကမ္မကာရကမည်၏။ ဤသို့ ယစကုန်သော သဗ္ဗနာမ်ပုဒ်တို့၏ ဝိဂြိုဟ်အရကောက်ကိုလည်း မှတ်လေဦး။ ရှင်ဗုဒ္ဓဃောတ်စသော ဂါထာနှင့် ဆန့်ကျင်ရကား ဥမ္မတ္တကဝစနဟု မဆိုသင့်။ အဘယ့်ကြောင့်နည်းဟူမူကား "ဝတ္တိစ္ဆာနုပုဗ္ဗိကာ သဒ္ဒပ္ပဋိပတ္တိ" ဟူသောကြောင့်ပင်တည်း။

ကုသလာဒီနိ လာတိ ဂဏှာတီတိ လောကော။

လာဓာတ်။ ဝါ= ရာဓာတ်၊ ဩပစ္စည်း။ ဝါ= ဏွုပစ္စည်း။ ဝိကရဏ ဩပစ္စည်း။ ဓာတ်အရကား ကုသိုလ်ခန္ဓာစသည်တို့၏ ဥပ္ပန္နဘော မုချရ၏။ အဝိဇ္ဇာ တဏှာတို့၏ ပကတူပနိဿယသတ္တိသည် ဖလူပစာရအားဖြင့် ရ၏။ ဏွုပစ္စည်းကား ဖလူပစာရအားဖြင့် မှတ်အပ်သော လောကရ၏။ ဝိကရဏဩပစ္စည်းကား တနာဒိဂဏ ဇောတက ရူပသိဒ္ဓိမတ္တသိလိဋ္ဌတာ ရ၏။

ဇာတိဇရာမရဏေဟိ လုနိတဗ္ဗော ဆိန္ဒိတဗ္ဗောတိ ဝါ လောကော။

ယော သတ္တသမူဟော= ကို။ ပေး။

လုဓာတ်၊ ဏွုပစ္စည်း။ လုဓာတ်၏အရ ကတ္တုတ္ထကြိယာကား ခန္ဓာငါးပါးတို့၏ ဥပါဒ်အခိုက် ဌီအခိုက် ဘင်အခိုက် မုချရ၏။ ကမ္မတ္ထကြိယာကား ထိုခန္ဓာတို့၏ ဝိပရိဏာမသတ္တိသည် ဖလူပစာ ရတ္ထအားဖြင့် ရ၏။ ထိုခန္ဓာငါးပါးတို့၏ ဝိပရိဏာမာကာရသည် ကာရဏူပစာရတ္ထအားဖြင့် ရ၏။ ဏွုပစ္စည်းအရကား ထိုမုချ ဖလူ ကာရဏူတို့ဖြင့် မှတ်အပ်သော သဒ္ဒါ သတိ ပညာ ယောနိသော မနသိကာရတို့ဖြင့် ထုံမွမ်းအပ်သည်ဖြစ်၍ လူ နတ် ဗြဟ္မာ, လူ နတ် ဗြဟ္မာဟုခေါ်ဝေါ်ပညတ်အပ်သော သတ္တသန္တာနဒြဗ်ဝိသေသရ၏။

၁။ ဤသို့စသည် ဝိဂ္ဂဟပြု၍ ဓာတ်အရ, ပစ္စည်းအရကို ကောက်ယူနိုင် ၍ ယင်းတို့ သဘာဝကို သိခြင်း။

၂။ ပဌမစာပိုဒ်အင်္ဂါ၌ ပြဆိုအပ်ပြီးသောအတိုင်း ပုဒ်ပါဠိ အက္ခရာတို့ကို သုတ်သင်နိုင်၍ ဂါထာဖွဲ့နိုင်ခြင်းနှင့်တကွ ဝိရုဒ္ဓတ္ထန္တရ ဒေါသ၊ အဗျတ္တဒေါသစသော ပဒဒေါသရှစ်ပါး။ ဧကတ္ထဒေါသ၊ ဘဂ္ဂရီတိဒေါသ-စသော ဝါကျဒေါသကိုးပါး။ အပက္ကမဒေါသ၊ ဩစိတျဟီနဒေါသ-စသော ဝါကျဒေါသခြောက်ပါး။ ဤသို့စသော အလင်္ကာနည်းကို သိခြင်း။

နေတ္တိနည်းဟူသည် ဒေသနာဟာရ ဝိစယဟာရ ယုတ္တိဟာရ ပဒဋ္ဌာနဟာရ လက္ခဏဟာရ စတုဗျူဟဟာရ အာဝဋ္ဋဟာရ ဝိဘတ္တိဟာရ ပရိဝတ္တနာဟာရ ဝေဝစနာဟာရ ပညတ္တိဟာရ ဩတရဏဟာရ သောဓနာဟာရ အဓိဋ္ဌာနာဟာရ ပရိက္ခာရဟာရ သမာရောပနာဟာရ ဟူ၍ ၁၆-ပါး အပြားရှိ၏။ ထို ၁၆-ပါးကုန်သော ဟာရတို့နှင့်ဆက်ဆံသော ဟာရသဒ္ဒါ ၏ ဝစနတ္ထကား-

ဟရိယန္တိ ဧတေဟီတိ ဟာရာ။

ဧတေဟိ= ထိုသံဝဏ္ဏနာအထူးတို့ဖြင့်။ သံဝဏ္ဏိတာ= ဖွင့်ဆိုအပ်ကုန်သော သုတ္တဂေယျအစရှိကုန်သော အင်္ဂါ ၉-ပါးလျှင် အာရုံရှိကုန်သော အညာဏသံသယ ဝိပ္ပလ္လာသတရားတို့ကို။ ဟရိယန္တိ= ပယ်အပ်ကုန်၏။ ဝါ= ငြိမ်းစေအပ်ကုန်၏။ ဣတိ တသ္မာ= ကြောင့်။ ဧတေ= ထိုသံဝဏ္ဏနာဝိသေသတို့သည်။ ဟာရာ= ဟာရမည်ကုန်၏။

ဟရခါတ် ဏပစ္စည်း။ ဟရခါတ်အရ ကတ္တတ္ထကြိယာကား ရှင်မဟာကစ္စည်းထေရ်၏ ဝစီဘေဒသဒ္ဒါသည်လည်းကောင်း၊ ထို မထေရ်သည် ဖြစ်စေအပ်သော စိတ္တုပ္ပါဒ်သည်လည်းကောင်း မုချရ၏။

ကရဏတ္ထကြိယာကား သံဝဏ္ဏနာဝိသေသတို့၏ ကြိယာကို ပြီးစေကြောင်း ကြိယာသာဓကတမသတ္တိသည် ဖလူပစာရတ္ထအားဖြင့်ရ၏။ ဒေသနာ၏ ဖွင့်ဆိုအပ်သော သုတ်အနက်ကို သိခြင်းစသော ဉာဏသမ္ပယုတ်စိတ္တုပ္ပါဒ်သည် ကာရဏူပစာရတ္ထအားဖြင့် ရ၏။ ဏပစ္စည်းအရကား ထိုမုချ ဖလူ ကာရဏူတို့ဖြင့် မှတ်အပ်သော သံဝဏ္ဏနာဝိသေသရ၏။

- ဒေသီယတိ ဧတာယာတိ ဒေသနာ။

ဧတာယ= ထိုသံဝဏ္ဏနာဖြင့်။ အတ္ထော= သုတ်၏အနက်ကို။ ဒေသိယတိ သံဝဏ္ဏိယတိ= ဖွင့်အပ်၏။ ဣတိ= ထို့ကြောင့်။ သာ= ထိုသံဝဏ္ဏနာသည်။ ဒေသနာ= မည်၏။

ဒိသိခာတ် ယပစ္စည်း။ ဒိသိခာတ်ကတ္တတ္ထကြိယာကား အရှင်ကစ္စည်း၏ ဝစီဘေဒသဒ္ဒစသည် ကောက်မြဲ။ ဖလူပစာလည်း ကောက်မြဲ။ ယုပစ္စည်းအရကား ထိုမှုချ ဖလူ ကာရဏူတို့ဖြင့် မှတ်အပ်သော သုတ္တဂေယျစကုန်သော ထိုသို့ သုတ်တို့၏ ဒေသနာယေဝ ဟာရော ဒေသနာဟာရော-ဟု ဝစနတ္ထပြု၍ အရကောက်ကို နောက်နောက်သောပုဒ်တို့က ကောက်ယူ၍ ပြဆိုခဲ့သောနည်းအတိုင်း ပိုင်းခြား၍ ကောက်ယူကြလေ။ ဤ၌ နေတ္တိဟာရကောက်ကို သိလောက်ရုံ အမြွက်မျှ အကျဉ်းသခေ်ပအားဖြင့် ပြဆိုဦးအံ့။

ပိဋကတ်သုံးပုံကို ဖွင့်ခြင်းငှာ ရှင်မဟာကစ္စည်းဆရာ မထေရ်မြတ်သည် ဟောတော်မူအပ်သော သံဝဏ္ဏနာဝိသေသသည် "နေတီတိနေတ္တိ။ နယန္တိ ဧတာယ ဧတ္ထာတိ ဝါ နေတ္တိ"ဟူသော ဝစနတ္ထနှင့်အညီ ဝေနေယျသတ္တဝါတို့ကို မဂ်ဖိုလ်သို့ ဆောင်တတ်သောကြောင့်လည်းကောင်း၊ ဓမ္မကထိကပုဂ္ဂိုလ်တို့သည် ဝေနေယျသတ္တဝါတို့ကို မဂ်ဖိုလ်သို့ ဆောင်ကြောင်းဆောင်ရာဖြစ်သောကြောင့်လည်းကောင်း နေတ္တိမည်၏။ ထိုနေတ္တိမည်သော သံဝဏ္ဏနာဝိသေသသည် ဆိုအပ်ခဲ့ပြီးသော သာမညလက္ခဏာအားဖြင့် တပါးတည်းသာ။ ဝိသေသလက္ခဏာကို စွဲ၍ ခွဲသည်ရှိသော်ကား ဟာရ နယ သာသနပဋ္ဌာနအားဖြင့် သုံးပါးအပြားရှိ၏။ ထိုတွင်-

ဒေသနာ ဝိစယော ယုတ္တိ၊ ပဒဋ္ဌာနော စ လက္ခဏော။
စတုဗျူဟော စ အာဝတ္တော၊ ဝိဘတ္တိ ပရိဝတ္တနော။

ဝေဝစနော စ ပညတ္တိ၊ ဩတရဏော စ သောဓနော။
အဓိဋ္ဌာနော ပရိက္ခာရော၊ သမာရောပနော သောဠသော။

ဟူသောပါဠိတော်လာ ဒေသနာဟာရစသော ၁၆-ပါးသော သံဝဏ္ဏနာဝိသေသသည် "ဟရတီတိ ဟာရော။ ဟရိယန္တိ ဧတေနာတိ ဝါ ဟာရော။ ဟရဏမတ္တမေဝါ ဟာရော ဖလူပစာရေန။ ဟာရော ဝိယာတိ ဝါ ဟာရော"ဟူသော ဝစနတ္ထနှင့်အညီ သုတ္တဂေယျစသည်လျှင် အာရုံရှိသော အညာဏသံသယဝိပလ္လာသတို့ကို ပယ်တတ်

ပယ်ကြောင်း ပယ်ရာ ပယ်ခြင်းမျှသာ ဖြစ်သောကြောင့်လည်းကောင်း၊ ကာမရာဂသည် အကြောင်းရင်းရှိသော ပူပန်ခြင်းကိုငြိမ်းစေတတ်သော ပရမတ္ထရတနပ္ပဗန္ဓဖြစ်၍ ရတနာပုလဲသွယ်နှင့် တူသောကြောင့်လည်းကောင်း ဟာရမည်၏။ ထို ၁၆-ပါးကုန်သော ဟာရတို့တွင်-

> အဿာဒါဒီနဝတာ၊ နိဿရဏံပိ စ ဖလံ ဥပါယော စ။
> အာဏတ္တိ စ ဘဂဝတော၊ ယောဂိနံ ဒေသနာဟာရော။

ဟူသောပါဠိတော်နှင့်အညီ အဿာဒ အာဒီနဝ နိဿရဏ ဖလ ဥပါယ အာဏတ္တိအားဖြင့် ခြောက်ပါးကုန်သော အနက်တို့ကို ဖွင့်ပြခြင်းလက္ခဏာရှိသော ဟာရသည် "ဒေသိယတိ သံဝဏ္ဏိယတိ သုတ္တတ္တော ဧတာယာတိ ဒေသနာ"ဟူသော ဝစနတ္ထကြောင့် ဒေသနာဟာရမည်၏။ ထိုခြောက်ပါးတို့တွင်-

* သာယာအပ်သော သုခ, သောမနဿ, ဣဋ္ဌာရုံ၊ သာယာကြောင်းဖြစ်သော တဏှာဝိပ္ပလ္လာသ ဤတရားသည် အဿာဒမည်၏။
* ဒုက္ခဝေဒနာ ဒုက္ခတာသုံးပါး တေဘူမကသင်္ခါရဒုက္ခ အပေါင်းသည် အာဒီနဝမည်၏။
* ဝဋ်မှထွက်မြောက်ကြောင်း အရိယာမဂ်သည် နိဿရဏမည်၏။
* ထွက်မြောက်တတ် ထွက်မြောက်ရာနိဗ္ဗာန်သည် နိဿရဏမည်၏။
* ဒေသနာကြောင့်ပြီးသော သုတမယဉာဏ်၊ အနက်ကို သိခြင်း အတ္ထဝေဒ၊ အကြောင်းကိုသိခြင်း ဓမ္မဝေဒ စသော ဒိဋ္ဌဓမ္မအကျိုးဘာဝနှင့် ပြည့်စုံခြင်းဘဝသမ္ပတ္တိ၊ ဥစ္စာနှင့် ပြည့်စုံခြင်း ဘောဂသမ္ပတ္တိစသော စုတိနောက် ရအပ်ရောက်အပ်သော သမ္ပတ္တိရာသိကအကျိုး။ ဤတရားအပေါင်းသည် ဖလမည်၏။

* ယင်းဖလကို ရကြောင်းဟူသမျှသည်လည်းကောင်း၊ အရိယာမဂ်၏ ရှေ့အဘို့၌ဖြစ်သော ပုဗ္ဗဘာဂပဋိပဒါ သည်လည်းကောင်း အကြောင်းဥပါယမည်၏။

* ဝေနေယျတို့၏ စီးပွားချမ်းသာကို ဖြစ်စေခြင်းငှာ အာဏာတော်ထားထိုက်သော ဒေသနာရှင်၏ 'ဤသို့ ကျင့်လေ'ဟု စေခိုင်းတိုက်တွန်းတော်မူခြင်း အစီအရင် သည် အာဏတ္တိမည်၏။

ဤသို့လျှင် ဒေသနာဟာရမည်သော သံဝဏ္ဏနာသည် အဿာဒစကုန်သော အနက်တို့ကို ဖွင့်ပြတတ်သော်လည်း လက္ခဏာ တို့ကို ဆိုကာမျှဖြင့် လက္ခိတဗ္ဗဥဒါဟရဏ်နှင့်ကင်း၍ မထင်ရှားရကား 'နဝဝိဓသုတ္တန္တပရိယေဋ္ဌိ'ဟူသည်နှင့်အညီ ပိဋကတ်သုံးပုံကို အကုန်သော်ထုတ်သင့်သော်လည်း 'ဝတ္တိစ္ဆာနုပုဗ္ဗိကာ သဒ္ဒပ္ပဋိပတ္တိ' ဟူသော ပရိဘာသာနှင့်အညီ ဝတ္တိစ္ဆာအားဖြင့် အလွန်ထင်ရှား အသုံး များသော 'ပူဇာ စ ပူဇနေယျာနံ'ဟူသော ပြယုဂ်ကို ထုတ်အပ်၏။ ထုတ်ဟန်ကား 'သာယံ ဒေသနာ ကိံ ဒေသိယတိ စတ္တာရိ သစ္စာနိ ဒုက္ခံ သမုဒယံ နိရောဓံ မဂ္ဂံ'ဟူသောပါဠိနှင့်အညီ ဤ'ပူဇာ စ ပူဇ နေယျာနံ'ဟူသော သုတ်ပုဒ်ဒေသနာတော်သည် သစ္စာလေးပါးကို ဟောကြားပြတတ်၏။ ပြဟန်ပုံစံကား 'ပူဇာ စ'ပုဒ်၏အရ ပူဇာ ဟူသည် အာမိသပူဇာ, ဓမ္မပူဇာအားဖြင့် နှစ်ပါးတည်း။ ထိုတွင်-

အန္နံ ပါနံ ယရံ ဝတ္ထံ၊ ယာနံ မာလာ ဝိလေပနံ။
ဂန္ဓော သေယျော ပဒီပေယျံ၊ ဒါနဝတ္ထု သိယုံ ဒသ။

ဟူသောဂါထာလာ သုတ္တန်ဒေသနာနည်းအားဖြင့် ဒါနဆယ်ပါး။ ရူပ ဒါန ။ပ။ ဓမ္မဒါနဟူသော အဘိဓမ္မာဒေသနာတော်နည်းအားဖြင့် ခြောက်ပါး။ စီဝရပိဏ္ဍပါတသေနာသနဘေသဇ္ဇဟူသော ဝိနည်း ဒေသနာတော်နည်းအားဖြင့် လေးပါး။ ပေါင်း ဆယ်ပါးသောဒါနမယ ကုသိုလ်ကြိယာစေတနာသည် အာမိသပူဇာမည်၏။

ပဉ္စင်္ဂကသီလစသော သီလမယကြိယာ, ပုဗ္ဗဘာဂပဋိပဒါအစ မဂ်ဖိုလ်အလယ် နိဗ္ဗာန်အဆုံးရှိသော ဘာဝနာမယ။ ယင်းတရားအပေါင်းသည် ဓမ္မပူဇာမည်၏။ ထိုပူဇာအပေါင်းတို့တွင် အကျုံးဝင်သော-

လောကီတရားအပေါင်းသည် သာယာအပ်သောကြောင့် အဿာဒမည်၏။ သာယာတတ်သောတဏှာသည်လည်း အဿာဒမည်၏။

တေဘူမကတရားဟူသမျှသည်ပင် သင်္ခါရဒုက္ခဖြစ်၍ အာဒီနဝမည်၏။

မဂ်နှင့် နိဗ္ဗာန်သည် နိဿရဏမည်၏။

ဖိုလ်စိတ္တုပ္ပါဒ်သည်လည်းကောင်း၊ မိမိကိုယ်ကို မိမိစွပ်စွဲခြင်း အတ္တာနုဝါဒ၊ သူတပါးတို့ စွပ်စွဲခြင်း ပရာနုဝါဒ၊ တုတ်လှန်ကန်တို့ဖြင့် ခတ်ခံရခြင်း ဒဏ္ဍဘေး အပါယ်ဘေး၊ ယင်းဘေးကြီးလေးပါးတို့မှ လွတ်ကင်းခြင်းစသော အထောင်မကသော အကျိုးသည်လည်းကောင်း ဖလမည်၏။

ယင်းဖလကိုရကြောင်း ဥပါယမည်၏။

သုတမယဉာဏ်စသောအကျိုး အတ္တာနုဝါဒဘေးစသည်တို့မှ လွတ်ခြင်းအကျိုး၊ ဘဝဘောဂသမ္ပတ္တိစသောအကျိုး၊ ယင်းတို့ကို လိုကုန်သော သူတော်ကောင်းအပေါင်းတို့သည် ဤ'ပူဇာ စ ပူဇနေယျာနံ'ဟူသော ဒေသနာတော်ကို ခံ၍ ဒေသနာတော်လာသည့် အတိုင်း ကျင့်ကြံပွားများအားထုတ်ကြကုန်ဟု ဒေသနာတော်ရှင်ဖြစ် တော်မူသော မြတ်စွာဘုရား၏ မတိုက်တွန်းသော်လည်း တိုက်တွန်း သကဲ့သို့ဖြစ်သော အစီရင်သည် အာဏတ္တိမည်၏။ ယင်းခြောက်ပါး တို့တွင်-

အဿာဒေါ သမုဒယော၊ အာဒီနဝေါ ဖလဉ္စ ဒုက္ခံ။
နိဿရဏံ နိရောဓော၊ ဥပါယော အာဏတ္တိ စ မဂ္ဂေါ။

ဟူသောပါဠိနှင့်အညီ အာဒီနဝ, ဖလနှစ်ပါးသည် ဒုက္ခသစ္စာမည်၏။

အဿာဒသည် သမုဒယသစ္စာမည်၏။
နိဿရဏသည် နိရောဓသစ္စာမည်၏။
ဥပါယ, အာဏတ္တိနှစ်ပါးသည် မဂ္ဂသစ္စာမည်၏။
ဤသို့လျှင် ဒေသနာဟာရသည် သံဝဏ္ဏနာဝိသေသတည်းဟူသော 'ပူဇာ စ ပူဇနေယျာနံ'ဟူသော သုတ်ပုဒ်ဒေသနာတော်သည် အဿာဒစသည်တို့ ဖွင့်ပြလျက် သစ္စာလေးချက်ကို ဟောကြားတတ်၏။

တနည်းလည်း ပူဇနေယျာနံဟူသောပုဒ်အရ ပူဇော်အပ်ကုန်သော ဘုရား ရဟန္တာ ပစ္စေကဗုဒ္ဓါ ဆရာ မိဘ သီလဝန္တသမဏ ဗြာဟ္မဏစကုန်သော ပုဂ္ဂိုလ်တို့၏ လောဘကြဉ်ကုန်သော လောကီခန္ဓာငါးပါးတို့သည် ဒုက္ခသစ္စာမည်၏။
ထို၏အကြောင်း တံသမုဋ္ဌာပကတဒါရမ္မဏဖြစ်သော တဏှာသည် သမုဒယသစ္စာမည်၏။
ထိုနှစ်ပါးတို့၏ မဖြစ်ရာ ချုပ်ငြိမ်းရာ နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏။
ထိုနိရောဓကိုရကြောင်း သိကြောင်း အကျင့်ကောင်းပဋိပဒါသည် မဂ္ဂသစ္စာမည်၏။
ယင်းတို့တွင် သမုဒယသည် အဿာဒမည်၏။
ဒုက္ခသည် အာဒီနဝမည်၏။
နိရောဓ မဂ္ဂနှစ်ပါးသည် နိဿရဏမည်၏။
'ပူဇာ စ ပူဇနေယျာနံ'ဟူသော ဒေသနာဖြင့် ပြီးစေအပ်သော အာမိသပူဇာ ဓမ္မပူဇာနှစ်ပါးကို ပြုကျင့်အားထုတ်ခြင်းစသော အထောင်မကသော အကျိုးသည် ဖလမည်၏။
ယင်းဖလ၏အကြောင်းဖြစ်သော ယောနိသောမနသိကာရ သဒ္ဓမ္မသဝနစတုစက္ကသမ္ပတ္တိစသော အကြောင်းသည် ဥပါယမည်၏။
ကိုယ်ကျိုးကိုယ့်စီးပွားကို လိုလားတောင့်တကြကုန်သော အမျိုးကောင်းသားတို့သည် အကြောင်းဥပါယကို ပြည့်စုံစေကုန်၍ 'ပူဇော်အပ်ပူဇော်ထိုက်သူတို့အား ပူဇော်ကြလေကုန်'ဟု မတိုက်တွန်း

သော်လည်း တိုက်တွန်းသကဲ့သို့ဖြစ်သော အစီရင်သည် အာဏတ္တိ မည်၏။

ဤသို့လျှင် ပူဇာ စ ပူဇနေယျာနံဟူသော သုတ်ပုဒ်ဒေသနာတော်သည် သစ္စာလေးပါးကို ဟောကြားလျက် အဿာဒ-အစရှိကုန်သော အနက်တို့ကို ဖွင့်ပြချက်ကြောင့် ဒေသနာဟာရမည်၏။ (ဒေသနာဟာရပြီး၏။)

ဝိစယာဟာရအစရှိကုန်သော ကြွင်းဟာရ ၁၅-ပါးတို့ကို အလိုရှိက "နေတ္တိဟာရတ္ထဒီပနီ"အကျယ်မှ ယူလေ။

၃။ ဤသို့စသည်ဖြင့် နေတ္တိနည်းကို သိခြင်း။

ပစ္စည်း ပစ္စယုပ္ပန်တရားကို ပြသည်ကား ပဋိစ္စသမုပ္ပါဒ်နည်း။ (တနည်း) အကျိုးတရားကို ပြသည်။ (တစ်နည်း) သံသရာစက်မပြတ်သည်ကို ပြသည်။ ထို့ကြောင့် လက်သန်းအဋ္ဌကထာ၌ "အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ"စသည်တို့ကို မိန့်ဆိုအပ်ကုန်၏။

ဟေတုဖလကို တပေါင်းတည်းပြသည်ကား ၎င်းနည်းမည်၏။ ထို့ကြောင့် "ဝဋ္ဋမာဗန္ဓမိစ္စေဝံ၊ တေဘူမကပနာဒိကံ၊ ပဋိစ္စသမုပ္ပါဒေါတိ"ဟူသော လက်သန်းအဋ္ဌကထာ။

"ဣစ္စေဝံ ဝုတ္တနယေန အာဗန္ဓ အဝိစ္ဆိန္န အနာဒိကံ အာဒိ-ရဟိတံ တိဘူမကပရိယာပန္နတ္တာ တေဘူမကံ ကိလေသကမ္မဝိပါကဝသေန တိဝဋ္ဋဘူတံ ပဋိစ္စသမုပ္ပါဒေါတိ ပဋ္ဌာပေသိ ပညာပေသိ" ဋီကာကျော်တို့၌ မိန့်အပ်၏။

ယင်းသို့ဖြစ်၍ "ဟေတုံ ပဋိစ္စ သကံ သာမဂ္ဂိယာ ဥပ္ပဇ္ဇတိ ပဝတ္တတီတိ ပဋိစ္စသမုပ္ပါဒေါ၊ သော စ သော နေတဗ္ဗော ပစ္စယေ-ဟီတိ _ပဋိစ္စသမုပ္ပါဒနယော"ဟု ဝစနတ္ထပြု၍ ပဓာနအားဖြင့် အကျိုးတရားဟူသမျှကို ပဋိစ္စသမုပ္ပါဒ်နည်းဟု သိလေ။

"ပကာရေန ဌာတိ ဧတ္ထ ဧတေန ဝါတိ တိဋ္ဌတီတိ ပဋ္ဌာနံ။ တံ စ သော နေတိ ပစ္စယုပ္ပန္နံ ဧတေနာတိ ပဋ္ဌာနနယော" ဟူသော ဝစနတ္ထပြု၍ အကြောင်းပစ္စည်းဟူသမျှကို ပဋ္ဌာန်းနည်းဟု ပဋ္ဌာန်းပဋ္ဌာနအားဖြင့် သိလေ။

(တနည်း) အကျိုးပစ္စယုပ္ပန်တရားတို့၏ ဖြစ်သောအခြင်းအရာမျှကို စွဲ၍ဖြစ်သောနည်းကို ပဋိစ္စသမုပ္ပါဒ်နည်းဟု သိလေ။

ဟေတုစကုန်သော ပစ္စည်းတို့၏ ကျေးဇူးပြုသောသတ္တိကို စွဲ၍ဖြစ်သောနည်းကို ပဋ္ဌာန်းနည်းဟူ၍ သိလေ။

ထို့ကြောင့် သင်္ခေပ၌ "ပဋိစ္စသမုပ္ပါဒနယောတိ ပစ္စယုပ္ပန္န-ဘဝနာကာရမတ္တံ ဥပ္ပါဒဝယပဝတ္တော၊ ပဋ္ဌာနနယော ပန ပစ္စယသတ္တိံ ဥပါဒါယ ပဝတ္တောတိ"ဟု မိန့်၏။

၄၊ ၅။ ယင်းပဋိစ္စသမုပ္ပါဒ်နည်း, ပဋ္ဌာန်းနည်းတို့မှာလည်း နောက်ကပြခဲ့ပြီးသော အရကောက်များကဲ့သို့ နေရာတကျ ကောက်ယူနိုင်ကြရန် ထိုထိုကျမ်းဂန်တို့ကို လေ့လာမှတ်သား၍ စဉ်းစား ဆင်ခြင်သိမြင်ကောက်ယူနိုင်ကြသဖြင့် ၎င်းအင်္ဂါများနှင့် ပြည့်စုံစေ ရခြင်း။

ဤငါးပါးသော အင်္ဂါလက္ခဏာတို့နှင့် ပြည့်စုံကြကုန်သော ပုဂ္ဂိုလ်သူမြတ်တို့သည် ပထမစာပို့ အရာဌာနန္တရသို့ ရောက်ကုန် ဝင်ကုန်၏ဟု မှတ်လေ။

* ကဝိတဆူ၊ ဖြစ်လိုမူ၊ နည်းယူ ဤငါးဖြာ။
* ငါးဖြာ မချို့၊ ရှိသူတို့၊ စာပို့ ပထမာ။
* ဧကရာဇ်မင်း၊ ထောက်လှူသွင်း၊ ငါးတင်းဆန်တော်မှာ။

ပထမစာပို့အင်္ဂါ ၅-ပါး ပြီး၏။

♦♦♦

## ၄။ တံဆိပ်ရဆရာတော်အင်္ဂါ ၆–ပါး

တံဆိပ်တော်ရတို့၏ အင်္ဂါလက္ခဏာမှာ ပထမစာပို့အင်္ဂါ အတိုင်းနှင့် နေတ္တိနည်း ဟာရတဆဲ့ခြောက်ပါးလုံးလည်းကောင်း၊ သံဝဏ္ဏနာခြောက်ပါးလုံးလည်းကောင်း၊ နည်းလေးဆယ်၊ ဥပစာ ဆယ်ပါး၊ သဒ္ဒါစစ်တို့ကိုလည်းကောင်း၊ ပုဒ်စစ်တို့ကိုလည်းကောင်း၊ လေ့လာပွန်းတီး အကြီးတကျယ် အလွယ်တကူ နိုင်းယှူသိစွမ်းခြင်း အင်္ဂါကို ထည့်သွင်း၍ ရှေ့ငါးပါးပါ။ အင်္ဂါခြောက်ပါးနှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည် သံတုံးတံဆိပ်တော်ကို ခံယူထိုက်ရသည်သာဖြစ်၍ ဘုရား ရှင်၏ သာသနာတော်ကို ထွန်းပေါ်တောက်ပ ဆထက်တိုး၍ ဖြိုးဖြိုး ကြွစေခြင်းကို အရင်းထား၍ အားရှိသမျှ ပါဠိ အဋ္ဌကထာ ဋီကာ တို့ကို ပို့ချသဖြင့် သာသနဒါယကာ မဟာဧကရာဇ်မင်းမြတ်က အလွန်အားရသည်နှင့် သာသနာတော်ကို ထောက်ပံ့သောအားဖြင့် ဘွဲ့မည်တင်ထပ် တံဆိပ်တော်လျှုကပ်လျက် 'မင်းမြတ်၏ဆရာတော်'ဟု ထင်ပေါ်မြောက်စား၍ ဆရာတော်တပါး ပြုတော်မူပြီးလျှင် နိစ္စဘတ် ဆွမ်းဝတ် ရည်ရော်မှတ်သဖြင့် ဆန်တော်ငါးတင်း လျှုကပ်တော်မူ၏။

* ကျမ်းဂန်တတ်ဟိတ်၊ ဘွဲ့တံဆိပ်၊ ခပ်နှိပ်မင်းဆရာ။

* သုံးဆယ်ဒင်္ဂါး၊ လစဉ်ထား၊ ရငြား မင်းဆရာ။

* ဆရာတော်ရှင်၊ လူတိုင်းပင်၊ ခေါ်တွင် ဖြစ်ဘို့ရာ။

ယင်းရစနာသံပေါက်အရ ဂုဏ် ဂုဏောနှင့်ညီစွာ ထင်ပေါ် လာ၏။ ဤသည်လျှင် ဓမ္မဝါစကူပဒေသစာတမ်း ဖြစ်လေသည်။

## ဘွဲ့တံဆိပ်တော်အလှူ
## ၂-ကြိမ်လုံး ပယ်မြစ်ခဲ့ခြင်း

ဆရာတော်အရှင်သောမသည် ရာဇဂုရု, ရာဇာဓိရာဇဂုရုနှင့် ဘွဲ့တံဆိပ်တော်ရထိုက်သော ပုဂ္ဂိုလ်ဖြစ်ကြောင်း ဖော်ပြပါကျမ်းများ ဖြင့် သိသာ၏။ သို့နှင့် မင်းတုန်းမင်းလက်ထက် တစ်ကြိမ်၊ သီပေါ မင်းလက်ထက် တစ်ကြိမ် ဘွဲ့တံဆိပ်တော် လျှုဒါန်းလျှောက်ထားချက် ပယ်မြစ်တော်မူခဲ့လေသည်။ ပါမောဇ္ဇဒီပနီနိဂုံး၌-

“ငါတို့ ကျေးဇူးတော်ရှင် ရွှေကျင်ဆရာတော်ဘုရားကြီးလည်း တံဆိပ်နှင့် သာသနာပိုင်တံဆိပ်ကိုမျှ ယူတော်မမူ။ ကျေးဇူးရှင်၏ ဆရာ သီးလုံးဆရာတော်ဘုရားကြီးလည်း ယူတော်မမူ” ဟု ဖော်ပြ တော်မူခဲ့သည်ဟူ၏။

ဆရာတော်အရှင်သောမသည် ဆရာ, ဆရာတို့၏လမ်းစဉ် အတိုင်း အတိအကျ လိုက်နာသည့်ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူလေသည်။

## မပေါ်မထင်
## တောဝင် ဓုတင်ကျင့်ခြင်း

ဆရာတော်အရှင်သောမ (အရှင်သောမာဘိဓဇ)သည် မန္တလေးမြို့ ကျိုက်လတ်မြို့တို့၌ သီတင်းသုံးပြီးနောက်တွင် မပေါ် မထင် တောဝင် ဓုတင်ကျင့်တော်မူခဲ့လေသည်။ မိမိဘယ်မြို့ ဘယ်ဒေသနေသည်ဟုလည်း အခြားပုဂ္ဂိုလ်များ သိစေလိုသည့်ဆန္ဒ လည်း မရှိခဲ့ပါချေ။ ဓုတင်ကျင့်တော်မူခဲ့သည့် နောင်တော့ နောင် တော်သူတော်ကောင်းကြီးများကိုလည်း-

ကျိုးကြောင်းဖြူဆွ ကျင့်သီလသိက္ခာ အရိယာတို့ ကျင့်ထုံးနှင့် အတိရေက လာဘ်ဟူသမျှကိုမသုံး၊ ဓုတ ဒွေကစာ တောအရပ်နှင့် ရွာမှာနေ၍ သလုံးမြင်းခေါင်းဖြင့် ကာယဝိညတ်အပ်သော တောင်းစား သသူ ဆွမ်းဟင်းစင်ဖြူ ကျင့်မှုကောင်းလှ ပဲခိုးတောရ တောင်တမန်

တောရ ဘုန်းတော်ကြီးဦးသီလ ယင်းနှစ်ဝသော ပုဂ္ဂိုလ်မျိုးကို ဘုန်းကြီးဟူ၍လည်းကောင်း၊ နည်းခံလမ်းမှန်ကျင့်တတ် သုံးရပ်သာသနာသိက္ခာဖြည့်စွမ်း မဂ်လမ်းဖိုလ်နီး ဝင့်ညီးနိဗ္ဗာန် ရည်သန်ကျင့်တတ် ကျင့်မြတ်သီးကြောင့် ဘုန်းကြီးဟူလည်းကောင်း ဆိုထားပေသည်။

ပခန်းဆရာတော်ကြီး ခင်မွန်ဆရာတော်ကြီး ငါးရဟိုကုန်းဆရာတော်ကြီးစသော သူတော်ကောင်းရဟန်းတော်ကြီးများကို ပဲခိုးတောရ တောင်တမန်တောရ ဘုန်းတော်ကြီးဦးသီလ အရှင်မြတ်နှစ်ပါးတို့ကဲ့သို့ ဘုန်းတော်ကြီးအရာ၌ ထားသင့်သွင်းသင့်သွင်းထိုက်ပေ၏စသည်ဖြင့် ချီးကျူးတော်မူခဲ့လေသည်။ [၁]

## ချီးမွမ်းထိုက်သူ

ဆရာတော်အရှင်သောမကား သာသနာတော်၌ ရနိုင်ခဲသည့် ချီးမွမ်းထိုက်သူ မထေရ်မြတ် ဖြစ်တော်မူသည်။ ပစ္ဆိမာရုံသာသနာဝင်၌လည်း အရှင်သောမကို-

၁။ နဘော သောမော ဇနေ သောမော၊
ဥဘော တောသန္တိ မာနုသာ။
နဘော သောမော ဇလာပေတိ၊
အညော ဉာပေတိ ထာမုနာ။

၂။ ဝိဝိဓေပိ ဇနေ သောမော၊
ကျိုက်လတ်နာမေန ပါကဋော။
သုဒ္ဓသီလော ဝိမိရိတော၊
အပ္ပိစ္ဆော ဗျာသဉာဏိကော။ [၂]

ဟူသော ၂-ဂါထာဖြင့် ချီးကျူးဖော်ပြခဲ့လေသည်။

---

၁။ ပါမောဇ္ဇဒီပနီ၊ ၁၆။ ၂၁၈-တို့ကြည့်။
၂။ ပစ္ဆိမာရုံသာသနာဝင်၊ ၅၇-ကြည့်ရှု။

## ဘာဝနတ်ထံ ပျံလွန်တော်မူခြင်း

ယင်းတို့များလှူညသုံ ဂုဏ်ပေါင်းစုံခတော်မူသော ဆရာတော် အရှင်သောမသည် သက်တော် ၉၀-ပတ်ဝန်းကျင်လောက်တွင် ပျံလွန် တော်မူကြောင်း မှန်းဆ၍ သိရှိနိုင်လေသည်။

## သံဝေဂယူရန်

ယမေကရတ္တိံ ပဌမံ၊ ဂဗ္ဘေ ဝသတိ မာဏဝေါ။
အဗ္ဘုဋ္ဌိတောဝ သော ယာတိ၊ သဂစ္ဆံ န နိဝတ္တတိ။ [၁]

ယံ ယော မာဏဝေါ= ကြုံလာဖြစ်လာ အကြင်သတ္တဝါ သည်။ ဧကရတ္တိံ= တညဉ့်၌။ ဝါ= တညဉ့်က။ ပဌမံ= ရှေးဦးအစ ပဋိသန္ဓေခဏာ၌။ ဂဗ္ဘေ= အမိဝမ်း၌။ ဝသတိ= စွဲပိုက်သန္ဓေ တည်နေ ၏။ သော မာဏဝေါ= ကြုံလာဖြစ်လာ ထိုသတ္တဝါသည်။ အဗ္ဘုဋ္ဌိ တောဝ=[၂] တက်လာသော တိမ်တိုက်ကဲ့သို့။ ဝါ= တက်လာသော တိမ်တိုက်အလား။ ယာတိ= သေရန်အရေး တဖြေးဖြေးသွားရ၏။ ဝါ= သေမင်းထံမှောက် အရောက်သွားရရှာ၏။ ဂစ္ဆံ= သေရန်အရေး ရှေးရှုမနား တသွားတည်းသွားရရှာသော။ သ သော မာဏဝေါ= ကြုံလာဖြစ်လာ ထိုသတ္တဝါသည်။ န နိဝတ္တတိ= တအောင့်တခဏ တနာရီ တမိနစ် တစက္ကန့်မျှ မတန့်မနား မဆုတ်နစ်ပါချေ။

---

၁။ ဇာ၊ ၁။ ၃၂၃။
၂။ အဗ္ဘော ဥဋ္ဌိတော ဣဝ= ဥဋ္ဌိတော အဗ္ဘော ဣဝ။

## ဉာဏဝံသာဘိဓဇမဟာဓမ္မရာဇာဓိရာဇဂုရုနှင့် ဉာဏဝံသာဘိဓဇအတုလာဓိပတိသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု ဟူသော ဘွဲ့တံဆိပ်တော် ၂-ထပ်ရ ဆရာတော်အရှင်ဉာဏဝံသ

ရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်နှစ်ထပ်ရ မန္တလေးမြို့ အရှေ့ပြင် မှန်ကျောင်းဆရာတော် အရှင်ဉာဏဝံသသည်လည်း မန္တလေးမြို့ မြောက်ပြင် မဟာဓမ္မိကာရာမတိုက် ရွှေကျောင်ဆရာတော် ဘုရားကြီးထံ ကြာမြင့်စွာ ဂန္ထန္တရအဝဝကို သင်ယူတော်မူခဲ့သည့် မထေရ်မြတ်ဖြစ်တော်မူသည်။

## ဖွားမြင် ရှင် ရဟန်းပြုခြင်း

သက္ကရာဇ် ၁၁၉၉-ခုနှစ်ခန့်တွင် ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်ရောက်သော် ရှင် ရဟန်းပြု သာသနာ့ဝန်ထမ်းဆောင်တော်မူခဲ့လေသည်။ ဥပဇ္ဈာယ်ဆရာတော်က အရှင်ဉာဏဝံသဟု မှည့်ခေါ်တော်မူသည်။

## မဟာဓမ္မိကာရာမတိုက်၌ ပညာသင်ကြားခြင်း

မန္တလေးမြို့ မြောက်ပြင် မန္တလေးတောင်မြောက်ဖက် မဟာဓမ္မိကာရာမ ရွှေကျောင်တိုက်မကြီးသို့ ရောက်၍ သီတင်းသုံးရာ ရွှေကျောင်ဆရာတော်ဘုရားကြီးထံ ပိဋကတ်အခြေခံကျမ်းစာများနှင့်တကွ ပိဋကတ်ကျမ်းဂန်ကြီးများကို သင်ယူတော်မူခဲ့လေသည်။ ၎င်းပြင် "မာလာလင်္ကာရဓဇဓမ္မသေနာပတိအတုလာဓိပတိသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ တောင်တော်သာသနာပိုင်ဆရာ တော်အရှင်မာလာထံ၌လည်း ကျမ်းဂန်အရပ်ရပ်ကို သင်ယူတော်မူ ခဲ့လေသည်။ မန္တလေးမြို့ အနောက်ပြင် မိုးကောင်းတိုက်၌လည်း ငါးနှစ်တိုင် သီတင်းသုံး ပညာသင်ကြားတော်မူခဲ့လေသည်။

## အသက်အရွယ် ငယ်ငယ်နှင့် စာပေတတ်မြောက်ခြင်း

ဆရာတော်အရှင်ဉာဏဝံသသည် ဉာဏ်ကောင်း၊ ဝီရိယကောင်း၊ ဆရာကောင်းတို့နှင့် တွေ့ဆုံကြုံကြိုက် သင်ယူရလိုက်သဖြင့် အသက်အရွယ်ငယ်ငယ်နှင့် စာပေကျမ်းဂန်တတ်မြောက်တော်မူခဲ့လေသည်။

## မဟာဝိဇယပုညတိုက် မှန်ကျောင်းတော် အလှူခံရခြင်း

ဆရာတော်အရှင်ဉာဏဝံသသည် စာတတ်၊ ရုပ်ရည်ကောင်းသူဖြစ်ရာ သီပေါမင်းနှင့် မိဖုရားခေါင်ကြီးတို့သည် များစွာကြည်ညိုကြကုန်၏။ သို့နှင့် သက္ကရာဇ် ၁၂၄၃-ခုနှစ် တပေါင်းလဆန်း ၁၀-ရက်နေ့တွင် သီပေါမင်းတရားနှင့် မိဖုရားခေါင်ကြီးတို့သည် ၂-သန်းကျော်တန် မဟာဝိဇယာပုညတိုက် မဟာစံလွှတ်ဝေယံမှန်ကျောင်းတော်ကြီးကို လှူဒါန်းကြကုန်၏။ သို့ဖြစ်၍ ဆရာတော်အရှင်ဉာဏဝံသသည် မဟာဝိဇယပုညတိုက် မဟာစံလွှတ်တော်ဝေယံကျောင်းတော်ကို အလှူခံသာသနာပြုတော်မူခဲ့လေသည်။

## ဘွဲ့တံဆိပ်တော် ၂-ထပ် အလှူခံရရှိခြင်း

ဆရာတော်အရှင်ဉာဏဝံသသည် ကျောင်းပူဇော်ပွဲ ကျောင်းလွှတ်သဘင်တွင် ကျောင်းဒကာ သီပေါမင်းဆက်ကပ်လှူဒါန်းသည့် "ဉာဏဝံသာဘိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိ၍ သက္ကရာဇ် ၁၂၄၆-ခုနှစ်တွင် သီပေါမင်းတရားပင် ဆက်ကပ်လှူဒါန်းသည့် "ဉာဏဝံသာဘိဓဇအတုလာဓိပတိသိရီပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်။

## အမြင့်မှ အနိမ့်သို့

ငွေအသပြာဒင်္ဂါး ၂-သန်းကျော်တန် ရွှေရည်လိမ်းသည့် ကျောင်းကြီး၏ပိုင်ရှင်, ရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော် ၂-ထပ်နှင့် လျှမ်းလျှမ်းတောက် တင့်တယ်မြင့်မားသည့် အရှင်ဉာဏဝံသသည် ကျောင်းအလှူခံပြီးနောက်နှစ် ၁၂၄၇-ခုနှစ်တွင် နှစ်ရာ့နှစ်ဆယ် ကိုယ်ဝယ်ဆင်မြန်း ဝန်ကြီးထမ်းသည့် မြင့်မြတ်စွာလှ ရဟန်းဘဝ ဒုလ္လဘမှ သုံးဝသရဏဂုမ် ငါးပုံသီလနှင့်ပြည့်စုံ၍နေရာ လူ့ဘဝသို့ ပြောင်းခဲ့လေသည်။[၁]

## သံဝေဂယူရန်

ဟာ ဥန္နတာ ဩနတန္တာ၊ ဟာ ပိယာ သောကအန္တကာ။
ဟာ ထောမနာ ဝိနိန္ဒန္တာ၊ ဟာ သုခါ ဒုက္ခအန္တကာ။

ဥန္နတာ= မြင့်မောက်တက်ခြင်းဟူသမျှတို့သည်။ ဝါ= အမြင့်ရောက်ခြင်းဟူသမျှတို့သည်။ ဟာ ဩနတန္တာ= ဟင်- လျောကျသက်ဆင်းခြင်းလျှင် အဆုံးရှိကုန်စွတကား။ ပိယာ= ချစ်ခင်စုံမက်ခြင်းဟူသမျှတို့သည်။ ဟာ သောကအန္တကာ= ဟင်- စိုးရိမ်ပူဆွေးခြင်းလျှင် အဆုံးရှိကုန်စွတကား။ ထောမနာ= အချီးအမွမ်းခံရခြင်းဟူသမျှ တို့သည်။ ဟာ ဝိနိန္ဒန္တာ= ဟင်- အကဲ့ရဲ့ခံရခြင်းလျှင် အဆုံးရှိကုန်စွ တကား။ သုခါ= ချမ်းသာသုခနှင့် ပြည့်စုံခြင်းဟူသမျှတို့သည်။ ဟာ ဒုက္ခအန္တကာ= ဟင်- ဒုက္ခနှင့် တွေ့ကြုံခြင်းလျှင် အဆုံးရှိကုန်စွတကား။

♦♦♦

---

၁။ မန္တလေးသာသနာဝင်၊ ၂၅။ မှန်ကျောင်းတိုက်သာသနာဝင်ကြည့်။

## ပါတိမောက္ခဝိနိစ္ဆယကျမ်းပြု
## မုတ်ကျွန်း ပန်းတနော် ဆိပ်ကြီးဆရာတော်

ပါတိမောက္ခဝိနိစ္ဆယကျမ်းပြု မုတ်ကျွန်းပန်းတနော် ဆိပ်ကြီးဆရာတော်သည်လည်း ရွှေကျင်နိကာယသမုဒ္ဒါပက ဆရာတော်ဘုရားကြီး အရှင်ဇာဂရ၏ တပည့်ဖြစ်တော်မူသည်။

## ဖွားမြင် ရှင် ရဟန်းပြု
## ပညာသင်ကြားတော်မူခြင်း

ရွှေဘိုတောင်လက် ကျည်းကန်ရွာ၌ သက္ကရာဇ် ၁၂၀၀-ကျော်ခန့်လောက်တွင် ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်ရောက် သော် ရှင်, ရဟန်းပြု သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်။ မန္တလေးမြို့ မဟာဓမ္မိကာရာမတိုက်သို့ ရောက်၍ ရွှေကျင်ဆရာတော် ဘုရားကြီးနှင့် တကွ စာချဆရာတော်များထံ ဂန္ထဓုရအဝဝကို သင်ယူတော်မူခဲ့လေသည်။

## ပန်းတနော်မြို့၌ သီတင်းသုံး သာသနာပြုခြင်း

အရွယ်တော်ရောက် မဟာထေရ်မြောက်သောအခါတွင် အောက်ရပ်ဌာန ပန်းတနော်မြို့ ဒက္ခိဏာဝိဇိတာရာမဝိနယဝါဒီမဟာဗောဓိတိုက်ကို အလှူခံ၍ ယင်းကျောင်းတိုက်၌ သီတင်းသုံး၍ သာသနာတော်ကို ချီးမြှောက်တော်မူခဲ့လေသည်။ "မုတ်ကျွန်း ပန်းတနော် ဆိပ်ကြီးဆရာတော်"ဟု ထင်ရှားတော်မူခဲ့လေသည်။

## ပါတိမောက္ခဝိနိစ္ဆယကျမ်းပြုစုခြင်း

ဆရာတော်သည် "သာသနာလင်္ကာရသဒ္ဓမ္မာဘိဝံသကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ကျောင်းတော်ရာဆရာ

တော်ဘုရားကြီး အရှင်သာသနမဟာထေရ် တောင်းပန်သဖြင့် ဘိက္ခု ပါတိမောက်လာ သိက္ခာပုဒ်တို့၏ အဓိပ္ပါယ်အဆုံးအဖြတ်ကို ပြဆိုရာ ပါတိမောက္ခဝိနိစ္ဆယကျမ်းကို ၁၂၆၀-ပြည့်နှစ်က အပြီးသတ် ပြုစီရင် တော်မူခဲ့လေသည်။ ကျမ်းဦး၌-

၁။ ဗုဒ္ဓါဗုဒ္ဓံ ဝီတရာဂံ၊ ဓမ္မာဓမ္မံ သုဒေသိတံ။
သံဃာသံဃံ ပုညခေတ္တံ၊ ဝန္ဒိတွာ နာဟမာဒရံ။

၂။ ဝိနယေ ကုလပုတ္တာနံ၊ ကောသလ္လတ္ထာယ သာသနေ။
ပါတိမောက္ခဝိနိစ္ဆယံ၊ လိခိဿာမိ ယထာရဟံ။

(၁) အဟံ= ငါသည်။ ဝီတရာဂံ= အရဟတ္တမဂ်ရေအေး စင်အောင်ဆေး၍ ရာဂညစ်ကြေး ကင်းဝေးတော်မူပြီးသော။ ဗုဒ္ဓါဗုဒ္ဓံ= ပစ္စေကဗုဒ္ဓါတို့ထက်မြတ်သော အလုံးစုံသောတရားကို သယမ္ဘူဉာဏ် ဖြင့် သိတော်မူသော မြတ်စွာဘုရားကို။ အာဒရံ= ရိုသေစွာ။ ဝန္ဒိတွာ-ဝန္ဒာမိ= ရှိခိုးပါ၏။ ဝန္ဒိတွာ= ရှိခိုးပြီး၍။ သုဒေသိတံ= ဘုရားရှင် သည် ကောင်းစွာ ဟောတော်မူအပ်သော။ ဓမ္မာဓမ္မံ= လောကုတ္တရာ တရားရှစ်ပါးတို့ထက် လွန်မြတ်သော နိဗ္ဗာန်တရားတော်မြတ်ကို။ အာဒရံ= ရိုသေစွာ။ ဝန္ဒိတွာ-ဝန္ဒာမိ= ရှိခိုးပါ၏။ ဝန္ဒိတွာ= ရှိခိုးပြီး၍။ ပုညက္ခေတ္တံ= ကောင်းမှုတည်းဟူသော မျိုးစေ့တို့၏စိုက်ပျိုးရာ လယ် မြေနှင့်တူစွာသော။ သံဃာသံဃံ= ပုထုဇဉ်သံဃာတို့ထက်လွန်သော ရှစ်ယောက်သော အရိယာသံဃာကို။ အာဒရံ= ရိုသေစွာ။ ဝန္ဒိတွာ- ဝန္ဒာမိ= ရှိခိုးပါ၏။ ဝန္ဒိတွာ= ရှိခိုးပြီး၍။

(၂) သာသနေ= သာသနာတော်၌။ ကုလပုတ္တာနံ= အမျိုး ကောင်းဖြစ်ကုန်သော ဘုရားသားတော်တို့၏။ ဝိနယေ= သုံးလူ့ထွတ် တင် ဘုရားရှင်၏ သက်တော်အမျှ ချစ်လှသော ဝိနည်းပိဋကတ်၌။ ကောသလ္လတ္ထာယ= လိမ္မာစေခြင်းအကျိုးငှာ။ ပါတိမောက္ခဝိနိစ္ဆယံ= ဘိက္ခုပါတိမောက်၏ အဆုံးအဖြတ်ကို။ ယထာရဟံ= ပါဠိ အဋ္ဌကထာ ဋီကာစသည်တို့နှင့် ထိုက်သည်အားလျော်စွာ။ လိခိဿာမိ= ရေးအံ့။

ဟူသော ၂-ဂါထာပါ၌နိဿယဖြင့် ရတနတ္တယပဏာမ ပယောဇဉ် ပဋိညာဉ်ကို ဖော်ပြ၍ ဂန္ထာရမ္ဘပြုတော်မူခဲ့လေသည်။

ကျမ်း၏အဆုံး၌---

ရတနာပုံမင်း နေပြည်တော်ကြီးကို မင်းကျင့်တရားဆယ်ပါးနှင့်အညီ စိုးအုပ်တော်မူသော ပဉ္စမသံဂါယနာတင် နတ်ရွာစံမင်းတရားကြီး သံဃာတော်များ တပည့်သားတို့၏ မှီခိုဆည်းကပ်ကိုးကွယ်ရာ သာသနာပြုဖြစ်တော်မူသော နာနာသိပ္ပသုတဓရေဂန္ထန္တရပညဝန္တ ဗဟုသုတပိဋကတ္တယဝိသာရဒပိဋကတ္တယဆေကပဋိပတ္တိသမ္ပန္နလဇ္ဇီပေသလသိက္ခာကာမသီလဝန္တပညဝန္တသဒ္ဓမ္မမာမကသံသာရဘယဘီရုကဖြစ်တော်မူသော "ဇာဂရာဘိကဝိဇေသဒ္ဓမ္မဝံသဓမ္မသေနာပတိအတုလာဓိပတိသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" အမည်တော်ရှိသော ကျေးဇူးရှင် ရွှေကျင်ဆရာတော်ဘုရားကြီး၏ တပည့်ဖြစ်တော်မူသော ပဉ္စမသံဂါယနာတင် ပါဝင်သော ရွှေဘိုတောင်လက် (ကျည်းကန်ဆရာတော်) မဟာထေရ်ဖြစ်တော်မူသော အရှင်သူမြတ်သည် သာသနာငါးထောင် နေလရောင်ပမာ လွန်စွာထွန်းပခြင်းကို အလိုရှိကြကုန်သော လဇ္ဇီပေသလသိက္ခာကာမသီလဝန္တဖြစ်ကုန်သော သာကီဝင်မင်းသား ဘုရားသားတော်ဖြစ်ကုန်သော အရှင်မြတ်တို့သည် မှတ်သားလေ့ကျက် ဆောင်ရွက်စေခြင်းငှာ မသာမယုတ် အထူးထူးသော ကျမ်းတို့မှ ထုတ်နုတ်၍ ရေးသားတော်မူအပ်သော ဘိက္ခုပါတိမောက်ကို ဖွင့်ကြောင်းဖြစ်သောကြောင့် "ပါတိမောက္ခဝိနိစ္ဆယ"မည်သော ကျမ်းသည် သက္ကရာဇ် ၁၂၆၀-ပြည့်နှစ် ဝါဆိုလဆန်း ၈-ရက်နေ့၌ ပြီးဆုံးခြင်းသို့ ရောက်၏- ဟူသောစကားတစ်ရပ်ဖြင့် အကြောင်းအရာ ပြည့်စုံစွာ ဖော်ပြ၍ နိဂုံးအုပ်တော်မူခဲ့လေသည်။ ယင်းကျမ်းကို ၁၂၉၀-ပြည့်နှစ်က ရန်ကုန်မြို့ ပြည်ကြီးမဏ္ဍိုင်ပိဋကတ်ပုံနှိပ်တိုက်က ရိုက်နှိပ်ခဲ့ရာ ရှိုင်ဆိုက်ဖြင့် စာမျက်နှာ ၇၂၂ ရှိလေသည်။

ယင်းကျမ်းကြီး အတွင်းမျက်နှာဖုံး၌ "မုတ်ကျွန်း ပန်းတနော် ဆိပ်ကြီးဆရာတော်"ဟု ခေါ်ဝေါ်မှည့်အပ် ပညတ်ထင်ပေါ် မထေရ်

ကျော်သည် ဇိနော်သာသနာ ရှည်မြင့်ကြာအောင် တည်ပါစေသား စိတ်လိုလား၍ ကိုးကားကျမ်းဂန် အတန်တန်ကို ရှာကြံနှိုင်းညှိ ဖန်ဖန် ကြည့်၍ သတိရှေ့ထား ရေးသားပြုပြင်စီရင်တော်မူအပ်သော ပါတိ-မောက္ခဝိနိစ္ဆယကျမ်း ပါဠိဆရာဆရာညွှန့်နှင့် ဆရာကိုဘမောင်တို့ ကြီးကြပ်ပြင်ဆင်သည်။ ရန်ကုန်မြို့ ၂၅-လမ်း စာဆိုတန်း တိုက်နံပါတ် ၁၇၊ ၁၈၊ ပြည်ကြီးမဏ္ဍိုင်ပိဋကတ်ပုံနှိပ်တိုက် ၁၂၉၀-ပြည့်နှစ် ကဆုန်လ-ဟု ပါရှိလေသည်။

ပါတိမောက္ခဝိနိစ္ဆယ၊ ဂန္ထောဟိ ဝိညူမာနိတော။
ရွှေကျင်ထေရဿ သိဿေန၊ ယတိနာ ရစိတော အယံ။

◆◆◆

## ပညာလင်္ကာရသိရီဓဇမဟာဓမ္မရာဇာဓိရာဇဂုရုနှင့် ပညာသာမိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ

# ဆရာတော်အရှင်ပညာ

ဖော်ပြပါ ဘွဲ့တံဆိပ်တော် ၃-ထပ်ရ ဆရာတော်အရှင်ပညာ သည်လည်း မဟာဓမ္မိကာရာမတိုက်ကြီး၌ ပညာသင်ကြားတော်မူခဲ့ သည့် ပုဂ္ဂိုလ်မြတ်ဖြစ်တော်မူသည်။

## ဖွားမြင် ရှင် ရဟန်းပြုခြင်း

ရွှေဘိုခရိုင် ဒီပဲရင်းမြို့နယ် ပေါင်းထောင်ကူရွာ၌ သက္ကရာဇ် ၁၂၀၁-ခုနှစ်တွင် မီးရှူးသန့်စင် ဖွားတော်မူခဲ့လေသည်။ မွေးရပ်ရွာကို အစွဲပြု၍ ပေါင်းထောင်ကူဆရာတော်ဟု ထင်ရှားတော်မူလေသည်။

အရွယ်ရောက်သော် ရှင် ရဟန်းပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ ရွှေကျင်နိကာယသမုဒ္ဒာပကဆရာတော်ဘုရားကြီး အရှင်ဇာဂရနှင့် တောင်တော်သာသနာပိုင်ဆရာတော်ဘုရားကြီး စသည်တို့ထံတွင် ပညာသင်ကြား နည်းခံတော်မူခဲ့လေသည်။ တောင်တော်သာသနာပိုင်ဆရာတော်၏ သာသနာမှုရေးရာများကိုလည်း ကူညီရိုင်းပင်း ဆောင်ရွက်တော်မူခဲ့လေသည်။

အနောက်တိုက်တော်၌ တိုက်တည်စမှစ၍ သက်ဆုံးတိုင်သီတင်းသုံးတော်မူ၍ အကြီးအကဲတာဝန်ဖြင့် အနောက်တိုက်တော်သာသနာရောင်ကို ထွန်းပြောင်စေခဲ့သည့်မထေရ်မြတ် ဖြစ်တော်မူ သည်။

## ရာဇာဓိရာဇဂုရု ဘွဲ့ ၂-ထပ်နှင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့ အလှူခံရရှိခြင်း

ဆရာတော်သည် သက္ကရာဇ် ၁၂၆၀-ပြည့်နှစ်တွင် တည်ထောင်သော သကျသီဟအသင်းကြီး၏ ပရိယတ္တိသာသနဟိတဓမ္မာစရိယ (မူလစာချ)အဖြစ်ဖြင့် ကိုးကွယ်မှုကို ခံယူရသည့်ပြင် မာရ်အောင်ရတနာစေတီတော်ဒါယကာ သီပေါမင်းတရား ဆက်ကပ်လှူဒါန်းအပ်သော "ပညာလင်္ကာရသိရီဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော် ၂-တန်ကိုလည်း အလှူခံရရှိတော်မူခဲ့လေသည်။ ၎င်းပြင်အင်္ဂလိပ်မင်းလက်ထက် ပဥ္စမမြောက် ဂျော့ဘုရင်မင်းမြတ်ကိုယ်စားအိန္ဒိယနိုင်ငံ ဘုရင်ခံချုပ် ဆက်ကပ်လှူဒါန်းအပ်သော "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ကိုလည်း အလှူခံရရှိတော်မူခဲ့လေသည်။

## ဆောင်ရွက်ချက်များ

သာသနာပိုင် တောင်တော်ဆရာတော်ဘုရားကြီး၏ သာသနာ့ကိစ္စအချို့တို့ကို ကူညီဆောင်ရွက်ခြင်း, တကျိပ်နှစ်ပါးဂိုဏ်း၏ အဖွဲ့

ဝင်တာဝန်ကို ဆောင်ရွက်ခြင်းအစရှိသည်ဖြင့် သာသနာရေးသာသနာ မှုများတို့ကို ဆောင်ရွက်တော်မူခဲ့လေသည်။

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ဘွဲ့တံဆိပ်တော် ၃-ထပ်ရ ပေါင်းထောင်ကူဆရာတော်အရှင်ပညာသည် သက်တော် ၈၅-နှစ်၊ ဝါတော် ၆၅-ဝါရရှိတော်မူရာ သက္ကရာဇ် ၁၂၈၆-ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁-ရက်နေ့ ညနေ ၄-နာရီ၊ မိနစ် ၅၀-အချိန်တွင် ဘဝနတ်ထံ ဝင်စံပျံလွန်တော်မူခဲ့ လေသည်။

## သံဝေဂယူရန်

အနိမိတ္တ'မနညာတံ၊ မစ္စာနံ ဣဓ ဇီဝိတံ။
ကသိရဉ္စ ပရိတ္တဉ္စ၊ တဉ္စ ဒုက္ခေန သံယုတံ။[၁]

ဣဓ= ဤလောက၌။ မစ္စာနံ= ကြုံလာဖြစ်လာသတ္တဝါတို့၏။ ဇီဝိတံ= အသက်ဇီဝိန်သည်။ ဝါ= အသက်ဇီဝိန်ကို။ အနိမိတ္တံ= အမှတ်နိမိတ်သင်္ကေတ မရှိပါချေ။ ဝါ= ပြုလုပ်ဖွယ်ကိစ္စတွေ ရှိနေသေး၍ မသေပါစေနှင့်ဦးဟု ချိန်းချက်သတ်မှတ်မှု မရှိနိုင်ပါချေ။ အနညာတံ= ဤမျှကြာလျက် အသက်ရှည်အံ့ဟု မည်သူမည်ဝါ ပိုင်ပိုင်မိမိ မသိအပ်နိုင်ပါချေ။ ကသိရဉ္စ= အကြောင်းအရပ်ရပ်တွေ ဆက်စပ်နေသဖြင့် ကာလကြာတည်ရှည်ရန် ခဲယဉ်းလည်းခဲယဉ်းလှချေ၏။ ပရိတ္တဉ္စ= အပ်ပေါ်မုံညင်း မြက်ပေါ်နှင်းတမျှ နည်းငယ်လှလည်း နည်းငယ်လှချေ၏။ တဉ္စ ဇီဝိတံ= ထိုအသက်ဟုသမုတ်နာမ်နှင့်ရုပ်သည်လည်း။ ဒုက္ခေန= ပြောထူများလှ ဆင်းရဲဒုက္ခနှင့်။ သံယုတံ= မပြတ်ထာဝစဉ် ယှဉ်၏။

---

၁။ သုတ္တနိ၊ ၃၇၁။ (သလ္လသုတ်)။

## လေးတန်းဆရာတော်
## အရှင်အာစာရ

လေးတန်းဆရာတော် အရှင်အာစာရသည်လည်း ရွှေကျင်ဆရာတော်ဘုရားကြီး အရှင်ဇာဂရမဟာထေရ်၏ တပည့်ကြီးဖြစ်တော်မူသည်။

## ဖွားမြင် ရှင် ရဟန်းပြုခြင်း

မြင်းခြံခရိုင် တလုပ်မြို့နယ် ကန်တော်ရွာ၌ အဖ-ဦးရွှေဥ၊ အမိ-ဒေါ်မှိုဥတို့မှ သက္ကရာဇ် ၁၂၀၂-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်။ ငယ်မည် မောင်ရွှေတုန်း ဖြစ်လေသည်။ အရွယ်ရောက်သော် ရှင် ရဟန်းပြု သာသနာ့ဝန်ထမ်းဆောင်တော်မူခဲ့လေသည်။

## ရွှေကျင်ဆရာတော်ထံ ရောက်ရှိ
## ပညာသင်ကြားခြင်း

ရဟန်းသိက္ခာ ၁၂-ဝါအရတွင် ရွှေကျင်ဆရာတော်ဘုရားကြီး အရှင်ဇာဂရမဟာထေရ်ထံ ရောက်၍ ပါဠိ အဋ္ဌကထာကျမ်းကြီးများကို သင်ယူတော်မူခဲ့လေသည်။ အုတ်ဖိုဆရာတော်, စံကျောင်းဆရာတော်, မြို့ပြင်ကြီးဆရာတော်တို့အထံ၌ နည်းခံသင်ယူတော်မူခဲ့လေ သည်။ စာပေကျမ်းဂန် ကျွမ်းကျင်တတ်မြောက်သဖြင့် စာပေချပို့ သာသနာချီးမြှောက်တော်မူခဲ့လေသည်။

## လေးတန်းရွာ အဘယာရုံတိုက်၌
## သာသနာပြု ပျံလွန်ခြင်း

၁၂၃၅-ခုနှစ်တွင် လေးတန်းရွာ ဒါယကာမောင်ညို, ဒါယိကာမ ဒေါ်ကင်းတို့ ဆောက်လုပ်လှူဒါန်းသည့် အဘယာရုံကျောင်း

တိုက်ကို အလှူခံ၍ သာသနာပြုတော်မူခဲ့လေသည်။ ၁၂၃၆-ခုနှစ်တွင် ဇင်းအဘယာရုံကျောင်းတိုက်အတွင်း၌ ခဏ္ဍသိမ်ကိုလည်း သမုတ်တော်မူခဲ့လေသည်။ ယင်းကျောင်းတိုက်၌ ရွှေကျင်ဆရာတော်ဘုရားကြီး၏ ဥပနိဿယသြဝါဒအတိုင်း လိုက်နာကျင့်ဆောင် သာသနာပြုယင်း ပျံလွန်တော်မူခဲ့လေသည်။

## သံဝေဂယူရန်

အစ္စယန္တိ အဟော ရတ္တာ၊ ဇီဝိတံ ဥပရုဇ္ဈတိ။
အာယု ခီယတိ မစ္စာနံ၊ ကုန္နဒီနံဝ သြဒကံ။ [၁]

ကုန္နဒီနံ= ကျဉ်းငယ်တုံလစ် မြစ်ချောင်းတို့၏။ သြဒကံ= ရေသည်။ ခီယတိ ဣဝ= ကာလကြာရှည် မတည်ပုံသေ ကုန်ခမ်းလေသကဲ့သို့။ တထာ= ထို့အတူ။ အဟောရတ္တာ= နေ့ညဉ့်တို့သည်။ အစ္စယန္တိ= မုချဧကန် ကုန်လွန်သွားကုန်၏။ မစ္စာနံ= ကြုံလာဖြစ်လာ သတ္တဝါတို့၏။ ဇီဝိတံ= အသက်ဇီဝိန်သည်။ ဥပရုဇ္ဈတိ= ချုပ်၏။ မစ္စာနံ= ကြုံလာဖြစ်လာ သတ္တဝါတို့၏။ အာယု= အသက်သည်။ ခီယတိ= ကုန်၏။

♦♦♦

---

၁။ သံ၊ ၁။ ၁၁၀။

## ဂိုဏ်းချုပ်
## ပတောက်ချောင်းတောရ ဆရာတော်

ပုသိမ်မြို့ ဂိုဏ်းချုပ် ပတောက်ချောင်းတောရ ဆရာတော်ကြီးသည်လည်း ရွှေကျင်နိကာယသမုဋ္ဌာပက ဆရာတော်ဘုရားကြီး အရှင်ဇာဂရ၏တပည့် ဖြစ်လေသည်။

## ဖွားမြင် ရှင် ရဟန်းပြုခြင်း

မုံရွာခရိုင် ကျောက်ကာရွာ၌ အဖ-ဦးရွှေသာ၊ အမိ-ဒေါ်သေးတို့မှ သက္ကရာဇ် ၁၂၀၂-ခုနှစ်၊ တော်သလင်းလဆန်း ၉-ရက်၊ သောကြာနေ့တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်ရောက်သော် ရှင် ရဟန်းပြုသာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။

## ရွှေကျင်ဆရာတော် နည်းခံခြင်း

ရဟန်းဖြစ်ပြီးနောက် မန္တလေးမြို့ မြောက်ပြင် မဟာဓမ္မိကာရာမတိုက်သို့ ရောက်ရှိသီတင်းသုံးကာ ရွှေကျင်နိကာယသမုဋ္ဌာပက ဆရာတော်ဘုရားကြီး အရှင်ဇာဂရထံ ရောက်ရှိသီတင်းသုံးကာ ပဋိပတ် ပဋိပတ်နည်းခံတော်မူခဲ့လေသည်။

## ပတောက်ချောင်းဆရာတော်ဟူ
## ထင်ရှားခြင်း

ပုသိမ်မြို့ ပတောက်ချောင်းရွာ၌ တောရကျောင်း၌ သီတင်းသုံး၍ အရညကင်ဓုတင်, ပိဏ္ဍပတ်ဓုတင်စသည့် ဓုတင်များကို အားထုတ်ကာ ပဋိပတ်အလုပ်ကို ကြိုးစားအားထုတ်၍ သာသနာတော်တွင် ထင်ရှားခဲ့လေသည်။

## ဘဝနတ်ထံ ပျံလွန်ခြင်း

ယင်းသို့ ပဋိပတ်အားထုတ်သော ပုသိမ်မြို့ ပတောက်ချောင်းဆရာတော်ဘုရားကြီးသည် သက်တော် ၈၂-နှစ်၊ ဝါတော် ၆၂-ဝါရရှိရာ သက္ကရာဇ် ၁၂၈၃-ခုနှစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။

## သံဝေဂယူရန်

န ဟိ သော ဥပက္ကမော အတ္ထိ၊ ယေန ဇာတာ န မီယရေ။
ဇရမ္ပိ ပတွာန မရဏံ၊ ဧဝံ ဓမ္မာဟိ ပါဏိနော။ [၁]

ယေန ဥပက္ကမေန= အကြင်လုံးပမ်းကြိုးကုတ် အားထုတ်မှုဝီရိယဖြင့်။ ဇာတာ= ကမ္မဘဝ အကြောင်းဆုံလစ် ဖြစ်လာကြုံလာသတ္တဝါတို့သည်။ န မီယရေ= မသေလွန်ကြကုန်။ သော ဥပက္ကမော= ထိုမသေလွန်နိုင်ကြောင်း လုံ့လဝီရိယကောင်းသည်။ နဟိ အတ္ထိ= မရှိပါချေ။ ဇရံ= သွားကြိုးဆံဖြူ ငယ်မူယိုယွင်း အိုမင်းရင့်ရော်မှည့်ပျော်ခြင်းသို့။ ပတွာပိ= ရောက်၍သော်လည်းကောင်း။ အပတွာပိ= မရောက်၍သော်လည်းကောင်း။ မရဏံ= စုတိပြတ်ကြွေ သေလွန်ခြင်းသည်။ ဟောတိ= မလွဲစင်စစ် ဖြစ်ရချေ၏။ ပါဏိနော= လောကမှီတင်း သတ္တဝါခပင်းတို့သည်။ ဧဝံ ဓမ္မာဟိ= ဤသို့ သေဆုံးခြင်းသဘောရှိကြကုန်သည်သာ။

♦♦♦

---

၁။ သုတ္တနိ။ ၃၇၁။

## အာစာရာရမ္မာသိရီပဝရမဟာဓမ္မရာဇာဓိရာဇဂုရှ ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်အာစာရ

မန္တလေး အရှေ့ပြင် ငါးစို့ဆရာတော် အရှင်အာစာရာရမ္မ သည်လည်း မဟာဓမ္မိကာရာမတိုက်၌ ပညာသင်ကြားတော်မူခဲ့သည့် မထေရ်မြတ် ဖြစ်လေသည်။

## ဖွားမြင် ရှင် ရဟန်းပြုခြင်း

သက္ကရာဇ် ၁၂၀၃-ခုနှစ်လောက်တွင် ဖွားမြင်တော်မူခဲ့လေ သည်။ အရွယ်ရောက်သော် ရှင် ရဟန်းပြု၍ ဘုရားမြတ်စွာသာသနာ့ ဝန်ထမ်းဆောင်တော်မူခဲ့လေသည်။ ဘွဲ့တော် အရှင်အာစာရာရမ္မ ဖြစ်လေသည်။

## မဟာဓမ္မိကာရာမတိုက်ရောက်ရှိ ပညာသင်ခြင်း

သက်တော်အရွယ် နုနယ်စဉ်ကစ၍ မန္တလေးမြို့ မြောက်ပြင် မဟာဓမ္မိကာရာမတိုက်သို့ ရောက်၍ ရွှေကျောင်းဆရာတော်ဘုရားကြီး အရှင်ဇာဂရနှင့် စာချဆရာတော်များထံ ဂန္ထန္တရအဝဝကို သင်ယူတော် မူခဲ့လေသည်။ ၎င်းပြင် ပဋ္ဌိပတ္တိနည်းကိုလည်း နည်းယူတော်မူခဲ့လေ သည်သာမက ပရိသတ်အုပ်ချုပ်နည်းစသည်တို့ကိုပါ နည်းယူတော်မူ ခဲ့လေသည်။

## ငါးစိုတိုက် နာယကဖြစ်ခြင်း ရာဇာဓိရာဇဂုရုတံဆိပ်တော် အလှူခံရရှိခြင်း

ရွှေကျောင်ဆရာတော်ဘုရားကြီးထံ ကျေနပ်လောက်အောင် သာသနာပြုနည်းများကို နည်းခံသင်ယူတော်မူခဲ့ပြီး မန္တလေးမြို့ အရှေ့ပြင်၌ ငါးစိုတိုက် သီးခြားတည်ဆောက်၍ ပရိယတ်, ပဋိပတ်နည်း သာသနာပြုတော်မူခဲ့လေသည်။ ၁၂၄ဝ-ပြည့်နှစ် သီတင်းကျွတ်လပြည့်ကျော် ၁၃-ရက်နေ့တွင် သီပေါမင်းအား ဩဝါဒပေးရသော ဆရာတော် ၁၈-ပါးတွင် ဆရာတော်အရှင်အာစာရာရမ္မလည်း တပါးအပါအဝင် ဖြစ်ခဲ့လေသည်။

၁၂၄၆-ခုနှစ် သက်တော် ၄၃-နှစ်တွင် သီပေါမင်းဆက်ကပ်လှူဒါန်းသည့် "အာစာရာရမ္မသိရီပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်။

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

သီပေါမင်း ပါတော်မူပြီးနောက် ကျယ်ကျယ်ပြန့်ပြန့် သာသနာပြုလိုစိတ်များ လျော့ပါးစိတ်ဓာတ်ကျဆင်းလာကာ ဇာတိချက်ကြွေတောရွာသို့ ပြန်ကြွသီတင်းသုံးရာတွင် ပျံလွန်တော်မူခဲ့လေ သည်။

## သံဝေဂယူရန်

န အန္တလိက္ခေ န သမုဒ္ဒမဇ္ဈေ၊
န ပဗ္ဗတာနံ ဝိဝရံ ပဝိဿ။
န ဝိဇ္ဇတိ သော ဇာတိပ္ပဒေသော၊
ယတ္ထ ဋ္ဌိတံ နပ္ပသဟေယျ မစ္စု။ [၁]

---

၁။ ဓမ္မပဒ၊ ၃၂။ (သုပ္ပဗုဒ္ဓသက္ကျဝတ္ထု)။

အန္တလိက္ခေ= မိုးကောင်းကင်၌။ ဌိတောပိ= ရောက်ရှိတည်နေသောသူသည်လည်း။ မစ္စုနာ= သတ္တဝါဥဿုံ အကုန်သတ်ညှင်းသေမင်းလက်မှ။ န မုစ္စေယျ= ဘယ်နည်းနှင့်မျှ မလွတ်ရာ။ သမုဒ္ဒမဇ္ဈေ= နက်စောက်ပြောကျယ် သမုဒ္ဒရာအလယ်၌။ ဌိတောပိ= ရောက်ရှိတည်နေသောသူသည်လည်း။ မစ္စုနာ= ယုတ်မာစင်းစင်း သေမင်းလက်မှ။ န မုစ္စေယျ= ပုံသေမဖောက် မလွတ်မြောက်ရာ။ ပဗ္ဗတာနံ= ဝေးမြင့်သီခေါင်တောင်တို့၏။ ဝိဝရံ= အကြားအပေါက်သို့။ ပဝိသ= ဝင်ရောက်ပုန်းလျှိုး ခိုအောင်း၍လည်း။ မစ္စုနာ= သေမင်းခေါ်လျင်းသေခြင်းတရားမှ။ န မုစ္စေယျ= မလွတ်မြောက်နိုင်ရာ။ ယတြ-ယသ္မိံ ဇာတိပ္ပဒေသေ= အကြင်အရပ်လောက၌။ ဌိတံ= တည်နေသောသူကို။ မစ္စု= သေမင်းသည်။ နပ္ပသဟေယျ= မညှင်းဆဲ မနှိပ်စက်နိုင်ရာ။ သော ဇာတိပ္ပဒေသော= ထိုလောကအရပ်ခွင်သည်။ [၁] န ဝိဇ္ဇတိ= မုချပုံသေ မရှိပါချေ။

အို- သူတော်မြတ် သတိချပ်လော့၊ ထက်ရပ်အာကာနဘာတခွင် မိုးကောင်းကင်တွင် ကျင်လည်ရောက်ရှိ တည်နေဘိလည်း တစိမညှာ ရာဇာသေမင်း ခွင်းတတ်လျဉ်း၏။ မြစ်မင်းသမုဒ္ဒရာ လယ်ရောက်ပါလည်း ရာဇာသေမင်း နှိပ်စက်ညှင်း၏။ တောင်မင်းသေလာ ခန်းဝါအပေါက် ဝင်ရောက်ခိုမှီး နေတပြီးလည်း လွတ်နည်းမရှိ သေကုန်ဘိ၏။ ဘူရိမြေကြီး လက်ဖြင့်တီးသို့ လွဲလှည်းမရ ဧကန္တတည်း။ မရဏမင်း မညှင်းနိုင်ရာ ရပ်ဒေသာကား ဘယ်မှာတစိမှန်မရှိသည် သတိရှိကြစေကုန်သော်။

♦♦♦

---

၁။ ဇာတိသဒ္ဒါ လောကပေးမှ ပိုကောင်းပါသည်။

## ကဝိန္ဒာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်နှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်ကဝိန္ဒ (မောက်ကြီးဆရာတော်)

ဆရာတော်အရှင်ကဝိန္ဒသည်လည်း မဟာဝမ္ဗိကာရာမတိုက်ကြီး၌ ပရိယတ် ပဋိပတ်နည်းခံခဲ့သည့် မထေရ်မြတ်ဖြစ်တော်မူသည်။

## ဖွားမြင် ရှင် ရဟန်းပြုခြင်း

ရွှေဘိုခရိုင် မောက်ကြီးရွာ၌ သက္ကရာဇ် ၁၂၀၄-ခုနှစ် နယုန်လဆန်း ၁၅-ရက် တနင်္လာနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်ရောက်သော် ကျောင်းနေပညာသင် သာမဏေဝတ် သာသနာ့ဝန်ထမ်းဆောင်တော်မူခဲ့လေသည်။ သက်တော် ၂၀-တွင် ရဟန်းဘာဝဒုလ္လဘကို ရရှိကာ သာသနာ့ဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူခဲ့လေသည်။ မွေးရပ်ရွာကို စွဲ၍ ထေရ်ကြီးဖြစ်သောအခါ မောက်ကြီးဆရာတော်ဟု ထင်ရှားလေသည်။

## ပရိယတ် ပဋိပတ်သင်ကြားဆည်းပူးခြင်း

"ဇာဂရာဘိဝံသဒ္ဓမ္မဝံသဓမ္မသေနာပတိအတုလာဓိပတိသိရီပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" ရွှေကျင်ဆရာတော်ဘုရားကြီး အရှင်ဇာဂရနှင့် "မာလာလင်္ကာရအတုလာဓိပတိသိရီပဝရဓဇဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု" တောင်တော်သာသနာပိုင်ဆရာတော်ဘုရားကြီး အရှင်မာလာ စသည်တို့ထံတွင် စာပေပရိယတ်ကို သင်ကြားတတ်မြောက်ကာ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။

## အနောက်တိုက်တော်၌ သီတင်းသုံးခြင်း

အနောက်တိုက်တော်၌ တိုက်တာတည်ထောင်စမှ စ၍ သက်ဆုံးတိုင် သီတင်းသုံးတော်မူကာ တောင်တော်သာသနာပိုင်, တောင်ခွင်သာသနာပိုင်ဟူသော သာသနာပိုင် ၂-ဆက်တိုင်အောင် သာသနာပိုင်ဆရာတော်တို့၏ သာသနာရေးရာများကို ကူညီပြုလုပ် သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။

## ဆောင်ရွက်ချက်များ

စာပေချပို့ခြင်းကိစ္စများနှင့် တောင်တော်သာသနာပိုင်လက်ထက်တွင် သာသနာပိုင်ကိုယ်စား အဆုံးအဖြတ်များ ရေးသားဆုံးဖြတ်ရခြင်း, တောင်ခွင်သာသနာပိုင်ဆရာတော်၏ သုဓမ္မာတွင် သုဓမ္မာဝင်ဆရာတော်ကြီးအဖြစ် ကိစ္စအဝဝကို ဆောင်ရွက်ခြင်း, တောင်တော်ဆရာတော် ဖွဲ့စည်းခဲ့သော တစ်ကျိပ်နှစ်ပါးဂိုဏ်းကြီး၏ အဖွဲ့ဝင် တာဝန်-စသည်တို့ကို ဆောင်ရွက်ခြင်း-စသည်ဖြင့် သာသနာရေးကိစ္စ လုပ်ငန်းအမျိုးမျိုးကို ဆောင်ရွက်တော်မူခဲ့လေသည်။

## ရာဇာဓိရာဇဂုရုနှင့် အဂ္ဂမဟာပဏ္ဍိတ

ဆရာတော်သည် မာရ်အောင်ရတနာစေတီတော်ဒါယကာ သီပေါမင်းတရားကြီး ဆက်ကပ်လှူဒါန်းအပ်သော "ကဝိန္ဒာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု"[၁] ဘွဲ့တံဆိပ်တော်ကို ရရှိသည့်ပြင် အင်္ဂလိပ်မင်းလက်ထက် အိန္ဒိယဘုရင်ခံချုပ် ဆက်ကပ်လှူဒါန်းအပ်သော "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ကိုလည်း ၁၂၇၆-ခုနှစ်၌ အလှူခံ ရရှိတော်မူသည်။ ပဌမဆုံး "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ် အလှူခံ ရရှိတော်မူသည်။

---

၁။ ကဝိန္ဒာဘိဇမဟာဓမ္မရာဇာဓိရာဇဂုရု။ မူကွဲ။

ယင်းသည့် ၁၂၇၆-ခုနှစ်က ဆရာတော်နှင့်အတူ မန္တလေးမြို့ အနောက်ပြင် ဝိသုဒ္ဓါရုံတိုက်သစ် ဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး အရှင် ဝိသုဒ္ဓ, သုဓမ္မာဝင် မင်္ဂလာစံကျောင်းဆရာတော်ဘုရားကြီး, မန္တလေး မြို့ အနောက်ပြင် စိန်ပန်းကျောင်းသစ်ဆရာတော် အရှင်ဇောတ, မန္တလေးမြို့ အရှေ့ပြင် မဟာဝိသုတာရာမတိုက်တော် ကျောက်ပန်း တောင်းကျောင်းဆရာတော် အရှင်ဂုဏ, ရန်ကုန်ငါးထပ်ကြီးကျောင်း တိုက် ဂိုဏ်းအုပ်ဆရာတော် အရှင်အာသဘ, ရန်ကုန်မြို့ စလင်း တိုက်ဆရာတော် အရှင်သီဟ, မုံရွာမြို့ လယ်တီဆရာတော်ဘုရားကြီး အရှင်ဉာဏ, ရန်ကုန် သံယုတ်ကျောင်းတိုက် သံယုတ်ဆရာတော် ဘုရားကြီး အရှင်ကုမာရာဘိဝံသ, ရန်ကုန်မြို့ အလယ်တောရကျောင်း တိုက် ဂိုဏ်းထောက်ဆရာတော် အရှင်ကောသလ္လ, ပါဠိဆရာကြီး ဦးဖြေတို့လည်း "အဂ္ဂမဟာပဏ္ဍိတ"ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိ ကြကုန်၏။

## တောင်ခွင်သာသနာပိုင် ဆရာတော်ဘုရားကြီး သုဓမ္မာဝင်ဆရာတော်များနှင့် တိုင်ပင်ညှိနှိုင်း၍ သတ်မှတ်ခဲ့သော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကပ်လှူရန် အင်္ဂါများ

(က) "တိပိဋကဓရဂန္ထန္တရကောဝိဒ, ပရိယတ္တိဝိသာရဒ, ပဋိပတ္တိ မာမက- ဟူသော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံလျက် အဆက် - ဆက်ဆောင်အပ်သော ပရမ္ပရာဘတဝိနိစ္ဆယအဆုံးအဖြတ်များ ကို နားလည်ကျွမ်းကျင်ခြင်း။

(ခ) ပါဠိဘာသာဘက်ဆိုင်ရာ ပိဋကတ်ကျမ်းစာပေများကို သင်ကြား အားထုတ်ရာဖြစ်သော စာသင်ကျောင်းတိုက်ကြီး တည်ထောင် ပြီးလျှင် ခိုဝင်ဆည်းကပ်ရောက်ရှိလာသော တပည့်တပန်း

ရဟန်းသံဃာများစွာတို့အား ဆုံးမဩဝါဒပေး၍ ပညာသင်ကြားပေးရန် မွေးမြူစောင့်ရှောက်ထိန်းသိမ်းအုပ်ချုပ်ရသော ဣဿရိယ နာယကဂုဏ်ရှိခြင်း။

(ဂ) အာစရိယလဒ္ဓေါပဒေသ-စသော ဂုဏ်ကျေးဇူးအထူးရှိသဖြင့် အာစရိယပရမ္ပရသိဿာနုသိဿ ဝံသမပျက် အဆက်အနွယ် မပြယ်မပြတ်အောင် တပည့်တပန်း ရဟန်းသာမဏေတို့အား စာပေကျမ်းဂန်သင်ကြားချပို့ခြင်း။

(ဃ) ဆန်း အလင်္ကာ အဘိဓာန် ဗျာကရဏ်းစသော ကျမ်းဂန် တို့၌ မွေလှန်ပြွမ်းတီး တတ်မြောက်ကျွမ်းကျင်ပြီး၍ သာသနာ တော်၏ အကျိုးစီးပွား ထွန်းကားဖြိုးစည် မြင့်ရှည်စွာတည် ကြောင်းကောင်းမြတ်သော ရှေးရှေးသောဆရာကြီးတို့၏ သမာနဝါဒနိဿယကို ကျနစေ့ငု အမှီပြု၍ ကျမ်းဂန်အသစ် ပြုစုရေးသားနိုင်ခြင်း။

(င) လိမ္မာယဉ်ကျေးစေခြင်းနှင့် သဂ္ဂမောက္ခပရာယဏအကျိုးငှာ ရဟန်းရှင်လူတို့အား တရားဓမ္မဟောပြဆုံးမနိုင်ခြင်း။

(စ) ပရိသတ်အလယ် ကြီးခန့်ထယ်၍ ရိုသေလေးမြတ်ဖွယ်သော အရွယ်ဝုမ္ပိ၌ တည်ရှိခြင်း။

(ဆ) ပါတိမောက္ခသံဝရသီလနှင့် ပြည့်စုံခြင်းဟူသော သီလဂန္ထဂုဏ်၊ သမာဓိဂုဏ် ကျမ်းဂန်များကို ရေးသားနိုင်ခြင်းစသော ပညာဂုဏ်။

စသော ဂုဏ်အင်္ဂါအရည်အချင်းနှင့် ပြည့်စုံတော်မူသော သံဃာတော်ရဟန်းတို့အား "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော် လျှုဒါန်းရန်ဟူ၍ တောင်ခွင်သာသနာပိုင် ဆရာတော်ဘုရားကြီးသည် သုဓမ္မာဝင်ဆရာတော်များနှင့် သတ်မှတ်တော်မူခဲ့လေသည်။ (တောင်ခွင်ဆရာတော်၏ စာတမ်းများမှ)။

## အဂ္ဂမဟာပဏ္ဍိတ
## ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်း

ယင်းသို့ သတ်မှတ်ပြီးလျှင် ရှေးရှေးသာသနာပြုမင်းကောင်း မင်းမြတ်တို့လက်ထက် ကျမ်းဂန်တတ်ပုဂ္ဂိုလ်ကျော်တို့အား ဘွဲ့တံဆိပ်တော် ချီးမြှင့်တော်မူကြသည့်နည်းတူ "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်များ လှူဒါန်းဆက်ကပ် ချီးမြှင့်သင့်ကြောင်း တောင်ခွင်သာသနာပိုင်ဆရာတော်ဘုရားကြီးက အစိုးရမင်းတို့ထံ တင်ပြချက်အရ သက္ကရာဇ် ၁၂၇၆-ခုနှစ်မှစ၍ နှစ်စဉ် တစ်နှစ်နှစ်ကြိမ်ကျ ဘုရင်ခံ ချုပ်မင်းထံမှ ဆရာတော် သံဃာတော်တို့အား ဆက်ကပ်လှူဒါန်းရန် ပေးပို့သည့် ဆာနတ်အမိန့်တော်နှင့်တကွ "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ တံဆိပ်တော်များကို ကိုယ်တိုင်ဆက်ကပ်လှူဒါန်းတော်မူခဲ့လေသည်။

ပဌမအကြိမ် "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ကို လှူဒါန်းစဉ်က သာသနာပိုင် တောင်ခွင်ဆရာတော်ဘုရားကြီး ထုတ်ပြန်တော်မူသည့် အမိန့်တော်ကိုလည်း ကြည့်ရှုရာ၏။

## မဟာသံဃရာဇာ
## သာသနာပိုင်ဆရာတော် အမိန့်တော်

မဟာသံဃရာဇာ သာသနာပိုင်ဆရာတော် အမိန့်တော်ရှိသည်. . . အင်္ဂလန် အိုင်ယာလန် စကောတလန်ဟူသော ကျွန်းကြီးများနှင့်တကွ အိန္ဒိယနိုင်ငံကြီးအသျှင် ပဉ္စမမြောက်ဂျော့ဘုရင် ဧကရာဇ်မင်းမြတ်သည် ခမည်းတော် သတ္တမမြောက် ဧဒွက်ဘုရင် ဧကရာဇ်မင်းမြတ်၏ အရိုက်အရာတော်ကို ဆက်ခံတော်မူ၍ တိုင်းပြည်နိုင်ငံအလုံးကို သိမ်းမြန်းတော်မူပြီးလျှင် သက္ကရာဇ် ၁၂၇၃-ခုနှစ် နတ်တော်လတွင် အိန္ဒိယနိုင်ငံ ဒေလီမြို့တော်၌ ရာဇာဘိသေက သဘင်ဆင်ယင်တော်မူဆဲအခါ နိုင်ငံတော်အတွင်း ဝိသေသဂုဏ်ထူး ဖြင့်ထင်ရှားသော ရဟန်းပညာရှိ, လူပညာရှိများသည် မင်းအချီးအမြှောက်

ကို ခံယူရခြင်းတည်းဟူသော ဂုဏ်ကျက်သရေတို့ဖြင့် တင့်တယ်စေရန် သင့်သည်ဖြစ်၍ လစာရိက္ခာတော်နှင့်တကွ ဘွဲ့တံဆိပ် တော်ချီးမြှင့်ကပ်လှူအပ်နှင်းရမည်ဟူသော အမိန့်တော်မြတ်ကို ဦးထိပ်ထက်ဆင်၍ ရွက်ရသော အိန္ဒိယဘုရင်ခံချုပ်မင်းမြတ် အမိန့် တော်ဖြင့် မြန်မာနိုင်ငံကို စီရင်အုပ်ချုပ်တော်မူသော ဘုရင်ခံမင်းက ဆရာတော်ထံ မေးမြန်းရှိသည့်အတိုင်း "အဂ္ဂမဟာပဏ္ဍိတ" ဟူသော ဘွဲ့တံဆိပ်တော်ဖြင့် ချီးမြှင့်သင့်ကြောင်း ပြန်ကြားပြီးနောက် ဘွဲ့တံ ဆိပ်တော်နှင့် ထိုက်တန်သော ရဟန်းပညာရှင်, လူပညာရှင်တို့ကို ရွေးချယ်ပြဌာန်းပြီးလျှင် အိန္ဒိယဘုရင်ခံချုပ်မင်းမြတ်က ချီးမြှင့်ပေးအပ်တော်မူသော ဘွဲ့တံဆိပ်တော်နှင့် ဆာနတ်အမိန့်တော်များကို ဆရာတော်ထံ ပို့သလွှဲအပ်ရှိသည်အရ မန္တလေးမြို့ မဟာမုနိဘုရား ဘဏ္ဍာတော်ထိန်းလူကြီးတို့က ဗုဒ္ဓဘာသာသာသနာတော်ကို ချီးမြှင့်ထောက်ပံ့ခြင်းအားဖြင့် အစိုးရမင်းအလိုတော်နှင့်အညီ ဆရာတော်ညွှန်ပြရာ ပဉ္စမသံဂါယနာတင် မင်းတရားကြီး၏ ကုသိုလ်တော်ဖြစ်သော သတ္တဋ္ဌာနအပါအဝင် မန္တလေးတောင်ခြေရှိ သုဓမ္မာစရပ်တွင် ရှေးအစဉ်အလာရှိသည့်အတိုင်း အခမ်းအနားကျင်းပ၍ မန္တလေးမြို့ မဟာဝိသုဒ္ဓါရာမဆရာတော်၊ သုဓမ္မာမင်္ဂလာစံကျောင်းဆရာတော်၊ သံဃနာယက မောက်ကြိုးဆရာတော်၊ သုဓမ္မာဝင် စိန်ပန်းဆရာတော်၊ သုဓမ္မာဝင် ကျောက်ပန်းတောင်းဆရာတော်၊ ရန်ကုန်မြို့ ဂိုဏ်းအုပ်ဆရာတော် ဦးအာသဘ၊ ကြည့်မြင်တိုင် စလင်းဆရာတော်ဦးသီဟ၊ မုံရွာမြို့ လယ်တီဆရာတော်ဦးဉာဏ၊ ရန်ကုန်မြို့ သံယုတ်ဆရာတော်၊ ထို့ပြင် ဂိုဏ်းထောက်ဆရာတော် ဦးကောသလ္လတို့နှင့် ပါဠိဆရာဦးဖြေတို့အား အစိုးရမင်းတို့ကိုယ်စား ဆရာတော်ချီးမြှင့်ကပ်လှူအပ်နှင်းခြင်း ဖြစ်သည်။

သို့ချီးမြှင့်အပ်နှင်းခြင်း အကြောင်းသော်ကား အရိမဒ္ဒနာမည်သော ပုဂံပြည်ဝယ် နန္ဒဂူဒါယကာ ကျန်စစ်မင်းတရားလက်ထက် သံဃသေနမဟာထေရ်သည် "သံဃသေနဝရပဏ္ဍိတ"ဟူသော ဘွဲ့တံဆိပ်တော်ဖြင့် ထင်ရှားကျော်စောခြင်း၊ မြေးတော်ရွှေဂူဒါယကာ

အလောင်းစည်သူမင်းလက်ထက် ဓာတွတ္တသာရကျမ်းပြုမဟာထေရ်သည် "အဂ္ဂမဟာပဏ္ဍိတ"ဟူသော ဘွဲ့တံဆိပ်တော်ဖြင့် ထင်ရှား ကျော်စောခြင်း၊ မြေးတော်စူဠမဏိစေတီတော်ဒါယကာ နရပတိစည်သူ မင်းလက်ထက် ပဌမအဂ္ဂမဟာပဏ္ဍိတမဟာထေရ်၏တပည့် လောကုပ္ပတ္တိပကာသနီ ကျမ်း ပြု မဟာထေရ်သည် "အဂ္ဂမဟာပဏ္ဍိတ"ဟူသော ဘွဲ့တံဆိပ်တော်ဖြင့် ထင်ရှားကျော်စောခြင်း၊ မြေးတော် ပြဿဒါးစေတီတော် ဒါယကာ ကျစွာ မင်းလက်ထက် ဒုတိယအဂ္ဂမဟာ ပဏ္ဍိတမဟာထေရ်၏တူတော် သဒ္ဒနီတိကျမ်းပြု မဟာထေရ်သည် "အဂ္ဂဝံသအဂ္ဂမဟာပဏ္ဍိတ"ဟူသော တံဆိပ်တော်တို့ဖြင့် ထင်ရှား ကျော်စောခြင်း၊ မြေးတော် မင်္ဂလာစေတီတော် ဒါယကာ နရပတေ့မင်း လက်ထက် နိရုတ္တိနယပါရဂူဖြစ်သော မဟာထေရ်ကို "ဒိသာပါမောက္ခ" ဘွဲ့တံဆိပ်ပေးအပ်ခြင်းစသော မြန်မာ နိုင်ငံတော်အတွင်း မြင်စိုင်း, ပန်းရ, ဇေယျပူရ, ရတနပူရ, ရတနသိခ, အမရပူရ, မန္တလေး ရတနာပုံမြို့တို့တိုင်အောင် ရဟန်းပညာရှိတို့အား "ရာဇဂုရု"ဘွဲ့တံဆိပ်တော် ပေးအပ်ချီးမြှင့်သောထုံးစံ။ ဝိဇယပူရ ပန်းရမြို့ ဆင်ဖြူ လေးစီးရှင် မင်းတရားလက်ထက် အဘိဓာန်ဋီကာကျမ်းပြု "သိရိ စတုရင်္ဂဗလ" ဘွဲ့တံဆိပ်တော်ရ ပညာရှိအမတ်ကြီး၊ အမရပူရမြို့တည် အောင်မြေလောကစေတီတော်ဒါယကာ မင်းတရားလက်ထက် ပေဋ္ဋ- ကာလင်္ကာရနေတ္တိဋီကာသစ်, သာဓုဇ္ဇနဝိလာသိနီသီလက္ခန်ဋီကာသစ် ကျမ်းပြု ချည်ပါရွာစား "မဟာဓမ္မသင်္ကြံ" ဘွဲ့တံဆိပ်တော်ရ ပညာရှိ မင်းတိုင်ပင်အမတ်ကြီး၊ သက္ကဋဗျာကရဏ်းကျမ်းတတ် "ဂေါဝိန္ဒမဟာ ရာဇိန္ဒအဂ္ဂမဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဗာရာဏသီမြို့သား ပြာဟ္မဏပုဏ္ဏားပညာရှိ၊ မန္တလေးရတနာပုံမြို့တည် ပဥ္စမသံဂါယနာ တင် မင်းတရားကြီးလက်ထက် မောဂ္ဂလာန်ဗျာကရဏ်းနိသျည်း, ပရ- မတ္ထမဉ္ဇူသာ, ဝိသုဒ္ဓိမဂ်မဟာဋီကာနိသျည်းကျမ်းပြု "နေမျိုးဓမ္မကျော်သူ" ဘွဲ့တံဆိပ်တော်ရ စာတော်ပြင်ပညာရှိအမတ်၊ သက္ကဋဗျာကရဏ်းကျမ်း တတ် "သိရိစန္ဒပဏ္ဍိတရာဇဂုရု" ဘွဲ့တံဆိပ်ရ ပညာရှိပုဏ္ဏားစာတော် ပြင်စသောအားဖြင့် ရဟန်းပညာရှိ, လူပညာရှိတို့အား ဘွဲ့တံဆိပ်

ချီးမြှင့်အပ်နှင်းသော ထုံးစံများကို ထောက်ထား၍ "ပရိယတ္တိဝိသာရဒ, တိပိဋကဓရ, ပဋိပတ္တိမာမက"ဟူသော ဂုဏ်ထူးဝိသေသရှိသဖြင့် အဆက်ဆက်ဆောင်သော အဆုံးအဖြတ်ကို သိခြင်း၊ အာစရိယ လဒ္ဓေါပဒေသစသော ဂုဏ်ကျေးဇူးရှိသဖြင့် အာစရိယပရမ္ပရ အဆက် အနွယ်မပြတ်အောင် တပည့်သားတို့အား သင်ကြားပို့ချခြင်း၊ ကိုယ် ခန္ဓာသည် ကာလအရှည်မတည် ဂုဏ်ကျေးဇူးသည်သာ ကမ္ဘာပတ်လုံး တည်သည်ဟူသော တရားနှင့်အညီ ဆန်း အလင်္ကာ အဘိဓာန် ဗျာကရုဏ်းဟူသောအရာတို့၌ လိမ္မာကျွမ်းကျင်စွာ အနာဂတ်ကာလ၌ တည်ထွန်းစေခြင်းငှာ ရှေးဆရာမြတ်တို့၏ သမာနုဝါဒကို အမှီပြု ကျမ်းဂန်ပြုစုရေးသားခြင်း၊ အဂ္ဂမောက္ခပရာယနအကျိုးငှာ တရားဓမ္မ ဟောပြောဆုံးမခြင်း၊ စာမရှိမည်သော သားမျိုးသည် မြီးဆံကို ချစ် သကဲ့သို့ အသက်ကဲ့သို့ ချစ်အပ်သော ပါတိမောက္ခသံဝရအဓိသီလ သိက္ခာသာဇီဝသမာပန္နဖြစ်ခြင်းစသော ဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံသည် ဖြစ်သောကြောင့် ရဟန်းပညာရှိဖြစ်လျှင် နှစ်စဉ်ငွေ ၁၀၀ိ/ကျပ်နှင့် ညီမျှသော ဆန်တော်၊ လူပညာရှိဖြစ်လျှင် နှစ်စဉ် ငွေဒင်္ဂါး ၁၀၀ိ/ ကျ လစာရိက္ခာတော်နှင့် "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော် ဆာနတ်အမိန့်တော်များကို ချီးမြှင့်ကပ်လှူအပ်နှင်းခြင်း ဖြစ်သည်။

ဘွဲ့တံဆိပ်ပေးအပ်ခြင်းခံရသော ရဟန်းပညာရှိ, လူပညာရှိ တို့သည်လည်း မြတ်စွာဘုရားဒေသနာတော်ဟူသည် တမလွန်ဟူသော နတ်ရွာနိဗ္ဗာန်အကျိုးကိုသာ ပေးစွမ်းနိုင်သည်မဟုတ်၊ မျက်မှောက် ဝတ္တမာန်၌ဖြစ်သော ကောင်းကျိုးကိုလည်း ပေးစွမ်းနိုင်သဖြင့် သံဒိဋ္ဌိက ဂုဏ်နှင့် ပြည့်စုံလျက် ခပ်သိမ်းသောပညာရှိတို့နှင့် ဆန့်ကျင်ဘက် မထွက်ထိုက်၊ သင့်ရာညီညွတ်ခြင်းများကြောင့် ဒေသနာတော်လာ စာရိတ္တသီလ, ဝါရိတ္တသီလများနှင့် ပြည့်စုံအောင် ရဟန်းရှင်လူတို့အား ဟောပြောဆုံးမဩဝါဒပေး၍ ယဉ်ကျေးသိမ်မွေ့သောအဖြစ်သို့ ရောက် စေလျှင် အစိုးရမင်းတို့ ပညတ်ပြဋ္ဌာန်းအပ်သော နိုင်ငံတော်ဥပဒေ များကို ကျူးလွန်ခြင်းသို့ မရောက်နိုင်၊ ခိုးသားထားပြ မုဒိမ်းတန္တ ပြည်လှေ့ပြည်မွှား မထွက်စေရ၊ အုပ်ချုပ်မှုအရာ ခဲယဉ်းခြင်းကင်း

လျက် တိုင်းပြည်နိုင်ငံ သာယာဝပြောစည်ပင် ရှင်လူရဟန်းတို့ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသုခရကြ၍ သာသနာတော်ပွင့်လင်းထွန်းတောက်မည့် အကျိုးကျေးဇူးများကို လိုလားအပ်သည့်အတိုင်း တပည့်တပန်းရဟန်းသာမဏေ လူဒါယကာအပေါင်းတို့အား အကြားအမြင်များခြင်းဟူသော ဗာဟုသစ္စမင်္ဂလာနှင့် ပြည့်စုံကြောင်း၊ ကိုယ်ကျင့်တရားဟူသော စာရိတ္တသီလ, ဝါရိတ္တသီလများနှင့် ပြည့်စုံကြောင်းများကို မပြတ်မလပ် အားထုတ်ဟောပြောဆုံးမကြရမည့်အကြောင်း အမိန့်တော်ရှိသည်။

ဝိသုဒ္ဓသီလာစာရ
သိရီပဝရဓမ္မသေနာပတိမဟာသံဃရာဇာ
သာသနာပိုင်ဆရာတော်
မန္တလေးတောင်ခြေ သုဓမ္မာဇရပ်တော်
၁၂၇၇-ခုနှစ်
တန်ဆောင်မုန်းလဆန်း ၁-ရက်။ [၁]

*** ♦ ***

---

၁။ မဟာသံဃရာဇာ သာသနာပိုင်ဆရာတော် ထုတ်ဆင့်တော်မူသည့် ဥပဒေနှင့် အရပ်ရပ်အမိန့်တော်စာတမ်း။ ၆၉၊ ၇၂။

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ မောက်ကြီးဆရာတော်ဘုရားကြီး အရှင်ကဝိန္ဒသည် သက်တော် ၈၂-နှစ်ရှိရာ ၁၂၈၅-ခုနှစ်၊ တပို့တွဲလဆန်း ၁-ရက်နေ့ည ၈-နာရီ၊ မိနစ် ၃၀-အချိန်တွင် အနောက်တိုက်တော်၌ပင် စုတိကမ္မဇရုပ်ချုပ် ပျံလွန်တော်မူခဲ့လေသည်။

## သံဝေဂယူရန်

**အစ္စယန္တိ အဟောရတ္တာ၊ ဇီဝိတံ ဥပရုဇ္ဈတိ။**
**အာယုက္ခီယတိ မစ္စာနံ၊ ကုန္နဒီနံဝ ဩဒကံ။**

ကုန္နဒီနံ= ကျဉ်းငယ်တုံလစ် မြစ်ချောင်းတို့၏။ ဩဒကံ= ရေသည်။ ခီယတိ ဣဝ= ကာလကြာရှည် မတည်ပုံသေ ကုန်ခမ်းလေသကဲ့သို့။ တထာ= ထို့အတူ။ အဟော ရတ္တာ= နေ့ညဉ့်တို့သည်။ အစ္စယန္တိ= မုချဧကန် ကုန်လွန်သွားကုန်၏။ မစ္စာနံ= ကြုံလာဖြစ်လာ သတ္တဝါတို့၏။ ဇီဝိတံ= အသက်ဇီဝိန်သည်။ ဥပရုဇ္ဈတိ= ချုပ်၏။ မစ္စာနံ= ကြုံလာဖြစ်လာ သတ္တဝါတို့၏။ အာယု= အသက်သည်။ ခီယတိ= ကုန်၏။

♦♦♦

## ဉာဏာဘိလင်္ကာရကဝိဓဇမဟာဓမ္မရာဇဂုရု
## ဉာဏာဘိဓဇသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု
## ဘွဲ့တံဆိပ်တော်ရ
## ဆရာတော် အရှင်ဉာဏ

ဆရာတော်သည်လည်း မဟာဓမ္မိကာရာမရွှေကျင်တိုက်မ၌ ပရိယတ်, ပဋိပတ်နည်းယူနည်းပေး သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့သော မဟာထေရ်မြတ်ဖြစ်တော်မူသည်။ တောင်တော်သာသနာပိုင်၏ အရာရာ၌ မိမိနှင့်ထပ်တူထား၍ လွှဲအပ်ချီးမြှောက်ခြင်း ခံရသော မထေရ်မြတ်လည်း ဖြစ်တော်မူသည်။

### ဖွားမြင်တော်မူခြင်း

ရွှေဘိုမြို့ တောင်ဖက် ၈-မိုင်မျှဝေးကွာသော ကြေးသီးကုန်းရွာ၌ အဖ-ဦးမှိုင်း, အမိ-ဒေါ်နှင်းခက်တို့မှ သက္ကရာဇ် ၁၂၀၄-ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂-ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်တော်မူခဲ့ လေသည်။ ဆရာတော်၏ ငယ်နာမည်မှာ မောင်ငြိမ်း ဖြစ်လေသည်။

### ထူးခြားပုံ

မောင်ငြိမ်း၌ မွေးစဉ်ကပင် အထက်သွား ၂-ချောင်း၊ အောက်သွား ၂-ချောင်းအားဖြင့် သွားလေးချောင်းပေါက်လျက် ပါရှိလေသည်။ ၎င်းသွားလေးချောင်းတို့မှာ ငယ်သွားလဲချိန်တန်သော် လည်း မကျိုးမလဲပဲ ပကတိအတိုင်း တည်ရှိကုန်၏။ ဝါဟာရသက် တော် ၈၇-နှစ်၊ သဝနသက်တော် ၈၈-နှစ်ပတ်လုံး၊ သွား ၃၂-ချောင်းတို့မှာ ကျိုးကြွေခြင်း မရှိပါကုန်။

## ကျောင်းနေ သာမဏေဝတ်

၁၀-နှစ်သားကျော်စ အရွယ်လောက်ကပင် မိဖတို့က ကြေးသီးကုန်းရွာကျောင်း ဆရာတော်အရှင်ပဏ္ဍိတထံတွင် အပ်နှံ၍ ပညာသင်ကြားစေသဖြင့် ပညာသင်ကြားတော်မူခဲ့လေသည်။ ပဌမ သံဂါယနာတင် မင်းတုန်းမင်းတရားလက်ထက်၌ မိဖတို့က ပဗ္ဗဇ္ဇ မင်္ဂလာသဘင် ဆင်ယင်ကျင်းပကာ သာသနာ့ဘောင်သို့ သွတ်သွင်း ချီးမြှောက်ကြသဖြင့် ဆရာတော်အရှင်ပဏ္ဍိတထံ၌ သာမဏေပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ ဆရာတော်အရှင် ပဏ္ဍိတက ရှင်ဉာဏ-ဟူသော ဘွဲ့နာမည်ကိုလည်း ပေးအပ်မှည့်ခေါ် လေသည်။

## အရှင်ယောသနှင့် အရှင်ဒေသိထံ ပညာသင်

ဥပဇ္ဈာယ်ဆရာတော် အရှင်ပဏ္ဍိတ ရွာကျောင်း ငြီးငွေ့သဖြင့် တောရကျောင်းသို့ ပြောင်းရွှေ့သီတင်းသုံးသောအခါ အရှင် ယောသ- အား ကျောင်းတိုက်ကို လွှဲအပ်ခဲ့လေသည်။ ထိုအခါ အရှင် ဉာဏသည် အရှင်ယောသ-ထံ၌ ပညာသင်ကြားရလေသည်။ တဖန် အရှင်ယောသသည် အရှင်ဒေသိ အရှင်မြတ်အား ကျောင်းတိုက်ကို လွှဲအပ်ပြန်သဖြင့် ရှင်ဉာဏသည် အရှင်ဒေသိ-ထံ၌ ပညာသင်ကြားရ ပြန်လေသည်။

## ခေါ်တော မန်ကျည်းတော အရှင်ဇိနထံသို့

တဖန် သက်တော် ၁၇-နှစ်သားရှိပြီဖြစ်သော သာမဏေ ရှင်ဉာဏသည် ရွှေဘိုမြို့ တောင်လက် ခေါ်တောရွာ မန်ကျည်းတော ကျောင်းဆရာတော် အရှင်ဇိန-ထံ၌ ပြောင်းရွှေ့၍ တနွေသီတင်းသုံး ကာ ပညာသင်ကြားခဲ့လေသည်။

## ဦးအုံး တောကျောင်းနေခြင်း
## အရှင်ရေဝတနှင့် ရင်းနှီးခဲ့

တဖန် မန်ကျည်းတောရွာမှ အနောက်ဖက် ဦးအုံးတောရကျောင်း၌ မိုးလပတ်လုံး သီတင်းသုံးနေထိုင်တော်မူခဲ့လေသည်။ ယင်းသို့ နေထိုင်စဉ် ဦးအုံးတောရကျောင်း အရှေ့မြောက်ဖက် ဝတ်ရုံကျောင်း တိုက်၌နေသော ဘေးမဲ့ဆရာတော်လောင်းလျာ အရှင်ရေဝတနှင့် ရင်းနှီး ချစ်ကျွမ်းဝင်သော မိတ်ဆွေဖြစ်ခဲ့လေသည်။

## ရွှေကျင်ဆရာတော်ထံသို့

သက်တော် ၁၈-နှစ်ရှိပြီဖြစ်သော ရှင်ဉာဏသည် မန္တလေးတောင် မြောက်ဖက်၌တည်ရှိသော ရွှေကျင်တိုက်မ၌ ဝုရနှစ်ပါး ပွားများအားသစ်၍ သီတင်းသုံးတော်မူသော ရွှေကျင်ဆရာတော်ဘုရား ကြီး အရှင်ဇာဂရထံ ရောက်ရှိ၍ ၂-နှစ်ကြာမျှ သီတင်းသုံးတော်မူကာ ပါဠိ အဋ္ဌကထာ ဋီကာတို့ကို သင်ယူတော်မူခဲ့လေသည်။ တဖန် တရား ကျင့်ကြံနည်းကို ဆည်းပူးတော်မူခဲ့လေသည်။

## ရဟန်းဘဝ ဒုလ္လဘကို ရခြင်း

သက်တော် ၁၉-နှစ်၊ ၅-လရှိရာ သက္ကရာဇ် ၁၂၂၄-ခုနှစ်၊ နယုန်လဆန်း ၁၀-ရက်နေ့တွင် ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သော ကြေးသီးကုန်းရွာသို့ ပြန်ကြွတော်မူပြီး သီးလုံးဆရာတော် အရှင်စန္ဒိမာ ကြီးမှူးသမုတ်အပ်သော သိမ်တော်၌ မိဖနှင့် ဉာတိတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရွှေကျင်ဆရာတော်ဘုရားကြီး အရှင်ဇာဂရကို ဥပဇ္ဈာယ် ပြု၍ ရဟန်းဘဝဒုလ္လဘကို ရရှိတော်မူခဲ့လေသည်။

ဥပဇ္ဈာယံ ကရိတွာန၊ ဇာဂရံ ဇာဂရေယုတံ။
ဒုလ္လဘံ အလဘီ မိရော၊ ဉာဏော ဉာဏေန သံယုတော။

## ဆက်လက်ပညာသင်

ရဟန်းဖြစ်ပြီးနောက် မန္တလေးမြို့သို့ ပြန်ကြွတော်မူ၍ မန္တလေးတောင် မြောက်ဖက်ရှိ ရွှေကျင်တိုက်၌ပင် တစ်နှစ်သီတင်းသုံးတော်မူ၍ ဥပဇ္ဈာယ် ရွှေကျင်ဆရာတော်ဘုရားကြီးထံ ဝိနည်းအဆုံးအဖြတ်များနှင့်တကွ ပါဠိ အဋ္ဌကထာ ဋီကာကျမ်းများကို သင်ယူတော်မူခဲ့လေသည်။ ၎င်းနောက် မှန်ကျောင်းဆရာတော်လောင်းလျာ အရှင်ဉာဏဝံသနှင့် အတူတကွ အောက်ရွာဌာနီ အုတ်ဖိုမြို့သို့ ကြွရောက်၍ ဒွါရနိကာယသမုဋ္ဌာပကဆရာတော် အရှင်ဥက္ကံသ-ထံ ၂-နှစ်တိုင် ပညာသင်ကြားတော်မူခဲ့လေသည်။ အရှင်ဉာဏဝံသနှင့် အတူပင် မန္တလေးမြို့သို့ ပြန်ကြွတော်မူခဲ့ပြီး မန္တလေးမြို့ မြောက်ပြင် မတ္တရာတိုက် ပဋ္ဌမမတ္တရာဆရာတော် အရှင်သုဇာတ-ထံ တစ်နှစ် ပညာသင်ကြားတော်မူခဲ့လေသည်။

## တောင်တော်ဆရာတော်ထံသို့

မတ္တရာတိုက်၌ တစ်နှစ်သီတင်းသုံးပြီးနောက် တိုက်တော်တိုက်သို့ ကြွရောက်တော်မူ၍ တောင်တော်သာသနာပိုင်ဆရာတော် အရှင်မာလာ-ထံ၌ နှစ်နှစ်တိုင် ပညာသင်ကြားဆည်းပူးတော်မူခဲ့လေသည်။ တဖန် အလုံမြို့ အရှေ့ဘက်တိုက် မင်းရွာတိုက်တော်၌ သီတင်းသုံးတော်မူသော မင်းရွာဆရာတော် အရှင်ဇာဂရ-ထံ တစ်နှစ် ပညာသင်ကြားခဲ့သေးသည်။ ၎င်းနောက် သခင်မတောင်တော်တိုက်၌ သီတင်းသုံးတော်မူခဲ့လေသည်။

## မိုးကောင်းတိုက်၌ သီတင်းသုံးခြင်း

၎င်းနောက် အရှင်ဉာဏသည် မန္တလေးမြို့ အနောက်ပြင် မိုးကောင်းတိုက်၌ ကြွရောက်တော်မူ၍ မင်းတုန်းမင်းတရားကြီး ပင့်

ထားအပ်သော သံဃာတော် ၇၀-ခန့်တို့နှင့် အရှင်ဉာဏဝံသ-ထံ ၂-နှစ်တိုင် ဆက်လက်ပညာသင်ကြားတော်မူခဲ့လေသည်။ [၁]

## ရခိုင်ပြည် သာသနာပြုကြွ

"ဥဒ္ဒေ ယျဓမ္မာဘိဝံသသိရီပဝရာလင်္ကာရဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု"စသော ဘွဲ့တံဆိပ်တော်သုံးထပ်ရ နတ်ရဲတောင် သာသနာပိုင်ဆရာတော်ဘုရားကြီးနှင့် မင်းတုန်းမင်းတရားကြီး၏ အမိန့်ရှိလျှောက်ထားချက်အရ တောင်တော်ဆရာတော်နှင့် သံဃာတော် ၁၀-ပါး, ရွှေကျင်တိုက်မှ ဆရာတော်အရှင်သောမနှင့် ၁၀-ပါး, ယောမင်းကြီးဦးဘိုးလှိုင်တိုက်နေ မြတောင်ဆရာတော်နှင့် သံဃာတော် ၅-ပါး။ ပေါင်း သံဃာတော် ၂၅-ပါးတို့သည် ဒါယကာ မောင်ရိုးနှင့်တကွ ရခိုင်ပြည်သို့ ကြွရောက်၍ ၅-လကြာမျှ သာသနာ တိုးတက်ကြီးပွားရေးကို ပြုလုပ်ဆောင်ရွက်တော်မူခဲ့လေသည်။ ထိုစဉ် က ကြေးသီးကုန်းဆရာတော်လောင်းလျာ အရှင်ဉာဏသည် တောင်တော်ဆရာတော်ဘုရား၏ ပစ္ဆာသမဏဖြစ်၍ လိုက်ပါတော်မူခဲ့လေ သည်။

သာသနဇောတကတ္ထာယ၊ ပုရံ ရက္ခင်္ဂနာမကံ။
အဂစ္ဆုံ တေ မဟာထေရာ၊ တောင်တော်အာစေရမာဒယော။
တဒါ အဗ္ဘန္တရော အာသိ၊ ဉာဏော ဉာဏေန သံယုတော။

## မိုးကောင်းတိုက်၌ ၅-နှစ်ကြာ သီတင်းသုံးတော်မူခဲ့ခြင်း

ကြေးသီးကုန်းဆရာတော်လောင်းလျာ အရှင်ဉာဏသည် မှန်ကျောင်းဆရာတော်လောင်းလျာ အရှင်ဉာဏဝံသနှင့် အတူတကွ

---

၁။ ကြေးသီးကုန်း မဟာထေရုပ္ပတ္တိ။ ၁၇-ကြည့်။

မိုးကောင်းကျောင်းတိုက်၌ သီတင်းသုံးခဲ့သည်မှာ ၅-၀ါတိုင် ကြာမြင့်ခဲ့လေသည်။ ဆရာတော်အရှင်ဉာဏဝံသအား မှန်ကျောင်းတိုက်ကို တင်လျှောသောအခါ အရှင်ဉာဏဝံသသည် မိမိ၏တပည့် ရှင်ရဟန်းတို့နှင့်တကွ ရွှေကျင်ငါးတိုက်ဆရာတော် အရှင်ဝိဇယထံ၌ ခဏ သီတင်းသုံးတော်မူခဲ့လေသည်။

## အနောက်တိုက်တော် တိုက်အုပ်ဖြစ်ခြင်း

ပဉ္စမသံဂါယနာတင် ဘ၀ရှင်မင်းတရားကြီး နတ်ရွာစံသဖြင့် သီပေါမင်းတရား အထွတ်အထိပ်သို့ရောက်၍ မကြာမြင့်မီ တိုင်းတာမင်းကြီးက မင်းညီမင်းသားတို့ ပညာသင်ကြားရာ ကျောင်း၀င်းခြံတည်ရာ၌ တိုက်တော်အဖြစ် တိုက်ကြီးတစ်လုံးတည်ထောင်၍ တောင်တော်ဆရာတော်အား တင်လျှောလေသည်။ ထိုအခါ တောင်တော်ဆရာတော်က မှန်ကျောင်းနာယကဆရာတော် အရှင်ဉာဏဝံသ, ဆရာတော်အရှင်ဉာဏတို့ကို မိမိနှင့်အတူနေထိုင်ရန် မိန့်ခေါ်လေ သည်။ ယင်းသို့ မိန့်ခေါ်သဖြင့် ဆရာတော်အရှင်ဉာဏသည် အနောက်တိုက်တော်၌ ရွှေ့ပြောင်း၍ သီတင်းသုံးတော်မူရလေသည်။ တောင်တော်ဆရာတော်က တိုက်တော်တိုက်အုပ်အဖြစ်လည်း ခန့်အပ်တော်မူလေသည်။

## ကြေးသီးကုန်းဆရာတော်ဟူ၍ ကျော်ကြားခြင်း

ယင်းသို့ တိုက်တော်တိုက်အုပ်ဖြစ်သောအခါ တိုက်တော်တိုက်အုပ်ဆရာတော်, တိုင်းတာတိုက်အုပ်ဆရာတော်, ကြေးသီးကုန်းဆရာတော်ဟူ၍ နာမည်နှစ်မျိုးဖြင့် ကျော်စောထင်ရှားခဲ့လေသည်။

## သံဃာတော် ၁၂၀-ကျော်

ထိုစဉ်က အနောက်တိုက်တော်၌ သံဃာတော် ၁၂၀-ကျော်မျှ ရှိလေသည်။ ကြေးသီးကုန်းဆရာတော် အရှင်ဉာဏသည် စာပေချပို့ခြင်း, တိုက်တာအုပ်ချုပ်ခြင်းစသည့် သာသနာရေးသာသနာ မှုများကို ပြုလုပ်တော်မူရလေသည်။

## ရာဇဂုရု, ရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်နှစ်ထပ် အလှူခံရရှိခြင်း

ကြေးသီးကုန်းဆရာတော်သည် မာရ်အောင်ရတနာစေတီ တော်ဒါယကာ သီပေါမင်းတရား ဆက်ကပ်လှူဒါန်းသော "ဉာဏာဘိ လင်္ကာရကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်နှင့် "ဉာဏာ ဘိဓဇသိရီပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" ဟူသော ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်။

## သာသနာပိုင်နှင့် ထပ်ကြပ်မကွာ

တိုက်အုပ်ဆရာတော် အရှင်ဉာဏသည် တောင်တော်သာသနာ ပိုင်ဆရာတော်၏ ကိစ္စများကို ကူညီပြုလုပ်ရသည်။ နန်းတော်တွင် စည်းဝေးရာအခါ [၁] သာသနာပိုင်ဆရာတော် ပြည်, ဟင်္သာတ, ညောင်တုန်း, ကျိုက်ပိ, ရန်ကုန်စသော အောက်ရပ်ဌာနီသို့ ကြွတော်မူသောအခါတို့၌ လိုက်ပါ၍ သာသနာရေးကိစ္စများကို သာသနာပိုင်၏ အတွင်းရေးမှူးပမာ ဆောင်ရွက်ပြုလုပ်တော်မူရလေသည်။ တခါတရံ အတူမပါပဲ တိုက်တာ၌ကျန်ရစ်ကာ သာသနာရေးရာများကို ပြုလုပ်ရသောအခါလည်း ရှိသေး၏။

---

၁။ ကုန်းဘောင်ဆက်။ ၃၊ ၆၅၁။

ပါဒေ ပါဒ်'နုဗန္ဓော၀၊ သံဃရာဇမုပဋ္ဌကံ။
အကာ ဗဟုမ္ပိ ကိစ္စံ သော၊ ဇိနစက္ကဝိရုဠိယာ။

## တကျိပ်နှစ်ပါး ဂိုဏ်းဝင်

၁၂၅၆-ခုနှစ် နတ်တော်လဆန်း ၈-ရက်နေ့မှစ၍ တည်ရှိခဲ့သော တကျိပ်နှစ်ပါးသော သာသနာပြုဂိုဏ်းကြီး၏ အဖွဲ့ဝင်ဆရာတော်ဖြစ်၍လည်း သာသနာကိစ္စကို ဆောင်ရွက်တော်မူခဲ့လေသည်။

## ရတနာဂီရိသို့ ကြွတော်မူခြင်း

သက္ကရာဇ် ၁၂၆၉-ခုနှစ်တွင် သမီးတော်များ နားထွင်းမင်္ဂလာတွင် ရတနာဂီရိစံ သီပေါမင်းတရား ပင့်လျှောက်သဖြင့် အိန္ဒိယနိုင်ငံ ရတနာဂီရိသို့ ကြွတော်မူ၍ အရက် ၄၀-ကြာမျှ ရတနာဂီရိ၌ သီတင်းသုံးတော်မူ၍ သီပေါမင်းတရားအား တရားဓမ္မချီးမြှောက်တော်မူခဲ့လေသည်။ ထိုစဉ်က ကြွတော်မူသောဆရာတော်တို့မှာ-

၁။ ရေဝတာဘိလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု
တံဆိပ်တော်ရ ဘေးမဲ့ဆရာတော်၊

၂။ အာစာရာဘိဝံသမဟာဓမ္မရာဇာဓိရာဇဂုရု
တံဆိပ်တော်ရ မိုးကောင်းဆရာတော်၊

၃။ ကဝိန္ဒာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု
တံဆိပ်တော်ရ မောက်ကြီးဆရာတော်၊

၄။ ဉာဏာဘိလင်္ကာရကဝိဇမဟာဓမ္မရာဇဂုရု၊
ဉာဏာဘိဇသိရီပဝရမဟာဓမ္မရာဇာဓိရာဇဂုရု
တံဆိပ်တော်ရ ကြေးသီးကုန်းဆရာတော်၊

၅။ ပင်းသာမင်းသမီး၏ဆရာတော်ကလေး အရှင်သီဟ-တို့ ဖြစ်ကုန်၏။

ရေ၀တော အာစာရော စေ၀၊ ကဝိန္ဒော ဉာဏပဏ္ဍိတော။
သီဟောတိ ထေရကုဋ္ဌရာ၊ အဂမုံ ရတနာဂိရိံ။

## ကြေးသီးကုန်းပြန်၍ ဝါဆိုခြင်း

ဆရာတော်သည် သက်တော် ၇၀-ပြည့်သောနှစ်တွင် မိမိ၏ ဇာတိဌာနေ မွေးရပ်မြေဖြစ်သော ကြေးသီးကုန်းရွာသို့ ကြွတော်မူ၍ ဆွေမျိုးဉာတိအပေါင်းတို့အား တရားဓမ္မဟောပြဆုံးမချီးမြှောက်ယင်း တဝါ သီတင်းသုံးတော်မူခဲ့လေသည်။

## မဟာသံဃသာမဂ္ဂီအဖွဲ့ ဥက္ကဋ္ဌ တာဝန်

သက္ကရာဇ် ၁၂၈၃-ခုနှစ်တွင် တည်ထောင်ခဲ့သော မဟာ သံဃသာမဂ္ဂီအဖွဲ့ကြီး၏ ဒုတိယဥက္ကဋ္ဌတာဝန်ကို ၁၂၈၃-ခုနှစ်ကပင် စတင်ဆောင်ရွက်တော်မူခဲ့၍ ၁၂၈၉-ခုနှစ်တွင် မဟာသံဃသာမဂ္ဂီ အဖွဲ့၏ဥက္ကဋ္ဌ ဘေးမဲ့ဆရာတော်ဘုရားကြီး (ရေ၀တာဘိကဝိဇမဟာ ဓမ္မရာဇဂုရု, ရေ၀တာလင်္ကာရသာသနဝံသသိရီပ၀ရမဟာဓမ္မရာဇာဓိ ရာဇဂုရု) ပျံလွန်တော်မူသဖြင့် သက်ဆိုင်ရာတို့၏ လျှောက်ထားချက် အရ မဟာသံဃသာမဂ္ဂီအဖွဲ့ကြီး၏ ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင် တော်မူခဲ့လေသည်။ ထိုထိုမြို့ရွာနယ်ပယ် အစည်းအဝေးများသို့လည်း ကြွရောက်တော်မူ၍ သြဝါဒပေးခြင်း, မိန့်ခွန်းမြွက်ကြားခြင်းစသည် တို့ကို ပြုလုပ်တော်မူရလေသည်။

မြန်မာပြည်လုံးဆိုင်ရာ မြန်မာအသင်းချုပ်ကြီး၏ တေရသမ (၁၃-ကြိမ်မြောက်)နှစ်ပတ်လည် ကွန်ဖရင့်အစည်းအဝေးကြီး၌ ကြေး သီးကုန်းဆရာတော်နှင့် သက်ပန်းဆရာတော်တို့ မြွက်ကြားအပ်သည် ကို မိန့်ခွန်း ဤ၌ ဖော်ပြအပ်ပါသည်။

အထူးတိုက်တွန်းနှိုးဆော်လိုက်သည် မြန်မာနိုင်ငံအတွင်း ရှိ သံဃသာမဂ္ဂီဆရာတော်သံဃာတော်များနှင့် ဝံသာနု-ရက္ခိတ အသင်းသူအသင်းသားအပေါင်း သူတော်ကောင်း တို့---

သာသနာတော်လုံးဆိုင်ရာ သံဃအဖွဲ့ချုပ်ကြီးက သာ သနာတော်နှင့်တကွ ဗုဒ္ဓဘာသာလူမျိုးများ တရားသဖြင့် တည်တံ့ကြီးပွားချမ်းသာကြရန် စီမံဆောင်ရွက်ဆဲတွင် မောင် ချစ်လှိုင်စသော လူတစုက သံဃာ့အဖွဲ့ချုပ်ကြီးဩဝါဒကို မနာယူ ငြင်းဆံကျူးလွန်ရုံမျှမက သံဃာ့သာမဂ္ဂီအဖွဲ့ ဝံသာနု ရက္ခိတအသင်းများ ယောင်မှားပျက်ပြားအောင် အတူပြိုင် အစည်းအဝေးခေါ်ခြင်း၊ ဖြားယောင်းသွေးဆောင်ပြုလုပ်နေ ခြင်းများကို ကြားသိတော်မူသောကြောင့် သံဃာ့အဖွဲ့ချုပ် ဥက္ကဋ္ဌ ဘေးမဲ့ဆရာတော်ဘုရားကြီးက သက္ကရာဇ် ၁၂၈၇-ခုနှစ် သီတင်းကျွတ်လ တောင်ငူမြို့ မောင်ချစ်လှိုင်တို့ ဒိုင်အာကီ အားပေးသော အစည်းအဝေးသို့ မသွားကြရန် အမိန့်ထုတ်ပြန် ခဲ့သည့်ပြင် တောင်တွင်းကြီးမြို့နယ်ရှိ မောင်ချစ်လှိုင်က ပရိယာယ်အမျိုးမျိုးဖြင့် လှည့်ပတ်ဖျားယောင်း လျက်ရှိကြောင်းနှင့် အချို့အမှုဆောင် ဆရာတော်များကို မသမာလာရောက် လျှောက်ထားကြားသိတော်မူ၍ ထိုသို့ မယောင်မှား မလိုက်ပါပဲ ဗဟိုရ်အမှုဆောင် ဆရာတော်ကြီးများက တရားသဖြင့် စီမံ ဆောင်ရွက်ရာကိုသာ လိုက်နာကြရန် ၁၂၈၇-ခုနှစ် တပေါင်း လပြည့်နေ့ကလည်း အမိန့်တော် ထုတ်ပြန်ခဲ့လေပြီ။

ငွေရေးကြေးရေးနှင့်ပတ်သက်၍ ပျဉ်းမနားမြို့ သာ- သနာတော်လုံးဆိုင်ရာ အထူးသံဃာ့ကွန်ဖရင့်ကြီးတွင် ရှင်း လင်းကြေငြာပြီးဖြစ်သော်လည်း မတရားကြော်ငြာစာများ

---

၁။ မြန်မာနိုင်ငံတော်မှတ်တမ်း။ ၃။ ၁၁၅။

တကြိမ်နှင့်တကြိမ်မတူ အကြိမ်ကြိမ်ကွဲလွဲကြော်ငြာခြင်းဖြင့် ဖြန့်ဝေခဲ့ကြသည့်အတွက် မိတ္ထီလာသံဃာ့ကွန်ဖရင့်ကြီး၌ ရှင်းလင်းပြောဆိုကြရာ တောင်ငူစီရင်စု သောင်းတိုင်ကုန်း ကွင်းကျောင်းဘုန်းကြီးနှင့် မန္တလေးမြို့ အညမညသမ္ဗန္ဓ သံဃာ့အဖွဲ့များမှာ အခြေအမြစ်မရှိ ဝိနည်းနှင့်မဆိုင် အပြစ်မဲ့အပြစ်ရှာ ပြောဆိုကြော်ငြာသူများဖြစ်ကြောင်း ထင်ရှားသိသာခဲ့လေပြီ။

ဂျီ-စီ-ဘီ-အေ-ငွေများကို မတရားသုံးပြုန်သည့်ပြင် ဝဝန်ရေကာတာ ကျိုးပေါက်သည့်အခါ ရေဘေးအတွက် အသက်မသေ ကြွင်းကျန်ဆင်းရဲငတ်မွတ်သူများသို့ ပြည်သူတို့က ပို့လာကြသောငွေများတွင် အချို့ဒုက္ခိတများသို့ လုံးလုံးမပေးပဲ အငတ်ထား၍ ထောင်သောင်းမကသော ငွေများကို မသနားမငဲ့ကွက် ရက်ရက်စက်စက် စားသုံးရက်သူများမှာ ဘယ်အခါမှ ယုံကြည်အားထားရန် မရှိချေ၊ စေ့စေ့စဉ်းစားသင့်ချေသည်။

အထူးကြီးအံ့ဖွယ်ရှိသော မိတ္ထီလာမြို့ ပဌမမြောက် သံဃာ့ကွန်ဖရင့်ကြီးနှင့် တေရသမဝံသာနုကွန်ဖရင့်ကြီးတွင် သက်တော် ၈၀-ကျော်, ၇၀-ကျော် ဆရာတော်ကြီးများနှင့် သံဃာတော်အဖွဲ့ ကိုယ်စားလှယ်တော် သံဃာတော်များ ဝံသာနုအသင်း ကိုယ်စားလှယ် ခေါင်းဆောင်လူကြီးများ တက်ရောက်၍ တရားဟောသဖြင့် ထုတ်ဖော်ပြောဆိုစီမံ ဆောင်ရွက်ဆုံးဖြတ်ချက်များကို အားရယုံကြည်ကြသဖြင့် တချိန်တည်း စည်းလုံးညီညာ အားဖြည့်လာပြီးဖြစ်၍ သာသနာလုံးဆိုင်ရာ သံဃာ့အဖွဲ့ချုပ်ကြီးက တည်တံ့ကြီးပွား ချမ်းသာကြရန် စီမံဆောင်ရွက်အောင် မပါဝင်သေးသူ ဆုတ်နစ်သူများပါ တရားသဖြင့် သိမ်းသွင်း၍ သံဃာ့သာမဂ္ဂီအဖွဲ့ငယ်, အဖွဲ့ကြီးအချုပ်ကြီးများနှင့် ဝံသာနုရက္ခိတအသင်းငယ်, အသင်းကြီး, အသင်းချုပ်ကြီးများကို ဖွဲ့စည်းဆက်သွယ်

ကြပြီး မိတ္ထီလာမြို့ သံဃာ့ကွန်ဖရင့်ကြီးတို့က ဆုံးဖြတ်ချက်များအရ စီရင်စုတိုင်းက စီရင်စုသံဃာ့အဖွဲ့ချုပ် ဥက္ကဋ္ဌ ဆရာတော်ကိုဖြစ်စေ, အများသဘောတူရာ ဆရာတော် တပါးပါးကိုဖြစ်စေ ဗဟိုအမှုဆောင်ဆရာတော် တပါးစီ ရွေးကောက်တင်သွင်း၍ ဘေးမဲ့ဆရာတော်ဘုရားကြီး အမိန့်တော်များနှင့် ဗဟိုရ်အမှုဆောင်အဖွဲ့ကြီးတို့က ပြဋ္ဌာန်းချက်များ သံဃာ့ကွန်ဖရင့်ကြီးတို့ ပြဋ္ဌာန်းချက်များအရ သာသနာတော်နှင့်တကွ ဗုဒ္ဓဘာသာလူမျိုးတို့ တည်တံ့ကြီးပွားရေးစီးပွားရေးများကို တရားသဖြင့် ကြိုးစားအားထုတ်ဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းနှိုးဆော်လိုက်သည် သံဃာ့သာမဂ္ဂီဝံသာနုရက္ခိတ ရဟန်းရှင်လူ တိုင်းသူပြည်သား အပေါင်းသူတော်ကောင်းတို့ . . .

ဉာဏာဘိလင်္ကာရကဝိဇမဟာဓမ္မရာဇဂုရု
ဉာဏာဘိဇသိရီပဝရမဟာဓမ္မရာဇာဓိရာဇဂုရု
ကြေးသီးကုန်းဆရာတော်

ကေတုမာလာဘိကဝိဇသိရီပဝရမဟာဓမ္မရာဇဂုရု
သက်ပန်းဆရာတော်
ဗဟိုရ်အမှုဆောင်အဖွဲ့
နိုင်ငံလုံးဆိုင်ရာ သာသနာပြု
နာယက ဆရာတော်ကြီးများ [၁]

---

၁။ မြန်မာနိုင်ငံတော်မှတ်တမ်း။ ၃။ ၁၁၅။

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ဖော်ပြပါ လုပ်ငန်းတို့ဖြင့် ထင်ရှားသော ရာဇဂုရုဘွဲ့တံဆိပ်တော်နှစ်ထပ်ရ မဟာသံဃာ့သာမဂ္ဂီအဖွဲ့ကြီး၏ဥက္ကဋ္ဌ အနောက်တိုက်တော် တိုက်အုပ်ဆရာတော်ဘုရားကြီး ကြေးသီးကုန်းဆရာတော်အရှင်ဉာဏသည် သက်တော် ၈၇-နှစ်၊ ဝါတော် ၆၇-ဝါရှိရာ သက္ကရာဇ် ၁၂၉၁-ခုနှစ်၊ ပြာသိုလ်လဆန်း ၄-ရက်၊ ကြာသပတေး နေ့ ၁၁-နာရီအချိန်တွင် ဘဝနတ်ထံ ဝင်စံတော်မူလေသည်။

## သံဝေဂယူရန်

နဟိ သော ပက္ကမော အတ္ထိ၊ ယေန ဇာတာ န မိယရေ။
ဇရမ္ပိ ပတ္ဂာ မရဏံ၊ ဧဝံ ဓမ္မာဟိ ပါဏိနော။[၁]

ယေန ဥပက္ကမေန= အကြင်လုံးပမ်းကြိုးကုတ် အားထုတ်မှု ဝီရိယဖြင့်။ ဇာတာ= ကမ္မဘဝ အကြောင်းဆုံလစ် ဖြစ်လာကြုံလာသတ္တဝါတို့သည်။ န မိယရေ= မသေလွန်ကြကုန်။ သော ဥပက္ကမော= ထိုမသေလွန်နိုင်ကြောင်း လုံ့လဝီရိယကောင်းသည်။ န ဟိ အတ္ထိ= မရှိသည်သာ။ ဇရံ= သွားကြိုးဆံဖြူ ငယ်မူယိုယွင်း အိုမင်းရင့်ရော် မှည့်ပျော်ခြင်းတို့သည်။ ပတ္တာပိ= ရောက်၍သော်လည်း ကောင်း။ အပတ္တာပိ= မရောက်မူ၍သော်လည်းကောင်း။ မရဏံ= စုတိပြတ်ကြွေ သေလွန်ခြင်းသည်။ ဟောတိ= မုချစင်စစ် ဖြစ်၏။ ပါဏိနော= သတ္တဝါဟူသမျှတို့သည်။ ဧဝံ ဓမ္မာဟိ= ဤသို့ပုံသေမုချ သေဆုံးခြင်းသဘော ရှိကြကုန်သည်သာ။

♦♦♦

---

၁။ သုတ္တနိ။ ၃၇၁။ (သလ္လသုတ်)။

## ဗိုလ်ကုန်းဆရာတော် အရှင်ဉာဏဝံသ

ပုသိမ်မြို့ ဗိုလ်ကုန်းကျောင်းတိုက်ဆရာတော် အရှင်ဉာဏဝံသသည်လည်း ရွှေကျင်ဆရာတော်ဘုရားကြီး၏ တပည့်ရင်းဖြစ်လေသည်။

## ဖွားမြင် ရှင် ရဟန်းပြုခြင်း

ဆရာတော်သည် ရွှေဘိုမြို့၌ ၁၂၀၄-ခုနှစ်တွင် ဖွားမြင်ခဲ့လေသည်။ အရွယ်ရောက်သော် ရှင် ရဟန်းပြု၍ သာသနာ့ဝန်ထမ်းဆောင်တော်မူခဲ့လေသည်။ ရဟန်းဘွဲ့တော် အရှင်ဉာဏဝံသဖြစ်လေသည်။

## မဟာဓမ္မိကာရာမသို့

ရဟန်းဖြစ်၍ ၃-ဝါအရတွင် မန္တလေးမြို့ မဟာဓမ္မိကာရာမတိုက် ရွှေကျင်ဆရာတော်ဘုရားကြီးထံ ရောက်ရှိကာ ရဟန်း ၁၀-ဝါရသည်အထိ ပိဋကတ်အခြေခံကျမ်းများနှင့်တကွ တိပိဋက ပါဠိ အဋ္ဌကထာကျမ်းဂန်စသည်တို့ကို မဟုဿာဟဇွဲလုံ့လဖြင့် သင်ယူတော်မူခဲ့လေသည်။ ယင်းသို့ ပညာသင်ကြားစဉ် ရှင်, ရဟန်းငယ်တို့အားလည်း သက်ဆိုင်ရာစာပေများကို ချပို့တော်မူခဲ့လေသည်။

နောက်တွင် အောက်ရပ်ဌာနီ ပုသိမ်မြို့သို့ ရောက်ရှိ၍ မြို့တဖက် သင်္ဘောကျင်းရပ် ဗိုလ်ကုန်းဒကာ ဒကာမတို့ ပင့်ဆောင်ကိုးကွယ်ကြသဖြင့် ဗိုလ်ကုန်းဆရာတော်ဟု ထင်ရှားခဲ့လေသည်။ ဆရာတော်သည်-

၁။ ပရိတ်ကြီးဂဏ္ဌိကျမ်း၊

၂။ အဘိဓမ္မတ္ထဒီပကကျမ်း ပဌမတွဲ၊

၃။ အဘိဓမ္မတ္ထဒီပကကျမ်း ဒုတိယတွဲ -စသည့်ကျမ်းဂန်များကိုလည်း ပြုစုတော်မူခဲ့လေသည်။

## ပရိတ်ကြီးဂဏ္ဌိကျမ်း

ဆရာတော်သည် ပရိတ်ဆယ့်တစ်သုတ်၏ ခက်ရာခက်ကျစ် ဖုအဆစ်တို့ကို သုတ်သင်ကြောင်း ပရိတ်ကြီးဂဏ္ဌိကျမ်းကိုလည်း ဒါယကာဦးကျော်စံနှင့် ဦးစိုတို့ လျှောက်ထားတောင်းပန်သဖြင့် ပရိတ်ကြီးဂဏ္ဌိကျမ်းကိုလည်း ၁၂၆၅-ခုနှစ်၊ ပြာသိုလဆန်း ၈-ရက်နေ့တွင် အပြီးသတ် ပြုစီရင်တော်မူခဲ့လေသည်။ ကျမ်းဦး၌-

၁။ သမ္ဗောဓိသတ္တကာလေပိ၊ ပရိတ္တံ ယော အဒေသယိ။
တဒတ္ထံ ဒီပကေ ဝံသော၊ သုခံ ပါလေတု မံ ဇိနော။

၂။ ဝိဘဇ္ဇဝါဒီ သမ္ဗုဒ္ဓံ၊ ဓမ္မံ မောဟန္တနာသကံ။
နတွာဟံ အနယံ သံဃံ၊ ဝရံ ဂါရဝဘာဇနံ။

၃။ လိခံ ပရိတ္တဓမ္မဿ၊ ဥပါသကေန ယာစိတော။
နာနာဂန္ထေဟိ သံသန္ဒံ၊ ဂဏ္ဌိဌာနံ သမာသတော။

(၁) ယော ဇိနော= ဒေဝပုတ္တ စသည်တန်တန် ငါးပါးမာရ်ကို ပယ်လှန်သုတ်သင် အောင်မြင်တော်မူပြီးသော အကြင်မြတ်စွာဘုရားသည်။ သမ္ဗောဓိသတ္တကာလေပိ= ဘုရားလောင်းဖြစ်၍ ပါရမီကို ဖြည့်ကျင့်ရာ ဒေါင်းမင်း, ငုံးမင်းစသော ကိုယ်တော်မြတ်၏အဖြစ်အခါကာလ၌လည်း။ ပရိတ္တံ= မောရပရိတ်စသည်ကို။ အဒေသယိ= ဟောကြားညွှန်ပြ ဆုံးမတော်မူဘူးလေပြီ။ သော ဇိနော= ထိုကဲ့သို့ ဂုဏ်ကျေးဇူးဟုန်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်။ တဒတ္ထံ= ထိုမြတ်စွာဘုန်းမော် ပရိတ်တော်၏ စည်ပင်ထွန်းလင်း တောက်ပခြင်းအကျိုးငှာ။ ဧဝံ ဣမိနာဝက္ခမာနဂဏ္ဌိပဒက္ကမေန= ဤ ဆိုလတံ့သော ဂဏ္ဌိကျမ်း၏ ပါဠိအစဉ် အနက်အစဉ် အဓိပ္ပါယ်ဖြင့်။ ဒီပကံ= သာသနာ့ဂိုဏ်းဝင် လူရှင်အများ အမျိုးသားတို့ ပိုင်းခြား မှတ်မိဟုတ်တိုင်းသိလျက် ပဋိပတ်ကျင့်ဝတ် မချွတ်မယွင်း ယုံမှား ကင်းအောင် ထင်လင်းစွာ ပြပိမ့်သော။ မံ= ခန္ဓာငါးဝ သမူဟကို အတ္တသမုတ်

အကျွန်ုပ်ကို။ သုခံ= ချမ်းသာစွာ။ ဝါ= ကိုယ်စိတ်နှစ် ဖြာ ကျန်းမာပကတိ ချမ်းသာရှိအောင်။ ပါလေတု= စောင့်ရှောက် နိစ္စ မတော်မူစေသတည်း။

(၂) အဟံ= ငါသည်။ ဝိဘဇ္ဇဝါဒိံ= ခပ်သိမ်းဥသုံ ကုန် အောင်စုံသော တရားတို့ကို ခွဲခြမ်းဝေဖန်၍ ဟောတော်မူတတ်ထ သော။ ဝရံ= တောင့်တအပ် မြတ်စွာထသော။ ဂါရဝဘာဇနံ= ရို သေလေးမြတ် ပြုအပ်ပြုထိုက်သည်၏အဖြစ်တည်းဟူသော အရဟံ အစရှိသော ဂုဏ်တော်အပေါင်း၏တည်ရာ ဖြစ်တော်မူထသော။ သမ္ဗုဒ္ဓဥ္စ= မြတ်စွာဘုရားကိုလည်း။ နတွာ-နမာမိ= ဘယလာဘ ကုလကြဥ်ဝေး သံသာဘေးမှ လွတ်ရရည်မြော် ကျေးဇူးတော်ကို ချီငေါ်မြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏။ နတွာ= ရှိခိုးပြီး၍။ မောဟန္ဓ နာသကံ= ခပ်သိမ်းသောတရားတို့၏ ဟုတ်မှန်တိုင်းသော သဘော ကို မသိမမြင်မထင်နိုင်အောင် လွန်စွာဖုံးလွှမ်းတတ်သော မောဟ တည်းဟူသော အမိုက်တိုက်ကို ထိုက်သည့်အားလျော်စွာ ဖျက်ပယ် ပျက်ကင်းစေတတ်ထသော။ ဝရံ= တောင့်တအပ်မြတ်စွာထသော။ ဂါရဝဘာဇနံ= ရိုသေလေးမြတ် ပြုအပ်ပြုထိုက်သည်၏အဖြစ်တည်း ဟူသော သွာက္ခာတတာစသော ဂုဏ်တော်အပေါင်းတို့၏တည်ရာ ဖြစ်တော်မူတတ်ထသော။ ဓမ္မဥ္စ= မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ်ဟုဆိုအပ်သော ဆယ်ပါးသောတရားတော်မြတ်ကိုလည်း။ နတွာ- နမာမိ= သဒ္ဓါစိတ်စော အာရုံပြောလျက် မနောဝစီ ဦးချီလက် မိုး ကြာငုံဖြိုးသို့ ရှိခိုးပါ၏။ နတွာ= ရှိခိုးပြီး၍။ အနဃံ= ရာဂ စသော ကိလေသာမရှိထသော။ ဝရံ= သော။ ဂါရဝဘာဇနံ= ရိုသေ လေးမြတ် ပြုအပ်ပြုထိုက်သည်၏အဖြစ်တည်းဟူသော သုပ္ပဋိပန္န အစရှိကုန်သော ဂုဏ်တော်အပေါင်း၏တည်ရာ ဖြစ်တော်မူထသော။ သံဃဉ္စ= မဂ္ဂဋ္ဌာန် လေးယောက် ဖလဋ္ဌာန်လေးယောက်ဟုဆိုအပ်သော ရှစ်ယောက်သော ပရမတ္ထသံဃာတော်မြတ်အပေါင်းကိုလည်း။ နတွာ- နမာမိ= မိစ္ဆာဂတိ မသိမောဟာ ကုလာစာရ စသည်ကင်းစင် ကြည်လင်သဒ္ဓါ စေတနာဖြင့် လွန်စွာမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏။ နတွာ= ရှိခိုးပြီး၍။

(၃) ဥပါသကေန= ရတနာမြတ် သုံးပုံနတ်ကို ဆည်းကပ်ခယ ရိုတုပ်ကွလျက် ကြည်ဆွစေတနာ သဒ္ဓါဖြိုးလျှံ ဦးကျော်စံနှင့်လျှံသဒ္ဓါပို တကာစိုသည်။ ယာစိတော-အဘိယာစိတော= ဆယ်ချောင်းလက်စုံ ကြာပဒုံကို ရှစ်ငုံအဥ္ဇလီ တင်ချီဦးခေါင်း ညွတ်ပျောင်းမပြတ် တောင်းပန်အပ်သည်ဖြစ်၍။ အဟံ= သာယာရွှင်ပြုံး နှလုံးနှစ်ခြိုက် ဗိုလ်ကုန်းကျောင်းတိုက်၌ ယာပိုထ်လေးလီ မျှညီကျင့်သုံး သီတင်းသုံးလေ့ရှိသော ငါသည်။ ပရိတ္တဓမ္မဿ= ကမလာသန ကြာတိုက်ဝက မြွက်ဟသံချို မိန့်ဆိုဟောကြား ပရိတ်တရားတော်မြတ်ကို။ နာနာဂန္ထေဟိ= အထူးထူးသော ပါဠိ အဋ္ဌကထာ ဋီကာလက်သန်း ဂဏ္ဌိကျမ်းတို့နှင့်။ သံသန္ဒိ-သံသန္ဒိ ကတွာ= ပုဒ်ပါဠ်အနေ ပဒစ္ဆေဒ ပဒဝိဂ္ဂဟ သဒ္ဒယွင်းပျက် အနက်အဓိပ္ပါယ် ကွယ်ထောင့်လေရာ နည်းနယာစု နှိုးနှောခြင်းကို ပြု၍။ ဂဏ္ဌိဋ္ဌာနံ= ခက်ရာခက်ကျစ် ဖုအဆစ်တို့ကို သုတ်သင်ရာသုတ်သင်ကြောင်း ကောင်းသောဂဏ္ဌိကျမ်းကို။ သမာသတော= အကျဉ်းအားဖြင့်။ လိခံ-လိခိဿာမိ= မိန့်ဆိုမြွက်ကြား ရေးသားပြုပြင် စီရင်ပေတော့အံ့။

ဟူသော (၃)ဂါထာပါ၌ နိဿယဖြင့် တောင့်တချက်, ရတနတ္တယပဏာမ, အဘိယာစက, ပဋိညာဉ်စသည်တို့ကို ဖော်ပြ၍ ဂန္ထာရမ္ဘပြုတော်မူခဲ့လေသည်။ ကျမ်း၏အဆုံး၌-

၁။ ဣမိနာ စ တဒညေန၊ ဂန္ထေယျံ ဗုဒ္ဓသာသနေ။<br>ဆဋ္ဌာဘိညာဒိသမ္ပန္နော၊ သီဝံ ပကတိသာဝကော။

၂။ နော စေ ယာဝ စ နိဗ္ဗာနံ၊ သံသရန္တောတိ ဘုမ္မကေ။<br>စတုသမ္ပတ္တိစက္ကေဟိ၊ သမ္ပန္နော သတ္တဓနေဟိ စ။

၃။ အန္တော သောဌသဝဿေဝ၊ နာနာသိပ္ပေသု ပါရဂူ။<br>သုတဒိဋ္ဌစိန္တာမတ္တော၊ ဆေကော စ ပိဋကတ္တယေ။

၄။ ပါရမီဉာဏတိဗ္ဗာယ၊ ဘဝေယျံ သဗ္ဗဇာတိသု။
ဒါနာဒိကေ ကရိတွာန၊ သုဂတဲျဝ အဟံ သဒါ။

၅။ ပုသိမ်တိ သုတေ နဂရေ၊ ရွှေမုဋ္ဌော နာမ စေတိယာ။
တဿေဝ မကုဋ္ဌဘူတာ၊ မာလာဒိပရိဝါရိတာ။

၆။ ပစ္ဆိမသ္မိံ ဒိသာဘာဂေ၊ ဌိတေ ဗိုလ်ကုန်းတိ ဝိဿုတေ။
ဝိဟာရသ္မိံ ဝသန္တေန၊ ဉာဏဝံသာဝှယေ နမေ။

၇။ ဇနာနံ အနုကမ္ပာယ၊ ပရိတ္တဿ ဝိသောဓနံ။
ရစိတံ နယသမ္ပန္နံ၊ ဂဏ္ဌိပ္ပကရဏံ က္လဒံ။

၈။ ဆဝိဝါရံ စက္ကေပတ္တေ၊ ဇိနနိဗ္ဗုတိကာလတော။
မတ္တာရူပံ သက္ကေ စာပိ၊ ဖုဿဋ္ဌသုက္ကမဇ္ဈိမေ။

၉။ ပတ္တံ နိဋ္ဌံ အကိစ္စေန၊ ယထာ သုခေန နိဋ္ဌိတံ။
က္လစ္ဆိတတ္ထဥ္စ ပါဏိနံ၊ သုခေနေဝံ သမိဇ္ဈတု။

(၁) က္လမိနာ စ= ဤသို့ယခု နောင်သောတုတို့ ဆစ်ဖု ခက်ရာ နက်နဲစွာ၌ သိသာစေရန် ရည်သန်စိတ်မှန်း ဂဏ္ဌိကျမ်းကို ကြိုးပမ်းတကုတ် အားထုတ်ပါရ ကုသလကြောင့်လည်းကောင်း။ တဒဿေန စ= ထိုမှတဦး ပကတူးကပ်ကမ္ဘာ ရှည်မြင့်စွာက စ၍ဖြည့်ထ ပစ္စက္ခပါရမီ အလီလီသောကောင်းမှုကြောင့်လည်းကောင်း။ အဟံ= ငါသည်။ ဗုဒ္ဓသာသနေ= ကံ့ကော်နန်းတွင် ရွှေပလ္လင်၌ အောင်မြင်ပါရ ဥဇ္ဈယျသစ္စာ မေတ္တေယျာ၏ အာဏာစမ္မ သာသနာ့အဆုံးအမ၌။ ဆဠဘိညာဒိသမ္ပန္နော= ခြောက်ပါးဘိညာ ရှစ်ဖြာသမာပတ် လေးရပ်ပဋိသမ္ဘိဒါ စသည်တို့နှင့် ကြွယ်ဝကုံလုံ လွှန်ပြည့်စုံသော။ ပကတိသာဝကော= သုခါပဋိပဒါ ခိပ္ပါဘိည ပကတိသာဝကသည်။ ဟုတွာ= ဖြစ်၍။ သီဝံ= မီးပေါင်းကင်းကွာ ဧရာအမှန် ပြည်နိဗ္ဗာန်သို့။ ဂစ္ဆေယျံ= ခြေလက်ခတ်မှန် ဧကန်မုချ ရောက်ရပါလို၏။

(၂) ယာဝ= အကြင်မျှလောက်လည်း။ နိဗ္ဗာနံ= ငြိမ်းရာ အမှန် ပြည်နိဗ္ဗာန်သို့။ နော စေ ဂစ္ဆေယျံ= ချိန်ခါအခွင့် မသင့် မလျောက် မဆိုက်ရောက်ရသေး။ တာဝ= ဗုဒ္ဓသာသနာ မပေါ်လာ၍ ချိန်ခါအသင့် အခွင့်မရ ထိုမျှလောက်သော ကာလပတ်လုံး။ တိ ဘုမ္မကေ= သုံးပါးသုံးခွင် ဘုံအပြင်၌။ သံသရန္တော= ကမ္ဘာကပ်တည် မပြတ်ရှည်၍ ကျင်လည်ရသေးသည်ရှိသော်။ စတုသမ္ပတ္တိစက္ကေဟိ= ဂ, ပ, ဥ, ကာ လေးဖြာသမ္ပတ်၊ သပ်, အတ်, ပ, ပု စက်လေးခုတို့နှင့် လည်းကောင်း။ သတ္တဓနေဟိ စ= ညစ်မြူပယ်ခွာ သူတော်စွာ၏ ဥစ္စာရင်းမှန် ခုနစ်တန်တို့နှင့်လည်းကောင်း။ သမ္ပန္နော= ထူးကဲလွှမ်း ခြုံ လွှန်ပြည့်စုံသည်။ ဟုတွာ= ဖြစ်၍။ ဘဝေယျံ= ကောင်းစွာစင်စစ် ဖြစ်ရလို၏။

(၃) အန္တော သောဠသဝဿေဝ= ပါရမီထောက်ထား ကံ မြောက်စား၍ ဖွားသည်ကစ ဆဲ့ခြောက်နှစ်အတွင်း၌သာလျှင်။ နာနာ သိပ္ပေသု= အထူးထူးသော လောကီအတတ် အဋ္ဌာရသ်တို့၌လည်း ကောင်း။ ပိဋကတ္တယေ စ= ဗုဒ္ဓဟောချွေ သုံးထွေပိဋကတ် ဓမ္မ မြတ်၌လည်းကောင်း။ သုတဒိဋ္ဌစိန္တာမတ္တေ-သုတဒိဋ္ဌစိန္တာမတ္တေန= ကြားကာမြင်ကာ ကြံစည်ကာမျှဖြင့်။ ဆေကော= ခွင့်သိပညာ တတ်သိ လိမ္မာသည်။ ဟုတွာ= ဖြစ်၍။ ပါရဂူ= ဉာဏ်ကဝိန်ထက် ကမ်းတ ဖက်သို့ရောက်သည်။ ဘဝေယျံ= စင်စစ်မုချ ဖြစ်ရလို၏။

(၄) အဟံ= ငါသည်။ သဗ္ဗဇာတိသု= လုံးစုံဘဝ ဖြစ်သမျှ တို့၌။ ပါရမိဉာဏတိဗ္ဗာယ= ပကတိသာဝက ပါရမီဉာဏ် ထက်သန် ခြင်းငှာ။ သဒါ= အခါခပ်သိမ်း။ ဒါနာဒိကေ= ဒါန သီလ စသည် ဆယ်လီ ပါရမီတို့ကို။ ကရိတ္ဂာန= ချိန်ခါမရွှ မပြတ်ပြု၍။ သုဂတျံဝ= သုခရိပ်ငြိမ် စည်းစိမ်လွှမ်းခြုံ သုဂတိဘုံ၌သာလျှင်။ ဘဝေယျံ= ဧကန် မခို ဖြစ်ရလို၏။

(၅) ပုသိမ်တိသုတေ= ရာမညပိုင် သုံးခရိုင်တွင် သွယ်ပြိုင် နာမ တေဇပြင်းရှိန် ပုသိမ်ဟု ထင်ပေါ်ကျော်စောသော။ နဂရေ=

ဝဝံမဟိ ရံသိရစ်သို့ ပုသိမ်မြို့၌။ တသောဝ= ထိုပုသိမ်မြို့၏သာလျှင်။ မကုဋ္ဌဘူတာ= သိသာဖွေချက် ဦးခေါင်းထက်၌ ပြိုးပြက်ဝင်းဝါ ရတနာတို့ဖြင့် ကောင်းစွာစီသွယ် ချယ်လှယ်နှစ်ခြိုက် ဆောင်းစိုက်အပ်သော မကိုဋ်အထွတ်သဘွယ်လည်းဖြစ်ထသော။ မာလာဒိပရိဝါရိတာ= ခြူးပန်းခြူးနွယ် ရှုဘွယ်မခန်း မုတ်ဆန်းဝေလွင် တုရင်မှန်ကင်း ရွက်ခြင်းထွေးရှက် အခက်အနွယ် အသွယ်သွယ်သော တန်ဆောင်းအုတ်တိုက်တို့ဖြင့် ခြံရံအပ်သော။ ဋ္ဌေမုဋ္ဌော နာမ စေတိယာ= ဒူရာဒူရ စသည်တသွေး နည်းဝေးမဆို ထိုထိုရပ်ထံ တိုင်းနိုင်ငံနှင့်တကွ မြို့ပြပြည်ရွာ ရပ်ဂါမတွင် သမ္မာအာဇီ ဆက်ကပ်မှီရာ ဝသိပြကတေ့နေထိုင်လေ့ရှိကြကုန်ထသော ရဟန်းရှင်လူ ဦးဦးသောင်းသောင်း လူအပေါင်းတို့ ညွတ်ပျောင်းကော်ရော် ပူဇော်ဝပ်တွား ခစားရိုကျိုးရှိခိုးကြရာဖြစ်၍ လွန်စွာထင်ပေါ် ကျော်စောသဖြင့် ဋ္ဌေမုဋ္ဌောအမည်ရှိသော မဟာစေတီတော်ကြီးမှ။

(၆) ပစ္ဆိမသိံ ဒိသာဘာဂေ= စန္ဒသူရ နက္ခတ်စသည် အလီလီတို့ သညိဥသုံ အချိန်ကုန်သဖြင့် ခိုလှုံကွယ်ပျောက်ရာဖြစ်၍ အနောက်ဟုသမုတ်အပ်သော မျက်နှာအဖို့၌။ ဌိတေ= တည်သော။ ဗိုလ်ကုန်းတိ= ဗိုလ်ကုန်းဟူ၍။ ဝိဿုတေ= တန်ဆောင်းဇရပ် မဏ္ဍပ်ရိပ်ငြိမ် ဥပုသ်သိမ်တို့ဖြင့် ဂုဏ်သိမ်မပြယ် တင့်တယ်စွာတန်ဆာဆင်အပ်သည်ဖြစ်၍ ထက်ဝန်းကျင်ကျော်စောထင်ရှားသော။ ဝိဟာရမှိ= ကျောင်း၌။ ဝသန္တေန= ယာပိုထ်လေးလီ မျှညီရှင်ပြုံး သီတင်းသုံး၍ ရှေးထုံးအများ နှစ်ပါးခူရ ကျင့်မူလနှင့် သိဿအများ တပည့်သားတို့အား စွမ်းပကားသတ္တိ ရှိသည့်အလျောက် အခေါက်ခေါက်အခါခါ ပါဠိဌ အဋ္ဌကထာ ဋီကာစသော ဂန္ထန္တရတို့ကို ပို့ချသင်ကြားလျက်သာနေထိုင်လေ့ရှိထသော။ ဉာဏဝံသာဝှယေန= ဉာဏဝံသဟု ရှေးရှေးအကျော် ဆရာတော်တို့သည် မှည့်ခေါ်အပ်ထသော။

(၇) ဇနာနံ= ဝေနေယျကြာ များစွာသောင်းသောင်း လူအပေါင်းတို့အား။ အနုကမ္ပာယ= အစဉ်စောင့်စား သနားခြင်းငှာ။

ပရိတ္တာသာ= မဟာပရိတ်တော်ကြီး၏။ ဝိသောဓနံ= ပုဒ်ပါဌ်ယွင်းကွက် အနက်ဖောက်ပြန် မမှန်ကန်သဖြင့် ဇကန်မုချ ယထာရဟာဖြစ်အောင် ကြံဆောင်ဖွေရှာ ဋီကာ အဋ္ဌကထာလာအတိုင်း ဆုတ်ဆိုင်းမယုတ် အားထုတ်ခြင်းတို့ဖြင့် သုတ်သင်ရှင်းလင်းကြောင်းဖြစ်ထသော။ နယသမ္ပန္နံ= သဒ္ဒ, အတ္ထ နည်းနှစ်ဝတို့နှင့် တကွဥဿုံ လွန်ပြည့်စုံထသော။ ဣဒံ ဂဏ္ဌိပ္ပကရဏံ= ခက်ရာသမူ ကျစ်လစ်စုနှင့် အဖုအဆစ်ကို ပြရာပြကြောင်းဖြစ်သော ဂဏ္ဌိအမှန် ဤကျမ်းဂန်ကို။ ရစိတံ= အတ္တုက္ကံသန ပရဝမ္ဘန ဥပါရမ္ဘ စသည်ကင်းဝေး ညစ်ကြေးမကပ် စီရင်အပ်၏။ ဝါ= စီရင်အပ်သော။ ဣဒံ ဂဏ္ဌိပ္ပကရဏံ= ဤဂဏ္ဌိကျမ်းသည်။

(၈) ဇိနနိဗ္ဗုတိကာလတော= ဘုရားမြတ်စွာ ခေမာပုရ် ညာကျွန်းရန်သို့ စံလွန်တော်မူသောကာလမှ။ စက္ကေ= မုနိထွတ်ထား မိန့်ကြားအာဏာ နှစ်စကြာသည်။ ဆဝိဝါရေ= ၂၄၄၇-ခုနှစ်သို့။ ပတ္တေ= ရောက်သည်ရှိသော်။ သက္ကေ စာပိ= သက္ကရာဇ်ဝေါဟာ နှစ်ကောဇာသည်လည်း။ ဝါ= ဒီဃာသက္ကရာဇ် ယခုနှစ်သည်လည်း။ ပတ္တရူပံ= ၁၂၆၅-ခုနှစ်သို့။ ပတ္တေ= ရောက်လတ်သည်ရှိသော်။ ဖုဿဋ္ဌသုက္ကမဇ္ဈိမေ= ဟိမဝါခို ဆီးနှင်းစိုသော ပြာသိုလဆန်း ၈-ရက်သောကြာနေ့ နေမွန်းတည့်အချိန်၌။

(၉) အကိစ္စေသု= အပြုမငြင် မပင်မပန်းသဖြင့် နှောက်ယှက်တစိ မငြိမတွယ် အန္တရာယ်မထိ ပင်ပန်းခြင်းမရှိသဖြင့်။ နိဋ္ဌံ= ပြီးဆုံးခြင်းသို့။ ပတ္တံ= ခပင်းဥဿုံထုတ်ချောက် ရောက်လတ်ပြီ။ သုခေန= ကိုယ်စိတ်နှစ်ဖြာ ကျန်းမာပကတိ ချမ်းသာခြင်းရှိသဖြင့်။ နိဋ္ဌိတံ ယထာ= နိဂုံးတိုင်မြောက် အဆုံးရောက်ရသကဲ့သို့။ ဧဝံ တထာ= ထို့အတူ။ ပါဏိနံ= သတ္တဝါအပေါင်းတို့အား။ ဝါ= သတ္တဝါ အပေါင်းတို့၏။ ကုစ္ဆိတတ္ထာ= လိုအပ်သော အကျိုးစီးပွားသည်လည်း။ သုခေန= ကိုယ်ရောစိတ်ပါ တချမ်းသာထဲ ချမ်းသာသဖြင့်။ သမိဇ္ဈတု= လိုတိုင်းကြံတိုင်း မဆိုင်းမတွ ထိုခဏ၌ ပြည့်စုံပါစေသတည်း။ ဣတိ=

ဤကား အပြီးအဆုံး နိဂုံးကမ္ပတ် သတ်လတ်ပြီ။ ဣတိ= ဤသည် လျှင် နိဂုံးဂါထာ ပတ္ထနာသီသနှင့်တကွ ပြဆိုသောစကားရပ် အပြီး သတ်သတည်း။

ဟူသော ၉-ဂါထာပါဌ်နိဿယဖြင့် ဆုတောင်း, ကျမ်းပြုရာဌာန, ကျမ်းပြီးချိန်စသည်တို့ကို ဖော်ပြ၍ နိဂုံးအုပ်တော်မူခဲ့လေသည်။

ယင်းပရိတ်ကြီးဂဏ္ဌိကျမ်းကို သက္ကရာဇ် ၁၂၆၇-ခုနှစ်၊ တပို့ တွဲလက ရန်ကုန်မြို့ ၂၅-လမ်း စာဆိုတန်း တိုက်နံပါတ် (၁) ပြည် ကြီးမဏ္ဍိုင်ပိဋကတ်ပုံနှိပ်တိုက်တွင် ရိုက်နှိပ်ခဲ့ရာ ရှိုင်ဆိုက်ဖြင့် စာမျက်နှာ ၃၆၀- ရှိလေသည်။ ကျမ်းအစ၌ နိဒါန်းစကားရပ်ကိုလည်း-

> မန္တလေးရတနာပုံ မြို့တည်နန်းတည် ပဥ္စမသံဂါယနာတင် မင်းတုန်းမင်းတရားကြီးလက်ထက်တွင် သီလဝန္တ လဇ္ဇီပေသလ သိက္ခာကာမ ပရိယတ္တိဝိသာရဒဂုဏ်ထူး ကျေးဇူးအပေါင်းတို့နှင့်ပြည့်စုံသော "ဇာဂရာဘိဝံသကဝိဓဇမဟာသေနာပတိအတုလာဓိပတိသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" အတုမရှိ သမ္မုတိနတ် မင်းမြတ်ခပ်နှိပ် တံဆိပ်လည်ဆို ပညတ္တိဖြင့် နှံ့သိထင်ပေါ် လျှန်းဆုံးကျော်တော်မူသော ရွှေကျင်ဆရာတော်ဘုရားကြီးသည် သီလအရာ ရတနာအစစ် ပုလဲသစ်ခရုသင်း ဝင်းဝင်းပပ နတ်ဂင်္ဂတို့ကဲ့သို့ ဖြူဆွတ်ကြိုင်မွှေး လေးသုဒ္ဓိအရှင် သမာဓိအမြင်မှာ ရှစ်ရပ်ဆယ်ရပ် တိုက်ခတ်လေဗွေ လေသွေလေရိုင်း လေမုန်တိုင်းတို့ကြောင့် ညွတ်ကိုင်းမအိ တည်ရှိဗဟိုရ် ရွှေမြင့်မိုရ်ကဲ့သို့ ယိမ်းယိုင်ခြင်းမရှိ ကြီးဘိသောသမာဓိအရာ ပညာကဝိ ပဏ္ဍိတလက္ခဏာ ပညဝါမူ သုံးဆူသောပိဋကတ် ဒေသနာအရပ်ရပ်တို့ကို သုံးသပ်မွှေနှောက် ဝဇိရာစိန်ကျောက်ကဲ့သို့ ထွင်းဖောက်စွမ်းနိုင်တော်မူလေရကား များပြားစွာလှ သုတေသန သုတိစ္ဆိတ သမ္မာဆန္ဒ ရှိကြဟူဟူ များဗိုလ်လူတို့အား ကြီးပွားဖြစ်ထွန်းလေသတည်း။

ထိုဆရာတော်ဘုရားကြီးထံ နည်းမျိုးစုံအတန်တန်ကို နိယံမပြတ်မလပ် သိမ်းပိုက်ခံယူလိုက်ရသဖြင့် မန္တလေး ဇေယျဘုံ သိနေရုံဝယ် ရတနာပုံပြည်တော်ကြီးကို မြို့ထီးနန်း စိုက် သမိုက်ဥက္ကဋ္ဌ ပဉ္စမသံဂါယနာတင် ဘဝရှင်မင်းတရား ကြီးသည် အားသည်းကြည်ညို မဂ်ဖိုလ်လိုလား ပွားစီးကြီး ထုထောင်းမှု သန့်စင်ရာစီရင်၍ မှီတင်းခိုလျှိုး ကိုးကွယ် ဆည်းကပ်အပ်သော ရွှေကျောင်တိုက်မကြီး၌ အသီးသီးသော သောတုဇန သိဿကြီးငယ် အသွယ်သွယ်တို့အား တရား ဓမ္မက္ခန် ကျမ်းဂန်ပရိယတ်ကို သတ်မှတ်မချို့ သင်ပို့ချည္ဆန်း ပြီးမှ ရာမညတိုင်း သမိုင်းမချို့ ပုသိမ်မြို့သို့ကြွလာရာ သဒ္ဒါညွတ်ပြောင်း ဒါယကာသင်းပေါင်းတို့ လျှောက်တောင်း ပန်ချက်ကြောင့် ဆန်တက်မပြန် ပုသိမ်မြို့ရပ်ထံ ကုသိမ နဂရ၌ ပါမောဇ္ဇဖြစ်ဖွယ် သဘော်ဂကျောင်းရပ်လည်တွင် တင့် တယ်သိုက်မြိုက် ဗိုလ်ကုန်းကျောင်းတိုက်၌ ယာပိုထ်မျှညီ လေးလီကျင့်ထုံး သီတင်းသုံးသော ဗိုလ်ကုန်းဆရာတော်သည် များစွာလူဗိုလ် ယင်းထိုထိုတို့ ငြိုငြင်ခဲစွာ နက်နဲရာသိတ် ပရိတ်ဂါထာ ဒေသနာပုဒ်ပါဌ် ရုပ်ခာတ်ပစ္စည်း နည်း အကျယ်ကျယ် အသွယ်သွယ်၌ အကွယ်အဝှက် အချက် ချက်လျှင် ခက်ဆစ်ရာရာ အဖြာဖြာကို ကျမ်းလာမယုတ် ဖွေရှာထုတ်၍ နိရုတ်သဒ္ဒါ သင့်ရာသင့်ရာ စုံစွာမလပ် အသတ်အရစ် အဆစ်ဆစ်လျှင် ကျစ်လစ်မသွေ မိန့်ထွေ ထွေကို ဖွေဖွေရှာရှာ နှိုင်းညှိစာလျက် ယုတ္တာယုတ္တိ ရှိကြီး ရှိအောင် ကြံဆောင်သိပ်သည်း ပရိတ်ကြီးဂဏ္ဌိကျမ်းကို စီချင်းလင်္ကာ သဒ္ဒါမြို့ဟတ် ရာဇသတ်ဆုံးနည်း ဖြတ်နည်း ဖြတ်ပုံ ရွှေဘုံနိဒါန်း ဗေဒင်ကျမ်းနှင့် ဆန်းကလာပ်ဒဏ္ဍီ အလီလီအဝဝ များလှပြိုးပြွမ်း ကျမ်းဂန်တတ်အကျော် "ဝိမလာလင်္ကာရကဝိဇမဟာဓမ္မရာဇာဓိရာဇဂုရု" ရေးခါလပ် နှိပ် တံဆိပ်တော်ရ မောင်းထောင်ဆရာတော်, နာနာသိပ္ပ သုတရေ

ဂန္ထန္တရ ဗဟုဿုတ ပညာဝါအရှင် သီလဝန်အမော် "ဝိသုဒ္ဓါစာရကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု, ဝိသုဒ္ဓါစာရကဝိဓဇာဓိပတိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" ရေးရနှစ်တန် တံဆိပ် ၂-ထပ်ရသော မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီးများထံ အမှန်မဖောက် တင်လျှောက်ထားရသဖြင့် ၎င်းဆရာတော်ဘုရားကြီးတို့က မုနိပုင်္ဂဝ ဇိနမုက္ခပါဠ် ဟောမှတ်ဓမ္မစက် ဒေသနာသုံးချက်နှင့် လိုက်ဖက်အညီ ရှိပေသည် ဟု မိန့်ချီနှုတ်ဖွင့် အနုမောဒနာအခွင့် အသင့်ပြီးမြောက် ချီးမွမ်းခြင်းသို့ရောက်သဖြင့် သုတေသန သုတိစ္ဆိတ ဓမ္မမာမကပုဂ္ဂိုလ်တို့ နှစ်လို့စုံမက် သင်လေ့ကျက်လျက် မြတ်ဇောတိရည် ပတ္တမြားမြတ်သည် လိုအပ်သမျှ စုံပြည့်လျက် မတလို့ငှာ ပေးစွမ်းရာသော ရတနာမြတ်ရှင်ကဲ့သို့ ခင်မင်စိတ်ထဲ လက်ဝယ်မြဲလျက် မှတ်စွဲနေ့ည ဓာရဏဖြင့် အရနှုတ်တက် ဆောင်ရွက်လေ့ကျက် နိုင်ကြပါစေကုန်သတည်း။

ဟူ၍ ရေးသားခဲ့လေသည်။ ကျမ်း၏အတွင်း မျက်နှာဖုံး၌လည်း---

ပတိပုဗ္ဗ အတ္တသပ္ပု စက်လေးခုတို့၏တည်ရာ မြို့၏ အဂ်ါ ပြည့်စုံစွာလျက် ကြေငြာသတင်း ပျံ့ပျံ့သင်းသည့် ထင်လင်းမချို့ ပုသိမ်မြို့၏ မဇ္ဈေချက်ချာ သဘော်ကျောင်းရပ်ရွာတွင် ပျော်ရွှင်ကျင့်ထုံး သီတင်းသုံးသော ဗိုလ်ကုန်းဆရာတော်သည် ဓမ္မိဿရ ဓမ္မသာမိ မုနိပုင်္ဂဝ မကုဋ္ဌအစစ် အတုလဓမ္မရာဇ် ဖြစ်တော်မူသော ရှင်ချစ်မင်းတရား စောဘုရားသည် နှုတ်တော်ရွှေကြုတ် ကြာကုမုဒ်မှ ဖွင့်လျက်သာမော ဟောတော်မူအပ်သော မဟာပရိတ်တော်ကြီး၌ ပါဠိအစဉ် အနက်အစဉ် အဓိပ္ပါယ်အစဉ်ကို သာသနာဂိုဏ်းဝင် လူရှင်ရဟန်းတို့အား ပိုင်းခြားမှတ်မိ ဟုတ်တိုင်းသိလျက် ပဋိပတ်ကျင့်ဝတ် မချွတ်မမှား အကျိုးများစိမ့်သောငှာ ဒီဃရဿ ဂရုလဟု ပုဒ်စုမကျဉ်း ဝေဖန်ပိုင်းခြား ရေးသားပြု

ပြင် စီရင်အပ်သော ပရိတ်ကြီးဂဏ္ဌိ ပါဠိဆရာဦးဖြေ ကြီး ကြပ်ပြင်ဆင် ပုံနှိပ်သည်။ ရန်ကုန်မြို့ ၂၅-လမ်း စာဆိုတန်း တိုက်နံပါတ် (၁)၊ ပြည်ကြီးမဏ္ဍိုင်ပိဋကတ်ပုံနှိပ်တိုက် ၁၂၆၇ ခု၊ တပို့တွဲ-ဟု ပါရှိလေသည်။

ဤကျမ်းသည် အလွန်လျှင် အဆုံးအဖြတ်အဓိပ္ပါယ်တို့ဖြင့် စုံလင်သည့်ကျမ်းကြီး ဖြစ်လေသည်။

ပရိတ္တသုဂဏ္ဌိဂန္ထော၊ သုန္ဒရော သာဓု မာနိတော။
ဗိုလ်ကုန်းမဟာစရိယေန၊ ရစိတော ဟိ သုဓီ မတာ။

## အဘိဓမ္မတ္ထဒီပကကျမ်း

အဘိဓမ္မတ္ထဒီပကကျမ်းသည် ကြီးကျယ်သော အဘိဓမ္မတ္ထ သင်္ဂဟ (သင်္ဂြိုဟ်)ကျမ်း၏ အဖွင့်ကျမ်းကြီး ဖြစ်လေသည်။ ယင်းကျမ်း သည် ကျယ်ဝန်းပြည့်စုံသည့်ကျမ်းကြီး ဖြစ်လေသည်။ ပဌမတွဲ, ဒုတိယ တွဲဟု ၂-တွဲရှိရာ ပဌမတွဲသည် ရှိုင်ဆိုက်ဖြင့် ၄၃၀-ကျော်၊ ဒုတိယ တွဲသည် ၄၀၀-ကျော် ရှိ၏။ ယင်းကျမ်းကြီးကြောင့် အဘိဓမ္မာတတ် သူတွေ များစွာပေါ်ထွန်းခဲ့လေသည်။ ဆရာတော်သည် ကျမ်းဦး၌-

၁။ နာထံ နတွာနန္တညာဏံ၊ ဓမ္မံ တမန္ဓနာသကံ။
သံဃံ ဝိတိဏ္ဏကင်္ခါတံ၊ အာရဘိဿာမိ သံခိပံ။

၂။ ယာစိတော ဥပါသကေန၊ ကွမ်းခြံကုန်းဒေသဝါသိနာ။
သဒ္ဓမ္မာတိမာမကေန၊ နရာနံ သုခဗုဒ္ဓိယာ။

၃။ ကုလပုတ္တာနမတ္ထာယ၊ အဘိဓမ္မတ္ထဒီပကံ။
ပကာသိဿာမိ ယံ သတ္တံ၊ တံ နိသာမေထ သာဓဝေါ။

(၁) အဟံ= ဗိုလ်ကုန်းဆရာငါသည်။ အနန္တညာဏံ= ဤရွေ့ ဤမျှ ဂဏန်းချ၍ တိုင်းဆပြီးပြေအောင် ရေတွက်ခြင်းငှာ မစွမ်းနိုင် သော လွန်များမြောင်သော အနန္တအပရိမာဏ ဥေယျအထု သဗ္ဗညု

တညာဏ်ရှိတော်မူသော။ နာထံ= လူနတ်နဂါး သိကြားဗြဟ္မာ သတ္တဝါ ဝေနေ မျှားဗိုလ်ခြေတို့၏ ကိုးကွယ်ရာဖြစ်တော်မူသော သုံးဘုံကျော် သခင် ဘုရားရှင်ကို။ နတွာ-နမာမိ= လာဘ်သပ်ပကာ ဘေးဘယာ နှင့် မိစ္ဆာဂတိ မငြိကင်းဝေး သံသာဘေးမှ လွတ်ရေးရည်မြှော် ကျေးဇူးတော်ကို ချီပေါ်မြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏။ နတွာ= အဥ္ဇလိကမှ ဦးတင်သမိုး ရှိခိုးပြီး၍။ တမန္ဓနာသကံ= ကြွင်းမဲ့ဥဿုံ ခပ်သိမ်းကုန်သော တရားတို့ကို မသိမမြင် မထင်နိုင်အောင် လွန်စွာ ဖုံးလွှမ်းတတ်သော မောဟတည်းဟူသော အမိုက်မြူတို့ကို ထိုက်သည် အားလျော်စွာ ပယ်ဖျက်ခုတ်လှီး ဖျက်ဆီးပြတ်ကင်းစေတတ်သော။ ဓမ္မံ= ပရိယတ်ဓမ္မကွန် မြတ်နိဗ္ဗာန်နှင့် မဂ္ဂဖလဌာန် ဆယ်တန်သော တရားတော်မြတ်ကို။ နတွာ-နမာမိ= ကာယတလီ ဝစီမန ညွှတ် ပျောင်းခ၍ တုတ်ကွရိုကျိုး ရှိခိုးပါ၏။ နတွာ= ညွှတ်ပျောင်းခမိုး ရှိခိုးပြီး၍။ ဝိတိဏ္ဏကင်္ခံ= မဂ်အရိယာပယ်ဖျောက် ရှုအပ်သည်ဖြစ်၍ ကောင်းစွာလွန်မြောက်ပြီးသော ယုံမှားခြင်းသံသယရှိထသော။ သံဃံ= အရိယာရှစ်ဖော် သံဃာတော်ကို။ နတွာ-နမာမိ= လက်စုံမြတ်နိုး ရှစ်ခိုးပြီး၍။

(၂) ကွမ်းခြံကုန်းဒေသဝါသိနာ= ကွမ်းခြံကုန်းဒေသ ရပ်ဌာန ဟု ရပ်စုရပ်ကွက် ရွာလယ်ချက်၌ မပျက်သင့်မှီး ခွင့်ကြီးခွင့်ရ ဒါန သီလ သံယမနှင့် ပုညစွမ်းအင် ပျော်ရွှင်ခိုမှီး အပြီးနေထိုင်လေ့ရှိထ သော။ သဒ္ဓမ္မာတိမာမကေန= ဘုရားအလောင်း သူတော်ကောင်း တို့၏တံထွာ ဓမ္မတာတရား၌ အလွန်စုံမက် မရက်မစက် ထက်မြက် အားကိုး မြတ်နိုးခြင်းလည်းရှိထသော။ ဥပါသကေန= ရတနာမြတ် သုံးပါးနတ်ကို ဆည်းကပ်ခယ ရိုတုတ်ကွလျက် ကြည်ဆွစေတနာ သဒ္ဓါလျှံကြွ ဒါယကာဦးထွန်းရနှင့် ပါရမီမြင့် ဘိုးဘိုးဆင့်သည်။ ယာစိတော-အဘိယာစိတော= ဆယ်ချောင်းလက်စုံ ကြာပဒုံကို ရှက်ငုံ အဥ္ဇလီ တင်ချီဦးခေါင်း ညွှတ်ပျောင်းမပြတ် တောင်းပန်အပ်သည် ဖြစ်၍။ နရာနံ= တရားကြိုက်ကြ ခုံမင်ပြန့်ပွား လူအများတို့၏။

သုခဗုဒ္ဓိယာ= ကျယ်ဝန်းနက်နဲ သိနိုင်ခဲသော ကြံရွဲ့သိပ်သည်း အဘိ
ဓမ္မာနည်းကို အလွယ်တကူ နည်းယူနိုင်းညှိ ချမ်းသာစွာမှတ်သိရစေ
ခြင်းအကျိုးငှာ။ သံခိပံ= မကျဉ်းမကျယ် အလယ်အလတ် ချဉ်းကာ
သတ်၍ မပြတ်သချာ ဘိဓမ္မာသရုပ် ကျမ်းအချုပ်ကို။ အာရဘိဿာမိ=
ကြိုးကြိုးပမ်းပမ်း စိတ်မှန်းလုံ့လ ဝီရိယနှင့် ဥဿာဟမယုတ် အား
ထုတ်ပေတော့အံ့။

(၃) ကုလပုတ္တာနံ= ကိုယ်နှုတ်နှလုံး သုံးပါးလုံးကို စောင့်
သုံးမြဲသီး လူကြီးလူငယ် လူရွယ်လူလတ် ရုပ်နာမ်ဓာတ်ကို နှံ့စပ်သိ
လို ထိုထိုအမျိုးကောင်းသားတို့၏။ အတ္ထာယ= ကြီးမားဖွံ့ဖြိုး အကျိုး
စီးပွားများစေခြင်းငှာ။ အဘိဓမ္မတ္ထဒီပကံ= အဘိဓမ္မာ သဘာဝ၏
သချာသရုပ် မိပ္ပါယ်ပုဒ်ကို ဖော်ထုတ်ပြတတ်သော အဘိဓမ္မတ္ထဒီပက
အမည်ရှိသော။ ယံ သတ္ထံ= အကြင်ကျမ်းဂန်ကို။ ပကာသိဿာမိ=
မျက်မှောက်ထင်ထင် လက်ဝါးပြင်၌ တင်သည့်အလား ပတ္တမြားသို့
ပိုင်းခြားဝေဘန် အမှန်စိတ်ထား ရေးသားပြုပြင် စီရင်ပေတော့အံ့။ တံ
သတ္ထံ= ထိုအဘိဓမ္မတ္ထ သဘာဝ၏ သရုပ်မဆွေး အဓိပ္ပါယ် ထုတ်
ရေးပြတတ် ဤသကတ်ကြောင့် ရအပ်မည်မှန်း အဘိဓမ္မတ္ထ ဒီပက
မည်သောကျမ်းကို။ သာဓဝေါ= ကိုယ်စိတ်နှလုံး စောင့်သုံးပြော ပြောင်း
သူတော်ကောင်းဖြစ်ကုန်သော။ တုမှေ= စိတ်, စေ, ပကိဏ်း, ထိ
ဘူမိမလပ် ရုပ်နာမ်ဓာတ်ကို နှံ့စပ်သိလို ထိုထိုသင်တို့သည်။ နိသာ
မေထ= ဝီထိစိတ်ဇော မနော့စိုက်စိုက် နာလိုက်ကြကုန်လော့။ ဝါ=
ပသာဒ, ပညာ နှစ်ဖြာစက္ခုဖြင့် ကြည့်ရှုလိုက်ကြပါကုန်လော့။
ဟူသော ၃-ဂါထာ ပါဌ်နိဿယဖြင့် ရတနတ္တယပဏာမ, အဘိယာ
စက, ပဋိညာဉ်, ဥယျောဇဉ်တို့ကို ဖော်ပြ၍ ဂန္ထာရမ္ဘပြုတော်မူခဲ့လေ
သည်။ ကျမ်း၏အဆုံး၌လည်း-

၁။ ဇိနစက္ကေ မိမေဝရေ၊ သက္ကရာဇေ ဂဆာရကေ။
သမ္ပတ္တေ အဿယုဇဿ၊ တံ မေ ဣက္ခန္ဓ သာဓဝေါ။

၂။ ပတ္တံ နိဋ္ဌံ အကိစ္စေန၊ ယထာ သုခေန နိဋ္ဌိတံ။
ဣစ္ဆိတတ္ထဥ္စ ပါဏိနံ၊ သုခေနေဝ သမိဇ္ဈတူတိ။

၃။ ဒေဝေါ ဝဿတု ကာလေန၊ ရာဇာ ရက္ခတု မေဒနိံ။
သဗ္ဗေ အနာမယာ သတ္တာ၊ မောဒန္တု အကုတောဘယာ။

(၁) ဇိနစက္ကေ= ဘုရားမြတ်စွာ ခေမာပုရံ ညာဏ်ကျွန်းရံသို့ စံလွန်ကြွဘိ မုနိထွတ်ထား မိန့်ကြားအာဏာ နှစ်စကြာသည်။ မိမေ- ဝရေ= ၂၄၅၅-ခုနှစ်သို့။ သမ္ပတ္တေ= ရောက်လတ်သည်ရှိသော်။ သက္က ရာဇေ= သက္ကရာဇ်ဝေါဟာ နှစ်ကောဇာသည်။ ဝါ= ဒီယသက္ကရာဇ် ယခုနှစ်သည်။ ဂဆာရကေ= ၁၂၇၃-ခုနှစ်သို့။ သမ္ပတ္တေ= ရောက် လတ်သည်ရှိသော်။ အဿယုဇဿ= ပန်းကြာသင်းလှိုင် မွှေးကြိုင် ဝေညွတ် သီတင်းကျွတ်လ၏။ ဇုဏှပက္ခေ= လဆန်းပက္ခ ငါးရက်မျှ သက် ဆင်မင်းရက် ဆယ်နာရီအချိန်၌။ နိဋ္ဌံ= ပြီးဆုံးခြင်းသို့။ ဂတော= ရောက်၏။ မေ= ငါ၏။ တံ ဂန္ထံ= အဘိဓမ္မတ္ထဒီပကမည် မှန်း ထိုသည့်ကျမ်းကို။ သာဓဝေါ= ကိုယ်စိတ်ပြေ့ပျောင်း သူတော် ကောင်းတို့သည်။ ဣက္ခန္တု= လိုရာခဏ ကြည့်ရှုကြစေကုန်သတည်း။

(၂) အကိစ္စေန= မငြိုမငြင် မပင်မပန်းသဖြင့်။ ဝါ= နှောင့် ရှက်တစိ မငြိမတွယ် အန္တရာယ်မသိ ပင်ပန်းခြင်းမရှိသဖြင့်။ နိဋ္ဌံ= ပြီးဆုံးခြင်းသို့။ ပတ္တံ= ခပင်းလုံးစုံ ဥဿုံထုတ်ချောက် ရောက်လတ် ပြီ။ သုခေန= ကိုယ်စိတ်နှစ်ဖြာ ကျန်းမာပကတိ ချမ်းသာခြင်းရှိသဖြင့်။ နိဋ္ဌိတံ ယထာ= နိဂုံးတိုင်မြောက် အဆုံးရောက်သကဲ့သို့။ ဧဝံ တထာ= ထို့အတူ။ ပါဏိနံ= ဝေနေယျသင်း လူခပင်းတို့အား။ ဝါ= လူခပင်းတို့၏။ ဣစ္ဆိတတ္ထဥ္စ= လိုအပ်သောအကျိုးစီးပွားသည်လည်း။ သုခေန= ကိုယ်ရောစိတ်ပါ တချမ်းသာထဲ ချမ်းသာသဖြင့်။ သမိဇ္ဈတု= လိုတိုင်းကြံတိုင်း မဆိုင်းမတွ ထိုခဏ၌ ပြည့်စုံပါစေသတည်း။ ဣတိ= ဤကား အပြီးအဆုံး နိဂုံးကမ္ပတ် သတ်လတ်ပြီ။

(၃) ဒေဝေါ= ရွာချသွန်းဖြိုး မဟာမိုးသည်။ ကာလေန= အချိန်အခွင့် ရွာသင့်သောအခါ၌။ ဝဿတု= ဘူမဏ္ဍလင် မြေပြင် အလုံး သိမ်းကျုံးများစွာ ရွာပါစေသတည်း။ ရာဇာ= တိုင်းရှင်ပြည့်ရှင် ဘုရင်ထီးဆောင်း မင်းအပေါင်းသည်။ မေဒနိံ= တိုင်းသူပြည်သူ ရှင်လူသိမ်းကျုံး မြေအလုံးကို။ ရက္ခတု= ရင်ဝယ်သားသို့ တရား သဖြင့် အသင့်စောင့်ရှောက်ပါစေသတည်း။ သဗ္ဗေ= တယောက်မကြွင်း ခပင်းဥဿုံ အလုံးစုံကုန်သော။ သတ္တာ= သတ္တဝါဝေနေ့ များဗိုလ်ခြေ တို့သည်။ အနာမယာ= ကိုယ်တွင်းရောဂါ အနာအမျိုး ကိုးဆဲ့ရှစ်ဝ ကင်းရှင်းကြကုန်သည်ဖြစ်၍လည်းကောင်း။ အကုတောဘယာ= ရာဇာ စောရ အဂ္ဂိစသား များပြားစွာလှ အပသန္တာန် ဘေးရန်တစိ ဘယ် မရှိကြကုန်သည်ဖြစ်၍လည်းကောင်း။ မောဒန္တု= တက်သစ်စလဝန်း ထွန်းသည့်လဆန်း ပွင့်သစ်ပန်းသို့ လန်းလန်းရွှင်ရွှင် ကြည်လင်ဝမ်း မြောက်ကြပါစေကုန်သတည်း။

ဟူသော ၃-ဂါထာပါဋ်နိဿယဖြင့် ကျမ်းပြီးရာကာလ တိုက်တွန်းချက် တောင့်တချက်တို့ကို ဖော်ပြတော်မူခဲ့လေသည်။ ၎င်းပြင်-

> မေတ္တာဗလဝ ကာရုညဖြင့် အဘိဓမ္မတ္ထသင်္ဂဟအတိုင်း ကသိုဏ်းပုံသွင် ရှုဆင်ခြင်၍ ကြည်လင်တင်ကူး အထူးထူး သော အဘိဓမ္မာပါဠိ အဌကထာ ဋီကာစသော ကျမ်းဂန် တို့မှ ထုတ်ပြပြုပြင် စီရင်ရေးသားအပ်သော အဘိဓမ္မတ္ထ ဒီပကအမည်ရှိသောကျမ်းကို ရဟန်းရှင်လူ များဗိုလ်လူတို့အား အလွယ်တကူ မှတ်ယူစေရန် ရည်သန်ရွေ့သွား ရေးသားအပ် သည်ဖြစ်၍ မြတ်စွာဘုရားသာသနာ ၂၄၅၅-ခုနှစ်၊ ဒီယသက္က ရာဇ် ၁၂၇၃-ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅-ရက်၊ ဗုဒ္ဓဟူးနေ့ ၁၀-နာရီအချိန်တွင် အဘိဓမ္မတ္ထဒီပက အမည်ရသောကျမ်းသည် အပြီးအဆုံး နိဂုံးသို့ရောက်ပြီ။

ဟူသော မြန်မာစကားပြေဖြင့် ထပ်မံနိဂုံးအုပ်တော်မူခဲ့လေသည်။

## စာမူကြီးကို ကိုယ်တိုင်ကြွ၍ ပြည်ကြီးမဏ္ဍိုင်အား ပေးစွန့်ခြင်း

ကျမ်းစာကြီးကို သက္ကရာဇ် ၁၂၇၃-ခုနှစ်၊ သီတင်းကျွတ် လဆန်း ၅-ရက်နေ့တွင် ရေးသားစီရင် ပြီးစီးခဲ့သည်။ ဗိုလ်ကုန်း ဆရာတော်ဘုရားကြီး အရှင်ဉာဏဝံသသည် စာမူကြီးပြီး မကြာမီ ခရစ်သက္ကရာဇ် ၁၉၁၂-ခုနှစ်တွင် ပုသိမ်မြို့မှ ရန်ကုန်မြို့ ပြည်ကြီး မဏ္ဍိုင်ပုံနှိပ်တိုက်သို့ ကြွတော်မူကာ ပြည်ကြီးမဏ္ဍိုင်ပုံနှိပ်တိုက်ပိုင်ရှင် များအား ချီးမြှင့်တော်မူခဲ့လေသည်။ ထိုစဉ်က ပြည်ကြီးမဏ္ဍိုင်ပုံနှိပ် တိုက်ပိုင်ရှင်များသည် အရဲစွန့်၍ ပါဠိဆရာကြီးဦးညွန့်အား ကြီးကြပ် ပြင်ဆင်စေပြီး ပဌမတွဲ, ဒုတိယတွဲ ၂-တွဲခွဲ၍ ပုံနှိပ်စေခဲ့ကြကုန်၏ဟု ယင်းကျမ်းကြီးမှာ အလွန်အသုံးများသဖြင့် အကြိမ်ကြိမ်ထပ်မံရိုက်နှိပ် ခဲ့ရာ ကောဇာသက္ကရာဇ် ၁၃၂၅-ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၉၆၅-ခုနှစ်အထိ နှစ်ပေါင်း ၅၃-နှစ်အတွင်း ၁၅-ကြိမ် ရိုက်နှိပ်ခဲ့ရလေ သည်။

## ကျမ်းကောင်းကြီး

အဘိဓမ္မတ္ထဒီပကကျမ်းကြီးကား သရုပ်, အဓိပ္ပါယ်, လင်္ကာ, လိုရင်းအချုပ်ပြဂါထာများ စသည်တို့ဖြင့် လွန်စွာပြည့်စုံသည့်ကျမ်း ကောင်းကြီး ဖြစ်လေသည်။

အဘိဓမ္မတ္ထဒီပက-ဂန္ထောဟိ ဝိညူမာနိတော။
သမ္ပုဏ္ဏော နာနာနယေဟိ၊ ထေရေန သုနိပ္ဖာဒိတော။

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

စာပေချပို့ခြင်း, ကျမ်းဂန်ပြုစုခြင်းစသည်တို့ဖြင့် သာသနာတော်ကို ထွန်းပြောင်အောင်ပြုတော်မူခဲ့သော ရွှေကျင်ဆရာတော်ဘုရားကြီး၏တပည့်ကြီး ပုသိမ်မြို့ ဗိုလ်ကုန်းဆရာတော်ဘုရားကြီး အရှင်ဉာဏဝံသ မဟာထေရ်သည် သက်တော် ၇၃-နှစ်ရှိရာ သက္ကရာဇ် ၁၂၇၇-ခုနှစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။

## သံဝေဂယူရန်

အပ္ပမာယုမနုဿာနံ၊ ဟီဠေယျ နံ သုပေါရိသော။
စရေယျာဒိတ္တသီသောဝ၊ နတ္ထိ မစ္စုဿ နာဂမော။ ၁

မနုဿာနံ= ယခုလိုလူ ဆုတ်ကပ်သူတို့၏။ အာယု= အသက်တမ်းသည်။ အပ္ပံ= နည်းလှချေ၏။ သုပေါရိသော= ကျိုးကြောင်းသိမြင် ပညာရှင်သူတော်ကောင်းသည်။ နံ= ထိုအသက်ကို။ ဟီဠေယျ= ကဲ့ရဲ့ရှုတ်ချရာ၏။ အာဒိတ္တသီသော ဣဝ= ဦးခေါင်းဦးသျှောင် မီးလောင်သောသူကဲ့သို့။ စရေယျ= သုစရိုက်ကို တန့်ခိုက်မနား အားပါးထုတ်၍ ကျင့်သုံးရာ၏။ မစ္စုဿ= သေမင်းခေါ်ပြောသေခြင်းတရား၏။ နာဂမော= မလာမရောက်သောအရပ်မည်သည်။ နတ္ထိ= မရှိပုံသေ မရှိပါချေ။

♦♦♦

---

၁။ သံ၊ ၁။ ၁၀၉။ မဟာနိ။ ၃၄။ ဝိသုဒ္ဓိ၊ ၁။ ၂၂၉။

## သာသနာလင်္ကာရသဒ္ဒမ္မာဘိဝံသကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်သာသန

ရန်ကုန်မြို့ ကျောင်းတော်ရာဆရာတော် အရှင်သာသနသည်လည်း ဓမ္မိကာရာမတိုက်၌ ကြာမြင့်စွာသီတင်းသုံး၍ ရွှေကျင်ဆရာတော်ဘုရားကြီးထံ ပညာသင်ကြားခဲ့သည့်မထေရ်မြတ် ဖြစ်တော်မူသည်။

## ဖွားမြင်ခြင်း, သူတော်ယော်ပြုခြင်း

အမရပူရမြို့ မင်းပိုင်းရပ်နေ ခရိုင်အုပ်မင်းဦးဖော, ဒေါ်စပယ်တို့မှ သက္ကရာဇ် ၁၂၀၅-ခုနှစ်၊ ဦးတန်ခူးလဆုတ် ၇-ရက်၊ သောကြာနေ့နံနက် ၄-ချက်တီးအချိန်တွင် ဖွားမြင်တော်မူခဲ့လေသည်။ ၈-နှစ်သားအရွယ်တွင် သစ်ဆိမ့်ကြီးရွာ၌ သီတင်းသုံးတော်မူသော သီးလုံးဆရာတော်ဘုရားကြီး "စန္ဒိမာဘိဝံသသိရိသဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ သီးလုံးဆရာတော်ဘုရားကြီး အရှင်စန္ဒိမာထံ၌ စာပေသင်ကြားတော်မူခဲ့လေသည်။ ၉-နှစ်သားတွင် အမရပူရမြို့ သာသနာပြုရှမ်းကလေးကျွန်းဆရာတော် အရှင်နန္ဒထံ၌ ရောက်ရှိတော်မူခဲ့လေသည်။ ရှမ်းကလေးကျွန်းဆရာတော် အရှင်နန္ဒက သူတော်ယော်ပြုပေး၍ ဆယ်ပါးသီလကို စောင့်ထိန်းရလေသည်။

## စကြာဒေဝီက ရှင်ပြုပေးခဲ့

၁၃-နှစ်သားအရွယ်တွင် တောင်နန်းမဟော် စကြာဒေဝီမိဖုရားကြီးက တောင်းယူ၍ ရှင်ပြုပေးသဖြင့် သာမဏေဘောင်သို့ ရောက်ခဲ့လေသည်။ ရှင်သာမဏေဘွဲ့တော်မှာ ရှင်သာသန ဖြစ်လေသည်။

## ရွှေကျင်ဆရာတော်ထံရောက်ခြင်း ရဟန်းပြုခြင်း

ရှင်သာသနသည် ရှမ်းကလေးကျွန်းဆရာတော် ပံ့လွှန်တော်မူသဖြင့် မဟာဓမ္မိကာရာမတိုက် ရွှေကျင်ဆရာတော်ဘုရားကြီးထံသို့ ရောက်ရှိကာ ပိဋကတ်အခြေခံကျမ်းစာများနှင့်တကွ ဂန္ထန္တရအဝဝကို သင်ယူတော်မူခဲ့လေသည်။ သက်တော် ၂၀-ပြည့်မြောက်ရာ သက္ကရာဇ် ၁၂၂၄-ခုနှစ်၊ ဝါဆိုလဆန်း ၄-ရက်နေ့တွင် တပင်တိုင်စလင်းမင်း သမီး၏ ပစ္စယာနုဂ္ဂဟဖြင့် ရွှေကျင်ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ် ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

## ဒုတိယစာချ ပဥ္စမစာချ

ရဟန်းသိက္ခာ ၇-ဝါရသည်မှစ၍ တောရကျောင်းသို့ ထွက်ကြွတော်မူ၍ ပဋိပတ်ကို အားထုတ်တော်မူခဲ့လေသည်။ ရွှေကျင်ဆရာတော်ဘုရားကြီးက ပြန်လည်ခေါ်သဖြင့် မဟာဓမ္မိကာရာမတိုက်သို့ ရောက်ရှိ၍ စာပေချပို့ရာ ၁၁-ဝါအရတွင် ဒုတိယစာချဖြစ်၍ ၁၄-ဝါအရတွင် ပဥ္စမစာချကြီး ဖြစ်တော်မူခဲ့လေသည်။

## ကျောင်းတော်ရာတိုက်၌ သီတင်းသုံးခြင်း

၁၂၄၀-ပြည့်နှစ်တွင် ပဥ္စမသံဂါယနာတင် ဘဝရှင်မင်းတရားကြီးသည် အောက်မြန်မာနိုင်ငံ၌ သာသနာပြုရန် ရည်သန်တော်မူ၍ အင်္ဂလိပ်အစိုးရထံ ရန်ကုန်မြို့ပေါ်၌ သင့်လျော်သောမြေကွက်ကို သာသနာ့မြေအဖြစ် အပိုင်ပေးရန် တောင်းယူရာ ရွှေတိဂုံစေတီတော် အရှေ့မြောက်ဖက် ကျောင်းတော်ရာမြေကွက်ကို ရရှိလေသည်။ ယင်းမြေကွက်ကို မင်းတရားသည် ရွှေကျင်ဆရာတော်ဘုရားကြီးအား လှူဒါန်းလေသည်။ မင်းတရားကြီးလည်း မကြာမီ နတ်ရွာစံသဖြင့် သာသနာပြုခွင့် မရခဲ့ချေ။ ၁၂၄၂-ခုနှစ်တွင် ရွှေကျင်ဆရာတော်

ဘုရားကြီးသည် တောရကျောင်း၌သီတင်းသုံးနေသော အရှင်သာသန ကို ခေါ်ယူ၍ ကျောင်းတော်ရာတိုက်ကို လွှဲအပ်တော်မူလေသည်။ ထိုအချိန်မှစ၍ ကျောင်းတော်ရာဆရာတော်ဟု ထင်ရှားခဲ့လေသည်။

နေ့ဝါညဝါကျမ်းစာများကို မပြတ်ချပို့တော်မူရာ ကျောင်း တော်ရာတိုက်၌ သံဃာတော် ၂၀၀-ကျော်ခန့် တိုးတက်များပြားလာ ခဲ့လေသည်။

## ရာဇာဓိရာဇဂုရု ဘွဲ့တံတော် အလှူခံရရှိခြင်း

ရဟန်းသိက္ခာ ၂၃-ဝါရရှိရာ သက္ကရာဇ် ၁၂၄၇-ခုနှစ်တွင် သီပေါမင်းတရား ဆက်ကပ်လှူဒါန်းအပ်သော "သာသနာလင်္ကာရ သဒ္ဓမ္မာဘိဝံသကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်။

## ညောင်တုန်းရွှေဟင်္သာတောရ၌ သီတင်းသုံးတော်မူခြင်း

သက္ကရာဇ် ၁၂၆၂-ခုနှစ်တွင် ဘုန်းတော်ကြီးဦးသီလသည် ညောင်တုန်းမြို့ ရွှေဟင်္သာတောရကျောင်းတိုက်ကို အလှူခံ၍ တည် ထောင်တော်မူခဲ့လေသည်။ ၁၂၆၂-ခုနှစ်၊ တပေါင်းလဆန်း ၁၅-ရက်နေ့တွင် ဘုန်းတော်ကြီးဦးသီလ, မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရား ကြီး, မြန်အောင် ဂူကိုးလုံးဆရာတော်, ပုသိမ် သဘောကျောင်းဆရာ တော်, ရန်ကုန် ကျောင်းတော်ရာဆရာတော် အရှင်သာသန, မြေနီ ကုန်းဆရာတော် အရှင်အာစာရတို့ကြီးမှူးသော သံဃာတော် ၅၅-ပါးတို့ သိမ်သမုတ်တော်မူကြကုန်၏။ ဘုန်းတော်ကြီးဦးသီလသည် သိမ်သမုတ်ပြီး ၁၀-ရက်ခန့် သီတင်းသုံးတော်မူ၍ ကျောင်းတိုက် တာဝန်ကို ကျောင်းတော်ရာဆရာတော် အရှင်သာသနအား လွှဲအပ်

တော်မူခဲ့ကာ ပြန်ကြွတော်မူခဲ့လေသည်။ ဆရာတော်အရှင်သာသန သည် ၁၂၆၂-ခုနှစ် သိက္ခာတော် ၃၈-ဝါရသည်မှစ၍ ၄၈-ဝါရသည် အထိ ၁၀-ဝါတိုင်တိုင် ဖော်ပြပါ ညောင်တုန်းမြို့ ရွှေဟင်္သာတောရ တိုက်၌ သီတင်းသုံး သာသနာပြုတော်မူခဲ့လေသည်။

## ကျောင်းတော်ရာတိုက်၌ သီတင်းသုံးခြင်း ပျံလွန်တော်မူခြင်း

ကျောင်းတော်ရာ ဆရာတော်ဘုရားကြီး အရှင်သာသနသည် ၁၂၇၃-ခုနှစ်၊ ၄၈-ဝါရသည်မှစ၍ ရန်ကုန်မြို့ ကျောင်းတော်ရာ ရွှေကျင်တိုက်၌ ပြန်ကြွသီတင်းသုံးတော်မူ၍ ဓုရနှစ်ပါးကို ပွားများ အားသစ်တော်မူခဲ့လေသည်။ ယင်းသို့ ပရိယတ်၊ ပဋိပတ်နှစ်ရပ်သော ဓုရတို့ကို အားထုတ် ကြိုးပမ်းဆဲဖြစ်ရာ သက်တော် ၈၃-နှစ်၊ ဝါတော် ၆၄-ဝါရရှိရာ သက္ကရာဇ် ၁၂၈၇-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁-ရက်နေ့ နံနက် ၄-နာရီ မိနစ် ၃၀-အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။

## သံဝေဂယူရန်

ခိတ္တော ယထာ နဘသိ ကေနစိဒေဝ လေဍ္ဍု၊
ဘူမိံ သမာပတတိ ဘာရတယာ ခဏေန။
ဇာတတ္တမေဝ ခလု ကာရဏမေကမေဝ၊
လောကံ သဒါ နနု ဓုဝံ မရဏာယ ဂန္တုံ။[၁]

ကေနစိဒေဝ= အမှတ်မထင် တစုံတယောက်သောသူသည် သာလျှင်။ နဘသိ= မိုးဝကောင်းကင်၌။ ဝါ= မိုးဝကောင်းကင်သို့။ ခိတ္တော= အားကုန်လွှဲလစ် ပစ်လွှတ်အပ်သော။ လေဍ္ဍု= ကျောက်ခဲ

---

၁။ တေလကဋာဟဂါထာပါဠိ။ ၁၁-ဂါထာ။

သံခဲ အုတ်ခဲစသော ခဲသည်။ ဘာရတယာ= . လေးသည်၏အဖြစ်ကြောင့်။ ခဏေန= ခဏချက်ခြင်း။ ဘူမိံ= မြေကြီးသို့။ သမာ ပတတိယထာ= ပုံသေမုချ ကျလာသကဲ့သို့။ တထာ= ထို့အတူ။ လောကံ-လောကော= လူနတ်ပြဟ္မာ အစဖြာသည့် သတ္တဝါအပေါင်း သည်။ မရဏာယ= စုတိပြတ်ကြွေ သေခြင်းငှာ။ ဝါ= သေမင်း၏ အထံသို့။ ဂန္တုံ= သွားရောက်ခြင်းငှာ။ ဇာတတ္တမေဝ= မွေးဖွားတုံလတ်ဖြစ်ရသည်သာ။ ခလု= စင်စစ်မုချ။ ဓုဝံ= မချွတ်မလွဲ။ ဧကံကာရဏာမေဝ နနု= အကြောင်းတခုသာလျှင် မဟုတ်ပါလော့။

♦♦♦

## ကျောက်အိုင်ဆရာတော်

ကျောက်အိုင်ဆရာတော်သည်လည်း မန္တလေးမြို့ မြောက်ပြင် မဟာဓမ္မိကာရာမတိုက် (ရွှေကျောင်တိုက်မ)၌ ရွှေကျောင်ဆရာတော်ဘုရားကြီးထံ ၇-နှစ်ကြာမျှ သီတင်းသုံး၍ ဂန္ထဓုရအဝဝကို သင်ယူ၊ ပဋိပတ်ကျင့်နည်းကို နည်းခံခဲ့သည့်ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။

## ဖွားမြင် ရှင် ရဟန်းပြုခြင်း

ကျောက်အိုင်ရွာ၌ ဥစ္စာခနပြည့်စုံကြွယ်ဝသော အဖဦးမိုင်း, အမိ-ဒေါ်ဖြူတို့မှ သက္ကရာဇ် ၁၂၀၅-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်။ ၇-နှစ်သားအရွယ်တွင် ကျောင်းစနေ၍ ၁၅-နှစ်သားအရွယ်တွင် ကြီးကျယ်စွာ ပွဲလမ်းသဘင်ခံ၍ သာမဏေဝတ် သာသနာ့ဝန်ထမ်းဆောင်တော်မူခဲ့လေသည်။ သက်တော် ၂၀-ပြည့်မြောက်ရာ ၁၂၂၅-ခုနှစ်တွင် ခင်မွန်ဆရာတော်ဘုရားကြီး အရှင်ဇာဂရကိုဥပဇ္ဈာယ် ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

## မဟာဓမ္မိကာရာမတိုက် ရောက်ရှိ ပညာသင်ခြင်း

ရဟန်းဖြစ်ပြီးနောက် မန္တလေးမြို့ မြောက်ပြင် မဟာဓမ္မိကာရာမတိုက် ရွှေကျောင်းဆရာတော်ဘုရားကြီးထံ ရောက်၍ ပိဋကတ် အခြေခံကျမ်းဂန်များနှင့်တကွ ပိဋကတ်ကျမ်းများ ဂန္ထန္တရအဝဝကို ၇-နှစ်ကြာမျှ သင်ယူတော်မူခဲ့လေသည်။

သန္တိကေ ရွှေကျောင်းထေရဿ၊ ဓမ္မိကာရာမအာလယေ။
ဝသိတွာ သော သမုဂ္ဂဏှိ၊ ဂန္ထဇာတေ အနပ္ပကေ။

## ပဌမစာတော်ပြန်ပွဲ ဂုဏ်ထူးပြင့်အောင်မြင်

ပဥ္စမသံဂါယနာတင် မင်းတရားကြီးပြုလုပ်သော ပဌမစာတော်ပြန်ပွဲ ဝင်ရောက်ပြန်ဆိုရာ ပဌမဂုဏ်ထူးဖြင့် အောင်မြင်တော်မူခဲ့လေသည်။ ကျက်ဉာဏ် မှတ်ဉာဏ်ကောင်းသည့်ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။ ထရံကာဆရာတော်, ရမည်းသင်းဆရာတော်, သစ်ဆိမ့်ဆရာတော်တို့ထံ၌လည်း ပညာသင်ကြားတော်မူခဲ့လေသည်။

## ကျောက်အိုင်ကျောင်းတိုက်၌ အုပ်ချုပ် သာသနာပြုခြင်း

သက်တော် ၃၅-နှစ်ရှိရာ ၁၂၄၀-ပြည့်နှစ်တွင် မိဖတို့ ဆောက်လုပ်လှူဒါန်းသည့် ကျောက်အိုင်ကျောင်းတိုက်၌ ရွှေကျောင်, ခင်မွန်နည်းတို့ကို ဦးထိပ်ရွက်ကာ သံဃာတော်များကို ထိန်းသိမ်းစောင့်ရှောက် ပရိယတ် ပဋိပတ်ကိုနည်းပေး သာသနာပြုတော်မူခဲ့လေသည်။ ဆရာတော်ကား ပရိယတ် ပဋိပတ်နှစ်ရပ် စွယ်စုံရပုဂ္ဂိုလ်ဖြစ်တော်မူသည်။

## ပျံလွန်တော်မူခြင်း

ယင်းသို့ သာသနာပြုစဉ် သက်တော် ၇၇-နှစ်ရှိရာသက္ကရာဇ် ၁၂၈၂-ခုနှစ်၊ ပဌမဝါဆိုလဆန်း ၅-ရက်နေ့တွင် ကျောက်အိုင်ကျောင်းတိုက်၌ စုတိကမ္မဇရုပ်ချုပ်ကာ ပျံလွန်တော်မူခဲ့လေသည်။

## သံဝေဂယူရန်

လူ၌ကြီးဘိ သားအမိပင် မချိကယ်ရေး ကိုယ်လွတ်ပြေးသည့် မီးဘေးရေးဘေး ပြည်ပျက်ဘေးလည်း ဆယ်ရေးတရေး ကယ်နိုင်သေး၏။ အိုဘေးနာဘေး သေခြင်းဘေးဟု ဘေးဆိုးအပြား လွန်ကြီးမားကား သားနှင့်အမိ ဖြစ်တုံဘိလည်း မျက်စိအောက်တွင် ရင်ခွင်တင်လျက် သက်သက်ရေးပိုင် မကယ်နိုင်ဘူး လက်မှိုင်ချကာ နေရစ္စာရှင့်။ ၁

## ဝိမလာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်ဝိမလ

ဆရာတော်အရှင်ဝိမလသည်လည်း မန္တလေးမြို့ မြောက်ပြင် မဟာဓမ္မိကာရာမတိုက် ရွှေကျင်ဆရာတော်ဘုရားကြီးထံ ရောက်ရှိ၍ ပရိယတ် ပဋိပတ်နည်းခံတော်မူခဲ့သဖြင့် ရွှေကျင်ဆရာတော်ဘုရားကြီး၏ တပည့်အဖြစ်လည်း ထင်ရှားတော်မူသည်။

သုံးဆယ်မြို့ မောင်းထောင်တိုက်, ပုသိမ်မြို့ မောင်းထောင်တိုက်တို့ကို အလှူခံ စာပေချပို့ သာသနာပြုတော်မူသဖြင့် မောင်းထောင်ဆရာတော်အဖြစ် ထင်ရှားလေသည်။ ၎င်းပြင် မောင်းထောင်ရွာဇာတိ ဖြစ်သဖြင့်လည်း မောင်းထောင်ဆရာတော်အဖြစ် ထင်ရှား

---

၁။ မဃဒေဝ။ ၂၇၆။ ၄၀၀။

တော်မူခဲ့လေသည်။ ၎င်းပြင် သီလက္ခန္ဓဝဂ္ဂအဘိနဝဋီကာ သီလက္ခန် ဋီကာသစ်ကျမ်းကြီး၊ ပေဋကာလင်္ကာရဋီကာခေါ် နေတ္တိမဟာဋီကာပါဠိ စသည်ကျမ်းပေါင်း ၄၀-ကျော်တို့ကို ပြုစီရင်တော်မူခဲ့သော "ဉာဏာ ဘိဝံသသဓမ္မသေနာပတိမဟာဓမ္မရာဇာဓိရာဇဂုရု" စသည့် ဘွဲ့တံဆိပ် တော် ၃-ထပ်ရ အရှင်ဉာဏာဘိဝံသ ပဌမမောင်းထောင်ဆရာတော်။

သုရာဇမဂ္ဂဒီပနီ၊ အတ္တယာတဝိနိစ္ဆယကျမ်း၊ စိတ္တနိဂ္ဂဟကျမ်း၊ သီဟိုဠ်သန္ဒေသကထာ၊ ခုရာရပ္ပကျမ်း၊ မဂ္ဂါမဂ္ဂပဋိပဒါ၊ မဇ္ဈိမပဏ္ဏာသ ပါဠိတော်နိဿယ၊ မဇ္ဈိမပဏ္ဏာသအဋ္ဌကထာနိဿယ၊ ဥပရိပဏ္ဏာသ ပါဠိတော်နိဿယ၊ ဥပရိပဏ္ဏာသအဋ္ဌကထာနိဿယ၊ မဟာနိဒ္ဒေသ အဋ္ဌကထာနိဿယ၊ ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာနိဿယ၊ သဗ္ဗာသဝသုတ် စုဒ်စောဒနာစသည့် ကျမ်းပေါင်းများစွာတို့ကို ပြုစီရင်တော်မူခဲ့သော "ဍေ ယျဓမ္မာဘိမုနိဝရဉာဏကိတ္တိသိရိဇဓမ္မသေနာပတိမဟာဓမ္မရာဇာဓိ ရာဇဂုရု"စသည့် ဘွဲ့တံဆိပ်တော် ၃-ထပ်ရ ဒုတိယမောင်းထောင် သာသနာပိုင်ဆရာတော်။

သဒ္ဒတ္ထဘေဒစိန္တာဂဏ္ဌိကျမ်း၊ အဘိဓာန်ဋီကာနိဿယကျမ်း စသည့် ကျမ်းပေါင်း ၂၀-ကျော်တို့ကို ပြုစီရင်တော်မူခဲ့သော "ပညာ သာမိသိရိကဝိဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော် တတိယ မောင်းထောင်ဆရာတော်တို့ကို ထောက်၍ စတုတ္ထမောင်းထောင် ဆရာတော်ဟုလည်း ထင်ရှားခဲ့လေသည်။

## ဖွားမြင်တော်မူခြင်း

အလုံမြို့ကျေးလက် မောင်းထောင်ရွာ မှိုင်းသာရပ်၌ အဖ-ဦးဘိုးဂေါင်း၊ အမိ-ဒေါ်ပုတို့မှ သက္ကရာဇ် ၁၂၀၆-ခုနှစ်၊ ကဆုန် လဆန်း ၁-ရက်နေ့ ညဉ့် ၃-ချက်တီးကျော်အချိန် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။

## ရှင် ရဟန်းပြု
## သာသနာ့ဝန်ထမ်းဆောင်ခြင်း

ငယ်စဉ်က မောင်းထောင်ရွာ ကုန်းသာတိုက်ဆရာတော် အရှင်ကေသရထံ စာပေသင်ကြားခဲ့၍ သက်တော် ၁၅-နှစ်သား အရွယ်တွင် သာမဏေဝတ် သာသနာ့ဝန်ထမ်းဆောင်တော်မူခဲ့လေ သည်။ သက်တော် ၂၀-ပြည့်မြောက်သည်တွင် မောင်းထောင်ရွာ ကုန်းသာတိုက် ခဏ္ဍသိမ်တော်၌ ဥပသမ္ပဒဇာတ် မြင့်မြတ်သောရဟန်း ပဋ္ဌင်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။ ဘွဲ့တော် အရှင်ဝိမလ ဖြစ်လေသည်။

## မန္တလေးမြို့ အရှေ့ပြင်တိုက်တော်၌
## ပညာသင်ကြားခြင်း

ရဟန်းဖြစ်ပြီးနောက် မန္တလေးမြို့ အရှေ့ပြင် မဟာဝိသုတာ ရာမတိုက်တော်သို့ ရောက်၍ သာသနာပိုင်ဆရာတော်အရှင်ဥ ယျ စသည့် ဆရာတော်များထံ ဂန္ထန္တရအဝဝကို သင်ယူတော်မူခဲ့လေ သည်။ ဉာဏ်ကောင်း ဇွဲရှိသည့်ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။

## မဟာဓမ္မိကာရာမတိုက် စာသင် စာချခြင်း

ၝင်းနောက် မန္တလေးမြို့ မြောက်ပြင် မဟာဓမ္မိကာရာမတိုက် ကြီးသို့ ရောက်၍ ရွှေကျင်ဆရာတော်ဘုရားကြီးထံတွင် တတ်ကောင်း တတ်ရာ ပရိယတ် ပဋိပတ်နည်းများ သင်ယူတော်မူခဲ့လေသည်။ လက်အောက်ငယ်သား ရဟန်းသာမဏေများအားလည်း စာပေချပို့ သာသနာချီးမြှောက်တော်မူခဲ့လေသည်။

**ဓမ္မိကာရာမနာမမှိ၊ အာရာမေ သံဃနန္ဒနေ။**
**ဝသိတွာ ဗဟုလေ ဂန္ထေ၊ ဥဂ္ဂဏှိ ဝါစယီ သုဓီ။**

## ဝိမလာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော် အလှူခံရရှိခြင်း

သက္ကရာဇ် ၁၂၄၆-ခုနှစ်တွင် သီပေါမင်းတရား ဆက်ကပ်လှူဒါန်းသည့် "ဝိမလာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်။ [၁]

## ထိုထိုမြို့ရွာများ၌ သီတင်းသုံး သာသနာပြုခြင်း

ရွှေကျင်ဆရာတော်ဘုရားကြီးသည် သုံးဆယ်မြို့ ၁၂၅၂-ခုနှစ်တွင် မဟာစေတီလှကျောင်းတိုက် တည်ထောင်တော်မူ၍ မောင်းထောင်ဆရာတော် အရှင်ဝိမလအား သီတင်းသုံးစေတော်မူသည်။ မောင်းထောင်ဆရာတော် အရှင်ဝိမလသည် ၁၂၅၃-ခုနှစ်မှစ၍ သုံးဆယ်မြို့ စေတီလှကျောင်းတိုက်၌ သီတင်းသုံး၍ သာသနာပြုတော်မူခဲ့လေသည်။ မောင်းထောင်ဆရာတော် သီတင်းသုံးသဖြင့် စေတီလှကျောင်းတိုက်သည် မောင်းထောင်တိုက်ဟု တွင်လေသည်။ ၁၂၆၀-ပြည့်နှစ်တွင် သီဟိုဠ်ကျွန်း (သီရိလင်္ကာနိုင်ငံ)သို့ ကြွတော်မူ၍ စွယ်တော်, စေတီ, ဗောဓိပင်စသည်တို့ကို ဖူးမြော်တော်မူခဲ့လေသည်။

လင်္ကာဒီပမှိ သော ဂန္တွာ၊ ထူပဗောဓိဒုမာဒယော။
ဝန္ဒိတွာ ပူဇယိတွာန၊ ပုညရာသိံ သဉ္စိနိ သော။

- သက္ကရာဇ် ၁၂၆၂-ခုနှစ်မှ ၁၂၆၃-ခုနှစ်တွင် မောင်းထောင်ရွာ ကုန်းသာတိုက်၌ ဝါဆိုသီတင်းသုံးတော်မူခဲ့လေသည်။ ၁၂၆၄-ခုနှစ်မှ ၁၂၆၅-ခုနှစ်တို့တွင် သုံးခွမြို့ ဥက္ကံဘုရားကြီးကျောင်းတိုက်၌ ဝါဆိုသာသနာပြုချီးမြှောက်တော်မူခဲ့လေသည်။ ၎င်းပြင် ၁၂၆၅-ခုနှစ်

---

၁။ ဘွဲ့တံဆိပ်တော်သမိုင်း။ ၆၀-နှာကြည့်။

တွင် မဇ္ဈိမဒေသသို့ ကြွတော်မူ၍ ဗောဓိပင်နှင့် ပလ္လင်တော်, ဓမ္မစကြာတရားဦးဟောတော်မူရာ မိဂဒါဝုန်တော, ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံဥယျာဉ်တော်စသည့် ပူဇနိယ, သံဝေဇနိယဌာနများကို ပူဇော်, သံဝေဂယူတော်မူခဲ့လေသည်။

မဇ္ဈိမဒေသမှိ ပတွာ၊ ဝိဒ္ဒါ သာသနဘာရဓော။
ပူဇယိတွာ သံဝေဇေတွာ၊ ပုညံ အနပ္ပကံ အကာ။

၁၂၆၆-ခုနှစ်တွင် သုံးဆယ်မြို့ မဟာစေတီလှမောင်းထောင်ကျောင်းတိုက်ကို နာယကမထေရ်များအား လွှဲအပ်တော်မူ၍ ၁၂၆၇-ခုနှစ်, ၁၂၆၈, ၁၂၆၉ခုနှစ် ၃-ဝါတိုင်တိုင် ပုသိမ်မြို့ မောင်းထောင်တိုက်၌ ဝါကပ်သီတင်းသုံး သာသနာကို ချီးမြှောက်တော်မူခဲ့လေသည်။ ၁၂၆၉-ခုနှစ် တပို့တွဲလတွင် ပုသိမ်မှ သုံးဆယ်သို့ ပြန်လည်သီတင်းသုံးတော်မူခဲ့လေသည်။

## ကျမ်းဂန်များပြုစုခြင်း

ကျမ်းဂန်များကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။ ၎င်းတို့မှာ-

၁။ ကမ္မဝိနိစ္ဆယကျမ်း၊

၂။ စတုသစ္စပကာသနီကျမ်း၊

၃။ မဓုဂုဋ္ဌတ္ထဒီပနီကျမ်း၊

၄။ လက္ခဏာဝိဘာဝနီနိဿယကျမ်း၊

၅။ ရွှေကျင်ဆရာတော်ဘုရားကြီး၏ အတ္ထုပ္ပတ္တိ၊

၆။ မောင်းထောင်သုတ်နက် (ဖြည့်စွက်ပြင်ဆင်)စသည်တို့ဖြစ်ကုန်၏။

## မဟာဝဇ္ဇိကာရာမသာသနာ့ဝင်

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ဤသို့ များစွာသောသာသနာ့အကျိုး သည်ပိုးဆောင်ရွက်တော်မူသော စတုတ္ထမောင်းထောင်တွင်သော ရွှေကျင်ဆရာတော် ဘုရားကြီး၏တပည့် ဆရာတော်အရှင်ဝိမလသည် သက္ကရာဇ် ၁၂၇၀-ပြည့်နှစ်၊ ပြာသိုလဆန်း ၁၀-ရက်နေ့ ည ၁၀-နာရီအချိန်တွင် သုံးဆယ်မြို့၌ပင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။

## သံဝေဂယူရန်

ကိလေသသတ္တုံ အဇိတွာ၊ အဇေယျော မစ္စုသတ္တုကော။
ကိလေသသတ္တုံ ဇိတွာဝ၊ ဇေယျောတိ မစ္စုသတ္တုကော။

ကိလေသသတ္တုံ= ဆိုးညစ်လှစွာ ကိလေသာရန်သူကို။ အဇိတွာ= မအောင်မြင်မူက။ ဝါ= မအောင်မြင်သည်ရှိသော်။ မစ္စုသတ္တုကော= သေမင်းရန်သူကို။ အဇေယျော= အဘယ်နည်းနှင့်မျှ မအောင်နိုင်ပါချေ။ ကိလေသသတ္တုံ= ဆိုးညစ်ယုတ်မာ ကိလေသာရန်သူကို။ ဇိတွာဝ= အောင်မြင်၍သာလျှင်။ ဝါ= အောင်မြင်မှသာလျှင်။ မစ္စုသတ္တုကော= ဆိုးညစ်လွန်မင်း သေမင်းရန်သူကို။ ဇေယျောတိ= မုချပိုင်ပိုင် အောင်မြင်နိုင်ပါပေသည်သာ။

*** ♦ ***

## လှတောဆရာတော် အရှင်ရာဇိန္ဒ

လှတောဆရာတော်ဘုရားကြီး အရှင်ရာဇိန္ဒသည်လည်း ရွှေကျင်ဆရာတော်ဘုရားကြီး၏တပည့် မဟာဓမ္မိကာရာမတိုက်ထွက် ဆရာတော်တစ်ပါး ဖြစ်တော်မူသည်။

## ဖွားမြင်တော်မူခြင်း

ရွှေဘိုခရိုင် ဝက်လက်မြို့အပိုင် လှတောကြီး ၅-ရွာအဝင် အပါ ရေထွက်ရွာ၌ အဖ-ဦးဖိုးပိုင်, အမိ-ဒေါ်စာတို့မှ ၁၂၁၃-ခုနှစ် ဝါခေါင်လတွင် ဖွားမြင်တော်မူခဲ့လေသည်။ ငယ်နာမည် မောင်ဖိုးဖြေ ဖြစ်လေသည်။ မောင်ဖိုးဖြေ ၃-လသားအရွယ်တွင် မိခင်ဒေါ်စာ ကွယ်လွန်သဖြင့် အဖဦးဖိုးပိုင်၏နှမရင်း ဒေါ်ထားက သိမ်းပိုက်မွေးမြူ ခဲ့လေသည်။ မောင်ဖိုးဖြေ ၅-နှစ်အရွယ်တွင် ဦးဆန်းက ညီဖြစ်သူ ဦးဖိုးပိုင်နှင့် ဒေါ်ထား၊ ဦးတိုးတို့ထံ၌ မောင်ဖိုးဖြေကို အမွေစားအမွေခံ မွေးမြူရန် တောင်းယူ၍ မွေးမြူခဲ့လေသည်။ ဦးဆန်းနှင့် ဦးဖိုးပိုင် တို့သည် ရွှေကျင်ဆရာတော်ဘုရားကြီး၏ အကိုရင်းများဖြစ်၍ ဒေါ်ထားသည် အမရင်း ဖြစ်လေသည်။ မောင်ဖိုးဖြေသည် ရွှေကျင် ဆရာတော်ဘုရားကြီး၏ တူအရင်း ဖြစ်လေသည်။

## မောင်ဖိုးဖြေ မန္တလေးရောက်ရှိခြင်း

ရွှေကျင်ဆရာတော်ဘုရားကြီး မန္တလေးမရောက်မီကပင် ပဉ္စမသံဂါယနာတင် မင်းတုန်းမင်းတရားကြီးသည် ရွှေကျင်ဆရာတော် ဘုရားကြီး၏ မိဖများကို မန္တလေးသို့ ခေါ်ယူနေထိုင်စေခဲ့လေသည်။ မောင်ဖိုးဖြေတို့ မိဖသားချင်းတို့သည် မန္တလေး၌ တစုတဝေး လာ ရောက်နေထိုင်ကြကုန်၏။

## ရွှေကျောင်ဆရာတော်ထံ ရောက်ရှိခြင်း

မောင်ဖိုးဖြေသည် ရွှေကျောင်ဆရာတော်ဘုရားကြီး မဟာဝမ္ဗိကာရာမတိုက်တည်ထောင်၍ သာသနာပြုတော်မူစဉ် မဟာဝမ္ဗိကာရာမတိုက် ရွှေကျောင်ဆရာတော်ဘုရားကြီးထံ ရောက်ရှိ၍ နေထိုင်ခဲ့လေသည်။ ထိုအခါ အသက် ၇-နှစ်မျှသာ ရှိသေးသည်ဟု သိရ၏။ မောင်ဖိုးဖြေသည် သူတော်ငယ်ပြု၍ ရှစ်ပါးသီလစောင့်ထိန်းခဲ့လေ သည်။ ရွှေကျောင်ဆရာတော်ဘုရားကြီးက ရာဇိန္ဒဟု ဘွဲ့ပေးသဖြင့် သူတော် ရာဇိန္ဒဟု တွင်လေသည်။

## သာမဏေဝတ် သာသနာ့ဝန်ထမ်းဆောင်ခြင်း

သူတော်ငယ် ရာဇိန္ဒသည် ၁၃-နှစ်သားအရွယ်တွင် ရွှေကျောင်ဆရာတော်ဘုရားကြီး၏ မိဖများနှင့် ဦးဆန်းတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခဲ့လေသည်။ သာမဏေဘွဲ့မှလည်း ရာဇိန္ဒပင်ဖြစ်ရာ သာသနာ့စဉ်လာအရ ရှင်ရာဇိန္ဒဟု ခေါ်တွင်လေသည်။ ပိဋကတ်အခြေပြုကျမ်းစာများကိုလည်း ရွှေကျောင်ဆရာတော်စသည်တို့ထံ၌ သင်ယူတော်မူခဲ့လေသည်။ ရွှေကျောင်ဆရာတော်ဘုရားကြီး ထံတော်၌ ရဟန်းတော်များနှင့်အတူ ပိဋကတ်ကျမ်းစာများကို သင်ယူတော်မူခဲ့လေသည်။ ရွှေကျောင်ဆရာတော်ဘုရားကြီးတူ သာမဏေအဖြစ်ဖြင့် ရွှေကျောင် ၅-တိုက်တွင် ထင်ရှားခဲ့လေသည်။ ချစ်ခင်လေးမြတ်သူလည်း ပေါများခဲ့သည်။

## ရဟန်းဘဝဒုလ္လဘသို့ ရောက်ခြင်း

သက်တော် ၂၀-ရှိရာ သက္ကရာဇ် ၁၂၇၂-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈-ရက်နေ့၌ ရှင်ရာဇိန္ဒသည် ရွှေကျောင်ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ မဟာဝမ္ဗိကာရာမ ခဏ္ဍသိမ်တော်တွင် ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့လေသည်။ ရဟန်းဒကာ ဒကာမတို့မှာ

ရေထွက်ရွာ ရေလျှန်မြို့ဝန်၏ ယောကျမတော်သူ အမြောက် ၁၅၀-ဗိုလ် ဗိုလ်ထိမ်းကြီးနှင့် ဇနီး-မယ်ရွှေမိတို့ ဖြစ်ကုန်၏။ ဗိုလ်ထိမ်းကြီးသည် အရှင်ရာဇိန္ဒ၏ အမေ့အကိုဖြစ်၍ အရှင်ရာဇိန္ဒ၏ဦးကြီး ဖြစ်လေသည်။

## ပညာသင်ကြားခဲ့ခြင်း

ရဟန်းဖြစ်ပြီးနောက်၌လည်း မိုင်းလုံဆရာတော်အရှင်ဣန္ဒက, ဗန့်ကျီဆရာတော်အရှင်ဥေယျ, ဟသ်ာတမိုးကောင်းဆရာတော်အရှင်ဂန္ဓမာ, မဟာဝိသုဒ္ဓါရာမဆရာတော်, ခမ္မာရုံဆရာတော်အရှင်ယသ, ကျိုက်လတ်ဆရာတော်အရှင်သောမ, စံကျောင်းဆရာတော်အရှင်သုဒဿန, စင်းတဲဆရာတော်အရှင်ဇိန, သရိုင်ဗောဓိကျောင်းတိုက်ဆရာတော်စသည်တို့ထံ၌လည်း ပညာသင်ကြားတော်မူခဲ့လေသည်။

အရှင်ရာဇိန္ဒသည် ရွှေကျင်တိုက်မ၌ ၁၉-နှစ်တိုင်တိုင် နေထိုင်ပညာသင်ကြားခဲ့ရာ ရွှေကျင်ဆရာတော်၏ ဝတ်ကြီးဝတ်ငယ်ကိုလည်း အမြဲပြုခဲ့လေသည်။ ၎င်းနောက် ခင်မွန်ဆရာတော်ထံ၌ ဝိနည်းအဋ္ဌကထာများကို လိုက်နာသင်ယူခဲ့လေသည်။ လေနာရောဂါစွဲကပ်ပါသဖြင့် ရေထွက်ရွာ ရွှေကျင်တောရကျောင်းတိုက်သို့ ပြန်လည်သီတင်းသုံးတော်မူခဲ့လေသည်။ ယင်းသို့ ရေထွက်ရွာ ရွှေကျင်တောရကျောင်း၌ ပြန်လည်သီတင်းသုံးစဉ် အရှင်ဥေယျထံ၌ စာပေချပို့ကြည့်ရှု၍ ၃-ဝါ သီတင်းသုံးတော်မူခဲ့လေသည်။ ယင်းနောက် ကျေးကန်ရွာ၌ ၃-ဝါ သီတင်းသုံးတော်မူခဲ့လေသည်။

## မဟာခမ္မိကာရာမ ပြန်ကြွခြင်း

ရဟန်းသိက္ခာ ၁၂-ဝါအရတွင် ရွှေကျင်ဆရာတော်ဘုရားကြီးက ခေါ်ယူသဖြင့် မဟာခမ္မိကာရာမသို့ ပြန်လည်ကြွရောက်၍ သီတင်းသုံးတော်မူခဲ့လေသည်။ တပည့်များကိုပါ ခေါ်ယူစေပြီး စီးတော်မြင်းဝန်ကျောင်းကိုလည်း ချီးမြှောက်တော်မူလေသည်။

## ရွှေကျင်တောကျောင်းနှင့် ဒက္ခိဏာရာမတိုက်သို့

အရှင်ရာဇိန္ဒ ၁၅-ဝါအရတွင် ရွှေကျင်ဆရာတော်ဘုရားကြီး မင်းကွန်းသို့ တောထွက်တော်မူသဖြင့် မူလနေရပ် ရေထွက်ရွာ ရွှေကျင်တောကျောင်းသို့ ပြန်လည်သီတင်းသုံးတော်မူခဲ့လေသည်။ ၎င်း တောကျောင်းမှ ဒက္ခိဏာရာမတိုက်သို့ ပြောင်းရွှေ့၍ ၇-နှစ်ခန့် နေထိုင်ခဲ့လေသည်။

## လှတောဆရာတော်ဟူ ထင်ရှားခဲ့

ရွှေကျင်ဆရာတော်ကြီးသည် ဝင်းမှူးမင်းနှင့်ဇနီးတို့ လှူဒါန်း သော လှတောမင်္ဂလာအုဋ်ကျောင်းကြီးကို အလှူခံတော်မူ၍ အရှင် ရာဇိန္ဒအား လွှဲအပ်စောင့်ရှောက်စေတော်မူခဲ့လေသည်။ အရှင်ရာဇိန္ဒ သည် ယင်းလှတောအုဋ်ကျောင်း၌ ၁၂၅၁-ခုနှစ်မှစ၍ သက်ဆုံးတိုင် သီတင်းသုံးတော်မူခဲ့လေသည်။

## ဂုဏ်တော်အသွယ်သွယ်

လှတောဆရာတော် အရှင်ရာဇိန္ဒသည် သီလဝန္တ, သိက္ခာ ကာမဂုဏ်နှင့် ပြည့်စုံတော်မူသည်။ ငယ်စဉ်ကပင် ဆိုဆုံးမလွယ်ကူ ခြင်း သောဝစဿတာဂုဏ်နှင့် ပြည့်စုံတော်မူသည်။ ရွှေကျင်ဆရာ တော်ဘုရားကြီးက များစွာကျေနပ်တော်မူသဖြင့် အရှင်ရာမဟူသော ဘွဲ့အမည်ဖြင့် ချီးမြှောက်တော်မူခဲ့ဘူးလေသည်။

## ပျံလွန်တော်မူခြင်း

လှတောဆရာတော်ဘုရားကြီး အရှင်ရာဇိန္ဒသည် ဘုရားဗိနော် သာသနာတော်၏ သန့်ရှင်းတည်တံ့ ပြန့်ပွားရေးကို မနေမနား

ဆောင်ရွက်တော်မူစဉ် ၁၂၉၆-ခုနှစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။

## သံဝေဂယူရန်

ကာမံ နရသ္သ ပတတော ဂိရိမုဒ္ဓနာဒထော၊
မဇ္ဈေ န ကိဥ္စိ ဘယနိဿရဏာယ ဟောတု။
ကာမံ ဇဝန္တိ မရဏံ တိဘဝေသု သတ္တာ၊
ဘောဂေ ရတိံ ပဇဟထပိ စ ဇီဝိတေ စ။ [၁]

ဂိရိမုဒ္ဓနာဒထော= ဝေးမြင့်သီခေါင် တောင်ထိပ်တောင်ဖျားမှ။ ပတတော= ချွတ်ချော်တိမ်းကာ လိမ့်ကျလာသော။ နရဿ= ပုဂ္ဂိုလ်သတ္တဝါအား။ မဇ္ဈေ= အလယ်အကြား၌။ ဘယနိဿရဏာယ= ဘေးမှထွက်မြောက်ကာကွယ်နိုင်ခြင်းငှာ။ ကိဥ္စိ= တစုံတရာသည်။ ကာမံ န အတ္ထိ= အဘယ်ကေန် မရှိမှန်၏။ တိဘဝေသု= ကာမရူပ အရူပဟု လောကဉသုံ ဘုံသုံးပါးတို့၌။ သတ္တာ= သတ္တဝါတို့သည်။ ကာမံ= စင်စစ်ကေန် အမှန်အားဖြင့်။ မရဏံ= စုတိပြတ်ကြွေ သေလွန်ခြင်းသို့။ ဝဇန္တိ= ရောက်ကြကုန်၏။ သာဓဝေါ= သူတော်ကောင်း တို့။ တုမှေ= သင်တို့သည်။ ဘောဂေ အပိ= စည်းစိမ်ဉစ္စာ၌လည်း ကောင်း။ ဇီဝိတေ စ= အသက်၌လည်းကောင်း။ ရတိံ= တဏှာ မာန ဒိဋ္ဌိတို့ဖြင့် နှစ်သက်မွေ့လျော်ခြင်းကို။ ပဇဟထ= ပယ်စွန့်ကြ ကုန်လော့။

♦♦♦

---

၁။ တေလကဋ္ဋာဟဂါထာပါဠိ။ ၁၂-ဂါထာ။

## ရွှေကျင်နိကာယဥက္ကဋ္ဌ
## မဟာနိကာယဓမ္မသေနာပတိ
## ဆရာတော်အရှင်တိဿ

အလုံဆရာတော်ဘုရားကြီး ဦးတိဿဟု ကျော်စောသော ဆရာတော်ကြီးသည်လည်း မဟာဓမ္မိကာရာမရွှေကျင် ၅-တိုက်တည် ရွှေကျင်နိကာယသမုဋ္ဌာပက ရွှေကျင်ဆရာတော်ဘုရားကြီး အရှင်ဇာဂရ၏တပည့်ကြီး ဖြစ်တော်မူသည်။

### ဖွားမြင် ရှင် ရဟန်းပြုခြင်း

မုံရွာမြို့နယ် မုံရွာမြို့အနီး ခင်မွန်မြို့ ရုံးသာရပ်၌ ကျောင်းဒါယကာကြီး ဦးသံချို, ကျောင်းဒါယိကာမကြီး ဒေါ်ကျွန်းတို့မှ သက္ကရာဇ် ၁၂၁၂-ခုနှစ် နတ်တော်လဆန်း ၄-ရက် စနေနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။ ၇-နှစ်သားတွင် ပညာသင်ကြားခဲ့၍ ၁၂၂၄-ခုနှစ် ၁၂-နှစ်အရွယ်တွင် သာမဏေဝတ်၍ သက်တော် ၂၀-ရှိရာ ၁၃၃၂-တွင် ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

### မဟာဓမ္မိကာရာမတိုက်၌ ပညာသင်ခြင်း

ရဟန်းမဖြစ်မီ မဏ္ဍလာရာမတိုက်၌ ပညာသင်ကြား၍ ရဟန်းဖြစ်ပြီးနောက် မဟာဓမ္မိကာရာမတိုက်သို့ရောက်၍ ပညာသင် ကြားတော်မူခဲ့သည်။ ခင်မွန်သုံးဂိုဏ်းချုပ် ဆရာတော်ထံ၌ ဝိနည်းပိဋကတ်ကို သင်ယူတော်မူခဲ့လေသည်။

### အလုံဆရာတော်ဟု ကျော်စောခြင်း

ရဟန်းသိက္ခာ ၁၀-ဝါအရတွင် အလုံမြို့ ခုံတော်ဦးပို, ဒေါ်ရွှေမြတို့၏ ကောင်းမှုဖြစ်သည့်ပြင် ကျောင်းကြီးအလှူခံ၍ ၁၂၄၂

ခုနှစ်တွင် မန္တလေးမြို့မှ နောက်ပါသံဃာတော် ၂၀-နှင့် ကြွရောက် သီတင်းသုံးတော်မူခဲ့လေသည်။ သို့ဖြစ်၍ အလုံဆရာတော်ဟု ထင်ရှားလေသည်။

## စုတင်ကျင့်ဝတ် မချွတ်ကိုလို ပြည့်စုံခြင်း

ဆရာတော်အရှင်တိဿသည် စုတင်ကျင့်ဝတ် မချွတ်ကိုလို ပြည့်စုံသည့်ဆရာတော်ကြီး ဖြစ်တော်မူသည်။ ခေါင်းပါးခြိုးခြံစွာ အသက်မွေးတတ်သည့် မထေရ်မြတ်လည်း ဖြစ်တော်မူသည်။

## ရွှေကျင်နိကာယဓမ္မသေနာပတိဖြစ်ခြင်း ပျံလွန်ခြင်း

ဆရာတော်သည် ၁၂၇၉-ခုနှစ်၌ စတုတ္ထမြောက် ရွှေကျင်နိကာယ ဓမ္မသေနာပတိ ဖြစ်တော်မူခဲ့လေသည်။ ၁၂၉၀-ပြည့်နှစ် နတ်တော်လပြည့်ကျော် ၃-ရက်နေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။ [၁]

## သံဝေဂယူရန်

၁။ နုနယ်ရုပ်ဆင်း၊ ပျိုမြစ်ခြင်းကား၊ အိုမင်းနောက်ဆုံး ရှိချေ၏။

၂။ ဥစ္စာဆင်မြင်း၊ ပေါများခြင်းကား၊ ယိုယွင်းနောက်ဆုံး ရှိချေ၏။

၃။ ချစ်ခင်ပေါင်းသင်း၊ ဆက်ဆံခြင်းကား၊ ကွေကွင်းနောက်ဆုံး ရှိချေ၏။

---

၁။ ထရံကာတိုက်သာသနာဝင်လည်းကြည့်။ မန္တလေးသာသနာဝင်။ ၂၂။ မဏ္ဍလာရာမသာသနာဝင်လည်းကြည့်။

၄။ ဝိညာဥ်တင်းလင်း၊ သက်ရှင်ခြင်းကား၊ သေခြင်းနောက်ဆုံး ရှိချေ၏။

၅။ တက်ကြွားကြွကြွ၊ မြင့်လွန်းကလည်း၊ လျောကျနောက်ဆုံး ရှိချေ၏။

၆။ ခုံမင်ယုယ၊ ချစ်လွန်းလှလည်း၊ သောကနောက်ဆုံးရှိချေ၏။

၇။ ပွဲလယ်ပြင်ပ၊ ချီးမွမ်းကြလည်း၊ ရှုံ့ချနောက်ဆုံး ရှိချေ၏။

၈။ ကြည်သာရွှင်ပြ၊ ချမ်းသာကြလည်း၊ ဒုက္ခနောက်ဆုံး ရှိချေ၏။

♦♦♦

## ရွှေကျင်နိကာယဥက္ကဋ္ဌ
## မဟာနာယကဆရာတော် အရှင်ဥတ္တမသာရ

အောက်မြန်မာနိုင်ငံတော်အတွက် ရွှေကျင်နိကာယဥက္ကဋ္ဌ မဟာနာယကဖြစ်တော်မူသော ရန်ကုန်မြို့ ကျိုက္ကစံဆရာတော် အရှင်ဥတ္တမသည်လည်း မန္တလေးမြို့ မြောက်ပြင် မဟာဓမ္မိကာရာမတိုက် ၌ ပညာသင်ကြားတတ်မြောက်ခဲ့သည့်ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။

## ဖွားမြင် ရှင် ရဟန်းပြုခြင်း

ပဲခူးမြို့ ပန်းလှိုင်ရပ်၌ သက္ကရာဇ် ၁၂၁၄-ခုနှစ် နယုန်လပြည့်ကျော် ၅-ရက် တနင်္ဂနွေနေ့ ဖွားမြင်တော်မူခဲ့လေသည်။ ၇-နှစ်သားအရွယ်တွင် ဘုန်းကြီးပုံထံတွင် သူတော်ငယ်အဖြစ်ဖြင့် ၇-နှစ်နေ၍ အောက်ခြေစာများကို သင်ယူတော်မူခဲ့လေသည်။ ၎င်း နောက် သာမဏေဝတ်၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။ သာမဏေ ၅-ဝါရပြီးနောက် သက်တော် ၂၀-ပြည့်မြောက်သဖြင့် ၁၂၃၃-ခုနှစ်တွင် ဟသာတဇာတိ မန္တလေးမြို့ မိုးကောင်းဆရာတော်

"ဂန္ဓမာဘိသိရိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရဆရာတော် အရှင်ဂန္ဓမာထံ၌ ဆရာတော် အရှင်ဂန္ဓမာကို ဥပဇ္ဈာယ်ပြု၍ ရဟန်း အဖြစ်သို့ ရောက်တော်မူခဲ့လေသည်။ မန္တလေး မြို့ မိုးကောင်းတိုက်၌ သိတင်းသုံး၍ ဂန္ထန္တရအဝဝကို သင်ယူတော်မူခဲ့လေသည်။

## မဟာဓမ္မိကာရာမတိုက်၌ ပညာသင်ခြင်း

၎င်းနောက် မန္တလေးမြို့ မြောက်ပြင် မဟာဓမ္မိကာရာမ ရွှေကျောင်း တိုက်မ၌ သိတင်းသုံးကာ ပညာဆက်လက်သင်ကြားတော်မူခဲ့လေသည်။ ရဟန်းသိက္ခာ ၆-ဝါအရတွင် ပဌမစာချဖြစ်၍ စာပေချပို့၍ သာသနာချီး မြှောက်တော်မူခဲ့လေသည်။

ဓမ္မိကာရာမနာမမှိ၊ ယတိနံ အာလယေ ဝိဒူ။
ဝိဒုတ္တံ သော ဟိ ပတ္ဝာန၊ ဝါစယိတွာ စက္ကဘာရခေ။

## ထိုထိုကျောင်းတိုက်များ၌ သိတင်းသုံး သာသနာပြုခြင်း

ရဟန်းသိက္ခာ ၈-ဝါအရတွင် ပဲခူးမြို့သို့ ပြန်ကြွတော်မူ၍ အထက်ဖိုင်းဂနိုင်းကြီးဆရာတော်ထံ ၁-ဝါ သိတင်းသုံးတော်မူခဲ့လေသည်။ ၉-ဝါအရတွင် ပဲခူးကြခတ်ဝိုင်းကျောင်းတိုက်ကို ဦးစီးအုပ်ချုပ်၍ သံဃာ တော် ၅၀-ကျော်တို့အား စာပေချပို့ကာ ၁၂-နှစ်တိုင်တိုင် သိတင်းသုံး တော်မူခဲ့လေသည်။ ရဟန်းသိက္ခာ ၂၀-ဝါအရတွင် ဘုန်း တော်ကြီး ဦးသီလ၏အမိန့်အရ ကျိုက်ပဒိုင်သိမ်ကုန်းတောရသို့ ထွက်ကြွကာ ပရိယတ် ပဋိပတ်ဓုရနှစ်ရပ်ကို အားထုတ်တော်မူခဲ့လေသည်။ ယင်း တောရကျောင်းတိုက်၌ သံဃာတော်များ ၅၀-ကျော်ပင် ရောက် ရှိလာ ပြန်လေသည်။ ၁၂၆၃-ခုနှစ်တွင် မဟာဝိသုဒ္ဓါရာမဆရာတော်ကြီးက ကျိုက္ကစံတိုက်ကို လွှဲအပ်သဖြင့် လက်ခံ၍ အုပ်ချုပ်တော်မူလေသည်။

ကျိုက္ကစံဆရာတော်လေးဟု တွင်သည်။ ၁၂၆၄-ခုနှစ် နယုန် လတွင် ကျိုက္ကစံကျောင်းတိုက်ကြီးကို လုံးဝဥဿုံလွှဲအပ်ခြင်း ခံတော် မူရလေသည်။

## ကျမ်းဂန်များပြုစုခြင်း

ဆရာတော်သည် ဝိနည်းသုံးကျမ်းနိဿယနှင့် ကစ္စာယန ဝိဘောဓကေဗျာကရုဏ်းပါဠိ စသည့်ကျမ်းဂန်များကို ပြုစီရင်တော်မူခဲ့ လေသည်။

## ကစ္စာယနဝိဘောဓကေဗျာကရုဏ်းကျမ်း

ဖော်ပြပါကျမ်းများအနက် ကစ္စာယနဝိဘောဓကေဗျာကရုဏ်း မှာ ပါဠိဘာသာဖြင့်ရေးသော ကစ္စည်းသဒ္ဒါကြီး အဖွင့်ကျမ်းဖြစ်သည်။ ကျမ်းဦး၌-

၁။ ဝိဘောဓကေန ယော နာထော၊ ဝိဘောဓျ တံ သုဂမ္ဘီရံ။
ဝိဗုဓ္ဓိယ ဗောဓေယျာန်၊ ဝိဘောဓေသိ ယထာတထံ။

၂။ တဿ ပါဒေ နမဿိတွာ၊ ဝိဘောဓကေဿ သတ္တုနော။
ဝိဘောဓျန္တံ သုပူဇိယ၊ ကတွာ သံဃဿ စဥ္စလိံ။

၃။ ဂရူနံ ဂါရဝဋ္ဌာနာနံ၊ ထုတိနံ ဗုဒ္ဓသာသနေ။
ဗျတ္တာနံ ဝိသာရဒါနံ၊ ပါဒေ သိရေန ဝန္ဒိယ။

၄။ ကတဿ ပုညဿေတဿ၊ ဂရူဟိ ရတနတ္တယေ။
တေဇဿာဟံ ဝိသောသေတွာ၊ အန္တရာယေ အသေသတော။

၅။ ဝိသေသာနိ စ ရူပါနိ၊ ဂမ္ဘီရေ ပိဋကတ္တယေ။
ဝိစိတ္တေ စ သုဝိတ္ထာရေ၊ ဝိဗုဒ္ဓိကေ ယထာဏ္ဏဝေ။

၆။ မာဒိသာနံ့ အဝိသယံ၊ တေသံ ရူပါနုဒဿနံ။
ပဋိသမ္ဘိဒပတ္တာနံ၊ ဝိသယံ ပန မီမတံ။

၇။ ဧဝံ သန္တေပျာထေရာနံ၊ ဂန္ထကာရာနုဒဿိတံ။
နယံ နိဿာယ ဧတာနိ၊ ဝိဘာဝေန္တော တတော တတော။

၈။ ဝက္ခံ ဝိဗောဓကေတ္ထံ ဧတ္ထ၊ ကေနဋ္ဌေန ဝိဗောဓကော။
ရူပံ နိဒဿနာဒီဟိ၊ ဝိသေသေန ဝိသေသကံ။

၉။ ဝိသေသံ ဝါ ဝိသေသေန၊ ဗောဓကေတ္ထာ ယထာရုတံ။
ဝိဝိဓေန ဝိဝိဓေ၊ ဣစ္စေဝေသ ဝိဗောဓကော။

၁၀။ ဝိဗောဓတ္ထာယ သောတူနံ၊ သောတူနံ သုသမာဟိတာ။
မာ ဟိတာဝ သုဏန္တု မေ-ဏန္တု မေ ခါရယန္တု တံတိ။

ဟူသော ၁၀-ဂါထာပါဠ်ဖြင့် ရတနတ္တယပဏာမ, အာစရိယပဏာမ, ကရဏပကာရ, ပကာရဏပ္ပယောဇဉ်, ပဋိညာဉ်, ဥယျောဇဉ်တို့ကို ဖော်ပြ၍ ဂန္ထာရမ္ဘပြုတော်မူခဲ့လေသည်။ ကျမ်း၏အဆုံး၌လည်း-

၁။ အာစေရေန စ မီမတာ၊ နယဂ္ဂါဟာယ ဧတ္တကော။
ဂန္ထော သကဝိဗုဒ္ဓေန၊ ရစိတော ပါဠိနုဂ္ဂတော။

၂။ တထေဝ သဒ္ဒနီတိပိ၊ ချာသာဒိရူပသိဒ္ဓိကော။
အာစေရေဟိ သုဗုဒ္ဓေဟိ၊ ဩဂါဟေတွာ နယုတ္တမေ။

၃။ တတ္တိနယာနုရူပေတော၊ ဂန္ထေ နိဿာယ မေ ကတော။
ဝိဗောဓကော သုစိတ္တေန၊ သိဿကတ္ထံ ယထာဗလံ။

၄။ ဧတ္တာဝတာ ဝိသေသာနံ၊ ရူပါနာဟံ ဝိဗောဓကော။
နယမာဒါယ သောတူဟိ၊ စိန္တေတဗ္ဗာဝ သော ဂတော။

၅။ ဣမိနာဝ ဝိစိန္တိတုံ၊ သက္ကာ နာနာဝိစိတ္တရံ။
ဉာဏဝံသော ဟိ သောတာရော၊ မူလဘာသာယ ဘာသိတေ။

၆။ ယံ လဒ္ဓံ ကုသလံ တသ္မာ၊ အာနုဘာဝေန အန္တရေ။
အနီယာ သုခိတာ ဟောန္တု၊ သဟ သဗ္ဗေဟိ ဉာတိဘိ။

၇။ စိရံ တိဋ္ဌတု သဒ္ဓမ္မော၊ ကာလေ ဒေဝေါ ပဝဿတု။
ရာဇာ ရက္ခတု ဓမ္မေန၊ အတ္တနောဝ ပဇံ ပဇံ။

၈။ မုနိနော သာသနဓာနာ၊ အာစေရာ ဘိက္ခုဝါဒယော သုဇနာ။
မနုဇာ ဒေဝါယျ'ဿ စ၊ ဥဿာဟာ ဇောတိတုံ သုမနာ။

၉။ သဗ္ဗေ တေဇေတဗ္ဗံ ဇေန္တု၊ သလာလာမေဝ တေရသဗဟိဒ္ဓံ။
ဇိတွာ ဇန္တု ဘဇသုပိ၊ သာသနိကာ ဇောတိကာဒီပံ။

၁၀။ ပဝရသုဇနဌာနေ ရဋ္ဌရာမညကသ္မိံ၊
မကုဋနဂရဘူတေ ဟံသိကဝှေပဲကုသ္မိံ။
သုစရိတကုလဇာတော သန္ဓိယာ ယောတ္ထိထေရော၊
ဒသဗလဝရသာသံ ဥတ္တမသာရရက္ခံ။

၁၁။ အရိခယနာမကဿ နဂရဿ ဥတ္တရေ၊
သုကတသုဘူတိရာမဏိကဌာနဘူတလေ။
သုစရိတမဟာသိရိဓရသဓာတုကျိုက္ကစံ၊
က္လတိ သုဓာ မင်္ဂလဿ ဝရစေတျသန္တိကေ။

၁၂။ သဒ္ဓမ္မပ္ပဇ္ဇောတာရာမောတွေဝံ နာမေနာဘိညာတော၊
သဒ္ဓမ္မက္ကုမာနံ ဘိက္ခုဒီနာ ဝါ သဗ္ဗုတျာရာမေ။
နာနာရုက္ခေဟျာလင်္ကာရေ သောဝဏ္ဏာဒျာလေပေဟိပိ၊
သီမပါသာဒဒီဟျာတိသော နန္ဒေ အာဝါသေ သေဋ္ဌေ။

၁၃။ သုခဝသတာ တေန ဝရသာ ရထေရေန၊
တရုဏဇနတ္ထမာသိသမနေန ဝိဗ္ဗောဓကော။
သုဝိရစိတော စ ယွာဂမဝရေ ဝိဗောဓယကော၊
ဝိဝိဓဝိသေသရူပဝိမိသာရဝန္တော သုတော။

၁၄။ နဝသင္ဂဟိဒ္ဓိသတေသော၊ သက္ကရာဇေ သဟာသကေ။
ပဗ္ဗတေ့သာဝဏ္ဏမာသမှိ၊ ဇုဏှာဝဋ္ဋမိယမ္ပိ စ။
ဒိနေ ဇကေယင်္ဂိကမှိ၊ သုက္ကဝါရေသု ဌိတော။

၁၅။ ယုတ္တာယုတ္တံ က္လမိက္ခန္ဓ၊ တတ္ထ တတ္ထ ဝိစက္ခဏာ။
အယုတ္တံ စေပိ ပသေယျုံ၊ သဒ္ဓါရန္တု ယထိစ္ဆိတံ။

၁၆။ တာဝ တိဋ္ဌတု သောဂတေ၊ သာသနေတံ နယေသိနံ။
ဒသောန္တော ကုလပုတ္တာနံ၊ နယံ ဉာဏာဝိသုဒ္ဓိယာ။

၁၇။ ယာဝ ဗုဒ္ဓေါတိ နာမမ္ပိ၊ သုဒ္ဓစိတ္တာသ တာဒိနော။
လောကမှိ လောကဇေဋ္ဌဿ၊ ပဝတ္တတိ မဟေသိနောတိ။

ဟူသော ၁၇-ဂါထာပါဌ်ဖြင့် ပြည့်စုံစွာဖော်ပြ၍ နိဂုံးအုပ်တော်မူခဲ့လေသည်။ ယင်းကျမ်းကို ၁၂၇၂-ခုနှစ် တပေါင်းလတွင် ရန်ကုန်မြို့ ပြည်ကြီးမဏ္ဍိုင်ပိဋကတ်ပုံနှိပ်တိုက်၌ ပုံနှိပ်ခဲ့ရာ ရှိုင်ဆိုက်စာမျက်နှာ ၂၉၄-ရှိလေသည်။

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ဆရာတော်သည် ရန်ကုန်မြို့ ကျိုက္ကစံတိုက်၌ ၁၇-နှစ် တိုင်တိုင် သီတင်းသုံး၍ သာသနာပြုတော်မူခဲ့လေသည်။ ယင်းသို့ သာသနာပြုစဉ် သက်တော် ၆၆-နှစ်၊ သိက္ခာတော် ၄၆-ဝါရရှိရာ ၁၂၇၉-ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅-ရက်၊ သောကြာနေ့၌ ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။

## သံဝေဂယူရန်

၁။ မသေရန်ပ၊ ဝီရိယ၊ မုချမရှိပြီ။
၂။ ပျိုမျစ်နုနယ်၊ လှတုန်းရွယ်၊ တကယ်သေနိုင်သည်။
၃။ အရွယ်ယွင်းလာ၊ အိုမင်းကာ၊ မုန်စွာသေနိုင်သည်။
၄။ ဖြစ်ဖြစ်၍လာ၊ သတ္တဝါ၊ မှန်စွာသေခြင်း မြဲလေသည်။

## ကျိုက္ကစံဆရာတော် အရှင်ဥတ္တမသာရ၏ ရေစက်ချ

ကျိုက္ကစံဆရာတော် အရှင်ဥတ္တမသာရ ရေးသားစီရင်အပ်သော ရေစက်ချတစ်ပုဒ်ကိုလည်းကောင်း၊ ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိ ဒီပနီနိဿယ နောက်ဆက်တွဲမှ တွေ့ရှိလေရာ ဤ၌ အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

အရှင်ဘုရား ဒါယကာ ဒါယကာမဖြစ်ကြကုန်သော အကျွန်ုပ်တို့သည် ခန္ဓာ အာယတန ဓာတ် မပြတ်ဆက်ခါ စကြာသဖွယ် ရှည်လျားကျယ်ဝန်းလှစွာသော သံသရာစက် ရဟတ် ပဋိစ္စသမုပ္ပါဒ် အကြောင်းသမုဒယနှင့်တကွ အကျိုးဒုက္ခတို့၏ ကင်းလွတ်ပြတ်စဲရာ နိရောဓသစ္စာ မဟာအမတနိဗ္ဗာနသို့ မဂ္ဂသစ္စာဖြင့် လျင်မြန်စွာရောက်ရပါခြင်း မျက်မှောက်ပြုရပါခြင်းအကျိုးငှာ ရတနာသုံးစုံ ဂုဏ်တော်တတန်ကံ ကံ၏အကျိုးကို မညှိုးသောသဒ္ဓါ ကိုးကိုးစားစား အားထားယုံကြည်ပါကုန်သည်ဖြစ်၍ သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသောဂရုဓမ္မသီလတို့ကို ရိုသေစွာ ခံယူဆောက်တည်ပါကုန်၏။ ရတနာသုံးပါးတို့အားလည်း လက်အုပ်ချီမိုး ရိုသေစွာ ရှိခိုးပါကုန်၏။ အရိုအသေအလေးအမြတ် ပြုပါကုန်၏။ သက်ကြီးမိဖ ဆရာသမား အဆွေခင်ပွန်းတို့၏ ကိစ္စကြီးငယ် အသွယ်သွယ်တို့ကိုလည်း စွမ်းနိုင်သည်အလျောက် သည်ပိုးရွက်ဆောင်ပါကုန်၏။ ဆွမ်း သင်္ကန်း ကျောင်း ဆေး ဆီမီး ရေချမ်း ပန်းနံ့သာစသော လှူဒါန်းပူဇော်ဘွယ်ဝတ္ထု အစုစုတို့၌ တည်ရှိကြကုန်သော ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံဟုဆိုအပ်ကုန်သော အာရုံခြောက်ပါးတို့ကို အာရုံပြု၍ (လှူသမျှဝတ္ထု အထည်တို့ကို ထည့်၍ဆို) ဆိုခဲ့ပြီးသော ဒါနဝတ္ထု ပစ္စည်းစုတို့ကို ရည်မှန်း ရွယ်စူးသည့်အတိုင်း ဆက်ကပ်လှူဒါန်းပူဇော်ပါကုန်၏ အရှင်ဘုရား။

ဤသို့ လျှဒါန်းပူဇော်ရာ၌ လျှဖွယ်ဝတ္ထုတွင် ပါဝင်ရှိမြဲဖြစ်ကုန်သော အာရုံခြောက်ပါးတို့သည်လည်းကောင်း၊ အကျွန်ုပ်တို့သန္တာန် သူတပါးတို့၏သန္တာန်တို့၌ ဖြစ်နေကြကုန်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်လည်းကောင်း၊ ဖြစ်ခြင်း,ပျက်ခြင်း မယွင်းမုချ ဧကန္တ ဖြစ်၍ မမြဲသောကြောင့် အနိစ္စမည်ကုန်၏။ ထိုသို့ ဖြစ်ခြင်း, ပျက်ခြင်းသဘောတရားတို့သည် အဖန်တလဲလဲ အမြဲမပြတ် အထပ်ထပ်နှိပ်စက်ညှဉ်းဆဲအပ်သည်ဖြစ်၍လည်းကောင်း၊ ဘဝအဆက်ဆက်ပဋိသန္ဓေနေခြင်း, အိုခြင်း, နာခြင်း, သေခြင်း, စိုးရိမ်ခြင်းသဘောတရားတို့သည် အမြဲမပြတ် အထပ်ထပ်နှိပ်စက်အပ်သည်ဖြစ်၍လည်းကောင်း၊ အလွန်ဆင်းရဲငြိုငြင် ပင်ပန်းသောကြောင့် ဒုက္ခမည်ကုန်၏။ ထိုသို့ အနိစ္စ ဒုက္ခဖြစ်ကြကုန်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် နိစ္စ သုခဖြစ်အောင် ကြံဆောင်ပြုလုပ် ဘယ်လိုပင်အားထုတ်သော်လည်း အားထုတ်သောပုဂ္ဂိုလ်တို့၏အလိုသို့ တဆိတ်စာမျှ မလိုက်ပါသည်ဖြစ်၍ အစိုးမရ၊ ခိုင်မာလှသော အနှစ်သာရမရှိ၊ အတ္တဇီဝမှဆိတ်သောကြောင့် အနတ္တမည်ကုန်၏။

ဤသို့ အနိစ္စ ဒုက္ခ အနတ္တအားဖြင့် လက္ခဏာယာဉ်သုံးပါးသို့တင်၍ ဆင်ခြင်ပွားများ နှလုံးထားအပ်ကုန်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် ဒုက္ခသစ္စာမည်ကုန်၏။ ထိုဒုက္ခသစ္စာ ခန္ဓာငါးပါးတို့ကို ဖြစ်ပွားစေတတ်ကုန်သော အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ကံဟုဆိုအပ်ကုန်သော အကြောင်းတရားတို့သည် သမုဒယသစ္စာမည်ကုန်၏။ ထိုဒုက္ခသစ္စာ သမုဒယသစ္စာနှစ်ပါးတို့၏ တပေါင်းတည်းချုပ်ရာ လွန်ရာ အေးမြချမ်းသာလှသော အသင်္ခတဓာတ် မြတ်လှစွာသော နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏။ ထိုနိရောဓ သစ္စာ နိဗ္ဗုတာသို့ လျင်မြန်စွာရောက် ကြောင်းဖြစ်သော ဝိဝဋ္ဋအကြောင်းခံ ကောင်းမှုကံကုသိုလ် စိတ်၌ အတူမကွဲ

ယှဉ်တွဲ၍ပါလာသော သမ္မာဒိဋ္ဌိအစရှိသော မဂ္ဂင်တရား အပေါင်းသည် မဂ္ဂသစ္စာမည်၏။ ဤသို့ လင်္ကာရေး သုံးပါး လေးပါးသောသစ္စာတို့ဖြင့် ခွဲခြားဝေဖန်၍ ဉာဏ်ဖြင့် သက်ဝင် ဆင်ခြင်ရှုစား နှလုံးထားပါကုန်၏။

ဤသို့ဆိုအပ်ခဲ့ပြီးသော သရဏဂုံကုသိုလ်, သီလ ကုသိုလ်, ပဏာမကုသိုလ်, အပစာယနကုသိုလ်, ဝေယျာဝစ္စ ကုသိုလ်, ဓမ္မသဝနကုသိုလ် ပြုလတ်သော ပတ္တိဒါနကုသိုလ်, ရူပဒါနကုသိုလ်, သဒ္ဒဒါနကုသိုလ်, ဂန္ဓဒါနကုသိုလ်, ရသဒါန ကုသိုလ်, ဖောဋ္ဌဗ္ဗဒါနကုသိုလ်, ကာယကံကုသိုလ်, ဝစီကံ ကုသိုလ်, မနောကံကုသိုလ်, ဝိပဿနာဘာဝနာကုသိုလ်, စတုသစ္စဘာဝနာကုသိုလ် အစရှိသော ကုသိုလ်အစု၊ ကောင်းမှုရှိန်စော် အာနုဘော်တို့ကြောင့် သူတော်ကောင်း တရား ဘုရားမြတ်စွာ သာသနာတော်သည် ရှည်ကြာသမယ ကာလအခွန့်တို့တိုင်တိုင် ကြွံခိုင်ထင်ရှား ပျက်ပြားဆုတ်ယုတ် ခြင်း အလျှင်းမရှိ အတိသယ ထွန်းပတောက်ထိန် အရှိန်မစဲ မြဲမြဲကြီးတည်တန့်နိုင်ပါစေသတည်း။

သာသနာတော်ထမ်း ရဟန်းတော်တို့သည် သီလ သိက္ခာကို ကောင်းစွာလုံခြုံအောင် စောင့်ရှောက်ထိမ်းသိန်း ကြလျက် သမာဓိ ပညာတရားတို့ကို ကောင်းစွာပွားများ အားထုတ်တော်မူနိုင်ကြပါစေကုန်သတည်း။

မိစ္ဆာအယူ မသူတော်တို့၏ တရားတို့သည် တနေ့ တခြား တလတပါး ပျက်ပြားကွယ်ပျောက်ကြပါစေကုန် သတည်း။ လူသူလေးပါး အမျိုးသားတို့သည် မဖောက် မပြန် ဟုတ်မှန်ကောင်းမြတ်သော မြတ်စွာဘုရားတရားတော် ကို ရိုသေလေးစား နှလုံးထား၍ များများကြီး ကျင့်ဆောင် နိုင်ကြပါစေကုန်သတည်း။

ယခုပစ္စက္ခ ဘဝလက်ငင်း ကျွန်ုပ်တို့ခန္ဓာ ကိုယ်ကာယ အတွင်း၌ သက်ဆင်းကျရောက်တတ်ကုန်သော ရောဂါဘေး ဒဏ် ရန်မှန်အန္တရာယ် အသွယ်သွယ်အပေါင်း မကောင်းသော

ဖြိုးဟ်စီး ဖြိုးဟ်နင်း တြင်းပြတ် နဝင်းပြတ် စန်းပြတ် လွန်းပြတ် သက်ခတ် ဖြိုးဟ်အိပ် အနိဋ္ဌဖလ်ရုပ် ဒုက္ခဝေဒနာ အဖြာဖြာတို့သည် မကြာခင်လွင့်ပျောက် မရောက်မထိ မငြိမစွန်းပဲ သွေလွဲရှောင်ရှားကြသည် ဖြစ်ကြပါစေကုန်သတည်း။

သံသရာဘဝ ကျင်လည်ရပြန်သည်ရှိသော် ဒုတိယဘဝကို အစပြု၍ နိဗ္ဗာန်ကိုရသည့် ဘဝတိုင်အောင် အပါယ်လေးပါး ကပ်သုံးပါး ရပ်ပြစ်ရှစ်ပါး ရန်သူမျိုးငါးပါး ဝိပတ္တိတရားလေးပါး ဗျသနတရားငါးပါး ဒဏ်ဆယ်ပါး အန္တရာယ်ဆယ်ပါး ဘေးရောဂါ အပါးပါးတို့မှ ကင်းလွတ်ကြကုန်သည်ဖြစ်၍ လေးပါးသောစက် လေးချက်သောသမ္ပတ္တိ ငါးရပ်သောသမ္ပဒါ ငါးဖြာသောအကျိုးထူး ခြောက်ဦးသောဂါရဝ သတ္တဥစ္စာ ၇-ဖြာသော သူတော်ကောင်းတရား ၇-ပါးသောအားတို့နှင့် ပြည့်စုံကြကုန်သည်ဖြစ်၍လည်းကောင်း၊ ထိုမှတပါး တောင့်တရာရာ မင်္ဂလာကျက်သရေ အထွေထွေသော ဆုပတ္ထနာအပေါင်း ကောင်းမြတ်သော အကျိုးထူးတရားတို့နှင့် စိတ်အကြံပေါက်၍ အောက်မေ့တောင့်တသည့်အတိုင်း ပြည့်စုံကြကုန်သည်ဖြစ်၍လည်းကောင်း၊ မိမိ တို့သည် အလိုရှိအပ်သည်ဖြစ်၍ တောင့်တဆုပန်အပ်သော ဗောဓိဉာဏ်ကို ရင့်သန်စေတတ်ကုန်သော ဒါန သီလ နိက္ခမ္မ ပညာ ဝီရိယ ခန္တီ သစ္စာ အဓိဋ္ဌာန မေတ္တာ ဥပေက္ခာဟုဆိုအပ်ကုန်သော ပါရမီတရားတို့ကို မငြိုမငြင်မခဲမယဉ်း တင်းတင်းကြီးဖြည့်စွမ်းနိုင်သော သမ္မာဒိဋ္ဌိအမျိုးမြတ် အမျိုးကောင်းသား ယောကျာ်းစင်စစ် ဘဝတိုင်းမြတ်စွာဘုရားသခင်၏ သာသနာတော်နှင့် ကြုံကြိုက်သမျှသောကာလတို့၌ ရှင်တော်ဘုရား၏သာသနာတော်ကို ထင်ပေါ်သန့်ရှင်း ထွန်းလင်းတည်တံ့အောင် ညီညာဝိုင်းဝန်းတိုက်တွန်းအားပေး အရေးကြီးတစ်ခု ပြုစုထောက်ပံ့နိုင်သော တိဟိတ်ဥက္ကဋ္ဌ မြတ်သောပုဂ္ဂိုလ်ချည်း ဖြစ်ကြကုန်သည်ဖြစ်၍ မိကောင်းဖကောင်း ဆရာသမားကောင်း ဆွေကောင်းမျိုး

ကောင်း ခင်ပွန်းကောင်းတို့နှင့် ပေါင်းဖော်ကြရကုန်လျက် ဆရာသမား ဆွေညာမိတ်ကောင်းတို့ ပြောဆိုပြသ ဆုံးမ သွန်သင်အပ်သော တရားစကားကို ကောင်းစွာနာခံမှတ်သား နှလုံးထား၍ တရားတော်နှင့်ညီလျော်စွာ ကျင့်ကြံအားထုတ် နိုင်ကြကုန်သဖြင့် ထိုထိုပါရမီ စုံညီပြည့်ဝသောကာလ၌ မိမိတို့သည် အလိုရှိအပ်သော ဗောဓိဉာဏ်ကို အသီးသီး ရရှိကြလျက် ထိုရရှိသောဗောဓိဉာဏ်ဖြင့် နိရောဓသစ္စာ မှန်သောနိဗ္ဗာန်ကို ဧကန်မျက်မှောက် ပြုကြကုန်ပြီး၍ ဤ နောက်ဘဝအဆုံး၌ ခန္ဓာကမ္မဇရုပ် အကြွင်းမရှိသော အနု-ပါဒိသေသ နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်စံဝင်ရပါလိုကုန်၏ အရှင်ဘုရား။

ယခုပြုရသောဒါန သရဏဂုံသီလ ဘာဝနာ-အစရှိသော ကုသိုလ်အစု ကောင်းမှုအဖို့တို့ကို မိခင်ဖခင် ဆရာသမား ဘိုးဘွားအစရှိသော ဆွေသားမျိုးသားတို့နှင့် တကွ ဘဝတပါးသို့ ပြောင်းသွားသောသူတို့အားလည်း ကောင်း၊ ဤအရပ်ဒေသ၌ ထင်ရှားရှိကြကုန်သော ပရိသတ်တို့အားလည်းကောင်း၊ ကိုယ်စောင့်နတ်တို့ကို အစပြု၍ လုံးစုံတောတောင် မြိုင်ချောင်သစ်ပင် မြေပြင်စောင့်ကြပ် နတ်တို့အားလည်းကောင်း၊ မြစ်ချောင်းဂင်္ဂါ အိုင်သာတဝှမ်း ကျွန်းသမုဒ္ဒရာ အဖြာဖြာတို့၌ မြစွာစောင့်ကြပ် နတ်တို့အား လည်းကောင်း၊ ဝသုန္ဓြေ နေလပြိုဟ်မြတ် နက္ခတ်ဗိမာန် ပျော်စံခပင်း နတ်မင်းအပေါင်းတို့အားလည်းကောင်း၊ မြို့ရွာ အိမ်ကျောင်း ကိန်းအောင်းစောင့်စား နတ်အများတို့အား လည်းကောင်း၊ သာသနပါလ လောကပါလ သက္ကကြန္ဒာ နတ်ပြဟ္မာအပေါင်းတို့အားလည်းကောင်း၊ ထိုမှတပါး များပြားလှစွာသော ခန္ဓာဝန်ရှိ တိုင်းမသိသော လူတိရစ္ဆာန် ဘီလူးရက္ခိုသ် ဘုတ်ပြိတ်တစ္ဆေ အစရှိသော ထိုထိုဘုံဘဝ ဌာနဟူသမျှတို့၌ ကျင်လည်ပြေးသွားကြကုန်သော သတ္တဝါ တို့အားလည်းကောင်း၊ အမျှပေးဝေပါကုန်၏။

အမျှရကြကုန်သည်ဖြစ်၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြသည် ဖြစ်ကြပါစေကုန်သတည်း။ (အမျှဝေလေ) သူတော်သူမြတ် အပေါင်း သူတော်ကောင်းတို့က ပြုပြုသမျှ ပေးဝေသော ကုသိုလ်ကောင်းမှု အဖို့အစုတို့ကို ဝမ်းမြောက် ဝမ်းသာ သာဓုအနုမောဒနာ ခေါ်လိုက်ပါ၏။ သာဓု သာဓု သာဓု။

*** ♦ ***

## ကောင်းဆရာတော်ကြီး

ကောင်းရွာ ကုန်းကျောင်းတိုက်၌ သီတင်းသုံးသည့် ကောင်းဆရာတော်ကြီးသည်လည်း ရွှေကျင်ဆရာတော်ဘုရားကြီး၏တပည့်ဖြစ်လေသည်။ ရွှေကျင်ဆရာတော်ဘုရားကြီးထံ ၇-နှစ်ခန့် သီတင်းသုံး ပညာသင်ခဲ့သည်။ ရွှေကျင်ဆရာတော်ဘုရားကြီး၏တပည့်ရင်း ဖြစ်တော်မူသည်။

## ဖွားမြင် ရှင် ရဟန်းပြုခြင်း

ကောင်းရွာ၌ ကျောင်းဒါယကာ ဦးရှမ်းကြီး, ကျောင်းဒါယိ ကာမ ဒေါ်မမာတို့မှ သက္ကရာဇ် ၁၂၁၆-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့ လေသည်။ ၇-နှစ်သားတွင် ကျောင်းသားဖြစ်၍ ၁၅-နှစ်သားအရွယ် တွင် **သာမဏေဝတ်** သာသနာ့ဝန်ထမ်းဆောင်တော်မူခဲ့လေသည်။ သက်တော် ၂၀-ပြည့်မြောက်သည်တွင် ခင်မွန်သုံးဂိုဏ်းချုပ်ဆရာတော် ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဘာဝဒုလ္လဘသို့ ရောက်တော်မူခဲ့ လေသည်။

## မဟာဓမ္မိကာရာမတိုက်ရောက်ရှိ ပညာသင်ခြင်း

ခင်မွန်ဆရာတော်ဘုရားကြီးထံ ဝိနည်းဆိုင်ရာကျမ်းဂန်များကို သင်ယူတော်မူပြီး မန္တလေးမြို့ မြောက်ပြင် မဟာဓမ္မိကာရာမရွှေကျောင်းတိုက်ကြီးသို့ ရောက်၍ ရွှေကျောင်းဆရာတော်ဘုရားကြီးထံ ၇-နှစ်ကြာ သီတင်းသုံး၍ ဂန္ထန္တရအဝဝကို သင်ယူတော်မူခဲ့လေသည်။ ပဋိပတ်ကျင့်နည်းကို နည်းယူတော်မူခဲ့လေသည်။

## မဟာဗောဓိတောရကျောင်း၌ ဓုရနှစ်ပါး အားထုတ်ခြင်း

၎င်းနောက် ငကင်းရွာကျောင်း၌ ခေတ္တသီတင်းသုံးတော်မူ၍ တပည့်ကြီး အရှင်ဥေ ္ဍယျအား လွှဲအပ်ပြီးလျှင် မဟာဗောဓိတောရကျောင်းသို့ ကြွရောက်သီတင်းသုံးကာ ဓုရနှစ်ပါးကို ပွားများအားသစ်ကြိုးပမ်းတော်မူခဲ့လေသည်။

## ပျံလွန်တော်မူခြင်း

သက်တော် ၆၉-နှစ်ရှိရာ သက္ကရာဇ် ၁၂၈၄-ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃-ရက်နေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။

## သံဝေဂယူရန်

သေခါသေချိန် ပြက္ခဒိန်ဝေဘန် နက်ဖန်သန်ဘက်
သေမည့်ရက်ကား ချိန်းချက်မရှိ ဘယ်သူတစ်ယောက်
မဖောက်ဧကန် မသိမှန်သည် ဧကန်ကြောက်ဖွယ် မရဏ
ရယ်တည်း။

## ဝိသုဒ္ဓါစာရကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု
## ဝိသုဒ္ဓါစာရကဝိဓဇာဓိပတိသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု
## အဂ္ဂမဟာပဏ္ဍိတ
## ဘွဲ့တံဆိပ်တော် ၃-ထပ်ရ
## ဆရာတော်အရှင်ဝိသုဒ္ဓါစာရ

မန္တလေးမြို့ အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက်၊ နောက်တွင် မန္တလေးမြို့ အနောက်ပြင် မဟာဝိသုဒ္ဓါရုံဆရာတော်အဖြစ် ထင်ရှားသော "ဝိသုဒ္ဓါစာရကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု, ဝိသုဒ္ဓါစာရကဝိဓဇာဓိပတိသိရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု, အဂ္ဂမဟာပဏ္ဍိတ" အားဖြင့် ဘွဲ့တံဆိပ်တော် ၃-ထပ်ရ ဆရာတော်ဘုရားကြီး အရှင်ဝိသုဒ္ဓါစာရသည်လည်း မန္တလေးမြို့ မြောက်ပြင် မဟာဓမ္မိကာရာမတိုက်၌ ကြာမြင့်စွာ သီတင်းသုံး၍ ရွှေကျင်ဆရာတော်ဘုရားကြီး အရှင်ဇာဂရထံ ပရိယတ်, ပဋိပတ်သင်ကြားချပို့နည်း ကျင့်ကြံအားထုတ်နည်းတို့ကို နည်းခံတော်မူခဲ့လေသည်။

## ဖွားမြင်တော်မူခြင်း

ရွှေဘိုမြို့တောင်လက် ၁၄-မိုင်ခန့်အကွာ စမွန်းရွာ၌ အဖ ဦးမှို, အမိ-ဒေါ်မိတို့မှ သက္ကရာဇ် ၁၂၀၀-ပြည့်နှစ် ဝါဆိုလဆန်း ၁၃-ရက်နေ့ ညဉ့် ၃-ချက်တီးကျော်အချိန် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။ ဆရာတော်ငယ်နာမည် မောင်မောက် ဖြစ်လေသည်။

## ပညာသင်ကြားခြင်း

သက်တော် ၇-နှစ်ရှိရာ ၁၂၀၇-ခုနှစ်တွင် စမွန်းရွာ မဟာရုံတိုက် ဆရာတော်အရှင်ကုန္ဒကထံ ရောက်၍ သရပုံ, ဗျည်းပုံ,

ဌာန်နေ, ကရိုဏ်း, ပယတ်, ရွတ်ဖတ်ပုံအနေကိုပြသော သိက္ခာကျမ်း မျိုးကစ၍ သင်ကြားတော်မူခဲ့ရာ ၈-နှစ်သားအရွယ်တွင် အထိုက် အလျောက် ကျွမ်းကျင်တတ်မြောက်သည်အဖြစ်သို့ ရောက်တော်မူခဲ့ လေသည်။

## သာမဏေဝတ် သာသနာ့ဝန်ထမ်းဆောင်ခြင်း

သက်တော် ၁၃-နှစ်သားအရွယ်တွင် စမွန်းရွာဆရာတော် အရှင်ကန္တကို ဥပဇ္ဈာယ်ပြု၍ "နှစ်ဆယ့်လေးလုံး၊ စွဲသုံးအက္ခရာ၊ သရဏာဟု၊ ဦးစွာရွတ်ဘိ၊ သာဝိတ္ထိ" ဖွဲ့ကို ဥပဇ္ဈာယ်ဆရာတော် ချပေးသည့်အတိုင်း ရွတ်ဆို၍ သာမဏေအဖြစ်သို့ရောက်ရှိကာ သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်။

## ရွှေကျင်ဆရာတော်ထံ ရောက်ရှိ ပညာသင်ကြားခြင်း

သက်တော် ၁၇-နှစ်သားအရွယ်ခန့်တွင် ရွှေကျင်နိကာယ သမုဋ္ဌာပက ရွှေကျင်ဆရာတော်ဘုရားထံ ရောက်ရှိ၍ သုတ္တန်, အဘိ ဓမ္မာ ပါဠိတော်ကြီးများကို အဋ္ဌကထာတွဲဖက်၍ နေတ္တိနည်း, ဉာသ် နည်း, ဆန်းနည်း, အလင်္ကာနည်းစသည်တို့ဖြင့် သင်ယူတော်မူခဲ့လေ သည်။ ၎င်းပြင် သက္ကတဘာသာကိုလည်း သင်ယူတော်မူခဲ့လေသည်။

## ရဟန်းအဖြစ်သို့ရောက်ခြင်း

သက်တော် ၂၀-ပြည့်မြောက်ရာ ၁၂၃၉-ခုနှစ် သီတင်းကျွတ် လပြည့်နေ့တွင် စမွန်းရွာ အရှေ့အနီးဖြစ်သော သရိုင်ရွာကျောင်း ခဏ္ဍာသိမ်တော်၌ ရွှေကျင်ဆရာတော်ဘုရားကြီး အရှင်ဇာဂရမဟာ ထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။ ဆရာတော်သည် ဉာဏ်ပညာထက်မြက်, ဝီရိယလည်း ကြီးမားသူဖြစ်

သည့်အလျောက် သင်ယူသမျှ မပျောက်ပဲရှိရာ ရဟန်း ၁-ဝါတွင် တိပိဋကဝိဒူ ကျမ်းတတ်ပုဂ္ဂိုလ်အဖြစ်သို့ ရောက်တော်မူခဲ့လေသည်။ နောက်ထပ် ဆိုင်ရာဒကာ ဒကာမတို့ကို ချီးမြှောက်သည့်အနေဖြင့် ၂-ကြိမ် ၃-ကြိမ် သိမ်ထပ်မှုကို ခံယူတော်မူခဲ့လေသည်။

## ဆက်လက်ပညာသင်ကြားခြင်း

၎င်းနောက် ဒုတိယမြို့ပြင်ကြီးဆရာတော် အရှင်စန္ဒဝံသာလင်္ကာရ စသည်တို့ထံ၌လည်း အဘိဓမ္မာကျမ်းဂန်များကို အချောသတ် သင်ယူတော်မူခဲ့လေသည်။ သို့ဖြစ်ရာ ဆရာတော်သည် အဘိဓမ္မာကျမ်းဂန်များ၌လည်း လွန်စွာနိုင်နင်းတော်မူခဲ့လေသည်။

## မန္တလေးမြို့ အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက်၌ သီတင်းသုံး သာသနာပြုခြင်း

ဆရာတော်သည် သက္ကရာဇ် ၁၂၃၄-ခုနှစ်မှစ၍ ၁၂၆၃-ခုနှစ်အထိ ၂၉-ဝါပတ်လုံး သီတင်းသုံးတော်မူ၍ ရောက်ရှိခဲ့သော ကျောင်းတပည့်တပန်း ရဟန်းသာမဏေအပေါင်းတို့အား နေ့ဝါညဝါ ကျမ်းစာချပို့ သာသနာပြုတော်မူခဲ့လေသည်။

## ရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော် ၂-ထပ် အလှူခံရရှိခြင်း

သက္ကရာဇ် ၁၂၃၅-ခုနှစ် ရဟန်းသိက္ခာ ၁၆-ဝါအရတွင် ပဥ္စမသံဂါယနာတင် မင်းတုန်းမင်းတရားကြီး ဆက်ကပ်လှူဒါန်းသည့် "ဝိသုဒ္ဓါစာရကဝိဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်နှင့် ၁၂၄၆-ခုနှစ် ရဟန်းသိက္ခာ ၂၇-ဝါအရတွင် သီပေါမင်းဆက်ကပ် လှူဒါန်းအပ်သော "ဝိသုဒ္ဓါစာရာဘိကဝိဇာဓိပတိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်။

## ရွှေကျင်နိကာယသာသနာပိုင်ဖြစ်ခြင်း

သက္ကရာဇ် ၁၂၅၆-ခုနှစ်တွင် ရွှေကျင်နိကာယသံဃဦးကိုင် သာသနာပိုင်ဖြစ်၍ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ပြုလုပ်ဆောင်ရွက်တော်မူခဲ့လေသည်။ ဆရာတော်သည် မန္တလေးမြို့ မြောက်ပြင် ယောမင်းကြီးအုတ်ကျောင်း, ကျိုက်လတ်မြို့ ပုဗ္ဗာရုံကျောင်းတိုက်, ပစ္ဆိမာရုံကျောင်းတိုက်, ရန်ကုန်မြို့ ကျိုက္ကစံကျောင်းတိုက်စသည်တို့ကိုလည်း အလှူခံတော်မူရလေသည်။ ၁၂၆၅-ခုနှစ် ဝါဆိုလဆန်း ၁၁-ရက်နေ့မှစ၍ အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက်မှ အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်သစ်သို့ ကြွရောက်သီတင်းသုံးတော်မူခဲ့လေသည်။

## ကျမ်းဂန်များပြုစုခြင်း

ဆရာတော်သည် ကျမ်းဂန်များစွာတို့ကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။ ၎င်းတို့မှာ-

၁။ ဝိဇ္ဇာဓိုရ်ဓာတုကထာချိုးလက်ာ၊

၂။ ပရမတ္ထသရူပဘေဒနီကျမ်း၊

၃။ နေကွမ္မယောဇနာကျမ်း၊

၄။ မုစ္စနဂ်ပကာသနီကျမ်း၊

၅။ သဒ္ဒတ္ထဘေဒစိန္တာဂဏ္ဌိကျမ်း၊

၆။ ဉာဏောဒယစာစပ်ကျမ်း၊

၇။ ဆန္ဒောမဥ္ဇရီပါဠိ၊

၈။ ဆန္ဒောမဥ္ဇရီနိဿယ၊

၉။ ဆန္ဒောမဥ္ဇရီလက်ာ၊

၁၀။ ဓာတွတ္ထသင်္ဂဟပါဠိ၊

၁၁။ ခါတွတ္ထသင်္ဂဟပါဌ်နိဿယ၊
၁၂။ နေတ္တိပ်ာရတ္ထဒီပနီသစ်၊
၁၃။ ပါဒစက္ကစေတိယဝန္တနာကျမ်း၊
၁၄။ ဆဗ္ဗဏ္ဏရံသီဝန္ဒနာကျမ်း၊
၁၅။ မစ္ဆကဏ္ဏကပဟာန်စာတမ်း၊
၁၆။ ရွှေကျောင်ဝံသာနုရက္ခကျမ်း၊
၁၇။ ရွှေကျောင်ဂိုဏ်းကျင့်ထုံးကျမ်း၊
၁၈။ ဆိဒ္ဒပိဓာနနီကျမ်း၊
၁၉။ ဝိသုဒ္ဓါရုံကစ္စည်းသုတ်နက်ကျမ်း၊
၂၀။ ကစ္စာယနသံဝဏ္ဏနာဆက္က၊
၂၁။ ဝိနယကောသလ္လကျမ်း၊
၂၂။ သမဇ္ဇနဒေါသဒီပနီကျမ်း၊
၂၃။ ဂိဟိစာရိတ္တကျမ်း၊
၂၄။ သတ်ပုံသံခိပ်ကျမ်း၊
၂၅။ မခုသာရတ္ထသတ်ပုံ၊
၂၆။ သံဝါသဒီပနီကျမ်း၊
၂၇။ မဟာသုပိနာဒိဒီပနီကျမ်း၊
၂၈။ ပရိဝါသဝိနိစ္ဆယကျမ်း၊
၂၉။ ကမ္မဝါစာနိဿယ၊ (မူသစ်)
၃၀။ ဥပါသကပဋိပဒါကျမ်း၊
၃၁။ ဝိသုဒ္ဓါရုံအဆုံးအဖြတ်ကျမ်း၊
၃၂။ သိရိမဟာမာယာဝတ္တုနိဿယသစ်၊
၃၃။ အဘိဓမ္မတ္ထသင်္ဂဟနိဿယသစ်၊
၃၄။ ဒေါင်းမေတ္တာစာ၊

၃၅။ ဒေါင်းငှိကာ၊

၃၆။ ဝိသုဒ္ဓါရုံနိယံ၊

၃၇။ ဒွတ္တိံသမဟာပုရိသလက္ခဏာဒီပနီ၊

၃၈။ ဝိသုဒ္ဓါရုံဂုဏ်တော်ဖွင့်- စသည်တို့ ဖြစ်ကုန်၏။

## အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် အလှူခံရရှိခြင်း ပျံလွန်ခြင်း

သက္ကရာဇ် ၁၂၇၆-ခုနှစ်တွင် "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်။ ၁၂၇၈-ခုနှစ် ဝါဆိုလဆန်း ၈-ရက် နံနက် ၇-နာရီ ၁၀-မိနစ်အချိန်တွင် စုတိကမ္မဇရုပ် ချုပ်တော်မူခဲ့လေသည်။ [၁]

## သံဝေဂယူရန်

**သံယောဂေါ ဟိ ဝိယောဂဿ၊ သံသူစယတိ သမ္ဘဝံ။**
**အနတိက္ကမနီယဿ၊ ဇာတိဝ မစ္စုနောဂမံ။**

သံယောဂေါ= သတ္တဝါခပင်းတို့၏ အချင်းချင်းပေါင်းဆုံမိခြင်းသည်။ ဝိယောဂဿ= ကွေကွင်းကွဲကွာခြင်း၏။ သမ္ဘဝံ= ဖြစ်ရန်အကြောင်းကို။ သံသူစယတိဟိ= ပြသည်သာ။ ဇာတိ= စွဲလာသန္ဓေတည်နေရခြင်းသည်။ အနတိက္ကမနီယဿ= တစုံတယောက်မျှ မလွန်ဆန်နိုင်သော။ မစ္စုနော= သေမင်းခေါ်ပြား သေခြင်းတရား၏။ အာဂမံ= လာရောက်ခြင်းကို။ သံသူစယတိဝ-သံသူစယတိဧဝ= ပြ သည်သာ။

---

၁။ အကျယ်မန္တလေးသာသနာဝင်။ ၉၊ ၂၅-တို့ကြည့်။

## ရွှေကျင်နိကာယဥက္ကဋ္ဌ
## မဟာနိကာယဓမ္မသေနာပတိ
## ဆရာတော်အရှင်ဇနိန္ဒ

ရှိမ်းမကား ချမ်းသာကြီးဆရာတော် အရှင်ဇနိန္ဒ[၁]သည်လည်း မဟာဓမ္မိကာရာမတိုက်၌ သီတင်းသုံး ပရိယတ် ပဋိပတ်နည်းခံတော်မူခဲ့သည့်မထေရ်မြတ် ဖြစ်တော်မူသည်။

## ဖွားမြင်တော်မူခြင်း

ရွှေဘိုတောင်ဖက် သာလိုင်းရွာ၌ အဖ-ဦးကျေး၊ အမိ-ဒေါ်ရောက်တို့မှ သက္ကရာဇ် ၁၂၀၄-ခုနှစ် တပို့တွဲလဆန်း ၁၅-ရက် အင်္ဂါနေ့၌ မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့လေသည်။

## ရှင် ရဟန်းပြု ပညာသင်ခြင်း

သက်တော် ၉-နှစ်သားအရွယ်တွင် သာလိုင်းရွာကျောင်း ဆရာတော် အရှင်ပရမထံ အောက်ခြေစာများကို သင်ကြားတော်မူခဲ့လေသည်။ ၁၂-နှစ်သားအရွယ်တွင် သာမဏေဝတ်၍ သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်။ သာမဏေအဖြစ်နှင့် နန်းစုရွာ အရှင်ဇဝန၊ ခင်မင်ရွာ အရှင်မိတိမာ၊ မင်းရွာ အရှင်ဝိစိတ္တ၊ ရှိမ်းမကား တောရကြီးဆရာတော်တို့ထံတွင် နေ့ဝါညဝါကျမ်းစာများကို သင်ယူတော်မူခဲ့လေသည်။

မန္တလေးမြို့ မဟာဓမ္မိကာရာမတိုက် (ရွှေကျင်တိုက်မ) ရွှေကျင်ဆရာတော်ဘုရားကြီးထံ၌လည်း ကြာမြင့်စွာသီတင်းသုံး၍ ပညာသင်ကြားတော်မူခဲ့လေသည်။ မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီး အရှင်ဝိသုဒ္ဓါစာရ၊ ဒုတိယမြို့ပြင်ကြီးဆရာတော် အရှင်စန္ဒဝံသာ

---

၁။ ဦးဇလိန္ဒ-ဟုလည်း မှုကွဲရှိသည်။

လက်ခံရစေသော ဆရာတော်တို့ထံ၌လည်း အဘိဓမ္မာကျမ်းစသည်များကို သင်ကြားတော်မူခဲ့လေသည်။ သက်တော် ၂၀-ပြည့်မြောက်ရာ ၁၂၂၄-ခုနှစ် ကဆုန်လဆုတ် ၃-ရက် ကြာသပတေးနေ့တွင် ရွှေဘိုမြို့နယ် မြင်တော်ရွာကျောင်းသိမ်တော်၌ ရွှေကျင်ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဒုလ္လဘကို ရတော်မူခဲ့လေသည်။

ဥပဇ္ဈာယံ ကရိတွာန၊ ရွှေကျင်ထေရိန္ဒပုင်္ဂဝံ။
ဇနိန္ဒော လောကနာထဿ၊ သာသနေ ဒုလ္လဘံ လဘိ။

အင်းဝမြို့ သက်ကယ်ကျင်းတိုက်၊ မန္တလေးမြို့ အရှေ့ပြင် မင်းတဲတိုက်၌လည်း ပညာသင်ကြားခဲ့ဘူးသည်။ ရဟန်းဝတ်နှင့်လည်း မဟာဓမ္မိကာရာမတိုက်၌ သီတင်းသုံးခဲ့ဘူးလေသည်။ အုတ်ဖိုဆရာတော်ထံ၌လည်း ၂-နှစ်တိုင် ပညာသင်ကြားခဲ့လေသည်။ ရွှေကျင်ဆရာတော်ဘုရားကြီး ဒိပဲယင်း၊ အလုံ၊ တောင်တွင်းကြီး၊ တလုပ်မြို့စသည်တို့၌ သာသနာပြုကြွတော်မူစဉ် ဆရာတော်အရှင်ဇနိန္ဒသည် မဟာဓမ္မိကာရာမတိုက်၌ သီတင်းသုံး၍ သံဃပရိသတ်ကို အုပ်ချုပ်တော်မူရလေသည်။

## စာပေချပို့တော်မူခြင်း

ဆရာတော်အရှင်ဇနိန္ဒသည် ကန့်ကူလက်လှည့်ဆရာအရင်းအရှင်ဇဝန သီတင်းသုံးတော်မူရာ ငပို့တောရကျောင်း၊ ရွှေတိုက်တောရကျောင်း၊ မဟာဝိသုဒ္ဓါရာမတိုက်၊ ရှိမ်းမကားဘုန်းပွင့်တိုက်၊ အောက်တောရွာကျောင်း၊ ရှိမ်းမကားရွာသစ် ပေါက်ပင်ကျောင်းတိုက်တို့၌လည်း စာပေချပို့တော်မူခဲ့လေသည်။ ရံဖန်ရံခါ မဟာဝိသုဒ္ဓါရာမတိုက်၌ လက်ထောက်စာချဖြစ်၍လည်း စာပေချပို့တော်မူခဲ့လေသည်။ ၁၂၄၉-ခုနှစ်မှစ၍ ရှိမ်းမကားချမ်းသာကြီးကျောင်းတိုက်၌ အမြဲသီတင်းသုံးတော်မူ၍ စာပေချပို့ခြင်းစသည့် လုပ်ငန်းများကို ပြုတော်မူခဲ့လေသည်။

## ရွှေကျင်နိကာယ ဓမ္မသေနာပတိဖြစ်ခြင်း

သက်တော် ၈၇-နှစ် သိက္ခာတော် ၆၇-ဝါရှိရာ ၁၂၉၁-ခုနှစ်တွင် ရွှေကျင်နိကာယဥက္ကဋ္ဌ မဟာနိကာယ ဓမ္မသေနာပတိ အဖြစ် ရွှေကျင်ဂိုဏ်းသံဃာတော်တို့၏ ဆန္ဒတူတင်မြှောက်ခြင်းကို ခံယူတော်မူရလေသည်။

## ပျံလွန်တော်မူခြင်း

ရှိမ်းမကား ချမ်းသာကြီးဆရာတော်ဘုရားကြီး အရှင်ဇနိန္ဒ သည် ရွှေကျင်နိကာယ သာသနာပိုင်တင်မြှောက်ခံရပြီးနောက် မကြာ မီ ၁၂၉၁-ခုနှစ် ဝါခေါင်လပြည့်ကျော် ၁-ရက်နေ့ည ၇-နာရီအချိန် တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။

## သံဝေဂယူရန်

**သဗ္ဗေ ခယန္တာ နိစယာ၊ ပတနန္တာ သမုဿယာ။**
**သဗ္ဗေသံ မရဏာမာဂမ္မ၊ သဗ္ဗေသံ ဇီဝိတမဒ္ဓုဝံ။** [၁]

သဗ္ဗေ နိစယာ= သိုမှီးသိမ်းထားအပ်သမျှ ဥစ္စာနေတို့သည်။ ခယန္တာ= တနေ့နေ့တွင် ကုန်ဆုံးပျက်စီးခြင်းလျှင် အဆုံးရှိကုန်၏။ သမုဿယာ= စပ်ကာချုပ်ထား ခန္ဓာငါးပါးတို့သည်။ ပတနန္တာ= တနေ့နေ့တွင် ကျေမွပျက်စီးခြင်းလျှင် အဆုံးရှိကုန်၏။ သဗ္ဗေသံ= စွဲလာသန္ဓေ တည်နေဖြစ်လာ သတ္တဝါအားလုံးတို့၏။ မရဏံ= စုတိပြတ်ကျွေ သေလွန်ခြင်းသို့။ အာဂမ္မ= မလွဲမသွေ ရောက်ကြရကုန်၍။ သဗ္ဗေသံ= စွဲလာသန္ဓေ တည်နေဖြစ်လာ သတ္တဝါအားလုံးတို့၏။ ဇီဝိတံ= အသက်ဇီဝိန်သည်။ အဓုဝံ= ပုံသေမုချ မမြဲစွတကား။

---

၁။ နေတ္တိပါဠိ။ ၁၂၅။

## ဝဋ္ဋသောဒနိယတရားစာစသည့်ကျမ်းပြု နှဲကြီးဆရာတော် အရှင်ဇိန

ဓနုဖြူမြို့ နှဲကြီးရွာ မဟာထူပါရာမကျောင်းတိုက် နှဲကြီးဆရာတော်ဘုရားကြီး အရှင်ဇိနသည်လည်း ရွှေကျင်ဆရာတော်ဘုရားကြီး အရှင်ဇာဂရ၏တပည့် ဖြစ်တော်မူသည်။

## ဖွားမြင် ရှင် ရဟန်းပြုခြင်း

ဇလွန်မြို့ ကျုံတုန်းရွာ ညောင်ဝိုင်းရပ်၌ သက္ကရာဇ် ၁၂၁၂-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်။ ငယ်မည် မောင်ဘိုးသာ ဖြစ်လေသည်။ သက်တော် ၇-နှစ်သားခန့်အရွယ်တွင် ဇလွန်မြို့ ဗညားရွာ သာသနမူလာရုံကျောင်းဆရာတော် အရှင်ဂန္ဓမာထံ ရောက်ရှိ၍ အောက်ခြေစာများကို သင်ယူတော်မူခဲ့လေသည်။ ၁၀-နှစ်သားခန့်အရွယ်တွင် ဆရာတော်အရှင်ဂန္ဓမာကို ဥပဇ္ဈာယ်ပြု၍ သာမဏေဝတ် သာသနာ့ဝန်ထမ်းဆောင်တော်မူခဲ့လေသည်။ သက်တော် ၂၀-ပြည့်မြောက်ရာ ၁၂၃၁-ခုနှစ်တွင် မန္တလေးမြို့ မဟာဓမ္မိကာရာမရွှေကျင်တိုက်၌ ရွှေကျင်ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။ [၁]

## မဟာဓမ္မိကာရာမတိုက် ရောက်ရှိ ပညာသင်ကြားခြင်း

သက်တော် ၁၄-နှစ်ခန့်အရွယ် သာမဏေဘဝဖြင့် မန္တလေးမြို့ မြောက်ပြင် မဟာဓမ္မိကာရာမတိုက်ကြီးသို့ ရောက်၍ ရွှေကျင်

---

၁။ မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ဟုလည်း ဆိုကြသည်။ မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးကား ၁၂၀၀-ပြည့် ဖွားဖြစ်သည်။ ရွှေကျင်ဆရာတော်ဘုရားကြီးသာ ဥပဇ္ဈာယ်ဖြစ်ဖွယ်ရာရှိ၏။

ဆရာတော်ဘုရားကြီး အရှင်ဇာဂရထံ ရောက်ရှိ၍ ပိဋကတ်အခြေခံ စာများနှင့်တကွ ဂန္ထန္တရအဝဝကို သင်ယူတော်မူခဲ့လေသည်။ ရဟန်း ဖြစ်ပြီးနောက်လည်း ရွှေကျင်ဆရာတော်ဘုရားကြီးနှင့် မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးစသည်တို့ထံ သင်အပ်သင်ထိုက်သင်သင့်သည့် ကျမ်းဂန်များကို မဟုဿာဟဇွဲလုံ့လဖြင့် သင်ယူတော်မူခဲ့လေသည်။

## စာပေချပို့ သာသနာပြုခြင်း

စာပေကျမ်းဂန်တတ်မြောက်ကျွမ်းကျင်သဖြင့် မဟာဓမ္မိကာ ရာမရွှေကျောင်းတိုက်၌ အောက်လက်ငယ်သား ရဟန်းသာမဏေ စာသင် သားတို့အား စာပေချပို့ သာသနာချီးမြှောက်တော်မူခဲ့လေသည်။ မန္တလေးမြို့ အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက်၌ သီတင်းသုံး၍ စာပေ ချပို့တော်မူခဲ့လေသည်ဟုလည်း ဆိုကြသည်။

## ဇလွန်မြို့၌
## စာပေချပို့ သာသနာချီးမြှောက်ခြင်း

ရဟန်းသိက္ခာ ၁၀-ခန့်လောက်တွင် ဇာတိချက်ကြွေ မွေးရပ် မြေဖြစ်သည့် ဇလွန်မြို့သို့ ပြန်ကြွတော်မူ၍ ဇလွန်မြို့ ဗျည်းညားရွာ သာသနမူလာရုံကျောင်း၌ စာပေချပို့ သာသနာကို ချီးမြှောက်တော်မူ ခဲ့လေသည်။ အခါအားလျော်စွာ တရားဓမ္မဟောပြောပြသ၍လည်း ဒါယကာ ဒါယိကာမတို့ကို အသိပညာတိုးတက်စေတော်မူခဲ့လေသည်။

## နှဲကြိုးရွာ သီတင်းသုံးခြင်း
## နှဲကြိုးဆရာတော်ဟု ကျော်စောခြင်း

တနေ့တွင် အုတ်ဖိုဆရာတော်ဘုရားကြီး သာသနာရေးကိစ္စ ဖြင့် ဇလွန်မြို့သို့ ကြွရောက်တော်မူရာ အထူးအာဏာရတိုက်သူကြီး ဘိုးထုံးကြီးနှင့် မယ်ပန်းဖြူအမျိုးရှိသော နှဲကြိုးရွာ ဒကာ ဒကာမများ

စွာတို့ ဇလွန်မြို့သို့ လာရောက်ကြကာ အုတ်ဖိုဆရာတော်ဘုရားကြီး ထံ နဲ့ကြိုးရွာသို့ ကျမ်းဂန်တတ်ရဟန်းတော်တစ်ပါး ပေးသနားပါရန် လျှောက်ထားကြကုန်၏။ ထိုအခါ အုတ်ဖိုဆရာတော်ကြီးက ဗျည်းညား ဘုန်းတော်ကြီးနှင့်သာ သင့်လျော်သည်ဟု ထင်မြင်သိရှိတော်မူသဖြင့် အရှင်ဇိနအား "မောင်ဇိန. . . ငါ့ရဲ့ကိုယ်စား နဲ့ကြိုးသွား သာသနာ ပြုချေ"ဟု မိန့်တော်မူလေသည်။ သို့နှင့် အရှင်ဇိနသည် သက်တော် ၃၂-နှစ် ရဟန်းဝါ ၁၂-ဝါခန့် သက္ကရာဇ် ၁၂၄၄-ခုနှစ်တွင် နောက်ပါ သံဃာတော် ၂၀-ခန့်နှင့်တကွ နဲ့ကြိုး မဟာထူပါရာမကျောင်းတိုက်သို့ ကြွရောက်သီတင်းသုံး သာသနာပြုတော်မူခဲ့လေသည်။ ထိုအခါမှစ၍ နဲ့ကြိုးဆရာတော်ဟု ထင်ရှားလေသည်။

နဲ့ကြိုးဂါမေ ဝသိတွာန၊ ခုရဒွယေ သုပူရယိ။
တေန နဲ့ကြိုးဆရာတော်တိ၊ အခုနာပိ ပဝတ္တတိ။

## သံဃာခြောက်ဆယ်ကျော် စာချ
## သာသနာပြုခြင်း

နဲ့ကြိုးရွာ မဟာထူပါရာမကျောင်းတိုက်၌ ဘိုးထုံးကြီး, မယ် ပန်းဖြူတို့သည် ဆရာတော်အရှင်ဇိန သီတင်းသုံးရန် သုံးထပ်တိုက် ကြီးတစ်လုံးနှင့် စာချဘုန်းကြီးများ, စာသင်သားများ သီတင်းသုံးရန် သစ်သားကျောင်းကြီးများ ဆောက်လုပ်လှူဒါန်းကြကုန်၏။ ထိုစဉ်က နဲ့ကြိုးရွာ၌ သံဃာတော်ခြောက်ဆယ်ခန့် သီတင်းသုံးတော်မူကြသည်။ ဆရာတော်အရှင်ဇိနသည် ရွှေကျင်ဆရာတော်ဘုရားကြီးစသည်တို့မှ ရရှိခဲ့သည့် သာသနာပြုနည်းကို ပရိယတ် ပဋိပတ်ကြိုးကုတ် သာ သနာပြုတော်မူခဲ့လေသည်။

## ကျမ်းဂန်များပြုစုခြင်း

ဆရာတော်သည် ကျမ်းဂန်များစွာတို့ကိုလည်း ပြုစီရင်တော် မူခဲ့လေသည်။ ၎င်းတို့မှာ-

၁။ သမ္မောဟဘေဒနီကျမ်း၊

၂။ သမ္မောဟဒီပနီကျမ်း၊

၃။ သုတ်ကမ္မဋ္ဌာန်းအမျိုးမျိုး၊

၄။ ဓာတုဝန္ထုနာဒိဘုရားရှိခိုးကျမ်း၊

၅။ ဝဏ္ဍဘေဒနီကျမ်း၊

၆။ နှဲကြီး အဘိဓမ္မတ္ထနိယံကျမ်း၊

၇။ သိက္ခာပဒဝိနိစ္ဆယကျမ်း၊

၈။ နှဲကြီးမူ ရှင်ကျင့်ဝတ်- စသည်တို့ ဖြစ်ကုန်၏။

## ဘဝနတ်ထံ ပျံတော်မူခြင်း

ဆရာတော်ဘုရားကြီး အရှင်ဇိနသည် ၁၂၇၆-ခုနှစ် တန်ဆောင်မုန်းလဆန်းလောက်တွင် ဇလွန်မြို့ ကိုင်းတောလွန်းရွာမှ အလှူပင့်သဖြင့် နှဲကြီးမှ ဇလွန်သို့ ကြွရောက်တော်မူရာ လမ်းခုလပ် ဘိုးကြီးရွာအရောက် နင်းကြမ်းတံတားဖြတ်အကူးတွင် ညာဖက်ခြေ ဖဝါး သံစူးရာ ဆက်လက်၍ ဇလွန်အရောက် ကြွတော်မူခဲ့သည်။ ဇလွန်သို့ရောက်ပြီး မဟာနာဂဝံသသိမ်ကျောင်း၌ သီတင်းသုံးလျက် သံစူးသည့်ဝေဒနာကို ကုသရာ သက်သာခြင်းအလျင်းမရှိသဖြင့် နှဲကြီးသို့ သက်ဆိုင်ရာဒကာ ဒကာမတို့ ပင့်ဆောင်၍ ဆက်လက်ကုသကြကုန်၏။ သို့ရာတွင် သက်သာခွင့်မရပဲ သက်တော် ၆၄-နှစ်ရှိရာ သက္ကရာဇ် ၁၂၇၆-ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၂-ရက်နေ့တွင် ဘဝနတ်ထံ ဝင်စံတော်မူခဲ့လေသည်။

## သံဝေဂယူရန်

၁။ သေရန်အန္တရာယ် အသွယ်သွယ် တကယ်များလှသည်။
၂။ မြွေကင်းကိုက်ကာ မြန်မကြာ မှန်စွာသေနိုင်သည်။
၃။ ချော်လဲ၍လဲ ရုတ်ခနဲ မလွဲသေနိုင်သည်။
၄။ သည်းခြေပျက်ကာ မြန်မကြာ မှန်စွာသေနိုင်သည်။
၅။ သလိပ်ရောဂါ စွဲကပ်ကာ မှန်စွာသေနိုင်သည်။
၆။ ကင်ဆာရောဂါ စွဲကပ်ကာ မှန်စွာသေနိုင်သည်။ [၁]
၇။ လေဖြတ်၍လဲ ပြုန်းခနဲ မလွဲသေနိုင်သည်။
၈။ လေယာဉ်ပျက်ကာ မြန်မကြာ မှန်စွာသေနိုင်သည်။ [၂]
၉။ ယာဉ်ပျက်၍လဲ ရုတ်ခနဲ မလွဲသေနိုင်သည်။ [၃]
၁၀။ အဆိပ်သင့်ကာ မြန်မကြာ မှန်စွာသေနိုင်သည်။
၁၁။ ရေလှိုင်းမျောကာ များသတ္တာ များစွာသေလှပြီ။ [၄]
၁၂။ သံစူး၍လဲ မှန်မလွဲ သေပွဲဝင်နိုင်သည်။
၁၃။ ကိုးဆယ့်ခြောက်ဖြာ ဘေးရောဂါကို နှိပ်စက်စွဲကာ
သတ္တဝါ များစွာသေလှပြီ။
၁၄။ သေနေ့စေ့က တနေ့ကျ ငါလဲသေရမည်။
၁၅။ မသေမီက ဒါန,သီလ,ဘာဝနာ လျှင်စွာပြုရမည်။

---

၁။ ညစ်ညမ်းသော လေရှူမိကာ ကင်ဆာရောဂါဖြစ်သေသူတွေ မရေတွက်နိုင်အောင် များလှသည်။

၂။ လေယာဉ်ပျက် သေသူတွေ ကမ္ဘာအနှံ့အပြား များလှ၏။

၃။ ကားမှောက်, ရထားမှောက်, ရထားချင်းတိုးမိ, ကားချင်းတိုးမိ, သင်္ဘောမှောက်, လှေမှောက်စသည်ဖြင့် သေသူတွေ မရေနိုင်အောင် များလှ၏။

၄။ ရေမျောရေနစ်၍ သေသူတွေ မရေနိုင်ပါချေ။ ၁၃၄၇-ခုနှစ်က ဘင်္ဂလားဒေ့ရှ်နိုင်ငံတောင်ပိုင်း ဆိုင်ကလုန်မုန်တိုင်းကြောင့် လူပေါင်းတစ်သောင်းမက သေ၍ ၂၅၀၀၀၀ အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရလေသည်။

## ဂန္ဓမာဘိသိရိကဝိဇေမဟာဓမ္မရာဇဂုရု
## ဘွဲ့တံဆိပ်တော်ရ
## ဆရာတော်အရှင်ဂန္ဓမာ

ဟသ်ာတမြို့ မိုးကောင်းကျောင်းတိုက် ဆရာတော်အရှင်ဂန္ဓမာသည်လည်း မဟာဓမ္မိကာရာမတိုက်၌ ကြာမြင့်စွာသီတင်းသုံး ပညာသင်ကြားတော်မူခဲ့သည်။ ရွှေကျင်ဆရာတော်ဘုရားကြီး၏ တပည့်ကြီးဖြစ်တော်မူသည်။

## ဖွားမြင် သာမဏေဝတ် ပညာသင် ရဟန်းပြုခြင်း

သက္ကရာဇ် ၁၂၁၈-ခုနှစ် ပတ်ဝန်းကျင်လောက်တွင် ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်ရောက်သော် သာမဏေဝတ်၍ သာသနာ့ဝန်ထမ်းဆောင်တော်မူခဲ့လေသည်။ သာမဏေဝတ်ဖြင့် မန္တလေးမြို့ အရှေ့ပြင် စိန်ကုန်းတိုက်၌ သီတင်းသုံးတော်မူသော "အဂ္ဂဓမ္မာလင်္ကာရကဝိဇေမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ သင်္ဂဇာဆရာတော်ဘုရားကြီးထံ ရောက်ရှိ၍ ပိဋကတ်အခြေခံကျမ်းဂန်များနှင့်တကွ ပိဋကဂန္ထန္တရအဝဝကို သင်ယူတော်မူခဲ့လေသည်။

သက်တော် ၂၀-ပြည့်မြောက်သည်တွင် သင်္ဂဇာဆရာတော်ဘုရားကြီးကိုပင် ဥပဇ္ဈာယ်ပြု၍ ရဟန်းဘဝဒုလ္လဘသို့ ရောက်တော်မူခဲ့လေသည်။ ဘွဲ့တော် အရှင်ဂန္ဓမာဘိဇ-ဟူ၍လည်း ခေါ်တွင်သည်။ ရဟန်းဖြစ်ပြီးနောက်၌လည်း သင်္ဂဇာဆရာတော်ဘုရားကြီးထံတွင် ၅-ဝါတိုင် ဆက်လက်သင်ယူတော်မူခဲ့လေသည်။

## မဟာဝိမ္မိကာရာမတိုက် ရောက်ရှိ ဆက်လက် ပရိယတ် ပဋိပတ်သင်ယူနည်းခံခြင်း စာပေချပို့ခြင်း

ဎင်းနောက် မန္တလေးမြို့ မြောက်ပြင် မွေ့လျော်ဖွယ်ကောင်းလှသော မဟာဝိမ္မိကာရာမတိုက်ကြီး၌ ရွှေကျင်ဆရာတော်ဘုရားကြီးထံ မှုရနှစ်ပါးကို ပွားများအားထုတ်တော်မူခဲ့လေသည်။

ရွှေကျင်ဆရာတော်၏အမိန့်အရ စာပေချပို့ရာ ရွှေကျင်ငါးတိုက်မှ စာသင်သားသံဃာတော်များစွာတို့ အရှင်ဂန္ဓမာထံ စာပေကျမ်းဂန် သင်ယူကြကုန်၏။

## ရာဇဂုရု ဘွဲ့တံဆိပ်တော် အလှူခံရရှိခြင်း

မဟာဝိမ္မိကာရာမတိုက်၌ သီတင်းသုံးစဉ် ပဥ္စမသံဂါယနာ တင် မင်းတုန်းမင်းတရားကြီး ဆက်ကပ်လှူဒါန်းသည့် "ဂန္ဓမာဘိသိရီကဝိဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်။ ဆရာတော်အရှင်ဂန္ဓမာသည် မန္တလေးမြို့ အနောက်ပြင် မိုးကောင်းတိုက်ကြီးကို တင်လှူခြင်းခံရသဖြင့် မိုးကောင်းတိုက်၌ ကြာမြင့်စွာ သီတင်းသုံး၍ စာပေချပို့ တိုက်တာအုပ်ချုပ် သာသနာပြုတော်မူခဲ့လေသည်။

## ဟသ်ာတ မိုးကောင်းတိုက်၌ သီတင်းသုံးခြင်း

သီပေါမင်းနန်းတက်ပြီးနောက် မကြာမီ ဟသ်ာတမြို့ မိုးကောင်းကျောင်းတိုက်သို့ ကြွ၍ သီတင်းသုံး သာသနာပြုတော်မူခဲ့လေသည်။ ဆရာတော်အရှင်ဂန္ဓမာသည် လွန်စွာစာပေကျမ်းဂန် ထက်မြက်တတ်မြောက်သည့်ပုဂ္ဂိုလ်ဖြစ်ကြောင်း ဆိုကြသည်။

## ဘ၀နတ်ထံ ပျံလွန်တော်မူခြင်း

မန္တလေးမြို့ စိန်ကုန်းတိုက်, မဟာဓမ္မိကာရာမတိုက်, မန္တလေး မြို့ အနောက်ပြင် မိုးကောင်းတိုက်, ဟသ်ာတမြို့ မိုးကောင်းကျောင်း တိုက်တို့၌ ပညာသင်ကြားဆည်းပူးချပို့ သာသနာပြုတော်မူခဲ့သော ဆရာတော်အရှင်ဂန္ဓမာသည် ဘ၀နတ်ထံ ပျံလွန်တော်မူခဲ့ရာ ကျော် စောခြင်းမျှ အကြွင်းရရှိခဲ့လေသည်။

## သံဝေဂယူရန်

**အာပါတရမဏိယာနံ၊ သံယောဂါနံ ပိယေဟိဝ။**
**အပထျာနမိဝန္နာနံ၊ ပရိဏာမောတိ ဒါရုဏော။**[၁]

အာပါတရမဏိယာနံ= သုံးဆောင်လေရာ ခိုက်အခါ၀ယ် နှစ်ခြိုက်အားရ ဟဒယရွှင်မြူး ကြည်နူးဖွယ်ရှိကုန်သော။ အပထျာနံ= အနာရောဂါ ဝေဒနာနှင့် မသင့်လျော်ကုန်သော။ အန္နာနံ= အစား အစာတို့၏။ ပရိဏာမော= ကြေကျက်ခြင်းသည်။ အတိဒါရုဏော ဣဝ= ဝေဒနာသက် ခံရခက်အောင် ထက်မြက်ဆိုးယုတ် ကြမ်းကြုတ် သကဲ့သို့။ တထာ= ထို့အတူ။ အာပါတရမဏိယာနံ= ပေါင်းယှဉ် ကြုံကြိုက် ထိုအခိုက်၌ နှစ်ခြိုက်ရွှင်ပြုံး နှလုံးမွေ့လျော်ဖွယ်ဖြစ်ကုန် သော။ ပိယေဟိ= ချစ်ခင်စုံမက် နှစ်သက်အပ်သူတို့နှင့်။ သဟ သံယော ဂါနံ= တကွမှီတင်း ပေါင်းယှဉ်ခြင်းတို့၏။ ပရိဏာမော= ဖောက်ပြန် ကွေကွင်း ပျက်စီးခြင်းဟူသော ရင့်ကျက်ခြင်းသည်။ အတိ ဒါရုဏော ဧဝ= နှလုံးအသဲ ကွဲလုခမန်း လွန်စွာ ကြမ်းတမ်းလှသည်သာ။

♦♦♦

---

၁။ ဟိတောပဒေသ၊ သန္ဓိကထာ။ ၈၀-ဂါထာ။

## မတ္တရာတောရဆရာတော်
## အရှင်သုမန

မတ္တရာတောရဆရာတော်ဟု ထင်ရှားသော ဆရာတော်အရှင်သုမနသည်လည်း မဟာဓမ္မိကာရာမတိုက်ကြီး၌ သီတင်းသုံး၍ ရွှေကျင်ဆရာတော်ဘုရားကြီးထံ ပရိယတ် ပဋိပတ်နည်းခံတော်မူပြီး ရွှေကျင်ဆရာတော်ဘုရားကြီး၏ ညွှန်ပြချက်အတိုင်း သာသနာပြုတော်မူခဲ့သည့်မထေရ်မြတ် ဖြစ်တော်မူသည်။

## ရွှေဘို အိုးဘို့ရွာ
## ဆရာတော်အရှင်ဣန္ဒ

ရွှေဘို မြောက်အိုးဘိုရွာ ဆရာတော်အရှင်ဣန္ဒသည်လည်း မဟာဓမ္မိကာရာမတိုက်ကြီး၌ သီတင်းကြာမြင့်စွာသုံး၍ ပရိယတ် ပဋိပတ်နည်းခံတော်မူသည့်ပုဂ္ဂိုလ် ဖြစ်လေသည်။ "ဂန္ဓမာဘိသိရီကဝိဓဇမဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဟသ်ာတမိုးကောင်းဆရာတော်တို့နှင့် ခေတ်ပြိုင်ဖြစ်လေသည်။

## မြို့သာဆရာတော်အရှင်ပညာ

ဒီပဲရင်းမြို့ မြို့သာဆရာတော် အရှင်ပညာသည်လည်း ဓမ္မိကာရာမတိုက်ကြီး၌ ပညာသင်ကြားတတ်မြောက်တော်မူခဲ့သည့်မထေရ်မြတ် ဖြစ်တော်မူသည်။ မာတိကာ, ဓာတုကထာ, ယမိုက်, ပဋ္ဌာန်း, အဘိဓမ္မာညဝါကျမ်းများ၌ တတ်မြောက်ကျွမ်းကျင်သည့်မထေရ်မြတ်အဖြစ် ကျော်ဇောသည်။

## ဘီလူးကျွန်းဂိုဏ်းအုပ်
## ဆရာတော်အရှင်အာစာရ

အလုံမြို့နယ် ဝါးတောမဇာတိ ဘီလူးကျွန်းဂိုဏ်းအုပ်ဆရာ တော် အရှင်အာစာရသည်လည်း မဟာဝမ္မိကာရာမတိုက်ထွက် ရွှေကျင်ဆရာတော်ဘုရားကြီး၏တပည့် ဖြစ်လေသည်။

## ဆရာတော်အရှင်ဝရ

မြင်းခြံခရိုင် တောင်သာဇာတိ ဆရာတော်အရှင်ဝရသည် လည်း မဟာဝမ္မိကာရာမတိုက်၌ ရွှေကျင်ဆရာတော်ဘုရားကြီးထံ ပညာသင်ကြားတော်မူခဲ့လေသည့်မထေရ်မြတ် ဖြစ်တော်မူသည်။ ဓနုဖြူမြို့နယ် နှဲကြိုးရွာ၌ သီတင်းသုံးသည့်နောက်တွင် ပရိသုဒ္ဓပြုခဲ့လေသည်။

## ဆရာတော်အရှင်ဇဝန

အလုံမင်းရွာ ကျောက်အိုင်တောရဆရာတော် အရှင်ဇဝန သည်လည်း မန္တလေးမြို့ မြောက်ပြင် မဟာဝမ္မိကာရာမရွှေကျင်တိုက်မ၌ ကြာမြင့်စွာသီတင်းသုံး၍ ဂန္ထန္တရအဝဝကို သင်ယူတော်မူခဲ့လေ သည်။ ၎င်းဆရာတော်သည် ဝဇိရဗုဒ္ဓိပမာဗျာကရဏ်းကျမ်းကို လည်း ပြုစီရင်တော်မူခဲ့လေသည်။

## ဆရာတော်အရှင်မာလာ

အလုံမြို့ မြောက်ရဲထွတ်ကျောင်းဆရာတော် အရှင်မာလာ သည်လည်း မဟာဝမ္မိကာရာမတိုက်ကြီး၌ ကြာမြင့်စွာသီတင်းသုံး၍ ပရိယတ် ပဋိပတ်နည်းယူတော်မူသည့်မထေရ်မြတ် ဖြစ်တော်မူသည်။

## ဆရာတော်အရှင်ရေဝတ

ရွှေဘို မြောက်သခွတ်တောဆရာတော် အရှင်ရေဝတသည်လည်း မဟာဝမ္ဘိကာရာမတိုက်ထွက် မထေရ်မြတ် ဖြစ်တော်မူသည်။ သုံးဆယ်မင်းသား၏ဆရာတော် ဖြစ်လေသည်။ သုံးဆယ်မိဖုရား သားသမီးတို့က ဆက်လက်ကိုးကွယ်ခဲ့ကြကုန်၏။

## ဆရာတော်အရှင်ဥေယျ

ဆံမြိတ်ခုံတောရဆရာတော် အရှင်ဥေယျသည်လည်း မဟာဝမ္ဘိကာရာမတိုက် ရွှေကျင်ဆရာတော်ဘုရားကြီးထံ ပရိယတ် ပဋိပတ် နည်းခံတော်မူခဲ့သည့်မထေရ်မြတ် ဖြစ်သည်။ အင်းဝမြို့နယ် ဆီးသယ်ရွာဇာတိ ဖြစ်လေသည်။

## ဆရာတော်အရှင်အာစိဏ္ဏ

မော်လမြိုင်ဆရာတော်ဟု ထင်ရှားသော ဆရာတော်အရှင်အာစိဏ္ဏသည်လည်း မဟာဝမ္ဘိကာရာမတိုက်၌ သီတင်းသုံး၍ ဂန္ထဓုရ, အာဝါသဓုရ ၂-ပါးကို အားထုတ်ခဲ့သည့်ပုဂ္ဂိုလ်မြတ် ဖြစ်လေသည်။ ရွှေဘိုဇာတိ ဖြစ်လေသည်။

## ဆရာတော်အရှင်သုမင်္ဂလ

ရွှေဘိုနယ်၌ ထင်ရှားခဲ့သော ဆရာတော်အရှင်သုမင်္ဂလသည်လည်း မဟာဝမ္ဘိကာရာမတိုက်ထွက် မထေရ်မြတ် ဖြစ်တော်မူသည်။ ရွှေဘိုဇာတိ ဖြစ်သည်။

## ဆရာတော်အရှင်သိရီ

ရွှေဘိုမြို့နယ် ရွှေကျင်ရွာဇာတိ ဆရာတော်အရှင်သိရီသည်လည်း မဟာဓမ္မိကာရာမတိုက်၌ ကြာမြင့်စွာသီတင်းသုံး၍ ပရိယတ်ပဋိပတ်နည်းခံပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။

## ဆရာတော်အရှင်ယသ

ပန်းချီ ဆားလင်းဇာတိဆရာတော် အရှင်ယသသည်လည်း ရွှေကျင်ဆရာတော်ဘုရားကြီး၏တပည့် ဖြစ်လေသည်။ ဝိနည်းအရာ လိမ္မာကျွမ်းကျင်သည်ဟု သိရ၏။

## ဆရာတော်အရှင်တိက္ခ

ဆရာတော်အရှင်ယသ၏ညီတော် အရှင်တိက္ခသည်လည်း ရွှေကျင်ဆရာတော်ဘုရားကြီးထံ ပရိယတ် ပဋိပတ်နည်းခံတပည့်ပင်တည်း။

## ဆရာတော်အရှင်ဇိန

မဟာဓမ္မိကာရာမတိုက်၌ ကြာမြင့်စွာသီတင်းသုံး၍ စာပေကျမ်းဂန်တတ်မြောက်သော ဆရာတော်အဖြစ် ထင်ရှားသော အရှင်ဇိနအမည်ရှိသော ပုဂ္ဂိုလ်တပါးသည် ပေါ်ထွန်းဘူးသည်။ နဲ့ကြိုးဆရာတော်အရှင်ဇိနနှင့် ဘွဲ့တူလေသည်။

## ဆရာတော်အရှင်ဝိနယ

ပင်းတလဲဆရာတော် အရှင်ဝိနယဟု ထင်ရှားသောဆရာတော်သည်လည်း မဟာဓမ္မိကာရာမတိုက်၌ ကြာမြင့်စွာသီတင်းသုံး ပညာသင်ကြားတော်မူခဲ့သည့်ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။

## ဆရာတော်အရှင်ပဒုမ

ပန်းချီဇာတိ လယ်တီဆရာတော်ဟု ထင်ရှားသော ဆရာတော်အရှင်ပဒုမသည်လည်း မဟာဓမ္မိကာရာမတိုက်၌ ကြာမြင့်စွာ သီတင်းသုံးတော်မူခဲ့သည့်ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။

## ဆရာတော်အရှင်ဇောတ

ဗန်းမော်ဂိုဏ်းအုပ်ဆရာတော် ဗန်းမော်ဝန်မင်းဆရာ အရှင်ဇောတသည်လည်း မဟာဓမ္မိကာရာမတိုက်ထွက် ဆရာတော်ဖြစ်တော်မူသည်။

## ဆရာတော်အရှင်ဥက္ကံသ

ပုသိမ်ဇာတိ ဆရာတော်အရှင်ဥက္ကံသသည်လည်း မဟာဓမ္မိကာရာမတိုက်၌ ကြာမြင့်စွာသီတင်းသုံး၍ နေ့ဝါညဝါကျမ်းစာသင်ယူခဲ့သည့်ပုဂ္ဂိုလ်မြတ် ဖြစ်လေသည်။

## ဆရာတော်အရှင်ဉာဏဝံသ

ပရိတ်ကြီးဂဏ္ဍိ, အဘိဓမ္မတ္ထဒီပကကျမ်းပြုဆရာတော် အရှင်ဉာဏဝံသနှင့်ဘွဲ့တူ ပုသိမ်ဇာတိ ဆရာတော်အရှင်ဉာဏဝံသတပါးသည်လည်း မဟာဓမ္မိကာရာမတိုက်၌ စာပေကျမ်းဂန် သင်ကြားတတ်မြောက်တော်မူခဲ့လေသည်။

## ဆရာတော်အရှင်ဏ္ဍာနန္ဒ

မန္တလေးမြို့ မြောက်ဆင်ရွာဇာတိ ဆရာတော်အရှင်ဏ္ဍာနန္ဒသည်လည်း မဟာဓမ္မိကာရာမတိုက်၌ ကြာမြင့်စွာသီတင်းသုံး ပညာသင်ကြားခဲ့သည့်ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။

## ပဌမစာချဆရာတော် အရှင်ခန္တီ

ပဌမစာတော်ချ ဆွမ်းဆန်တော်အထောက်ရ မန္တလေးဇာတိ ဆရာတော်အရှင်ခန္တီသည်လည်း မဟာဓမ္မိကာရာမတိုက်၌ ကြာမြင့်စွာ သီတင်းသုံး စာပေကျမ်းဂန် သင်ကြားချပို့တော်မူခဲ့သည့်မထေရ်မြတ် ဖြစ်တော်မူသည်။ နောက်တွင် စစ်ကိုင်းသို့ ကြွတော်မူခဲ့လေသည်။

## ဆရာတော်အရှင်ဇဝနဗုဒ္ဓိ

ကွမ်းခြံကုန်းသုံးခွ မဟာဝုန်တောရဆရာတော်အဖြစ် ထင်ရှားခဲ့သော ဆရာတော်အရှင်ဇဝနဗုဒ္ဓိသည်လည်း မဟာဓမ္မိကာရာမတိုက်၌ ပညာသင်ခဲ့သည့်မထေရ်မြတ် ဖြစ်တော်မူသည်။ ကသာဇာတိဖြစ်လေသည်။

ဤသို့စသည်ဖြင့် ရွှေကျင်ဆရာတော်ဘုရားကြီး၏တပည့် တို့မှ လွန်စွာများမြောက်ကြကုန်၏။ ရွှေကျင်ဆရာတော်ဘုရားကြီး သည် မိမိကိုယ်တိုင် ပညာရှိပုဂ္ဂိုလ်မြတ်ကြီးဖြစ်၍ ပညာရှိတပည့်တို့ ဝန်းရံကာ ဘုရားမြတ်စွာ သာသနာတော်၌ တင့်တယ်တော်မူခဲ့လေ သည်။

သယဉ္စာပိ သုဝိညူဝ၊ ဝိညူဟိ ပရိဝါရိတော။
ဟုတွာ သောဘတိ သော ဝိညူ၊ ဝိညူနော သာသနမှရေ။

## မဟာဓမ္မိကာရာမတိုက်
## သံဃာဦးရေစသည်

ရွှေကျင်ဆရာတော်ဘုရားကြီးလက်ထက်က မဟာဓမ္မိကာ ရာမတိုက်၌ သံဃာတော် ၃၀၀-ခန့်ရှိသည်ဟု သိရ၏။ ရွှေကျင် ဆရာတော်ဘုရားကြီး မရှိတော့သည့်နောက်ပိုင်းတွင် သံဃာတော်ဦး ရေမှာ သိသိသာသာ လျော့သွားခဲ့လေသည်။ ၁၂၉၁-ခုနှစ်က မဟာ

ဓမ္မိကာရာမတိုက် ရွှေကျောင်တိုက်မ၌ ရဟန်းတော် ၁၄-ပါး, သာမဏေ ၆-ပါး နှစ်ရပ်ပေါင်း သံဃာတော် ၂၀-မျှသာ ရှိတော့သည်။ ၁၃၂၄-ခုနှစ်တွင် ရဟန်းတော် ၅-ပါး, သာမဏေ ၁၄-ပါး ရှိလေသည်။ ၁၃၂၄-ခုနှစ်ကမူ သံဃာတော် ၁၀-ပါးခန့်သာ ရှိသည်။ ယခင်က နှင့် နှိုင်းစာလျှင် လွန်စွာကွာခြားလှပေသည်။ များခြင်းသည် နည်း ခြင်း အဆုံးရှိချေ၏။

## ရွှေကျောင်ဆရာတော်လက်ထက်က
## နေထိုင်ရေး

ရွှေကျောင်ဆရာတော်ကြီးလက်ထက် မြန်မာဘုရင်မင်းနှစ်ပါးတို့ အုပ်စိုးချိန်များ၌ မဟာဓမ္မိကာရာမတိုက်နှင့် ရွှေကျောင် ၄-တိုက်သံဃာ များ နေရေးထိုင်ရေးမှာ လွန်စွာအေးချမ်း သာယာပြည့်စုံလှ၏။ မဟာဓမ္မိကာရာမတိုက်နှင့်တကွ အရံ ၄-တိုက်ရှိ သံဃာတော်တို့ စုစုပေါင်း တစ်ထောင်ခန့်ရှိ၏။ ၎င်းသံဃာတော်တို့ နံနက်ဆွမ်း နေ့ဆွမ်း မခံကြရပဲ မင်းတုန်းမင်း, သီပေါမင်းတရား နှစ်ဦးလက် ထက်လုံးမှာပင် မင်းတရားနှစ်ဦးတို့က ဆွမ်းချက်ကပ္ပိယများကို အခ ကြေးငွေ စွန့်ပေးထောက်မကာ ချက်ပြုတ်ဆက်ကပ်စေကြသဖြင့် ရွှေကျောင်သံဃာတော်များသည် ဆွမ်းကိစ္စ၌ လွန်စွာမှ ချမ်းသာကြကုန် ၏။

ရွှေကျောင်ဆရာတော်ဘုရားကြီးသည်လည်း တိုက်တာသံဃာ တပည့်ကြီးငယ်တို့အား အမြဲထာဝရ ဩဝါဒပေးတော်မူလျက် ယဉ်ကျေးသိမ်မွေ့သော ရဟန်းသာမဏေကောင်းများအဖြစ်၌ တည် ရှိရန် ကြိုးပမ်းတော်မူခဲ့လေသည်။ စာဝါများကိုလည်း အချိုးကျအောင် စီစဉ်ပေး၍ သင့်တော်သောပုဂ္ဂိုလ်များကို ချပို့စေတော်မူသည့်ပြင် ကိုယ်တိုင်လည်း စာပေချပို့နည်းပေးတော်မူလေသည်။ ရွှေကျောင် ၅-တိုက် သံဃာတော်များ ကျင့်သုံးရန် ဥပဒေများကိုလည်း ကျန သေသပ်ရေးဆွဲတော်မူ၍ ဂိုဏ်းဝင်သံဃာတော်များကို အုပ်ချုပ်တော်

မူခဲ့လေသည်။ ရွှေကျင် ၅-တိုက် ဥပဒေမာတိကာမှာ အောက်ပါ အတိုင်းဖြစ်လေသည်။

- အာမခံပုဂ္ဂိုလ် ကျင့်ရသောဥပဒေ၊
- အာမခံအပ်သည့်ပုဂ္ဂိုလ် ကျင့်ရသောဥပဒေ၊
- အဝတ်အရုံ၌ ကျင့်ရသောဥပဒေ၊
- ဆွမ်းစားကျောင်း၌ ပြုကျင့်ရသောဥပဒေ၊
- ဘုရားဝတ်တက်ရာကျောင်း၌ ပြုကျင့်ရသောဥပဒေ၊
- ဥပုသ်ပြုရာသိမ်တန်ဆောင်း၌ ပြုကျင့်ရသောဥပဒေ၊
- နဝကမ္မပြုလုပ်ရာ၌ ပြုကျင့်ရသောဥပဒေ၊
- ရေခပ်ရေချိုးသွားရာ၌ ပြုကျင့်ရသောဥပဒေ၊
- မြို့ရွာတွင်းသို့ ဝင်ရာ၌ ပြုကျင့်ရသောဥပဒေ၊
- ဇာတိရပ်ဌာန် ခေတ္တပြန်ရာ၌ ပြုကျင့်ရသောဥပဒေ၊
- ပရိဝါသ်မာနတ်ဆောက်တည်ရာ၌ ပြုကျင့်ရသောဥပဒေ၊
- အထက်ဆရာမဟာထေရ်ကြီး ပြုကျင့်ရသောဥပဒေ၊
- တိုက်အုပ်တိုက်ကြပ်တို့ ပြုကျင့်ရသောဥပဒေ၊
- တိုက်တာသံဃာငယ် ဥပဇ္ဈင်းတို့ ပြုကျင့်ရသောဥပဒေ၊
- ကျောင်းနေ (ကျောင်းဘုန်းကြီး)တို့ ပြုကျင့်ရသောဥပဒေ၊
- ဂိလာနရဟန်းတို့ ပြုကျင့်ရသောဥပဒေ၊
- အာဂန္တုကရဟန်းတော်တို့ ပြုကျင့်ရသောဥပဒေ၊
- ပဋိပတ္တိအရာ၌ ပြုကျင့်အားထုတ်အပ်သောဥပဒေ၊
- အားထုတ်ဖွယ် သမထဝိပဿနာနည်း (အကျဉ်း)စာရိတ္တ အဆုံးအမများ။

ဖော်ပြပါ ဥပဒေများနှင့်အညီ လိုက်နာ၍ မဟာဓမ္မိကာရာမတိုက်နှင့် တကွ ရွှေကျင်အရံလေးတိုက်ရှိ သံဃာတော်များ လိုက်နာနေထိုင် ကြရလေသည်။

## ဥပဒေသကဏ္ဍ

### ရွှေကျင်ဂိုဏ်းကျင့်ထုံးကြီး
### ရွှေကျင်ဂိုဏ်းဥပဒေ

(၁) "ယာဝကီဝဥ္စ ဘိက္ခဝေ ဘိက္ခူ အဘိဏှံ သန္နိပါတာ သန္နိပါတဗဟုလာ ဘဝိဿန္တိ။ ဝုဒ္ဓိယေဝ ဘိက္ခဝေ ဘိက္ခူနံ ပါဋိကင်္ခါ၊ နော ပရိဟာနိ"

ဟူသော ပါဠိတော်နှင့်ညီစွာ ဂိုဏ်းသံဃာတော်တို့ မပြတ်မပြတ် တွေ့မြင်တိုင်ပင် စည်းဝေးခြင်းသည် သာသနာတော် မဆုတ်ယုတ်မပျက်ပြား တိုးပွားစည်ပင်ကြောင်း အပရိဟာနိယတရားဖြစ်၍ တလနှစ်ကြိမ် သံဃာထေရ်ကြီးရှိရာသိမ်၌ အနီးအပါး ငါးရာတွင်းကွာ တတိုင်ကွာ ရဟန်းသံဃာတော်တို့ သွားရောက်စည်းဝေး၍ သုတ္တုဒ္ဒေသသံဃဥပုသ်ပြုပြီး လျှင် သံဃထေရ်ကဖြစ်စေ, သံဃထေရ်တိုက်တွန်းလွှဲအပ် သော ပုဂ္ဂိုလ်ကဖြစ်စေ ဤဥပဒေစာကို ဘတ်ရွတ်၍ ပြောဟောဆုံးမရန် ရှိသမျှကို ပြောဟောဆုံးမ ဩဝါဒပေးရာ နာခံ၍ နေရင်းရပ်ဌာနသို့ ပြန်လည်ကြ၍ ပြောဟောဆုံးမ လိုက်သမျှကို နေရာတကျ ကောင်းမွန်စွာကျင့်ကြံနေထိုင် အားထုတ်ရခြင်း။

(၂) "အနာယကာ ဝိနဿန္တိ၊ နဿန္တိ ဗဟုနာယကာ"

ဟူသည်နှင့်ညီစွာ ဂိုဏ်းသံဃာတော်များမှာ ကိုးကွယ်ရာမဲ့ မရှိစေရ၊ ဂိုဏ်းဂဏအတွင်း တစုံတရာ အာပတ္တာဓိကရဏ်း, ဝိဝါဒါဓိကရဏ်း, အနုဝါဒါဓိကရဏ်း ဆုံးဖြတ်ဆင့်ဆိုရန် ပေါ်ပေါက်လာလျှင် ဆုံးဖြတ်ဆင့်ဆိုဘို့ရာ တစ်နှစ် တစ်ကြိမ်,

ခြောက်လတကြိမ် ဝါဝင်, ဝါကျွတ်သွားရောက် ဩဝါဒခံ ဘို့ရာ သံဃအစည်းအဝေးရှိသည့်အခါ သံဃနာယက ဝိနည်းမှိုင်ရ ဂိုဏ်းအုပ် သမုတ်တင်ထားလေ့ရှိကြ၍ ဒါယကာ တို့က ကျောင်းထိုင်ဘုန်းကြီး တောင်းသည့်အခါ-

"ငါးဝါပြည့်ဘိ ဒွေမာတိကာ သုတ်လေးဘာဏဝါရ အမွှန္တေ ဝတ္တုစကား တရားသုံးပုဒ် အားထုတ်ဘို့ရာ ဘာဝနာနှင့် ကမ္မာကမ္မ နိဿ မုတ္တအင်္ဂါခုနစ်တည်း"

ဟူသော နိဿယမုတ္တအင်္ဂါခုနစ်ပါးနှင့် ပြည့်စုံ ရုံမျှသာ ဖြစ်သောပုဂ္ဂိုလ်ကို ထည့်အပ်လိုလျှင် အထက်သံဃနာယက ဝိနည်းမှိုင်ရ ဂိုဏ်းအုပ်ပုဂ္ဂိုလ်ထံ လျှောက်ထားခေါ်ပြ အခွင့် ရမှ ရဟန်း, သာမဏေ လက်မခံစေရ၊ လက်ခံလိုလျှင် နိဿယမုတ္တအင်္ဂါပြည့်စုံသော ရဟန်း, ကျောင်းနီး နိသျည်း ပေးနိုင်သောပုဂ္ဂိုလ်ထံ ဥပဇ္ဈာယ်ယူ၍နေသော သာမဏေများ ကိုသာ လက်ခံစေ၍-

"ဆယ်ဝါပြည့်တင်း ဝိဘင်းနှစ်ဖြာ ကမ္မာကမ္မ ခန္ဓကပုဒ် နာမ်ရုပ်ပိုင်ပိုင် ဟောပြနိုင် ကျောင်းထိုင်ငါးအင်္ဂါ"

ဟူသော နိသျည်းဥပဇ္ဈာယ် ကျောင်းထိုင်အင်္ဂါငါးပါးနှင့် ကျမ်းဂန်တတ်မြောက်၍ဖြစ်စေ, အာစရိယလဒ္ဓေါပဒေသကို ရ၍ဖြစ်စေ ပြည့်စုံသောပုဂ္ဂိုလ်ကိုလည်း အထက်သံဃနာယ က ဝိနည်းမှိုင်ရ ဂိုဏ်းအုပ်ပုဂ္ဂိုလ်ထံ ခေါ်သွားလျှောက်ထား ခွင့်ရမှ ကျောင်းကန်နေထိုင်စေရခြင်း။

(၃) အခြားသောဂိုဏ်းဂဏတို့က ရွှေကျင်ဂိုဏ်းသို့ဝင်၍ ကောင်းမွန်စွာ နေထိုင်လိုပါသည်ဟု စပ်ရာစပ်ရာ ဝင်ရောက်လာသောပုဂ္ဂိုလ်များကို ထေယျသံဝါသက, အန္တိမ ပါရာဇိကဝတ္ထုများနှင့် အမှုအခင်းမဖြစ်ပွားစဘူး၊ ဖြစ်ပွားဘူး

သော်လည်း ယုံကြည်လောက်သော ဝိနည်းမိုရ်ထံမှ ဖြတ်စာ ဝိနိစ္ဆယကို ရဘူး၍ စိတ်ကောင်းနှလုံးကောင်းရှိသည်ဟု မှတ်သဘောကိုသိသော ပုဂ္ဂိုလ်ကိုသာ လက်ခံသိမ်းပိုက်၍ ကျောင်းကန်နှင့်တော်သသူဖြစ်လျှင် အထက်နာယကဝိနည်းမိုရ်ထံ တောင်းပန်ခေါ်ပြခွင့်ရမှ ကျောင်းကန်နှင့် နေရာချထားရခြင်း။

(၄) နီးရာနီးရာ နာယက, ဝိနည်းမိုရ်, ဂိုဏ်းအုပ်, ဂိုဏ်းချုပ် ဆရာတော်ကြီးများထံ မကြာမကြာ သွားရောက်ဆုံးမခံလျက် တနှစ်တခါ သံဃာစာရင်း, ပရိယတ်, ပဋိပတ်စာရင်း ပို့သွင်းရခြင်း။

(၅) စာပြန်ပွဲ သဘင်အစည်းအဝေး ဥပုသ်ပြုအစည်းအဝေး တရားနာအစည်းအဝေးစသော သံဃာ့အစည်းအဝေး ရှိသောအခါ အညီအညွတ်လာ၍ အာယောဂပတ်ဖွဲ့ခြင်း, ပခုံးနှစ်ဘက်ခြုံခြင်း, စကားတီးတိုးပြောနေခြင်း, စက်ဆုပ်ရွံရှာဘွယ် ကျယ်လောင်စွာ ချွဲခန်းသလိပ်ဟတ်ခြင်း, ဒူး ထောင်ပေါင်ကားနေထိုင်ခြင်း, တုံးလုံးပက်လက် ခြေလက် ကားရားအိပ်ငိုက်ခြင်း-စသော အဂါရဝများကို ပယ်ရှား ရှောင်ကြဉ်၍ ထေရ်စဉ်ဝါစဉ်အတိုင်း နေ၍ ရှိသေစွာနာခံရ ခြင်း။

(၆) "သန္နိပတိတာနံ ဝေါ ဘိက္ခဝေ ဒွယံ ကရဏီယံ ဓမ္မီ ဝါ ကထာ အရိယော ဝါ တုဏှီဘာဝေါ"

ဟူတော်မူသည်နှင့်ညီစွာ ဆွမ်းစဉ်, ပရိတ်ရွတ်, မသာ အသုဘစသော အရေးကိစ္စဖြင့် သံဃာစုဝေးမိကြသောအခါ အဘယ်အလှူမှာ ဟင်း ချိုသည်, လဘက်ကောင်းသည်

စသော တိရစ္ဆာနကထာ ရယ်စရာမောစရာစကားတို့ကို ပြောဟော၍ တသောသော ရယ်မော၍မနေပဲ ပဋိသန္ထာရစကား, သဒ္ဒါ သဗြိုဟ်နှင့်စပ်သောစကား, ဝိနည်းအဆုံးအဖြတ်စကား, ဇာတ်နိပါတ်ဝတ္ထုသကဲ့သို့ သံဝေဂစကား, သမထဝိပဿနာကမ္မဋ္ဌာန်းစကား စသည်များကို ပြော၍ သော်လည်းကောင်း၊ တရားကိုနှလုံးသွင်းလျက် စကားမပြောတုဏှိဘာဝသော်လည်းကောင်း နေရခြင်း။

(၇) "ဒဏ္ဍေနေကေ ဒမယန္တိ၊ အင်္ကုသေဟိ ကသာဟိ စ။ အဒဏ္ဍေန အသတ္ထေန၊ နာဂေါ ဒန္တော မဟေသိနော" ဟူသော ပါဠိတော်နှင့်ညီစွာ ဘုရားသားတော်ပီပီ ဘုရားရှင်အတုကို နည်းမှီလျက် ရပ်သူ, ရွာသား ကျောင်းသား, ရှင်ငယ်တို့ကို ဆဲရေးငေါက်ငန်း ကြမ်းတမ်းရိုက်နှက်ပုတ်ခတ် ၍ ဆုံးမလေ့မရှိပဲ နူးညံ့ချိုသာသောစကားဖြင့် သဲဒဏ်ရေဒဏ်ပေးခြင်း, မြက်တလင်းသုတ်သင်စေခြင်း, အချိန်နာရီပိုင်းခြား၍ စာအံစေခြင်း, ဘုရားရှိခိုးစေခြင်းစသည်ဖြင့် ယဉ်ကျေးလိမ္မာအောင် ဆုံးမရခြင်း။

(၈) ကျောင်းသားလူငယ်ကို သျှောင်ထုံး၍ ခေါင်းပေါင်းပေါင်း၍ပေးခြင်း, ခွေးငယ်ကြောင်ငယ်တို့ကို လက်ပေးသင်ခြင်း, ကိုင်တွယ်ကစားခြင်းစသော သမာဓိပျက်ပြားကြောင်း, ထိုသူငယ်တို့၏ ရိုသေဂါရဝ သက္ကစ္စနည်းပါး ကြောင်းအမှုတို့ကို မပြု၊ စောင့်ထိန်းရခြင်း။

(၉) တစုံတရာ ဝယ်ခြမ်းရန်ရှိသည့်အခါ ဈေးဆိုင်ကန္နားသို့ ရဟန်း, သာမဏေတို့ မသွား၊ မလိုက်မပါစေရ၊ မနေသာ၍ ဆရာ့ကိစ္စ, သံဃကိစ္စနှင့် လိုက်ပါရလျှင်လည်း အလိုရှိသောဝတ္ထုကို ရွေးချယ်ပြသပြီး၍ ကယဝိက္ကယဒုက္ကဋ် စာရဏာမဖြစ်ရအောင် ဆိတ်ဆိတ်နေရခြင်း။

(၁၀) ဂေလည-စသော အကြောင်းမရှိပဲလျက် လှည်း, ရထား စီးခြင်း, ထီးဆောင်းခြင်း, မြို့တွင်းရွာတွင်း၌ ဘိနပ် စီးခြင်း, နေလွဲကွမ်းစားခြင်း, ဆေးဝါးသောက်ခြင်း, ရောက် တတ်ရာရာ ပရိက္ခရာရောင်းချ၍ ရွှေငွေအနာမာသစုထား ခြင်း, ကြွေးမြီအတိုးအပွား ချေးငှားပေးချခြင်း, ဘုရားခွင့် ပြုတော်မမူ အပ်သော ဒါယကာများကို ကျွေးမွေးပေးကမ်း ခြင်း, မဏ္ဍပ် ကန္နား ပွဲရုံများ၌ လူတို့ခမ်းနားကျင်းပရန် ကော်ဇော, ကန့်လန့် ကာ, ဖျာရိုင်သင်ဖြူးငှားရမ်းခြင်း, ကျောင်းဒကာကြီး, ဘုရား ဒကာကြီး, သူဌေးကြီး, သူကြွယ် ကြီးစသည်ဖြင့် ကြီးတစ်လုံးကို အသုံးများစွာချ၍ ပြောဆိုလေ့ ရှိခြင်း, ရဟန်းသာမဏေတို့၏ သိက္ခာဂုဏ်သိန်အရှိန်အစော်ကို မငဲ့မညှာ ဒါယကာကြီးများကို ခင်ဗျား, ကျွန်တော်နှင့် ပြောဆိုလေ့ရှိခြင်း, ဒါယကာ ချမ်းသာ လျှင် ဝမ်းသာ၊ ဒါယကာ ဆင်းရဲလျှင် ဝမ်းနည်းသည့်အမူအရာ ကိုပြသော သဟ သောကီ, သဟနန္ဒီ, သုခိတေ သုခိတော, ဒုက္ခိတေ ဒုက္ခိ တော, လောကဝတ်ပျူငှာပြုခြင်း-အစရှိသော အနနုလောမိက ဂိဟိသံသဂ္ဂ, ကုလဒူသနရှစ်ပါး, အနေသန နှစ်ဆဲ့တစ် ပါး-စသည်များကို ပယ်ရှားရှောင်ကြဉ်လျက် ဥပုသ် အသင်းပါ သံဃာထဲက ထိုကဲ့သို့သောပုဂ္ဂိုလ် တစ်စုံ တစ်ယောက်ပေါ် ပေါက်လာလျှင်လည်း ကောင်းမွန်စွာမြစ်တား ဆုံးမရခြင်း, မြစ်တားဆုံးမ၍မရ ဥပုသ်အစည်းအဝေးသို့မှ မလာမဝင်လျှင် အထက်နာယကဝိနည်းမိုရ် ဂိုဏ်းအုပ်ပုဂ္ဂိုလ် များထံ သွား၍လျှောက်ထားရခြင်း, အထက်နာယကဝိနည်းမိုရ် ဆရာတော်များက “ဂရုကော ခေါ သံဃဘေဒေါ” ဟောတော် မူသည်နှင့်ညီစွာ အမှတ်မဲ့ လျစ်လျူရှု၍မနေပဲ အရေးတစ်ခု အလေးပြု၍ သံဃာမကွဲမပြား ပိပြားသေဝပ် ညီညွတ်စေစပ် အောင် ၃-ကြိမ်တိုင်တိုင် နှိပ်ကွပ်ဆုံးမပြော ဟောရခြင်း။

(၁၁) သံဃနာယက ဆရာတော်ကြီးများ ဆုံးမစကားကိုမှ မနာမယူ၊ ဒုဗ္ဗစပြုနေသူတို့အား ကရုဏာလွန် ခန္တီချွန်သော သီလဝန်, ဂုဏဝန်, ပညာဝန်အကျော် ဆရာတော်ဘုရားကြီး၏ တပည့်သားမြေးဖြစ်ကြသည့်အတိုင်း သည်းခံခြင်းများစေ၍ လူရောရှင်ပါ ကွဲပြားလျက် ခိုက်ရန်ဖြစ်ပွားငရဲများကြောင်းဖြစ်သော ဆွမ်းစဉ် ပရိတ်ရွတ်ခွဲခြင်း, မသာအသုဘရှု အတူမလိုက်ခြင်း, စရပ်တခုတည်း အတူမတည်းခြင်း, ကြော်ငြာစာကမ်းလျက် အရှက်ခွဲခြင်းစသော အဓမ္မကထိကအမှုတို့ကို လူသိရှင်ကြားမပြုမူ၍-

"ယသ္မိ သဗ္ဗမဟောရတ္တိံ၊
အဟိံသာယ ရတော မနော။
မေတ္တံ သော သဗ္ဗဘူတေသု၊
ဝေရံ တဿ န ကေနစိ"

ပါဠိတော်ရှိသည်နှင့်အညီ မေတ္တာ, ကရုဏာမပျက်စေမူ၍ ထိုသူ့ကျောင်းကန်, အုံး, အိပ်ရာ, အိုး, ခွက်, ကန့်လန့်ကာ, ဆွမ်း, ဟင်း, ရေ, အဖျော်ယမကာ-စသော ပစ္စည်းကို သုံးဆောင်ခြင်း, စာပေကျမ်းဂန်တက်ခြင်းဟူသော ပစ္စယသမ္ဘောဂ, ဓမ္မသမ္ဘောဂနှစ်ပါးတွင် ပါဝင်သော အမှုမျိုးကိုသာ ဝေးစွာရှောင်ကြဉ်လျက် သနားကြင်နာ မေတ္တာသက်ဝင် ချစ်ခင်ပေါင်းသင်းနေထိုင်ရခြင်း။

(၁၂) ကျောင်းထိုင်ပုဂ္ဂိုလ်မှာ တစ်သောင်းမကပုံနှိပ်၍ နိုင်ငံအရပ်ရပ် ပျံ့နှံ့လျက်ရှိသော ဝိနယကောသလ္လစာအုပ်ကို လက်ကိုင်ထား၍ ဒွေမာတိကာ, ခုဒ္ဒသိက္ခာတို့ကို ကျေပွန်စွာ ရမိနက်ထင် အချက်မြင်အောင် လေ့လာ၊ မာတိကာ အဋ္ဌကထာကဏ္ဍကို အနက်အဓိပ္ပါယ်သိမြင်အောင် အားထုတ်၊ ဥပုသ် ၉-ပါး, ပဝါရဏာ ၉-ပါး, သက်နိုး ၉-ထည်, သပိတ် ၉-လုံး-

"ပွင့်, သီး, မှုန့်, မြေ ဝါး, ပူ, ခြေ ဝဋ္ဋေဒူရှစ်ဖြာ"

ဟူသော ကုလဒူသနရှစ်ပါး, ခုဒ္ဒကပါဌအဋ္ဌကထာ, မူလဋီကာတို့၌လာသော-

"ဝေဠုံ ပုပ္ဖံ ဖလံ ပတ္တံ၊ ဒန္တကဋ္ဌံ မုခေါဒကံ။
သိနာနံ မတ္တိကံ စုဏ္ဏံ၊ အထောပိ စာဋုကမျတံ။

မုဂ္ဂသူပျံ ပါရိဘဋျံ၊ ဇင်္ဃပေသနိကံ တထာ။
ဝဇ္ဇံ ပဟိဏကံ ဒူတံ၊ ပတိပိဏ္ဍဥ္စ ဝတ္ထုကံ။

ခေတ္တနက္ခတ္တဝိဇ္ဇာ စ၊ အင်္ဂဝိဇ္ဇာ့နိ ဇီဝိတံ။
ကပ္ပေတ္တိ ဇတံ နိဿာယ၊ ဇကဝီသတျနေသနံ"

ဟူသော အနေသနနှစ်ဆယ့်တစ်ပါး စသည်များကို သိနားလည်အောင် ကြံစည်အားထုတ်ရခြင်း။

(၁၃) အခန်းနေ စာသင်သားတို့မှာ ဘိက္ခုပါတိမောက်ကို နှုတ်ရဆောင်ရွက်၊ ခုဒ္ဒသိက္ခာကို အနက်ထင်အောင် သင်ကြားအားထုတ်ရခြင်း။

(၁၄) ညဥ့်နံနက် ဝတ်တက်ခေါင်းလောင်းထိုး၍ ဆရာကျောင်းထိုင်ဘုန်းကြီးနှင့်တကွ ရဟန်း, သာမဏေ, ကျောင်းသားသူငယ်များပါ ဘုရားဝတ်တက်ရာသို့ လိုက်၍ ပါတိမောက်ရှင်ကျင့်ဝတ် ကျောင်းသားရွတ်ပရိတ်ကြီး ကြည်ညိုဖွယ်သောသုတ္တန် သံဝေဂဂါထာများကို တနေရာစီ ခွဲ၍ အညီ အညွတ်ရွတ်ဖတ်ပြီး၍ သဟာသေယျမဖြစ်ရအောင် နံနက်ဝတ်တက်ရာမှပြန်သည့်အခါ အိပ်ရာတိုက်ခန်းသို့ မဝင်စေပဲ ကျောင်းသားသူငယ်များပါ လွင်တီးခေါင်၌ နေထိုင်စေရခြင်း။

(၁၅) န တာဝ သုပိတုံ ဟောတိ၊ ရတ္တိံ နက္ခတ္တမာလိနီ။
ပဋိဇဂ္ဂိတုမေဝေသာ၊ ရတ္တိ ဟောတိ ဝိဇာနတံ။

သံသာရဝိသရက္ခဿ၊ ဒွေဝယေဝ မဓုရာ ဖလာ။
ကဗျသတ္ထာနုယောဂေါ စ၊ ပတိပတ္ယာနုယုဥ္ဇနံ။

ကတိပဟံ စရေယျ သာမညံ၊ စိတ္တံ စေ န နိဝါရယေ။
ပဒေ ပဒေ ဝိသီဒေယျ၊ သင်္ကပ္ပါနံ ဝသာနုဂေါ။

ဥဒယဗ္ဗယသင်္ခါရေ၊ နိဗ္ဗိန္ဒိတ္ဝာန ပဏ္ဍိတော။
သကိစ္စမနုယုဉ္ဇေယျ၊ မောဃံ ကာလံ န ခေပယေ။

အဓိသီလာဓိစိတ္တာနံ၊ အဓိပညာယ သိက္ခနာ။
သကိစ္စမိတိ ဝိညေယျာ၊ နာညာ ကာမဂဝေသနာ။

အနိစ္စန္တသဿ နိဗ္ဗာနံ၊ ဝိတသံဝေဂဗုဒ္ဓိနော။
သဗ္ဗံပိ ကတကမ္မန္တံ၊ သံသာရဒီဃကာရဏံ။

အနိစ္စန္တသဿ နိဗ္ဗာနံ၊ ကာမံယေဝ ဂဝေသတော။
သဗ္ဗံပိ ကတကမ္မန္တံ၊ ကင္ခသီဝဍ္ဍိကာရဏံ။”

စသော တရားဂါထာများနှင့်ညီစွာ ကလေးသူငယ်ထိန်းကျောင်းခြင်း, ယပ်တောင်တချောင်း တောင်းတစီးနှင့် မငြီးမငွေ့ ပြောလိုက်၍ နေခြင်းစသော အမှုလွတ်၊ ဗာဟိရကိစ္စနှင့် အချည်းနှီးကာလကို မကုန်ခမ်းစေပဲ နေ့အခါစာပေကျမ်းဂန် သင်ကြားပို့ချကြည့်ရှုခြင်း, နံနက်ဝတ်တက်ပြီးအခါ ၁-နာရီခန့်, ၁-နာရီခွဲခန့်ကြာအောင် နိသဇ်, ရုက္ခမူ, အဗ္ဘောကာသိကဓုတင်များကို ဆောက်တည်၍ အမြဲစီးဖြန်းနေကျ လက်ကိုင်ရှိသော ပါဋိဟာရိယကမ္မဋ္ဌာန်းကို စီးဖြန်းနေထိုင်ရခြင်း။

(၁၆) ကျောင်းသားသူငယ်များကို တလလေးသီတင်း ဝါတွင်း ဝါပ ဥပုသ်စောင့်စေ၍ ကျောင်းထိုင်ဘုန်းကြီးနှင့်တကွ ကျောင်းသား လူငယ်ပါ ကျန်းမာသည့်အခါ တစ်လ လေးသီတင်း ဝါတွင်းဝါပ ဇကာသနိက်ဓုတင် ဆောက်တည်လေ့ ရှိရခြင်း။

(၁၇) "ပဋ္ဌမေ ဘိက္ခဝေ အာဒီနဝါ အပ္ပါသာဒိကေ"စသော ပါဠိတော်နှင့်ညီစွာ မြင်သူ,ကြားသူ ရဟန်းရှင် လူတို့ နှလုံးမသာ မကြည်ညိုဖွယ်ရာ, ကြည်ညိုပြီးသောသူ အချို့တို့လည်း ကြည်ညိုသဒ္ဓါပျက်ဖွယ်ရာ စာပြန်ပွဲ အလှူရုံ မဏ္ဍပ်ကန္နားတို့၌ ကစားတတ်, ခိုက်ရန်ဖြစ်တတ်, ဒေါင်း လန်းပန်ကန်တို့ကို ချိုးတတ်, ခွဲတတ်, အလှူဝတ်ကို လုယက်တတ်, လျှပ်ပေါ် လောက်လက် အရက်သောက် ဘိန်းစားနှင့် အလားတူသော ကျောင်းသားကပ္ပိယတို့ကို အလှူရုံ မဏ္ဍပ်ကန္နား စာပြန်ပွဲ များသို့ မခေါ်ခဲ့ရခြင်း။

(၁၈) တစ်စုံတစ်ယောက်သော ကျောင်းသား အလှူရုံ မဏ္ဍပ် ကန္နား စာပြန်ပွဲများ၌ ပိုက်ဆံကစားခြင်း, ခိုက်ရန်ဖြစ် ပွားခြင်း စသော မကြည်ညိုဘွယ်အမှုကို ပြုခဲ့သော် ဆရာဖြစ်သူ နေရာမကျ လိမ္မာအောင်မဆုံးမခြင်းကြောင့် ဖြစ်ရကား ဆရာ ဘုန်းကြီးပါ မြတ်စွာဘုရားကို ရေဒဏ်တစ်ဆယ့်ငါးလုံး ကပ်လှူ ပြီးလျှင် ဥပုသ်ပြုရာ သံဃာ့အစည်းအဝေး၌ လျှောက်ထား ရခြင်း။

(၁၉) ကျန်းမာပကတိ ရှိလျက်နှင့် ပျင်းရိသည့်အတွက်ကြောင့် စကျွန္ဓြေကိုစောင့်ခြင်းစသော ဂါမပ္ပဝိသနသိက္ခာပုဒ်ကို လုံခြုံ အောင်မထိန်းနိုင်၍ မကြည်ညိုဘွယ် ယယ်လှသော သာမဏေ များကို အလှူရုံမဏ္ဍပ်ကန္နားသို့ ကိုယ်စား မစေလွှတ်ရ။

(၂၀)"ဒေသေထ ဘိက္ခဝေ ဓမ္မံ အာဒိကလျာဏံ မဇ္ဈေ-
ကလျာဏံ ပရိယောသာနကလျာဏံ သာတ္ထံ သဗျဥ္ဇနံ ကေဝလပရိပုဏ္ဏံ ပရိသုဒ္ဓံ ဗြဟ္မစရိယံ ပကာသေထ၊ အဿဝဏာတာ ဓမ္မဿ ပရိဟာယန္တိ"။

ဟူသောပါဠိတော်နှင့် အညီ တရားနာရခြင်းနှင့်ကင်း၍ လိမ္မာယဉ်ကျေးခြင်း မဖြစ်နိုင်ရကား ကျောင်းသို့ရောက်လာသော ဉပုသ်သည် ဒါယကာ, ကျောင်းတိုက်ရှိ ရဟန်း, သာမဏေ, ကျောင်းသားများကို တလလေးသီတင်း ဝါတွင်း, ဝါပ, နေ့တရား, ညဥ့်တရား ပြောဟောလေ့ရှိရခြင်း။

(၂၁)မိမိ၏ ဆုံးမဩဝါဒစကားကို လေးစားနာယူသော
ရပ်သားရွာသူ လူဒါယကာတို့ကို သင့်လျော်ရာအရပ်စရပ်, တန်ဆောင်း, ဘုရားကျောင်းများ၌ သင်္ဘိုတ်, ရေချမ်း, ပန်း, ဆီမီးပူဇော်လှူဒါန်းလျက် ဝတ်တက်ဝတ်ကပ် ရွတ်ဘတ်သရဇ္ဈာယ်တတ်အောင် စည်းကြပ်သင်ပြလေ့ရှိရခြင်း။

(၂၂)ခရီးဒေသစာရီ လှည့်လည်သွားလာသည့်အခါ ကုက္ကုစ္စ
သံသယ မကင်းစကောင်းသော ဝိသဘာဂကျောင်းကန်များ၌ မတည်းမခို မနေမနား မစားမသောက်ရ၊ သဘာဂကျောင်းကန်၌လည်း တည်းခိုနေထိုင်ရန် နေရာအာဝါသကို မရသေး၍ အာဝါသိကမဖြစ်ရသေးခင် ဘိနပ်ချွတ်ခြင်းစသော အာဂန္တုကဝတ်ကို မချွတ်မယွင်းစေရ၊ ဝါသူပဂတရစကောင်းသော သိက္ခာပုဒ်ရှစ်ပါးမှတပါး ဩက္ခိတ္တစက္ခုစသော သိက္ခာပုဒ်များကို စောင့်ထိန်းခြင်းငှာ ခဲယဉ်းလှသော ရွာတွင်း အိမ်လပ် လှည်းပေါ်များ၌ တည်းခိုညဥ့်အိပ်ခြင်းကို မပြုရ၊ မဂ္ဂသညာဖြင့် ရွာကို ဖြတ်သန်း၍ သွားရာ၌လည်း ရွာအရံရှိလျှင် အရံမှ, အရံမရှိလျှင် ခဲ

နှစ်ကျမှစ၍ သုပဋိပ္ပန္န, ကာယဗန္ဓန, ဝိကာလေဂါမပ္ပဝေသန သုံးပါးမှတပါး ဘိနပ်ချွတ်ခြင်း, စက္ခုန္ဒြေကို ထိန်းခြင်းစသော ဂါမပ္ပဝေသနသိက္ခာပုဒ်တို့ကို စောင့်ချုပ်လျက် ဝင်ထွက်သွားလာရခြင်း။

(၂၃) "ဣတ္ထိမိဿေ ကုတော သီလံ၊ ဣတ္ထိ မလံ ဗြဟ္မ-
စရိယဿ"

ဟူသည်နှင့်အညီ လူသူထွက်၍ သာသနာတော်မှ ပျက်စီးစုတေလွယ်ကြောင်း လူပင်မထွက်သော်လည်း မကောင်းသတင်း ကျော်စောခြင်းပွက်၍ ဂုဏ်ကျေးဇူးပုပ်ပျက်ကြောင်းဖြစ်သော မာတုဂါမ, မယ်သီလတို့ကို ဆွမ်းချက်ဟင်းချက်ကပ္ပိယပြုလုပ်မွေးထားခြင်း, စာပေကျမ်းဂန်ချပို့ သင်ကြားခြင်းများကို အလျဉ်းမပြုရ, ဝေးဝေးကြီးရှောင်ကြဉ်ရခြင်း။

(၂၄) "ကြိယာကာရကသမ္ဗန္ဓံ၊ ယေ န ဇာနန္တိ မာဏဝေါ။
ပသူဟိယေဝ တေ တုလျာ၊ ခုရသိင်္ဂဝိဝဇ္ဇိတာ။

ယော နိရုတ္တိံ ပဇာနာတိ၊ ဇာနမ္ပိ ပိဋကတ္တယံ။
ပဒေ ပဒေ ဝိကင်္ခေယျ၊ ဝနေ အန္ဓဂဇော ဝိယ။

ဟူသောသဒ္ဒါငယ်၊

"အာဘိဓမ္မိကာယေဝ ကိရ ဓမ္မံ ကထေန္တာပိ အက-
ထေန္တာပိ ဓမ္မကထိကာ နာမ"

ဟူသော အဋ္ဌကထာတို့နှင့်ညီစွာ သဒ္ဒါမတတ်, အဘိဓမ္မာမတတ်က အရှိန်အစော်အာနုဘော်ကင်းပ အပြစ်ဒေါသအာဒီနဝ များလှသောကြောင့် သဘောသကန် ဉာဏ်ပဋိဘာန်နှင့် ပြည့်စုံ၍ ကျမ်းဂန်တတ်မြောက် အခြေရလောက်သော စာသင်သားတို့ကို စာပွဲသဘင်အခါပြန်ဘို့ရာ ဝိနည်း

ထွင်၍သာမက သဒ္ဒါသုတ်နက်, သဂြိုဟ်ပါဠိအနက်, ပုဒ်စစ်, နာမ်ဂိုဏ်း, စာစပ်, ဘေဒစိန္တာ-စသည်များကိုလည်း ဉာဏ်အားလျော်စွာ ကျက်အံပြန်ဆိုစေရခြင်း။

(၂၅) "အနာယကာ ဝိနဿန္တိ၊ နဿန္တိ ဗဟုနာယကာ။
ထိ နာယကာ ဝိနဿန္တိ၊ နဿန္တိ သုသုနာယကာ။

ဟူသည်နှင့်ညီစွာ ဂိုဏ်းသံဃာအတွင်း၌ အမှုအခင်းတစုံတရာဆုံးဖြတ်ရန်ပေါ်ပေါက်လာလျှင် ကြေဇေးပြီးပြတ်အောင်နှိပ်ကွပ်ဆုံးဖြတ်သူမရှိက အဓိကရဏ်းကျယ်ပွား စကားများ၍ သံဃာနှစ်ပက္ခ, သုံးပက္ခကွဲပြားသဖြင့်-

"သံဃေ ခေါ ပန ဘိက္ခဝေ ဘိန္နေ အညမညံ အက္ကောသာ စ ဟောန္တိ၊ အညမညံ ပရိစ္စဇနာ စ ဟောန္တိ။ တတ္ထ အပ္ပသန္နာ စေဝ နပ္ပသီဒန္တိ၊ ပသန္နာနဥ္စ ဧကစ္စာနံ အညတတ္တံ ဟောတိ။ အယံ ဘိက္ခဝေ ပဥ္စမော ဓမ္မော သဒ္ဓမ္မဿ သမ္မောသာယ အန္တရဓာနာယ သံဝတ္တတိ"

ဟူသော ပါဠိတော်နှင့်အညီ အချင်းချင်း ဆဲရေးပြစ်တင်ရှောင်ကြဉ်ရန်ပွား အများမချမ်းသာ သာသနာကွယ်ပျောက်လွယ်ကြောင်းဖြစ်၍ ဂိုဏ်းသံဃာအတွင်း အမှုအခင်းတစုံတရာပေါ်ပေါက်လာလျှင် နှိပ်ကွပ်ဆုံးဖြတ်မည့် ဓမ္မကထိက ဝိနည်းမိုရ်နာယကပုဂ္ဂိုလ်ကို သင့်ရာသံဃာ့အစည်းအဝေး ၌ မနည်းလွန်း, မများလွန်း သမုတ်တင်ထားလေ့ပြုရခြင်း။

(၂၆) သမုတ်တင်းထားအပ်သော ထိုဝိနည်းမိုရ်ဓမ္မကထိကနာယကမထေရ်ကြီး၏ ဆုံးမစကားကို အများလိုက်နာလျက် သီတင်းကျွတ်ပဝါရဏာအခါ ဝိနည်းမိုရ်ဆရာတော်ကြီးရှိရာ၌ နီးရာနီးရာဂိုဏ်းသံဃာအားလုံး စုရုံးစည်းဝေး၍

မဟာပဝါရဏာပြုပြီးလျှင် တဥတု တခေါက်, နှစ်ခေါက်, သုံးခေါက်, လေးခေါက်, ငါးခေါက်, အနီး, အဝေး အလျောက် နာယကမထေရ်ကြီးများထံ သွားရောက်၍ ဆုံးမကြွဝါဒခံရခြင်း။

(၂၇) ရွှေကျင်ဆရာတော်ဘုရားကြီး၏ တပည့်သားမြေး

ရွှေကျင်တိုက်သွေး သက်ဝင်ကြသော အနီး, အဝေး အရပ်ရပ်ဂိုဏ်းသံဃာအပေါင်းတွင် ဝိနည်းမိုရ်နာယကအဖြစ် ဖြင့် ရှေးက ဆရာတော်ဘုရားကြီးများ သမုတ်တင်မြှောက် ပြီး အသီးအသီး အနွတ္ထအလျောက် သံဃာတင်မြှောက် သမုတ်အပ်သော ပုဂ္ဂိုလ်တို့ကလည်း အမိန့်အာဏာကို ပေးစွမ်းနိုင်သော သာသနာပိုင် သာသနာပြုဆရာတော်ကို ပူဇော်တင်မြှောက်ကာ သာသနဒါယကာ သာသနာပြုမင်း လစ်ဟင်းကင်းလွတ်ခိုက်ဖြစ်သော်လည်း-

> "မဟာဇနေန သမ္မတောတိ ခေါ ဝါသေဋ္ဌ မဟာ-
> သမ္မတော မဟာသမ္မတောတိ ပထမံ အက္ခရံ ဥပ-
> နိဗ္ဗတ္တံ"

ဟူသကဲ့သို့ သံဃာသဘောတူတင်ကြသော သာသနာ့ဝန် ကို လွှဲညွှန်ရှောင်တိမ်းခြင်းငှာ မသင့်ပေရာဟု နှလုံးထားကြ ၍ တခုတည်းသော ဂါမသိမ်၌ သံဃဥပုသ်လောက်လျက်နှင့် ဥဒကုက္ခေပ, သတ္တဗ္ဘန္တရ, ဗဒ္ဓသိမ်များသို့သွား၍ ပါရိသုဒ္ဓိ, အဓိဋ္ဌာန်ဥပုသ် မပြုကောင်းသောကြောင့်လည်းကောင်း ဆို အပ်ခဲ့ပြီးသော အဘိဏှသန္နိပါတ အပရိဟာနိယတရား တိုးပွား၍ သာသနာတော်စည်ပင်ထွန်းကား ကြီးပွားစေခြင်း အကျိုးငှာလည်းကောင်း ဤဥပဒေစာပါ သံဃာ့အစည်း အဝေးများကို မစည်းမကြပ်ရသေးသော အရပ်များ၌ မဖြစ် မနေရ၊ ဖြစ်မြောက်အောင် စည်းကြပ်လျက် စွမ်းရည်သတ္တိ

နှင့်ပြည့်စုံ၍ သာသနာတော်ဝန်ကို ရွက်ဆောင်နိုင်လောက်သော လဇ္ဇီအမျိုးကောင်းသားများကို သင့်ရာစာပြန်ပွဲအစည်းအဝေး ပဝါရဏာပွဲအစည်းအဝေး စသည်တို့၌ ဝိနည်းခိုရိ ဓမ္မကထိကနာယက အကြီးအကဲ တင်မြှောက်ပြီးလျှင် ထိုဆရာတော်များကို "ငါတို့ ကိုးကွယ်ရာပေတည်း"ဟု ကျေးဇူးတတင် ဂိုဏ်းဝင်သံဃာတို့က ထိုဆရာတော်ကြီးတို့ ပြောဆိုဆုံးမ ဩဝါဒပေးရာ မငြင်းမဆန်လိုက်နာခံ၍ ကျင့်ကြံအားထုတ်ရခြင်း။

(၂၈) ဘုန်းကြီးပျံရုပ်သေးပွဲ၌ ခဲပစ်သူ ရဟန်းနှစ်ပါးကို ပုလိပ်သားတို့ ခဲနှင့်တကွ ဘမ်းမိ၍ ကြိမ်ဒဏ်အချက်ရေ ၂၀-စီ အစိုးရတို့က တပ်ရိုက်ကြောင်း ပွဲကြည့်သောရဟန်းများကို ပုလိပ်သားတို့ ရိုက်နှက်၍ ရဟန်းနှစ်ကျိပ်ငါးပါးလောက် ထိပ်ပေါက်ခေါင်းကွဲရှိကြောင်းများကို ကြားသိရသည့်အတိုင်း သာသနာတော်ညှိုးလျော် နွမ်းပါလှသည်ကို ဝမ်းနည်းဘွယ်ကောင်းလှသည်ဖြစ်၍ ဘုန်းကြီးပျံ, မယ်တော်ပျံ, ဘတော်ပျံ မသာအသုဘများ၏ ရုပ်သေး, ဇာတ်, သဘင် အငြွေ့ပွဲလမ်းများဖြင့် စည်ကားခြင်းကို အလိုရှိ၍ သဂြိုဟ်ချပို့ရန် ပိုက်ဆံစရိတ်ကြေးငွေများကို အောက်ကျေ ညာလယ်ရှာဖွေတောင်းရမ်း၍ အခမ်းအနားအကြီးအကျယ် မပြုမလုပ်ပဲ သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်နှင့်ပြည့်စုံ သော ကျေးဇူးရှင်ဖြစ်၍ ပူဇော်လိုလျှင် သေသည့်အခါ ပူဇော်မည့်အတွက် အသက်တော်ရှင်စဉ် ဆရာမိဘတို့ကို ပူဇော်ချီးမြှောက်ရခြင်းသည် လွန်မင်းစွာအကျိုးရှိ၏ဟု နှလုံးထား၍ သေလွန်မှ ပူဇော်ချီးမြှောက်လိုလျှင်လည်း မိမိတို့ဆရာ၏ အရိုးဓာတ် ရုပ်ပုံကို စာချ၍နေပုံ, တရားဟော၍နေပုံ, ရဟန်းတရားကို အားထုတ်၍နေပုံ စသည်ဖြင့် မိမိကြည်ညိုရာရုပ်ပုံကို ပြည့်စုံသပ္ပါယ်စွာ ထုလုပ်၍ အုတ်တိုက်, ကျောက်ဂူတို့မှာ တင်သွင်း

တည်ထား ပိဋကတ်သုံးပုံများကို ရေးသားပြုစု၍ ဆရာ့ကိုယ်စား တရားဟောပြ စာပေများ ပို့ချနိုင်လျှင် ဟောပြောပို့ချ၊ မစွမ်းနိုင်၍သော်လည်းကောင်း၊ လူဖြစ်၍သော်လည်းကောင်း မပြောမဟော မပို့ချနိုင်လျှင် ပြောဟောပို့ချနိုင်မည့် ပညာရှိကိုတင်ထား ဆရာ့ကိုယ်စား ပူဇော်ချီးမြှောက်ရလျှင် မြတ်စွာဘုရားသာသနာတော်သည် ဆရာရှိစဉ်ကဲ့သို့ပင် အစဉ်အဆက် တိုးတက်စည်ပင်ပေလိမ့်မည်ဟု အရှည်ကိုမြင် တတ်သော ပညာဉာဏ်ဖြင့် အဖန်ဖန် စဉ်းစားကြ၍ ဘုန်းကြီးပြန်၊ မသာ အသုဘသံဝေဂအခန်းတို့၌ ပရမ်းပတာ ရယ်စရာရုပ်ကောင် ကျွမ်းထောင် တွန်းလှိမ့် တလိမ့်ခေါက်ကွေး ရုပ်သေးဇာတ် သဘင် မစီရင်မကျင်းပ မကစားကြမူ၍-

"အဗျာဝဋ္ဋော တုမှေ အာနန္ဒ ဟောထ တထာဂတဿ သရီရပူဇာယ"

ဟူသော ဘုရားအမိန့်တော်အတိုင်း မြတ်စွာဘုရားကို သင်္ဂြိုဟ်သောနည်း၊ သီဟိုဠ်ကျွန်း၌ ရဟန်းတော်များကို သင်္ဂြိုဟ်သည့်နည်းများအတိုင်း အဝေးရပ်နေ တပည့်သား မြေးများ ရောက်လာနိုင်လောက်ရုံ ခုနစ်ရက်၊ အလွန်ဆုံ့ငါး ရက်မျှထား၍ ဒါယကာတို့ တတ်စွမ်းနိုင်သမျှ အဖျင်းဆုံး ခေါင်းတလုံး၊ ခေါင်းတင်ရန် ခနှင်ညောင်စောင်းတချပ်၊ လောင်တိုက်၌ လေးတိုင်စိုက်၊ ခြောက်တိုင်စိုက်အလောင်းစင်၊ တစ်အိမ်လျှင် သနပ်ခါး နံ့သာထင်း တစ်ချောင်းစီ၊ ဤမျှလောက်သော အဆောက်အအုံတို့ဖြင့် လူအများ ထမ်းပိုး လက်ပွေ့လျက် လှည်းရထားနှင့်သော်လည်း တင်လျက် ငြိမ်သက်အေးဆေးစွာ ညှိုးငယ်သံဝေဂရသောမျက်နှာနှင့် လုပ်တိုင်းသို့ ယူဆောင်ကာ နံ့သာ ထင်းပုံထက်သို့ တင်ပြီးလျှင် မီးတင်ဖုတ်ကြည်း သင်္ဂြိုဟ်ရလျှင် အားရရောင့်ရဲနိုင်ရခြင်း။

(၂၉) ပြဆိုခဲ့ပြီးသော ဥပဒေချက်များနှင့် မညီမညွတ် ယွင်းချွတ်ဘောက်ပြန်သောပုဂ္ဂိုလ် တစုံတယောက်ပေါ် ပေါက်လာခဲ့လျှင်-

"ယေ ပဿန္တိ ယေ သုဏန္တိ၊ တေဟိ ဝတ္တဗ္ဗာ"

ပါဠိတော်နှင့်ညီစွာ မြင်သူ, ကြားသူပုဂ္ဂိုလ်တို့က မေတ္တာ, ကရုဏာကို ရှေ့ထားလျက် ကာလ, ဘူတ, အတ္ထသဉှိတ, မေတ္တာစကား ဤအင်္ဂါငါးပါးနှင့် ပြည့်စုံစွာ ပြောဆိုဆုံးမရခြင်း၊ ပြောဆိုဆုံးမ၍ မရလျှင် အထက်ဝိနည်းမိုရ်နာယက မထေရ်ကြီးများထံ လျှောက်ထား၊ မထေရ်ကြီးများက အမိ-ကရုဏ်း မကျယ်မပွား ပိပြားသေဝပ်အောင် နှိပ်ကွပ်ဆုံးမရခြင်း။

(၃၀) ဆုံးမခံရသောပုဂ္ဂိုလ်ကလည်း အထက်သံဃာ့ဦးစီးနာယကမထေရ်ကြီးမှစ၍ သီတင်းသုံးဘော်များ အကျိုးလိုလား တရားရေအေး တိုက်ကျွေးဖြောင့်ဖြ၍သော်လည်းကောင်း၊ မြည်တွန်ဒဏ်ပေး၍သော်လည်းကောင်း ဆုံးမသော်လည်း မျက်မာန်စိတ်ဆိုး နှုတ်လုံ့မထိုးပဲ "ငါ၏ အကျိုးဖြစ်ပွား သာသနာတော်စည်ပင်ထွန်းကားအောင် ဟောကြားဆုံးမ နှိပ်ကွပ်တော်မူကြပေသည်"ဟု ဝမ်းမြောက်ဝမ်းသာ လိုက်နာခံ၍ နောင်အဖန်ဖန် ဆုံးမဩဝါဒပေးလွယ်ကြောင်း ကောင်းမွန်ရှိသေစွာ ကြည်သာအေးမြလျှောက်ထား၍ ရဟန်းတရားကို အားထုတ်နေထိုင်ရခြင်း။

ဤသုံးဆယ်မျှလောက်သော ဩဝါဒစကား ဥပဒေအချက်များကို ရွှေကျင်ဂိုဏ်း၏နာယက ဦးစီးအကြီးအမှူးဖြစ်တော်မူသော မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီး ပိုင်းခြားဆုံးဖြတ် တည်ထားအပ်သတည်း။

ဤဆိုခဲ့ပြီးအပ် အရပ်ရပ်သော ဩဝါဒကထာ ဥပဒေစာနှင့် ညီညွတ်စွာကျင့်ကြံ အားထုတ်ကြ၍ သိက္ခာသာဇီဝတူမျှသော ရဟန်းသံဃာတော်တို့ ချင်းချင်းဖြစ်က ဝိဝါဒဖြစ်ပွား ကွဲပြားခြင်းမဖြစ်နိုင်ရာ၊ ဥပဒေနှင့်မညီပြုလုပ် သိက္ခာပုဒ်တော်ကို နင်းကျော်ဖျက်ဆီး၍ လှည်းစီး, နွားမွေး, အတိုးပေး, ပရိက္ခရာလဲ, နေလွဲကွမ်းစား, ဆေးဝါးဆေးသောက်, အင်္ဂါမမြောက်ပဲကျောင်းနေ, ရွှေငွေလုပ်, အဂ္ဂိရတ်ထိုး, အလဇ္ဇီဒုဿီလအမှုမျိုးကို လိုက်စား, ပစ္စည်းလေးပါး လှူဒါန်းရှာကြသော ဒါယကာများကို အားမနာ၊ ရဟန်းသံဃာအချင်းချင်းကိုလည်း မရှက်၊ အထက်က သာသနာပြုမင်းချီးမြှောက်သော ဂိုဏ်းအုပ်, ဂိုဏ်းထောက် အာဏာလည်းကင်းဝေး၊ လာလတ္တံ့သော အပါယ်ဘေးကိုလည်း မကြောက်၊ စိတ်ရောရာ ကိုယ်ပါ၊ ပြုလိုရာ ပြုကျင့်ကြ၍ သိက္ခာသာဇီဝမတူမျှသော အဓမ္မဝါဒီ အလဇ္ဇီဒုဿီလပုဂ္ဂိုလ်များအတွက် ရဟန်းသံဃာ ဆရာအချင်းချင်း မရောမယှက်သောကြောင့် တကာချင်းချင်းလည်း ကွဲအက်တတ်သည်၊ အချင်းချင်း ခိုက်ရန်ပွား၍ အပါယ်လားဘို့ရာသာဖြစ်၍ နေတတ်သည်၊ ထို့ကြောင့် ခိုက်ရန်မပွား အပါယ်မလားရအောင် အလဇ္ဇီဒုဿီလပုဂ္ဂိုလ်တို့နှင့် ပစ္စယသမ္ဘောဂ, ဓမ္မသမ္ဘောဂ မယောရှက်သော်လည်း မေတ္တာမပျက်၊ အပ်စပ်သည့်အချက်များ၌ ရန်မျက်မထား၊ စကားနှီးနှော ပြောဟောပေါင်းသင်း၍ နေထိုင်ကြကုန်ရာသည်။

လဇ္ဇီသူတော်ကောင်း, လဇ္ဇီသူယုတ်မာ, အလဇ္ဇီသူတော်ကောင်း, အလဇ္ဇီသူယုတ်မာဟု ပုဂ္ဂိုလ်လေးမျိုးရှိသည်အနက် ဣဿာ, မစ္ဆေရ, မာယာ, သာဌေယျ, ပါပိစ္ဆာ, မဟိစ္ဆာ, ပကာသန, ဒေါသ, မာနခက်ထန်လှသော လဇ္ဇီသူယုတ်မာဘက်ကဖြစ်စေ, ထိုကဲ့သို့သော သဘောရှိသော အလဇ္ဇီသူယုတ်မာဘက်ကဖြစ်စေ, နှစ်ဘက်စုံကဖြစ်စေ, မေတ္တာ

မသက် တရားပျက်၍ ရဟန်းအချင်းချင်း မညီမညွတ် မစပ်မရှက် ကွဲအက်ထိပါး ခိုက်ရန်ဖြစ်ပွား၍ တရားမဲ့နေခဲ့ကြမူကား မိမိ၏အကျိုးစီးပွား လောက၏အကျိုးစီးပွား သာသနာတော်မြတ်၏အကျိုးစီးပွားတို့ကို လိုလားတောင့်တကုန်သော ပစ္စယဒါယကာဖြစ်သူ လူတို့သည် ဤဆိုလတံ့သော နည်းတို့ဖြင့် ငရဲမများ ကုသိုလ်ပွားအောင် နှလုံးထားကြရမည်၊ အားထုတ်ကျင့်ကြံကြရမည်။

ရှေ့ကျောင်ဂိုဏ်းဥပဒေ ပြီး၏။

*** ♦ ***

## ဂိဟိစာရိတ္တာကျင့်ခန်း

နှစ်ဘက်ကွဲပြား၍နေကြသော ရဟန်းသံဃာတို့တွင် ဘယ်ဘက်ကိုမှ မျက်မာန်ကြမ်းကြုတ် ဆဲရေးပုတ်ခတ်ခြင်းတို့ကို မပြုပဲ မည်သည့်ဘုန်းကြီး ငါတို့ကို ကျွေးမွေးဘူးပေသည်၊ ဆေးဝါးကုသဘူးပေသည်၊ ကြေးငွေ ချေးငှားမှုင်းမ အလိုရှိခါ ရပေသည်စသည်ဖြင့် ဂေဟာသိတပေမဖြင့် ဆည်းကပ်ဝင်ရောက် ချီးမြှောက်အားပေး သာသနာပျက်စီးညှိုးနွမ်းမည့်အရေးကိုလည်း ဝေးဝေးကြီးကြဉ်ရှောင် ကြ၍ မိမိတို့ သိသင့်သိထိုက်သည့် ပကတိငါးပါးသီလ, ဗြဟ္မစရိယ ပဉ္စမက ငါးပါးသီလ, ဧကဘတ္တိကဆက္က ခြောက်ပါးသီလ, အာဇီဝဋ္ဌမက ရှစ်ပါးသီလ, အဋ္ဌင်္ဂုပေါသထရှစ်ပါးသီလ, နဝင်္ဂုပေါသထ ကိုးပါးသီလ, ဒုစရိုက်ဆယ်ပါး, သုစရိုက်ဆယ်ပါး, ပုညကြိယာဝတ္ထု ဆယ်ပါး, ဧကာသနိက် ပတ္တပိဏ်ဍတင်နှစ်ပါး, သာဓုတရားလေးပါး, သိင်္ဂါလသုတ်၌ လာသော ကျင့်ဝတ်အပြားတို့ကို သိနားလည်အောင် ကျက်မှတ်နာခံ၍ ခဲယဉ်းငြိုငြင်စွာ ရှာဖွေရရှိသော မိမိပစ္စည်းဥစ္စာကို အကုန်အကျခံ၍ လှူဒါန်းရန်ကိစ္စရှိကြသောအခါ အသီးအနှံကိုလို၍ စိုက်ပျိုးသော လယ်သမားပုံ သီလ, သမာဓိ, ပညာဂုဏ်တို့နှင့်ပြည့်စုံသော အလှူခံပုဂ္ဂိုလ်ကို ရွေးချယ်လှူဒါန်း၍ မြတ်စွာဘုရားသာသနာတော် စည်ပင်ထွန်းကားကြီးပွားကြောင်း စိတ်ကောင်း နှလုံးကောင်းရှိအောင်မွေး၍ အားပေးချီးမြှောက်ကုန်ရာသည်။

ထိုတွင် ပကတိငါးပါးသီလ၌ ကာမေသုမိစ္ဆာစာရကိုရှောင်တ်၍ အဗြဟ္မစရိယာ ဝေရမဏိသိက္ခာပုဒ်ကိုထည့်လျှင် ဗြဟ္မစရိယပဉ္စမက ငါးပါးသီလမည်၏၊ ထိုငါးပါး၌ ဝိကာလဘောဇနာ ဝေရမဏိသိက္ခာပုဒ်ကို ထည့်လျှင် ဧကဘတ္တိကဆက္က ခြောက်ပါးသီလမည်၏။

ပါဏာတိပါတာ, အဒိန္နာဒါနာ, ကာမေသုမိစ္ဆာစာရာ ဝေရမဏိသိက္ခာပုဒ်သုံးပါး, မုသာဝါဒါ, ပိသုနဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပါ ဝေရမဏိသိက္ခာပုဒ် လေးပါး၊ အသက်မွေးကြောင်းဖြစ်သော

ထိုအကုသိုလ်ကမ္မပထခုနစ်ပါးမှ ရှောင်ကြဉ်သော မိစ္ဆာဇီဝါ ၀ေရမဏီ သိက္ခာပုဒ်တပါး၊ ဤရှစ်ပါးသည် အာဇီဝဋ္ဌမကသီလမည်၏။

အဋ္ဌင်္ဂုပေါသထသီလကား- တလလေးသီတင်း, ရှစ်သီတင်း, ဝါတွင်း, ဝါပ သူတော်တကာ စောင့်သုံးကြရိုးဖြစ်၍ ထင်ရှား၏။ ထိုအဋ္ဌင်္ဂဉပုသ်သီလ၌ "သဗ္ဗသတ္တေသု မေတ္တာသဟဂတေန စေတ-သာ ဝိဟရိဿာမိ"ဟု ထည့်၍ ဆောက်တည်ပြီးလျှင်-

"သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု"

သဗ္ဗေ= ခပ်သိမ်းကုန်သော။ သတ္တာ= သတ္တဝါတို့သည်။ အဝေရာ= ပါဏာတိပါတစသော အဖွတ္တရန်ငါးပါး, ရေ, မီး, မင်း, ခိုးသူ, မချစ်အပ်သော အမွေခံဟူသော အပရန်ငါးပါး မရှိကြကုန် သည်။ ဟောန္တု= ဖြစ်ကြပါစေကုန်သတည်း။ အဗျာပဇ္ဇာ= စိုးရိမ် ကြောင့်ကြ ဗျာပါဒမရှိကြကုန်သည်။ အနီဃာ= ဆင်းရဲငြိုငြင်ပင်ပန်း ခြင်း မရှိကြကုန်သည်။ ဟောန္တု= ဖြစ်ကြစေကုန်သတည်း။ သုခီ= ချမ်းသာခြင်းရှိကုန်သည်ဖြစ်၍။ အတ္တာနံ= မိမိကိုယ်ကို။ ပရိဟရန္တု= ရွက်ဆောင်သည်ပိုးနိုင်စေကုန်သတည်း-ဟု ပြဟ္မဝိဟာရကမ္မဋ္ဌာန်းကို စီးဖြန်းပွားများ၍ နေခြင်းသည် နဝင်္ဂဉပုသ်မည်၏။

ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရ-ဟူသော ကာယဒုစရိုက်သုံးပါး၊ မုသာဝါဒ, ပိသုဏာဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပ လာပ-ဟူသော ဝစီဒုစရိုက်သုံးပါး၊ အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိ-ဟူသော မနောဒုစရိုက်သုံးပါး၊ ဤဆယ်ပါးသည် ဒုစရိုက်ဆယ်ပါး မည်၏။ ထိုဒုစရိုက်ဆယ်ပါးမှ ရှောင်ကြဉ်ခြင်းသည် သုစရိုက်ဆယ်ပါး မည်၏။

ဒါန, သီလ, ဘာဝနာ, အပစာယန, ဝေယျာဝစ္စ, ပတ္တိဒါန, ပတ္တာနုမောဒန, ဓမ္မဿဝန, ဓမ္မဒေသနာ, ဒိဋ္ဌိဇုကမ္မ ဤဆယ်ပါး သည် ပုညကြိယာဝတ္ထုဆယ်ပါးမည်၏။

"နာနာသနဘောဇနံ ပဋိက္ခိပါမိ၊ ဧကာသနိကင်္ဂ သမာဒိ-
ယာမိ။"

နာနာသနဘောဇနံ= အထူးထူးသောနေရာ၌ စားခြင်းကို။ ပဋိက္ခိပါမိ= ပယ်ပါ၏။ ဧကာသနိကင်္ဂ= တနေရာတည်း၌သာ စားလေ့ရှိသောပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါကို။ သမာဒိယာမိ= ဆောက်တည်ပါ၏-ဟု မိမိဘာသာသော်လည်း ဆောက်တည်၍ ဥပုသ်စောင့်သည့်နေ့ဖြစ်စေ, မစောင့်သည့်နေ့ဖြစ်စေ တနေရာတည်း၌သာ စား၍ နေရာမှထပြီးနောက် ဂေလည, ပိပါသ-ဟူသော အကြောင်းမရှိလျှင် ဆေး, ကွမ်းကိုမျှ လည်မျိုး၏တဘက်သို့ ဝင်အောင် မစားသောက်ခြင်းသည် ဧကာသနိက်ဓုတင်မည်၏။

"ဒုတိယဘာဇနံ ပဋိက္ခိပါမိ၊ ပတ္တပိဏ္ဍိကင်္ဂ သမာဒိယာမိ"။

ဒုတိယဘာဇနံ= နှစ်ခုမြောက်သော စားခွက်ကို။ ပဋိက္ခိပါမိ= ပယ်ပါ၏။ ပတ္တပိဏ္ဍိကင်္ဂ= တခုတည်းသော စားခွက်၌ရှိသော ထမင်းကိုသာ စားလေ့ရှိသောပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါကို။ သမာဒိယာမိ= ဆောက်တည်ပါ၏-ဟု မိမိချည်းပင်သော်လည်း ဆောက်တည်၍ ဥပုသ်နေ့၌ဖြစ်စေ, နေ့လွတ်၌ဖြစ်စေ စားခွက်တစ်ခုတည်း၌သာ ရောနှော၍ဖြစ်စေ. တစ်ခြားစီပုံ၍ဖြစ်စေ, တစ်ထပ်တည်းဖြစ်စေ, အထပ်ထပ်ဖြစ်စေ စားခြင်းသည် ပတ္တပိုဏ်ဓုတင်မည်၏။ ဧကာသနိက်, ပတ္တပိုဏ်ဓုတင်နှစ်ပါးစုံ ဆောက်တည်မှုကား တစ်ခွက်တည်း၌ထည့်၍ တစ်ထပ်တည်းသာ စားအပ်၏။

[ဤဓုတင်, ပုညကြိယာဝတ္ထု, သုစရိုက်, ဒုစရိုက်တို့၏ ဝိနိစ္ဆယ အကျိုးအပြစ်စသည်ကို ပရမတ္ထသရူပဘေဒနီကျမ်း၌ အကျယ်ပြဆွန်းအပ်ပြီ။]

ဒက္ခံ ဂဟာဗ္ဗတံ သာဓု၊ သံ၀ိဘာဇ္ဇဥ္စ ဘောဇနံ။
အ-ဟာသော အတ္ထလာဘေသု၊ အတ္ထဗျာပတ္တိ အဗျထော။

ဂဟာဗ္ဗတံ= အိမ်၌နေသူ လူတို့ကျင့်ရာသော တရားကား။ ဒက္ခံ= စည်းစိမ်ဥစ္စာတို့ကို တရားသဖြင့်ရရှိ များစွာစုမိအောင် ရှာဖွေခြင်း၌ လိမ္မာခြင်းသည်။ သာဓု= ပထမကောင်းခြင်းတည်း။ ဘောဇနံ= တရားသဖြင့် ရှာဖွေ၍ရအပ်သော စားသောက်ဖွယ်ကို။ သံ၀ိဘဇ္ဇံ= တမလွန်ကောင်းကျိုးကို ဖွံ့ဖြိုးစွာပေးနိုင်လောက်သော သီလ၀န်ပုဂ္ဂိုလ်တို့အား ၀ေဘန်ခွဲခြမ်း လှူဒါန်းပေးကမ်းနိုင်ခြင်းသည်။ သာဓု= ဒုတိယကောင်းခြင်းတည်း။ အတ္ထလာဘေသု= စည်းစိမ်ဥစ္စာကို များစွာရကုန်သည်ရှိသော်။ အ-ဟာသော= ရွှင်ရွှင်ပျော်ပျော် မော်မော်ကြွားကြွား မထောင်လွှားခြင်းသည်။ သာဓု= တတိယကောင်းခြင်းတည်း။ ယဒါ= အကြင်အခါ၌။ အတ္ထဗျာပတ္တိ= ဥစ္စာစည်းစိမ် ကောတိမ်ယိုယွင်း ပျက်စီးခြင်းသည်။ ဟောတိ= ဖြစ်၏။ တဒါ= ထို၀ိပတ္တိဆိုက်ကြုံကြိုက်သောအခါ၌။ အဗျာထော= နှလုံးမသာ မျက်နှာညှိုးငယ်မရှိ စိတ်မပျက်ခြင်းသည်။ သာဓု= စတုတ္ထကောင်းခြင်းတည်း။

ဤသို့ ဣန္ဒြိယဇာတ်၌လာသော တရားလေးပါးသည် သာဓုတရားမည်၏။ ဤသာဓုတရားလေးပါးနှင့် ပြည့်စုံအောင် နှလုံးသွင်းနိုင်, ကျင့်ကြံအားထုတ်နိုင်ကုန်သော သူတို့သည် ဣဋ္ဌာရုံ, အနိဋ္ဌာရုံနှစ်ပါး လောကဓံရှစ်ပါးတို့နှင့် တွေ့ကြုံသော်လည်း တုန်လှုပ်ဘောက်ပြန်ခြင်းမရှိ၊ ချမ်းသာငြိမ်သက် တရားမပျက် သည်းခံနိုင်ကုန်၏။

သိင်္ဂါလသုတ်၌လာသော ကျင့်၀တ်တရားကား ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရ, မုသာ၀ါဒ-ဟူသော ကမ္မကိလေသာလေးပါးတို့ကို ပယ်ခွာ၊ ဆန္ဒာ, ဒေါသာ, ဘယာ, မောဟာ ဟူသော အဂတိလေးပါးတို့ကို လိုက်စား၍ မကောင်းမှုတရားတို့ကို မပြုရှောင်သွေ-

၁။ သေရည်အရက်ကို သောက်ခြင်း၊

၂။ အချိန်မဟုတ် မိုးချုပ်နေကုန် လမ်းဆုံလမ်းခွ၌ သွားလာလေ့ရှိခြင်း၊

၃။ ပွဲလမ်းသဘင် လိုက်သွားလေ့ရှိခြင်း၊

၄။ ကြွေအန်ကြက်တိုက်စသော ကစားမျိုးကို လိုက်စားခြင်း၊

၅။ မိတ်ဆွေယုတ်နှင့် ပေါင်းဘော်ခြင်း၊

၆။ မလုပ်မကိုင် ဆုတ်ထိုင်ပျင်းရိခြင်း-ဟူသော စည်းစိမ်ဥစ္စာပျက်စီးဆုတ်ယုတ်ကြောင်း (အပါယမုခတရား ခြောက်ပါး)တို့ကို မမှီဝဲမချဉ်းကပ်မူ၍-

မာတာ ပိတာ ဒိသာ ပုဗ္ဗာ၊ အာစရော ဒက္ခိဏာ ဒိသာ။
ပုတ္တဒါရာ ဒိသာ ပစ္ဆာ၊ မိတ္တာမစ္စာ စ ဥတ္တရာ။

ဒါသကမ္မကရာ ဟေဋ္ဌာ၊ ဥဒ္ဓံ သမဏဗြာဟ္မဏာ။
ဧတာဒိသာ နမဿေယျ၊ အလမတ္တော ကုလေ ဂိဟီ။

ဟူ၍လာသော အရပ်ခြောက်မျိုးတို့ကို ရှိခိုးကုန်ရာ၏။ ထိုတွင်-

၁။ ကျေးဇူးတုံ့ဆပ်သောအားဖြင့် လုပ်ကျွေးခြင်း၊

၂။ ကိစ္စကြီးငယ်ကို ဆောင်ရွက်ခြင်း၊

၃။ မျိုးနွယ်စဉ်ဆက်ကို မပျက်အောင် တည်စေခြင်း၊

၄။ အမွေခံခြင်းငှာထိုက်အောင် ကျင့်ကြံအားထုတ်ခြင်း၊

၅။ သေလွန်သောမိဘတို့အား ကုသိုလ်အဘို့ကို အမျှပေးဝေခြင်း-

ဟူသော ကျင့်ဝတ်ငါးပါးတို့ဖြင့် ခစားလုပ်ကျွေးကုန်သော (သားသမီး)တို့ကို အရှေ့အရပ်နှင့်တူသော (မိဘ)တို့သည်-

၁။ မကောင်းမှုမှ ရှောင်ကြဉ်စေခြင်း၊

၂။ ကောင်းမှု၌ တည်စေခြင်း၊

၃။ အတတ်ပညာသင်စေခြင်း၊

၄။ သင့်လျော်သောမယားနှင့် ထိမ်းမြားလက်ထပ်ခြင်း၊

၅။ သင့်သောအခါ အမွေဥစ္စာကိုပေးဝေခြင်း၊

ဟူသော ငါးပါးသောအရာတို့ဖြင့် ချီးမြှောက်သနားကုန်သည်ဖြစ်၍ အရှေ့အရပ် ဘေးရန်ခပ်သိမ်းတို့သည် ငြိမ်းချမ်းသာယာကုန်၏။

၁။ ထကြွလုံ့လပြုခြင်း၊

၂။ အနီး၌ မပြတ်နေခြင်း၊

၃။ ပြောဆိုသမျှကို နားထောင်ခြင်း၊

၄။ လုပ်ကျွေးခြင်း၊

၅။ အတတ်ပညာကို သင်ယူခြင်း၊

ဟူသော ကျင့်ဝတ်ငါးပါးတို့ဖြင့် ခစားလုပ်ကျွေးသော (တပည့်သား) ကို တောင်အရပ်နှင့်တူသော (ဆရာသမား)တို့သည်-

၁။ ကောင်းစွာဆုံးမခြင်း၊

၂။ ကောင်းစွာသင်ယူစေခြင်း၊

၃။ အကြွင်းမထား အတတ်ပညာကို ပြောကြားခြင်း၊

၄။ မိတ်ဆွေခင်ပွန်းကောင်းတို့နှင့် ပေါင်းဘက်စေခြင်း၊

၅။ အရပ်မျက်နှာတို့၌ အကွယ်အကာ အစောင့်အရှောက်ကို ပြုခြင်း၊

ဟူသော ငါးပါးသောအရာဌာနတို့ဖြင့် သနားချီးမြှောက်ကုန်သည်ဖြစ်၍ တောင်အရပ်မှလည်း ဘေးရန်ခပ်သိမ်းတို့သည် ငြိမ်းချမ်းသာယာကုန်၏။

၁။ မြတ်နိုးစုံမက်ခြင်း၊

၂။ မထေမဲ့မြင် မပြုခြင်း၊

၃။ မယားကြီးကို ပစ်ပယ်၍ မယာငယ်မယူခြင်း၊

၄။ စည်းစိမ်ဥစ္စာကို အစိုးတရ လွှဲအပ်ခြင်း၊

၅။ တန်ဆာဗလာဆင်ယင်ရန် ပေးကမ်းခြင်း၊

ဟူသော ကျင့်ဝတ်ငါးပါးတို့ဖြင့် ခစားလုပ်ကျွေးသော (လင်)ကို အနောက်အရပ်နှင့်တူသော (မယား)သည်-

၁။ အိမ်၌ အမှုကိစ္စတို့ကို ကောင်းစွာစီမံခြင်း၊

၂။ ခြွေရံပရိသတ်တို့ကို ချီးမြှောက်စောင်မခြင်း၊

၃။ လင်စောင်မထားခြင်း၊

၄။ လင်ရှာဘွေခဲ့သမျှဥစ္စာကို မပျောက်မပျက်ရအောင် စောင့်ရှောက်ခြင်း၊

၅။ ကိစ္စဟူသမျှတို့၌ မပျင်းမရိလိမ္မာခြင်း၊

ဟူသော ငါးပါးသောအရာဌာနတို့ဖြင့် သနားချီးမြှောက်သည်ဖြစ်၍ အနောက်အရပ်မှလည်း ဘေးရန်ခပ်သိမ်းတို့သည် ငြိမ်းချမ်းသာယာကုန်၏။

၁။ ပေးကမ်းခြင်း၊

၂။ ချစ်ဖွယ်သောစကားကို ပြောဆိုခြင်း၊

၃။ အကျိုးစီးပွားကို ကျင့်ခြင်း၊

၄။ ကိုယ်နှင့်ထပ်တူပြုခြင်း၊

၅။ အရာရာကို မလိမ်မကောက် မချွတ်မယွင်းစေခြင်း၊

ဟူသော ကျင့်ဝတ်ငါးပါးတို့ဖြင့် ခစားလုပ်ကျွေးသော (အမျိုးကောင်းသား)ကို မြောက်အရပ်နှင့်အလားတူကုန်သော (မိတ်ဆွေခင်ပွန်း)တို့သည်-

၁။ မေ့လျော့သည်ကို စောင့်ရှောက်ခြင်း၊

၂။ မေ့လျော့စဉ်အခါ ဥစ္စာပစ္စည်းကို စောင့်ရှောက်ခြင်း၊

၃။ ကြောက်လန့်သည့်အခါ ကိုးကွယ်ရာဖြစ်ခြင်း၊

၄။ ဘေးရန်ရှိသည့်အခါ မစွန့်ခြင်း၊

၅။ ထိုမိတ်ဆွေတို့၏ သား,မြေး,အနွယ်တို့ တုံ့လှယ်ပူဇော် ခြင်း၊

ဟူသော ငါးပါးသောအရာဌာနတို့ဖြင့် သနားချီးမြှောက်ကုန်သည် ဖြစ်၍ မြောက်အရပ်မှလည်း ဘေးရန်ခပ်သိမ်း ငြိမ်းချမ်းသာယာ ကုန်၏။

၁။ အမှုကိစ္စကို ယထာဗလ နေရာတကျ စီရင်ခြင်း၊

၂။ ထမင်းရိက္ခာပေးခြင်း၊

၃။ မကျန်းမမာသည်ကို လုပ်ကျွေးကုသခြင်း၊

၄။ ကောင်းနိုးရာရာ အရသာကို ဝေဘန်းခြင်း၊

၅။ အချိန်ကျလျှင် အမှုလုပ်ခြင်းမှခွင့်လွှတ်ခြင်း၊

ဟူသော ကျင့်ဝတ်ငါးပါးဖြင့် ခစားလုပ်ကျွေးသော (အိမ့်ရှင်သခင်) ကို အောက်အရပ်နှင့်အလားတူကုန်သော (ကျေးကျွန်အမှုလုပ်သူရင်းငှား)တို့သည်-

၁။ ရှေးဦးစွာ အိပ်ရာမှထခြင်း၊

၂။ သခင့်နောက်မှ အိပ်ခြင်း၊

၃။ ပေးမှယူခြင်း၊

၄။ အမှုကိစ္စတို့ကို မခိုမကပ်လုပ်ဆောင်ခြင်း၊

၅။ သခင့်ကျေးဇူးသတင်းကို ထိုထိုအရပ်သို့ဆောင်ခြင်း၊

ဟူသော ငါးပါးသောအရာဌာနတို့ဖြင့် ချီးမြှောက်သနားကုန်သည် ဖြစ်၍ အောက်အရပ်မှလည်း ဘေးရန်ခပ်သိမ်းတို့သည် ငြိမ်းချမ်းသာယာကုန်၏။

၁။ မေတ္တာကာယကံ၊

၂။ မေတ္တာဝစီကံ၊

၃။ မေတ္တာမနောကံ၊

၄။ ရဟန်းသံဃာတော်တို့ကို မဆီးမတား တံခါးမပိတ်မဆို့ခြင်း၊

၅။ တတ်အားသမျှ ပစ္စည်းအာမိသလှူဒါန်းခြင်း၊

ဟူသော ကျင့်ဝတ်ငါးပါးတို့ဖြင့် ခစားလုပ်ကျွေးသော (အမျိုးကောင်းသား)ကို အထက်အရပ်နှင့် အလားတူကုန်သော (ရဟန်းသံဃာတော်) တို့သည်-

၁။ မကောင်းမှုမှ တားမြစ်ခြင်း၊

၂။ ကောင်းမှု၌ တည်စေခြင်း၊

၃။ စိတ်ကောင်းဝင်၍ အစဉ်စောင့်ရှောက်ခြင်း၊

၄။ မကြားဘူးသောတရားစကားကို ဟောပြောခြင်း၊

၅။ ကြားဘူးသောတရားစကားကို ထပ်မံ၍ သန့်ရှင်းစင်ကြယ်စေခြင်း၊

၆။ နတ်ရွာနိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းကို ပြောကြားညွှန်ပြခြင်း၊

ဟူသော ခြောက်ပါးသောအရာ၌ာနတို့ဖြင့် သနားချီးမြှောက်ကုန်သည် ဖြစ်၍ အထက်အရပ်မှလည်း ဘေးရန်ခပ်သိမ်းတို့သည် ငြိမ်းချမ်းသာယာကုန်၏။

ဤသို့ အရပ်ခြောက်မျက်နှာ သာယာငြိမ်းချမ်း ဘေးဘျမ်းမရှိသည်ဖြစ်၍ ဆိုအပ်ခဲ့ပြီးသော ဒုစရိုက်ဆယ်ပါးတို့ကိုသာ သာ-ဟတ္ထိက, အာဏတ္တိက, အာနိသံသကထာ, အဗ္ဘာနုမောဒနလေးပါးနှင့် မြှောက်ပွား၍ အပြားလေးဆယ်သော ဒုစရိုက်တို့ကို ရှောင်ရှားကြဉ်ဘယ်လျက် လေးဆယ်သောသုစရိုက်, သီလစသည်တို့ကို

ဆောက်တည်ကျင့်သုံးကြပြီးလျှင် သင့်လျော်သောအခါ၌ ဆိတ်ငြိမ်ရာ အရပ်မှာထိုင်၍-

"အမတံ တေ ဘိက္ခဝေ ပရိဘုဉ္ဇန္တိ၊ ယေ တထာဂတံ သတိံ ပရိဘုဉ္ဇန္တိ"။

ဘိက္ခဝေ= ငါ၏ချစ်သား ရဟန်းများတို့။ ယေ= အကြင်သူတို့သည်။ ကာယဂတံ= ကာယကောဋ္ဌာသကို အာရုံပြု၍ဖြစ်သော။ သတိံ= အောက်မေ့ခြင်း ကာယဂတာသတိကမ္မဋ္ဌာန်းကို။ ပရိဘုဉ္ဇန္တိ= စီးဖြန်းသုံးဆောင်ရကုန်၏။ တေ= ထိုသူတို့သည်။ အမတံ= သေခြင်းကင်းရာ နိဗ္ဗာန်အမြိုက်ကို။ ပရိဘုဉ္ဇန္တိ= သုံးဆောင်ရသည်မည်ကုန်၏- ဟုဟောတော်မူသည့်အတိုင်း ကာယဂတာသတိဘာဝနာအမြိုက်သုဓာကို ကောင်းစွာသုံးဆောင်ပွားများကုန်ရာသည်။

ရှေးအခါ ဘိက္ခုနီမများနေရာကျောင်းတစ်ခု၌ အလမ္ပာယ်သမားတို့ ခိုနားနေရာ ကြက်တူရွေးတစ်ကောင် မေ့ကျန်ရစ်၍ ဗုဒ္ဓရက္ခိတဟု အမည်တပ်လျက် အတတ်ပညာသင်ကြား အရိုးစုကမ္မဋ္ဌာန်းကို ပေးထား၍ မပြတ်ပွားများလျက် ချမ်းအေးသည့်အခါ နေဆာလှုံ၍နေ့စဉ် စွန်တစ်ကောင်ချီကုပ်ထိုးသုတ်၍ သွားသည့်အခါ ကြောက်ရွံ့ထိတ်လန့်ခြင်းမရှိပဲ "အရိုးစုကြီးတစ်ခုက အရိုးစုငယ်တစ်ခုကို ချီ၍ သွားလေပြီ၊ ဘယ်ဆီမှာ ဖရိုဖရဲကြလိမ့်မည်မသိ"ဟု ပွားများတိုင်းသော အဋ္ဌိကကမ္မဋ္ဌာန်းကို စီးဖြန်းပွားများသော ဗုဒ္ဓရက္ခိတကြက်တူရွေး၏ အာနုဘော်ကြောင့် စွန်၏ရင်ဘတ်၌ သံမှိုနှက်သည့်ပမာ တင်းကြပ်စွာ နာကျင်သည်နှင့် မချီနိုင်၊ လွှတ်ချ၍ ဘိက္ခုနီမကျောင်းသို့ ပြန်ရောက်လာသော ဗုဒ္ဓရက္ခိတကို ဘိက္ခုနီမများဝိုင်းစု၍ မေးမြန်းကြရာ-

"အရှင်မတို့ သင်ကြား၍ထားသော အရိုးစုကမ္မဋ္ဌာန်းကို နှလုံးသွင်း၍ ကြောက်ရွံ့ထိတ်လန့်ခြင်းမရှိကြောင်း"ကို ပြန်ကြားပြောဆိုသော တိရစ္ဆာန်ကြက်တူရွေးပင် နည်းပေးသောဆရာကောင်းနှင့် တွေ့ကြုံရ၍ အရိုးစုကို ထင်မြင်အောင် ပွားများသေး၏။ လူဖြစ်သူငါတို့ကား မထင်မြင်ပဲရှိရရိုးလား"ဟု ကြက်တူရွေးကို အားကျနည်းယူမိကြလျက်-

အဋ္ဌိပုဋ္ဌော အယံ ကာယော၊ အဋ္ဌိပုဋ္ဌော အယံ ကာယော။

အယံ ကာယော= ဤကိုယ်သည်။ အဋ္ဌိပုဋ္ဌော= အရိုးစုတည်း။ အယံ ကာယော= ဤကိုယ်သည်။ အဋ္ဌိပုဋ္ဌော= အရိုးစုတည်းဟု အဖန်တလဲလဲစိတ်စွဲ၍ ပွားများအားထုတ်လျက် စိတ်၏တည်ကြည်ခြင်း သမာဓိကို ဖြစ်စေကုန်ရာသည်၊ ထိုသမာဓိကို အခြေခံချက် နာမ်ရုပ်တရားကို သိမ်းဆည်းပြီးလျှင် ရုပ်နာမ်၏အကြောင်းကို ရှာလျက် "အနိစ္စံ, ဒုက္ခံ, အနတ္တာ၊ အနိစ္စံ, ဒုက္ခံ, အနတ္တာ"ဟု ဝိပဿနာဉာဏ် ဆယ်ချက်ဖြင့် မဂ်ဖိုလ်သို့ရောက်အောင် အားထုတ်ခြင်းသည်သာလျှင် လိုရင်းကိစ္စတည်းဟု နှလုံးထားကြကုန်ရာသည်။

ဂိဟိစာရိတ္တကျင့်ခန်းပြီး၏။

*** ♦ ***

## ကျောင်းသားကျင့်ဝတ်ဆယ်ပါး

၁။ စားဘွယ်သီးမျိုး တစ်ကြိမ်ခိုး ထမ်းပိုးဒဏ်သုံးဆယ်ပါဘုရား။

၂။ နှစ်ကြိမ်ခြောက်ဆယ် သုံးကြိမ်ဝယ် ကျောင်းမယ်မနေရပါ ဘုရား။

၃။ ဘိုးထိုက်ခိုးလျှင် တစ်ကြိမ်ပင် တိုက်တွင်မနေရပါဘုရား။

၄။ ကိုင်၍တုတ်ထား ခိုက်ရန်ပွား ထွက်သွားကျောင်းတိုက်ကပါ ဘုရား။

၅။ ကစားမျိုးလိုက် ကျောင်းသားမိုက် ကျောင်း၌မနေရပါဘုရား။

၆။ ပုတီးကိုစိပ် ငြိမ်ဆိတ်ဆိတ် ဆေးလိပ်မသောက်ရပါဘုရား။

၇။ ညဥ့်ရောနံနက် ရက်မပျက် ဝတ်တက်အမှန်လိုက်ရပါသည် ဘုရား။

၈။ ညဥ့်နံနက်ရွတ် ရှုတ်လွတ် မပြတ်နေ့တိုင်းရွတ်ရပါသည် ဘုရား။

၉။ ဝါပ,ဝါတွင်း လေးသီတင်း မပျင်းဥပုသ်စောင့်ရပါသည်ဘုရား။

၁၀။ ပစ္စဝေက္ခဏာ လိင်ဒဏ်ပါ ရခါရှင်ပြုရပါသည်ဘုရား။

ကျင့်ဝတ်ဆယ်ပါး မောင်ကျောင်းသား မမှားကျင့်သုံးရပါသည် ဘုရား။

ကျောင်းသားကျင့်ဝတ်ဆယ်ပါး
ပြီး၏။

◆◆◆

## သင်္ဂါယနာတင်ပုံ

သုဏာတု မေ အာဝုသော သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ အာယသ္မန္တံ တိဿံ ဝိနယံ ပုစ္ဆေယျံ။

သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ ထေရေန ဝိနယံ ပုဋ္ဌော ဝိဿဇ္ဇေယျံ။
ဟူ၍ ညသ်ထားအပ်၏။

၁။ ယံ တေန ဘဂဝတာ ဇာနတာ ပဿတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန ပဌမံ ပါရာဇိကံ ကတ္ထ ပညတ္တံ။

အာဝုသော= ငါ့ရှင်တိဿ။ ဇာနတာ= သိတော်မူသော။ ပဿတာ= မြင်တော်မူထသော။ အရဟတာ= ပူဇော်အထူးကို ခံတော်မူထိုက်ထသော။ သမ္မာသမ္ဗုဒ္ဓေန= ဥ ယျငါးဖြာ လေးသစ္စာကို ဆရာမရှိ ဟုတ်တိုင်းသိတော်မူထသော။ တေန ဘဂဝတာ= ထို မြတ်စွာဘုရားသခင်သည်။ ပဌမံ= ရှေးဦးစွာသော။ ယံ ပါရာဇိကံ= အကြင်ပါရာဇိကကို။ ပညတ္တံ= ပညတ်တော်မူအပ်ပြီ။ တံ ပါရာဇိကံ= ထိုပါရာဇိကကို။ ကတ္ထ= အဘယ်အရပ်၌။ ပညတ္တံ= ပညတ်တော်မူ အပ်လေသနည်း။

ဘန္တေ= အရှင်မြတ်ဘုရား။ ဝေသာလိယံ= ဝေသာလီပြည်၌။ ပညတ္တံ= ပညတ်တော်မူအပ်ပါသည်ဘုရား။

၂။ ကံ= အဘယ်ပုဂ္ဂိုလ်ကို။ အာရဗ္ဘ= အကြောင်းပြု၍။ ပညတ္တံ= ပညတ်တော်မူအပ်လေသနည်း။

ကလန္ဒပုတ္တံ= ကလန္ဒသူဌေးသားဖြစ်သော။ သုဒိန္နံ= သုဒိန် ရဟန်းကို။ အာရဗ္ဘ= အကြောင်းပြု၍။ ပညတ္တံ= ပညတ်တော်မူအပ် ပါသည်ဘုရား။

၃။ ကိသ္မိံ ဝတ္ထုသ္မိံ= အဘယ်အကြောင်းဝတ္ထုကြောင့်။ ပညတ္တံ= နည်း။

ကလန္ဒပုတ္တော= သော။ သုဒိန္နော= သည်။ ပုရာဏဒုတိယိ-ကာယ= မယားဟောင်း၌။ မေထုနံ ဓမ္မံ= မေထုန်အကျင့်ကို။ ပဋိ-သေဝိ= မှီဝဲပြီ။ တသ္မိံ ဝတ္ထုသ္မိံ= ထိုအကြောင်းဝတ္ထုကြောင့်။ ပညတ္တံ= ဘုရား။

၄။ တတ္ထ= ထိုသိက္ခာပုဒ်၌။ ပညတ္တိ= မူလပညတ်သည်။ အနုပညတ္တိ= နောက်ထပ်ပညတ်သည်။ အနုပ္ပန္နပညတ္တိ= အမှုမဖြစ်ခင်တင်၍ ပညတ်အပ်သောအနုပ္ပန္နပညတ်သည်။ အတ္ထိ= ရှိလေသလော။

ဧကာ= တစ်ခုတည်းသော။ ပညတ္တိ= မူလပညတ်သည်။ ဒွေ= နှစ်ပါးကုန်သော။ အနုပညတ္တိယော= နောက်ထပ်ပညတ် တို့သည်။ အတ္ထိ= ရှိပါကုန်၏။ အနုပ္ပန္နပညတ္တိ= အမှုမဖြစ်ခင်တင်၍ ပညတ်အပ်သော အနုပ္ပန္နပညတ်သည်။ တသ္မိံ= ထိုသိက္ခာပုဒ်၌။ နတ္ထိ= မရှိပါဘုရား။

၅။ သဗ္ဗတ္ထပညတ္တိ= သဗ္ဗတ္ထပညတ်လေလော။ ပဒေသ-ပညတ္တိ= ပဒေသပညတ်လေလော။

သဗ္ဗတ္ထပညတ္တိ= သဗ္ဗတ္ထပညတ်ပါဘုရား။

၆။ သာဓာရဏပညတ္တိ= ဆက်ဆံသောပညတ်လေလော။ အသာဓာရဏပညတ္တိ= လေလော။

သာဓာရဏပညတ္တိ= ဆက်ဆံသောပညတ်ပါဘုရား။

၇။ ဧကတောပညတ္တိ= တဘက်သပ်ပညတ်လေလော။ ဥဘတောပညတ္တိ= နှစ်ဘက်စုံပညတ်လေလော။

ဥဘတောပညတ္တိ= နှစ်ဘက်စုံပညတ်ပါဘုရား။

၈။ ပဉ္စန္နံ= ငါးပါးကုန်သော။ ပါတိမောက္ခုဒ္ဒေသာနံ= ပါတိမောက္ခုဒ္ဒေသတို့တွင်။ ကတ္ထ= အဘယ်ဥဒ္ဒေသ၌။ သြဂဓံ= သက်လေသနည်း။ ကတ္ထ= ၌။ ပရိယာပန္နံ= အကျုံးဝင်လေသနည်း။

နိဒါနောဂဓံ= နိဒါန်း၌သက်ပါသည်ဘုရား။ နိဒါနပရိယာပန္နံ= နိဒါန်း၌အကျုံးဝင်ပါသည်ဘုရား။

၉။ ကတမေန ဥဒ္ဒေသေန= အဘယ်ဥဒ္ဒေသဖြင့်။ ဥဒ္ဒေသံ= အကျဉ်းပြအပ်ခြင်းသို့။ အာဂစ္ဆတိ= ရောက်လေသနည်း။

ဒုတိယေန= နှစ်ခုမြောက်သော။ ဥဒ္ဒေသေန= ပါရာဇိကုဒ္ဒေသဖြင့်။ ဥဒ္ဒေသံ= အကျဉ်းပြအပ်ခြင်းသို့။ အာဂစ္ဆတိ= ရောက်ပါ၏ဘုရား။

၁၀။ စတုန္နံ= လေးပါးကုန်သော။ ဝိပတ္တီနံ= သီလ, အာစာရ, ဒိဋ္ဌိ, အာဇီဝဝိပတ္တိတို့တွင်။ ကတမာ ဝိပတ္တိ= အဘယ်အပျက်ပေနည်း။

သီလဝိပတ္တိ= သီလပျက်ပါသည်ဘုရား။

၁၁။ သတ္တန္နံ= ခုနစ်ပါးကုန်သော။ အာပတ္တိက္ခန္ဓာနံ= အာပတ်အစုတို့တွင်။ ကတမော= အဘယ်မည်သော။ အာပတ္တိ-က္ခန္ဓော= အာပတ်အစုပေနည်း။

ပါရာဇိကာပတ္တိက္ခန္ဓော= ပါရာဇိကအာပတ်အစုပါဘုရား။

၁၂။ ဆန္နံ= ခြောက်ပါးကုန်သော။ အာပတ္တိသမုဋ္ဌာနာနံ= အာပတ်ဖြစ်ကြောင်းသမုဋ္ဌာန်တို့တွင်။ ကတိဟိ သမုဋ္ဌာနေဟိ= အဘယ်မျှသော သမုဋ္ဌာန်တို့ဖြင့်။ သမုဋ္ဌာတိ= ဖြစ်လေသနည်း။

ဧကေန= တစ်ခုသော။ သမုဋ္ဌာနေန= ကိုယ်စိတ်ဟူသော သမုဋ္ဌာန်ဖြင့်။ သမုဋ္ဌာတိ= ဖြစ်ပါ၏ဘုရား။

၁၃။ စတုန္နံ= လေးပါးကုန်သော။ အဓိကရဏာနံ= အဓိကရဏ်တို့တွင်။ ကတမံ အဓိကရဏံ= အဘယ်အဓိကရဏ်းပေနည်း။

အာပတ္တာဓိကရဏံ= အာပတ္တာဓိကရဏ်းပါဘုရား။

၁၄။ သတ္တန္နံ= ကုန်သော။ သမထာနံ= သမထတို့တွင်။ ကတိဟိ သမထေဟိ= အဘယ်မျှသော သမထတို့ဖြင့်။ သမ္မတိ= ငြိမ်းလေသနည်း။

ဒွိဟိ= နှစ်ပါးကုန်သော။ သမထေဟိ= တို့ဖြင့်။ သမ္မုခါဝိနယေန စ= သမ္မုခါဝိနည်းဖြင့်လည်းကောင်း။ ပဋိညာတကရဏေန စ= ဝန်ခံတိုင်းဆုံးဖြတ်ရသော ပဋိညာတကရဏဝိနည်းဖြင့်လည်း ကောင်း။ သမ္မတိ= ငြိမ်းပါ၏ဘုရား။

၁၅။ တတ္ထ= ထိုသိက္ခာပုဒ်၌။ ဝိနယော= ဝိနည်းသည်။ ကော= အဘယ်ပေနည်း။ တတ္ထ= ထိုသိက္ခာပုဒ်၌။ အဘိဝိနယော= လွန်ကဲသောဝိနည်းသည်။ ကော= အဘယ်ပေနည်း။

ပညတ္တိ= မာတိကာပညတ်သည်။ ဝိနယော= ဝိနည်းမည် ပါ၏။ ဝိဘတ္တိ= ပဒဘာဇနီသည်။ အဘိဝိနယော= လွန်ကဲသော ဝိနည်းမည်ပါ၏ဘုရား။

၁၆။ တတ္ထ= ၌။ ပါတိမောက္ခံ= ပါတိမောက်သည်။ ကိံ= အဘယ်ပေနည်း။ တတ္ထ= ၌။ ပါတိမောက္ခံ= လွန်ကဲသောပါတိမောက် သည်။ ကိံ= အဘယ်ပေနည်း။

ပညတ္တိ= မာတိကာပညတ်သည်။ ပါတိမောက္ခံ= ပါတိမောက် မည်ပါ၏။ ဝိဘတ္တိ= ပဒဘာဇနီသည်။ အဓိပါတိမောက္ခံ= လွန်ကဲသော ပါတိမောက်မည်ပါ၏ဘုရား။

၁၇။ ဝိပတ္တိ= ပျက်စီးခြင်းသည်။ ကာ= အဘယ်ပေနည်း။

အသံဝရော= မစောင့်စည်းခြင်းသည်။ ဝိပတ္တိ= ပျက်စီးခြင်း မည်ပါသည်ဘုရား။

၁၈။ သမ္ပတ္တိ= ပြည့်စုံခြင်းသည်။ ကာ= အဘယ်ပေနည်း။

သံဝရော= စောင့်စည်းခြင်းသည်။ သမ္ပတ္တိ= ပြည့်စုံခြင်းမည်ပါသည်ဘုရား။

၁၉။ ပဋိပတ္တိ= ကျင့်ခြင်းသည်။ ကာ= အဘယ်ပေနည်း။

ဧဝရူပံ= ဤသို့သဘောရှိသောအမှုကို။ န ကရိဿာမိ= မပြုတော့အံ့။ ဣတိ= ဤသို့။ ယာဝဇီဝံ= အသက်ထက်ဆုံး။ အာပါဏကောဋိကံ= အသက်အပိုင်းအခြားတိုင်အောင်။ သိက္ခာပဒေသု= သိက္ခာပုဒ်တို့၌။ သမာဒါယ= ဆောက်တည်၍။ သိက္ခတိ= ကျင့်ပါ၏ဘုရား။

၂၀။ ကတိအတ္ထဝသေ= အဘယ်မျှသောအကျိုးထူးတို့ကို။ ပဋိစ္စ= စွဲ၍။ ဘဂဝတာ= မြတ်စွာဘုရားသည်။ ပဌမံ= သော။ ပါရာဇိကံ= ကို။ ပညတ္တံ= ပညတ်တော်မူအပ်လေသနည်း။

ဒသအတ္ထဝသေ= ဆယ်ပါးသောအကျိုးထူးတို့ကို။ ပဋိစ္စ= စွဲ၍။ ဘဂဝတာ= သည်။ ပဌမံ= သော။ ပါရာဇိကံ= ကို။ ပညတ္တံ= ပညတ်တော်မူအပ်ပါ၏။ သံဃသုဋ္ဌုတာယ= သံဃာ၏ ကောင်းပါပြီဟု ဝန်ခံခြင်းငှာ။ သံဃဖာသုတာယ= သံဃာ၏ချမ်းသာ ခြင်းငှာ။ ဒုမ္မင်္ကူနံ= မျက်နှာမလှကုန်သော။ ပုဂ္ဂလာနံ= အလဇ္ဇီပုဂ္ဂိုလ် တို့ကို။ နိဂ္ဂဟာယ= နှိပ်ခြင်းငှာ။ ပေသလာနံ= သီလကိုချစ်ကုန်သော။ ဘိက္ခူနံ= လဇ္ဇီရဟန်းတို့၏။ ဖာသုဝိဟာရာယ= ချမ်းသာစွာနေခြင်းငှာ။ ဒိဋ္ဌဓမ္မိကာနံ= မျက်မှောက်၌ဖြစ်ကုန်သော။ အာသဝါနံ= ဘေးရန် တို့ကို။ သံဝရာယ= ဆို့ပိတ်ခြင်းငှာ။ သမ္ပရာယိကာနံ= နောင်တမလွန် ၌ဖြစ်လတ္တံ့ကုန်သော။ အာသဝါနံ= ဘေးရန်တို့ကို။ ပဋိဃာတာယ= ပယ်ဖျက်ခြင်းငှာ။ အပ္ပသန္နာနံ= မကြည်ညိုသေးသောသူတို့၏။ ပသာဒါယ= ကြည်ညိုခြင်းငှာ။ ပသန္နာနံ= ကြည်ညိုပြီးသောသူတို့၏။ ဘိယျောဘာဝါယ= လွန်စွာအကြည်ညိုပွားများခြင်းငှာ။ သဒ္ဓမ္မဋ္ဌိတိယာ=

သာသနာတော်တည်ထွန်းခြင်းငှာ။ ဝိနယာနုဂ္ဂဟာယ= ဝိနည်းတရားကို ချီးမြှောက်ခြင်းငှာ။ ပညတ္တံ= ပညတ်တော်မူအပ်ပါ၏ဘုရား။

၂၁။ ကေ= အဘယ်ပုဂ္ဂိုလ်တို့သည်။ သိက္ခန္တိ= ကျင့်ကုန်ဆဲပေနည်း။

သေက္ခာ စ= သေက္ခပုဂ္ဂိုလ်ခုနစ်ယောက်တို့သည်လည်းကောင်း။ ပုထုဇ္ဇနကလျာဏကာ စ= ရုပ်နာမ်အပိုင်းအခြားကိုသိသော သီလဝန္တကလျာဏပုထုဇဉ်တို့သည်လည်းကောင်း။ သိက္ခန္တိ= ကျင့်ကုန်ဆဲပါဘုရား။

၂၂။ ကေ= အဘယ်ပုဂ္ဂိုလ်တို့သည်။ သိက္ခိတသိက္ခာ= ကျင့်အပ်ပြီးသောသိက္ခာရှိပေကုန်သနည်း။

အရဟန္တော= ရဟန္တာပုဂ္ဂိုလ်တို့သည်။ သိက္ခိတသိက္ခာ= ကျင့်အပ်ပြီးသောသိက္ခာရှိပါကုန်သည်ဘုရား။

၂၃။ ကတ္ထ= အဘယ်ပုဂ္ဂိုလ်တို့၌။ ဌိတံ= တည်ပေသနည်း။

သိက္ခာကာမေသု= သိက္ခာသုံးပါးကို လိုလားသောလဇ္ဇီပုဂ္ဂိုလ်တို့၌။ ဌိတံ= တည်ပါသည်ဘုရား။

၂၄။ ကေ= အဘယ်ပုဂ္ဂိုလ်တို့သည်။ ဓာရေန္တိ= ဆောင်ကြပေကုန်သနည်း။

ယေသံ= အကြင်ပုဂ္ဂိုလ်တို့အား။ ဝတ္တတိ= နှုတ်၌တက်၏။ တေ= ထိုပုဂ္ဂိုလ်တို့သည်။ ဓာရေန္တိ= ဆောင်ကြပါကုန်သည်ဘုရား။

၂၅။ ကဿ= အဘယ်ပုဂ္ဂိုလ်၏။ ဝစနံ= စကားပေနည်း။

အရဟတော= ပူဇော်အထူးကိုခံတော်မူထိုက်သော။ သမ္မာသမ္ဗုဒ္ဓဿ= ဥေယျငါးဖြာ လေးသစ္စာကို ဆရာမရှိ ဟုတ်တိုင်းသိတော်မူသော။ ဘဂဝတော= မြတ်စွာဘုရား၏။ ဝစနံ= စကားတော်ပါဘုရား။

၂၆။ ကေန= အဘယ်ပုဂ္ဂိုလ်သည်။ အာဘတံ= ဆောင်၍ လာခဲ့ပေသနည်း။

ပရံပရာယ= ဥပါလိ, ဒါသက, သောဏက, သိဂ္ဂဝ, မောဂ္ဂလိ ပုတ္တတိဿအစရှိသော ယခုဆက်တိုင် ဆရာအဆက်ဆက်သည်။ အာဘတံ= ဆောင်၍လာခဲ့ပါသည်ဘုရား။

အာယသ္မာ= ရှည်သောအသက်ရှိသော။ တိဿော= တိဿ ကို။ ပဌမဿ ပါရာဇိကဿ= ပဌမပါရာဇိက၏။ ပညတ္တိဉ္စာနံ= ပညတ်ရာအရပ်ကိုလည်းကောင်း။ ပုဂ္ဂလာဒီနိ= ပုဂ္ဂိုလ်အစရှိသည် တို့ကိုလည်းကောင်း။ ဆဗ္ဗိသတိပကရဏာနိ= နှစ်ဆယ့်ခြောက်ပါးသော အရာတို့ကို။ ပုစ္ဆိတော= မေးမြန်းအပ်ပြီ။ ပုဋ္ဌော ပုဋ္ဌော= မေးအပ် တိုင်း မေးအပ်တိုင်း။ အာယသ္မာ တိဿော= သက်တော်ရှည်လှ ရှင်တိဿသည်။ ဗိဿဇ္ဇေသိ= ဖြေဆိုပေပြီ။ အာယသ္မန္တော= အို အရှင်ကောင်းတို့။ ကိတ္တာဝတာ= ယခုအခါ၌။ သဗ္ဗေ= အလုံးစုံကုန်သော။ မယံ= ငါတို့သည်။ ပဌမံ ပါရာဇိကံ= ပဌမပါရာဇိကမာတိကာ ပညတ်မှုကို။ နိဒါနတော= နိဒါန်းမှ။ ပဋ္ဌာယ= စ၍။ သင်္ဂဟံ= သင်္ဂါယနာသို့။ အာရောပေန္တော= တင်ကုန်လျက်။ သင်္ဂါယေယျာမ= ပေါင်းစု၍ရွတ်ကြကုန်စို့အံ့။

သာဓု သာဓု သာဓု။

သမ္ဗုဒ္ဓနိ ပဒီပေါ စ၊ ဥဒကံ အာသနေန စ ။လ။ အာဝိကတာ ဟိဿ ဖာသု ဟောတိ။

ဥဒ္ဒိဋ္ဌံ ခေါ အာယသ္မန္တော နိဒါနံ ။လ။ ဓာရယာမိ။

တတြိမေ စတ္တာရော ပါရာဇိကာ ဓမ္မာ ဥဒ္ဒေသံ အာဂစ္ဆန္တိ။

ယော ပန ဘိက္ခု ဘိက္ခူနံ သိက္ခာသာဇီဝသမာပန္နော သိက္ခံ အပစ္စက္ခာယ ဒုဗ္ဗလျံ အနာဝိကတွာ မေထုနံ ဓမ္မံ ပဋိ-

သေဝေယျ။ အန္တိမသော တိရစ္ဆာနဂတာယပိ ပါရာဇိကော ဟောတိ အသံဝါသော။

သာဓု သာဓု သာဓု။

(ပဌမပါရာဇိက သင်္ဂါယနာတင်၍ပြီးပြီ။)

၁။ တေန ဘဂဝတာ= သည်။ ယံ ဒုတိယံ ပါရာဇိကံ= ကို။ ပညတ္တံ= ပြီ။ တံ ဒုတိယံ ပါရာဇိကံ= ကို။ ကတ္ထ= ၌။ ပညတ္တံ= နည်း။

ရာဇဂဟေ= ရာဇဂြိုဟ်ပြည်၌။ ပညတ္တံ= ဘုရား။

၂။ ကံ= ကို။ အာရဗ္ဘ= ၍။ ပညတ္တံ= နည်း။

ကုမ္ဘကာရပုတ္တံ= အိုးထိန်းသည်၏သားဖြစ်သော။ ဓနိယံ= ဓနိယရဟန်းကို။ အာရဗ္ဘ= ၍။ ပညတ္တံ= ဘုရား။

၃။ ကိသ္မိံ ဝတ္ထုသ္မိံ= ကြောင့်။ ပညတ္တံ= နည်း။

ကုမ္ဘကာရပုတ္တော= သော။ ဓနိယော= သည်။ ရညော= ဗိမ္ဗိသာရမင်း၏။ ဒါရူနိ= သစ်တော်တို့ကို။ အဒိန္နံ= အရှင်မပေးပဲ။ အာဒိယိ= ခိုးယူပြီ။ တသ္မိံ ဝတ္ထုသ္မိံ= ကြောင့်။ ပညတ္တံ= ဘုရား။

၄။ ဆန္နံ= ကုန်သော။ အာပတ္တိသမုဋ္ဌာနာနံ= တို့တွင် ကတိဟိ သမုဋ္ဌာနေဟိ= တို့ဖြင့်။ သမုဋ္ဌာတိ= နည်း။

တီဟိ သမုဋ္ဌာနေဟိ= တို့ဖြင့်။ သမုဋ္ဌာတိ= ၏။ သိယာ= ရံခါ။ ကာယစိတ္တော= ကိုယ်စိတ်ဖြင့်။ သိယာ= ရံခါ။ ဝါစာစိတ္တတော= နှုတ်စိတ်တို့ဖြင့်။ သိယာ= ရံခါ။ ကာယဝါစာစိတ္တတော= ကိုယ်နှုတ် စိတ်ဖြင့်။ သမုဋ္ဌာတိ= ဖြစ်ပါသည်ဘုရား။

၁။ တတိယံ ပါရာဇိကံ= ကို။ ကတ္ထ= ၌။ ပညတ္တံ= နည်း။

ဝေသာလိယံ= ၌။ ပညတ္တံ= ဘုရား။

၂။ ကံ= ကို။ အာရဗ္ဘ= ၍။ ပညတ္တံ= နည်း။

သမ္ဗဟုလေ= များစွာကုန်သော။ ဘိက္ခူ= တို့ကို။ အာရဗ္ဘ= ၍။ ပညတ္တံ= ဘုရား။

၃။ ကိသ္မိံ ဝတ္ထုသ္မိံ= ကြောင့်။ ပညတ္တံ= နည်း။

သမ္ဗဟုလာ= ကုန်သော။ ဘိက္ခူ= တို့သည်။ အညမညံ= အချင်းချင်း။ ဇီဝိတာ= အသက်မှ။ ဝေါရောပေသုံ= ချကုန်ပြီ။ တသ္မိံ ဝတ္ထုသ္မိံ= ကြောင့်။ ပညတ္တံ= ဘုရား။

၄။ ဆန္နံ= ကုန်သော။ အာပတ္တိသမုဋ္ဌာနာနံ= တို့တွင်။ ကတိဟိ သမုဋ္ဌာနေဟိ= တို့ဖြင့်။ သမုဋ္ဌာတိ= နည်း။

တီဟိ သမုဋ္ဌာနေဟိ= တို့ဖြင့်။ သမုဋ္ဌာတိ= ၏။ သိယာ= ရံခါ။ ကာယစိတ္တတော= ကိုယ်စိတ်ဖြင့်။ သိယာ= ရံခါ။ ဝါစာစိတ္တတော= ဖြင့်။ သိယာ= ရံခါ။ ကာယဝါစာစိတ္တတော= ဖြင့်။ သမုဋ္ဌာတိ= ဘုရား။

၁။ စတုတ္ထံ ပါရာဇိကံ= ကို။ ကတ္ထ= ၌။ ပညတ္တံ= နည်း။

ဝေသာလိယံ= ၌။ ပညတ္တံ= ဘုရား။

၂။ ကံ= ကို။ အာရဗ္ဘ= ၍။ ပညတ္တံ= နည်း။

ဝဂ္ဂုမုဒါတီရိယေ= ဝဂ္ဂုမုဒါမြစ်ကမ်း၌နေကုန်သော။ ဘိက္ခူ= တို့ကို။ အာရဗ္ဘ= ၍။ ပညတ္တံ= ဘုရား။

၃။ ကိသ္မိံ ဝတ္ထုသ္မိံ= ကြောင့်။ ပညတ္တံ= နည်း။

ဝဂ္ဂုမုဒါတီရိယာ= ဝဂ္ဂုမုဒါမြစ်ကမ်း၌နေကုန်သော။ ဘိက္ခူ= တို့သည်။ ဂိဟီနံ= လူတို့အား။ အညမညဿ= တစ်ပါးသည်တစ်ပါး၏။ ဥတ္တရိမနုဿဓမ္မဿ= ဈာနလာဘီအရိယာလူမြတ်တို့တရား၏။ ဝဏ္ဏံ= ကျေးဇူးကို။ ဘာသိသု= ပြောကြားကုန်ပြီ။ တသ္မိံ ဝတ္ထုသ္မိံ= ကြောင့်။ ပညတ္တံ= ဘုရား။

၄။ ဆန္နံ= ကုန်သော။ အာပတ္တိသမုဋ္ဌာနာနံ= တို့တွင်။ ကတိဟိ သမုဋ္ဌာနေဟိ= တို့ဖြင့်။ သမုဋ္ဌာတိ= နည်း။

တီဟိ သမုဋ္ဌာနေဟိ= တို့ဖြင့်။ သမုဋ္ဌာတိ= ၏။ သိယာ= ရံခါ။ ကာယစိတ္တတော= ကိုယ်စိတ်ဖြင့်။ သိယာ= ရံခါ။ ဝါစာစိတ္တ-တော= ဖြင့်။ သိယာ= ရံခါ။ ကာယဝါစာစိတ္တတော= ဖြင့်။ သမုဋ္ဌာတိ= ဘုရား။

အာယသ္မာ= ရှည်သောအသက်ရှိသော။ တိဿော= ကို။ ဒုတိယပါရာဇိကာဒီနံ= ဒုတိယပါရာဇိကအစရှိသည်တို့၏။ ပညတ္တိဋ္ဌာနဥ္စ= ကိုလည်းကောင်း။ ပုဂ္ဂလာဒီနိ စ= တို့ကိုလည်းကောင်း။ ပုစ္ဆိတော= အပ်ပြီ။ ပုဋ္ဌော ပုဋ္ဌော= မေးအပ်တိုင်း မေးအပ်တိုင်း။ အာယသ္မာ တိဿော= သည်။ ဝိဿဇ္ဇေသိ= ပြီ။ အာယသ္မန္တော= တို့။ ဣဒါနိ= ၌။ သဗ္ဗေ= ကုန်သော။ မယံ= တို့သည်။ ဒုတိယ ပါရာဇိကာဒီနိ= ဒုတိယပါရာဇိကစသော မာတိကာပညတ်မျှတို့ကို။ သင်္ဂဟံ= သို့။ အာရောပေန္တော= ကုန်လျက်။ သင်္ဂါယေယျာမ= ကုန်စို့အံ့။

သာဓု သာဓု သာဓု။

ယော ပန ဘိက္ခု ဂါမာ ဝါ အရညာ ဝါ အဒိန္နံ ထေယျသင်္ခါတံ အာဒိယေယျ ။လ။ တထာ ပါရာဇိကော ဟောတိ အသံဝါသော။

တတ္ထာယံ သင်္ခေပ ပုစ္ဆာမိ ။လ။ ပါရာဇိကုဒ္ဒေသော ဒုတိယော။

သာဓု သာဓု သာဓု။
(ကြွင်းပါရာဇိကသုံးပါးကို သင်္ဂါယနာတင်၍ပြီးပြီ။)

၁။ တေန ဘဂဝတာ= သည်။ ဥပက္ကမိတွာ= လုံ့လပြု၍။ အသုစိံ= သုက်ကို။ မောစေန္တဿ= လွတ်စေသောရဟန်း၏။ ယံ-ယော သံဃာဒိသေသော= အကြင်သံဃာဒိသိသ်ကို။ ပညတ္တော= ပြီ။ သော သံဃာဒိသေသော= ကို။ ကတ္ထ= ၌။ ပညတ္တော= နည်း။

သာဝတ္ထိယံ= သာဝတ္ထိပြည်၌။ ပညတ္တော= ဘုရား။

၂။ ကံ= ကို။ အာရဗ္ဘ= ၍။ ပညတ္တော= နည်း။

အာယသ္မန္တံ သေယျသကံ= အရှင်သေယျသကကို။ အာရဗ္ဘ= ၍။ ပညတ္တော= ဘုရား။

၃။ ကိသ္မိံ ဝတ္ထုသ္မိံ= ကြောင့်။ ပညတ္တံ= နည်း။

အာယသ္မာ သေယျသကော= သည်။ ဥပက္ကမိတွာ= ၍။ အသုစိံ= ကို။ မောစေသိ= ပြီ။ တသ္မိံ ဝတ္ထုသ္မိံ= ကြောင့်။ ပညတ္တော= ဘုရား။

၄။ ဆန္နံ= ကုန်သော။ အာပတ္တိသမုဋ္ဌာနာနံ= တို့တွင်။ ကတိဟိ သမုဋ္ဌာနေဟိ= တို့ဖြင့်။ သမုဋ္ဌာတိ= နည်း။

ဧကေန= သော။ သမုဋ္ဌာနေန= ကိုယ်စိတ်တည်းဟူသော သမုဋ္ဌာန်ဖြင့်။ သမုဋ္ဌာတိ= ဘုရား။

၁။ တေန ဘဂဝတာ= သည်။ မာတုဂါမေန= မာတုဂါမနှင့်။ သဒ္ဓိံ= တကွ။ ကာယသံသဂ္ဂံ= ကိုယ်လက်နှီးနှောခြင်းသို့။ သမာပဇ္ဇန္တဿ= ၏။ သံဃာဒိသေသော= ကို။ ကတ္ထ= ၌။ ပညတ္တော= နည်း။

သာဝတ္ထိယံ= ၌။ ပညတ္တော= ဘုရား။

၂။ ကံ= ကို။ အာရဗ္ဘ= ၍။ ပညတ္တော= နည်း။

အာယသ္မန္တံ ဥဒါယိံ= အရှင်ဥဒါယီကို။ အာရဗ္ဘ= ၍။ ပညတ္တော= ဘုရား။

၃။ ကိသ္မိံ ဝတ္ထုသ္မိံ= ကြောင့်။ ပညတ္တံ= နည်း။

အာယသ္မာ ဥဒါယီ= သည်။ မာတုဂါမေန= နှင့်။ သဒ္ဓိံ= တကွ။ ကာယသံသဂ္ဂံ= သို့။ သမာပဇ္ဇိ= ရောက်ပြီ။ တသ္မိံ ဝတ္ထုသ္မိံ= ကြောင့်။ ပညတ္တော= ဘုရား။

၄။ ဆန္နံ= ကုန်သော။ အာပတ္တိသမုဋ္ဌာနာနံ= တို့တွင်။ ကတိဟိ သမုဋ္ဌာနေဟိ= တို့ဖြင့်။ သမုဋ္ဌာတိ= နည်း။

ဧကေန= သော။ သမုဋ္ဌာနေန= ကိုယ်စိတ်ဟူသောသမုဋ္ဌာန်ဖြင့်။ သမုဋ္ဌာတိ= ၏။

၁။ တေန ဘဂဝတာ= သည်။ မာတုဂါမံ= ကို။ ဒုဋ္ဌုလ္လာဟိ= ရုန့်ရင်းကြမ်းတမ်းကုန်သော။ ဝါစာဟိ= စကားတို့ဖြင့်။ ဩဘာသေန္တဿ= ပြက်ရယ်ဆိုသောရဟန်း၏။ သံဃာဒိသေသော= ကို။ ကတ္ထ= ၌။ ပညတ္တော= နည်း။

သာဝတ္ထိယံ= ၌။ ပညတ္တော= ဘုရား။

၂။ ကံ= ကို။ အာရဗ္ဘ= ၍။ ပညတ္တော= နည်း။

အာယသ္မန္တံ ဥဒါယိံ= အရှင်ဥဒါယီကို။ အာရဗ္ဘ= ၍။ ပညတ္တော= ဘုရား။

၃။ ကိသ္မိံ ဝတ္ထုသ္မိံ= ကြောင့်။ ပညတ္တံ= နည်း။

အာယသ္မာ ဥဒါယီ= သည်။ မာတုဂါမံ= ကို။ ဒုဋ္ဌုလ္လာဟိ= ကုန်သော။ ဝါစာဟိ= တို့ဖြင့်။ ဩဘာသိ= ပြီ။ တသ္မိံ ဝတ္ထုသ္မိံ= ကြောင့်။ ပညတ္တော= ဘုရား။

၄။ ဆန္နံ= ကုန်သော။ အာပတ္တိသမုဋ္ဌာနာနံ= တို့တွင်။ ကတိဟိ သမုဋ္ဌာနေဟိ= တို့ဖြင့်။ သမုဋ္ဌာတိ= နည်း။

တီဟိ= သော။ သမုဋ္ဌာနေဟိ= ကိုယ်စိတ်, နှုတ်စိတ်, ကိုယ်နှုတ်စိတ်တည်းဟူသောသမုဋ္ဌာန်တို့ဖြင့်။ သမုဋ္ဌာတိ= ဘုရား။

၅။ အာယသ္မာ= သော။ တိဿော= ကို။ ပဌမာဒီနံ= ပဌမအစရှိကုန်သော။ သံဃာဒိသေသာနံ= တို့၏။ ပညတ္တိဋ္ဌာနာဒီနိ= ပညတ်ရာအရပ်စသည်တို့ကို။ ပုစ္ဆိတော= မေးမြန်းအပ်ပြီ။ ပုဋ္ဌော ပုဋ္ဌော= မေးအပ်တိုင်း မေးအပ်တိုင်း။ အာယသ္မာ တိဿော= သည်။ ဝိဿဇ္ဇေသိ= ပြီ။ အာယသ္မန္တော= တို့။ ဣဒါနိ= ၌။ သဗ္ဗေ= ကုန်သော။ မယံ= တို့သည်။ နဝ= ကိုးပါးကုန်သော။ ပဌမာပတ္တိကေ= ရှေးဦးစွာလွန်ကျူးဆဲခဏ၌ သင့်ရောက်ခြင်းရှိကုန် သော။ သံဃာဒိသေသေ= သံဃာဒိသိက်တို့ကို။ သင်္ဂဟံ= သင်္ဂါယနာ သို့။ အာရောပေန္တာ= တင်ကုန်လျက်။ သင်္ဂါယေယျာမ= ကုန်စို့အံ့။

- သာဓု သာဓု သာဓု။

ဣမေ ခေါ ပနာယသ္မန္တော တေရသ ။လ။ ကောစိဒေသော လေသမတ္တော ဥပါဒိန္နော၊ ဘိက္ခု စ ဒေါသံ ပတိဋ္ဌာတိ၊ သံဃာ-ဒိသေသော။

သာဓု သာဓု သာဓု။

အာယသ္မန္တော= တို့။ ဣဒါနိ= ၌။ သဗ္ဗေ= ကုန်သော။ မယံ= တို့သည်။ စတ္တာရော= ကုန်သော။ ယာဝတတိယကေ= ကမ္မဝါစာသုံးကြိမ်ဆုံးခြင်း၌ သင့်ရောက်ခြင်းရှိကုန်သော။ သံဃာဒိ-သေသေ= တို့ကို။ သင်္ဃဟံ= သို့။ အာရောပေန္တာ= ကုန်လျက်။ သင်္ဂါယေယျာမ= ကုန်စို့အံ့။

သာဓု သာဓု သာဓု။

ယော ပန ဘိက္ခု သမဂ္ဂဿ သံဃဿ ။လ။ သံဃာ-ဒိသေသုဒ္ဒေသော ဟတိယော။

သာဓု သာဓု သာဓု။

အာယသ္မန္တော= တို့။ ဣဒါနိ= ၌။ သဗ္ဗေ= ကုန်သော။ မယံ= တို့သည်။ ဒွေ= ကုန်သော။ အနိယတေ= အနိယတမည်ကုန်သော။ ဓမ္မေ= တရားတို့ကို။ သင်္ဂဟံ= သို့။ အာရောပေန္တာ= ကုန်လျက်။ သင်္ဂါယေယျာမ= ပေါင်းစု၍ရွတ်ကြကုန်စို့။

သာဓု သာဓု သာဓု။

ဣမေ ခေါ ပနာယသ္မန္တော ဒွေ အနိယတာ ဓမ္မာ။ ဓာရယာမိ။ အနိယတုဒ္ဒေသော စတုတ္ထော။

သာဓု သာဓု သာဓု။

အာယသ္မန္တော= တို့။ ဣဒါနိ= ၌။ သဗ္ဗေ= ကုန်သော။ မယံ= တို့သည်။ တိံသာယ= သုံးဆယ်သော။ နိဿဂ္ဂိယေသု= နိဿဂ္ဂိတို့တွင်။ ကထိနဝဂ္ဂံ= ကထိနဝဂ်ကို ။လ။ ကောသိယဝဂ္ဂံ= ကို ။လ။ ပတ္တဝဂ္ဂံ= ကို ။လ။ ဒွေ နဝုတိယာ= ကိုးဆယ့်နှစ်ပါးသော။ ပါစိတ္တိယေသု= တို့တွင်။ မုသာဝါဒဝဂ္ဂံ= ကို ။လ။ ဘူတဂါမဝဂ္ဂံ= ကို ။လ။ ဩဝါဒဝဂ္ဂံ= ကို ။လ။ ဘောဇနဝဂ္ဂံ= ကို ။လ။ အစေ-ဠကဝဂ္ဂံ= ကို ။လ။ သုရာပါနဝဂ္ဂံ= ကို ။လ။ သပ္ပါဏဝဂ္ဂံ= ကို။လ။

သဟာဓမ္မိကဝဂ္ဂံ= ကို ။လ။ ရာဇဝဂ္ဂံ= ကို ။လ။ စတ္တာရော= ကုန်သော။ ပါဋိဒေသနိယေ= တို့ကို ။လ။ သေခိယေသု= တို့တွင်။ ပရိမဏ္ဍလဝဂ္ဂံ= ကို ။လ။ ဥဇ္ဇဂ္ဃိကဝဂ္ဂံ= ကို ။လ။ ခမ္ဘကဝဂ္ဂံ= ကို ။လ။ ပိဏ္ဍပါတဝဂ္ဂံ= ကို ။လ။ ကဗဠဝဂ္ဂံ= ကို ။လ။ သုရုသုရုဝဂ္ဂံ= ကို ။လ။

၁။ အာဝုသော= ငါ့ရှင်တိဿ။ ဇာနတာ= ထသော။ ပဿတာ= ထသော။ အရဟတာ= ထသော။ သမ္မာသမ္ဗုဒ္ဓေန= ထသော။ တေန ဘဂဝတာ= သည်။ ပါဒုကာရုဠှဿ= ခြေနင်းစီးသောသူအား။ ဓမ္မဒေသနာဒိနိ= တရားဟောခြင်းစသည်တို့ကို။ ကရောန္တဿ= ပြုသောရဟန်းအား။ ယံ ယာနိ ဒုက္ကဋာနိ= အကြင်ဒုက္ကဋ်တို့ကို။ ပညတ္တာနိ= ကုန်ပြီ။ တာနိ ဒုက္ကဋာနိ= တို့ကို။ ကတ္ထ= ၌။ ပညတ္တာနိ= ကုန်သနည်း။

သာဝတ္ထိယံ= ၌။ ပညတ္တာနိ= ဘုရား။

၂။ ကံ= ကို။ အာရဗ္ဘ= ၍။ ပညတ္တာနိ= ကုန်သနည်း။

ဆဗ္ဗဂ္ဂိယေ= ဆဗ္ဗဂ္ဂီရဟန်းတို့ကို။ အာရဗ္ဘ= ၍။ ပညတ္တာနိ= ဘုရား။

၃။ ကိသ္မိံ ဝတ္ထုသ္မိံ= ကြောင့်။ ပညတ္တာနိ= ကုန်သနည်း။

တေသု တေသု ဝတ္ထူသု= ထိုထိုဝတ္ထုတို့ကြောင့်။ ပညတ္တာနိ= ဘုရား။

၄။ တေသု= ထိုသိက္ခာပုဒ်တို့၌။ ပညတ္တိ= သည်။ အနု-ပညတ္တိ= သည်။ အနုပ္ပန္နပညတ္တိ= သည်။ အတ္ထိ= လော။

ဧကေကာ= တခုတခုစီသော။ ပညတ္တိ= သည်။ ဧကေကာ= သော။ အနုပညတ္တိ= သည်။ အတ္ထိ= ၏။ အနုပ္ပန္နပညတ္တိ= သည်။ တေသု= တို့၌။ နတ္ထိ= ဘုရား။

၅။ ကတိဟိ သမုဋ္ဌာနေဟိ= တို့ဖြင့်။ သမုဋ္ဌိတ္တိ= ကုန်သနည်း။

တေန တေန သမုဋ္ဌာနေန= ထိုထိုကာယစိတ္တ, ဝါစာစိတ္တ, ယထာရဟသမုဋ္ဌာန်ဖြင့်။ သမုဋ္ဌတ္တိ= ဘုရား။

အာယသ္မာ တိဿော= အရှင်တိဿကို။ ပါဒုကာဝဂ္ဂဿ= ၏။ ပညတ္တိဋ္ဌာနာဒီနိ= ပညတ်ရာအရပ်စသည်တို့ကို။ ပုစ္ဆိတော= ပြီ။ ပုစ္ဆော ပုစ္ဆော= မေးအပ်တိုင်း မေးအပ်တိုင်း။ အာယသ္မာ တိဿော= သည်။ ဝိဿဇ္ဇေသိ= ပြီ။

အာယသ္မန္တော= တို့။ ဣဒါနိ= ၌။ သဗ္ဗေ= ကုန်သော။ မယံ= တို့သည်။ ပါဒုကာဝဂ္ဂံ= ပါဒုကာဝဂ်ကိုလည်းကောင်း။ သတ္တ= ခုနစ်ပါးကုန်သော။ အဓိကရဏသမထေ= အဓိကရဏသမထတို့ကိုလည်းကောင်း။ သင်္ဂဟံ= သို့။ အာရောပေန္တာ= တင်ကုန်လျက်။ သင်္ဂါယေယျာမ= ပေါင်းစု၍ရွတ်ကြကုန်စို့။

သာဓု သာဓု သာဓု။

န ပါဒုကာရုဠှဿ အဂိလာနဿ ဓမ္မံ ဒေသေဿာမိတိ သိက္ခာကရဏီယာ ။လ။

ဥဒ္ဒိဋ္ဌာ ခေါ အာယသ္မန္တော သတ္တအဓိကရဏသမထာ ဓမ္မာ ။လ။ ဧတ္တကံ တဿ ဘဂဝတော သုတ္တာဂတံ သုတ္တပရိယာပန္နံ အန္ဝဍ္ဎမာသံ ဥဒ္ဒေသံ အာဂစ္ဆတိ။ တတ္ထ သဗ္ဗေဟေဝ သမဂ္ဂေဟိ သမ္မောဒမာနေဟိ အဝိဝဒမာနေဟိ သိက္ခိတဗ္ဗန္တိ။ ဝိတ္ထာရုဒ္ဒေသော ပဉ္စမော။

သာဓု သာဓု သာဓု။

(ဘိက္ခုပါတိမောက်ကို သင်္ဂါယနာတင်၍ပြီးပြီ။)

**သင်္ဂါယနာတင်ပုံ ပြီး၏။**

# နိဒါန်း

## သက္ကရာဇ် ၁၂၃၈–ခု
## တန်ခူးလပြည့်ကျော် ၈–ရက်နေ့
## သံဃာတော်တစုတို့က
## လျှောက်တောင်းပန်သည့်စာ

ဘုရားတပည့်တော် ကြည့်မြင်တိုင် ရှင်ဇနိန္ဒာဘိ, ငုဒ်းရှင် ကတ္တိ, ငုဒ်းရှင်မာလာ, သရက်တော ရှင်ဂုဏ, အရှေ့တောရ ရှင် ရေဝတ, ရွှေဂုံတိုင် ရှင်ဇယန္တ, ကြားတောရ ရှင်ဉာဏ, ငုဒ်းရှင် သာဂရ, ဗားကရား ရှင်အရိယ, သွေးဆေးကန် ရှင်မေဓာ, ပုဇွန်-တောင် ရှင်ဝရ, မြေနီကုန်း ရှင်ပညာဝံသတို့မှစ၍ ဆရာတော်ဘုရား ကို ကိုးစားယုံကြည်ရင်းရှိသော တပည့်သံဃာတော်တစ်စုတို့ အသနား တော်မြတ်ခံ လျှောက်ပါသည် ဆရာတော်ဘုရား။

တပည့်တော်တို့မှာ သာသနာတော်၌ ဘုရားသခင်အမှု တော်ထမ်း ရဟန်းရှင်ပြုလုပ်နေထိုင်ရသည်မှာ သာဝဇ္ဇ, အနဝဇ္ဇ, ဒုဠုလ္လ, အဒုဠုလ္လ, ဂရုက, လဟုကအစရှိသော အပြစ်ကြီးငယ်တို့ကို ဖော်ထုတ် ပြသ ညွှန်ကြားပေးတတ်သောဆရာ ဉပနိဿယနှင့်ကင်း၍ တင့်တယ်ခြင်း ဖြစ်နိုင်ခဲ့သောကြောင့်လည်းကောင်း၊ တပည့်တကာတို့ကိုလည်း သဒ္ဓါ, ပညာနှင့်မျှသဖြင့် နိဗ္ဗာန်ခရီး နီးစေခြင်းငှာ ယထာဓမ္မ, ယထာဝိနယ အလျောက် ချီးမြှောက်ပြညွှန်းခြင်း၌ ဒေသနာတော်နှင့် သင့်လျော်ညီမျှ ကျနခဲ့သောကြောင့်လည်းကောင်း ဆရာတော်ဘုရား တရားကျမ်းဂန် နှင့်အညီ အဆုံးအမညွှန်ကြားပေးရာ သဘာဂဖြစ်သော တပည့်ဂိုဏ်း သံဃာကြီးငယ်တို့နှင့်တကွ သံဃသုဠု, သံဃဖာသုဖြစ်အောင် မရှောင် မညှာ ဆုံးမညွှန်ကြားပေးတော်မူရာ မှတ်နာလိုပါကြောင်းကို အသနား တော်မြတ်ခံ လျှောက်ပါသည် ဆရာတော်ဘုရား။

## သက္ကရာဇ် ၁၂၃၈–ခု
## တန်ခူးလပြည့်ကျော် ၈–ရက်နေ့
## ဒါယကာတစုတို့က
## လျှောက်တောင်းပန်သည့်စာ

ဘုရားတပည့်တော် ရန်ကုန်မြို့နေဒကာ အခွန်ဝန် ငရွှေစိုး, သိမ်ကြီးဒကာ ငဘော့, ကျောင်းဒကာ ငဘိုးညှင်း, ကျောင်းဒကာ ငဘိုးကြီး, ပုဇွန်တောင်ရပ်နေ ပွဲစားကြီးငထွန်းကျော်မှစ၍ ဒကာ, ဒကာမများနှင့်တကွ ဆရာအကြီးတော်, ဆရာငလှော်, ဆရာငဆိုး, ဆရာငကြီး, ဆရာငဆိုးပုံ, ဆရာငအုန်းခိုင်တို့ ရှိခိုးအသနားတော် မြတ်ခံ လျှောက်ပါသည် ဆရာတော်ဘုရား။

တပည့်တော်တို့ ရန်ကုန်မြို့ ရာမညတိုင်းမှာ သာသနာတော်ကို အမှီပြု၍ ရဟန်းသံဃာတော်တို့ကို ပစ္စယာနုဂ္ဂဟဖြင့် ချီးမြှင့်လှူဒါန်းကြရာ အလင္ကီဒုဿီလပုဂ္ဂိုလ်တို့ကို လှူ၍ အကျိုးရသင့်, မရသင့်၊ အလဇ္ဇီဒုဿီလပုဂ္ဂိုလ်တို့သည် အလှူခံတစ်ကျပ်လေးပါးသို့ ဝင်သင့်, မဝင်သင့်၊ အလဇ္ဇီဒုဿီလပုဂ္ဂိုလ်တို့ကို ဥပနိဿယ, အာသေဝနပြုသင့်, မပြုသင့်၊ အလဇ္ဇီဒုဿီလပုဂ္ဂိုလ်တို့ကို ကိုယ်နှုတ်တို့ဖြင့် ထိပါး၍ ဂရု ကအမနာပပြုသင့်, မပြုသင့်အစရှိသည်ဖြင့် စူဠဂဏ္ဍိအယူ, မဟာဂဏ္ဍိအယူ မတူသီးခြား ကွဲပြားရှိကြ၍ ရှင်လူအများတို့ ကလဟဝိဝါဒ အငြင်းအခုံစကား ဖြစ်ပွားရှိသည်များကို ဆရာတော်ဘုရား တရားကျမ်းဂန်နှင့်အညီ ဆုံးဖြတ်ပေးသနားတော်မူရာ ၂-ပက္ခသားတို့ သဘောမခြား မှတ်သားကြိုက်ညီလိုပါသောကြောင့် ဘုရားသခင်ရွှေမျက်နှာတော်ကို ထောက်ထားတော်မူသဖြင့် ပါဠိ, အဋ္ဌကထာ, ဋီကာ ကျမ်းဂန်တို့နှင့် ညှိနှိုင်းတိုင်းထွာ သေချာပိုင်းခြား ဆုံးဖြတ်တော်မူသည်များကို မှတ်သားနာယူပါရအောင် အဆုံးအမ ဩဝါဒစာတမ်း ခွဲခြမ်းစီရေးပေးသနားတော်မူပါမည့်အကြောင်းကို ရှိခိုးအသနားတော်မြတ်ခံ လျှောက်ပါသည် ဆရာတော်ဘုရား။

## ဓမ္မာသခဒီပနီစာတမ်း

ရွှေကျင်ဆရာတော် ဩဝါဒစကား ပေးထားဆုံးမအပ်သည့်၊ ဆရာတော်၏ တရားစကားများကို နာကြားရသည်ဖြစ်၍ ဆရာတော်ကို ယုံကြည်မြတ်နိုးအားကိုးရင်းရှိကြကုန်သော ဟံသာဝတီမြို့နယ်ရှိ ရဟန်းရှင်လူ သူခပ်သိမ်းအပေါင်းတို့. . .

ယခုအခါ ဟံသာဝတီ ရာမညတိုင်းတွင် လူရှင်အများတို့ ခိုကိုးရာသာသနာပြု သာသနာအဓိပတိအကြီး ဦးစီးနာယကမရှိသည်ကို အကြောင်းပြုသဖြင့် ရှမ်းပြည်တရားမရှိ ဆိုဘိသည့်အလား ဆေးသမား, မိဘ, ဆရာကင်းသောသူနာ ဗာလတို့အသွင် မိမိတို့ပြုလိုရာသာ ဝါသနာစရိုက်ရှိကြသည်နှင့်လျော်စွာ သဒ္ဓါ,ပညာနည်းပါး ဆရာသမားအဆုံးအမနှင့်ကင်းသောပုဂ္ဂိုလ် ရဟန်း,သာမဏေတို့. . .

ဒါရုံ ဝေဠုံ ဖလံ ပုပ္ဖံ၊ စုဏ္ဏံ နှာနမုခေါဒကံ။
မတ္တိကံ ဒန္တကဋ္ဌာဒိံ၊ န ဒဒေ ကုလသင်္ဂဟာ။

ကျမ်းဂန်လာရှိသည့်အတိုင်း မြတ်စွာဘုရားသခင် ခွင့်ပြုတော်မမူအပ်သော အနနုညာတဖြစ်သူ လူဒါယကာတို့အား သစ်, ဝါး, သစ်သီး, သစ်ပွင့်ပေးခြင်းအစရှိသော ကုလဒူသနဒုက္ကဋ်, သဒ္ဓါဒေယျဝိနိပါတိကဒုက္ကဋ်အာပတ်သင့်ခြင်း၏အကြောင်း အလွန်မကောင်းသော ကုလဒူသနအမှုများကို ပြုကျင့်လွန်ကျူးမိကြခြင်း။ သည်မှတပါး-

"ဧကေဝိသတိ အနေသနံ နာမ ဝေဠုဒါနံ ပဏ္ဏဒါနံ ပုပ္ဖဒါနံ ဖလဒါနံ ဒန္တကဋ္ဌဒါနံ မုခေါဒကဒါနံ သိနာနဒါနံ စုဏ္ဏဒါနံ မတ္တိကာဒါနံ စာဋုကမျတာ မုဂ္ဂသူပျတာ ပါရိဘဋျတာ ဇယ်ပေသနိယကမ္မံ ဝေဇ္ဇကမ္မံ ဒူတကမ္မံ ပဟိဏဂမနံ ပိဏ္ဍပတိ ပိဏ္ဍဒါနံ အနုပဒါနံ ဝတ္ထုဝိဇ္ဇာ နက္ခတ္တဝိဇ္ဇာ အင်္ဂဝိဇ္ဇာတိ"

ဤသို့လာသော ကျမ်းဂန်၏အရ လာဘာပေက္ခစိတ်ထားဖြင့် ဒါယကာတို့အောက် မိမိကိုယ်ကို နှိမ့်ချပြောဆိုခြင်း၊ စာဋုကမျတာမိစ္ဆာဇီဝ၊ မှန်, မမှန်တရား အသားဝတ္ထုကိုမငဲ့၊ မင်း, ဆင်းရဲသား, ဥစ္စာမျက်နှာရှိသူလူတို့၏ အလိုအကြိုက်လိုက်၍ ပြောကြားခြင်းဟုဆိုအပ်သော မုဂ္ဂသူပျတာမိစ္ဆာဇီဝ၊ ဒါယကာတို့၏သားငယ်ကို နို့ထိမ်းပမာ ချီသာစကား ပြောကြားခေါ်ငင် ရင်ခွင်ပိုက်ချီ ထိန်းသိမ်းလေ့ရှိခြင်း ပါရိဘဋျတာမိစ္ဆာဇီဝ၊ ဒါယကာတို့၏ အစေအပါးခံခြင်း ဇယ်ပေသနိယမိစ္ဆာဇီဝ၊ ဆေးပေးဆေးကုခြင်းဟုဆိုအပ်သော ဝေဇ္ဇကမ္မမိစ္ဆာဇီဝ၊ ဒါယကာတို့ တမန်စေခိုင်းရာသွားလာခြင်း ဒူတကမ္မမိစ္ဆာဇီဝ၊ ဒါယကာတို့ အမှုကိစ္စရှိတိုင်း စေခိုင်းရာသွားလာခြင်း ပဟိဏဂမနမိစ္ဆာဇီဝ၊ ထမင်းကျွေးခြင်းစသော ပိဏ္ဍဒါနမိစ္ဆာဇီဝ၊ မြေကြန်, နက္ခတ်, ဗေဒင်ဟောတတ်ခြင်း မိစ္ဆာဇီဝစသော နှစ်ဆယ့် တစ်ပါးသော အနေသနမိစ္ဆာဇီဝ။ သည်မှတပါး-

လူတို့အိမ်ကို မီးလောင်ရာဝယ် သည်ပိုးညီညာ ရွက်ဆောင်တတ်သော ရဟန်းများကဲ့သို့ ဒါယကာတို့နှင့် ကောင်းဘော်ဆိုးဘက်ပြုခြင်းစသော သဟသောကီသဟနန္ဒိတာမိစ္ဆာဇီဝ၊ ဒါယကာတို့အား အိုးခွက်, ကန့်လန့်ကာ, ဖျာ, ရိုင်, သင်ဖြူးစသည် ငှားရန်းပေးကမ်းလေ့ရှိခြင်း အနနုလောမိကဂိဟိသံသဂ္ဂမိစ္ဆာဇီဝ၊ အပ္ပဝါရိတ မဘိတ်မကြားဘူးသူလူတို့အား တောင်းရမ်းခြင်း အကပ္ပိယဝိညတ်စသော မိစ္ဆာဇီဝ၊ မအပ်မရာ ကုန်စလယ်ရောင်းဝယ်ဘောက်ကားခြင်း ကယဝိက္ကယ ရူပိယသံဝေါဟာရစသော မိစ္ဆဇီဝအမှုတို့ဖြင့် ကဏှသပ္ပ, တောကျားဗျဂ္ဃ, ဝိဠာရတို့နှင့်မခြား အသက်မွေးမှားမိတတ်ကြခြင်း။ သည်မှတပါး-

"သဗ္ဗနီလကမဥ္စိ၊ ပီတလောဟိတကဏှကော။
မဟာရဂ်မဟာနာမ၊ ရဂ်ရတ္တေ တိရိဋ္ဌကော။"

ဟူသောဂါထာလာသည့်အတိုင်း အလွန်ရှေ့လွန်းဝါလွန်းသော အဆင်းအားဖြင့်လည်းကောင်း၊ ဆိုးရည်အားဖြင့်လည်းကောင်း

သံသယမကင်းစကောင်းသော ဖဲ, ကတ္တီပါ, သက္ကလပ်သက်န်းတို့ကို ဝတ်ရုံမိတတ်ခြင်း။

"မူလေ ဟလိဒ္ဒိ ခန္ဓေ စ၊ မဥ္ဇိဋ္ဌတုင်္ဂဟာရကော။
အလ္လိ နီလ္လဥ္စ ပတ္တေသု၊ တစေ လောဒ္ဒဥ္စ ကဏ္ဍုလံ။
ကုသုမ္ဘ ကိံသုကံ ပုပ္ဖေ၊ သဗ္ဗံ လဗ္ဘ ဝိဝဇ္ဇိယ။"

ပြအပ်သောဂါထာနှင့်အညီ နနွင်းဆိုး, ပေါက်ပွင့်ဆိုး, ပိုး ပိတ်နီ-စသော မအပ်သောဆိုးရည်ရှိသော သက်န်းတို့ကို ဝတ်ရုံမိ တတ်ခြင်း။

"သဗ္ဗနီလကသြဒါတ-ပီတလောဟိတကဏှကာ။
မဟာရင်္ဂမဟာနာမ၊ ရင်္ဂရတ္တာ ဥပါဟနာ။

သဗ္ဗမဥ္ဇိဋ္ဌကာ စိတြာ၊ နီလပီတာဒိဝဒ္ဓိကာ။
တိတ္တိရပတ္တိကာမေဏ္ဍာ၊ အဇဝိသာဏဝဒ္ဓိကာ။"

ဂါထာလာသည့်အတိုင်း အလုံးစုံညိုသောဘိနပ်, အလုံးစုံ ဖြူသောဘိနပ်အစရှိသော အထည်၊ အဆင်းအားဖြင့် မအပ်သော ဘိနပ်၊ ကင်းသန်းကျောက်ကုန်းကဲ့သို့ အသဲနီ, အသဲနက်တပ်သော အဆင်းအားဖြင့် မအပ်သောဘိနပ်တို့ကို လွန်ကျူးကျော်နင်း စီးသွား မိတတ်ခြင်း။

"န ဘိက္ခဝေ အဂိလာနေန ဘိက္ခုနာ သဉပါဟနေန
ဂါမော ပဝိသိတဗ္ဗော၊ ယော ပဝိသေယျ အာပတ္တိဒုက္ကဋဿ"

- စသော ပါဠိတော်ကို မထောက်ထား၊ မဖျားမနာ ခြေကွဲနာ မရှိပဲ မြို့တွင်း, ရွာတွင်း ဘိနပ်စီးမိတတ်ခြင်း၊ ပရိမဏ္ဍလသိက္ခာပုဒ် တော်နှင့် ဆန့်ကျင်ဘက်သက်န်းကို အဝန်းညီစွာ မဝတ်ရုံပဲ စွန် တောင်တွဲလျား ဆွဲသွားဝတ်ရုံမိတတ်ခြင်း၊ သုပ္ပဋိစ္ဆန္နသိက္ခာပုဒ်တော်နှင့် ဆန့်ကျင်ဘက် မြို့တွင်း, ရွာတွင်း သက်န်းမရုံပဲ သွားလာဝင်ထွက် မိတတ်ခြင်း၊ ဩက္ခိတ္တစက္ခုသိက္ခာပုဒ်တော်နှင့် ဆန့်ကျင်ဘက် မြို့တွင်း

ရွာတွင်းတို့၌ လေးတောင်ထက်အလွန် ထမ်းပိုးတပြန်ထက်ကျွန်၍ စကျွန်ြေမစောင့်မလျော် မော်၍ကြည့်မိတတ်ခြင်း၊ ဝိကာလဘောဇန သိက္ခာပုဒ် ဒုက္ကဋ်ဝါရနှင့် ဆန့်ကျင်ဘက် နေလွဲသည်နောက် ကွမ်းစား, ဆေးဝါးအမှု, ဖျော်ရည်သောက်အမှုတို့ကို ဝေလည, ပိပါသ အကြောင်းကိစ္စ ပြောပလောက်အောင်မရှိပဲ လွန်ကျူးကျော်နင်း ပြု ကျင့်မိတတ်ခြင်း။

"အနုဇာနာမိ ဘိက္ခဝေ ဓူမံ ပါတုံ"

ဟူ၍ ဂိလာနပုဂ္ဂိုလ်အားသာ ခွင့်ပြုတော်မူအပ်သော ပညတ် တော်နှင့် ဆန့်ကျင်ဘက် ပြောပလောက်သော ရောဂါမရှိပဲ အခိုးတံ အခိုးလိပ်သောက်ရှူ လူမြင်၍မလျော် သိက္ခာပုဒ်တော်ကို လွန်ကျူး ကျော်နင်းမိတတ်ခြင်း၊ သန္နိဓိသိက္ခာပုဒ် ဒုက္ကဋ်ဝါရနှင့်ဆန့်ကျင်ဘက် နေ့ဆက်ရက်ဆက် ကွမ်းဆေးတို့ကို အကပ်ခံ၍ စားဝါးမိတတ်ခြင်း။

"အနုဇာနာမိ ဘိက္ခဝေ ဂိလာနဿ ဆတ္တံ ဓာရေတုံ"

ပညတ်တော်နှင့်ဆန့်ကျင်ဘက် ပါဒရက်ကိုယ်ပူနာရောဂါ စသော အပ်လောက်သောအကြောင်းမရှိပဲ တော,ရွာမဆို ထိုထိုအရပ် ၌ ထီးမဆောင်းအပ်သည်ကို ဆောင်းမိတတ်ခြင်း။

"က္ကမေဟိ အဌဟိ ကုလဒူသနကမ္မေဟိ ဥပ္ပန္နပစ္စယာ ပဉ္စန္နမ္ပိ သဟဓမ္မိကာနံ န ကပ္ပန္တိ။ အဘူတာရောစန ရူပိယသံဝေါဟာရာဒိပစ္စယာ သဒိသာ ဟောန္တိ"

ဟူသောအဋ္ဌကထာပါဌ်နှင့်အညီ ကုလဒူသနအမှုဖြင့် ဆည်းစုရှာမှီး၍ ရအပ်သောပစ္စည်းဝတ္ထုတို့သည် ရွှေငွေဖြင့် ရောင်း ဝယ်၍ရအပ်သော ပစ္စည်းနှင့်အတူ သီတင်းသုံးဘော်ဟူသမျှ မအပ် နိုင်ဟု ကျမ်းဂန်လာသည်များကို နှလုံးမထား အခြားသော အလဇ္ဇီ ရဟန်းသာမဏေတို့လက်မှ ရအပ်သော မအပ်မရာသော ဆွမ်း, သင်္ကန်း စသော မိစ္ဆာဇီဝ, ကုလဒူသန, အနေသနပစ္စည်းကို တွေ့ကရ အမှတ်မဲ့ စားသောက်ဝတ်ရုံသုံးဆောင်မိတတ်ခြင်း။

"ယေသု ကုလေသု ကုလဒူသနကမ္မံ ကတံ ဟောတိ၊ တတော ပစ္စယာ န ဂဟေတဗ္ဗာ။ အာသဝက္ခယပ္ပတ္တာပိ အကပ္ပိယာယေဝ။ ကသ္မာ န ဂဏှာတိ ပုစ္ဆိတေ ဇဝံ ပုဗ္ဗေ မယာ ကတတ္တာတိ ဝုတ္တေ၊ န ဒါနိ မယံ တေန ကာရဏေန ဒေမ၊ ဣဒါနိ သီလဝန္တတာယ ဒေမာတိ ဝုတ္တေ ဝဋ္ဋတိ"

ဟူသောအဋ္ဌကထာပါဠိနှင့်အညီ မိမိတို့ရှေး ကုလဒူသနအမှုကို ပြုမိဘူးရာ ဒါယကာတို့ လှူဒါန်းအပ်သော ပစ္စည်းလာဘ်တို့ကို ငါတို့ မခံထိုက်၊ မခံအပ်ဟု မြစ်ပယ်ခြင်းစသော အပ်ရာအပ်ကြောင်း ကောင်းမြတ်သော ဝိနည်းကံ ဆေးကုနည်းဖြင့် မိစ္ဆာဇီဝလွတ်အောင် မကုသမူ၍ လှူဒါန်းလာတိုင်း အမှတ်မဲ့သော မိစ္ဆာဇီဝဖြစ်အောင် တောကျားဗျဿ ကေဝဋ္ဋ နေသာဒတို့နှင့်မခြား အပါယ်လားကြောင်း မကောင်းမှုအကုသိုလ် သိက္ခာပဒဝီတိက္ကမကို ပြုကျင့်မိတတ်ခြင်း။

ဤသို့စသော ဘုရားရှင်သိက္ခာပုဒ်တော်နှင့်မလျော် ဝိနည်းတော်နှင့်ဆန့်ကျင်ဘက် အမှုများကို နေ့ဆက်ရက်ဆက် အာယတိ သံဝရစိတ်မထွက်ပဲ ပြုကျင့်ဖန်များ၍ အလွန်သုတ်သင် ဆေးလျှော်ခက်သော တန်စီးပွက်တန်စီးထွင်းသဖွယ် ဆီသယ်မလက်သုတ်ပုဝါ အသွင် အထပ်ထပ် အာပတ်အညစ်အကြေး တင်ဘန်များသဖြင့် ရှေးကဿပဘုရားရှင်လက်ထက်တွင် ရှင်ရဟန်းအလဇ္ဇီတို့ပမာ ငရဲ၌ာ, ပြိတ္တာဘုံ, ဆတ်ဆတ်တုန် ဆွေ့ဆွေ့ခုန် အဖုန်ဖုန်သောဆင်းရဲကို ခံစားရကြောင်း အလွန်မကောင်းသော အလဇ္ဇီပါပဓမ္မများကို ကျော်နင်း လွန်ကျူး မပြုမိကြရအောင် ရဟန်းဖြစ်သူတို့ကလည်း အထူးသတိ ဆောင်ကြရမည့်အကြောင်း။

ဒါယကာဖြစ်သူတို့ကလည်း မိမိတို့ နောင်သံသရာအကျိုးငှာ ကိုးကွယ်ဆည်းကပ်ကြရာ ရပ်ရွာဆရာသံဃာတို့အား သီလပျက်ပြား ညစ်နွမ်းကြောင်း မတောင်းရမ်းကောင်းပဲ ဆွမ်း, သစ်သီးစသည် တောင်းရမ်းခြင်း၊ အိုးခွက်, ကန့်လန့်ကာ, ဖျာ, ရိုင်, သင်ဖြူးစသည်

ငှားရမ်းခြင်း၊ နက္ခတ်, ဗေဒင်စသည်များကို ရဟန်းတို့ထံ မေးမြန်းခြင်း၊ ကိစ္စကြီးငယ်ရှိသည့်အခါ မိမိတို့ဆရာရဟန်း, သာမဏေတို့ထံ ညီညာဝိုင်းအုံပါဆိုလေ့ရှိခြင်း၊ တရပ်တပါး သွားလာစေခိုင်းခြင်း၊ ရပ်မှုရွာမှု, မင်းမှုဆောင်အမှုမျိုးနှင့်စပ်၍ မ-စချီးမြှောက်ပါဟု မိမိတို့ဆရာများထံ တောင်းပန်လျှောက်ကြားမိတတ်ခြင်းစသော မိမိတို့ လယ်ယာမြေကောင်းသဖွယ် ကိုးကွယ်ရာဆရာတော်သံဃာတော်များ သီလပျက်စီးစရာ သာသနာတော်ညှိုးနွမ်းကြောင်း မကောင်းသောအမှုများကို မပြုမိကြရမည့်အကြောင်း။ သည်မှတပါး-

"ယော သီလဝါ ဒုဿီလေသု ဒဒါတိ ဒါနံ၊
ဓမ္မေန လဒ္ဓံ သုပသန္နစိတ္တော။

အဘိသဒ္ဒဟံ ကမ္မဖလံ ဥဠာရံ၊
သာ ဒက္ခိဏာ ဒါယကတော ဝိသုဇ္ဈတိ။"

ဟူသော ဒက္ခိဏာဝိဘင်္ဂသုတ်ပါဠိတော်ကို ပယ်ရှားဘိသည့်အလား အလဇ္ဇီဒုဿီလပုဂ္ဂိုလ်များ၌ အလဇ္ဇီပဂ္ဂဟစိတ်မထင် စင်ကြယ်သောစိတ်ထားဖြင့် မဂ်ဖိုလ်နိဗ္ဗာန်ကို လိုလားတောင့်တ၍ လှူသော်လည်း ကုသိုလ်အကျိုးမရှိ၊ နိရတ္ထကကဲ့သို့ ယူမှား၊ ပြောဆိုမှား၍ ဒိဋ္ဌိဇုကမ္မတရားပျက်ပြား အပါယ်မလားကြရအောင် များများကြီးသတိထားကြရမည့်အကြောင်း။

"ယထာ ဗီဇံပိ အဂ္ဂိမှိ၊ ဒယှတိ န ဝိရူဟတိ။
ဧဝံ ကတံ အသပ္ပုရိသေသု၊ ဒယှတိ န ဝိရူဟတိ။

ကတညုမှိ စ ပေါသမှိ၊ သီလဝန္တေ အရိယဝုတ္တိနေ။
သုခေတ္တေ ဝိယ ဗီဇာနိ၊ ကတံ ကတံ န နဿတိ။"

ဟူသောစတုက္ကင်္ဂုတ္တရနိပါတ်လာစကား၌ ကျေးဇူးမသိတတ်သောသူ လူယုတ်မာတို့၌ ကျေးဇူးပြုရခြင်းသည် မီးထဲ၌ ပစ်ချအပ်သော မျိုးစေ့ကဲ့သို့ ကျေးဇူးပြုကျိုးမနပ် တဖန် ကျေးဇူးတုန့်ပြန်၍

မရ နိရတ္ထကသာ ဖြစ်တတ်သည်။ ကျေးဇူးသိတတ်သော ကတညုတ ကတဝေဒီ သီလဝန်သူတော်ကောင်းတို့၌ ကျေးဇူးပြုရခြင်းသည် လယ်ကောင်း၌စိုက်ပျိုးအပ်သော မျိုးစေ့ကဲ့သို့ ကျေးဇူးတဖန်ပြန်၍ အဆပ်ခံရသဖြင့် ကျေးဇူးပြုရကျိုးနပ်လေသည်-ဟူသော ဤဘဝ လောကကျေးဇူးကို လိုလားကြသူ လူတို့အား ပစ္စက္ခလောကအကျိုး ငှာ ဟောကြားတော်မူသော ဘုရားရှင်၏အဓိပ္ပါယကို ယထာဘူတ နားမလည်ကြကုန်သည်ဖြစ်၍ ယင်းသို့ သံသရာအလို့ငှာ ဒါနကုသိုလ် ဖြစ်အောင် နှလုံးမထား၊ လူအချင်းချင်း ဤပစ္စုပ္ပန်ဘဝ ကျေးဇူးပြု ကြသည့်အရာတွင်လာသော စကားကို ကုသိုလ်ဒါနပြုကြသည့်အရာ၌ လာသည့်ပါဠိကိုကဲ့သို့ နှလုံးသွင်းအယူမှားကြ၍ ၎င်းပါဠိတော် "အဂ္ဂမို ခိတ္တံ ဗီဇံ"ကို လူထဲရှင်ထဲ၌ ဘတ်၍တ်သဖြင့် "အလဇ္ဇီရဟန်းတို့အား အလဇ္ဇီပဂ္ဂဟစိတ်မထင် စင်ကြယ်သောစိတ်ထားနှင့် နိဗ္ဗာန်ကိုလိုလား ၍ လှူဒါန်းငြားသော်လည်း မီးပုံထဲ၌ပစ်ထားအပ်သော မျိုးစေ့များ ကဲ့သို့ အကျိုးလားလားမရှိ နိရတ္ထကသာတည်း"ဟု ပြောဆိုယူမှား၍ ဒိဋ္ဌိဇုကမ္မတရား ပျက်ပြားဆုတ်ယုတ်မရှိကြရအောင် သတိအထူး ဆောင်ကြရမည့်အကြောင်း။

စင်စစ်တမူကား- မိလိန္ဒပဥှာပါဠိ, ဒက္ခိဏာဝိဘင်္ဂသုတ်ပါဠိ အတိုင်း ပါရာဇိကဒုဿီလကိုပင် လှူဒါန်းသော်လည်း အလှူပေး ဒါယကာ သီလဝါဖြစ်ရာ၌ "ဒါယကတော ဝိသုဇ္ဈတိ"အရ အကျိုး မဟပ္ဖလ အလှူပေး, အလှူခံနှစ်ဦးပင် ဒုဿီလဖြစ်ရာ၌ "ဥဘတော နော ဝိသုဇ္ဈတိ" တတိယဒါနအရ အကျိုးအပ္ပကသာ မှတ်ကြရမည့် အကြောင်း။

> "ဘဂဝတာပိ အတ္တနော သာသနေ သီလဝတော-ယေဝ ပစ္စယာ အနုညာတာ၊ န ဒုဿီလဿ။ ဒါယကာနမ္ပိ သီလဝတောယေဝ ပရိစ္စာဂေါ၊ န ဒုဿီလဿ။ အတ္တနော-ကာရာနံ မဟပ္ဖလဘာဝဿ ပစ္စသီသနတော"

ဟူသောအဋ္ဌကထာပါဌ်၌ ပါရာဇိကကျရောက်ပြီးသော ဒုဿီလတို့အား ဒါယကာတို့လှူဒါန်းအပ်သည့် ပစ္စည်းလေးပါးကို သုံးဆောင်ရာ၌ ထေယျပရိဘောဂဖြစ်ပုံ အခြင်းအရာကိုသာ အကြောင်းနှင့်တကွ ပြဆိုအပ်သောစကားဖြစ်သည်။ ယင်းဒုဿီလ ပုဂ္ဂိုလ်တို့အား ပစ္စည်းလေးပါးကို ဘုရားခွင့်ပြုတော်မမူသောကြောင့် ယင်းဒုဿီလတို့၌ လှူဒါန်းရာဝယ် ကုသိုလ်အကျိုးမရ ဆိုလိုသည့် စကားမဟုတ်၊ အကယ်၍ ယင်းသို့ဆိုချေသော် ဒက္ခိဏာဝိဘင်္ဂသုတ် မိလိန္ဒပဉှာစကားတို့နှင့် ဖြောင့်ဖြောင့်ဆန့်ကျင်တော့မည်ဖြစ်၍ ယင်းသို့ ဂိုဏ်းမလွတ်သောအဓိပ္ပါယ်ကို ယူချေသော် မသင့်လျော်နိုင် ရာဟု နှလုံးမပြုမိကြကုန်ပဲ၊ ဘုရား, ရဟန္တာစကားကို ပုတ်ခတ် ပယ်ရှားဘိသည့်အလား ဒုဿီလတို့၌ လှူဒါန်း၍ အကျိုးနိရတ္ထက ကဲ့သို့သော စကားများကို ပြောကြားယူမှား မရှိကြအောင်-

"ဒါယကတော ဝိသုဇ္ဈတီတိ ဧတ္ထ ဝေဿန္တရမဟာ-
ရာဇာ ဂဟေတဗ္ဗော။ သော ဟိ ဇူဇကဿ ဗြာဟ္မဏဿ
ဒါရကေ ဒတွာ ပထဝိံ ကမ္ပေသိ"

ဟူသောဒက္ခိဏာဝိဘင်္ဂသုတ် အဋ္ဌကထာပါဌ်၌လည်း ဝေဿန္တရာနှင့် ဇူဇကာပုဏ္ဏားကို ဥပလက္ခဏနည်းအားဖြင့်သာ ဥဒါ-ဟရဏ်ထုတ်ဆောင်သော စကားဖြစ်သည်။ ဇူဇကာကဲ့သို့သော ဂိဟိ ဒုဿီလကိုသာ ယူရမည်။ ရဟန်းဒုဿီလကို မယူသင့်ဟုဆိုလိုသော စကားမဟုတ်၊ အကယ်၍ ယင်းသို့ဆိုချေသော် သမဏဒုဿီလကို ပုဂ္ဂလိကအလှူခံရာ၌ ဒက္ခိဏာဝိသုဒ္ဓိဖြစ်ပုံကို ဆိုပြီးလျှင် ယင်းဒက္ခိဏာ ဝိဘင်္ဂသုတ်ကိုပင် သာဓကထုတ်လိုသော မိလိန္ဒပဉှာရဟန္တာစကားကို ပုထုဇဉ်အဋ္ဌကထာဆရာက ပယ်ရှားရာရောက်ခဲ့မည်။ ယင်းသို့ အစွန်း မလွတ်သောအဓိပ္ပါယ်ကို ယူချေသည်ရှိသော် မသင့်လျော်နိုင်ချေ။ စင်စစ်တမူကား ယင်းဒက္ခိဏာဝိဘင်္ဂသုတ်အဋ္ဌကထာ, မိလိန္ဒပဉှာ စကားနှစ်ရပ်လုံးကိုပင် မပယ်ရှားသင့်သည်နှင့်လျော်စွာ ယင်းနှစ်ကျမ်း လုံးတို့မှလာသော စကားကိုယူ၍ "ယော သီလဝါ ဒုဿီလေသု"

စသော ဒက္ခိဏာဝိသုဒ္ဓိအရာဝယ် ဒုဿီလအရကို ဂိဟိဒုဿီလ, သမဏ ဒုဿီလ နှစ်ဝလုံးကိုပင် ယူသင့်သည်ဟူသော အနက်သဘောကို မဆင်ခြင်မိကြကုန်သည်ဖြစ်၍ ယင်းဒက္ခိဏာဝိဘင်္ဂသုတ် အဋ္ဌကထာ မိလိန္ဒပဉှာ စကားနှစ်ရပ် မစပ်မဟပ် အညမညပဋိပက္ခဖြစ်စရာ ယင်း "ဒုဿီလေသု"ပုဒ်၏အရကို ဂိဟိဒုဿီလကိုသာ ယူရမည်။ သမဏ ဒုဿီလကို မယူသင့်ဟု မပြောကြား၊ မယူမှားမိကြရအောင်-

"နေဝ ဒါယကတောတိ ဧတ္ထ ဒီယဂါမဝါသိလုဒ္ဒကော ကထေတဗ္ဗော၊ သော ကိရ ပေတဿ ဒက္ခိဏာဒက် ဒေန္တော ဧကဿ ဒုဿီလဿေဝ တယော ဝါရေ အဒါသိ။ တတိယဝါရေ အမနုဿော ဒုဿီလော မံ ဝိလုမ္ပတီတိ ဝိရဝိ။ စတုတ္ထဝါရေ ဧကဿ သီလဝန္တဿ ဘိက္ခုနော ဒတွာ ပါပိတကာလေယေဝ တဿ ပါပုဏာတိ"

ဟူသောဒက္ခိဏာဝိဘင်္ဂသုတ် အဋ္ဌကထာပါဠ်၌လည်း အလှူ ပေး, အလှူခံနှစ်ဦးလုံး ဒုဿီလဖြစ်ရာ၌ ဒါနကုသိုလ်ကံ၏ နည်းပါး လှသောသတ္တိရှိသောကြောင့် တမလွန်ဘဝပြောင်းသွား၍ ပြိတ္တာဖြစ်ရ လေသောသူအား ပြိတ္တာဆင်းရဲမှလွတ်လေအောင် အမျှပေးဝေသော် လည်း ပြိတ္တာဆင်းရဲမှ မလွတ်နိုင်သည်ကို ဥဒါဟရဏ်ထုတ်ဆိုသော စကားမျှဖြစ်သည်၊ အကျိုးနိရတ္ထကဖြစ်သည်ကို သိစေလို၍ ထုတ်ဆို သော စကားမဟုတ်၊ အကယ်၍ အကျိုးအလျဉ်းမရ နိရတ္ထကသာ ဟု အဋ္ဌကထာဆရာပြလို၍ ထုတ်ဆိုသည်ဟု ယူချေသည်ရှိသော် ယင်းသို့ အလှူပေး, အလှူခံနှစ်ပါးစုံ သီလမရှိရာ၌- "န တံ ဒါနံ သာတ္ထကန္တိ ဗြူမိ"ဟူ၍ ဟောတော်မမူပဲ "န တံ ဒါနံ ဝိပုလဖလန္တိ ဗြူမိ"ဟူ၍ အဝိပုလဖလအဖြစ်ဖြင့်သာ ဟောကြားတော်မူအပ်သော သံဝဏ္ဏေတဗ္ဗ ပါဠိတော်နှင့်ပင် ဆန့်ကျင်ခဲ့တော့မည်ဖြစ်၍ ယင်းသို့သော ဝိရုဒ္ဓ အဓိပ္ပါယ်များကိုလည်း မယူမှားမိကြရအောင် သတိဆောင်ကြရမည့် အကြောင်း။ စင်စစ်သော်ကား-

"ဒါနံ နာမ သင်္ဂဏှာဿာပိ နိဂ္ဂဏှာဿာပိ ယဿ ကဿစိ ဒါတဗ္ဗံ။ ယထာ ဟိ နိန္နေ ဝါ ထလေ ဝါ ဝပိတဗီဇံ နိပ္ဖလံ နာမ နတ္ထိ၊ သင်္ဂဟော သုခေတ္တေ ဝိယ မဟပ္ဖလံ ဟောတိ"

ဟူသော မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာလာတိုင်း ဒါနဟူသည် အလှူခံပုဂ္ဂိုလ်အားလျော်စွာ အကျိုးနည်း, များသာ ခြားသည်၊ အကျိုး လုံးဝမရှိသည်မည်သည် မရှိ-ဟူ၍ မှတ်ကြရမည့်အကြောင်း။

"ဒုဿီလော သံယန္တိ န ဝုတ္တော။ သံယော ဟိ ဒုဿီလော နာမ နတ္ထိ"

ဟူသော ဒက္ခိဏာဝိဘင်္ဂသုတ် အဋ္ဌကထာ၌လည်း ဒုဿီလ ပုဂ္ဂိုလ်ဖြစ်သည် သံဃာမမည်။ ဒုဿီလပုဂ္ဂိုလ်တို့၏အပေါင်းကိုသာ သံဃာတော်အသွင်ကိုစွဲ၍ သံဃာဟု ရည်ရော်သမုတ်အပ်သော အပေါင်းသံဃာသည် ဒုဿီလမမည်။ ယင်း အပေါင်းသံဃာကို ရည်ရော်၍ လှူဒါန်းနိုင်လျှင် သံဃာတော်ကို လှူဒါန်းသည်မည်သည်။ ဒုဿီလပုဂ္ဂိုလ်တို့ကို လှူဒါန်းသည်မမည်ဟုဆိုလိုသော အဋ္ဌကထာ ဆရာ၏ ဒေသကာဓိပ္ပါယ်ကို နားမလည်နိုင်ကြကုန်သည်ဖြစ်၍ ယင်း သို့သော အဋ္ဌကထာပါဌ်ဖြင့်ပင် ပါရာဇိကမကျသေးသော အလဇ္ဇီ ပုဂ္ဂိုလ်အပေါင်းသည် သံဃာမမည်ဟု ဆိုလိုဘိသည့်အလား ယူမှား ပြောမှား ဒိဋ္ဌိဇုကမ္မတရား မပျက်ပြားကြရအောင် သတိအထူးဆောင် ကြရမည့်အကြောင်း။

"ဒုမ္မင်္ကူနံ နိဂ္ဂဟာယ ။ပ။ သိက္ခာပဒံ ပညပေဿာမိ"

ပါဠိတော်မြတ်၌လည်း အလဇ္ဇီပုဂ္ဂိုလ်တို့အား ဟိတေသိတ, ကာရုညစိတ်ထားနှင့် အပြစ်ကို ထင်ရှားပြ၍ နိဂ္ဂဟောဝါဒဆုံးမခြင်း၊ ယင်းသို့ ဆုံးမ၍မရသည့်အခါမှ လဇ္ဇီရဟန်းကောင်းတို့နှင့်အတူတကွ ဥပေါသထ, ပဝါရဏာမှု မပြုစေပဲ ကြဉ်ဘဲရခြင်း၊ တဇ္ဇနီယကံ, ပဗ္ဗာဇနီယကံစသော နိဂ္ဂဟကံတို့ဖြင့် နှိပ်နင်းခြင်းကို သံဃာတို့က

ပြုစေလိုသော ဘုရားရှင်၏ ဒေသကာမိပ္ပါယကို နားမလည်ကြကုန်သည်ဖြစ်၍ အလဇ္ဇီပုဂ္ဂိုလ်ရဟန်းတို့အား လူဖြစ်သူတို့ကပင် ကဲ့ရဲ့နှိပ်နင်းဆဲရေးခြင်းကြောင့် အပြစ်မရှိဟူသော စကားများကို ပြောကြားပြစ်မှား၍ အပါယ်မလားရအောင်-

"ဥပဍ္ဍာပနကေ ခိယနကေ ပါစိတ္တိယံ"

ဟူသည်နှင့်အညီ ရဟန်းအချင်းချင်း အလဇ္ဇီပုဂ္ဂိုလ်တို့အား ကဲ့ရဲ့လိုသော အက္ကောသာဓိပ္ပါယစိတ်ဖြင့် အလဇ္ဇီပုဂ္ဂိုလ်ကို အလဇ္ဇီဒုဿီလစသည်ဖြင့် ရှေ့တွင် တည့်တည့်ဆိုမူ ပါစိတ်။ မျက်ကွယ်အတင်းအဖျင်းတိုက်၍ ပြောဆိုမိမူ ဒုက္ကဋ်အာပတ်သင့်သည်များကိုထောက်၍ ရဟန်းတို့ကလည်း အလဇ္ဇီပုဂ္ဂိုလ်တို့အား အက္ကောသာဓိပ္ပါယစိတ်ထားဖြင့် မျက်မှောက်,မျက်ကွယ် ကဲ့ရဲ့စကား မပြောကြားမိကြရအောင် ဂဟဋ္ဌဖြစ်သူလူတို့ကလည်း အလဇ္ဇီရဟန်းတို့အား လဇ္ဇီရဟန်းကောင်းတို့ကပင် ဆဲရေးကဲ့ရဲ့လိုသော စိတ်ထားနှင့် ဤသူ သည်အလဇ္ဇီဒုဿီလတည်းဟု ပြစ်တင်ကဲ့ရဲ့ မပြုကောင်းမပြုထိုက် သည်ကိုထောက်သဖြင့် ငါတို့လို လူဂဟဋ္ဌဖြစ်သူတို့ကမူကား ဆိုဘွယ်မရှိဟုယထာဘူတ နှလုံးထားကြကုန်သည်ဖြစ်၍ ယင်းသို့သော အလဇ္ဇီဒုဿီလပုဂ္ဂိုလ်တို့အား ပြစ်မှားလိုသောစိတ်ထားဖြင့် မျက်မှောက်, မျက်ကွယ်ပြစ်တင်မှား၍-

"မနသာ စေ ပဒုဋ္ဌေန၊ ဘာသတိ ဝါ ကရောတိ ဝါ။
တတော နံ ဒုက္ခမန္ဝေတိ၊ စက္ကံဝ ဝဟတော ပဒံ။"

- ပါဠိတော်နှင့်လျော်စွာ ဝန်ဆောင်နွားလား၏ ခြေရာတွင် အစဉ်တစိုက် လှည်းဘီးနောက်မှလိုက်၍ တနင်းတည်းနင်းသကဲ့သို့ မိမိသန္တာန်၌ သံသရာဝယ် အခါခါ ဘေးဒုက္ခလှည်းဘီးစက် နက်နက်နာနာ မနင်းမိအောင် သတိအထူးဆောင်ကြရမည့်အကြောင်း။

သည်မှတစ်ပါးလည်း ဘုရားရှင်လက်ထက်တော်အခါ ခုဇ္ဇုတ္တရာကျွန်မ, စိတ္တသူကြွယ်စသော ဥပါသိကာ, ဥပါသကာဖြစ်ကြသူ လူတို့

ဝိနည်း, ပိဋကတ်နှင့်တကွ ပိဋကတ်သုံးပုံကို နှုတ်ငုံအရ ဆောင်ရွက် သင်ကြားကြသည်များကို ထောက်ထား၍ ဝိနည်းတရားကို လူများ မသင်ကြား၊ မလေ့လာကောင်းဟူ၍လည်း အဓမ္မဝါဒ မပြောကြား မိကြရအောင် ဘုရားရှင်လက်ထက်တော်တွင် အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်မထေရ်မြတ်တို့သည် ဆဗ္ဗဂ္ဂီရဟန်းတို့၏ တပည့် ဒါယကာ ကီဋာဂိရိဇနပုဒ်သား လူအများတို့အား ရှေးဦးစွာ ကပ္ပိယာ ကပ္ပိယ ဝိနည်းတရားကို ဟောကြားပြီးမှ ဆဗ္ဗဂ္ဂီရဟန်းတို့အား နှိုင်နင်း အောင် ဆုံးမရသည်များကိုလည်းကောင်း, ဒုတိယသင်္ဂါယနာတင်အံ့ သောအခါ အရှင်ယသရဟန္တာမထေရ်မြတ်သည် ဝေသာလီပြည် ဝဇ္ဇီ တိုင်းသားတို့အား ကပ္ပိယာကပ္ပိယဝိနည်းတရားများကို ဟောကြားပြီး နောက်မှ ဝဇ္ဇီတိုင်းသား အလဇ္ဇီရဟန်းတို့အား နှိပ်နင်းခွင့်ရသည်များ ကိုလည်းကောင်း ထောက်ထားကြကုန်သည်ဖြစ်၍ ရဟန်းတော်တို့က လူတို့အား ဝိနည်းတရားကို မဟောကြားကောင်းဟူ၍ အဓမ္မဝါဒ မပြောကြားမိကြရအောင်။ စင်စစ်တမူကား-

"ဝိနယေ ဋ္ဌိတေ သာသနံ ဌိတံ"

ကျမ်းဂန်လာသည့်အတိုင်း ဝိနည်းတရား ထင်ရှားမှသာလျှင် သာသနာတော် စည်ပင်ထွန်းလင်းကြောင်း ကီဋာဂိရိဇနပုဒ်သား လူများကဲ့သို့လည်းကောင်း၊ ဝေသာလီပြည် ဝဇ္ဇီတိုင်းသားတို့ကဲ့သို့ လည်းကောင်း ဝိနည်းတရားကို လူတို့လေ့လာမှတ်သား နားလည် ကြလျှင် အလဇ္ဇီရဟန်းတို့ လူတို့အား ဟိရိ, ဩတ္တပ္ပဝင်၍ အလဇ္ဇီ ဓမ္မမှ ဝေးစွာရှောင်ကြဉ်နိုင်ကြောင်း၊ လဇ္ဇီရဟန်းကောင်းတို့၏ အဆုံး အမကိုလည်း လိုက်နိုင်လွယ်ကြောင်းဖြစ်သည်နှင့်လျော်စွာ အလဇ္ဇီ ပုဂ္ဂိုလ်တို့အား ကဲ့ရဲ့ပြစ်တင်လိုသောစိတ်မထင် စင်ကြယ်စွာသော စိတ်ထားနှင့် များစွာသော ဉပါသကာအပေါင်းသည်ပင် ကပ္ပိယာ ကပ္ပိယဝိနည်းတရားများကို သင်ကြားလေ့ကျက် ဆောင်ရွက်ဟောပြော လေ့ရှိကြခြင်းသည်ပင်လျှင် သာသနာတော်စည်ပင်ထွန်းလင်း၍ သာ သနာတော်ထမ်း ရဟန်းတော်တို့နှင့်တကွ ကိုးကွယ်လှူဒါန်းကြသူ

လူဒါယကာတို့ပါ လွန်စွာအကျိုးစီးပွားများရန်ရှိသည့်အကြောင်း။ ယင်းသို့ ဝိနည်းတရားကို လေ့လာသင်ကြား၍ ကပ္ပိယာကပ္ပိယ ဝိနယအလဇ္ဇီဓမ္မများကို လွန်ကျူးကျော်နင်းသော အလဇ္ဇီပုဂ္ဂိုလ်များကို မြင်သည့်အခါဝယ် ပြစ်မှားကဲ့ရဲ့ အရွဲ့တစောင်း မကောင်းပြောဆို ဝန်တိုပုတ်ခတ်မှား၍ အပါယ်မလားကြရအောင်လည်း သတိအထူး ဆောင်ကြရမည့်အကြောင်း။

"ကရုဏာယ ဝတ္ထုဘူတော ဒုဿီလသမော နာမ နတ္ထိ"

ပါဠိ၊ အဋ္ဌကထာလာသည့်အတိုင်း သနားတတ်သော ကရုဏာရှိသော သူတော်ကောင်းပုဂ္ဂိုလ်တို့၏ သနားအပ်သောအရာ တွင် အတူမရှိသော သနားခြင်း၏တည်ရာဖြစ်သော အဆုံးမရှိ ကြီးမားလှသော သံသရာဘေး၊ အပါယ်ဘေးကြီး အေးရာလွန်စွာ ရောက်ရှာကြလတံ့သော ယင်းသို့သော အလဇ္ဇီဒုဿီလပုဂ္ဂိုလ်တို့အား ဝဋ္ဋုန်သုတ်အပ်သော နဂါး၊ မြွေပါးစပ်ဝယ် ဖား၊ ကြောင်ဘားလက် ဝယ် ကြွက်သူငယ်၊ စွန်လက်သဲဝယ် စာသူငယ်တို့နှင့်မခြား အလွန် သနားခြင်းကရုဏာ ပြဟ္မစိုရ်တရားများကိုသာ ကောင်းစွာပွားများကြ ကုန်သည်ဖြစ်၍-

"အတ္တာနမေဝ ပထမံ၊ ပတိရူပေ နိဝေသယေ"

ပါဠိတော်နှင့်လျော်စွာ မိမိတို့ကိုယ်ကိုသာ ယင်းသို့သော အလဇ္ဇီပါပဓမ္မတို့နှင့် ငြိစွန်း၍ ပစ္စုပ္ပန်၊ သံသရာဘေးဘျမ်း မထိ ကြရအောင် ရှေးဦးစွာ သတိအထူးဆောင်ကြရမည့်အကြောင်း။

- "မနာပမေဝ ဘာသေယျ၊ နာမနာပံ ကုဒါစနံ။

ကျမ်းဂန်ပါဠိလာရှိသည့်အတိုင်း ရဟန်းရှင်လူ သူတစ်ပါးတို့ နား၌ ကြားကြားသမျှ ပသာဒနီယဖြစ်ဘွယ် မေတ္တာရှိဘွယ် ကြည်ညို ဘွယ်သော သုဘာသိတ, ပိယဝါစာစကားကိုသာ ပြောဆိုမိကြရ အောင်-

"စက္ခုမာပိ ယထာ အန္ဓော၊ သောတဝါ ဗဓိရော ယထာ။
ပညဝါပိ ယထာ မူဂေါ၊ ဗလဝါ ဒုဗ္ဗလောရိဝ။"

စသောပါဠိဒေသနာလာသည်နှင့် လျော်ညီစွာ မိမိတို့၌ သူတပါးတို့ မထေလေးစား ကဲ့ရဲ့ပြစ်မှား ပြောကြားအပ်သော စကားများကို ကြားသိရသောအခါတို့၌လည်း မျက်စေ့မကန်းသော်လည်း ကန်းသောဝိယ အန္ဓနှင့်မခြား၊ နားပင်ကြားသော်လည်း နားမကြားသောဝိယ ဗဓိရနှင့်တစေ၊ လူရိပ်လူခြည်ကို သိတတ်သော ပညာပင်ရှိသော်လည်း ထိုင်းမှိုင်းတွေဝေ မသိတတ်လေသည့်အသွင်၊ ဆွေမျိုးခွန်အား ဥစ္စာအားပင်ရှိကတည်း အားနည်းသည့်ပမာ သူတပါးတို့ အမနာပစကားများကို ဘယ်ဟာတခု အမှုမထား ကိုယ်ကျင့်တရားများကိုသာ မပျက်စီးအောင် သတိဆောင်နိုင်ကြမှ ချမ်းမြေ့သာယာ ပစ္စုပ္ပန်သံသရာ ကျိုးများစွာကိုမြင်၍ သံသရာဒုက္ခအယဉ်မှ ဆောလျှင်စွာ ထွက်မြောက်နိုင်ကြမည်ဟု ဒေသကာဓိပ္ပါယလာသည်များကို အတည်တည်နှလုံးထားကြကုန်သည်ဖြစ်၍ ယင်းသို့သော ပရပ္ပဝါဒ, ဂရဟိတ, အမနာပစကားများကို ကြားရသည့်အတွက် ကိုယ်ကျင့်သီလပျက်ပြား ဒေါမနဿတရား ထိပါးနှောင့်ရှက် မရှိစေရ၊ "ခန္တီ ပရမံ တပေါ တိတိက္ခာ" ဒေသနာတော်မြတ်အရ မြတ်လှစွာသော သည်းခံခြင်း ခန္တီသံဝရတရားများနှင့် ပြည့်စုံအောင် အထူးသတိဆောင်ကြရမည့်အကြောင်းများနှင့် ဓမ္မောသဓ ဓမ္မရေအေး တိုက်ကျွေးဟောကြား ဩဝါဒပေးထားအပ်သည် ဟံသာဝတီ ရန်ကုန်မြို့နယ်တွင်း ဆရာတော်ကို ကြည်ညိုကိုးစားရင်းရှိကြကုန်သော တပည့်ဒကာဖြစ်သူ ရဟန်း ရှင် လူ သူခပ်သိမ်းအပေါင်းတို့. . . ။

♦♦♦

## ရွှေကျင်ဆရာတော် ပထမစကား
## အကျဉ်းအားဖြင့် ညွှန်ပြဝါဒပေးထားချက်

ယခုအခါ ဟံသာဝတီ ရန်ကုန်မြို့သား ဒါယကာလူတို့နှင့် တကွ ရဟန်းတော်သံဃာတော်များ ပက္ခနှစ်ပါး လျှောက်ထားတောင်း ပန်ချက်အရ ယခင်ဆိုအပ်ခဲ့ပြီးသော အလဇ္ဇီပုဂ္ဂလတို့အား လှူဒါန်း ရာဝယ် ဒက္ခိဏာဝိသုဒ္ဓိဖြစ်, မဖြစ်စသောအားဖြင့် ငြင်းခုံခြင်းမရှိ ဝိဝါဒဘေးကင်းစင်ဝေး၍ အခါခပ်သိမ်း နှလုံးအေးမြစွာ ဖြစ်နိုင်ကြ ကြောင်း အလွန်ကောင်းမြတ် ခိုင်ခံ့သောပါဠိ အဋ္ဌကထာ ဋီကာတို့ကို နှီးနှော၍ အများသဘောကျလောက်အောင် ထုတ်ဆောင်ရေးသား အကျယ်အားဖြင့် ဟောကြားဆုံးဖြတ်ခြင်းငှာ ဤဆိုလတ့်သည်ကား ယင်းပါဠိ အဋ္ဌကထာ ဋီကာပါဌ်တို့တည်း။

သေယျထိဒံ။ စုဒ္ဒသ ခေါ ပနိမာနန္ဒ ပါဋိပုဂ္ဂလိကာ ဒက္ခိဏာ။ တထာဂတေ အရဟန္တေ သမ္မာသမ္ဗုဒ္ဓေ ဒါနံ ဒေတိ၊ အယံ ပထမာ ပါဋိပုဂ္ဂလိကာ ဒက္ခိဏာ။ ပစ္စေကဗုဒ္ဓေ ဒါနံ ဒေတိ၊ အယံ ဒုတိယာ ပါဋိပုဂ္ဂလိကာ ဒက္ခိဏာ။ တထာဂတသာဝကေ အရဟန္တေ ဒါနံ ဒေတိ၊ အယံ တတိယာ ပါဋိပုဂ္ဂလိကာ ဒက္ခိဏာ။ အရဟတ္တဖလသစ္ဆိကိရိယာယ ပဋိပန္နေ ဒါနံ ဒေတိ၊ အယံ စတုတ္ထီ ပါဋိပုဂ္ဂလိကာ ဒက္ခိဏာ။ အနာဂါမိဿ ဒါနံ ဒေတိ၊ အယံ ပဉ္စမီ ပါဋိပုဂ္ဂလိကာ ဒက္ခိဏာ။ အနာဂါမိဖလသစ္ဆိကိရိယာယ ပဋိပန္နေ ဒါနံ ဒေတိ၊ အယံ ဆဋ္ဌီ ပါဋိပုဂ္ဂလိကာ ဒက္ခိဏာ။ သကဒါဂါမိဿ ဒါနံ ဒေတိ၊ အယံ သတ္တမီ ပါဋိပုဂ္ဂလိကာ ဒက္ခိဏာ။ သကဒါဂါမိဖလသစ္ဆိကိရိယာယ ပဋိပန္နေ ဒါနံ ဒေတိ၊ အယံ အဋ္ဌမီ ပါဋိပုဂ္ဂလိကာ ဒက္ခိဏာ။ သောတာပန္နေ ဒါနံ ဒေတိ၊ အယံ နဝမီ ပါဋိပုဂ္ဂလိကာ ဒက္ခိဏာ။ သောတာပတ္တိဖလသစ္ဆိကိရိယာယ ပဋိပန္နေ ဒါနံ ဒေတိ၊ အယံ ဒသမီ ပါဋိပုဂ္ဂလိကာ ဒက္ခိဏာ။ ဗာဟိရကေ ကာမေသု ဝီတရာဂေ ဒါနံ ဒေတိ၊ အယံ ဧကာဒသမီ ပါဋိပုဂ္ဂလိကာ ဒက္ခိဏာ။ ပုထုဇ္ဇနသီလဝန္တေ ဒါနံ ဒေတိ၊ အယံ ဒွါဒသမီ ပါဋိ-

ပုဂ္ဂလိကာ ဒက္ခိဏာ။ ပုထုဇ္ဇနဒုဿီလေ ဒါနံ ဒေတိ၊ အယံ တေရသမီ ပါဋိပုဂ္ဂလိကာ ဒက္ခိဏာ။ တိရစ္ဆာနဂတေ ဒါနံ ဒေတိ၊ အယံ စုဒ္ဒသမီ ပါဋိပုဂ္ဂလိကာ ဒက္ခိဏာ။

တတြာနန္ဒ တိရစ္ဆာနဂတေ ဒါနံ ဒတွာ သတဂုဏာ ဒက္ခိဏာ ပါဋိကင်္ခိတဗ္ဗာ။ ပုထုဇ္ဇနဒုဿီလေ ဒါနံ ဒတွာ သဟဿ-ဂုဏာ ဒက္ခိဏာ ပါဋိကင်္ခိတဗ္ဗာ။ ပုထုဇ္ဇနသီလဝန္တေ ဒါနံ ဒတွာ သတသဟဿဂုဏာ ဒက္ခိဏာ ပါဋိကင်္ခိတဗ္ဗာ။ ဗာဟိရကေ ကာမေသု ဝီတရာဂေ ဒါနံ ဒတွာ ကောဋိသတသဟဿဂုဏာ ဒက္ခိဏာ ပါဋိကင်္ခိတဗ္ဗာ။ သောတာပတ္တိဖလသစ္ဆိကိရိယာယ ပဋိပန္နေ ဒါနံ ဒတွာ အသင်္ချေယျာ အပ္ပမေယျာ ဒက္ခိဏာ ပါဋိကင်္ခိတဗ္ဗာ။ ကော ပန ဝါဒေါ သောတာပန္နေ၊ ကော ပန ဝါဒေါ သကဒါဂါမိ-ဖလသစ္ဆိကိရိယာယ ပဋိပန္နေ၊ ကော ပန ဝါဒေါ သကဒါဂါမိသ္မိံ၊ ကော ပန ဝါဒေါ သကဒါဂါမိဖလသစ္ဆိကိရိယာယ ပဋိပန္နေ၊ ကော ပန ဝါဒေါ အနာဂါမိသ္မိံ၊ ကော ပန ဝါဒေါ အရဟတ္တဖလသစ္ဆိ ကိရိယာယ ပဋိပန္နေ၊ ကော ပန ဝါဒေါ အရဟန္တေ၊ ကော ပန ဝါဒေါ ပစ္စေကဗုဒ္ဓေ၊ ကော ပန ဝါဒေါ တထာဂတေ အရဟန္တေ သမ္မာသမ္ဗုဒ္ဓေ။

သတ္တ ခေါ ပနိမာနန္ဒ သံဃဂတာ ဒက္ခိဏာ၊ ဗုဒ္ဓပ္ပမုခေ ဥဘတော သံဃေ ဒါနံ ဒေတိ၊ အယံ ပဌမာ သံဃဂတာ ဒက္ခိဏာ။ တထာဂတေ ပရိနိဗ္ဗုတေ ဥဘတော သံဃေ ဒါနံ ဒေတိ၊ အယံ ဒုတိယာ သံဃဂတာ ဒက္ခိဏာ။ ဘိက္ခုသံဃေ ဒါနံ ဒေတိ၊ အယံ တတိယာ သံဃဂတာ ဒက္ခိဏာ။ ဘိက္ခုနိသံဃေ ဒါနံ ဒေတိ၊ အယံ စတုတ္ထီ သံဃဂတာ ဒက္ခိဏာ။ ဧတ္တကာ မေ ဘိက္ခူ ဘိက္ခုနိယော သံဃတော ဥဒ္ဒိသထာတိ ဒါနံ ဒေတိ၊ အယံ ပဉ္စမီ သံဃဂတာ ဒက္ခိဏာ။ ဧတ္တကာ မေ ဘိက္ခူသံဃတော ဥဒ္ဒိသထာတိ ဒါနံ ဒေတိ၊ အယံ ဆဋ္ဌီ သံဃဂတာ ဒက္ခိဏာ။ ဧတ္တကာ မေ ဘိက္ခုနိယော သံဃတော ဥဒ္ဒိသထာတိ ဒါနံ ဒေတိ၊ အယံ သတ္တမီ သံဃဂတာ ဒက္ခိဏာ။

ဘဝိဿန္တိ ခေါ် ပန္နာနုန္ဒ အနာဂတမဒ္ဓါနံ ဝေါကြဘုနော ကာသာဝကဏ္ဌာ ဒုဿီလာ ပါပဓမ္မာ၊ တေသု သံဃံ ဥဒ္ဒိဿ ဒါနံ ဒဿန္တိ၊ တဒါပဟံ အာနန္ဒ သံဃဂတံ ဒက္ခိဏံ အသင်္ချေယျံ အပ္ပမေယျံ ဝဒါမိ၊ န တွေဝါဟံ အာနန္ဒ ကေနစိ ပရိယာယေန သံဃဂတာယ ဒက္ခိဏာယ ပါဋိပုဂ္ဂလိကံ ဒါနံ မဟပ္ဖလတရံ ဝဒါမိ။

စတဿော ခေါ် အာနန္ဒ ဒက္ခိဏာ ဝိသုဒ္ဓိယော။ ကတမာ စတဿော။ အတ္ထာနန္ဒ ဒက္ခိဏာ ဒါယကတော ဝိသုဇ္ဈတိ နော ပဋိဂ္ဂါဟကတော။ အတ္ထာနန္ဒ ဒက္ခိဏာ ပဋိဂ္ဂါဟကတော ဝိသုဇ္ဈတိ နော ဒါယကတော။ အတ္ထာနန္ဒ ဒက္ခိဏာ နေဝ ဒါယကတော ဝိသုဇ္ဈတိ နော ပဋိဂ္ဂါဟကတော။ အတ္ထာနန္ဒ ဒက္ခိဏာ ဒါယကတော စေဝ ဝိသုဇ္ဈတိ ပဋိဂ္ဂါဟကတော စ။

ကထဉ္စာနန္ဒ ဒက္ခိဏာ ဒါယကတော ဝိသုဇ္ဈတိ နော ပဋိဂ္ဂါဟကတော။ ဣဓာနန္ဒ ဒါယကော ဟောတိ သီလဝါ ကလျာဏဓမ္မော၊ ပဋိဂ္ဂါဟကာ ဟောန္တိ ဒုဿီလာ ပါပဓမ္မာ။ ဧဝံ ခေါ် အာနန္ဒ ဒက္ခိဏာ ဒါယကတော ဝိသုဇ္ဈတိ နော ပဋိဂ္ဂါဟကတော။

ကထဉ္စာနန္ဒ ဒက္ခိဏာ ပဋိဂ္ဂါဟကတော ဝိသုဇ္ဈတိ နော ဒါယကတော။ ဣဓာနန္ဒ ဒါယကော ဟောတိ ဒုဿီလော ပါပ-ဓမ္မော၊ ပဋိဂ္ဂါဟကာ ဟောန္တိ သီလဝန္တော ကလျာဏဓမ္မာ။ ဧဝံ ခေါ် အာနန္ဒ ဒက္ခိဏာ ပဋိဂ္ဂါဟကတော ဝိသုဇ္ဈတိ နော ဒါယ-ကတော။

ကထဉ္စာနန္ဒ ဒက္ခိဏာ နေဝ ဒါယကတော ဝိသုဇ္ဈတိ နော ပဋိဂ္ဂါဟကတော။ ဣဓာနန္ဒ ဒါယကော စ ဟောတိ ဒုဿီလော ပါပဓမ္မော၊ ပဋိဂ္ဂါဟကာ စ ဟောန္တိ ဒုဿီလာ ပါပ-ဓမ္မာ။ ဧဝံ ခေါ် အာနန္ဒ ဒက္ခိဏာ နေဝ ဒါယကတော ဝိသုဇ္ဈတိ နော ပဋိဂ္ဂါဟကတော။

ကထဉ္စာနန္ဒ ဒက္ခိဏာ ဒါယကတော စေဝ ဝိသုဇ္ဈတိ ပဋိဂ္ဂါဟကတော စ။ ဣဓာနန္ဒ ဒါယကော စ ဟောတိ သီလဝါ

ကလျာဏဓမ္မော၊ ပဋိဂ္ဂါဟကော စ ဟောန္တိ သီလဝန္တော ကလျာဏဓမ္မာ။ ဧဝံ ခေါ အာနန္ဒ ဒက္ခိဏာ ဒါယကတော စေဝ ဝိသုဇ္ဈတိ ပဋိဂ္ဂါဟကတော စ။ ဣမာ ခေါ အာနန္ဒ စတဿော ဒက္ခိဏာ ဝိသုဒ္ဓိယောတိ။

ဣဒမဝေါစ ဘဂဝါ။ ဣဒံ ဝတွာန သုဂတော အထာပရံ ဧတဒဝေါစ သတ္ထာ-

“ယော သီလဝါ ဒုဿီလေသု ဒဒါတိ ဒါနံ၊
ဓမ္မေန လဒ္ဓံ သုပသန္နစိတ္တော။
အဘိသဒ္ဒဟံ ကမ္မဖလံ ဥဠာရံ၊
သာ ဒက္ခိဏာ ဒါယကတော ဝိသုဇ္ဈတိ။

ယော ဒုဿီလော သီလဝန္တေသု ဒဒါတိ ဒါနံ၊
အဓမ္မေန လဒ္ဓံ အပ္ပသန္နစိတ္တော။
အနဘိသဒ္ဒဟံ ကမ္မဖလံ ဥဠာရံ၊
သာ ဒက္ခိဏာ ပဋိဂ္ဂါဟကတော ဝိသုဇ္ဈတိ။

ယော ဒုဿီလော ဒုဿီလေသု ဒဒါတိ ဒါနံ၊
အဓမ္မေန လဒ္ဓံ အပ္ပသန္နစိတ္တော။
အနဘိသဒ္ဒဟံ ကမ္မဖလံ ဥဠာရံ၊
န တံ ဒါနံ ဝိပုလဖလန္တိ ဗြူမိ။

ယော သီလဝါ သီလဝန္တေသု ဒဒါတိ ဒါနံ၊
ဓမ္မေန လဒ္ဓံ သုပသန္နစိတ္တော။
အဘိသဒ္ဒဟံ ကမ္မဖလံ ဥဠာရံ၊
တံ ဝေ ဒါနံ အာမိသဒါနာနံ’မဂ္ဂ”န္တိ။

(ဒက္ခိဏာဝိဘင်္ဂသုတ်ပါဠိတော်)

ဝိသုဇ္ဈတီတိ မဟပ္ဖလဘာဝေန ဝိသုဇ္ဈတိ။ မဟပ္ဖလာ ဟောတီတိ အတ္ထော။ (ဒက္ခိဏာဝိဘင်္ဂသုတ် အဋ္ဌကထာ။)

ဘန္တေ နာဂသေန ဂိဟိဒုဿီလဿ စ သမဏဒုဿီလဿ စ ဥဘိန္နံ ကစ္စိ နာနာကရဏံ အတ္ထိ။ ဥဘောပေတေ သမဏ-ဂိဟိကာ ဒုဿီလာ။ ဥဘိန္နမ္ပိ သမံ ဝိပါကံ ဟောတိ။ ဥဒါဟု ကိဉ္စိ နာနာကရဏံ အတ္ထီတိ။

ဒသိမေ မဟာရာဇ ဂုဏာ သမဏဒုဿီလေ ဂိဟိဒုဿီလ-တော ဝိသေသာ အတိရေကာ။ ဒသဟိ စ ကာရဏေဟိ ဥတ္တရိ ဒက္ခိဏံ ဝိသောဓေတိ။ ကတမေ ဒသဂုဏာ။ ဣဓ မဟာရာဇ သမဏဒုဿီလော ဗုဒ္ဓေ သဂါရဝေါ၊ ဓမ္မေ၊ သံဃေ၊ သဗြဟ္မစာရီသု သဂါရဝေါ ဟောတိ။ ဥဒ္ဒေသပရိပုစ္ဆာယ ဝါယမတိ။ သဝနဗဟုလော ဟောတိ။ ဘိန္နသီလောပိ မဟာရာဇ သမဏဒုဿီလော ပရိသံ ဂတော အာကပ္ပံ သဏ္ဌပေတိ ဂရဟာ ဘယာ ကာယိကံ ဝါစသိကံ ရက္ခတိ။ ပဓာနာဘိမုခဉ္စဿ ဟောတိ စိတ္တံ။ ဘိက္ခုသမညံ ဥပဂတော ဟောတိ။ ကရောန္တောပိ မဟာရာဇ သမဏဒုဿီလော ပါပံ ပဋိစ္ဆန္နံ အာစရတိ။ ယထာ မဟာရာဇ ဣတ္ထီ သပတိကာ ပါပံ သမာ-စရန္တီ နိလီနာ ရဟသောယေဝ ပါပံ သမာစရတိ။ ဧဝမေဝ ခေါ မဟာရာဇ ကရောန္တောပိ သမဏဒုဿီလော ပါပံ ပဋိစ္ဆန္နံ အာစရတိ။

ကတမေဟိ ဒသဟိ ကာရဏေဟိ ဥတ္တရိ ဒက္ခိဏံ ဝိသောဓေတိ၊ အဝဇ္ဇကဝစဓာရဏတောပိ ဒက္ခိဏံ ဝိသောဓေတိ။ ဣသိသမဏဘဏ္ဍလိင်္ဂဓာရဏတောပိ ဒက္ခိဏံ ဝိသောဓေတိ။ သံဃ-သမယံသမနုပဝိဋ္ဌတောပိ ဒက္ခိဏံ ဝိသောဓေတိ။ ဗုဒ္ဓဓမ္မသံဃ-သရဏဂမနတောပိ ဒက္ခိဏံ ဝိသောဓေတိ။ ပဓာနာတိသယ-နိကေတဝါသိတာယပိ ဒက္ခိဏံ ဝိသောဓေတိ။ ဇိနသာသနဓရပရိ-ယေသနတောပိ ဒက္ခိဏံ ဝိသောဓေတိ။ ပဝရဓမ္မဒေသနတောပိ ဒက္ခိဏံ ဝိသောဓေတိ။ ဓမ္မဒီပဂတိပရာယဏတောပိ ဒက္ခိဏံ ဝိသောဓေတိ။ အဂ္ဂေါ ဗုဒ္ဓေါတိ ဧကန္တဥဇုဒိဋ္ဌိတောပိ ဒက္ခိဏံ ဝိသောဓေတိ။

ဥပေါသထသမာဒါနတောပိ ဒက္ခိဏံ ဝိသောဓေတိ။ ဣမေဟိ ခေါ မဟာရာဇ ဒသဟိ ကာရဏေဟိ ဥတ္တရိ ဒက္ခိဏံ ဝိသောဓေတိ။

သုဝိပန္နောပိ မဟာရာဇ သမဏဒုဿီလော ဒါယကာနံ ဒက္ခိဏံ ဝိသောဓေတိ။ ဥပမာယပိ သော အတ္ထော ဥပပရိက္ခိတဗ္ဗော ဘဝတိ။ ယထာ မဟာရာဇ ဥဒကံ ပံသုယာ ဝိလံပိ ကဒ္ဒမရဇော- ဇလ္လံ အပနေတိ။ ဧဝမေဝ ခေါ မဟာရာဇ သုဝိပန္နောပိ သမဏ- ဒုဿီလော ဒါယကာနံ ဒက္ခိဏံ ဝိသောဓေတိ။ ယထာ ဝါ ပန မဟာရာဇ သုကုထိတံပိ ဥဒကံ ဇလန္တံ အဂ္ဂိက္ခန္ဓံ နိဗ္ဗာပေတိ။ ဧဝမေဝ ခေါ မဟာရာဇ သုဝိပန္နောပိ သမဏဒုဿီလော ဒါယကာနံ ဒက္ခိဏံ ဝိသောဓေတိ။ ယထာ ဝါ ပန မဟာရာဇ ဘောဇနံ အရသံပိ ခုဒ္ဒါဒုဗ္ဗလျမပနေတိ၊ ဧဝမေဝ ခေါ မဟာရာဇ သုဝိပန္နောပိ သမဏဒုဿီလော ဒါယကာနံ ဒက္ခိဏံ ဝိသောဓေတိ။ ဘာသိတံပိ ဟေတံ မဟာရာဇ ဘဂဝတာ မဇ္ဈိမနိကာယဝရေ ဒက္ခိဏာ ဝိဘင်္ဂ- သုတ္တေ-

"ယော သီလဝါ ဒုဿီလေသု ဒဒါတိ ဒါနံ၊
ဓမ္မေန လဒ္ဓံ သုပသန္နစိတ္တော။
အဘိသဒ္ဒဟံ ကမ္မဖလံ ဥဠာရံ၊
သာ ဒက္ခိဏာ ဒါယကတော ဝိသုဇ္ဈတီ"တိ။ (မိလိန္ဒပဉှာ)

ပဋိပတ္တိအန္တရာဓာနံ နာမ ဈာနဝိပဿနာမဂ္ဂဖလာနိ နိဗ္ဗတ္တေတုံ အသက္ကောန္တာ စတုပါရိသုဒ္ဓိသီလမတ္တံ ရက္ခန္တိ။ ဂစ္ဆန္တေ ကာလေ သီလံ ပရိပုဏ္ဏံ ကတွာ ပဓာနဇ္ဇ အနုယုဥ္ဇမာနာပိ မဂ္ဂံ ဝါ ဖလံ ဝါ သစ္ဆိကာတုံ အသမတ္ထာ နတ္ထိ ဒါနိ အရိယမဂ္ဂပဋိ-ဝေဓောတိ ဝေါသာနံ အာပဇ္ဇိတွာ ကောသဇ္ဇဗဟုလာ အညေ န စောဒေန္တိ န သာရေန္တိ အကုက္ကုစ္စကာ ဟောန္တိ။ တတော ပဋ္ဌာယ ခုဒ္ဒါနုခုဒ္ဒကာနိ မဒ္ဒန္တိ ဂစ္ဆန္တေ ကာလေ ပါစိတ္တိယာနိ အာပဇ္ဇန္တိ။ တတော ဂရုကာပတ္တိံ အာပဇ္ဇန္တိ၊ ပါရာဇိကမတ္တမေဝ တိဋ္ဌတိ၊ စတ္တာရိ

ပါရာဇိကာနံ ရက္ခန္တာနံ သတေပိ သဟဿေပိ ဓရမာနေ ပဋိပတ္တိ-
အန္တရဓာနံ နာမ န ဟောတိ၊ ပစ္ဆိမကဿ ဘိက္ခုနော သီလ-
ဘေဒေန ဝါ ဇီဝိတက္ခယေန ဝါ အန္တရဟိတာ ဟောတီတိ၊ ဣဒံ
ပဋိပတ္တိအန္တရဓာနံ နာမ ဟောတိ။ (အင်္ဂုတ္တရအဋ္ဌကထာ)။

ဗာဟိရကဿ အဋ္ဌသမာပတ္တိလာဘိနော ပဉ္စာဘိညဿာပိ
ဒိန္နဒါနတော သာသနေ တိသရဏဂတဿ ဒိန္နဒါနံ မဟပ္ဖလတရံ
ဟောတိ၊ သရဏဂမဏတော ပဉ္စာယ ဟိ သောတာပတ္တိဖလသစ္ဆိ-
ကိရိယာယ ပဋိပန္နောတိ အဓိပ္ပေတော။ (မူလပဏ္ဏာသအဋ္ဌကထာ)။

သစေ ပန လဇ္ဇီ အလဇ္ဇိံ ပဂ္ဂဏှာတိ ဓမ္မကထာယ
အဗ္ဘေသတိ အနုမောဒနာယ အဗ္ဘေသတိ ကုလေသု ဥပတ္ထမ္ဘေတိ။
ဣတရောပိ အမှာကံ အာစရိယော ဤဒိသော စ ဤဒိသော စာတိ
တဿ ပရိသတိ ဝဏ္ဏံ ဘာသတိ။ အယံ သာသနံ ဩသက္ကာပေတိ
အန္တရဓာပေတီတိ ဝေဒိတဗ္ဗော။ (အဋ္ဌကထာ)။

သစေ ပန လဇ္ဇီ ။ပ။ ဩသက္ကာပေတီတိ ဧတ္ထ ကေဝလံ
ပဂ္ဂဏှိတုကာမတာယေဝ န ဝဋ္ဋတိ။ ဓမ္မဿ ပန သာသနဿ စ
သောတူနဉ္စ အနုဂ္ဂဟတ္ထာယ ဝဋ္ဋတိ။ (ဋီကာ)။

အလဇ္ဇီ ပန ဗဟုဿုတမ္ပိ သင်္ဂဟံ ကာတုံ န ဝဋ္ဋတိ။ သော
ဟိ အလဇ္ဇီပရိသံ ဝဍ္ဎေန္တော လဇ္ဇီပရိသံ ဟာပေန္တော သတ္ထုသာသနံ
ဥဒ္ဓမ္မံ ဥဗ္ဗိနယံ ကရောတိ။ (ဝိမတိဝိနောဒနီဋီကာ)။

ဤသည်လျှင် အလဇ္ဇီဒုဿီလပုဂ္ဂိုလ်တို့အား လှူဒါန်းရာဝယ်
အကျိုးရသင့်, မရသင့်ကိုလည်းကောင်း၊ ပါရာဇိကသို့ မရောက်သေး
လျှင် ရဟန်းသံဃာပင် မည်သေးသည်ကိုလည်းကောင်း ပြဆိုဆုံးဖြတ်

ရာဝယ် ယထာရပုဟာသာမကေမူလောက်သော ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ ပါဠ်တို့တည်း။

သီလဝါ= သီလရှိသော သာသနာပ, သာသနာတွင်း လူရှင် ရဟန်းသည်။ ဒုဿီလေသု= သီလမရှိကုန်သော သာသနာပ, သာသနာတွင်း လူရှင်ရဟန်းတို့၌။ ကမ္မဖလံ= ဒါနကုသိုလ်ကံ၏ အကျိုးသည်။ ဥဠာရံ= ဖွံ့ဖြိုးများမြတ်၏ဟူ၍။ ကမ္မဖလံ= ဒါနကုသိုလ် ကံအကျိုးကို။ အဘိသဒ္ဒဟံ-အဘိသဒ္ဒဟန္တော= အလွန်ယုံကြည်သည် ဖြစ်၍။ သုပသန္နစိတ္တော= အလှူဝတ္ထု၏ပြည့်စုံခြင်းစသော အကြောင်း ကြောင့် အလွန်ဝမ်းမြောက်ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍။ ဒါနံ= အလှူကို။ ဒဒါတိ= လှူ၏။ သာ ဒက္ခိဏာ= ထိုအလှူပေးသူ သီလ ရှိသည်ဖြစ်၍ သီလမရှိသောပုဂ္ဂိုလ်တို့၌ ပေးလှူအပ်သောအလှူဒါန သည်။ ဒါယကတော= အလှူပေးသူ ဒါယကာကြောင့်။ ဝိသုဇ္ဈတိ= များသောအကျိုးရှိသည်၏အစွမ်းဖြင့် စင်ကြယ်၏။ (အကြွင်းကား အနက်လွယ်၏)။

ဤ၌ "သီလဝါတိ ဂိဟိသီလဝါ"စသည်ဖြင့်လည်းကောင်း၊ "ဒုဿီလေသူတိ သမဏဒုဿီလေသု"စသည်ဖြင့် အဋ္ဌကထာ၊ ဋီကာ တို့၌ အထူးမဖွင့်ဆိုခြင်းကြောင့်လည်းကောင်း၊ "ဧကဒေသဿ ဂဟဏေ အသတိ ဂဟေတဗ္ဗဿ နိပ္ပဒေသတာဝ ဝိညာယတိ" သဒ္ဒါကျမ်းဆရာတို့ ဆိုသည်၏အဖြစ်ကြောင့်လည်းကောင်း၊ သာသ- နာပ, သာသနာတွင်း နှစ်ရပ်လုံး၌ပင် အလှူခံပုဂ္ဂိုလ်ရှိသောကြောင့် လည်းကောင်း ဆိုအပ်ခဲ့ပြီးသော "ယော သီလဝါ ဒုဿီလေသု" ဟူသောပုဒ်၏ အတ္ထယောဇနာနယကို ပညာဝါပုဂ္ဂိုလ်တို့ သန္နိဋ္ဌာန်ကျ ဒုဟမရှိ သိအပ်ယုံကြည်အပ်၏။ ဤယောဇနာနည်းဖြင့် "ဒုဿီလေသု" ဟူသောပုဒ်၌ "လူဒုဿီလကိုသာ ယူအပ်၏၊ ရဟန်းဒုဿီလကို မယူအပ်"ဟု မှတ်ထင်ကြသောပုဂ္ဂိုလ်တို့၏ သံသယကို ကင်းရှင်း စေအပ်သတည်း။

ဤအကြောင်းသည် ပြဆိုလတ့်သော မိလိန္ဒပဥှာစကားဖြင့်လည်း အလွန်ထင်ရှားလတ့်၊ ဤဆိုလိမ့်သည်ကား ယင်းမိလိန္ဒပဥှာပါဌ်၏ အနက်အဓိပ္ပါယ်တည်း။ ကထံ-

မဟာရာဇ= မြတ်သောမင်းကြီး။ သမဏဒုဿီလော= ရဟန်းဒုဿီလသည်။ ဂိဟိဒုဿီလတော= လူဒုဿီလထက်။ ကတမေဟိ ဒသဟိ ကာရဏေဟိ= အဘယ်ဆယ်ပါးသောအကြောင်းတို့ကြောင့်။ ဥတ္တရိ= လွန်ကဲသည်ဖြစ်၍။ ဒက္ခိဏံ= ဒါယကာတို့၏အလှူကို။ ဝိသောဓေတိ= သုတ်သင်နိုင်သနည်း။ မဟာရာဇ= မြတ်သောမင်းကြီး။ သမဏဒုဿီလော= ရဟန်းဒုဿီလသည်။ အဝဏ္ဏကဝစဓာရဏ-တောပိ= ဓားလက်နက်တို့ဖြင့် မသတ်ထိုက်သော အရဟတ္တဓဇ ကာသာဝတည်းဟူသော ချပ်ဝတ်တန်ဆာကို ဆောင်တတ်သော ကြောင့်လည်း။ ဒက္ခိဏံ= ဒါယကာတို့၏အလှူကို။ ဝိသောဓေတိ= သုတ်သင်နိုင်၏။ ဣတိသမဏဘဏ္ဍလိင်္ဂဓာရဏတောပိ= ရသေ့ရဟန်းတို့၏ဘဏ္ဍာ, ရသေ့ရဟန်းတို့၏အသွင်ကို ဆောင်တတ်သောကြောင့်လည်း။ ဒက္ခိဏံ= ဒါယကာတို့၏အလှူကို။ ဝိသောဓေတိ= သုတ်သင်နိုင်၏။ သံဃသမယသမနုပဝိဋ္ဌတောပိ= သံဃာသာမညအဖြစ်ဖြင့် သံဃာတို့နှင့်တကွ ပေါင်းအပ်သည်၏အဖြစ်သို့ ဝင်ခြင်းကြောင့်လည်း။ ဒက္ခိဏံ= ကို။ ဝိသောဓေတိ= ၏။ ဗုဒ္ဓဓမ္မသံဃသရဏဂမနတောပိ= ဘုရား, တရား သံဃာတို့ကို ကိုးကွယ်ခြင်းသို့ ရောက်သောကြောင့်လည်း။ ဒက္ခိဏံ= ကို။ ဝိသောဓေတိ= ၏။ ပဓာနာတိသယနိကေတဝါသိတာယပိ= လွန်မြတ်သောကမ္မဋ္ဌာန်းဘာဝနာဖြင့် ပုန်းအောင်းနေထိုင်ရာ ကျောင်းသင်္ခမ်းတို့၌ နေလေ့ရှိသည်၏အဖြစ်ကြောင့်လည်း။ ဒက္ခိဏံ= ကို။ ဝိသောဓေတိ= ၏။ ဇိနသာသနဓရပရိယေသနတောပိ= ပရိယတ္တိဓမ္မစသော ဘုရားသခင်၏ အဆုံးအမတော်ကို သင်ကြား ရှာက်ဆောင်တတ်, ဆည်းပူးတတ်သောကြောင့်လည်း။ ဒက္ခိဏံ= ကို။ ဝိသောဓေတိ= ၏။ ဓမ္မဒီပဂတိပရာယဏတောပိ= မှီခိုရာ ကိုင်းကျွန်းသဖွယ် ဆီမီးသဖွယ် ဖြစ်သော ပရိယတ္တိဓမ္မစသော တရားသည်လျှင်လည်း-

လျှောင်းရာရှိသောကြောင့်လည်း။ ဒက္ခိဏံ= ကို။ ဝိသောဓေတိ= ၏။ ဗုဒ္ဓေါ= မြတ်စွာဘုရားသည်။ အဂ္ဂေါ= နတ်လူတို့ထက်မြတ်၏။ ဣတိ= ဤသို့။ ဧကန္တဥဇုဒိဋ္ဌိတောပိ= စင်စစ်ဖြောင့်မှန်သောအယူရှိသောကြောင့်လည်း။ ဒက္ခိဏံ= ကို။ ဝိသောဓေတိ= ၏။ ဥပေါသထသမာဒါနတောပိ= ရဟန်းကောင်းတို့နည်းတူ ဥပုသ်ယူတတ်ဆောက်တည်တတ်သောကြောင့်လည်း။ ဒက္ခိဏံ= ကို။ ဝိသောဓေတိ= ၏။ (ဤကား မိလိန္ဒပဥှာ ဂဏ္ဍိပဗ္ဗအနက်)။

ဤ၌ "ဒသဟိ ကာရဏေဟိ ဥတ္တရိ"ဆိုသော်လည်း ဆယ်ပါးသောအကြောင်း အားလုံးပြည့်စုံမှသာ မဟုတ်၊ ၎င်းဆယ်ပါးတို့တွင် တပါးပါးသောအကြောင်းကြောင့်ပင် လူဒုဿီလထက်သာလွန်၍ ရဟန်းဒုဿီလသည် ဒါယကာတို့၏ အလှူရေစက်ကို သုတ်သင်နိုင်၏-ဟူသော အနက်ကိုပြခြင်းငှာ "အဝဗ္ဗကာဝစဓာရဏတောပိ ဒက္ခိဏံ ဝိသောဓေတိ"စသည်ဖြင့် တပါးတပါးသောကာရဏ၏အဆုံး ၌ "ဝိသောဓေတိ"ကြိယာပုဒ် ချပ်၍ချပ်၍ အသီးအသီးပြဆိုသည်မှတ်၊ ၎င်းဆယ်ပါးသောအကြောင်း ဂုဏ်ရှိသည်ကို ရည်ရော်အောက်မေ့၍ လှူဒါန်းနိုင်မှသာ ဒက္ခိဏာကို သုတ်သင်နိုင်မည်။

ပုဂ္ဂိုလ်ဒြဗ်ကို လှူဒါန်းရာ၌ကား မသုတ်သင်နိုင်ရာဟူ၍လည်း ယုံမှားသံသယမရှိအပ်၊ အဘယ့်ကြောင့်နည်းဟူမူကား "အဝဗ္ဗကာဝစဓာရဏန္တိ သမနုဿရိတွာ ဒါတုံ သက္ကောန္တသ"စသည် မဆိုမူ၍ "အဝဗ္ဗကာဝစဓာရဏတော"စသည်ဖြင့် ဟိတ်၏အဖြစ်ဖြင့်သာ ဆိုခြင်းကြောင့်တည်း။

နောင်သာသနာတော်ကွယ်ပြီးသည့်နောက် လိင်္ဂသာသနာသို့ ရောက်သောအခါ ကာသာဝကဏ္ဍဒုဿီလကိုသာရည်၍ နာဂသိန်မထေရ် ဟောတော်မူလေသလော-ဟူ၍လည်း မတွေးတောအပ်၊ အဘယ့်ကြောင့်နည်းဟူမူကား "ဘဝိဿန္တိ ခေါ ပန မဟာရာဇ အနာဂတေ မဒ္ဒါနံ"စသည်ဖြင့် မဆိုမူ၍ "ဣဓ မဟာရာဇ သမဏဒုဿီလော"ဟု သာမညသာဆိုခြင်းကြောင့်တည်း။

ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်ကို လွန်ကျူးသော ပါရာဇိကမရောက်သေးသော ဒုသီတသီလသည်လည်း ဒုဿီလပုဂ္ဂိုလ်မည်၏ဟု ဝိမတိဋီကာလာသောကြောင့် ယင်းဒုဿီလကိုသာ ဤ၌လိုအပ်လေသလော၊ ပါရာဇိကဒုဿီလကို မလိုအပ်လေသလော-ဟူ၍လည်း တွေးတောယုံမှား မရှိအပ်၊ ပါရာဇိကဒုဿီလကိုပင် ဤ၌လိုအပ်လေသည်ဟု စင်စစ်သိအပ်၏။ အဘယ့်ကြောင့်နည်းဟူမူကား ဂုဏ်ဆယ်ပါးကို ပြရာ၌ "ဘိက္ခုသာမည ဥပဂတော"ဟူ၍ လာသည်ကိုလည်းကောင်း၊ "သမဏဘဏ္ဍလိင်ဓာရဏတော၊ ဗုဒ္ဓမမ္မသံဃသရဏဂမနတော" စသည်ဖြင့် ဆိုအပ်သောစကားအစဉ်ကို ထောက်ရှုသဖြင့်လည်း ကောင်း ပါရာဇိကဒုဿီလအဖြစ်၏ အလွန်သိသာထင်ရှားသည်၏ အဖြစ်ကြောင့်တည်း။

ဤဆယ်ပါးသောဂုဏ်အကြောင်းတို့ဖြင့် လူဒုဿီလထက် ရဟန်းဒုဿီလသည် ဒါယကာတို့၏အလှူဒါနကို သုတ်သင်နိုင်၏ ဆိုသော်လည်း မိမိဂုဏ်သတ္တိဖြင့်ပင် ဒါယကာတို့၏ဒါနကို မဟပ္ဖလ ဖြစ်အောင် သုတ်သင်နိုင်ရာသည်ဟူ၍လည်း မတွေးတောသင့်၊ အဘယ့်ကြောင့်နည်းဟူမူကား "ယော သီလဝါ ဒုဿီလေသု"အစရှိ သော ဒက္ခိဏဝိဘင်္ဂသုတ်ပါဠိ "ဒါယကတော ဝိသုဇ္ဈတိပက္ခ"ကို သာဓကဆောင်သောကြောင့်တည်း။

ထို့ကြောင့် ရဟန်းဒုဿီလသည် ဆယ်ပါးသောအကြောင်းဂုဏ်တို့ကြောင့် လူဒုဿီလထက် သာလွန်သည်ဖြစ်၍ ဒါယကာတို့၏ အလှူဒါနကို သုတ်သင်နိုင်၏ဟုဆိုသော်လည်း အလှူပေးသူဒါယကာက ကံ ကံ၏အကျိုးကို ယုံကြည်၍ ဝမ်းမြောက်ဝမ်းသာနေရာကျ လှူဒါန်းတတ်သော သီလဝါဒါယကာဖြစ်ပါမှလည်း အကျိုးမဟပ္ဖလ ဖြစ်နိုင်မည်မှတ်၊ အကယ်စင်စစ် အလှူပေးသူဒါယကာ သီလဝါဖြစ်၍ ကံ ကံ၏အကျိုးကို ယုံကြည်သဖြင့် ဝမ်းမြောက်ဝမ်းသာဖြူစင်စွာသော သဒ္ဓါစိတ်ဖြင့် လှူဒါန်းနိုင်လျှင်လည်း ပါရာဇိကကျ ရဟန်းဒုဿီလကိုပင် လှူသော်လည်း "ဒါယကတော ဝိသုဇ္ဈတိ"အရ အကျိုးမဟပ္ဖလ

ပင် ဖြစ်သေး၏။ ပါရာဇိကမကျသေးသော အလဇ္ဇီပုဂ္ဂိုလ်တို့၌ကား "ပဂေဝ"ဟု သန္နိဋ္ဌာန်ကျ မှတ်အပ်ပေ၏။

ယင်းသို့ဖြစ်သည်ရှိသော် ၎င်းရဟန်းအလဇ္ဇီဒုဿီလသည် ဒက္ခိဏာဝိဘင်္ဂသုတ်အလာ အလျှုခံပုဂ္ဂိုလ်တစ်ကျိပ်လေးယောက်တို့၌ အကျုံးဝင်နိုင်ပါမည်လောဟူ၍လည်း မတွေးတော၊ မယုံမှားအပ်။ ယခင် မိလိန္ဒပဥှာသာခကေပါဠိဖြင့် အန္တိမသမဏဒုဿီလ၏ ပုဂ္ဂလိက အလျှုခံပုဂ္ဂိုလ်အရာ၌ ဝင်သည့်အဖြစ်၊ ၎င်းသာခကေပါဠိကို ထောက် သဖြင့်လည်း ဒက္ခိဏာဝိသုဒ္ဓိလေးပါးအရာဝယ် လာသောဒုဿီလ၏ သမဏဒုဿီလလည်း ဖြစ်သင့်သည့်အဖြစ်၊ ယင်းသို့ဖြစ်သဖြင့်လည်း ယင်းစကားနှင့်တစပ်တည်းလာသော "စုဒ္ဒသ ခေါ ပနာနန္ဒ"စသော ဈေးဝါကျစကား၌လည်း အန္တိမသမဏဒုဿီလ၏ ပုဂ္ဂလိကအလျှုခံ ပုဂ္ဂိုလ်အရာ၌ ပါဝင်သင့်သည့်အဖြစ်၊ ၎င်းအန္တိမပုဂ္ဂိုလ်သည်ပင် အလျှုခံပုဂ္ဂိုလ်အရာ၌ ဝင်သင့်သောအကြောင်းကို ထောက်သဖြင့်လည်း အန္တိမသို့ မရောက်သေးသော ဂရုကာပန္န သီလဝိပတ္တိ, အာစာရ ဝိပတ္တိပုဂ္ဂိုလ်အပေါင်းသည်လည်း အလျှုခံတစ်ကျိပ်လေးတွင် ဝင်သင့်သည့် အဖြစ်ကို ဧကန်သိအပ်၏မှတ်လေ။

ယင်းသို့ ဖြစ်သည်ရှိသော် ၎င်းရဟန်းဒုဿီလသည် အလျှုခံ ပုဂ္ဂိုလ် တစ်ကျိပ်လေးယောက်တို့တွင် အဘယ်၌ ဝင်သင့်ပါသနည်း ဟူငြားအံ့။ နိဗ္ဗေဓဘာဂိယသရဏဂုံမျှရှိသေးသော ရဟန်းဒုဿီလ သည် "ဗုဒ္ဓမမ္မသံဃသရဏဂမနတောပိ ဒက္ခိဏံ ဝိသောဓေတိ"ဟူသော မိလိန္ဒ ပဥှာပါဠိဖြင့်ပင်လျှင် သောတာပတ္တိဖလသစ္ဆိကိရိယာယပဋိပန္နသရ ဏာဂံတဒုဿီလပုဂ္ဂိုလ်အဖြစ်၌ ဝင်သင့်သည်၏အဖြစ်သည် ထင်ရှားလေ ပြီမှတ်။

> "သောတာပတ္တိဖလသစ္ဆိကိရိယာယ ပဋိပန္နေဟိ ဧတ္ထ
> ဟေဋ္ဌိမကောဋိယာတိ သရဏဂတောပိ ဉပါသကော သောတာ
> ပတ္တိဖလသစ္ဆိကိရိယာယ ပဋိပန္နော နာမ"

ဟူသောဒက္ခိဏာဝိဘင်္ဂသုတ် အဋ္ဌကထာကိုလည်းကောင်း၊

"သရဏဂမနတော ဟိ ပဋ္ဌာယ သောတာပတ္တိဖလ-
သစ္ဆိကိရိယာယ ပဋိပန္နော နာမ"

ဟူသော မူလပဏ္ဏာသ အဋ္ဌကထာကိုလည်းကောင်း ထောက်သဖြင့်လည်း ယင်းသမဏုဒ္ဒေသီလ၏ သရဏဂုဏ်တပုဂ္ဂိုလ်တွင်း၌ သွင်းအပ်သည်၏အဖြစ်သည် သိသာထင်ရှား၏၊ ပါရာဇိကသို့ ရောက်ပြီးသည့်နောက် မိစ္ဆာဒိဋ္ဌိအဖြစ်သို့ မရောက်သရွေ့ကာလပတ်လုံး သရဏဂုံ မပျက်သင့်သေးသော ယုတ္တိကို ထောက်သဖြင့်လည်း ၎င်းအနက်သည် သိသာထင်ရှားသလျှင်ကတည်း။ အကယ်၍ ရဟန်းဒုဿီလသည် သရဏဂုဏ်တဒုဿီလ အလျှုခံပုဂ္ဂိုလ်အရာ၌ပင် မဝင်သင့်ဆိုချေသည် ရှိသော် "ဗုဒ္ဓမမ္မံဃသရဏဂမနတောပိ ဒက္ခိဏာ ဝိသောဓေတိ" ဟူသော ယခင်မိလိန္ဒပဥှာ ရဟန္တာစကားကို ပယ်ရှားရာရောက်ခဲ့တော့မည် ဧကန်မှတ်အပ်၏။

ဧဝံ ဟောတု= ပါရာဇိကမကျသေးသော ဘိက္ခုအလဇ္ဇီကို အဘယ်အလျှုခံပုဂ္ဂိုလ်အရာ၌ သွင်းအပ်သနည်းဟူငြားအံ့။

"ဥပသမ္ပန္နဘိက္ခုနော တတော ဥတ္တရိ၊ ဥပသမ္ပန္န-သေဝ
ဝတ္တသမ္ပန္နဿ ဘိက္ခုနော တတော ဥတ္တရိ"

ဟူ၍လာသော အဋ္ဌကထာပါဌ်တို့၌ ပါရာဇိကမရောက်သေးသောလဇ္ဇီ၊ အလဇ္ဇီရဟန်းဟူသမျှသည် ဝင်၏မှတ်၊ ထိုပါဌ်နှစ်ရပ်တို့တွင် "ဥပ-သမ္ပန္နဿ ဘိက္ခုနော"ဟူသော ရှေ့ပါဌ်ဖြင့် ဂေါဗလိဗဒ္ဒနည်းအားဖြင့် နောက် "ဥပသမ္ပန္နဿေဝ ဝတ္တသမ္ပန္နဿ"ပုဒ်၏အနက်ကို ချန်၍ ဝတ်နှင့်မပြည့်စုံသော ရဟန်းကိုသာ ယူအပ်၏။ ဝတ်နှင့်မပြည့်စုံသော ရဟန်းဟူကလည်း-

"ဝတ္တံ အပရိပူရေန္တော သီလမ္ပိ န ပရိပူရတိ"

ဟူသော ပါဠိတော်နှင့်အညီ စုဒ္ဒသခန္ဓကဝတ်၊ အသီတိမဟာဝတ်၊ ပါရိဝါသိကရဟန်းစသည်တို့ ဖြည့်ကျင့်အပ်သော အဋ္ဌာရသဝတ် စသည်တို့ကို ဖြည့်ကျင့်လေ့မရှိလျှင် ဤမှတစ်ပါးသော သိက္ခာပုဒ်တော်

တို့ကိုလည်း အလွန်ရှိသေစွာ ဖြည့်ကျင့်နိုင်တော့မည် မဟုတ်ရကား သီလနှင့်ပြည့်စုံတော့မည်မဟုတ်၊ ထို့ကြောင့် ယင်း "ဥပသမ္ပန္နဿ ဘိက္ခုနော"ဟူသော ရှေ့ပါဌ်ဖြင့် လဇ္ဇီသီလသမ္ပန္နမဟုတ်သော ပါရာ-ဇိကမရောက်သော ဘိက္ခုဟူသမျှကို ပြအပ်၏။ နောက် "ဥပ-သမ္ပန္နဿေဝ ဝတ္တသမ္ပန္နဿ"ဟူသောပါဌ်ဖြင့် စေတိယင်္ဂဏ, ဗောဓိယင်္ဂဏ-စသောဝတ်, စုဒ္ဒသခန္ဓကဝတ်, အသီတိမဟာဝတ်, အဋ္ဌာရသဝတ်-စသော ဝတ်ကြီးဝတ်ငယ်အသွယ်သွယ်တို့၌ အလေး ဂရုပြု၍ ဖြည့်ကျင့်လေ့ရှိသောပုဂ္ဂိုလ်ကို ယူအပ်၏။ ဤကဲ့သို့သော ဝတ်ကြီး,ဝတ်ငယ်တို့၌ အလေးတမူပြုလေ့ရှိသောသူ ဟူကလည်း ဤမှတပါးသော သိက္ခာပုဒ်တော်များကိုလည်း စင်စစ်အလေးပြုတော့ မည် ဧကန်ဖြစ်၍ ယင်း "သမ္ပန္နဿေဝ ဝတ္တသမ္ပန္နဿ"ဟူသော နောက်ပါဌ်ဖြင့် လဇ္ဇီသီလဝန္တ သိက္ခာကာမ ပုဂ္ဂလဝိသေသကို ပြ အပ်၏မှတ်။

ဤမျှလောက်သော စကားအစဉ်ဖြင့် အလှူပေးသော ဒါယကာသီလဝါဖြစ်၍ ကံ ကံ၏အကျိုးကို ယုံကြည်သဖြင့် စင်ကြယ် စွာသော စိတ်ထားနှင့် ဝမ်းမြောက်ဝမ်းသာလှူဒါန်းနိုင်လျှင် ပါရာဇိက ဒုဿီလကိုပင် လှူဒါန်းရာ၌လည်း "ဒါယကတော ဝိသုဇ္ဈတိ"အရ အကျိုးမဟပ္ဖလ၊ အလှူပေး, အလှူခံပုဂ္ဂိုလ် နှစ်ပါးလုံး ဒုဿီလဖြစ် လျှင် "ဥဘတော နော ဝိသုဇ္ဈတိ"အရ အကျိုးအဝိပုလ အပ္ပကသာ တည်းဟူသော အနက်ကို မိလိန္ဒပဉှာ, ဒက္ခိဏာဝိဘင်္ဂသုတ်ပါဠိတော် လာအတိုင်း ဆိုအပ်ဆုံးဖြတ်အပ်သတည်း။

ထိုမှတပါး ယင်းသို့သော အလဇ္ဇီဒုဿီလသည် ရဟန်း သံဃာမမည်၊ ထိုပုဂ္ဂိုလ်တို့၌ ကဲ့ရဲ့ပုတ်ခတ်ပြောဆိုသော်လည်း အပြစ် မရှိ မှတ်ထင်ကြသောသူတို့အား သနားချီးမြှောက်ခြင်းငှာ ဤဆိုလတ္တံ့ သည်ကား ယင်းဝိနိစ္ဆယတည်း။

ထိုပုဂ္ဂိုလ်တို့တွင် ပါရာဇိကရောက်ပြီးသော ပုဂ္ဂိုလ်တို့ကို လည်း အကြင်ရွှေ့လောက် မိမိ၏ရဟန်းအဖြစ်ကို ဝန်ခံခြင်းကို မစွန့်သေး၊ ထိုရွှေ့လောက် ရဟန်းသံဃာသာမန်အဖြစ်သို့ပင် သင်္ဂြိုဟ်

ရေတွက်အပ်၏။ ထိုပါရာဇိကဒုဿီလတို့၌ပင် သံဃာကို ရည်ညွှန်း၍ လျှုဒါန်းနိုင်သည့်အခါ သံဃဂတဒါနမြောက်သေး၏ဟူ၍ ဝိမတိ-ဝိနောဒနီဋီကာ၌ မိန့်အပ်၏။ ထိုစကားသည် မှန်၏။ ထိုဝိမတိ-ဝိနောဒနီဋီကာ၌-

"ဒုဿီလာ ဟိ လိင်္ဂဂဟဏတော ပဋ္ဌာယ ။ပ။ ယာဝ ဘိက္ခုပဋိညာ အနုဝတ္တတိ၊ တာဝ ဘိက္ခုယေဝ။ တေဟိ စ ပရိဘောဂေါ အလဇ္ဇိပရိဘောဂေါ၊ တေသဉ္စ ဘိက္ခုသံဃံ ဥဒ္ဒိဿ ဒါနံ သံဃဂတဒက္ခိဏာ နာမ"

ဟူ၍ မိန့်အပ်လေပြီ၊ ယခင် မိလိန္ဒပဉှာ၌လည်း-

"သမဏဒုဿီလော ဟိ မဟာရာဇ ဘိက္ခုသာမညံ ဥပဂတော"

ဟူ၍လည်းကောင်း၊

"သံဃသမယသမနုပဝိဋ္ဌတောပိ ဒက္ခိဏံ ဝိသော-ဓေတိ"

စသည်ဖြင့်လည်းကောင်း မိန့်အပ်လေပြီ။ ဤသို့လျှင် ပါရာဇိက ဒုဿီလပုဂ္ဂိုလ်ပင် သံဃာမှုချမမည်သော်လည်း ရဟန်းသမညသို့ လည်းကောင်း၊ သံဃာသာမညသို့လည်းကောင်း သွင်း၍ ရေတွက် အပ်သည်၏အဖြစ်ကို ကျမ်းခိုင်အမှန်ကို တိုက်ရိုက်လာသည်ကို ထောက်သဖြင့် ပါရာဇိကသို့ မရောက်သေးသော အလဇ္ဇီပုဂ္ဂိုလ် အပေါင်းသည်မူကား ဧကန္တရဟန်းစင်စစ် မည်သည်၏အဖြစ်၊ သံဃာ စင်စစ် မည်သည်၏အဖြစ်၊ ထိုအလဇ္ဇီသံဃာအပေါင်းသည် ပါရာ-ဇိကသို့ မရောက်မချင်း ချင်းတို့ချင်းစည်းဝေး၍ သိမ်သမုတ်ခြင်းအမှု, ပဝါရဏာခံခြင်းအမှု စသည်ကို ကောင်းစွာ ပြုစုဆောင်ရွက်ကြလျှင် ထို သိမသမ္မုတိ, ဥပသမ္ပဒကံစသည်တို့သည် ဧကန်အောင်မြင်ခြင်းသို့ ရောက်၏။

ဤမျှကလောက် သံဃကံကြီးတို့ကို ပြီးစီးအောင် ရွက်ဆောင်နိုင်သေးသော ပါရာဇိကသို့မရောက်သော ပုဂ္ဂိုလ်တို့ကို ထိုထိုကဲ့ရဲ့လိုသော စိတ်ထားနှင့် ဤအလဇ္ဇီပုဂ္ဂိုလ်များသည် ရဟန်းသံဃာမမည်၊ ဤပုဂ္ဂိုလ်တို့၌ ကံ ကံ၏အကျိုးကို ယုံကြည်၍ စင်ကြယ်စွာသော စိတ်ထားနှင့် လှူဒါန်းသော်လည်း ကုသိုလ်အကျိုးမရ၊ ၎င်းအလဇ္ဇီပုဂ္ဂိုလ်တို့အား ရှိခိုးဝပ်ချခြင်းကိုမျှ မပြုအပ်ဟု ပုတ်ခတ်ပြောဆိုထိုထိုဂရဟိတစကားဖြင့် ပြစ်မှားကြသောသူတို့သည် ပါရာဇိကသည်လေးပါး, နှစ်ဆယ့်လေးပါးထက် အလွန်ရှိသေးသကဲ့သို့ "စတ္တာရော ပါရာဇိကာ၊ စတုဝီသတိ ပါရာဇိကာ"ဟူသော ပါတိမောက်ပါဠိတော် အဋ္ဌကထာတို့ကို ပယ်ရှားဘိသည့်အလား ပါရာဇိကမရောက်သော ပုဂ္ဂိုလ်များကိုပင် ပါရာဇိကနှင့် စွပ်စွဲဘိသည့်အသွင် ရဟန်းသံဃာတော်တို့ကို ပြစ်မှားပုတ်ခတ်မိသဖြင့် သံသရာဝန် အလွန်လေးကြလိမ့်မည် ဧကန်အမှန်စင်စစ် မှတ်ကြရမည်။

> "အဋ္ဌဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတံ ဘိက္ခုံ အာကင်္ခမာနာ ဥပါသကာ အပ္ပသာဒံ ပဝေဒေယျုံ။ ကတမေဟိ အဋ္ဌဟိ။ ဂိဟီနံ အလာဘာယ ပရိသက္ကတိ၊ ဂိဟီနံ အနတ္ထာယ ပရိသက္ကတိ၊ ဂိဟီနံ အက္ကောသတိ ပရိဘာ-သတိ၊ ဂိဟီ ဂိဟီတိ ဘေဒေတိ၊ ဗုဒ္ဓဿ အဝဏ္ဏံ ဘာသတိ၊ ဓမ္မဿ အဝဏ္ဏံ ဘာသတိ၊ သံဃဿ အဝဏ္ဏံ ဘာသတိ၊ အဂေါစရေ စ နံ ပဿန္တိ၊ ကမေဟိ ။လ။ အပ္ပသာဒံ ပဝေဒေယျုံ။ အပ္ပသာဒံ ပဝေဒေန္တေန ပန အာသနာ န ဝုဋ္ဌာတဗ္ဗံ၊ န ဝန္ဒိတဗ္ဗံ၊ န အဥ္စလီ ကမ္မံ ကာတဗ္ဗံ၊ န ဒေယျဓမ္မော ဒါတဗ္ဗော"

ဟူသော အင်္ဂုတ္တရပါဠိ အဋ္ဌကထာလာသည့်အတိုင်း-

၁။ လူတို့အား လာဘ်မရအောင် အားထုတ်ခြင်း၊

၂။ အကျိုးစီးပွားပျက်စီးအောင် ပြုလုပ်ခြင်း၊

၃။ လူတို့အား ဆဲရေးခြင်း၊

၄။ လူနှင့်လူချင်း ကွဲပြားအောင် ပြုခြင်း၊

၅။ ဘုရားကျေးဇူးမဲ့ကို ဆိုခြင်း၊

၆။ တရားတော်ကျေးဇူးမဲ့ကို ဆိုခြင်း၊

၇။ သံဃာတော်ကျေးဇူးမဲ့ကို ဆိုခြင်း၊

၈။ ဝေသိယာ ဂေါစရ-စသော အဂေါစရတို့၌ သွားလာ ထင်မြင်ခြင်း-

ဟူသော အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော အလဇ္ဇီပုဂ္ဂိုလ်တို့အားသာ ဒါယကာတို့ ရှိမခိုးခြင်း, တစုံတခုလျှာဘွယ်ဝတ္ထုကို မလှူဒါန်းခြင်း စသော အပ္ပသာဒအမှုကို ပြုလိုလျှင်သာ ပြုထိုက်သည်ဟူ၍ ဟော တော်မူသည်၊ ယင်းသို့ ဟောတော်မူခြင်းသည်လည်း ပြစ်မှားလိုသောစိတ် မထင်၊ စင်ကြယ်သောစိတ်ထားနှင့် ပြုနိုင်မည့်အရာကိုရည်၍ ဟောတော်မူသည် မှတ်ကြရမည်၊ အဘယ့်ကြောင့်နည်းဟူမူကား ပြစ်မှားခြင်းဒေါသ အကုသိုလ်အရာကို ဘုရားရှင် တိုက်တွန်းခွင့်ပြုတော် မူမည်မဟုတ်သော ကြောင့်တည်း။

ထိုသို့ လူတို့အား လာဘ်မရအောင်အားထုတ်ခြင်း အစရှိသော အင်္ဂါရှစ်ပါးတို့နှင့် မပြည့်စုံသောပုဂ္ဂိုလ်ကို အလဇ္ဇီပုဂ္ဂိုလ်ကိုပင် ဖြစ်သော်လည်း ဆိုအပ်ခဲ့ပြီးသောနေရာမှ မထခြင်း, ရှိမခိုးခြင်းစသော အပ္ပသာဒအမှုကို ဒါယကာတို့က မပြုသင့်, မပြုထိုက်၊ နေရာမှထခြင်း, ရှိခိုးဝပ်ချခြင်းစသော ပသာဒအမှုကိုသာ စင်စစ် ပြုသင့် ပြုထိုက်၏၊ ထို့ကြောင့် ၎င်းအင်္ဂုတ္တိုရ်ပါဠိတော် သုတ္တပက္ခ၌-

"အဋ္ဌဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတံ ဘိက္ခုံ အာကင်္ခမာနာ ဥပါသကာ ပသာဒံ ပဝေဒေယျုံ။ န ဂိဟီနံ အလာဘာယ ပရိသက္ကတိ၊ န ဂိဟီနံ အနတ္ထာယ ပရိ- သက္ကတိ၊ န ဂိဟီနံ အက္ကောသတိ ပရိဘာသတိ၊ န ဂိဟီ ဂိဟီတိ ဘေဒေတိ၊ န ဗုဒ္ဓဿ အဝဏ္ဏံ ဘာသတိ၊ န

ဓမ္မဿ အဝဏ္ဏံ ဘာသတိ၊ န သံဃဿ အဝဏ္ဏံ ဘာသတိ၊ န စ အဂေါစရေ နံ့ ပဿန္တိ။ ဣမေဟိ ။လ။ ပဿာဒံ ပဝေဒေယျုံ။”

ဟူ၍ ဟောတော်မူသည်။

ထိုသို့ ပါရာဇိကမရောက်သေးသော အလဇ္ဇီပုဂ္ဂိုလ်တို့အား ဒါယကာလူတို့က အရိုအသေပြုထိုက်, ရှိခိုးထိုက်သေးသည်ကို မဆိုထားဘိ။ ရဟန်းချင်းပင်ဖြစ်သော်လည်း သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာပုဂ္ဂိုလ်တို့ပင်ဖြစ်သော်လည်း တန်နက်, တနာရီ စသည်ဖြင့် မိမိထက်သိက္ခာကြီးမူ ရှိခိုးခြင်းကို ပြုအပ်၏ဟု သိရာ၏။ အဘယ့်ကြောင့်နည်းဟူမူကား ရှိမခိုးထိုက်သော အဝန္ဒိယပုဂ္ဂိုလ်တို့၌ အလဇ္ဇီပုဂ္ဂိုလ်သာမန် မဝင်သည်၏အဖြစ်ကြောင့်တည်း။

ထိုစကားသည် မှန်၏။ ဥက္ခိတ္တကအလဇ္ဇီ, နာနာသံဝါသက အလဇ္ဇီ, ပရိဝါသ်မာနတ်ကျင့်ဆဲဖြစ်သော ဂရုကဋ္ဌစသော ပုဂ္ဂိုလ်တို့ကို သာလျှင် အဝန္ဒိယအဖြစ်၌ ထုတ်ဆိုအပ်ကုန်၏။ အလဇ္ဇီသာမန်ပုဂ္ဂိုလ်ကို အဝန္ဒိယပုဂ္ဂိုလ်အဖြစ်၌ မထုတ်ဆိုအပ်။ ထိုစကားသည် မှန်၏။ ဝါ- ထို့ကြောင့် ဟောတော်လော-

“ဒသိမေ ဘိက္ခဝေ အဝန္ဒိယာ။ ပုရေ ဥပသမ္ပန္နေန ပစ္ဆာ ဥပသမ္ပန္နော အဝန္ဒိယော၊ အနုပသမ္ပန္နော အဝန္ဒိယော၊ နာနာသံဝါသကော ဝုဍ္ဎတရော အဓမ္မဝါဒီ အဝန္ဒိယော၊ မာတုဂါမော အဝန္ဒိယော၊ ပဏ္ဍကော အဝန္ဒိယော၊ ပါရိဝါသိကော အဝန္ဒိယော၊ မူလာယ ပဋိကဿနာရဟော အဝန္ဒိယော၊ မာနတ္တာရဟော အဝန္ဒိယော၊ မာနတ္တစာရော အဝန္ဒိယော၊ အဗ္ဘာနာရဟော အဝန္ဒိယော။ ဣမေ ခေါ ဘိက္ခဝေ ဒသ အဝန္ဒိယာ”

စသည်ဖြင့်သာ ဟောတော်မူအပ်ပြီ။ “အလဇ္ဇီ အဝန္ဒိယော”ဟူ၍ကား ဟောတော်မမူအပ်။ ထို့ကြောင့် အန္တိမသို့ မရောက်သေးသော ပုဂ္ဂိုလ်များကို အလဇ္ဇီပုဂ္ဂိုလ်ပင်ဖြစ်သော်လည်း သီတင်းငယ်ဖြစ်သော

ရဟန္တာအရှင်က တနေ့တရက် တန်နက် တနာရီမျှ အလဇ္ဇီအောက် ငယ်လျှင် ထိုရဟန္တာအရှင်ကပင် ရှိခိုးရသေး၏။ ပုထုဇဉ်ဖြစ်ကြသူ ရှင် လူ ရဟန်းတို့ကမူကား ပဂေဝ။ ရှိခိုးကောင်းသည်သာတည်းဟု မှတ်အပ်၏။

ထိုအလဇ္ဇီပုဂ္ဂိုလ်တို့အား အလဇ္ဇီပဂ္ဂဟစိတ်မထင် စင်ကြယ် သောစိတ်ထားနှင့် မဂ်ဖိုလ်နိဗ္ဗာန်ကို လိုလားတောင့်တ၍ ရှိခိုးဝပ်ချ အဥ္စလီကမ္မကို ပြုထိုက်သည် စင်စစ်ဖြစ်၏ဟူ၍မှတ်။ ထိုစကားသည် မှန်၏။ ထိုပါရာဇိကသို့ မရောက်အောင် အားထုတ်၍ ကျင့်ဆောင် ခြင်းအကျင့်သည် ထင်ရှားတည်သရွေ့ ကာလပတ်လုံး ပဋိပတ္တိ သာသနာတော် ကွယ်သည်မမည်သေးဟု အဋ္ဌကထာ၌ဆိုသောကြောင့် ယင်းပဋိပတ္တိရှိသော ပုဂ္ဂိုလ်တို့အား ရှိခိုးပူဇော်သောသူတို့မှာ အကျိုး နိရတ္ထက မဖြစ်သင့်သည်ကို သိအပ်၏။ ထို့ကြောင့် အင်္ဂုတ္တိုရ် အဋ္ဌကထာ၌-

"ပဋိပတ္တိအန္တရဓာနံ နာမ ဈာနဝိပဿနာမဂ္ဂဖလာနိ နိဗ္ဗတ္တေတုံ အသက္ကောန္တော စတုပါရိသုဒ္ဓိသီလမတ္တံ ရက္ခန္တိ ။ လ။ က္ကဒံ ပဋိပတ္တိအန္တရဓာနံ နာမ" ဟု မိန့်အပ်ပြီ။

ပဋိပတ္တိအန္တရဓာနံ နာမ= ပဋိပတ္တိသာသနာတော်ကွယ်ခြင်း မည်သည်ကား။ ဈာနဝိပဿနာမဂ္ဂဖလာနိ= ဈာန်, ဝိပဿနာ, မဂ်, ဖိုလ်တို့ကို။ နိဗ္ဗတ္တေတုံ= ဖြစ်စေခြင်းငှာ။ အသက္ကောန္တော= မတတ် နိုင်ကြကုန်သော။ ဘိက္ခူ= ရဟန်းတို့သည်။ စတုပါရိသုဒ္ဓိသီလမတ္တံ= စတုပါရိသုဒ္ဓိသီလမျှကို။ ရက္ခန္တိ= စောင့်ရှောက်ကြကုန်၏။ ကာလေ= ကာလသည်။ ဂစ္ဆန္တေ= ရွေ့လျောဆုတ်သွားသည်ရှိသော်။ သီလံ= သီလကို။ ပရိပုဏ္ဏံ= ပြည့်စုံသည်ကို။ ကတွာ= ပြု၍။ ပဓာနဠ= ကမ္မဋ္ဌာန်းကိုလည်း။ အနုယုဥ္ဇမာနာပိ= အားထုတ်ကြကုန်သော်လည်း။ မဂ္ဂံ ဝါ= မဂ်ကိုလည်းကောင်း။ ဖလံ ဝါ= ဖိုလ်ကိုလည်းကောင်း။ သစ္ဆိကာတုံ= မျက်မှောက်ပြုခြင်းငှာ။ အသမတ္ထာ= မစွမ်းနိုင်ကြကုန် သည်ဖြစ်၍။ ဒါနိ-က္ကဒါနိ= ယခုအခါ၌။ အရိယဓမ္မပ္ပတိဝေဓော=

မြတ်သောအရိယာမဂ်ဖိုလ်တရားကို ထိုးထွင်း၍ သိနိုင်ခြင်း ရနိုင်ခြင်းသည်။ နတ္ထိ= မရှိပြီ။ ဣတိ= ဤသို့။ ဝါဒိနံ= ဝန်ချခြင်းသို့။ အာပဇ္ဇိတွာ= ရောက်၍။ ကောသဇ္ဇဗဟုလာ= ပျင်းရိခြင်းများကုန်သည်ဖြစ်၍။ အညေ= တစ်ပါးကုန်သော အလဇ္ဇီပုဂ္ဂိုလ်တို့ကို။ န စောဒေန္တိ= မစောဒနာကြကုန်။ န သာရေန္တိ= သတိမပေးကြကုန်။ အကုက္ကုစ္စကာ= ကုက္ကုစ္စကင်း ပေါ့ဖျင်းကြကုန်သည်။ ဟောန္တိ= ဖြစ် ကုန်၏။ တတော= ထိုမှ။ ပဋ္ဌာယ= စ၍။ ခုဒ္ဒနုခုဒ္ဒကာနိ= ငယ်ငယ် နှောင်းနှောင်းသော သိက္ခာပုဒ်တို့ကို။ မဒ္ဒန္တိ= ကျော်နင်းကုန်၏။ ကာလေ= ကာလသည်။ ဂစ္ဆန္တေ= သွားပြန်သည်ရှိသော်။ ပါစိတ္တိ-ယာနိ= ပါစိတ်အာပတ်တို့သို့လည်းကောင်း။ ထုလ္လစ္စယာနိ= ထုလ္လစ္စည်းအာပတ်တို့သို့လည်းကောင်း။ အာပဇ္ဇန္တိ= ရောက်ကုန်၏။ တတော= ထိုမှနောက်၌။ ဂရုကာပတ္တိံ= သံဃာဒိသိသ်အာပတ်သို့။ အာပဇ္ဇန္တိ= ကုန်၏။ ပါရာဇိကမတ္တမေဝ= ပါရာဇိကလေးပါးမျှသည်သာလျှင်။ တိဋ္ဌတိ= ၏။ စတ္တာရိ= လေးပါးကုန်သော။ ပါရာဇိကာနိ= တို့ကို။ ရက္ခန္တာနံ= စောင့်ရှောက်ကုန်သော ရဟန်းတို့၏။ သတေပိ= အရာသည်လည်းကောင်း။ သဟဿေပိ= အထောင်သည်လည်းကောင်း။ ဓရမာနေ= ထင်ရှားရှိသေးသည်ရှိသော်။ ပဋိပတ္တိအန္တရဓာနံ နာမ= ပဋိပတ္တိသာသနာတော်၏ ကွယ်ပျောက်ခြင်းမည်သည်။ န ဟောတိ= မဖြစ်သေး။ ပစ္ဆိမကဿ= နောက်ဆုံးဖြစ်သော။ ဘိက္ခုနော= ပါရာ-ဇိကလေးပါးမျှရှိသော ရဟန်း၏။ သီလဘေဒေန ဝါ= ပါရာဇိကသို့ ရောက် သီလကျိုးပေါက်ပျက်စီးခြင်းဖြင့်လည်းကောင်း။ ဇီဝိတက္ခယေန ဝါ= အသက်ကုန်သဖြင့်လည်းကောင်း။ အန္တရဟိတာ= ပဋိပတ္တိအကျင့် ကွယ်လေသည်။ ဟောတိ= ၏။ ဣတိ-ဣဒံ= ဤပါရာဇိကလေးပါး အကျင့်မျှမရှိသည်တိုင်အောင် ကွယ်ပျောက်ခြင်းသည်။ ပဋိပတ္တိအန္တရဓာနံ နာမ= အလုံးစုံပဋိပတ္တိသာသနာကွယ်သည်မည်၏။ (ဤကား အနက်)။

ဤမျှလောက်သော စကားအစဉ်ကား အလဇ္ဇီဒုဿီလတို့ကို လျှုဒါန်းရာ၌ အလှူပေး ဒါယကာက သီလနှင့်ပင်ပြည့်စုံ၍ ယော-

နိသောစိတ်ထားနှင့် မင်္ဂဖိုလ်နိဗ္ဗာန်ကို လိုလားတောင့်တ၍ လျှပါသော်လည်း ကုသိုလ်မရ၊ ထိုအလဇ္ဇီပုဂ္ဂိုလ်တို့သည် ရဟန်းသံဃာသည် မမည်။ ထိုပုဂ္ဂိုလ်တို့အား လူတို့ကပင် ရှိခိုးဝပ်ချ သာမိစိကမ္မကို ပြုခြင်းငှာ မထိုက်မူ၍ ယူမှားပုတ်ခတ်မှားသဖြင့် အပါယ်လားလတ္တံ့သည့်သတ္တဝါတို့အား သာသနာချီးမြှောက်ခြင်းကို အရင်းပြုသဖြင့် ဤမျှလောက်စဉ် ပါရာဇိကလေးပါးပင် ရဟန်းတော်တို့၌ ထင်ရှားရှိသော်လည်း ပဋိပတ္တိသာသနာ အလုံးစုံကွယ်သည်မမည် သေး။ ထိုပါရာဇိကမကျသေးသော ပုဂ္ဂိုလ်အပေါင်းသည် အလဇ္ဇီပုဂ္ဂိုလ်ပင်ဖြစ်သော်လည်း သိမ်သမုတ် သိမာသမ္မုတိကံ၊ ရဟန်းခံခြင်း ဥပသမ္ပဒကံ၊ ကထိန်ခံခြင်း ကထိနကံ၊ ပရိဝါသ်မာနတ်အဗ္ဘနကံ စသော သံဃကံတို့ကို မိမိတို့အလဇ္ဇီပုဂ္ဂိုလ်တို့ချည်းပင် ကမ္မဝါစာ ပီပြင်စွာနှင့် ကောင်းစွာ ရွတ်တတ်ရွက်ဆောင် ထိုက်ရွက်ဆောင်နိုင်သော သံဃာတော်စင်စစ်ပင် ဖြစ်ပေသေးသည်ဟု သဒ္ဓါပသန္နစိတ်ကို ဖြစ်ပွားစေသဖြင့် ထိုအလဇ္ဇီ မသူတော်ပုဂ္ဂိုလ်တို့ကို တွေ့မြင်ရာ၌ ဒေါမနဿအကုသိုလ်တရား မနှိပ်စက်စေရ ကုသိုလ်တရားရအောင်သာ နှလုံးထားကြနိုင်စေခြင်းငှာ ပါဠိ အဋ္ဌကထာဋီကာလာတိုင်း ပြဆိုအပ်သော စကားအစဉ်မျှသာ ဖြစ်သည်။

ဤစကားအစဉ်ကို ကြား၍ သိက္ခာပုဒ်တော်များကို လေးစားမမူ အလဇ္ဇီမသူတော်သဘော ဝင်နှောနှိပ်စက်အပ်သော ပုဂ္ဂိုလ်တို့ကလည်း ယင်းစကားကို လေသအမြွက်ထောင်သဖြင့် သာသနာတော်ဘောင်၌ ပါရာဇိကမကျအောင် နေနိုင်ရုံမျှနှင့်ပင် အလဇ္ဇီအကျင့်ကို အလိုရှိတိုင်း ကျင့်သော်လည်း မိမိတို့ကိုယ်ကို အပါယ်ဘယဘေး လှုလှုကင်းလွတ်နိုင်ကြမည်ဟု မမှတ်သင့်။ အဘယ့်ကြောင့်နည်းဟူမူကား ကဿပရှင်တော်ဘုရား လက်ထက်တော်၌ အလဇ္ဇီပါပဓမ္မဖြင့် နေထိုင်ကြသော ရဟန်းတို့ သေသည်မှနောက် ငရဲ၊ ပြိတ္တာဘုံသို့ ရောက်လေသည့်အရာများဝယ်-

"ဧတေ ခေါ ဘိက္ခဝေ ကဿပဿ ဘဂဝတော သာသနေ ပါပဘိက္ခူ"

ဟူ၍လာသော "ပါပဘိက္ခူ"ဟူသည်၌ ပါရာဇိကမရောက်သေးပဲ ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်ကိုသာ လွန်ကျူးကျော်နင်းကြသော ရဟန်းတို့ကိုသာ လိုအပ်ကုန်၏ဟု အဋ္ဌကထာ၌လာသောကြောင့်တည်း။ ထိုစကားသည် မှန်၏။ ထိုအဋ္ဌကထာ၌-

"ပါပဘိက္ခူတိ ဧတ္ထ အညေသု ဌာနေသု မူလစ္ဆိန္နော ပါရာဇိကပ္ပတ္တော ပါပဘိက္ခူတိ ဝုစ္စတိ။ ဣဓ ပန ပါရာ-ဇိကံ အနာပန္နာပိ ခုဒ္ဒါနုခုဒ္ဒကသိက္ခပဒါနိ ဝီတိက္ကမိတွာ ဝိစရန္တာယေဝ ပါပဘိက္ခူတိ အဓိပ္ပေတာ"

ဟူ၍ မိန့်အပ်ပြီ။

ထိုအလဇ္ဇီပါပပုဂ္ဂလတို့အား ဆည်းကပ်မှီဝဲကိုးကွယ်မိသော လူရှင် ရဟန်းတို့ကိုလည်း ဧကန်မုချ သဂ္ဂ,မောက္ခ နိဗ္ဗာန်လမ်းဝဖြောင့်မတ်လှပြီဟူ၍လည်း မမှတ်အပ်ကုန်။ အဘယ့်ကြောင့်နည်းဟူမူကား ငါတို့ဘုရားလက်ထက်တော်အခါ ရှင်ဒေဝဒတ်ကို ကိုးကွယ်ဆည်းကပ် အတုလိုက်၍ ကျင့်မိတတ်ကြကုန်သော လူ ရှင် ရဟန်းတို့ကဲ့သို့လည်းကောင်း၊ ကဿပဘုရားရှင်လက်ထက်တော်၌ သူတော်ကောင်းတို့၏ ဂုဏ်ကျေးဇူးတို့ကို ချေဖျက်ပြောဆို ထိုထိုအလဇ္ဇီအမှုကို ပြုကျင့်တတ်သော ကပိလမည်သောရဟန်းကို ကိုးကွယ်ဆည်းကပ်အတုလိုက်၍ပြုကျင့်တတ်ကုန်သော ရှင် လူ ရဟန်းတို့ကဲ့သို့လည်းကောင်း၊ ထိုအလဇ္ဇီပါပပုဂ္ဂလတို့ထံ အဓမ္မဝါဒ, အသဒ္ဓမ္မဝဏ္ဏကိုကြားနာရဖန်များသဖြင့် မသူတော်စိတ်ဝင်စား၍ ဒိဋ္ဌာနုဂတိအတိုင်းကျင့်မိလိုက်မိမှားသည်ဖြစ်၍ မသူတော်တို့ကို မြှောက်စား၊ သူတော်စင်ရှင် လူ ရဟန်းများကို ပြစ်မှားခြင်းအစရှိသော မကောင်းမှုအကုသိုလ်တရား တိုးပွား၍ အပါယ်လားခြင်းအကြောင်း ဖြစ်သောကြောင့် တည်း။ ထို့ကြောင့် အဋ္ဌကထာ၌-

"ယေ ခေါ ပနဿ ဒိဋ္ဌာနုဂတိံ အာပဇ္ဇန္တိ၊ တေသံ ဒီဃရတ္တံ
အဟိတာယ ဒုက္ခာယ ဟောတိ ဒုက္ခသမ္ဘဝေါ"

ဟူ၍ အဋ္ဌကထာဆရာ မိန့်အပ်သတည်း။ ထို့ကြောင့်-

"န ဘဇေ ပါပကေ မိတ္တေ၊ န ဘဇေ ပုရိသာဓမေ။
ဘဇေထ မိတ္တေ ကလျာဏေ၊ ဘဇေထ ပုရိသုတ္တမေ။"

ဓမ္မပဒပါဠိတော်လာတိုင်း " အသေဝနာ စ ဗာလာနံ"ပုဒ်အရ ဗာလအဖြစ်၌တည်သော မိမိတို့သာလျှင် သီလသိက္ခာကို စင်ကြယ်စွာ မကျင့်ဆောင်နိုင်သည်သာမက မိမိတို့ထံ ဆည်းကပ်ကိုးကွယ်လာသော တပည့်ရှင် လူ ရဟန်းတို့အားလည်း ဉာဏ်မျက်စိမှောက်မှားလေအောင် ဝိနည်းသိက္ခာပုဒ်ကို လူတို့အား ရဟန်းတို့က မပြောကြားကောင်း၊ ၎င်းလူတို့လည်း အလဇ္ဇိဓမ္မနှင့်စပ်သော ဝိနည်းတရားများကို မလေ့လာမသင်ကြား၊ မမှတ်သားကောင်းစသည်ဖြင့်လည်းကောင်း၊ ရဟန်းတို့ အကြောင်းမဲ့ နေလွှဲကွမ်းစား ဆေးဝါး ဆေးသောက် အဖျော်ရည်သောက်ခြင်း၊ မြို့တွင်း ရွာတွင်း ထီး ဘိနပ်စီးဆောင်းခြင်း၊ နန္ဒင်းဆိုး ပေါက်ပွင့်ဆိုး ပိုး ပိတ်နီ သက္ကလပ်စသောမအပ်သောဆိုးရည်ရှိသော အဝတ်သင်္ကန်းကို ဝတ်ရုံခြင်း၊ ကင်းသန်းကျောက်ကုန်းကဲ့သို့ အသံနီ အသံနက်တပ်သော ဘိနပ်ကို စီးခြင်း၊ ခွင့်ပြုတော်မမူအပ်သော အနနုညာတ ဒါယကာတို့အား သစ်သီးပေးခြင်း၊ ဆေးကွမ်းတည်ခြင်း၊ ထမင်းကျွေးခြင်း လူတို့ချင်းကဲ့သို့ လောကဝတ်ပျူငှာခြင်း၊ လူတို့ချင်းကဲ့သို့ မစင်ကြယ်သော လောကဝတ်စိတ်ထားနှင့် ဒါယကာတို့အား ပိယဝါစာပြောဆိုခြင်း၊ မစင်ကြယ်သောစိတ်ထားနှင့် ဒါယကာတို့အကြိုက် အလိုလိုက်၍ မုဂ္ဂသူပျတာစကားကို ပြောဆိုခြင်း၊ ဒါယကာတို့အောက် မိမိကိုယ်ကို နှိမ့်ချ၍ရှိသေသမှု စာဋုကမျတာစကားကို ပြောဆိုခြင်း၊ ဒါယကာတို့၏ သားငယ်များကို နို့ထိမ်းပမာ ချီသာသောစကားနှင့် ခေါင်ငင်ဘက်ပိုက်ချီပိုးချော့မော့ခြင်းဟုဆိုအပ်သော ပါရိဘဋျတာမိစ္ဆာဇီဝအမှုကို ပြုကျင့်

လွှန်ကျူးခြင်း၊ ဘုရားရှင်လက်ထက်တော်အခါ ကီဋာဂိရိဇနပုဒ်တွင် ဆဗ္ဗဂ္ဂီရှင်သူယုတ်တို့ကဲ့သို့ မိမိတို့ကျောင်းတိုက်အရံထဲ၌ မာတုဂါမ သူငယ် ကချေသည် ရုပ်သေးသမားစသည်တို့နှင့် ရောပြွမ်း၍ ပွဲလမ်း သဘင် ပျော်ရွှင်မြူးတူးစေခြင်းစသော ပါပဓမ္မ ပါပသမာစာရအမှု တို့ကို မိမိတို့ ပြုကျင့်လွှန်ကျူးရုံမျှသာမက ၎င်းအမှုများသည် ဝိနည်း တပ်၍ အပ်အောင်ပြုလျှင် ပြုအပ်သည်သာတည်းဟု လေသအမြွက် ရှာကြံ၍ ဓမ္မကို အဓမ္မ, ဝိနယကို အဝိနယ, အဓမ္မဝါဒပြသဟော ကြားခြင်း ယင်းသို့သော ပါပဓမ္မများကို စောင့်စည်းရှောင်ကြဉ်၍ နေလေ့ရှိသော သူတော်စင် သီလဝန္တပုဂ္ဂိုလ်တို့ကိုလည်း မိမိတို့ထံ ဆည်းကပ်လာသော ဒါယကာတို့ အထင်မှား၍ သဒ္ဓါတရားပျက်ပြား အောင် ကြံဆောင်ပြောဆိုခြင်းစသော ပါပသမာစာရတို့နှင့် ရောပြွမ်း သော အဓမ္မဝါဒီ အလဇ္ဇီဒုဿီလ ပါပပုဂ္ဂိုလ်တို့အား ပဂ္ဂဟာစိတ်မထင် စင်ကြယ်သောစိတ်ထားနှင့် မဂ် ဖိုလ် နိဗ္ဗာန်ကို လိုလား၍ လှူဒါန်း နိုင်သောကြောင့် ဒက္ခိဏာဝိသုဒ္ဓိပင်ဖြစ်သော်လည်း ထိုသို့သော အဓမ္မ ဝါဒီ အလဇ္ဇီပါပပုဂ္ဂလတို့ကို အမြတ်တနိုး ကိုးကွယ်ဆည်းကပ်ခြင်း ၌ စင်စစ်မပြုသင့်, မပြုထိုက်သည့်အဖြစ်ကို "န ဘဇေ ပါပကေ မိတ္တေ"စသော ပါဠိတော်ဖြင့်ပင် အထင်အရှားသိသာလှပြီ။

ယင်းသို့သော အဓမ္မဝါဒီအလဇ္ဇီပုဂ္ဂိုလ်ယုတ်မှန်လျှင် လှူဒါန်း သူဒါယကာတို့ စင်ကြယ်သောစိတ်ထားနှင့် နိဗ္ဗာန်တရားကို လိုလား ၍ လှူဒါန်းရာဝယ် အကယ်စင်စစ် ကုသိုလ်တရားဖြစ်ပွားစေကာ ယင်းသို့သော အဓမ္မဝါဒီပုဂ္ဂိုလ်တို့အား ချီးမြှောက်ခြင်း၌ မသင့်မလျော်၊ အဘယ့်ကြောင့်နည်းဟူမူကား ထိုအဓမ္မဝါဒီအလဇ္ဇီပါပပုဂ္ဂလ တို့အား ချီးမြှောက်ခြင်း၌ သီလဝန္တပုဂ္ဂိုလ်အရှင်မြတ်တို့အား ချီးမြှောက် လှူဒါန်းရသည်လောက် အကျိုးမဟာဖွလမဖြစ်သောကြောင့်လည်း ကောင်း၊ အဓမ္မဝါဒီအလဇ္ဇီပုဂ္ဂိုလ်တို့သည်လည်း ထိုဒါယကာတို့၏ ထောက်ပံ့ချီးမြှင့်ခြင်းကို စွဲ၍ အလဇ္ဇီသဘောကို ပွားစေလျက် လဇ္ဇီ သူတော်ကောင်းပရိသတ်ကို ချိုးဖွဲ့နှိပ်နင်း၍ သာသနာတော်ကို ဆုတ်

ယုတ်ကွယ်ပျောက်ခြင်းသို့ ရောက်စေနိုင်သောကြောင့်လည်းကောင်း တည်း။ ထို့ကြောင့် မဟုတ်လော။ ဝိမတိဝိနောဒနီဋီကာ၌-

"အလဇ္ဇိမ္ပန ဗဟုဿုတမ္ပိ သင်္ဂဟံ ကာတုံ န ဝဋ္ဋတိ၊ သော ဟိ အလဇ္ဇိပရိသံ ဝဍ္ဎေတွာ လဇ္ဇိပရိသံ ဟာပေန္တော သတ္ထုသာသနံ ဥဒ္ဒမ္မံ ဥဗ္ဗိနယံ ကရောတိ"

ဟု မိန့်အပ်ပြီ။ ၎င်းဋီကာပါဌ်၌လည်း ရဟန်းတို့ချင်းချင်း အလဇ္ဇီရဟန်းတို့အား မချီးမြှောက်မထောက်ပံ့သင့်သည်ကို လာရင်းဖြစ်သော်လည်း အဝုတ္တသိဒ္ဓိသာမတ္ထိယအားဖြင့်လည်းကောင်း၊ လက္ခဏာဟာရနေတ္တိနည်းအားဖြင့်လည်းကောင်း ဒါယကာလူတို့ကလည်း အလဇ္ဇီရဟန်းတို့ကို အားပေးအားမြှောက်မပြု မပြုအပ်, မပြုထိုက်သည်ကိုလည်း သွင်း၍ယူအပ်၏ မှတ်လေ။ ဤအရာဝယ် ချီးမြှောက်မိသော ပဏ္ဍိတရဟန်း, ဒါယကာတို့မှာ အလဇ္ဇီပဂ္ဂဟစိတ်မထင် စင်ကြယ်သောစိတ်ထားနှင့် လှူဒါန်းချီးမြှောက်နိုင်သည့်အခါ အကုသိုလ်ဖြစ်မည်ကို မဆိုထားဘိ၊ ကုသိုလ်တရားပင် ဖြစ်ပွားစရာရှိသေးပါလျက် "န ဝဋ္ဋတိ"ဟု ဋီကာဆရာဆိုခြင်းသည် သမင် သားငါးတို့ကို ကိုက်စားတတ်သော သစ်ကျားရဲအား သနားသောစိတ်ဖြင့် အစာဝအောင် ကျွေးဘိသည့်ပမာ သာသနာတော်ကို ဖျက်တတ်သော အဓမ္မဝါဒီ အလဇ္ဇီပုဂ္ဂိုလ်တို့ကို အားမပေးသော်လည်း အားပေးရာရောက်သောကြောင့် မလျော်မလျောက်ပတ်၍သာ ဆိုသည်၊ ချီးမြှောက်သူရဟန်း ဒါယကာတို့မှာမူကား အလဇ္ဇီပဂ္ဂဟစိတ်ထားနှင့် အားပေးချီးမြှောက်မိမှသာလျှင် အကုသိုလ်ပက္ခသို့ ဝင်သည်မှတ်။ ထို့ကြောင့်-

"သစေ ပန အလဇ္ဇီ ။ပ။ သာသနံ ဩသက္ကာပေတီတိ ဇာနိတွာ ကေဝလံ ပဂ္ဂဏှိတုကာမတာယေဝ န ဝဋ္ဋတိ။ ဓမ္မဿ ပန သာသနဿ သောတူနဉ္စ အနုဂ္ဂဟတ္ထာယ ဝဋ္ဋတိ"

ဟု ဝိနည်းဋီကာတို့၌ မိန့်အပ်ပြီ။ ထိုသို့ အလဇ္ဇီပဂ္ဂဟစိတ်မထင် စင်ကြယ်သည့်စိတ်နှင့် လှူဒါန်းရာ၌ ကုသိုလ်တရားဖြစ်ပွားသည်ဆို

သော်လည်း သီလဝန္တတို့၌ လှူဒါန်းရသကဲ့သို့ ကုသိုလ်အကျိုး မများနိုင်သည်သာ ဖြစ်၏။ ထို့ကြောင့် မြတ်စွာဘုရားသခင်သည် လှူဒါန်းသူ ဒါယကာတို့အား အထူးအကျိုးများစေခြင်းငှာ-

"ဝိစေယျ ဒါနံ ဒါတဗ္ဗံ၊ ယတ္ထ ဒိန္နံ မဟပ္ဖလံ။
ဝိစေယျ ဒါနံ ဒတွာန၊ သဂ္ဂံ ဂစ္ဆန္တိ ဒါယကာ။"

ဟူ၍လည်းကောင်း၊

"ဝိစေယျ ဒါနံ သုဂတပ္ပသဋ္ဌံ၊
ယေ ဒက္ခိဏေယျာ ဣဓ ဇီဝလောကေ။
ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ၊
ဗီဇာနိ ဝုတ္တာနိ ယထာ သုခေတ္တေ။"

ဟူ၍လည်းကောင်း၊

"သီလဝတော ခေါ မဟာရာဇ ဒိန္နံ မဟပ္ဖလံ၊ နော ဒုဿီလဿ"

ဟူ၍လည်းကောင်း ဟောတော်မူအပ်ပြီ။ (သံယုတ်ပါဠိတော်)။

ဤ၌ ကောင်းနိုးရာရာ အလှူဝတ္ထုကိုလည်းကောင်း, သီလရှိရာ အကျိုးများရာ ပုဂ္ဂိုလ်တို့ကိုလည်းကောင်း ရွေးချယ်၍လှူဒါန်းခြင်း ၂-ပါးသည် ဝိစေယျဒါနမည်၏မှတ်။ ထို့ကြောင့် သဂါထာဝဂ္ဂ သံယုတ်အဋ္ဌကထာ၌-

"ဝိစေယျဒါနန္တိ ဝိစိနိတွာ ဒိန္နဒါနံ၊ တတ္ထ ဒွေ ဝိစိနနာ ဒက္ခိဏာဝိစိနနံ ဒက္ခိဏေယျဝိစိနနဉ္စ၊ တတ္ထ လာမကလာမကေ ပစ္စယေ အပနေတွာ ပဏီတပဏီတေ ဝိစိနိတွာ တေသံ ဒါနံ ဒက္ခိဏာဝိစိနနံ နာမ။ ဝိပန္နသီလေ ဣတော ဗဟိဒ္ဓါ ဆန္နဝုတိပါသဏ္ဍဘေဒေ ဝါ ဒက္ခိဏေယျေ ပဟာယ သီလာဒိဂုဏသမ္ပန္နာနံ သာသနေ ပဗ္ဗဇိတာနံ ဒါနံ ဒက္ခိဏေယျဝိစိနနံ နာမ"

ဟု မိန့်အပ်ပြီ။ ဤမျှလောက်သော စကားအစဉ်သည် မြင်မြင်သမျှ သုသီလ, ဒုဿီလ မရွေးမချယ် ကိုးကွယ်ဆည်းကပ် လှူဒါန်းလေ့ ရှိခြင်းသည်သာလျှင် သင့်မြတ်လှတော့သည်ဟု မှတ်ထင်တတ်သော သဒ္ဓါလွန်၍ ပညာနုံ့သောသူတို့ သတိထားကြရန် စီမံရေးသားအပ် သော စကားအစဉ်တည်း။

ဤစကားအစဉ်ကို ထောက်သဖြင့် ပညာလွန်၍ သဒ္ဓါနုံ့သော သဘောရှိသောသူတို့ကလည်း အလွန်ရွေးချယ်စီစစ်ခြင်းများ၍ လှူဒါန်းခြင်းဒါနကုသိုလ် ပြုစရာပုဂ္ဂိုလ် အလွန်ရှားသဖြင့် ကုသိုလ် တရား နည်းပါးလျက် အလဇ္ဇီပုဂ္ဂိုလ်တို့ကို ဝန်တိုပြစ်မှား မစွေရ အကုသိုလ်တရားသာလျှင် တိုးပွား၍ နေတတ်သည်များကိုလည်း သတိကြပ်ကြပ်ထားကြရမည်၊ အလဇ္ဇီဒုဿီလအမူအရာကို ဒိဋ္ဌ သုတ ပရိသင်္ကိတမရှိပဲလျက် မြင်မြင်သမျှကို အလဇ္ဇီပုဂ္ဂိုလ်လေလောဟု မတွေးတောကောင်းသည်၏အဖြစ်ကို ပြခြင်းငှာလည်း-

"ဒိဋ္ဌဒိဋ္ဌေသု အာသင်္ကာ န ကာတဗ္ဗာ"

ဟူ၍ ဝိနည်းဋီကာတို့၌ မိန့်အပ်ပြီ။ ထို့ကြောင့် ရွေးချယ်လိုသော သူတို့ကလည်း ပုဂ္ဂိုလ်ကိုမြင်လျှင် အလဇ္ဇီပင်လေလော၊ တွေးတော ယုံမှားသဖြင့် အရွေးအချယ်အား မကြီးလွန်းစေပဲ ပုဂ္ဂိုလ်သာမန် မြင်သမျှကိုပင် ကြည်ညိုသဒ္ဓါ သနားမေတ္တာမကင်းသဖြင့် အလဇ္ဇီ ပဂ္ဂဟစိတ်မထင် စင်ကြယ်သောစိတ်ထားနှင့် အထိုက်အလျောက် လှူဒါန်းနိုင်လေ့ရှိခြင်း၊ ယင်းသို့ အဓမ္မဝါဒီ အလဇ္ဇီပါပ ပုဂ္ဂိုလ်တို့ ထံလည်း အမြဲမှီဝဲဆည်းကပ်လေ့မရှိ၊ လဇ္ဇီရဟန်းကောင်းတို့ထံ၌သာ အမြဲ- မှီဝဲဆည်းကပ်လေ့ရှိခြင်းသည်ပင်လျှင် "ဗာလာနံ အသေဝနာ မင်္ဂလာ"အရ ဘုရားအလိုတော်ကျ ပစ္စုပ္ပန်သံသရာ ချမ်းသာခြင်း၏ အကြောင်း စင်စစ်ဖြစ်သည်ဟူ၍ မှတ်အပ်၏။

ဤသည်များကို နှလုံးထားကြကုန်သဖြင့် အလဇ္ဇီပုဂ္ဂိုလ် တို့အား အလဇ္ဇီပဂ္ဂဟစိတ်မထင် စင်ကြယ်သောစိတ်ထားနှင့် လှူဒါန်း သော်လည်း ကုသိုလ်အကျိုးမရဟူ၍ မဆိုမိကြရအောင် အလဇ္ဇီပုဂ္ဂိုလ်

တို့ အပေါင်းသည် သံဃာပင်မဟုတ်ဟု ပုတ်ခတ်ပြောဆိုမှုများ၍လည်း အပါယ်မလားကြရအောင် အလဇ္ဇီပုဂ္ဂိုလ်တို့အား အလဇ္ဇီပဂ္ဂဟစိတ်ထားနှင့် အားပေးအားမြှောက်ပြုမှုများ၍လည်း သာသနာဆုတ်ယုတ်ပျက်ပြားကြောင်းကို မပြုမိကြရအောင် ဝိနည်းတရားကို လူတို့မသင်မကြားကောင်း၊ ရဟန်းတို့ကလည်း လူတို့အား ဝိနည်းတရားကို မဟောကြား၊ မသင်ပြကောင်းစသည်ဖြင့်လည်း အဓမ္မဝါဒ မဟောကြားမိကြရအောင်-

"န ပရေသံ ဝိလောမာနိ၊ န ပရေသံ ကတာကတံ။
အတ္တနောဝ အဝေက္ခေယျ၊ ကတာနိ အကတာနိ စ။"

ပါဠိတော်နှင့်အညီ ရဟန်း ရှင် လူသူတပါးတို့၏ အပြစ်ကို မရှု၊ မိမိတို့၏အပြစ်အာဒီနဝကိုသာ ရှု၍ မိမိတို့ကိုယ်ကိုသာ ဘုရားရှင်အလိုတော်နေရာကျ ဆုံးမစောင့်ရှောက်နိုင်ကြအောင် "အဇ္ဇ ဝါ သုဝေ ဝါ" သေဘေးကြီးလာမှ ထိုခါနောင်တ မရှိကြရအောင် သတိအထူးဆောင်ကြမည့်အကြောင်း။

သည်မှတပါး စွမ်းအားအလျောက် အလှူဒါနပြုကြသည့်အမှုသုမင်္ဂလအခါတို့၌လည်း အဆိပ်နှင့်ရောသော ဘောဇဉ်, မစင်နှင့်ရောသော ဝက်သား, ကြက်သား အာဟာရများကို စားသောက်မိသောသူ၏အသွင် အကုသိုလ်ဒုစရိုက်များစွာ ဝင်နှော၍ ကုသိုလ်ဇောနည်းပါးသဖြင့် ဒါနကုသိုလ်အကျိုး မဖွံ့ဖြိုးနိုင်စရာ အလွန်ကြောက်အပ်စွာသော ပွဲလမ်းသဘင် ပျော်ရွှင်မြူးတူး မိမိလည်းရှုးယစ်ရခြင်း၊ သူတပါးတို့ကိုလည်း ရှူးယစ်စေခြင်း မကောင်းမှုတို့နှင့်ရောရှက်သော ဟီနဒါနများကို မပြုမိကြရအောင် ယင်းသို့သောလောဘတဏှာ, အဝိဇ္ဇာမခြံရံစေရ၊ ဉာဏသမ္ပယုတ် တိဟိတ်ဉက္ကဋ္ဌဒါနကုသိုလ်ကိုသာ ပြုမိကြရအောင် သတိအထူးဆောင်ကြရမည့်အကြောင်း။

သည်မှတပါး ဥပုသ်သီလစောင့်သုံးကြသည့်အခါများ၌လည်း သီလညစ်နွမ်းခြင်း၏အကြောင်း မကောင်းသော နေလွဲကွမ်းစားအမှု

များကို ရောဂါအန္တရာယ်အထူးမရှိလျှင် ရှောင်ကြဉ်နိုင်ကြအောင် ထမင်းစကား, ဟင်းစကား, စစ်မက်စကား, သူသေသူပျောက်စကား စသောမဂ်ဖိုလ်မှဘီလာ တိရစ္ဆာနကထာ, သမ္ဖပ္ပလာပစကားသာများ၍ ဝေါပါလဥပုသ်များကဲ့သို့ မဖြစ်စေရ၊ အလွန်စကားနည်းပါး အနိစ္စ ကမ္မဋ္ဌာန်းများကိုသာ များများစီးဖြန်းအားထုတ်၍ လောဘ, ဒေါသခြံရံခြင်း မရှိ၊ အရိယာဥပုသ်မြောက်အောင် သတိဆောင်ကြရမည့်အကြောင်း။

ငါးပါးသီလများကိုလည်း ခါးဝတ်ပုဆိုးပမာ အခါမပြတ်ကြိုးစားအားထုတ်နိုင်ကြမှ မနုဿတ္တဒုလ္လဘကို ကောင်းစွာလှလှရကျိုးနပ်ကြမည့်အကြောင်း။

ဤသို့အရပ်ရပ် နိဗ္ဗာန်လမ်းကြောင်း ကောင်းကောင်းကြီး ဖြောင့်မတ်ကြစရာ ဆုံးမအပ်သောတရားစကားကို အဘန်ဘန်ကြားနာ ရပြီးရှိကြသည်နှင့်လျော်စွာ ဆရာဟောကြားဆုံးမအပ်သည့်အတိုင်း နှစ်ဦးလုံးပင်ကြည်လင်သဒ္ဓါ ယုံကြည်စွာ နာခံမှတ်သားကြကုန်သည် ဖြစ်၍ "အဇ္ဈာဒိကတွာ ပါဏုပေတံ ဝါဒန္တရ" မဖြစ်စေကြပဲ စူဠ ဂဏ္ဍိ, မဟာဂဏ္ဍိကွဲပြားမရှိစေရ၊ "ယမုနောဒကေန ဂင်္ဂေါဒကံ ဝိယ သံသန္ဒန" ဖြစ်ကြရအောင် များများကြီး သတိဆောင်ကြရမည့် အကြောင်းများနှင့်ကာရုဉစိတ်ထား မေတ္တာရှေ့သွား တရားစည်ကြီး ရိုက်တီးအပ်သည့်ဆရာတော်ကို ယုံကြည်ကိုးစား ဆရာဟောကြားအပ်သည့် တရားစည်သံများကို မှတ်သားနာခံ ကျင့်ကြံလိုသူ ဟံသာဝတီမြို့နယ်တွင်းသီတင်းသုံးနေကြသည့် တပည့်မိတ္တာ သံဃာတို့နှင့်တကွ တပည့်တကာဥပါသကာ, ဥပါသိကာဖြစ်ကြကုန်သူ လူများအပေါင်း တို့. . . ။

## နိဂုံး

သာသနာတော် ၂၄၂၀-ပြည့်နှစ်၊ သက္ကရာဇ် ၁၂၃၈-ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈-ရက်နေ့၊ ရန်ကုန်မြို့ တိဂုံစေတီတော်မြတ်၏ အရှေ့ကျောင်းတော်ရာ အရံအတွင်း ၎င်းရန်ကုန်မြို့မှစ၍ ကြည့်မြင်တိုင်, ပုဇွန်တောင် သံဃာတော်ကြီးများနှင့်တကွ အထောင်မကသော ရဟန်း ရှင် လူပရိသတ်တို့၏ အလယ်၌ သန္တ ဒန္တ ဂုတ္တဖြစ်သော သမဏမွန် သီလဝန်တို့၏ ကျက်သရေမင်္ဂလာ ဩဘာအပေါင်းနှင့် ပြည့်စုံစွာသော ရွှေကျင်ဆရာတော်ဘုရားသည် ၎င်းပရိသတ်အစည်း အဝေး၌ မိမိထက် သိက္ခာဝါကြီးကုန်သော ဆရာတော်သံဃာတော်တို့အား ရှိခိုးဝပ်တွား အသနားခံ တောင်းပန်သဖြင့် အခွင့်ယူပြီးမှ ဓမ္မာသနဌာန အထူးသို့တက်၍ မမြွက်စကောင်းသော စကားတို့ဖြင့် ဤစူဠဂဏ္ဌိ, မဟာဂဏ္ဌိတရားကို ရင်းဖျားပိုက်ကျုံး မဆုံးဖြတ်မီကပင် ပုထုဇဉ်တို့ ဂတိ, မာန, ဒေါသမဆန် ကျမ်းဂန်လာတိုင်းကိုသာ မညှာမတွယ် မကွယ်မထောင့် ဖြောင့်ဖြောင့်ဆုံးဖြတ်ပါမည်ဟု ရွှေတိဂုံမြတ်စွာဘုရား၌ အကြိမ်များစွာ သစ္စာပန်နှက် ဆိုမြွက်ခံဝန်ကြောင်းနှင့် ရဲရင့်တည်တံ့ ခိုင်ခံ့သားနား မြွက်ကြားဖွင့်လှစ်တော်မူ၍ ဆုံးဖြတ်တော်မူအပ်သော ၎င်းဓမ္မဝိနိစ္ဆယ ဩဝါဒစာတမ်းကို မလွန်မင်းသား ဆရာအကြီးတော် မောင်သံမှီအား အစအဆုံး သိမ်းရုံးစေ့စပ် ဘတ်စေသဖြင့် ကြားနာရကုန်သော အဘိယာစက နှစ်ပက္ခသားတို့ သီးခြားမမူ အယူဝါဒပြီးပြေကြသည်ကိုလည်းကောင်း၊ သည်မှတပါး လည်း ပဥ္စသီလဝါရိတ္တအကျင့်ကို နေ့ညဥ့်မဘောက် စောင့်ရှောက်ထိန်းသိမ်းပါမည့်အကြောင်း၊ မသာအသုဘရှိကြသည့်အခါလည်း အသာအယာ ပတ်သာကြေးဝိုင်း ဆိုင်းမှစ၍ သံဝေဂကမ္မဋ္ဌာန်း လုံးလုံးကန်းအောင် ငှားရမ်းတီးမှုတ် မပြုလုပ်ပါမည့်အကြောင်း၊ အလှူဒါနပြုသမျှကိုလည်း လောဘ, ဒေါသ, မောဟရန်မက် နှောက်ယှက်ရောနှောလျက် ဩမကမဖြစ်အောင် ဇာတ်ရုပ်သေးအကများကို ပယ်ရှားကန့်ကွက်၍ ကုသိုလ်သက်သက်ကိုသာ အားထုတ်ပါမည့်

အကြောင်းများနှင့် မြို့နေရှာသား ယောကျ်ားမိန်းမ ၇၀၀-ကျော်တို့ ဆရာတော်ဘုရားထံ ခံဝန်လျှောက်ထားကြသည်ကိုလည်းကောင်း ကြားကြားသမျှ ပရိသတ်တို့နှင့်တကွ သိကြား,ပြဟ္မာ သာသနာတော် စောင့်နတ်မြတ်အပေါင်းတို့ ကောင်းချီးပေးကြစေကုန်သော်။

ဟံသာဝတီ ရန်ကုန်မြို့ကြီး၌ ပျော်ပိုက်မွေ့လျော်သော သံဃာတော်များစွာ ဒါယကာအပေါင်းတို့သည် သူတော်ကောင်း အကျင့်အလေ့မှာ ဝိဝါဒါဓိကရဏဖြင့် နှစ်ကာလကြာမြင့်စွာ မဟာဂဏ္ဍိ, စူဠဂဏ္ဍိ ၂-ဦး အထူးကွဲပြားကြရာ သံဃာတော်နှင့်တကွ ၂-ပက္ခသားတို့ လျှောက်ထား တောင်းပန်ချက်အရ ရွှေကျင်ဆရာတော်ဘုရား ပိုင်းခြား ဆုံးဖြတ်တော်မူအပ်သော-

ဓမ္မောသဓဒီပနီစာတမ်း ပြီး၏။

*** ♦ ***

## ဥယျောဇဉ်

သံသာရဘယဘီရုက လဇ္ဇီပေသလ သိက္ခာကာမဖြစ်၍ ၀ိမုတ္တိရသအစစ် ခံမွန်ချိန်ကို အားသစ်လိုသူ အများသူတော်တို့ အထူး နှလုံးသွင်းကြရန် သပ္ပုရိသူပနိဿယကို ရှေးဦးစွာ အမြွက်မျှထည့်သွင်း လိုက်ပေအံ့။

အကရောန္တောပိ စေ ပါပံ၊ ကရောန္တမုပသေ၀တိ။
သင်္ကိယော ဟောတိ ပါပသ္မိံ၊ အ၀ဏ္ဏော စဿ ရူဟတိ။

ယာဒိသံ ကုရုတေ မိတ္တံ၊
ယာဒိသံ စုပသေ၀တိ။
သော ၀ေ တာဒိသကော ဟောတိ၊
သဟ၀ါသော ဟိ တာဒိသော။

သေ၀မာနော သေ၀မာနံ၊ သမ္ဖုဋ္ဌော သမ္ဖုသံ ပရံ။
သရော ဒိဒ္ဓေါ ကလာပံ၀၊ အလိတ္တမုပလိမ္ပတိ။
ဥပလေပဘယာ ဓီရော၊ နေ၀ ပါပသခါ သိယာ။

ပူတိမစ္ဆံ ကုသဂ္ဂေန၊ ယော နရော ဥပနယှတိ။
ကုသာပိ ပူတီ ၀ါယန္တိ၊ ဧ၀ံ ဗာလူပသေ၀နာ။

တဂ္ဂရဉ္စ ပလာသေန၊ ယော နရော ဥပနယှတိ။
ပတ္တာပိ သုရဘီ ၀ါယန္တိ၊ ဧ၀ံ ဓီရူပသေ၀နာ။

တသ္မာ ပလာသပုဋ္ဌဿေ၀၊ ဥတွာ သမ္ပာကမတ္တနော။
အသန္တေ နုပသေ၀ေယျ၊ သန္တေ သေ၀ေယျ ပဏ္ဍိတော။
အသန္တော နိရယံ နေန္တိ၊ သန္တော ပါပေန္တိ သုဂ္ဂတိံ။

ယော နရော= အကြင်သူသည်။ ပါပံ= ဆိုးရွားညစ်ကျုံ မကောင်းကျင့်ကြံသောအမှုကို။ အကရောန္တောပိ= မိမိပင် မပြုသော် လည်း။ ကရောန္တံ= မကောင်းမှုပြုသူကို။ စေ ဥပသေ၀တိ= အကယ်

၍ မှိုဝဲဗြောအံ့။ သော= ထိုမှိုဝဲတတ်သောသူသည်။ ပါပသ္မီ= ဆိုးရွား ညစ်ကျူ မကောင်းမှု၌။ သဏ္ဌိယော= ယုံမှားအပ်သည်။ ဟောတိ= ဖြစ်၏။ အဝဏ္ဏာဥ္စ= ကျေးဇူးမရှိခြင်းသည်လည်း။ အဿ= ထိုမှိုဝဲ ဆည်းကပ်သောသူအား။ ရုဟတိ= ရောက်၏။

ယော နရော= အကြင်သူသည်။ ယာဒိသံ= အကြင်သို့ သဘောရှိသောသူကို။ မိတ္တံ= အဆွေခင်ပွန်းကို။ ကုရုတေ= ပြု၏။ ယာဒိသဥ္စ= အကြင်သို့သဘောရှိသော ခင်ပွန်းကိုလည်း။ ဥပ-သေဝတိ= မှိုဝဲဆည်းကပ်၏။ သော= ထိုမှိုဝဲဆည်းကပ်တတ်သောသူ သည်။ ဝေ= စင်စစ်။ တာဒိသကော= ထိုသူနှင့် အမူမခြား အလား တူသည်။ ဟောတိ= ၏။ ဟိသစ္စံ= ထိုစကားမှန်၏။ သဟဝါသော= တကွပေါင်းဘော်နေထိုင်သောသူသည်။ တာဒိသော= ထိုသူနှင့် ကိုယ် နှုတ်အမူ အလားတူသည်။ ဟောတိ= ဖြစ်၏။

သေဝမာနော= မှိုဝဲဆည်းကပ်အပ်သော သူယုတ်သည်။ သေဝမာနံ= မှိုဝဲဆည်းကပ်လာသော။ သမ္ဖုဋ္ဌော= တွေ့ထိချဉ်းကပ် အပ်သော သူယုတ်သည်။ သမ္ဖုသံ= တွေ့ထိချဉ်းကပ်လာသော။ အလိတ္တံ= မလိမ်းကျံအပ်သော။ ပရံ= သူတထူးကို။ ဥပလိမ္ပတိ= မကောင်းမှုဖြင့် လိမ်းကျံ၏။ ကိမိဝ= အဘယ်ကဲ့သို့နည်းဟူမူကား။ ဒိဒ္ဓေါ= မကောင်းသောအဆိပ်ဖြင့် လူးအပ်သော။ သရော= မြှားသည်။ ကလာပံ= တောင့်ကို။ ဥပလိမ္ပတိ-ဣဝ= လိမ်းကျံသကဲ့သို့တည်း။ ဥပလေပဘယာ= လိမ်းကျံအံ့သည်မှ ကြောက်သောကြောင့်။ ဓီရော= ပညာရှိသောသူသည်။ ပါပသခေါ= ယုတ်မာသော အဆွေခင်ပွန်းရှိသည်။ နေဝ သိယာ= မဖြစ်ရာ။

ပူတိမစ္ဆံ= ပုပ်သောငါးကို။ ကုသဂ္ဂေန= သမန်းမြက်ဖြင့်။ ယော နရော= အကြင်သူသည်။ ဥပနယှတိ= ထုပ်၏။ တဿ= ထိုသူ၏။ ကုသာပိ= ထုပ်သောသမန်းမြက်တို့သည်လည်း။ ပူတီ= အပုပ်အတိ။ ဝါယန္တိ= လှိုင်ကုန်၏။ ဗာလူပသေဝနာ= မိုက်သောသူ လူမလိမ္မာကို မှိုဝဲဆည်းကပ်ခြင်းသည်။ ဧဝံ= ဤငါးပုပ်ကို သမန်းမြက်ဖြင့် ထုပ်သည် နှင့်ပမာတူ၏။

ယော နရော= အကြင်သူသည်။ တဂ္ဂရစ္စ= တောင်စလပ်, စကား, စံပယ်, ချရားစသော ပန်းကို။ ပလာသေန= ပေါက်ရွက်ဖြင့်။ ဥပနယှတိ= ထုပ်၏။ တဿ= ထိုသူ၏။ ပတ္တာပိ= ထုပ်သော ပေါက်ရွက်တို့သည်လည်း။ သုရဘီ= ကောင်းသောအနံ့အတိ။ ဝါယန္တိ= လှိုင်ကုန်၏။ ဓိရူပသေဝနာ= ပညာရှိကို မှီဝဲဆည်းကပ်ခြင်း သည်။ ဧဝံ= ဤပန်းကောင်းကို ပေါက်ရွက်ဖြင့် ထုပ်သည်နှင့်တူ၏။

တသ္မာ= ထို့ကြောင့်။ ပလာသပုဋဿ= ဖက်ထုပ်၏။ သမ္ပာကံက္ကဝ= ကောင်းသောအနံ့နှင့်ပြည့်စုံခြင်းအကျိုးကို ရသကဲ့သို့။ အတ္တနော= မိမိ၏။ သမ္ပာကံ= ကောင်းသောအကျိုးနှင့် ပြည့်စုံခြင်းကို။ ဉတွာ= သိ၍။ ပဏ္ဍိတော= ပညာရှိသောသူသည်။ အသန္တေ= သူတော်မဟုတ် ယုတ်မာသောသူတို့ကို။ နုပသေဝေယျ= မမှီဝဲ မဆည်းကပ်ရာ။ သန္တေ= သူတော်ကောင်းတို့ကိုသာလျှင်။ သေဝေယျ= မှီဝဲဆည်းကပ်ရာ၏။ အသန္တော= သူတော်မဟုတ် ယုတ်မာသောသူ တို့သည်။ နိရယံ= ငရဲသို့။ နေန္တိ= ဆောင်တတ်ကုန်၏။ သန္တော= သူတော်ကောင်းတို့သည်။ သုဂတိံ= သုဂတိဘုံသို့။ ပါပေန္တိ= ရောက် စေတတ်ကုန်၏။

ဤတွင်၍ ငါးပုပ်ကိုထုပ်သော သမန်းမြက်, စံပယ်ချရာကို ထုပ်သော ပေါက်ဖက်တို့၏ ကောင်းသောအနံ့, မကောင်းသောအနံ့ နှင့် ပြည့်စုံခြင်းကဲ့သို့ ပစ္စုပ္ပန်,သံသရာ နှစ်ဖြာသောအကျိုးတို့ကို လိုလားကြကုန်သော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့၏ သူတော်သူယုတ်တို့ကို ပညာဖြင့်နှိုင်းချိန်ရွေးချယ်၍ ကိုးကွယ် ဆည်းကပ်ပေါင်းသင်းရန်-

သပ္ပုရိသူပနိဿယအမြွက် ပြီး၏။

♦♦♦

## ဓမ္မဝိနယစာတမ်း

ဇာတိ ဇရာ ဗျာဓိ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသအစရှိသော တစ်ဆယ့်တစ်ပါးသော မီးတို့ဖြင့် တညီးညီး တပြောင်ပြောင် အမြဲလောင်အပ်သည်ဖြစ်၍ မျက်စိတမှိတ် လျှပ်တပြက်မျှ သက်သာရာမရ၊ သံသရာဝဋ်ဒုက္ခတို့ဖြင့် မပြတ်နှိပ်စက်အပ်သည်ကို မပြတ်အောက်မေ့လေ့ ဆင်ခြင်လေ့ ကြောက်ရွံ့လေ့ရှိကုန်သောပုဂ္ဂိုလ် အရှင်မြတ်တို့သည် ဤယခုဆိုလတ့်သော သမ္မာပဋိပတ်အကျင့်ဝတ် အတိုင်း ဝမ်းမြောက်ဝမ်းသာ သဒ္ဓါကြည်လင် ရွှင်လန်းသောစိတ်ဖြင့် ကြိုးပမ်း အားထုတ်တော်မူနိုင်ကြစေကုန်သတည်း။

### ၁။ ရှေ့ကျင့်တိုက်သံဃာတို့ကို ဆုံးမသော နိဿယောဝါဒ

သီတင်းသုံးနေအံ့သောငှာ ဆိုက်ရောက်လာသော အာဂန္တုက ပုဂ္ဂိုလ်တို့ သုံးရက်သုံးကြိမ်တိုင်တိုင် လျှောက်ထားလာမှ ဆရာမထေရ် ကြီးက ပုဂ္ဂိုလ်အင်ကို ထောက်ထား၍ သနားခွင့်ပြုလိုလျှင် ခွင့်ပြု ခြင်း၊ ခွင့်ပြုသောအခါ၌လည်း အလုံးစုံခွင့်မပြုလိုက်ပဲ ဤတိုက်တာ တွင် သံဃာထေရ်ပုဂ္ဂိုလ်ကြီးတို့ထံ လျှောက်ထားဦးတော့၊ ဤမျှသာ ခွင့်ပြုခြင်း၊ ၎င်းပုဂ္ဂိုလ်ကြီးများထံ ကျိုးနွံစွာ လျှောက်ထား၍ အခွင့်ရ လျှင် ပုဂ္ဂိုလ်ကြီးတို့ထံမှ အခွင့်ရပါကြောင်းကို အထက်ဆရာကြီးထံ ပြန်လျှောက်ထားရခြင်း၊ ဦးပဥ္စင်းကြီးပုဂ္ဂိုလ်တို့ထံမှ အခွင့်ရလျှင် အာမခံဆရာ ရှာတော့ဟု အထက်ဆရာကြီးက ခွင့်ပေးရခြင်း၊ အာမခံ ဆရာရခဲ့သော် ၎င်းအာမခံဆရာနှင့်တကွ ဆရာကြီးထံရောက်၍ ၎င်း အာမခံဆရာက ဤပုဂ္ဂိုလ်၌ ဆိုဆုံးမရန်ရှိသမျှကို ဘုရားတပည့်တော်က ဆုံးမပါမည်၊ ဤပုဂ္ဂိုလ် တစ်စုံတစ်ရာ ဘောက်ပြန်တိမ်းယိမ်းရှိလျှင် ဘုရားတပည့်တော်အား ထိုက်ရာဒဏ်ကို ပေးသနားတော်မူပါဟု

လျှောက်ထားဝန်ခံရခြင်း၊ ထိုအခါ မထေရ်ကြီးက အာမခံတတ်, အာမခံအပ် နှစ်ရပ်သောပုဂ္ဂိုလ်တို့ နှလုံးသွင်းရန် သတိထားရန်, ပြုကျင့်ရန်များကို ဟောပြောပြသဆုံးမရခြင်း၊ ၎င်းနောက် အာမခံနှင့် တကွ တိုက်တွင်းရှိ မိမိထက်ကြီးသမျှပုဂ္ဂိုလ်တို့ထံ တစ်ပါးစီ စေ့အောင် နေရာကျောင်းသို့လိုက်၍ တပည့်တော်အား သနားသဖြင့် ဆိုဆုံးမ တော်မူပါ၊ ဆုံးမတော်မူသမျှကို မသွေမလှန် လိုက်နာခံပါမည်ဘုရား ဟူ၍ လျှောက်ထားရခြင်း၊ ၎င်းနောက် သံဃာကြီးငယ်တို့ တကွ ဝတ်တက်ရာ သံဃာ့အစည်းအဝေးတွင် အစုံအညီ ရှေးနည်းအတိုင်း မိမိအား သံဃာတော်များ မရွံ့မကြောက် ဆိုဆုံးမဝံ့အောင် ကျိုးနွံ့စွာ ဘိတ်ကြားလျှောက်ထားရခြင်း၊ ၎င်းသံဃာတော်အလယ်တွင် အဓမ္မိယ ပစ္စည်းရှိခဲ့လျှင် ကုန်စင်အောင် စွန့်ပစ်ပြီး၍ ဘုရားတပည့်တော်၌ အကပ္ပိယ အဓမ္မိယ ပစ္စည်းအသုံးအဆောင် တစ်စုံတစ်ခုမရှိ၊ စင်ကြယ် ပါကြောင်းကို ဘုရားရှင် မျက်မှောက်တော်ဝယ် သံဃာတော်တို့အလယ် လျှောက်ထားရခြင်း၊ သူတစ်ပါးထံမှရအပ်သော အကပ္ပိယ ကုလဒူသန စသည်ဖြင့်ဖြစ်သော လဒ္ဓိပုဂ္ဂိုလ်အများ သံသယမကင်းစေအပ်သော ဆွမ်းသက်န်းပစ္စည်းတို့ကိုလည်း သိလျက် သံသယမကင်းပဲလျက် မသုံးဆောင်ပါ၊ ဘုရားတပည့်တော်လည်း ကုလဒူသနအမှု အကြောင်း မဲ့ နေလွဲကွမ်းစား ဆေးဝါးဆေးသောက် ထီးဆောင်း ဘိနပ်စီးစသော အလဇ္ဇိမှုတို့ကို မလွန်ကျူးမိအောင် အထူးသတိပြု ရှောင်ကြဉ်ပါ မည်၊ ပုထုဇဉ်ဂတိအလျောက် ရှန့်ကြမ်းသော အာပတ်ကြီးတို့၌ သတိမှောက်မှားရှိလျှင် နွံနာအောင် ဒဏ်ထမ်း၍ အာယတိံသံဝရဖြင့် ကောင်းမွန်စွာ စောင့်ရှောက်ပါမည်ဘုရားဟု လျှောက်ထားဝန်ခံရခြင်း၊ ထိုအခါ သံဃာကြီးပုဂ္ဂိုလ်တို့က ဤယခု လျှောက်ထား ဘိတ်ကြားသော ပုဂ္ဂိုလ်တို့၏ ဤတိုက်တာ၌ သီတင်းသုံးနေခြင်းကို သဘောမတူသော ပုဂ္ဂိုလ်ရှိလျှင် မဆုံးမဝံ့ကြသောပုဂ္ဂိုလ်ရှိလျှင် မိန့်တော်မူကြ၊ သဘော တူလျှင် ဆိတ်ဆိတ်နေကြဟု ဘိတ်ကြားရခြင်း၊ ထို့နောက် သံဃာ သဘောတူကြသည့်အခါ ဆရာကြီးထံ ဒွေမာတိကာတို့ကို ပြန်ဆိုရခြင်း၊ ဒွေမာတိကာ ပြန်ဆိုပြီးသည့်အဆုံး၌ အာမခံနှင့်တကွလာ၍ ဆရာမထေရ်

ကြီးထံ နိသျှည်းယူရခြင်း၊ အာမခံပုဂ္ဂိုလ်က နိသျှည်းဆရာတို့ ပြုကျင့်အပ်သောဝန်ကို ဘုရားတပည့်တော်က ကြောင့်ကြပြု၍ ကြည့်ရှု ပြုစုပါမည်ဟု ဝန်ခံရခြင်း၊ နိသျှည်းဆရာ၌ ပြုရာသောမျက်သစ်ရေ၊ ဒန်ပူပေးခြင်းစသော ဝတ်နိဗဒ်တို့ကို ငါ့ရှင် အလိုရှိသမျှနေတော့ ငါ၌ပြုရာသော ဝတ်နိဗဒ်တို့ကို ငါ ခွင့်လွှတ်ပါ၏ဟူ၍ ခွင့်ပြုပြီးလျှင် သင့်ရာကျောင်း၌ ကျောင်းနေပုဂ္ဂိုလ်ကြီးထံ အပ်နှံ၍ထားရခြင်း၊ ၎င်းနောက် ဉာဏ်နုလှ၊ စာပေအားနည်းလှသော သူကို ချန်ထား၍ ညရွတ်သုတ်ကို အနက်ထင်အောင် လေ့လာ၍ ပါဠိကို နှုတ်ငုံမရမချင်း တစ်ပါးစာကို မတက်စေရ၊ ညရွတ်သုတ်စုကိုရမှ တစ်ပါးစာကို တက်စေရခြင်းစသည်တည်း။ ဤကား ဤတိုက်အတွင်း သီတင်းသုံးနေလိုသော ပုဂ္ဂိုလ်တို့ပြုရာသော ပုဗ္ဗပယောဂအကျင့်ပဋိပတ် ဥပဒေနည်းတည်း။

## ၂။ အာမခံပုဂ္ဂိုလ်ကျင့်ရာသော ဥပဒေ

မိမိအာမခံအပ်သောပုဂ္ဂိုလ်၌ အဝတ်အရုံတို့ကို နေရာကျနအောင် ကြောင့်ကြတစ်ခု ကြည့်ရှုပြုပြင် သွန်သင်ပြရခြင်း၊ ဆွမ်းစားကျောင်း ဘုရားဝတ်တက်ရာကျောင်း စာအံသရဇ္ဈာယ်ရာ သိမ်တန်ဆောင်း ဥပုသ်ပြုရာသိမ် တန်ဆောင်းအရပ်တို့၌လည်းကောင်း၊ နဝကမ္မပြုလုပ်ကြသည့်အခါ၌လည်းကောင်း၊ ကျင့်ရာသောနည်း၊ ဆရာသမား သီတင်းသုံးဘော်တို့၌ ကျင့်ရာသောနည်းစသည်တို့၌ ဆရာမထေရ်ကြီးဆုံးမ၍ ထားအပ်သည့်အတိုင်း နေရာကျနအောင် မိမိအာမခံအပ်သောပုဂ္ဂိုလ်တို့အား ကြောင့်ကြတစ်ခု အာရုံပြု၍ သွန်သင်ဆုံးမရခြင်း၊ မိမိအာမခံအပ်သောပုဂ္ဂိုလ် တစုံတခုပြောပလောက်အောင် ဘောက်ပြန်၍ ဒဏ်ထမ်းရလျှင် အမှုအင်ကိုကြည့်၍ အာမခံတတ်သော ပုဂ္ဂိုလ်လည်း ၎င်းပုဂ္ဂိုလ်၏ ထက်ဝက်ဒဏ်ကို ထမ်းရခြင်း၊ မိမိအာမခံအပ်သောပုဂ္ဂိုလ် အရပ်တစ်ပါးထွက်ပြေးလျှင် အထက်ဆရာ

ကြီးထံ လျှောက်ထား၍ ဒဏ်အခေါက်နှစ်ဆယ် ထမ်းရခြင်း၊ မိမိ အာမခံအပ်သောပုဂ္ဂိုလ်အား ဒုဗ္ဗစသဘောထင်၍ မဆုံးမနိုင်လျှင် မထေရ်ကြီးတို့ထံ ပန်၍ အာမခံကို ပြန်နုတ်ရခြင်းစသည်တည်း။ ဤကား အာမခံတတ်သောပုဂ္ဂိုလ် ကျင့်ရာသော ဥပဒေနည်းတည်း။

## ၃။ အာမခံအပ်သည့်ပုဂ္ဂိုလ်ကျင့်ရာသော ဥပဒေ

အာမခံဆရာ ဆုံးမသမျှကို တရားနှင့်ညီသော မညီသော သို့လောသို့လော ဆင်ခြေမတက် သက်သက်ကျိုးနွံစွာ နာခံရခြင်း၊ ၎င်းအာမခံဆရာသာ ငါ့မှာစင်စစ် ကိုးကွယ်ရာဖြစ်တော့သည်၊ ငါ့အား သူမဆိုမဆုံးမဝံ့၍ အာမခံကို ပြန်နုတ်ခဲ့သော် တစုံတယောက်အာမခံ ဆရာ မရနိုင်ရာသည်ဖြစ်၍ ငါသွားရတော့မည် ဧကန်ဖြစ်တော့သည် ဟု နှလုံးထား၍ အာမခံဆရာ၌ လွန်စွာရိုသေကျိုးနွံ တုပ်ဝပ်ရခြင်း၊ ကျေးဇူးတတင် ချစ်ခင်မေတ္တာဖြင့် ရိုသေစွာ ဝတ်ကြီးဝတ်ငယ်ပြုရခြင်း၊ အာမခံဆရာထံ ရံခါရံခါသွားလာ၍ တရားဆုံးမခံရခြင်းစသည် တည်း။ ဤကား အာမခံအပ်သောပုဂ္ဂိုလ် ကျင့်ရာသော ဥပဒေနည်း တည်း။ ၎င်းဝတ်နှင့်မညီ အမှတ်မဲ့ပြုခဲ့လျှင် ထိုက်အုပ်, တိုက်ကြပ်, ထေရ်ကြီးတို့က အာမခံဆရာနှင့်တကွ ဒဏ်ပေးရခြင်း၊ မထေရ်ကြီး တို့ပါ အမှတ်မဲ့နေခဲ့သော် အာမခံတတ်, အာမခံအပ် နှစ်ရပ်သော ပုဂ္ဂိုလ်တို့နှင့်တကွ တိုက်အုပ်မထေရ်တို့ပါ အထက်ဆရာကြီးက ဒဏ်နွံနာအောင် ပေးခြင်းကို ပြုကြစတမ်း။ ဤကား အာမခံအပ် သောပုဂ္ဂိုလ် ဘောက်ပြန်ရာ၌ ကျင့်ရာသော ဥပဒေနည်းတည်း။

## ၄။ အဝတ်အရုံနှင့်ကျင့်ရာသော ဥပဒေ

သင်းပိုင်ကို အလွန်ရှည်စွာ တွဲလျားချ၍ ဝတ်ခြင်း၊ အလွန်တိုစွာ ဝတ်ခြင်း၊ ဆင်နှာမောင်းကဲ့သို့ ရှေ့အစွန်းရှည်ခြင်း၊ ထန်းရွက်ယပ်ဝန်းကဲ့သို့ ရှေ့အစွန်းတိုခြင်း၊ ငါးမြီးကဲ့သို့ အစထွက်ခြင်း၊ အထက်အစကို အတွင်းသို့လိပ်၍ သွင်းသဖြင့် လူတို့ကဲ့သို့ ခါးပုံထိုး၍ ဝတ်ခြင်း၊ ချက်ကိုဘော်၍ ဝတ်ခြင်း၊ ပုဆိုးဝတ်သကဲ့သို့ အစကိုချည်လိမ်၍ ဝတ်ခြင်းစသော ဘောက်ပြန်သောဝတ်ခြင်း မရှိစေရ၊ မတိုလွန်း မရှည်လွန်း သားလုံးဖုအဆုံးကို ဖုံးမိရုံမျှပြုလျက် တိမဏ္ဍလဝတ်နည်းကျအောင် အရိုအသေကောင်းမွန်စွာ အခါခပ်သိမ်းဝတ်ခြင်း၊ ကိုယ်ရုံ နေ့ကိုင်သင်္ကန်းကို သင်းပိုင်ထက်မရှည်လွန်းစေရ၊ တဘက်နိမ့်မြင့်မရှိစေရ၊ ဖိုးရိုဖွားရား ဖရိုဖရဲ မရှိစေပဲ ရှေ့အစွန်းနောက်အစွန်း နှစ်ဘက်ကို ဖုံးလွှမ်း၍ ညီညွတ်စွာ အခါခပ်သိမ်းသတိထား၍ရုံခြင်း၊ ဘုရားရှိခိုးပူဇော်ရာတို့၌ လက်ျာလက်ရုံးကိုဖုံးလွှမ်းခြင်း၊ လက်ဝဲလက်ရုံးကို ဘော်ခြင်း၊ ရင်ကို ဘော်ခြင်းစသော ဒုပ္ပါရုပနတို့ကို မဖြစ်စေရ၊ အခြားနေရာတို့ထက် သတိပြု၍ ဝတ်ရုံခြင်း၊ စာတက်သွားရာ၊ ဆွမ်းစားကျောင်းသို့ သွားရာစသည်တို့၌ သွားတိုင်းသွားတိုင်း သင်းပိုင်ကိုယ်ဝတ်ကို ပြင်ဆင်၍ အရိုအသေကောင်းမွန်စွာ ဝတ်ရုံခြင်း၊ ရေချိုးရာတို့၌ ကိုယ်ရုံနှင့်တကွ မချိုးနိုင်လျှင် ထိုမှဤမှ မသွားမလာ နေရာမြဲတိုင်း၌သာ ထိုင်၍ ချိုးရခြင်း၊ နဝကမ္မအမှုစသည်ပင် ရှိသော်လည်း ကိုယ်ရုံကို မချထားပဲ အမြဲရန်း၍ ရုံ၍ နေခြင်း၊ ပူအိုက်သည့်အခါ သင်္ကန်းအစွန်းနှစ်ဘက်ကို ပခုံးနှစ်ဘက် လက်ဝဲလက်ျာသိုင်းတင်ခြင်း၊ လည်ပင်းရောက်ခြင်း၊ ခါးပန်း၍ဝတ်ခြင်း၊ ရောဂါအန္တရာယ်မရှိပဲ နေပူမိုးစွတ်မရှိပဲ တိုက်တာအတွင်း ထိုမှဤမှ သင်္ကန်းကို ဦးခေါင်းခြုံ၍သွားခြင်းစသော သမဏသာရုပ္ပမရှိသော ဝတ်ရုံခြင်းတို့ကို မဖြစ်စေရ၊ ကောင်းမွန်စွာ အခါခပ်သိမ်း သတိထား၍ ဝတ်ရုံခြင်းစသည်တည်း။ ဤကား ဝတ်ရုံခြင်းတို့၌ ပြုကျင့်ရာသော ဥပဒေနည်းတည်း။

## ၅။ ဆွမ်းစားကျောင်း၌ပြုကျင့်ရာသော ဥပဒေ

ဆွမ်းတော်တင် ကရဒက်ခေါက်သည့်အခါ သင်းပိုင်, ကိုယ်ဝတ်တို့ကို ညီညွတ်စွာပြင်ဆင်လျက် ဆွမ်းတော်တင်ရာ ဘုရားကျောင်းသို့ မနှေးမလျင် ကောင်းမွန်းစွာသွား၍ ဘုရားရှိခိုးဝတ်တက်ခြင်း၊ ဆွမ်းတော်ပွဲအုပ် ရောက်လာသည့်အခါ ဆွမ်းတော်, ပန်းတော်, ရေချမ်းတော်ကပ်လှူပြီးသည့်နောက် ဆွမ်းစားကရဒက်ခေါက်သည့် အခါမှ ဘုရားကျောင်းကဆင်း၍ ဆွမ်းစားကျောင်းသို့ တက်ခြင်း, ဆွမ်းစားကျောင်းသို့ တက်သည့်အခါ မထေရ်ကြီးတို့ရှေ့ အရိုအသေကုန်းကိုင်းညွတ်တွားလျက် သီတင်းကြီးတို့ကို မတိုးမဝှေ့ မနှေးမလျင် ကောင်းမွန်ရိုသေစွာ ဝင်သွား၍ မိမိနေမြဲတိုင်းနေရာ၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေ၍ ဆွမ်းစားခြင်း၊ ဆောင့်ချောင့်ထိုင်၍ မစားရခြင်း၊ စားဘော်စားဘက် သံဃာများစွာစုံညီမှ စားရခြင်း၊ ဆွမ်းလုပ်ကို မငယ်လွန်း, မကြီးလွန်း အဝန်းညီအောင် အလွန်အားထုတ်ပြုပြင်၍ စားရခြင်း၊ ထိုမှဤမှ များစွာမကြည့် သူတပါးမျက်နှာကိုလည်း မော်၍ မကြည့်၊ သပိတ် ဆွမ်းလုပ်တို့ကိုသာ ကြည့်၍ သေခိယသိက္ခာပုဒ်တော်, ပဋိကူလသညာကမ္မဋ္ဌာန်းတို့ကို နှလုံးထား၍ စားခြင်း၊ ဇွန်းရှိလျက် ဟင်းရည်ခွက်ကို လက်နှင့်နှိုက်၍ မစားရခြင်း၊ ဟင်းရည်ဟင်းဖတ် မများလွန်းစေရ၊ အတိုင်းအရှည်နှင့်ယှဉ်၍ စားရခြင်း၊ ဆွမ်းစားပြီးသည့်အခါ ကျယ်လောင်စွာလုပ်ဆေးခြင်း, ခွဲ့ဟတ်ခြင်း, ဆွမ်းစားပွဲအနီး ဒန်ပူစားခြင်း, သွားကြားထိုးခြင်း, ဖုတ်သလဲမြူမှုန်ခါတွက်ခြင်း-စသော မကြည်ညိုဘွယ်ကို မပြုမိစေခြင်း၊ မိမိအားထိုက်လျောက်သော စားခွက်,သောက်ခွက်တို့ကို ဆေးလျှော်သိမ်းဆည်းပြီးလျှင် ဆွမ်းစားကျောင်းပေါ်၌ အရှည်အကြာမနေ မိမိနေရာသို့ ဆင်းသွားခြင်း၊ တနေရာမှ ထ၍ တနေရာ၌ မစားသောက်ရခြင်း၊ သစ်သီးခဲဘွယ်ဝေဖန်သော ဖလဘာဇက, ခဇ္ဇဘာဇကပုဂ္ဂိုလ်တို့၌ တစုံတခွန်းမျှ ကဲ့ရဲ့ပြစ်တင် မပြုခြင်း၊ ဆွမ်းလိုက်ပါလော့,

ဟင်းလိုက်ပါလော့-စသည်ဖြင့် များစွာမတောင်းမရမ်း မခေါ်မအော်ခြင်း၊ အကြောင်းထူးဝိသေသမရှိလျှင် ဆွမ်းစားကျောင်းသို့ တက်သည့်အခါမှစ၍ ဆွမ်းစားကျောင်းမှ ဆင်း၍သွားသည့်တိုင်အောင် တစ်စုံတစ်ခွန်းမျှ စကားပြောဆိုခြင်း မရှိရခြင်း၊ ဆွမ်းစားကျောင်းအုပ်ပုဂ္ဂိုလ်ကြီးတို့ပင်သော်လည်း အာဂန္တုကိစ္စ, ပြောပလောက်သော ဂိလာနကိစ္စ, ပြောပလောက်သော သံဃကိစ္စ, တနေ့ကုန်တညဥ့်ကုန် သွားရမည့်ကိစ္စကို ချန်ထား၍ တစ်ပါးသောကိစ္စဖြင့် ကရဒက်မခေါက်မီ ဆွမ်းချက်တဲမှ ဆွမ်းကို မယူဆောင်စေရခြင်း၊ မိမိတို့သပိတ်ဖြင့် ပတ္တပိုဏ်စားသူကို ချန်ထား၍ ပြောပလောက်အောင် အသည်းအထန် မနာမဖျား အနည်းငယ်သော အကြောင်းများနှင့် ဆွမ်းစားကျောင်းမှ ဆွမ်းကို ယူဆောင်စေ၍ အခြားနေရာ၌ တခွဲတခြား မစားရခြင်း။ ဤသို့စသော သံဃဝိဝါဒကင်း၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာနေရ ကြောင်း ကောင်းမြတ်သော အမူအကျင့်တို့ကို ပြုကျင့်ခြင်းစသည် တည်း။ ဤကား ဆွမ်းစားကျောင်း၌ ကျင့်ရာသော ဥပဒေနည်းတည်း။

## ၆။ ဘုရားဝတ်တက်ရာကျောင်း၌ ပြုကျင့်ရာသော ဥပဒေ

ဘုရားဝတ်တက် ကရဒက်ခေါက်လျှင် မကြာလွန်းစေရ၊ ပြောပလောက်သော သံဃကိစ္စ, ဆရာကြီးကိစ္စမှတပါး မိမိကိစ္စဖြင့် ကိစ္စကြီးငယ် ရှိသေးသည်ဟု အမြွက်မပြုပဲ ဆောလျင်စွာ ဘုရားကျောင်းသို့ သွားရခြင်း၊ သင်းပိုင်, ကိုယ်ဝတ်တို့ကို ရှေးအခြားနေရာထက်မက သတိထား၍ အဝန်းသုံးပါး အလွန်ညီညွတ်အောင် ဝတ်လျက် အစွန်းနှစ်ဘက်ကို မပေါ်စေရအောင် ကောင်းမွန်စွာ ဖုံးလွှမ်း၍ တဘက်ရုံ လက်ကတော့စမွယ်တင်၍ ငြိမ်သက်သောဣန္ဒြေ ဖြင့် ကောင်းမွန်ရိုသေစွာ သွားရခြင်း၊ ဘုရားကျောင်းသို့ မရောက်မီ အကြားစကားအများပြောဆိုခြင်းမရှိ၊ ဘုရားဂုဏ်တော်စသော ကမ္မဋ္ဌာန်းကို စွမ်းအားရှိသမျှ နှလုံးထား၍ သွားရခြင်း၊ မထေရ်ကြီးတို့ကို တွေ့မြင်လျှင်

ဘိနပ်ချွတ်ခြင်း, ရိုသေကိုင်းညွတ်တုပ်ဝပ်ခြင်း, သိတင်းကြီးတို့ကို ရှိခိုး၍ သိတင်းငယ်တို့ကို မတိုးမဝှေ့ မထိမခိုက် စေရ၊ ဘုရားကျောင်း သံဃာ့အစည်းအဝေးသို့ ကောင်းမွန်စွာဝင် လျက် ဘုရားရှင်ကို မြင်လျှင်မြင်ခြင်း လက်အုပ်ချီ၍ ရှိခိုးခြင်း, ပူဇော်ခြင်း, ရေချမ်းတော်, ပန်းတော်ကပ်လှူပြီး ဘုရားပူဇော်ပြီးနောက် ပါတိမောက်, ညရွတ်, နံနက်ရွတ်သုတ်တို့ကို အညီအညွတ်ရွတ်ရခြင်း၊ ၎င်းအခါ ပျင်းမူပျင်းရာမလုပ်၊ အစွမ်းရှိသမျှ အားပါးထုတ်၍ အများနည်းတူ ကြည်ဖြူသဒ္ဓါ ကောင်းမွန်စွာရွတ်ခြင်း၊ အနာရောဂါ စသော အကြောင်းထူးဝိသေသရှိ၍ ဝတ်တက်ဝတ်ကပ်မလိုက်နိုင်လျှင် သင့်ရာပုဂ္ဂိုလ်အား အကြောင်းနှင့်တကွ မှာထားလိုက်ခြင်း၊ ၎င်းပုဂ္ဂိုလ် က သံဃထေရ်အား လျှောက်ထားခြင်း၊ မိမိအောက် အခြားမဲ့ ဝတ်တက်နေကျပုဂ္ဂိုလ် မပါလာလျှင် ၎င်းပုဂ္ဂိုလ်က သံဃထေရ်အား လျှောက်ကြားခြင်း၊ အကြောင်းမဲ့ နေရစ်ခဲ့သော်လည်းကောင်း၊ အကြောင်းထူးရှိသော်လည်း မှာထားခြင်းငှာ အခွင့်ရလောက်လျက် မမှာမထား လျောက်လျားနေရစ်ခဲ့သော်လည်းကောင်း နှံ့နာအောင် ဒဏ်ထမ်းရခြင်း၊ ဝတ်တက်ပြီးအဆုံး၌ သံဃထေရ်ကြီးတို့ ခွင့်လွှတ် သည့်အခါမှ ကောင်းမွန်စွာ ဖြည်းညင်းသက်သာ နေရာမှထ၍ ဘုရား ရှင်ကို နောက်ဆုတ်ရှိခိုးလျက် သံဃာများကို မထိမခိုက်စေရ၊ ကြမ်းနင်းသံ မမြည်မကြားစေရအောင် ရိုသေစွာ ဘုရားကျောင်းက ဆင်းသွားရခြင်း၊ အကြောင်းထူးဝိသေသမရှိလျှင် ဘုရားကျောင်းသို့ တက်သည်မှစ၍ ဆင်းခဲ့သည့်တိုင်အောင် တစုံတခွန်းမျှ စကားမပြော မဆို တုဏှီဘာဝပြုနေခဲ့ခြင်း၊ ဤသို့စသော သံဃာတော်တို့ ကုသိုလ် တရား အထူးဖြစ်ပွားခြင်းအကြောင်း ကောင်းမြတ်သောကျင့်ဝတ် ပဋိပတ်တို့ကို ပြုကျင့်ကြရမည်။ ဤကား ဘုရားရှိခိုးဝတ်တက်ရာ ကျောင်း၌ ပြုကျင့်ရာသော ဥပဒေနည်းတည်း။

## ၇။ ညဉ့်အခါ စာပြန်ရာ သိမ်တန်ဆောင်း၌ ပြုကျင့်ရာသော ဥပဒေ

ဘုရားရှိခိုးဝတ်တက်ရာမှ ပြန်လည်ပြီးနောက် တစုံတရာ အကြောင်းထူးဝိသေသမရှိလျှင် အရပ်တပါးမသွားမလာ စာပြန်ရာ သိမ်တန်ဆောင်းသို့ မနှေးမလျှင် ကောင်းမွန်စွာသွား၍ မိမိနေမြဲတိုင်း နေရာ၌ ထိုင်၍,ထ၍ စာပြန်သရဇ္ဈာယ်ခြင်း၊ ရှုပ်ရှက်ခတ် စကြံသွား ၍ စာမအံရခြင်း၊ စကြံသွား၍ အံလိုလျှင် သိမ်တန်ဆောင်အောက် အနီးအနား မြေပြင်တလင်း၌ ဆင်း၍ စာအံရခြင်း၊ မိမိအနီးအပါး အိပ်ငိုက်သူကိုမြင်လျှင် မနှိုးပဲမနေရခြင်း၊ မိမိအိပ်ငိုက်သည်ကို သူတပါး တို့ နှိုးလာလျှင် မအိပ်ချင်အောင် ထိုင်၍မအံ၊ ထ၍အံခြင်း၊ အောက် သို့ ဆင်းသဖြင့် စကြံသွား၍ အံခြင်း၊ စာပြန်ရာ၌ အကျယ်အပွား စာစကားကိုမျှ ပြော၍မနေရခြင်း၊ ပြောပလောက်သော အကြောင်းထူး ဝိသေသမရှိလျှင် စာပြန်ရာသိမ်တန်ဆောင်းသို့ တက်သည်မှစ၍ စာအံတိတ် ကရဒက်ခေါက်သည်တိုင်အောင် အကျိုးမရှိသောစကား ကို တစ်စုံတစ်ခွန်းမျှ မပြောမဆိုခြင်း၊ စာအံတိတ်ကရဒက်ခေါက်လျှင် ခေါက်ချင်း သိမ်ပေါ်၌ စကားပြော၍မနေပဲ အရှည်အကြာစာအံ၍ မနေပဲ စာပြန်ရာ အကြီးအအုပ်သံဃထေရ်ရှိရာ လက်အုပ်ချီ၍ အရိုအသေ မနှေးမလျှင် သိမ်တန်ဆောင်းမှဆင်း၍ မိမိနေရာကျောင်း အိပ်နေကျအခန်းတွင်း၌ သင့်လျော်လျောက်ပတ်သော ကမ္မဋ္ဌာန်းကို စွမ်းအားရှိသမျှ နှလုံးသွင်း၍ အိပ်ရခြင်း၊ သူတစ်ပါးအိပ်ခန်း သူတစ်ပါး နေရာတို့၌ အမှတ်မဲ့အိပ်မိလျှင် နံနက်ထအခါ ဒဏ်ဆယ်ခေါက် ထမ်းရခြင်း၊ ဆယ်ဝါမှအောက်ငယ်သော ကျန်းမာပကတိရှိသောပုဂ္ဂိုလ် တို့ သိမ်တန်ဆောင်း သံဃာစည်းဝေးရာအရပ်မှ အခြားမိမိနေရာ စသည်တို့၌ အမှတ်မဲ့စာအံ၍နေသူမှာ ဒဏ်ဆယ်ခေါက်၊ အိပ်၍ နေသူမှာ ဒဏ်အခေါက်သုံးဆယ် ထမ်းရခြင်း၊ ဆယ်ဝါထက်ကြီးသူ ပုဂ္ဂိုလ်တို့လည်း မည်သည့်အရပ်နေရာမဆို စာအံတိတ်ကရဒက် မတီးမချင်း နှစ်ပါးသုံးပါးစသည်စု၍ အလွတ်စကား အလကားပြော

ဆိုနေခဲ့သော် ဒဏ်ဆယ်ခေါက်၊ အိပ်၍နေခဲ့သော် ဒဏ်အခေါက်သုံးဆယ် ထမ်းရခြင်း၊ ကိုယ်လက်မချမ်းမသာ ရောဂါစသောအကြောင်းရှိ၍ သိမ်တန်ဆောင်းသို့ တက်သဖြင့် စာမအံနိုင်သော် သိမ်တန်ဆောင်းအုပ်မထေရ်ကြီးထံ ခွင့်ပန်လျှောက်ထားပြီးမှ မိမိကျောင်းသို့သွားရခြင်း၊ နေ့တိုင်းပင် စာမအံနိုင်လျှင် အထက်ဆရာကြီးထံ လျှောက်ထား၍နေရခြင်း၊ စာမအံနိုင်သူပုဂ္ဂိုလ်ဖြစ်လျှင် သူတစ်ပါးစာအံမတိတ်မီအတွင်း မအိပ်မလှည်း ပုတီးစိပ်၍ ကမ္မဋ္ဌာန်းကို ပွားများ၍နေရခြင်း၊ သံဃထေရ်ကြီးဖြစ်သူတို့လည်း အချင်းချင်း အခြားကိစ္စတိုင်ပင်ရန်ရှိသော်လည်း မလွှဲမကင်းသာလျှင် ထိုအခါမတိုင်ပင်ရလျှင် အကျိုးမပြီးလောက်သော အကြောင်းကို ကြည့်၍ သူတစ်ပါးတို့ စာအံကြသည့်အတွင်း စာအံတိတ်ကရဒက်မခေါက်မီ မတိုင်ပင်ပဲ အများနည်းတူ စာအံနိုင်လျှင် စာအံ၊ စာမအံနိုင်လျှင် ပုတီးစိပ်ပြီး၍ စာအံတိတ်ကရဒက်ခေါက်ပြီးသည့်နောက်မှသာ ချင်းတို့ချင်းတိုင်ပင်ရန် ရှိသည်များကို တိုင်ပင်ပြောဆိုခြင်း၊ ၎င်းဆိုအပ်ခဲ့ပြီးသည့်အတိုင်း နေရာမကျအမှတ်မဲ့ပြုခဲ့မိလျှင် မိမိလျော့လျားဘာသာ ဒဏ်ဆယ် ခေါက်စသည်ထမ်း၍ မည်သည့်အပြစ်ကြောင့် ဒဏ်ထမ်းရပါကြောင်း ကို သံဃထေရ်အား လျှောက်ကြားရမည်။ ဤကား ညဉ့်အခါ စာပြန်ရာသိမ်တန်ဆောင်း၌ ကျင့်ရာသော ဥပဒေနည်းတည်း။

## ၈။ ဥပုသ်ပြုရာသိမ်တန်ဆောင်း၌ ကျင့်ရာသော ဥပဒေ

ဥပုသ်ပြုရာ ကရဒက်ခေါက်လျှင်ခေါက်ချင်း မကြာလွန်းစေရ ဥပုသ်ပြုရာ သိမ်တန်ဆောင်းသို့ သွားရခြင်း၊ ကိုယ်ဝတ်ကိုယ်ရုံကို လက်ကန်တော့စမွှယ်တင်လျက် တဘက်ရုံနည်းကျအောင် ဝတ်ရုံပြီးလျှင် ငြိမ်သက်သောဣန္ဒြေရှိသည်ဖြစ်၍ သိမ်တန်ဆောင်းသို့ ကောင်းမွန်စွာ လာရခြင်း၊ သီတင်းကြီးတို့ကို ရိုသေကိုင်းညွတ်လျက် သီတင်းငယ်တို့ကိုလည်း တိုးဝှေ့တိုက်ခိုက်မရှိ သံဃထေရ်ရှိရာ လက်အုပ်ချီ

၍ အရိုအသေ သံဃာ့အစည်းအဝေးသို့ ဝင်ရခြင်း၊ ပါတိမောက် ပြမည့်ပုဂ္ဂိုလ်သည် ဥပုသ်မပြုမီ အဘိတ်နေ့တရက်က လာ၍ မထေရ် ကြီးထံ အမေးအဖြေနှင့်တကွ ပါတိမောက်ပြန်ရခြင်း၊ ပါတိမောက် ပြန်သည့်အခါ ညောင်းညာပင်ပန်းခြင်းစသော အနည်းငယ်သော အကြောင်းကို အကြောင်းပြုသဖြင့် အကျဉ်းသခ်ေပ မပြပဲ အခါ ခပ်သိမ်း အကျယ်ဝိတ္ထာရပြခြင်း၊ ပါတိမောက်ပြပြီးသည့်နောက် မေတ္တာသုတ်စသည်တို့ကို အညီအညာရွတ်ရခြင်း၊ ရွတ်ပြီးသည့်နောက် ဆုံးမရန်ရှိသည်များကို သံဃထေရ်တို့က ဆုံးမပြီး၍ ခွင့်လွှတ်ခါမှ အစဉ်အတိုင်းထ၍ ဖြည်းညင်းသက်သာစွာ သိမ်တန်ဆောင်းမှ ဆင်း သက်ခြင်း။ ဤသို့စသော အကျင့်ကို ပြုကျင့်အပ်၏။ ဤကား ဥပုသ်ပြုရာ သိမ်တန်ဆောင်း၌ ပြုကျင့်ရာသော ဥပဒေနည်းတည်း။ ၎င်းအတိုင်းမညီ ဘောက်ပြန်ခဲ့ကြလျှင် အာမခံနှင့်တကွ ထိုက်ရာဒဏ်။

## ၉။ နဝကမ္မပြုလုပ်ရာ၌ ကျင့်ရာသော ဥပဒေ

နဝကမ္မကရဒက် ခေါက်လျှင်ခေါက်ချင်း မကြာလွန်းစေရ၊ သံဃာ့အစည်းအဝေးသို့ သွားရခြင်း၊ ညီညာဖျဖျ နောက်မကျရအောင် အထူးသတိပြုရခြင်း၊ မိမိအာမခံအပ်သောပုဂ္ဂိုလ် နောက်မကျရအောင် အထူးသဖြင့် ကြည့်ရှုနှိုးဆော်ခြင်း၊ သံဃထေရ်ညွှန်ချ ဝေဘန်ရာအမှု ကို တွက်ချက်ခိုကပ်မရှိ စွမ်းအားအလျောက် အားထုတ်ရွက်ဆောင် ခြင်း၊ ကိုယ်လက်မအီမသာ ရောဂါစသောအကြောင်းရှိလျှင် သံဃာ ကြီး,¯ပုဂ္ဂိုလ်ကြီးများထံ ပန်ကြားလျှောက်ထား၍ နေရခြင်း၊ မပန်ကြား အမှတ်မဲ့နေခဲ့သော် သင့်လျော်အောင် ဒဏ်ထမ်းရခြင်း၊ အကြောင်းထူး ဝိသေသမရှိ အမှတ်မဲ့ပျင်းမူရာ ခိုကပ်နေရစ်ခဲ့သော်လည်းကောင်း၊ အလွန်ကြာမြင့်စွာ နောက်ချန်၍ နေရစ်ခဲ့သော်လည်းကောင်း လျော့ လျားဘာသာ ဒဏ်အခေါက်နှစ်ဆယ်, သုံးဆယ်စသည်ထမ်း၍ မထေရ်ကြီးတို့ထံ မည်သည့်အပြစ်နှင့် ဒဏ်ထမ်းရပါကြောင်းကို

လျှောက်ရခြင်း၊ နဝကမ္မပြုလုပ်သည့်အခါ အကျိုးမရှိနိရတ္ထက တိရစ္ဆာနကထာ ရယ်မောစရာစကားတို့ကို မပြောမဆိုမိအောင် အထူးသတိပြုရခြင်း။ ၎င်းနဝကမ္မပြုလုပ်ကြရာ ဝိုင်းဘွဲ့၍ လက်ဘက် ရည်သောက်ခြင်းစသော လူတို့ကဲ့သို့ ဟော့ရမ်းသောအမူအရာတို့ကို မပြုခြင်း၊ အကြီးအအုပ် သံဃထေရ်တို့မှတပါး သံဃာငယ်ချင်းချင်း မည်သူမည်ဝါမလာကြသည့်, အဟုတ်အဟတ် မလုပ်ကြသည်စသည် ဖြင့် မညည်းတွားရခြင်း၊ ကျယ်လောင်စွာ မခေါ်မအော်ရခြင်း၊ နေရာ ကျအောင်မလုပ်သည့်, မတတ်သည့်, ပျင်းသည့်, ဖျင်းသည်စသည်ဖြင့် သူတပါးအမှုကို မကဲ့ရဲ့ရခြင်း။ ဤနဝကမ္မပြုလုပ်ကြသည့်အခါ ငါ၏ တွက်တာနှင့် တစုံတခုအပြစ်တင်ရန် ပြောဆိုရန် မရှိပါစေသတည်း ဟု အထူးသတိပြု၍ အရိုအသေ ငြိမ်သက်သောက္ကန္ဒြေဖြင့် ကောင်း မွန်စွာ ပြုလုပ်အားထုတ်ခြင်း၊ သံဃထေရ်ကြီးတို့က တခုခုကိုစေခိုင်း ရာ တခွန်းတည်းသောစကားဖြင့် မငြင်းမဆန် သွားလာအားထုတ် ပြုလုပ်ခြင်း၊ အမှုကိစ္စပြီး၍ မထေရ်ကြီးတို့ ခွင့်ပြုသည့်အခါမှ လိုရာ အရပ်သို့ ဘဲသွားခြင်း၊ အမှုမပြီးမီ အကြောင်းအထူးဝိသေသရှိ၍ ဘဲသွားလိုသော် မထေရ်ကြီးများထံ ပန်ကြား၍ သွားရခြင်းစသည် တည်း။ ဤကား နဝကမ္မပြုလုပ်ရာ၌ ပြုကျင့်ရာသော ဥပဒေနည်း တည်း။

## ၁၀။ ရေခပ်ရေချိုးသွားရာ၌ ပြုကျင့်ရာသော ဥပဒေ

နှစ်ပါး,သုံးပါးစသည် တိုင်ပင်ပေါင်းစု၍ မသွားခြင်း, လမ်း ခရီးအကြား သူတပါးနှင့်ပေါင်းဆုံမိသော်လည်းကောင်း၊ ရေခပ်သိမ်၌ အများနှင့် ပေါင်းဆုံမိသော်လည်းကောင်း စကားများစွာ မပြောဆိုရ ခြင်း၊ သုံးပါး,လေးပါးစု၍ အတူရေမချိုးရခြင်း၊ မိမိထက် ခြောက်ဝါ ကြီးသော အာစရိယမတ္တမထေရ်ကြီးတို့ အနီးအပါး ရေမချိုးရခြင်း၊ ၎င်းမထေရ်တို့၏ အထက်အညာကနေ၍ ရေမချိုးရခြင်း၊ တိစီဝရိတ်

ခုတင်ဥက္ကဋ္ဌဆောင် ပုဂ္ဂိုလ်မဟုတ်ပဲလျက် မလျော်ကပ်မပတ်အချည်းနှီး ချွတ်၍ ရေမချိုးပဲ ရေသနုပ်နှင့်တကွ ချိုးရခြင်း၊ အချင်းချင်း စကား ပြောလျက် ရယ်မောမြူးတူး ရေကူးရေကစား ထိုမှဤမှ ကူးသန်း သွားလာခြင်းကို မပြု၊ ချိုးမြဲတိုင်းသောနေရာ၌ ငြိမ်သက်သော ကြွေ ရှိသဖြင့် ရေချိုးရခြင်း၊ ပုဆစ်ဖမျက်နှစ်လောက်ရုံမျှသော ရေ၌သော် လည်း ရေအပြင်ကို ခြေနှင့်ခတ်ခြင်း, လက်နှင့်ပုတ်ခြင်း, လက်ချောင်း နှင့်တောက်ခြင်းကို ပြုကာမျှဖြင့်လျှင် ဟသမွေသိက္ခာပုဒ်ဖြင့် ပါစိတ် အာပတ်သင့်ကြောင်းကို အဋ္ဌကထာ၌ မိန့်ဆိုရကား ရေချိုးရာ၌ အလွန်အာပတ်နှင့်နီးသည်ဖြစ်၍ ပျော်ရွှင်လိုသောစိတ်ဖြင့် လက်ခြေ ကိုယ်အင်္ဂါတို့ကို လှုပ်ရှားရောက်ရက်မရှိစေရ၊ အထူးသတိပြု၍ ချိုးရ ခြင်း၊ ရေချိုး ရေခပ်ဆိပ်၌ အတိုင်းထက်အလွန် အရှည်အကြာမနေရ ခြင်း။ ဤသို့စသော အကျင့်ဝတ်တို့ကို ပြုကျင့်ကြရမည်။ ၎င်းဥပဒေ နှင့်မညီ ဘောက်ပြန်ခဲ့ကြလျှင် အာမခံဆရာ ကျောင်းနေပုဂ္ဂိုလ်တို့ပါ ထိုက်ရာဒဏ်။

## ၁၁။ မြို့တွင်းရွာတွင်းသို့ ဝင်ရာ၌ ကျင့်ရာသော ဥပဒေ

မြို့တွင်း,ရွာတွင်းသို ဝင်လိုသောပုဂ္ဂိုလ်သည် ဆရာမထေရ် ကြီးထံ ပန်ကြားလျှောက်ထား၍ အခွင့်ပြုမှ ဝင်ရခြင်း၊ အကြင်ကိစ္စ အမှုဖြင့် အကြင်ဒါယကာတို့အိမ်သို့ သွားအံ့သောငှာ မထေရ်ကြီးထံ ပန်လျှောက်၏။ ထိုကိစ္စ ပြီးစီးသည့်အခါ ထိုမှဤမှ မလယ်မပတ် နေမြဲကျောင်းအရပ်သို့ ဖြောင့်ဖြောင့်မတ်မတ် ပြန်လည်ခဲ့ရခြင်း၊ ပြန် လည်ပြီးသည့်အခါ ဆရာမထေရ်ကြီးထံ လာ၍ မြို့တွင်းရွာတွင်း၌ ဖြည့်ကျင့်အပ်သော သြက္ခိတ္တစက္ခုစသော သေခိယသိက္ခာပုဒ်တော် လုံခဲ့သည်, မလုံခဲ့သည်, ကျိုးပေါက်ခဲ့သည်, မပေါက်ခဲ့သည်များကို လျှောက်ထား၍ ကျိုးပျက်ပြောက်ကျားရှိခဲ့လျှင် သဲဒဏ်, ရေဒဏ် ဆယ်ခေါက်၊ ဆယ့်ငါးခေါက်စသည်ထမ်း၍ ဒေသနာကြားရခြင်း

စသည်တည်း။ ဤကား မြို့တွင်းရွာတွင်းသို့ဝင်သောအခါ ပြုကျင့်ရာသော ဥပဒေနည်းတည်း။ ၎င်းအတိုင်း မပြုမကျင့် အမှတ်မဲ့လွန်ကျူးသူတို့မှာ တိုက်မှအာပ။

## ၁၂။ ဇာတိနေရင်းရပ်ရွာသို့ အခိုက်အတန့်ပြန်လိုသော ပုဂ္ဂိုလ်တို့ ပြုကျင့်ရာသော ဥပဒေ

ရပ်ရွာသို့ အခိုက်အတန့်ပြန်သွားလိုသော ပုဂ္ဂိုလ်သည် အာမခံဆရာ သံဃထေရ်ပုဂ္ဂိုလ်ကြီး, အထက်ဆရာမထေရ်ကြီးတို့ထံ စေ့နှံ့အောင် လျှောက်ထားပြီးမှ ပြန်သွားရခြင်း၊ လမ်းခရီးအကြား အစမ္မိယမိစ္ဆာဇီဝဖြင့် သံသယမကင်းစကောင်းသော ကျောင်းအိပ်ရာနေရာ, အစားအသောက်တို့ကို စားသောက်မှီဝဲ တည်းခိုခြင်းစသော သိက္ခာပုဒ်တော်နှင့် မလျော်သောအမှုကို မဖြစ်စေရ၊ အထူးသတိပြု၍ စောင့်ရှောက်ခြင်း၊ ရပ်ရွာသို့ ပြန်ပြီးသည့်နောက် အကြောင်းထူးဝိသေသမရှိပဲ လခွဲ, ဆယ်ရက်ထက်အလွန် ရပ်ရွာ၌ အရှည်အကြာ မနေရခြင်း၊ အကြောင်းရှိသည်ဖြစ်၍ အရှည်အကြာနေခဲ့ရလျှင် နှစ်လကျော်, သုံးလကြာမှ ပြန်လာခဲ့သော ပုဂ္ဂိုလ်တို့အား အာမခံဆရာအသစ်ရှာ၍ တခြားပုဂ္ဂိုလ်သစ်တို့နည်းတူစွာ သံဃာ့မထေရ်ကြီးတို့ထံ အသစ်လျှောက်ရခြင်း၊ အခွင့်ရမှ နေရခြင်း၊ အကြောင်းထူးဝိသေသကိစ္စမရှိ အမှတ်မဲ့ရှည်ကြာစွာ ရပ်ရွာ၌နေခဲ့သော် ရောက်သည့်အခါ နှိုနာလောက်အောင် ဒဏ်များစွာထမ်း၍ သံဃာကို နှစ်သိမ့်စေလျက် အာမခံဆရာအသစ်ရှာ၍ သံဃာ့မထေရ်ကြီးတို့ ခွင့်ပြုမှ ဒွေမာတိကာ စသည်ကို အသစ်ပြန်ဆို၍ နေရခြင်း။ ဤသို့စသော အကျင့်တို့ကို ပြုကျင့်ကြရမည်။ ဤကား ရပ်ရွာပြန်ရာ၌ ပြုကျင့်ရာသော ဥပဒေနည်းတည်း။

## ၁၃။ ပရိဝါသ်,မာနတ်ဆောက်တည်ရာ၌ ပြုကျင့်ရာသော ဥပဒေ

ကာမဝိတက်ကို ကြံမိကာမျှဖြင့် သံဒဏ်များစွာထမ်း၍ စိတ်ကို နှိပ်ကွပ်ဆုံးမကြသော နေရဥ္စရာမြစ်နား ဥရုဝေဠဝါသီ တောအရပ် ရသေ့တာပသပုဂ္ဂိုလ်တို့ အကျင့်များကို ထောက်၍ သဒ္ဓိစ္စဖြင့် ဂရုကအာပတ်သို့ရောက်လျှင် နွံနာလောက်အောင် ဒဏ် ထမ်း၍ နေ့ညဥ့်မဖုံးမလွှမ်း ဆောလျင်စွာ အာဝိကတပြုခြင်း၊ ညဥ့် လွန်အောင် ဖုံးလွှမ်း၍ ပဋိစ္ဆန္နပရိဝါသ်ကို ဆောက်တည်ခဲ့ရလျှင် တရက်, တရက် ဖုံးလွှမ်းသည်၏အတွက်ကို သံဒဏ်ရေဒဏ်ငါးခါက်စီ တာချ၍ ဝတ်နေရက်များတိုင်း ဒဏ်များစွာထမ်းရခြင်း၊ အပ္ပဋိစ္ဆန္န မာနတ်မျှနေသော်လည်း ကမ္မဝါစာဆရာ, ကာရကသံဃာတို့ကို အလွန်မြတ်နိုးစေခြင်းငှာ စေတီတော်, သံဃာတော်အား ရေဒဏ် ငါးလုံး, ဆယ်လုံးလှူပြီးမှ သံဃာကို မာနတ်တောင်းပန်လျှောက်ထား ရခြင်း၊ ပကတတ်ရဟန်းအနီး တစ်ဆယ့်နှစ်တောင်အတွင်း ဘိနပ် မစီးမသွား ပုစ္ဆာပြဿနာမမေးမဖြေ ပကတတ်ရဟန်းတို့နှင့် တမိုး တရံတည်း မအိပ်မနေရခြင်းစသော ဒဏ်သားရဟန်းတို့ ကျင့်ရာသော ဝတ်တို့ကို အရိုအသေကောင်းစွာ ကျင့်ဆောက်တည်ခြင်း၊ ပရိဝါသ်, မာနတ်ကြားရာအရပ်၌ ဒဏ်သား, ပကတတ်သားနှစ်ပါးလုံးပင် တိရစ္ဆာနကထာများကို မပြောမဆိုပဲ သင့်လျော်လျောက်ပတ်သော ကမ္မဋ္ဌာန်းကို နှလုံးထား၍ ကောင်းမွန်စွာ နေထိုင်ရခြင်း။ ဤသို့ စသော အာသဝေါကိလေသာကင်းကြောင်း ကောင်းမြတ်သော သလ္လေခအကျင့်တရားတို့ကို သံသာရဘီရုက မဟာသမဏ သကျ ပုတ္တတို့ပီပီ ညီညွတ်သော ကိုယ်စိတ်နှလုံးရှိသည်ဖြစ်၍ ကောင်းမွန်စွာ ကျင့်ဆောက်တည်နိုင်ကြပါစေကုန်သတည်း။ ဤကား ပရိဝါသ်, မာနတ်ဆောက်တည်ရာ၌ ကျင့်ရာသော ဥပဒေနည်းတည်း။

## ၁၄။ အထက်ဆရာမှထေရ်ကြီး ပြုကျင့်ရာသော ဥပဒေ

တပည့်ပရိသတ်တို့အား ပါဠိ အဋ္ဌကထာစသည်တို့ကို စွမ်းအားအလျောက် ပို့ချပြသဖြင့် တလလျှင် လေးသီတင်း, ရှစ်သီတင်း စသည်ဖြင့် တရားစကား ဟောကြားပြသ၍ ပရိသတ်တို့အား သဒ္ဓါတရား တက်ပွားစေခြင်း၊ အခါအခါ၌ ဩဝါဒ,အနုသာသနီ မပြတ်ပေးသဖြင့် ပရိသတ်ကို ယဉ်ကျေးအောင်ဆုံးမခြင်း၊ နိဂ္ဂဟာရဟ, ပဂ္ဂဏှာရဟ ပုဂ္ဂိုလ်တို့အလျောက် ချီးမြှောက်နှိပ်ကွပ်ဆုံးမခြင်း၊ နှုတ်မကျန်းတန်းခြင်း၊ အချော်အဖျင်း မပြောခြင်း၊ နဝကမ္မအမှု မထူခြင်း၊ ပဥ္စင်းငယ်, သာမဏေငယ်တို့နှင့် ရောနှောခြင်းစသော သင်္ဂဏိကာရာမတာ စကားများခြင်း, ဘဿာရာမတာ အိပ်ကြူးခြင်း, နိဒ္ဒါရာမ-တာစသော ရဟန်းတရားမှဆုတ်ယုတ်ကြောင်း မကောင်းသောအမူအရာတို့ကို မဖြစ်စေရ၊ အထူးသတိပြုခြင်း၊ ပဥ္စင်းငယ်, သာမဏေငယ်တို့ နေရာတိုက်ခန်းစသည်တို့သို့ လည်ပတ်သွားလာ တရားလွတ်စကား ပြောဆိုမရှိခြင်း၊ မိမိထံရောက်လာသော တပည့်ပရိသတ် တို့အား အကျိုးမရှိ အသွတ်စကား, ရယ်မောဘွယ်ရာစကားများကို ကြဉ်၍ လျောက်ပတ်သောဩဝါဒကထာ, ဓမ္မကထာစသော အကျိုးစီးပွားများလောက်သော စကားတို့ကိုသာ ပြောဆိုခြင်း၊ ဆန္ဒာ ဒေါသာ ဘယာဂတိသို့ မလိုက်ခြင်း၊ ပစ္စည်းလာဘ်တို့၌ ခင်မင် မက်မောနှမြောစုံမက်မရှိခြင်း၊ မျက်နှာကြီးငယ် မရွယ်မထောက် သံဃာအား ကျေးဇူးနည်းများ ပုဂ္ဂိုလ်အားလျော်စွာ အနုဂ္ဂဟနှစ်ပါး ဖြင့် တပည့်သားတို့အား ချီးမြှောက်ထောက်ပံ့ခြင်း၊ ပုဂ္ဂလိကပစ္စည်း, သံဃိကပစ္စည်း, ဂရုဘဏ်ပစ္စည်း, လဟုဘဏ်ပစ္စည်းရပ်များကို တရားအလျောက် နေရာရောက်အောင် သုံးဆောင်ဝေဘန်ဖြန့်ချီခြင်း၊ သံဃိကပစ္စည်းကို ပုဂ္ဂလိကပစ္စည်းကိုကဲ့သို့ပြု၍ အမှတ်မဲ့ မသုံးဆောင် မဝေဘန်ခြင်း၊ တခြားပုဂ္ဂိုလ်တို့မှရအပ်သော ပစ္စည်းလာဘ်တို့ကို အဓမ္မိယပစ္စည်းမှန်းသိလျက် သံသယမကင်းစကောင်းပဲလျက် အများ

နှင့်ဆက်ဆံရာ, ဘဏ္ဍာသိမ်းရာ ဆွမ်းစားကျောင်းစသည်တို့သို့ မပို့မတင်စေပဲ အနပေက္ခစွန့်ပစ်ခြင်း၊ စွန့်၍တဖန် ရပြန်လျှင်လည်း သုံးဆောင်ဝေဘန် လက်ခံသိမ်းထားမရှိခြင်း၊ တစုံတခု အမှုအခိ-ကရဏ်း ပေါ်ပေါက်လာလျှင် လူရှင်အများ ကြားသိတော့မည်, တိုက်တာ ကျက်သရေ ပျက်တော့မည်ဟု ဖုံးလွှမ်းလျှို့ဝှက်မပြု အမှုအင်ကို ကြည့်ရှု၍ ထင်ရှားသင့်သည်ကို ထင်ရှားအောင် တိုက်အုပ်, တိုက်ကြပ်အရာ လွှဲထားအပ်သော ဦးပဉ္စင်းတပည့်ကြီးတို့နှင့် သဘောတူ စီရင်ဆုံးမခြင်း၊ မလိမ်မာသူ အောက်လူငယ်တို့ တဘက်စကားဖြင့် တပည့်ကြီးပုဂ္ဂိုလ်များကို မေးမြန်းတိုင်ပင်မပြုပဲ တပည့်ကြီးပုဂ္ဂိုလ် များအား ပြစ်တင်စကား မပြောမဆိုခြင်း၊ တစ်ဆင့်စကား နားကြားရုံမျှဖြင့် အမှုသည်ကို မမေးမမြန်းရခင် ရှေးဦးတင်၍ တစုံတယောက်သော တပည့်ကိုမျှ ကဲ့ရဲ့ရှုတ်ချ ဒေါသအမျက်မထားခြင်း၊ ကျောင်းသား သူငယ်ကိုသော်မှလည်း ပြင်းထန်စွာသော ဒေါသစိတ်ဖြင့် အော် ငေါက်ငမ်း ဆွဲလမ်းရိုက်နှက်ပုတ်ခတ်ခြင်းကို မပြု၊ အမှုနှင့်လျော်စွာ သင့်ရာဒဏ်ကိုပေး၍ ကြောက်ရွံ့ယဉ်ကျေးလောက်အောင် ဆုံးမခြင်း၊ ဂုဏ်မာနဖြင့် ဝင့်ဝါပလွှား ဝါကြွားသော ကိုယ်အမှုအရာ, နှုတ်အမှု အရာအကျင့်တို့ကို မိမိလည်း မဖြစ်စေရ၊ သူတပါးတို့ကိုလည်း မဖြစ်စေရ၊ အထူးသတိပြု၍ ပရိသတ်ကို ဆုံးမစောင့်ရှောက်ခြင်း၊ မိမိ၌ သိက္ခာပုဒ်တော် အာပတ်အရာနှင့်စပ်၍ သံသယမကင်းသဖြင့် တပည့် ဦးပဉ္စင်းတို့ လျှောက်ထားစောဒနာလာသည့်အခါ မကြည်လင် မနှစ်သက်သော အမှုအရာတို့ကို မဖြစ်စေရ၊ အရာရာ၌ တည်သော တပည့်ကောင်း ဖြစ်ပေသည်တကားဟု ကောင်းမွန်စွာနှလုံးထားလျက် နားခံသာသောစကားဖြင့် အကြောင်းအားလျော်စွာ ပြန်ကြားပြောဆိုခြင်း၊ ဒါယကာတို့နှင့် အနနုလောမိက ဂိဟိသံသဂ္ဂ အနေသနအမှုအရာတို့ကို မိမိလည်း မဖြစ်စေရ၊ တပည့်ပရိသတ်တို့ကိုလည်း မဖြစ်စေရအောင် မပြတ်မလပ်ဟောပြောဆုံးမခြင်း၊ စာပေကျမ်းဂန် သင်အံ သရဇ္ဈာယ်ခြင်း ပရိယတ်အရာ၊ ပုတီးစိပ်ခြင်း, ကမ္မဋ္ဌာန်းစီးဖြန်းခြင်း, ပဋိပတ်အရာတို့၌ မပြတ်မလပ် အားထုတ်နှိုးဆော် တိုက်တွန်းခြင်း၊ မည်သည့်စာကို တက်သနည်း၊ မည်သည့်စာကို ဆောင်သနည်း၊

မည်သည့်ကမ္မဋ္ဌာန်းကို အားထုတ်သနည်းစသည်ဖြင့် ရံဖန်ရံခါ မေးမြန်း၍ တပည့်ပရိသတ်တို့အား တရားတိုးတက်အောင် ကြံဆောင်နှိုးဆော်ခြင်း၊ ငါဆုံးမ၍ထားအပ်သော ဥပဒေနည်းအတိုင်း ကျင့်ဆောင်နိုင်ပါ၏လောစသည်ဖြင့် မေးမြန်း၍ တပည့်ပရိသတ်တို့အား ဥပဒေနည်းအတိုင်း နေရာကျအောင် အထူးသဖြင့်ကြည့်ရှုခြင်း၊ ပြောပလောက်အောင် ဖျားနာသည့် တပည့်ရဟန်း, သာမဏေတို့ကို အထူးအာရုံပြု၍ ကြည့်ရှုမိုင်းမခြင်း၊ တပည့်ပရိသတ်တို့ လိုရာပစ္စည်းရပ်ကို စွမ်းအားအလျောက် ချီးမြှောက်ပေးကမ်း ဝေဘန်ခြင်း၊ တပည့်ပရိသတ်တို့ ဖြစ်ဟန်ပျက်ဟန်, နေပုံနေဟန် ကျင့်ကြံဟန်တို့ကို အမှန်သိရအောင် သူလျှိုတမန်တို့ကိုသော်လည်း လွှတ်၍ မပြတ် မလပ်ထောက်လှမ်းမေးမြန်းစုံစမ်းခြင်း၊ ၂-ကြိမ်, ၃-ကြိမ်ပြောဆိုဆုံးမ၍သော်မှမရ ဒုဗ္ဗစတပည့် အလဇ္ဇီတပည့်တို့ကို ဆန္ဒာဘယာမလိုက်တိုက်တာအတွင်းမှ နှင်ထုတ်ခြင်း၊ မလိမ်မာသူ လူငယ်တို့ကို မမြှောက်စားခြင်း၊ အများသံဃာ သဘောမတူသောပုဂ္ဂိုလ်ကို အကြီးအအုပ်အရာ မလွှဲထားခြင်း၊ သံဃာယုံမှတ်အပ်သည်ဟု လွှဲထားအပ်သော တပည့်ပုဂ္ဂိုလ်ကြီးတို့နှင့် တိုင်ပင်၍ အလုံးစုံအမှုကြီးငယ်တို့ကို စီရင်ဆုံးဖြတ်ခြင်း "ခမာ ဇာဂရိယုဋ္ဌာနံ၊ သံဝိဘာဂေါ ဒယိက္ခဏာ" ဟူသော သည်းခံခြင်း, နိုးကြားခြင်း, ထကြွလုံ့လရှိခြင်း, ပစ္စည်း ပရိက္ခရာဝေဘန်ဖြန့်ချီခြင်း, သနားတတ်ခြင်း, အရာရာမျိုးတို့၌ သုဇန,ဒုဇ္ဇနအဆိုးအကောင်းတပည့်ပရိသတ်တို့၏ အခြင်းအရာကို မှန်ကန်စွာသိအောင် ပညာဖြင့် ရှုဆင်ခြင်ခြင်း။ ဤနာယကဂုဏ်ခြောက်ပါးနှင့်ပြည့်စုံအောင် နှလုံးထားခြင်း။ ဤကား ဦးခိုင်နာယကပြုလုပ်သူ ဆရာမထေရ်ကြီး ပြုကျင့်ရာသော ဥပဒေနည်းတည်း။

## ၁၅။ ဆရာမထေရ်ကြီးနှင့် သံဃာသဘောတူ တိုက်အုပ်, တိုက်ကြပ်အရာ လွှဲအပ်ထားသော ပုဂ္ဂိုလ်ကြီးတို့ ပြုကျင့်ရာသော ဥပဒေ

မထေရ်ကြီးထံ ရံဖန်ရံခါသွားလာ၍ မထေရ်ကြီးဆုံးမရာ နာခံမှတ်သားခြင်း၊ ဆရာမထေရ်ကြီး ဆုံးမအပ်သော ဥပဒေနည်း အတိုင်း နေရာကျအောင် ပရိသတ်ငယ်သားတို့၌ ကြောင့်ကြတစ်ခု အာရုံပြု၍ ကြည့်ရှုဆုံးမခြင်း၊ ဆရာမထေရ်ကြီး ပညတ်အပ်သောအမှု ဥပဒေနည်းတို့ကို ဆရာကြီးထံ မပန်မကြား အမှတ်မဲ့မနုတ်ထားခြင်း၊ ပညတ်သစ်ဥပဒေ အထွေအထူးထားပြန်လိုလျှင် ဆရာမထေရ်ကြီးနှင့် တိုင်ပင်၍ ထားရခြင်း၊ တစ်ခုတယောက် အောက်ငယ်သားတို့ တဆင့် စကားဖြင့် ဆရာမထေရ်ကြီးအား ပြစ်မှားကဲ့ရဲ့မပြုရခြင်း၊ ပုဂ္ဂိုလ်တို့ အချင်းချင်း တစ်ပါးသြဇာကို တစ်ပါးမဖျက်ခြင်း၊ တစ်ယောက်ကျေးဇူးမဲ့ကို တစ်ယောက်ကွယ်ရာ အတင်းအဖျင်းမပြောပဲ ကျေးဇူးဂုဏ်ကိုသာ ရှာကြံ၍ ပြောဆိုခြင်း၊ အောက်ငယ်သားတို့အဆင့် ကုန်းချောစကား နှင့် ပုဂ္ဂိုလ်ကြီးချင်း မကွဲပြားရအောင် သူပြောလာတိုင်း မယုံမိအောင် အထူးသတိပြုခြင်း၊ မနာလိုကုန်းချောစကား မိမိထံပြောကြားလာသော ငယ်သားတို့ကို နှိမ့်နာအောင် ဒဏ်ပေးဆိုမြည်ခြင်း၊ အောက်ငယ်သား တို့ သူ့တပည့်, ငါ့တပည့်, သူ့အသင်း, ငါ့အသင်းကွဲပြား မရှိစေရ၊ တစ်ဘတည်းသားတို့ကဲ့သို့ ညီညွတ်စေ့စပ်အောင် တစ်လုံးတစည်းတည်း ဖြစ်အောင် ပရိသတ်အလုံးကို ဆုံးမကြည့်ရှုစောင့်ရှောက်ခြင်း၊ အစား အစာနှင့်စပ်သော ပစ္စည်းလာဘ်ကို သူ့ဟာ, ငါ့ဟာ သီးသန့်ကွဲပြား မဆိုထားပဲ မိမိပုဂ္ဂလိကရအပ်သော အစားအစာပစ္စည်းလာဘ်တို့ကို သော်လည်း သူအပြစ်တင်လောက်အောင် ရခဲ့၍ရှိလျှင် ဆွမ်းစား ကျောင်းသို့တင်၍ သံဃာ့ဘောင်သို့ ပို့ချခြင်း၊ သံဃာ့အလယ် သံဃာ ငယ်တို့ရှေ့ ပုဂ္ဂိုလ်ကြီးချင်း တယောက်တခြား ကွဲပြားငြင်းခုံ မပြုရခြင်း၊ သံဃာမှအပ သင့်တင့်ရာအရပ်ဝယ် ချင်းတို့ချင်း ညှိနှိုင်း တိုင်ပင်၍

သဘောညီမျှပြီးသော စကားအမှုတို့ကိုသာ သံဃာ့လယ်၌ ပြောဆိုဆုံးမခြင်း၊ ပရိသတ်အလယ် ကျယ်လောင်စွာ အော်အင်ငေါက်ငမ်း မကြမ်းတမ်းစေရခြင်း၊ အခါခပ်သိမ်း ကျယ်လောင်စွာ ရယ်ရွှင်မြူးတူး မပြုရခြင်း၊ ဆရာမထေရ်ကြီးလာဘ်, သံဃာ့လာဘ် ပစ္စည်းတို့ကို အညီအညွတ်ဝေဘန်မိအောင် အထူးသတိပြုရခြင်း၊ သံဃကိစ္စ၌ အထူးရွက်ဆောင်ဘော်ရသော သံဃဘာရနိရတ္ထကပုဂ္ဂိုလ်, အများသံဃာ့တွက်တာ အနုမောဒနာတရားစသည် ဟောကြားရွက်ဆောင်တတ်သော သရဘာဏကပုဂ္ဂိုလ်, သံဃာအား အစေ့အစပ်ဖြစ်အောင် ဟောကြားပေတတ်သော ဓမ္မကထိကပုဂ္ဂိုလ်, သံဃာကို စာဝါများစွာတို့ဖြင့် ကျေးဇူးများစွာရှိအောင် ရွက်ဆောင်ချီးမြှင့်လေ့ရှိသော ဂဏာဝါစကပုဂ္ဂိုလ်, သမ္မုတိရအောင် ဖျားနာသောဂိလာနပုဂ္ဂိုလ် တို့ကို နဝကမ္မအမှုသစ်မှ နုတ်ထားခြင်း၊ သင်္ကန်း, သပိတ်, ပရိက္ခရာ အထူးချီးမြှောက်ခြင်းစသည်တို့ကို ပြုလုပ်မိအောင် ဆရာမထေရ်ကြီးထံ ပန်ကြားလျှောက်ထား၍ ချီးမြှင့်သင့်သော ပုဂ္ဂလဝိသေသကို အထူး ချီးမြှင့်ခြင်း၊ နိဂ္ဂဏှာရဟ= နှိပ်နင်းထိုက်သူပုဂ္ဂိုလ်တို့ကို နိုင်နင်းအောင် နှိပ်ကွပ်ဆုံးမခြင်း၊ ကျောင်းသားလူငယ်တို့ကိုသော်လည်း ကျယ်လောင်စွာ အော်အင်ငေါက်ငမ်း ရိုက်နှက်ပုတ်ခတ်ခြင်း မရှိစေရ၊ သင့်လျော်အောင်သာ ဒဏ်ပေး၍ နှိမ့်နာယဉ်ကျေးအောင် ဆုံးမခြင်း၊ ဆုံးမ၍မရ ဒုဗ္ဗစကျင့်သူတို့ကို ဆရာမထေရ်ကြီးထံ လျှောက်ထားခြင်း၊ မိမိတို့လည်း နှိပ်နင်းနှိမ့်နာလောက်အောင် မဆုံးမ၊ ဆရာမထေရ်ကြီးထံ လည်း မလျှောက်ထား၊ ဆန္ဒာ, ဘယာ, မောဟာဂတိလိုက်၍ အမှတ်မဲ့အရှည်အကြာ နေမိလျှင် သတိရသည့်အခါ နှိမ့်နာလောက်အောင် ဒဏ်ထမ်းရခြင်း၊ အထက်ဆရာမထေရ်ကြီး၌ မဟော်မလျော်သောအပြစ်ကို မြင်လျှင် ပြောဆိုလျှောက်ထားဝံ့ခြင်း၊ လျှောက်ထားသောအခါ ဆရာမထေရ်ကြီး သဘောမတူရှိခဲ့လျှင်လည်း မျက်မှောက်မျက်ကွယ် အဆောတလျင် ပြစ်တင်ကဲ့ရဲ့မပြုပဲ သံဃာ့အလယ် လှန်ပြန်ပြောဆိုမပြုပဲ လျောက်ပတ်သည့်အခါမှ နေရာတကျ ပြောဆို လျှောက်ထားခြင်းစသော တပည့်တို့အင်္ဂါ အဝိမတ္တပေမ, အဝိမတ္တ

ဂါရဝတရားများကို အထူးနှလုံးထား၍ အထက်ဆရာကြီးနှင့် ယုဂဂ္ဂါဟ, ပဋ္ဌာသမပြုမိအောင် အထူးသတိပြုခြင်း စသည်တည်း။ ဤကား ဆရာမထေရ်ကြီးက တိုက်အုပ်, တိုက်ကြပ်အရာ လွှဲထားအပ်သော ပုဂ္ဂိုလ်ကြီးတို့ ကျင့်ရာသော ဥပဒေနည်းတည်း။

## ၁၆။ တိုက်သားသံဃာငယ် ဦးပဥ္စင်းတို့ ကျင့်ရာသော ဥပဒေ

တိုက်အုပ် တိုက်ကြပ် ဦးပဥ္စင်းကြီးတို့ ဆုံးမစကားကို တစ်ရံ တစ်ဆစ်မျှ ခွန်းတုံ့မပြန်မလှန်ခြင်း၊ ဆရာမထေရ်ကြီးတို့ထံ ရံခါရံခါ သွား၍ တရားဆုံးမခံခြင်း၊ ၎င်းမထေရ်ကြီး, ပုဂ္ဂိုလ်ကြီးတို့၌ အလွန် ရိုသေဦးညွှတ်တုပ်ဝပ်လေ့ရှိခြင်း၊ ဆရာမထေရ်ကြီး, ပုဂ္ဂိုလ်ကြီးတို့ သံဃာ့အလယ်၌ မောဟာဂတိကြောင့်မဟုတ်သည့်အရာကိုပင် ပြစ် တင်ပြောဆိုမိသော်လည်း သံဃာအလယ်၌ ခွန်းတုံ့ပြန်လှန် မငြင်း ဆန်ပဲ "ခန္တီ သောဝစဿတာ" မင်္ဂလာတရားများကို နှလုံးထား၍ ဆိတ်ဆိတ်သည်းခံသဖြင့် လျှောက်ပတ်သင့်လျော်သောအခါမှ အဟုတ် အမှန်သဘောကျအောင် ကောင်းမွန်ရိုသေစွာ လျှောက်ထားရခြင်း၊ တိုက်အုပ်,တိုက်ကြပ် ဦးပဥ္စင်းကြီးတို့၏ အပြစ်အနာကို မရှာမရှု ကျေးဇူးဂုဏ်ကိုသာ ရှုလေ့ရှိခြင်း၊ ၎င်းတိုက်အုပ်,တိုက်ကြပ် ဦးပဥ္စင်း ကြီးတို့ သဘောတူ စီရင်ဆုံးဖြတ်အပ်ပြီးသောအမှု, ငြိမ်းစေအပ်ပြီး သော အဓိကရုဏ်းတို့ကို ဆန္ဒာ, ဘယာလိုက်၍ စီရင်ဆုံးဖြတ်ကြ သည်စသည်ဖြင့် တစုံတခွန်းမျှ ကဲ့ရဲ့ရှုတ်ချ မပြုရခြင်း၊ အရိုအသေ လက်အုပ်ချီမိုး၍ ရှိခိုးလျှောက်ထားခြင်း၊ သီတင်းကြီးတို့ကို ပန်၍ ဆိမီးထွန်းခြင်း, ဆိမီးငြိမ်းခြင်း, ပုစ္ဆာပြဿနာမေးခြင်း, ဖြေခြင်း, တရားစကား ဟောပြောခြင်း, စာအံခြင်း, စာချခြင်း, မိမိနေရာ သီတင်းကြီးပုဂ္ဂိုလ်လာလျှင် နေရာမှထကြခြင်း, ရှိခိုးဝပ်ချပြုခြင်း, ဆရာ မထေရ်ကြီးထံ ဆည်းကပ်သောအခါ သံဃာ့ဘောင်သို့ သက်ဝင်သော အခါတို့၌ သီတင်းကြီးနေရာ, သီတင်းငယ်နေရာ မှတ်သား၍ မိမိအား

လျောက်ပတ်သောနေရာတို့၌ နေရခြင်း၊ မိမိထက်ကြီးသော သီတင်းကြီးတစ်ယောက် လာပြန်လျှင် ၎င်းပုဂ္ဂိုလ်၏အောက် နောက်ကိုဆုတ်၍ အသာကောင်းမွန်စွာ နေရခြင်း၊ ယုတ်သောအပိုင်းအခြားအားဖြင့် ၇-နှစ်ရွယ် သာမဏေငယ်တို့ကိုသော်လည်း နင်,ဟယ်စသော အဂါရဝစကားတို့ကိုလည်းကောင်း၊ ရဟန်းငယ်ချင်းချင်း, သာမဏေငယ်ချင်းချင်း မင်း,ငါဟူသော စကားကိုလည်းကောင်း၊ လူတို့ချင်းကဲ့သို့ ခင်ဗျားဟူသောစကားကို ခေါ်ဆိုသုံးစွဲလေ့မရှိ၊ အတိသက္ကစ္စဖြစ်အောင် အယုတ်ဆုံးအားဖြင့် ၇-နှစ်ရွယ် သာမဏေငယ်ချင်းတို့သော်လည်း အချင်းချင်း ဦးထိပ်ရွက်ပါသည်ဘုရား, တင်ပါသည်ဘုရားစသည်ဖြင့် အရိုအသေ ပြောဆိုလေ့ရှိခြင်း၊ မထေရ်ကြီးဆရာ, အာမခံဆရာ, ကမ္မဝါစာဆရာ, ရှင်ပြုရာ သရဏဂုံပေးသော ဆရာတို့၌ပြုရာသော ဝတ်နိဗဒ်ကို မလစ်မလပ် မပြတ်ပြုမိစေရခြင်း၊ သတိလစ်လပ် မအားလပ်၍ အခါခပ်သိမ်း မပြုစွမ်းနိုင်လျှင် ၎င်းဆရာတို့ထံ ဝတ်နိဗဒ်လစ်လပ်သည့်အရာများကို သနားခွင့်ပြုတော်မူပါဟု ခွင့်ပန်လျှောက်ထား၍ နေရခြင်း၊ ရေချမ်းတော်, ပန်းတော်စသော မိမိစွမ်းနိုင်ရာ တခုခုသော ဝတ်နိဗဒ်တို့ကို နေ့စဉ်မပြတ်စေရ၊ စေတိယင်္ဂဏ, ဗောဓိယင်္ဂဏဝတ်တို့ကို အမြဲအားထုတ်ပြုစုခြင်း၊ ချင်းတို့ချင်း ကတောက်ကဆတ် ခိုက်ရန်ဖြစ်ကြောင်း မကောင်းသောစကားတို့ကို မပြောမဆိုမိအောင် အထူးသတိပြုခြင်း၊ မလိမ်မာလှသည့်ပုဂ္ဂိုလ်တို့က ငေါက်ငမ်းပြောဆိုခံရသည့်အခါမှာ ငေါက်လျှင်ငေါက်ချင်း အော်လျှင်အော်ချင်းတို့ကို မဖြစ်စေသဖြင့် ဆိတ်ဆိတ်သည်းခံသဖြင့် ဆရာမထေရ်ကြီး, ပုဂ္ဂိုလ်ကြီးများထံ၌သာလျှင် အကြောင်းခြင်းရာကို တိုင်ကြားလျှောက်ထားပြောဆိုလေ့ရှိခြင်း၊ ယင်းသို့သည်းမခံ လှန်ပြန်ပြောဆိုရှိလျှင် နှစ်ဦးလုံးကိုပင် အာမခံဆရာတို့က ဒဏ်နှိပ်နှာအောင်ပေးရခြင်း၊ အကြောင်းထူးဝိသေသမရှိပဲ သူတပါးတိုက်ခန်းသို့ မလည်မပတ် မသွားမလာရခြင်း၊ အကြောင်းကိစ္စမရှိပဲ ၃-ပါး, ၄-ပါးစု၍ စကားတပြောပြော မနေထိုင်ရခြင်း၊ မိမိနှင့်စပ်လျဉ်း၍ တပည့်သူငယ်လက်ခံလိုလျှင် အထက်ဆရာကြီးထံ ခွင့်ပန်လျှောက်ထား၍ အခွင့်

ရသည့်အခါ တိုက်အုပ်, တိုက်ကြပ်ပုဂ္ဂိုလ်တို့ထံ အပ်နှံလျှောက်ထား၍ သူတော်ငယ်ပြုလုပ်စေပြီးလျှင် သူတော်ငယ်တို့ကို အုပ်ထိန်းဆုံးမသူ ဆရာ့ထံ ဘိတ်မန်လျှောက်ထား၍ ငါ့တပည့်, သူ့တပည့်ဟု ကေလာယန စွဲလမ်းခြင်းအား မကြီးစေရ၊ သံဃာတော်ဘုံတပည့် အမှတ်နှင့်ထား၍ သံဃာတော်တို့ ဆုံးမပြောဆိုတိုင်း သုံးစွဲစေခိုင်းတိုင်း ဝမ်းမြောက်ဝမ်းသာရှိနိုင်မှ တပည့်သူတော်ငယ်တို့ကို လက်ခံမွေးမြူခြင်း၊ ရှင်ပြုသောအခါ၌လည်း ဆယ်ငါးနှစ်, ဆယ့်ခြောက်နှစ် အချိန် လိမ်မာလောက်သော အရွယ်ရောက်မှ ငြိမ်သက်သော ရှင်သာမဏေတို့ ဣန္ဒြေနှင့် ကောင်းမွန်စွာနေထိုင်ဟန်ထင်မှ ဆရာမထေရ်ကြီး, သံဃထေရ်ပုဂ္ဂိုလ်ကြီးတို့ သဘောတူမှ လိင်, ဒဏ်, သေခိယစသော ရှင်ကျင့်ဝတ်ပဋိပတ်တို့ကို နှုတ်တက်အာဂုံရ၍ သရ-ဏဂုဏ်ကို ဌာန် ကရိုဏ်း နိဂ္ဂဟိတန္တ မကာရန္တ သိထိလ ဓနိတ ပိသအောင် သင်ပြီးမှ အာမှခံဆရာရှိမှ ရှင်သာမဏေပြုစေရခြင်း၊ ရှင်သာမဏေပြုပြီးနောက် ခုနစ်ရက်ပတ်လုံး အာမခံဆရာက ဝတ်နည်း, ရုံနည်း, ဆွမ်းစားနည်းတို့ကို အသေအချာ ကြပ်မကြည့်ရှု ဆုံးမပဲ့ပြင်၍ လိင်မာယဉ်ကျေးပြီးမှ ဆွမ်းစားကျောင်း ရှင်သာမဏေ အပေါင်းအဘော်တို့နှင့် အတူတကွ စားစေရခြင်း၊ မိမိတပည့် ရှင်သာမဏေငယ်တို့ကို လွန်စွာခင်မင်စွဲလမ်းခြင်း သတ္တကေလာယန မရှိစေပဲ ယခင်သူတော်ငယ်တို့ကဲ့သို့ အလုံးစုံသံဃာတော်တို့ ဘုံတပည့် အမှတ်နှင့်သာ အာမခံဆရာ, သံဃထေရ်ပုဂ္ဂိုလ်တို့ထံ အလုံးစုံ အပ်နှံထားသဖြင့် သံဃာကြီး,ငယ်အလုံးစုံတို့ စေခိုင်းဆုံးမပြောဆိုသမျှကို ဝန်တိုက္ကသာ မသဒ္ဓါသောအမူအရာ မထင်စေရ၊ ကြည်လင်သဒ္ဓါ ဝမ်းမြောက်ဝမ်းသာရှိနိုင်မှသာလျှင် သာမဏေတပည့် လက်ခံမွေးမြူခြင်း၊ ၎င်းရှင်သာမဏေတို့မှာ တလလျှင် ၄-ကြိမ်, ၈-ကြိမ် လိင်ပြန်ဒဏ်ထမ်းစေရခြင်း၊ အရပ်တပါး စာသင်ပြောင်းသွားလိုသော ပုဂ္ဂိုလ်သည် အာမခံဆရာနှင့် ရှေးဦးစွာ တိုင်ပင်နှီးနှောပြောဆိုလျှောက်ထားပြီး၍ တိုက်အုပ်,တိုက်ကြပ်ပုဂ္ဂိုလ်တို့ထံ လျှောက်ထားပြီးမှ ဆရာမထေရ်ကြီးထံ လျှောက်ထားရခြင်း၊ ဆရာမထေရ်ကြီးက အကျိုးစီးပွား

များလောက်သည်ဟု ညွှန်ကြားရာအရပ်ကိုသာ. သွားလာရခြင်း၊ သွားလာအံ့သည့်အခါ အာမခံဆရာ, သံဃထေရ်ပုဂ္ဂိုလ်တို့ကို "အကျွန်ုပ်၌အပြစ်ကြီးငယ်ရှိသမျှကို သည်းခံတော်မူပါ။ မတော်မလျော်နေထိုင်သည်များကို ကြားသိလျှင် အကျွန်ုပ်အား သနားသဖြင့် အဝေးအနီးမဆိုထိုထိုနေရာအရပ်သို့ မှာထားဆုံးမတော်မူလိုက်ပါ"စသည်ဖြင့် ရိုသေစွာလျှောက်ထား၍ အလုံးစုံသံဃာကြီးငယ်ဟူသမျှကို ပဋိသန္ထာရအစေ့အစပ်ပြုပြီးမှ မေတ္တာစိတ်ကို ရှေ့ထား၍ သွားလာရခြင်း၊ ငါးဝါမပြည့်,ဒွေမာတိကာမရသည်ဖြစ်၍ နိဿယမုစ္စကအင်္ဂါနှင့် မပြည့်စုံခင် ဆရာအမှီကင်း၍ မနေထိုင်ပါ၊ ပရိသတ်မွေးမြူလောက်သော ဆရာ့အင်္ဂါမရှိပဲလျက် တပည့်ပရိသတ်မွေး၍ ကျောင်းသီးကျောင်းခြား မနေထိုင်ပါ စသည်ဖြင့် ဆရာမထေရ်ကြီးထံ အာမခံလျှောက်လွှာ ပေးရင်းအတိုင်း နေရာကျအောင် အထူးသဖြင့် အားထုတ်ပြုကျင့်ကြရမည်။ ၎င်းကျင့်ဝတ်အတိုင်း ကျင့်ဆောင်နိုင်မှ ဤငါတို့ဂိုဏ်းအတွင်း သီတင်းသုံးနေကြရမည်။ ဤကား တိုက်သားပုဂ္ဂိုလ်ကြီးငယ်တို့ ကျင့်ရာသော ဥပဒေနည်းတည်း။

## ၁၇။ ကျောင်းနေပုဂ္ဂိုလ်တို့ ကျင့်ရာသော ဥပဒေ

မိမိကျောင်း၌နေကုန်သော ပုဂ္ဂိုလ်တို့၌ ဆိုဆုံးမရန်ရှိသည်များကို တရားနှင့်အညီ ဆုံးမပြောဆိုခြင်း၊ ဆုံးမပြောဆို၍ မနိုင်သူတို့ကို အာမခံဆရာ, တိုက်အုပ်, တိုက်ကြပ်ဆရာတို့ထံ လျှောက်ထားပြောကြားခြင်း၊ မိမိကျောင်းတွင်နေသောပုဂ္ဂိုလ်တို့ အကြောင်း မရှိပဲတခန်းနှင့်တခန်း မကူးသန်းကြရအောင် အလွတ်စကားပြောဆို ၍ မနေကြရအောင် ကြည့်ရှုခြင်း၊ စာပေသင်အံ့သရဇ္ဈာယ်နိုင်ခြင်း၊ အိပ်ရာထကရဒက်, နဝကမ္မကရဒက်စသည် ခေါက်သည့်အခါ ကျောင်းလုံးပါလာအောင် နှိုးဆောင်ကြပ်မကြည့်ရှုခြင်း၊ မိမိကျောင်း၏ အနီးအပါး အမှိုက်မြက်သစ်ပင် မရှိစေရအောင် သုတ်သင်ရှင်းလင်း

စေခြင်း၊ ကျိုးသည်ပျက်သည်ကို ပြင်ဆင်ပြုပြင်စေခြင်း၊ မိမိကျောင်း၌ သူနာရဟန်းရှိလျှင် အထူးသဖြင့် ကြည့်ရှုပြုစုနိုင်ခြင်း၊ အထူးသဖြင့် ငြိမ်သက်သောဣန္ဒြေရှိခြင်း စသည်တည်း။ ဤကား ကျောင်းနေပုဂ္ဂိုလ်ကြီးတို့ ပြုကျင့်ရသော ဥပဒေနည်းတည်း။

## ၁၈။ သူနာရဟန်းတို့၌ ပြုကျင့်ရသော ဥပဒေ

ပြောပလောက်အောင် နာဖျားမကျန်းရှိသည့်အခါ အာမခံဖြစ်သူတို့က အထူးအာရုံပြု၍ ကြည့်ရှုခြင်း၊ ရောဂါမဆုတ် တိုးတက်အံ့ထင်လျှင် တိုက်အုပ်၊ သံဃထေရ်ပုဂ္ဂိုလ်ကြီး၊ ဆရာမထေရ်ကြီးထံ လျှောက်ထားခြင်း၊ သံဃထေရ်ပုဂ္ဂိုလ်ကြီးတို့က ဆေးသမားလက်သည်တို့ကို ခေါ်သင့်သည့်အခါရောက်လျှင် ခေါ်ကုစေ၍ ဆရာမထေရ်က သံဃာတော်တို့ကို လျှောက်ပတ်အောင် ပန်ကြားလျှောက်ထား၍ ဆေးသမားလက်သည်တို့အား ကပ္ပိယကာရကတို့ကို စေခိုင်းခေါ်ငင်သဖြင့် ဆုချချီးမြှောက်ရခြင်း၊ ဆေးဝါးတိုက်သူ၊ ယာဂုဆွမ်းပေးသူ လူငယ်၊ ရှင်ငယ်အမှန်ထား၍ လူနာတို့အား ချီးမြှောက်ရခြင်း၊ တိုက်သားဖြစ်သူ ရဟန်းငယ်၊ သာမဏေငယ်တို့ကလည်း သူနာကိစ္စ နှင့်စပ်၍ ဖြစ်ပေါ်လာသမျှအမှုမျိုးကို သနားကြင်နာသောစိတ်ဖြင့် မေတ္တာရှေးရှုဝန်းဝိုင်းကြည့်ရှု ပြုစုရခြင်း၊ သူနာအများဖြစ်၍ တခွဲ တခြား ပြုစုခက်သော် သပ္ပါယဖြစ်သော တခုခုသောကျောင်း၌ ပေါင်း စုနေစေ၍ အညီအညွတ်ကြည့်ရှုပြုစု ချီးမြှောက်ရခြင်း၊ သတိလစ်လပ် ၍ ဆရာသံဃာတို့ အာပတ်မသင့်ရအောင် သံဃာသဘောတူ ဂိလာနုပဋ္ဌာကပုဂ္ဂိုလ် အမြဲထားရခြင်း၊ ၎င်းပုဂ္ဂိုလ်က အထူးသတိပြု၍ ပြုစုရခြင်း စသည်တည်း။ ဤကား ဂိလာနရဟန်း၌ ပြုရသော ဥပဒေနည်းတည်း။

## ၁၉။ အာဂန္တုရဟန်းတို့၌ ပြုရာသော ဥပဒေ

မိမိ၏ထံ အာဂန္တုကရဟန်း ဆိုက်ရောက်လာလျှင် ခရီးဦး ကြိုဆို၍ အရိုအသေ ပုဆစ်, ဒူး, နဖူးမြေကျ ရှိခိုးဝပ်ချရခြင်း၊ သောက်ရေပေးခြင်း၊ သောက်ရေတည်ခြင်း၊ ပဋိသန္ထာရစကားတို့ကို အရိုအသေပြောဆိုပြီးသည့်နောက် သက်ရွယ်ရင့်ပြီး မထေရ်ကြီးဖြစ်၍ ညောင်းညာပင်ပန်းအံ့ထင်လျှင် အာဂန္တုကဝတ်ပြုနေကျပုဂ္ဂိုလ်တို့က ကိုယ်တိုင်သော်လည်းကောင်း၊ ပဉ္စင်းငယ်တို့ကိုသော်လည်းကောင်း ခြေလက်ဆုပ်နယ် ဝတ်ကြီးဝတ်ငယ်ပြုခြင်း၊ ပြုစေခြင်း၊ ကာလအခါ ရောက်လာသော အာဂန္တုကပုဂ္ဂိုလ်တို့ကို အဝေးအနီးမဆို ထိုထို ရောက်လာသမျှ အာဂန္တုကကြီး,ငယ်တို့အား ဆွမ်းလုပ်ကျွေးခြင်း၊ ဆွမ်းလုပ်ကျွေးပြုစုလိုသော ပုဂ္ဂိုလ်တို့သည် ရေတံခေါင်း, လက်ဆေးခံ, လက်သုတ်ပုဝါ, ဆွမ်းစားပြီးနောက် သုံးဆောင်ရန် ဒန်ပူအသင့် ပြင်ဆင်ထားပြီးနောက် လျောက်ပတ်စွာ ဆွမ်းဟင်းပွဲကို ပြင်ဆင်လျက် စားပွဲတင်ဒေါင်းလန်း၌ ဆွမ်းစားခွက်ကိုတင်၍ ရိုသေကောင်းမွန်စွာ ပြုစုလုပ်ကျွေးပြီးလျှင် နေ့သန့်စရာ အိပ်ရာတို့ကို ပြင်ဆင်ခင်းထား ပြီးမှ မိမိကျောင်းသို့ ဘဲသွားရခြင်း၊ အာဂန္တုက သောက်ရေခပ်သူ, ရေတံခေါင်းလဲသူ, ထွေးခံသွန်သူ, ကွမ်းဆေးကပ်သူတို့ကို သတိမလပ် စေရ၊ အထူးနေရာကျအောင် သွန်သင်ဆုံးမခြင်း၊ အာဂန္တုကမထေရ် ကြီးကို ပန်၍ ဆိမီးထွန်းခြင်း, ဆိမီးငြိမ်းခြင်း, ပုစ္ဆာပြဿနာမေး လျှောက်ခြင်း, ပုစ္ဆာပြဿနာဖြေခြင်း, ဝစ္စကုဋီ, ပဿာဝကုဋီတို့ကို ညွှန်ကြားခြင်းစသော အာဂန္တုကဝတ်တို့ကို မလစ်မလပ်စေရခြင်း၊ တိုက်အုပ်တိုက်ကြပ်ထေရ်ကြီးပုဂ္ဂိုလ်တို့လည်း လျောက်ပတ်သည် အကွက်အခါကို ကြည့်၍ အာဂန္တုကမထေရ်ကြီးထံ ရံခါရံခါလာသဖြင့် ပဋိသန္ထာရပြုရခြင်း၊ သီတင်းငယ်ဦးပဉ္စင်း, သာမဏေတို့လည်း နေ့ ညဉ့်မဆို လျောက်ပတ်သည့်အချိန်အခါကို ကြည့်ရှု၍ အာဂန္တုက မထေရ်ကြီး တရားစကားဆုံးမရာ နာခံရခြင်းစသည်တည်း။ ဤကား အာဂန္တုကပုဂ္ဂိုလ်တို့၌ ပြုကျင့်ရာသော ဥပဒေနည်းတည်း။

## ၂၀။ ပဋိပတ္တိအရာ၌ ပြုကျင့်ရာသော ဥပဒေ

တစ်လလျှင် လေးသီတင်း, ရှစ်သီတင်း, ဓုတင်,ကေသနိက်ဓုတင်, ပတ္တပိုဏ်ဓုတင် စွမ်းအင်အလျောက် အားထုတ်ခြင်း၊ ခလုပစ္ဆာဓုတင်ကို နေ့စဉ်မပြတ် ကျင့်ခြင်း၊ အိပ်ရာထ ကရဒက်ခေါက်သည့်နောက် တဘန်လှည်း၍ မအိပ်ပဲ နိသဇ်ဓုတင် နေ့စဉ်မပြတ် ဆောက်တည်ခြင်း၊ ဝိနည်းတိစီဝရိတ်ကို အမြဲဆောင်၍ တိစီဝရိတ်ဓုတင်မှာ တနှစ်လျှင် တစ်ဥတု, နှစ်ဥတု စွမ်းနိုင်သမျှ အချည်းနှီးမလွတ်ရအောင် အားထုတ်ရခြင်း၊ မိုးရိပ်, ဆီးနှင်းကင်းသည့်အခါ အရုဏ်မတက်မီအတွင်း ကျောင်းခန်းထဲကထွက်သဖြင့် အမိုးကင်းရာအရပ်တွင် အရုဏ်တက်စေ၍ အဗ္ဘောကာသိကဓုတင်, ရုက္ခမူဓုတင်အကျင့်ကို ဆောက်တည်ခြင်း၊ ဒွတ္တိံသာကာရ, အသုဘဘာဝနာ, လက္ခဏာရေး ကမ္မဋ္ဌာန်းတို့ကို တတ်စွမ်းသည့်အလျောက် အချည်းနှီး မလွတ်စေရအောင် အာမခံဆရာ, အထက်ဆရာကြီးတို့ထံ ဝန်ခံ၍ နေ့စဉ် မပြတ်မလပ်စေရ၊ ကြိုးပမ်းအားထုတ်ခြင်း၊ ဝိသေသအထူးကမ္မဋ္ဌာန်းကို နေ့ညဉ့်မပြတ် အားထုတ်လိုသောပုဂ္ဂိုလ်အား အလုံးစုံ သံဃကိစ္စ နဝကမ္မဟူသမျှတို့၌ ယထာသုခနေခွင့်ရအောင် အခွင့်ပေးခြင်း၊ အထူးချီးမြှောက်ခြင်းစသည်တည်း။ ဤကား ဓုတပဓာနပဋိပတ္တိအရာ၌ ပြုကျင့်ရာသော ဥပဒေနည်းတည်း။

ပစ္စဝိတဒုလ္လဘကို ရကြသည့်အခိုက် ယုတ်သောအပိုင်းအခြားအားဖြင့် ဤမျှလောက်ကိုမှ မကျင့်၊ အမှတ်မဲ့နေသသူမှာ အခြားတိုက်တာ အရပ်တစ်ပါး ပျော်ရာသွားကြရမည်။

ဤဆိုအပ်ပြီးသော နှစ်ဆယ်အတိုင်းအရှည်ရှိသော ဝတ်တို့ကို သဒ္ဓါပသန္နကုလပုတ္တ အမျိုးကောင်းသားတို့သည် သကျပုတ္တ မဟာသမဏပီပီ ညီညွတ်သောကိုယ်စိတ် ရှိကုန်သည်ဖြစ်၍ ကြည်လင် ရွှင်လန်း ဝမ်းမြောက်ဝမ်းသာ ညီညာဖြဖြ အားထုတ် ကျင့်ဆောင်နိုင်ကြစေကုန်သတည်း။

နောက်အဆက်ဆက် သူတော်ကောင်းအမျိုးသားတို့အား ဒိဋ္ဌာနုဂတိအကျိုးကို မြော်ကိုးတောင့်တသဖြင့် ရေးသားစီရင်အပ်သော ဩဝါဒကျင့်ဝတ်ဥပဒေနည်း ဤတွင်ပြီး၏။

*** ♦ ***

## စွမ်းအားလျော်စွာ အားထုတ်ရာသော သမထဝိပဿနာနည်း

ဤငါ၏ခန္ဓာကိုယ်၌ တစ်စုံတစ်ခုအကျုံးမြူမျှ တွယ်တာအပ်သော သဘောမရှိ၊ ဆံပင်, အမွေး ။ပ။ ဦးနှောက်၊ သုံးဆယ့်နှစ်ပါးသော စက်ဆုပ်ရွံရှာဘွယ်သော အစုမျှသာ ဖြစ်၏။ ဤသုံးဆယ့်နှစ်ပါးသော အစုသည်လည်း တစ်လုံးတခဲ တပေါင်းတစည်းတည်းမဟုတ်၊ မဟာဘုတ်, ဥပါဒါရုပ်နှစ်ပါး အဘို့ရှိ၏။ ကြမ်းတမ်းခြင်းလက္ခဏာရှိသော ပထဝီဓာတ်, ပျောင်းဘွဲ့ခြင်း အာပေါဓာတ်, အရှိန်အစော်တည်းဟူသော တေဇောဓာတ်, လွင့်ပါးခြင်းလက္ခဏာရှိသော ဝါယောဓာတ်, မြင်အပ်ခြင်း ရူပါရုံ, အနံ့နံ့ခြင်း ဂန္ဓာရုံ, သာယာအပ်ခြင်း ရသာရုံ, တွေ့ခြင်း ဖောဋ္ဌဗ္ဗာရုံ၊ ဤသို့အစရှိသော ရုပ်တရားတို့၏ အပေါင်းအစုမျှသာ ဖြစ်၏။

၎င်းရုပ်တရား အပေါင်းအစုသည်လည်း ဤခန္ဓာကိုယ် ပရမာဏုမြူမျှသော အရိုးအသား၌သော်လည်း အရာအထောင်မကသော ကမ္မဇရုပ်, စိတ္တဇရုပ်, ဥတုဇရုပ်, အာဟာရဇရုပ်, ကမ္မသမုဋ္ဌာန ဥတုဇရုပ်, စိတ္တသမုဋ္ဌာနဥတုဇရုပ်, အာဟာရသမုဋ္ဌာန ဥတုဇရုပ်အစရှိသော သမုဋ္ဌာန ရုပ်အပေါင်းအစုမျှသာဖြစ်၍ ရထရေဏုမြူမှုန့်လောက်ရှိသော အရိုးအသားစိုင်တခု၌ ကုဋေအသင်္ချေမက မရေမတွက်နိုင်သော ရုပ်တရား အစုမျှသာဖြစ်၍ တစ်လုံးတခဲတည်းမဟုတ်၊ ၎င်းရုပ်တရား

အစုတို့သည်လည်း ကံ, စိတ်, ဥတု, အာဟာရတရား လေးပါးတို့သည် အဘန်ဘန်ပြုပြင်အပ်သည်ဖြစ်၍ အဘန်တလဲလဲ ထပ်၍ထပ်၍ ဖြစ်၍ဖြစ်၍ ပျက်ကြကုန်၏။ တစ်ကြိမ်တစ်ကြိမ်ဖြစ်သော မရေမတွက်နိုင်သော ရုပ်တို့သည် စိတ္တက္ခဏ တစ်ဆယ့်ခုနစ်ချက်မျှသာ ကာလအရှည်တည်ကုန်သည်ဖြစ်၍ မျက်စိတစ်မှိတ် လျှပ်တပြက်အတွင်း၌ အကြိမ်ပေါင်း အရာအထောင်မက ထပ်၍ထပ်၍ ဖြစ်၍ဖြစ်၍ အသစ်အသစ်လည်း၍ ပျက်ကြလေကုန်၏။

ထိုမျှကလောက် ဆောလျှင်စွာ ပျက်စီးသည်ဖြစ်၍ မမြဲသည် ဖြစ်ရကား အနိစ္စ၊ ထိုသို့ ပျက်စီးခြင်းဖြင့် ဘောက်ပြန်နှိပ်စက်အပ်သည်ဖြစ်၍ ဆင်းရဲရကား ဒုက္ခ၊ ၎င်းဒုက္ခအစုတို့၏ တစ်လုံးတခဲတည်းမဟုတ် ဆိုအပ်ခဲ့ပြီးသော ရုပ်မှုန့်အပေါင်းတို့၏ အသီးအသီးသဘောအားဖြင့် တစ်စုတစ်စုစီ တစ်ကွဲတခြားစီဖြစ်ရကား လုံးလုံးလျောင်းလျောင်း ကိုယ်ကောင်ဟူသည် ငါဟူသည် တစ်စုံတစ်ခုမျှ မရှိရကား အစိုးမရ ကိုယ်မဟုတ်သည်ဖြစ်၍ အနတ္တ၊ ဤသို့ အနိစ္စ, ဒုက္ခ, အနတ္တအစုမျှသာ ဖြစ်၏။ နိသတ္တ နိဇ္ဇီဝ အဗျာပါရမျှသာ ဖြစ်၏။

ဤရုပ်တရားတို့ကို ဤယခုအောက်မေ့၍ အာရုံပြု၍ ဝိပဿနာရှုသော တရားအပေါင်းသည်လည်း အာရုံ၌ညွတ်ခြင်း နမနသဘောရှိသောကြောင့် နာမ်တရားမည်၏။ ဤနာမ်တရားအပေါင်း၌ အာရုံကို ညွတ်ကာမျှသော သဘောသည် ဝိညာဏက္ခန္ဓာ၊ အာရုံကို သုံးဆောင်ခြင်း ခံစားခြင်းသဘောသည် ဝေဒနာက္ခန္ဓာ၊ အမှတ်ပြုခြင်းသဘောသည် သညာက္ခန္ဓာ၊ ဤရုပ်တရားတို့၌ မတပ်ခြင်း, မပြစ်မှားခြင်း, မတွေဝေခြင်း, ကြည်လင်စွာ အောက်မေ့ခြင်း, တည်ကြည်ငြိမ်သက်ခြင်း အစရှိသော တရားအပေါင်းသည် သင်္ခါရက္ခန္ဓာ။ ဤနာမက္ခန္ဓာလေးပါး အပေါင်းအစုဖြစ်၏။

ဤနာမက္ခန္ဓလေးပါးတို့သည်လည်း ရှေးဘဝ၌ ဖြစ်လေပြီး သော အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ, သင်္ခါရတို့သည် အဘန် တလဲလဲ ပြုပြင်အပ်သည်ဖြစ်၍ ဤယခု အဘန်တလဲလဲ ဖြစ်၍ဖြစ်၍ ပျက်၍ပျက်၍ နေကြကုန်၏။ မျက်စိတစ်မှိတ် လျှပ်စစ် တစ်ပြက်အတွင်း

၌ အသိန်း, အသန်းမက လျင်သောအပြန်ရှိသည်ဖြစ်၍ အသစ် အသစ်လည်း၍ ပျက်၍ပျက်၍ နေကြကုန်သည်ဖြစ်၍ မမြဲရကား အနိစ္စ၊ ထိုသို့ ပျက်ခြင်းဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ ဆင်းရဲရကား ဒုက္ခ၊ ထိုနာမ် တရားအပေါင်း၏ တစ်လုံးတစ်ခဲတည်းမဟုတ် ဆိုအပ်ခဲ့ပြီးသော များစွာ သော သဘောတရားတို့၏ အစုအဝေးဖြစ်၍ ငါဟူသော ကိုယ်ဟူသော အခြင်းအရာ စွဲလန်းစရာမရှိသည်ဖြစ်၍ ကိုယ်မဟုတ်ရကား အနတ္တ။

ဤသို့လျှင် ရူပက္ခန္ဓာ, နာမက္ခန္ဓာအပေါင်းအစု အနိစ္စစု, ဒုက္ခစု, အနတ္တစုမျှသာတည်းဟု သတ္တ,ဇီဝ ငါ,သူတပါးဟူသည် မရှိ၊ တွယ်တာ နှစ်သက် စုံမက်အပ်သောသဘောမည်သည် မရှိ၊ စင်စစ် စက်ဆုပ်ရွံရှာ အပ်, ကြောက်အပ်, ငြီးငွေ့အပ်, လွတ်အပ်, စွန့်ပစ်အပ်သော သဘော တရား အစုမျှသာတည်း။ ဤသို့သော သဘောတရား အစုမျှသာတည်း။ ဤသဘောအစုမျှသာတည်း။ ဤသာတည်းဟူ၍ သင်္ခါရုပေက္ခာဉာဏ် သဘောတိုင်အောင် ဆင်ခြင်အပ်၏။

ဤကား သမထဝိပဿနာနည်း အကျဉ်းတည်း။ ဤဆိုအပ် ခဲ့ပြီးသည့်အတိုင်း နူတ်တက်အာရုံပြု၍ အဘန်တလဲလဲ ကြိုးပမ်း အားထုတ်နိုင်ကြစေကုန်သတည်း။

သမထဝိပဿနာနည်းအမြွက်နှင့်တကွ အာစရိယောဝါဒနည်း အခန်း ဤတွင်ခါးပတ် သတ်လတ်ပြီ။

### "စိတ္တံ ဒမေထ မေဓာဝီ၊ စိတ္တံ ဒန္တံ သုခါဝဟံ။"

ကျမ်းဂန်ဒေသနာလာသည့်အတိုင်း အနမတဂ္ဂသံသာစက် ဝယ် ပရပွက်ဆူ သပွတ်အူသို့ မည်သူဆရာတစ်ယောက်မျှ ဆုံးမ၍မရ၊ ဂင်္ဂါဝါလုမက ဘုရားအဆူဆူ ချွတ်ယူမဖြစ် အမုန်ယစ်သော တောဆင် ပေါက်ပမာ လွန်စွာရုန့်ကြမ်းသော စိတ်မိုက်စိတ်ကြမ်း စိတ် သော့သွမ်း စိတ်လေပွေနောက်သို့ သူ့ထက်ငါလိုက်စား မိုက်မှားကြ ၍ "ဥဒ္ဓံ ယာဝ ဘဝဂ္ဂါ စ၊ အဓော ယာဝ အဝီစိ"တိုင် သူ့ထက်ငါ အပြိုင် ပရပိုင်ညွှတ်

အစစ်မှာ နစ်သည်ထက်နစ်ကြအောင် အဆိပ်ကို စား မှားသောသူ, ဆွဲမူ၍ သေသောသူအလား ကိုယ်၏ဒုက္ခကို ကိုယ်ရှာမှားစေတတ်သော ကောဓ, ဥပနာဟ, ပါပိစ္ဆာ, မဟိစ္ဆာ, အတြိစ္ဆာ, လာဘသိလောက, ဂရဟာ, ဝမ္ဘနာ, အက္ကောသနာ, ခိပနာ, စိတ်ယုတ်မာတို့ကို ပယ်ခွာတွန်း သတ်၍ သောဝစဿတာမင်္ဂလာ တပည့်တို့ အင်္ဂါတို့နှင့်ညီစွာ ဆရာ ဆုံးမအပ်သည့် ဥပဒေနည်းအတိုင်း နောက် သိဿာနုသိဿ တပည့် စဉ်ဆက် မပျက်စေရ၊ နတ်တို့သုဓာ နတ်ဩဇာကို နတ်ဒေဝါတို့ မမုန်းနိုင်သကဲ့သို့ ဆရာ့ နည်းနာ ဆရာ့ဩဇာ ဆရာ့လက်သုံး ဆရာ စဉ်ဆက်ထုံးကို နှလုံးကြပ်ကြပ် မပြတ်ထားနိုင်ကြပါစေကုန်သတည်း။

## စာရိတ္တအဆုံးအမ

၁။ စကားပြောကျယ် အရယ်ကျယ် အခေါ်ကျယ် အချေ ကျယ် အသမ်းကျယ် ကျယ်ငါးပါးကို ပယ်ရမည်။

၂။ စကားများ အရယ်များ အအိပ်များ အစားများ နဝ ကမ္မများ ပစ္စည်းဆည်းစုများ ရှင်ငယ်လူငယ်တို့နှင့် ရော နှောများ အလည်အပတ်များ များရှစ်ပါးကို ပယ်ရမည်။

၃။ အစားကြမ်း အအိပ်ကြမ်း အသွားကြမ်း အထိုင်ကြမ်း အရယ်ကြမ်း စိတ်ကြမ်း ကိုယ်ကြမ်း နှုတ်ကြမ်း အဆုံး အမကြမ်း ကြမ်းကိုးပါးကို ပယ်ရမည်။

အစားကြမ်းမှာ လက်များစွာနှင့် ဟင်းခွက်ကိုနှိုက်ခြင်း၊ ရှုးရှုး ရှဲရှဲ အသက်ရှူ၍ စားခြင်း၊ ဟင်းရည်ဟင်းဖတ်ကို အတိုင်းအရှည် မသိ အစားကြီးခြင်း၊ စကားတပြောပြော စားခြင်း၊ ဝက်သား, ကြက်သား, ငါး, အမဲကို လွန်စွာစုံမက် အချက်အဝယ်ခိုင်း၍ ရှာကြံခြင်း၊ လက်ဘက်အုပ်, လက်ဘက်ရည် ထွေထွေလာလာ ရှာကြံ စားသောက် ခြင်း စသည်တည်း။

အအိပ်ကြမ်းမှာ နေ့ကိုင်နေ့ရန်းကိုချ ကိုယ်၀တ်သင်းပိုင်မျှနှင့် အိပ်ခြင်း၊ ဒူးထောင်ပေါင်ကား အိပ်ခြင်း၊ ဟောက်၍အိပ်ခြင်း စသည်တည်း။

အသွားကြမ်းမှာ အလွန်မြန်စွာ သွားခြင်း၊ တောင်မြောက်ကြည့်ရှု လျှပ်ပေါ်လော်လည် သွားခြင်း၊ ကြမ်းနင်းပြင်းခြင်း၊ လှေကားအဆင်းအတက်မြန်ခြင်းစသည်တည်း။

အထိုင်ကြမ်းမှာ မြူမှုန်ဖုန်သလဲရှိရာ အခင်းမပါ နေထိုင်ခြင်း၊ မရိုမသေ နေထိုင်ခြင်း၊ သီတင်းငယ်တို့ကို တိုးဝှေ့တိုက်ခိုက်နေထိုင်ခြင်း စသည်တည်း။

အရယ်ကြမ်းမှာ လက်ခုပ်လက်ဝါးတီး၍ ရယ်ခြင်း၊ ခစ်ခစ်မြည်အောင် ရယ်ခြင်း၊ ဟီလားဟားလားအသံဖြင့် ပြင်းစွာရယ်ခြင်း စသည်တည်း။

စိတ်ကြမ်းမှာ စိတ်အလွန်တိုခြင်း၊ ရန်ငြိုးကြီးခြင်း၊ ဂြူစူစောင်းမြောင်းခြင်း၊ သူတပါးတို့အား မကောင်းကြံခြင်း စသည်တည်း။

ကိုယ်ကြမ်းမှာ သီတင်းသုံးဘော်တို့ရှေ့ မရိုမသေ ထိုင်ထသွားလာခြင်း၊ မကုန်းမကိုင်းနိုင်ခြင်း၊ ပုဆစ်, ဒူး, နဖူးမြေကျ ၀ပ်မချနိုင်ခြင်း စသည်တည်း။

နှုတ်ကြမ်းမှာ ငမိုက်,ငမဲ ငခွေး,ငဝက်မြည်တွန်ခြင်း၊ ရဟန်းတို့နှင့် မလျောက်ပတ် ပုံကြမ်းစကားပြောဆိုခြင်း စသည်တည်း။

အဆုံးအမကြမ်းမှာ ရိုက်နှက်ပုတ်ခတ်၍ ဆုံးမခြင်း၊ ကာလဌာန မငံ့မလင့်ဆုံးမခြင်း၊ ဒေါသ,မာန်မာနနှင့်ဆုံးမခြင်း စသည်တည်း။

ကြယ်ညိုဖွယ်သော ကိုယ်,နှုတ်အမူအရာကို ပြုခြင်း၌ အကျိုးငါးပါး-

၁။ မိမိကိုယ်ကို မစွပ်စွဲခြင်း၊

၂။ သီတင်းသုံးဘော်တို့ ကြည်ညိုချီးမွမ်းခြင်း၊

၃။ သတင်းကောင်းထွက်ခြင်း၊

၄။ မတွေမဝေသေခြင်း၊
၅။ သေလျှင် နတ်ရွာသုဂတိသို့ လားရခြင်းတည်း။

ကြယ်ညိုဖွယ်သော ကိုယ်,နှုတ်အမူအရာမရှိခြင်း၌ အပြစ်ငါးပါး-

၁။ မိမိကိုယ်ကိုမိမိ စွပ်စွဲရခြင်း၊
၂။ သီတင်းသုံးဘော်တို့ ကဲ့ရဲ့ခြင်း၊
၃။ မကောင်းသတင်း ပျံ့နှံ့ခြင်း၊
၄။ တွေတွေဝေဝေ သေရခြင်း၊
၅။ သေလျှင် အပါယ်လေးပါးသွားရခြင်းတည်း။

ဆရာသမားထံ ဆုံးမခံ၍ လဇ္ဇီသဘောကို အတန်အရာရ၍ လဇ္ဇီပုဂ္ဂိုလ်ပင် ဖြစ်ကြစေကာမူ ၎င်းအကျဉ်းအားဖြင့် ပြအပ်ခဲ့ပြီးသော သူမကြည်ညိုဘွယ်တို့ကို ပယ်နိုင်ကြမှ သာသနာတော်ဝယ် ရဟန်းကောင်းတစ်ယောက် ဆိုစလောက်အောင် ဖြစ်နိုင်ကြမည်မှတ်။

ဤကား စာရိတ္တအဆုံးအမတည်း။

♦♦♦

## ဝါရိတ္တာအဆုံးအမ

ဝါရိတ္တအဆုံးအမမှာကား ဤဆိုလတ္တံသည့်အတိုင်းတည်း။

၁။ အစိတ္တက, အဝိသယဌာနမှတပါး အားကြီးရှုန်ရင်းသော ဝီတိက္ကမစေတနာဖြင့် အာပတ်ကို မလွန်မကျူးမိအောင် အထူးရှောင်ကြဉ်ပါမည်ဘုရား။

၂။ အာပတ်သင့်မှန်းသိလျက် တနံနက်တနေကုန် ဖုန်းလွှမ်း၍မထား၊ အားလပ်စွမ်းနိုင်သည့်ခဏာ၌ ဆောလျင်စွာ သုတ်သင်ပါအံ့ဘုရား။

၃။ အကပ္ပိယ, အဓမ္မိယပစ္စည်း အသုံးအဆောင်မှန်းသိလျက် တနေ့တနံနက်မျှ သုံးဆောင်သိုမှီးစားသောက်ခြင်းကို မပြု ရှောင်ကြဉ်စွန့်ပယ်ပါအံ့ဘုရား။

၄။ သီတင်းသုံးဘော်တို့အား ပြင်းထန်စွာဒေါသ, မာနစိတ်နှင့်တကွ ရှုန့်ကြမ်းသောစကားတို့ဖြင့် အော်အင်ငေါက်ငန်း ကြမ်းတမ်းပုတ်ခတ် မပြုပါအံ့ဘုရား။

၅။ သီတင်းသုံးဘော်တို့အား ဝင့်ဝါပလွှား ဝါကြွားတတ်သည်၊ ပကာသနပြုချင်တတ်သည်၊ အလိုကြီးသည်၊ တွက်ချက်ခိုကပ်တတ်သည်၊ အလိုက်အလာ မသိတတ်သည်၊ လောဘကြီးသည်၊ ဒေါသ, မာနကြီးသည်၊ အစားအအိပ်ကြီးသည်၊ စဉ်းလဲကောက်ကျစ်သည်စသည်ဖြင့် မျက်မှောက်မျက်ကွယ် မပြောမဆိုပါအံ့ဘုရား။

၆။ တိုက်အုပ်,တိုက်ကြပ် မထေရ်ကြီးတို့ သဘောတူစီရင်ဆုံးမပြီး၍ ပြီးပြီးသောအမှုကို မည်သို့တစုံတခုမျှ အားမရသော မနှစ်သက်သော အမူအရာကို မပြောမဆိုအံ့ပါဘုရား။

၇။ သစ်သီးခဲဘွယ်စသည် ဝေဘန်သော ဖလဘာဇက, ခဇ္ဇ ဘာဇက, အပ္ပမတ္တကဝိဿဇ္ဇက ရဟန်းတို့အား အဝေ အခြမ်းမညီသည်၊ နည်းသည်၊ များသည်ဟု မဆို၊ မပြို မငြင် သည်းခံ စောင့်စည်းပါအံ့ဘုရား။

၈။ နဝကမ္မပြုလုပ်ကြရာ မည်သူမလာသည်၊ မည်ဝါမလာ သည်စသည်ဖြင့် မြည်တွန်တွက်ချက်ခြင်းကို မပြု၊ ကိုယ့် မှုတွက်ကိုသာ သူ့နောက်မကျရအောင် ရွက်ဆောင် အားထုတ်ပါအံ့ဘုရား။

၉။ အကြောင်းထူးဝိသေသကိစ္စမရှိလျှင် ဆွမ်းစားရာဆွမ်းစား ကျောင်းပေါ်၌ စကားမပြောပါ၊ အကြောင်းရှိ၍ ပြောရ လျှင်လည်း တိုးတိုးသက်သာ ပြောပါအံ့ဘုရား။

၁၀။ အကြောင်းကိစ္စမရှိလျှင် ရေခပ်သွားရာ, ရေချိုးသွားရာ တို့၌ စကားတပြောပြောနှင့် မသွား၊ အဘော်ခေါ်၍ မသွား၊ မချိုးပါ၊ သင့်ရာတရားကို နှလုံးထား၍ ဆိတ်ဆိတ်သွား ချိုးပါအံ့ဘုရား။

၁၁။ အကြောင်းထူးကိစ္စမရှိလျှင် အကျိုးမဲ့ တစ်ကျောင်းမှ တစ်ကျောင်း, တစ်ခန်းမှတစ်ခန်း ကူးသန်းလည်ပတ်ခြင်းကို မပြု၊ အထူးသတိပြု၍ ရှောင်ကြဉ်ပါမည်ဘုရား။

၁၂။ ပြောပလောက်သောအကြောင်း ရောဂါမရှိလျှင် ညဥ့် စာအံ့ တိတ်ကရဒက် မတီးမချင်း အလွတ်စကားမများ၊ စာအံခြင်း, ပုတီးစိပ်ခြင်းတို့ကို ကြိုးစား အားထုတ်ပါမည်ဘုရား။

၁၃။ ပြောပလောက်သောရောဂါ အကြောင်းကိစ္စမရှိလျှင် ညဥ့် စာအံတိတ်ကရဒက် ခေါက်သည်မှစ၍ အိပ်ကရဒက် ခေါက်သည်တိုင်အောင် တုံးလုံးလှည်း၍မနေ၊ ထိုင်လျက် လည်း မငိုက်ရအောင် ကြိုးစားအားထုတ်ပါအံ့ဘုရား။

၁၄။ ပြောပလောက်သောရောဂါ အကြောင်းမရှိလျှင် နံနက် အိပ်ရာထကရဒက် ခေါက်သည်မှစ၍ အရုဏ်လာသည့် တိုင်အောင် လှည်း၍မအိပ်မနေ၊ စကားမပြော ကြိုးစား အားထုတ်ပါအံ့ဘုရား။

၁၅။ ပြောပလောက်သောရောဂါ အကြောင်းမရှိလျှင် ယုတ်စွ အဆုံး ဝါတွင်းအခါ တလလျှင် ရှစ်သီတင်း, ဝါပ လေးသီတင်း ဧကောသနိက်ဓုတင်မြောက်အောင် ကျင့် ဆောင်ပါအံ့ဘုရား။

၁၆။ အထက်မထေရ်ကြီးမှစ၍ အောက်သယ်နော, သာမဏေ ငယ်တိုင်အောင် သီတင်းသုံးဘော်တို့ ဆိုဆုံးမသည့်အခါ စိတ်ဆိုးသောအမူအရာကို မပြု၊ အထူးသည်းခံပါအံ့ ဘုရား။

၁၇။ အာမခံဆရာထံ မကြာမကြာသွား၍ ဆိုဆုံးမရန်ရှိသည် များကို အားပါးမနာ ဆုံးမတော်မူပါဟု လျှောက်ထား၍ ဆုံးမခံပါအံ့ဘုရား။

၁၈။ အာမခံအပ်သော တပည့်တို့ကို မကြာမကြာသွား၍ လည်းကောင်း၊ ခေါ်၍လည်းကောင်း အဝတ်အရုံ, စားပုံ သောက်ပုံ အလုံးစုံကို နေရာကျ ဆုံးမပြောဆိုပါအံ့ ဘုရား။

ဥင်းဆိုအပ်ခဲ့ပြီးသော တစ်ဆယ့်ရှစ်ရပ်သော ပဋိညာဉ်ဝန်ခံ ချက်တို့တွင် တပါးတပါးပျက်ခဲ့သော် အာယတိံသံဝရဖြင့် နှံနာအောင် ဒဏ်ထမ်းပါမည်ဘုရား။

သိက္ခာကာမ လဇ္ဇီပေသလ သီလဝန္တအစစ်ဖြစ်တော်မူသော "ဇာဂရာဘိဓဇသဒ္ဓမ္မဝံသမမ္မသေနာပတိအတုလာဓိပတိသိရီပဝရမဟာ ဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်နာမံတော်ရှိသော ရွှေကျင်ဆရာတော် ဘုရားကြီးသည် တရားဩဝါဒ ဟောပြထားတော်မူအပ်သော-

**ဓမ္မဝိနယစာတမ်း ပြီး၏။**

---

စာညွှန်း= ပထမောဝါဒစာတမ်းကို စာမျက်နှာ ၂၃၂-၌ရှု၍
ဒုတိယောဝါဒစာတမ်းကို စာမျက်နှာ ၂၃၅-၌ရှုပါ။

## သူ့သတ်ကြဲဝါဒ မေတ္တာစာ

"ဤဝါဒေယျာ နုသာသေယျ၊
အသဗ္ဘါယာ နိဝါရယေ။
သတဥှိ သော ပိယော ဟောတိ၊
အသတံ ဟောတိ အပ္ပိယော။"

ပါဠိတော်နှင့်အညီ မကောင်းမြစ်တား ကောင်းရာတိုက်တွန်း ညွှန်ပြသင့်သော ဆရာဖြစ်သည်နှင့်လျော်စွာ ဩဝါဒကထာ ကရုဏာ ရေအေး မေတ္တာစာပေးလိုက်သည် မကြိုက်လျှင်ဆုတ်ဖျက် ကြိုက် လျှင်လည်းဦးထိပ်ရွက် တရားလမ်းသက်ရာကို တပည့်မို့ဆိုလိုက်မည် အရာရှိသော အရိုရှာသော မြင်းတပ်ဗိုလ်သော ဆင်တပ်ဗိုလ်သော ထိုသော၌သော ငါနားမလည် ဟယ်. . . တပည့်ငယ်ငတုတ်ကြီး ဆယ့်ငါးနှစ်အရွယ် သာမဏေငယ်ကာလက နှုတ်စနှင့်တလျားလျား အာစနှင့်တမားမား ကိုယ်ကျင့်တရားမှာလည်း ခြောက်ပြစ်ကင်း ပဥ္စင်း ခံမည်ဟူ၍ အတန်တန် ပဋိညာဉ်ခံဝန်ချက်ကြောင့် သာသနာတော် တွင် ကျမ်းဂန်သိမြင် သီလဝင်သူတစ်ယောက် ကိုးကွယ်ရာဖြစ်လောက် သည် ငါထင်စား၍ စက္ကဝတ္တိရာဇာလောင်းကို သိကြားမင်းကြီး စောင့် ရှောက်ဘိသည့်အလား နဂ္ဂဟနှစ်ပါးနှင့် တပြောစားစား ချီးမြှောက်၍ ထားပါသည်ကို ဘဝအဆက်ဆက် ဆက်သတ်၍မဖြစ် မြင်းကြမ်းညစ် ခြင်းရာကို မုန်ယိုသည့်ဆင်ရူးသွင် တဏှာသခင်သဘက်ပူး ရူးခြင်းကြီး ရူး၍လာ ဟောပါသော်လည်း နားမတင် ပြောပါသော်လည်း နား မဝင် နွားသိုးကို ထမ်းပိုးတင်ရဘိသည့်အလား မဟားဒရား တား မရဆီးမနိုင် ဆရာ့ကျေးဇူးကိုလည်း မတင်နိုင် သံသရာဘေးကိုလည်း မမြင်နိုင် စိတ်လိုရာ ကိုင်ပြီးလျှင် နိဗ္ဗုတာရပ်ခွင်ကို ယခုပင်တင်တော့ မည် ကျေးဇူးရှင်ဆရာကို မနေသာစွန့်သွား ငရဲဘောင်ကို သွေ့ ဆောင်မျှားတတ်သည့် ဗိုလ်ပုံလယ်လူတွေကြားတွင် မင်းခစားဖြစ်ရ သည်တခုနှင့်ပင် ဆုံးပါးချက်နာလှပြီ သို့ကိုပါ အထဝါတပုံကူး၍ ရှုးရမြူး ရသည့်ခြင်းရာကို ဥပမာပုံဆိုသော် ယုန်ဆယ်ကောင်ကို

သေအောင်လိုက်ရမှ ယုန်ရိုးကိုတခါကိုက်ရသည့် မိဂမုဆိုးခွေးအလား မစားရငရဲခံ အများသူတို့ဘေးရန်ကာ မပြောလောက်တဆိတ်စာ ဗိုလ်ပိန်တာအရာကလေးနှင့် စူးစူးတိုက်၍မြှောက်ပေးလျှင် နတ်ရှူးကို ပုံနှင့်မြှောက် သွေးလုံးလုံးမြှောက်ပြီးကာ မြှောက်မြင်းနယ်ရပ်တကျေး တွင် ငါးတကာတို့မစင် ပုဇွန်ဆိတ်ခေါင်းပေါ်တွင် စုဝင်သည်ဆိုသည့် အလား သူတပါးတို့တွက်တာများနှင့် ကိုယ့်ဘို့တရားကို ဝိကပ္ပနာ ထား သူခိုးတမ်းလား ထားပြတမ်းလား အမွေတရား လယ်တရားနှင့် လင်မယား တရားကိုမျှ မချန်လှပ် မင်းမှုရပ်အခါခါ မပြောလိုလည်း မနေသာ မဆိုလိုလည်း မနေအား များတကာသူတော်တို့မှာ ဩော် ငါကား များမကြာသေရချေ အနိစ္စ အနိစ္စ ငါ့တကာဗိုလ်မင်းမှာ ငါသို့သောမင်းယောကျ်ား ပြဒါးသေမှသေမည်ပ နိစ္စ နိစ္စ များတကာ သူတော်တို့မှာ ဩော်. . . ငါကား ဆင်းရဲချေ့ ဒုက္ခ ဒုက္ခ ငါ့တကာ ဗိုလ်မင်းမှာ ကာမဂုဏ်ပွဲစုံကျင်းပ၍ အဟောသုခ သုခ များတကာ သူတော်တို့ ဩော်. . . ငါကား အစိုးမရ အနတ္တ အနတ္တ ငါ့တကာ ဗိုလ်မင်းမှာ ကြိမ်မာမာတစ်လုံးနှင့် ဟဲ့ငါကား အစိုးရ အစိုးရ နင် မကြောက်လား သင့်မေ့ဟာ ထိတ်ခတ်ပါလား ဝါးညှပ်လားဘာဝနာ ပြန်ပြောင်းနှင်း ကာလညောင်း၍ သန်းခေါင်တိုင် အချိန်ကုန်လို့မှ မအိပ်နိုင် နက်ဖြန်ခါချိုင်မည့်ပုံ ဗျာပါဒဝိတက်နှင့် တစ်ညဉ့်ကုန် နေ အရုဏ်မိုးသောက်ပြန်လျှင်လည်း များတကာသူတော်တို့မှာ ဗုဒ္ဓေါ ဗုဒ္ဓေါ ဘုရားဘုရားနှင့် ဘုရားရှိခိုးကြ၍ တစာစာ ငါ့တကာဗိုလ်မင်းမှာ ဟဲ့ညဦးကထောင်မှာ ထားသည့်လူ ဟဲ့ယူခဲ့ဦး ငါစစ်မေးမည် ဟဲ့ငမိုက်ခွေး မှန်အောင်လျှောက် ငါသို့သောမင်းယောကျ်ား လှည့်စား ပြန်ပြီနင်နော် ကလအော်နှင့်နှက်ချီးလို့ သွားအားလုံးကျိုးတော့မည် မော့လဟဲ့နင့် လည်ပင်း နင်းလိုက်ကြလဟဲ့သေအောင် ယောင်တောင် တောင် ထိုငမိုက် သားက သနားသလိုညှာတာတာ ထောင်းကြပါလဟဲ့ သင့်ကိုလဲ ဆွဲခဲ့ပါ လဟဲ့ သင့်သျှောင် လားလားဟယ် ငါတစ်တောင်စာ ကျွေးရော့မည် ခွေးမသား ဟိုတတွေကလည်း ကြည့်လိုသာနေနိုင်လေ အထွေထွေ အလာလာ ဘုရားတကာကိုဆဲ ကျောင်းတကာကိုမဲ ဆင်းရဲသားတစ်ရာ

ငိုမျက်နှာမြင်ရမှ မင်းမျက်နှာတကိုယ်ရသည့် ရာဇကိစ္စနှင့် တန်နက်မျော ရောတခါ နေ့လည်ချမ်းတိုင်ရောက်လျှင် များတကာ သူတော်တို့မှာ ဘာဝနာကြွက်ကြွက်ညံ့ စာအံသံနှင့်တအုံးအုံး ငါ့ တကာဗိုလ်မင်းမှာ ကြိမ်တံဖျာရိုက်သံများနှင့်တဘုံးဘုံး ဟေးလား ဝါးလား ပျော်ပွဲစား၍ တပြုန်းပြုန်း အရပ်နီးသူတော်တို့ မုန်းစရာ သမ္ဖပ္ပလာပနှင့် တနေ့ကျွန် အချိန်လွန်ညနေချမ်း ရောက်ပြန်ခါ များတကာသူတော်တို့မှာ ပန်းကလာပ်ထွေထွေလာ ပန်းညောင်ရေ အဖြာဖြာနှင့် သူထက်ငါ ဘုရားသွား ငါ့တကာဗိုလ်မင်းမှာ ကျေးစည်သံ မြိုင်မြိုင်ကြား၍သော်မှ လည်း မေးတင်းမျှမပြုအား ဆင်ပြင်လား မြင်းပြင်လား သူခိုးဖမ်းလား ထားပြဖမ်းလား သူသတ်ထောင်ကိုသာ ခါခါသွား ဥပုသ်သီလများကို ဆိုပြန်လျှင်လည်း လပြည့်နေ့သော လကွယ်နေ့သော သူပြောလာမှ ဟုတ်ဟန်ရှိ မသိတစ်ခါ သိတစ်ခါ ရှင်နှစ်ဝါ သုံးဝါပတ်လုံး ဆုံးမခဲ့သည့် ငါ့တရား မင်းမြှောက်စား၍ တက်တက်ဖြူ ကျောင်းစာရေးသူငယ် ဖြစ်လာစဉ် အခါဝယ်လည်း-

၁။ မဟော့ရမ်းနှင့်၊ မဟော့ရမ်းနှင့်၊ ဟော့ရမ်း ပရမ်းပတာ၊ ဖြစ်တတ်သည်။

၂။ မပေါ့လွှမ်းနှင့်၊ မပေါ့လွှမ်းနှင့်၊ ပေါ့လွှမ်း ဥစ္စာ၊ ကုန်ခမ်းတတ်သည်။

၃။ မကြော့ကြမ်းနှင့်၊ မကြော့ကြမ်းနှင့်၊ ကြော့ကြမ်းသူများ၊ ရယ်သွမ်းသွေးတတ်သည်။

၄။ မရှုန့်ကြမ်းနှင့်၊ မရှုန့်ကြမ်းနှင့်၊ ရှုန့်ကြမ်း သူများ မုန်း၍ ပန်းတတ်သည်။

၅။ မသော့သွမ်းနှင့်၊ မသော့သွမ်းနှင့်၊ သော့သွမ်း အဝီစိမှာ ခါးပန်းသတ်လိမ့်မည်။

အတည်တည်ဆုံးမခဲ့သည့် ငါ့စကား နောက်ဖယ်နားတွင်မှ နင်မထား သားမယား ဘောပုံဟာ တဘဝတွက်တာနှင့် သံသရာမှာ ကျွမ်း

စောက်ထိုး အဝိစိမှာ အောက်ဆုံးမျိုး ကိုယ်ကျိုးကြီးနဲ့စရာ အဒန္တေန အသတ္တေန ဓားမကျိုးလုံ့မရှ နည်ဳသေနတို့ထုံးပုံ တရားမပျက်မှုကုန် အောင် နှလုံးရည်နှင့်မကြံ့ဆောင် အစွယ်နှင့်လက်သဲကို အားဆဲသည့် တောကျားရဲတစ်ကောင်လို သံတတောင်အနုကွင်း ကားတိုင်မှာ လူကို ကျင်းရမှ မင်းမှုခင်းကိစ္စပြေ ဆရာတော်တပည့်အနေ ပညာရည်နှင့် မှုမထမ်း လူ့ဟော့ရမ်း လူ့ကြော့ကြမ်း လူ့သော့သွမ်း ပါးကွက်လို လူတစ်ယောက် သက်ဇီဝိန်ကို မံသဖုတ်ဆီစိုစိုနှင့် ထန်းရေကိုနှိမ်သလို မြိန်ပေလို့ပြုသလား ငါလားလားမေးလိုက်ချင် ဘိထောင်ချောက်တွင် ဝင်မိသည့်ကြွက်၏ပုံ ယခုပင်ကံကုန်၍ အဝိစိဘုံအကျော် ယမမင်းကြီး နန်းပေါ်မှာ တစာစာတအော်အော်နှင့် အမှုတော်ထမ်းရခါနီးကို နင် မသိ အဝိဇ္ဇာမာန်ဘိစီး၍ ထီးမိုးနှင့်နောက်လိုက်တွေ ဘိနပ်ကိုင် ခြွေရွေကို နိဗ္ဗူပြည်ထင်စနိုး ပိုးအိမ်လိုဗလရှုတ် ဖြုတ်ကနဲပျက်မည်ကို မဆင်ခြင် မင်ကြောင်ကိုတသသ တဘောင်ကိုတပြုပြု သိဉ္စိုးနှင့် ကာလသုတ်အကြား ငရဲထိန်းကြီးအလားလို ထားကြီးနှင့်တဝင့်ဝင့် ရွှေထီးနှင့်တစွင့်စွင့် လူမြင်တိုင်းကနှလုံးနစ် တပည့်ကောင်းခြင်းရာကို ဥပမာပုံဆိုသော် တဏှာချည် အဖျည်ခဲလှချည့် သံသရာဝဲတဏှာချည် အဖျည်ခဲလှချည့် သံသရာဝဲ သို့မို့ပလေ တို့များမှာခွေထိုး ကြည့်လိုက်ကြဟိုးဟိုး အဘိုး ကြီးကာလသား ခါးတောင်းမြိတ်နှင့်တမြားမြား ဘုံးရှေ့ကသွားသည့်သွင် တွင်တွင်ကြီးကြော့ကြမ်း ထင်ထင်ကြီးဟော့ရမ်း ကာမတဏှာ တဘက် ဘမ်း၍ လောကန္တရက်တွင် နန်းသိမ်းရမည့် အရေးကို မထွေးနိုင် မထင်နိုင် ထီးမိုးနှင့်ဘိနပ်ကိုင် နောက်လိုက်တွေ တဖြိုင်ဖြိုင် မိန်းမ ငယ်တွေ တလှိုင်လှိုင်နှင့် မြိုင်မြိုင်ကြီးပျော်မြူး သည် လောက်တောင် ရှူးမည်ဟု တခါဘူးမျှငါမထင် ငါဆရာပင်အထင်လွဲ လူကဲခတ်မှား လိုက်လေ ဖြစ်ပလေသည့်မင်းခြင်းရာ တပည့်ကောင်း မောင်ရှင်မှာ မထောင်းတာ ကြားရသည့်ဆရာမှာ နားမချမ်း လှံဖျား မှာပစဉ်းနား ကျီးကန်းမစင်ပါ ယိုသူမရှက် မြင်သူရှက် ဂွက်ရွာတို့ ပုံပမာ မမြင်ဝံ့ ဆေးသမား မကြားဝံ့တရားသူကြီး ဆိုသည့်သွင် တပည့်ကောင်းဖြစ် အင်ကို မဆိုချင်မနေအား ကားတိုင်မှာ လူကိုတင် အဆုံးတိုင် စီရင်ကြောင်း

များနှင့် ငါဆရာကြားရသည် မဟုတ်လေသိ ဟုတ်လေသိ မဟုတ်ဘိလျှင် ဆရာအဆိုလွဲ ဟုတ်ပြန်ဘိလျှင်လည်း တပည့်မဲ၍မှောင်မဟုတ်ပဲ ဆရာမ ဟောယောင် ဆိတ်တစ်ကောင် သတ်မှား၍ သေလျှင်လည်း ငရဲလား ဘဝငါးရာ လည်ဆက်ဖြတ်ခံ ဝဋ္ဋလားထုံးစံ ကျမ်းဂန်နှင့်ဝေဘန် လျှင် ဆိတ်ငရဲထက်နွား နွားငရဲထက် ကျွဲ ကျွဲငရဲထက် ဆင် ဆင်ငရဲထက်လူ မကောင်းမှုကြီးထူ၍ ငါတို့မြန်မာသူတော်တို့မှာ မဆိုထား မိစ္ဆာဒိဋ္ဌိ လူမျိုးများ တို့သော်မှလည်း ဤသို့သောအရေး သူသတ်မှုပဂေးတွင် ဝန်လေးသည်လွန်ထင် ကြသောကြောင့် ထောင်တန်းတွင်သော်လည်း တသက်နေ တိုင်းတပြေကိုသော်လည်း ပို့၍ထား စီရင်ပုံထုံးများနှင့် ကိုယ် လွတ်အောင် ရှောင်ရှား၍ နေကြပါသည် ငါ့တကာဗိုလ်မင်းမှာ နောင် နောင်လာ ပါယ်ရွာဆင်းတော့ခါ ယမမင်းထံတော်မှာ မေတ္တာစာ အကျော်နှင့် ဆရာတော်ကယ်လာလိမ့်မည် စိတ်ရည်လို့ဟော့ရမ်း ပဋ္ဌင်း လောင်း လူထွက်မို့ရှန့်ကြမ်း လူရယ်သွမ်းပေးစရာ ဤဘဝမှာအရာရှိ နောင် ဘဝဘို့အရိုရှာ တပည့်ကောင်းလူလိမ်မာ မှားလိုက်လေဗလချာ ရှုး ရှာလေသွက်ချာတော ငါကောလို့ကောလိုက်လေ သူအသေသေ ငါအကြေကြေ ဖြစ်ပလေသည့်မင်းခြင်းရာ သားမယားပုံဟာကြောင့် ရေတိမ်မှာနစ်ရဘိသည့်အလား မမှားတန်မှားရသည့်တွက်တာ ရွှေကျင် ဆရာတော်၏တပည့်ကောင်း ပဋ္ဌင်းလောင်းလူထွက်ဘို့ ချက်စရာ ငရဲအိုးတလုံးတစောင်က တယ်ရအုံးမည်ကြောင့် ငရဲမင်းကြီးမုန်းစရာ မီးကိုယ့်လို့ ခွေမထိုး မီးအိုးကြီးကွဲလိုက်ထာ သူ့ဥစ္စာကိုလည်းမညှာ သူ့သက်လျာသားရွှေဥတို့ကိုလည်း မရှောင်ရှား မုသားမှာမဆိုသာ သေသုရာကိုခါခါမှား အဝီစိသွားတွေနှင့် ခါခါပေါင်း သူတော်ကောင်း တွေကို ဝေးဝေးရှောင်ရှောင် ပြိတ္တာဘောင်ဝယ်ကျောင်းဆောက် အဝီစိ အောက်တွင် သက်န်းချုပ် ငါဆရာကို ဝိကပ္ပနာလုပ်၍ထား သား မယားကိုမိဋ္ဌာန်တင် ယမမင်းကြီးသိမ်ပေါ်တွင် သံဃာတော်တရာနှင့် အဋ္ဌာန်သွင်း ပဋ္ဌင်းလောင်း လူလိမ်မာမောင် မင်းပြုသည့်သာသနာ ငါဆရာ အသဲတုန်လှ၍ ဤသည့်ပုံလူ့ဟော့ရမ်း သူသတ်မှုအခန်းတွင်

နောင်တသက် ကျော့ချမ်းလောက်စရာ ငယ်ဆရာမာန်ဂုဏ်နှင့် ငယ်တပည့်ဗိုလ်ယုံကို အားမနာပါးမနာ သည်တခါအကုန်ဟောလိုက်သည် ငါသို့သောမင်းယောကျ်ား မထောက်ထားဆိုလိုက်လေ စိတ်ထဲကမနာစေနှင့် ရေနစ်သည့်လူ ထိုးဝါးကူပုံအလား ကြောင်ပါးလက်ဝယ်ကြွက်သူငယ်ကို ကယ်ယူရသလို ဗိုလ်မာနမာန်ဟုန် ဒုစရိုက်ရန်သူပုန်သည်တခါကုန်လောက်အောင် ပဂ္ဂဟနိဂ္ဂဟဖုံဖုံ ဆေးမျိုးစုံတိုက်ကျွေးမေတ္တာရေးပေးလိုက်သည် သူငယ်ကိုပိသာလေးနှင့် နံဘေးကိုပစ်သလိုအောင့်အစ်အစ်မရှိလင့် တပည့်ကောင်းမောင်ရှင်ကြောင့် နောင်ပူပင်ငါမရှိရအောင် သောဝစသဿတာမင်္ဂလာအောင်ပန်းနှင့် ပဋိညာဉ်ညောင်ရေဖြန်း၍ အာမဘန္တေ လျှောက်လှာကမ်းလိုက်မှ ငါ့တပည့်ကောင်းတွက်တာ ငါဆရာနားချမ်းမည် ငါ့တပည့်ဗိုလ်ကြမ်း. . .

သူသတ်ဩဝါဒမေတ္တာစာ ပြီး၏။

## မဟာဓမ္မိကာရာမ သာသနာဝင်
## အပြီးသတ်ခြင်း

ဤသို့ မဟာဓမ္မိကာရာမကျောင်းတိုက်ကြီးသမိုင်း ရွှေကျင်ဆရာတော်ဘုရားကြီး၏ အဖြစ်တော်စဉ်နှင့် ဆရာတော်ဘုရားကြီး၏ တပည့်အစဉ်ဆက် အန္ဒယ်ဝံသသမိုင်းအတ္ထုပ္ပတ္တိ, သာသနာပြုပုံစသည်တို့ဖြင့် ပြည့်စုံစွာရေးသားခဲ့ရာ အတော်အသင့်ပြည့်စုံပြီဖြစ်ရာ ဤတွင်လက်စသတ်လိုက်ပါပြီ။

သုဇနာနံ ပသာဒါယ၊ သံဝေဂတ္ထာယ မေကတော။
ဓမ္မိကာရာမဝံသော’ယံ၊ သမတ္တော သာဓု ဝဏ္ဏိတော။

*** ♦ ***

## ရမည်းသင်းတိုက် သာသနာဝင်

ရမည်းသင်းတိုက်သည် ရွှေကျင်ငါးတိုက်တွင် ပါဝင်ထင်ရှားသော ကျောင်းတိုက်ဖြစ်သည်။ ယင်းရမည်းသင်းကျောင်းတိုက်သည် မန္တလေးတောင်မြောက်ဖက် မန္တလေးမတ္တရာသွားကားလမ်း၏ မြောက်ဖက်၌ တည်ရှိသည်။ ရွှေကျင်ငါးတိုက်အနက် နောက်ဆုံးဖြစ်၏။

ကျောင်းတိုက်အကျယ်အဝန်းမှာ တစ်ဧကခန့်ရှိ၏။ သိမ်ဟောင်းတစ်လုံး ရှိ၏။ ကျောင်းအတွင်း၌ ၂-ထပ်တိုက်တစ်လုံးနှင့် ဆွမ်းစားကျောင်းတစ်ကျောင်းသာ ရှိသည်။ အကာအရံတံတိုင်း မီးတားစသည် မရှိပါချေ။

## သမိုင်းအကျဉ်း

ပဥ္စမသံဂါယနာတင် ဘဝရှင်မင်းတုန်းမင်းတရားကြီးသည် မင်းအဖြစ်သို့ရောက်၍ မန္တလေးနေပြည်တော်ကို တည်ထောင်ပြီး နောက် သိက္ခာဝါ ၁၉-ဝါရရှိတော်မူသော ရွှေကျင်ဆရာတော်ဘုရား ကြီး အရှင်ဇာဂရကို တပည့်သံဃာများစွာနှင့်တကွ သီတင်းသုံးတော် မူရာ ရှိမ်းမကားရွာမှ မန္တလေးရတနာပုံနန်းမြို့တော်သို့ ပင့်ဆောင် တော်မူ၍ မဟာဓမ္မိကာရာမတိုက်နှင့်တကွ အရံကျောင်းတိုက် လေးတိုက်ကို တည်ဆောက် လှူဒါန်းတော်မူခဲ့လေသည်။ ရမည်းသင်းတိုက် သည် ယင်းအရံလေးတိုက်တွင် တစ်တိုက်အပါအဝင် ဖြစ်လေသည်။

## ဝါယာမဓေဿရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရဆရာတော် အရှင်ဝါယာမ

ဆရာတော်အရှင်ဝါယာမသည် သက္ကရာဇ် ၁၁၈၇-ခုနှစ်တွင် ဖွားမြင်တော်မူသည်။ အရွယ်ရောက်သော် ရှင်,ရဟန်းပြု၍ သာသနာ့ ဝန်ကို ထမ်းဆောင်တော်မူခဲ့လေသည်။

ရွှေကျင်နိကာယ သာသနာပိုင်ဆရာတော်ဘုရားကြီး အရှင်ဇာဂရထံ ရောက်ရှိ၍ ပိဋကတ်အခြေခံကျမ်းစာများနှင့်တကွ ပါဠိ အဋ္ဌကထာ ဋီကာ ဂန္ထန္တရအဝဝတို့ကို သင်ယူတော်မူခဲ့လေသည်။

ဆရာတော်ဘုရားကြီးက ရမည်းသင်းတိုက်၌ နေထိုင်ရန် အမိန့်ရှိလွှဲအပ်သဖြင့် ရွှေကျင် ၅-တိုက်အဝင်အပါ ရမည်းသင်းတိုက်၌ သီတင်းသုံးတော်မူ၍ ဓူရ ၂-ပါးကို ပွားများအားသစ်တော်မူခဲ့လေသည်။

## ရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်တော်

ဆရာတော်အရှင်ဝါယာမသည် သက္ကရာဇ် ၁၂၄၆-ခုနှစ်တွင် မာရ်အောင်ရတနာစေတီတော်ဒါယကာ သီပေါမင်းတရား ဆက်ကပ်လှူဒါန်းအပ်သော "ဝါယာမဓဇသိရီပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့လေသည်။

## တတိယဌာနသာသနာပြုခေါင်းဆောင်

ဆရာတော်အရှင်ဝါယာမသည် သီပေါမင်းလက်ထက်တွင် ကျေးဇူးရှင်ရွှေကျင်ဆရာတော်ဘုရားကြီး အမိန့်အရ ရွှေကျင်ဆရာတော်ဘုရားကြီး သာသနာပြုတော်မူရန်ဖြစ်သော ကိုးဌာနအနက် တတိယဌာနဖြစ်သော ညောင်ရမ်း, ယင်းတော်, ရနောင်, ထရုံကာမြို့, ဝတီး, ငှက်သိုက်-အစရှိသော ရမည်းသင်း ၅-မြို့နှင့် ပျဉ်းမနားမြို့နယ်တို့၌ သာသနာပြုခေါင်းဆောင်အဖြစ် တာဝန်ယူ၍ သာသနာပြုတော်မူခဲ့လေသည်။

## ဆရာတော်အရှင်ဝါသဝ

ဆရာတော်အရှင်ဝါသဝသည် ဆရာတော်အရှင်ဝါယာမ ပျံလွန်တော်မူပြီးနောက် ရမည်းသင်းတိုက်ကို စောင့်ရှောက်အုပ်ချုပ်

သီတင်းသုံးတော်မူခဲ့လေသည်။ သက်တော် ၆၀-တွင် ပျံလွန်တော်မူခဲ့လေသည်။

## ဆရာတော်အရှင်သာဂရ

ဆရာတော်အရှင်ဝါသဝ ပျံလွန်တော်မူပြီးနောက် ဆရာတော်အရှင်သာဂရသည် ရမည်းသင်းတိုက်၏ နာယကဖြစ်လေသည်။ မန္တလေးအနောက်ဖက် ကျွန်းထည်းဇာတိ ဖြစ်၏။ သက်တော် ၈၁-နှစ်တွင် ပျံလွန်တော်မူခဲ့လေသည်။

## ဆရာတော်အရှင်သုတ

ဆရာတော်အရှင်သုတသည် ဆရာတော်အရှင်သာဂရ ပျံလွန်တော်မူပြီးနောက် ရမည်းသင်းတိုက် နာယကဆရာတော်ဖြစ်၍ သာသနာပြုခဲ့လေသည်။ မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ် မဲခင်းကုန်းဇာတိ ဖြစ်လေသည်။ သက်တော် ၆၆-နှစ်ရှိရာ ၁၃၃၀-ပြည့်နှစ်က ပျံလွန်တော်မူခဲ့လေသည်။

## သံဝေဂယူရန်

အာသန္နတရတ္တာမေတိ၊ မစ္စု ဇန္တု ဒိနေဒိနေ။
အာဃာတံ နီယမာနဿ၊ ဝဇ္ဈဿေဝ ပဒေပဒေ။[၁]

ဇန္တု-ဇန္တုနော= သံသရာ့ဇာတ်ခုံ ကြုံလာဖြစ်လာသတ္တဝါ၏။ မစ္စု= စုတိပြတ်ကြွေ သေလွန်ခြင်းသဘောတရားသည်။ ဒိနေ ဒိနေ= နေ့တိုင်းနေ့တိုင်း။ ဝါ= တနေ့ထက်တနေ့။ အာသန္နတရတ္တံ= အလွန်နီးသည်၏အဖြစ်သို့။ ဧတိ= မသွေမဖောက် ရောက်၏။ အာဃာတံ= နွားသတ်ရုံသို့။ နီယမာနဿ= သတ်ရန်ဖွဲ့နှောင် ထုတ်ဆောင်အပ်

---

၁။ ဟိတောပဒေသ။ ၄။ ၇၂။

သော။ ဝဍ္ဎူသ= သတ်မည့်နွား၏။ ပဒေ ပဒေ= ခြေကိုဆန့်တန်း လှမ်းလိုက်တိုင်းလှမ်းလိုက်တိုင်း။ မစ္စူ= သေခြင်းသဘောတရားသည်။ အာသန္နတရတ္တံ= အလွန်နီးသည်၏အဖြစ်သို့။ ဧတိ-ဂစ္ဆတိ= ရောက်သကဲ့ သို့တည်း။

## ဆရာတော်အရှင်ပဏ္ဍိတ

ဆရာတော်အရှင်ပဏ္ဍိတသည် ဆရာတော်အရှင်သုတ ပျံလွန် တော်မူပြီးနောက် ရမည်းသင်းတိုက်၌ နာယကဖြစ်၍ တိုက်တာကို စောင့်ရှောက်လျက် ရှိပေသည်။ ရွှေဘိုခရိုင် ကျွန်းလှဇာတိဖြစ်သည်ဟု သိရ၏။

## သံဃာဦးရေစသည်

ရွှေကျောင်းတိုက်မကြီး၌ ရွှေကျောင်းဆရာတော်ဘုရားကြီး အရှင် ဇာဂရမဟာထေရ် သီတင်းသုံးစဉ်က ရမည်းသင်းတိုက်၌ သံဃာတော် ၂၀၀-ကျော်ခန့် ရှိသည်ဟု အဆိုရှိ၏။ သို့ရာတွင် ၁၂၉၁-ခုနှစ် ဆရာတော်အရှင်သာဂရ လက်ထက်တွင် ဆရာတော်အရှင်သာဂရနှင့် သာမဏေ ၁-ပါးသာ ရှိခဲ့သည်။ ၁၃၂၄-ခုနှစ်က ရဟန်းတော် ၃-ပါး၊ သာမဏေ ၇-ပါး၊ ၂-ရပ်ပေါင်း ၁၀-ပါးရှိလေသည်။ ယခုမူ သံဃာ ၁၂-ပါးခန့် သီတင်းသုံးလျက် ရှိပေသည်။ ယခင်ကနှင့်စာလျှင် ကွာခြား လှပေပြီတကား။ တဖြည်းဖြည်း ကာလကြာလျှင် ဆုတ်ယုတ်မြဲဖြစ်လေ သည်။

သုဇနာနံ ပသာဒါယ၊ သံဝေဂတ္ထာယ မေ ကတော။
ရမည်းသင်းသာသနာဝံသော၊ သမတ္တော သာဓုဝဏ္ဏိတော။

## ရမည်းသင်းတိုက်သာသနာဝင် ပြီး၏။

*** ♦ ***

## ထရံကာတိုက် သာသနာဝင်

ထရံကာတိုက်သည်လည်း ရွှေကျင်ငါးတိုက်အပါအဝင်ဖြစ်၏။ မန္တလေးတောင်ခြေ ရွှေကျင်ရပ်၌ တည်ရှိလေသည်။ ကျောင်းတိုက်အတွင်း၌-

၁။ သိမ်တိုက် ၁-လုံး၊

၂။ နှစ်ထပ်ကျောင်းကြီး ၁-ကျောင်း ရှိ၏။

ယင်းထရံကာတိုက်ကို မှိုင်းလုံးကြီးတိုက်ဟုလည်း ခေါ်ကြသည်။

### သမိုင်းအကျဉ်း

ရွှေကျင်ဆရာတော်ဘုရားကြီး အရှင်ဇာဂရအား ပဥ္စမသံဂါယနာတင် မင်းတုန်းမင်းတရားက မဟာဓမ္မိကာရာမတိုက်တော်ကို လှူဒါန်းတော်မူပြီးနောက် အရံကျောင်းတိုက်အဖြစ် ဤထရံကာတိုက်ကိုလည်း လှူဒါန်းတော်မူခဲ့လေသည်။

ရွှေကျင်ဆရာတော်ဘုရားကြီးသည် ကျောင်းကို မိမိ၏တပည့် အရှင်ဣန္ဒကအား နေထိုင်ရန် အပ်နှံတော်မူခဲ့လေသည်။

### ဣန္ဒကာဘိဓေယျသိရိပဝရမဟာဓမ္မရာဇဂုရု ဘွဲ့တံဆိပ်တော် ၂-ထပ်နှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရဆရာတော် အရှင်ဣန္ဒက

ဆရာတော်အရှင်ဣန္ဒကသည် ထရံကာတိုက်၌ အကြီးအကဲ မဟာနာယကဖြစ်၍ အုပ်ချုပ်သာသနာပြုခဲ့သဖြင့် ထရံကာဆရာတော်ဟု ထင်ရှားတော်မူခဲ့လေသည်။ နောက်တွင် လူ့ဘောင်သို့ရောက်၍ စာပေချပို့ သာသနာချီးမြှောက်၍ ထရံကာဆရာကြီးဟု ကျော်ဇောခဲ့လေသည်။

## ဖွားမြင်တော်မူခြင်း

ရွှေဘိုခရိုင် ရွှေဘိုမြို့တောင်ဖက် တယူဇနာခန့်အကွာ သရိုင်ရွာကြီး၌ အဖ-ဦးဖိုးခင်, အမိ-ဒေါ်ဖွားဆုံတို့မှ သက္ကရာဇ် ၁၂၀၇ ခုနှစ်၊ တန်ဆောင်မုန်းလတွင် မီးရှူးသန့်စင် ဖွားမြင်တော်မူ ခဲ့လေသည်။ နံတော် တနင်္ဂနွေသား ဖြစ်သည်။ ငယ်မည် မောင်အုန်းညွှန့် ဖြစ်လေသည်။

ဦးဖိုးခင်, ဒေါ်ဖွားဆုံတို့၌-

(၁) မနန်းကြည်။ (၂) မောင်ခ။ (၃) မောင်ရွှေအိမ်။ (၄) မောင်ဘဦး။ (၅) မောင်အုန်းညွှန့်။ (၆) မောင်ရွှေဖုန်းအားဖြင့် သားသမီး ၆-ယောက် ထွန်းကားခဲ့လေသည်။ ဆရာတော်ကား ပဉ္စမ မြောက် ထွန်းတောက်ထင်ပေါ် အတိဇာတသားတော် ဖြစ်လေသည်။

## ကျောင်းနေပညာသင် သာမဏေဝတ် သာသနာ့ဝန်ထမ်းဆောင်ခြင်း

သက်တော် ၇-နှစ်သားအရွယ်တွင် သရိုင်ရွာ အရှေ့မြောက် ထောင့်ရှိ ရွှေတောင်တိုက် ပဌမရွှေတောင်ဆရာတော် အရှင်သုဇာတ ထံ မိဖတို့အပ်နှံသဖြင့် ရောက်ရှိနေထိုင်ကာ အောက်ခြေစာများကို သင်ယူတော်မူခဲ့လေသည်။

ရုပ်ရည်ရူပကာယလည်း ရည်မွန်သန့်ပြန့်, အသံကလည်း သာယာသဖြင့် ဆရာတော်အရှင်သုဇာတနှင့် ကျောင်းရှိ ကျောင်းသား သာမဏေများက မောင်အုန်းညွှန့်အား ချစ်ခင်ကြသည်။ သက်တော် ၁၀-နှစ်သားအရွယ်တွင် သာမဏေဝတ် သာသနာ့ဝန်ကို ထမ်းဆောင် တော်မူခဲ့လေသည်။ သာမဏေဘွဲ့ ရှင်ကုန္တကဖြစ်လေသည်။

## ပိဋကတ်အခြေခံကျမ်းစာများ သင်ယူခြင်း

ရှင်ကုန္တကသည် သရိုင်ရွာ ရွှေတောင်တောရဆရာတော် အရှင်သုဇာတ၏အထံ၌ ပိဋကတ်အခြေခံကျမ်းစာများကို သင်ယူတော်မူခဲ့လေသည်။ ကျက်ဉာဏ်, မှတ်ဉာဏ်ကောင်းသဖြင့် သင်ယူသမျှ မမေ့မပျောက် ခရီးရောက်လေသည်။

## သီးလုံးဆရာတော်ထံ ပညာသင်ခြင်း

"စန္ဒိမာဘိ၀ံသသိရီသဒ္ဓမ္မမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ သီးလုံးဆရာတော်ဘုရားကြီး အရှင်စန္ဒိမာသည် သရိုင်ရွာမှ ရွှေတောင်ဆရာတော် အရှင်သုဇာတနှင့် တွေ့ဆုံမိလေသည်။ ထိုအခါ သီးလုံးဆရာတော်ဘုရားကြီး အရှင်စန္ဒိမာက "ဒို့လဲ အသက်ကြီးပြီ၊ နောင်သာသနာရေးအတွက် ဉာဏ်ထက်မြက်သူရှိလျှင် ပညာသင်ပေးလိုသေးသည်"ဟု မိန့်တော်မူသဖြင့် ရွှေတောင်ဆရာတော် အရှင်သုဇာတက တပည့်တော်ထံမှာ ဉာဏ်ကောင်းသည့် သာမဏေတစ်ပါးရှိပါသည်။ တပည့်ပို့လိုက်ပါမည်ဟု လျှောက်ထားပြီး မကြာမီ ရှင်ကုန္တကကို သီးလုံးဆရာတော်ကြီး အရှင်စန္ဒိမာထံ ပို့လိုက်လေသည်။ သို့နှင့် ထရံကာဆရာတော်လောင်းလျာ သာမဏေရှင်ကုန္တကသည် သီးလုံးဆရာတော်ဘုရားကြီးထံ ပညာသင်ကြားတော်မူခဲ့လေသည်။

## ရွှေကျင်ဆရာတော်ဘုရားထံ ရောက်ရှိ ပညာသင်ကြားခြင်း

ရွှေကျင်ဆရာတော် အရှင်ဇာဂရသည် သရိုင်ရွာ တောရကျောင်းသို့ ကြွရောက်သီတင်းသုံးစဉ် သီးလုံးဆရာတော် အရှင်စန္ဒိမာ၏ တိုက်တွန်းချက်အရ ရွှေတောင်ဆရာတော် အရှင်သုဇာတသည် သာမဏေရှင်ကုန္တကကို ရွှေကျင်ဆရာတော်ထံ အပ်နှံလိုက်လေသည်။

သို့နှင့် ရှင်ဣန္ဒကသည် ရွှေကျင်ဆရာတော်ထံ ပရိယတ္တိစာပေအရပ်ရပ်ကို သင်ကြားတော်မူခဲ့လေသည်။ ရွှေကျင်ဆရာတော်သည် သရိုင်ရွာမှ ရှိမ်းမကားရွာ ကြွရောက်သောအခါတွင် ရှင်ဣန္ဒကသည် ရွှေကျင်ဆရာတော်နှင့် တဖဝါးမကွာလိုက်ပါ၍ ရှိမ်းမကား၌ သီတင်းသုံး ပညာသင်ကြားတော်မူခဲ့လေသည်။

## မန္တလေးမြို့ လိုက်ပါသီတင်းသုံးခြင်း

မင်းတုန်းမင်းတရားကြီး၏ ပင့်လျှောက်ချက်အရ ရွှေကျင်ဆရာတော်သည် သက္ကရာဇ် ၁၂၂၂-ခုနှစ်တွင် မန္တလေးမြို့သို့ ကြွရောက်သီတင်းသုံးတော်မူခဲ့လေသည်။ ၁၂၂၃-ခုနှစ်လောက်တွင် မဟာဓမ္မိကာရာမတိုက်နှင့် ရမည်းသင်းတိုက်, ထရံကာတိုက်, မင်းခင်းတိုက်, မြတောင်တိုက်ဟူသော အရံလေးတိုက်ကို အလှူခံတော်မူရလေသည်။ ထိုစဉ်က ရှင်ဣန္ဒကသည် ရွှေကျင်ဆရာတော်နှင့်အတူ မဟာဓမ္မိကာရာမတိုက်၌ သီတင်းသုံး၍ ပညာသင်ကြားတော်မူခဲ့လေသည်။ ထရံကာတိုက်ကား ထရံကာမြို့စားမင်းသမီး ဆောက်လုပ်လှူဒါန်းသဖြင့် ထရံကာတိုက်ဟု တွင်သည်။ နောင်တွင် ထရံကာမင်းသမီးသည် မှိုင်းလုံးမြို့ပါ စားရပြန်သဖြင့် မှိုင်းလုံး(မိုင်းလုံ)တိုက်ဟု တွင်ပြန်လေသည်။

## သာမဏေဝတ်နှင့် စာချခြင်း

သာမဏေရှင်ဣန္ဒကသည် ပဌမရွှေတောင်တောရဆရာတော် အရှင်သုဇာတ, ဒုတိယသီးလုံးဆရာတော် အရှင်စန္ဒိမာ, တတိယ ရွှေကျင်ဆရာတော်အားဖြင့် ဆရာတော်သုံးပါးတို့ထံတွင် ကျမ်းဂန်အရပ်ရပ်တို့ကို သင်ကြားခဲ့၍ သာမဏေဝတ်ဖြင့်ပင် နေ့ဝါညဝါ ကျွမ်းကျင်တတ်မြောက်တော်မူခဲ့လေသည်။ သို့နှင့် ရွှေကျင်ဆရာတော်သည် ရှင်ဣန္ဒကအား သာမဏေဘဝကပင် စာချအဖြစ်ဖြင့် ချီးမြှင့်ခန့်အပ်တော်မူခဲ့လေသည်။ သို့ဖြစ်၍ ရှင်ဣန္ဒကသည် မဟာ-

ဓမ္မိကာရာမတိုက်၌ သာမဏေများစွာတို့အား စာပေချပို့ သာသနာချီးမြှောက်တော်မူခဲ့ရလေသည်။

## ရဟန်းအဖြစ်သို့ ရောက်ခြင်း

သက်တော် ၂၀-ပြည့်မြောက်ရာ သက္ကရာဇ် ၁၂၂၇-ခုနှစ်တွင် မိဖနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သည့် သရိုင်ရွာ၌ စေတီလှဘုရားဝင်းအတွင်းရှိ သိမ်တော်တွင် လောကိယ သမ္မုတိတို့ထက် အထက်တန်းကျသော စတုပါရိသုဒ္ဓိသီလနှင့် ပြည့်စုံခြင်းဟူသော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့လေသည်။

## တစ်ဖက်မှ စာချသာသနာပြုခြင်း

ရဟန်းဖြစ်ပြီးနောက် မန္တလေးမြို့ မဟာဓမ္မိကာရာမရွှေကျောင်းတိုက်သို့ ပြန်ကြွ၍ ရွှေကျောင်းဆရာတော်ဘုရားကြီးထံ သီတင်းသုံးမိမိအတွက်လည်း စာပေကျမ်းဂန်သင်ယူပြီး ရဟန်းငယ်, သာမဏေတို့အားလည်း စာပေချပို့ သာသနာပြုတော်မူခဲ့လေသည်။

## တစ်ဖက်မှ ဓမ္မကထိကတာဝန် ထမ်းဆောင်ခြင်း

စာပေအရ အမိများ အာဝဇ္ဇန်းကောင်းသဖြင့် အများကတိုက်တွန်းသဖြင့် တရားဟောပြောရာ ကျော်စောသည့်ဓမ္မကထိကဖြစ်၍လည်း သာသနာရေးရာကိစ္စများ၌ တရားဓမ္မ ဟောကြားတော်မူခဲ့လေသည်။ ထိုစဉ်က မဟာဓမ္မိကာရာမတိုက်၌ တောင်တော်ဆရာတော် လောင်းလျာအရှင်မာလာ ကြွရောက်သီတင်းသုံးလျက်ရှိရာ ထိုဆရာတော်၏ အကူအညီဖြင့် ဗေဒင်ကျမ်းများ, ပျို့ကဗျာလင်္ကာများ, ဓမ္မသတ်များကို သင်ယူလေ့လာတော်မူခဲ့လေသည်။

## ထရံကာဆရာတော်ဟူ ထင်ရှားခြင်း

ရဟန်းသိက္ခာ ၇-ဝါအရတွင် ရွှေကျင်ဆရာတော်ဘုရားကြီး၏ အမိန့်အရ ထရံကာတိုက်၌ သီတင်းသုံး၍ တိုက်တာသံဃာများ ထိန်းချုပ်ယင်း စာပေချပို့တော်မူရလေသည်။ ထိုနှစ်တွင်ပင် ပဥ္စမသံဂါယနာတင် မင်းတုန်းမင်းတရားကြီး လှူဒါန်းသည့် "ဣန္ဒကာဘိဓဇသိရီပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူလေသည်။ ထိုအခါမှစ၍ ထရံကာဆရာတော်ဟု ကျော်စောလေသည်။

## ထူးချွန်သည့် စာချဆရာတော်ကလေး

စာပေချပို့မှုအရာ အဟောအပြောအရာ စသည်တို့၌ ထူးချွန်လှသဖြင့် ဂိုဏ်းဂဏအတွင်း ဖြစ်ပေါ်လာသည့် ပြဿနာအများအပြားကို ဆရာတော်ကြီးကိုယ်စား ထရံကာဆရာတော်ကလေး အရှင်ဣန္ဒကက ဖြေရှင်းရလေသည်။ နေ့ဝါညဝါ ထူးချွန်စွာတတ်မြောက်သဖြင့် နိုင်နင်းစွာချပို့ရာ ရွှေကျင်ငါးတိုက်တွင် စာလိုက်သံဃာအများဆုံး ထူးချွန်သည့်စာချဆရာတော်အဖြစ် ထင်ရှားလေသည်။

## သတ္တမဌာနသာသနာပြုတာဝန်

ရွှေကျင်ဆရာတော်ဘုရားကြီး၏ သာသနာပြုကိုးဌာနအနက် ထရံကာဆရာတော်အရှင်ဣန္ဒကသည် ၇-အမှတ် သတ္တမဌာနဖြစ်သော စစ်ကိုင်း, ရွှေဘို, ကျောက်မြောင်း, ရောနဲ, ခေါ်သာနီ, ခေါ်သန္တိ, စော်သာနီ, ထန်းတပင်စသော ပဥ္စလငါးမြို့၊ ဒီပဲယင်းမြို့ များသို့ သာသနာပြုရန် တာဝန်ယူရလေသည်။ ထို့ကြောင့် စကြာရေမွန်သင်္ဘောဖြင့် စုန်၍ စစ်ကိုင်းမြို့၌ဆင်းကာ ရွှေဘိုသို့ ကုန်းလမ်းခရီးဖြင့် ကြွတော်မူပြီး ရွှေဘိုကျောင်းတော်မှနေ၍ ဖော်ပြပါမြို့များသို့ သာသနာပြုအမိန့်တော်များ ဖတ်ကြား၍ ဩဝါဒပေးတော်မူလေသည်။

## သီပေါမင်းတရား ဆက်ကပ်သည့် တံဆိပ်တော် အလှူခံရရှိခြင်း

သက္ကရာဇ် ၁၂၄၆-ခုနှစ်တွင် မာရ်အောင်ရတနာစေတီတော် ဒါယကာ သီပေါမင်းတရား ဆက်ကပ်လှူဒါန်းသည့် "ဣန္ဒကာဘိမဇ သိရီပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိ တော်မူခဲ့လေသည်။

## နန်းတွင်းအရေး ရှုတ်ထွေးခြင်း

ထိုသည့်သက္ကရာဇ် ၁၂၄၆-ခုနှစ်တွင် တိုင်းပြည်အရေး နန်းတွင်း အရေး ရှုတ်ထွေးခဲ့လေသည်။ အောက်မြန်မာနိုင်ငံကို အုပ်ချုပ်နေသော အင်္ဂလိပ်မင်းတို့သည် အထက်မြန်မာနိုင်ငံကို သိမ်းပိုက်ရန် နည်းမျိုးစုံဖြင့် ကြံစည်ပြုမူဆောင်ရွက်လျက် ရှိကုန်၏။ နန်းတွင်းရှုတ်ထွေးမှုများမှာလည်း တဖြည်းဖြည်း ကြီးထွားလာလေ၏။ မှူးကြီးမတ်ရာတို့လည်း အစုကွဲလျက် ရှိလေ၏။ မယ်တော်မိဖုရားကြီးနှင့် ကင်းဝန်မင်းကြီးတို့က တစ်မျိုး၊ မိဖုရားကြီး စုဘုရားလတ်နှင့် တိုင်းတာမင်းကြီးတို့ တစ်ဖုံ နှစ်အုပ်စု ကွဲလေသည်။ ထိုအခါ သီပေါမင်းသည် မည်သူ့ကို ယုံကြည်ရမှန်းမသိ ဖြစ်လေသည်။ လူယုံရှာနေချိန် ဖြစ်လေသည်။

## ထရံကာဆရာတော် အရှင်ဣန္ဒကအား လူထွက်ရန် သျှောက်ထားခြင်း

ထိုအခါ သီပေါမင်းသည် ခမည်းတော်မင်းတရားကြီး အထွတ် အမြတ်သို့ ရောက်တော်မူသောအခါ လောကီလောကုတ္တရာ အရည် အချင်းနှင့် ပြည့်ဝ၍ ယုံကြည်ရသော ပခန်းကြီးမြို့ မင်းကျောင်း ဆရာ တော်ကို မြို့တော်သို့ပင့်၍ "အရှင်ဘုရား တပည့်တော်သည် အထွတ် အမြတ်သို့ ရောက်ပါပြီ၊ တိုင်းပြု ပြည်ပြု နိုင်ငံတော် သာယာစည်ပင်

အောင် တိုင်ပင်၍ အုပ်ချုပ်လိုပါသည်၊ တပည့်တော်ကို ပစ်မထားပါနှင့် သိက္ခာချပြီး ဟောသည်ယွန်းသေတ္တာထဲက အဝတ် များကို လဲလှယ်တော်မူပါ”ဟု လျှောက်ထားပြီး လူဝတ်လဲစေတော်မူ ခဲ့လေသည်။ ၎င်းနောက် မင်းဆရာ မင်းတိုင်ပင် လွှတ်တော်ဝန်ကြီး ရာထူးဖြင့် သူကောင်းပြုလွှဲအပ်တော်မူခဲ့လေသည်။

ပခန်းမင်းကြီးဟု နိုင်ငံကျော်၍ ၁၂၃၇-ခုနှစ်၊ အသက် ၆၃-နှစ်တွင် ကွယ်လွန်သည့်တိုင်အောင် ခမည်းတော်၏ ညာလက်ရုံး ဖြစ်ခဲ့လေသည်။ “ငါသည်လည်း ထိုကဲ့သို့ အရည်အချင်းနှင့်ပြည့်စုံ သော ဆရာတော်တစ်ပါးကို လူဝတ်လဲစေပြီး လွှတ်တော်ဝန်ကြီး ခန့်ထားရလျှင် ကောင်းလေစွ”ဟု ဆင်ခြင်မိလေသည်။ သို့နှင့် သီပေါမင်းသည် လောကဓမ္မရာဇတန္တိပဝေဏီ၌ လိမ္မာကျွမ်းကျင်သော ထရုံကာဆရာတော် အရှင်ဣန္ဒကကို နိုင်ငံတော်သို့ပင့်၍ လူထွက်ရန် လျှောက်ထားလေသည်။ သီပေါမင်းသည် ၁-ကြိမ်မက ၃-ကြိမ်တိုင် တိုင် လျှောက်ထားခဲ့လေသည်။ သို့နှင့် ထရုံကာဆရာတော်အရှင် ဣန္ဒကသည် လူထွက်ရန်စိတ်ဝင်စားမိလေရာ မင်းကွန်းငွေတောင် တောရ၌ သီတင်းသုံးတော်မူသည့် ရွှေကျင်ဆရာတော်ဘုရားကြီးထံ သွားရောက်လျှောက်ထားရာ ဆရာတော်ကြီးက ကြိုတင်သိပြီးဖြစ် သဖြင့် လက်ခံတွေ့ဆုံစကားပြောတော်မမူချေ။

ရာဇဝလ္လကရဟန်းတွေကို ငါစကားမပြောလို၊ သွားကြ သွားကြ၊ ယခု သွားကြ။ ၎င်းတို့မျက်နှာတွေကို ငါမကြည့်လိုပါဟု ဆို၍ နှင်ထုတ်တော်မူလေသည်။ ထရုံကာဆရာတော်အရှင်ဣန္ဒကက စိတ်အပျက်ကြီး ပျက်ခဲ့လေပြီ။

## ထရုံကာဆရာတော် အရှင်ဣန္ဒက လူထွက်ခြင်း

ထရုံကာဆရာတော် အရှင်ဣန္ဒကသည် “ငါ့အဖို့ရာ အရ မတော်ချေ၊ ရွှေကျင်ဆရာတော်ဘုရားကြီးက ငါ့ကို အသုံးမပြုတော့

ချေ၊ ငါ့အဖို့ လူထွက်ရန်သာ ရှိတော့သည်”ဟု ကြံစည်တွေးတောဆုံးဖြတ်ချက်ချကာ လူထွက်လေတော့သည်။ ထိုအချိန်ကာလကား ထရံကာဆရာတော် အရှင်ဣန္ဒက သိက္ခာဝါတော် ၂၀-အရ သက္ကရာဇ် ၁၂၄၇-ခုနှစ်၊ ဝါဆိုလတွင် ဖြစ်လေသည်။

## သရိုင်ရွာ ပြန်လည်နေထိုင်ခြင်း

လူဝတ်လဲပြီးနောက် ဦးအုန်းညွန့်သည် သီပေါမင်းနှင့်တွေ့ရန် အစီစဉ်လုပ်သည် ရှေးဦးစွာ ကင်းဝန်မင်းကြီးနှင့်တွေ့ရာ ခေတ္တရာဇာတိ သရိုင်ရွာပြန်နေပါဆိုသဖြင့် သရိုင်ရွာသို့ပြန်၍ အမအကြီးဆုံးဖြစ်သော ဒေါ်နန်းကြည်အိမ်၌ နေထိုင်ခဲ့လေသည်။ ယင်းသည့် ၁၂၄၇-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈-ရက်နေ့တွင် သီပေါမင်းလည်း အင်္ဂလိပ်အစိုးရလက်သို့ ပါတော်မူရာ နှစ်ဦးနှစ်ဝ ရည် ရွယ်ချက်အားလုံး ပျက်သုဉ်းသွားခဲ့လေသည်။

## မဆွေတုတ်နှင့် လက်ထပ်ခြင်း

ဆရာကြီးဦးအုန်းညွန့်သည် ဆွေနီးမျိုးတော်စပ်သူ မဆွေတုတ်နှင့် လက်ထပ်၍ အေးချမ်းစွာ နေထိုင်ခဲ့ရာ သားသုံးယောက်, သမီးနှစ်ယောက် ထွန်းကားခဲ့လေသည်။

## စစ်ကိုင်းတောင်ရိုး စာပေချပို့ခြင်း

ဆရာကြီးသည် အသက် ၆၅-နှစ်ရှိရာ သက္ကရာဇ် ၁၂၇၂-ခုနှစ်တွင် ဗောဓိချောင်၌ အေးချမ်းစွာနေ၍ သံဃာတော်များနှင့် သီလရှင်များအား နေ့ဝါညဝါ စာပေချပို့ သာသနာချီးမြှောက်ခဲ့လေသည်။

## အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်ရရှိခြင်း

ဆရာကြီးအသက် ၇၂-နှစ်ရှိရာ ၁၂၇၉-ခုနှစ်တွင် အင်္ဂလိပ်အစိုးရတို့ပေးအပ်သည့် "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ကို ခံယူရှိခဲ့လေသည်။ ၎င်းကား ၃-ကြိမ်မြောက် တံဆိပ်တော်ဖြစ်လေသည်။

## ကွယ်လွန်ခြင်း

ဆရာကြီးဦးအုန်းညွန့်သည် အသက်ကြီးရင့်သော်လည်း စာပေချပို့မြဲချပို့လျက်ရှိရာ ဇရာပေါ်ဗျာဓိပါ ဖိစီးခဲ့လေပြီ။ သို့နှင့်ဇရာ, ဗျာဓိ ၂-ချက်ငြိသဖြင့် အသက် ၈၁-နှစ်ရှိရာ သက္ကရာဇ် ၁၂၈၇-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆-ရက်၊ ကြာသပတေး နေ့၊ ညနေ ၃-နာရီအချိန်တွင် ကွယ်လွန်ခဲ့လေသည်။

ဒုတိယသားဖြစ်သူ မောင်စိုးတင်သည် ကျမ်းဂန်တတ် "ဝိသုဒ္ဓိဝံသာဘိပရိယတ္တိသာသနဟိတဓမ္မာစရိယ, ဝိသုဒ္ဓိဝံသာဘိသာသနဓဇသိရီပဝရဓမ္မာစရိယ ဘွဲ့တံဆိပ်တော် ၂-ထပ်ရ ပစ္စယတ္ထဝဘောဓနီကျမ်းပြု အရှင်ဝိသုဒ္ဓိမထေရ်မြတ် ဖြစ်လာလေသည်။ ယင်းဆရာတော် အရှင်ဝိသုဒ္ဓိသည်လည်း သက်တော် ၅၃-နှစ်၊ သိက္ခာတော် ၃၃-ဝါရရှိရာ ၁၃၀၆-ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂-ရက်၊ တနင်္လာနေ့၊ ၁၂-နာရီအချိန်တွင် ကျောတွင်ပေါက်သော အနာပဆုတ်ရောဂါဖြင့် ပျံလွန်တော်မူခဲ့လေသည်။

## သံဝေဂယူရန်

❖ ဆိုပိမ့်မှတ်ရာ စဉ်းစားပါလော့ ခန္ဓာဘာရ ဒွတ္တိံသကား ယုယခင်မင် စိန်ရွှေဆင်၍ ပြုပြင်ပိုက်ထွေး နင်ကျွေးမွေးလည်း အရေးမရောက် သဲရေမှောက်သို့ နင့်နောက်မပါ နင့်လိုရာကို ဘယ်ခါမလိုက် နင့်အကြိုက်နှင့် တိုက်ရိုက်ဖီလာ ဆန့်ကျင်ပါခဲ့ ရုပ်ဝါနုနယ် ရှုစဖွယ်ဖြင့် တင့်

တယ်ရွှန်းစို နှင်လှလိုလည်း အအိုစာရင်း သူကသွင်း၏ နှင့်ကိုမညှာ ဘေးရောဂါနှင့် ခါခါမငဲ့ မိတ်ဆွေဖွဲ့၏။

❖ နှင်နဲ့တူညီ ချစ်ကြိုးသီသား ပလီပလာ အပြစ်ကွာသည့် ချစ်စွာမယား သမီးသားနှင့် စီးပွားဥစ္စာ ဉာတကာကို ဘယ်ခွာမခွဲ အတူတွဲ၍ အမြဲပြုံးချို နေရလိုလည်း နှင့်ကို မထောက် နှင့်နောက်မလိုက် အပူတိုက်၍ နှင်ဟိုက်နှင်ခွေ နှင့်ကိုသေအောင် ကျားမြွေခံတွင်း အစားသွင်းသို့ သေမင်း သူ့လက် ပဏ္ဏာဆက်၏။

❖ လရက်နှစ်တွေ အသခေျ်နှင့် လွန်လေဘဝ အနန္တက ဆုံးစမပိုင် ယခုတိုင်အောင် နိုင်နိုင်နင်းနင်း ဉာဏ်မသွင်း ၍ သေမင်းသူလျှို ခန္ဓာကိုယ်ကို မငြိုငြင်ရက် စွဲလမ်း ချက်ဖြင့် မြိုင်နက်စုံဖျား တောသစ်ကျားကို မယ်ဖွားမိခင် နွားငယ်ထင်သို့ အမြင်မဖြောင့် ဝိပ္ပလ်မှောင့်၍ ကြောင့် ကြောင့်ကြကြ ပြုခဲ့လှပြီ ဘုရားသာသနာ ခုအခါ၌ ပညာ စက္ခု ဉာဏ်ဖြင့်ရှုလော့။

❖ ရတုဂိမှန် အချိန်တန်သော် သူရကန်ရှေ့ အပူငွေ့ကြောင့် ရေသွေ့ခန်းငြား အိုင်ပက္ကားဝယ် ကျက်စားနေရ ငါးမစ္ဆ တို့ ရေကလည်းနဲ သိန်းစွဲဝဲ၍ ပျော်ပွဲမြူးမှု ရှာမရပဲ သေကြဖို့သာ နီးကပ်လာသို့ သူငါကစ ရှိသမျှလည်း နေ့ညမလပ် အစဉ်စပ်လျက် ဥပါဒ်ဌီဘင် မပြတ်နှင်၍ ပျော်ရွှင်စေရာ မရှိပါပဲ ဖျားနာကိုက်ခဲ ရောဂါစွဲလျက် သေပွဲသေတမ်း သေစခန်းနှင့် သေလမ်းသို့သာ နီးကပ် လာ၏။

❖ ငါငါတက်ကြွ မာန်မာနနှင့် လောဘဒေါသာ အစဖြာသား ယုတ်မာစွာလှ အဓမ္မကို ဝေးကမလာ ကင်းစင်ကွာအောင် ခါခါမပွား အပြစ်များမူ လေးပါးပါယ်ရွာ နှင့်အိမ်သာဟု

စိတ်မှာစွဲကပ် သတိချပ်လော့ လူ့ရပ်နတ်ရွာ ထက်ဖြဟ္မာ နှင့် မဟာသုခ နိဗ္ဗာနသို့ ရှစ်ဝမဂ္ဂင် သဘော်ယာဉ်ဖြင့် ဆောလျင်ကပ်ခို ရောက်ရလိုမှု ထိုထိုပုည ကုသလကို နေ့ညမစဲ လုံ့လသဲလော့။

❖ ကြုံခဲကြုံစွာ၊ သာသနာနှင့် နင့်မှာမငွေ့ ယခုတွေ့ပြီ မေ့မေ့ မူးမူး နင်မရူးနှင့် ဆီဥထောပတ် ရသဓာတ်ကို အမြွတ် တစ်ခု မှတ်မရှုပဲ ရွှာသူ့ဝက်မိုက် မစင်ကြိုက်သို့ အမြိုက် တရား နင်ရှောင်ရှား၍ ငါးပါးအာရုံ မစင်ပုံကို စုံစုံမက် မက် မနှစ်သက်နှင့် ထက်မြက်အဖျား သင်ခုန်းစားဝယ် ပျားသဖွယ်ဟု ဉာဏ်ကျယ်သလောက် အပြစ်ကြောက်၍ တောင်ချောက်မြိုင်ဖျား သမင်းများကို သစ်ကျားပုန်း အောင်း အရချောင်းသို့ တောင်စောင်းရိပ်မှောင် သခ်မ်း ချောင်ဝယ် တိမ်းရှောင်တကိုယ် တောတောဆို၍[၁] မင်္ဂဖိုလ်မနှောင်း အရ ချောင်းမှ အပေါင်းဒုက္ခ လွတ်ကင်းရဟု ဗုဒ္ဓရွှေနူတ် ကြွာကမုဒ်က လှစ်ထုတ်မြွက်ကြား မိန့်တော်ထားသည် နင်ကားနင့်တွက် ကျင့်တော့သည်။[၂]

♦♦♦

---

၁။ အနိစ္စတော ဒုက္ခတောစသော တောလေးဆယ်ကို ရည်သည်။
၂။ ဝိဒ္ဓောဒယဆရာတော် အရှင်ပညာဝန္တ။

## ဆရာတော်အရှင်အရိယဝံသ

ဆရာတော်အရှင်အရိယဝံသသည် ဆရာတော်အရှင်ဣန္ဒက လူ့ဘောင်ပြောင်းပြီးနောက် ထရံကာတိုက် နာယကဖြစ်၍ သာသနာပြုတော်မူခဲ့လေသည်။ နောက်မဟာဓမ္မိကာရာမတိုက်၌ ပြောင်းရွှေ့သီတင်းသုံး သာသနာပြုတော်မူခဲ့လေသည်။

## ဆရာတော်အရှင်ဂုဏဝါ

ဆရာတော်အရိယဝံသ မဟာဓမ္မိကာရာမတိုက် ကြွသွားသဖြင့် ဆရာတော်အရှင်ဂုဏဝါသည် ထရံကာတိုက်၏ နာယကဖြစ်၍ သီတင်းသုံးတော်မူခဲ့လေသည်။

ဆရာတော်အရှင်ဂုဏဝါသည် ရေဦးမြို့အရှေ့ဖက် ရွာသစ်ရွာဇာတိဖြစ်လေသည်။ ရွာသစ်ရွာ၌ ခေတ္တရောက်ရှိနေထိုင်စဉ် သက်တော် ၇၇-နှစ်တွင် ပျံလွန်တော်မူခဲ့လေသည်။

## ဆရာတော်အရှင်ခေမိန္ဒ

ဆရာတော်အရှင်ခေမိန္ဒသည် ရေဦးမြို့အရှေ့ဖက် ရွာသစ်ရွာဇာတိပင် ဖြစ်လေသည်။ ဆရာတော်အရှင်ဂုဏဝါ ပျံလွန်တော်မူပြီးနောက် ထရံကာတိုက်၏ နာယကအဖြစ် ဆောင်ရွက်ခဲ့သည်။ သက်တော် ၉၃-နှစ်တွင် ပျံလွန်တော်မူခဲ့လေသည်။

## ဆရာတော်အရှင်သုမင်္ဂလ

ဆရာတော်အရှင်သုမင်္ဂလသည် ယခုလက်ရှိ ထရံကာတိုက်၏ နာယကဆရာတော် ဖြစ်လေသည်။ မုံရွာဇာတိ ဖြစ်လေသည်။ ထရံကာတိုက်သို့ ၁၇-နှစ်သား လောက်မှစ၍ ရောက်ရှိသီတင်းသုံးတော်မူခဲ့လေသည်။ ဆရာတော်အရှင်ခေမိန္ဒ ပျံလွန်တော်မူသဖြင့်

ထရံကာတိုက်၏ အကြီးအကဲဖြစ်၍ သာသနာ့ဝန်ကို ထမ်းဆောင်ရလေသည်။

ဤသို့ ဖော်ပြခဲ့ပြီးသော ဆရာတော်တို့ကား ထရံကာတိုက်၏ အဆက်ဆက် နာယကဆရာတော်တို့ ဖြစ်ကုန်၏။

## ထရံကာတိုက်ထွက်
## ခင်မွန်ဆရာတော်ဘုရားကြီး အရှင်တိသ

ခင်မွန်ဆရာတော်အရှင်တိဿသည် ထရံကာတိုက်၌ သီတင်းသုံး၍ သာသနာပြုတော်မူခဲ့သော မထေရ်မြတ်ဖြစ်တော်မူလေသည်။ အလုံချောင်းဦး ခင်မွန်ရွာ၌ အဖ-ဦးစံချို၊ အမိ-ဒေါ်ကျွန်းတို့မှ သက္ကရာဇ် ၁၂၁၂-ခုနှစ်၊ နတ်တော်လဆန်း ၄-ရက်၊ စနေနေ့ ညနေ ၃-ချက်တီးကျော် ၂၂-ဖဝါးအချိန်တွင် ဖွားမြင်တော်မူခဲ့လေသည်။

## ကျောင်းနေ
## သာမဏေဝတ် ပညာသင်ခြင်း

ဆရာတော်လောင်းလျာ သက်တော် ၇-နှစ်သားအရွယ်တွင် ခင်မွန်ရွာအရှေ့မြောက် ဧသန်ကျောင်းဆရာတော် အရှင်ဥဂ္ဂါထံ၌ ရောက်ရှိ၍ စတင်ပညာသင်ကြားတော်မူခဲ့လေသည်။ ၁၂-နှစ်သားအရွယ်တွင် ရှင်သာမဏေပြု၍ သာသနာ့ဝန်ထမ်းဆောင်တော်မူခဲ့လေသည်။ ၁၆-နှစ်သားအရွယ်တွင် ဧသန်ကျောင်းတိုက်မှ အကိုတစ်ဝမ်းကွဲ ဘုန်းကြီးအရှင်ပညာနှင့် အတူလိုက်၍ မန္တလေးတောင်ခြေ မဏ္ဍလာရာမပြည်တိုက်၌ ၂-ဝါ သီတင်းသုံး၍ ပညာသင်ကြားတော်မူခဲ့လေသည်။ ၎င်းနောက် မင်းရွာတောကျောင်း ခင်မွန်သုံးဂိုဏ်းချုပ်ဆရာတော်ကြီးထံ ရောက်ရှိ၍ ၁-ဝါ သီတင်းသုံး၍ ပညာသင်ကြားခဲ့လေသည်။

## ရဟန်းဘဝ ဒုလ္လဘာသို့

သက်တော် ၁၉-နှစ်ရှိရာ ၁၂၃၀-ခုနှစ်၊ တပေါင်းလဆန်း ၁၅-ရက်နေ့တွင် ခင်မွန်ရွာမြောက် မာရ်အောင်တိုက်သိမ်တော်၌ မုံရွေးရွာ ပုပ္ဖာရုံတိုက် ဂိုဏ်းချုပ်ဆရာတော် အရှင်သုမနမဟာထေရ် ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဘဝဒုလ္လဘာသို့ ရောက်တော်မူခဲ့လေသည်။ ၁၂၃၂-ခုနှစ်တွင် မင်းရွာတောကျောင်း၌ သီတင်းသုံးတော်မူခဲ့လေ သည်။ ရဟန်းဘွဲ့တော်မှာ အရှင်တိဿ ဖြစ်လေသည်။

## ထရံကာတိုက်သို့

၁၂၃၃-ခုနှစ်၊ ၁၂၃၄-ခုနှစ်တို့တွင် မန္တလေးမြို့မြောက်ပြင် ထရံကာတိုက်သို့ ရောက်ရှိသီတင်းသုံး၍ ပညာသင်ကြားဆည်းပူးတော်မူခဲ့လေသည်။

သမ္ပတ္တာန ထရံကာဝှံ၊ အာရာမံ ရာမဏီယကံ။
တမှိ ဝသိတွာ ဒုဝသံ သော၊ အသိက္ခိ သိက္ခိတဗ္ဗကံ။

## ထိုထိုမြို့ရွာ၌ သီတင်းသုံးခြင်း

ဆရာတော်ဘုရားကြီးသည် ခင်မွန်ရွာ မဟာဗောဓိတောရတိုက်, သာစည်တောရတိုက်, မန္တလေးမြို့ ကုသိုလ်တော်ဘုရားမြောက်ဖက် စိတြာရာမတိုက်တို့၌လည်း သီတင်းသုံးတော်မူခဲ့လေသည်။

ရဟန်းသိက္ခာ ၁၀-ဝါအရတွင် အလုံမြို့ ခုံတော်မင်းဦးပိုနှင့် ဇနီး-မမြရွှေတို့က ဆောက်လုပ်လှူဒါန်းအပ်သော လှေကား ၄-စင်း တပ်, ၄-ထောင့် ပြင်ကျောင်းကြီးကို အလှူခံတော်မူ၍ မန္တလေးမြို့မှ နောက်ပါ သံဃာတော် ၂၀-ခန့်နှင့် ကြွရောက်၍ ၁၆-နှစ်တိုင်တိုင် သီတင်းသုံးတော်မူခဲ့လေသည်။

ဧရာဝတီတိုင်း ပုသိမ်မြို့ ပုသိမ်ဘုရားကြီး မြောက်ဘက်တိုက် ပုသိမ်အနုရုဒ္ဓါရာမတိုက် ဘုရားကြီး ဆရာတော်ဘုရားကြီးထံ ၁-နှစ်ခွဲခန့် သီတင်းသုံးတော်မူခဲ့လေ သည်။ ချောင်းဦးမြို့ ယောသိတာရုံ၊ အလုံလေးထောင့်ပြင်တိုက်၊ ခင်မွန်ရွာမြောက် ဝရဇိန်ကျောင်း၊ ရေတာရှည်မြို့ ကံဦးကျောင်း၊ တောင်ငူမြို့မြောက်ဖက် ဘဲ ခင်မွန်ရွှေကျောင်းတိုက်တို့၌လည်း သီတင်း သုံးတော်မူခဲ့လေသည်။

## ရွှေကျင်နိကာယ ဓမ္မသေနာပတိ

ဆရာတော်ဘုရားကြီးသည် ၁၂၈၉-ခုနှစ်၊ တပေါင်းလဆန်း ၁၄-ရက်နေ့ မန္တလေးမြို့ ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ အစည်းအဝေး၌ သံဃာတော်တို့၏ စတုတ္ထမြောက် ရွှေကျင်နိကာယဉက္ကဋ္ဌ မဟာနာယက ဓမ္မသေနာပတိအဖြစ် တင်မြှောက်ခြင်းကို ခံတော်မူရလေ သည်။[၁]

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ဆရာတော်ဘုရားကြီးသည် ၁၂၉၀-ပြည့်နှစ်တွင် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်၌ ဝါကပ်တော်မူသည်။ ၁၂၉၀-ပြည့် နတ်တော် လဆန်း ၅-ရက်နေ့တွင် ချောင်းဦးမြို့နယ် ခင်မွန်ရွာ ရွှေကျောင်းတိုက် ၌ သီတင်းသုံးတော်မူစဉ် နတ်တော်လဆုတ် ၃-ရက်နေ့ ညနေ ၃-ချက်တီးကျော်အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူလေသည်။

## ဂုဏ်တော်များ

အလုံဆရာတော်ဘုရားကြီး အရှင်တိဿသည် ပိဋကစာရိက ဝတ်၊ ဧကသနိက်ဓုတင်တို့ကို သက်ဆုံးတိုင် ဆောင်တော်မူခဲ့လေ

---

၁။ မန္တလေးသာသနာဝင်။ ၂၂။ မဏ္ဍလာရာမသာသနာဝင်လည်းကြည့်။
မန္တလေးသာသနာဝင်။ ၂၃။ မဟာဓမ္မိကာရာမသာသနာဝင်လည်းကြည့်။

သည်။ မိစ္ဆာဒိဋ္ဌိဝမှလည်း ကင်းတော်မူသည်။ ဝိနယဂရုက, သိက္ခာ ကာမဂိုဏ်တို့နှင့် ပြည့်စုံတော်မူသည်ဟူ၏။

## ခင်မွန်ဆရာတော်၏ ဩဝါဒကထာ

* စာတတ်အောင်သင်၊ စာတတ်လျှင်၊ လဇ္ဇီဖြစ်တတ်၏။
* အယုတ်သဖြင့် လဇ္ဇီလုပ်သော်လည်း လှည်းကောင်း နွားကောင်း စီးရသေး၏။[၁]

တတ်သင့်သော ကမ္မဋ္ဌာန်းကထာစသော ကျမ်းဂန်များကို အဖန်ဖန်အထပ်ထပ် စေ့စေ့စပ်စပ် ကြံကြံစည်စည် အနက်လှည့်ရမည်။ မြန်မာလူမျိုးဖြစ်ကြ၍ ပါဠိဘာသာမှ မြန်မာဘာသာ များများ ကြီးပြန်ဆိုနိုင်လျှင် များများကြီး စာတတ်၏။ အလတ်စားပြန်ဆိုနိုင်လျှင် အလတ်စား စာတတ်၏။ အနည်းငယ်ပြန်ဆိုနိုင်လျှင် အနည်းငယ် စာတတ်၏။[၂]

## ရွှေကျင်နိကာယ ဓမ္မသေနာပတိ ဒုတိယဝိသုဒ္ဓါရုံ ဒီပဲရင်းဆရာတော် ဆရာတော်အရှင်ဉာဏဝရ

ရွှေကျင်နိကာယ ဓမ္မသေနာပတိ ဒုတိယဝိသုဒ္ဓါရုံ ဒီပဲယင်း ဆရာတော် ဆရာတော်အရှင်ဉာဏဝရသည် ရွှေကျင်ငါးတိုက်အပါအဝင် ထေရ်ကာတိုက် ထေရ်ကာဆရာတော်ထံ၌ ဂန္ထဓုရအဝဝကို သင်ယူတော်မူခဲ့သည့် မဟာထေရ်မြတ်ဖြစ်တော်မူသည်။

---

၁။ ရွှေကျင်နိကာယမှတ်တမ်း။ ၉။
၂။ ရွှေကျင်နိကာယမှတ်တမ်း။ ၂၁-ကြည့်။

## ဖွားမြင် ရှင် ရဟန်းပြုခြင်း

ရွှေဘိုခရိုင် ဒီပဲရင်းမြို့နယ် ထောက်ရှာရွာ၌ အဖ-ဦးရွှေဆေး အမိ-ဒေါ်ရှိန်တို့မှ သက္ကရာဇ် ၁၂၁၄-ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁-ရက်၊ အင်္ဂါနေ့တွင် ဖွားမြင်တော်မူခဲ့လေသည်။ မွေးချင်း ငါးယောက်အနက် ဒုတိယမြောက် အတိဇာတသားရတနာ ဖြစ်လေသည်။ ငယ်မည် မောင်စံပေါ်ဖြစ်သည်။ အရွယ်ရောက်သော် ရှင်ရဟန်းပြု သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်။ ဘွဲ့တော် ရှင်ဉာဏဖြစ်လေသည်။

## ထရံကာတိုက်ရောက်၍ ပညာသင်ကြားခြင်း

သက်တော် ၁၅-နှစ်သားအရွယ်တွင် ဦးရီးတော် အရှင်ဝိသုဒ္ဓနှင့်အတူ မန္တလေးသို့လိုက်ပါ၍ သက်ပန်းတိုက်, နန်းဦးတိုက်တို့၌ ပညာသင်တော်မူခဲ့လေသည်။ ၎င်းနောက် မန္တလေးမြို့ မြောက်ပြင် ရွှေကျင်ငါးတိုက်အပါအဝင် ထရံကာတိုက်သို့ ရောက်ရှိ၍ ဂန္ထန္တရ အဝဝကို သင်ယူတော်မူခဲ့လေသည်။ သက်တော် ၁၇-နှစ်သားကပင် ရွှေကျင်ဂိုဏ်းသို့ ရောက်ရှိတော်မူခဲ့လေသည်။

**ထရံကာအာရာမံ သော ဟိ၊ သမ္ပတ္တာ ဉာဏသေခရော။**
**ဗဟာဝေါ ဂန္ထေ ဥဂ္ဂဏှိ၊ ဥဂ္ဂဟော နိန္နမာနသော။**

၁၂၃၃-ခုနှစ်တွင် မန္တလေးအရှေ့ပြင် မြောက်စလင်းတိုက်သို့ ရောက်၍ ဆက်လက်၍ စာပေသင်ယူရာ ၁၉-နှစ်မပြည့်မီကပင် ဓမ္မသင်္ဂဏီအဋ္ဌကထာကြီး စသည့်ကျမ်းများ ပေါက်ရောက်ခဲ့သည် ဟူ၏။ စလင်းဆရာတော်က မြတ်သောဉာဏ်ရှိသူဟူသော ပဝတ္တ နိမိတ်ကိုယူ၍ 'ဝရ'ပုဒ်တိုး၍ ရှင်ဉာဏဝရဟု မှည့်ခေါ်တော်မူသည်။ စလင်းတိုက်၌ ပဌမစာချဖြစ်၍လည်း စာပို့ချတော်မူခဲ့လေသည်။ စလင်းဆရာတော်ကြီး ပျံလွန်တော်မူသဖြင့် စလင်းတိုက်၏ နာယက ဖြစ်၍လည်း သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်။ တဖန် တပည့်များဖြစ်ကြသော အရှင်

မေဃ, အရှင်လက်ဘာဒီပတို့နှင့်အတူ အရှေ့ပြင် မဟာဝိသုဒ္ဓါရာမတိုက်သို့ ပြောင်းရွှေ့သီတင်းသုံးတော်မူခဲ့ လေသည်။ မဟာဝိသုဒ္ဓါရာမတိုက်၌ မဟာဝိသုဒ္ဓါရာမဆရာတော်ကြီး၏ ချီးမြှောက်ချက်ချက်အရ မဟာဝိသုဒ္ဓါရာမတိုက် သပြေပင်ကျောင်း၌ သီတင်းသုံးစာပေချပို့ သာသနာပြုတော်မူခဲ့လေသည်။

## ရွှေကျင်နိကာယဥက္ကဋ္ဌ မဟာနာယကဖြစ်ခြင်း

၁၂၆၅-ခုနှစ်တွင် မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီး အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်၌ ရွှေ့ပြောင်းသီတင်းသုံးသဖြင့် ဒီပဲရင်းဆရာတော် အရှင်ဉာဏဝရသည် မဟာဝိသုဒ္ဓါရာမတိုက်ကြီး ၏ အကြီးအမှူးနာယက ဖြစ်တော်မူလေသည်။ ၁၂၇၈-ခုနှစ်တွင် မဟာဝိသုဒ္ဓါရာမဆရာတော်ကြီး ပျံလွန်တော်မူသဖြင့် ရွှေကျင်နိကာယ ဥက္ကဋ္ဌ မဟာနာယကအဖြစ်ဖြင့် တင်မြှောက်ခံတော်မူရလေသည်။

## ကျမ်းဂန်များပြုစုခြင်း

ကျမ်းဂန်များစွာတို့ကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။ ၎င်းတို့မှာ-

၁။ ပရမတ္ထစက္ခုကျမ်း၊

၂။ သဒ္ဒစူဠက=သဒ္ဒါငယ်ပါဌ်ကျမ်း၊

၃။ လောကစက္ခုကျမ်း၊

၄။ အတ္တစွဲအနတ္တစွဲကျမ်း၊

၅။ မနောဒွိဌ္ဌဝန္ဒနာဘုရားရှိခိုးကျမ်း၊

၆။ ထုတိဝန္ဒနာဘုရားရှိခိုးကျမ်း- စသည်တို့ ဖြစ်ကုန်၏။

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ဆရာတော်သည် မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး ပျံလွန်ပြီးနောက် ရွှေကျင်နိကာယဥက္ကဋ္ဌ မဟာနာယကအဖြစ်ဖြင့် မန္တလေးမြို့ အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်၌ ပြောင်းရွှေ့သီတင်းသုံးတော်မူခဲ့လေသည်။ ရွှေကျင်နိကာယ တတိယသာသနာပိုင် ဒုတိယမဟာဝိသုဒ္ဓါရုံဟု တွင်လေသည်။ သက္ကရာဇ် ၁၂၈၉-ခုနှစ်၊ ပြာသိုလဆန်း ၅-ရက်နေ့ မန္တလေးမြို့အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်သစ်၌ စုတိကမ္မဇရုပ် ချုပ်တော်မူသည်။

## သံဝေဂယူရန်

ဇရာယ ပရိမဒ္ဒိတံ ဧတံ၊ မိလာတစမ္မနိဿိတံ။
မရဏေန ဘိဇ္ဇတိ ဧတံ၊ မစ္စုဿ ဃသမာမိသံ။

ကိမိနံ အာလယံ ဧတံ၊ နာနာကုဏပေန ပူရိတံ။
အသုစိဿ ဘာဇနံ ဧတံ၊ ကဒလိက္ခန္ဓသမံ ဣဒံ။[၁]

ဧတံ= ဆယ်မဟာဘုတ် စပ်ကာချုပ်သည့် နာမ်ရုပ်တည်းခိုဤခန္ဓာကိုယ်ကို။ ဝါ= ဤခန္ဓာကိုယ်သည်။ ဇရာယ= ခါးကိုင်းသွားကြွေ အရေတွန့်လျက် မျက်စိမှုန်ဝါး နားထိုင်းယွင်းယို အိုမင်းခြင်းသဘောသည်။ ပရိမဒ္ဒိတံ= အမြဲတစေ ကြိတ်ချေဖျက်ဆီးအပ်၏။ မိလာတစမ္မနိဿိတံ= ဖောက်ပြန်ထန်သည်း မှည့်မည်းစွန်းသဖြင့် ညိုးနွမ်းသော အရေပါးကို မှီ၏။ မရဏေန= စုတိပြတ်ကြွေ သေလွန်ခြင်းကြောင့်။ ဘိဇ္ဇတိ= ပြိုကွဲပျက်စီးတတ်ချေ၏။ မစ္စုဿ= သေမင်းခေါ်လျှင်း သေခြင်းတရား၏။ ဃသမာမိသံ= စားမျိုဝါးရာ အာမိသအစားအစာလည်းဖြစ်၏။

---

၁။ သံ၊ ၄၊ ၁။ ၂၅၁။ သုတ္တနိ၊ ၄၊ ၂။ ၁၂၅။ အံ၊ ၃၊ ၃။ ၇၃။

ဧတံ= လေးပါးခေတ်ခို ဤခန္ဓာကိုယ်သည်။ ကိမိနံ= ရှစ်ဆယ်သောပိုးမျိုးတို့၏။ အာလယံ= ကျင်ကြီးကျင်ငယ် စွန့်တွယ်မှီခိုအိမ်အိုကြီးနှင့် တူလှချေ၏။ ဧတံ= ဤပုပ်သိုးညှီစို ဤခန္ဓာကိုယ်သည်။ နာနာကုဏပေနပူရိတံ= အမျိုးမျိုးသော အကောင်ပုပ်တို့ဖြင့် ပြည့်၏။ ဧတံ= ဤခန္ဓာကိုယ်အကောင်ကြီးသည်။ အသုစိဿဘာဇနံ= မစင်မကြယ် ရွံစဖွယ်တို့၏တည်ရာ မှန်စွာမချွတ် ဆတ်ဆတ်မသေ့ ဖြစ်ပေ၏။ ဣဒံ= ဤခန္ဓာကိုယ်သည်။ ကဒလိက္ခန္ဓသမံ= အကာလုံးလုံး အနှစ်သုဉ်းသည့် ငှက်ပျောတုန်းတမူ တူလှချေ၏။[၁]

## သံဃာဦးရေစသည် များပြား

ထရံကာတိုက်၌ ရွှေကျင်ဆရာတော်ဘုရားကြီး မဟာဓမ္မိကာရာမရွှေကျင်တိုက်၌ သီတင်းသုံးစဉ် အတိုးတက်ဆုံးအချိန် သံဃာတော် ၂၀၀-ခန့် ရှိသည်ဟု သိရ၏။

သို့ရာတွင် ရွှေကျင်ဆရာတော်ဘုရားကြီး မင်းကွန်းဖက်ကြွရောက် သီတင်းသုံးတော်မူသောအခါကပင် သံဃာဦးရေလျော့ပါးခဲ့လေသည်။ တိုက်တာအကြီးအကဲဆရာတော် အရှင်ဣန္ဒက လူဝတ်လဲရာ ပို၍ သံဃာလျော့ပါးလေတော့သည်။

နောက်တွင် ထရံကာတိုက်၌ သံဃာဦးရေ များစွာရှိဟန်မတူချေ။ ၁၃၂၄-ခုနှစ်ကဆိုလျှင် ကျောင်းထိုင်ဘုန်းကြီး ၁-ပါးတည်းသာ ရှိဘူးသည်။ ယခုလည်း သံဃာတော် ၃-ပါးသာ ရှိသည်။

သုဇနာနံ ပသာဒါယ၊ သံဝေဂတ္ထာယ မေ ကတော။
ထရံကာသာသနဝံသော၊ သမတ္တော သာဓု ဝဏ္ဏိတော။

## ထရံကာတိုက်သာသနာဝင် ပြီး၏။

*** ♦ ***

---

၁။ ဒိပဲရင်းဆရာတော် အဖြစ်တော်စဉ်အကျယ် မန္တလေးသာသနာဝင် ၉-ကြည့်။

## မင်းခင်း သာသနာဝင်

မင်းခင်းတိုက်သည် မန္တလေးတောင်ခြေ ရွှေကျင်ရပ်ကွက် မဟာဓမ္မိကာရာမတိုက် (ရွှေကျင်တိုက်မ)၏ အရှေ့ဖက်၌ တည်ရှိသည်။ ကျောင်းတိုက်ကား မဟာရံတံတိုင်း ဝန်းရံကာလျက် သားသား နားနား တွေ့ရှိရပေသည်။ ကျောင်းတိုက်အတွင်း၌ ကြီးမားလှပ စည်ပင်စိုပြေသော မန်ကျည်းပင်တို့လည်း ရှိကုန်၏။ ရတနာသီရိ ကျောင်းကြီးနှင့် တကွ သိမ်တိုက်အပြင် အခြားအဆောက်အအုံငယ်များ ရှိလေသည်။ ကျောင်းတိုက်အကျယ်အဝန်းမှာ အရှေ့အနောက် ၄၀၈-ပေခန့်ရှိ၍ တောင်မြောက်ပေ-၅၀၀ ရှိလေသည်။

### သမိုင်းအကျဉ်း

ပဥ္စမသံဂါယနာတင် ဘဝရှင်မင်းတရားကြီးသည် သက္ကရာဇ် ၁၂၂၃-ခုနှစ် လောက်ကမင်းခင်းမြို့စား မင်းသမီး၏ ကုသိုလ်တော် အနေဖြင့် ဤကျောင်းတိုက်ကို တည်ဆောက်၍ မင်းသမီးစားရသော မြို့ကိုစွဲ၍ မင်းခင်းတိုက်ဟု မှည့်ခေါ်သတ်မှတ်တော်မူခဲ့လေသည်။ ကျောင်းတိုက်တည်ဆောက်တော်မူပြီး ရွှေကျင်ဆရာတော်ဘုရားကြီး အရှင်ဇာဂရမဟာထေရ်အား လှူဒါန်းတော်မူခဲ့လေသည်။ ၎င်းမင်းခင်း တိုက်သည် ရွှေကျင်ငါးတိုက်တွင် တစ်တိုက်အပါအဝင် ဖြစ်လေသည်။

**မင်းခင်းပုရဘောဇိကာယ၊ ပုညဘာဝေန ကာရိတော။**
**တေနေဝ မင်းခင်းအာရာမ-နာမေနေဝ ဘိပါကဋော။**

ရွှေကျင်ဆရာတော်ဘုရားကြီးသည် မင်းခင်းတိုက်ကို မိမိတပည့်ဖြစ် ဆရာတော် အရှင်ဝိမလအား သီတင်းသုံးနေစေ၍ သာသနာပြုတော်မူ ခဲ့လေသည်။ ၎င်းမင်းခင်းတိုက်သည် ရွှေကျင်ဆရာတော်ဘုရားကြီး လက်ထက် သံဃာတော် ၂၀၀-ခန့် သီတင်းသုံး၍ စာပေသင်ကြား

ပို့ချရာ ဝိဇ္ဇာဌာန သို့မဟုတ် ရဟန်းတရားအားထုတ်ရာ တပေါဝန ဖြစ်ခဲ့ကြောင်း သိရလေသည်။

## ဝိမလာစာရာဘိဓဇမဟာဓမ္မရာဇာဓိရာဇဂုရုနှင့် ဝိမလာစာရဓဇမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရဆရာတော် အရှင်ဝိမလ

ဆရာတော်အရှင်ဝိမလမဟာထေရ်သည် မင်းခင်းတိုက်ကို ဓားမဦးချ တည်ထောင်သောပုဂ္ဂိုလ်ဟု ဆိုထိုက်၏။ ရွှေကျင်ဆရာ တော်ဘုရားကြီးသည် မင်းခင်းတိုက်ကို လက်ခံတော်မူပြီး အရှင်ဝိမလ အား လွှဲအပ်တော်မူခဲ့လေသည်။

## ဖွားမြင်တော်မူခြင်း

အရှင်ဝိမလသည် သက္ကရာဇ် ၁၁၉၀-ပြည့်နှစ်၌ ဖွားမြင်တော် မူခဲ့လေသည်။ မုံရွာခရိုင် ချောင်းဦးဇာတိဟု ကြားဘူးပါသည်။

## ရှင် ရဟန်းပြု ပညာသင်

အရွယ်ရောက်သော် ရှင်ရဟန်းပြု၍ သာသနာ့ဝန်ကို ထမ်း ဆောင်တော်မူခဲ့လေသည်။ ဉပဇ္ဈာယ်ဆရာတော်က အရှင်ဝိမလဟု မှည့်ခေါ်တော်မူလေသည်။ အရှင်ဝိမလသည် ခေတ်ကောင်းကြုံကြိုက် ကာ ရွှေကျင်ဆရာတော်ဘုရားကြီးထံ အရွယ်ငယ်စဉ်ကပင် ရောက် ရှိ၍ ပညာသင်ကြားတော်မူခဲ့လေသည်။ ၎င်းပြင် အခြားပညာရှိ ဆရာတော်များထံ၌လည်း ပညာသင်ကြားတော်မူခဲ့လေသည်။

## မင်းခင်းတိုက်ဆရာတော်ဖြစ်ခြင်း

ရွှေကျင်ဆရာတော်ဘုရားကြီးသည် ၁၂၂၃-ခုနှစ်တွင် မန္တလေး တောင်မြောက်ဖက်၌ မဟာဓမ္မိကာရာမ ကျောင်းတိုက်နှင့်တကွ အရံ

ကျောင်း ၄-တိုက်ကို အလှူခံ၍ သာသနာပြုတော်မူခဲ့လေသည်။ ထိုစဉ်က ဆရာတော်အရှင်ဝိမလသည် ပရိယတ္တိသာသနာ့ဝန်ဆောင် အဖြစ် ထင်ရှားစဖြစ်လေသည်။ တိုက်တာဦးစီး၍ သာသနာပြုနိုင် မည်ကိုလည်း ရွှေကျင်ဆရာတော်ဘုရားကြီး သိတော်မူလေသည်။ သို့ဖြစ်၍ ရွှေကျင် ဆရာတော်ဘုရားကြီးသည် အရှင်ဝိမလအား ရွှေကျင် ၅-တိုက်တွင် အပါအဝင်ဖြစ်သည့် မင်းခင်းတိုက်ကို လွှဲအပ်တော်မူလေသည်။ ဤသို့ ဖြင့် ဆရာတော်အရှင်ဝိမလသည် မင်းခင်းဆရာတော်အဖြစ် ထင်ရှား ခဲ့လေသည်။

## ရာဇာဓိရာဇဂုရုဘွဲ့တံဆိပ်တော်နှစ်ထပ် အလှူခံရရှိခြင်း

ဆရာတော်အရှင်ဝိမလသည် မင်းတုန်းမင်း, သီပေါမင်းဟူသော မင်းတရား ၂-ပါးတို့ ဆက်ကပ်လှူဒါန်းအပ်သော "ဝိမလာစာရာဘိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု"ဟူသော ဘွဲ့တံဆိပ်တော်နှင့် "ဝိမလာစာရဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု"ဟူသော ဘွဲ့တံဆိပ်တော်တို့ကို အလှူခံ ရရှိ တော်မူခဲ့လေသည်။

## မုံရွာနှင့် ကိုင်းဆယ်ရွာတို့၌ သီတင်းသုံးခြင်း

ဆရာတော်သည် မင်းခင်းတိုက်၌ သက်ဆုံးတိုင် သီတင်း သုံးတော်မမူပဲ မုံရွာမြို့နှင့် ကိုင်းဆယ်ရွာတို့၌ သီတင်းသုံးတော်မူ၍ ကျောင်းဒကာ, ကျောင်းအမများကို ချီးမြှောက်တော်မူခဲ့လေသည်။

## ကျမ်းဂန်ပြုစုတော်မူခြင်း

ကျမ်းဂန်များကိုလည်း ပြုစုတော်မူခဲ့လေသည်။ ၎င်းတို့မှာ-

၁။ နိသေသဇောတိမည်သော ကစ္စာယနသာရဋီကာသစ်ကျမ်း

၂။ အဋ္ဌသာလိနီဂဏ္ဌိသစ်ကျမ်း
၃။ ဆန္ဒောသာရပကာသနီကျမ်း
၄။ ပဒမာလာကျမ်း
၅။ ဓာတုမာလာကျမ်း
၆။ ဗုဒ္ဓဝံသပါဠိတော်နိဿယကျမ်း
၇။ ဒါနာဒိကထာကျမ်း- စသည်တို့ ဖြစ်ကုန်၏။

## အဋ္ဌသာလိနီဂဏ္ဌိသစ်

ဖော်ပြပါကျမ်းများအနက် အဋ္ဌသာလိနီဂဏ္ဌိကျမ်းမှာ ကြီးကျယ်ပြီး အဆုံးအဖြတ်မှတ်သားဖွယ်ကို လွန်စွာစုံလင်သည့် ကျမ်းကြီးဖြစ်လေသည်။ ကျော်အောင်စံထားဆရာတော် ရေးသားစီရင်တော်မူခဲ့သည့် အဋ္ဌသာလိနီဂဏ္ဌိကျမ်း, မြို့ပြင်ကြီးဆရာတော် ရေးသားတော်မူခဲ့သည့် အဋ္ဌသာလိနီဂဏ္ဌိကျမ်း စသည်တို့ကိုထောက်၍ အဋ္ဌသာလိနီဂဏ္ဌိသစ်ဟု တွင်လေသည်။ ကျမ်းဦး၌-

၁။ ဝိမလံ ဝိမလံ ဉာဏံ၊ ယဿ ယဿ မဟေသိနော။
ဒယာ ဒယာဝ သတ္တေသု၊ ဂတံ ဂတံဘိဝန္ဒိယ။

၂။ ဝိမလံ ဝိမလံ ဓမ္မံ၊ ဗလံ ဗလံ မဟာယကံ။
ဟိတံ ဟိတံ ပကာသေန္တံ၊ ဒရာ ဒရာဘိဝန္ဒိယ။

၃။ ဝိမလော ဝိမလော သံဃော၊ ပုတ္တော ပုတ္တော နမဿိယ။
ရာဇရာဇဿ သက္ကစ္စံ၊ တံတံ တံတံ ဟိီနင်္ဂဏံ။

၄။ ဂဏ္ဌိဋ္ဌာနံ ကတ္တုကာမော၊ ဝနမဗ္ဗေ ဋ္ဌိတော ယထာ။
ဩဂါဟနံ န ပဿာမိ၊ ဂမ္ဘီရတ္တာဘိဓမ္မဿ။

၅။ ကိဉ္စာပိ ဒုက္ကရံ ဌာနံ၊ သာသနေ ပန ဝတ္တတိ။
ပုဗ္ဗာစရိယသီဟာနံ၊ ဓရတေဝ နယော က္ကဓ။

၆။ တံ နိဿာယ ကရိဿာမိ၊ သက္ကစ္စံ အဘိယာစိတော။
အာယသ္မာ ကုသလေန၊ နန္ဒမာလာဝှယေန စ။

(၁) အဟံ= ခန္ဒာပဥ္စက သမူဟဖြစ် ပညတ်ကိုမျှ ငါဟု သမုတ် အကျွန်ုပ်သည်။ မဟေသိနော= မြတ်သော သီလက္ခန္ဓစသည့် ကျေးဇူး ဂုဏ်အထူးကို ဆည်းပူးရှာမှီး လေ့ကျက်ပြီးသော။ ယသ- ယာဒိသဿ= အကြင်ဝိပဿီအစရှိသော ရှေးဘုရားတို့ကဲ့သို့ သီလ သမာဓိစသော ဂုဏ်အပေါင်းတို့ဖြင့် ရှုအပ်သည့် ဖြစ်တော်မူထသော။ သမ္မာသမ္ဗုဒ္ဓဿ= မြတ်စွာဘုရား၏။ ဒယာ-ဒုအယာ= ဒုက္ခိတသတ္တဝါ တို့၌ အာရုံပြုသောအားဖြင့်ဖြစ်သော။ ဒယာ= သတ္တဝါတို့၏ အစီး အပွားကို စောင့်ရှောက်ခြင်း, ဆင်းရဲကိုပယ်ခြင်း လက္ခဏာရှိသော မဟာကရုဏာတော်သည်။ သတ္တေသု= အလုံးစုံသော သတ္တဝါတို့၌။ ယထာရုစိ= အလိုတော်ရှိတိုင်း။ ဂတာဣဝ= ဖြစ်တော်မူ၏သို့။ တထာ= ထို့အတူ။ အဿ= ထိုဆိုအပ်ခဲ့ပြီးသော မဟာကရုဏာ သမာပတ္တိဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏။ ဝိမလံ= မောဟရစ်ထွေး ညစ်ကြေး မတင် သန့်ရှင်းစင်ကြယ်ထသော။ ဝိမလံ= အထူးသဖြင့် အလုံးစုံသော ဉေယျဓမ္မတို့၏ သဘာဝကို မဖောက်မပြန် သိစွမ်းနိုင်ခြင်း, ထိုဉေယျ ဓမ္မတို့၏ ဒေသေတဗ္ဗအပြားကို သိစွမ်းနိုင်ခြင်း, သစ္စာလေးပါးတရား သိစေအပ်သောပုဂ္ဂိုလ်တို့၏ အလိုနှလုံးသွင်းစသည်တို့ကို ထင်စွာသိခြင်း ဌာ စွမ်းနိုင်သော အစွမ်းသုံးပါးကို ဆောင်တတ်သော။ ယံ ဉာဏံ= အကြင်သဗ္ဗညုတထွတ်ချာ ပညာတော်သည်။ ဉေယျဓမ္မေသု= ဉေယျ တရား ငါးပါးတို့၌။ ယထာရုစိ= အလိုတော်ရှိတိုင်း။ ဂတံ= ဖြစ်တော်မူ လေပြီ။ တေဟိ ဂုဏေဟိ= ထိုဂုဏ်ကျေးဇူးတို့နှင့်။ ဂတံ= ပြည့်စုံတော်မူ သော။ သမ္ဗုဒ္ဓံ= မြတ်စွာဘုရားကို။ အဘိဝန္ဒိယ-အဘိဝန္ဒာမိ= အထူးသဖြင့် ရှိခိုးပါ၏။ အဘိဝန္ဒိယ= ၍။

(၂) ဝိမလံ= ရာဂစသော အညစ်အကြေး၏ ဆန့်ကျင်ဖက် ဖြစ်ထသော။ ဝိမလံ= ကိလေသာတို့၏စင်ရာ နိဗ္ဗာန်သို့ သတ္တဝါ

တို့ကို ဆောင်တတ်ထသော။ ဗလံ= သဒ္ဓါဗလစသည်နှင့် ပြည့်စုံသည် ဖြစ်၍ အကုသိုလ်ကို ပယ်ခြင်းငှာစွမ်းနိုင်သော အားရှိထသော။ အဗလံ= သဒ္ဓါဗလစသည် မရှိသောကြောင့် အဗလမည်သော အကု သိုလ်ကို။ ပဟာယကံ= ပယ်တတ်ထသော။ ဟိတံ= လူနတ်တို့ အစီးအပွားကို။ ပကာသေန္တံ= ပြတတ်ထသော။ အဟိတံ= အစီးအပွား မဲ့ကို။ ဒရံ= ဖောက်ခွဲတတ်ထသော။ ဓမ္မံ= မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ်ဟုဆိုအပ်သော ဆယ်ပါးသောတရားတော်မြတ်ကို။ အာဒရံ= ရှိသေစွာ။ အဘိဝန္ဒိယ-အဘိဝန္ဒာမိ= ၏။ အဘိဝန္ဒိတွာ= ၍။

(၃) ဝိမလော= သမုစ္ဆေဒပဟာန်ဖြင့် ကင်းဝေးသောအညစ် အကြေးရှိထသော။ ဝိမလော= တန်ဆာဆင်ယင်ခြင်း, ပင်ပန်းခြင်းမှ ကင်းဝေးတော်မူထသော။ ပုတ္တော= မြတ်စွာဘုရား ပညတ်တော်မူ အပ်သော သိက္ခာပုဒ်ကို အသက်နှင့်တူစွာ ဖြည့်တော်မူထသော။ ရာဇရာဇဿ= မင်းထက်မင်းဖြစ်တော်မူသော မြတ်စွာဘုရား၏။ ပုတ္တော= ရွှေရင်တော်နှစ် သားတော်စစ်ဖြစ်ထသော။ ယော သံဃော= အကြင် အရိယာသံဃာတော်သည်။ အတ္ထိ= ရှိ၏။ တံ= သံသရာဘေးမှ ကူး မြောက်တော်မူထသော။ ဟီနဂ်ဏံ= ယုတ်သည်သို့သွားကြောင်း ဖြစ်သော မကောင်းမှုအကုသိုလ်ကို။ အတံ= ဖြစ်တော်မူထသော။ တံ= ထိုကိုယ် နှုတ်နှစ်ပါးသုံးပါးကို စောင့်စည်းတော်မူတတ်ထသော။ တံ အရိယသံဃံ= ထိုဆိုအပ်ပြီးသော ဂုဏ်ကျေးဇူးနှင့်ပြည့်စုံသော အရိယာသံဃာတော်ကို။ သက္ကစ္စံ= ရိုသေစွာ။ နမဿိယ-နမဿာမိ= ရှိခိုးပါ၏။ နမဿိယ= ၍။

(၄) အဘိဓမ္မဿ= အဘိဓမ္မာအဋ္ဌကထာ၏။ ဂဏ္ဌိဌာနံ= ခက်ရာခက်ဆစ်ကို ဆိုရာဆိုကြောင်းဖြစ်သောကြောင့် ဂဏ္ဌိအမည် ရှိသောကျမ်းကို။ ကတ္တုကာမော= ပြုလိုသော "ဝိမလာစာရာဘိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" ဟူသော တံဆိပ်နာမံရှိသော ငါသည်။ အဘိဓမ္မဿ= အဘိဓမ္မာဒေသနာ၏။ ဂမ္ဘီရတ္တာ= နက်နဲခြင်းလေးပါး

နှင့် ပြည့်စုံသည်၏အဖြစ်ကြောင့်။ ဝနမဗ္ဗေ= တောကြီးအလယ်၌။ ဠိတော= တောင်မြောက်လေးပါးမသိ ခရီးမှောက်မှား၍တည်သော သူသည်။ ဩဂါဟနံ= သက်ဝင်မှီခိုရာကို။ န ပဿတိ ယထာ= မမြင်သကဲ့သို့။ တထာ= ထို့အတူ။ ဩဂါဟနံ= ဉာဏ်ဖြင့် သက်ဝင်မှီခိုရာ တည်ရာကို။ န ပဿာမိ= မမြင်။

(၅) က္ကမံ ဌာနံ= ဤခက်ရာခက်ဆစ်ကို စီရင်သောအရာ ဌာနသည်။ ကိစ္စာပိ-ဒုက္ကရံ= အကယ်၍ကား ခဲယဉ်း၏ရှင့်။ ပန တထာပိ= ယင်းသို့ ခဲယဉ်းမူလည်း။ အယံ အဌကထာ= ဤအဘိဓမ္မာအဌကထာသည်။ သာသနေ= မြတ်စွာဘုရားသာသနာတော် အတွင်း၌။ ပဝတ္တတိ= ဖြစ်ပေါ်လာ၏။ တသ္မာ= ထိုသို့ ဤအဘိဓမ္မာအဌကထာ၏ သာသနာတော်တွင်း၌ ဖြစ်သည်၏အဖြစ်ကြောင့်။ က္ကမေ= ဤသာသနာတော်၌။ ပုဗ္ဗာစရိယသီဟာနံ= ခြင်္သေ့မင်းနှင့် ရဲခြင်းတူစွာ ရှေးဆရာတို့၏။ နယော= သဒ္ဒနယ အတ္ထနယဝိနိစ္ဆယ နည်းသည်။ ဓရတေဝ= မပျောက်ထင်ရှား ရှိသည်သာလျှင်တည်း။

(၆) တံ= ထိုရှေးဆရာမြတ်တို့၏ နည်းဥပဒေသကို။ နိဿာယ= အမှီသဟဲပြု၍။ အာယသ္မတာ= ရှည်သောအသက်ရှိသော။ ကုသလေန စ= ဖြောင့်မတ်သိမ်မွေ့သော အကျင့်သိက္ခာ ရှိသော ကုသလအမည်ရှိသော ရဟန်းသည်လည်းကောင်း။ နန္ဒ-မာလာဝှယေန စ= နန္ဒမာလာဟု ခေါ်ဝေါ်ပညတ် သမုတ်အပ်သော ဗန့်ကျီတိုက် ဆားလင်းကြီးဂိုဏ်းအုပ်ဆရာတော်သည်လည်းကောင်း။ သာသနဝုမ္မိယာ= သာသနာတော်၏ စည်ပင်ပြန့်ပွားခြင်းငှာ။ သက္ကစ္စံ= ရိုသေစွာ။ အဘိယာစိတော= ရှေးရှုတောင်းပန်အပ်သည်ဖြစ်၍။ ယထာ ဗလံ= အစွမ်းအလျောက်။ ကရိဿာမိ= ပြုပေအံ့-ဟူသော ၆-ဂါထာပါဠိနိဿဖြင့် ရတနတ္တယပဏာမ, အဘိယာစက, ပဋိညာဉ် တို့ကို ဖော်ပြ၍ ဂန္ထာရမ္ဘပြုတော်မူခဲ့လေသည်။ ကျမ်း၏အဆုံး၌လည်း-

၁။ မဟာဂါမေ မနောရမ္မေ၊ မုံရွာလှေကူးတိနာမကေ။
တုတ်ခိုင်တိမဟာဝိနာ၊ ကာရိတေသု ပသာဒိတေ။

၂။ ဝိစိတြမဟာဝိဟာရေ၊ ဝသန္တေန ကဒါစိ စ။
ဒသပဏ္ဏာရဂါမေသု၊ တဂ္ဂါမဘောဇနကေန စ။

၃။ တဿ မာတုသသုရေဟိ၊ ကာရိတေ သောဘလက်တေ။
ဝိဟာရေ မဟာထေရေန၊ အဇ္ဈဝ မဒ္ဒဝါဒိနာ။

၄။ သီလာဒိဂုဏူပေတေန၊ စိရေန ရစိတော သုတော။
အဋ္ဌသာလိနိယာ ဂဏ္ဌိ၊ အတ္ထာယ သာသနဿ စ။

၅။ စတုပညာသ ဒွိသတေ။ သဟဿေ သက္ကရာဇိတေ။
စက္ကေ စ လာဘရေ ပတ္တေ၊ အနာယာသေန နိဋ္ဌိတော။

၆။ ဣမိနာ ပုညကမ္မေန၊ ဒုက္ခံ နတ္ထု ဘဝါဝဟော။
သုခိတော ဘဝါမဟံ၊ သမိဇ္ဈေယျ ယထိစ္ဆိတံ။

၇။ သဗ္ဗေ သတ္တာ အရောဂါ စ၊ သဒါ ဟောန္တု သုခါဝဟာ။
သာသနံ မာ နိဝတ္တဿု၊ ဒေဝါ ရက္ခန္တု သဗ္ဗဒါ။

(၁) မနောရမ္မေ= ကျောင်း ဘုရားစေတီ မြန်မာကုလား တရုပ်ရှမ်းစသော လူမျိုးများတို့၏ ရောင်းဝယ်ဖောက်ကား ကုန်သွယ်လာရာဖြစ်၍ နှစ်သက်မွေ့လျော်ဖွယ်ရာဖြစ်ထသော။ မုံရွာလှေကူးတိနာမကေ= မုံရွာလှေကူးဟု မှည့်ခေါ်သမုတ် ထုတ်အပ်သော။ မဟာဂါမေ= ကြီးမြတ်သောရွာ၌။ တုတ်ခိုင်တိမဟာနာဝိနာ= သဒ္ဓါသီလစသည်မြဲခိုင် မယိမ်းယိုင်ပဲ သင်းကြိုင်ဂုဏ ပဝတ္တဟိတ် ကြောင်း တစိတ်ကြောင့် တုတ်ခိုင်ငါအမည်ရှိသော လှေသူကြီးသည်။ ကာရိ-တေ= လက္ခဏံကျွေးပေး၍ ဆောက်လုပ်အပ်သော။ သုပါသာဒိကေ= မြင်သူတို့၏ အံ့လို့မဆုံး စိတ်နှလုံးကို ကောင်းစွာ ကြည်လင်စေတတ်သော။

(၂) ဝိစိတြမဟာဝိဟာရေ= ဆန်းကြယ်သော ကျောင်းကြီး၌။ ဝသန္တေန= ပရိယတ်, ပဋိပတ်ဖြင့် သီတင်းသုံးနေသော။ ကဒါစိ စ= ရံခါအလျှည့်လည်း။ ဒသပဗ္ဗာရဂါမေသု= ကိုင်းဆယ်ရွာတို့၌။ တဂ္ဂါမဘောဇနကေန စ= ထိုကိုင်းဆယ်ရွာစား ဗိုလ်ခေါ်ခံသော စံထွန်း အမည်ရှိသော သူကြီးမင်းသည်လည်းကောင်း။

(၃) တဿ= ထိုစံထွန်းအမည်ရှိသော ရွာစားဗိုလ်မင်း၏။ မာတုသသူရေဟိ စ= အမိဖြစ်သော ဒါယိကာမကြီး ဦးရီးယောက္ခမ ရွှေကြင်မည်သော ဒါယကာတို့သည်လည်းကောင်း။ ကာရိတေ= ဆောက်လုပ်အပ်သော။ သောဘလက်တေ= တင့်တယ်စွာတန်ဆာဆင်အပ်သော။ ဝိဟာရေ= ကျောင်း၌။ အဇ္ဈဝမဒ္ဒဝါဒိနာ= ဖြောင့်မတ်သည်၏အဖြစ် နူးညံ့သည်၏အဖြစ်နှင့် ပြည့်စုံထသော။

(၄) သီလာဒိဂုဏောပေတေန= သီလစသော ဂုဏ်အပေါင်းတို့နှင့် ပြည့်စုံထသော။ မိရေန= မြဲမြံခိုင်ခံ့ တည်တံ့သောသမာဓိရှိထသော။ ဝါ= သဘောအားလျော်စွာ မှတ်နိုင်ဆောင်နိုင်သောပညာရှိထသော။ မဟာထေရေန= ဝိမလာစာရာဘိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်နာမံရှိသော မင်းခင်းဆရာတော်ဟု သမုတ်အပ်သော မဟာထေရ်သည်။ သာသနဿ= ပရိယတ္တိသာသနာတော်၏။ အတ္ထာယ= မဘောက်မပြန် ဟုတ်မှန်တိုင်း မြင့်ရှည်စွာတည်ခြင်း အကျိုးငှာလည်း။ အဌသာလိနိယာ= အဌသာလိနီအမည်ရှိသော အဌကထာ၏။ သုတော= ပါဠိ အဌကထာ ဋီကာတို့နှင့်အညီ သဒ္ဒနယ အတ္ထနယတို့ဖြင့် ကောင်းစွာဆုံးဖြတ်အပ်သည်ဖြစ်၍ အလွန် တင့်တယ်လျောက်ပတ် ကောင်းမြတ်သော။ ယော ဂဏ္ဌိ= အကြင် ခက်ရာခက်ဆစ် ခက်ပုတို့ကို ဆိုရာဆိုကြောင်းဖြစ်သောကြောင့် ဂဏ္ဌိ အမည်ရှိသောကျမ်းကို။ ရစိတော= စီရင်အပ်ပြီ။ သော ဂဏ္ဌိ= ထို ဂဏ္ဌိမည်သောကျမ်းကို။

(၅) သက္ကရာဇေ= ကောဇာသက္ကရာဇ်သည်။ စတုပညာသ-ဒွိသတေ= နှစ်ရာ့ငါးဆယ်လေးခုအလွန်ရှိသော။ သဟာသေ= တထောင်သို့။ ဣတေ-သမ္ပတ္တေ= ရောက်လတ်သော်။ စက္ကေ= ဘုရားသာသနာတော်သည်။ စ. လ. ဘ. ရေ= နှစ်ထောင့်လေးရာသုံးဆယ့်ခြောက်ခု သို့။ ပတ္တေ= ရောက်လတ်သော်။ အနာယာသေန= မငြိုမငြင် မပင်ပန်းသဖြင့်။ နိဋ္ဌိတာ= ပြီးပြီ။

(၆) ဣမိနာ ပုညကမ္မေန= ကြောင့်။ ဘဝါဘဝေ= ငယ်သောဘဝ ကြီးသောဘဝ၌။ ဒုက္ခံ= ဆင်းရဲသည်။ နတ္ထု= မဖြစ်စေလို။ အဟံ= ငါသည်။ သုခိတော စ= ချမ်းသာခြင်းရှိသည်သာလျှင်။ ဘဝါမိ= ဖြစ်ရလို၏။ ယထိစ္ဆိတံ= အလိုရှိအပ်သော တောင့်တအပ်သောဆုကို။ သမိဇ္ဈေယျံ= ပြည့်စုံလို၏။

(၇) သဗ္ဗေ= ခပ်သိမ်းကုန်သော။ သတ္တာ= သတ္တဝါတို့သည်။ အရောဂါ စ= အနာမရှိကုန်သည်လည်းကောင်း။ သဒါ= အခါခပ်သိမ်း။ သုခါဝဟာ စ= ချမ်းသာသုံးပါးကို ရွက်ဆောင်နိုင်ကုန်သည်လည်းကောင်း။ ဟောန္တု= ဖြစ်စေကုန်သတည်း။ သာသနံ= သုံ့လူ့ကွတ်ထား ဘုရားသာသနာတော်သည်။ မာနိဝတ္တသုံ= နောက်သို့ မဆုတ်စေသတည်း။ သဗ္ဗဒါ= အခါခပ်သိမ်း။ ဒေဝါ= နတ်တို့သည်။ သာသနံ= ဘုရားသာသနာတော်ကို။ ရက္ခန္တု= စောင့်ရှောက်စေကုန်သတည်း။

ဟူသော ၇-ဂါထာပါဋ္ဌ်နိဿယဖြင့် ကျမ်းပြုစုရာဌာန, ကျမ်းပြုစုခြင်း၏အကြောင်း, ကျမ်းပြုသူ, ကျမ်းပြီးရာနှစ်, တောင့်တချက်စသည်တို့ကို ဖော်ပြ၍ နိဂုံးအုပ်တော်မူခဲ့လေသည်။ ယင်းအဌ-သာလိနီဂဏ္ဌိသစ်ကျမ်းကြီးကို ခရစ်သက္ကရာဇ် ၁၉၀၂-ခုနှစ်က ရန်ကုန်မြို့ ဟံသာဝတီသတင်းစာတိုက်၌ ရိုက်နှိပ်ခဲ့ရာ ဒီမိုင်းဆိုက်ဖြင့် ၇၄၉-မျက်နှာ ရှိလေသည်။ ကျမ်းစာအတွင်းမျက်နှာဖုံး၌ "ပရိယတ္တိဝိသာရဒဂန္ထန္တရဗဟုဿုတနာနာနယကောဝိဒ, သဒ္ဒပါရဂူသီလဝန္တလဇ္ဇီပေသလသိက္ခာကာမ စသည်ဥဿုံ ထိုထိုဂုဏ်တို့ဖြင့် စွယ်စုံပြောင်

မြောက် မုံသောက်ဇာနည် မထေရ်မြတ်ဖြစ်တော်မူသော “ဝိမလာ စာရာဘိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု” တံဆိပ်နာမံတော်ရှိသော မင်းခင်း ဆရာတော်ဘုရားကြီးသည် သာသနာတော်မြတ် အကျိုးစီးပွားကို ကြီး မြင့်ရန်ရှုမြော်လျက် ဓမ္မသင်္ဂဏီပါဠိတော်အဖွင့် အဋ္ဌသာလိနီအဋ္ဌကထာ ဝယ် ခက်ရာခက်ဆစ်အရပ်ရပ်တို့ကို ပါဠိ အဋ္ဌကထာ ဋီကာနှင့်အညီ ဖွင့်ဆိုစီရင်တော်မူအပ်သော အဋ္ဌသာလိနီဂဏ္ဌိသစ်၊ ရန်ကုန်မြို့ ဟံသာ ဝတီသတင်းစာတိုက် ၁၉၀၂-ခုနှစ်”ဟု ပါရှိလေသည်။ ဤကျမ်းစာနိဂုံး၌ မန္တလေးမြောက်ပြင် မင်းခင်းတိုက်အကြောင်း တစ်စုံတစ်ရာမျှ ဖော်မပြ ခဲ့ချေ။

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

ဤသို့ စာပေချပို့ ပြုစုရေးသား များစွာအားထုတ် အလုပ် လုပ်သော မင်းခင်းဆရာတော်ဘုရားကြီး အရှင်ဝိမလသည် ဇရာ ဗျာဓိ နှစ်ချက်ငြိသဖြင့် အရွယ်တော် တော်တော်ရောက်လျှင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့လေသည်။

## သံဝေဂယူရန်

ဩကာသဋ္ဌမမ နတ္ထိ သုဝေ ကရိဿံ၊
ဓမ္မံ ဣတိဟာလသတာ ကုသလပ္ပယောဂေ။
နာလံ တိယဒ္ဓါသု တထာ ဘုဝနတ္တယေ စ၊
ကာမံ နစတ္ထိ မနုဇော မရဏာပမုတ္တော။[၁]

မမ= ငါ့အား။ ဝါ= ငါ့မှာ။ အဋ္ဌ= ယနေ့။ ဝါ= ယခု ကာလ ခါသမယ၌။ ဩကာသံ-ဩကာသော= အလုပ်ရပ်နား အားလပ်ခွင့်သည်။ နတ္ထိ= မုချပုံသေ မရှိပါချေ။ ဓမ္မံ= သမထ-ဝိပဿနာ နှစ်ဖြာနှစ်ဝ တရားဓမ္မကို။ သုဝေ= နက်ဖြန်။ ကရိဿံ= ကျင့်ကြံကြိုးကုတ် အားထုတ်

---

၁။ တေလကဋ္ဌာဟဂါထာပါဠ်။ ၁၀။

ပါအံ့။ ဣတိ= ဤသို့။ စိန္တေတွာ= နှလုံးသို့တင် ကြံဆင်ခြင်၍။ ဣဟ= ဖြစ်ရကြုံရ ဤလောက၌။ အလသတာ= ပျင်းရိခြင်းငှာ။ နာလံ= မသင့်မတော် မလျော်ချေ။ တိယဒ္ဓါသု=တီသု အဒ္ဓါသု= အတိတ် အနာဂတ် ပစ္စုပ္ပန် သုံးတန် သုံးရပ်သော ကာလတို့၌လည်းကောင်း။ တထာ= ထို့ပြင်တပါးကား။ ဘုဝနတ္တယေ စ= ကာမရူပ အရူပဟူလတ် ဘုံလောကဓာတ် သုံးရပ် ၌လည်းကောင်း။ မရဏာ= စုတိပြတ်ကြွေ သေလွန်ခြင်းမှ။ ပမုတ္တော မနုဇော= လွတ်မြောက်သသူ နတ်လူပြဟ္မာ သတ္တဝါသည်။[၁] ကာမ နု စ အတ္ထိ= ဧကန်မုချ တယောက်တလေမျှ မရှိပါချေ။

*** ♦ ***

---

၁။ ဘုဝနတ္တယေ စ-ကိုထောက်၍ မနုဇော-ကို လူနတ်ပြဟ္မာသတ္တဝါသည် ဟု ယောဇနာသည်။

## ဆရာတော်အရှင်ဝိစာရိန္ဒမဟာထေရ်

ဆရာတော်အရှင်ဝိစာရိန္ဒထေရ်သည် ပထမမင်းခင်းဆရာ တော် "ဝိမလာစာရာဘိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ ဆရာတော်အရှင်ဝိမလမဟာထေရ်၏တပည့် ဖြစ်လေသည်။ ဒုတိယ မင်းခင်းဆရာတော်ဟု ထင်ရှားလေသည်။

## ဖွားမြင် ရှင် ရဟန်းပြုခြင်း

ဗန့်ကျီတိုက် ကျိုင်းခမောက်ရွာ၌ သက္ကရာဇ် ၁၂၂၀-ပြည့် နှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်။ လက်တောင်းကြီးရွာကျောင်း ဆရာတော်ထံ၌ စတင်ရောက်ရှိ ပညာသင်ကြားခဲ့လေသည်။ အရွယ် ရောက်သော် ရှင်ရဟန်းပြု၍ သာသနာ့ဝန်ကို ထမ်းဆောင်တော်မူ ခဲ့လေသည်။

## မင်းခင်းဆရာတော်ထံ ရောက်ခြင်းစသည်

ရဟန်းဖြစ်ပြီးနောက် မန္တလေးမြို့ "ဝိမလာစာရာဘိကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ရ မင်းခင်းဆရာတော်ထံ ရောက်ရှိ၍ ဆက်လက်ပညာသင်ကြားခဲ့လေသည်။ သီပေါမင်းတရား လက်ထက် ၅-ဝါအရတွင် ဒုတိယစာချဖြစ်၍ စာပေချပို့ သီတင်းသုံး တော်မူခဲ့လေသည်။ သီပေါမင်းပါတော်မူပြီးနောက် ဘုံစနိုးရွာ ကျောင်းဒကာ-ဦးရွှေကျင်, ကျောင်းအမ-ဒေါ်ဖြေ သားသမီးတစုတို့၏ ကောင်းမှု အုတ်ကျောင်းတိုက်, ကန္နီမြို့ တောင်လက်ကုန်းကြီးရွာ ဥပင်ဂူကျောင်းတိုက်, မုံရွာမြို့ လှေသူကြီး-ဦးတုတ်ခိုင်, လှေသူကြီး ကတော်-ဒေါ်ခြုံစသည့် ဒကာ,ဒကာမများ ဆောက်လုပ်လှူဒါန်းအပ် သော မင်းခင်းကျောင်းတိုက်တို့၌လည်းကောင်း, စစ်ကိုင်းမြို့ ဇေယျာ ဘူမိချောင်၌လည်းကောင်း လှည့်လည်သီတင်းသုံးတော်မူခဲ့လေသည်။

## စာပေချုပ်ပို့ ကျမ်းဂန်ပြုစု

ဆရာတော်အရှင်ဝိစာရိန္ဒသည် သိတင်းသုံးရာကျောင်းတိုက် ၌ စာပေချုပ်ပို့ကာ ပရိယတ္တိသာသနာတော်ကို များစွာချီးမြှောက်တော်မူခဲ့လေသည်။

၁။ ဋီကာကျော်ဂဏ္ဌိသစ်ကျမ်း

၂။ ကမ္မဋ္ဌာန်းကျမ်းငယ်

၃။ ဝိပဿနာနယဒီပနီကျမ်း

၄။ နိဗ္ဗာနဝိနိစ္ဆယကျမ်း

စသည်တို့ကို ကျမ်းပြုစီရင်တော်မူခဲ့လေသည်။ ဖော်ပြပါကျမ်းများ အနက် ဋီကာကျော်ဂဏ္ဌိသစ်ကျမ်းသည် အရှင်သုမင်္ဂလသာမိ၏ ဋီကာကျော်နှင့် လယ်တီဆရာတော်၏ ပရမတ္ထဒီပနီတို့အကြား တရား သူကြီးပမာ ဖြန်ဖြေသည့်ကျမ်းကြီး ဖြစ်လေသည်။ ဆရာတော်အရှင် ဝိစာရိန္ဒသည်-

ဗုဒ္ဓသဗ္ဗညုတညာဏံ၊ ဓမ္မံ သမ္မောဟနာသကံ။
ဝန္ဒိတွာ နိမ္မလံ သံဃံ၊ ပုညက္ခေတ္တံ အနုတ္တရံ။

ဝိနယာစာရသံယုတ္တံ၊ ဓီရံ နာနာဂန္ထကာရကံ။
ဂုရုဉ္စ မမ သိရသာ[၁]၊ ဂဏိပဗ္ဗကရိဿာမိ။

ဝိဘာဝနီသမညာယ၊ ဝဏ္ဏနာယ ဂဏ္ဌိပဒံ။
သမ္မောဟဇနကောဋ္ဌာသေ၊ သာရတ္ထဒီပကံ သုဘံ။

-

၁။ မမ= ငါ၏။ ဂုရုံ စ= ဆရာကိုလည်းကောင်း။ ဝါ= ဝိမလာစာရာဘိကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ မင်းခင်းဆရာတော် ဘုရားကြီးကိုလည်းကောင်း။ သိရသာ= လက်စုံယှက်ပူး ဦးခေါင်းဦးဖြင့်။ ဝန္ဒိတွာ=ဝန္ဒာမိ= ၏။ ဤသို့ ထင်ရှားအောင် တိမ်မြုပ်ရာ၌ အနက်သိပါလေ

အဘိယာစနမာရဗ္ဘ၊ ဝုဒ္ဓိကာမဿ သာသနံ။
နာမံ ပရမသညိနော၊ အန္တေဝါသိကဘိက္ခုနော။

ဓရတေဝ နယော ဒါနိ၊ တံ နိဿာယေဝ သာဓုကံ။
ဗဟုသောတူနမတ္ထာယ၊ တံ မေ သုဏာထ သာဓဝေါ။

ဟူသော ၅-ဂါထာဖြင့် ရတနတ္တယပဏာမ, ဂုရုပဏာမ, အဘိယာစက, ပဋိညာဉ်, ပကရဏပယောဇဉ်, ဥယျောဇဉ်တို့ကို ဖော်ပြတော်မူခဲ့လေသည်။

ယင်းဂဏ္ဌိကျမ်းပြီးချိန်မှာ ကောဇာသက္ကရာဇ် ၁၂၈၀-ပြည့် သာသနာနှစ် ၂၄၆၇-ခုနှစ် ပထမဝါဆိုလဆန်း ၁၀-ရက် သောကြာနေ့တွင် ပြီးဆုံးကြောင်း နိဂုံး၌ ဖော်ပြခဲ့လေသည်။ ၎င်းပြင် ပထမမင်းခင်းဆရာတော်ကြီး ပြုစုခဲ့သော ကျမ်းများ၏ အမည်များကိုလည်း နိဂုံး၌ ဖော်ပြခဲ့၏။ ၎င်းပြင် မင်းခင်းမြို့စား မင်းသမီး၏ အပူဇော်ခံရသည့်အတွက် မင်းခင်းဆရာတော်မည်သော ဆရာတော်ဘုရားကြီး၏ တပည့်ဖြစ်ကြောင်းကိုလည်း "မင်းခင်းနဂရဘောဇိယာ= မင်းခင်းမြို့စား ဖြစ်သော။ ရာဇဓီတုယာ= မင်းသမီးသည်။ ပူဇိတတ္တာ= ပူဇော်အပ်သည်၏အဖြစ်ကြောင့်။ မင်းခင်းရာဇဂုရုနာမိကဿ= မင်းခင်းဆရာတော်အမည်ရှိသော။ မဟာဂုရုနော= ဆရာတော်ဘုရားကြီး၏။ အန္တေဝါသိကေန= အန္တေဝါသိကတပည့်ဖြစ်သော။ - - - ဘဒန္တဝိစာရိန္ဒမဟာထေရေန= အရှင်ဝိစာရိန္ဒမဟာထေရ်သည်။"ဟူသောစကားဖြင့် ဖော်ပြတော်မူခဲ့လေသည်။ ယင်းကျမ်းမှာ ရှိုင်ဆိုက်စာမျက်နှာ ၄၄၃-ရှိလေသည်။ ၁၂၈၂-ခုနှစ်၊ မန္တလေးမြို့၊ ဆိုင်းတန်း၊ ပညာသိပ္ပံပိဋကတ်စာပုံနှိပ်တိုက်၌ ရိုက်နှိပ်ခဲ့လေသည်။

ဤသို့ စာပေလုပ်ငန်းဖြင့် သာသနာ၌ထင်ရှားသော ဒုတိယမင်းခင်းဆရာတော်ဟု အမည်တွင်သော ဆရာတော်အရှင်ဝိစာရိန္ဒ သည် လုပ်ငန်းတို့ကို ထားရစ်ကာ ပျံလွန်တော်မူခဲ့လေသည်။ ဆရာတော်ကြီးကား ပဋိပတ်အရာ ထူးချွန်သည့်ပုဂ္ဂိုလ်ထူးဖြစ်ကြောင်းလည်း ဆိုကြသည်။

## သံဝေဂယူရန်
## ဆရာတော်ကြီး၏ ဩဝါဒတော်

* ဥပ္ပန္နော= ရုပ်နာမ်တို့၏ ဖြစ်ပေါ်လာခြင်းသည်။ ဒုက္ခော= ဆင်းရဲလှချေ၏။
* အနုပ္ပန္နော= ရုပ်နာမ်တို့၏ မဖြစ်မပေါ်လာခြင်းသည်။ သုခေါ= ချမ်းသာလှချေ၏။
* အဘိနိပ္ဖတ္တိ= ရုပ်နာမ်တို့၏ ဖြစ်ပေါ်လာခြင်းသည်။ ဒုက္ခော= ဆင်းရဲလှချေ၏။
* အနာဘိနိပ္ဖတ္တိ= ရုပ်နာမ်တို့၏ မဖြစ်မပေါ်လာခြင်းသည်။ သုခေါ= ချမ်းသာလှချေ၏။
* သန္တော= ဥပါဒ် ဌီ ဘင်ကင်း၍ တုန်လှုပ်ခြင်းမရှိ ငြိမ်သက်တည်ကြည်ခြင်းသဘောသည်။ သုခေါ= ချမ်းသာလှချေ၏။
* ဝိဝေကော=နာမ်ရုပ်တို့မှ ဆိတ်ခြင်းသဘောသည်။ သုခေါ= ချမ်းသာလှချေ၏။
* ဝူပသမော= နာမ်ရုပ်တို့ ငြိမ်းခြင်းသဘောသည်။ သုခေါ= ချမ်းသာလှချေ၏။
* နိဗ္ဗုတော= နာမ်ရုပ်တို့၏ ငြိမ်းအေးခြင်းသဘောသည်။ သုခေါ= ချမ်းသာလှချေ၏။
* အာလောကော= နာမ်ရုပ်တို့မှ ကင်းရှင်း၍ ထိန်ထိန်လင်းခြင်းသဘောသည်။ သုခေါ= ချမ်းသာလှချေ၏။
* ဝိသုဒ္ဓေါ= နာမ်ရုပ်တို့မှ စင်ကြယ်ခြင်းသဘောသည်။ သုခေါ= ချမ်းသာလှချေ၏။
* မဏ္ဍော= နာမ်ရုပ်ညစ်နောက်ကင်း၍ ကြည်လင်ခြင်းသဘောသည်။ သုခေါ= ချမ်းသာလှချေ၏။
* သီတလော= နာမ်ရုပ်အပူကင်း၍ အေးမြခြင်းသဘောသည်။ သုခေါ= ချမ်းသာလှချေ၏။ [၁]

---

၁။ စစ်ကိုင်းသာသနာဝင်။ ၁၇၆-၁၇၂-လည်းကြည့်။

## ဆရာတော်အရှင်ကန္တ

## ဆရာတော်အရှင်စန္ဒိမာ

မင်းခင်းတိုက်၌ ဒုတိယဆရာတော်အဖြစ် ထင်ရှားသော ဆရာတော်မှာ ဆရာတော်အရှင်ကန္တ ဖြစ်လေသည်။ ဆရာတော် အရှင်ကန္တသည် ၁၂၁၉-ခုနှစ် ဖွားမြင်၏။ သက်တော် ၈၈-နှစ်ရှိရာ ၁၃၀၆-ခုနှစ်တွင် ပျံလွန်တော်မူခဲ့လေသည်။

ဆရာတော်အရှင်ကန္တ ပျံလွန်တော်မူပြီးနောက် ဆရာတော် အရှင်စန္ဒိမာသည် မင်းခင်းတိုက်၌ နာယကဆရာတော် ဖြစ်လေသည်။ မန္တလေးမြို့ ဘုန်းတော်ကုန်းရပ်၌ သက္ကရာဇ် ၁၂၄၇-ခုနှစ်တွင် ဖွားမြင် ခဲ့လေသည်။ အရွယ်ရောက်သော် ရှင်ရဟန်းပြု၍ သာသနာ့ဝန် ထမ်းဆောင်ခဲ့လေသည်။ မင်းခင်းတိုက်၌ ငယ်စဉ်ကပင်ရောက်ရှိ ပညာသင်ကြားခဲ့လေသည်။ ၁၃၀၆-ခုနှစ်ကစ၍ တိုက်တာ၏အကြီး အကဲတာဝန်ကို ထမ်းဆောင်ရလေသည်။ သက်တော် ၆၆-နှစ်ရှိရာ ၁၃၁၃-ခုနှစ်တွင် ပျံလွန်တော်မူခဲ့လေသည်။

**ကန္တော စ စန္ဒိမော စေဝ၊ တေ ဥဘော မင်းခင်းနာယကာ။**
**ကာလေ မစ္စုဝသံ ယာတာ၊ သခ်ါရာ ဟိ ဝိနာသိနော။**

## ဆရာတော်အရှင်ကန္တက

ဆရာတော်အရှင်ကန္တကသည်လည်း မင်းခင်းတိုက်၏ ပဉ္စမ မြောက် နာယကဆရာတော် ဖြစ်တော်မူသည်။ မုံရွာခရိုင် ရင်းမာပင် မြို့နယ် ငါးနန်ရွာ၌ ၁၂၈၉-ခုနှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်။ အရွယ်ရောက်သော် ရှင်သာမဏေပြု၍ သာသနာ့ဝန်ကို ထမ်းဆောင် တော်မူခဲ့လေသည်။ ၁၄-နှစ်သားအရွယ်ကစ၍ မင်းခင်းတိုက်ရောက် သည်။ ဆရာတော်အရှင်စန္ဒိမာ ပျံလွန်တော်မူပြီးနောက် တိုက်တာ၏ အကြီးအကဲပြုလုပ်ရလေသည်။

## သံဃာဦးရေစာရင်း

မင်းခင်းတိုက်သည် ရွှေကျင်ဆရာတော်ဘုရားကြီး မဟာစမ္မိကာရာမတိုက်၌ သီတင်းသုံးစဉ်က ပရိယတ်, ပဋိပတ်အားထုတ်ကြသော သံဃာတို့ဖြင့် စည်ကားလှပေသည်။ ထိုစဉ်က မင်းခင်းတိုက်၌ သံဃာ ၂၀၀-ခန့်ရှိသည်ဟု သိရ၏။ ၁၂၉၁-ခုနှစ် ဆရာတော်အရှင်ဣန္ဒကလက်ထက်က ရဟန်း ၃-ပါး, သာမဏေ ၄-ပါးနှင့် နှစ်ရပ်ပေါင်း ၈-ပါး ရှိခဲ့သည်။ ယခုမူ သံဃာတော် ၄-ပါးမျှသာ ရှိလေသည်။ ရှေးကနှင့် နှိုင်းစာလျှင် လွန်စွာကွာခြားသည်။

သုဇနာနံ ပသာဒါယ၊ သံဝေဂတ္ထာယ မေ ကတော။
မင်းခင်းသာသနဝံသောယံ၊ သမတ္တော သာဓု ဝဏ္ဏိတော။

**မင်းခင်းသာသနာဝင် ပြီး၏။**

*** ♦ ***

## မြတောင်သာသနာဝင်

မန္တလေးမြို့၌ မြတောင်တိုက် ၂-တိုက်ရှိလေသည်။ ၎င်းတို့မှာ မန္တလေးမြောက်ပြင် ရွှေကျင် ၅-တိုက်အပါအဝင် မြတောင်တိုက်နှင့် အနောက်ပြင် မြတောင်တိုက်တို့ ဖြစ်ကုန်၏။ ရွှေကျင် ၅-တိုက်ဝင် မြတောင်တိုက်မှာ မန္တလေးတောင် အရှေ့မြောက်ဖက်ခြေရင်း ရွှေကျင် ရပ်ကွက်၌ တည်ရှိလေသည်။ ရွှေကျင် ၅-တိုက် အရှေ့အနောက် တန်းလျက်ရှိရာ မြတောင်တိုက်သည် အရှေ့ဆုံး၌တည်ရှိ၍ မင်းခင်း တိုက်နှင့် မြတောင်တိုက်အကြား ကားလမ်းရှိ၏။ ကျောင်းတိုက်၏ အတွင်း၌ မြေစိုက်စေတီတစ်ဆူနှင့် သိမ်, ကျောင်းမကြီး, ဆွမ်းစား ကျောင်းတို့ ရှိကုန်၏။

### သမိုင်းအကျဉ်း

ပဉ္စမသံဂါယနာတင် ဘဝရှင်မင်းတုန်းမင်းတရားကြီးသည် အသက်အရွယ် ၈-နှစ်ကျော် ၉-နှစ်ခန့်မျှသာ ရှိသေးသော "သိရီ သုပဘာရတနာဒေဝီ" အမည်ရှိသော အလယ်နန်းမတော် မိဖုရားကြီး ၏ သမီးတော်ဖြစ်သော မြတောင်မြို့စား စုဖုရားလတ်၏ ကောင်းမှု အဖြစ်ဖြင့် ရည်မှတ်၍ ကျောင်းတိုက်တည်ဆောက်ကာ ကျောင်းတိုက် ကိုလည်း မြတောင်မြို့စား စုဖုရားလတ်၏ မိမိစားရာမြို့ကို စွဲ၍ မြတောင်တိုက်ဟု မှည့်ခေါ်စေတော်မူလေသည်။

သက္ကရာဇ် ၁၂၂၉-ခုနှစ် ပြာသိုလပြည့်နေ့ ကောင်းမြတ် သောအချိန်တွင် မင်းတရားကြီးကိုယ်တိုင် မင်းခမ်းမင်းနားဖြင့် ရေစက် ချ၍ ဆရာတော်အရှင်အာလောက မဟာထေရ်မြတ်အား တင်လှူ ခဲ့လေသည်။ ဆရာတော်အရှင်အာလောကမထေရ်မြတ်အားလည်း

"အာလောကာဘိဝရသာသနရက္ခမဟာဓမ္မရာဇဂုရု"ဟူသော တံဆိပ်တော်ကိုလည်း ဆက်ကပ်လှူဒါန်းတော်မူခဲ့လေသည်။ ၁

## ဆရာတော်အရှင်အာလောက

ဆရာတော်အရှင်အာလောကသည် မြတောင်တိုက်၏ ပထမဆုံး နာယကဆရာတော် ဖြစ်တော်မူသည်။ ဆရာတော်အရှင်အာလောကသည်-

"အာလောကာဘိဝရသာသနရက္ခမဟာဓမ္မရာဇဂုရု"

"အာလောကာဘိဝရသာသနရက္ခမဟာဓမ္မရာဇာဓိရာဇဂုရု"

"အာလောကာဘိဝရအတုလာဓိပတိသိရိပဝရမဟာဓမ္မ ရာဇာဓိရာဇဂုရု" ဟူသော ဘွဲ့တံဆိပ်တော် ၃-ထပ်ကို အလှူခံရရှိတော်မူခဲ့လေသည်။ ၁၂၄၄-ခုနှစ်တွင် အနောက်ပြင် မြတောင်တိုက် သို့ ကြွရောက်သီတင်းသုံးတော်မူသည်။ သက္ကရာဇ် ၁၂၅၇-ခုနှစ် နတ်တော်လဆုတ် ၅-ရက်နေ့ ၇-နာရီအချိန်တွင် မန္တလေးမြို့ အနောက်ပြင် မြတောင်ကျောင်းတိုက်ကြီးတွင် ဘဝနတ်ထံ ပျံလွန်တော်မူလေသည်။၂ ဆရာတော်အရှင်အာလောကသည် ထိုစဉ်က ပုသိမ်ကြီးမြို့နယ် ဆင်ရှာကြီးဇာတိ ၁၁-ဝါရ ရဟန်းတော် အရှင်ကုမာရကို တောင်ခြေမြတောင်တိုက်၌ ထားခဲ့သည်ဟူ၏။ ၁၂၄၆-ခုနှစ်တွင် အနောက်ပြင်မြတောင်၌ ပြောင်းရွှေ့ သီတင်းသုံးသည်ဟု သိရသည်။

---

- ၁။ ရွှေကျင်ဆရာတော်ဘုရားကြီးအား မင်းတရားကြီးက လှူဒါန်းသည်ဟုလည်း အဆိုရှိသည်။ ရွှေကျင်ဆရာတော်ဘုရားကြီး၏ ညွှန်ကြားချက်အရ ဆရာတော်အရှင်အာလောက-အား တင်လှူခြင်းလည်း ဖြစ်နိုင်ပေသည်။

၂။ အကျယ်မန္တလေးသာသနာဝင်။ ၈။ မြတောင်သာသနာဝင်ကြည့်။

## ဆရာတော်အရှင်နေမိန္ဒ

ဆရာတော်အရှင်နေမိန္ဒသည် ဆရာတော်အရှင်အာလောက မဟာထေရ် ထားခဲ့သော ရဟန်းတော်အရှင်ကုမာရ ၁၂၄၆-ခုနှစ် လောက်တွင် အနောက်ပြင်မြတောင်တိုက်သို့ ပြောင်းရွှေ့သီတင်းသုံး သဖြင့် တိုက်တာ၏အကြီးအကဲ ဖြစ်လေသည်။ သက်တော် ၈၀-ကျော်တွင် ပျံလွန်တော်မူခဲ့လေသည်။

## ဆရာတော်အရှင်ဏ္ဍကနွက

ဆရာတော်အရှင်ဏ္ဍကနွကသည် မြတောင်တိုက်၏ စတုတ္ထ မြောက် နာယကဆရာတော် ဖြစ်တော်မူခဲ့လေသည်။ ရွှေဘိုခရိုင် ထန်းတပင်ဇာတိ ဖြစ်လေသည်။ သက်တော် ၅၆-နှစ်လောက်တွင် ပျံလွန်တော်မူခဲ့လေသည်။

## ဆရာတော်အရှင်ဝိသုဒ္ဓ

ဆရာတော်အရှင်ဝိသုဒ္ဓသည်လည်း ရေဦးမြို့ တစနယ် အင်းတော်ရွာ၌ အဖ-ဦးသာရ, အမိ-ဒေါ်ထူးတို့မှ ၁၂၆၅-ခုနှစ်တွင် ဖွားမြင်ခဲ့လေသည်။ အရွယ်ရောက်သော် ရှင် ရဟန်းပြု၍ သာသနာ့ ဝန် ထမ်းဆောင်တော်မူခဲ့လေသည်။ ရဟန်းဖြစ်စကပင် မဟာဓမ္မိကာ ရာမရွှေကျောင်းတိုက်မသို့ ရောက်ရှိ၍ ပညာသင်ကြားခဲ့လေသည်။ ဤ မြတောင်တိုက်သို့ ရဟန်း ၂-ဝါအရတွင် ရောက်ရှိခဲ့သည်။ ဆရာတော် အရှင်ဏ္ဍကနွက မရှိသည့်နောက်တွင် တိုက်တာ၏အကြီးအကဲဖြစ်၍ သာသနာ့ဝန် ထမ်းဆောင်တော်မူခဲ့လေသည်။

## သံဃာဦးရေစသည်

မြတောင်တိုက်သည် တိုက်တည်စက ရဟန်း, သာမဏေ ၂၀၀-ခန့်တို့ဖြင့် စည်ကားလှသည်ဟု သိရ၏။ ဆရာတော်အရှင်

အာလောကစသော ကျမ်းဂန်တတ်ပုဂ္ဂိုလ်တို့၏ စာပေချပို့ခြင်း တို့ကြောင့် စာတက်စာအံ ဆူညံစည်ကားခဲ့လေသည်။ သို့ရာတွင် အရှင်အာလောကထေရ် အနောက်ပြင်မြတောင်တိုက်သို့ ပြောင်းရွှေ့သီတင်းသုံးခြင်း စသည်တို့ကြောင့် တဖြည်းဖြည်း သံဃာဦးရေနည်းပါးယုတ်လျော့ခဲ့လေသည်။ ၁၂၉၁-ခုနှစ်က ရဟန်းတော် ၂-ပါး, သာမဏေ ၄-ပါး, ၂-ရပ်ပေါင်း ၆-ပါးသာ ရှိလေသည်။ ၁၃၂၄-ခုနှစ်ကလည်း ၆-ပါးမျှ ရှိခဲ့၏။ ယခုအချိန်မူ ကျောင်းထိုင်ဘုန်းကြီး အရှင်ဝိသုဒ္ဓနှင့် သာမဏေ ၃-ပါးမျှသာရှိပြီး စာသင်တိုက်အဖြစ် မတည်ရှိတော့ချေ။

သုဇနာနံ ပသာဒါယ၊ သံဝေဂတ္ထာယ မေ ကတော။
မြတောင်သာသနဝံသောယံ၊ သမတ္တော သာဓု ဝဏ္ဏိတော။

## မြတောင်သာသနာဝင် ပြီး၏။

*** ♦ ***

## မန္တလေးသာသနာဝင်
## တေဝိသတိမတွဲကျမ်းကြီး အပြီးသတ်ခြင်း

မန္တလေးသာသနာဝင် ဒွါဝီသတိမတွဲကျမ်းကြီး ၁၃၄၇-ခုနှစ် နယုန်လဆန်း ၉-ရက်နေ့ ညနေ ၄-နာရီ မိနစ် ၃၀-အချိန်တွင် ပြီးစီးအောင်မြင်သဖြင့် ၁၃၄၇-ခုနှစ် နယုန်လဆန်း ၁၀-ရက်နေ့မှ စ၍ သဒ္ဒတ္ထဘေဒစိန္တာကျမ်း, အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း, ကစ္စည်းသဒ္ဒါကြီးကျမ်း, ခုဒ္ဒကပါဠပါဠိ, အဋ္ဌကထာကျမ်းတို့ကို ချပို့ခြင်း ဂန္ထဓုရ တာဝန်အကြားတွင် မန္တလေးသာသနာဝင် တေဝိသတိမတွဲကျမ်းကြီး ကို ဆက်လက်ရေးသားသုတ်သင်တည်းဖြတ်ရာ ယနေ့ ၁၃၄၇-ခုနှစ် နယုန်လပြည့်ကျော် ၈-ရက်နေ့ နေ့လယ် ၂-နာရီအချိန်တွင် အောင်လ စိုက်ဆောက် ပြီးမြောက်ပါသဖြင့် အောက်ဖော်ပြပါ ၁၀-ဂါထာပါဠိ မြန်မာစကားပြေတို့ကို အထွတ်တပ်ကာ လက်စသတ်လိုက်ပါပြီ။

၁။ ပခုက္ကူပုရသေဋ္ဌသ္မာ၊ ပစ္ဆိမေ အာသိ ဝိဿုတော။
စတုဂါဝုတဒေသမှိ၊ ကန်ရပ်ဂါမော သုသောဘနော။

ဘုရားဇိနော် သာသနာတော်ရောင် တောက်ပြောင်ထိန် ဝင်း လင်းလက်ရာဖြစ်သဖြင့် မြို့မွန်မြို့မြတ်ဖြစ်သော ပခုက္ကူမြို့၏ အနောက်ဖက် လေးဂါဝုတ်ပမာဏ ဝေးကွာသော အရပ်၌ ပခုက္ကူ ခရိုင် (ပခုက္ကူမြို့နယ်)အတွင်း ကျော်ဇောခြင်းရှိသော ရွာ၏ လေးဘက် လေးတန်၌ ကျောင်းကန်ဘုရား စေတီပုထိုး အမျိုးမျိုးတို့ဖြင့် တင့် တယ်သာယာလှသည့် ကန်ရပ်ရွာကြီး တည်ရှိလေသည်။

၂။ ဒွိနော ဒွိဝေကသာကမှိ၊ တမှိ ဇာတေန ဇာတိယာ။
လက်ာဘာရတအာဒီသု၊ ဝုဋ္ဌပုဗ္ဗသုတေသိနာ။

ထိုကန်ရပ်ရွာကြီး၌ မူလချက်မြှုပ်အနေအားဖြင့် သက္ကရာဇ် ၁၂၉၂-ခုနှစ်၌ မွေးဖွားသော^၁သီဟိုဠ် (သီရိလင်္ကာ)နိုင်ငံ, ဘာရခေါ် သည့် အိန္ဒိယနိုင်ငံစသည့် နိုင်ငံရပ်ခြား တိုင်းတပါးတို့၌ ကြာမြင့်စွာ နေခဲ့ဘူး၍ သက္ကတ, ပရာကရိတ်, အင်္ဂလိပ်, သီဟိုဠ်-စသည့်ထိုထို ဘာသန္တရစာပေ ဗဟုဿုတသမိုင်းရာဇဝင် ဗဟုဿုတအမျိုးမျိုးတို့ကို ရှာမှီးသင်ယူလေ့လာလေ့ရှိသော။

၃။ ဝိသုတာရာမသီဟာနံ၊ သိက္ခိတေန တိပေဋကံ။
သန္တိကေ နဝဝဿာနိ၊ သံဂီတိ ကိစ္စကာရိနာ။

ပခုက္ကူမြို့ မဟာဝိသုတာရာမဝိဇ္ဇာလယတနကြီး၌ တိုက်အုပ် ဆရာတော် အရှင်နန္ဒိယ-အစရှိသော မဟာထေရ်အရှင်မြတ်တို့၏ အထံ၌ ကိုးနှစ်တိုင် ပိဋကသုံးပုံကို သင်ယူခဲ့သော ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီး၌ ဆဋ္ဌသံဂီတိကာရက, ဆဋ္ဌသံဂီတိဘာဏက, ဆဋ္ဌသင်္ဂီတိပဋိပုစ္ဆကဝိသောဓက, ဆဋ္ဌသင်္ဂီတိသြဝါဒ သောဓကဖြစ်၍ စာပေလုပ်ငန်းအဝဝကို ပြုလုပ်လေ့ရှိသော။

၄။ ဒက္ခိဏာရာမဝါသီနံ၊ သန္တိကေပိ သုဝိညုနံ။
သိက္ခိတေန စတုတ္ထိ̆သ-ဝဿိကေန ယသဿိနာ။

ရတနာပုံ ဘွဲ့မည်ထုံသော မန္တလေးမြို့ တောင်ပြင် ဒက္ခိ ဏာရာမ ဘုရားကြီးတိုက် အမရပူရကျောင်းဆရာတော် နိုင်ငံတော်

---

- ၁။ ၁၂၉၂-ခုနှစ် နတ်တော်လပြည့်ကျော် ၁၁-ရက်နေ့တွင် ဦးဘရှန်, ဒေါ်လှပိုတို့မှ ဖွားမြင်သည်။ ကန်တိမ်ရွာ ဦးဘသင်း, ဒေါ်စိန်ခ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ ရောက်ပါသည်။ ကန်ရပ်ရွာ ဦးပျော်ပါး, ဒေါ်သောင်း၊ ညောင်တုန်းမြို့ ကျုံတမာရွာ ဦးအောင်ထင်, ဒေါ်စိန်ချစ်၊ ပခုက္ကူမြို့ သံခိပ်ရပ် သီလရှင်ဆရာ- ကလေး ဒေါ်အေးသိင်္ဂီ၊ ပခုက္ကူမြို့ ထမကောက်ရပ် အငြိမ်းစား ကျောင်းအုပ်ဆရာကြီး ဦးဘညွန့်နှင့် အငြိမ်းစားကျောင်းအုပ်ဆရာမကြီး ဒေါ်ပု မိသားစုတို့က သိမ်ထပ်ဒါနပြုကြသည်။

သံဃမဟာနာယကအဖွဲ့ဝင် အရှင်ဥက္ကံသာဘိဝံသ အစရှိသော ပညာရှင်မထေရ်မြတ်တို့၏ အထံ၌လည်း သင်ယူအပ်သော နည်းနာနယ အဝဝရှိသော ရဟန်းသိက္ခာ ၃၄-ဝါရပြီး မဟာထေရ်ဖြစ်သော တပည့်တပန်း အခြံအရံနှင့်လည်း ပြည့်စုံသော။

၅။ သုန္ဒရေ ပုရသေဋ္ဌမှိ၊ သုန္ဒရေ ဝိသုတေ သုတေ။
သုန္ဒရေ ဇောတိပါလမှိ၊ ဝသတာ ဂဏဝါစိနာ။

ကောင်းမြတ်တင့်တယ် နေချင်စဖွယ်ကောင်းလှသော ပခုက္ကူ ပိဋကတ်အတတ်မြို့တော်မြတ်၌ တင့်တယ်သာမော ကျော်ဇောထင်ရှားလှသော မဟာဝိသုတာရာမဝိဇ္ဇာယတနကြီးအတွင်း၌ တိပိဋကပါရဂူမိဒီဃဒဿီ ကျေးဇူးရှင်ရေစကြိုဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရမဟာထေရ်၊ အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာမဟာထေရ်၊ အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသမဟာထေရ်တို့ သီတင်းသုံး၍ ခုရနှစ်ပါး ပွားများအားသစ်ရာဌာနမွန်ဖြစ်သဖြင့် တင့်တယ်သာယာ နေချင်စရာကောင်းလှသော သာသနဇောတိပါလကျောင်းကြီး၌ ၁၃၃၄ ခုနှစ်က ပျံလွန်တော်မူသော ကျေးဇူးရှင်သက်တော်ရှည် အဘိဓဇ မဟာရဋ္ဌဂုရု ဆရာတော်ဘုရားကြီး အရှင်သုန္ဒရမဟာထေရ်မြတ်က ၁၃၂၈-ခုနှစ် ဝါခေါင်လပြည့်နေ့တွင် တိုက်တော်ရှိသံဃာအားလုံးကို မိန့်ကြား၍ ဓုဝဝါသအဖြစ် ထားရှိချီးမြှောက်တော်မူခဲ့သဖြင့် သာသနဇောတိပါလကျောင်းကြီး၌ သီတင်းသုံးကာ စာသင်သား ရဟန်းသာမဏေများစွာတို့အား သဒ္ဒါ၊ သင်္ဂြိုဟ်၊ ဒွေမာတိကာ၊ သဒ္ဒတ္ထဘေဒစိန္တာ၊ ရူပသိဒ္ဓိ၊ ဋီကာကျော်၊ ကင်္ခါဝိတရဏီအဋ္ဌကထာ-စသည့် တိပိဋကအခြေခံ ကျမ်းဂန်များနှင့်တကွ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ဒီဃနိကာယ်ပါဠိ အဋ္ဌကထာ၊ မဇ္ဈိမနိကာယ် ပါဠိ အဋ္ဌကထာ၊ သံယုတ္တနိကာယ်ပါဠိ အဋ္ဌကထာ၊ အင်္ဂုတ္တရနိကာယ် ပါဠိ အဋ္ဌကထာ၊ ဝိနည်းငါးကျမ်း ပါဠိ အဋ္ဌကထာ၊ အဘိဓမ္မာခုနစ်ကျမ်း ပါဠိ အဋ္ဌကထာ၊ ခုဒ္ဒကနိကာယ် ပါဠိ အဋ္ဌကထာ၊ ဓမ္မပဒပါဠိ အဋ္ဌကထာ၊ ဝိမာနဝတ္ထုပါဠိ အဋ္ဌကထာ၊ နေတ္တိပါဠိ အဋ္ဌကထာအပါအဝင် ခုဒ္ဒကနိကာယ်

ကျမ်းဂန်များဟူသော မာဂဓနှင့် မုဒ္ဒဗောဓ အမရကောသ, စာဏကျ နီတိစသည့် သက္ကတဘာသာစသော ဘာသန္တရကျမ်းဂန်အမျိုးမျိုးတို့ကို မဟုဿာဟ ဇွဲလုံ့လဖြင့် ချပို့ခဲ့ပြီးသော။

၆။ နေကေသံ ဂန္ထဇာတာနံ၊ လေခကေန သုတေသိနာ။
မဟတော ယတိဂ္ဂဏဿ၊ ဇနဿ ဟိတကာရိနာ။

ပခုက္ကူသာသနာဝင်, မဟာဝိသုတာရာမနိကာယသာသနာ ဝင်, စစ်ကိုင်းသာသနာဝင်, ကလျာဏီသာသနာဝင်, မန္တလေး သာသနာဝင်ကျမ်းကြီးများ ပခုက္ကူအဘိဓာန်နိဿယသစ်, ပခုက္ကူစာချ နည်း-စသည့် တရာမကများလှစွာသော ကျမ်းဂန်တို့ကို ပြုစုရေးသား သော လောကီလောကုတ္တရာ ဗဟုဿုတအမျိုးမျိုးတို့ကို ရှာမှီးလေ့ ရှိသော များစွာသော ရဟန်းအပေါင်း, လူအပေါင်းတို့၏ အကျိုး စီးပွားကို ပြုလေ့ရှိသော။

၇။ မကွေးမဏ္ဍလေ သုသံဃ-နာယကပရိသာယ စ။
ပုဗ္ဗင်္ဂမဉက္ကဋ္ဌေန၊ သာသနကိစ္စကာရိနာ။

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် မကွေး တိုင်း သံဃနာယကအဖွဲ့၊ မကွေးတိုင်း သံဃနာယကသဘာ၏ ရှေ့ဆောင် ပဓာနဉက္ကဋ္ဌဖြစ်၍ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွား ရေးကိစ္စ လုပ်ငန်းအဝဝကို ပြုလုပ်ဆောင်ရွက်ခဲ့သော အကျွန်ုပ်သည်။

၈။ နိဿာယ က္ကတိဟာသေ စ၊ အနေကေ နိဿယေပိ စ။
ဗဟုလေ ဂန္ထသေဋ္ဌေပိ၊ ကတောယံ ဝိဒုမာနိတော။

သမိုင်းရာဇဝင် သာသနာဝင် အတ္ထုပ္ပတ္တိကျမ်းဂန်စာပေ အမျိုးမျိုး, ဝိနိစ္ဆယကျမ်းဂန်အမျိုးမျိုး, မှတ်တမ်းကျမ်းဂန်အမျိုးမျိုး, နီတိဆိုင်ရာသံဝေဂဆိုင်ရာ ကျမ်းဂန်ကောင်း ကျမ်းဂန်မြတ်တို့ကို မှီငြမ်းပြု၍ ပညာရှင်တို့ နှစ်လို့ဝမ်းသာ ထောမနာအပ်သော ဤ မန္တလေးသာသနာဝင် တေဝိသတိမတွဲကျမ်းကြီးကို ကြိုးပမ်းရေးသား အပ်ပါသတည်း။

၉။ တိဋ္ဌတံ အယံ မေ ဂန္ထော၊ သုသာရော ယာဝ သာသနံ။
တိဋ္ဌေယေဝ သုတေသီနံ၊ သုဝံသံ သုပကာသယံ။

အကျွန်ုပ် များလှထွေပြား ဝိုင်းဝိုင်းလည်နေသော စာချ စာရေး စာပေအလုပ်တွေကြားမှ စိတ်စေတနာထက်သန်လှစွာ ရေးသားပြုစုရသေ ဤမန္တလေးသာသနာဝင် တေဝိသတိမတွဲကျမ်းကြီး သည် ဘုရားမြတ်စွာ သာသနာရောင်ခြည် တည်ရှိသရွေ့ကာလပတ် လုံး သာသနာဝင်သမိုင်း အတ္ထုပ္ပတ်သုတေသီတို့အား ကောင်းမြတ် သော အနွယ်အဆက်ကို ပေးလျက် တည်ထွန်းပါစေသတည်း။

၁၀။ အနေန သုဝိသိဋ္ဌေန၊ ပုညေနညေန ကမ္မုနာ။
မနီသိဘိဂုရုဟော၀၊ ဂစ္ဆေယျံ အမတံ သိဝံ။

ဤမန္တလေးသာသနာဝင် တေဝိသတိမတွဲကျမ်းကြီး ပြုစုစီရင်ရသော ကောင်းမှုထူးနှင့် အခြားကျမ်းစာများ ရေးသားရသော ကောင်းမှု, စာပေချပို့ သာသနာတော်ချီးမြှောက်ရသော ကောင်းမှု စသည့် ကောင်းမှုအစုစုကြောင့် ပညာရှင်ချည်းများသာ ဖြစ်တော်မူကြသော ပညာရှင် မဟာထေရ်မြတ်ကြီးတို့နှင့်အတူ အမတကျွန်းငူ သိဝနန်းသို့ စံမြန်းရပါစေသတည်း။

**မန္တလေးသာသနာဝင်**
**တေဝိသတိမတွဲကျမ်းကြီး အလုံးစုံပြီးပြီ။**

*** ♦ ***

မန္တလေး
သာသနာ့ဝင်

သစေပိ သဋ္ဌော ဝိဝဒန္တိ၊ ခိပ္ပံ သန္ဓိယရေ ပုန။
ဗာလာ ပတ္တာဝ ဘိဇ္ဇန္တိ၊ န တေ သမထမဇ္ဈဂူ။

သူတော်ကောင်းအချင်းချင်း
အကြောင်းအခွင့် မသင့်ကြ၍
အချင်းချင်း ငြင်းခုံကြလျှင်
စေ့စပ်ရ ပြန်ဆက်ရ လွယ်ကူ၏။
လူမလိမ္မာ(လူယုတ်မာ) အချင်းချင်း
အကြောင်းအခွင့် မသင့်ကြ၍
အချင်းချင်း ငြင်းခုံကြလျှင်
မြေအိုး မြေအင် မြေခွက်များလို
နှစ်ဖြာကွဲအက် ဆက်မရဘဲ
ခိုက်ရန်မစဲဖြစ်တတ်၏။

(ဝိဝါဒအမှုကို ပြုကြသူများသည် မြတ်စွာဘုရားကို
အားမနာရာ ရောက်ကြပေသည်)
( ပကိဏ္ဏကကဏ္ဍ-စာ-၇၄ )

အတွဲအမှတ်စဉ်(၂၃)

Graphic Design by Shwemyay - Nanda